(ဓိပတိသနာလုပ်ငန်းစဉ်)

ခွေးအလုပ်ပေး တရွေးစေတော်

အမှတ်စဉ် (၂၁)

ကျေးဇူးတော်ရှင် အဂ္ဂမဟာဉာပဏကိတ

မိုးကုတ်ဆရာတော်ဘုရား

ပဋိစ္စသမုပ္ပါဒ်တရား၊ ၁၂-ပါး၊ ထင်ရှားပေါ်လွင်-ဓာတ်အစဉ်

အမရပူရမြို့၊ မဟ်လာတိုက်ဟောင်း၊ မိုးကုတ်ဆရာတော် ဦးဝိမလ၏
ပဋိစ္စသမုပ္ပါဒ် ဖြတ်လမ်းကြည့်ရှုစရာ စက်ဝိုင်းဒေသနာ။

၅
၁
၂
၃
၄
ဝိပါကဝဋ်(၈)ပါး
ကိလေသ ဝဋ်(၃)
အဝိဇ္ဇာ
တဏှာ
ဥပါဒါန်
ဘဝ
ဇာတိ
ဇရာမရဏ
ဝေဒနာ
ဖဿ
သဠာယတန
နာမ်ရုပ်
ဝိညာဏ်
သင်္ခါရ
ကံဝဋ်(၁)ပါး
ဝေဒနာနိရောဓ-တဏှာနိရောဓ-ဥပါဒါနနိရောဓ-ဘဝနိရောဓ-ဇာတိနိရောဓ-ဇရာမရဏနိရောဓ-သောကပရိဒေဝဒုက္ခဒောမနဿုပါယာသနိရောဓ-ဒုက္ခက္ခန္ဓာနိရောဓ-ဒုက္ခသမုဒယနိရောဓ-ဒုက္ခသစ္စာနိရောဓ-ဒုက္ခနိရောဓဂါမိနီပဋိပဒါ-သင်္ခါရနိရောဓ-အဝိဇ္ဇာနိရောဓ-သင်္ခါရသမုဒယ-ဝိညာဏသမုဒယ-နာမ်ရုပ်သမုဒယ-သဠာယတနသမုဒယ-ဖဿသမုဒယ-ဝေဒနာသမုဒယ-တဏှာသမုဒယ-ဥပါဒါနသမုဒယ-ဘဝသမုဒယ-ဇာတိသမုဒယ-ဇရာမရဏသမုဒယ-သောကပရိဒေဝဒုက္ခဒောမနဿုပါယာသသမုဒယ-ဒုက္ခက္ခန္ဓာသမုဒယ-ဒုက္ခသမုဒယသစ္စာ-ဒုက္ခသစ္စာ-ဒုက္ခက္ခန္ဓာ-ဒုက္ခသစ္စာ-ဒုက္ခသမုဒယသစ္စာ-ဒုက္ခနိရောဓသစ္စာ-ဒုက္ခနိရောဓဂါမိနီပဋိပဒါ

၁၇၄၆

အမရပူရမြို့-မင်္ဂလာတိုက်ဟောင်း

ဓမ္မကျော်ဇာတ်ရှင်

အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရား

အမရပူရမြို့ ဓမ္မာရုံ၌

ဟောကြား-ဆုံးမတော်မူသော

(ဝိပဿနာလုပ်ငန်းစဉ်)

ဇနကအလုပ်ပေး တရားဇာတ်

အမှတ်စဉ် (၂၁)

မိုးကုတ် ဆရာတော် ဘုရားကြီး၏
ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့၏
မူပိုင် ဖြစ်သည်။

၇၇၄၉
မည်သူမျှ ကူးယူထုတ်ဝေခြင်း မပြုရ။

အဖွဲ့ကိုယ်စား - ထုတ်ဝေဖြန့်ချိသူ

ဦးဘသောင်း (အတွင်းရေးမှူး) မှတ်ပုံတင် (စ၁၂၅)
အမှတ် ၃၃-ဆင်းဒွစ်လမ်း၊ ရန်ကုန်မြို့။

★

ယောဂီပုံနှိပ်တိုက်၊ ဦးတင် မှတ်ပုံတင်အမှတ် (၀၀၃၇)က
အမှတ် ၂၄၅-လွှစွလမ်း၊ ရန်ကုန်မြို့တွင် ရိုက်နှိပ်သည်။

ပဌမ ရိုက်နှိပ်ခြင်း စာအုပ်ရေ ၅,၀၀၀
(၂ - ၂ - ၆၇)

မာတိကာ

ဦးရေ	**အကြောင်းအရာ**	**စာမျက်နှာ**
၁။	ဝေဒနာနဲ့တရားနာနေပုံနှေ့အလုပ်ပေးတရားတော်	၁
၂။	အမြဲနေအိုမ်နှင့် ယာယီနေအိမ် အကြောင်း	၎၆
၃။	တဏှာမူလက(၉)ချက်	၉၂
၄။	အိမ်တွင်းပဋိစ္စသမုပ္ပါဒ်ပြတ်စဉ်	၁၃၇
၅။	ဝေဒနာနုပဿနာတရား သိကြား အမေး ဘုရားအဖြေ တဏှာသခ်ယသုတ်(၁)	၁၈၆
၆။	။ ။ (၂) ။	၂၃၂
၇။	ယမမင်းထံ အစစ်ခံရပုံနှင့် ငရဲဒုက္ခမျှားအကြောင်း	၂၇၇
၈။	စိတ်အပြင်မထွက်အောင်သတိထားရန် ဇနပဒကလျာဏီသုတ်	၃၄၇
၉။	ဝိပဿနာဉာဏ်နဲ့မဂ်ဉာဏ် ခဲ့ခြားသိရန်	၄၀၈
၁၀။	ဒိဋ္ဌိသုံးပါးကွာရေး ဒေသနာ	၄၃၅
၁၁။	ဗုဒ္ဓဘာသာဝင်တွေမှာပင်ရှိနေတတ်သည့် ဒိဋ္ဌိကိုဖြုတ်နည်း	၄၈၆
၁၂။	ပဋ္ဌာန်းနည်း,ပဋိစ္စသမုပ္ပါဒ်နည်း,သစ္စာ-နည်းတို့ဖြင့် ဒုက္ခသစ္စာထင်အောင်ဟောပုံ	၅၃၂
၁၃။	ဝိညာဏ်ဓပါဋ္ဌသဿတဒိဋ္ဌိဖြုတ်ရန် သာတိဝတ္ထု	၅၇၄

စိတ္တာနုပဿနာ ရှုပွားနည်း

၁။ ပြင်စိတ်
၂။ ကြားစိတ်
၃။ နံစိတ်
၄။ စားစိတ်
၅။ ယားနာကောင်းစိတ်

အပြင်ဖြစ်သည် ၅ ယောက်

၆။ လောဘစိတ်
၇။ ဒေါသစိတ်
၈။ မောဟစိတ်
၉။ အလောဘစိတ်
၁၀။ အဒေါသစိတ်
၁၁။ တွေးတောကြံစည်စိတ်

အတွင်းဖြစ်သည် ၆ ယောက်

၁၂။ လေကိုထုတ်သောစိတ်
၁၃။ လေကိုသွင်းသောစိတ်

အိမ်သည်စိတ် ၂ ခု

သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊
သမ္မာသတိ၊ သမ္မာသမာဓိ၊
ဂုဏ် (၅) ခုသည် ရှုတတ်သော တရားမျှးဖြစ်၏။

ရှုပုံနည်းစံနစ်မှာ အိမ်သည်ကို အမြဲထား၍ ဖြစ်ပျက်ရှုပါ၊
အိမ်သည် မရှိပါက အပြင်ဖြစ်သည်ပေါ်လျှင် အပြင်ဖြစ်သည်၊
အတွင်းဖြစ်သည် ပေါ်လျှင်အတွင်းဖြစ်သည် ပေါ်ရာကို ရှုပါ၊
ဖြစ်သည်မရှိပါက အိမ်သည်ကို အမြဲထား၍ ရှုပါ၊

နိဒါန်း

နမော ဗုဒ္ဓါယ သိဒ္ဓမ်

ထင်းသဘောသည် လောင်စာဖြစ်သည်။ မီးသဘောသည် လောင်မြိုက်ခြင်းသဘောရှိသည်။ ၎င်းသဘောနှစ်ခုကို လူတိုင်း သိကြသည်။ သို့ရာတွင် မိမိကိုယ်ခန္ဓာကြီးသည် လောင်စာဟူ၍ရင်း၊ ထင်းဟူ၍ဒုင်း၊ မိမိခန္ဓာငါးပါးကို အမြဲမပြတ်လောင်နေသည်ကား ကိလေသာဟူ၍ရင်း၊ တနည်းအားဖြင့် ဆိုသော် ကိလေသာမီးသည် မိမိတို့အား အမြဲမပြတ်လောင်နေသည်ဟူ၍ သိသူ၊ သတိပြုမိကြသူ အလွန်ပင်ရှားကြပေလိမ့်မည်။ မြတ်စွာဘုရားသခင်သည် မျက်စိသည် မိမိတို့ခန္ဓာ၌ လောင်နေသည်။ နားသည် မိမိတို့ခန္ဓာ၌လောင်နေသည်။ နှာခေါင်းသည် မိမိတို့ခန္ဓာ၌ လောင်နေသည်။လျှာသည် မိမိတို့ခန္ဓာ၌လောင်နေသည်။ ကိုယ်သည် မိမိတို့ခန္ဓာ၌လောင်နေသည်၊ စိတ်သည် မိမိတို့ခန္ဓာ၌ လောင်နေသည်ဟူ၍ ဟောတော်မူသည်။

ဆိုလိုသည်မှာ မျက်စိ၌ ကိလေသာအပြည့်ရှိသည်။ကိလေသာအပြည့်ရှိလျှင် ကိလေသာမီးလောင်သည်။ အနိဋ္ဌာရုံနှင့် မျက်စိတွေ့လျှင် ဒေါသမီးလောင်သည်။ ဣဋ္ဌာရုံနှင့်တွေ့လျှင် လောဘမီးလောင်သည်။ အမှုမဲ့အမှုတ်မဲ့ နေမိလျှင် မောဟမီးလောင်သည်။ နားသည်လည်း ထိုနည်းအတူပင်။ နှာခေါင်းသည်လည်း ထိုနည်းအတူပင်။ လျှာသည်လည်း ထိုနည်းတူစွာပင်။ကိုယ်သည်

လည်း ထိုနည်းတူစွာပင်။ စိတ်သည်လည်း ထိုနည်းတူစွာပင်။ ဒေါမနဿ= သောမနဿ ဖြစ်တိုင်းဖြစ်တိုင်း လောဘသော်၎င်း၊ ဒေါသသော်၎င်း၊ မောဟသော်၎င်း ဖြစ်သည်။ ၎င်းတို့ဖြစ်လျှင် ကိလေသာမီးလောင်သည်ဟုဆိုသည်။

ထို့ကြောင့် လူတော်ုင်း လူတိုင်းသည် ထိုမီး ၃-ပါးမျှသာမဟုတ် ဘုရားသခင်သည် မီး(၁၁)ပါး လောင်လျက်ရှိသေးသည်ဟူ၍ ထပ်၍ဟောတော်မူသည်။

အိပ်လျက်နေသည့်အခါ ဇာတိ, ဇရာ, မရဏ, မီးသုံးမျိုး လောင်လျက်ရှိသည်။ နိုးနေသည့်အခါ လောဘ,ဒေါသ,မောဟ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ, မီး(၇)ပါး လောင်လျက်ရှိကြသည်။

လူတိုင်း-လူတိုင်း ဤမီး(၁၁)ပါး လောင်လျက်ရှိကြသည်။ ခန္ဓာရှိ၍ မီးလောင်လျက်သာရှိသည်။ အဘယ်ကြောင့် ဆိုသော် ခန္ဓာသည် ထင်း၊ သို့မဟုတ် လောင်စာဖြစ်သောကြောင့်တည်း။

မိမိတို့သန္တာန်၌ လောင်တတ်သောတရား(မီး)ရှိနေသည် ကိုငဲ့။ မိမိတို့ဆုတောင်းတရားကြောင့် ရထားသောခန္ဓာကြီး ပင်လျင် လောင်စာအဖြစ် အသုံးတော်ခံနေရသည် ဟူ၍ငဲ့၊ သိမြင်နိုင်ကြသူ, သတိပြုမိကြသူ အလွန်အလွန်မှပင် ရှားပါးလိမ့် မည်။

ဤခန္ဓာရရှိလျင် ဇာတိမီးက လောင်လျက်ရှိသည်။ ဇာတိ ရပြီး နောက်ကြောမှ တန်းလန်းဇရာက ထက်ကြပ်မကွာလိုက် လျက်ရှိသည်။ ဇရာနောက်မှ မရဏဆိုတဲ့ သေခြင်းတရားကအမြဲ

မပြတ် ချက်ကောင်းစောင့်လျက် မျက်ခြေမပြတ်စောင့်နေသည်။ ဤသည်တို့ကား ဇာတိရရှိသူအပေါင်းတို့၏ လမ်းစဉ်ပင်တည်း။

ထင်းပြင် ပဥ္စုပါဒါနကွန္ဒဉဟုဆိုအပ်သော တဏှာ၏ ကျက်စားရာ ဥပါဒါန်တို့၏ ကျက်စားရာ ခန္ဓာငါးပါး(ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်)တည်းဟူသော ကိလေသာတို့၏လောင်စာရထားသော်သူသည် အကြောင်းတိုက်ဆိုင်တိုင်း· တိုက်ဆိုင်တိုင်း ကိလေသာမီး၏ အလောင်အမြိုတ် ခံရမည့်ဘေးမှ မလွတ်ကင်းနိုင်ချေ။

ဤခန္ဓာငါးပါးကို ပုဂ္ဂိုလ်သတ္တဝါမဟုတ်ပါဘဲလျက် ပုဂ္ဂိုလ်သတ္တဝါဟူ၍ စွဲယူလိုက်သေးသည်။ ပုဂ္ဂိုလ်သတ္တဝါဟူ၍ ထင်မှတ်လိုက်သေးသည်။ ပုဂ္ဂိုလ်သတ္တဝါဟူ၍ သိလိုက်သေးသည်။ ဤကား ဒိဋ္ဌိကိလေသာ၏ လောင်မြိုက်ခြင်းပင်တည်း။

တဖန် ခန္ဓာငါးပါးကို မမြဲပါဘဲလျက် မြဲသည်ဟူ၍စွဲယူလိုက်သေးသည်။ မြဲသည်ဟူ၍ ထင်မှတ်လိုက်သေးသည်။ မြဲသည်ဟူ၍ သိလိုက်သေးသည်။ ဤကား ဒိဋ္ဌိကိလေသာ၏ လောင်မြိုက်ခြင်းပင်တည်း။

တဖန် ခန္ဓာငါးပါးကို သုခမဟုတ်ပါဘဲလျက် သုခဟူ၍စွဲယူလိုက်သေးသည်။ သုခဟူ၍ထင်မှတ်လိုက်သေးသည်။ သုခဟူ၍ အာမဂ္ဂဿိ အလွဲသိသိလိုက်သေးသည်။ဤကား ဒိဋ္ဌိကိလေသာ၏ လောင်မြိုက်ခြင်းပင်တည်း။

ဤသို့ ခန္ဓာငါးပါးကို လောင်စာဟူ၍ဂုဏ်း(၁၁) ပါးသော စာရုံးတို့ကို မီးဟူ၍ဂုဏ်း။ ဤသာသနာတော်တွင်းဌိနေ၍ ဗုဒ္ဓဘာသာဝင်ဖြစ်ကြသူတိုင်း သိသင့်သိထိုက်သည့် အတိုင်း သိရှိ

နားလည်မှသာလျှင် လောင်စာသိမ်း၍ မီးငြိမ်းရာကိုရွာလို့ကြပေလိမ့်မည်။

လောင်စာနှင့် မီးနှင့် တွဲလေသမျှ လောင်လက်စ, တုံးမည်မဟုတ်ချေ။ ခန္ဓာနှင့် ကိလေသာနှင့် တွဲလေသမျှ မျက်ရေကျပွဲ, အိုပွဲ, သေပွဲ လက်စသတ်မည်မဟုတ်၊ သောကပရိဒေဝပွဲ လက်စသတ်မည်မဟုတ်၊ ကြမ်းခုန်, ရင်ထုပွဲ လက်စသတ်မည်မဟုတ်ချေ။

ဒေါသကိလေသာနှင့် ခန္ဓာနှင့်တွဲယင် ရုပ်တွေက ကြမ်းတမ်းလာပြီးလျှင် မျက်စိတွေနီလာသည်။ အသားတွေ နီလာသည်။ တကိုယ်လုံး ဆတ်ဆတ်ခါတုန်လှုပ်လာသည်။ လောဘကိလေသာနှင့်တွဲလျှင် ပျားထုခတ်လာတော့သည်။ အငြိမ်နေ၍ မဖြစ်တော့ချေ။

လောဘမီးက အေးသလိုလိုနှင့်ပူ၏။ လောဘနှင့်ရှာ၍ဖွေ၍ ထိုက်တန်သလောက် ရရှိကြသည်ဆိုငြားသော်လည်း ထိုသို့ ရရှိသော ပစ္စည်းအတွက် ပူရ, ပင်ရ၊ စောင့်ရှောက်ရ, ကြောင့်ကြရ, သောကဖြစ်ရ, တစုံတခုဖြစ်သွားသော် ပရိဒေဝဖြစ်ရ၊ဥပါယာသဖြစ်ရ၊ အမျိုးမျိုးဇာဖုံဖုံ ပူ၏, လောင်၏, မြိုက်၏။

ယခုခေတ် ပစ္စည်းထိခိုက်၍ မိမိတို့ စိတ်ဓာတ် ခံနိုင်ရည်မရှိကြ၍ ကယောင်ခြောက်ခြားဖြစ်သောဘဝသို့ ရောက်ရှိသွားကြတာတွေ၊ မိမိအသက် အဆုံးစီရင်သွားကြတာတွေ လောဘမီးအကြောင်းခံကြောင့် ဖြစ်ရကြလေသည်။ ထို့ကြောင့် လောဘမီးသည် အေးသလိုလိုနှင့် ပူသည်ဟု ဆိုရချေသည်။

ဒေါသမီးသည် ပူသလိုလိုနှင့်ပူသည်၊ တဟုန်းဟုန်း လောင်သည်၊ အကြင်းဇာကျန်မရှိ ပြောင်အောင်လောင်တော့သည်။

မနောပဒေါသိကနတ်များသည် ဒေါသအလျောက် အချင်းချင်း စေ့.စေ့.ကြည့်ရုံမျှ ပြာကျသွားကြသည်။

စာရေးသူ၏ ရင်းနှီးသော မိတ်ဆွေကြီး တဦးသည်ပင်လျှင် ဒေါသမီး တောက်လောင်ချက် ပြင်းထန်လှသဖြင့် မိနစ်ပိုင်းအတွင်း အသက်ပျောက်ရသော အဖြစ်သို့ ရောက်ရရှာသည်။ ဒေါသမီးသည် ဤမျှ လောင်ချက်ပြင်းထန်ပါစာလား၊ လူသားများပင်မက နတ်ပြည်ရှိ နတ်သားများကိုပင်လျှင် ဤဒေါသမီးစွဲလောင်လျှင် ၎င်း၏စွဲလောင်ချက်ကို ငြိမ်းသတ်ရန် ခဲယဉ်းလေစွတကား။

မောဟမီးက အရှိန်မရှိဘဲ၊ အရှိန်အဝိုးမထ,ဘဲ ဖွဲမီးများကဲသို့ တငွေ့ငွေ့ပူသည်-လောင်သည်-မြိုက်သည်။

ထိုမီး(၃)ပါးအပြင် မိမိတို့ပစ္စည်းအတွက် သောက ရောက်သည့် သောကမီး၊ မိမိအတွက်ဖြစ်သော သောကမီး၊ မိမိ သားသမီး,ဇနီးအတွက်ဖြစ်သော သောကမီး တောက်လောင်ပြန်၏။

ထိုနည်းတူ ... ပရိဒေဝမီးကလည်း မိမိ-မိမိပစ္စည်းဥစ္စာ-မိမိဇနီး-သားသမီးတို့အတွက် တောက်လောင်ပြန်သည်။

ထိုနည်းတူ....ဒုက္ခ-ဒေါမ္မနဿ-ဥပါယာသ စသော မီးများကလည်း တမျိုးပြီးတမျိုး အကြောင်းအားလျော်စွာ ပေါ်ပေါက်လောင်မြိုက်လျက်ရှိကြ၏။

ဇရာမီးကလည်း အိုပ်နေသော်လည်း လောင်လျက်ပင်၊ မရဏမီးကလည်း လောင်တော့မည်ဟု တကဲကဲနှင့် မျက်ခြေမပြတ် ချောင်းမြောင်းလျက် စောင့်ရှင်းလောင်လျက်နေ၏။ ၎င်းမရဏမီးသည် အကွက်ကောင်း- အချက်ကောင်းကိုစောင့်လျက် ခြေ

လှမ်းမှားကို စောင့်လျက် အပြီးခေလာင်မြိုက်ရန်အချိန်ကို စိတ်ရှည်လက်ရှည်မဟုတ်ဘဲ စိတ်မရှည်တရှည်နှင့် စောင့်လျက်နေ၏။

မီး(၁၁)ပါးထဲ၌ ဟောဒဘာ်မမူသော်လည်း အကြွမ်းဝင်သော သဘောဖြင့် ဗျာဓိဆိုသည့် မီးကလည်း မကြာမကြာ မရဏမီးကို မျက်စပစ်လျက်ရှိ၏၊ လင်္ဂရုပ်ခေါ်လျက်ရှိ၏၊ ကျွန်ုပ်သင့်မရဏမီးထံသို့ ဤသတ္တဝါကို ဘယ်တော့ ပို့လိုက်မှမည်လဲဆိုသည့်သဘောဖြင့် မေးမြန်းနေသကဲ့သို့ပင်ဖြစ်၏။

ဥတုကြောင့်သော်၎င်း၊ စိတ်ကြောင့်သော်၎င်း၊ အာဟာရကြောင့်သော်၎င်း၊ ၎င်းသုံးပါးကြောင့်သော်၎င်း၊ (၂)ပါးကြောင့်သော်၎င်း၊ ကံကြောင့်သော်၎င်း၊ တခုခုကြောင့် ဗျာဓိရလာခဲ့သော် ဗျာဓိမီးကလည်း ဗိုင်းဗိုင်းလဲအောင် လောင်မြိုက်ချလိုက်သည်ပင်၊ ဤကဲ့သို့ လောင်မြိုက်ရင်းနှင့်ပင် မရဏမီးဘက်သို့ မျက်စမှစ်လျက်၊ အချက်ပြလျက်၊ ဘယ်တော့သင့်ထံ့အစအဆုံး လောင်မြိုက်ရအောင် ပို့လိုက်ရမည်လဲဆိုသည့် အဓိပ္ပါယ်မျိုးနှင့် မေးတငေါ်ငေါ်နှင့် အခေါ်ကိုစောင့်မြော်လျက်ရှိနေ၏။

ထို့ကြောင့် မြတ်စွာဘုရားသခင်သည် 'သန္တာပဒ္ဓေ' ဆုံးဘာင်း တရားကြောင့် ရှင်းတဲ့ခန္ဓာကို အမြဲပူလောင်အောင် နှိပ်စက်နေသော မီး(၁၁)ပါးဟု ဟောတော်မူသည်။

ဤမီး(၁၁)ပါး ချုပ်ငြိမ်းရာသည် ဘယ်မှာမှမရှိ၊လူ့ပြည်မှာလည်းမရှိ၊ နတ်ပြည်မှာလည်းမရှိ၊ ဗြဟ္မာဘုံ၌လည်းမရှိဟူ၍ဆိုရမည်ပင်ဖြစ်သည်။ ဤသို့ဖြစ်လျင် မည်သို့မည်ပုံ မီးငြိမ်းရာကိုရှာကြရမည် အာ.ဖြကိုရှာမှမည်ဖြစ်ရာ အဖြေမှာ "လောင်စာရှိသ၍ မီးရှိမည်" ဖြစ်သည် လောင်စာကုန်မှ သို့မဟုတ် နောက်ထပ်

လောင်စာအသစ် ထပ်၍မထည့်မှ မီးငြိမ်းမည်ဖြစ်သည်။ လောင်စာဆိုသည်မှာ ခန္ဓာပင်ဖြစ်သည်။ ခန္ဓာဆိုသည်မှာ ရုပ်,ဝေဒနာ, သညာ, သင်္ခါရ,ဝိညာဏ် ဟူ၍ ခန္ဓာငါးပါးကိုပင် ခေါ်သည်။ ဤအချိန်အားဖြင့် ၃၀·၃၅ပိသာရှိသော ဤခန္ဓာကိုယ်ကြီးဟူ၍ မယူကြပါနှင့်... ။

ပဋိစ္စသမုပ္ပါဒ်ဒေသနာအားဖြင့် အဝိဇ္ဇာတည်းဟူသော မသိမှုကြောင့် ပြုချင်သလိုပြုသော သင်္ခါရပြုလုပ်ခြင်း ဖြစ်သည်။ သင်္ခါရဆိုသည်မှာ ကုသိုလ်သင်္ခါရလည်းရှိသည်၊အကုသိုလ်သင်္ခါရလည်းရှိသည်။ ပြုချင်ရာပြုသော သင်္ခါရကြောင့် ပဋိသန္ဓေဝိညာဏ်ရသည်(ဇာတိဖြစ်သည်) ဇာတိဆိုသည် ယခုဘဝအစဖြစ်သည်။ ဇာတိရလျှင် ခန္ဓာငါးပါးရသည်။ ခန္ဓာငါးပါးသည် လောင်စာဖြစ်သည်.... ဤခန္ဓာရှိလျှင် (လောင်စာရှိလျှင်) မီးလောင်မည်ကား မလွဲတည်း....။

ထို့ကြောင့် ဤအမှတ်စဉ်(၂၁)အတွင်းပါ တရားများသည် ကျေးဇူးရှင် မဟာထေရ် မိုးကုတ်ဆရာတော်ကြီး ခန္ဓာငါးပါး အပါအဝင် ဝေဒနာစိတ်စသော ခန္ဓာငါးပါး တပါးပါးကို အနိစ္စဟူ၍ဂင်း၊ ဒုက္ခဟူ၍ဂင်း၊ အနတ္တဟူ၍ဂင်း အကျဉ်းအားဖြင့် ဖြစ်ပြီးပျက်နေတဲ့တရားဘဲဟူ၍ဂင်း ဝိပဿနာဉာဏ်မျက်စိဖြင့် ဓမ္မကပြတာကို မမြင်-မြင်အောင် ရှုရန်ဂင်း၊ ဖြစ်ပြီးပျက်နေတဲ့ သဘောတရားတွေသည်(ခန္ဓာငါးပါး)သည် ခင်စရာ-မင်စရာ တွယ်တာစရာမရှိ ဆင်းရဲအစစ်အမှန်ဘဲဟု ရှုမှုန်းငြီးငွေ့လာအောင်ရှုရမည်။ နောက်ဓလိုချင်တဲ့ဉာဏ် ဝင်လာပြီး ဆုံးသည်အထိရှုရမည်ဖြစ်ကြောင်း၊ ဥပမာ ဥပမေယျ အမျိုးမျိုးဆောင်လျက် ပါဠိတော်အမျိုးမျိုးမှ ထုတ်နုတ်လျက် ကြီးမားလှသော

ကရဏာတရားနှင့် ဟောပြော ဆုံးမတော်မူသော တရားတော်များကို တိတ်ခဲ့ဖွင့်ထုဋ္ဌာနများမှ နာလည်းနာယူကြပါ၊ နာယူကြသည်အတိုင်း နားလည်ဆောင်ကြိုးစားကြပါ၊ နားလည်သဘောပေါက်သည်နှင့်အမျှ သာမံပဿုတဗ္ဗော ဆိုသည့်အတိုင်း ကိုယ်တိုင်မြင် ကိုယ်တိုင်သိဖြစ်အောင် ကျင့်ကြံ ကြိုးစားအားထုတ်၍ အကာလိကောဆိုသည့်အတိုင်း အခါမလင့်၊ ပစ္စတ္တံ ဝေဒိတဗ္ဗော ဖြစ်အောင် မိမိတို့ကိုယ်၌ ကိုယ်တိုင် သဘောပေါက်နားလည်၍ အမြင်ရှင်းပြီးလျှင် ကိန်းလသာ(၁၀)ပါးတွင်ဒီဋ္ဌဝိစိကိစ္ဆာစသော ပဌမ မဂ်ဖြင့် ပါယ်အပ်သော ကိလေသာများကို ပါယ်ခွါနိုင်ကြပါစေဟု မေတ္တာစေတနာရှေ့ထား၍ နှိုးဆော်တိုက်တွန်းအပ်ပါသတည်း။

ဦးသံဒိုင်-ဥက္ကဋ္ဌ၊
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်လုပ်ဝန်းစဉ်ပြန့်ပွားရေးအဖွဲ့၊
အမှတ် ၃၃-ဆင်းဒွစ်လမ်း၊ ရန်ကုန်မြို့။

ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ
အာမရပူရမြို့ မင်္ဂလာတိုက်ဟောင်း - မိုးကုတ် ဆရာတော်ဘုရား
အာမရပူရမြို့-ဓမ္မာရုံ၌ ဟောကြား ဆုံးမတော်မူသော
(ဝေဒနာနဲ့ တရားနာနေပုံ)
နေ့အလုပ်ပေး-တရားတော်
(၃-၁၀-၆၁)

အားလုံး တရားနာကြတဲ့ တကာတကာမတွေ့ မိမိတို့ ခန္ဓာကိုယ်ကြီးကို မနေ့ကပြောခဲ့တဲ့အတိုင်း ဉာဏ်နဲ့လှည့်လိုက်တဲ့အခါမှာ ဝေဒနာကခန္ဓာနဲ့ တရားနာနေတယ်လို့ မှတ်ကြစမ်းပါ.... (မှန်ပါ့)။

ဉာဏ်က ခန္ဓာကိုယ်လှည့်ထားတော့ ကျန်းမာလို့ တရားနာနိုင်တယ်ဆိုလို့ရှိယင် သုခဝေဒနာနဲ့ တရားနာတယ်.... (မှန်ပါ့) ချောင်းတွေ့ ဘာတွေ့ဆိုးပြီး သကာလ တရားနာနေကြတော့ သြော်....ဒုက္ခဝေဒနာနဲ့ တရားနာနေတာပါကလား.... (မှန်ပါ့) နားကကြားပြီး တရားနာနေကြပြန်တော့လဲ သြော် ဥပေက္ခာဝေဒနာနဲ့နာနေတာပါကလား....(မှန်ပါ့)။

ဒါဖြင့် တရားနာနေတာ ဘယ်သူတွေ့တုံး....လို့ မေးတဲ့အခါကျတော့ သူ့အခိုက်အတန့်-သူ့အခိုက်အတန့်နဲ့ ဝေဒနာလိုက်တဲ့အခါကျတော့ ဝေဒနာကခန္ဓာနဲ့ တရားနာနေတယ်.... (မှန်ပါ့ ဘုရား)။

ဘယ်လိုမှတ်ကြမယ်....(ဝေဒနာကွန္ဒာနဲ့ တရားနာနေပါတယ်ဘုရား)။

ဝေဒနာကွန္ဒာနဲ့ တရားနာနေတယ်၊ မနာမကျဉ် မကိုက်မခဲဘဲနဲ့ တရားနာရတော့ သုခဝေဒနာနဲ့ တရားနာနေတယ်....(မှန်ပါ့) ချောင်းဆိုးရင်း ရင်ကျပ်ရင်းနဲ့ နာနေရတော့....(ဒုက္ခဝေဒနာနဲ့နာပါတယ်ဘုရား)။

ဆရာသမားကြည့်- ဆရာသမားပြောတဲ့ အသံတွေကြားပြီး နာနေကြပြန်တော့လဲ(ဥပေက္ခာဝေဒနာနဲ့ နာပါတယ်ဘုရား)။

ဩသြော်-ဒီဥစ္စာအားလုံးတရားနာလာကြတဲ့ဥစ္စာ ဝေဒနာကွန္ဒာ ပြောင်းလဲပြီး နာနေကြတယ်....(မှန်ပါ့) သုခဝေဒနာနဲ့ တရားနာလိုက်.... (မှန်ပါ့) ဒုက္ခဝေဒနာဖြစ်ခိုက်နဲ့ တရားနာလိုက်....၊ ဥပေက္ခာဝေဒနာဖြစ်ခိုက်နဲ့.... (တရားနာလိုက်ပါဘုရား)။

ဩသြော်.... တရားနာနေကြတာ ယောကျ်ားတွေလား- မိန်းမတွေလား မည်သူ မည်ဝါတွေလား..လို့ မေးလို့ ရှိယင်ဖြင့် ဝေဒနာကွန္ဒာတွေပါဘုရား....လို့ ဆိုယင်ဖြင့်လဲ ဦးလှဘူး အမှန်တွေ့ဘဲ.... (မှန်ပါ့ဘုရား) ဦးမာဒင် အမှန်ဘဲနော်.... (အမှန်ပါဘုရား)။

ဒီဥစ္စာ ဆရာသမား ဘယ်နှယ်ကြောင့် ဒီအကြောင်း ပြောပါလိမ့်မတုံး....လို့ တကာသစ်က အကြီးအကျယ်မေးလို့ ရှိယင် ငါ တရားနာနေတယ်ဆိုတဲ့ သက္ကာယဒိဋ္ဌိပြုတ်ပါစေလို့ ဒါပြောနေတာ... (မှန်ပါ့)။

ကျမတို့ တရားနာနေတယ်၊ ကျွန်တော်တို့ တရားနာနေတယ်ဆိုတဲ့ ဥစ္စာတွေ မဖြစ်ပါစေနဲ့....လို့ ဝေဒနာတွေနဲ့ပြောင်းပြီး ဝေဒနာကွန္ဒာတွေနဲ့ တရားနာနေရဘာ ထင်ရှားပါစေတော့....

ဆိုပြီး တကာတကာမတို့ ဒါ.... ခန္ဓာဥာဏ်ရောက် ပြောနေတဲ့ တရားလို့မှတ်ပါ....(မှန်ပါ့)။

တကာကြီး ဦးမာဒင် ဘာတဲ့တုံးဗျာ.... (ခန္ဓာဥာဏ်ရောက် ပြောနေတဲ့တရားပါဘုရား)။

သေသေချာချာ ဘုန်းကြီးတို့ တကာတကာမတွေ့ မှတ်ပါ၊ ခံ့ခံ့ကျန်းကျန်းနဲ့ တရားနာယင် ဘာတဲ့ဗျာ .... (သုခဝေဒနာနဲ့ နာပါတယ်ဘုရား)။

အင်း.... ပုဂ္ဂိုလ်သတ္တဝါတရားနာတာ မဟုတ်ပါဘူး၊ သုခဝေဒနာနဲ့နာတာ.... (မှန်ပါ့) ချောင်းဆိုး-ရင်ကျပ်ဝေဒနာနဲ့ တရားနာနေရပြန်တော့လဲ အင်း....ဒုက္ခဝေဒနာနဲ့ တရားနာတယ် (မှန်ပါ့)။

မျက်လုံးက ဆရာသမားဆီစိုက်ပြီးသကာလ နားက ဆရာသမားပြောတဲ့ အသံကို ကြားပြီးသကာလ နာနေရပြန်တော့.... (ဥပေက္ခာဝေဒနာနဲ့နာပါတယ်ဘုရား)။

ဒီကနံတယ်-ဟိုကနံတယ် ရှု့ရင်းရှိုက်ရင်းနဲ့နာနေရပြန်တော့လဲ ဘာပါလိမ့်....(ဥပေက္ခာဝေဒနာနဲ့နာပါတယ်)သဘောကျပြီ-(ကျပါပြီဘုရား)။

ဥပေက္ခာဒုနာနဲ့နာနေတော့ တခါတလေတောင်တွေးရင်း-မြောက်တွေးရင်းနဲ့လဲ နာနေတယ်... (မှန်ပါ့) တခါတလေကျတော့ ရှု့ရင်း,ရှိုက်ရင်းနဲ့လဲ နာနေရတယ် ....(မှန်ပါ့) အင်း.... ဒါ ဘယ်သူတွေ့ပါလိမ့်ဗျာ....(ဥပေက္ခာဝေဒနာတွေ့ပါဘုရား)။

အဲဒီလိုကျတော့ အင်း....ယောကျ်ားတွေ တရားနာနေတာ မဟုတ်ဘူး၊မိန်းမတွေ တရားနာနေတာ မဟုတ်ဘူး၊ဝေဒနာကွန္ဓာကြီး အလှည့်ကျနဲ့ တရားနာနေကြတယ်... (မှန်ပါ့)။

ဘယ်သူတရားနာနေပါလိမ့်.... (ဝေဒနာကွန္ဓာကြီး အလှည့်ကျနဲ့ တရားနာနေပါတယ်ဘုရား)။

ဝေဒနာကွန္ဓာ အလှည့်ကျနဲ့ တရားနာနေတော့ ဒါဖြင့် ဘယ်အချိန် လက်ညှိုးထိုးထိုး - လက်ညှိုးထိုးယင်ဖြင့် ဝေဒနာထိုးမိရမယ်....(မှန်ပါ့)။

ခန္ဓာကိုယ်ကြီးကို လက်ညှိုးထိုးယင် ဘာထိုးမိပါ့မလဲ.... (ဝေဒနာကွန္ဓာထိုးမိပါတယ်ဘုရား) ဝေဒနာဘဲ ထိုးမိမယ်.... (မှန်ပါ့)။

အဲဒါကြောင့် ဦးမာဒင်တို့ ဘယ်သူတွေ တရားနာနေသလဲ မေးယင် ဝေဒနာကွန္ဓာ တရားနာနေတယ်ဘုရာ့-(မှန်ပါ့ဘုရား) ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

ဩော်... ဘယ်သူများ တရားနာနေပါလိမ့်....(ဝေဒနာကွန္ဓာ တရားနာနေပါတယ်ဘုရား) ဝေဒနာကွန္ဓာ တရားနာနေတယ်.... (မှန်ပါ့)။

ဩော်.... တကာတကာမတို့ ဒီအထဲ အန္ဓကရုယ်ကင်း ဘေး ရှင်းတဲ့ပုဂ္ဂိုလ်များ ပါသေးသလား....(မပါ-ပါဘုရား)ဝေဒနာနဲ့ တရားနာနေတယ်.... (မှန်ပါ့) အန္ဓကရုယ်ကင်း ဘေးရှင်း ဖြစ်ပါ့ မလား....(မဖြစ်နိုင်ပါဘုရား)။

သို့သော်.... တကာ တကာမတွေ အထင်ကတော့ကို....တဲ့ အန္ဓကရုယ်ကင်း ဘေးရှင်းပြီး တရားကြိုးစားမှာလို့ ဒီလို ထင်

ကြတယ်.... (ထင်ကြပါတယ်ဘုရား) ထင်ချင်လို့သာထင်တာ ခင်ဗျားတို့ ဝေဒနာကွန္ဒာနဲ့ တရားနာနေတာ.... (မှန်ပါ) တခါတလေ ချောင်းဆိုးရင်းမျှား တရားနာနေတယ်ဆိုတော့ ဘာဝေဒနာနဲ့ တရားနာနေသလဲ.... (ဒုက္ခဝေဒနာနဲ့တရားနာနေတယ်ဘုရား) ဘယ်ချမ်းသာတော့မှာတုံး ... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

အောက်က နာရင်း,ကျဉ်ရင်းနဲ့လဲ တရားအာရုံတွေ့ပျက်သွားမှာ စိုးလို့ဘုရာ့.... နာနေရတယ်ဆိုပြန်တော့လဲ ဘယ်ဝေဒနာနဲ့ နာနေသလဲ....(ဒုက္ခဝေဒနာနဲ့.နာနေပါတယ်ဘုရား)။

ဒီဟာကလေးမြင်အောင် ဒီလို့ကို လှည့်လှည့်ပေးနေရတယ်၊ (မှန်ပါ့) လှည့်လှည့်ပေးနေတဲ့အခါကျတော့ ဝေဒနာပေါ်မှန်းသိတော့ ဦးမာဒင် ဝေဒနာပျက်မှန်းသိတယ် (မှန်ပါ့ဘုရား) သဘောကျပလား (ကျပါပြီဘုရား)။

ဝေဒနာပေါ်မှန်းသိတော့ ... (ဝေဒနာပျက်မှန်းသိပါတယ်ဘုရား)။

ဒီလို သိလိုက်တဲ့အခါကျတော့ ပေါ်တာရော ပျက်တာရော သည်ကား လို့ ဆိုလို့ရှိယင်ဖြင့် ပုဂ္ဂိုလ်သတ္တဝါမဟုတ်ဘူး....၊ ဝေဒနာကွန္ဒာအစစ်ဘဲဆိုတဲ့ဥာဏ်က မရောက်ဘူးလား... (ရောက်ပါတယ်ဘုရား) ရောက်တော့ သက္ကာယဒိဋ္ဌိပြုတ်တယ်... (ပြုတ်ပါတယ်ဘုရား)။

ဩော်... ဒီသက္ကာယဒိဋ္ဌိပြုတ်သွားမယ်ဆိုယင်ဖြင့် ဒီတရားပဲမှာ သောတာပန် ချက်ခြင်းတည်မယ်....(မှန်ပါ့)။

ဒါ့ကြောင့် တကာသစ်တို့ တရားနာတိုင်း ဘယ်သူတရားနာသတုံး... လို့ မေးတိုင်းမေးတိုင်းဟာ ဉာဏ်က ခန္ဓာလှည့်ပြီးသွော်... ဝေဒနာတွေ့လှည့်ပြီး တရားနာနေတာ.... (မှန်ပါ့)။

ဘယ်လို မှတ်ကြမယ်.... (ဝေဒနာတွေ့လှည့်ပြီး တရားနာနေပါတယ်ဘုရား) ဝေဒနာကခန္ဓာတွေ့ လှည့်ဖြစ်ပြီး တရားနာနေတယ်ဆိုယင်ဖြင့် အမှန်ပါဘဲ... (အမှန်ပါဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

အဲဒီတော့ ဒီဝေဒနာကခန္ဓာနဲ့ တရားနာနေတော့ကိုတဲ့ ဒီဥစ္စာသက္ကာယဒိဋ္ဌိပြုတ်... (မှန်ပါ့)။

ဝေဒနာကခန္ဓာနဲ့လှည့်ပြီး တရားနာခနမှန်းသိတော့ ဘာပြုတ်သလဲ....(သက္ကာယဒိဋ္ဌိပြုတ်ပါတယ်ဘုရား)။

ဝေဒနာကခန္ဓာဆိုတာ နာရင်းမတ္တန့်ဘဲ ဒုက္ခပြောင်းသွားလိုက် သုခပြောင်းသွားလိုက် (မှန်ပါ့) ဒုက္ခပျက်သွားလိုက် သုခကပေါ်လိုက်၊ သုခပျက်သွားလို့ ဥပေက္ခာက ပေါ်လိုက် (မှန်ပါ့ဘုရား)။

အင်း.... ဝေဒနာကခန္ဓာပေမဲ့လဲ နာမည်သာတူ၍ ပျက်လိုက်, ဖြစ်လိုက်, ပြောင်းလိုက်,လဲလိုက်တွေကလဲ ရှိနေတာကော ကေန်ဘဲ... (မှန်ပါ) ဦးလှဘူး ကေန်ပေါ့_ (ကေန်ပါဘုရား)။

အဲဒီ ကေန်ကြီးကြည့်လိုက်ပြန်တော့ ပျက်လိုက်-ဖြစ်လိုက်၊ အင်း....ဒုက္ခပျက်လိုက် သုခအစားထိုးလိုက်၊ သုခပျက်ပြားသွားပြန်လဲ ဥပေက္ခာ အစားထိုးလိုက်၊ အင်း....ပျောက်ပျက်လျက်နဲ့ တရားနာနေတယ်_ (မှန်ပါ့ဘုရား)။

ပျော်ပျော်လျှက်နဲ့ တရားနာနေတော့ ဩော်... တရားနာနေတာ မခိုင်မမြဲပါကလား၊ ပျော်ပျော်မှုနဲ့ တရားနာနေပါကလားဆိုတာ ပေါ်လာတယ်....(ပေါ်လာပါတယ်ဘုရား)။

ထိုကဲ့သို့ ပေါ်လာတာ ထောက်လိုက်တော့မှ သဿတဒိဋ္ဌိက ဦးမာဒင် ပြုတ်ထွက်သွားတယ်.... (ပြုတ်ထွက်ပါတယ်) ပျော်ပျော်ပြီး တရားနာနေတယ်....(မှန်ပါ့)။

သုခဝေဒနာ ပျောက်သွားပြီး ဒုက္ခဝေဒနာက တရားနာနေတယ်.... (မှန်ပါ့) ပျော်ပျော်ပြီး တရားနာနေတဲ့သဘောကို ကြည့်လိုက်တော့ သဿတဒိဋ္ဌိတွေ့ ပျောက်သွားတယ်....(မှန်ပါ့ဘုရား)။

တခါ ဉာဏ်ဆဒိဋ္ဌိပျောက်ခဲ့အောင် ဉာဏ်နဲ့ကြည့်မယ်ဆိုတော့ ဒုက္ခဝေဒနာပျောက်ပြီး သုခဝေဒနာတွေ့က အစားထိုးလာတာလဲ ဒီဟာကလေး တရားနာလိုက်ပြန်တော့ သုခကလေးဖြစ်ပြီး လာရပြန်တယ်....(လာရပါတယ်ဘုရား)။

အင်း....ဒုက္ခပျောက်ပြီး သုခနဲ့နာနေပြန်တယ်....(မှန်ပါ့)ဒုက္ခပျောက်ပြီး သုခနဲ့နာနေတာ ထောက်လိုက်ပြန်တော့လဲ တကာတကာမတွေ့ ဒုက္ခနေရာ သုခအစားထိုးတယ်ဆိုတော့ ဉာဏ်ဆဒိဋ္ဌိပြုတ်တယ်လို့ ယူတဲ့အယူဟာ ယူလို့ရသေးသလား.... (မရပါဘုရား)။

ဒါဖြင့် တကာတကာမတို့ ဝေဒနာနဲ့ တရားနာနေတယ်လို့ သိယင် သက္ကာယဒိဋ္ဌိပြုတ်တယ်.... (မှန်ပါ့)တခုသော ဝေဒနာကလေး ပျက်သွားတာ မြင်လိုက်လို့ရှိယင် သဿတဒိဋ္ဌိပြုတ်တယ်....(မှန်ပါ့)။

တခုသော ဝေဒနာကလေး အစားထိုးလာတာ မြင်လိုက်လို့ ရှိယင် ဥစ္စာဒဒိဋ္ဌိပြုတ်တယ်....(မှန်ပါ့) ဦးလှဘူး သဘောကျပလား....(ကျပါပြီဘုရား)။

မကျမရှိပါနဲ့၊ ဒီဟာမကျလို့ ရှိယင် ခင်ဗျားတို့ အပါယ်လေးပါး ငရဲမျိုးစေ့ မပြုတ်မှာစိုးလို့ ရှေ့ပိုင်းမှာ ဦးမာဒင် ဒါတည့်ပေးနေတယ်.... (မှန်ပါ့) တကာသစ် အရေးကြီးတယ်နော်....(အရေးကြီးပါတယ်ဘုရား)။

ဘာကုသိုလ်ကြီးပြုလို့ ဘာကြီးလုပ်နေနေ တကာတကာမတို့ ဒီမျိုးစေ့ သက္ကာယရယ်, သဿတရယ်, ဥစ္ဆေဒရယ် ဒီသုံးမျိုး မပြုတ်လို့ ရှိယင် မဂ်ဖိုလ်လဲတားမယ်, အပါယ်လဲ သွားရမယ်.... (မှန်ပါ့ဘုရား)။

သက္ကာယ, သဿတ, ဥစ္ဆေဒဒိဋ္ဌိဆိုတဲ့ ဒီသုံးခု တခုခုရှိခဲ့သည် ရှိသော် ဘယ်လိုပင် အားထုတ်ငြားသော်လဲ မဂ်-ဖိုလ်တားတယ် (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား) မဂ်-ဖိုလ်လဲတားတယ်၊ အပါယ်လဲ သွားရတယ်... (မှန်ပါ့)။

ဦးမာဒင် ဘာတဲ့တုံး.... (မဂ်-ဖိုလ်လဲတားတယ်- အပါယ်လဲ သွားရပါတယ်) ဒိဋ္ဌိ ဘယ်နှစ်မျိုးပါလိမ့်.... (သုံးမျိုးပါဘုရား) သက္ကာယဒိဋ္ဌိကတမျိုး(မှန်ပါ့) သဿတဒိဋ္ဌိက(တမျိုးပါ)ဥစ္ဆေဒဒိဋ္ဌိက(တမျိုးပါဘုရား)။

ဒီသုံးမျိုး တခုခုရှိခဲ့သော် ခန္ဓာထဲမှာ ဒီဟာကို မရှင်းဘဲနဲ့ နေခဲ့သော် ဒိဋ္ဌိတမျိုးမျိုးရှိမယ်... (မှန်ပါ့)။

ထိုကဲ့သို့ ရှိလျက်နဲ့ လူကြ, တန်းကြ, ပေးကြ, ကမ်းကြလို့ ရှိယင် နတ်ရွာသုဂတိတော့ ရောက်တယ်....(မှန်ပါ့) နိဗ္ဗာန်တော့ မရောက်နိုင်ဘူး....(မှန်ပါ့ဘုရား)။

နတ်ရွာ သုဂတိတော့ .. (ရောက်နိုင်ပါတယ်) နိဗ္ဗာန်တော့.... (မရောက်နိုင်ပါ) တကာသစ် ဘယ့်နှယ်ကြောင့်ပါလိမ့်မတုံး.... (ဒိဋ္ဌိမပြုတ်လို့ပါ)ဒိဋ္ဌိမပြုတ်လို့ .. (မှန်ပါ့)။

ဦးမာဒင်ဘာတဲ့.... (ဒိဋ္ဌိမပြုတ်လို့ပါ) ဒါဖြင့် ဒိဋ္ဌိမပြုတ်လို့ ဆိုတော့ ဒိဋ္ဌိပြုတ်မှ ကျုပ်တို့အပါယ်လွတ်မှာ....(မှန်ပါ့)ဒိဋ္ဌိပြုတ်မှလဲ သောတာပန်တည်မယ် ... (မှန်ပါ့) ဒိဋ္ဌိပြုတ်မှလဲ အပါယ်တံခါးပိတ်မယ် .. (မှန်ပါ့)။

ဒါ့ကြောင့် ရှေ့ပိုင်းမှာ တကာတကာမတို့ နေကောင်းလို့ တရားနာယင်လဲ ဘာနဲ့နာသတုံး.... (သုခဝေဒနာနဲ့နာပါတယ် ဘုရား)။

အင်း .. ပုဂ္ဂိုလ် သတ္တဝါပျောက်ပြီ.... (ပျောက်ပါပြီဘုရား) ခြောင်းဆိုးရင်း ရင်ကျပ်ရင်းနဲ့လဲ တရားနာနေရတယ်....(မှန်ပါ့ ဒုက္ခဝေဒနာတွေနဲ့ပါဘုရား)။

အင်း....ဒုက္ခဝေဒနာနဲ့ တရားနာနေတယ်ဆိုတာ သိပြီနော် (မှန်ပါ့) မျက်လုံးက ဆရာသမားဆီကြည့်၊ နားကကြားလျက်နဲ့ နာနေရတော့.... (ဥပေက္ခာဝေဒနာနဲ့ပါဘုရား) ဒီလိုသိပြန်တော့ သက္ကာယဒိဋ္ဌိပြုတ်တယ်....(မှန်ပါ့)။

တကာတကာမတို့ ဘာပြုတ်သွားသတုံး .. (သက္ကာယဒိဋ္ဌိပြုတ် သွားပါတယ်ဘုရား)။

ကြပ်ကြပ် မပျင်းမရိဘဲနဲ့ ဒီဥစ္စာ ဒို့ ဒါကလေးရှိနေလို့ရှိ ယင် ဒို့ပြုတဲ့ ကုသိုလ်ဟာ သုဂတိကဘဲ မတက်တော့ဘူး၊ နိဗ္ဗာန် မရောက်ဘူး....(မှန်ပါ့ဘုရား)သူကဘဲ ထိုးချနေတာဘဲ....(မှန်ပါ့ ဘုရား)။

ဒါ့ကြောင့် ဒို့ဆရာဘုန်းကြီး ရှေ့ပိုင်းမှာ သက္ကာယဒိဋ္ဌိ ဖြုတ်နေတာကိုး... ၊ ဒါ့ကြောင့် ဒို့ အရေးတကြီးမှတ်ပြီးတော့ ဒီအိမ်ရောက်တဲ့အခါလဲ ဩော်....သုခဝေဒနာနဲ့ ထိုင်လိုက်တယ် ဩော်....ဒုက္ခဝေဒနာနဲ့ ထိုင်ပြန်ပြီ၊ ဩော်.... ဥပေက္ခာဝေဒနာနဲ့ ထိုင်ပြန်ပြီဆိုတာလဲ နှလုံးသွင်းနေ....(မှန်ပါ့)ရှင်းပြီနော်... (ရှင်းပါပြီဘုရား)။

ထိုကဲ့သို့ နှလုံးသွင်းလိုက်သည်ရှိသော် ဦးမာဒင် သက္ကာယဒိဋ္ဌိ ပြုတ်ပါပြီ .. (မှန်ပါ့)။

သုခဝေဒနာကလေးချုပ်သွားတာ မြင်လိုက်လို့ ရှိယင်လဲတဲ့ သဿတဒိဋ္ဌိပြုတ်ပါပြီ....(မှန်ပါ့)။

ဒုက္ခဝေဒနာကလေး အစားထိုးတာ မြင်လိုက်ပြန်လို့ ရှိယင်လဲ ဥစ္ဆေဒဒိဋ္ဌိပြုတ်ပါပြီ....(မှန်ပါ့ဘုရား)။

သုခပျောက်သွားတာ မြင်လိုက်တော့.... (သဿတဒိဋ္ဌိပြုတ်ပါတယ်) သုခဝေဒနာနေရာ ဒုက္ခဝေဒနာကလေး အစားထိုးပြီး တရားနာနေရပြန်တော့.... (ဥစ္ဆေဒဒိဋ္ဌိပြုတ်ပါတယ်) ဒိဋ္ဌိဘယ်နှစ်မျိုးပြုတ်သလဲ.. (နှစ်မျိုးပြုတ်ပါတယ်ဘုရား)။

ဝေဒနာနဲ့ တရားနာနေတယ်လို့ သိယင် သက္ကာယဒိဋ္ဌိပြုတ်တယ်....(မှန်ပါ့)။

ဩော်....အခုတရားနာနေတဲ့ ဝေဒနာကလေးဟာလဲ ပျောက်သွားပြန်ပြီလို့ သိယင်... (သဿတဒိဋ္ဌိပြုတ်ပါတယ်) ဒီပျောက်သွားတဲ့ တရားကလေးမရှိယင် ဗိုင်းကနဲ လဲမသေဘဲနဲ့ နောက်ဝိညာဏ်နဲ့ တရားနာနေတာသိရပြန်တော့ .... (ဥစ္ဆေဒဒိဋ္ဌိပြုတ်ပါတယ်ဘုရား)။

ခင်ဗျားတို့ သေပျော်တဲ့တရားဘဲ....(မှန်ပါ့)အင်မတန်အဘိုး တန်သွားပြီ....(မှန်ပါ့ဘုရား)။

ဦးမာဒင် ဘယ်နှယ်တုံး....(အဘိုးတန်သွားပါပြီ)အင်မတန် အဘိုးတန်သွားတယ်လို့ ဘုန်းကြီးက ချီးမြှောက်ပြောတာလားလို့ မေးတဲ့အခါကျတော့ ခင်ဗျားတို့ တသံသရာလုံးဟာ သူအပါယ်ချနေတာ....(မှန်ပါ့) ဒီဌိမပြုတ်လို့ သူက အပါယ်ချနေတာ....(မှန်ပါ့)သဘောကျပလား.. (ကျပါပြီဘုရား)။

ဒီဌိမပြုတ်လို့ ... (သူက အပါယ်ချနေတာပါ) အခုတော့ဖြင့် သြော် ဒီဌိအလုပ်မဟုတ်ဘူး... ၊ ဝေဒနာအလုပ်ကိုး.... (မှန်ပါ့) မဟုတ်ဘူးလား....(မှန်ပါ့ဘုရား)။

တရားနာဘာ ဘယ်သူ့အလုပ်ဘုံး... (ဝေဒနာ့အလုပ်ပါဘုရား)။

တရားနာတဲ့ အတွင်းမှာလဲ တခါတလေ ကျန်းကျန်းမာမာနဲ့ နာရတယ်....၊ ကျန်းမာတာချုပ်ပြီး မကျန်းမာတာနဲ့ နာရတာလဲ ရှိသေးတယ်....(ရှိပါတယ်ဘုရား)။

ကျန်းမာတာချုပ်တာ မြင်လိုက်ပြန်တော့လဲ သဿတဒိဌိပြုတ်တယ် (မှန်ပါ့) မကျန်းမမာဘဲနဲ့ နာနေရတာမြင်လိုက်ပြန်တော့လဲ ဥစ္ဆေဒဒိဌိပြုတ်တယ်....(မှန်ပါ့) အင်မတန်သဘောပါတယ်လို့မှတ်ပါ (မှန်ပါ့)။

တရားကလဲ စစ်တော့ ခန္ဓာ့အဖြစ်နဲ့ကိုက်တယ်.... (မှန်ပါ့) တရားကလဲအစစ် ခန္ဓာ့အဖြစ်နဲ့ကိုက်တယ်လို့ ဦးဗထွေး သေသေချာချာမှတ်ပါ....(မှန်ပါ့) ဦးမာဒင် ရှင်းပလား. (ရှင်းပါပြီဘုရား) ရှင်းပြီ-ရှင်းပြီ ...။

ကိုင်း .... ဒါဖြင့် ဒီ- ဝေဒနာတွေကို မသိကြဘူး....တဲ့.... သုခနဲ့တရားနာနေတယ်၊ ဒုက္ခနဲ့ တရားနာနေတယ်၊ ဥပေက္ခာနဲ့ တရားနာနေတယ်၊ ဝေဒနာကွန္ဓာကြီးနဲ့ တရားနာနေတယ်လို့ မသိကြတော့ ဘယ်နှယ်ဖြစ်နေသတုံးလို့ မေးတဲ့အခါကျတော့ တကာတကာမတွေ ဝေဒနာပစ္စယာ တဏှာဆိုတာလာတယ် .... (မှန်ပါဘုရား)။

ဩော်....ဘယ်နှယ်ကြောင့် ဒီတဏှာ ဥပမာ ဒီကခပ်ကြီးကြီးဟာ ဝေဒနာထားပါနော်၊ ဒါခန္ဓာကိုယ် ဝေဒနာကွန္ဓာကိုယ်ကြီးထားပါ.... (မှန်ပါ့) ဒီဝေဒနာသည် ဘယ်နှယ်ကြောင့် နောက်ကနေပြီး ဝေဒနာပစ္စယာ တဏှာနဲ့ ခန္ဓာဖြစ်စဉ်ကြီးက ဒီအစဉ်ကြီးသွားနေပါလိမ့်မလဲ ဆိုတော့ ဝေဒနာမချုပ်လိုက်သေးလို့... (မှန်ပါ့) ဝေဒနာပစ္စယာ....(တဏှာပါဘုရား)။

အင်း... ဘုရားအဆူဆူကလဲ ဝေဒနာပစ္စယာ တဏှာတဲ့ .... (မှန်ပါ့)ကိုယ့်သန္တာန်ကြည့်ပြန်တော့လဲ ဟုတ်,မဟုတ် အကဲခတ်ကြည့်ပြန်တော့ တကာတကာမတို့ ကိုယ့်ခန္ဓာခင်တာ ဘာပါလိမ့်မတုံး....(တဏှာပါဘုရား)။

ခန္ဓာက ဝေဒနာကွန္ဓာ၊ ခင်တာက တဏှာ....(မှန်ပါ့ဘုရား) ဝေဒနာပစ္စယာ....(တဏှာပါ)အင်း.... ဒါ့ကြောင့်လဲ ဟောပေတာဘဲ... (မှန်ပါ့)ဒါ့ကြောင့်လဲ ဟောပေတာဘဲဆိုတာ တကာတကာမတွေ ရှင်းလောက်ပါပြီ....(ရှင်းပါပြီဘုရား)။

ဝေဒနာပစ္စယာ....(တဏှာပါ) ဩော်... ကိုယ့်ခန္ဓာကြီးက.... (ဝေဒနာကွန္ဓာပါ) ဩော်....ဒီခန္ဓာကိုယ်ကြီးကို ခလုတ်မထိ-ဆုံးမငြိပါစေနဲ့ဆိုပြီးတော့ ခင်ရှာလွန်းလို့ အာန္တရာယ်ကင်း ဘေးရှင်းပါရစေဆိုပြီး သကာလ မေတ္တာမျှားပို့ပြီး သကာလ "အဟုံ

အဝေရော ဟောမိ”အဟံ=ငါသည်၊ အဝေရော= ရန်မရှိသည်၊ ဟောမိ=ဖြစ်ရပါလို့၏ဆိုတော့ မေတ္တာလိုလို့နဲ့ ခင်မှုကိုးဗျ .... (မှန်ပါ!) ဝေဒနာပစ္စယာ....(တဏှာပါဘုရား)။

မေတ္တာလိုလို့နဲ့ ဘာဖြစ်သတုံး.... (တဏှာပါ) ဒါ့ကြောင့် “ရာဂေါ မေတ္တာယ ဝဠွေတိ”ရာဂေါ= ခင်တတ်တဲ့ရာဂသည်၊ မေတ္တာယ=မေတ္တာလိုလို့နဲ့၊ ဝဠွေတိ=သတ္တဝါတွေကို လှည့်စား၏တဲ့ ...(မှန်ပါ!ဘုရား)။

ခင်ဗျားတို့ ကိုယ့်.ကိုယ်မျှား မေတ္တာပို့.ပြီးသကာလနေကြတဲ့ တကာတကာမတွေ့ သည်ကားလို့. ဆိုလို့.ရှိယင်ဖြင့်တဲ့ တခါတလေကျတော့ ကိုယ့်.ကိုယ် ခင်လို့.... ပို့.တာလဲရှိတယ် .... (မှန်ပါ!ဘုရား)။

ကိုယ့်.ကိုယ် သနားလို့.ပို့.တာလဲရှိတယ်....(မှန်ပါ!) သို့သော်ရိုးရိုး ဦးမာဒင်တို့၊ ဦးလှဘူးတို့၊ တကာသစ်တို့က ပြောရလို့.ရှိယင် ဘာပြစ်ဖြစ်မယ်ထင်ကြသတုံး ခင်ဗျားတို့(တဏှာပြစ်ပါ) သွားပြီဗျ... (မှန်ပါ!) မေတ္တာကိုဟုတ်ကဲ့လား....(မဟုတ်ပါ) ခင်လို့.ပို့.တာ... (မှန်ပါ!ဘုရား)။

ဦးမာဒင် ဘယ်လိုကြောင့်ပို့.တာတုံး....(ခင်လို့.ပို့.တာပါ) နောက်က တကာတကာမတွေ့ မုသားမဖြစ်စေနဲ့၊ဘယ်လိုကြောင့် ပို့.ကြတာတုံး (ခင်လို့.ပို့.တာပါ) သွားပြီ မေတ္တာကိုမဟုတ်ဘူး (မဟုတ်ပါဘုရား)။

မေတ္တာဆိုတဲ့ ဥစ္စာသည်ကားလို့.ဆိုလို့.ရှိယင်ဖြင့်သူ့.ကိုခင်တဲ့ အထဲမထည့်ပါနဲ့... (မှန်ပါ!) သနားတဲ့အထဲ မေတ္တာထည့်ရမယ်၊ မုဒိတာ ဝမ်းမြောက်အောင် ဒီလိုလုပ်ရမှာ....(မှန်ပါ!) အန္တရာယ်

ကင်း ဘေးကင်းစေချင်လို့ လုပ်ရမှာလား.... (မဟုတ်ပါ)ခင်လို့ ကော....(မဟုတ်ပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့သုံးနေတာက ဒီခန္ဓာကြီး ခလုတ်မထိ ဆူးမငြိအောင်ဆိုပြီးသကာလ သူ့ဘဲအားကိုးပြီး သူကျန်းမာမှု စီးပွားရေးက နေရာကျတာကိုး....(မှန်ပါ့) ဆိုတော့ ဦးမာဒင် ဘာနဲ့ လဲနေသတုံး....(ရာဂနဲ့လဲနေပါတယ်ဘုရား)။

ဒါက"ရာဂေါ မေတ္တာယ ဝဉ္ဇေတိ" ရာဂေါ = ရာဂသည်၊ မေတ္တာယ=မေတ္တာလိုလိုနဲ့၊ ဝဉ္ဇေတိ = မေတ္တာအပို့ ခိုင်း၏တဲ့ .... (မှန်ပါ့)အင်း....တဏှာက အပို့ခိုင်းနေတာ... (မှန်ပါ့) သို့သော် တကာတကာမတွေက ဒါလောက်မသိပါဘူး- (မသိပါဘုရား)။

"အဟံ အဝေရော ဟောမိ"အဟံ=အကျွန်ုပ်သည် (ဝါ) ငါသည်၊ အဝေရော= ရန်မရှိသည်၊ ဟောမိ = ဖြစ်ရပါလို့၏၊ ခင်ဗျားတို့ စ,လိုက်ပြီ....(မှန်ပါ့ဘုရား)။

အင်း... ဦးလှဘူး ဘယ်အကျိုးဌာ ဘယ်သဘောနဲ့ ပို့တာတုံး လို့ မေးတဲ့အခါကျတော့ ဟာ....ကိုယ့်ကိုယ် အခင်ဆုံးဘဲဘုရဲ့ ခင်လို့ပို့ရတာ....(မှန်ပါ့) ခင်ယင် ဒါမေတ္တာကိုမဟုတ်ပါဘူး (မှန်ပါ့) တဏှာဖြစ်နေပြီ (ဖြစ်ပါတယ်ဘုရား)။

ဘာဖြစ်နေသတုံး (တဏှာဖြစ်နေပါတယ်) ရိပ်မိကြပလား (ရိပ်မိပါပြီဘုရား)။

ဒါ တသက်လုံးကို ခင်ဗျားတို့ အခု ဆရာဘုန်းကြီးသာဖေါ် မပြောဘူးဆိုလို့ ရှိယင်ဖြင့် ဦးမာဒင် သွဉ်းပြီ.... (သွဉ်းပါပြီ) ဘာနဲ့ ပို့နေတာပါလိမ့်....(တဏှာနဲ့ပါ)အင်း .... ခင်ဗျားတို့က မေတ္တာနဲ့ဆို....(မသိခင်ကပါ) မသိဘူးတဲ့.... (မှန်ပါ့ဘုရား)။

ဘယ်သူက လုပ်နေတာတုံးဆိုတော့ ခင်ဗျားတို့ မေတ္တာပို့နေတာ တဏှာပယောဂကဝင်ပို့နေတာ၊မေတ္တာကနောက်ဆုတ်နေတယ်....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

မေတ္တာက ဘယ်ရောက်နေသတုံး (နောက်ဆုတ်နေပါတယ်) ဘယ်သူကဝင်ပို့သတုံး ... (တဏှာပယောဂက ဝင်ပို့ပါတယ်) ဟာ....ဒါဖြင့် ခင်ဗျားတို့ဟာ ပဓယောဂပူးနေပြီ(မှန်ပါ့ဘုရား)။

ဦးမာဒင် ဘာဖြစ်နေတာတုံး ... (ပယောဂပူးနေပါတယ်) ပူးပေမဲ့ ခင်ဗျားတို့ကလဲ မသိပါဘူး....(မသိပါဘုရား)။

မသိလို့က်တဲ့ဖြစ်ခြင်းမှ ကြာပလား၊ ကြာကြပလား မေတ္တာပို့နေတာ၊ ဒီနည်းနဲ့ပို့နေတာ၊ ကြာကြပလား မေးယင်တဲ့ တကာသစ် ဘယ်နှယ်ဖြေပါ့မလဲ.... (ကြာပါပြီ) ပယောဂမှန်းသိရဲ့လား (မသိပါ)ဟာ...ဒါဖြင့် နာတာရှည်ဘဲ .. (မှန်ပါ့) ကြောက်စရာကြီးပါလား....(မှန်ပါ့ဘုရား)။

အေး....ဒါကြောင့် ပြင်ကြစမ်းပါဦးဆိုရတယ်နော်- (မှန်ပါ့) ပြီးတော့ဖြင့်တဲ့ ဝေဒနာပစ္စယာ တဏှာဆိုတော့ ဝေဒနာကြီးကို တဏှာနဲ့မေတ္တာပို့တယ်....(မှန်ပါ့ဘုရား)။

ဝေဒနာကွန္ဒာကြီးကို....(တဏှာနဲ့ မေတ္တာပို့ပါတယ်) အင်း-တဏှာနဲ့ မေတ္တာပို့တယ်လို့ပြောရတာ သိပ်နာတယ်-(မှန်ပါ့) မေတ္တာပို့တာ မေတ္တာစေတသိက်နဲ့ပို့ရတယ်.... (မှန်ပါ့ဘုရား) တဏှာနဲ့ပို့လို့ကို မခဘူး(မရပါ)ရှင်းပြီ....(ရှင်းပါပြီဘုရား)။

ကောင်းပြီ .... ဒါဖြင့် တကာတကာမတို့ သိစရာတွေကလဲ ဦးမာဒင် များလိုက်တာ....(များပါတယ်) ရာဒဂါ မေတ္တာယ ဝဠွေတိ၊ ရာဂေါ=ရာဂဆိုတဲ့တဏှာက၊ မေတ္တာယ = မေတ္တာ

လိုလို၌၊ ဝဠုတိ=ကိုယ့်ကိုယ်ကို အပို့ခိုင်း၏.... (မှန်ပါ့ဘုရား) အံ့မာလေး....တဏှာက အပို့ခိုင်းနေတာနော်-(မှန်ပါ့ဘုရား)။

တကာတကာမတို့ ဘယ်သူက အပို့ခိုင်းသတုံး... (တဏှာက အပို့ခိုင်းပါတယ်)တဏှာက မင့်ကိုယ်မင်း ချမ်းသာအောင်ပို့ ဆိုပြီးသကာလ တဏှာကဝင်ပြီး၊ ဦးမာဒင်ကြီးတို့ ပယောဂ ဖြစ်ပြီးသကာလ ဝင်ပြီးများ ပို့နေလိုက်တာ ကျုပ်အန္တရာယ် မကင်းတာ ဘာ့ကြောင့် ဘာလိမ့်မတုံးလို့ မသိရှာဘူး .... (မသိပါ) မေတ္တာမှမဟုတ်ဘဲ .... (မှန်ပါ့) တဏှာကဝင်ပြီး ပယောဂအဖြစ်နဲ့ ပို့နေတဲ့ဥစ္စာ တကာဦးလှဘူး သိလောက်ပြီ (သိပါပြီ) သိပြီမဟုတ်လား....(မှန်ပါ့)ပြင်ကြနော်.... (မှန်ပါ့ဘုရား)။

ကဲ....ဒါဖြင့် သွားကြပါစို့၊ တကာတကာမတို့ "ဝေဒနံပဋိစ္စ တဏှာ- ဝေဒနာပစ္စယာ တဏှာ"တော့ပေါ်ပြီ.... (ပေါ်ပါပြီ) ဒီခန္ဓာကြီးက ဝေဒနာကွန္ဓာကြီး .... (မှန်ပါ့) ဒီခန္ဓာကြီးသည် ကျန်းမာလို့ ဝမ်းသာရသေးတယ်....(မှန်ပါ့ဘုရား)။

ကျန်းမာလို့ ဘယ့်နှယ်တဲ့တုံး (ဝမ်းဘဲသာရပါသေးတယ်) ဒါက ကျန်းမာတဲ့ ဝေဒနာ၊သုခဝေဒနာ.... (မှန်ပါ့)ဝမ်းသာတာက ခင်လွန်းလို့ ဝမ်းသာတာ(မှန်ပါ့)ဝမ်းသာတာက တဏှာဖြစ်တယ်... (မှန်ပါ့ဘုရား)။

ဒါ့ကြောင့် ဝေဒနာပစ္စယာ....(တဏှာပါ) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ကျန်းမာလို့ ဝမ်းသာရသေးတယ်.... (မှန်ပါ့) ဟုတ်ကြရဲ့ လား....(မဟုတ်ပါဘုရား)။

ဒီလိုကော အယူရှိရဲ့လား....(ရှိပါတယ်) ကျန်းမာလို့ ....(ဝမ်းသာပါတယ်) ဝမ်းသာတယ်....(မှန်ပါ့) အံမာလေး....ဖြစ်မှ ဖြစ်ရပလေ....(မှန်ပါ့ဘုရား)။

တကာတကာမတို့ ကျန်းမာတာက သုခဝေဒနာ၊ ဟုတ်လား၊ ဝမ်းသာတာက....(တဏှာပါ)ဒါဖြင့် ဝေဒနာပစ္စယာ.... (တဏှာပါဘုရား)။

ဩော်....ဒါ့ကြောင့် ဘုရားဟောပေတာဘဲ....(မှန်ပါ့ဘုရား) ခင်ဗျားတို့ ကျန်းမာတာများ ဘုန်းကြီးတို့ ကြောက်လိုက်တာ မပြောနဲ့တော့ (မှန်ပါ့) အကုန်သေအောင်သတ်မလို့ မပြောချင်လို့သာ... (မှန်ပါ့) ခင်ဗျားတို့သတ်မည့် တဏှာက ဖြစ်နေပြီ (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ)။

ကျန်းမာယင် ဘာဖြစ်နေသလဲ.... (တဏှာဖြစ်နေပါတယ်) ဒါဖြင့် ကျိုးကန်းနေတာက တော်တော်ရှိသေးတယ်၊ အတော်ဆိုးနေတယ် တကာတကာမတို့....(မှန်ပါ့)။

ကြည့်စမ်းပါလား တကာသစ်တို့၊ ကိုယ်ကိုယ်တိုင် စဉ်းစားကြည့်၊ ဦးမာဒင်တို့- ဦးသန်းမောင်တို့ သေးသချာချာ စဉ်းစားကြည့်၊ ကျန်းမာတုန်းရှာမှဘဲ... (မှန်ပါ့ဘုရား) ကျန်းမာတာက ဝေဒနာကွန္ဓာ၊ ရှာမှဆိုတော့ တဏှာ... (မှန်ပါ့) ဩော်.... ဒီလူကျန်းမာတာ အပါယ်သွားပြီ....(မှန်ပါ့)။

ဘယ်နှယ်ဆိုမတုံး.... (ကျန်းမာတာ အပါယ်သွားပါပြီဘုရား) အင်း...ဦးမာဒင် ဘယ်နှယ်ဖြစ်ကုန်သတုံး၊ ကျန်းမာတာ.... (အပါယ်သွားပါတယ်ဘုရား) ဒါဖြင့် ညည်းစရာကောရှိသေးသလား....(မရှိပါဘုရား)။

ဒါက ကျန်းမာတာက ဦးလှဘူးတို့- တကာသစ်တို့ဆီမှာ ဘာခန္ဓာဘုံး....(ဝေဒနာကွန္ဓာပါဘုရား) ဝေဒနာလဲ သုခဝေဒနာ (မှန်ပါ့) ကျန်းမာတာက သုခဝေဒနာ... (မှန်ပါ့-သုခဝေဒနာပါဘုရား) ကျန်းမာတော့ ငွေရှာတယ်.... (မှန်ပါ့) မရှာကြဘူးလား....(ရှာပါတယ်ဘုရား)။

အင်း....ကျန်းမာယင် ငွေရှာတယ်၊ ငွေရှာတော့ ဘာရသလဲ (တဏှာရပါတယ်ဘုရား) ဒါဖြင့် ခင်ဗျားတို့ ကျန်းမာယင် အပါယ်သွားမတော့မယ်....(မှန်ပါ့)ကြောက်စရာကြီးဘဲ·(မှန်ပါ့) သေသေချာချာ စဉ်းစားမှနော်....(မှန်ပါ့)။

ခင်ဗျားတို့ ကျန်းမာတာ ဘုန်းကြီးက မသိတဲ့လူ ကျန်းမာမှာကို ဦးမာဒင် ကြောက်နေတယ်....(မှန်ပါ့)။

ဘယ်နှယ်ကြောင့် ကြောက်တာပါလိမ့်မတုံး-ဆရာဘုန်းကြီးကလဲ ဒို့ကျန်းမာမှာကို၊ ဒို့-တကာရင်း,ဆရာရင်းတွေဘဲ ကျန်းကျန်းမာမာရှိယင် ပိုကြိုက်ဘို့ဘဲ... (မှန်ပါ့) အို ခင်ဗျားတို့က မူမမှန်ဘူး... (မှန်ပါ့) ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

ခင်ဗျားတို့ကဒီတော့ ဘာတုံး....(မူမမှန်ပါဘုရား) ဘုန်းကြီးကတော့ ကျန်းမာယင် ကြိုက်ပါတယ်၊ သို့သော်.... ခင်ဗျားတို့ ကျန်းမာယင် မူကိုက မမှန်တော့ဘူး....(မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီ)။

ဘယ်လို မူမမှန်ပါလိမ့်....(တဏှာဖြစ်လို့ပါဘုရား)ကျန်းမာယင် ငွေရှာမယ်....(မှန်ပါ့) ကျန်းမာယင် တရားအားထုတ်မယ်က တယ်နည်းပါတယ်... (မှန်ပါ့)။

ကျန်းမာယင်-(ငွေရှာပါမယ်) ငွေရှာမယ်ဆိုတော့ ကျန်းမာတာက ဘာဝေဒနာ....(သုခဝေဒနာပါဘုရား) ငွေရှာတာက... (တဏှာပါဘုရား) ဒါဖြင့် ဝေဒနာပစ္စယာ(တဏှာပါ)အဲဒါကို တကာတကာမတွေ့က မသဘူး၊ တယောကန့် တယောကမျှား တွန်းပေးကြသေးတယ်....(မှန်ပါ့)။

ဦးလှဘူးတို့ တွန်းပေးတယ်.... (တွန်းပေးပါတယ်) မင်း ကျန်းမာတုန်း ဘာလုပ်နေသတုံးကွ၊ မကျန်းမာတော့ မခက် ပေဘူးလား...(မှန်ပါ့)ကျန်းမာတုန်း ရှာရဖွေရတာယ်....(မှန်ပါ့) လူကြီးစကားလေဗျာ....(မှန်ပါ့)။

ဦးမာဒင် ဘာစကားပါလိမ့်.... (လူကြီးစကားပါဘုရား) အံမာလေး....ကြောက်စရာလူကြီးစကားပါလား (မှန်ပါ့)ရိပ်မိပလား.... (ရိပ်မိပါပြီ)။

ခင်ဗျားတို့က ဒီအထဲ လူကြီးချည့်ပါဘဲ.... (မှန်ပါ့) ကိုယ့် သားနဲ့ ကိုယ့်သမီးနဲ့ နေကြတာတွေ့ ဒီအတိုင်းပြောကြတာဘဲ (မှန်ပါ့)။

ဩော် ကျန်းမာယင် ဘာလုပ်ကြမဘုံး....(ငွေရှာပါဘယ်) ကဲ....ပါဦးတော်ထဲသွင်းလိုက်- (ဝေဒနာပစ္စယာဘဏှာပါဘုရား) သုခဝေဒနာပစ္စယာ....(တဏှာပါဘုရား) ရှင်းပြီ (ရှင်းပါပြီ ဘုရား)။

ဒါဖြင့် တဏှာပစ္စယာ.... (ဥပါဒါနံပါ) ဥပါဒါနပစ္စယာ (ကမ္မဘဝပါ)ကမ္မဘဝပစ္စယာ (ဇာတိပါ)ဇာတိကရိုးနေဘယ် ဗျာ၊ ကမ္မဘဝပစ္စယာ အာယါယ်ဇာတိ....(မှန်ပါ့) ကျန်းမာလို့- (မှန်ပါ့) ကြောက်စရာကြီးပါလား....(မှန်ပါ့)။

တကာတကာမတို့ ကျန်းမာဇာ ဘယ့်နှယ်တုံး.... (ကြောက်စရာကြီးပါဘုရား) ဦးလှဘူး ဒါဖြင့် အတော်ခက်နေပြီ-(မှန်ပါ့) အတော်ခက်နေပြီ တကာသစ်....(မှန်ပါ့) မကျန်းမမာဘဲ နေပြန်လဲ ပဋိစ္စသမုပ္ပါဒ်တမျိုးပြလိမ့်ဦးမယ်....(မှန်ပါ့) မကျန်းမာယင်လဲ ဒေါသ,သောကနဲ့ သူသွားဦးမယ် ဇာတိကျအောင်-(မှန်ပါ့) အလတ်စား တနေ့ရှေ့, တနေ့ငဲ့နေပြန်လဲ ဥပေက္ခာက လာဦးမှာဘဲ....(လာဦးမှာပါဘုရား)။

ကဲ... ဒါဖြင့် ခင်ဗျားတို့ ဝိပဿနာမည်ပ်လို့ ရှိယင် အပါယ်အရောက်ပို့တာ သွားပေတော့.... (မှန်ပါ့) သိပ်ကြောက်စရာကောင်းပါလား... (ကောင်းပါတယ်ဘုရား)။

တကာတကာမတွေ့ ကျုပ်တို့ အိမ်ပေါ်မှာနေတာဘဲ၊ငါးပါးလဲ လုံပါတယ်၊ တခါတလေ ကျုပ်တို့က ရှစ်ပါးတောင် ဖြည့်လိုက်သေးတယ် ဥပုသ်နေ့တိုင်း....(မှန်ပါ့) ကျုပ်တို့အတွက်တော့ ကျုပ်တို့ စိတ်ချတယ်... (မှန်ပါ့) ကျုပ်တို့က ရှာပေမဲ့ ကျုပ်တို့ ရိုးရိုးရှာတာတဲ့... (မှန်ပါ့) ရိုးရိုးရှာလဲ တဏှာဘဲ.... (မှန်ပါ့) ရိပ်မိပလား. (ရိပ်မိပါပြီ)။

များများရှာလဲ တဏှာဘဲ....(မှန်ပါ့) ရိပ်မိပြီမဟုတ်လား.... (ရိပ်မိပါပြီ) တဏှာပစ္စယာ.... (ဥပါဒါနံ) ဥပါဒါနပစ္စယာ.... (ကမ္မဘဝေါ) ကမ္မဘဝပစ္စယာ.... (အပါယ်ဇာတိပါဘုရား)။

အဲ့-ဒါ့ကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဦးမာဒင်တို့ ဦးသန်းမောင်တို့ ဟောတယ်၊ လူတသိန်းသေလို့ သုဂတိနတ်ရှာ တယောက် မရောက်ဘူးကွ....တဲ့- (မှန်ပါ့) ဟောသင့်

သလား၊ မဟောသင့်ဘူးလား.... (ဟောသင့်ပါတယ်ဘုရား)။ တကာတကာမတို့ ဘယ်နှယ်တုံး သဘောတူကြရဲ့လား-(တူပါတယ်ဘုရား) အကုန်သာသွားပါကော့ ခင်ဗျားတို့၊ ဒီအတိုင်းဘဲ ဖြစ်နေတာ.... (မှန်ပါ့) သိပ်ကြောက်စရာကောင်းပ၏တယ်.... (ကောင်းပါတယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့ ဖြစ်စဉ်ကို ဒါ ဘယ်နှစ်ခါဖြစ်ပြီးပလဲ ကျန်းမာလို့ ငွေရှာတာ....(မရေတွက်နိုင်ပါဘုရား) ဒါ....ရိုးရိုး ပြောကြပါ....(မှန်ပါ့) သဘောပါကြရဲ့လား.... (ပါပါတယ်ဘုရား)။

ကျန်းမာယင် ဘာလုပ်ကြသလဲ(ငွေရှာပါတယ်)ငွေရှာတော့ ကျန်းမာတာက ဝေဒနာကွန္ဓာ၊ ငွေရှာတာက (တဏှာပါ) ဟာ... ဒါဖြင့် ဝေဒနာပစ္စယာ တဏှာ.... (မှန်ပါ့) တကာသစ် ရိပ်မိပလား.....(ရိပ်မိပါပြီ)။

အဲဒီတော့ ခင်ဗျားတို့က ဒါလောက်ထိအောင် နှစ်နှစ် ခြိုက်ခြိုက်မသိတော့ ခုနင်က ငါးပါးသီလလဲလုံ၊ အပါယ် မရောက်တော့ဘူး၊ ရှစ်ပါးသီလကလေးတောင် ဖြည့်ထားတော့ ကျုပ်တို့တော့ စိတ်ချရပြီ....တဲ့-(မှန်ပါ့)။

ဘယ်စိတ်ချရမတုံးတကာတကာမတို့ငါးပါး,ရှစ်ပါးသီလဟာ သူ့ဟာသူ နေတာဘဲ၊ကျန်းမာလို့ ငွေရှာတာက နေ့တိုင်းကြီး.... (မှန်ပါ့) သဒၶာကျပလား... (ကျပါပြီ) ကျန်းမာလို့ ငွေရှာတာက... (နေ့တိုင်းပ၏ဘုရား)။

ဒါဖြင့် နေ့တိုင်းဟာ ငွေရှာတာသည် တကာတကာမတို့ နေ့တိုင်းလား, နာရီတိုင်းလား.... (နာရီတိုင်းပါဘုရား)ဟာ.... တက်လမ်းရှိသေးသလား....(မရှိပါဘုရား)။

တက်လမ်းရှိသေးရဲ့လား.... (မရှိပါဘုရား) ဒါ... တကာ တကာမတွေ့ ဘုန်းကြီးက ရင်းခင်းချာချာတွေ့ကို အားလုံးဘဲ ပြောတယ်၊ ဝိပဿနာလုပ်ပါ... (မှန်ပါ့)။

အို....အရှင်ဘုရားကပြောတော့ အလွယ်ကလေး၊ အလုပ်က မအားဘူး.. တဲ့- (မှန်ပါ့) မအားတာဟာ အပါယ်သွားမလို့ မအားဘူးပြောတာ... (မှန်ပါ့ဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဘယ်သွားမလို့ မအားဘူးပြောတာလဲ.... (အပါယ်သွားမလို့ မအားဘူးပြောတာပါဘုရား)။

ဒါဖြင့် ကျုပ်မတတ်နိုင်ဘူး၊ ခင်ဗျားတို့ဘဲ ချီတက်ပေရော့ ဒါဘဲ ပြောရုံရှိတော့တယ်....(မှန်ပါ့) ဒီ.ပြင်ဟာ ဘာပြောစရာ ရှိသေးသလဲ....(မရှိပါဘုရား) တကာကြွယ် ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါ-ဆရာရင်း,သမားရင်းမို့ ဩဝါ....ဒို့.အဖြစ်ဟာဒို့.ကသာ ပြုံးနေတာနော်၊ မမှကတော့ အပါယ်ရောက်အောင် ပို့လိုက်တယ်....(မှန်ပါ့)။

ဒို့ကတော့... (ပြုံးပါတယ်) ဓမ္မကတော့.... (အပါယ်ရောက်အောင်ပို့ပါတယ်) အဲဒီတော့ကို ခင်ဗျားတို့ပြုံးတာက အမှန်လား၊ ဓမ္မစိမ်တာက အမှန်လား.... (ဓမ္မစိမ်တာက အမှန်ပါဘုရား)။

ဒါဖြင့် ငါသေယင် သပိတ်မသွတ်နဲ့ ဟေ့လို့ ပြော (မှန်ပါ့) ဘာဖြစ်လို့လဲ၊ အပါယ်တောက်လျှောက်ရောက်တာ သုပိတ်သွတ်လဲ အပိုဘဲ....(မှန်ပါ့) ရရဲ့လား....(မရပါဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒီက ရှေ့နည်းနည်းကလေးပြင်ကြပါ... (မှန်ပါ့) ကျန်းမာတိုင်း· ကျန်းမာတိုင်း ဒီကနေပြီး သိအောင်လုပ်....(မှန်ပါ့)။

ကျန်းမာတာကိုသိအောင်လုပ်ယင်.... (ငဲ့ရှာရပ်ပါ) ငဲ့ရှာရပ်သွားရော(မှန်ပါ့)မရပ်ဘူးလား....(ရပ်ပါတယ်)ကျန်းမာတာသည် သုခဝေဒနာ၊ ပေါ်တိုင်း· ပေါ်တိုင်း သိအောင်လုပ်.... (မှန်ပါ့) ပေါ်တိုင်း-ပေါ်တိုင်းသိရဲတဲ့ ပျက်တိုင်း· ပျက်တိုင်း သိတယ်....(မှန်ပါ့)။

ဒါဖြင့် ကျန်းမာတာက ဖြစ်ပျက်....(မှန်ပါ့) သိတာကမင်း-(မှန်ပါ့) ဆိုတော့ ဒါ-ဖြတ်ချလိုက်တယ်.... (မှန်ပါ့) သွားပြီ၊ အပါယ်မသွားတော့ဘူး....(မှန်ပါ့ဘုရား) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ကျန်းမာတာက.... (ဖြစ်ပျက်ပါ) ကျန်းမာမှန်းသိတာက.... (မင်္ဂလာပါဘုရား) ကဲ....ဒါဖြင့် ငဲ့ရှာပြတ်ပြီ....(ပြတ်ပါပြီ)မပြတ်ဘူးလား....(ပြတ်ပါပြီဘုရား)။

ဒါဖြင့် တကာသစ်တို့က ဆင်ခြေလဲမယ်၊ ဦးမာဒင်တို့ကလဲ စကားတတ်တတ်၊ ဦးသန်းမောင်တို့ကလဲ စကားတတ်တတ်၊ ဆင်ခြေလဲလိုက်မယ် တပည့်တော်တို့ ဘာနဲ့စားနေမှာတုံး.... (မှန်ပါ့ဘုရား) သူ-တဏှာဘက်လှည့်လိုက်မယ်.... (လှည့်ပါတယ်ဘုရား)။

ဘယ်ဘက်လှည့်လိုက်သတုံး.... (တဏှာဘက် လှည့်လိုက်ပါ တယ်)တဏှာဘက်လှည့်လိုက်တဲ့စကား၊ ဩဩ....ခင်ဗျားတို့ကလဲ ဒီစားချင်တဲ့တဏှာသေမှ နိဗ္ဗာန်ရောက်တာ....(မှန်ပါ့)။

မဟုတ်ဘူးလား ... (မှန်ပါ့) စားချင်တဲ့တဏှာ မသေလို့ ရှိယင် ဦးမာဒင် ဘယ်တော့မဆို ငတ်နေတာဘဲ.... (မှန်ပါ့)ရှင်း ပလား....(ရှင်းပါပြီဘုရား)။

စားချင်တဲ့တဏှာမသေယင်.... (ဘယ်တော့မဆို ငတ်နေပါ တယ်) အဲ.... ခင်ဗျားတို့ကတော့ ဘာနဲ့စားမတုံးဆိုတော့ ဝ, မလားလို့ မေးတာ....(မှန်ပါ့) သူလာယင်ငတ်မယ်.... (မှန်ပါ့) တဏှာလာယင်.... (ငတ်မှာပါဘုရား)။

တဏှာက တသိန်းရှိလဲ တော်ပြီလို့ ပြောရဲ့လား.... (မပြော ပါဘုရား) ဆယ်သိန်းရှိကော....(မပြောပါဘုရား)ဒါဖြင့် ဘယ် တော့ သူ အငတ်ပြေသတုံး.... (ဘယ်တော့မှ မပြေပါဘုရား)။

ဒါဖြင့် ခေါင်းထဲဝင်တာတောင်မှ တခါတည်း သားတွေ, သမီးတွေကို ခင်လျက်တန်းလန်း.... (မှန်ပါ့) ကောင်းကောင်း နေရစ်ကြပေတော့၊ ငါတော့ မနေသာလို့ သွားရတော့မယ်.... အင်း....ငတ်လျက်နဲ့သေတယ် .. (မှန်ပါ့) ရိပ်မိကြပလား .. (ရိပ်မိ ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ကျန်းမတာက ဖြစ်ပျက်... (မှန်ပါ့) ခန္ဓာထဲကြည့်လိုက်ယင် သိတာဘဲ... (မှန်ပါ့)။

ကျန်းမာတာက....(ဖြစ်ပျက်ပါဘုရား)သိလိုက်တော့.... (မဂ် ပါဘုရား)။

အဲဒီတော့ ခင်ဗျားတို့ ကျန်းမာမှုသိနေတာက တက္ကသိနေတယ်....(မှန်ပါ့) အခု ဆရာဘုန်းကြီး သင်တာက ဥာဏ်နဲ့သိတယ်... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

တယောက်နဲ့တယောက် ညှိခံတဲ့အခါ ကျန်းမာသလားမေးတာက ဦးသန်းမောင် တက္ကသိနဲ့သိတာ... (မှန်ပါ့) ဥာဏ်နဲ့သိရဲ့လား....(မသိပါဘုရား)။

ဥာဏ်နဲ့သိလို့ရှိယင်ဖြင့် တကာတကာမတို့ အင်း.... ကျန်းတော့ကျန်းမာပါရဲ့ဆိုပြီး ခန္ဓာဥာဏ်လှည့်ပြီး ကျန်းမာတာကလေးကလဲ ဖြစ်ပြီးပျက်သွားလေရဲ့ဆိုပြီး ဥာဏ်လှည့်မှအမှန်ကိုး....(မှန်ပါ့)ရှင်းပလား (ရှင်းပါပြီဘုရား)။

ကိုင်း....တကာတကာမတို့ ကျန်းမာယင် ငွေရှာတယ် ဆိုလို့ရှိယင်ဖြင့် အပါယ်သွားလိမ့်မယ်....(သွားမှာပါဘုရား)။

ဒါသိလန့်ဆေးလို့ရှိယင် ပဋိစ္စသမုပ္ပါဒ်ကို သိသာကဖြတ်နိုင်ပါ့မလားမေးတော့ မင်္ကာမှဖြတ်နိုင်တယ်....(မှန်ပါ့)။

အဲဒီတော့ တကာတကာမတို့ ခင်ဗျားတို့အတွက်ဟာ အမျိုးမျိုးသော ဆင်ခြေးတွေက ခင်ဗျားတို့မှာရှိနေတော့ တချို့ယူမှုတွေကလဲ မှားနေတော့ ဦးမာဒင် အဓိတာ်ပြင်ရတယ်...(ပြင်ရပါတယ်ဘုရား)။

ငါးပဲ့ရှစ်ပါးရှိနေတာ ငါ့ကိုယ် ဘာစိုးရိမ်စရာရှိသတုံးတဲ့ (မှန်ပါ့) သူက ဘယ်လောက်မျှားသတုံး... (မျှားပါတယ်) ကျန်းမာလို့ ငွေရှာဆိုတာက သေချာနေတယ်(သေချာပါတယ်ဘုရား)။

သေတော့ ဘယ်သူပြင်လို့ရပါ့မတုံး.... (မရပါ) တကျော ဥပါဒါန် ကံ အပါယ်ဇာတိ (မှန်ပါ့) ပြင်လို့ကိုရရဲ့လား.... (မရပါဘုရား)။

ဒါဖြင့် အရပ်ကပြောတာတော့မယုံနဲ့၊ မင်္ဂကပြောတာကိုယုံ၊ သူကဖြတ်ပေးတယ်....(မှန်ပါ့)ကိုယ်က ခန္ဓာထဲ ဥာဏ်လှည့်လို့ (မှန်ပါ့)။

ဒါဖြင့် ခင်ဗျားတို့အရပ်က ပြောတာယုံမလား- ဒီမင်္ဂက ပြောတာ ယုံမလား.....(မင်္ဂကပြောတာ ယုံပါတယ်) ဒီက ရှေ့အရပ်ပြောအကုန်ဖြုတ်၊ ဟုတ်ကို့မဟုတ်ဘူး သူ့ဟာက(မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

မင်း- ငါးပါး ရှစ်ပါးနဲ့ကာ မင့်အတွက်များတော့ စိတ်ချမနေနဲ့....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

မင့်အတွက်များတော့....(စိတ်ချမနေနဲ့)ဘယ်- စိတ်မချရလို့ အနှစ် နှစ်သောင်းတောထဲမှာ တရားအားထုတ်နေတဲ့ ရဟန်းကြီးတပါးဟာ တခါတည်းမကျတ်ဘဲနဲ့ တိရစ္ဆာန်ဘုံသွားပြီး နဂါးကြီးသွားဖြစ်တယ်-(မှန်ပါ့)။

အနှစ်နှစ်သောင်း သီလဆောက်တည်တယ်- (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ) မတတ်နိုင်ဘူးဆိုတာ မပေါ်သေးဘူးလား (ပေါ်ပါပြီ) ရှင်းကြပလား- (ရှင်းပါပြီဘုရား)။

အဲ.... တကာတကာမတို့ မင်္ဂမလဲ စိတ်ချရတယ်- (မှန်ပါ့) ဒါဖြင့် တကာတကာမတို့ အားကိုးရာအစစ်သည် မဂ္ဂင်အစစ်ဘဲ (မှန်ပါ့)။

အားကိုးရာအစစ်က ...(မဂ္ဂင်အစစ်ပါ)ဒါ- မရသေးလို့ ရှိယင် ဖြင့် ဘယ်အခါကာလမှ တင်းတိမ်တဲ့စိတ် မလာကြပါနဲ့ ဆိုတဲ့ ဥစ္စာလေးလေးစားစားနဲ့ ကန့်ကွက်ပြီး သတိပေးလိုက်တယ် .... (မှန်ပါ့) သူမျှားပြောကို မယုံနဲ့....(မှန်ပါ့)။

ဦးမာဒင် သူမျှားပြောတာကို ယုံမလား၊ ဒီ-ပဋိစ္စသမုပ္ပါဒ် ပြတ်-မပြတ်ကိုယုံမလား ... (ပဋိစ္စသမုပ္ပါဒ်ပြတ်-မပြတ်ကို ယုံပါ တယ်ဘုရား) ပြတ်-မပြတ်ကို အဓိကထားရလိမ့်မယ်.... (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

နိဗ္ဗာန်ရောက်ဘဲ့ ပုဂ္ဂိုလ်ဟာ တကာတကာမတို့ ပဋိစ္စသမုပ္ပါဒ် ဆက်လို့ ရောက်တာလား၊ ပြတ်လို့ ရောက်တာလား.... (ပြတ်လို့ ရောက်တာပါဘုရား)။

ဒါဖြင့် ပြတ်အောင် ဘယ်သူလုပ်သတုံး.... (မင်္ကလာပါတယ်) ဒါဖြင့် သေချာနေပြီ...(မှန်ပါ့) ခိုင်လုံနေပြီ.... (ခိုင်လုံပါတယ်ဘုရား)။

ခိုင်လုံနေတာ ဦးမာဒင်တို့က ဆင်ခြေလဲချင်သေးသလား.... (မလဲချင်ပါဘုရား) မသဲနဲ့-မသဲနဲ့၊ လဲယင်မှားပြီ.... (မှန်ပါ့ဘုရား)။

ဘာဖြစ်လို့တုံးဆိုတော့ ထိုက်ဘန်သလောက် ဒါနတွေလဲ ပြုထားပြီကဲ့ (မှန်ပါ့)ထိုက်တန်တဲ့ သီလတွေဆိုယင်လဲ အသက်နဲ့မပြတ် ဆောက်တည်ခဲ့တာ မနည်းလှပါဘူး....(မှန်ပါ့)။

မင့်အတွက်တော့ ဒို့အားလုံးထဲမှာ စိတ်အချဆုံးဘဲဟော့ အစရှိသည်နဲ့ပြောလိုက်တယ်၊ ကျန်းမာလို့ ငွေရှာတာတော့

ဘယ်သူထည့်သတုံး.... (မထည့်ပါဘုရား) ထည့်သေးရဲ့လား.... (မထည့်ပါဘုရား)။

အဲဒါကျတော့ ဘယ်လိုပြောတတ် ဆိုတတ်သတုံးမေးတော့ ကျန်းမာလို့ ငွေရှာတာတော့ကဲ့ သမ္မာအာဇီဝတဲ့၊ ကိစ္စမရှိပါဘူး၊ ကိုယ့်ငွေအရင်းက အညှန့်ထွက်လာတာဘဲ.... (မှန်ပါ့) ဒီလိုပြောတတ်ကြတယ်- (ပြောပါတယ်ဘုရား)။

ဒီလိုပြောလိုက်တော့ သမ္မာအာဇီဝက သီလတော့မပျက်ပါဘူး တကာတကာမတို့ပဋိစ္စသမုပ္ပါဒ်က မပြတ်ဘူး- (မပြတ်ပါ) ရှင်းပလား-(ရှင်းပါပြီဘုရား)။

သီလကတော့ မပျက်ပါဘူးတဲ့၊ ပဋိစ္စသမုပ္ပါဒ် ပြတ်ရဲ့လား လို့မေးတော့....(မပြတ်ပါ) မပြတ်ယင် ပြင်ဆင်ကြပေါ့ ....(မှန်ပါ့)ရှင်းပလား... (ရှင်းပါပြီဘုရား)။

ဒါဖြင့် တချက်ပြန်မေးမယ် ခင်ဗျားတို့ ခုနင်ကတရားကို၊ နိဗ္ဗာန်ရောက်တာသည် ပဋိစ္စသမုပ္ပါဒ် ပြတ်လို့ရောက်တာလား- မပြတ်ဘဲနဲ့ ရောက်သလား.... (ပြတ်လို့ရောက်ပါတယ် ဘုရား)။

ဒါဖြင့် တကာတကာမတို့ ပဋိစ္စသမုပ္ပါဒ်ပြတ်မှဟာ အရေးအကြီးဆုံးအချက်... (အရေးအကြီးဆုံးအချက်ပါ) သူပြတ်မှ နိဗ္ဗာန်ရောက်မယ်... (မှန်ပါဘုရား)။

ဒါတွေ အကိုးအကားတွေ ထုတ်နေမယ် ဆိုလို့ရှိယင် "ဒုက္ခကွန္ဓသ နိရောဓော ဟောတိ"(မှန်ပါ့) ပဋိစ္စသမုပ္ပါဒ်ပြတ်တဲ့ ပဂ္ဂိုလ်ဟာ ဒုက္ခချုပ်တယ်တဲ့.... (မှန်ပါ့) ဒုက္ခနိရောဓော နိဗ္ဗာနံ....(မှန်ပါ့) ဒုက္ခချုပ်ယင် နိဗ္ဗာန်ဘဲတဲ့... (မှန်ပါ့) မသေချာဘူးလား....(သေချာပါတယ်ဘုရား)။

ကဲ .... ဒါဖြင့် တကာတကာမတို့ သူပြော လူပြောမယုံနဲ့၊ ဟောဒီခန္ဓာပြတ်-မပြတ် အရေးကြီးပါတယ် .... (အရေးကြီးပါတယ်ဘုရား) ဟောဒီ ဝေဒနာကခန္ဓာနဲ့ ဟောဒီ တဏှာခန္ဓာနဲ့ မဆက်ယင် ခင်ဗျားတို့ နိဗ္ဗာန်ရောက်မယ်....(ရောက်မှာပါ)ဆက်နေသရွေ့ကာလပတ်လုံး... (မရောက်ပါဘုရား)။

ဒါဖြင့် သူ့ကို ခုံတင်လိုက်.. (မှန်ပါ့) သူပြော· လူပြောကို ခုံမတင်ပါနဲ့....(မှန်ပါ့ဘုရား)။

ပဋိစ္စသမုပ္ပါဒ်ကို....(ခုံတင်ရပါမယ်) ခုံတင်လိုက်တော့ ပဋိစ္စသမုပ္ပါဒ်ဆိုတာက ဘုရားကဟောခဲ့လို့ ဖြစ်နေတာလို့ ဒီလိုမယူနဲ့....(မှန်ပါ့) သဘောကျပြီနော်.. (ကျပါပြီ) ဘုရားမရှိလဲ သူက ရှိနေတာဘဲ....(မှန်ပါဘုရား)။

ဘုရားပွင့်လာတဲ့ အချိန်ကျတော့ ဒီအစဉ် မင်းတို့သန္တာန်ရှိတယ်လို့ ဟောမှ ကျုပ်တို့ကသိရတယ်....(မှန်ပါ့)နဂိုရှိကတော့ ရှိပြီးသားဘဲ....(မှန်ပါ) သဘောကျပလား....(ကျပါပြီဘုရား)။

နဂိုရှိကရှိပြီးသားဆိုတော့ ဘုရားက နာမည်ပေးတာ(မှန်ပါ့) ပင်ကိုယ်ကတော့ ရှိပြီးသား.... (မှန်ပါ့) သဘောပါပလား .... (ပါ-ပါပြီဘုရား)။

ဒါဖြင့် ဘုရားမပွင့်ခင်က အပါယ်သွားတာတွေပဋိစ္စသမုပ္ပါဒ်နဲ့ ကင်းသွားသလား ... - ဒီအစဉ်အတိုင်းသွားသလား .... (ဒီအစဉ်အတိုင်းသွားပါတယ်)ဒါဖြင့် ဘုရားမပွင့်ခင်ကရှိတယ်.... (မှန်ပါ့ဘုရား)။

တခါရှင်းပြပါမယ်၊ ဘုရားမပွင့်ခင်က ပစ္စေကဗုဒ္ဓါတွေရှိတယ် ....(မှန်ပါ့) ဘာနဲ့ ဒီပစ္စေကဗုဒ္ဓါတွေဟာ နိဗ္ဗာန်ကို ကြွကြပါလိမ့်· ဟောဒီမင်္ဂနဲ့... (မှန်ပါ့) ဟော့ဒီမင်္ဂနဲ့ ဖြတ်လိုက်

တာ...(မှန်ပါ့) ဒီဘက် ပဋိစ္စသမုပ္ပါဒ် ဘယ့်နှယ်နေသတုံး .... (ပြတ်ပါတယ်)ဒါ့ကြောင့် ပစ္စေကဗုဒ္ဓါ ဖြစ်တော်မူကြတယ်.... (မှန်ပါ့) ဒီတော့ ဘုရားမပွင့်ခင်ကရှိတာ သေချာပြီ....(သေချာပါပြီ)သဘောပါကြပလား.....(ပါ-ပါပြီဘုရား)။

ဩော် .... ခင်ဗျားတို့ ရှင်းအောင် ပြောရတာကတမျိုး၊ နားလည်အောင် ပြောရတာကကမျိုးနဲ့ ခက်လိုက်တာအတော်. ကို... (မှန်ပါ့) သဘောပါကြပလား... (ပါ-ပါပြီဘုရား)။

ကဲ....ဒါဖြင့် တရားဘဲဆက်ကြပါစို့ တကာသစ်နော်(မှန်ပါ့) ကျန်းမာတဲ့က ဘာဝေဒနာတုံး....(သုခဝေဒနာပါ) ကျန်းမာတော့ တကာသစ်တို့က ဘာများ လုပ်ချင်ကိုင်ချင်ရှိပါလိမ့် .... (ငွေရှာချင်ပါတယ်) ငွေရှာတော့ ဝေဒနာပစ္စယာ (တဏှာပါ) တဏှာပစ္စယာ....(ဥပါဒါနံ) ဥပါဒါနပစ္စယာ.... (ကမ္မဘဝေါ) ကမ္မဘဝပစ္စယာ....(ဇာတိပါဘုရား)။

အဲ... ကျန်းမာလို. ငွေရှာတဲ့ဥစ္စာကို ဒီလမ်းစဉ်ပဋိစ္စသမုပ္ပါဒ် ကြီးကတော့ဖြင့် ခင်ဗျားတို့ဒီအတိုင်းဘဲနေမှာဘဲတဲ့၊ဘုန်းကြီးက လျှော့ဟောလဲ ဘုန်းကြီးအပါယ်ကျမယ် ...(မှန်ပါ့) အမှန်ပြောမှာဘဲ သစ္စာဖြစ်မှာဘဲ....(မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

ကိုင်း... ဒါဖြင့် ဝေဒနာပစ္စယာ တဏှာလို. ဘုရားဟောတယ် (မှန်ပါ့) ကျန်းမာလို့ငွေရှာတာကို ဟောတာ .. (မှန်ပါ့)။

ဘယ်သူဟောတာတုံး.... (ကျန်းမာလို. ငွေရှာတာကိုဟော ပါတယ်) ကျန်းမာလို. ငွေရှာတာတော့ ခင်ဗျားတို့ရှင်းပြီ .. (ရှင်းပါပြီဘုရား)။

ဝေဒနာပစ္စယာ မင်္ဂါဒါ ကျန်းမာလို. ငွေမရှာတာ(မှန်ပါ့) ဝေဒနာဖြစ်ပျက်ကို မဂ်နဲ့ အားထုတ်နေတာကတော့....(ငွေမရှာ

တာပါ)ကျွန်းမာတာနဲ့ ငွေမရှာဘူးသူက.... (မှန်ပါ့) သဘော ကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ .... ကျွန်းမာတဲ့ အခါမှာမသိတဲ့ပုဂ္ဂိုလ် ကျွန်းမာမှာများ ဘုန်းကြီးစိုးရိမ်တယ်ဆိုတာ ပေါ်ပလား .... (ပေါ်ပါပြီ)သြော်....သူတော့ ကျွန်းမာပြီ သွားရှာတော့မှာဘဲ (မှန်ပါ့)ရိပ်မိပလား ...(ရိပ်မိပါပြီဘုရား)။

သူကျွန်းမာယင် သွားရှာတော့မှာဘဲ ...(မှန်ပါ့) ဒါမသိဘဲ ပုဂ္ဂိုလ်အတွက် ဟောတာ....(မှန်ပါ့ဘုရား)။

သိတဲ့ ပုဂ္ဂိုလ်အတွက်ကတော့ တကာတကာမတို့ ကျွန်းမာလို့ မက်ရတယ်.... (မှန်ပါ့) သူ့ကိုဖြစ်ပျက်ရှလိုက်....(မှန်ပါ့ ဘုရား)။

ကျွန်းမာတဲ့ ဝေဒနာဘာလုပ်ကြမယ် (ဖြစ်ပျက်ရှရပါမယ်) ဖြစ်ပျက်ရှလိုက်တော့ မက်ကာလေးက နောက်ကလိုက်လာတယ်-(မှန်ပါ့)ဒီတော့ ကျွန်းမာလို့ မက်ရတယ်၊ဟုတ်လား (မှန်ပါ့)။

ဒါဖြင့် ကျွန်းမာတဲ့နည်းကိုလဲ ခင်ဗျားတို့ အမျိုးမျိုးသုံးကြတယ်(မှန်ပါ့) ငွေရှာတဲ့နည်းသုံးမလား- မက်ရတဲ့နည်း သုံးမလား....(မက်ရတဲ့နည်းသုံးပါမယ်)အဲဒါ လူထဲမှို့လို့ ခင်ဗျားတို့ ရှက်လို့ပြောဘာကိုး၊ ရိပ်မိပလား .... (ရိပ်မိပါပြီဘုရား)။

အခုတော့ရိပ်မိပြီတဲ့၊ အားလုံးနောက်က တကာတကာမတွေ အမိတွေ,အဖတွေ, ဆွမျိုးညာတကာတော်ခဲ့လို့ ဒီတရားစစ်ကို ပြောတာ၊ဒါဘယ်နည်းမှ လျှော့မဟောနိုင်ဘူး(မှန်ပါ့)ဦးမာဒင် ဘုန်းကြီးက လျှော့ဟောလဲ ဘုန်းကြီးမှားမှာဘဲ.... (မှန်ပါ့) ခင်ဗျားတို့အဘွက်လဲ ငဲ့ပြီးမဟောနိုင်ဘူး ...(မှန်ပါ့) တရားဟာ တရားဘဲ (မှန်ပါ့)သဘောပါပလား....(ပါ-ပါပြီဘုရား)။

ကျန်းမာလို့ ငွေရှာယင် ဘယ်သွားရမယ်.... (အပါယ်လေးပါး သွားရပါမယ်) ကျန်းမာလို့ ဝိပဿနာအားထုတ်ယင် မဂ်ရမယ်....(မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

ကျန်းမာလို့....(ဝိပဿနာ အားထုတ်ယင် မဂ်ရပါမယ်) အဲဒါ တခြားကို တရားရှာမနေပါနဲ့၊ ကျန်းမာတဲ့ဝေဒနာကိုဘဲ ဖြစ်ပျက်ရှုလိုက်... (မှန်ပါ့)ရှင်းပလား .. (ရှင်းပါပြီဘုရား)။

ဘာဖြစ်ပျက်ရှုရမလဲ....(ကျန်းမာတဲ့ ဝေဒနာကိုဘဲ ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

အဲ.. တကာတကာမတို့ ခင်ဗျားတို့ ကျန်းမာယင် ခြေလှမ်းပြင်လိုက်....(မှန်ပါ့ဘုရား)။

ကျန်းမာယင် ဘာလုပ်ကြမယ်.... (ကျန်းမာယင် ခြေလှမ်းပြင်ရပါမယ်) ဘယ်လှမ်းကြမလဲ.... (ဝေဒနာဖြစ်ပျက်ရှုပြီးမဂ်ဆီလှမ်းရပါမယ်ဘုရား)။

အို .... အပါယ်လှမ်းမယ် ဆိုလိုက်ပါ၊ ရှုပ်မနေစမ်းပါနဲ့ တကာသစ်ရေ- မသေချာဘူးလား (သေချာပါတယ်ဘုရား)။

ကျန်းမာယင် ခြေလှမ်းဘယ်ပြင်နေကြသလဲ... (အပါယ်ပြင်နေကြပါတယ်) ကဲ....ဦးမာဒင်တို့၊ ဦးသန်းမောင်တို့ ရိပ်မိပြီ .... (ရိပ်မိပါပြီဘုရား)။

ဒါ့ကြောင့် ခင်ဗျားတို့ ဒီတရားမျိုးကို မနာရဘေးသင့်ကာလပတ်လုံးဖြင့် ကိုယ်ဟာကလေးနဲ့ကိုယ် ပြုံးနေကြတာဘဲ.... (မှန်ပါ့ဘုရား)။

ဦးလှဘူး ဘယ်နှယ်တုံး.... (ပြုံးနေပါတယ်)မပြုံးနဲ့ဦး.... မပြုံးပါနဲ့ တနေ့မှာ ဒီပဋိစ္စသမုပ္ပါဒ် ဘယ်နှစ်ကြိမ်တုံး.... (မရေတွက်နိုင်ပါဘုရား)။

ကျန်းမာလို့ ငွေရချင်တဲ့တဏှာနဲ့ သွားနေတဲ့ ပဋိစ္စသမုပ္ပါဒ် ဟာ ဘယ်နှစ်ကြိမ်တုံး....(မရေတွက်နိုင်ပါဘုရား)။

ကဲ....မရေတွက်နိုင်တာက အသာထား၊ ဒီကရတဲ့ငွေကလေးနဲ့ ခင်ဗျားတို့က ဆွမ်းကလေးကျွေး, ကျောင်းကလေး ဆောက်, ဘုရားကလေးတည်တာက ဒီက အကြိမ်နဲ့ဟုတ်လား၊ ဆွမ်းကျွေး-ဘုရားတည်-ကျောင်းဆောက်နဲ့ ဘယ်သူက များသတုံး.... (ဒီက အကြိမ်က များပါတယ်ဘုရား) သဘောကျပလား....(ကျပါပြီ ဘုရား)။

အဲဒီတော့ ဒါ-ကယ်ယူနိုင်ပါ့မလား (မကယ်ယူနိုင်ပါဘုရား) ဒီထဲက တခါပိုမိုပြီးရှင်းချင်လို့ ရှိယင်ကျန်းမာလို့ ငွေရှာ ငါလုပ် ငါရတယ်ဆိုတဲ့ ဒီဦကလဲ့ မပြုတ်ပြန်....(မှန်ပါ့)ပြုတ်သေးရဲ့လား (မပြုတ်ပါဘုရား)။

အဲဒီ ဒီဦကလဲ့ ခင်ဗျားတို့ကို သုဂတိသာပို့တယ်၊ ပို့ပြီးဆဲ့ချ တယ်....(မှန်ပါ့) အပါယ်လေးပါးထဲ ဆဲ့ချတယ်.... (မှန်ပါ့) အဲဒီတော့ ခင်ဗျားတို့လုပ်တာက အလဲနဲ့ အချော်ချည့်ဘဲ.... (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီ)။

ပြင်ကြပါဦး၊ ပြင်ချိန်ကလေးရသေးတယ်ဆိုတာ ဦးမာဒင် ဘုန်းကြီးသည် ချောက်လှန့်ပြောတာလား·အမှန်ပြောတာလား (အမှန်ပြောတာပါဘုရား)။

အမှန်ပြောတာချောက်ပြောတာမဟုတ်ဘူး....(မှန်ပါ့ဘုရား) ခင်ဗျားတို့ အမိအဖ,ဆွေမျိုးညာတကာ, ညီအကို, မောင်နှမတွေ့ မတော်ဘူးသူ မည်သည်မရှိတော့ သနားလို့ ပြောနေတာ.... (မှန်ပါ့)။

ခင်ဗျားတို့ကတော့ ဆင်ခြေက အင်မတန်များတယ်- (များပါတယ်ဘုရား) ဒီဆင်ခြေဟူသမျှကိုလဲ ဘုန်းကြီးများကလဲ သတိထားမိတယ်....(မှန်ပါ့)။

ဩော်....သူ့ဆင်ခြေဟာ သူမအားဘူးဆိုတာ အပါယ်သွားမှာ...'(မှန်ပါ့) ဒါပြောတာကိုး....(မှန်ပါ့) ဒါဘဲ၊ ဒီ.ပြင် ဆင်ခြေလဲစရာကိုမပါဘူး....(မှန်ပါ့)။

တကာတကာမတွေ့ တရားကော အားထုတ်ဖြစ်ကြရဲ့လား၊ တပည့်တော်တို့ကဘုရား.... ရတုန်းရခါကလေး ရှာနေရတယ်....(မှန်ပါ့) အင်း... ရတုန်းရခါတဲ့ ... (မှန်ပါ့) တည့်တည့်သာပြောပါ။ တပည့်တော်တို့ အပါယ်ဆင်းတာဘုရာ့.... (မှန်ပါ့) အံမာလေး... ကြောက်စရာကြီးပါလား....(မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီ)။

ကဲ... ဒါဖြင့် ဝေဒနာပစ္စယာ ဘာတုံး....(တဏှာပါ)တဏှာပစ္စယာ... (ဥပါဒါနံပါ) ဥပါဒါနပစ္စယာ.... (ကမ္မဘဝေါပါ) ကမ္မဘဝပစ္စယာ... (ဇာတိပါ) အပါယ်ဇာတိ ထည့်မိအောင်ထည့်ပါ....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဒီ တဏှာ-ဥပါဒါန်-ကံက လုပ်တဲ့ဇာတိဟာလဲ တကာသစ်ပြောင်းလို့ကို မရဘူး (မရပါဘုရား) အပါယ်လေးပါးဘဲရတယ်....(ရမှာပါဘုရား) ရိပ်မိပလား .. (ရိပ်မိပါပြီ)။

ဒါ့ကြောင့် ခင်ဗျားတို့ချင်းတွေလဲ သတိပေးပါ၊ ကျန်းမာလို့ ဒို့-ငွေရှာတဲ့ဥစ္စာ ငွေရှာတာမဟုတ်ဘူးဟေ.... ဒယ်အိုးရှာစာ....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဘာရှာတာတုံး....(ဒယ်အိုးရှာတာပါဘုရား)အပါယ်ဒယ်အိုးရှာတာ....(မှန်ပါ့)။

ကောင်းပြီ....အဲဒီကျလာတော့ ဆွမ်းသွတ်လို့ ရ-မရ အကဲခတ်စမ်းပါ....(မရပါဘုရား)ခင်ဗျားတို့တင်လိုက်တဲ့ဆွမ်းကလေးကိုလဲ..တဲ့ ကိုယ့်အမေမိဘရယ်လို့ သားသမီးတွေက ရှာဖွေထားခဲ့တာလဲ တပုံကြီး ပစ္စည်းပစ္စယရှိတယ်၊ ဆွမ်းကလေးတော့ သွတ်မှဘဲ....(မှန်ပါ့)။

ဒီသွတ်လိုက်တဲ့ဆွမ်းကလေးလဲ သူက ဘာကြိုက်တတ်တယ်ဆိုကန်တော့ပွဲထဲ ဘာကလေးထည့်....(မှန်ပါ့) အဲဒါ စားကိုမစား နိုင်ဘူးဗျ-ဟိုက....(မှန်ပါ့)အပါယ်ရောက်တော့ အပါယ်အစာနဲ့ ပြီးရဘာယ်.. (မှန်ပါ့) ဧရင်တ်တယ်ဆို သံရေပူသောက်ရုံဘဲ၊ ထမင်းဆာတယ်ဆို သံဧတ္တခဲမျိုရုံဘဲ .. (မှန်ပါ့) မရဘူး...လို့ ဘုရားက သေသေချာချာဟောတယ်... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ကဲ....ဒါဖြင့် ငွေရှာတာကို မရှာစေချင်လို့လားလို့ မေးဘဲ့အခါကျတော့ အပါယ်ရောက်မှာစိုးလို့....(မှန်ပါ့) ရှင်းပလား(ရှင်းပါပြီ)။

ဒါဖြင့်.... မှားတုန်းက မှားခဲ့တာကို ပြင်ကြစို့ ဆိုတော့ ကျန်းမာတာ ဖြစ်ပျက်ရှု....(မှန်ပါ့) ကျန်းမာတာကို·(ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ကျန်းမာတာက ဘာဝေဒနာတုံး....(သုခဝေဒနာပါဘုရား) ဒါ....ဘာလုပ်ရမတုံး....(ဖြစ်ပျက်ရှုရပါမယ်ဘုရား) သဘောကျပလား....(ကျပါပြီ)။

ဖြစ်ပျက်ရှုလိုက်တော့ဒုတိုယကွက် ပဋိစ္စသမုပ္ပါဒ်ကြည့်ပါတဲ့၊ ဝေဒနာနိရောဓာ တဏှာနိရောဓော သဉ်းဖြစ်တယ်.... (မှန်ပါ့) တဏှာနိရောဓာ.... (ဥပါဒါနနိရောဓော) ဥပါဒါနနိရောဓာ.... (ကမ္မဘဝနိရောဓော) ကမ္မဘဝနိရောဓာ (ဇာတိနိရောဓောပါ ဘုရား) ဟော....အပါယ်ဇာတိတွေ့ အကုန်ချုပ်တယ် ဝိပဿနာ ကူလိုက်တော့....(မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီ)။

ဝိပဿနာကူလိုက်တော့လဲ အပါယ်ဇာတိတွေ့ ဘယ့်နှယ်တုံး (အကုန်ချုပ်ပါတယ်ဘုရား) အဲ....ဆေးလဲ အရှိသားဘဲ၊ခင်ဗျား တို့ကို အနာချည့်ပေါ်က်ချင်လို့ ခက်နေတာ....(မှန်ပါ့)။

ဦးလှဘူးတို့က ဘာအစားထဲကလဲ.... (အနာပေါက်ချင်တဲ့ အစားထဲကပါ) အနာချည့်ပေါက်ချင်တဲ့အစားထဲက.(မှန်ပါ့) အင်း....ခက်ပါသေးတယ်....(မှန်ပါ့)။

ကျန်းမာလို့ ရှိယင် တကာတကာမတွေ့ ဝိပဿနာကြိုးစားပါ (မှန်ပါ့) မကျန်းမာတော့ကောလို့ မေးတဲ့အခါကျတော့ မကျန်းမာတော့ ခန္ဓာကိုယ်ထဲမှာ ဒုက္ခဝေဒနာ ပေါ်တယ်.... (မှန်ပါ့)။

ဒုက္ခဝေဒနာပေါ်ပြန်တော့လဲ တကာတကာမတို့ မကျန်းမာ တာ ခင်ဗျားတို့က ဩော်.... တပည့်တော်တို့ မကျန်းမာတာ သိပ်ခက်တာဘဲဘုရား....(မှန်ပါ့)။

မကျန်းမာတော့ ဘာတွေ့ပေါ်လာသတုံး သိပ်ခက်တာဘဲတဲ့ (မှန်ပါ့) ဒါဖြင့် ဒုက္ခကြောင့် ဒေါမနဿလိုက်ပြီ .. (မှန်ပါ့) မလိုက်ဘူးလား.... (လိုက်ပါတယ်ဘုရား) ဒေါမနဿနောက်က

သောက.... (လိုက်ပါတယ်ဘုရား) သောကနောက်က ပရိဒေဝ ...(လိုက်ပါတယ်ဘုရား) ပရိဒေဝနောက်က ဥပါယာသ... (လိုက်ပါတယ်ဘုရား) ဥပါယာသနောက်က အဝိဇ္ဇာ.... (လိုက်ပါတယ်ဘုရား) အဝိဇ္ဇာပစ္စယာ... (သခ်ၤါရာပါဘုရား)။

ဩော်.... ခင်ဗျားတို့ မကျန်းမာတာကိုသဲ စိုးရိမ်တယ်.... (မှန်ပါ့) ခင်ဗျားတို့ မကျန်းမာတာကို (စိုးရိမ်ပါတယ်ဘုရား) သေမှာကို စိုးရိမ်တာ မဟုတ်ပါဘူး .. (မှန်ပါ့) ရိပ်မိပလား... (ရိပ်မိပါပြီ)။

မကျန်းမာတာ ဘာစိုးရိမ်တာတုံး....(အပါယ်သွားမှာ စိုးရိမ်ပါတယ်ဘုရား) အပါယ်သွားမှာ စိုးရိမ်တာ တကာဘကာမတို့၊ မပျောက်မှာ စိုးရိမ်တာ မဟုတ်ပါဘူး.... (မှန်ပါ့) ဝိပဿနာမပါယင် မကျန်းမာမှာလဲ စိုးရိမ်ရတယ်.... (စိုးရိမ်ရပါတယ်ဘုရား)။

ကဲ.... ဒါဖြင့် ဒီလိုလုပ်ကြပေတော့....၊ တကာ တကာမတို့ မကျန်းမာတဲ့ဝေဒနာ ဖြစ်ပျက်ရှု....(မှန်ပါ့)ဖြစ်ပျက်ရှုလိုက်တော့ မကျန်းမာတဲ့ဝေဒနာက ဖြစ်ပျက်၊ ရှုတာက.... (မင်္ပါဘုရား) ဟောဒီ ဒုက္ခ-ဒေါမနဿ-ပရိဒေဝ-အဝိဇ္ဇာ-အပါယ်ဇာတိ ဘယ်နှယ်တုံး.... (ချုပ်ပါတယ်ဘုရား)။

မချုပ်ဘူးလား ... (ချုပ်ပါတယ်ဘုရား) မကျန်းမာလဲ နိဗ္ဗာန်သွားနိုင်တယ်....(မှန်ပါ့) သဘောကျပလား-(ကျပါပြီ) ကျန်းမာလဲ....(နိဗ္ဗာန်သွားနိုင်ပါတယ်ဘုရား)။

ဒါဖြင့်.... နိဗ္ဗာန်သည် တကာတကာမတို့ မကျန်းမာလို့ ရဟန္တာဖြစ်တာတွေ့လဲ တပုံကြီး....(မှန်ပါ့)။

တနေ့ကဘဲ ပြောခဲ့သေးတယ် ဆန္ဒကျဆတာ့ မကျန်းမာတာနဲ့ ရဟန္တာဖြစ်တယ်....(မှန်ပါ့) မဖြစ်ဘူးလား.... (ဖြစ်ပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ ခင်ဗျားတို့ သနားလို့ ရှိယင် ဘုန်းကြီးများက ခင်ဗျားတို့ကို ကျန်းမာယင် ငွေရှာချင်တော့ မကျန်းမာတာဘဲ ကြိုက်တယ်.... (မှန်ပါ့) သဘောတူကြရဲ့လား....(တူပါတယ်ဘုရား)။

ဟာ....အသံတွေနည်းသွားတယ် ခင်ဗျားတို့၊ အသံအများကြီးနည်းတယ်.... (မှန်ပါ့)။

မကျန်းမာလို့ ရှိယင် ခင်ဗျားတို့မကျန်းမာတဲ့ ဝေဒနာ ဖြစ်ပျက်ရှုပေးပါ....(မှန်ပါ့ဘုရား)။

မကျန်းမာတဲ့ဝေဒနာကို.. (ဖြစ်ပျက်ရှုပေးရပါမယ်)ဖြစ်ပျက်ရှုလိုက်တော့ ဒီဘက်က ဒုက္ခ, ဒေါမနဿ, ဥပါယာသ,အဝိဇ္ဇာ, သခ်ၤါရ ဘယ့်နှယ်နေသတုံး....(ချုပ်ပါတယ်ဘုရား)။

ဩော်.... မကျန်းမာတာလဲ နိဗ္ဗာန်သွားနိုင်တာဘဲ....(သွားနိုင်ပါတယ်ဘုရား) ကျန်းမာလို့ကော.... (နိဗ္ဗာန်သွားနိုင်ပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ ခင်ဗျားတို့မှာ တပည့်တော်တို့ ကျန်းမာတာလဲ မဟုတ်ဘူး၊ မကျန်းမာတာလဲ မဟုတ်ဘူးဆိုတဲ့ ဥပေက္ခာဝေဒနာကော ခန္ဓာထဲ မရှိဘူးလား.... (ရှိပါတယ်ဘုရား)။

မျက်လုံး, နား, နှာခေါင်း, လျှာဆိုတဲ့ ဥပေက္ခာဝေဒနာ မရှိဘူးလား,....(ရှိပါတယ်) သားတွေ, သမီးတွေ အလုံးစုံ ဥပေက္ခာထားနိုင်တဲ့ ဝေဒနာကော....(ရှိပါတယ်) အဲဒီ ဝေဒနာပေါ်ယင်လဲ ဖြစ်ပျက်ရှု....(မှန်ပါ့)။

ဖြစ်ပျက်ရှုလိုက်လို့ ရှိယင်ဖြင့် ဒီဘက်က အဝိဇ္ဇာသင်္ခါရဉာဏ် နာမ်ရုပ် အကုန်ချုပ်တယ်....(ချုပ်ပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ ဝေဒနာသုံးပါးသည် နိဗ္ဗာန်သွားတဲ့တရား....(မှန်ပါ့)။

ဝေဒနာသုံးပါးသည်.... (နိဗ္ဗာန်သွားတဲ့တရားပါ) နိဗ္ဗာန်သွားတဲ့တရားဆိုဘာ ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဘယ့်နှယ်ကြောင့် ဝေဒနာသုံးပါးလဲပေါ်၊ တပါးလဲပေါ်-ဘာဖြစ်လို့ ပါလိမ့်ပါမတုံးဆိုတော့ မင်္ဂလာလို့ မှတ်လိုက်(မှန်ပါ့ဘုရား)။

ဒါကလေးက မင်္ဂလာလို့.... (မှန်ပါ့) ဦးမာဒင် ရိပ်မိပြီ....(ရိပ်မိပါပြီ) ဦးသန်းမောင်ကော ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဝေဒနာကြားထဲ ဝေဒနာ့နောက်က မင်္ဂလာပေး(မှန်ပါ့)ရှုတဲ့မင်္ဂ မလိုက်လို့ တကာတကာမတွေ ကိုယ်ကျိုးနည်းရတယ်-(မှန်ပါ့)။

ဒါဖြင့် တကာတကာမတို့ ဆေးရှိလျက်နဲ့ မသောက်မိလို့ အပါယ်ရောက်တယ်....(မှန်ပါ့) ဆေးရှိတာ သောက်မိလို့ ရှိယင် အပါယ်နာပျောက်ပြီ....(ပျောက်ပါပြီဘုရား) မပျောက်ပေဘူးလား....(ပျောက်ပါ့တယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့က ဆင်ခြေတော့ လဲတတ်တယ်နော်.... (မှန်ပါ့) ခင်ဗျားတို့ လဲလိုက်တဲ့ ဆင်ခြေကလဲ ဦးမာဒင်တို့-ဦးသန်းမောင်တို့ သိပ်ကြောက်စရာကောင်းတာဘဲ· (မှန်ပါ့)။

ဘာဖြစ်လို့ သိပ်ကြောက်သတုံးလို့ မေးတဲ့အခါကျတော့ သူက အပါယ်မျက်စောင်းထိုးပြီး ခေ့လဲတယ်.... (မှန်ပါ့)။

ဘယ်လိုလဲပါလိမ့်.... (အပါယ်မျက်စောင်းထိုးပြီး ခေ့လဲပါပါတယ်) ဦးလှဘူး....ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အပါယ်မျက်စောင်းထိုးပြီးတော့ ခေ့လဲပါတယ်ဘုရာ့၊တပည့်တော်တို့က ငယ်လဲငယ်သေးတယ်၊ ကိုယ်ကမွေးထားတဲ့ ဗုဒ္ဓ-ခရူတွေကလဲရှိနေတော့ အရှင်ဘုရားများလိုလဲ မလွယ်ဘူး (မှန်ပါ့ဘုရား)။

အင်း.... သူသွားတော့မယ်.... (မှန်ပါ့) သွားတော့မယ်.... သွားတော့မယ်....(မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘယ်သွားမှာတုံး.... (အပါယ်သွားမှာပါ) အံမာလေး.... ကြောက်စရာကြီးပါကလား တကာတကာမတို့... (မှန်ပါ့)။

ဩော်....ဒါနဲ့ ခင်ဗျားတို့မအားဘဲနဲ့ အပါယ်သွားရတယ် (မှန်ပါ့) အလုပ်နဲ့ လက်နဲ့ကော ပြတ်သေးရဲ့လား....(မပြတ်ပါဘုရား) အပါယ်ကော.... (ရောက်ပါတယ်ဘုရား)။

ဩော်... ဒါဖြင့် မအားတာဟာ အပါယ်နာ ပေါက်တာဘဲ (မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

မအားရာ အနာပေါက်ဆိုတာ ရိပ်မိပလား.... (ရိပ်မိပါပြီ) အခုလဲ အလုပ်နဲ့လက်နဲ့ ပြတ်ကဲ့လား....(မပြတ်ပါဘုရား)ကိုစွက အပါယ်နာကြီး ပေါက်တယ်....(မှန်ပါ့)။

ကဲ...ဒါဖြင့် ခင်ဗျားတို့အတွက်ကဖြင့် မြော်လင့်ချက်ကို မရှိဘူး....(မရှိပါဘုရား) ပစ္စုပ္ပန်မှာမအာဒီး.... (မှန်ပါ့) သံသရာမှာ အပါယ်နာဂပေါက် .. (မှန်ပါ့) ဦးမာဒင် ဘယ်ဟာကြိုက်သတုံး.... (ဘယ်ဟာမှမကြိုက်ပါ) ဟာ.... မကြိုက်ပေမဲ့ ယူရမယ် .. ။

မကြိုက်ပေမဲ့ယူရမှာဘဲ.... (ယူရမှာပါ) ဒီအတိုင်းနော်....၊ နည်းနည်းကလေးမို့ ကျန်းမာလာလို့ရှိယင်လဲ ကိုယ့်ဆိုင်ရာ-ဆိုင်ရာ မေးချင်လာတာဘဲ....(မှန်ပါ့)။

ဘယ့်နှယ်နေသတုံး....၊ ဘယ့်နှယ်နေသတုံး၊ ဘယ့်နှယ်နေသတုံးဆိုယင် တဏှာက စ,တာ.... (မှန်ပါ့) ရိပ်မိကြပလား... (ရိပ်မိပါပြီဘုရား)။

ဘယ့်နှယ်နေသတုံးဆိုတာ ဘယ့်နှယ် ပြောကြပါ့မလဲ.... (တဏှာက စ,တာပါ) တဏှာက စ,တယ်တဲ့....၊ အင်း....အသင့်အတင့်ရှိပါရဲ့ဆိုတော့ အေး.... ကြိုးစားလုပ်ဆိုတော့ ဥပါဒါန်က လာပြီ....(မှန်ပါ့ဘုရား) မလာသေးဘူးလား....(လာပါတယ်ဘုရား)။

ဥပါဒါန်လာယင် ကာယကံ,ဝစီကံကလဲ ကူညီနိုင်တာ ကူညီမယ်ဆိုတော့ ကာယကံ,ဝစီကံ မလာဘူးလား.... (လာပါတယ်) သွားပေရော့ အပါယ်ဇာတိ....(မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီး တရားအားထုတ်ရတာဟာ တပည့်တော်တို့ သေသေချာချာသိလာတာ လုပ်စားချိန်မရှိဘူး.... (မှန်ပါ့)

ဒါခင်ဗျားတို့ တပ္ပဲလုံးက ထောက်ခံတယ်.... (မှန်ပါ့) သေသေချာချာထောက်ခံမယ်... (ထောက်ခံပါတယ်ဘုရား)။

ဘယ်နှယ်တုံး တကာတကာမတို့ လုပ်စားခြိန်ရှိသေးရဲ့လား (မရှိပါဘုရား) မရှိဘူး၊ ဘုန်းကြီးတရားနာရလို့ရှိယင် လုပ်စားခြိန်မရှိတော့ဘူး၊ သုခဝေဒနာလာလဲ သုခဝေဒနာရှုရမှာကိုး.... (မှန်ပါ့) ဒုက္ခဝေဒနာပေါ်လဲ....(ရှုရမှာပါ) ဥပေက္ခာဝေဒနာပေါ်လဲ.... (ရှုရမှာပါ) ဝေဒနာတွေကလဲ မပြတ်ဘူးဘုရာ့.... (မှန်ပါ့) ရှုလဲနေရမယ်ဆိုတော့ လုပ်စားခြိန်မရှိတော့ဘူး တဲ့.... (မှန်ပါ့)။

သြော်....ခင်ဗျားတို့ကလဲ ခက်လိုက်တာ လုပ်စားချင်တာကိုး (မှန်ပါ့) မလုပ်ဘဲနဲ့ ချမ်းသာလို့ရှိယင် ရှိလာလေ ချမ်းသာလေဘဲ....(မှန်ပါ့) လုပ်စားချင်လို့ရှိယင် အပါယ်ထိအောင်သွားရမယ်....(သွားရပါမယ်)ရိပ်မိပလား ... (ရိပ်မိပါပြီဘုရား)။

အဲဒီတော့ လုပ်စားချင်တဲ့ ပုဂ္ဂိုလ်သည် တကာတကာမတို့ တဏှာဥပါဒါန်သွားတဲ့ ပုဂ္ဂိုလ်.... (မှန်ပါ့) မဂ်အားထုတ်နေတဲ့ ပုဂ္ဂိုလ်သည် အငတ်ပျောက်တဲ့ပုဂ္ဂိုလ်.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

မဂ်အားထုတ်တဲ့ပုဂ္ဂိုလ်က .... (အငတ်ပျောက်တဲ့ပုဂ္ဂိုလ်ပါ) အဲဒီတော့ အားမထုတ်ဘဲ အငတ် ပျောက်တဲ့ အလုပ်မှမလုပ်ဘဲနဲ့ အငတ်သဘောချည့်ပြောနေယင် ဒီဟာတွေလာမှာဘဲ (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဆင်ခြေကော လဲချင်သေးသလား.... (မလဲချင်ပါ) လဲချင်ယင်လဲ ခင်ဗျားတို့သွားပြီ.... (မှန်ပါ့)မသွားသေးဘူးလား (သွားမှာပါဘုရား)။

အရှင်ဘုရား....တရားသာ အားထုတ်နေရမယ်ဆိုယင် ဘုရား ဟောတော်မူတာကြီးသာ လိုက်နေရယင် တပည့်တော်တို့ လုပ် စားတဲ့အချိန်မရှိဘူး....(မှန်ပါ့)။

ဟုတ်လား....၊ ဘုန်းကြီးက လုပ်စားနေမှာကို အင်မတန် ကြောက်တယ်၊ ချမ်းချမ်းသာသာနဲ့ နိဗ္ဗာန်ရောက်စေချင်တယ် (မှန်ပါ့) မလုပ်ဘဲနဲ့ ဝ,တာကြိုက်တယ် ...(မှန်ပါ့)။

ခင်ဗျားတို့ကလဲ ကြက်လို ယက်စားရမှ ကြိုက်တာ ဖြစ်နေ တော့ မတတ်နိုင်ဘူး.... (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီ) အတော်မဆိုးဘူးသား....(ဆိုးပါတယ်ဘုရား)။

ကဲ... ဒါဖြင့် လုပ်စားကြမလား- မလုပ်ဘဲနဲ့ ဝ,တာကြိုက် သလား....(မလုပ်ဘဲနဲ့ ဝ,တာကြိုက်ပါတယ်ဘုရား)။

ဟာ....ဒီဥစ္စာ ခင်ဗျားတို့ အပြောတွင် ညီညွတ်မှာနော်....၊ အလုပ်ကျတော့ လုပ်မှာမဟုတ်ဘူး.... (မှန်ပါ့) ရိပ်မိပလား .... (ရိပ်မိပါပြီဘုရား)။

ကဲ.....ဒါဖြင့် လုပ်ဖြစ်အောင်လုပ်ပါ- (မှန်ပါ့)သုခဝေဒနာ ပေါ်လဲ(ဖြစ်ပျက်ရှုရပါမယ်) ဒုက္ခဝေဒနာပေါ်လဲ(ဖြစ်ပျက်ရှုရ ပါမယ်) ဥပေက္ခာဝေဒနာပေါ်ယင်လဲ.... (ဖြစ်ပျက်ရှုရပါမယ်) ဟော....ငတ်တတ်တဲ့တဏှာ ပျောက်ပြီ .... (မှန်ပါ့)လိုချင်တဲ့ တဏှာ လုပ်စားချင်တဲ့တဏှာ....(ပျောက်ပါပြီဘုရား)။

ဒါ့ကြောင့်ဘုရားသခင်ကိုယ်တော်မြတ်ကြီးကတပည့်သားတွေကို သက်သေခံလုံလောက်အောင် တကာသစ် ပြတယ်နော် .... (မှန်ပါ့)ရဟန္တာဖြစ်တဲ့ နေ့ကစပြီး ဆုမ်းခံကျွေးနေရတာတွေ မရှိပေဘူးလား .. (ရှိပါတယ်) ခန္ဓာကျွန်ခံရတာ နာလိုက်တာ.... (မှန်ပါ့)ဒီစိတ်နေ့တိုင်း ပေါ်တယ်....(မှန်ပါ့ဘုရား)။

ခန္ဓာကျွန်ခံခဲ့ရတာ တသံသရာလုံးကလဲ ကျွန်ခံရသေးတယ် အခုထက်ထိလဲ တဏှာကုန်တာတောင်မှဒီခန္ဓာကြီးက ကျွေးပါဦး၊ ဆိုတော့ သူခိုင်းနေသေးတယ်....(မှန်ပါ့)ဆိုပြီးသကာလ ရဟန္တာဖြစ်တဲ့ နေ့ကစပြီး ခန္ဓာကြီးကိုပရိနိဗ္ဗာန်စံချင်တဲ့စိတ် ချက်ခြင်း ပေါ်တယ်....(မှန်ပါ့) လုပ်စားရမှာ ဘယ်လောက်ကြောက်သတုံး....(ကြောက်ပါတယ်ဘုရား)။

ခင်ဗျားတို့ကဖြင့် မေးလိမ့်မယ်၊ တရားအားထုတ်နေယင် ဘယ်နှယ် ဘာလုပ်စားမလဲ... (မှန်ပါ့)တယောက်နဲ့ - တယောက်နဲ့ ခင်ဗျားတို့က ဒါဘဲ ပြောမှာဘဲ(မှန်ပါ့)မင်းတို့သိပ်မလိုက်နဲ့နော်(ငတ်ကုန်မယ်) အံမာလေး .... ဒုက္ခဘဲ၊ ငတ်နေတာတော့ သူမသိဘူး.... (မှန်ပါ့ဘုရား)အခုတော့ သိကြပလား (သိပါပြီဘုရား)။

ဒါဖြင့် တရားအားထုတ်တာသည် တကာတကာမတို့ အငတ်ပျောက်တယ် အောက်မေ့....(မှန်ပါ့)ရှင်းပြီနော် .. (ရှင်းပါပြီ) တရားအားမထုတ်ယင် အငတ်ကြီးပဲ့းတယ် ... (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

တရားအားထုတ်ယင်....(အငတ်ပျောက်ပါတယ်) တရားအားမထုတ်ယုင်....(အငတ်ကြီးပွါးပါတယ်ဘုရား)။
ဒါဖြင့် ဘယ်ဟာကြိုက်သတုံး.... (အငတ်ပျောက်တာကြိုက်ပါတယ်) အငတ်ပျောက်တာကြိုက်ယုင် အားသာထုတ်၊ ရှုပ်မနေနဲ့....(မှုန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ကဲ....နာရီစေ့ပြီ တော်ကြဦးစို့....။

သာဓု....သာဓု....သာဓု

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း မိုးကုတ်ဆရာတော်ဘုရား
အမရပူရမဟာရုံဌာန ဟောကြားတော်မူအပ်သော

(အမြဲနေအိမ်နှင့် ယာယီနေအိမ်)

နေ့အလုပ်ပေးတရားတော်

(၄ - ၁၀ - ၆၁)

တကာတကာမတွေ့ အမြဲနေတဲ့အိမ်၊ယာယီနေတဲ့အိမ်ဆိုတာကတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီး အမြင်ကျယ်ကျယ်နဲ့ ဟောထားတော့ အမြဲနေတဲ့အိမ်က အပါယ်လေးပါး-(မှန်ပါ့) လူ့ပြည်,နတ်ပြည် ခဏလောကြတာက ယာယီအိမ်လို့မှတ်ထားပါ....(မှန်ပါ့) အမြဲနေတာက အပါယ်လေးပါးလို့ မှတ်ထားကြပါ၊ ယာယီနေရတာက လူ့ပြည်,နတ်ပြည်....(မှန်ပါ့ဘုရား)။

အဲဒီတော့ အားလုံး တကာတကာမတွေ့ ဒါ ဘုရားက အင်မတန် အမြင်ကျယ်ကျယ်နဲ့ ပြောတာ့ ကိုယ့်ဟာကလေးနဲ့ ကိုယ် တင်းတိမ်မနေကြနဲ့ဆိုတာ သတိပေးလိုက်တယ်....(မှန်ပါ့ဘုရား)။

အခု ကတော့လဲ ကိုယ့်အကျိုးပေးကလေးနဲ့ကိုယ် တော်လောက်ပါပြီလို့ တကာကြွယ် ထင်ချင်ထင်တတ်တယ်(မှန်ပါ့) ဘာမှမဟုတ်သေးဘူးလို့ ဆုံးဖြတ်ချက်ချပါ....(မှန်ပါ့ဘုရား)။

ဘာမှ မဟုတ်သေးဘူးလို့ ဆုံးဖြတ်ချက်ချ၊ ဘယ်နှယ်ကြောင့် ဆရာဘုန်းကြီးက ဒီဆုံးဖြတ်ချက်ကိုချခိုင်းရပါလိမ့်မလဲ မေးတော့ အို....လူ့ပြည်,နတ်ပြည်ဆိုဘာ ယာယီအိမ်မှာလာပြီး တည်းခိုကြတာ....(မှန်ပါ့) ကိုယ်အမြဲနေတာက အပါယ်လေး ပါးမှာ နေကြတယ် (မှန်ပါ့)ငရဲ,ပြိတ္တာ,တိရစ္ဆာန်,အသူရကာယ် ဆိုတဲ့ အပါယ်လေးပါးမှာ နေကြတယ်....(မှန်ပါ့ဘုရား)။

အဲဒီဘော့ အခု ရောက်ရာဘဝထဲမှာ ကိုယ့်ဟာနဲ့ကိုယ် မတင်းတိမ်ကောင်းတာနဲ့ တင်းတိမ်နေကြမယ်၊ကိုယ့်စိုးပွားရေး ကလေး၊ ကိုယ့်သားသမီးကလေး၊ ကိုယ့်စက်ကလေး၊ ကိုယ့် အလုပ်အကိုင်ကလေး အစရှိသည်နဲ့ တင်းတိမ်နေကြမယ်ဆိုလို့ ရှိယင်ဖြင့် ခလေးမှုံ့ ဝယ်ပေးတာနဲ့ တင်းတိမ်နေသလို ခလေး စိတ်မပျောက်လို့လို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့ဘုရား)။

ခလေးစိတ် မပျောက်လို့ ခလေးငိုပါမျှားတော့ မှုံ့ကျွေး လိုက်ဘဲ့အခါ ငြိမ်းအေးသွားတယ်ဆိုတာ တကာကြွယ် အသိ သားဘဲ့....(မှန်ပါ့ဘုရား)။

ဘယ်နှယ်ကြောင့် ဒီခလေး အဘိုးမတန်တာနဲ့ အငိုတိတ် သွားရပါလိမ့်မတုံး မေးတဲ့အခါကျလို့ ရှိယင်ဖြင့် မသိတော့ ဒါနဲ့သာကျေနပ်လို့....(မှန်ပါ့ဘုရား)။

ဘယ်နှယ်ဆိုကြမလဲ....(ဒါနဲ့သာ ကျေနပ်လို့ပါ) ဒါနဲ့သာ ကျေနပ်တယ်၊ဒီမှာလဲ လူ့ပြည်မှာ တကာဘကာမတွေက ကိုယ့် စိုးပွားရေးကလေးနဲ့၊ ကိုယ့်သားသမီးကလေးနဲ့၊ ကိုယ့်တိုက် ကိုယ့်တာ၊ ကိုယ့်ကားကလေးနဲ့၊ ကိုယ့်စိန်,ကိုယ့်ရွှေ, ကိုယ့်

ဌေကလေးနဲ့ အင်း....တော်သေးရဲ့ဆိုတော့ ခလေးမုဲ့ပေးပြီး တင်းတိမ်တာနဲ့ တူတူဘဲ့....(မှန်ပါ့ဘုရား)။

ဒီကသွားတော့ အပါယ်သွားရမှာ....(မှန်ပါ့) ခဏအလည် လာတာ ခဏကလေးနဲ့ တင်းတိမ်ပြီးသကာလ မတင်းတိမ် ကောင်းတာနဲ့ တင်းတိမ်နေကြလို့ ရှိယင်ဖြင့် ခလေးစိတ် မပျော်သေးတဲ့ တကာတကာမတွေဘဲလို့ ဦးမာဒင် ဆုံးဖြတ် ချက်ချရမယ်... (မှန်ပါ့) တကာကြွယ် သဘောကျပလား .... (ကျပါပြီဘုရား)။

"စတ္တာရော အပါယာ သကဂေဟသဒိသာ" စတ္တာရော=လေးပါးကုန်သော၊ အပါယာ = အပါယ် ဘုံတို့သည်၊ သကဂေဟသဒိသာ = အမြဲနေရာ မိမိ အိမ်ဂေဟာကြီးဖြစ်ပါပေ၏....(မှန်ပါ့ဘုရား)။

သြော်... အပါယ်လေးပါးဟာ အမြဲနေရာ... (မှန်ပါ့ဘုရား) ငါဘုရားဉာဏ်နဲ့ ချိန်ပြောမယ်ဟေ့တဲ့... (မှန်ပါ့) ဘုရားက ဉာဏ်နဲ့ချိန်လိုက်တယ်....(မှန်ပါ့ဘုရား)။

ဘယ်လိုချိန်လိုက်သတုံးဆိုတော့ တကာတကာမတို့ ကောင်း ကင်၌ ခဲလေးတခု- ဒုတ်ကလေးတခုကို တကာသစ်က မြောက် လိုက်တာပေါ့....(မှန်ပါ့) မြောက်လိုက်တော့ မြေကြီးထဲကဒုတ် ကို ကောက်တဲ့ပြီး မြောက်လိုက်ပါတယ်၊ အရှိန်ရှိတုန်း တက်ပြီး သွားတယ်၊ တက်တဲ့အချိန်ကလဲ မကြာလှမပါဘူး .... (မကြာပါ ဘုရား)။

အပေါ်မှာ ခဏကလေး အရှိန်သတ်တာပေါ့... (မှန်ပါ့) တက်ရှိန်သတ်ပြီး ကျချိန်ကလေးနဲ့ဆိုတော့ ဖြစ်လောက်ကဲ့လား

(မဖြစ်လောက်ပါ) နောက်ကျတော့ မြေပေါ်ဘဲပြန်ကျတယ်.... (မှန်ပါ)မကျဘူးလား....(ကျပါတယ်ဘုရား)။

ဩော်....ဒါ မြေပေါ်နေတဲ့အချိန်နဲ့ ကောင်းကင်မှာအရှိန်သတ်တဲ့အချိန်နဲ့ ပြောပလောက်ကဲ့လား.... (မပြောပလောက်ပါဘုရား) သဘောကျပြီနော်....(ကျပါပြီဘုရား)။

ထို့အတူဘဲတဲ့ ဘုန်းကြီးတို့တကာ့ကာမဇတ္ တူ့ပြည်မှာလာကြိတာ ငရဲမှာနေခဲ့တာနဲ့ ဆိုလို့ရှိယင်ဖြင့် ငရဲအပါယ်လေးပါးမှာ နေခဲ့ရတာက ဒို့အမြဲနေမဲ့ နေရာနဲ့အတူဘဲ.... (မှန်ပါဘုရား)။

လူ့ပြည်လာပြီးကိုယ့်ဟာကလေးနဲ့ကိုယ်တင်းတိမ်နေကြတာက ကောင်းကင် အရှိန်သတ်သလောက်ရှိသကွာတဲ့ ...(မှန်ပါဘုရား) ဆိုတော့ တကာတကာမတွေ့ အရမ်းများ တင်းတိမ်နေမှာစိုး လို့ ပြောပါတယ်....(မှန်ပါဘုရား)။

ကိုယ့်ဟာကလေးနဲ့ကိုယ် အရမ်းတင်းတိမ်ပြီး တကာကျွယ်တို့က ပြုံးကာ ရှင်ကဲ့နဲ့ ဒီလိုနေလိုက်မှာ၊ ဒီအမှား ကြီးသွားမှာကို ဦးမာဒင်တို့ စိုးရိမ်လို့ပြောပါတယ်....(မှန်ပါ) သဘောကျပလား....(ကျပါပြီ) အမှား ကြီးသွားမှာ စိုးရိမ်လို့ပြောပါတယ်(မှန်ပါဘုရား)။

ဦးလှဘူး ဘယ်နှယ်ကြောင့် ပြောပါလိမ့်.... (အမှားကြီးမှာစိုးလို့ပြောပါတယ်ဘုရား)။

ဘာဖြစ်လို့တုံး ဆိုတော့ ခင်ဗျားတို့က ခလေးမုဲ့ပေးပြီး ကျေနပ်တဲ့အမျိုးနဲ့ မသိဘဲနဲ့ကျေနပ်နေတော့ အင်း... ခလေးစိတ်မပျောက်သေးလို့ ကျေနပ်တာဘဲလို့ ဦးမာဒင် ဆိုထိုက်မဆိုထိုက်....(ဆိုထိုက်ပါတယ်ဘုရား)။

အဲဒါလောက် ကျေနပ်နေတော့ ငါတို့ ဒါနကလေး လုပ်ရတယ်၊ သီလကလေးလဲ ထိုက်တန်သလောက်ဆောက်တည်ရတယ်၊ ပေးတာ, ကမ်းတာလဲကွာ.... မနည်းလှပါဘူး ဆိုပြီးသကာလ ခင်ဗျားတို့က ဒါလောက်ကလေးနဲ့ တနေ့လုံး အကုသိုလ်ဗုဒ္ဓက် ပေါက်နေတာတော့ ထည့်မပြောဘူး...(မှန်ပါ့!) ထည့်ပြောရဲ့လား_(မပြောပါဘုရား)။

ထမင်းစားတာလဲ အကုသိုလ်နဲ့ဘဲ၊ ရေချိုးတာလဲ အကုသိုလ်နဲ့ဘဲ....(မှန်ပါ့) တကာသစ် ဖရောင်းဝယ်နေတော့ကော.... (အကုသိုလ်နဲ့ပါဘုရား) အကုသိုလ်တွေနဲ့ဘဲ လှည့်ပတ်နေတယ် (မှန်ပါ့)။

ဒီအတိုင်းဆိုတော့ ခုနင်က သူတို့တွက်ထားတဲ့အတွက်ကလေး ဟာကောတဲ့ ပြောပလောက်ပါရဲ့လား... (မပြောပလောက်ပါဘုရား)။

အဲဒီဖြစ်တော့ ဘုန်းကြီးတို့ တကာတကာမတွေ သေသေချာချာ မှတ်ပါ၊ ဝမ်းထဲမှာ ငရဲမျိုးစေ့ ဓဏကလေး အညှန့်အညွှာက် မပေါက်သေးတာကလေး လူ့ပြည်မှာ ရောက်ဘးပါ--(မှန်ပါ့) ငရဲမျိုးစေ့က အညှန့်အညွှာင့်ပေါက်လာယင် အခုစုတေ အခု အပါယ်လေးပါးရောက်ပါလိမ့်မယ်....(မှန်လှပါ)။

အဲဒါကြောင့် ငရဲမျိုးစေ့ဖြစ်တဲ့ ဒိဋ္ဌိဝိစိကိစ္ဆာတို့ကို တကာတကာမတို့ ဒီနေရာမှာ သတ်နိုင်တယ်နော်....(မှန်ပါ့)အခြားနေရာနေတ်ပြည်မှာသတ်ဘို့ အတော်ခဲယဉ်းပါတယ်.... (ခဲယဉ်းပါတယ်ဘုရား) ငြဟ္မာ့ပြည်မှာ သတ်ဘို့ဆိုတာကော.... (ခဲယဉ်းပါတယ်ဘုန်း)။

လူ့ပြည်မှာသာလျှင် ဒီတရားတွေကရှိတယ်၊ ဒါပေမဲ့ သစ္စာတရားတွေ, ပဋိစ္စသမုပ္ပါဒ်တရားတွေက အင်မတန်ရှားပါပြီ.... (မှန်ပါ့)။

အဲဒါကလေးကြုံတုန်းကို ဒီဥာဏ်တွေနဲ့ ဩဿ.... ဒါပဋိစ္စသမုပ္ပါဒ် ဒုက္ခသစ္စာပါကလား၊ အင်း....ဒီခန္ဓာကြီးက ဒုက္ခသစ္စာပါကလား....လို့ မှန်မှန်ကန်ကန် ခန္ဓာအရှိနဲ့ ဉာဏ်အသိ ကိုက်အောင်ဖြင့် လုပ်ဖြစ်အောင်လုပ်ပါ၊... (မှန်ပါ့)။

ခန္ဓာအရှိနဲ့ဉာဏ်အသိကိုက်အောင်... (လုပ်ဖြစ်အောင် လုပ်ရပါမယ်) လုပ်ဖြစ်အောင်လုပ်ပါလို့ သတိပေးလိုက်တယ်နော်.... (မှန်ပါ့)။

ဒါကလေး မလုပ်ဖြစ်တော့ဘူးဆိုတော့ ခန္ဓာအရှိနဲ့ ဉာဏ်အသိနဲ့ မကိုက်လို့ ရှိယင်ဖြင့် ဒီဌိသိနဲ့ ဦးမာဒင် ဇနလိမ့်မယ်.... (မှန်ပါ့)။

ဒီဌိသိနဲ့နေတော့ ဒီဌိဆိုပြီးသကာသ ဒိဋ္ဌိပါဒါန်ဆိုပြီး ပဋိစ္စသမုပ္ပါဒ်က မတန်းပေဘူးလား.... (တန်းပါတယ်ဘုရား,) ဒီဌိအုပ်ချုပ်တဲ့ ကံ ဆိုပြီးတော့ကော.... (တန်းပါတယ်) ကမ္မဘာပစ္စယာ အပါယ်ဇာတိ-ဆိုပြီး မလာပေဘူးလား...(လာပါတယ် ဘုရား) ဒါဖြင့် ဆယ်လို့,ကယ်လို့ ရဿေးရဲ့လား... (မရပါဘုရား)။

အဲဒါကြောင့် ဒီ-ဒိဌိမပြုတ်သ၍ သူက ပဋိစ္စသမုပ္ပါဒ် တန်းပြီး ဒီခန္ဓာအစဉ်ကြီးကို အပါယ်ရောက်အောင် ပို့ပစ်မှာ စိုးတဲ့အတွက် ခင်ဗျားတို့ အခုနေတဲ့အဝတ်အစား, တိုက်တာ, ရွှေ, ငွေ, ကျောက်, သံ, ပတ္တမြားနဲ့ တင်းတိမ်ပြီး မနေလိုက်ပါနဲ့.... (မှန်ပါ့)။

ခင်ဗျားတို့သည်ကားလို့ ဆိုလို့ရှိယင်ဖြင့် အရင်းတွေ့မို့ဘဲ ဆုံးမရတယ်....(မှန်ပါ့) မလွဲကာမိဖုရားကြီးဟာဖြင့် ဦးမာဒင် ဘုရားတဆူ တဆူမှ သူ့ကိုမပြုံနိုင်တဲ့ မဟာအသဒိသဒါန အလှူကြီးကို မလှူဘူးလား...(လှူပါတယ်ဘုရား) ဒီဥစ္စာက မပြုတ်တော့ အပါယ်ကျတယ်....(မှန်ပါ့) ဘယ်လောက် ကြောက်စရာကောင်းသတုံး....(ကောင်းပါတယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့ လှူဒါန်း ပေးကမ်းထားတာကလေးတွေက ဘာ-ပြောပလောက်သလဲလို့ မေးတော့(မပြောပလောက်ပါဘုရား) ဟိုမှာ တိုင်းပြည်ပါ လှူနိုင်တဲ့စွမ်းရည်သတ္တိရှိတယ်....(မှန်လှပါ) ရဟန္တာတွေ့ချည့်လှူတာ....(မှန်ပါ့)။

*ဒီအထဲကတောင် ဒီဥစ္စာမပြုတ်တော့ ဦးမာဒင် အပါယ်ရောက်တယ်...(ရောက်ပါတယ်ဘုရား) ကြောက်စရာမကောင်းပါလား (ကောင်းပါတယ်ဘုရား)။

ဒါ့ကြောင့် ခုနင်က ပြောလိုက်ပါတယ်၊ အပါယ်လေးဘုံဟာ မိမိတို့ အမြဲနေတဲ့ဘုံပါ၊ ကောင်းကင်မြောက်တဲ့ဒုတ် အရှိန်သတ်သလောက် လူ့ပြည်လာကြတာပါ...(မှန်ပါ့)။

ဒီအခါန်ကလေးမှာ အခု ဆရာကောင်း, သမားကောင်းနဲ့တွေ့တုန်း ငရဲမျိုးစေ့ နောက်မကျရအောင် ကိုယ့်ဝမ်းထဲရှိတဲ့ မျိုးစေ့ ဒီကနေ ထုတ်လိုက်လို့ရှိယင် အပါယ်ပင် ပေါက်စရာရှိသေးရဲ့လား... (မရှိပါဘုရား) မြန်မြန်လုပ်ပါဆိုတာ သတိပေးလိုက်တယ်....(မှန်ပါ့)။

---

* သေခါနီးအခါ၌ နှလုံးသွင်း မှားသွားခြင်းကြောင့် ၇-ရက် အပါယ်၌ ခံရသည်။

ဦးမာဒင် မြန်မြန်လုပ်·လို့ သတိပေးတာကော ရိပ်မိရဲ့လား (ရိပ်မိပါတယ်ဘုရား) ခန္ဓာကိုယ်က သေမည့်ဘက်ချည့် သွားနေလို့ ပြောဘာ....(မှန်ပါ့)။

ခန္ဓာကိုယ်က ဘယ်အသွားမှန်သတုံး ... (သေမည့်ဘက်ညွှန်ချသွားပါတယ်ဘုရား) သေမည့်ဘက်ဘဲ အသွားမှန်တယ်·(မှန်ပါ့) ရှင်မည့်ဘက်ကို ပြန်သေးသလား....(မပြန်ပါဘုရား) တနေ့ထက်တနေ့သာ ငါ·သုသာန်အဆောက်သွားမည်ဆိုပြီး ရည်ရွယ်ချက်ကြီးနဲ့ လာတဲ့ခန္ဓာကိုယ်ပါ (မှန်ပါ့)။

ဒီခန္ဓာကိုယ်ကြီးက တရှူးနဲ့ တရိုက်....၊ ဒီဘခါရှူးတာနဲ့ နောက်တခါရိုက်တာနဲ့၊ ဒီတခါရှူးတာနဲ့ နောက်တခါ ရိုက်တာနဲ့ ဘယ်သူက သုသာန်နီးသတုံးမေးကြည့်ပါ၊ နောက်တခါရှူးတာ ရိုက်တာက နီးတယ်ဆိုတာ မည်သူမှ မငြင်းနိုင်ဘူး.... (မငြင်းနိုင်ပါဘုရား)။

အဲဒီဘော့.... ခန္ဓာကိုယ်လမ်းစဉ်က မင်းတို့ ဘာလုပ်နေနေ ငါ·သုသာန်သွားမယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

မင်းတို့ ဘာလုပ်နေနေ....(သုသာန်သွားမှာပါဘုရား)ဒါဖြင့် ဒီခန္ဓာကြီးရသ၍ သုသာန်သွားတဲ့အလုပ် အမြဲဘမ်းလုပ်မှာ ဖြစ်နေသောကြောင့် တကာကြွယ်, ဦးမာဒင်တို့ ဒီခန္ဓာ၏အကြောင်းကောင်းကောင်းသိပါတော့ ...(သိပါပြီဘုရား)။

သူ့အလုပ်က ဘယ်သွားတဲ့အလုပ်လဲ.... (သုသာန်သွားတဲ့အလုပ်ပါ) သေမည့်,သေမည့်ချည့်ဆိုပြီး သွားနေတဲ့အလုပ် ... (မှန်ပါ့) နောက်ဆုံးပိတ်ကျတော့လဲ တားမရအောင်ဘဲ သေလိုက်တာဘဲ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

အဲဒီတော့ ခန္ဓာကိုယ်လမ်းစဉ် အလုပ်မှုန်ကိုဖြင့် တကာကြွယ်သိပြီနော်.... (သိပါပြီဘုရား) သူ့ကို ဆုတောင်းမိတဲ့လူဟာ ဒီခန္ဓာရတာဘဲ....(မှန်လှပါ) ရလို့ရှိယင်ဖြင့် ဆုတောင်းတဲ့ပုဂ္ဂိုလ် အလိုလိုက်သလား- သူသွားချင်တဲ့လမ်း အရောက်သွားသလား (သူသွားချင်တဲ့လမ်း အရောက်သွားပါတယ်ဘုရား)။

အဲဒါ စဉ်းစားရမယ် ဦးမာဒင်....(မှန်ပါ့) တောင်းတုန်းက ကျုပ်တို့က သူ ကောင်းစားမလားလို့ တောင်းတာ.... (မှန်ပါ့) ခန္ဓာကိုယ်ကြီးကိုလေ- လူဖြစ်ရပါလို့၏, နတ်ဖြစ်ရပါလို့၏... လို့ ကျုပ်တို့က တောင်းလိုက်တယ်နော်... (မှန်ပါ့)တောင်းတဲ့ပုဂ္ဂိုလ် ကတော့ အကောင်းရယ်လို့ တောင်းလိုက်တာ....(မှန်ပါ့)။

သူ့လမ်းစဉ်က မင်းတောင်းတဲ့ဆု ပြည့်မပြည့် ငါ-ဂရုမစိုက်နိုင်ဘူး၊ ငါ-သွားနေကျလမ်းသွားမယ်ဆိုပြီး သူက သုသာန်ဘဲသွားတယ်....(မှန်ပါ့) တောင်းတဲ့ပုဂ္ဂိုလ်များ ငဲ့သေးသလား.... (မငဲ့ပါဘုရား)။

အခု လက်ရှိခန္ဓာကြီးဟာ ဘယ်သွားနေကြသလဲ....(သုသာန်ဘက် သွားနေပါတယ်ဘုရား)။

ခင်ဗျားတို့က လူ့ပြည်လာပြီးသကာလ လူဖြစ်အောင်တောင်းတာ၊ သူက အမြဲတမ်း ဆုတောင်းတဲ့ပုဂ္ဂိုလ်ကို မငဲ့မူ၍ သုသာန်သွားတဲ့ အလုပ်ကို အမြဲလုပ်တယ်... (လုပ်ပါတယ်ဘုရား) နေဝက်များ တောင်းချင်စရာ တကားကြွယ် ရှိသေးရဲ့လား.... (မရှိပါ) ညာဏ်နားနဲ့ထောင်ကြည့်ပါ... ညာဏ်နားနဲ့ ထောင်ကြည့်ပါ၊ သူ့အသွားက ဒါဘဲ ရှိတယ်....(မှန်ပါ့)။

သူ့အသွားက ဘယ်သွားပါလိမ့်.... (သုသာန်သွားပါတယ်ဘုရား) ခင်ဗျားတို့ကတော့ဖြင့် တဏှာက မြေးက်တာနဲ့

ဦးမာဒင်တို့ တကာသစ်တို့ တကာကြွယ်တို့က လူဖြစ်ရပါလို၏-
လူချမ်းသာဖြစ်ရပါလို၏ အစရှိသည်နဲ့ ဘုရားရှေ့ဆုတောင်း
ကြတယ်၊ ဆွမ်းကလေး, ကွမ်းကလေး လှူဒါန်း ပေးကမ်းပြီး
ဆုတောင်းကြတယ်.... (မှန်ပါ့) တောင်းတဲ့အတိုင်းဘဲ ကုသိုလ်
ကပို့လိုက်တယ် ထားပါတော့....(မှန်ပါ့ဘုရား)။

တဏှာခြုံရုံတဲ့ ကုသိုလ်ကိုးဗျ .... (မှန်ပါ့) တဏှာခြုံရုံတယ်
ဆိုတော့ ဖြုန်းကနဲ့ မသိပေဘူးနော် ..(မှန်ပါ့) ကုသိုလ်တော့
ကုသိုလ်ဘဲတဲ့ လူဖြစ်ချင်တာက တဏှာ ... (မှန်ပါ့) ကုသိုလ်နဲ့
တဏှာနဲ့ တွဲလုပ်လိုက်တယ်... (တွဲလုပ်ပါတယ်ဘုရား)။

တွဲလုပ်လိုက်လို့ ဒီခန္ဓာကြီးပေါ်လာတော့ သမုဒယသစ္စာက
လုပ်လိုက်တဲ့ ခန္ဓာဖြစ်တော့ ဒုက္ခသစ္စာလမ်းကို သူပြေးမြဲတိုင်း
ပြေးတာဘဲ... (မှန်ပါ့) မပြေးဘူးလား.... (ပြေးပါတယ်ဘုရား)။

ဒါဖြင့် လူ့ဘဝဆုတောင်း လူဖြစ်ရပါလို၏ ဆိုလို့ရှိယင်
နောင်ကိုဖြင့် တကာတကာမတွေ့ တဏှာနဲ့ တောင်းမည်ကြံလို့
ရှိယင်ဖြင့် လူဖြစ်ပြီး သုသာန်ပြေးရပါလို၏ ထည့်လိုက်စမ်းပါ-
(မှန်ပါ့)ဒီလိုဆိုယင် မတောင်းဖြစ်တော့ဘူး-(မတောင်းဖြစ်ပါ)
ဦးမာဒင် တောင်းဖြစ်ပါ့မလား.... (မတောင်းဖြစ်ပါဘုရား)
ဘာဖြစ်လို့တုံးဗျ....(သုသာန်ပြေးရမှာစိုးလို့ပါဘုရား)။

လူလဲဖြစ်ရပါလို၏၊ ရောက် ရောက်ခြင်းလဲ သုသာန်ပြေးရပါ
လို၏ဆိုယင် တကာတကာမတို့ ဘယ်သူမျှားတောင်းဦးမလဲ ....
(မတောင်းပါဘုရား)။

မတောင်းသာ မတောင်းတယ်၊ လူဖြစ်ရပါလို၏ ဆိုသဖြင့်
ဝမ်းထဲကထွက်တဲ့ နေ့ကစပြီး ဒီခလေးဘယ်သွားသတုံး ဆိုလို့
ရှိယင် သုသာန်ဘဲသွားတယ် ..(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ)

ဒီခလေးဘယ်သွားသတုံ းမေးယင်.... (သုသာန်သွားပါတယ်) ရှင်းကြပလား... (ရှင်းပါပြီဘုရား)။

ဒါဖြင့် သြော်... တကာတကာမတွေ့ဆုတဝက်ဖြတ်တောင်းပြီ အပြည့်အစုံ တောင်းလို့ရှိယင်လဲ မတောင်းဖြစ်ပါဘူး- (မှန်ပါ့) အခုတော့ ကွက်ပြီးသကာလ ဦးမာဒင် တောင်းထားလို့ ဒုက္ခ ရောက်နေတာ....(မှန်ပါ့ဘုရား)။

တကာကြွယ်က ဘယ်လိုမျှားတောင်းလို့လဲ .... (ကွက်ပြီး တောင်းပါတယ်) ဖြစ်မှဖြစ်ရပလေဗျာ၊ ငှက်ပျောပင် တပင်လုံး ဥစ္စာဘဲတဲ့ တကာတကာမတို့ အမြစ်ကလေးတွင် ဖြစ်ရပါလို့၏ ဆိုလို့ရှိယင်ဖြင့် အပင်က မပါဘဲတော့ နေမှာမဟုတ်ပါဘူး.... (မနေပါ)သဘောပါပလား... (ပါ-ပါပြီဘုရား)။

အဲဒါကြောင့် အားလုံး တကာတကာမတွေ့ ခင်ဗျားတို့ နောက်ကို လူကောင်း,နတ်ကောင်း ဖြစ်ရပါလို့၏လို့ တောင်း ပြီးယင် ဘယ်အခါကာလမှ ခင်ဗျားတို့သည် အဖြည့်အစွက်ကို မထည့်ဘဲမထားပါနဲ့....(မှန်ပါ့) လူကောင်း,နတ်ကောင်းလဲ ဖြစ်ရပါလို့၏၊ ဖြစ်တဲ့နေ့ကစပြီးလဲ သုသာန်ပြေးရပါလို့၏ .... (မှန်ပါ့ဘုရား)။

တကာကြွယ် တောင်းရဲပါ့မလား.... (မတောင်းရဲပါဘုရား) ဟာ....ဘာဖြစ်လို့ မတောင်းရတာတုံး၊ ဒီကျတော့.... (သုသာန် ပြေးရမှာစိုးလို့ပါ) သုသာန်သွားရမှာတော့ ကြောက်တယ် .... (ကြောက်ပါတယ်)ရှင်းပလား....(ရှင်းပါပြီ) နို့မသွားဘဲကော နေသလား....(မနေပါဘုရား)။

သူငယ်နာနဲ့သေတာကော တွေ့ဘူးရဲ့လား .... (တွေ့ဘူးပါ တယ်ဘုရား)သူမပြေးဘဲနဲ့ ရောက်ပါ့မလား.... (မရောက်ပါ)

သူငယ်နာနဲ့သေတာကော တွေ့ဘူးရဲ့လား.... (တွေ့ဘူးပါတယ်) သူသွားလို့ရောက်တာလား၊ မသွားဘဲနဲ့ ရောက်တာလား .... (မသွားဘဲနဲ့ရောက်တာပါဘုရား)။

လူရွယ်-လူလတ် မသာကလေးတွေလဲရှိတယ် တကာတကာမ တို့ အဲဒါကော သူသွားလို့ရောက်တာလား- မသွားဘဲနဲ့ရောက် တာလား....(မသွားဘဲနဲ့ရောက်တာပါ) သွားလို့သုသာန် ရောက်တာ....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒါတွေ ဦးမာဒင်တို့ ထောက်ကြည့်တော့မှ သြော် .... လူဖြစ်ရပါလို့၏ဆိုယင် ဖြစ်တဲ့နေ့ကစပြီး သုသာန်သွားရပါလို့၏ လို့ သစ္စာထည့်လိုက်ဦး.... (မှန်ပါ့) မရဏမွဳဒုက္ခသစ္စ ထည့် လိုက်ဦး တောင်းဖြစ်ပါ့မလား.... (မတောင်းဖြစ်ပါဘုရား)။

ဒါဖြင့် သစ္စာမသိလို့တောင်းတာ(မှန်ပါ့) ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

အင်း...ဘာမသိလို့ပါလိမ့်... (သစ္စာမသိလို့ပါ) သြော်.... ခင်ဗျားတို့ပါးစပ်နှယ် ရှက်စရာကောင်းလိုက်တာ....(မှန်ပါ့)။

တကာကြွယ် ရှက်စရာကြီးပါလား- (ရှက်စရာကြီးပါဘုရား) သစ္စာမသိတာက ဦးမာဒင် အဝိဇ္ဇာ.... (မှန်ပါ့ဘုရား)။

သစ္စာမသိတာက ...(အဝိဇ္ဇာပါ)ဒါဖြင့် ဘာနဲ့တောင်းလိုက် တာတုံး....(အဝိဇ္ဇာနဲ့တောင်းလိုက်တာပါဘုရား)။

အံမာလေး....ကြောက်စရာကြီးပါလား ... (မှန်ပါ့) အဝိဇ္ဇာနဲ့ တောင်းလိုက်တယ်...(မှန်ပါ့)သစ္စာမသိဘဲကိုးဗျ....(မှန်ပါ့)။

မသိတာကဘာတုံး....(အဝိဇ္ဇာပါ) ဒါဖြင့် လူဖြစ်ရပါလို့၏၊ နတ်ဖြစ်ရပါလို့၏ဆိုတာ ဘာနဲ့တောင်းတာတုံး.... (အဝိဇ္ဇာနဲ့

တောင်းတာပါ)ဩြော်....မသိတဲ့လူ တောင်းတာကိုး.... (မှန်ပါ့ဘုရား)။

ဒါကြောင့် မသိသလိုဖြစ်ရရှာကြတယ်....(မှန်ပါ့) မသိသလို သူသာန်ပြေးတဲ့ကိစ္စကြီး ဖြစ်ရရှာကြတယ်... (မှန်ပါ့) ဘယ်နှယ်ကြောင့် ဖြစ်ပါလိမ့်မတုံး....(အဝိဇ္ဇာကြောင့်ပါ) မသိသလိုလုပ်လို့ပေါ့ဗျာ....(မှန်ပါ့) မသိတာက ဘယ်သူပါလိမ့်.... (အဝိဇ္ဇာပါဘုရား)။

ဒါ နားကြီးကြီးနဲ့ နားထောင်ပြီး သစ္စာဆိုက်တော့မှ တကာကြွယ်တို့၊ ဦးမာဒင်တို့ ဩြော်....ဟုတ်ပါလား- ပေါ်လာတယ်....(မှန်ပါ့ဘုရား)။

မသိတာကဘာပါလိမ့်....(အဝိဇ္ဇာပါ)လူ့ခန္ဓာသေရုသွားပါတယ်လို့ မသိတာက ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါ)အဝိဇ္ဇာ (မှန်ပါ့) အဝိဇ္ဇာက ဘာမသိတာတုံး .... (ဒုက္ခသစ္စာလို့မသိပါဘုရား)။

လူခန္ဓာဟာ ဒုက္ခသစ္စာ....(မှန်ပါ့) သေရာပြေးတတ်တဲ့ ဒုက္ခသစ္စာ....(မှန်ပါ့) အဲဒါ မသိလိုက်တာနဲ့ ခင်ဗျားတို့ ဆွမ်းကုန်ကွမ်းကုန်ခံပြီးသကာလ တခါတည်း နိဗ္ဗာနပစ္စယော မလုပ်ဘဲနဲ့ လူဖြစ်ရပါလို့၏၊ နတ်ဖြစ်ရပါလို့၏၊ အကြိမ်ကြိမ်ဖြစ်ရပါလို့၏....ဆိုတော့.... (မှန်ပါ့)ဦးမာဒင် ပါ-မပါစဉ်းစား....(ပါ-ပါတယ်)ပါသွားတယ်၊ မနာဘူးလားဗျာ....(နာပါတယ်) တောင်းရင်းရှက်စရာကြီး.... (မှန်ပါ့ဘုရား)။

တောင်းရင်း တကာကြွယ်ဘယ့်နှယ်တုံး... (ရှက်စရာကြီးပါ) အခုတော့ရှက်တယ်.... (မှန်ပါ့ အခုမှရှက်တာပါ) အခုတော့

ရှက်လာပြီ၊ တောင်ပြီ ခင်ဗျားတို့ အဝတ်ကလေးဝတ်တတ်လာပြီ (မှန်ပါ့)နဂိုရိုက မဝတ်တတ်ဘူး၊ အရှက်ကိုမရှိဘူး....(မှန်ပါ့) ရိပ်မိပလား....(ရိမ်မိပါပြီဘုရား)။

အဲဒါ ဘယ်အချိန်မှာတောင်းလို့ ဘယ်နေရာ သွားတောင်းသတုံး မေးတဲ့အခါကျတော့မှ အရှက်မရှိတဲ့အလုပ်ဘုရားရှေ့မှာသွားလုပ်တယ် ...(မှန်ပါ့ဘုရား)။

ဦးလှဘူး မှန်-မမှန်အကဲခတ်စမ်း.... (မှန်ပါ့) တကာကြွယ်တယ်ဆိုးပါကလား... (ဆိုးပါတယ်) အဝတ်မပါတဲ့ အဓိပ္ပါယ်မရောက်ဘူးလား....(ရောက်ပါတယ်)ဘယ်ရှေ့မှာတုံး... (ဘုရားရှေ့ မှာပါဘုရား)။

ဟာ.... ဘုရားရှေ့ ခွေးကျင်ငယ်စွန့်တာတော့ တယ်မိုက်တဲ့ခွေးလို့ ဆိုချင်ဆိုဟာ ခင်ဗျားတို့က (ဆိုပါတယ်ဘုရား) ကိုယ်ကိုယ်တိုင်ကတော့ ဘုရားရှေ့ အဝိဇ္ဇာနဲ့ဆု တောင်းနေတာ ဦးမာဒင်တော်တာ်ဆိုးတယ်....(ဆိုးပါတယ်) ဦးလှဘူး ဘယ်နှယ်ဆိုကြမလဲ....(တော်တော်ဆိုးပါတယ်ဘုရား)။

တကာတကာမှတော့ သစ္စာသိတဲ့ဉာဏ်နဲ့ ကြည့်လိုက်တော့မှ သြော်....ဒို့ဆိုးချက်လဲ မသေးပါကလား....(မှန်ပါ့ဘုရား)။

ဘယ်နှယ်ဆိုကြမလဲ (ဆိုးချက်မသေးပါ)အတော်ကြီးတယ်နော် (ကြီးပါတယ်) ဘယ်ရှေ့သွားဆိုးတာတုံး.... (ဘုရားရှေ့ သွားဆိုးတာပါ)ဟာ... လွန်ကုန်ပြီ (မှန်ပါ့ဘုရား)။

တကာကြွယ် ဘယ်နှယ်ဆိုမတုံး....(လွန်ကုန်ပါပြီ) လွန်ကုန်ပြီကွာ၊ ဖဲထီးအိုးမဲဆုတ်သလို ဖြစ်ကုန်ပြီဟေ့.... (မှန်ပါ့) မကျေသေးဘူးလား....(ကျပါတယ်ဘုရား)။

ဖဲထီးမှာ နဂိုရိုကမဲမဲ၊ အိုးမဲထပ်သုတ်တော့ ဘယ်ကောင်းနိုင်စရာရှိသေးရဲ့လား....(မကောင်းနိုင်ပါဘုရား)။

အဲဒီတော့ ဘုရားက သစ္စာမျှားသိအောင်လုပ်ပါကွာ၊ မင်းတို့မသိသည်နဲ့တပြိုင်နက်တည်း သေရာပြေးတဲ့ကိုစွကို မရ-အရမျှား မင်းတို့ဆုတောင်းပြည့်အောင် လုပ်နေလို့ရှိယင် မင်းတို့ထက် မိုက်တာတော့ မရှိဘူးဟေ့.... (မှန်ပါ့) မသေရာရှိလျက်သားနဲ့ သေရာပြေးတဲ့ဥစ္စာတောင်းတဲ့ဥစ္စာ မင်းသစ္စာမသိလို့ (မှန်ပါ့)။

သေရာမသိတာက ဒုက္ခသစ္စာမသိတာ.... (မှန်ပါ့) မသေရာမသိတာက နိရောဓသစ္စာမသိတာ.... (မှန်ပါ့) အဲဒါကြောင့် မသိမှုနဲ့ တောင်းချလိုက်တာ တခါတည်း အခုတော့ဖြင့် ကိုယ်တွေ့ပါဘဲ....(မှန်ပါ့)။

ဦးမာဒင် ဘာတဲ့တုံး.... (ကိုယ်တွေ့ပါ) အင်း.... နေ့လား-ညလားဟေ့....(မှန်ပါ့) အင်း.... ကိုယ့်ဟာကိုယ်သိပြီ... (သိပါပြီဘုရား) ခေါင်းလေးကိုက်လာလဲ နေ့လား-ညလားဟေ့.... (မှန်ပါ့) လေကလေးထိုးလာယင်ကော.... (နေ့လား-ညလားပါဘုရား)။

ဟာ... နဂိုရိုက ဒီလိုသိယင် ခင်ဗျားတို့ နေ့လား- ညလားသိယင် ဒီလူ့ပြည်ရောက်ရပါလို့၏ လုပ်မှာမဟုတ်ပါဘူး-(မလုပ်ပါဘုရား)။

ဗျာမိပိ ဒုက္ခသစ္စာ သိလိုက်တာကိုးဗျ....(မှန်ပါ့) အဲဒီ သစ္စာကလေးတလုံးသိလိုက်ယင်ဘဲ တောင်းဖြစ်ပါဦးမလား(မတောင်း

ဖြစ်ပါ့ဘုရား)သြော်.... ခင်ဗျားတို့ အရမ်းလုပ်လာတဲ့လူတွေကိုး (မှန်ပါ့ဘုရား)။

တကာသစ် ဘယ်နှယ်ဆိုမလဲ.... (အရမ်းလုပ်တဲ့လူတွေပါ) တော်တော်ရမ်းတာလား....၊ သေးသေးသွယ်သွယ်ရမ်းတာလား၊ ကြီးကြီးကျယ်ကျယ်ရမ်းတာလား.... (ကြီးကြီးကျယ်ကျယ်ရမ်းတာပါ) တကာကြွယ် ရှေ့ရမ်းချင်သေးသလား.... (မရမ်းချင်တော့ပါဘုရား)။

မရမ်းချင်တော့ဘူး....၊ အံမာလေး.... ဦးမာဒင်· တော့်တော် သေးတယ်၊ အသက်ခြောက်ဆယ်ကျော်မှ မရမ်းချင်တဲ့စိတ်ပေါ်လာလို့....(မှန်ပါ့ဘုရား)။

နေရာကျပြီနော်.... (ကျပါပြီ)ကိုင်း....ဒါဖြင့် တကာတကာမတို့ တနည်းကလေး ဥပမာပြောပါ့မယ်၊ ဒီရမ်းချင်တဲ့ စိတ်ဟာ တခြားကြောင့် ပေါ်တာမဟုတ်ပါဘူး.... (မှန်ပါ့) ရမ်းချင်တဲ့စိတ်ဟာ တခြားကြောင့် ပေါ်တာမဟုတ်ဘူးဆိုတာ ဦးမာဒင် လက်သည်မှတ်လိုက်စမ်း နှလုံးသွင်းမှားလို့....(မှန်ပါ့)။

တကာတကာမတို့ ဒီနေ့တရားတမျိုး မှတ်ထားလိုက်စမ်းပါ (မှန်ပါ့) ဒီရမ်းပြီးသကာလ ဒုက္ခသစ္စာကြီး ဆုတောင်းယူတာ ဘယ်နှယ်ကြောင့်တုံးဆိုယင် .... (နှလုံးသွင်းမှားလို့ပါဘုရား)။

သြော်....မှားတာဘဲ၊လူ့ခန္ဓာကို သုခသစ္စာလို့ထင်လိုက်တယ် (မှန်ပါ့) ဒုက္ခသစ္စာရှိနေတာကို သုခသစ္စာ....လို့ နှလုံးသွင်းမှားလိုက်တာ ဦးမာဒင် လူဖြစ်ရပါလို့၏ ဆုတောင်းတယ်--(မှန်ပါ့)

နှလုံးသွင်းမှား·မမှား အကဲခတ်စမ်း.... (မှားပါတယ်) ပေါ်ကြပလား... (ပေါ်ပါပြီဘုရား)။

တော်တော်သေးတယ်- တော်သေးတယ်၊ ဒီတရားအားထုတ်တဲ့ တကာတကာမတွေ, တရားနာတဲ့ တကာတကာမတွေ သြော် ပင်ရင်းသိရပေသေးတယ်....(မှန်ပါ့)။

ဦးမာဒင် ဘာသိရသတုံး.... (ပင်ရင်းသိရပါတယ်) ပင်ရင်းသိရပေသေးတယ်၊ တော်သေးတယ် (မှန်ပါ့) ပြင်ချိန်ကလေး မှီလိုက်သေးတယ်(မှီပါသေးတယ်ဘုရား)။

ပြင်ချိန်ကလေးဘာတုံး (မှီလိုက်ပါသေးတယ်) မှီရုံကလေး ရှိဘယ်... (မှန်ပါ့) အသေစောတဲ့ပုဂ္ဂိုလ်တွေ သွားကုန်ပြီ၊ မှီကို မမှီလိုက်တော့ဘူး... (မှန်ပါ့)။

ကဲ....ဒါဖြင့် တကာတကာမတို့ နှလုံးသွင်းမှားလို့တဲ့ တကာတကာမတို့နော်... (မှန်ပါ့)။

လူခန္ဓာကာသစ္စာတုံး....(ဒုက္ခသစ္စာပါ)ဘုရားအဆူဆူက ဘာသစ္စာလို့ ဟောသတုံး -(ဒုက္ခသစ္စာလို့ ဟောပါတယ်)ခင်ဗျားတို့က လူဖြစ်ရပါလို့၏ဆိုတော့ နှလုံးသွင်းမှား မမှားကြည့်တော့-(မှားပါတယ်ဘုရား)။

ဦးမာဒင်... အကဲခတ်စမ်း ကိုယ့်ဟာကိုယ်....(မှားပါတယ်) ဘာမှားတာတုံး(နှလုံးသွင်းမှားတာပါ)ဒါဖြင့် အယောနိသောမနသိကာရပေါ့....(မှန်ပါ့ဘုရား) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဘာဆိုကြမလဲ....(အယောနိသော မနသိကာရပါဘုရား) မြန်မာလိုပြန်လိုက်တော့ နှလုံးသွင်းမှား....(မှန်ပါ့)။

တကာသစ်ရေ ... ဒါ အတော်ပြင်ရတယ်နော်....(မှန်ပါ့) ဦးမာဒင် အတော်ပြင်ရတယ်... (ပြင်ရပါ့တယ်ဘုရား) မပြင်ယင် တော်ပါ့မလား....(မတော်ပါဘုရား)။

မပြင်ယင် ခင်ဗျားတို့ ဂျမ်းထိုးမှောက်ခုံနဲ့ အလောင်းချင်း ထပ်တဲ့အလုပ် လုပ်ဦးမှာဘဲ....(မှန်ပါ့)။

အလောင်းချင်းထပ်တဲ့ အလုပ်ကို....(လုပ်ရမှာပါဘုရား) လုပ်ရဦးမှာ သိပ်ကြောက်စရာကောင်းတယ်....(မှန်ပါ့)တကာသစ်ရေ သဘောကျပလား....(ကျပ ပြီဘုရား)။

ကောင်းပြီ....ဒါဖြင့် နှလုံးသွင်းမှားမှုကြောင့် တကာတကာမတို့ ဒါ့ကြောင့် နှလုံးသွင်းမှားတာသည် မြေနဲ့ တူတယ်....(မှန်လှပါဘုရား) အဝိဇ္ဇာက ဒီအပေါ်မှာပေါက်တဲ့ မျိုးစေ့နဲ့ တူတယ်....(မှန်ပါ့)။

နှလုံးသွင်းမှားက ဘာနဲ့ တူသလဲ....(မြေနဲ့ တူပါတယ်) အဝိဇ္ဇာက ဘာနဲ့တူသလဲ....(မျိုးစေ့နဲ့ တူပါတယ်)မျိုးစေ့နဲ့ တူဘယ် .. (မှန်ပါ့)။

သြော်... ဒါဖြင့် တကာတကာမတို့ မြေကလဲ မြေကြမ်း .... (မှန်ပါ့)မျိုးစေ့ကလဲ အဆိပ်....(မှန်ပါ့)။

မြေကလဲ....(မြေကြမ်းပါဘုရား) မျိုးစေ့ကလဲ....(အဆိပ်ပါဘုရား)။

အင်း... ခင်ဗျားတို့ကလဲ ခက်လိုက်တဲ့လူတွေက မပြောပါနဲ့ တော့ ဒီအထဲမှာ တဏှာဆိုတဲ့ ခင်မှု, ကြင်မှု, ကြင်နာမှုကလဲ ခင်ဗျားတို့ကရှိကြတယ်... (ရှိပါတယ်) ဒီတဏှာရေကို ဒီအဝိဇ္ဇာ မျိုးစေ့လောင်းပြန်တယ်.... (မှန်ပါ့)။

အင်း.... ဒီအပင်ကြီးတော့ဖြင့် ပေါက်ဦးတော့မှာဘဲ-(ပေါက် မှာပါဘုရား)။

မြေကလဲ ဘာမြေတဲ့ဗျာ.... (မြေကြီးပါ)အယောနိသော မနသိကာရမြေ ဆိုကတည်းက ဘူမိနက်သန် မမှန်တဲ့မြေ .... (မှန်လှပါဘုရား)ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဘူမိနက်သန် .... (မမှန်တဲ့ မြေပါဘုရား) ကြက်သရေမင်္ဂလာ မရှိတဲ့ မြေ.... (မှန်ပါ့)။

အဲဒီ မြေပေါ်မှာ မသိအဝိဇ္ဇာမျိုးစေ့စိုက်ပြန်တယ် ဦးမာဒင်ရ... (မှန်ပါ့)။

ပြီးတော့မှ ခင်ဗျားတို့က တဏှာတည်းဟူသော ရေတွေကို လောင်းကြပြန်တယ်.... (လောင်းပါတယ်ဘုရား)။

သားခင်မှု, သမီးခင်မှုတွေက မသိလို့ ခင်တာကိုးဗျ... (မှန်ပါ့) မသိတဲ့အပေါ် ခင်မှုတွေ ထပ်မနေဘူးလား.... (ထပ်နေပါတယ် ဘုရား)။

ဒါဖြင့် ဒီမျိုးစေ့ပြန်လောင်းရာ မရောက်ဘူးလား.... (ရောက် ပါတယ်ဘုရား)ဘယ်နှယ်ကြောင့် မသိသတုံးဆိုတော့ နှလုံးသွင်း မှားလို့ဆိုတော့ သူက မြေဖြစ်နေတယ်.... (မှန်ပါ့)။

ကြပ်ကြပ်စည်းစားပါ တကာ တကာမတို့၊ ဒီနေ့တရားဟာ တော်တော်နက်တယ်လို့လဲ အောက်မေ့ပါ...(အောက်မေ့ပါတယ်ဘုရား) တကာကြွယ်.... တခါမှ မကြားဘူးသေးဘူး.... (မကြားဘူးပါဘုရား) ဦးမာဒင်ကော တခါမှ မကြားဘူးသေးဘူး.....(မကြားဘူးပါဘုရား)။

နှလုံးသွင်းမှားတယ်ဟူသောမြေပေါ်၌ မသိအဝိဇ္ဇာမျိုးစေ့စိုက်ခဲ့ကြတယ်....(မှန်ပါ့) သားခင်, သမီးခင်, ဆွေခင်, မျိုးခင် ဆိုတဲ့ တဏှာရေတွေကို မသိလို့ လောင်းခဲ့ကြတယ်.... (လောင်းပါတယ်ဘုရား)။

လောင်းပြန်တော့ ခန္ဓာပင် ဒုက္ခသစ္စာကြီး ပေါက်လာတယ်-(ပေါက်လာပါတယ်ဘုရား) ခန္ဓာပင် ဒုက္ခသစ္စာကြီး မပေါက်ဘူးလား.... (ပေါက်ပါတယ်ဘုရာ) ဒါ့ကြောင့် အဝိဇ္ဇာတဏှာကြောင့် သတ္တဝါရေသောက်မြစ်ဆိုတာ ပေါ်လာတယ်....(ပေါ်လာပါတယ်ဘုရား) မပေါ်သေးဘူးလား.... (ပေါ်ပါတယ်ဘုရား)။

တကာကြွယ် ဒါဖြင့် နှလုံးသွင်းမှားတဲ့မြေပေါ်မှာ အဝိဇ္ဇာမျိုးစေ့စိုက်ပြီး တဏှာရေလောင်းလို့ ဒုက္ခသစ္စာ ခန္ဓာပင်ပေါက်ပါတဲ့ယ်....(မှန်ပါ့) ဒီအပင်ကြီးကနေပေါက်ပြီးသကာလ ဒီခန္ဓာကြီးကနေပြီးသကာလ သားရေး, သမီးရေး, စီးပွားရေးဆိုတဲ့ အလုပ်တွေလုပ်ပြန်တော့လဲ ခုနင်က ပြောခဲ့တဲ့ နှလုံးသွင်းမှားတဲ့ အသီးတွေဘဲ ပြန်သီးတယ်.... (မှန်လှပါ) မဆိုးဝါးဘူးလား.... (ဆိုးဝါးပါတယ်ဘုရား) နှလုံးသွင်းမှားတဲ့ အသီးအပွင့်တွေဘဲ မလာဘူးလား....(လာပါတယ်ဘုရား)။

ဒါခေတ္တက ပြန်ပြီးသကာလ နှလုံးသွင်းမှားတဲ့ မြေပေါ် ပြန်ကျပြန်တော့ အဝိဇ္ဇာမျိုးစေ့ကျပြန်တယ်.... (မှန်ပါ့) တဏှာရေက... (လောင်းပြန်ပါတယ်ဘုရား) အဆိပ်ပင်ကြီးက ပေါက်ပြန်တယ်(ပေါက်ပါတယ်ဘုရား)။

သီးပြန်ပွင့်ပြန်ပြီး ဆက်ပေါက်နေမယ်ဆိုယင်ဖြင့် ဒီခန္ဓာကြီးဟာ ဒုက္ခစက်လည်နေတဲ့ပဋိစ္စသမုပ္ပါဒ်မူတ်လိုက်(မှန်ပါ့)ကြောက်စရာကြီးပါလား....(ကြောက်စရာကြီးပါဘုရား)။

တကာကြွယ်-ဥာဏ်နားနဲ့ထောင်ကြည့်မှ ဒီဥစ္စာ အရေးတကြီးကြောက်စရာဖြစ်တယ်.. (မှန်လှပါ) ရှင်းကြရဲ့လား.... (ရှင်းပါတယ်ဘုရား)။

အိမ်ရောက်ယင် ခင်ဗျားတို့ ဒီမြေကို ပြင်ကြတော့မယ်.... (မှန်ပါ့) ကဲ.. တရားပွဲက ပြန်လို့ရှိယင်ဖြင့် ငါ့သားကလေးဘဲ, ငါ့သမီးကလေးဘဲ ဆိုကတည်းက တကာသစ်-ရေ... သွားပြီ.... (သွားပါပြီဘုရား) နှလုံးသွင်းမှားနဲ့မြေကို တည်လိုက်ပြန်ပြီ.... (မှန်ပါ့) သဘောကျပလား... (ကျပါပြီ) သိလို့လား-မသိလို့လားလို့ မေးပြန်တော့.... (မသိလို့ပါဘုရား) မသိတော့ ဒဲ့ဒီမြေပေါ်မှာ အဝိဇ္ဇာမျိုးစေ့က ကျပြန်တယ်....(မှန်ပါ့)။

ဒါဖြင့် ဒီသား,သမီးကလေးတွေ ခင်ကြရဲ့လား· မင်ကြရဲ့လား·လို့ မေးပြန်တော့....(ခင်ပါတယ်ဘုရား) ဟာ_တဏှာရေက လောင်းပြန်ပြီ·အဝိဇ္ဇာမျိုးစေ့ကို....(မှန်ပါ့) ဒါဖြင့် နောက်ခန္ဓာပေါက်မှ ပေါက်ပါ့မလား....(ပေါက်ပါတယ်ဘုရား)။

အဲဒါ ဘာပင်တုံးလို့ မေးကြည့်ယင် ဒုက္ခသစ္စာအဆိပ်ပင်ကြီးပေါက်မှာဘဲ.... (မှန်ပါ့) တခြား ဘာပေါက်စရာရှိသေးသတုံး

(မရှိပါဘုရား) ဦးမာဒင် ရိပ်မိပလား....(ရိပ်မိပါပြီ)တော်တော် အရေးမကြီးဘူးလား....(အရေးကြီးပါတယ်ဘုရား)။

ကိုင်း.... ဒါ့ကြောင့် ဘုန်းကြီးတို့ တကာတကာမတွေသည် နှလုံးသွင်းမှုန်ဘို့ရာ တကာကြွယ် သိပ်အရေးကြီးပါလား· (ကြီးပါတယ်ဘုရား) အဝိဇ္ဇာမျိုးစေ့က ဝိဇ္ဇာဖြစ်ဘို့ဆုလဲ သိပ်အရေးကြီးတယ်-(ကြီးပါတယ်ဘုရား) တဏှာရေကို မလောင်းမိအောင်လဲ အလွန်ဘဲ ရှောင်ရလိမ့်မယ်....(ရှောင်ရပါမယ်ဘုရား)။

ဒါမှသာလျှင် ဒီအဆိပ်ပင်ကြီးဟာ မပေါက်ဘဲရပ်သွားမယ် (မှုန်ပါ့) နို့မဟုတ်ယင် ခန္ဓာအဆိပ်ပင်ကြီးသည် ဆက်ပေါက်နေမှာဘဲ....(ပေါက်မှာပါဘုရား) ဦးမာဒင် မပေါက်ပေဘူးလား (ပေါက်ပါတယ်ဘုရား) သိပ်ကြောက်စရာကောင်းပါလား.... (ကောင်းပါတယ်ဘုရား)။

ဉာဏ်ကြီးကြီးနဲ့ နားထောင်တော့မှ သြော်.... ဘော်တော် အရေးကြီးနေပါပေါ့လားဆိုတာ ပေါ်လာကြတယ်.... (မှုန်ပါ့ဘုရား)။

တကာတကာမတို့ ဘာနဲ့ နားထောင်ရမယ်.... (ဉာဏ်နားကြီးကြီးနဲ့ ထောင်ရပါမယ်ဘုရား) သစ္စဉာဏ်နားနဲ့ ထောင်ကြ· (မှုန်ပါ့)။

ဘာနားနဲ့ထောင်ရမယ်....(သစ္စဉာဏ်နားနဲ့ ထောင်ရပါမယ် ဘုရား) သစ္စဉာဏ်နားနဲ့ထောင်တော့မှ သြော်... ဒီ သမုဒယပင် ရှိယင် ဒီဒုက္ခပင် ပေါက်မှာဘဲ....(မှုန်ပါ့)။

'ဒီအယောနိသမနသိကာရဆိုတဲ့နှလုံးသွင်းမှုမျိုး၊ ဒီအဝိဇ္ဇာတည်းဟူသော မျိုးစေ့စိုက်၊ ဒီတဏှာ ရေလောင်း ဆိုတော့

ဒီသမုဒယတွေကြောင့်ခန္ဓာဒုက္ခပင်ကြီးတော့ပေါက်ဦးတော့မှာဘဲ (မှန်ပါ့) အိုမှု,နာမှု,သေမှုအပြည့်ရှိတဲ့ ခန္ဓာကြီး မပေါက်ပေဘူးလား....(ပေါက်ပါတယ်ဘုရား)။

သူက တခါ လောကီရေးရာတွေ လုပ်ပြန်, ကိုင်ပြန်တော့ အသိုးအပုဇ်တွေလာမလား-မလာဘူးလား.... (လာမှာပါဘုရား) လာယင် မျိုးစေ့တွေဆက်ကျပြီး တကာကြွယ် ဒီအပင် စခန်းသတ်ပါ့မလား....(မသတ်ပါဘုရား) ရှင်းပလား.... (ရှင်းပါပြီ) ဒါဖြင့် တသံသရာလုံးနေခဲ့တာ ဦးမာဒင် ဒီအတိုင်းဘဲ-(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီ)။

ကောင်းပြီ.... ဒါဖြင့် ဘုန်းကြီးတို့ တကာ တကာမတွေ ဒီအရေးဟာဖြင့် နှလုံးသွင်းမှန်ဘို့အရေးဟာ အရေးကြီးသွားပြီ (ကြီးသွားပါပြီဘုရား) သဒ္ဓါဘာကျပြီနော်... (ကျပါပြီ)။

ကောင်းပြီ... ဒါဖြင့် ဒီခန္ဓာကြီး ဇာတ်မသိမ်းသ၍ကာလ ပတ်လုံးဖြင့်, အဆိပ်ပင်ကြီး ဇာတ်မသိမ်းသ၍ကာလပတ်လုံးဖြင့် အဆိပ်မျိုးစေ့ ၄တ္ဆ ကျပြီး အဆိပ်ပင်တွေ ပေါက်ပြီးသကာလ သေပဲ့ချည့်ဝင်ရဦးမှာဘဲ(ဝင်ရဦးမှာပါဘုရား) မဝင်ကြရပေဘူးလား....(ဝင်ကြရမှာပါဘုရား)။

အဲဒါတွေ ဉာဏ်နဲ့ သေသေချာချာ စဉ်းစားကြည့်တော့မှ သြော်....ငါတို့ မူတည်ကဖြင့် လဲခဲ့ပြီ... (မှန်ပါ့ဘုရား) မြေကလဲ မကောင်း, မျိုးစေ့ကလဲ မကောင်း, ရေလောင်းကလဲ မှား.... (မှန်ပါ့)။

ပေါက်တဲ့အပင်ကြီးကလဲ ခန္ဓာပင်ကြီးကိုး... (မှန်လှပါ) ခန္ဓာပင်ကြီးကလဲ အိုဘေး,နာဘေး,သေဘေးအပြည့်နဲ့- (မှန်ပါ့) တကာကြွယ် ကောင်းသေးရဲ့ဟား...(မကောင်းပါဘုရား)။

အဲဒါတွေ အခု ဦးမာဒင်တို့ ဉာဏ်ရောက်ကြည့်တော့မှ သြော်... ဒို့ဖြစ်တဲ့ဟာ အဖြစ်ဆိုးကြီးပါကလား....(မှန်ပါ့)။

ဒါ့ကြောင့် ကိုယ့်ဟာကစလေးနဲ့ ကိုယ် တင်းမတိမ်နဲ့....လို့ ပဌမကပြောခဲ့တာ တကာသစ် ရိပ်မိပြီ... (ရိပ်မိပါပြီဘုရား)။

ဒီတရားမျိုးကို မနာရပြီဆိုမှဖြင့် သူပြောလူခပြောနဲ့ ခင်ဗျား တို့ ပြုံးနေလိမ့်မယ်....(မှန်ပါ့) သူပြောလူပြောနဲ့ ဦးမာဒင်တို့က ပြုံးလိမ့်မယ်....(ပြုံးပါတယ်ဘုရား)။

သြော်.... ခင်ဗျားတို့ဘဝက တယ်အကြောင်းကောင်းတယ်၊ နေနိုင်,ထိုင်နိုင်, အသင့်အတင့် စားနိုင်,သောက်နိုင်နဲ့ မကြောင့်မကြ မတောင့်မတနဲ့ တော်သေးတယ်၊ တော်သေးတယ်၊ တော်သေးတယ် ဆိုတာကို ကိုယ်က ရောမျှားပြုံးလိုက်ချင်သေးတယ် (မှန်ပါ့) မြေက ဘာမြေတုံး.. (မြေညံ့ပါ) မျိုးစေ့ကကော.... (အဆိပ်မျိုးစေ့ပါဘုရား) အဆိပ်မျိုးစေ့ဘဲ....(မှန်ပါ့) ရေကလဲ အဆိပ်ရေဘဲလောင်းတယ်... (မှန်ပါ့)။

ပေါက်တဲ့ ခန္ဓာပင်ကြီးကလဲ .... ခဏခဏ သူ့အဆိပ်နဲ့ သူသေတာဘဲ... (မှန်ပါ့) သူ့ပထဝီနဲ့ဘဲ သူ့သတ်, သူသေပြန်တာဘဲ... (သေပါတယ်ဘုရား) သူ့အာပေါဓာတ်က သူ့သတ် ပြန်လဲ... (သေပါတယ်ဘုရား)။

ကိုင်း... အဆိပ်ပင်ကြီးပေါက်လို့ သူ့အဆိပ်နဲ့ သူသေရတဲ့ အဖြစ်မျိုးဟာ တော်သေးရဲ့လို့ ပြောတဲ့ပုဂ္ဂိုလ်မျှားဟာ တကာကြွယ်တို့က ယောင်ချင်သေးသလား.... (မယောင်ချင်ပါဘုရား) မသိပြော-ပြောရှာတယ်....(မှန်ပါ့)။

တကာသစ် ဘာတုံး... (မသိပြော,ပြောပါတယ်ဘုရား) မသိပြော,ပြောတာကို ခင်ဗျားတို့က ပြုံးများ နေလိုက်မယ်ဆိုယင် ဖြင့် ပြောတဲ့လူထက်ဆိုးတယ်.... (ဆိုးပါတယ်) ပြောတဲ့လူထက် (ဆိုးပါတယ်ဘုရား) ရိပ်မိကြရဲ့လား.... (ရိပ်မိပါတယ်ဘုရား)။

နောက် မပြုံးကြပါနဲ့ဦးဗျ၊ ပြုံးချိန်ရောက်တော့ ဘုန်းကြီးက ပြောပါမယ်....(မှန်ပါ့)။

ပြုံးချိန်ရောက်တော့ ဟော.... အပါယ်တံခါးပိတ်ပြီ၊ ဒီဌိဝိစိကိစ္ဆာသေပြီ၊ ဟာ.... တကာသစ် ပြုံးစမ်းဗျာ- စိတ်ချရပြီဆိုတော့ တကာကြွယ် ပြုံးရုံမက ရယ်ဘဲနေနေပေါ့ဗျာ-(မှန်ပါဘုရား)။

အခုအချိန်ကတော့ အင်း... ငါသေ အပါယ်သွားရမှာဆိုတဲ့ မျိုးစေ့က ဝမ်းထဲမှာ ရှိနေသေးတော့ မပြုံးနဲ့ဦးလို့ ဦးမာဒင် တို့ရော အားလုံး တကာတကာမတွေ့ရော မှာရတယ်....(မှာရပါတယ်ဘုရား)ပြုံးယင် အရှုးပြုံးဖြစ်သွားမယ်....(မှန်ပါ့) ကြိုးပေးခါနီး ပြုံးတဲ့အပြုံးဟာ အလကားအပြုံး.... (မှန်ပါ့) မဟုတ်ဘူးလား... (မှန်ပါ့)။

အဲဒီလိုဖြစ်မှာစိုးလို့ မသိပြုံးဖြင့် မပြုံးလိုက်ပါနဲ့ဆိုတာ တကာကြွယ် သတိပေးရတယ်.... (မှန်ပါ့) ပေးထိုက် မပေးထိုက် (ပေးထိုက်ပါတယ်ဘုရား) ရှင်းပြီနော်....(ရှင်းပါပြီ)။

ကိုင်း....ဒါဖြင့် ဝိပဿနာအလုပ်,မလုပ်ရသေးလို့ ဒုက္ခချုပ်တဲ့ နိဗ္ဗာန်ကြီး မမြင်ရသေးလို့ရှိယင် တကာကြွယ် မပြုံးနဲ့ဦး.... (မှန်လှပါ) ဦးမာဒင် ဘာတဲ့တုံး...(မပြုံးနဲ့ဦး_)။

ဘာဖြစ်လို့ ဘုန်းကြီးဒါလောက်မှာပါလိမ့်မတုံး၊ အို- ဝမ်းထဲမှာ ငရဲမျိုးစေ့ကရှိတယ်ဗျ ... (မှန်ပါ့) ဖျတ်ဆို စုတေမနေသေလွန်ယင် ဟိုမှာ ငရဲကောင်အပင် ပေါက်ရမှာ.... (မှန်ပါ့) ကဲ... ပြုံးသင့် မပြုံးသင့်.... (မပြုံးသင့်ပါဘုရား)။

အဲဒါ့ကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ ဝိပဿနာလုပ်ပါ... (မှန်ပါ့)လုပ်ရုံကလေး လုပ်မနေဘဲ အဆုံးလဲလိုက်လိုက်ပါ... (မှန်ပါ့)ကဲ....တကာသစ် တိုက်တွန်းထိုက်-မတိုက်တွန်းထိုက် (တိုက်တွန်းထိုက်ပါတယ်)ရှင်းပလား.... (ရှင်းပါပြီဘုရား)။

အေး....ဒါ့ကြောင့် အားလုံး တကာတကာမတွေ အရေးကြီးတဲ့ တရားကို ဟောနေလို့ ရှိယင် အရေးအကြီးဆုံး စိတ်ထဲကထားပြီး နာရလိမ့်မယ်....(မှန်ပါ့ဘုရား)။

ဦးမာဒင် နို့ မဟုတ် တော်ပါ့မလား....(မတော်ပါဘုရား) မတော်ဘူးတဲ့၊ ကိုယ့်ဟာကိုယ် မသိပြုံး-ပြုံးပြီးသကာလ အရပ်ထဲမှာ မသိတဲ့လူမြောက်ပြီး မလိမ်မာတဲ့လူက တွေးတဲ့သဘောဟာဖြင့် ဒါ အလကားလူတွေ စုပြီးသကာလနေလို့ အဝိဇ္ဇာနယ်ထဲကလူချင်း စကားပြောနေတာကို ကျုပ်တို့က ဘုရားသခင် ကိုယ်တော်မြတ်ကြီးဉာဏ်နဲ့ ဘုရားသခင် ကိုယ်တော်မြတ်ကြီး မျက်လုံးနဲ့ ကြည့်တော့ကို ဦးမာဒင်ရေ အရှုးတွေ တယောက်နဲ့ တယောက်မြောက်နေတာဘဲ.... (မှန်ပါ့) ဆိုထိုက်- မဆိုထိုက်.... (ဆိုထိုက်ပါ့တယ်ဘုရား)။

အဲဒီကျအောင် ဒီက တကာတကာမတွေ စိတ်ထားပြင်းပြကြပါဆိုတာ သတိပေးလိုက်တယ်.... (မှန်ပါ့) မသိပြုံး- ပြုံးပြီး

သကာလ မသိနေ-နေတဲ့ ပုဂ္ဂိုလ်နဲ့ ဘာမှခင်ဗျားတို့ မယှဉ်ပြိုင်ပါနဲ့....(မှန်ပါ့) သစ္စာမသိရှာကြဘူး....(မှန်ပါ့ဘုရား)။

သုသာန်သွားရင်း ပြုံးနေတာကိုပင်လျှင် သူက အာဘိုးတန်တယ်လို့ ဦးမာဒင် ထင်ချင်ထင်မယ်... (မှန်ပါ့) လမ်းသွားရင်း ပြုံးတော့ သူလမ်းသွားစာ တလှမ်းနဲ့တလှမ်း သုသာန်ဘယ်ဟာကနီးသတုံး... (နောက်ခြေလှမ်းက နီးပါတယ်ဘုရား) ပဌမအလှမ်းထက် ဒုတိယအလှမ်းက....(နီးပါတယ်) ဒုတိယထက် တတိယအလှမ်းက—(နီးပါတယ်) ပိုပြီးနီးတယ်(မှန်ပါ့ဘုရား)။

အဲဒီအချိန် ပြုံးလိုက်တော့ တကာသစ်က ဘယ်နှယ်တုံး.... ဘယ်သွားရင်း ပြုံးတာပါလိမ့်.... (သုသာန်သွားရင်းပြုံးတာပါဘုရား)။

ဒါဖြင့် ဒါလောက်မသိတဲ့လူတွေက ခင်ဗျားတို့ကို ပြောလို့ ခင်ဗျားတို့ကလဲ ပြုံးမိမယ်ဆိုယင် ငရဲမျိုးစေ့ကလဲ ဝမ်းထဲရှိတုန်း....(မှန်ပါ့) ကိုယ်ကလဲ ပြုံးမိမယ်ဆိုယင်ဖြင့် ဟိုမြောက်တဲ့လူထက် ပြုံးတဲ့လူက ပိုမိုက်တယ်....(မှန်ပါ့)ဆိုထိုက်- မဆိုထိုက်-(ဆိုထိုက်ပါတယ်ဘုရား)။

အေး....ဒါကြောင့် ကြပ်ကြပ်စည်းစားပြီး ဒီတရားကိုလိုတာတွေဖြည့်နေပါလား....(မှန်ပါ့) အရေးကြီးတဲ့ အချက်တွေကို ပယ်ထုတ်နေပါကလား .... (မှန်ပါ့) မသိတဲ့လူနဲ့ ရောလို့ဖြင့် အလကားပါဘဲဆိုတဲ့ အဓိပ္ပါယ်တွေဟာ ရှင်းသွားပါပြီ .... (ရှင်းသွားပါပြီ)သဘောပါပလား....(ပါ-ပါပြီဘုရား)။

ကိုင်း... ဒါဖြင့် တကာသစ်ရေ နှလုံးသွင်းမှန်အောင်လုပ်ကြစို့....(မှန်ပါ့ဘုရား)။

နှလုံးသွင်းမှုန်အောင်....(လုပ်ရမယ်) နှလုံးသွင်းသာ မှုန်သွားလို့ ရှိယင်ဖြင့် ဒီမြေပေါ်မှာ အဝိဇ္ဇာမျိုးစေ့ စိုက်သေးရဲ့လား-(မစိုက်ပါဘုရား) တဏှာရေကော လောင်းသေးရဲ့လား .... (မလောင်းပါ)ခန္ဓာပင် အဆိပ်ပင်ကြီးကော ပေါက်ဦးမှာလား (မပေါက်ပါ) သန်စရာ, ထွားစရာရှိသေးရဲ့လား .... (မရှိပါဘုရား)။

အဝိဇ္ဇာမျိုးစေ့က ခန္ဓာကြီး တည်ထောင်လိုက်လို့ တဏှာရေလဲ မလောင်းတော့ပါဘူး ဆိုလို့ရှိယင်ဖြင့်တဲ့ တကာတကာမတို့ နှလုံးသွင်းမှုန်တဲ့ မြေပေါ်မှာ ဝိဇ္ဇာမျိုးစေ့စိုက်ပြီး သဒ္ဓါရေလောင်းရလိမ့်မယ်....(မှုန်ပါ့) ရှင်းပလား .... (ရှင်းပါပြီ)ဒါမှ ဒုက္ခသိမ်းတဲ့ အဆိပ်ပင်ပျောက်မယ်....(မှုန်ပါ့)ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ကဲ....ဒါဖြင့် တကာကြွယ်ရေ တော်ဘော် အရေးကြီးပေါ့ဆိုတာ သေချာသွားပြီ..(သေချာသွားပါပြီ) မသေချာဘူးလား....(သေချာပါတယ်ဘုရား)။

အဲဒီတော့ကို အခုပြောနေတဲ့ တရားသည် ဦးမာဒင်တို့ သေသေချာချာမှတ်ပါ၊ သြော် .... ဒို့နဂိုရှိသိထားတဲ့ အသိနဲ့ အခု ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဟောကြား ညွှန်ပြမည့် အသိနဲ့ဟာ အများကြီးခြားနားနေပါကလား၊ ဒို့ဟာခလေးစိတ်နဲ့ ခလေးပျော် ပျော်နေတဲ့အဓိပ္ပါယ်ဘဲ ရှိပါသေးကလား ဆိုတာ ပေါ်လာတယ်....(ပေါ်လာပါတယ်) မပေါ်လာဘူးလား....(ပေါ်လာပါတယ်ဘုရား)။

ခင်ဗျား အလှူတကာကြီးဘဲ၊ ကျောင်းတကာကြီးဘဲ၊ဘုရား တကာကြီးဘဲဆိုယင်ဖြင့် တကာကွယ်က ပြုံးချင်လဲပြုံးပစ်လိုက်မယ်....(ပြုံးပါတယ်)အင်း....ဒီဌီက မပြုတ်သေးတော့ ပြုံးလို့ ဖြစ်ရဲ့လား....(မဖြစ်ပါဘုရား)။

ဒီဌီကမပြုတ်သေးတော့ နတ်ရွာသုဂတိတက်သွားလဲ ခဏပေါ့ဗျ....(မှန်ပါ့) ဒီဌီကဆွဲမချပေဘူးလား.... (ချပါတယ်) ဒါဖြင့် ဦးမာဒင်က အကဲခတ်တော့ အလကားပြုံးတာပါကွာ(မှန်ပါ့) ယာယီပြုံးတာ၊ ခေတ္တနားတာဘဲ၊ ဒုတ်ကလေးအထက်မြောက်တော့အရှိန်သက်သလောက်ပါ(မှန်ပါ့) နောက်ဆုံးပိတ် အပါယ်ရောက်မှာပါဘဲ....(မှန်ပါ့)အလကား သူကျောင်းတကာဆိုပြီး ပြုံးနေတာ....(မှန်ပါ့)ဆိုတော့ ဒီအပြုံးဟာ တော်ပါ့မလား.... (မတော်ပါဘုရား)။

အဲဒါကြောင့် ပြုံးချိန်ရောက်တော့ ဆရာဘုန်းကြီးကပြော ပါ့မယ်လို့ပြောတာ .... (မှန်ပါ့)ဖြစ်ပျက်တွေ ရှုကြည့်ပါဦး၊ ဖြစ်ပျက်ဆုံးတဲ့ နိဗ္ဗာန်ကြီးမြင်ရတဲ့ အခါကျတော့ ဦးမာဒင် ပြုံးပေတော့... (မှန်ပါ့)သဘောကျပလား.... (ကျပါပြီဘုရား)။

အခုအချိန်မှာဖြင့် ငရဲမျိုးစေ့ ဝမ်းထဲမှာ ရှိလျက်သားနဲ့ အဆိပ်သောက်ထားတဲ့ ပုဂ္ဂိုလ်က ပြုံးလို့ရှိယင်ဖြင့် သေကာနီး ပြုံးဖြစ်ပါတယ် _ (မှန်ပါ့)ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ကဲ .... ဒါဖြင့် အိမ်တွင်းပဋိစ္စသမုပ္ပါဒ်ကို ပြန်လှည့်ကြစို့ နှလုံးသွင်းမှန်ရအောင်နော်....(မှန်ပါ့ဘုရား)။

ခင်ဗျားတို့ ပဋိစ္စသမုပ္ပါဒ်ဟာ ဘယ်မှာရှိသတုံးလို့ တကာ တကာမတွေကို မေးလို့ရှိယင် စာထဲမှာရှိတယ်တဲ့ .... (မှန်ပါ့)

မဟုတ်ပါဘူး၊ ခန္ဓာမှာရှိတာကို မှတ်တမ်းလုပ်တာ .... (မှန်ပါ ဘုရား)။

ခန္ဓာမှာရှိတာကို....(စာက မှတ်တမ်းလုပ်တာပါ)စာက မှတ် တမ်းလုပ်ဒေတာ့ အရှိက ဘယ်မှာတုံး.... (ခန္ဓာမှာပါ) ခန္ဓာကြီး ရေးထားတဲ့ စက်ဝိုင်းကြီးလို့ မှတ်ထားလိုက်စမ်းပါ.... (မှန်ပါ့)။

ဘယ်သူ့ ရေးထားဘာတုံး.... (ခန္ဓာကြီး ရေးထားတာပါ) ခန္ဓာရေးထားတဲ့ စက်ဝိုင်းလိုဘဲ- ခန္ဓာဒီလိုဝိုင်းစာယ်လို့ပြတာ .... (မှန်ပါ့)သဘောကျပလား....(ကျေပါပြီဘုရား)။

အဲဒီစက်ဝိုင်ကြီးကြည့်လိုက်ဒေတာ့ ခန္ဓာကိုလုပ်ဘဲ့ လက်သည် ရယ်၊ ခန္ဓာရယ်၊ခန္ဓာကပေါက်ပွားဘာတွေရယ် အကုန်ရှင်းတယ် (မှန်ပါ့)သဘောကျပလား....(ကျေပါပြီဘုရား)။

ဒါ့ကြောင့် တကာတကားမတို့ အဲဒီပဋိစ္စသမုပ္ပါဒ် အသာ ထားပြီး ကိုယ်နေ့တိုင်း အိမ်ထဲတွင်လှည့်တဲ့ ပဋိစ္စသမုပ္ပါဒ်ပြော မယ်... (မှန်ပါ့ဘုရား)။

ဘယ်လှည့်တဲ့ ပဋိစ္စသမုပ္ပါဒ်တုံး.... (အိမ်ထဲတွင်လှည့်တဲ့ ပဋိစ္စ သမုပ္ပါဒ်ပါ) အံမာ·သံသရာကြီးကိုကျုပ်တို့ မလှည့်ဘူး၊အိမ်ထဲက စပြီး လှည့်စမ်းလိုက်ဦးမယ်....(မှန်ပါဘုရား)။

တကာကြွယ်ရေ. သံသရာက သေမှလှည့်ရမှာ.... (မှန်ပါ့) မဟုတ်ဘူးလား... (ဟုတ်ပါတယ်)အခု ဘယ်တွင်လှည့်စမ်းသလဲ (အိမ်တွင်လှည့်စမ်းပါတယ်) အံ့မာလေ-.... တယ်ရဲတဲ့ လူတွေ့ပါ ကလား .. (မှန်ပါ့) ကြောက်စရာပါကလား တကာသစ်.... (မှန်ပါ့ဘုရား)။

သို့သော်တဲ့ဒီဥစ္စာ သုတ်မဟာဝါပါဠိတော် မဟာနိဒါနသုတ်မှာ ကိုယ်တော်တိုင်ဟောတာ....(မှန်ပါ့) ဘုန်းကြီးက နာမည်ပေးတော့ ခင်ဗျားတို့ကို အိမ်တွင်းပဋိစ္စသမုပ္ပါဒ်လို့ ပေးရခြင်းဖြစ်ပါတယ်၊ အိမ်ထဲတွင် မသာဖြစ်တဲ့ ပဋိစ္စသမုပ္ပါဒ်ဖြစ်နေလို့ (မှန်ပါ)အိမ်ထဲတွင်ဖြစ်နေတဲ့ ပဋိစ္စသမုပ္ပါဒ်ကို အိမ်တွင်းပဋိစ္စသမုပ္ပါဒ်လို့ နာမည်ပေးရတယ်...(မှန်ပါ့ဘုရား)။

ဒီအကြောင်းက ဘာတုံးမေးတော့ ရှင်အာနန္ဒာက သောတာပန်(မှန်ပါ့)ဘုရားသခင်ကိုယ်တော်မြတ်ကြီး ပဋိစ္စသမုပ္ပါဒ်ကို သူကတွေးကြည့်လိုက်တယ်၊ "အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ" တွေလျှောက်ပြီး တွေးတော့ သူ့စိတ်ထဲက အကုန်တော့မပေါ်ဘူး.... (မှန်ပါ့) ပေါ်တန်သလောက်တော့ ပေါ်တယ်(မှန်ပါ့ဘုရား)။

ပေါ်တန်သလောက်ပေါ်ပြီး ဩော်.... ခန္ဓာကြီးဟာ ဒီလို အကြောင်းအကျိုးတွေဆက်ပြီးတော့ နေပါကလား၊ ဒီလိုဒုက္ခဆုံးပါကလား... (မှန်ပါ့) နှလုံးသွင်းကြည့်လိုက်တော့ သူ့စိတ်ထဲဝမ်းမြောက်နေတယ်... (မှန်ပါ့ဘုရား)။

ဒါနဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးဆီ သူသွားတယ် .... (မှန်ပါ့ဘုရား) သွားပြီးတော့ အရှင်ဘုရား.... ပဋိစ္စသမုပ္ပါဒ်ကို မြတ်စွာဘုရားက ခက်တယ်လို့ ဟောပါတယ်၊ တပည့်တော် တွေးကြည့်တော့လဲ ပေါ်သယောင်ယောင် ရှိသားဘဲတဲ့... (မှန်လှပါဘုရား)။

သြော်...အာနန္ဒာ ... မင်း တယ်ဖျင်းတာကိုး၊ မင်းဉာဏ်က လက်နှစ်သစ်လောက်ရှိတယ်၊ မင့်အမြင်ကလေးက ဒါဘဲ မြင်တယ်၊ မင်းဟာမင်း ခလေးဟုတ်·ဟုတ်နေတာ....(မှန်ပါ့)။

ဒီ ပဋ္ဌိစ္စသမုပ္ပါဒ် နားမလည်လို့ပေါ့ကွ .... သံသရာထဲက မထွက်ဘဲနဲ့ လူ့ပြည်,နတ်ပြည်အလည်လာလို့ကိုး၊ အပါယ်ရောက်လို့ကိုး၊လူ့ပြည်,နတ်ပြည် ခဏ ဒုတ်ကလေး အရှိန်သတ်သလောက်နေလို့ကိုး၊ အပါယ်ရောက်လို့ကိုးဆိုတာ ဒါ နားမလည်လို့ ဖြစ်နေတာကွ(မှန်ပါ့)ဒါ ဘုရားက ရှင်အာနန္ဒာကိုပြောလိုက်တယ်-(မှန်ပါ့)။

ဒါဖြင့် ဘုရား....ကောင်းကောင်းသိပါရစေ၊ ပဋ္ဌိစ္စသမုပ္ပါဒ် ရှင်းရှင်းဘဲ သိပါရစေတော့၊ တပည့်တော်သိတာ မဖြစ်လောက်ကြောင်းလဲ ဟုတ်ပါပြီ....(မှန်ပါ့)။

မင့်ကို သံသရာပဋ္ဌိစ္စသမုပ္ပါဒ် ငါမပြောသေးဘူး၊ အိမ်တွင်းပဋ္ဌိစ္စသမုပ္ပါဒ် ငါပြောဦးမယ်....(မှန်ပါ) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘာပဋ္ဌိစ္စသမုပ္ပါဒ်တဲ့....(အိမ်တွင်းပဋ္ဌိစ္စသမုပ္ပါဒ်ပါဘုရား) အိမ်တွင်းပဋ္ဌိစ္စသမုပ္ပါဒ်ဆိုတာသည် တကာတကာမတို့ အိမ်ထဲကနေပြီးသကာလ အပါယ်သွားမယ်ပြောတာ...(မှန်ပါ့)။

ကျောင်းပေါ်က-နေပြီး .... (အပါယ်သွားမယ်ပြောတာပါ) အဲ....ဒီထဲက-နေပြီး သွားမယ်ပြောတာ...(မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ပဋိစ္စသမုပ္ပါဒ်ထုတ်ပြတော့ “ဒုက္ခကွန္ဒသာ သမုဒယော ဟောတိ” ဒုက္ခအစုကြီး ဖြစ်လိမ့်မယ်လို့ မဆိုဘူးလား....(ဆိုပါတယ်ဘုရား) ရှင်းပြီနော်...(ရှင်းပါပြီဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ ခင်ဗျားတို့ ခန္ဓာကြီးဟာက ဝေဒနာကွန္ဓာကိုးဗျ...(မှန်ပါ့)။

တကာတကာမတွေ့ ခန္ဓာက ဘာတဲ့....(ဝေဒနာကွန္ဓာပါဘုရား)ဝေဒနာကွန္ဓာနော်....(မှန်ပါ့)။

အခု နေကောင်းကြရဲ့လားလို့ မေးတော့ ဘယ့်နှယ်ဖြေကြမလဲ....(ကောင်းပါတယ်ဘုရား)နေကောင်းကြတယ်လို့ ဖြေကြတော့ သြော်.... နေကောင်းတာ သုခဝေဒနာဘဲ.... (မှန်ပါ့ဘုရား)။

ဒါ့ကြောင့် ခင်ဗျားတို့ အခု နေကောင်းလို့ လာနိုင်ကြတာ (မှန်ပါ့)နေမကောင်းယင်....(မလာနိုင်ပါဘုရား)။

ဒါဖြင့် နေကောင်းလို့ လာနိုင်ကြတော့ အခု နေကောင်းတဲ့ ဝေဒနာနဲ့ ခင်ဗျားတို့ အသက်ရှင်နေတယ်....(မှန်ပါ့)ဒါဖြင့် အခု တရားနာနေကြတာ ဘာတွေ့တုံး....(သုခဝေဒနာပါ) သုခဝေဒနာဆိုတဲ့ ဝေဒနာကွန္ဓာ....(မှန်ပါ့)။

တရားနာနေတာ ဘယ်သူတွေ့ပါလိမ့်.... (သုခဝေဒနာဆိုတဲ့ ဝေဒနာကွန္ဓာတွေ့ပါဘုရား)။

သြော်....ဝေဒနာကွန္ဓာဆိုတာ တခြားလားအောက်မေ့တယ် စာထဲမှာလား အောက်မေ့နေတယ်၊ ဒို့ တရားနာနေတာ နေ

ကောင်းလို့ နာနိုင်တာဘဲဆိုတော့ နေကောင်းတဲ့ သဘောကလေးကို ဝေဒနာကွန္ဓာဆိုတာဘဲ....(မှန်ပါ့)ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဘာဆိုပါလိမ့် .... (နေကောင်းတဲ့ သဘောကလေးကို ဝေဒနာကွန္ဓာဆိုပါတယ်ဘုရား) တကာကြွယ် ရိပ်မိပြီ....(ရိပ်မိပါပြီဘုရား)။

ဩော်... ဝေဒနာကွန္ဓာဆိုတာ ဒါတွေဘဲ....(မှန်ပါ့ဘုရား) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ဒီဘက်က တကာကြီး ကြည့်လိုက်ပြန်တော့ နည်းနည်းကလေး ချောင်းဆိုးလို့ဗျာ၊ ဩော်....သူလဲ ဝေနာကွန္ဓာနဲ့ တရားနာနေတာဘဲ ဒုက္ခဝေဒနာနဲ့....(မှန်ပါ့) မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား) ဒါဖြင့် ဝေဒနာကွန္ဓာချည်းဘဲ ဒီနေရာမှာ.... (မှန်ပါ့)။

တချို့ တရားနာရင်းမတွန်နဲ့ ညောင်းကြ, နာကြ, ကိုက်ကြ, ခဲကြ၊ အင်း....ဒါလဲ ဒီအတိုင်း နာနေတော့ ဒုက္ခဝေဒနာကွန္ဓာနဲ့ နာနေတယ် ....(မှန်ပါ့)ဒုက္ခဝေဒနာဆိုတဲ့ ဝေဒနာကွန္ဓာနဲ့ နာနေတယ်....(မှန်ပါ့)။

ဒီထဲမှာ တကာတကာမတို့ တရားနာနေတာ ဘယ်သူတွေ့တုံး....(ဝေဒနာကွန္ဓာတွေ့ပါဘုရား)။

ပေါ်ပါပြီ...(မှန်ပါ့)ဩော်....တရားနာနေတာ အကုန် ဝေဒနာကွန္ဓာချည့်ဘဲနော်... (မှန်ပါ့)။

တချိုလဲ နေကောင်းလို့ နာကြတယ်၊တချို့လဲ နေမကောင်းဘဲနဲ့ နာနေတယ်... (မှန်ပါ့ဘုရား)။

နေမကောင်းဘဲနဲ့ နာနေလဲ ဒုက္ခဝေဒနာဖြစ်တဲ့ ဝေဒနာကွန္ဓာ (မှန်ပါ့)နေကောင်းလျက်နဲ့ နာလဲ သုခဝေဒနာဆိုတဲ့...(ဝေဒနာကွန္ဓာပါဘုရား)။

ဟာ... မြို့သုံး·သုံးကြပါဦးစို့ ! တနေ့ရှေ၊ တနေ့ငွေဘဲ....(မှန်လှပါ)အခုရှေ၊ အခုငွေဘဲ....(မှန်ပါ့)အသက်အရွယ်ကလေး ကြီးလာယင် မဟန်ဘူးဗျ... (မှန်ပါ့)။

အင်း... သူ့ကျပြန်တော့လဲ ရှေတလှည့်, ငွေတလှည့်ဆိုတော့ သုခတလှည့်,ဒုက္ခတလှည့်နဲ့ဘဲ တရားနာနေတာ....(မှန်ပါ့ဘုရား) ဝေဒနာကွန္ဓာဘဲ ပြန်ရောက်တာဘဲ.... (ရောက်ပါတယ်ဘုရား)။

ဘယ်ပြန်ရောက်သလဲ... (ဝေဒနာကွန္ဓာဘဲပြန်ရောက်ပါတယ်) ဒါဖြင့် တခုအရားနာနေကြတာ ဘယ်သူတွေတုံး(ဝေဒနာကွန္ဓာတွေပါဘုရား)ဝေဒနာကွန္ဓာတွေနော်... (မှန်ပါ့)။

ဦးမာဒင် ဘယ်သူပါလိမ့်....(ဝေဒနာကွန္ဓာတွေပါ) အင်း.... ဝေဒနာကွန္ဓာဆိုတာ အဝေးကြီးလားအောက်မေ့တယ် မိမိကိုယ်ကို ဆိုနေတာကိုး....(မှန်ပါ့)။

ဝေဒနာကွန္ဓာဆိုတာ တခြားဆိုတာလား၊မိမိကိုယ်ကို ဆိုတာလား· (မိမိကိုယ်ကိုဆိုတာပါ)ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

နားကကော ဘုန်းကြီးပြောတာ ကြားကြရဲ့လား....(ကြားပါပြီဘုရား)။

အင်း... ဝေဒနာကွန္ဓာနဲ့ကြားတယ်.... (မှန်ပါ့) ဥပေက္ခာ ဝေဒနာကွန္ဓာနဲ့ကြားနေတယ်... (မှန်ပါ့)။

ဒါဖြင့် နားကြားတာလဲ ဝေဒနာကွန္ဓာ....(မှန်ပါ့) ထိုင်လို့ ကောင်းတာလဲ....(ဝေဒနာကွန္ဓာပါဘုရား) ထိုင်လို့ မကောင်းတာလဲ... (ဝေဒနာကွန္ဓာပါဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

ဘုန်းကြီးထိုင်နေတာလဲ မြင်ကြရဲ့လား.... (မြင်ပါတယ်) ဘာနဲ့မြင်သလဲ....(ဝေဒနာကွန္ဓာနဲ့မြင်ပါတယ်ဘုရား) ဩော်.... ဒါဖြင့် အားလုံး ဝေဒနာကွန္ဓာချည့်ပါလားဆိုတဲ့ဥစ္စာ တကာသစ် ငြင်းဘို့မလိုဘူး....(မလိုပါဘုရား)။

တကာတကာမတို့ ဒါ.... ချက်ခြင်း ခန္ဓာဥာဏ်ရောက် ပြောနေတယ်ဆိုတာ ဦးမာဒင် ရိပ်မိပြီ....(ရိပ်မိပါပြီ) အဝေးသွားရသေးသလား....(မသွားရပါဘုရား) ဥာဏ်က ကိုယ့်ခန္ဓာ ကိုယ်လှည့်လိုက်တာနဲ့ အင်း.... နေကောင်းတာက ဝေဒနာကွန္ဓာ၊ မကောင်းလို့ နှာကလေး, ဘာကလေး စီးလာပြန်လဲ ဒါလဲ ဝေဒနာကွန္ဓာဘဲ၊ ဒုက္ခဝေဒနာကွန္ဓာ (မှန်ပါ့)ကောင်းတလှည့် မကောင်းတလှည့် နေပြန်တော့ သုခနဲ့,ဒုက္ခနဲ့လှည့်နေရတာဘဲ.... (မှန်ပါ့) မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

သို့သော်လဲ နားကလေးက ကြားပါသေးတယ် ဘုရား.... ဆိုတော့ ဝေဒနာကွန္ဓာနဲ့ကြားတာ....(မှန်ပါ့)မျက်လုံးကလေးက မြင်ပါသေးတယ်ဆိုယင်ကော....(ဝေဒနာကွန္ဓာနဲ့ မြင်တာပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ တရားတပဲ့လုံး ဘယ်သူတွေတုံးမေးယင် ဘယ်နှယ်ဖြေကြမလဲ.... (ဝေဒနာကွန္ဓာတွေ့ပါဘုရား) အခုမှ ရှင်းပေတော့တယ်....(မှန်ပါ့) တကာကြွယ်တို့ အခုမှ ရှင်းပေတော့တယ်....(မှန်ပါ့) အင်း....ဘယ်သူတွေ့ တရားနာနေသလဲ.... (ဝေဒနာကွန္ဓာတွေ့ တရားနာနေပါတယ်ဘုရား)။

ကိုယ့်ဟာကိုယ်ကော ဉာဏ်စိုက်မိကြရဲ့လား (စိုက်မိပါတယ်ဘုရား) ဘာနဲ့တရားနာနေသလဲ....(ဝေဒနာခန္ဓာနဲ့တရားနာနေပါတယ်ဘုရား) တကာသစ် ငြင်းဘို့လိုသေးသလား.... (မလိုပါဘုရား)။

မလိုပါဘူး... တဲ့၊ အခု ပြန်ဖြေနိုင်တာလဲ ကြားလို့ ဖြေနိုင်တာ....(မှန်ပါ့) ဝေဒနာကွန္ဓာက ဖြေနေတာ.... (မှန်ပါ့ဘုရား) သဘောကျပလား (ကျပါပြီ) တကာကြွယ် နေရာကျပလား-- (ကျပါပြီ)။

အဲဒီတော့ ဘုရားလက်ထက်က တရားနာကြတာက ဦးမာဒင်ဒီလိုမေးပြီး ဒီလို ခန္ဓာဉာဏ်လှည့်တော့ ချက်ခြင်းသောတာပန်တည်ကြတယ်... (မှန်ပါ့)။

ခင်ဗျားတို့က တရားချည့်နာနေတာဘဲ၊ တရားဟာ ဘုန်းကြီးဆီမှာ ရှိတယ်ချည့်မှတ်နေယင် ခက်တယ်.... (မှန်လှပါ) တရားဟာ ဘယ်မှာရှိသလဲ....(ခန္ဓာမှာရှိပါတယ်ဘုရား) အခု ဘယ်သူနဲ့တရားနာနေသလဲ-(ဝေဒနာကွန္ဓာနဲ့တရားနာနေပါတယ်ဘုရား) ဒါဖြင့် ဝေဒနာကွန္ဓာတရား ဘယ်မှာရှိသတုံး.... (ခန္ဓာမှာ ရှိပါတယ်ဘုရား)။

ဝေဒနာကွန္ဒာပျက်တော့ - ဒီနေရာတွင်ဘဲလား - တခြားမှာလား....(ဒီနေရာတွင်ပါဘုရား) ဒီနေရာတွင်အနိစ္စပေါ့ဗျ.... (မှန်လှပါ) ရှင်းပလား.... (ရှင်းပါပြီ)။

ဒါဖြင့် ဘုန်းကြီးဆီမှာ တရားရှိသလား- ခင်ဗျားတို့ဆီမှာ တရားရှိသလား....(တပည့်တော်တို့ဆီမှာ တရားရှိပါတယ်ဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

ဘုန်းကြီးဆီမှာ တရားမရှိပါဘူး တကာ တကာမတို့၊ တရားအစစ်မရှိပါဘူး၊ တရားမှတ်တမ်းတွေ လျှောက်ပြောနေတာ.... (မှန်ပါ့) တရားအစစ်က ခင်ဗျားတို့ဆီမှာရှိတယ်....(မှန်ပါ့) သဘောကျပလား .. (ကျပါပြီ)။

ဒါ့ကြောင့် ခင်ဗျားတို့ တရားကို နားကနာပါ၊ ဉာဏ်က ခန္ဓာလှည့်ကြည့်ပါဆိုတာ တကာသစ် ပြောထိုက်-မပြောထိုက် (ပြောထိုက်ပါတယ်ဘုရား) တရားရှိတာက ခင်ဗျားတို့ဆီမှာရှိတယ်....(မှန်ပါ့) သဘောပါပလား....(ပါ-ပါပြီ)။

ဒါဖြင့် တကာတကာမတွေ့၏ ခန္ဓာမှာ အခု ဝေဒနာကွန္ဒာကြီး ဆိုတာ ရှိတယ်နော်.... (မှန်ပါ့ဘုရား) သြော်.... ဒါဖြင့် ဒီဝေဒနာကွန္ဒာကြီး နေကောင်းပြန်လဲ စားဘို့သောက်ဘို့လိုသေးတယ်.... (မှန်ပါ့) နေမကောင်းပြန်တော့လဲ ဆေးဘိုးဝါးဘိုးလိုသေးတယ်....(လိုပါတယ်ဘုရား) မလိုဘူးလား....(လိုပါတယ်ဘုရား)။

နေကောင်းပြန်တော့လဲ စားဘို့သောက်ဘို့လိုတယ်- (မှန်ပါ့) နေမကောင်းပြန်တော့လဲ ဆေးဘိုးဝါးခ.... (လိုပါတယ်ဘုရား) မလိုဘူးလား....(လိုပါတယ်ဘုရား)။

ဒါဖြင့် ဝေဒနံ ပဋိစ္စ တဏှာ လို့တဲ့ တဏှာ ပေါ်လာတယ် (မှန်ပါ့) ဒီဝေဒနာတွေ့ အကြောင်းရင်းခံပြီး ဘာလာပေါ် သတုံး....(တဏှာလာပေါ်ပါတယ်) ရှင်းပြီ....(ရှင်းပါပြီဘုရား) ရှင်းပြီ....ရှင်းပြီ၊ တကာတကာမတို့ ဒါ....ပဋိစ္စသမုပ္ပါဒ် အလယ် က ဖေါက်တာ.... (မှန်ပါ့ဘုရား) ဝေဒနံ ပဋိစ္စ....(တဏှာပါ ဘုရား)။

တကာသစ် ရှင်းရဲ့လား....(ရှင်းပါတယ်ဘုရား) ဒီခန္ဓာကြီး အကြောင်းရင်းခံပြီး ဒီခန္ဓာ ချမ်းသာပြန်တော့လဲ ကျန်းမာ ချမ်းသာလို့ရှာရတယ်ဟေ့....ဆိုတဲ့ တဏှာလာတယ်....(မှန်ပါ့) ဒါဖြင့် ဝေဒနာအကြောင်းရင်းခံပြီးတော့ တဏှာလာတယ်.... (မှန်ပါ့)။

တခါ တကာကြွယ်က နေမကောင်း,ထိုင်မသာရှိနေပြန်တော့ လဲ သြော်....ဆေးဘိုးဝါးခဆိုတာ ကိုယ့်ရှိမှ ကိုယ်ပေးနိုင်တာဘဲ့ ဆိုပြီး အိုစာ ရှာတယ်... (မှန်ပါ့) နာစာကော.... (ရှာပါတယ် ဘုရား)။

အဲဒါလဲ ဝေဒနာတည်းဟူသော နာတဲ့အတွက် ဝေဒနာကွန်ခွာ က ဒုက္ခဝေဒနာ ဖြစ်လာတဲ့အတွက် ရှာတဲ့တဏှာ လာတယ်.... (လာပါတယ်ဘုရား)။

ဒါဖြင့် ဦးမာဒင်တို့ ရှာနေတာ အို,နာစာကိုးဗျ.... (မှန်ပါ့) အို,နာစာဆိုတော့အိုတာကလဲတကာတကာမတို့ ဝေဒနာကြောင့်ဘဲ့....(မှန်ပါ့) နာတာလဲ....(ဝေဒနာကြောင့်ပါ) ဒါ့ကြောင့် ဘာလုပ်ကြသတုံး၊ အို-နာစာရှာတယ် .... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် အို-နာစာကြောင့် အရှာထုတ်လာတယ်.... (မှန်ပါ့) အိုနာဆိုတာက ဝေဒနာကွန္ဓာ (မှန်ပါ့) ရှာ ဆိုတာကတော့- (မှန်ပါ့) ခင်ဗျားတို့က မရိပ်မိဘူး၊ ကိုယ့် အထဲ ကိုယ်လည်တာ (မှန်ပါ့) သူများအထဲလည်တာလား .... (ကိုယ့် အထဲလည်တာ ပါဘုရား)။

ကိုယ့် ခန္ဓာထဲမှာ အို-နာစာရှာတယ်တဲ့ .... (မှန်ပါ့) အို-နာ ဆိုတာက ဘာခန္ဓာတုံး.... (ဝေဒနာကွန္ဓာပါ) ရှာရတာက - (တဏှာပါ)ဒါဖြင့် ဝေဒနာပစ္စယာ....(တဏှာပါဘုရား) ဟာ.... ခင်ဗျားတို့ခန္ဓာထဲမှာ ဖြစ်နေတာမသိဘူး....(မှန်ပါ့) ခန္ဓာထဲမှာ ဖြစ်နေတာမသိဘူး တကာကြွယ်တို့က....(မှန်ပါ့)ပေါ်ပလား.... (ပေါ်ပါပြီဘုရား)။

ဘာရှာကြတာတုံး ခင်ဗျားတို့....(အို-နာစာပါ) အို- နာစာ ပေါ့ဘုရား- ဟုတ်လား-(မှန်ပါ့) အိုတာကလဲ တကာတကာမတို့ ဝေဒနာကွန္ဓာ အိုလာတယ်....(မှန်ပါ့) နာတာကလဲဝေဒနာပေါ် တာဘဲ.. (မှန်ပါ့) တနည်းအားဖြင့် သေစာ,ရှင်စာပေါ့ .... (မှန်ပါ့)ဒါ တဏှာခေါ်တယ်....(မှန်ပါ့)ဘယ်လိုဆိုကြမလဲ.... (သေစာ,ရှင်စာပါဘုရား)။

ရှင်တဲ့အခါကျတော့လဲ ဝေဒနာနဲ့ ရှင်နေတာဘဲ....(မှန်ပါ့) ရှင်စာရှာတာက တဏှာဘဲ.... (မှန်ပါ့) ဟုတ်လား၊ သေစာ ရှင်စာရှာရတယ်၊ သေစာဆိုတော့လဲ ဒီခန္ဓာကြီးက မနက်မှ ဒုက္ခဆိုတော့ ဒုက္ခဝေဒနာဘဲ....(မှန်ပါ့) ဒုက္ခဝေဒနာသတ် လို့ သေတာဘဲ....(မှန်ပါ့ဘုရား)။

အဲဒီ သေစာကလေးရှာပြန်တော့ ဒုက္ခဝေဒနာကြောင့်လဲ တဏှာဖြစ်တတ်တာဘဲ....(မှန်ပါ့) ရိပ်မိပလား .... (ရိပ်မိပါပြီ) သြော်.... ကိုယ်ပြောနေတဲ့အထဲက ဘာမှန်မသိလို့ ပြောနေရ တာနဲ့ တယ်တူတယ်....(မှန်ပါ့)ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

တကာကြွယ်တို့ကလဲ ခက်လိုက်တာ ကောင်းကင်က ငှက် ဇီးကွက်-ဇီးကွက်မြည်နေတာ ဘုန်းကြီးကိုဘာငှက်တုံးမေးယင် တော့ ခက်ပြီ....(မှန်ပါ့)အခုလဲ အိမ်ထဲတွင်လှည့်နေတာမသိဘူး (မသိပါဘုရား)။

အိမ်ထဲတွင် လှည့်နေတာ ဘယ်နှယ်နေကြသတုံး... (မသိပါ ဘုရား) အို့,နာစာရှာကြတယ်ဆိုတာ ပဋိစ္စသမုပ္ပါဒ်လုပ်နေတာ (မှန်ပါ့ဘုရား)။

အို-နာစာ ရှာကြတာဟာ (ပဋိစ္စသမုပ္ပါဒ်လုပ်နေကြတာပါ) သေစာ-ရှင်စာရှာကြတာ (ပဋိစ္စသမုပ္ပါဒ်လုပ်နေတာပါဘုရား)။

မသိပါဘူး ဒီဥစ္စာ၊ပဋိစ္စသမုပ္ပါဒ်ဟိုဘက် အဝိုင်းကြီးရှာတယ် (မှန်ပါ့)အံမာလေး ဒီမှာဝိုင်းတာ· ဝိုင်းတာက... (မှန်ပါ့ဘုရား) ခန္ဓာထဲမှာဝိုင်းနေတာ....(မှန်ပါ့)။

ဘယ်မှာဝိုင်းပါလိမ့် .... (ခန္ဓာထဲမှာ ဝိုင်းနေပါတယ်)ရိပ်မိ ပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် အို-နာစာရှာဆိုတာ အို-နာက ဘာခန္ဓာတုံး....(ဝေဒ နာကခန္ဓာပါ)ရှာတာက (တဏှာပါ) ဒါဖြင့် ဝေဒနာပစ္စယာ.... (တဏှာပါဘုရား)။

သေစာရှာတယ်,ရှင်စာရှာတယ်ဆိုတော့ ရှင်တာက ဘာခန္ဓာတုံး....(ဝေဒနာကွန္ဓာပါ)ရှာတာက တဏှာ....(မှန်ပါ့) ဝေဒနာပစ္စယာ....(တဏှာပါ)သဘောကျပလား .... (ကျပါပြီဘုရား)။

ကောင်းပြီတဲ့၊ သေစာရှာပြန်တယ်ဆိုတော့ သေတာကလဲ ဒုက္ခဝေဒနာနဲ့ သေရတယ်.... (မှန်ပါ့) ရှာတာက တဏှာ... (မှန်ပါ့)ဝေဒနာပစ္စယာ....(တဏှာပါဘုရား)။

ဩော်....ခင်ဗျားတို့ ရှာနေကြတာ ဘာပါလိမ့်မတုံး-အောက်မေ့ကြတယ်၊ ဝေဒနာပစ္စယာ တဏှာလုပ်နေတာကိုး-(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

တကာကြွယ် ဝေဒနာပစ္စယာ.... (တဏှာပါ) အို့စာရှာလဲ ဝေဒနာပစ္စယာ တဏှာဘဲ....(မှန်ပါ့) ရှင်စာကကော (ဝေဒနာပစ္စယာ တဏှာပါ)နာစာရှာကော....(ဝေဒနာပစ္စယာ တဏှာပါဘုရား)။

ဒါဟာ ဒုက္ခကွန္ဓာသဆိုတဲ့ ပဋိစ္စသမုပ္ပါဒ်ကြီး ဖြစ်မှာပါကလားလို့ ဦးမာဒင် ပေါဘူးရဲ့လား....(မလာဘူးပါဘုရား) ဩော်....ခက်လိုက်တဲ့ဖြစ်ခြင်း-လုပ်ပြီး မသိရှာဘူး.... (မသိရှာပါဘုရား)။

လုပ်တော့ ကိုယ်တိုင်လုပ်တာနော်....(မှန်ပါ့)မသိတာလဲ ကိုယ်တိုင်မသိတာ....(မှန်ပါ့)ဩော်....မသိသလို လုပ်နေတာကိုး (မှန်ပါ့ဘုရား)။

မသိသလိုလုပ်နေတာတော့ လမ်းမှန်အတိုင်းမရောက်ပါဘူး-(မရောက်ပါ) ရောက်စရာကော မြင်သေးရဲ့လား....(မမြင်ပါ)

ဟာ....တကာသစ် သိပ်ဆိုးနေပါပေါ့လား(ဆိုးပါတယ်ဘုရား)။ ကိုင်း.... ဒါဖြင့် တာကာတကာမတို့ ပစ္စည်းရှာတာသည် ဘယ် အတွက်တုံးမေးလိုက်ပါတယ်၊ ဘယ်အတွက်ပါလိမ့် အို-နာစာ လေဗျာ....(မှန်ပါ့)ဟုတ်လား၊သေစာ,ရှင်စာလေဗျာ....(မှန်ပါ့) ဒါ ဝေဒနာချည့်ဘဲ....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီ ဘုရား)။

တကာကြွယ် ရိပ်မိပြီ....(ရိပ်မိပါပြီ)ဒါဖြင့် ဝေဒနာပစ္စယာ (တဏှာပါ)အဲ....ခန္ဓာကိုယ်က ဝေဒနာ၊ ရှာတာက တဏှာ.... (မှန်ပါ့)ဒါဖြင့် ဝေဒနံပဋိစ္စ တဏှာဘဲ....(မှန်ပါ့) သဘောကျ ပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ဝေဒနာကြောင့် တဏှာပေါ်လာတယ်.... (မှန်ပါ့) မပေါ်လာဘူးလား....(ပေါ်လာပါတယ်ဘုရား)။

တဏှာပေါ်လာတဲ့ အခါကျတော့ သြော်.... ဒီခန္ဓာကြီး အိုဘေးကလဲ ရှိသေး, နေရေးကလဲ ရှိသေးတယ်.... (မှန်ပါ့) နေရေးကလဲ ရှိသေးတယ် ဒီခန္ဓာကြီးအတွက်ကဆိုတော့ ဒီခန္ဓာ ကြီးကိုလဲ အခင်ပိုလာတယ်.... (မှန်ပါ့)ခင်တော့ ဝေဒနာပစ္စယာ တဏှာကမလာဘူးလား.... (လာပါတယ်ဘုရား)။

တဏှာလာတဲ့အခါကျတော့ တဏှံပဋိစ္စ ဒီအတိုင်းနေလို့ တော့ ငဲ့တွေ,ရွေတွေဟာ အိမ်ပေါ်တက်လာမယ်မဟုတ်ဘူး.... (မှန်ပါ့) ဟုတ်လား.... (မှန်ပါ့) ကိုယ့်ခန္ဓာ ကိုယ်ကျွေးဘို့, မွေးဘို့ဆိုတော့ ကိုယ်ရှာရလိမ့်မယ်... ၊ မလာဘူးလား.... (လာ ပါတယ်ဘုရား)။

ဒါဖြင့် ဝေဒနာကွန္ဒာကြောင့် တဏှာဖြစ်တယ် .... (မှန်ပါ့) တဏှာဖြစ်လို့ ရှာမှီးမှုလာတယ်.... (မှန်ပါ့) တဏှာပဋိစ္စ ပရိယေသနာ... (မှန်ပါ့)။

တဏှာအကြောင်း ရင်းခံပြီးတော့.... (ရှာမှီးမှုလာပါတယ်) ပရိယေသနတဏှာလာပြန်ပြီ တကာတကာမတို့ ရိပ်မိပလား.... (ရိပ်မိပါပြီ) ဒီဥစ္စာ တခြားမှာဖြစ်တာလား....၊ အိမ်တွင်းတွင်ဘဲလား....(အိမ်တွင်းမှာပါဘုရား)။

ဒါဖြင့် ဝေဒနံ ပဋိစ္စ တဏှာ၊ တဏှာ ပဋိစ္စ.... (ပရိယေသနာပါဘုရား)။

အားလုံး တကာတကာမတွေ သေသေချာချာမှတ်စမ်းပါ.... (မှန်ပါ့)ခန္ဓာကိုယ်ကြီးဟာ ဝေဒနာကွန္ဒာ .. (မှန်ပါ့)နေကောင်းလဲ ဝေဒနာကွန္ဒာဘဲ....(မှန်ပါ့)။

နေကောင်းလဲ နေကောင်းလို့ဘဲ ဒီ.... ခန္ဓာကိုယ်ကြီးကို ခင်တာဘဲ....(မှန်ပါ့) နေမကောင်းပြန်လို့ ရှိယင် နေမကောင်းလို့ဘဲ ဒီခန္ဓာကိုယ်ကြီးကို ကောင်းစေချင်တဲ့သဘောနဲ့ ခင်နေတာဘဲ....(မှန်ပါ့) ဒါကြောင့် ဝေဒနံပဋိစ္စ.... (တဏှာပါ)တဏှာ ပဋိစ္စ....(ပရိယေသနာပါဘုရား)။

ဟယ်.... နေကောင်းတယ်၊ နေကောင်းလို့ရှိယင် တကာသစ်ဆိုင်သွားပေတော့....(မှန်ပါ့)။

နေကောင်းလို့ရှိယင် ဘယ့်နှယ်တုံး... (ဆိုင်သွားရပါမယ်) ဆိုင်သွားရမယ်ဆိုတော့ ဘာလုပ်သွားတာတုံး မေးတော့ ပရိယေသနဘုရာ့....(မှန်ပါ့)။

ဦးမာဒင် ဘာတဲ့တုံး (ပရိယေသနပါ)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဝေဒနံပဋိစ္စ....(တဏှာပါ) တဏှံပဋိစ္စ.... (ပရိယေသနာပါဘုရား)။

တကာကြွယ် ရိပ်မိပလား....(ရိပ်မိပါပြီ) အင်း....ဒီခန္ဓာကြီးကို ခန္ဓာက မူတည်လို့က်တယ်နော်... (မှန်ပါ့) ဝေဒနာကခန္ဓာကြောင့် တဏှာဖြစ်တယ်.... (မှန်ပါ့) တဏှာကြောင့်.... (ပရိယေသနဖြစ်ပါတယ်) ပရိယေသနကိစ္စတွေ ပေါ်လာတယ်.... (ပေါ်လာပါတယ်) မပေါ်လာကြဘူးလား.... (ပေါ်လာပါတယ်ဘုရား)။

တကာတကာမတို့ တောင်ကလူကမြောက်၊ မြောက်ကလူကတောင်၊ ကိုယ်.ကုန်နဲ့.ပတ်သက်တာတွေ ဝယ်လို့က်,ခြမ်းလို့က်၊ ရောင်းလို့က်-ဝယ်လို့က် ဒါ ပရိယေသနကိစ္စတွေဘဲ.... (မှန်ပါ့ ဘုရား)။

ဘယ်သူ.ကြောင့် လုပ်ဖြစ်တာပါလိမ့် ဒီပရိယေသနကိစ္စ.... (တဏှာကြောင့်လုပ်ဖြစ်တာပါဘုရား)။

ဒီတဏှာကလဲ တကာတကာမတို့ အလို့လိုလာတာလား လို့.မေးတော့ ခန္ဓာတည်းဟူသော ဝေဒနာကခန္ဓာကြီး အတွက်ဘုရာ့.(မှန်ပါ့)။

ချမ်းသာသည်ထက်ချမ်းသာချင်တဲ့ တဏှာကြောင့် လုပ်ဖြစ်ရတယ်....(မှန်ပါ့) ဆင်းရဲလို့.လဲ ဆင်းရဲတဲ့ခန္ဓာကြီး ခင်လို့.လဲ ရှာရတာဘဲ....(မှန်ပါ့) ချမ်းသာတဲ့ ခန္ဓာကိုယ်လဲ ချမ်းသာသည်ထက်ချမ်းသာစေချင်တဲ့ ခင်မှုရှိသောကြောင့် ဘာလုပ်ရသလဲ.... (ရှာရပါတယ်ဘုရား)။

ဒါဖြင့် ဝေဒနံပဋိစ္စ.... (တဏှာပါ)တဏှံပဋိစ္စ.... (ပရိယေသနာပါ) ဟာ ရှာမှုကိစ္စတွေလာရတယ်....(မှန်ပါ့)ဦးမာဒင် ရပ်လို့ရသေးရဲ့လား.... (မရပါ) တကာကြွယ်ကော ရပ်လို့ရရဲ့လား....(မရပါဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒါ- အိမ်တွင်းမှာဖြစ်တာလား ဒီမြို့ထဲမှာဖြစ်တာလား၊ ခန္ဓာထဲမှာဖြစ်နေတာလား.... (ခန္ဓာထဲမှာဖြစ်နေတာပါဘုရား)။

ဝေဒနကခန္ဓာကလဲ ခန္ဓာထဲမှာ.... (မှန်ပါ့) တဏှာကလဲခန္ဓာထဲမှာ....(မှန်ပါ့) ရှာမှီးနေတဲ့တဏှာက၊ကော....(ခန္ဓာထဲမှာပါ) ဒါကြောင့် အိမ်တွင်းပဋိစ္စသမုပ္ပါဒ်လို့ ဟောတာ ... (မှန်ပါ့) ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

ကဲ....ယနေ့ ဒီတွင်တော်ကြီးစို့

သာဓု....သာဓု....သာဓု....

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း မိုးကုတ်ဆရာတော်ဘုရား
အမရပူရမဟာဂန္ဓာရုံ၌ ဟောကြားတော်မူအပ်သော

(တက္ကာမူလက ၉ - ချက်)

နွေအလုပ်ပေးတရားတော်

(၅ - ၁၀ - ၆၁)

တကာတကာမတွေ တရားအားထုတ်ရတယ်ဆိုတဲ့ဥစ္စာ ဘယ့်နှယ်ကြောင့် ဆရာဘုန်းကြီးက ဒါလောက် တိုက်တွန်းပါလိမ့် မလဲလို့ မေးတော့ကို တကာတကာမတွေ သန္တာန်မှာ တရားတွေ ရှိနေလို့ တရားအားထုတ်ခိုင်းတယ်လို့ အောက်မေ့ရမယ်.... (မှန်ပါဘုရား)။

တရားတွေဟာ ခန္ဓာကိုယ်ထဲမှာ ရှိပြီးနေတော့ ဒီတရားတွေကို အားထုတ်ရမယ်ဆိုတဲ့ဥစ္စာ ဟောထားတယ် .... (မှန်ပါ့) ဒီတရားက မည်းနက်တဲ့ တရားတမျိုး....(မှန်ပါ့)ဖြူစင်တဲ့တရားတမျိုး....(မှန်ပါ့)မမည်း-မဖြူတဲ့ တရားတမျိုး....(မှန်ပါဘုရား) သဘောကျပလား... (ကျပါပြီဘုရား)။

အားလုံး တကာတကာမတွေ ဒီနေ့ သေသေချာချာမှတ်ပါ တကာတကာမတို့ ခန္ဓာကိုယ်ထဲမှာ တရားသည်ကားလို့ ဆိုလို့ ရှိယင် မည်းနက်တဲ့တရားလဲ ရှိတယ်....(မှန်ပါ့)ဖြူစင်တဲ့တရားလဲ ရှိတယ်(ရှိပါတယ်)တခါတလေ အမည်း-အဖြူရောတဲ့ တရားလဲ

(ရှိပါတယ်)မမည်း-မဖြူတဲ့တရားလဲ.... (ရှိပါတယ်)သြော်.... တကာတကာမတွေ့ သန္တာန်မှာ တရားက လေးမျိုးတောင်ရှိနေတယ်လို့မှတ်ရမယ်....(မှန်ပါ့ဘုရား)။

ခန္ဓာထဲမှာ တရားဘယ်နှစ်မျိုးရှိပါလိမ့်....(လေးမျိုးရှိပါတယ်ဘုရား) လေးမျိုး-လေးမျိုး၊ သေသေချာချာမှတ်ပါ၊ သြော်-ဒါဖြင့် တရားနာကြတယ်ဆိုတာ ဒီတရား လေးမျိုးကို သိဘို့အရေးကြီးတယ်... (မှန်ပါ့)။

တရားနာတဲ့ တကာတကာမတွေ့ ခန္ဓာကိုယ်ထဲမှာ တရားလေးမျိုးရှိတယ်နော်....(မှန်ပါ့) တရားလေးမျိုးရှိပြီးသကာလနေတော့ ဒီတရားလေးမျိုးကို ဂရုစိုက်ပြီးသကာလ သြော်.... ဒီတရားက ရှိထိုက်တဲ့တရား- ဒီတရားက မရှိထိုက်တဲ့တရား-ဒီတရားတော့ဖြင့် ရှိပြန်လဲ အရောအနှောဖြစ်နေလို့ မကောင်းတဲ့ တရား- ဒီတရားသည် မမည်း-မဖြူတဲ့တရား ဒီတရားကို ကိုယ်ပိုင်တရားလုပ်ရမှာဘဲဆိုတာ တကာသစ် အရေးကြီးတယ်.... (အရေးကြီးပါတယ်ဘုရား)။

ဒါ့ကြောင့် တကာတကာမတို့ခန္ဓာကိုယ်ထဲမှာတရားလေးမျိုးရှိတယ်လို့ စောစောမှတ်ထားပါ.. (မှန်ပါ့) တရားဘယ်နှစ်မျိုးရှိပါလိမ့်.. (လေးမျိုးရှိပါတယ်ဘုရား)။

လေးမျိုးရှိတယ်ဆိုတာ သေသေချာချာ မှတ်ထားတော့မှသြော်....ဒို့သည်ကားလို့ဆိုယင် တရားနှစ်မျိုးတည်း အောက်မေ့နေတယ်....(မှန်ပါ့) ကောင်းတာနဲ့မကောင်းတာ ဒီနှစ်မျိုးတည်းသာ မှတ်ထားတော့ တကာကြွယ် လွဲနေပြီ....(လွဲနေပါပြီဘုရား)။

တကာတကာမတွေ့ တရားနှစ်မျိုးဘဲရှိတယ်လို့ ထင်ကြတယ် (ထင်ကြပါတယ်) ကောင်းတာနဲ့ မကောင်းတာ တရားနှစ်မျိုး ရှိတာဘဲလို့ ဒီလို အောက်မေ့နေကြတော့ ဘုရားသခင်ကိုယ် တော်မြတ်ကြီး ဥာဏ်နဲ့ ဝေဘန်လိုက်တဲ့အခါကျတော့မှ မင်းတို့ ဒီလိုအောက်မေ့မနေနဲ့ တရားလေးမျိုးရှိတယ်ဆိုတာ သေသေ ချာချာမှတ်ရမယ်....(မှန်ပါ့)။

တရားဘယ်နှစ်မျိုးရှိပါလိမ့် .. (လေးမျိုးရှိပါတယ်)လေးမျိုး မှတ်ထားကြစမ်းပါ တကာတကာမတွေ့....(မှန်ပါ့)။

ဘုန်းကြီးက ဒီတကာတကာမတွေ့ကို ထိုးထိုးထွင်းထွင်း မှန် မှန်ကန်ကန် ဇာစ်ဇာစ်မြစ်မြစ်ကို သိစေချင်တယ်.... (မှန်ပါ့)။

အဲဒီတော့ တကာတကာမတွေ့ သိထားတာကလဲ အသိက နည်းတော့ ပြောသံကြားနဲ့ သိထားတာကိုး၊ အကောင်းနဲ့ အဆိုးရှိတာဘဲကွာ အကောင်းဆောင်ပြီး အဆိုးရှောင်ယင် ပြီး တာပါဘဲ....(မှန်ပါ့)။

ဩော်....ကိုယ့်ဥာဏ်ကလေး မှိုသလောက်နဲ့ ကိုယ်ထောက် ပြီးနေပြန်တော့ တကယ့်လိုရင်းတွေ့ ဟာနေပါသေးကလား ဆိုတာ တကာသစ်ရေ့ ရှင်းကြည့်မှသိတယ်....(မှန်ပါ့)။

ကိုင်း....ဒါဖြင့် တကာတကာမတွေ့ တရားရှင်းကြပါစို့လို့ ဆိုတော့ တကာတကာမတို့ ပစ္စည်းရှာကြတယ်ဆိုတာ တကာ တကာမတွေ့ ဒီခန္ဓာကိုယ်ကြီးအတွက်နဲ့ ပစ္စည်းရှာကြတယ်နော် (မှန်ပါ့)။

ဒါက ခန္ဓာငါးပါး တကာတကာမတွေ့၏ ခန္ဓာကိုယ်ကြီး ထားပါတော့ တကာကြွယ်(မှန်ပါ့) ဒီခန္ဓာကြီး အကြောင်းရင်း

ခံပြီးသကာလတဲ့ ခန္ဓာက ဘာခန္ဓာတုံးဆိုတော့ ဝေဒနာကွန္ဓာ.... (မှန်ပါ့ဘုရား)။

ခန္ဓာက ဘာခန္ဓာပါလိမ့် .... (ဝေဒနာကွန္ဓာပါဘုရား) ရူပကွန္ဓာ-စားချင်လို့ ဒါလောက်ကိစ္စမရှိဘူး....(မှန်ပါ့)ဝေဒနာ ခံစားချင်လို့ ရှာကြတာ....(မှန်ပါ့ဘုရား)။

တကာတကာမတို့ ချမ်းသာချင်ကြသလား လို့ မေးလို့ ရှိယင်ဖြင့် ဘယ်နှယ်ဖြေကြမလဲ .. (ချမ်းသာချင်ပါတယ်ဘုရား) ချမ်းသာချင်တယ်ဆိုတဲ့ဥစ္စာ လာကြမယ်....(မှန်ပါ့ဘုရား)။

ခန္ဓာကိုယ်ကြီးထဲမှာ ချမ်းသာတဲ့ဝေဒနာက ပါပြီးသား.... (မှန်ပါ့)ချမ်းသာတဲ့ ဝေဒနာကြီးက ပါပြီးသားဖြစ်နေတော့ ဒီဝေဒနာ့ အတွက်ဟာ တကာသစ်တို့က ဒီခန္ဓာကိုယ်ကြီးနဲ့ ပတ်သက်ပြီးသကာလ သူ့ကို ခင်ကြမင်ကြတယ်....(မှန်ပါ့) ဒီခန္ဓာကိုယ်ကြီးကို ဝေဒနာကို ခင်ကြတယ်.... (မှန်ပါ့)ခန္ဓာကိုယ်ကြီးဟာ ဝေဒနာကွန္ဓာနော် .... (မှန်ပါ့) ဝေဒနာကွန္ဓာမခင်ကြဘူးလား....(ခင်ကြပါတယ်ဘုရား)။

ဩော်....ခန္ဓာကြီးကလဲ သုခဝေဒနာ,ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာနဲ့ ဝေဒနာကွန္ဓာကြီးပေါ့ဗျာ(မှန်ပါ့) ဒီဝေဒနာကွန္ဓာကြီးကို တကာတကာမတွေက မသိတော့ ခင်ကြတယ်.... (ခင်ကြပါတယ်)ဒါ့ကြောင့် ဝေဒနံပဋိစ္စ တဏှာ....(မှန်ပါ့) ရှင်းပြီနော် (ရှင်းပါပြီဘုရား)။

ဝေဒနံပဋိစ္စ(တဏှာပါဘုရား)ဩော်_ခန္ဓာခင်တာတဏှာက (မှန်ပါ့) ခန္ဓာခင်တာဘယ်နှယ်ဆိုကြမလဲ....(တဏှာပါဘုရား)

ခန္ဓာခင်ဗျာ တဏှာဆိုတော့ ဒီတဏှာရှိနေတော့ ဩဇာ.... ဒီခန္ဓာကြီးကိုခင်ဗျယ်၊ ဒီခန္ဓာကြီးကို ခင်လို့ ရှိယင်ဖြင့် ဒီခန္ဓာကြီးကို ကျွးဘို့-မွေးဘို့ရှာမှာဘဲ.... (မှန်ပါ့) ရှာတဲ့တဏှာက နောက်ထပ်ဖွားလာတယ်....(ဖွားလာပါတယ်ဘုရား)။

ဒါဖြင့် ဝေဒနံပဋိစ္စတဏှာ....(မှန်ပါ့) ရှင်းပြီနော်.... (ရှင်းပါပြီ)တဏှာ ပဋိစ္စ ပရိယေသနာ....(မှန်ပါ့ဘုရား)။

တဏှာအကြောင်းရင်းခံပြီး ဘာဖြစ်သတုံး.... (ပရိယေသနာဖြစ်ပါတယ်) ပရိယေသနကလဲ ရှာမှီးတာ... (မှန်ပါ့)။

ဩဇာ.. တကာတကာမတွေ့ ဘာမျှားလုပ်နေကြသတုံး မေးတဲ့အခါကျတော့ တပည့်တော်တို့ခန္ဓာကိုယ်ကြီးကို တပည့်တော်တို့ခင်တဲ့အတွက် တပည့်တော်တို့ စီးပွားရှာကြတယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဘာလုပ်ကြပါလိမ့်....(စီးပွားရှာပါတယ်) အင်း.... တကာကြတယ် လက်သည်ရှာလိုက်တော့... ဩဇာ.... ဒီခန္ဓာကို ခင်လွန်းလို့ ရှာတာကိုး....(မှန်ပါ့)ဦးမာဒင်တို့ လက်သည်ရှာပါ .... (မှန်ပါ့ဘုရား)။

ဒီခန္ဓာကြီးကို... (ခင်လွန်းလို့ ရှာတာပါ) ဒီခန္ဓာခင်တာကတဏှာ....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) ဒီတဏှာရှိလာတော့ ဒီတဏှာသည်အညွှန့်ထွက်လာတယ်.... (မှန်ပါ့) ဘယ်လို အညွှန့်ထွက်လာသတုံးမေးတော့ ဒီတဏှာပေါ်ကနေပြီး ရှာတဲ့တဏှာဆိုတဲ့ အညွှန့်ပေါက်လာတယ်....(ပေါက်လာပါတယ်ဘုရား)။

အဲဒီမှာ တကာတကာမတို့ ဝေဒနံ ပဋိစ္စ တဏှာ....(မှန်ပါ့) တဏှံ ပဋိစ္စ .... (ပရိယေသနာပါဘုရား) ပရိယေသနလို့ မှတ်ထားလိုက်စမ်းပါ.... (မှန်ပါဘုရား) တဏှာအကြောင်းရင်းခံပြီး ပရိယေသနတဏှာပေါ်ပြန်တယ်....(မှန်ပါ့)။

သြော်.... တကာတကာမတွေ စီးပွါးရှာ နေကြတာလား၊ တဏှာပွါးနေကြတာလား မေးကြပါစို့ (တဏှာပွါးနေကြတာပါဘုရား)။

ဒါ....ဘာမှ သံသယမရှိပါနဲ့၊ မဟာနိဒါနသုတ်ပါဋ္ဌိတော်၌ ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် ရှင်အာနန္ဒာက ပဋိစ္စသမုပ္ပါဒ်လှယ်ပါတယ်လို့ ပြောတော့ မလှယ်ဘူးက္၊ မင်း-ဖြစ်နေတာကို မင်းမသိဘူးလို့ ပြောတာ....(မှန်ပါ့)။

ဒါဖြင့် တကာတကာမတို့ ဒါက ခန္ဓာကြီးပေါ့ဗျာ(မှန်ပါ့) အခု တရားနာနေကြတဲ့ အားလုံး တကာတကာမမတွေရဲ့ ခန္ဓာကြီး.... (မှန်ပါ့) ဝေဒနံ ပဋိစ္စ တဏှာ.... (မှန်ပါ့) ဒါက ခန္ဓာခင်တဲ့ တဏှာ....(မှန်ပါ့)။

ခန္ဓာခင်တဲ့တဏှာရှိနေလို့ တကာတကာမတွေ ကိုယ့်ခန္ဓာအတွက်လဲ ရှာရမှာဘဲ....(မှန်ပါ့) သားသမီးခန္ဓာတွေခင်တာနဲ့လဲ (ရှာရမှာပါဘုရား)ဩော်....ရှာတဲ့တဏှာပွါးလာတယ် (ပွါးလာပါတယ်ဘုရား)။

ရှာတဲ့တဏှာ ပွါးလာတော့ တကာကြွယ်တို့, ဥိးမာဒင်တို့, ဥိးသန်းမောင်တို့က စဉ်းစားပါ၊ ဩော်....ဒီခန္ဓာခင်တဲ့တဏှာက ရှာမှီးတဏှာကို ပေါက်ပွါးလာအောင် သူလုပ်တာကိုး....(မှန်ပါ့ ဘုရား)။

ဒါဖြင့် တဏှာသည်ကားလို့ ဆိုယင် တကာတကာမတွေ့ ဒီအတိုင်း နေသလား... တဲ့၊ ရှာမှီးတဲ့တဏှာကို ပေါက်ပွါးစေသလား.... (ရှာမှီးတဲ့တဏှာကို ပေါက်ပွါးစေပါတယ်ဘုရား)။ လူလားမြောက်ကြပလား၊ ဒို့ - လူလားမြောက်တဲ့အချိန်က စပြီးသကာလ တကာတကာမတွေ့က ဒီခန္ဓာခင်လို့ ရှာမှီးခဲ့ကြတာ....(မှန်ပါ့)။

ဒါဖြင့် ခင်ဗျားတို့က ဘာကောင်ကိုက်မှန်းမသိဘူးနော်.... (မှန်ပါ့) အပါယ်လေးပါးသို့ ရောက်ရတော့မယ်... (ရောက်ရမှာပါဘုရား) ရှာမှီးတဲ့ တဏှာကြောင့် အပါယ်လေးပါးသို့.... (ရောက်ရမှာပါဘုရား) ဘာကောင်ကိုက်မှန်းမသိဘူး ခင်ဗျားတို့ကတော့ ခက်တယ်....(မှန်ပါ့)။

ဒါ... ထုံးစံဘဲဘုရာ့....တပည့်တော်တို့ လူရယ်လို့ ဖြစ်လာယင် ရှာရတာဘဲဆိုတော့ ဘုန်းကြီးက မကန့်ကွက်ပါဘူး... (မှန်ပါ့) သို့သော်... မြေပြေးငယ်ကလေးကိုက်တာ ခင်ဗျားတို့က မသေဘူးတော့ မထင်နဲ့....(မှန်ပါ့)သဘောကျပလား....(ကျပ်ပြီ)။

ခင်ဗျားတို့ ထုံးတမ်းကတော့ဖြင့် တကာကွယ်တို့လူစုတွေက ကိုယ့်ခန္ဓာခင်ယင်တော့ ရှာရမှာဘဲဘုရာ့... (မှန်ပါ့) ကိုယ့်သားမယားခန္ဓာ ခင်ယင်ကော....(ရှာရမှာပါဘဲဘုရား)ဒီရှာတဲ့တဏှာသည် တကာတကာမတို့ မည်းနက်တဲ့တရားလား·ဖြူစင်တဲ့တရားလား....(မည်းနက်တဲ့ တရားပါဘုရား)။

ဒါဖြင့် ဒါကလေးက တကာတကာမတို့ ဒီခန္ဓာထဲ ပေါ်တာဘဲ....(ပေါ်ပါတယ်ဘုရား) တကာတကာမတွေ့ ခန္ဓာထဲ ပေါ်တာဘဲ....(မှန်ပါ့)။

ဒီခန္ဓာထဲပေါ်တော့ ဒီတဏှာသည် တကာတကာမတွေ့ကို ဘာလုပ်မှာတုံးလို့ မေးတဲ့အခါကျတော့ အို....ဘုရားက ဟော သားဘဲ ၊ ၁၀ ါးပင်ထဲကထွက်လာတဲ့ အသီးက ၀ါးပင်သေအောင် သတ်တယ်....(မှန်ပါ့)ငှက်ပျောပင်ထဲမှာ ရှိတဲ့အသီးက ငှက် ပျောပင်ကို သေစေတယ်....(မှန်ပါ့)လဲ့ပါ့မလား .. (မလဲ့ပါ ဘုရား)။

ဒီမှာလဲ ခင်ဗျားတို့အထဲမှာ ဖြစ်တဲ့တဏှာက ခင်ဗျားတို့ကိုဘဲ အရှာခိုင်းတယ်(မှန်ပါ့) အရှာခိုင်းတဲ့တဏှာက ခင်ဗျားတို့ကိုဘဲ အပါယ်လေးပါးပို့တယ်... (မှန်ပါ့) ၄ ကြောက်စရာ သိပ်ကောင်း ပါလား....(ကောင်းပါတယ်ဘုရား)။

သို့ပေမဲ့ ခင်ဗျားတို့က အရှာလေးကြိုက်သလား- ကြီးကြီး ကျယ်ကျယ် ရင်းနှီးပြီးသကာလ အရှာကြီးကြိုက်သလားမေးယင် ဘယ် နှယ်ဖြေကြမလဲ....(အရှာကြီးကြိုက်ပါတယ်ဘုရား)မြေပေး ငယ်ကိုက်လို့ မသေချင်ဘူး... (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိ ပါပြီဘုရား)။

ဘယ်လိုမျှား မှတ်ကြပါလိမ့် တကာကွယ်.... (အရှာကြီး ကြိုက်ပါတယ်ဘုရား) ပေါ်ကြပလား တကာဘကာမတို့.... (ပေါ်ပါပြီဘုရား) မြေပေးငယ်ကိုက် သေရတာ ကံနည်းတယ်- (မှန်ပါ့) မြေပေးကြီးကိုက်သေရတာ... (ကံကြီးပါတယ်ဘုရား) ကံကောင်းတယ် ထင်နေကြတယ်....(မှန်ပါ့) ခင်ဗျားတို့ မျက်စိ လည်ပုံလေ... (မှန်ပါ့)။

တကာတကာမတို့ ဘယ်လိုပါလိမ့်- (မျက်စိလည်ပုံပါဘုရား) မျက်စိလည်လေ ခင်ဗျားတို့က ဆန်ရလေ မဟုတ်ဘူး၊ ခင်ဗျားတို့က အပါယ်ရလေဖြစ်နေတယ်....(မှန်ပါ့)။

သီလရင်တွေ့ ဆွမ်းဆန်ခံတော့ မျက်စိလည်လေ ဆန်မှလေဖြစ်တယ်....(မှန်ပါ့) မဟုတ်ဘူးလား....(မှန်ပါ့) ခင်ဗျားတို့ကျတော့ မျက်စိလည်လေ အပါယ်ရလေဘဲ....(မှန်ပါ့)။

သို့သော်.... ဒါတွေ့ကို တကာတကာမတွေ့က အပြစ်တော့ မယူကြပါနဲ့၊ ဟိုအိမ်ကလဲ ဒီအတိုင်းဘဲ ရှာနေတယ်....(မှန်ပါ့) အရှေ့ဘက်ကအိမ်ကလဲ....(ရှာပါတယ်ဘုရား)အနောက်ဘက်ကအိမ်ကလဲ....(ရှာပါတယ်) ဒီအတိုင်း ရှာနေတော့ မြေပွေးတော့ကိုက်နေတယ်.... (ကိုက်ပါတယ်) ကိုက်ပင်ကိုက်ငြားသော်လဲ ကိုက်တဲ့လူချင်း ကြည့်ပြီးသကာလ သူတို့လဲ ကိုက်နေတာဘဲ၊ ဒို့လဲကိုက်နေတာဘဲ ဘာကိစ္စရှိရမလဲ....တဲ့၊ ဘာမှ ကိုစ္စမရှိဘူး အပါယ်သွားရုံဘဲ... (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဒါကြောင့် ဘုရားက မဟာနိဒါနသုတ်မှာ ဟောတယ်....တဲ့၊ "ဝေဒနံ ပဋိစ္စ တဏှာ၊ တဏှံ ပဋိစ္စ ပရိယေသနာ"....(မှန်ပါ့) ပရိယေသနဆိုတာ ရှာမှီးတဲ့တဏှာ.... (မှန်ပါ့) ဒီဟာက ခန္ဓာခင်တဲ့တဏှာ....(မှန်ပါ့) ဒီဟာက ဘာပါလိမ့်.. (တဏှံ ပဋိစ္စ ပရိယေသနာပါဘုရား) ရှာမှီးတဲ့တဏှာ....(မှန်ပါ့)။

ဦးမာဒင်တို့, ဦးသန်းမောင်တို့ မှတ်လိုက်စမ်း၊ တဏှာနှစ်မျိုးပါလား.... (နှစ်မျိုးပါဘုရား) ခန္ဓာခင်တဲ့တဏှာက တမျိုး၊

ခန္ဓာခင်လို့ ရှာမှီးချင်တဲ့ဗာဏ္ဍာဂက....(တမျိုးပါဘုရား) တကာသစ် ဘယ်နှစ်မျိုးရှိသွားပလဲ....(နှစ်မျိုးပါဘုရား)။

"တဏှံ ပဋိစ္စ ပရိယေသနာ" ....တဲ့၊ ခင်ဗျားတို့ ဟိုသွားလိုက်-ဒီသွားလိုက်၊ **တကာသစ်**တို့ ချည်ရမည့်ဆီသွားရ၊ ချည်ထည် အဆောင်းအဝယ်စံ့ မည့်ဆီသွားရ.... (မှန်ပါ့) ဒါ....ပရိယေသနပေါ့ဗျာ....(မှန်ပါ့)။

ဒါ-ဘယ်သူ့ကြောင့် ဒီပရိယေသနဖြစ်ပါလိမ့်မတုံးမေးယင် ဘယ်နှယ်ဖြကြမလဲ....(တဏှာကြောင့်ပါ) တဏှာကြောင့် ဖြစ်တယ်....(မှန်လှပါ)။

ဒီတဏှာကလဲ ဘယ်နှယ်ကြောင့် ဖြစ်ပါလိမ့်မတုံး၊ မိုးပေါ်ကျလားလို့ မေးတဲ့အခါကျတော့ ဒီခန္ဓာခင်လို့ ပေါ်လာတာ(မှန်ပါ့)။

ဒါဖြင့် ဝေဒနံ ပဋိစ္စ....(တဏှာပါ) တဏှံ ပဋိစ္စ....(ပရိယေသနာပါဘုရား) ဒါဖြင့် တကာတကာမတို့ ပရိယေသနဆိုတာ ထင်ရှားပါပြီ...(ထင်ရှားပါပြီဘုရား)။

"ပရိယေသနံ ပဋိစ္စ လာဘော"၊ ဩော်.... ခင်ဗျားတို့က အရှာကောင်းတော့ ရကြတယ်....(မှန်ပါ့)။

အရှာကောင်းတော့.... (ရကြပါတယ်ဘုရား) အင်း....ရတဲ့လောဘဖြစ်ပြီ... (မှန်လှပါ) သဘောကျပလား.... (ကျပါပြီ-ဘုရား)။

တကာသစ် ရတဲ့သဘောကလေးပေါ်လာပြီ....(ပေါ်လာပါပြီဘုရား) အင်း....ဒီရတဲ့သဘောကလေးကလဲ တကာသစ်တို့

ဦးမာဒင်တို့ ဦးသန်းမောင်တို့ အလိုလိုရတာလား... ၊ ရှာမှီးတဲ့ တဏှာကြောင့် ရတာလား.... (ရှာမှီးတဲ့တဏှာကြောင့်ရတာပါ ဘုရား) ဒီရှာမှီးတဲ့တဏှာကလဲ ဘယ်နှယ်ကြောင့် သူပေါ်လာ ပါလိမ့်.... (ခန္ဓာခင်လို့ပါဘုရား) ခန္ဓာခင်တဲ့တဏှာကြောင့်.... (မှန်ပါ့)။

ဒီတဏှာက အလိုလိုပေါ်တာလားလို့ မေးယင် ဘယ်နှယ် ဖြစ်ကြမလဲ... (ခန္ဓာကြောင့်ပါဘုရား) ခန္ဓာကြောင့် ပေါ်တာ (မှန်ပါ့) ခန္ဓာကြောင့် တဏှာပေါ်တယ်၊ တဏှာပေါ်သော ကြောင့် ရှာမှီးတယ်... (မှန်ပါ့ဘုရား) ရှာမှီးလို့ရတယ်....(မှန်ပါ့ ဘုရား)။

ကဲ-ရပါစေတော့၊ရတဲ့အခါကျတော့ ခင်ဗျားတို့က ပြုံးပြုံး-ပြုံးပြုံးနဲ့ပေါ့ဗျာ.... (မှန်ပါ့) တကာသစ် မပြုံးပေဘူးလား.... (ပြုံးပါတယ်ဘုရား) နည်းနည်းရယင်တော့ မပြုံးဘူးပေါ့ဗျာ၊ များများရယင်တော့... (ပြုံးပါတယ်ဘုရား)။

တကာတကာမတို့ ဒီအပြုံး ဘယ်သူကအပြုံးခိုင်းတာတုံးလို့ မေးဘို့မလိုဘူးလား.... (လိုပ်တယ်) ဟောဒီ ရှာမှီးတဲ့တဏှာက အပြုံးခိုင်းတာ....(မှန်ပါ့)။

ဘယ်သူက အပြုံးခိုင်းသတုံး.... (ရှာမှီးတဲ့တဏှာက အပြုံး ခိုင်းပါတယ်) ဒါဖြင့် ဒီအပြုံးသည် ဥာဏ်ပြုံးလား၊ ဦးမာဒင် တဏှာပြုံးလား (တဏှာပြုံးပါဘုရား)။

အင်း.... ငါသွားရမည့်လမ်း အပါယ်လေးပါး ရောက်တဲ့ အလုပ်-လုပ်မိတာနဲ့ ပြုံးများနေလိုက်သေးတယ်.... (မှန်ပါ့)။

ဖြစ်မှ ဖြစ်ရပလေ၊ တကာကြွယ် ဘယ်သွားရမှာကြောင့် ပြုံးပါလိမ့်မယ်....(အပါယ်သွားရမှာကြောင့် ပြုံးတာပါဘုရား) အပါယ်လေးပါးသွားရမှာကြောင့် ပြုံးတယ်....(မှန်ပါ့)။

သြော်.... ဒါဖြင့် တကာတကာမတို့ မြေပွေးကိုက်နေတာတောင် ပြုံးတုန်းရှိသေးတယ်....(မှန်ပါ့ဘုရား) သေမှာကတော့ ခဏဘဲ.... (မှန်ပါ့ဘုရား) သို့သော်....သူမသေခင် ဘာလုပ်နေသတုံး....(ပြုံးပါတယ်) အင်း .. ဒါဖြင့် သေခါနီးပြုံး....(မှန်ပါ့) သေခါနီးပြုံးမကျဘူးလား....(ကျပါတယ်ဘုရား)။

ဦးမာဒင်တို့၊ ဦးသန်းမောင်တို့ သိပ်ဆိုးပြီ.... (ဆိုးပါတယ်) ကဲ....ဒါဖြင့် ခန္ဓာကြောင့် တဏှာဖြစ်၊တဏှာရှိလို့ ရှာတဲ့တဏှာပေါ်လာတယ် ... (မှန်ပါ့) ရှာတဲ့တဏှာကြောင့် ထိုက်တန်သလောက်ရတယ်....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် သြော်.... ဒို့ပဋိစ္စသမုပ္ပါဒ်ဟာ ဒါကဟို တသံသရာလုံးလည်တဲ့ ပဋိစ္စသမုပ္ပါဒ်လို့မဆိုနဲ့ ဒီအိမ်တွင်း ပဋိစ္စသမုပ္ပါဒ်လို့မှတ်ပါ (မှန်ပါ့)။

ဒါ- တသံသရာလုံးလည်တဲ့ ပဋိစ္စသမုပ္ပါဒ်ကို ဘုရားကဟောတာ မဟုတ်ဘူး၊ အိမ်တွင်းလည်တဲ့ ပဋိစ္စသမုပ္ပါဒ်ကို ဘုရားကဟောတာ....(မှန်ပါ့) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဝေဒနံ ပဋိစ္စ တဏှာ၊ တဏှာ ပဋိစ္စ....(ပရိယေသနာပါဘုရား) ပရိယေသနံ ပဋိစ္စ လာဘော.... (မှန်ပါ့) သေသေချာချာမှတ်ပါ....(မှန်ပါ့)။

ပရိယေသနံ ပဋ္ဌိစ္စ....(လာဘောပါဘုရား) လာဘောဆိုတာ လာဘ်ရှင်တယ်....(မှန်ပါ့) လာဘောဆိုတာ ရတာကြီး (မှန်ပါ့ ဘုရား)။

တကာကြွယ် ရတော့ ဘယ့်နှယ်ဖြစ်သွားသလဲ.... (ဝမ်းသာပါတယ်) ပြုံးလာတယ်....(မှန်ပါ့)။

ပြုံးလာပဟော....။ နောက်က တကာတကာမတွေ့ ရတဲ့အခါ ဘယ့်နှယ်နေကြသလဲ... (ပြုံးပါတယ်) ပြုံးကြ-ပြုံးကြ ခင်ဗျားတို့အပြုံးဟာ မသက်သာဘူးနော်.... (မှန်ပါ့ဘုရား)။

မသက်သာဘူး တကာသစ်ရေ....(မှန်ပါ့) ဘယ့်နှယ် တဏှာက အပြုံးခိုင်းလို့ ရှာတဲ့တဏှာက အပြုံးခိုင်းလို့ပြုံးတာဘဲ.... (မှန်ပါ့) ရှာတဲ့တဏှာက မည်းနက်တဲ့တရားလား....၊ ဖြူစင်တဲ့တရားလား.... (မည်းနက်တဲ့တရားပါဘုရား)။

မည်းနက်တဲ့တရားက အပြုံးခိုင်းတော့ကို မည်းနက်တဲ့တရားသည် တကာတကာမတို့ မည်းနက်ရာဘဲပို့မယ်.... (ပို့ပါမယ် ဘုရား) သဘောပါပလား....(ပါ-ပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် လာဘ်လဲရပါရောတဲ့ ပစ္စည်း တသိန်း ကိုးသောင်းရပါရော "လာဘ• ပဋ္ဌိစ္စ ဝိနိစ္ဆယော"တဲ့....(မှန်ပါ့ ဘုရား)။

ဆုံးဖြတ်ချက်ချတယ်၊ ဒါက သားဘို့, ဒါက သမီးဘို့, ဒါက အိမ်ယာ·တိုက်တာတည်ဘို့, ဒါက အခုရင်းနှီးဘို့.... (မှန်လှပါ) အံမာလေး.... အတော်ကျယ်လာတယ်.... (ကျယ်လာပါတယ် ဘုရား)။

အတောင်ကျယ်လာတယ်၊ လာဘ် ပဋိစ္စ ဝိနိစ္ဆယောတဲ့ ဆုံးဖြတ်ချက်ချတယ်... (မှန်ပါ့ဘုရား)။

တကာကြွယ် ဘာလုပ်သတုံး.... (ဆုံးဖြတ်ချက်ချပါတယ်) ချကောချဘူးရဲ့လား....(ချဘူးပါတယ်ဘုရား)။

အင်း.... အခု ဒို့အရင်းအနှီးကလေးက အရင်နဲ့မတူဘူးကွ နည်းနည်းကလေး ခဲ့ကြဦးစို့ကွာ .. (မှန်ပါ့) တိုးတိုးတိတ်တိတ် ပေါ့လေဗျာ .. (မှန်ပါ့) ဘာဖြစ်လို့တုံး အပါယ်သွားမလို့ စည်းဝေးတာကိုး....(မှန်ပါ့) မတော် လူသိကုန်ယင် ခက်တယ်- (မှန်ပါ့ဘုရား)။

အဲဒီလိုဖြစ်ပြီးသကာလနေတော့ လာဘ် ပဋိစ္စ ဝိနိစ္ဆယောတဲ့....(မှန်ပါ့)။

လာဘ်ပဋိစ္စ....(ဝိနိစ္ဆယောပါ) ဒါကလေးတွေ ရ,ထားရမယ်နော် ...(မှန်ပါ့) ရ,ထားရမှာက တကာသစ် ရစေချင်တာက တခြားကြောင့်မဟုတ်ဘူးတဲ့ ဆူးမှန်းသိတဲ့အခါကျလို့ ရှိယင်ဟာ.... ဖိပြီးမနင်းတော့ဘူး.... (မှန်ပါ့) နို့မဟုတ်လို့ရှိယင်ဖြင့် သေခြင်းဆိုးလမ်း အတင်းပြေးမှာစိုးတယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဘယ်လမ်းအတင်းပြေးမှာစိုးပါလိမ့် ... (သေခြင်းဆိုးလမ်း အတင်းပြေးမှာစိုးပါတယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့က ရှင်အာနန္ဒာက ဦးမာဒင်တို့, ဦးသန်းမောင်တို့ ပဋိစ္စသမုပ္ပါဒ်လှယ်ပါတယ်တဲ့.... (မှန်ပါ့)။

ရှင်အာနန္ဒာက ဘုရားဆီသွားလျှောက်တယ်.... (မှန်ပါ့) တပည့်တော်ဘုရား.... သောတာပန်ဉာဏ်နဲ့ တွေ့လိုက်တယ်

ပဋိစ္စသမုပ္ပါဒ်မှာ တော်တော်ထင်ထင်မြင်မြင်ရှိတယ်.... (မှန်ပါ့ဘုရား)။

အို.... မင့်ဟာက မင်းအမြင်နဲ့ မင်းပြောနေတာ မင့်ဉာဏ်ကလေးက လက်နှစ်သစ်လောက်ရှိတယ်၊ ကဲကဲ့ဒါဖြင့် မင်းပဋိစ္စသမုပ္ပါဒ်လွယ်တယ်ဆိုတော့ အိမ်တွင်းပဋိစ္စသမုပ္ပါဒ် ကြည့်စမ်းဆိုတော့ ပြောကိုမပြောနိုင်ဘူး....(မှန်ပါဘုရား)။

အခု တကာတကာမတွေလဲ ဟို့ ပဋိစ္စသမုပ္ပါဒ်ကြီးတော့ စားအုပ်ထဲကျက်ထားကြလို့ တကာသစ်တို့ရတယ်....(ရပါတယ်) ကိုယ့်သန္တာန်ဖြစ်တဲ့ ပဋိစ္စသမုပ္ပါဒ်ကျတော့ သိတောင်မသိလိုက်ဘူး....(မသိပါဘုရား)။

ကိုယ့်သန္တာန်ဖြစ်တဲ့ ပဋိစ္စသမုပ္ပါဒ်ကျတော့....(သိတောင်မသိလိုက်ပါဘုရား) ဟိုစာအုပ်ထဲကဟာကျတော့ ... (သိပါတယ်ဘုရား)။

စာအုပ်ထဲကဟာကျတော့ သိကြတယ်- ကျက်ကြတယ်....၊ ဦးမာဒင်ကြီးတို့မျိုး ည,ဖေါင်လို့ပေါ့ဗျာ၊ ရွတ်ကြတယ်.... (မှန်ပါ့) ကိုယ်တိုင်ဖြစ်နေတဲ့ ပဋိစ္စသမုပ္ပါဒ်ကျတော့ ... (မသိပါဘုရား)။

ဒါ့ကြောင့် ရှင်အာနန္ဒာက သူသိသယောင်ယောင် ရှိတယ်ဆိုတော့ အို....မင်းသိတာ နည်းနည်းပါကဲ့ဆိုပြီးတော့ ဒါကို ဟောတော်မူတယ် ... (မှန်ပါ့ဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အားလုံး တကာတကာမတို့ ဒါ အိမ်တွင်း ပဋ္ဌိစ္စသမုပ္ပါဒ်.... (မှန်ပါ့) ဘာပဋ္ဌိစ္စသမုပ္ပါဒ်တုံး.... (အိမ်တွင်းပဋ္ဌိစ္စသမုပ္ပါဒ်ပါဘုရား)။

ကိုင်း.... ဒါဖြင့် ဝေဒနံပဋ္ဌိစ္စ.... (တဏှာပါ)တဏှံ ပဋ္ဌိစ္စ.... (ပရိယေသနာပါ) ပရိယေသနံပဋ္ဌိစ္စ....(လာဘောပါ)လာဘော လာဘ်ရတယ်နော်.... (မှန်ပါ့) လာဘံ ပဋ္ဌိစ္စ ဝိနိစ္ဆယော.... (မှန်ပါ့ဘုရား)။

တကာတကာမတို့ လာဘံပဋ္ဌိစ္စ (ဝိနိစ္ဆယောပါ) ဆုံးဖြတ်ချက်ချတယ်....(မှန်ပါ့ဘုရား)။

ပစ္စည်းကို တခါတည်း ကြွေးပေးစရာရှိတာ ပေးလိုက်ကွာ.... (မှန်ပါ့) ဒါက အိုစာ-မင်းစာသိမ်းကွ၊ဒါက အမြတ်တော်ကြေး အတွက် ခဲ့ထားလိုက်ကွာ....(မှန်ပါ့)။

အံမာလေး.... တခါတည်း တကာကြွယ် ဆုံးဖြတ်ချက်ချနေလိုက်တာ....(မှန်ပါ့) မချကြဘူးလား.... (ချပါတယ်) ဒီအတိုင်း ရမ်းနေလို့ကော ဖြစ်ကဲ့လား....(မဖြစ်ပါဘုရား)။

ဒီဆုံးဖြတ်ချက်ချတာကလဲတဲ့ဘာနဲ့ဆုံးဖြတ်ချက်ချသတုံးလို့ ဆိုတော့ တဏှာဒိဋ္ဌိနဲ့ ဆုံးဖြတ်ချက်ချတယ်.... (မှန်ပါ့) ဒါက ကိုယ်သိမ်းရမယ်ဆိုတဲ့တဏှာ.... (မှန်ပါ့)။

ဒီဟာကတော့ ငါ့ဟာ အပိုင်လုပ်ရမှာကွ ဒီဥစ္စာကတော့ ထားလို့သိုလို့ကိုရတယ်၊ ဒီဟာမထိစေနဲ့တဲ့....၊ မဟုတ်ဘူးလား (မှန်ပါ့ဘုရား)။

ဒီ- ဝိနိစ္ဆယက ဒါက ငါ့သားဘို့၊ ဒါက ငါ့သမီးဘို့ဆိုတဲ့ ဒိဋ္ဌိ ဝိနိစ္ဆယလဲပါတယ်....(ပါ-ပါတယ်) တဏှာဝိနိစ္ဆယလဲ (ပါ-ပါတယ်ဘုရား)။

ဒါဖြင့် တဏှာနဲ့လဲ ဆုံးဖြတ်ချက်ချတယ် (မှန်ပါ့)ဒိဋ္ဌိနဲ့ကော (ဆုံးဖြတ်ချက်ချပါတယ်ဘုရား) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဝိနိစ္ဆယဆိုတာသည် ဆုံးဖြတ်ချက်ချတာ....(မှန်ပါ့) ရလာတဲ့ပစ္စည်းကိုဝေပုံ- ပုံတာပေါ့ဗျာ.... (မှန်ပါ့)ဒါက ငါ့ဘို့ (မှန်ပါ့) သဘောကျပလား... (ကျပါပြီ) ဟိုဟာက ငါ့သား ငါ့သမီးဘို့....(မှန်ပါ့) ဒါက မင်းဘို့,စိုးဘို့....(မှန်ပါ့)မလာကြဘူးလား....(လာကြပါတယ်ဘုရား) ဒါ- ဝိနိစ္ဆယချတာ(မှန်ပါ့ ဘုရား)။

ဘယ်လိုချချတဲ့ ...ဒီဥစ္စာ ဘုရားက တဏှာနဲ့.ဒိဋ္ဌိဖြစ်နေတာကွတဲ့....(မှန်ပါ့ဘုရား)။

တကာတကာမတို့ ဘယ်လိုပါလိမ့် ...(တဏှာနဲ့. ဒိဋ္ဌိဖြစ်နေတာပါဘုရား)။

အင်း....တဏှာနဲ့. ဒိဋ္ဌိဖြစ်နေတာ ဦးသန်းမောင်တို့.... ဦးမာဒင်တို့ လူစုတွေက တကာသစ်တို့လူစုတွေက လူသိမှာစိုးတယ်:... (စိုးပါတယ်ဘုရား)။

လူသိမှာစိုးတယ်၊ ဘာဖြစ်လို့တုံး....တဏှာဖြစ်တာကိုလဲ လူသိမှာစိုးတယ်၊ ဒိဋ္ဌိဖြစ်တာကိုလဲ... (လူသိမှာစိုးပါတယ်ဘုရား) ဖြစ်တာကတော့ ဘာဖြစ်နေသလဲ....(တဏှာနဲ့ဒိဋ္ဌိဖြစ်နေပါတယ်

ဘုရား)တဏှာနဲ့ ဒိဋ္ဌိဖြစ်နေတယ်ဆိုတာ သေချာပလား....(သေချာပါတယ်ဘုရား)။

ဒါက ငါ့သားသမီးဘို့, ဒါ ငါရင်းဘို့ဟုတ်လား....(မှန်ပါ့) ဆိုတော့ ဒိဋ္ဌိက မပါဘူးလား....(ပါ-ပါတယ်)ဒါကသိမ်းဆည်းထားဘို့ဆိုတော့ တဏှာမပါဘူးလား....(ပါပါတယ်ဘုရား)။

ဒါဖြင့် ဆုံးဖြတ်ချက်ချနေတဲ့အခါမှာ ဘယ်သူ လက်သည်ပါလိမ့်မတုံး.... လက်သည်အရင်းကျကျရှာတော့ ဘာတွေ့သတုံး.... (တဏှာနဲ့ ဒိဋ္ဌိတွေ့ပါတယ်ဘုရား)။

ဒါ့ကြောင့် တကာတကာမတို့"လာဘ ပဋိစ္စ ဝိနိစ္ဆယော" (မှန်ပါ့)တဏှာ ဒိဋ္ဌိပေါ်လာသက္ခတဲ့...(မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

အင်း....ဒီအလုပ်ကို တကာသစ်ရေ- ကိုယ်ကတော့ အမြဲလုပ်နေတာဘဲ၊ လုပ်ပေမဲ့လဲ အကုသိုလ်လို့ မည်းနက်တဲ့တရားလို့ ကော ထင်ရဲ့လား.... (မထင်ပါ) ဦးမာဒင်ကြီးတို့ ထင်ဘူးရဲ့လား....(မထင်ဘူးပါ) အံမာလေး....မထင်ဘူးပေမဲ့ မည်းနေတာဘဲ....(မှန်ပါ့ဘုရား)။

မထင်ဘူးပေမဲ့.... (မည်းနေပါတယ်) တကာကြွယ်တို့လဲ ထင်ဘူးရဲ့လား....(မထင်ဘူးပါ) အခု သေသေချာချာကြည့်တော့ ဘယ်နှယ်တုံး- တဏှာ,ဒိဋ္ဌိနဲ့ ဆုံးဖြတ်ချက်ချတာ(မှန်ပါ့) တဏှာကလဲ အမည်းဘဲ၊ ဒိဋ္ဌိကလဲ အမည်းဘဲ....(မှန်ပါ့)ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

သြော် .... ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ့ အခုမကောင်းတာကိုတော့ဖြင့် ဘုရားဟောတော်မူတဲ့အတိုင်းရှင်းပြရဦးမှာဘဲ....(မှန်ပါ့ဘုရား)။

သို့သော် ဒီလမ်း ဒီစခန်းကို ဆရာကောင်း သမားကောင်းနဲ့ တွေ့ခဲ့ပြီတော့လဲ တကာသစ်ရေ ဒါတွေ့မဖြစ်ပါဘူး.... (မှန်ပါ့) ဒါတွေ့မဖြစ်ပါဘူးတဲ့ သူ့နည်းနဲ့ သူ အနာရှိ ဆေးရှိဆိုသလိုဘဲ တကာကြွယ်ရေ....(မှန်ပါ့)ဦးလှဘူး အမှားရှိယင် အမှန်ရှိရမယ်. (မှန်ပါ့ဘုရား)။

သို့သော် ခင်ဗျားတို့မှာ ဒီလိုဆရာသမားတွေနဲ့ မတွေ့ပြီ ဆိုတော့ ဒီအမှားဟာ အစဉ်လိုက်သွားတော့မှာဘဲ....(မှန်ပါ့) အပါယ်ကျအောင်သွားမယ်....(သွားမှာပါ) မသွားပေဘူးလား (သွားမှာပါဘုရား)။

ကဲ .... ဒါဖြင့် ဒီပဋိစ္စသမုပ္ပါဒ်ဟာ တကာသစ် သူများ ပဋိစ္စသမုပ္ပါဒ်လား- ကိုယ့်ဝမ်းထဲတွင် ဖြစ်တဲ့ပဋိစ္စသမုပ္ပါဒ်လား- (ကိုယ့်ဝမ်းထဲတွင်ဖြစ်တဲ့ ပဋိစ္စသမုပ္ပါဒ်ပါ) ကိုယ့်ဝမ်းထဲတွင် ဖြစ်တာဖြင့်ကိုယ့်အိမ်သားလိုဖြစ်နေတယ်....(မှန်ပါ့) ပစ္စည်းတွေများပုံနေတဲ့အခါကျလို့ရှိယင်လေ....(မှန်ပါ့ဘုရား)။

ပစ္စည်းကို သိုးလှောင်ရမည့်ပစ္စည်း၊ ဒါက အခုထုတ်ပြရမည့် ပစ္စည်းအစရှိသည်နဲ့၊ ဒါက အရေးကြုံမှ ထုတ်ရမှာ၊ ဒါက ဘယ်လေ,မှာ တက်စေးရှိတယ်....(မှန်ပါ့)ဒါက ဘယ်လကျလာလို့ရှိယင် ဒီလမကုန်လို့ရှိယင် အလကားဖြစ်ပါလိမ့်မယ်၊အရှုံးခံပြီး တွန်းထုတ် အစရှိသည်နဲ့ ဝေပုံကျတွေကော မရှိဘူးလား.... (ရှိပါတယ်)ဒါတွေက ဝိနိစ္ဆယဘဲ....(မှန်ပါ့ဘုရား)။

ဝိနိစ္ဆယဆိုတာ တကာသစ် ဘာတဲ့တုံး....(ဝေပုံကျပြုတာပါ) ဆုံးဖြတ်ချက်....(မှန်ပါ့)ဝေဘန်ပိုင်းခြားပြီး ဆုံးဖြတ်ချက်ချတာ (မှန်ပါ့)ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

အင်း.... ဒါက မျှားသောအားဖြင့် တကာကြွယ်ရေ အိမ့်ခေါင်းဆောင်က လုပ်သလား- အိမ့်နောက်လိုက်က လုပ်သလား (အိမ့်ခေါင်းဆောင်က လုပ်ပါတယ်)ဩ... ခေါင်းဆောင်ဖြစ်ရမှာမျှား ကြောက်စရာကြီးပါလား ... (မှန်ပါ့) သူက ရှေ့က အပါယ်သွားမယ်ပြောတာ....(မှန်ပါ့ဘုရား)။

သူကရှေ့က....(အပါယ်သွားမယ်ပြောတာပါ)အဲဒါကို ခင်ဗျားတို့က သူမျှားကဝင်ရှုပ်လို့ ဒီဝိုနိစ္ဆယချနေတုန်း ဒါက ဘာဘို့- ဒါက ဘာဘို့-ဒါက ဘာဘို့ဆိုပြီး တယောက်ကမျှား ဝင်ပြီး စကားထောက်လိုက်တဲ့ အခါကျတော့ တကာသစ်က ကျေနပ်ကဲ့လား ...(မကျေနပ်ပါ) မသိဘဲနဲ့ မပြောစမ်းပါနဲ့လို့ အံမာ....အော်မျှားထုတ်လိုက်သေးတယ်.... (မှန်ပါ့) ငါ့ဟာငါ အပါယ်သွားစမ်းပါရစေ.. (မှန်ပါ့) ရိုပ်မိပလား ... (ရိုပ်မိပါပြီဘုရား)။

ငါ့ဟာငါဘာတဲ့တုံး....(အပါယ်သွားစမ်းပါရစေ)မရှုပ်စမ်းပါနဲ့၊ မင်းတို့ ကန့်လန့်ကန့်လန့် မလိုက်ပါနဲ့.... (မှန်ပါ့) အံ့မာ-တယောက်တည်းသွားမည့် အဓိပ္ပါယ်....(မှန်ပါ့ဘုရား)။

ဒီအဓိပ္ပါယ်ကျအောင် ဦးမာဒင် သိခဲတယ်နော် .... (သိခဲပါတယ်)အခုဆုံးဖြတ်ချက်ချတာက တဏှာနဲ့ဒိဋ္ဌိတဲ့....(မှန်ပါ့) သဘောကျကြပလား....(ကျပါပြီဘုရား)။

ဘယ်သူပါလိမ့်ဗျာ.... (တဏှာနဲ့ ဒိဋ္ဌိပါ)တဏှာနဲ့,ဒိဋ္ဌိနဲ့ ဆုံးဖြတ်ချက်ချနေတာ ဟိုအိမ်မှာ တိုးတိုး- တိုးတိုး- ဒီအိမ်မှာ တိုးတိုး-တိုးတိုး လူခြေတိတ်မှပြောတဲ့ အသွားတွေဟာ တကာ

သစ် ဘာထင်သတုံးဗျ· ဆုံးဖြတ်ချက်ချနေတာ .... (မှန်ပါ့) ရှင်းပြီနော်... (ရှင်းပါပြီ)။

တကာကြွယ်တို့ တိုးတိုး·တိုးတိုးဟာ သဘောပါပလား.... (ပါ·ပါပြီ)ဘာတွေလုပ်နေကြသတုံး .... (ဆုံးဖြတ်ချက်ချနေကြတာပါ) ဘယ်သွားမလို့ တုံး.... (အပါယ်သွားမလို့ ပါဘုရား)။

အံမာလေး.... ကျယ်ကျယ်ပြောလိုက်ရတာက သူများကြားတော်သေးသဗျာ(မှန်ပါ့)အခုဟာက တိုးတိုးတိတ်တိတ်သွားမည့် အဓိပ္ပါယ်မျိုးပါတယ်(ပါ-ပါတယ်ဘုရား)။

ရှင်အာနန္ဒာက လွယ်တယ်ဆိုလို့ ဘုရားသခင် ကိုယ်တော် မြတ်ကြီးက ကိုင်း.... မင့်အိမ်တွင်း ပဋိစ္စသမုပ္ပါဒ် မင်းပြောစမ်း ဆိုတော့ ပြောကိုမပြောနိုင်ဘူး... (မှန်ပါဘုရား)။

အခု ဘုန်းကြီးတို့ တကာတကာမတွေ့လဲ ကြည့်စမ်း ဘုရား ဟောအတိုင်း ဘုန်းကြီးက သေသေချာချာ ဖေါပြောတော့မှ သြော်-ဒီအလုပ်ဟာ ဒို့လဲလုပ်နေတာဘဲ(မှန်ပါ့)ဒီအစဉ်အတိုင်းကော ဟုတ်-မဟုတ် တကာသစ်ကြည့်....(ဟုတ်ပါတယ်) ဝေဒနံ ပဋိစ္စ....(တဏှာပါ) တဏှာ ပဋိစ္စ... (ပရိယေသနာပါဘုရား)။

ဒီတဏှာကြောင့် ခန္ဓာခင်တဲ့ တဏှာကြောင့် ဟော .... ပရိယေသန ရှာပါတယ်တဲ့....(မှန်ပါ့) ရှာလို့ဘဲ ထိုက်တန်သလောက်ရပါတယ်(မှန်ပါ့) ရတဲ့ပစ္စည်းကို ဆုံးဖြတ်ချက်ချပါတယ်တဲ့ .... (မှန်ပါ့) ဒါက ညစာ- ဒါက နေ့စာနဲ့ ဟင်.... (မှန်ပါ့)ဒါက အိုစာမင်းစာ၊ ဒါက သားကလေးတွေ- သမီးကလေးတွေအတွက် ဆိုပြီးသကာလ ဝိနိစ္ဆယဆုံးဖြတ်ချက်ချနေရတာ တကာကြွယ်ရေ- သုံးပုံ-ပုံကွာ၊ တကာကြွယ်တို့အိမ်က

သုံးယောက်ရှိတာကိုး....(မှန်ပါ့) မလာဘူးလားဗျာ.... (လာပါတယ်ဘုရား)။

ဒါ ဘာလုပ်တာတုံး - တကာကြွယ်(ဝိနိစ္ဆယပြုလုပ်တာပါ) ဆုံးဖြတ်ချက်ချနေတာ.... (မှန်ပါ့) ဆုံးဖြတ်ချက်ချတယ် ဆိုတာ မပေါ်လာဘူးလား....(ပေါ်လာပါတယ်ဘုရား)။

ကဲ....ဒီဆုံးဖြတ်ချက်ကို တကာသစ်ကလက်သည်ရှာ၊ဆုံးဖြတ်ချက်ချတာ ဘယ်သူကများ ချနေပါလိမ့်မတုံးလို့....(မှန်ပါ့) တဏှာနဲ့ဒိဋ္ဌိက ချနေတာ....(မှန်ပါ့)ရှင်းပလား .... (ရှင်းပါပြီဘုရား)။

ဘယ်သူကချပါလိမ့်.... (တဏှာနဲ့ဒိဋ္ဌိနဲ့ကချတာပါဘုရား)။ ဩော်....တဏှာနဲ့ ဒိဋ္ဌိနဲ့ချနေတာဆိုတော့ တကာတကာမတို့ ဒါ သားတွေ,သမီးတွေက ဝေဘန်တာလား၊ လူကြီးသူမက ဝေဘန်တာလား၊ ဆုံးဖြတ်ချက်ချတာလားမေးယင် ဘယ်နှယ်ပြောမလဲ(လူကြီးသူမက ဆုံးဖြတ်ချက်ချတာပါ) ဘာနဲ့ဆုံးဖြတ်ချက်ချမလဲ....(တဏှာ-ဒိဋ္ဌိနဲ့ဆုံးဖြတ်ချက်ချပါတယ်ဘုရား)။

ဒါ့ကြောင့် လူကြီးတွေအတွက်ဟာတကာတကာမတို့ ရှေ့မှီနောက်မှီဆိုပြီး ကြားလုံးထုတ်ငြားသော်လဲ သူဟာ ဒိဋ္ဌိတဏှာဖြစ်နေတယ်လို့ မသိတော့ကို တကာတကာမတို့ အင်မတန်မှသနားစရာကောင်းတယ်....(သနားစရာပါ)ဦးမာဒင် သနားစရာကောင်းတယ်....(မှန်ပါ့) ဦးသန်းမောင် ဘယ်နှယ်တုံး (သနားစရာကောင်းပါတယ်) သနားစရာသိပ်ကောင်းတယ် .... (မှန်ပါ့ဘုရား)။

ပြီးတော့ကောခုနင်ကခလေးသူငယ်လူမမယ်တွေနဲ့လာပြီးအိပ်ရာကနိုးလို့ ပြောပြန်တော့လဲ နင်တို့နေရာမဟုတ်ဘူးတဲ့(မှန်ပါ့)

ဘယ်သူ့နေရာလို့ဆိုပါလိမ့်....(လူကြီးတွေနေရာပါ)ရိပ်မိပလား း (ရိပ်မိပါပြီဘုရား)။

အံမာလေး....ကြောက်စရာကြီးပါလား တကာကွယ်·(မှန်ပါ့ ဘုရား) တကာသစ်တို့လဲ ကန်ထုတ်တာဘဲ.... (မှန်ပါ့) ခလေး, ခလေးပီပီနေတာမဟုတ်ဘူး၊ နင်တို့နေရာမှ မဟုတ်ဘဲနဲ့...တဲ့.... (မှန်ပါ့) အံမာလေး....ကြောက်စရာကြီးပါလား.... (မှန်ပါ့) ဘယ်သူ့နေရာတဲ့.... (လူကြီးတွေနေရာပါဘုရား)။

လူကြီးတွေနေရာ၊ ဒါ့ကြောင့် ငရဲကျမှ ပဋိသန္ဓေနေပြီး ငရဲကျမှ မွေးတဲ့ခလေးရယ်လို့ ရှိမှမရှိဘဲ...(မှန်ပါ့) မရှိဘူး၊ လူကြီးတွေချည့် အကျများနေတာဘဲ... (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ငရဲမှာ ပဋိသန္ဓေ နေတယ်ဆိုတာ ကိုးလလွယ်, ဆယ်လဖွား ရှိရဲ့လား....(မရှိပါဘုရား) ပြီးတော့ ဒေါသကြီးတဲ့လူကြီးတွေ ချည့်ဘဲ ငရဲထဲမှာ အနေများတယ်ဆိုတာ ရိပ်မိကြပလား...(ရိပ်မိပါပြီဘုရား)။

ဒါ့ကြောင့် ခင်ဗျားတို့လဲ ကိုယ့်ဟာကိုယ် ပြန်တွေးတော့ နင်တို့ နေရာမဟုတ်ဘူးတဲ့....(မှန်ပါ့) အံမာလေး....ကြောက်စရာကြီးပါလား .. (မှန်ပါ့)။

တကာကွယ် ဒီလိုများ ပြောဘူးသလား... (ပြောဘူးပါတယ် ဘုရား) ဟာ....မူတ်ထားနော်၊ မပျောက်စေနဲ့၊ အတော်ဆိုး နေပြီ တကာတကာမတို့...(မှန်လှပါ)။

သိမှ ရှောင်နိုင်မယ်နော်....(မှန်ပါ့) ဒီဥစ္စာ တပည့်တော်တို့ ဘာအပြစ်မှ မရှိဘူးလို့ အားလုံးဘဲ တရားတပဲ့လုံးဘဲ တာဝန်ခံ

ကြတယ်....(မှန်ပါ့) အပြစ်ရှိတယ်လို့ ယူကိုမယူဘူး.... (မယူပါဘုရား)။

မယူပါဘူး....တဲ့၊ ဒီဥစ္စာ တပည့်တော်တို့ ရောင်းဝယ်တုန်းကသာ မုသားကလေး နည်းနည်းပါလို့ အမြတ်အစွန်းကလေး နည်းနည်း ထွက်တယ်၊ အဲဒါသာ သိလို့က်တာဘဲ ... (မှန်ပါ့) အိမ်ထဲရောက်လာမှတော့ ဒီလိုအလုပ်တွေ လျှောက်ပြီးလုပ်တော့ တကာသစ်သီးရဲ့လား.... (မသိပါဘုရား)။

မသိသေးတဲ့အပြင် ခုနင်က ပြောတဲ့စကာလုံးတွေနဲ့ လူသာသူလာလို့ ရှိယင် ဒီစကားရပ်ပစ်လိုက်တယ်- (ရပ်ပါတယ်ဘုရား) ဘာဖြစ်လို့ တုံး၊ သူတို့နေရာမဟုတ်ဘူး....(မှန်ပါ့) ဘယ်သူ့နေရာတုံး... (တပည့်တော်တို့နေရာပါဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အံမာလေး....တကာတကာမတို့ ခင်ဗျားတို့ လူကြီးဖြစ်ရမှာများ သိပ်ကြောက်ကြနော်....(မှန်ပါ့) ဒါဟာ အိုလို့ ကြောက်တယ်လို့ မဆိုနဲ့တဲ့၊ မသိတဲ့လူကြီးဖြစ်ရမှာများ သိပ်ကြောက်စရာကောင်းတယ်.... (မှန်ပါ့) ကြောက်စရာ မကောင်းဘူးလား (ကောင်းပါတယ်ဘုရား)။

ကဲ....ဒါဖြင့် "တဏှာ ပဋိစ္စ ပရိယေသနာ၊ ပရိယေသနံ ပဋိစ္စ လာဘော" ... (မှန်ပါ့) ရပြီနော်....(မှန်ပါ့ဘုရား) လာဘ ပဋိစ္စ၊ ဝိနိစ္ဆယော၊ လာဘ = ရခြင်းကို၊ ပဋိစ္စ=စဲ့၍၊ ဝိနိစ္ဆယော= ဆုံးဖြတ်ချက်ချတယ်...(မှန်ပါ့)။

ဒါက အိုစာ, ဒါက မင်းစာ, ဒါက သားစာ, ဒါက သမီးစာ ဆိုပြီးသကာလ ဒါတွေ ဝေဘန်ပြီးတော့ ဆုံးဖြတ်ချက် ချ

တယ် တကာကြွယ်,ရ....(မှန်ပါ!ဘုရား)ဘုရားဟောတော်မူတာ၊ ဘုန်းကြီးက တလုံးမှ အပိုမပါဘူး....(မှန်ပါ!)။

တလုံးမှ အပိုမပါဘူး၊ ခင်ဗျားတို့ ကြော်....ဒီအိမ်တွင်း ပဋိစ္စသမုပ္ပါဒ်မသိလို့ ရှိယင် တကာတကာမတွေ့ ညတိုင်း စီးပွားရေးအကြောင်း၊ ညီညွတ်တိုင်း-ညီညွတ်တိုင်း ဒီဥစ္စာ လုပ်နေတော့မှာဘဲ.... (မှန်ပ!) မလုပ်ပေဘူးလား...(လုပ်ပါတယ်ဘုရား)။

ရတဲ့ငွေတွေ့ ထိုးပစ်ထားလိုက်တယ်လို့ ဒီလိုမရှိဘူး-(မှန်ပါ!) မရှိဘူး၊ ဒါတွေ့ကို ဒို့ ဒီလို-ဒီလို အကြောင်းညီညွတ်လာတယ်၊ အင်း... ခင်ဗဲလူနဲ့ ရှေးဦးစွာ ခပ်တိုးတိုးပြောတယ်.... (မှန်ပါ!) တိုးတိုးပြော-ပြီးသကာလမှ ဒီဥစ္စာကွာ ဒီလိုထားလို့တော့ မဖြစ်သေးဘူး၊ သိုတန်တာသို့ မိုးတန်တာမို့, စောင့်ရှောက်တန်တာ စောင့်ရှောက်ပေါ့ကွယ်ဆိုပြီးသကာလ လူကြီးလုပ်တဲ့ ပုဂ္ဂိုလ်က အသံကောင်းလွှင့်တယ်လို့ ထင်ရတယ်....(မှန်ပါ!) ဘယ်ဟုတ်လိမ့်မတုံး၊ ငရဲအော်သံကြီး သူ့ဟာက.... (မှန်ပါ!) ရိပ်မိပလား.... (ရိပ်မိပါပြီ)။

ငရဲမှာ အော်တဲ့... (အသံကြီးပါဘုရား) အော်သံနဲ့မတူဘူးလား....(တူပါတယ်ဘုရား)။

ဒီဒါကြောင့် တကာတကာမတွေ့ ဆရာရင်း,သမားရင်းမို့ ပြောနေရတယ်၊ သြော်....ဒို့က ဘာမှ အပြစ်မရှိဘူးထင်တယ်၊ ဒီဥစ္စာတွေ့က သီလလဲ မကပ်နိုင်ဘူး.... (မှန်ပါ!) သမာဓိလဲ.... (မကပ်နိုင်ပါဘုရား) ဝိပဿနာလဲ....(မကပ်နိုင်ပါဘုရား)။

ဘယ်ကပ်နိုင်လိမ့်မတုံး၊မည်းနက်တဲ့တရားချည့် ဆိုတော့အဖြူ
ကို ဒီအထဲ ပြောက်ကြားကလေးထိုးလို့ မရဘူး....(မှန်ပါ့ဘုရား)
ဘယ်လောက် ဆိုးဝါးသတုံး....(ဆိုးဝါးပါတယ်ဘုရား)ပေါ်ကြ
ပလား....(ပေါ်ပါပြီ)။

ဒီလိုခင်ဗျားတို့ ဘယ်ကနေပြီးသကာလ အပါယ်သွားကြ
တာတုံးမေးတော့ အိမ်တွင်းကနေပြီးသွားတာ .. (မှန်ပါ့ဘုရား)
ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

ဘယ်ကနေ သွားပါလိမ့်.... (အိမ်တွင်းကနေ သွားပါတယ်
ဘုရား)။

တကာကြွယ် မရိပ်မိဘူးနော်၊ ဒါကြောင့် ဘုရားဖေါ်ပြော
တာ... (မှန်ပါ့) မရိပ်မိဘူး တကာသစ်-ခရေ....(မရိပ်မိပါဘုရား)
မရိပ်မိဘူး၊ ဒီဥစ္စာက ကဲကွာ ဒါကလေးတွေ့လဲ ဝေဘန်ပြီးပေါ့၊
ဘုရားရှိခိုးပြီး အိပ်ရုံရှိတော့တယ်...(မှန်ပါ့)။

အင်း....သူဘုရားရှိခိုးတာကလေး အဆစ်ထည့်လိုက်သေးတယ်
(မှန်လှပါ) သူလုပ်ထားတဲ့ အကုသိုလ်က ဘုရားရှိခိုးရုံနဲ့ကျေမှာ
လား.... (မကျေပါဘုရား) မကျေပါဘူး၊ ဒီပဋိစ္စသမုပ္ပါဒ်က
အပါယ်ရောက်သွားပြီ....(မှန်ပါ့) ပြီးမှ သူကထ,ပြီး ဘုရားရှိခိုး
တာ....(မှန်ပါ့)။

ဒီနေ့ဘော့ မောတယ်မခိုးသေးပါဘူးဆိုတော့ ပါတောင်
မပါတော့ဘူး....(မှန်ပါ့) ပါသေးရဲ့လား.... (မပါ-ပါဘုရား)
မပါဘူး....တဲ့။

ကိုင်း....ဒါဖြင့် တကာတကာမတို့ ဝိနိစ္ဆယ ဆုံးဖြတ်ချက် ချ ပါပြီ....တဲ့၊ ကိုင်း....ဒါဖြင့် တကာတကာမတို့ ခန္ဓာက စ,တယ် ဆိုတာ သေချာပြီ....(သေချာပါပြီဘုရား) ဘယ်က စ,ပါလိမ့်.... (ခန္ဓာက စ,ပါတယ်ဘုရား)။

ခန္ဓာက စဘယ်ဆိုတဲ့ဥစ္စာ ပေါ်လာပြီ၊ ဒါဖြင့် ဒီခန္ဓာသည် နိပ်စက်လိုက်တာ အပါယ်ဆောက်အောင် နိပ်စက်တယ် (မှန်ပါ့) ဒါဖြင့် ခန္ဓာကို ဘာသစ္စာဆိုကြမလဲ.... (ဒုက္ခသစ္စာပါဘုရား)။

ဒုက္ခသစ္စာဆိုတော့ မှတ်လိုက်စမ်းပါ၊ ကိန်းရာပုဂ္ဂိုလ်ကို နိပ်စက်ပါတယ်....(မှန်ပါ့)။

ကိန်းရာပုဂ္ဂိုလ်ကို... (နိပ်စက်ပါတယ်) အပါယ်ရောက်အောင် နိပ်စက်တယ်....(မှန်ပါ့) ဒါကြောင့် ခန္ဓာဒုက္ခသစ္စာဆိုတာပေါ် လာတယ်(ပေါ်လာပါတယ်)သူနိပ်စက်လိုက်တာ လူလဲ အပါယ် ရောက်တော့မယ် .. (မှန်ပါ့) ရှင်းပြီနော်.... (ရှင်းပါပြီဘုရား)။

ကောင်းပြီ- ဝိနိစ္ဆယ ပဋိစ္စသမုန္ဒရာဂေါ....(မှန်ပါ့) ဝိနိစ္ဆယ ပဋိစ္စ(သမုန္ဒရာဂေါပါဘုရား) သမုန္ဒရာဂေါဆိုတော့ သြော်....ဒီကုန် ဟာ ကိုယ့်အကျိုးပေးတဲ့ကုန်.... (မှန်ပါ့) လာပြီတကား ကြွယ် (မှန်ပါ့) နည်းနည်းကလေး ကြိုးကြိုးစားစားကလေးလုပ်ဦးမှဘဲ (မှန်ပါ့)။

ဘယ်လိုပါလိမ့်.... (ကြိုးကြိုးစားစားကလေး လုပ်ဦးမှဘဲ ဘုရား)။

နည်းနည်းကလေး ကြိုးကြိုးစားစား လုပ်ဦးမှဘဲဆိုတော့ သမုန္ဒရာဂ ပိုလာ-မလာ....(လာပါတယ်) အကျိုးပေးတုန်းကိုးဗျ၊

ဟ.... လသာတုန်းဗိုင်းငင်ဟ.... (မှုန်ပါ့) သဘောကျပလား.... (ကျပါပြီ) အကျိုးခံပးတုန်းကို အရယူရတယ်၊ ဒီလိုကောမဆုံးမကြဘူးလား....(ဆုံးမ,ကြပါတယ်ဘုရား)။

ကိုယ့်ကိုယ်ကိုလဲ ဒီအတိုင်းဘဲ၊ ဒီအချိန်မှာ မကျန်းမာမှာတောင်စိုးရိမ်လိုက်သေးတယ်.... (မှုန်ပါ့) ဒီအချိန်ကလေးမျှးမကျန်းမာလို့ရှိယင် ဓမ္မန္တရာယ်ဖြစ်ချည်ရဲ့....(မှုန်ပါ့)။

ဘယ်သူးမည့် ဓမ္မန္တရာယ်ပါလိမ့်.... (အပါယ်သူးမည့် ဓမ္မန္တရာယ်ပါ) အပါယ်သူးမည့်ကြးတောင်မှ မခြးခစချင်ဘူး၊ တောက်လျောက်သူးချင်တယ်.... (မှုန်ပါ့) တကာကြယ် ဘယ်လောက်ဆိုးဟယ်ဆိုတာ....(ဆိုးပါတယ်ဘုရား)။

စိတ်အထင်ကတမျိုးနော်.... (မှုန်ပါ့)တရားဖြစ်စဉ်က(တမျိုးပါဘုရား)။

အဲဒီတော့ ဘုန်းကြီးတို့က တကာတကာမတွေကို သတိပးရတယ်၊တကာတကာမတို့ ခင်ဗျားတို့ တရားသဘောအတိုင်းဖြစ်ရတာနော်....(မှုန်ပါ့)။

အိုခြင်းလာလဲ ခင်ဗျားတို့က အိုခြင်းဟာ တရားသဘောအတိုင်းလား....(တရားသဘောအတိုင်းပါ) နာရတာလဲ တကာတကာမတို့ ကိုယ်နာချင်လို့နာရတာလား တရားသဘောအတိုင်းဖြစ်ရတာလား.... (တရားသဘောအတိုင်းဖြစ်ရတာပါဘုရား)။

လူ့ပြည်ရောက်လာတာလဲ တကာတကာမတို့ ခြေလျင်လာတာလား၊တရားက ပို့လိုက်လို့လား....(တရားကပို့လိုက်လို့ပါဘုရား)။

အဲဒီတော့ ခင်ဗျားတို့ တရားစိမ်တာ ခံရမှာစိုးလို့ ဒီတရား ပယ်ထိုက်တဲ့တရား ဆိုလို့ရှိယင်လဲ ပယ်ရတော့မယ်... (မှန်ပါ့ ဘုရား)။

ဒါ့ကြောင့် ဖီဉစ္စာ အရေးတကြီး ပြောနေတယ်ဆိုတဲ့ဉစ္စာ အိမ်တွင်းပဋိစ္စသမုပ္ပါဒ်က ဦးမာဒင်,ဦးသန်းမောင် သိပ်သိခဲ့တယ် (မှန်ပါ့ဘုရား)။

အင်မတန်မှ တကာကြွယ် ဖြစ်လိုက်တာကစီးပွားတက်၊တက် သလိုဖြစ်တယ်...(မှန်ပါ့) စီးပွားယုတ်ယင်လဲ.... (ယုတ်သလိုဖြစ် ပါတယ်ဘုရား)။

စီးပွားယုတ်ပြန်တော့လဲ ဒီဘက်က လျှော့ကြဦးစို့ဟော့.... (မှန်ပါ့)ဒီဘက်ကမလဲသာလို့ ရှိပေစေတော့ဒီဘက်က လျှော့ကြ ဦးစို့ဆိုပြီးတော့ ဒီမှာလဲဝိနိစ္ဆယလုပ်နေပြန်တာဘဲ(မှန်ပါ့)မလုပ် ဘူးလား...(လုပ်ပါတယ်ဘုရား)။

အဲ.... စီးပွားတက်လဲ ခင်ဗျားတို့က ဒယ်အိုးမျက်စောင်းထိုး တာဘဲ....(မှန်ပါ့) စီးပွားယုတ်ပြန်တော့ကော.... (ဒယ်အိုးမျက် စောင်းထိုးပါတယ်) အဲဒီ မျက်စောင်းထိုးနေတယ်လို့ တကာ ကြွယ် လူတိုင်းမသိဘူးနော်....(မသိပါဘုရား)။

ဒါ့ကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးကိုရှင်အာနန္ဒာက ပဋိစ္စသမုပ္ပါဒ်လွယ်ပါတယ်၊ တပည့်တော်သေကွဉာဏ်နဲ့တွေးတာ တောင် သေကွဉာဏ်ဆိုတာ သူ့အထက်မရောက်သေးဘူးပေါ့ ဗျာ.... (မှန်ပါ့) သောတာပန်ဉာဏ်ကလေးနဲ့ သူတွေးတာ

တောင် ပေါ်သလိုလိုရှိတယ်ဘုရ့ ပဋ္ဌိစ္စသမုပ္ပါဒ်တဲ့.... (မှန်ပါ ဘုရား)။

ဟ.... ညီတော်အာနန္ဒာ သူ့ကိုနားမလည်လို့ တကာတကာ မတွေ့ အပါယ်ချည့်ရောက်နေကြတာပေါ့ကွဆိုပြီး ဒါကို ဟော တော်မူတယ်....(မှန်ပါ့)။

သူ့ နားမလည်လို့တဲ့၊ အိမ်တွင်းပဋ္ဌိစ္စသမုပ္ပါဒ် မင်းတို့က နားမလည်တော့ တကာတကာမတွေ့ အိမ်တွင်းကနေပြီးသကာလ ဘုရားရှေ့.မှောက်မှာဘဲ သေပဲ့ဝင်ပြီးသကာလ ဘုရားရှေ့.မှောက် ကနေ အပါယ်သွားရတယ်..(မှန်ပါ့)။

ဗုဒ္ဓဘာသာဆိုတာ အိမ်မှာဘုရားရှိကြတယ်.... (ရှိပါတယ် ဘုရား) အဲဒီအောက်မှာဘဲ သူတို့အပါယ်သွားကြတယ် (မှန်ပါ့) ကဲ....ဘယ်လောက်ကြောက်စရာကောင်းသလဲ.... (ကြောက်စရာ ကောင်းပါတယ်)ဒါ့ကြောင့် အိမ်တွင်း ပဋ္ဌိစ္စသမုပ္ပါဒ် မင်း မသိ ဘူးဆိုပြီး ဟောတော်မူတယ်.... (မှန်ပါ့)။

ကဲ.... ဒါဖြင့် တကာတကာမတွေ့ကလဲ ဒီ ပဋ္ဌိစ္စသမုပ္ပါဒ်ဖြစ် စဉ်ကိုက်ကဲ့လား၊ ကိုယ်ပိုင်ဥာဏ်နဲ့ တွေးကြစမ်းပါ.... (ကိုက် ပါတယ်ဘုရား) သေသေချာချာကိုက်တယ်.... (မှန်ပါ့) ရှင်းပြီ နော်....(ရှင်းပါပြီဘုရား)။

ကဲ... ဒါဖြင့် တခေါက်ပြန်ကြည့်စို့၊ ဝေဒနံပဋ္ဌိစ္စ....(တဏှာ ပါဘုရား)တဏှာပဋ္ဌိစ္စ....(ပရိယေသနာပါ) တဏှာကြောင့်ရှာမှီး တယ်.... (ရှာမှီးပါတယ်) ရှာမှီးတဲ့တဏှာဖြစ်ပြီ.... (မှန်ပါ့)ပရိ

ယေသနံပဋိစ္စ·(လာဘောပါဘုရား) လာဘ·ပဋိစ္စ....(ဝိနိစ္ဆယောပါဘုရား)ဝိနိစ္ဆယောတဲ့ တခါတည်းဆုံးဖြတ်ချက်ချတယ်(မှန်ပါ့ဘုရား)။

ဒါညာဘို့၊ ဒါနေ့ဘို့၊ ဒါသားဘို့၊ ဒါ- သမီးဘို့ အစရှိသည်နဲ့ဆုံးဖြတ်ချက်ချလိုက်တာတကာတကာမတို့ဒါကလေးတော့ဖြင့် ရှေ့ခေးကလေးကလဲ ကျတဲ့အခါ ကိုယ်ကလဲ အခြောင်းညီညွတ်တဲ့အခါ ဒါကလေးကတော့ သမီးဘို့ ရှေကလေး ဝယ်လိုက်ဦးမှတော်မယ်ထင်တယ်.... (မှန်ပါ့) ဒါတွေလာပြီ၊ မလာသေးဘူးလား....(လာပါတယ်ဘုရား)။

အင်း.... ဒီ့ထက်များလာလို့ရှိယင်လဲ စိန်ခေးကလဲကျတယ်ပြီးတော့ ရောင်းမည့်လူကလဲ အဆင့်သင့်ရှိတယ်၊ အရှယ်ကလေးနဲ့လဲအတော်ဘဲ.... (မှန်ပါ့) အံမာ လုပ်ကုန်ပြီ ခင်ဗျားတို့ဟာ.... (မှန်ပါ့) မလာဘူးလား... (လာပါတယ်)ဝိနိစ္ဆယမလာကြဘူးလား....(လာပါတယ်ဘုရား)။

"ဝိနိစ္ဆယ· ပဋိစ္စ ဆန္ဒရာဂေါ"တဲ့.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီ) ဝိနိစ္ဆယချပြီး ဘာလာပြန်သတုံး....(ဆန္ဒရာဂလာပါတယ်ဘုရား)။

ဆန္ဒရာဂကလာတယ်တဲ့၊ သမီးကလေးက ဝတ်နေတယ်....၊ အကြောင်းညီညွတ်တော့ အင်း... ပြုံးနေတယ်....(မှန်ပါ့)နောက်ကနေကြည့်နေပြီး သူက ဝတ်စားပြီးသွားပြန် ပြုံးနေတယ်.... (မှန်ပါ့)။

သားကလေးက စိန်လက်စွပ်ကလေး ကောင်းကောင်းမွန်မွန် ဝတ်သွားပြန်တော့ အမေမိဘက....(ပြုံးပါတယ်ဘုရား)။

ဘာဖြစ်သို့ တကာကြွယ် ပြုံးတာတုံးလို့ မေးယင် ဆန္ဒရာဂ ဖြစ်တာကွ....(မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ကဲ...ဒါဖြင့် တကာတကာမတို့ ဆန္ဒရာဂဖြစ်ပြီး သကာလ ဒီဥစ္စာ ရှေ့ကိုဆက်ရပါမယ်....(မှန်ပါ့) ဆန္ဒရာဂ ပဋိစ္စ ဆန္ဒရာဂကို အဓြကြောင်းရင်းခံပြီး ယကာလ တကာတကာမတို့ တမျိုးလာဦးမှာဘဲ....(မှန်ပါ့ဘုရား)။

ဒါ့ကြောင့်ဘုရားက "တဏှာ ပဋိစ္စ ပရိယေသနာ၊ ပရိယေသနံ ပဋိစ္စ လာဘော၊လာဘ ပဋိစ္စ ဝိနိစ္ဆယော၊ ဝိနိစ္ဆယံ ပဋိစ္စ ဆန္ဒရာဂေါ" လို့ မလာဘူးလား....(လာပါတယ်ဘုရား)။

အဲဒီ ဆန္ဒရာဂတွေ ဖြစ်ပြီးသကာလ လာတဲ့အခါကျလို့ ရှိယင် တကာတကာမတို့ ဒီဘက်က ဘာလာတော့မတုံးဆိုလို့ ရှိယင်ကွာ- ဝတ်လဲဝတ်၊ စားလဲစား၊ သို့သော်လဲ မင်း အစိုးရများလဲ မမြင်အောင် ဒါ စာရင်းဖျောက်ရမယ်... (မှန်ပါ့) မင်း- မမြင်အောင် စာရင်းဖျောက်ရမတဲ့၊ မစ္ဆရိယဝင်လာတယ် (မှန်ပါ့ဘုရား)။

ဘာဝင်လာသတုံး... (မစ္ဆရိယဝင်လာပါတယ်) မစ္ဆရိယဝင်လာတယ်၊ တကာတကာမတို့ မစ္ဆရိယဝင်လာတော့ ဒီဟာတွေ စာရင်းထဲထည့်ပြီးသကာလ ကျန်တော်တို့ ဝင်ငွေ ဒီနှစ် ဘယ်

လောက်ပါလို့ ရေးသလား၊ ဒီအတွက်တွေ နုတ်ထားသလား.... (ဒီအတွက်တွေ နုတ်ထားပါတယ်) အဲ.... ရှိပါစေ- ရှိပါစေ၊ ဒါ မစ္ဆရိယပါဘဲ....(မှန်ပါ့)ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဒီအတွက်တွေကို တကားကြွယ်ရေ ထည့်ထားကြသလား .... (မထားပါ) ဘယ့်နှယ်ကြောင့် မထားကြသတုံး .... (မစ္ဆရိယကြောင့်ပါဘုရား)။

ဒါ သူများ မစ္ဆရိယဖြစ်နေတာလား၊ တကာသစ်- ကိုယ့်အိမ်ထဲတွင် ကိုယ်လား....(ကိုယ့်အိမ်ထဲတွင် ကိုယ်ပါဘုရား)။

ဒါက အကြောင်းညီညွတ်တဲ့ အခါကျတော့ ထ, ဝတ်တာပေါ့၊ သို့သော်လဲ ဒီအမြတ်တော် ဝန်ထောက်တို့ ဟုတ်လား- အမြတ်တော်မင်းကြီးတို့ အကြောင်းမညီညွတ်လို့ သူတို့နဲ့တွေ့ကြုံပြီးသကာလ သွားပြန်လဲ ကားကလေးကအစ တံခါးပိတ်ထားရတယ်....(မှန်ပါ့) မပိတ်ရဘူးလား.... (ပိတ်ရပါတယ်) ဒါဖြင့် ဝတ်မှု,စားမှုဆိုတာတွေလဲ ခြိုးခြံသလောက် မခြိုးခြံရပေဘူးလား.... (ခြိုးခြံရပါတယ်ဘုရား)။

ကဲ....ဒါဖြင့် ဒါ ဘာဖြစ်တာတုံးမေးခဲတာ့....(မစ္ဆရိယပါ) မစ္ဆရိယရှိတယ်....(မှန်ပါ့ဘုရား)။

မစ္ဆရိယရှိလာတော့ တကာတကာမတွေက ဘယ်လိုဆုံးဖြတ်ချက်ချလိုက်သတုံး ဆိုတော့ဟေ့ .... မတော်ဘူး၊ ပြန်သိမ်းတာကောင်းတယ်....(မှန်ပါ့)ဒီအချိန် မကောင်းဘူး ဝတ်လို့,စားလို့ (မှန်ပါ့)ဘာလုပ်ကြသတုံး... (ပြန်သိမ်းပါတယ်ဘုရား)။

အံမာလေး .... တကာတကာမတို့ မစ္ဆရိယလဲ လာပါဆော ပြန်သိမ်းတယ်(မှန်ပါ့)ပြန်သိမ်းတဲ့ဥစ္စာက ငါ့ဟာပျောက်ချေရဲ့ ဆိုတဲ့ ဒိဋ္ဌိနဲ့ သိမ်းလိုက်တယ်။ (မှန်ပါ့ဘုရား)။

ဘာနဲ့သိမ်းသလဲ....(ဒိဋ္ဌိနဲ့သိမ်းပါတယ်ဘုရား) တကာသစ်သေတ္တာထဲပြန်သိမ်းတာများ ခင်ဗျားတို့က အပြစ်မရှိဘူး ထင်မနေနဲ့....(မှန်ပါ့)သေတ္တာထဲပြန်သိမ်းတာဟာ လုံခြုံစေချင်လို့ သိမ်းတာဘဲလို့ ဆိုမလားတဲ့၊ တကာတကာမတို့ မစ္ဆရိယနဲ့ သိမ်းတာလား....(မစ္ဆရိယနဲ့ သိမ်းတာပါ) သဘောပါကြပလား (ပါ၊ပါပြီဘုရား)။

ဒါ အိမ်ပြင်မှာဖြစ်သလား၊ အိမ်တွင်းဖြစ်သလား (အိမ်တွင်းဖြစ်ပါတယ်)သြော်....ဒီပဋ္ဌိစ္စသပ္ပါဒ်ကလဲ အားလုံးတကာတကာမတွေ့သိတဲ့အတိုင်း အိမ်တွင်းချည့်ဘဲ သူက .... (အိမ်တွင်းချည့်ပါဘုရား)။

ဒါ့ကြောင့် ခင်ဗျားတို့က ကိုယ့်အိမ်နဲ့ကိုယ်နေတာကျုပ်တို့ဖြင့် ဘယ်မှမသွားလို့ အကုသိုလ်တော့ နည်းပါတယ်တဲ့ .... (မှန်ပါ့)အံမာ....ခင်ဗျားတို့က သုံးသေးတယ်.... (မှန်ပါ့ဘုရား)။

ကျုပ်တို့စာ ခရီးသွားကလဲ နည်းတော့ အကုသိုလ်ဖြစ်ကလဲ နည်းတယ်တဲ့၊ ပြီးတော့လဲ ဘာဟုတ်မလဲဗျ၊ သူ့ဟာသူမစ္ဆရိယနဲ့ မသွားတာ....(မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘာနဲ့မသွားတာတုံး (မစ္ဆရိယနဲ့မသွားတာပါ) ငါသွားယင် ဟာကုန်ချေရဲ့....(မှန်ပါ့ဘုရား)။

အဲဒီတော့ အလကား မဖွင့်တန်တာတွေဖွင့်. မလုံခြုံတန်တာတွေ လုံခြုံအောင်လုပ်ရမည့် ဥစ္စာတွေဖွင့်နေလို့ ရှိယင်ဖြင့် လူကြီးလို အမြော်အမြင်ရှိတာ မဟုတ်ဘူးတဲ့.... (မှန်ပါ့ဘုရား)။

ဘယ်နှယ် တကာကြွယ် လူကြီးကဘာတဲ့တုံး .... (အမြော်အမြင်ရှိပါတယ်) ဘယ်မြော်တာတုံးဗျ .... (အပါယ်လေးပါးမြော်တာပါ)အံမာလေး ...ကြောက်စရာကြီးပါလား... ။

တကာတကာမတွေ ခင်ဗျားတို့ဖြစ်စဉ်ဟာ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ရှင်အာနန္ဒာကို ပြန်ပြောနေတာ ပဋိစ္စသမုပ္ပါဒ်လွယ်တယ်ပြောလို့... (မှန်ပါ့) ကြည့်ကွ ဒါအိမ်တွင်း ပဋိစ္စသမုပ္ပါဒ်တဲ့....(မှန်ပါ့)လူတိုင်းဖြစ်တယ်တဲ့....(မှန်ပါ့)။

ဒါတွေ အခုဘုန်းကြီးက ဝိပဿနာဉာဏ်နဲ့ တကာတကာမတွေ ဖြတ်မပေးလို့ရှိယင် ကျုပ်တို့ အကုသိုလ်မရှိဘူးပြောမှာဘဲ (ပြောမှာပါ) မပြောဘူးလား ပြောမလား.... (ပြောမှာပါ) တကာကြွယ် ပြောမနော်....(မှန်ပါ့ဘုရား)။

ဖြစ်လိုက်တဲ့ အကုသိုလ်ဟာ တကာသစ် အခုကြည့်စမ်း တဏှာပဋိစ္စ... (ပရိယေသနာပါ)ပရိဃသနံပဋိစ္စ(လာဘာပါ) လာဘာပဋိစ္စ....(ဝိနိစ္ဆယောပါ) ဝိနိစ္ဆယံပဋိစ္စ...(ဆန္ဒရာဂေါပါ ဘုရား)။

အဲ... ဝိနိစ္ဆယံ ပဋိစ္စဆိုပြီးတော့ ဒီကြားထဲမှာ တခုထည့်လိုက်ပါဦးနော်... (မှန်ပါ့) ဝိနိစ္ဆယံ ပဋိစ္စအာဇ္ဈာသာနံတဲ့၊ အာဇ္ဈာသာနံဆိုတာက တခြားမဟုတ်ပါဘူး တကာတကာမတို့ အလွန့်ကို ဒီအာလုပ်ကို အားကြိုးမာန်တက် သွန်ပြီးလုပ်တော့မယ်ကွာတဲ့

(မှန်ပါ့)ဒီထိအောင် တခါတည်းလုပ်ပစ်လိုက်တယ် .... (မှန်ပါ့ဘုရား)။

ဆုံးဖြတ်ချက်ချပြီးတခါတည်း ဒို့ဆုံးဖြတ်ချက်ချပြီးဒီအလုပ်တော့ဖြင့် အားကုန်ရှိသွန်မှဘဲကွ .... (မှန်ပါ့) ဘာဖြစ်လို့တုံး-လ့သာတုန်း ပိုင်းငင့်ရတယ်၊ အချိန်ရှိခိုက် လုံ့လစိုက်ရတယ် .... (မှန်ပါ့)ဆိုပြီးသကာလ အဇ္ဈောသာနံဆိုပြီး အလွန်ကြီးကျယ်တဲ့ တဏှာ-ဒိဋ္ဌပေါ်သာတယ်....(ပေါ်လာပါတယ်) မပေါ်လာဘူးလား....(ပေါ်လာပါတယ်ဘုရား)။

ကိုင်း .... ဒါဖြင့် တကာတကာမတို့ အဇ္ဈောသာနံ ပဋိစ္စပရိဂ္ဂဟောတဲ့... (မှန်ပါ့) ဟော- တခါတည်း အကုန်သိမ်းဆည်းတော့တာဘဲ၊ ခုနင်ကဟာ သေတ္တာထဲဘာထဲ အကုန်သိမ်းဆည်းတော့တာဘဲ....(မှန်ပါ့)ဒါကလေးတခု ကြားကျနေတယ်နော်.... (မှန်ပါ့ဘုရား)။

ကဲ....ဒါဖြင့် ဒါရှင်းပလား .... (ရှင်းပါပြီ) "အဇ္ဈောသာနံ ပဋိစ္စပရိဂ္ဂဟောပရိဂ္ဂဟံ ပဋိစ္စမစ္ဆရိယော" (မှန်ပါ့)သိမ်းဆည်းတဲ့အခါကျလို့ရှိယင်သိမ်းဆည်းတာကတကာတကာမတို့ဘာဖြစ်လို့သိမ်းဆည်းရတာတုံးလို့ မေးလို့ရှိယင်ဖြင့် တကာသစ် ဖြေတတ်ပါပြီ... (မစ္ဆရိယဖြစ်လို့ပါ) သူမျှားမြင်မှာစိုးတယ်....(မှန်ပါ့) သူမျှားသိမှာ.... (စိုးပါတယ်ဘုရား)။

သူတို့မှာ ရှေတဲ့လဲ ငွေတဲ့လဲ စိန်တွေ တခြောင်ခြောင်နဲ့ ငွေချေးမှာလဲ စိုးတယ်....(စိုးပါတယ်ဘုရား)။

တကာကြွယ် ဘာစိုးရိမ်သလဲ.... (ငွေချေးမှာ စိုးရိမ်ပါတယ်ဘုရား)။

ငွေချေးမည့်လူတွေလာလို့ရှိယင် ခင်ဗျားတို့ ပရိယာယ်က အရှုပ်ကြီးဘဲ၊ ဒီနားရှိတဲ့လူတယောက်လှမ်းပြီးသကာလ ဒို့-ငွေ နည်းနေတယ်ကွာ၊ မင်း-ငွေရှာတဲ့နေရာ အရင်နေရာ သွားနိုင် သေးသလားတောင် လှမ်းမေးချင်မေးတာ... (မှန်ပါ့) ဖုံးလိုက် တာကိုး.... (ဖုံးပါတယ်ဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား) အင်း....တယ်ဆိုးပါကလား တကားတကားမတို့... (မှန်ပါ့)။

တကာကြွယ် ဒီအသုံးတွေဟာလဲ မသုံးဘူး မဆိုနဲ့နော်.... (သုံးပါတယ်ဘုရား) သူ့ခွေးယင် ရမှာမဟုတ်တော့ ကပျာ ကယာ ကာကွယ်လိုက်ရတယ်....(မှန်ပါ့)။

အိမ်ပေါ်ကို ဒီလူ ခြေလှမ်းတက်လာကတည်းက ဦးမာဒင် သိပြီ....(သိပါပြီဘုရား) အင်း.... ဒီလူ အရင်တုန်းကလဲ ပေးတာ မဟုတ်ဘူး၊ အခုလဲ ဒို့အကြောင်းညီညွတ်တယ်ဆိုလို့လာပြန်ပြီ၊ အဲဒီတော့ အသံတော့ လွှင့်လိုက်ဦးမှဘဲဆိုပြီး တကာကြွယ် မလွှင့်လိုက်ဘူးလား....(လွှင့်ပါတယ်ဘုရား)။

ကွာ ... ဒို့လဲ အကြောင်းမညီညွတ်လို့ အခုထက်ထိ ဒီလိုဘဲနေရသေးတာ၊ဒါကြောင့် ကိုယ့်အတွက်တောင်မှ အတော် ရှာရမည့် အရေးကို တွေးနေရသေးတယ် ဆိုတဲ့ အသွားမျိုး တကာသစ် ဖုံးလိုက်- ဖိလိုက်လာတာဘဲ...(လာပါတယ်) မလာ ဘူးလား....(လာပါတယ်ဘုရား)။

ကဲ....ဒါဖြင့် မစ္ဆရိယံ ပဋိစ္စတဲ့ တကာတကာမတို့ ဝန်တိုပြီး သကာလ အခု သိမ်းလိုက်-ဆည်းလိုက်နဲ့ ဟိုလူလာလို့ အမြင် မခံနိုင်တော့ဘူး....(မခံနိုင်ပါ)ခံနိုင်ကြသေးသလား....(မခံနိုင်ပါ ဘုရား)။

ကဲ....ဒါဖြင့် ဘယ်လိုလုပ်ကြမတုံးလို့ မေးတော့ "မစ္ဆရိယံ ပဠိစ္ဆ အာရက္ခော" စောင့်ရှောက်ပြီ....(မှန်ပါ့ဘုရား)။

တကာ တကာမတို့ .... ဒီနေရာကလေးကို နေ့တိုင်းလိုလိုဘဲ အခြေပျက်မပျက် သွားသွားကြည့်တယ် ....(မှန်ပါ့) မကြည့်ရဘူးလား....(ကြည့်ရပါတယ်ဘုရား)။

လက်ရာ- ခြေရာများ ရှိသလား၊ တက်ရာ- ဆင်းရာများရှိသလားနဲ့ -(မှန်ပါ့)ဘာလုပ်ကြရသတုံး....(အခြေအနေသွားကြည့်ရပါတယ်ဘုရား)။

သွားသွားကြည့်ရတယ်....(မှန်ပါ့) သွားကြည့်တာနဲ့ တချို့သူခိုးက ရိပ်မိလို့ တူးသွားတာတွေ့လဲ တပုံကြီးဘဲ....(မှန်ပါ့) ဒီလိုဟာတွေကလဲရှိသေးတယ်....(မှန်ပါ့)။

ကဲ....ဒါဖြင့် တကာတကာမတို့ စောင့်ရှောက်ပြီနော်(မှန်ပါ့) တဏှာဒီဋ္ဌိနဲ့ စောင့်ရှောက်တယ်....(မှန်ပါ့) ဒါဖြင့် မစ္ဆရိယံ ပဠိစ္ဆအာရက္ခော၊ စောင့်ရှောက်ပါပြီတဲ့၊ မစ္ဆရိယကြောင့် အာရက္ခဆိုတဲ့ စောင့်ရှောက်မှုလာတယ်.... (လာပါတယ်) သဘောကျပလား....(ကျပါပြီဘုရား)။

အာရက္ခဆိုတဲ့ စောင့်ရှောက်မှုကြောင့် ကဲကွာ.... ဒို့အရင်လို့နေလို့ မတော်ကြတော့ဘူး၊သေနတ်ကလေး ဘာကလေး လိုင်စင်ယူဦးမှဘဲ၊ ဒီရောက်တယ်....(မှန်ပါ့) မရောက်ဘူးလား....၊ရောက်သလား....(ရောက်ပါတယ်ဘုရား)။

ရောက်ပြီတဲ့၊ ဒါ့ကြောင့် မြတ်စွာဘုရားက "အာရက္ခာနံ ပဠိစ္ဆ သတ္ထာဒါန်" ကွတဲ့....(မှန်ပါ့) ညီတော်အာနန္ဒာ မင်း-မသိ

ဘူးတဲ့ ဒီလက်နက်ထားတာ ဘာဖြစ်လို့လဲ.... (စိတ်ချရအောင် လို့ပါ) ညီတော်အာနန္ဒာကို ပြောနေတယ်....(မှန်ပါ့)။

ကဲ... အခုလက်နက်ထားတာ တကာကြွယ်ရိပ်မိပလား-(ရိပ်မိပါပြီ) လက်နက်မရမှာစိုးလို့ ကိုယ့်အမြတ်တော်ကြီး မကျသေးလို့ရှိယင် အမြတ်တော်ကြီးကလေးတောင် နည်းနည်းသွားဆောင်လိုက်တယ်.... (မှန်ပါ့) ဘာဖြစ်လို့တုံး၊ လက်နက်မရမှာစိုးသကိုး.... (မှန်ပါ့ဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

တကာကြွယ်၊ ရေ.... ဒီဥစ္စာက အတော်ဆိုးသနော်... (ဆိုးပါတယ်ဘုရား) ဘယ်နှယ်ကြောင့်တုံးလို့ မေးတဲ့အခါကျတော့မှ တကာတကာမတို့ မစ္ဆရိယကြောင့် အာရက္ခဆိုတဲ့ အစောင့်အရှောက် လိုလာတယ်....(လိုလာပါတယ်ဘုရား)။

အဲဒါကြောင့် ဓါးတို့, လက်နက်တို့, တံခါးတို့ အမျိုးမျိုး အဖုံဖုံလုပ်မလာဘူးလား... (လုပ်ပါတယ်ဘုရား)။

ဒါဖြင့် ဓါး,ဒုတ်,လက်နက်,သေနတ် အစရှိသည်တို့ တကာတကာမတွေ့မှာ အဆင်သင့်ဖြစ်ပြီး တံခါးတွေ့ အထပ်ထပ်, အမျိုးမျိုးအဖုံဖုံလုပ်ကြတာဟာ ဘယ်နှယ်ကြောင့် လုပ်ဖြစ်ပါလိမ့်မတုံးလို့ မေးဘို့မလိုဘူးလား... (လိုပါတယ်ဘုရား) ဒီဘက်သူ့အကြောင်း နောက်ပြန်တွေး....(မှန်ပါ့) မတွေးထိုက်ဘူးလား (တွေးထိုက်ပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ စောင့်ရှောက်လိုတဲ့စိတ်ကြောင့် ဓါး,ဒုတ်တွေ့ ဆောင်ရတယ်....(မှန်ပါ့)။

ဓါး,ဒုတ်တွေ ဘယ့်နှယ်ကြောင့် ထားပါလိမ့်... (စောင့်ရှောက်လို့စိတ်ကြောင့် ထားရပါတယ်ဘုရား)။

စောင့်ရှောက်ချင်တဲ့စိတ်က ဘယ်ကလာတာတုံး၊ ပျက်မှာ ပျက်မှာ စိုးတဲ့စိတ်က ဘယ်ကလာတာတုံး၊ ဟော....မစ္ဆရိယက လာဘယ်...(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

မစ္ဆရိယ ဘယ်က လာပါလိမ့်မတုံး....လို့ မေးလို့ ရှိယင် ဒီပြောင်းပြန်လှည့်ဆု အကုန်သွားရမယ်....(မှန်ပါ့) ရိပ်မိပလား-(ရိပ်မိပါပြီ)။

ဒါဖြင့် နောက်ဆုံးပိုတ် ဘယ်ပြန်ရောက်မယ်ထင်သတုံး၊ ခန္ဓာပြန်ရောက်မယ်.... (မှန်ပါ့- ခန္ဓာပြန်ရောက်ပါမယ်ဘုရား) ခန္ဓာ့အတွက်လေ....(မှန်ပါ့)။

ဒါဖြင့် တကာတကာမတို့ အလုံးစုံအကုန် ခင်ဗျားတို့သည်ကားလို့ ဆိုလို့ ရှိယင်ဖြင့် လက်နက်ဆောင်တာသည် အိမ်မှာတံခါးတွေ့ လုံခြုံအောင် ပြန်ပြီးသကာလ အရင်မူနဲ့မတော်ဘူး၊ နောက်မူပြန်လုပ်မှာဆိုဘဲ့ အသွားတွေ့ဟူသ၍ဟာလဲ ခင်ဗျားတို့သည် ဘယ်အကျိုးငှါ လုပ်ပါလိမ့်မလဲလို့ တကာသစ် မေးဘို့မလိုဘူးလား....(လိုပါတယ်ဘုရား) ဒီ-စောင့်ရှောက်မှု အလိုရှိလို့(မှန်ပါ့)။

စောင့်ရှောက်မှု ဘယ်ကလာသတုံး မေးလို့ရှိယင် ဘယ့်နှယ်ဖြေပါ့မလဲ....(မစ္ဆရိယကပါဘုရား) မစ္ဆရိယ ဘယ်ကလာပါလိမ့်မလဲလို့ မေးလို့ရှိယင် ကိုယ့်ပစ္စည်းအလွန်နှစ်သက်လို့-(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဘယ်နှယ်ကြောင့် အလွန်နှစ်သက်တဲ့သဘော ဖြစ်ရပါလိမ့် မတုံးဆိုတော့ အို....ဝေပုံကျထားတာ.... (မှန်ပါ!) သဘောကျပလား....(ကျပါပြီဘုရား)။

ဘယ်နှယ်ကြောင့် ဝေပုံကျထားတာတုံး... ဆိုတော့ ရလို့ (မှန်ပါ!) ရတာ ဘယ်ကရသတုံးဆိုတော့ ရှာလို့.... (မှန်ပါ!) ရှာတာ ဘာနဲ့ရှာသတုံးမေးတော့....(တဏှာနဲ့ရှာပါတယ်ဘုရား) တဏှာ ဘယ်ကထွက်လာပြီး ရှာသတုံးမေးတော့.... (ခန္ဓာက ထွက်ရှာပါတယ်ဘုရား)။

အဲဒီတော့ တကာတကာမတွေက ဖုံးလိုက်,ဖိုလိုက်သေးတယ် (မှန်ပါ!) အိမ်လဲလုံလို့ လက်နက်တွေဘာတွေနဲ့လဲ စောင့်လို့ ရှောက်လို့ဟုတ်လား....(မှန်ပါ!) အမျိုးမျိုးအဖုံဖုံတွေ ကျုပ်တို့ လုပ်ပြီးထားတာ ရှာနေတာ တခြားတော့မဟုတ်ပါဘူး၊ ကိုယ့် အတွက်တော့ စားချိန်လဲ မရှိပါဘူး၊ နေချိန်လဲ မရှိပါဘူး၊ လွှဲ-တန်းဘို့ပါဘဲ....(မှန်ပါ!) ဒါကြီး အကုန်ဖုံးပစ်လိုက်တယ်- (မှန်လှပါ)။

ဒီပဋိစ္စသမုပ္ပါဒ် ဘာဖြစ်ပစ်လိုက်သလဲ(ဖုံးပစ်ပါတယ်ဘုရား) ရော....ခင်ဗျားတို့ ပဋိစ္စသမုပ္ပါဒ်ဖုံးလို့ရတာလား တကာတကာ မတို့ အကြောင်းအကျိုးဆက်နေတာလား- (အကြောင်းအကျိုး ဆက်နေတာပါဘုရား) ဖုံးလို့ရရဲ့လား.... (မရပါဘုရား)။

အဲဒါ တကာကြွယ်တို့က မသိတော့ အင်း.... သူတို့ရှာနေ တာက သူတို့ စားချိန်တော့ မရှိဘူးဟေ့၊ အခု အလှူတွေက တန်းလန်း၊ကျောင်းဆောက်နေတာက တန်းလန်း၊ ဘုရားတည်

နေတာကတန်းလန်း၊ရေကန်တူးနေတာကတန်းလန်း၊ဒါကြောင့် ရှာနေတာ သာဓု... သာဓုတဲ့....၊ အံမာ....သာဓုများ ခေါ်လိုက် သေးတယ်....(မှန်ပါ့)သူ့အိမ်သွားကြည့်တော့လဲ လက်နက်တွေနဲ့ (မှန်ပါ့) ဘယ်နှယ်ဆိုကြမလဲ။

တချို့အိမ်သွားကြည့်တော့ ဘယ်နှယ်ဆိုပါ့မလဲ (လက်နက် တွေနဲ့ပါဘုရား)။

ဘယ်နှယ်ကြောင့် ဒီလက်နက်တွေ ထားပါလိမ့်မလဲဆိုတော့ ပျောက်မှာစိုးလို့....(မှန်ပါ့-ပျောက်မှာစိုးလို့ပါဘုရား)သဘော ကျပလား .. (ကျပါပြီဘုရား)။

ဘာများ ပျောက်မှာစိုးသတုံးဆိုတော့ မစ္ဆရိယရှိလို့-(မှန်ပါ့ ဘုရား) ဒါများ သာဓုခေါ်တယ်....(မှန်လှပါ)။

တကာကြွယ်ကော ခင်ဗျား ခေါ်ဘူးသလား.... (ခေါ်ဘူး ပါတယ်ဘုရား) ဟာ....သွားပြီပေါ့၊ ခင်ဗျား သာခုခေါ်လိုက် တာ ဟိုလူ ထိုးချလိုက်တာဘဲ....(မှန်ပါ့) အင်မတန် ဆိုးနေတယ် ဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒီဥစ္စာ တဏှာမူလက ၉-ချက်ဆို တာ ၁-၂-၃-၄-၅-၆-၇-၈-၉-ပေါ့ဗျာ... (မှန်ပါ့ဘုရား) တဏှာ အကြောင်းရင်းခံပြီး ၉-ချက်ဖြစ်တယ်... (မှန်ပါ့)။

ဘုရားက မင်းတို့ တခြား ပဋိစ္စသမုပ္ပါဒ်မှတ်မနေနဲ့၊ညီတော် အာနန္ဒာ ဒီဥစ္စာ အိမ်တွင်းကနေပြီး အပါယ်သွားတဲ့ပဋိစ္စသပ္ပါဒ် ကို . တဲ့....(မှန်ပါ့)ကဲ့....ဟောထိုက်,မဟောထိုက် .. (ဟောထိုက် ပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒီပဋိစ္စသမုပ္ပါဒ်နားသည်ပလား.... (နားလည်ပါပြီဘုရား) မပြောပါနဲ့ ကိုယ်တိုင်လုပ်နေတာဘုရာ့၊

နားလည်ရုံတွင်မကဘူး....(မှန်ပါ့) ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

ဦးသန်းမောင် ဘယ်နှယ်လုပ်နေသလဲ.... (ကိုယ်တိုင်လုပ်နေတာပါဘုရား) ကိုယ်တိုင်လုပ်နေတာ၊ နားလည်ရုံ မကပါဘူးဘုရား၊ ဒါ....လက်တွေ့ပါ....(မှန်လှပါ) ရှင်းပလား.... (ရှင်းပါပြီဘုရား) အတော်မဆိုးဘူးလား....(ဆိုးပါတယ်ဘုရား)။

သို့သော်.... ဘယ်တော့မှ ဒီကြားမှာ ဝိပဿနာဝင်မယ်လို့လာကို မလာဘူး... (မလာပါဘုရား) လာကြရဲ့လား... (မလာပါဘုရား)။

ဒီလို မလာတာကလဲ တကာကြွယ် ဘယ်လောက် ကြာပြီတုံး (မရေတွက်နိုင်ပါဘုရား)အစ့်ကတည်းက မလာဘူးပါဘူးဗျာ-(မှန်ပါ့) ရိပ်မိပလား... (ရိပ်မိပါပြီ)။

ဘယ်တုန်းက မလာဘူးတာတုံး.... (အစ့်ကတည်းကပါ) အစ့်ကတည်းက မလာဘူးဘူးဆိုလို့ ရှိယင်ဖြင့် ဒီပဋိစ္စသမုပ္ပါဒ်ပေါင်း တကာကြွယ် ဘယ်လောက်ရှိပြီတုံး.... (မရေတွက်နိုင်ပါဘုရား)။

ကဲ... တက်လမ်းကို မပါဘူး....(မပါ-ပါ့ဘုရား) တကာကြွယ် ဘယ်နှယ်တုံး.... (တက်လမ်းကို မပါ-ပါဘုရား) အဲဒါ ခင်ဗျားတို့မှာ အားလုံးတရားနာကြတာက ဒီကြွေးတွေ လူတိုင်းရှိတယ် (ရှိပါတယ်ဘုရား)။

နည်းနည်းရှိတဲ့လူလဲ ဒီ ပဋိစ္စသမုပ္ပါဒ်ပါတာဘဲ... (ပါ-ပါတယ်) များများရှိတဲ့လူလဲ.... (ပါ-ပါတယ်) အလတ်စားရှိတဲ့ ပုဂ္ဂိုလ်လဲ....(ပါ-ပါတယ်ဘုရား)။

ဒါဖြင့် ဒီအိမ်တွင်းကနေ အပါယ်သွားတဲ့ ပဋိစ္စသမုပ္ပါဒ်ဟာ တကာသစ် နည်းသလား....(မနည်းပါဘုရား)။

ဒါဖြင့် ဘုရားကဟောတယ်၊ လူတသိန်းသေလို့ နတ်ရွာသုဂတိ တယောက်မှမရောက်ဘူးလို့ဟောတယ်.... (မှန်ပါ့) ခင်ဗျားတို့က ဘုရားကို အပြောကြီးတယ်ဆိုမလား၊တပည့်တော်တို့ ဖြစ်တာနဲ့ စာယင် အဟောနည်းတယ်ဆိုကြမလား(အဟောနည်းပါတယ်) ရိပ်မိပြီ....(ရိပ်မိပါပြီ) ဖြစ်တာနဲ့ စာယင်အဟောနည်းတယ်....(မှန်ပါ့ဘုရား)။

ကိုင်း.... ဒါဖြင့် ဒီဟာတွေ ခင်ဗျားတို့ကို ဒီဆရာဘုန်းကြီးက ဒီဖြတ်လမ်းကို မပြတော့ပါဘူးဆိုယင် ဒီ ကြွေးဟောင်းဟာ ခင်ဗျားတို့မှာ မနည်းတော့ပါဘူး....(မနည်းပါ)ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

ဒီကြွေးလွှတ်တဲ့ တကာတကာမ ဒီအထဲမှာ တယောက်မှမပါဘူး.... (မပါ-ပါဘုရား) ဒီ ပဋိစ္စသမုပ္ပါဒ်ကြွေးတွေဟာလေ.... (မှန်ပါ့) တယောက်ပါရဲ့လား...(မပါ-ပါဘုရား)ပေါ်ကြပြီ.... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒီတကာတကာမတွေ ဒီကြွေးကို ခင်ဗျားတို့ သွေ့.... တပည့်တော်ဖြင့် ပန်းကလေးလှူပါ၏, အပါယ်လေးပါးဖြင့် မရောက်ပါရစေနဲ့၊ ဟို- ပဋိစ္စသမုပ္ပါဒ်က အောင်မြင်ပြီးပြီ.... (မှန်ပါ့ဘုရား)။

အင်း.... ချမ်းသာတယ်၊ ချမ်းသာတဲ့အခါကျလို့ ရှိယင်ဖြင့် ကဲကဲ့ဘာ တလ,တကြိမ်၊တလ,သုံးကြိမ်လောက် ဒို့ ဆယ်ပါးစီ ဆဲငါးပါးစီ, နှစ်ဆယ်စီလောက် ကိုယ်အကြောင်းညီညွတ်တဲ့အခါ

ဆွမ်းကလေးကျွေး၊ ဒါဟာကိုယ့်ကို ကယ်မည့်သူ, ယူမည့်သူပေါ့ (မှန်ပါဘုရား)။

အင်း.... ဆွမ်းက တလသုံးကြိမ်ရယ်၊ သူ့ ပဋိစ္စသမုပ္ပါဒ်က တနေ့ဘယ်နှစ်ကြိမ်တုံး....(မရေတွက်နိုင်ပါဘုရား)။

မရဘူး- မရဘူး၊ မိုးကြိုးပစ်တာ ထန်းဖလက်နဲ့ ကာလို့မရဘူး....(မှန်ပါ) ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

မိုးကြိုးပစ်တာကို.... (ထန်းဖလက်နဲ့ကာလို့မရပါ)မရဘူး-မရဘူး၊ ဝိပဿနာမှရမယ်.... (မှန်ပါ) ရှင်းပလား... (ရှင်းပါပြီဘုရား)။

ဝိပဿနာကတော့ တကာတကာမတို့ မှတ်လိုက်စမ်းပါတဲ့ ကုသိုလ်ရော, အကုသိုလ်ရော၊ မကောင်းတဲ့ အကုသိုလ်ရော, ဘုံဘဝအကျိုးပေးမည့် ကုသိုလ်ရော သူကစွန့်တယ်... (မှန်ပါ!) အပါယ်သွားမည့် အကုသိုလ်လဲ.... (စွန့်ပါတယ်ဘုရား)။

အဲ....ဝိပဿနာနဲ့ ကာကွယ်မှရမယ်... (မှန်ပါ!) ရိမ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ကဲ... ယနေ့ ဒီတွင်တော်ကြဦးစို့.

သာဓု....သာဓု....သာဓု....

ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ

အာမရပူရမြို့ မင်္ဂလာတိုက်ဟောင်း - မိုးကုတ် ဆရာတော်ဘုရား

အမရပူရမြို့-ဓမ္မာရုံ၌ ဟောကြားဆုံးမတော်မူသော

(အိမ်တွင်းပဋိစ္စသမုပ္ပါဒ်ပြတ်စဉ်)

နေ့အလုပ်ပေး-တရားတော်

(၆ - ၁၀ - ၆၁)

အကုသိုလ်ဖြစ်နေတာကိုလဲ အကုသိုလ်ဖြစ်မှန်းမသိလို့ အပြစ်မရှိတော့ဘူးလို့ တကာကြွယ်တို့က မယူနဲ့နော်....(မှန်ပါ့) အဆိပ်ကို မှားသောက်လဲ သေတာဘဲ....(မှန်ပါ့ဘုရား)။

အဆိပ်ကို မှားသောက်ယင်.... (သေပါတယ်)ဒီမှာလဲ အကုသိုလ်ကို အကုသိုလ်ဖြစ်မှန်းမသိဘူးလို့ ဆိုငြားသော်လဲ အပါယ်ရောက်တာဘဲ... (မှန်ပါ့ဘုရား)။

ဒါ့ကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ့ မသိတာ ဖေါ်ပြောပြီး သကာလ ဘုရားကနေတာကိုပင်လျှင် ခဲ့ဩာ်.... မသိလို့ သူ့ခမျာများမှာ အဆိပ်တွေ့သောက်နေတာ သေမှာမသိရှာဘူး ဆိုဘိသကဲ့သို့ မသိဘဲနဲ့ဖြစ်နေတဲ့ အိမ်တွင်း ပဋိစ္စသမုပ္ပါဒ်ကြီးဟာ ဒီ့ဖြင့် ဘာမှကိစ္စမရှိဘူးလို့ ဆိုငြားသော်လဲ သေသည်၏အခြားမဲ့၌ အပါယ်လေးပါးသွားရတယ်....(မှန်ပါ့)။

အဲဒီတော့ မသိတာ မသိသလိုနေလို့ တော်ပါ့မလားလို့

ဘုန်းကြီးတို့ တကာတကာမတွေ့ မေးလို့ ရှိယင် မတော်ဘူးအကုန် ဖြေရမှာဘဲ့... (ဖြေရမှာပါဘုရား)။

မသိလို့ အဆိပ်သောက်တော့ ဘာဖြစ်သတဲ့တုံး.... (သေပါ့ တယ်ဘုရား) မသိလို့ အကုသိုလ်လုပ်တော့ အပါယ်ကျမှုလွတ်ပါ့ မလား....(မလွတ်ပါဘုရား)။

တကာကြွယ် မလွတ်ဘူး.... (မှန်ပါ့) ဦးမာဒင်တို့, ဦးသန်း မောင်တို့ လွတ်ပါ့မလား....(မလွတ်ပါဘုရား)။

မလွတ်တော့ သြော်... ဒို့ ဆရာရင်း သမားရင်းက ဒါ့အမှန် ပြောထားပြီ၊ သူ့ ချည့်သက်သက် ပြောတာလဲမဟုတ်ဘူး၊ သူ့ ဆရာက အမှန်မြင်တဲ့ ကိုယ်တော်မြတ်ကြီးက ဘုရားသခင် ကိုယ် တော်မြတ်ကြီးကဟောလို့ ဒို့ ကိုတဆင့်ဆုံးမတာဘဲ့....၊ ဒို့ က တော့ဖြင့် ဒီဟာအဆိပ်ရယ်လို့ မထင်ဘူး သောက်တော့သောက် နေကြတာဘဲဆိုတဲ့ဥစ္စာကိုသိတော့ အဆိပ်ပျောက်ဆေးကို ဒို့ရှာ ဘို့ အရေးဟာလဲ ရှိသေးတယ်ဆိုတာကို တကာတကာမတွေ့ကိုယ့် အရေးလိုသေးတယ် .. (လိုပါတယ်ဘုရား)။

အဆိပ်သောက်ထားလို့ ပျောက်တဲ့ဆေးရှာဘို့အရေးဟာက ဦးမာဒင်တို့, ဦးသန်းမောင်တို့ ကိုယ့်အရေးပေါ့ဗျာ.... (မှန်လှပါ ဘုရား)။

နို့.... မရှာတဲ့ပုဂ္ဂိုလ်တွေကျတော့ ဘယ့်နှယ်ဆိုမတုံးဆို- အို... မရှာတဲ့ပုဂ္ဂိုလ်ဟာ အဆိပ်မှန်းမသိလို့ သောက်ပေမဲ့ သေခြင်းဆိုး သေတာပေါ့....(မှန်ပါ့) ဒါဘဲ ဆုံးဖြတ်ချက်ချပါ့.... (မှန်ပါ့ ဘုရား)။

ဒီတကာတကာမတွေ့လဲ ဘုန်းကြီးများက ပါရမီဖြည့်တာ ဖြစ်ဖြစ် သယ်ယူပို့ဆောင်ရမည့်ပုဂ္ဂိုလ်တွေ့ သုဂတိတို့,နတ်ပြည်တို့ နိဗ္ဗာန်တို့ဆိုသလို အဖျင်းဆုံး ဒီသုဂတိကနေ နိဗ္ဗာန်ကူးဘို့အတွက် ကို လုပ်ပေးရမည့်ပုဂ္ဂိုလ်တွေ့ဖြစ်နေတာ့ ခင်ဗျားတို့ကလဲ အဆိပ် မှန်းမသိလို့ သောက်ထားကြတာဘဲ၊ သောက်ပင် သောက်ငြား သော်လဲ ဒီအဆိပ်ဖြေဆေးကို ယခုဖြလိုက်လဲ ရပါတယ်-(မှန်ပါ့ ဘုရား)။

ဟို- မသိတဲ့ပုဂ္ဂိုလ်ကတော့ ဖြေဆေးကိုမပါဘူး၊ တခါတည်း ဒုက္ခရောက်ရေးသာ သူ့ဟာသူသွားတာဘဲ... (မှန်ပါ့)။

ဒါကြောင့် အားလုံးတကာတကာမတွေ့ ဩော်....ဒို့ကတော့ ဖြင့် လူထဲမှာမွေး, လူထဲမှာကြီးလာရတော့ ဘုရားသာသနာ တွင်းမှာမွေးတယ်ဆိုငြားသော်လဲ အဆုံးအမ ဒို့သန္တာန်မရောက် သေးပါကလား....(မှန်ပါ့) အဆုံးအမ ရောက်မှ သာသနာတည် တာကိုးဗျ.... (မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီ ဘုရား)။

ဘုရား၏ အဆုံးအမ ညွှန်ထဲရောက်ပါမှ တကာတကာမတို့ သာသနာတည်တာနော်....(မှန်ပါ့)။

သာသနာ ဝါဝါဝင်းပြီး ဘုရားတွေ့ပါ, ကျောင်းကန်တွေ့ ပေါ့, အလှူအတန်းတွေ့ပေါငြားသော်လဲ အဆုံးအမ ဝမ်းထဲ မရောက်သေးလို့ရှိယင်ဖြင့် အပါယ်ဘေး မလွတ်သေးပါဘူး.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် အဆုံးအမ ဝမ်းထဲရောက်ခရေးဟာ ဦးမာဒင် အရေး ကြီးတယ်....(အရေးကြီးပါတယ်ဘုရား)။

တကာကြွယ် ဘာပါလိမ့်.... (အဆုံးအမ ဝမ်းထဲရောက်ရေး ဟာ အရေးကြီးပါတယ်) အဆုံးအမ ဝမ်းထဲရောက်ရေးဟာ အရေးအကြီးဆုံး ၂ ခါ....(မှန်ပါ့ဘုရား)။

အဆုံးအမဘုရားစာအုပ်ထဲမှာ ပြည့်လို့ ဆိုငြားသော်လဲ ကိုယ့်ဝမ်းထဲ မရောက်သေးလို့ ရှိယင်ဖြင့် ဝမ်းထဲမှာရှိတဲ့ ပဋိစ္စသမုပ္ပါဒ်ကို စာအုပ်ကနေဖြတ်လိမ့်မယ်လို့ ဦးမာဒင်တို့ယူလို့ မရပါဘူး....(မရပါဘုရား) ရပါ့မလား....(မရပါဘုရား)။

ဒါဖြင့် ကိုယ့်ဝမ်းထဲရှိတဲ့ ကိုယ့်ပဋိစ္စသမုပ္ပါဒ်ကို ဆရာသမား ပေးတဲ့ဥာဏ်,ကိုယ် ကိုယ်တိုင် ဆုံးဖြတ်ချက်ချတဲ့ဉာဏ်နဲ့ ဦးမာဒင်တို့ ဆုံးဖြတ်ချက်ချရပါ့မယ်.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ဒီပဋိစ္စသမုပ္ပါဒ်ဟာဖြင့် ရှင်အာနန္ဒာက ကိုယ်တော်မြတ်ကြီးကို မနေ့ကပြောသလိုဘဲလွယ်ပါတယ်ဘုရား၊ တပည့်တော် သေကွဉာဏ် သောတာပန်ဉာဏ်နဲ့ တွေးကြည့်လိုက်တာ ပဋိစ္စသမုပ္ပါဒ်ဆိုတဲ့ဥစ္စာ ပေါ်တယ်ဘုရာ့....။

ဟာ.... ညီတော်အာနန္ဒာ.... မင်းကသာဝကဆိုတဲ့ ဉာဏ်ကလေးနဲ့ ပေါ်လွင်တယ်, ထင်ရှားတယ်ဆိုတာ မင်း-အင်မတန်လဲသက္ခာတဲ့....(မှန်ပါ့)မင်းကိုယ်တိုင် သံဃရတနာကြီးထဲမှာ လည်ပြီးသကာလလာတာဟာ ဒါ မသိလို့ကွ... (မှန်ပါ့ဘုရား)။

မင်းက ပေါ်လွင်ထင်ရှားတယ်လို့ဆိုတာ အကုန်ပေါ်တာမဟုတ်ဘူး၊ အစိတ်အပိုင်းကလေး ဆယ်ပုံ-ပုံ-တပုံ,ကိုးပုံ-ပုံ- တပုံ ပေါ်တာကွ.. (မှန်ပါ့ဘုရား)။

ကဲ....ဒါဖြင့်ကဲ့ဘ ငါ မင်းတို့ဝမ်းထဲမှာ အခုဖြစ်နေတဲ့ အိမ်တဲ့ငုံးတဲ့ငုံဖြစ်နေတာ ငါပြောပြမယ် မင်းသေသေ ချာချာနား ထောင်လို့ဆိုတော့ တကာတကာမတွေ့ ဒါ ဘုန်းကြီးတို့အတွက် ဟောတာ....(မှုန်ပါဘုရား)။

ညီတော်အာနန္ဒာတော့ ဘုရားကသိပြီးသားဘဲ၊ ငါပရိနိဗ္ဗာန်စံပြီးယင် သူရဟန္တာဖြစ်မယ်ဆိုတော့ ရဟန္တာဖြစ်တယ်ဆိုကတည်းက တကာကြွယ်ကစဉ်းစား၊ဦးလှဘူးကစဉ်းစား၊ဩော်... သူ့ကိစ္စ မလိုတော့ပါလား....(မှုန်ပါ!) လိုသေးသလား....(မလိုပါဘုရား) ဒါဖြင့် ကျုပ်တို့အတွက်ပေါ့ဗျာ....(မှုန်ပါဘုရား)။

အေး....ဒါကြောင့် ယနေ့တော့ဖြင့် တရားထူး တရားမြတ်ကို ငါတို့သည်ကားလို့ဆိုယင် အိမ်တဲ့ငုံးမှာဖြစ်နေတဲ့၊အဆိပ်သောက် နေတဲ့ဥစ္စာကို အဆိပ်ပျောက်ဆေးဖြင့် ကောန်တဲကယ်ရတော့မှာဘဲ ဆိုတာ ဦးမာဒင်တို့၊ ဦးသန်းမောင်တို့၊ တကာကြွယ်တို့၊ ဦးလှဘူးတို့ ကြပ်ကြပ်ဂရုစိုက်နားထောင်ပါ....(မှုန်ပါဘုရား)။

အခု ဖြတ်လမ်းပြနေတယ်....(မှုန်ပါ!) ဒီကနေဖြတ်လိုက်လို့ ရှိယင် ဘယ်လောက်ဘဲ ခင်ဗျားတို့ လူသတ်မှုပေါင်း တသိန်းဘဲ ဖြစ်ဖြစ်၊ အပါယ်ကျစေတတ်တဲ့ လူသတ်မှုပေါင်း သိန်းပေါင်း တရာဖြစ်ဖြစ် မဂ်တချက်ဝင်လိုက်ယင် ဦးမာဒင် အဟောသိကံ ဖြစ်ရတယ်....(မှုန်ပါဘုရား)။

မဂ်တချက်ဝင်လိုက်ယင်.... (အဟောသိကံဖြစ်ပါတယ်ဘုရား) ဘယ်သူ့မှ မထောက်နဲ့၊ ခင်ဗျားတို့ ကြားဘူးနားဝရှိတဲ့ အင်္ဂုလိမာလ ခိုးသူကြီးသာထောက်ပါ(မှုန်ပါ!) ဒီဘဝတွင်သတ်လိုက်တဲ့

လူပေါင်းဟာလဲ လက်ညှိုးတထောင် ပြည့်ဘို့ရာ တော်တော်နေရင်း လက်ညှိုးတွေ့ ကျိုးချို,ဋ္ဌင်းတချိန့်ပျောက်ရင်း တထောင်မပြည့်ရင်း သတ်ရရင်းဆိုတော့ ဦးသန်းမောင် တထောင်ကျော်လိမ့်မယ်....(ကျော်သွားပါတယ်ဘုရား)။

အဲဒီ ကျော်တဲ့ဥစ္စာတွေဟာ သူ့အကုသိုလ်တွေဟာဖြင့် နည်းသလားဗျာ....(မနည်းပါ)အဲဒါ မင်္ဂလာဝင်လိုက်တော့ အလုံးစုံအပါယ်မသွားဘူး.... (မှန်ပါ့) တခါတည်း ရဟန္တာဖြစ်သွားတယ်....(မှန်ပါ့)အဲဒီတော့ သြော်....ဆေးရှိပါသေးသလား ဆိုတာ ပေါ်လာတယ် (မှန်ပါ့ဘုရား)။

တကာကြွယ် ဘာပေါ်လာသတုံး.... (ဆေးရှိပါသေးသလား ဆိုတာ ပေါ်လာပါတယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့မှာ အဆိပ်သောက်ထားငြားသော်လဲ၊ အိမ်တွင်းမှာ သောက်ထားကြငြားသော်လဲ ဦးမာဒင်တို့ ပျောက်ဆေးရှိသေးတော့ ဒါသောက်လိုက်ယင်ပြီးသွားတာဘဲ....(မှန်ပါ့ဘုရား)။

ဒီအသောက်တော့ဖြင့် အဆိပ်သောက်ထားပြီးသား လူဟာဖြေဆေးသောက်တာတော့ပျင်းဘို့မလိုဘူးထင်တယ်လို့၊ ဘုန်းကြီးလဲ ဆုံးဖြတ်ချက်ချတာယ်....(မှန်ပါ့ဘုရား)။

တကာတကာမတို့ အဆိပ်သောက်ပြီးသား ပုဂ္ဂိုလ်ဟာ ဖြေဆေးသောက်ဘို့ ဘယ်လိုစဉ်းစားကြမလဲ .... (ပျင်းဘို့မလိုပါဘုရား)။

နှေးနှေးမှ သောက်ယင်ကော တော်ပါ့မလား....(မတော်ပါ) မတော်ဘူးတဲ့ အသေစောသွားမယ်....(မှန်ပါ့ဘုရား)။

နှေးနှေးမူသောက်ယင်....(အသေစောသွားပါမယ်ဘုရား) ဒါ ဘုန်းကြီးက အရေးကြီးစေချင်လို့ တရားမမှတ်လုပ်စေချင်တဲ့ ကရုဏာတွေမျှားလွှန်းလို့ ဒီအသုံး- သုံးတာသားလို့ မေးတော့ မဟုတ်ပါဘူးတဲ့၊ အဆိပ်က သောက်ပြီးသားဖြစ်နေကြတယ်....(မှန်ပါ့)နှေးလို့မရပါဘူး....(မရပါ)ရိပ်မိကြရဲ့လား (ရိပ်မိပါတယ်ဘုရား)။

အဆိပ်က သောက်ပြီးသားဖြစ်နေတော့.... (နှေးလို့မရပါ) အဲဒီတော့ ဘုန်းကြီးက သောက်စေချင်တာလား- ခင်ဗျားတို့ကလဲ ပြင်းပြင်းထန်ထန် အမြန်လုပ်ရမှာလားဆိုတာအကဲခတ်ပါ (တပည့်တော်တို့ကပြင်းပြင်းထန်ထန် အမြန်လုပ်ရမှာပါဘုရား)။

တကယ်လို့ အကြောင်းမသင့်လို့ သေသွားလို့ ရှိယင် အဆိပ်လက်နက်နဲ့ သေတဲ့ဥစ္စာ အပါယ်လေးပါးမှာ ခန္ဓာကိုယ်နဲ့ဆပ်ရမှာမှတာပါး ဒီ့ပြင်နည်းမရှိဘူး....(မရှိပါ) သဘောကျကြပလား...(ကျပါပြီဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့တကာတကာမတွေ့မှာ ဒီဝိပဿနာအလုပ် တပည့်တော်တို့ ဘယ်နေ့ဘယ်ရက် လုပ်ရမှာတုံးဘုရားလို့ မဆိုပါနဲ့ အဆိပ်ကကြာလေ ခင်ဗျားတို့ အသက်အန္တရာယ်ရှာလေဘဲ....(မှန်ပါ့ဘုရား)။

အဲဒီကြာလေ-ကြာလေအသက်အန္တရာယ်ရှာလေဖြစ်နေတော့ ဒီဥစ္စာကိုယ်က ဖြေးလို့လဲ အဆိပ်ကဖြေးမှာမဟုတ်ဘူး(မှန်ပါ့)။

ဦးမာဒင် ကိုယ်ကဖြေးလို့လဲ.... (အဆိပ်က မဖြေးပါဘုရား) အဆိပ်ကမဖြေးဘူး .... (မှန်ပါ့) ကိုလေသာ အဆိပ်တွေက

တခါတည်း တက်ပြီးသကာလ တကာတကာမတွေ အပါယ်လေးပါး မရောက်-ရောက်အောင် သူကတော့ဖြင့် မသေ- သေအောင်၊ သေခြင်းဆိုးမသေသေအောင်လဲ သူလုပ်မယ်- (မှန်ပါ့) အပါယ်လေးပါး မရောက်-ရောက်အောင်လဲ သူပို့မယ်ဆိုတဲ့ဥစ္စာ တကာကြွယ် ငြင်းဘို့လိုသေးသလား.... (မလိုပါဘုရား)။

ဒီအထဲမှာ တကာတကာမတွေ အဆိပ်ကသောက်ပြီးသား နော်.... (သောက်ပြီးသားပါ) လောဘတွေက ဝမ်းထဲမှာသောက်ပြီးသားဖြစ်နေတယ်.... (မှန်ပါ့) ဖြေဆေးနှေးယင် တော်ပါ့မလား ဆိုတာ ကိုယ့်ဟာကိုယ် ဆုံးဖြတ်ချက်ချ.... (မှန်ပါ့ဘုရား)။

က-ဦးသန်းမောင်တို့၊ တကာကြွယ်တို့အခုပြောတာကဘုန်းကြီး က တရားအားထုတ်စေချင်လို့ တကာတကာမတွေ သနားလွန်း လို့ပြောတာလို့ ဒီအပြောကိုမယူနဲ့ (မှန်ပါ့) ဒီအပြောကနဂိုရ်က ရှိပြီးသား.... (မှန်ပါ့) သနားတာက နဂိုရ်ကရှိပြီးသား- (မှန်ပါ့) သို့သော်လဲ ကိုယ့်ရောဂါက လွန်သွားမှာစိုးရတယ် .... (မှန်ပါ့ ဘုရား)။

ဘယ်လိုဆုံးဖြတ်ချက်ချမလဲ.... (ကိုယ့်ရောဂါက လွန်သွားမှာ စိုးရပါတယ်ဘုရား)။

တကာကြွယ် ဒီဥစ္စာ ကိုယ့်ရောဂါလွန်သွားမှာစိုးလို့ပြောတဲ့ အရေးကို ဘုန်းကြီးက တရားအားထုတ်စေချင်လွန်းလို့- လို့ ခင်ဗျားတို့ ဒီလိုမလဲလိုက်ပါနဲ့.... (မှန်ပါ့ဘုရား)။

ကိုယ့်ရောဂါ လွန်သွားလို့ရှိယင်ဖြင့် ဆည်မရ- ကယ်မရ ဖြစ်တော့မှာဘဲဆိုတာ သေသေချာချာမှတ်ပါ.... (မှန်ပါ့ဘုရား) ဦးမာဒင် ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဒီအထဲမှာ တကာတကာမတွေ တဏှာဒိဋ္ဌိဆိုတဲ့ အဆိပ်တွေက သောက်ပြီးသား ပုဂ္ဂိုလ်တွေချည့်ဘဲ ဆိုယင်ဖြင့် ငြင်းဘို့လိုသေးသလား....(မလိုပါဘုရား)။

တဏှာ,ဒိဋ္ဌိ အဆိပ်တွေကဖြင့်.... (သောက်ပြီးသားချည့်ပါဘုရား)။

ဖြေဆေးကျတော့ ခင်ဗျားတို့လဲ မသိလို့မရှာဘူး.... (မရှာပါဘုရား) ရှာလို့ တွေ့ပြန်တော့လဲ ဖြေးဖြေးမှ သောက်မယ်ဆိုတော့ အသေကသာစောချ အပါယ်လေးပါး အရောက်သာစောစရှိတယ်....(မှန်ပါဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ပြောနေတဲ့ အဓိပ္ပါယ်သည် ဆင်ခြေလဲစရာ တကွက်မှမရှိဘူး .... (မရှိပါ) ဆင်ခြေလဲရင် အဆိပ်ကလွန်သွားလိမ့်မယ် .... (မှန်ပါ့) လွန်သွားလေလေ ကုချက်ဝေးလေလေ....(မှန်ပါ့)ကုချက်ဝေးလေလေ-နစ်နာချက်များလေလေ (မှန်ပါ)ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် တကာကြွယ်-ခေ... ဒီနေ့ပြောတဲ့ တရားစကားမှာဖြင့် သော်.... ဘုန်းကြီးကတော့ ပြောနေတယ်၊ အရေးက ကိုယ်ကကြီးရမှားကိုး....(မှန်ပါ့)။

ဘုန်းကြီးကတော့အပြော၊ အရေးက.... (ကိုယ်က ကြီးရမှာပါဘုရား) ကိုယ်ကကြီးရမယ်ဆိုတာ ဦးသန်းမောင်တို့ သေသေချာချာမှတ်ပါ....(မှန်ပါ့)။

မကြီးလို့ရှိယင် ဘုန်းကြီးတို့လို ပိဋ္ဌကတ်ချောက်ချားပြီး ဘုရားသခင်ကိုယ်တော်မြတ်ကြီး တရားတော်တွေ သိနေတဲ့ပုဂ္ဂိုလ်

က ဟော....ဟကာကြွယ်တို့, ဦးသန်းမောင်တို့ ခပ်ဖြေးဖြေးပေါ့ ဗျာ၊ ကိစ္စမရှိပါဘူး ခင်ဗျားတို့က အပြစ်မှုမရှိဘဲ.... (မှန်ပါ့) ခန္ဓာကိုယ်ကြီးကလဲ အတ္တဘဲ ခိုင်ပါတယ်လို့ ဟောမှာဘဲ.... (မှန်ပါ့)။

အခုတော့ ခန္ဓာကိုယ်ကလဲ အနတ္တ....(မှန်ပါ့) အဆိပ်ကလဲ သောက်ပြီးသား....(မှန်ပါ့)။

အဆိပ်က တဏှာအဆိပ်, ဒိဋ္ဌိအဆိပ်တွေက သောက်ပြီးသား ဖြစ်နေတယ်၊ ခန္ဓာကိုယ်က အစိုးမရ, ကိုယ်က တားလို့မရတော့ ခန္ဓာကိုယ်က အသေစော၊ အဆိပ်တွေက တကာတကာမတွေ ကြိုးထွားပြီးသကာလ ပဋိစ္စသမုပ္ပါဒ်သဘောနဲ့ တဏှာ,ဥပါဒါန်, ကံ, အပါယ်ဇာတိ လုပ်ပစ်လိုက်တယ်....(မှန်ပါ့)။

ခင်ဗျားတို့ ညှံဖျင်းတဲ့အတွက် ဆရာကောင်း,သမားကောင်း တွေလျက်သားနဲ့ အချိန်မမှီလိုက်တာ အနာဆုံးဘဲ.... (မှန်ပါ့ ဘုရား)။

ဆရာကောင်း, သမားကောင်းတွေလျက်သားနဲ့.... (အချိန် မမှီလိုက်တာဟာ အနာဆုံးပါဘုရား)။

ခင်ဗျားတို့ သေသေချာချာ ဦးမာဒင်တို့ ဦးသန်းမောင်တို့ တကာကြွယ်တို့ ဦးလှဘူးတို့ စဉ်းစားပါနော်... (မှန်ပါ့)။

ဒေဝိလရသေ့ကြီးဆိုတာ သုဒ္ဓါဒန, မယ်တော် မာယာတို့ အပေါ်မှာ တရားဆုံးမနေတဲ့ ပညာရှိကြီး တယောက်ပါဘဲ.... (မှန်လှပါ)။

သိဒ္ဓတ္ထမင်းသားမွေးလာတော့ကန်တော့ခိုင်းတော့မကန်တော့ဘူး(မှန်ပါ့)သူ့ကန်တော့စရာလူက လူ့ပြည်မှာ မရှိဘူး၊နတ်ပြည်မှာလဲ မရှိဘူး....(မှန်လှပါ့)။

ဒါနဲ့ခလေးကလေးပြတဲ့အခါ ရသေ့ကြီးက ငိုရှာတယ်.... (မှန်ပါ့) ဘာဖြစ်လို့ ငိုသတုံး၊ နောက်တခါရယ်ပြန်တယ်၊ ဘာဖြစ်လို့ ရယ်သတုံး....(မှန်ပါ့)။

ငိုတာက တခြားမဟုတ်ဘူးကွာ...တဲ့၊ ငါ့မှာ အဆိပ်တွေသောက်ထားပြီးသကာလ ဆေးပေးမည့်လူက ဘုရားက ဖြစ်ဘို့ရာက နှစ်ပေါင်းသုံးဆယ်ကျော်လိုသေးတယ်.... (မှန်ပါ့)။

ငါ့အဆိပ်တွေက အခုသူ ဘုရားမဖြစ်ခင် သေရမှာကြောင့် ငါငိုတယ်.... (မှန်လှပါ) အဆိပ်က လွန်သွားပြီ.... (မှန်လှပါ ဘုရား)။

ကဲ...တကာကွယ် သဘောကျပလား.... (ကျပါပြီဘုရား) ဒေဒီဒလ·ရသေ့ကြီးငိုတာသည် ငိုချင်လို့ငိုတာလား၊ အဆိပ်တွေက သောက်ပြီးသားဖြစ်လို့ ဆေးမှိုလို့ငိုတာလား.... (အဆိပ်တွေက သောက်ပြီးသားဖြစ်လို့ ဆေးမှိုလို့ငိုတာပါဘုရား)။

ကဲ ယုတ္တိဆောင်ပြောတာလား အမှန်ဘဲလဲ.... (အမှန်ပါဘုရား)ဦးသန်းမောင် ဘယ့်နှယ်တုံး၊ ယုတ္တိဆောင်ပြောဘာလား အမှန်လား....(အမှန်ပါဘုရား)။

ဓါတ်ရှင်လို စိတ်ကူးနဲ့ရိုက်တဲ့တရားမဟုတ်ပါဘူး....(မှန်ပါ့) ဓါတ်ရှင်လို စိတ်ကူးနဲ့ သူက ဘာလုပ်- သူက ဘာလုပ် ဆိုလို့ ဟန်ပန်လုပ်တဲ့သဘောမျိုး, အသွင်တူအောင် လုပ်တဲ့ သဘော

မျိုးကို ဟောနေတဲ့တရားလို့ ဦးမာဒင် မယူနဲ့....(မှန်ပါ) မယူကြနဲ့နော်....(မယူပါဘုရား)။

အခု ဒေဝိလ·ရသေ့ကြီးဟာ ဘုရားအလောင်းနဲ့ကိုသေသေချာချာတွေ့တယ်....(မှန်ပါဘုရား) သို့သော်.... ဘုရားဖြစ်မှာကန့်စ်ပေါင်းသုံးဆယ်လောက်လိုသေးတယ်....(မှန်ပါ့)။

သူက သေမှာက ဦးသန်းမောင် မကြာတော့ဘူး....ဆိုတော့ အဆိပ်တွေက သောက်ပြီးသားဖြစ်နေတော့ ဦးမာဒင် ငိုရှာတယ် (မှန်ပါ့)။

အရှင်ဘုရား.... ဘာဖြစ်လို့ ငိုသတုံး....လို့ သုဒ္ဓါဒနတို့က မေးတဲ့အခါကျတော့ တကာကြီး... တဲ့ အဆိပ်တွေက သောက်ထားပြီ၊ ဆေးပေးမည့်သူက ဆေးကို မဖေါ်နိုင်သေးတဲ့ အခြေအနေ ရောက်နေတယ်....(မှန်ပါ့)။

အဲဒီတော့ ကျုပ်ဝေဒနာနဲ့ကျုပ်ဟာ ဝိညာဏ်သာချုပ်ပြီး ကမ္ဘာများစွာ ဒုက္ခရောက်ဘို့သာရှိတယ် ဆေးမမှီတော့ဘူး.... (မှန်လှပါဘုရား) ဒါ့ကြောင့် ကျုပ်ငိုတယ်....တဲ့.... (မှန်လှပါဘုရား)။

ကိုင်း.... ဒါလောက် ပညာရှိကြီးတွေ့ ငိုရတာသည် ခုနင်ကပြောတဲ့ မင်္ဂဆေးကို သူမမှီတော့ဘူး....တဲ့၊ သောက်ချိန်မမှီတော့ဘူး... တဲ့.... (မှန်လှပါဘုရား) မနာဘူးလား.... (နာပါတယ်ဘုရား)။

အဲဒါကြောင့် အားလုံး တရားနာကြတဲ့ တကာတကာမတွေလဲ စိတ်ဓာတ်ကို ဆွဲနေတယ်လို့ ဒီလိုလဲမယူနဲ့....(မှန်ပါ့ဘုရား)

ကိုယ်တောင်မှ အခု ယခုနဲ့လုပ်မှ ယနေ့ရမှာ၊ နက်ဖြန် ကိုယ့်ကိုယ် ဆိုတဲ့ အနတ္တက မဆိုနိုင်ဘူး... (မှန်ပါ့)။

မြန်မြန်သောက်လေလေ အပါယ်ရောဂါ မြန်မြန်ပျောက် လေလေဖြစ်မယ်ဆိုတာ သေသေချာချာမှတ်ပါ....(မှန်ပါ့)။

မြန်မြန်သောက်လေလေ.... (အပါယ်ရောဂါ မြန်မြန်ပျောက် လေလေပါဘုရား)။

အဲဒီတော့ ခင်ဗျားတို့ ရက်ရှေ့နေလို့ရှိယင်ဖြင့် နာရီရှေ့ နေမယ်, ရက်ရှေ့နေမယ်, နှစ်ရှေ့နေကြမယ် ဆိုလို့ရှိယင်ဖြင့် သြော်....ဒီအဖြစ်နဲ့ ဒီရောဂါနဲ့ အပါယ်ရောဂါနဲ့ အပါယ်ရောက် စေတတ်တဲ့ အခုသောက်ထားတဲ့ ဒိဋ္ဌိအဆိပ်, တဏှာအဆိပ်တွေနဲ့ အပါယ်တည်းဟူသော ဒုက္ခရောက်တဲ့နေရာကို ရောက်စေတော့ ဆိုပြီး တဏှာက ဝင်ပြီးတော့ ဆင်ခြေလဲနေတယ်လို့ မှတ်လိုက် (မှန်ပါ့)။

နက်ဖြန် မှလုပ်တာပေါ့၊ သဘက်မှ လုပ်တာပေါ့၊ ဟိုနှစ်မှ လုပ်တာပေါ့၊ ဒီနှစ်မှ လုပ်ကာပေါ့လို့ဆိုတာ အပြောကောင်း သလောက်, အသံကောင်းသလောက် ခန္ဓာကိုယ်ကို မသနားတဲ့ တဏှာကဝင်ပြီး နှောင့်ယှက်တယ်... (မှန်လှပါ) သဘောပါကြ ပလား .. (ပါပါပြီဘုရား)။

ဘယ်သူက ဝင်နှောင့်ယှက်ပါလိမ့်.... (တဏှာက ဝင်ပြီး နှောင့်ယှက်ပါတယ်ဘုရား)။

နို့... ခင်ဗျားတို့ကလဲ ဒီဥစ္စာ တကာကြွယ်တို့ကလဲ အောက် မေ့လိမ့်မယ်, ဦးသန်းမောင်တို့ကလဲ အောက်မေ့လိမ့်မယ်၊ သြော်... စိတ်ထားတော့ မည့်ဘူး....တဲ့.... (မှန်လှပါ)။

ဘယ်နှယ် ညှဲလိုက်တဲ့စိတ်ထား... (မှန်ပါ့) ကိုယ့်ခန္ဓာအစိုးရတဲ့အဖြစ်နဲ့ပြောနေတာ ညှဲတဲ့စိတ်လား - မညှဲတဲ့စိတ်လား (ညှဲတဲ့စိတ်ပါဘုရား)။

သို့သော်.... ဘေးက မသိတဲ့ တကာ တကာမတွေ့ကတော့ ဩော်.... စိတ်ထားမညှဲဘဲကိုး၊ ဒီလူတွေ့ ဇဲနဲ့မဲနဲ့ လာတာဘဲကိုး လို့ ထင်ချင်လဲ ထင်ကြမယ်....(မှန်ပါ့)။

ရက်ရွှေ့ - နာရီရွှေ့ - နှင်ရွှေ့နေတဲ့ ပုဂ္ဂိုလ်မျိုးအတွက်မှာဖြင့် ဉာဏ်ကရွှေ့တာလား- ကိုလေသာက ရွှေ့တာလား-(ကိုလေသာက ရွှေ့နေတာပါဘုရား)။

ဩော်... ဒါဖြင့် ကိုလေသာက ခင်ဗျားတို့အဆိပ်သောက်ပြီး သေခြင်းဆိုးသေ၍ အပါယ်ဒုက္ခာတာ သဘောကျလို့ အရွှေ့ခိုင်းနေတာ... (မှန်ပါ့) ဦးမာဒင် ပေါ်ပလား.... (ပေါ်ပါပြီဘုရား) တကာကြွယ်ကော သဘောကျပလား... (ကျပါပြီဘုရား)။

ခန္ဓာကိုယ်ဟာ အနတ္တ ခန္ဓာကိုယ်ကြီးကိုဘဲ တခါတည်း ကိုလေသာက ဝင်ပြီးသကာလ ဟိုနှစ်,ဟိုရက်,ဟိုလတွေနဲ့ ရွှေ့လုံးကြီးမျိုးနဲ့ ရွှေ့နေလိုက်တာ ဘေးကတော့ ကြားလို့ကောင်းပါရဲ့... တဲ့၊ ရွှေ့နေတာကတော့ ကိုလေသာ ရန်သူကနေပြီး ချော့မော့ပြီး ဝင်လာပြီးသကာလ ခင်ဗျားတို့အပါယ်တွန်းချနေတာ.... (မှန်ပါ့ဘုရား) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ဉာဏ်နားနဲ့ ထောင်မှုနော်... (မှန်ပါ့) တကာကြွယ် ဒါ-

ဉာဏ်နားနဲ့ ထောင်တော့ ဟုတ်ပါ့ပေဘူယ် လိုက်ရမယ်....(လိုက်ရမှာပါဘုရား)။

ဉာဏ်နားနဲ့ မထောင်တဲ့ ပုဂ္ဂိုလ်ကျတော့ ဘယ်အခြေအနေဆိုက်သွားသတုံးဆို ဒီအပြော, ဒီအဆို, ဒီအသံတွေကြားလိုက်တဲ့အခါကျတော့ သူတော်ကောင်းစိတ်ရှိပေဘူယ်... (မှန်ပါ့)။

အံမာ.... ဉာဏ်နားနဲ့မထောင်တဲ့ပုဂ္ဂိုလ်ကတော့.... (သူတော်ကောင်းစိတ်ရှိပါသဘဲ့) သူတော်ကောင်းစိတ်ရှိတယ်တဲ့၊ သူ့အချိန်နာရီတွေနဲ့ ရှေ့ပင်သွားခြားသော်လဲ သူ့ဟာက ရည်ရွယ်ချက်ကောင်းတဲ့....(မှန်ပါ့ဘုရား)။

ဘေးက ကိလေသာအကြောင်း နားမလည်တဲ့ပုဂ္ဂိုလ်က ဒီအတိုင်းတောင် ချီးမွမ်းထောပနာပြုလိုက်သေးတယ်.... (မှန်ပါ့) ကိလေသာအကြောင်း နားမလည်ဘူး (မှန်ပါ့)သူကွေ့ကောက်နေတယ်ဆိုတာဒီကာ ရိပ်မိရဲ့လား....(ရိပ်မိပါတယ်ဘုရား)။

ဦးမာဒင် ဘယ်သူက ကွေ့ကောက်နေသလဲ....(ကိလေသာအကြောင်းနားမလည်သူက ကွေ့ကောက်နေပါတယ်ဘုရား)။

သို့သော် ခင်ဗျားတို့က ဘေးကပုဂ္ဂိုလ်တွေက မရိပ်မိပါဘူး၊ ဒါ- ကိသေသာက ကွေ့ကောက်ပြီးသကာလ အပါယ်တွန်းချနေတာကို မရိပ်မိဘူး....(မရိပ်မိပါဘုရား)။

စင်စစ်တော့ ကိလေသာက ကွေ့ကောက်ပြီးသကာလ မင်းရှေ့နှစ်တော့ အထမြောက်အောင် လုပ်တာပေါ့, ဒီလ အထမြောက်အောင်လုပ်တာပေါ့, နောက် သုံးလလောက်နေ အထမြောက်အောင်လုပ်တာပေါ့၊ အခုတော့ ခပ်ဖြေးဖြေးပေါ့ဆိုပြီး

သကာလ ဒီဥစ္စာ ဥာဏ်ကဝင်ပြီး နှောင့်ရှက်နေတာလား၊ကိလေသာကဘဲ နှောင့်ရှက်နေတာလား(ကိလေသာက နှောင့်ရှက်နေတာပါဘုရား)။

ခင်ဗျားတို့ အင်မတန်ထူတယ်လို့ ဘုန်းကြီးများက အပြစ်တင်လိုက်တယ်....(မှန်ပါဘုရား) ကိလေသာကို ဥာဏ်ထင်ပြီးများနားများ ထောင်နေလိုက်သေးတယ်....(မှန်ပါ့)။

ကိလေသာကို....(ဥာဏ်ထင်ပြီး နားထောင်နေပါတယ်) လူကြီးတို့ကို ဒေါင်ချာစိုင်းသွားတာဘဲ....(မှန်ပါ့)ရိပ်မိပလား။ (ရိပ်မိပါပြီဘုရား)။

ဘယ်သူ ဒေါင်ချာစိုင်းသွားသလဲ.... (လူကြီးတို့ကို ဒေါင်ချာစိုင်းသွားပါတယ်) တော်တော်ပညာရှိတဲ့လူတို့ကို ဒေါင်ချာစိုင်းသွားတယ်....(မှန်ပါ့. စိုင်းပါတယ်) သူ ကန့်ကွက်လိုက်တာ....(မှန်ပါ့)ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

အံမာလေး.... တကာကြွယ် ကိလေသာပါးဘို့ မလွယ်ဘူးနော်.... (မလွယ်ပါဘုရား)။

မင်းကွာ.... ဆရာ အရောင်းနဲ့,ဆရာ အဝယ်နဲ့, တိုင်းရေး ပြည်ရေးနဲ့ မင့်စိတ်ထားဟာ မပြောင်းပါဘူး၊ ဘယ်နေ့, ဘယ်ရက်ကျတော့ မဂ်ဆိုက်အောင် လုပ်လိုက်တာပေါ့လို့ ဆိုလိုက်တော့ ဦးမာဒင် အသုံးတယ်ကောင်းပါလား....(ကောင်းပါတယ်)သို့သော် ဘယ်သူ၏ အသံတုံး....(ကိလေသာ၏အသံပါဘုရား)။

သြော်.... ခုနင်က ဘုရားဖြစ်ခါနီးကို မာရ်နတ်မင်းကြီးကမြင်းဆဲပြီး တားလိုက်ပြီးသကာလ ခုနစ်ရက်လည်ယင် စကြာ

ရတနာဆောက်မယ်၊ ဒီစကြာရတနာဟာ လောကမှာ အင်မတန် ထွဋ္ဌမြတ်တာဘဲဆိုပြီးသကဲ့လ စကြာနဲ့လှည့်လိုက်သလို ကျနေတယ်....(မှန်ပါ့ဘုရား)။

ပြန်သာဆုတ်လိုက်လို့ ရှိယင်ဖြင့် ပဋိသန္ဓေနေဘေး, အိုဘေး, နာဘေး, သေဘေး သိဒ္ဓတ္ထမင်းသားမှာ လွတ်စရာမမြင်ဘူး....(မှန်ပါ့ဘုရား)။

ဒါတွေကို ကျင်ကြိုး-ကျင်ငယ်လောက် ငါအောက်မေ့တယ် ဆိုပြီး ဇွတ်တိုးထွက်လို့ သာလျှင် ခန္ဓာဇာတ်သိမ်း ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ကြီးကိုရောက်တယ်....(မှန်ပါ့ဘုရား)။

ဒီမှာလဲ ခင်ဗျားတို့ ကိလေသာလှည့်တာသာ နားထောင်နေမယ်ဆိုယင် မြင်းပြန်ဆဲရပုံရနေတယ်....(မှန်ပါ့ဘုရား)။

ခက္ကဳကမြင်းကိုတဲ့ တခါတည်း ကပိလဝတ်ပြည်သို့ ပြန်ရပုံရနေတယ်....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့သူလှည့်ဘာကိုနားထောင်မလား၊ဘုန်းကြီးပြောတာကို လိုက်နာမလား.... (ဘုန်းကြီးပြောတာကိုလိုက်နာပါမယ်ဘုရား)။

ဒါ အိမ်မရောက်ခင် ပြောကြတာနော်၊ သိပ်ကြောက်စရာကောင်းတယ်...၊ သိပ်ကြောက်စရာကောင်းတယ်၊ ခင်ဗျားတို့ကို တော့ဖြင့် ကိလေသာတရာက ကျုပ် ရှင်းရှင်းလင်းလင်းကလေး ဒီနေ့ တကာတကာမတွေ့ အိမ်တွင်း ပဋိစ္စသမုပ္ပါဒ် မပြောခင် ခင်ဗျားတို့ကို ဆုံးမလုံး ပြောပါမယ်နော်.... (မှန်ပါ)။

ကိလေသာက ခင်ဗျားတို့ကို ခလေးလောက်မှတ်တယ်(မှန်ပါ့ဘုရား) ခလေးလောက်မှတ်တာ တကာကြွယ်.... (မှန်ပါ့)။

ကိုလေသာကခင်ဗျားတို့လိုပုဂ္ဂိုလ်ကိုခလေးမွတ်တယ်(မှန်ပါ့) လောဘကိုလေသာကလဲ ခင်ဗျားတို့ကို ဘယ်လိုမွတ်ထားသလဲ.... (ခလေးမွတ်ထားပါတယ်ဘုရား)။

တချို့.ပုဂ္ဂိုလ်ကျတော့ရက်ကန်းစင်ကလေးနဲ့ချေးတယ်(မှန်ပါ့ဘုရား) တချို့.ပုဂ္ဂိုလ်ကျတော့လဲ ကိုယ့်အရောင်းအဝယ်ကလေးနဲ့ (ချေးပါတယ်ဘုရား) တချို့.ကျတော့လဲ သားသမီးကလေးတွေလူသားမြောက်အောင် စောင့်ပါဦးလားဆိုတာနဲ့.... (ချေ့ပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ကို အိုးပုတ်များ၊ အရုပ်ကလေးများနဲ့ ချေ့ထားတယ် တဏှာက· တဏှာက .. (မှန်ပါ့ဘုရား)။

ဘာနဲ့.ချေ့သလဲ-(အိုးပုတ်များ၊ အရုပ်မျာ'နဲ့.ချေ့ထားပါတယ်)အဲဒါကို တကာကြွယ်တို့, ဦးသန်းမောင်တို့က ပြုံးများနေလိုက်သေးတယ်... (ပြုံးပါတယ်ဘုရား) ဘယ်သူက ချေ့ထားတာတုံး... (တဏှာက ချေ့ထားတာပါဘုရား)။

ခင်ဗျားတို့ကို လူကြီးအမွှတ်နဲ့.ချေ့တာလား၊ အိုးပုတ်များ၊ အရုပ်များဖြစ်တဲ့ အခု အလုပ်အကိုင်ကလေးတွေနဲ့ချေ့တာလား (အိုးပုတ်များ၊အရုပ်များဖြစ်တဲ့ အလုပ်အကိုင်ကလေးတွေနဲ့ချေ့ထားတာပါဘုရား)။

ဒါ. ခင်ဗျားတို့က ကိုယ့်ဟာကလေးနဲ့ကိုယ်များ ပြုံးပြီးသကာလ နေလိုက်သေးတယ်....(မှန်ပါ့) ဟို·တကယ် အလိုရှိတဲ့နိဗ္ဗာန်ကြီးမရောက်အောင်လို့ တိုက်ကလေးနဲ့ချေ့ထား, တာကလေးနဲ့.ချေ့ထား, အလုပ်ကလေးနဲ့ချေ့ထား,စက်ရုံကလေးနဲ့ချေ့ထား...(မှန်ပါ့)။

ဒါကို ဘုန်းကြီးတို့ တကာတကာမတွေက စျေးဆိုင်ကလေးနဲ့ ချေ့ထား၊ သူက အရုပ်ဝယ်ပေးပြီးသကာလ အိုးပုတ်ဝယ်ပေးထားတာ ခင်ဗျားတို့က ဒီအထဲပျော်အောင်နေနိုင်တာ ရှုးလို့ခလေးမို့ အ့လို့ပြောတာ... (မှန်ပါဘုရား) ရိပ်မိပလား၊ (ရိပ်မိပါပြီဘုရား)။

အံမာလေး.... တကာတကာမတို့ ခင်ဗျားတို့က မရိပ်မိလို့ တကယ်ဖေါ်ပြောနေရတာ....(မှန်ပါ့)။

တခို့ မြေရှိတဲ့ပုဂ္ဂိုလ်တွေကျတော့ မြေကလေး တနှစ်တခါ ထွန်လိုက်, အမြတ်အစွန်းကလေးတွက်လိုက် ရှုံးတဲ့အခါလဲရှုံးတာဘဲ၊ ရှုံးလဲ မြတ်လိမ့်မယ်ထင်ပြီး ချေ့လိုက်.... (မှန်ပါဘုရား)။

ဒီလိုချေ့နိုင်တာ သက်ဆိုးရှည်ကြီးမျှားနဲ့, ခေါင်းဖြူစုယ်ကျိုးနဲ့ ခေါင်းထဲဝင်သွားတာတွေဦးမာဒင် မြင်ဘူးသနော် (မြင်ဘူးပါတယ်ဘုရား)ရိပ်မိပလား:... (ရိပ်မိပါပြီ)ဘယ်သူက ချေ့ထားတာတုံးဗျ(တဏှာက ချေ့ထားတာပါဘုရား)။

တဏှာကချေ့တာ(မှန်ပါ့) မြေကွက်ကလေးနဲ့ ချေ့ထား၊ နွားကလေးဝယ်ပြီး ချေ့ထား .... (မှန်ပါ့) သူ့အတန်းနဲ့သူ ချေ့ထားလိုက်တာ သုံးဆဲ့တဘုံသားကို ငလုံးက ကျင်နိုင်သလို နိုင်တယ်.... (မှန်ပါ့) ခင်ဗျားတို့က မရိပ်မိဘူး.... (မရိပ်မိပါ) အခု နည်းနည်းရိပ်မိပလား:... (အခုတော့နားလည်ပါပြီဘုရား)။

နည်းနည်းရှိသေးတယ်နော်....(မှန်ပါ့) နည်းနည်းရှိသေးဘယ်တကာကြွယ်.... (မှန်ပါ့) ခင်ဗျားတို့ ရက်ကန်းစင်ကလေးနဲ့

ချွေးထွားလိုက်တာ အခုမှ ဆရာဘုန်းကြီးနဲ့. တွေ့တာ ဘာမှ မကြာသေးဘူး.... (မှန်ပါ!) ဘာနဲ့ချွေးထွားတာတုံး (ရက်ကန်း စင်နဲ့ ချွေးထွားပါတယ်ဘုရား)။

ရက်ကန်းစင်ကလေး တစင်တိုး· တစင်တိုးနဲ့. တိုးပြီးချွေးထွားလိုက်တာ.... (မှန်ပါ!) ဒီအထဲ ဒေါင်ချာစိုင်းအောင် ပြေးနေရသေးတယ်....(ပြေးရပါတယ်) ဒီရက်ကန်းစင်က ပြတ်လိုက် ဟိုရက်ကန်းစင်က အထည် မရှိလိုက်၊ ဒါတွေ့ဘို့ ရှာလိုက်· ဖေ့လိုက်ပြီးသကာလ အမောဆိုက်အောင် ပြေးနေရတယ်· (မှန်ပါ! ဘုရား)။

ဒါကိုပင်လျှင် တကာကြွယ်က အကျိုးပေးနေတာ (မှန်ပါ!) အင်း....တဏှာက ချွေးထွားတယ်လို့. မသိဘူး....(မသိပါဘုရား) သုံးဆဲ့တဘုံထဲက အပါယ်လေးပါးကမထွက်ရအောင်လို့ ချွေးထွားတယ်လို့. တကာကြွယ်က မရိပ်မိဘူး.... (မရိပ်မိပါဘုရား)။

နောက် ခေါင်းကလေးဖြူ·သွားကလေး ကျိုးတော့မှ၊အင်း ဘာပါလိမ့်မလဲလို့. တွေးတယ်.... (မှန်ပါ!ဘုရား) သူသေခါနီးမှ ဒီဆွေက်လာတယ်....(မှန်ပါ!) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

အံ့မာလေး....တကာတကာမတို့ လောကကြီးမှာ ဘယ်သူ အုပ်ချုပ်နေတယ်ဆိုတာ ခင်ဗျားတို့ မသိလို့.တဏှာတလုံးတည်း အုပ်ချုပ်တာ ဟိုအိမ်မှာလဲ အလုပ်မပြတ်ရဘူး... (မှန်ပါ!)ဒီဘက် အိမ်မှာကော.... (အလုပ်မပြတ်ရပါ)ဘယ်အိမ်မှာ အမော မဆိုက်တဲ့အိမ်ရှိသလဲ... (မရှိပါ) ဘယ်သူတုံး အုပ်ချုပ်ရေးသမား (တဏှာပါဘုရား)။

ကဲ....မင်္ဂလာမ်းတွေ အကုန်ပိတ်ပေးတယ် .... (ပိတ်ပေးပါတယ်ဘုရား)လူကြီးရော· လူလတ်ရော ခင်ဗျားတို့ပြောတဲ့ လူကြီး

လူကောင်း- လူပညာရှိ ဆိုတာတွေ့ အို .... ငါ့လက်အောက်က ပါတဲ့....(မှန်ပါ့) ဘယ်သူကပါလိမ့်... (တဏှာကပါ)ကိုင်း.... တကာကြွယ် ပေါ်ပလား... (ပေါ်ပါပြီဘုရား)။

အဲဒီတော့ ခင်ဗျားကလဲ အင်း.... အလုပ်ကလေးက အချိန်ရောက်လာပြန်ပြီ၊ ဘယ်လို-ညာလို အစရှိသည်နဲ့၊ ဒါ ဘယ်သူက ပြောတာတုံးဆိုယင် တကာကြွယ် ရိပ်မိပလား .... (ရိပ်မိပါပြီဘုရား)။

ဘယ်သူက ပြောသတုံး.... (တဏှာက ပြောပါတယ်) ဘာနဲ့ ချေ့နေသလဲ အိုးပုတ်များ၊အရုပ်များနဲ့ ချေ့နေတယ်(မှန်ပါ့) ရိပ်မိပလား.(ရိပ်မိပါပြီဘုရား)။

ဘာနဲ့ ချေ့သလဲ(အိုးပုတ်များ၊အရုပ်များနဲ့ ချေ့ပါတယ်) ဒါတောင် ခင်ဗျားတို့က အိုးပုတ်ကြီးငယ်နဲ့ ချေ့ထားတယ်လို့ သိကိုမသိဘူး(မသိပါဘုရား)။

မသိဘူးတဲ့ ဘေးကလူက ခင်ဗျားတို့ချင်းကလဲ ခလေးချင်း ဖြစ်နေတော့ ခင်ဗျားတို့ချင်းကလဲ ခလေးချင်း....(မှန်ပါ့)။

ခင်ဗျားတို့ချင်းကလဲ ခလေးချင်း ဖြစ်နေတော့ သြော် .... ခင်ဗျားအာကျိုးပေးဟာ ခင်ဗျား၏ လုံ့လဝီရိယ ကျေးဇူးနဲ့ ဖြင့် ဝမ်းသာမိပါရဲ့တဲ့....(မှန်ပါ့)ဟိုမှာဖြင့် အပါယ်လဲသွားရဦးမယ် ဒီမှာလဲမောလိုက်တာ လျှာထွက်နေပြီ....(မှန်ပါ့ဘုရား)။

အပါယ်လဲသွားရဦးမှာ...(မှန်ပါ့) ဟာ .... တယောက်ကလဲ ခလေး-ခလေးချင်း မြောက်နေပြန်ပြီ .... (မှန်ပါ့) တကာကြွယ် ဒီလိုများမြောက်ဘူးသလား....(မြောက်ဘူးပါတယ်) ဖြစ်မှ-ဖြစ်ရ ပလေ- ကိုယ်လဲ ခလေးကိုးဗျ....(မှန်ပါ့) ရိပ်မိပလား .... (ရိပ်မိပါပြီဘုရား)။

အဲဒါ လူတိုင်းပါ၊ လူတိုင်းပါ....(မှန်ပါ့) တကာတကာမတို့ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဒီတဏှာလောက် ကြောက်စရာကောင်းတာမျှား ခင်ဗျားတို့ ရှိရဲ့လား....(မရှိပါဘုရား)။

တကာကြွယ်တို့ လက်သည်ပေါ်ပါလား(ပေါ်ပါပြီ) ဘယ်သူ ပါလိမ့်ဗျာ ခင်ဗျားတို့ကို ခလေးလုပ်တာ....(တဏှာပါ) ဘာနဲ့ မျှား ချေဉ့ထားပါလိမ့် .... (အိုးပုတ်မျှား၊အချပ်မျှားနဲ့ ချေဉ့ ထားပါတယ်ဘုရား)။

သားရုပ်ကလေးတွေနဲ့ ချေဉ့ထား, သမီးရုပ်ကလေးတွေနဲ့ ချေဉ့ထား....(မှန်ပါ့) အရုပ်ကလေးတွေ ဝယ်ပေးထားတယ် .... (မှန်ပါ့ဘုရား)။

တကာကြွယ် ဒါကလေးတွေ လူသားမြောက်ဘို့၊ ဒီအရုပ် ကလေးတွေ ကြီးပွားဘို့၊ ဒီအရုပ်ကလေးတွေ လှဘို့ ပ,ဘို့ .... (မှန်ပါ့)သားရုပ်, သမီးရုပ်ကလေးတွေနဲ့ ချေဉ့ထားတယ် .... (ချေဉ့ထားပါတယ်) တိုက်တာ, အိမ်ကလေးတွေ ဆောက်ပြီး တော့...(ချေဉ့ထားပါတယ်ဘုရား)။

ဒါ မင်းမရှိယင် ဘယ်နှယ်လုပ်မလဲ၊ ဒါတွေအကုန် ဟာလာ ဟင်းလင်းကြီး ဖြစ်ကုန်မှာပေါ့...(မှန်ပါ့) ဒီဟာကလေးတွေလဲ ကစင့်ကရဲ ဖြစ်ကုန်မှာပေါ့ ဆိုတော့ အရုပ်နဲ့ချေဉ့လိုက်, အိမ် ကလေးနဲ့ ချေဉ့လိုက်, ရက်ကန်းစင်နဲ့ ချေဉ့လိုက်, စက်ရုံနဲ့ ချေဉ့လိုက်နဲ့ အုံမာလေး....ဒီအထဲမှာဘဲ နောက်ဆုံးပိုတ် သေပွဲ

စင်သွားရှာတယ်.... (မှန်ပါ့) သေပွဲဝင်တော့ အပါယ်သွားရတယ်....(မှန်ပါ့ဘုရား)။

သူက လောကကြီးထဲမှာ ဆင်းရဲတာလဲ ကြည့်ချင်တယ်-တဏှာက....(မှန်ပါ့) သေတော့ အပါယ်သွားတာလဲ ကြည့်ချင်တယ်... (မှန်ပါ့ဘုရား)။

အဲဒီလူကို ခင်ဗျားတို့က မိတ်ဆွေကြီးလုပ်ပြီး ကျေးဇူးတော်ရှင်ကြီးမျှားလုပ်ပြီး ပေါင်းနေလို့ခက်နေတာ....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါလောက် ပြောလို့ရှိယင်တော့ တကာကြွယ် စိတ်နာဘို့ကောင်းပါပြီ....(နာပါတယ်) နာရဲ့လား....(မှန်ပါ့ နာပါတယ် ဘုရား) အတော်ဆိုးနေတာဗျ ...(မှန်ပါ့ဘုရား)။

အတော်ဆိုး- အတော်ဆိုး၊ အို...ဒို့ငယ်ငယ်တုန်းကဟာတွေ သွားကျိုး-ဆံဖြူနဲ့ ငယ်မူရင်းတွေတောင်ပျောက်ကုန်ပြီ၊ အခုထက်ထိ တဏှာချော့တဲ့အထဲ အိုးပုတ်နဲ့အရုပ်နဲ့ ပျော်တုန်းပါလား ဆိုတဲ့ဥစ္စာ တကာကြွယ် အိုးပုတ်နဲ့အရုပ်နဲ့ ပျော်တဲ့လူတွေလဲ တပုံကြီးဘဲနော်-(တပုံကြီးပါဘုရား)။

အခု တနေရာက တနေရာရွှေ့ပြီး တရားနာလှုတ်လိုက်တယ်၊ တကာကြွယ်တို့ အိမ်ကလာကြတယ်၊ အားလုံးဘဲ တကာတကာမတွေ လာကြတယ်ဆိုပြောသော်လဲ အို...မင့်ဆရာပြောနိုင်လှကွာ တနာရီပေါ့....(မှန်ပါ့ဘုရား)။

ငါအိမ်ကျယင် ကျွန်သဓပါက်ဖြစ်အောင် ခိုင်းမယ်-(မှန်ပါ့)

အံမာ... ကြိမ်းတယ်ဟိုတာ....(မှန်ပါ့) ရိပ်မိပလား .... (ရိပ်မိပါ့ဘုရား)။

ဘယ်သူကကြိမ်းတာတုံး....(တကျာကကြိမ်းတာပါ့)ပြန်သွားတော့ကော အားကြသေးရဲ့လား(မအားပါ့) သွားပါရော့ဗျာ၊ တကယ်ကြောက်စရာ ကောင်းပါလားဆိုတာ ပေါ်လာတယ်.... (ပေါ်လာပါ့တယ်ဘုရား)။

ဒီကျတော့ ဘာနဲ့ချေဖျက်ထားသတုံး... (အိုးပုတ်နဲ့အရုပ်နဲ့ချေဖျက်းတယ်)ဒီဟာကလေးက မင်းစောင့်ရှောက်ရမှာ.... (မှန်ပါ့) ဟောဒီခဏလေးက နေမကောင်းဘူး... (မှန်ပါ့) ဟောဒီဥစ္စာသည်ကားလို့ဆိုယင် နက်ဖြန်သူ့အတွက်က ပြင်စရာ,ဆင်စရာရှိတယ်၊ သူလူထဲဝင်ရမှာ....(မှန်ပါ့) အံမာ....ဟိုအရုပ်ပြီ, ဒီအရုပ်ပြနဲ့ကိုဒေါင်ချာစိုင်းနေတာဘဲ....(မှန်ပါ့) ရိပ်မိပလား .... (ရိပ်မိပါ့ဘုရား)။

ကဲ....မင်းတို့ဟာ မင်းတို့ကွာ မတတ်နိုင်တော့ဘူးလို့ လာရဲ့လား....(မလာပါ့)အို-လူကြီးဝတ္တရားရှိသေးတယ်... (မှန်ပါ့)။

လာပြီ ခင်ဗျားတို့က....(မှန်ပါ့)ဘာတဲ့တုံး (လူကြီးဝတ္တရားရှိသေးတယ်ဘုရား)။

လူကြီးတဲ့၊ ပြီးတော့ဝတ္တရားတဲ့....(မှန်ပါ့)ဝတ္တရားဆိုတဲ့ဥစ္စာတကာတကာမတို့ ဝိပါကဝဋ်ကိုဆိုတယ်....(မှန်ပါ့ဘုရား)။

လူကြီးလဲဖြစ်ပါတယ်တဲ့၊ ဝိပါကဝဋ်ကလဲ မကျတ်သေးပါဘူးတဲ့....(မှန်ပါ့)သူ့ဟာသူ ဗျာဒိတ်ပေးပြီး ကုန်းရုန်းသွားတယ် (မှန်ပါ့)အံမာလေး....ကြောက်စရာကြီးပါလား (မှန်ပါ့ဘုရား)။

လူကြီးဆိုတာက ကြီးတယ်နော်—(မှန်ပါ့) ဝတ္တရားဆိုတာက ဝဋ်မကျတ်သေးဘူး....(မှန်ပါ့)။

ဘယ့်နှယ်ပြောတာပါလိမ့်(ဝတ္တရားဆိုတာဝဋ်မကျတ်သေးတာပါဘုရား) ဒါဖြင့် လူကြီး ဝဋ်မကျတ်သေးဘူး.... (မှန်ပါ့ဘုရား) ကောင်းသေးရဲ့လားဗျာ....(မကောင်းပါဘုရား)ရိပ်မိကြပလား (ရိပ်မိပါပြီဘုရား)။

တကာတကာမတို့ ဘာတဲ့တုံး ခင်ဗျားတို့ဟာက.... (လူကြီးပြီး ဝဋ်မကျတ်သေးပါဘုရား)။

အဓိပ္ပါယ်က မြန်မာလိုပြန်လိုက်တော့ ဝဋ်မကျတ်သေးတဲ့ လူကြီး....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

ဘာဝဋ်တုံးမေးတော့ ကိုလေသဝဋ်က ခင်မှု...(မှန်ပါ့ဘုရား) ကိုလေသဝဋ်ခင်မှုကြောင့် တပည့်တော်တို့မှာ အခု ဝိပါကဝဋ်ဆိုတဲ့ မရှုန်းနိုင်,မကန်နိုင် သူတို့ ဝဋ်တွေပြုနေရတယ်...(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့် ကိုလေသဝဋ်ကြောင့် ကာယကံ,ဝစီကံနဲ့ ကမ္မဝဋ်တွေ လုပ်ရတယ် ပြောပြောဆိုဆိုနဲ့ပေါ့ဗျာ....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ခင်မှုက ဘာပါလိမ့်....(ကိုလေသဝဋ်ပါဘုရား)ကာယကံ, ဝစီကံနဲ့ ပြောပြောဆိုဆိုနေတာက ကမ္မဝဋ်ပေါ့ဗျာ....(မှန်ပါ့) ကုန်းရုန်းနေတာက...(ဝိပါကဝဋ်ပါဘုရား)။

ဩော်....ဒါကြောင့် လူကြီး ဝဋ်မကျတ်သေးဘူးဆိုတာကိုး.... (မှန်ပါ့) ခင်ဗျားတို့ကတော့ ဂုဏ်တောင်ရှိသေးတယ်ထင်တယ်

(မှန်ပါ့) လူကြီးဝတ္တရား....တဲ့၊ အံမာ....မြို့သုံးတောင် ဖြစ်နေတယ်.... (မှန်ပါ့) နာလိုက်တာက စက်ရှင်ကျတာထက် နာသေး (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

စက်ရှင် ဒီဂရီကျပြီးသားထက် နာသေးတယ်.... (နာပါတယ်ဘုရား) သို့သော်လဲ တကာကြွယ်တို့က ဒီဥစ္စာကို ဟိုအိမ်သွား ပြန် လူကြီးဝတ္တရားမပျက်စေနဲ့ နော်.... (မှန်ပါ့) အံမာလေး.... ကြောက်စရာကြီးပါလား....(မှန်ပါ့)။

တကာတကာမတို့ ဘာတဲ့တုံး ဟိုအိမ်,ဒီအိမ် ဆုံးမတော့.... (လူကြီးဝတ္တရားမပျက်စေပါနဲ့တဲ့ဘုရား)။

အဲဒီတော့ သူ့ရှိလို့ သူ့ထုတ်ပြောနေတာ... (မှန်ပါ့ဘုရား) ဒီတော့ မပျက်ခဲ့ဘူးကွ....(မှန်လှပါ)။

အဲ....တကာကြွယ် ဘယ်နှယ်များ တာဝန်ခံပါလိမ့်-(ဒီတော့ မပျက်ခဲ့ဘူးလို့ တာဝန်ခံပါတယ်ဘုရား)။

လူကြီးနော်.... (မှန်ပါ့) ဝတ္တရားဆိုတာက ဒီက ဝင်ဆ့ကျတ်ပြီ ပြောတာလား-မကျတ်သေးဘူးလား- (မကျတ်သေးပါဘုရား)။

အို... ကြားလို့ကို မကောင်းဘူး....(မှန်လှပါဘုရား)သေသေ ချာချာစဉ်းစားလို့ရှိယင် ခင်ဗျားတို့ မြို့သုံးသာဖြစ်တယ် ကြား လို့ မကောင်းဘူး....(မှန်ပါ့)။

တကာကြွယ် မြို့သုံးတော့ မဟုတ်ဘူးလား.... (ဟုတ်ပါတယ် ဘုရား) မန္တလေးဆိုတာ အယဉ်အကျေး သုံးတာကိုးဗျ.... (သုံး ပါတယ်ဘုရား)။

သြော်... လူကြီးမှာလဲ ဝတ္တရားကလေးကရှိသေးတယ်-(မှန်ပါ့ ဘုရား) ဝတ္တရားမှာလဲ အကြီးမပြောဘူး သူက....(မှန်ပါ့ဘုရား)

ခပ်သေးသေးပြောတယ်.... (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

သူကသာ စကားသာဆိုလို့ ဟိုနေရာကလေး ရှိသေးတယ်ဆိုတယ် ဒီမှာ လျှာထွက်နေပြီ ခိုင်းကြလွန်းလို့....(မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

တကာတကာမတွေ့ ခင်ဗျားတို့က ကိုလေသာနဲ့ ခန္ဓာနဲ့ ခင်ဗျားတို့ အသိဉာဏ်နဲ့ ရန်တိုက်ပေးနေတာမှတ်ပါ.... (မှန်ပါ့ဘုရား)။

ခင်ဗျားတို့ သမုဒယဒဏ်ချက် မလွတ်သ၍ ကာလပတ်လုံး ဒုက္ခစက်က မထွက်နိုင်ဘူး.... (မှန်ပါ) ထွက်နိုင်ပါ့မလား.... (မထွက်နိုင်ပါဘုရား)။

ကဲ....ဒါဖြင့် လူကြီးဝတ္တရားတွေကော ဦးမာဒင် ဘယ့်နှယ်တုံး၊ သိမ်းချိန်ရောက်ပလား- သိမ်းချိန်မရောက်သေးဘူးလား.... (သိမ်းချိန်ရောက်ပါပြီဘုရား)။

ဟာ.... ဘယ်တော့ သိမ်းမှာတုံး- ခေါင်းနား ရောက်နေပြီ၊ တကာကြွယ် ဒီလိုကျမနေဘူးလား... (ကျနေပါတယ်ဘုရား)။

ဘာဖြစ်လို့တုံး-ဆိုတော့ ကိုယ်က မလုပ်နိုင်တောင် ကိုယ်၏စောင်မခြင်း-စိတ်၏စောင်မခြင်း အနားက ထိုင်နေတော့ တော်သေးတာပေါ့... (မှန်ပါ့)။

ဒါတောင် ဒရဝမ်အလုပ်က လုပ်ချင်သေးတယ်.... (မှန်ပါ့) ဘာလုပ်ချင်တာတုံး....(ဒရဝမ်လုပ်ချင်ပါတယ်ဘုရား) ဒရဝမ်ဝင်

မကျတ်သေးဘူး.... (မှန်ပါ့ဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဘာဝင်္ဂမကျတ်သေးတာတုံး.... (ဒရဝမ်ဝင်္ဂမကျတ်သေးတာပါဘုရား)။

ကိုယ်၏ စောင်မခြင်းလေဗျာ တကာကြွယ်ရ၊ ခင်ဗျားတို့ပြောနေတာပါ....(မှန်ပါ့) စိတ်၏စောင်မခြင်းကော.... (ပြောပါတယ်ဘုရား) အင်း.... ဘယ်နားကနေ စောင်မ,နေသတုံး.... (ဒရဝမ်နေရာကပါဘုရား) ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

လူဝင်·လူထွက် အကဲခတ်တာပေါ့လေဗျာ.... (မှန်ပါ့ဘုရား) ရိပ်မိပြီ... (ရိပ်မိပါပြီ)။

အဲဒါ.... ကိုလေသာ အကြောင်းကို မသိသေးသ၍ ကာလပတ်လုံး တကာတကာမတွေ့ နိဗ္ဗာန် ဘယ်တော့မှ မရဘူး.... (မှန်ပါ့) မှတ်မိပလား....(မှတ်မိပါပြီဘုရား)။

ကိုလေသာအကြောင်း မသိသေးယင်....(နိဗ္ဗာန် ဘယ်တော့မှ မရပါဘုရား)။

ဩော်....ဒါက ကိုလေသာ တဏှာက အိုးပုတ်အရုပ်နဲ့ ငါ့ကို ချော့နေပါကလား၊ ဒီဝင်္ဂကျတ်အောင် ထုက်မှာဘဲ၊ ဒီအထုက်လဲ ငါ့ပြော့နေလို့မဖြစ်ဘူး.... (မှန်ပါ့) ဒီလို့ကို လာရမယ်.... (မှန်ပါ့) လာဘူးကြရဲ့လား....(မလာဘူးပါဘုရား)။

မလာဘူးတဲ့အပြင် တိုက်ကလေး တလုံးက နှစ်လုံးဖြစ်လာယင် သူသည် ခုနင်က ခလေးများကစားသလိုပေါ့ဗျာ (မှန်ပါ့ဘုရား) တလုံးက နှစ်လုံးဖြစ်လာတော့ ဟိုမြကလေးခြစ်ပြီး ဒုတ်ကလေးထောင်ပြီး တည်တဲ့တိုက်တွေ့လိုပါ(မှန်ပါ့)။

အဲဒါကိုပင်လျှင် ခလေးက သူ့တိုက်ကလေး သူကြည့်ပြီး သကာလ ဘယ့်နှယ်နေသတုံး.... (ပျော်တာပါဘုရား) ပျော်နေတယ် - (မှန်ပါ့)။

အဲဒီ ခလေးကို ဘုန်းကြီး ကျေးဇူးတင်တယ်.... (မှန်ပါ့) ဘာဖြစ်လို့တုံးဆိုတော့ သူပျင်းတဲ့အခါကျတော့ ခြေနဲ့ နင်းချေပြီး ပြေးတာဘဲ... (မှန်ပါ့) ခင်ဗျားတို့ကတော့ ဘယ်တော့မှ မပြေးဘူး.... (မပြေးပါဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဒါ.... ဘုန်းကြီးက ပြောတာမဟုတ်ဘူး၊ သံယုတ်ပါဦးတော် မှာ ဒီအတိုင်းလာပါတယ်.... (မှန်ပါ့ဘုရား) ခလေးစိတ်ရှိယင် မင်းတို့ တော်သေးတယ်နော်... (မှန်ပါ့)။

ခလေးဟာ အရုပ်ကလေးတခုဝယ်ပေး၊မရယင် ငိုမယ်ဆိုပြီး ငိုငြားသော်လဲ တော်တော်ကြာ ဆုတ်ဖဲ့ ပစ်လိုက်တာဘဲ.... (မှန်လှပါဘုရား) ခင်ဗျားတို့က ဆုတ်ဖဲ့ပစ်တာ ပါရဲ့လား.... (မပါ-ပါဘုရား)။

အံမာလေး ကြောက်စရာကြီးပါလား.... (မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား) ဆုတ်ဖဲ့ပစ်တာ ပါသလား(မပါ-ပါ) အံမာလေး.... သေရာတောင် ယူသွားဦးမယ်ထင်တယ် (မှန်ပါ့) ဒါဖြင့် အင်မတန်ဆိုးဝါးနေတယ်ဆိုတာ ပေါ်ကြပြီ(ပေါ်ပါပြီဘုရား)။

ကိုင်း.... ဒါဖြင့် တကာတကာမတို့ ကိလေသာအကြောင်းကောင်းကောင်းသိရအောင် တကာတကာမတို့ ဘုရားသခင်

ကိုယ်တော်မြတ်ကြီးဟောတဲ့အတိုင်း အိမ်တွင်း ပဋိစ္စသမုပ္ပါဒ်ကို ဒီနေ့ဖြတ်ရအောင်....(မှန်ပါ့)။

ဘာဖြတ်ရမလဲ....(အိမ်တွင်းပဋိစ္စသမုပ္ပါဒ်ဖြတ်ရပါမယ်) သြော်....ငိုမျှားငိုကြဦးမှာလား အိမ်တွင်းပဋိစ္စသမုပ္ပါဒ် ဖြတ်လို့၊ ဘာ့ကြောင့်တုံးဆိုတော့ ငယ်ငယ်တုန်း ကတည်းက လုပ်သား ဝ,လာလို့....(မှန်ပါ့)။

ဘယ်နှယ်ကြောင့်ပါလိမ့်(ငယ်ငယ်တုန်းကတည်းက လုပ်သား ဝ,လာလို့ပါဘုရား)။

ငယ်ငယ်ကတည်းက ဒီဥစ္စာ တပည့်တော်တို့ မနည်းလေ့ကျင့် လာခဲ့ရတာဘုရာ့၊ ဒီနေ့ ငယ်ပေါင်းဖြတ်ရတော့မယ်ဆိုတော့ မျက်ရည်မျှား ကျလာမှာလား တကာကြွယ်ရေ....။

ကဲ..ဒါဖြင့် ပြောကြပါစို့တဲ့....(မှန်လှုပါ) သေသေ ချာချာမှတ်ကြပါ ဘုရားသခင်ကိုယ်တော်မြတ်ကြီး လေးသခြေနဲ့ ကမ္ဘာတသိန်း အသားလှူ,အသွေးလှူ,အရိုးလှူလို့ရတဲ့ ဥာဏ်တွေနဲ့ဟောတာ (မှန်ပါ့ဘုရား)။

သာမညဥာဏ်နဲ့ ပြောတာလား၊ အင်မတန် ကြီးကျယ်တဲ့ ပါရမီဖြည့် ဆည်းပူးလို့ ထူးထူးလည်လည်ရတဲ့ဥာဏ်နဲ့ ပြောတာလား တကာကြွယ်....(ထူးထူးလည်လည်ရတဲ့ဥာဏ်နဲ့ ပြောတာပါဘုရား)။

ခင်ဗျားတို့က သြော်....ဒီဥာဏ် တယ်ကြီးပါကလား....၊ဒီ-မင်ဥာဏ်ကိုမှ ဒို့မရလို့ရှိယင်ဖြင့် ဒီကမတက်နိုင်ဘူး.... (မှန်ပါ့) ဆိုပြီးသကာလ ဒီဥာဏ်ကို ခင်ဗျားတို့က ဖြတ်နည်းကိုပြတဲ့အခါ

မှာ သြော်....ဖြစ်ပုံလဲပြခဲ့ပြီ မနေ့က.... (မှန်ပါ့) ဖြတ်နည်းလဲ ပြမယ်လို့ ဆရာဘုန်းကြီးကလဲ တာဝန်ခံတဲ့ဥစ္စာဘုရားက ဟော့ တဲ့နည်းကိုပြတာ....(မှန်ပါ့)။

အဲဒီတော့ ဒီဥစ္စာကို လှယ်လှယ်နဲ့ ကိုယ်တော်မြတ်ကြီး သိ တာလားလို့ မေးလို့ရှိယင်ဖြင့် ဦးသန်းမောင်တို့၊ ဦးမာဒင်တို့ လေးသခ်ျာနဲ့ကမ္ဘာတသိန်း အသားလှူ,အသွေးလှူ, အရိုးလှူပြီး တော့ ဒီဥဿော်တော်ကြီးရအောင်လုပ်ရတယ်....(မှန်ပါ့)။

အဲဒီဥဿော်တော်နဲ့မှ အိမ်တွင်း ပဋိစ္စသမုပ္ပါဒ်လာသိတယ်.... အဲဒီဥဿော်တော်နဲ့မှ အိမ်တွင်းပဋိစ္စသမုပ္ပါဒ် ဖြတ်တတ်တယ်.... (မှန်ပါ့)။

ခင်ဗျားတို့ဖြစ်သာနေကြတယ် သိလဲမသိဘူး၊ ဖြတ်- ဆိုတာ အသာထားပါဦး.... (မှန်ပါ့) ဖြစ်တာမှမသိတော့ ဖြတ်ဘို့ရာ ဆိုတာ....(ခဲယဉ်းပါတယ်ဘုရား)။

ကဲ.... တကာကြွယ် ဒါဖြင့် ဘုန်းကြီးသည် မြတ်စွာဘုရား တရားတော်ကို အဘိုးတန်အောင် ပြောနေတယ်လို့ ဒီလိုမယူ ပါနဲ့....(မှန်ပါ့)။

တန်လှန်းလို့ တန်ဘိုးကိုပြောတာ ဘုန်းကြီးပြောတာ နည်း တယ်လို့ အောက်မေ့ပါ....(မှန်ပါ့) ရှင်းပြီနော်.... (ရှင်းပါပြီ ဘုရား)။

ကောင်းပြီ ဒါဖြင့် တကာတကာမတို့ ဟောဒီ ခန္ဓာငါးပါး (မှန်ပါ့) ဒါဟာ တကာတကာမတွေ၏ တရားနာနေတဲ့ ခန္ဓာ ငါးပါး အိမ်မှာနေတဲ့ ခန္ဓာငါးပါး....(မှန်ပါ့)။

ဒီခန္ဓာကြီးကိုတဲ့ တကာတကာမတွေ့သည်ကားလို့ ဆိုလို့ ရှိယင် ခလုတ်မထိ ဆူးမငြိဘို့ အင်မတန်အရေးကြီးတယ်(ကြီးပါတယ်ဘုရား) သူကျန်းမာဘို့,ချမ်းသာဘို့ကော.... (အရေးကြီးပါတယ်ဘုရား)။

ဒါဖြင့် ဒီခန္ဓာအကြောင်းရင်းခံပြီးသကာလ တကာတကာမတို့ ဒီခန္ဓာထဲမှာလဲ သူကျန်းမာဘို့....(မှန်ပါ့)။

သူကျန်းမာဘို့ဆိုတာလဲ သူ့အထဲ သုခဝေဒနာပေါ်ဘို့.... (မှန်ပါ့)သူချမ်းသာဘို့ဆိုတာလဲ သူ့အထဲ သုခဝေဒနာပေါ်ဘို့ (မှန်ပါ့)။

သူ မဆင်းရဲဘို့ဆိုတာ သူ့အထဲမှာရှိတဲ့ ဒုက္ခဝေဒနာဟာ ဘယ်တော့မှမဖြစ်ဘို့ဘဲ.... (မှန်ပါ့) ဒါဖြင့် ဒီခန္ဓာကြီးဟာ ဝေဒနာကွန္ဒာ.... (မှန်ပါ့ဘုရား) ရိပ်မိကြပလား.... (ရိပ်မိပါပြီဘုရား)။

ဒီခန္ဓာကြီးဟာ....(ဝေဒနာကွန္ဒာပါ) အဲဒါကြောင့် ဒီခန္ဓာကြီးကို ခလုတ်မထိဆူးမငြိအောင် ကောင်းတာကျေးပြီးသကာလ ကောင်းတာဝတ်ပြီးသကာလ,ကောင်းတာကို သူ့ကိုကျေးစေချင်တယ်၊သူ့ကိုနည်းနည်းမှ ဆင်းရဲတာမကြိုက်ကြဘူး၊ ဒုက္ခဝေဒနာမကြိုက် သုခဝေဒနာကြီးပွားရေးအလိုရှိတာနဲ့တဲ့ တကာတကာမတို့ သူ့ခင်မှုတကာ့ပေါ်လာတယ်...(ပေါ်လာတယ်) ဒါဖြင့် ဝေဒနံ ပဋိစ္စ တကာ့ပေါ်လာတယ် ... (ပေါ်လာပါတယ်ဘုရား)။

ဒီတကာ့ ဘယ်ကလာတာပါလိမ့်.... (ဝေဒနာက လာပါတယ်ဘုရား)။

အဲ... ဝေဒနာကလာတယ်ဆိုယင်လဲ ရှင်းပါပြီ၊ တိုတိုပြော တော့ ဝေဒနာဟာသူ့ ချည့်နေတာမဟုတ်တော့ခန္ဓာကလာတယ် (မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဝေဒနံပဋိစ္စ.... (တဏှာပါ) ဆြော်....တကာကြွယ်တို့ တဏှာ ဟာ ဒီခန္ဓာကိုယ် ဘုရားတဆူ ဂုတလုံးဖြစ်ပြီးသကာလ ပြုချင်-စုချင်တဲ့တဏှာဘဲ....(မှန်ပါ့)။

ဘာလုပ်တာပါလိမ့် (ခန္ဓာကိုပြုချင်ရချင်ဖါတယ်)ခန္ဓာကိုယ် ပြုချင်-စုချင်တဲ့တဏှာ .. (မှန်ပါ့)။

ခင်ဗျားတို့အိမ်မှာ ဆိုဖါအမျိုးမျိုးထားတာလဲ ဘယ်သူ့ အတွက်လဲ....(ခန္ဓာအတွက်ပါ) ကဲဒီအိမ်သာကအစ အမျိုးမျိုး အဖုံဖုံ သပ်သပ်ယပ်ယပ်ရှိအောင် အလှယ်တကူနဲ့ အနံအစော်မရှိ အောင် ပစ္စည်းတွေဘာတွေထားပြီး လုပ်ကြတာလဲ ဘယ်သူ ဆင်းရဲမှာစိုးလို့တုံး....(ခန္ဓာဆင်းရဲမှာစိုးလို့ပါ) ခန္ဓာကို ဘယ် လောက်ခင်တယ်ဆိုတာ....(ပေါ်လာပါပြီဘုရား)။

ဒါကြောင့် ဘုန်းကြီးတို့ ရှင်းရှင်းဘဲပြောပါတယ်... ဘုရား ကျတော့ ခင်ဗျားတို့ ဘယ်သူကမှ ရောသပွါယ်တာမဟုတ်ပါဘူး ခင်ဗျားတို့ ခန္ဓာကိုယ်များ ဘယ်နေ့များ ရေမသပွါယ်တဲ့နေ့ ရှိသတုံး... (မရှိပါ)ရိပ်မိပလား.... (ရိပ်မိပါပြီ) ဘယ်သူ့ထက် ကြည်ညိုသတုံး....(ဘုရားထက် ကြည်ညိုပါတယ်ဘုရား)။

တကာကြွယ် ရိပ်မိနေပြီ...(မှန်ပါ့)အံမာလေး .... ဘုရားကျ တော့ ဘယ်လ,မှတဲ့တုံး .... (တန်ခူးလမှ သပွါယ်ပါတယ်ဘုရား) တန်ခူးလ,တောင်မှ သုံးရက်စလုံး သပွါယ်သလား (တရက်ပါ)

တရက်တည်းသပ္ပါယ်ပါတယ်၊ ဒါတောင် လျှော့လိုက်ချင်သေး တယ်....(မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ကဲ....ဒါဖြင့် ဘုရားထက် ကြည်ညိုသေးတယ်ဆိုတာ ပေါ်ပ လား....(ပေါ်ပါပြီ)အဲဒါ ဘုရားကတော့ ကြည်ညိုတာ၊ ခန္ဓာက တော့ အခင်လွန်တာ....(မှန်ပါ့ဘုရား)။

ဒါဖြင့် ဝေဒနုပဋိစ္စ တဏှာ.... (မှန်ပါ့) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ဘာတဲ့တုံး.... (ဝေဒနုပဋိစ္စ တဏှာပါ) နေရာကျပြီ၊ ဒီတဏှာ ဘယ်ကလာပါလိမ့် ခန္ဓာကလာတာ ဆိုတာဖြင့် တကာကြွယ် မငြင်းပါနဲ့တော့....(မငြင်းပါ) ငြင်းဘို့လိုသေးသလား... (မလို ပါဘုရား)။

ဒါဖြင့် ဝေဒနုပဋိစ္စ တဏှာ၊ သူ့ကိုခင်တဲ့ တဏှာကြောင့် တကာတကာတွေ့မှာ မအားမလပ်ရအောင် ရှာရတဲ့ ပရိယေ သနာ....(မှန်ပါ့ဘုရား)။

ဒါဖြင့် တဏှာပဋိစ္စ....(ပရိယေသနာပါ) ပရိယေသနာလာပြီ (မှန်ပါ့ဘုရား)။

တခါတခါကျတော့ တကာကြွယ်တို့လဲ ညည်းပါတယ်၊ ဦးမာဒင်တို့၊ ဦးသန်းမောင်တို့လဲ ညည်းတာဘဲ၊ ပရိယေသနကိစ္စ တယ်ကြီးပါကလား....(မှန်ပါ့ဘုရား)။

ဘာတုံး-လုပ်ရင်းပြောနေတာ(ပြောပါတယ်) အလုပ်လျှော့ တာလား- ကြိုးတဲ့အကြောင်းသာ ပြောတာလား .... (ကြိုးတဲ့ အကြောင်းပြောတာပါ) ဒီ့ထက် ငွေများများနဲ့ ရင်းလို့

ရှိယင်လဲ တော်သေးရဲ့လို့ ဆိုချင်သေးသလား.... (မဆိုချင်ပါ) သဘောပါပလား....(ပါ-ပါပြီ) အတော့်ကို ဆိုးဝါးနေတာဗျ (မှန်ပါ့ဘုရား)။

တဏှာ ပဋိစ္စ ပရိယေသနာ .. (မှန်ပါ့၊ ပရိယေသနာပါ) ကဲ....ဒါဖြင့် ရှာကြစို့နော် . (မှန်ပါ့ဘုရား)။

ဒါဖြင့် တဏှာကလဲ တဏှာ၊ ရှာတာလဲ တဏှာဘဲ၊နာမည်သာ ပြောင်းလိုက်တယ်....(မှန်ပါ့) နာမည်ပြောင်းလိုက်တယ်၊ ပရိယေသနဆိုတာ ဘာပါလိမ့်....(တဏှာပါဘုရား)။

"တဏှာ ပဋိစ္စ ပရိယေသနာ၊ ပရိယေသနံ ပဋိစ္စ လာဘော" တဲ့၊ သြော်... အရှာကောင်းတော့လဲ ထိုက်တန်သလောက်ရတယ် (မှန်ပါ့)ရတော့ ရတဲ့တဏှာဖြစ်တာဘဲ.... (မှန်ပါ့ဘုရား)။

ရတော့ ဘာဖြစ်သွားသလဲ....(ရတဲ့တဏှာ ဖြစ်ပါတယ်) အားလုံး တကာတကာမတွေ ဒီဥစ္စာမမေ့ပါနဲ့.... (မှန်ပါ့) မမေ့ပါနဲ့ . ရသည်နဲ့ တပြိုင်နက်တည်း တဲ့ တကာကြွယ်ရေဝိနိစ္ဆယတဲ့ ဆုံးဖြတ်ချက်ချတယ် (မှန်ပါ့ဘုရား)။

ရတဲ့ပစ္စည်းကို ဘယ်လိုလုပ်ပါလိမ့် ... (ဆုံးဖြတ်ချက်ချပါတယ်) ဆုံးဖြတ်ချက်ချတယ်။

ရတဲ့ပစ္စည်း ဆုံးဖြတ်ချက်ချတယ်၊ ဟောဒါသားဘို့၊ ဟောဒါက သမီးဘို့၊ ဟောဒါက ငါ့ဘို့....(မှန်ပါ့) ဟောဒါကတော့ အိုစာ-မင်းစာ... (မှန်ပါ့)ရိပ်မိပလား ...(ရိပ်မိပါပြီဘုရား)။

သံသရာကထွက်ဘို့လို့ ပါရဲ့လား .. (မပါပါ)မပါဘူး-မပါဘူး-စိတ်သာချ၊သံသရာ့ထွက်ရပ်လမ်းလုပ်ဘို့လို့မပါဘူး(မှန်ပါ့) ပါကြရဲ့လား....(မပါ-ပါ) စာရင်းထဲမှာလေ (မှန်ပါ့ဘုရား)။

ခင်ဗျားတို့အိမ်မှာ ရှေးကစာရင်းတွေရှိတယ်၊သံသရာကထုတ်ဘို့လို့ တလုံးမှမပါဘူး....(မပါ-ပါ) ပါ-ပါ့မလား....(မပါ-ပါ) မပါဘူးဆိုတာ သေချာပြီ.... (သေချာပါပြီဘုရား) ကိုယ့်ကိုယ် သနားတဲ့ကိစ္စ မပါဘူး....(မပါ-ပါဘုရား)။

တကာကြွယ် ဘာတဲ့တုံး....(ကိုယ့်.ကိုယ် သနားတဲ့ကိစ္စမပါ-ပါဘုရား)ကြည့်လေ· ဒါကသားဘို့, ဒါကသမီးဘို့, ဒါက ကိုယ့်.ဘို့ဆိုတော့ ကိုယ့်.ဒီခန္ဓာကြီးကို ပြုဘို့ပါတယ်၊ ဒီခန္ဓာကြီး ထုတ်ရပ်လမ်းရောက်ဘို့လို့.... (မပါ-ပါဘုရား)။

ဒါကလေးများ တကာကြွယ်တို့၊ ဦးမာဒင်တို့၊ ဦးသန်းမောင်တို့ ထည့်ရေးကြစမ်းပါနောက်ကို၊ ဒါက ခန္ဓာကြီးထုတ်ရပ်လမ်းရောက်ဘို့၊ ဒါလောက်ကလေးများ ထည့်လိုက်ယင် ခင်ဗျားတို့ လူသာဓုခေါ်· နတ်သာဓုခေါ်....(မှန်ပါ့)ရိပ်မိပလား .... (ရိပ်မိပါပြီဘုရား)။

ထည့်ကို မထည့်မိဘူးဘုရာ့ မပြောပါနဲ့.တော့.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဝိနိစ္ဆယဆိုတာက ဝိတက်နဲ့.ကြုံပြီး ဆုံးဖြတ်ချက်ချတာ....(မှန်ပါ့) သဘောကျပြီနော်.... (ကျပါပြီဘုရား)။

ဒါဖြင့် တဏှံပဋိစ္စ....(ပရိယေသနာပါ) ပရိယေသနံပဋိစ္စ.... (လာဘောပါ) လာဘံပဋိစ္စ... (ဝိနိစ္ဆယောပါ) ဟော ... အခု ဝိနိစ္ဆယရောက်ပြီတဲ့၊ ဆုံးဖြတ်ချက်ချပြီ၊ ဆုံးဖြတ်ချက်ချတော့ အပုံတွေပုံလိုက်တယ်၊ ဒါက အိမ်ဆောက်ဘို့၊ ဒါကတိုက်တည်ဘို့

ဒါက ကားဝယ်ဘို့၊ဒါက သားသမီးများ စိန်,ရွှေ,မြတ်လေဝင်း ဖြစ်ဘို့၊ အင်း....ဝိနိစ္ဆယချပြီ .... (မှန်ပါ) သဘောကျပလား.... (ကျပါပြီဘုရား)။

"ဝိနိစ္ဆယံ ပဋိစ္စ ဆန္ဒရာဂေါတဲ့.... (မှန်ပါ့) ဆန္ဒရာဂဆိုတာ တကာတကာမတို့ တခြားမဟုတ်ပါဘူးတဲ့ ဒီဥစ္စာ တဏှာကလေး နှုံးနုလာတယ်.... (မှန်ပါ့) တဏှာနုနုလာတယ်၊ တဏှာနုနုက တခြားမဟုတ်ဘူးတဲ့ဒီအခြေ-ဒီအနေဆိုလို့ရှိယင်ဖြင့်မဆိုးလှဘူး။ အိုစာမင်းစာကလေးတွေ အပုံ- ပုံနိုင်တယ်၊ သားကလေးတွေ သမီးကလေးတွေလဲ လူချင်းတူတူ၊ အိမ်ရာ, တိုက်တာကလေး တွေလဲ လူချင်းတူတူရှိသွားပြီ ဆိုပြီးသကာလ ရှိတာကလေး သာယာနေတဲ့တဏှာ....(မှန်ပါ့)ဆုံးဖြတ်ချက်ချပြီးမှ သာယာတဲ့ တဏှာ....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် "ဝိနိစ္ဆယံ ပဋိစ္စ ဆန္ဒရာဂေါ....(မှန်ပါ့) သဘောကျပလား... (ကျပါပြီ) ဆန္ဒရာဂံ ပဋိစ္စ အဇ္ဈောသာနံ.... (မှန်ပါ့) အဇ္ဈောသာနံဆိုတာက တခြားမဟုတ်ဘူး၊သူက သူ့ထက်ကြီးတဲ့ လောဘ....(မှန်ပါ့ဘုရား)။

သူ့ထက်ကြီးတဲ့ လောဘဟာတာတုံး၊ အို....ဒို့က လူကြီး တွေကွ၊ သူတို့က သားတွေ, သမီးတွေက တော်တော်ကြာ ကြုံရာဆုံရာနဲ့ သွားကြမှာ .... (မှန်ပါ့ဘုရား) ဒို့ဟာတော့ ဒါကို သားလဲ မပြုနဲ့-သမီးလဲမပြုနဲ့၊ ဒီဟာကသက်သက်ဒို့ဘို့ လုပ်မှာဲဟော....၊ ဒို့ဘို့အပေါ်မှာ သိပ်စဲသွားတယ်....(မှန်ပါ့) မစဲဘူးလား....(စဲပါတယ်ဘုရား)။

သမီးက အချိုးမကျပြန်လဲ ခိုးထုတ်သွားမှာ၊ သားကအချိုးမကျပြန်လဲ .... (ခိုးထုတ်သွားမှာပါ) ရှိကော မရှိဘူးလား.... (ရှိပါတယ်) ရှိတာဘဲဆိုတော့ ဒီအပုံတော့ဖြင့် သူတို့ဟာတော့ သူတို့ယူသွား ကိစ္စမရှိဘူး....(မှန်ပါ့ဘုရား)။

ဒို့ဘို့ ပုံထားတာတော့ဖြင့် အဲဒါတော့ သားလဲ မသိစေနဲ့-သမီးလဲ မသိစေနဲ့ - မင်းနဲ့ငါနဲ့ဘဲ သိပစေ ... (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ)။

အံမာလေး....တော်တော်လောဘကြီးပါလား(ကြီးပါတယ်) စာကာကြွယ် ဒီလိုကော ရှိသေးသလား.... (ရှိပါတယ်ဘုရား) အဲ....ရှိရတယ်-ရှိရတယ်၊ မရှိယင် ခက်ကုန်မှာပေါ့.... (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါ... သားဖေတွ-သမီးတွေနဲ့ ရန်တိုက်တဲ့တရားလို့လဲအောက်မေ့ မနေနဲ့ဦး.... (မှန်ပါ့) မဟုတ်ပါဘူး ဒီဥစ္စာက ခင်ဗျားတို့ စိတ်ထဲမှာက ဒီဟာတွေ လာတတ်တာကို ပြောပါတယ် (မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီ)။

ဆန္ဒရာဂံ ပဋိစ္စ အဇ္ဈောသာနံ၊ အဇ္ဈောသာနံ ပဋိစ္စ ပရိဂ္ဂဟော .. တဲ့၊ ဒါကို ဒိုနာမည်နဲ့ထား (မှန်ပါ့) ခလေးတွေနာမည်မပါစေနဲ့....(မှန်ပါ့)။

တော်တော်ကြာ အမွေဆိုင်အဖြစ်နဲ့ မသေခင်က တောင်းယင် ခက်တယ်....(မှန်ပါ့)။
ရိပ်မိပလား.... (မှန်ပါ့ဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)
အတော်မဆိုးဘူးလား....(ဆိုးပါတယ်ဘုရား)။

ကဲ....ဒါဖြင့်....တဲ့ တကာတကာမတို့ အဇ္ဈောသာနံ ဆိုတာက ဒီဟာတော့ဖြင့်ဟော....ဘယ်အရောင်းအဝယ်ထဲ နည်းနည်းမှမထည့်နဲ့....(မှန်လှပါ) သဘောကျပလား.... (ကျေပါပြီဘုရား) ဒီလို မလာဘူးလား....(လာပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ မေ့လဲသွားကြမှာစိုးရတယ်နော် (မှန်ပါဘုရား)။

" တဏှံ ပဋိစ္စ ပရိယေသနာ၊ ပရိယေသနံ ပဋိစ္စ " .... (လာဘောပါ) လာဘဆိုတာ လာဘ်ရတယ်....(မှန်ပါ) ရှာလို့ရတယ်... (မှန်ပါဘုရား)။

လာဘံ ပဋိစ္စ ဝိနိစ္ဆယော....(မှန်ပါ)ဝိနိစ္ဆယက ဆုံးဖြတ်ချက်ချတယ်... (မှန်ပါ) ဆုံးဖြတ်ချက်ချပြီးမှ ဝိနိစ္ဆယံ ပဋိစ္စ ဆန္ဒရာဂေါ၊ သြော်....တော်တော်ကလေး သာယာတယ်... (မှန်ပါဘုရား)။

ဆန္ဒရာဂံ ပဋိစ္စ အဇ္ဈောသာနံ၊ အဇ္ဈောသာနံ ပဋိစ္စ ပရိဂ္ဂဟော တဲ့။ဒါက အိုစာမင်းစာ သိမ်းဆည်းတယ် .... (မှန်ပါ) သဘောကျပလား .. (ကျေပါပြီဘုရား)။

ပရိဂ္ဂဟံ ပဋိစ္စ မစ္ဆရိယော၊ ဟော....ဒါတော့ဖြင့် သားလဲစိတ်မချရဘူး၊ သမီးလဲစိတ်မချရဘူး၊ ဆွေမျိုးလဲ စိတ်မချရဘူး မစ္ဆရိယဝင်လာတယ် .. (မှန်ပါ)မလာဘူးလား.... (လာပါတယ်ဘုရား)။

တကာတကာမတို့ ဒါ သူများဖြစ်စဉ်လား၊ ကိုယ့်အိမ်ထဲကဖြစ်စဉ်လား(ကိုယ့်အိမ်ထဲကဖြစ်စဉ်ပါ) သဘောကျပြီနော် .... (ကျေပါပြီဘုရား)။

မစ္ဆရိယ် ပဋိစ္စတဲ့၊ ကဲ....ကျွတဲ့ ဒီအခန်းတော့ ဒီအိမ်တော့ လုံအောင်လုပ်မှဘဲဆိုပြီးသကာလ တကာတကာမတွေ သံတံခါးတွေတပ်၊ သစ်သားတံခါးတွေတပ်၊ မလာကြဘူးလား .... (လာပါတယ်ဘုရား)။

ဟာ....ဘာဖြစ်လို့တုံးဆိုတော့ လုံခြုံအောင်လုပ်တာဘုရား-(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ)မစ္ဆရိယံ ပဋိစ္စ အာရက္ခောတဲ့ တခါတည်း စောင့်ရှောက်တော့တာဘဲ....(မှန်ပါ့)။

တနေ့တနေ့ သွား-သွားကြည့်တယ် ဒီနေရာကလေး လက်ရာခြေရာ ပျက်-မပျက်.... (မှန်ပါ့) မစောင့်ရှောက်ရဘူးလား.... (စောင့်ရှောက်ရပါတယ်ဘုရား)။

စောင့်ရှောက်ရတယ်၊ ဒီဥစ္စာ ဘုရားရှိခိုးတာထက် အကြိမ်မှန်သေးတယ်နော်... (မှန်ပါ့) ဘုရားကို ဖြေးဖြေးမှ ရှိခိုးမယ်ကွာ၊ ဒီဥစ္စာ စောစောသွားကြည့်ဦးမယ်....(မှန်ပါ့)ရိပ်မိပလား (ရိပ်မိပါပြီဘုရား)အင်မတန်မဆိုးဝါးဘူးလား (ဆိုးဝါးပါတယ်ဘုရား)။

ကိုင်း.... တကာတကာမတို့ တံခါးလုံအောင်လုပ်၊ အဲဒီလို လုပ်ပြီးတော့မှ တကာတကာမတို့သန္တာန်၌ ဘာတွေ လာသတုံးလို့ မေးတဲ့အခါကျတော့ကို အခု ၉-ခုပြည့်သွားပါပြီ (မှန်ပါ့) တဏှာကနေ ၈,လုံးကတာ ၉-ခုပြည့်သွားပြီ....(မှန်ပါ့) ဘုရားက ၉-ခုပြည့်အောင် ဟောမယ်ကိုး....(မှန်ပါ့)။

တကာတကာမတို့ တဏှာပဋိစ္စ.... (ပရိယေသနာပါ) ပရိယေသနံ ပဋိစ္စ....(လာဘောပါဘုရား)လာဘံ ပဋိစ္စ....ဝိနိစ္ဆယော.... (မှန်ပါ့)။

ခဏ နားပါဦး

ကိုင်း.... တရားနှလုံးသွင်းကြ၊ တကာတကာမတို့ မစ္ဆရိယ လာပါပြီ.... (မှန်ပါ့) မစ္ဆရိယလာတဲ့အတွက် ပိုမိုပြီးသကာလ တံခါးတွေ ဘာတွေ လုံခြုံဘို့တခါတည်း အစောင့်အရှောက်တွေ ဒုတ်ခြင်း လက်နက်အစရှိသည်တို့ အလုံးစုံအကုန် ဦးမာဒင်တို့, ဦးသန်းမောင်တို့ လိုင်စင်ယူတော့တာဘဲ....(မှန်ပါ့)။

ဘယ်နှယ်ကြောင့် ဒုတ်-ခါးလက်နက်တွေ လိုင်စင်တွေ ဘာတွေယူပြီးသကာလ အစိုးရထံ ဒါတွေလုပ်ပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့ စောင့်ရှောက်ဘို့....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ) ဘယ်နှယ်ကြောင့် ခင်ဗျားတို့က ဒါလောက် စောင့်ရှောက်ရတာတုံးဆိုတော့ မစ္ဆရိယရှိလို့.... (မှန်ပါ့)။

ပြောင်းပြန်-ပြန်လှည့်၊ ဘယ်နှယ်ကြောင့် စောင့်ရှောက်ကြသတုံး....(မစ္ဆရိယရှိလို့ပါဘုရား) သဘောကျပလား ... (ကျပါပြီဘုရား)။

သြော်.... မစ္ဆရိယကြောင့် စောင့်ရှောက်တယ်.... (မှန်ပါ့) သူမျှားမြင်မှာစိုးလို့-သူမျှားရသွားမှာစိုးတယ်....(မှန်ပါ့)ဒါဖြင့် မစ္ဆရိယကြောင့်ပေါ့ဗျာ....(မှန်ပါ့)။

ဒီ-မစ္ဆရိယက ဘယ်ကလာသတုံး....လို့ မေးဘို့မလိုဘူးလား-(လိုပါတယ်ဘုရား) အဲဒီ မစ္ဆရိယက ဒီဘက်က လာတာဘဲ.... (မှန်ပါ့)။

ဒါဖြင့် " တဏှာ ပဋိစ္စ ပရိယေသနာ၊ ပရိယေသနံ ပဋိစ္စ လာဘော၊ လာဘ ပဋိစ္စ ဝိနိစ္ဆယော၊ ဝိနိစ္ဆယံ ပဋိစ္စ ဆန္ဒ

ရာဂေါ၊ဆန္ဒရာဂံ ပဋိစ္စ အဇ္ဈောသာနံ၊ အဇ္ဈောသာနံ ပဋိစ္စ ပရိဂ္ဂဟော”... တဲ့.. (မှန်ပါ့)။

သူမြုပ်ထားတဲ့ အိမ်မှာ မီးခံသေတ္တာထဲ ထည့်ထားတဲ့ သိမ်းဆည်းမှုကြောင့် မစ္ဆရိယလာတယ်....(မှန်လှပါ့)။

သိမ်းဆည်းမှုကြောင့်....(မစ္ဆရိယလာပါတယ်ဘုရား) ရှင်းပြီနော်....(ရှင်းပါပြီ)။

ကောင်းပြီ....ဒီဘက်က ဒုတ်,ဓါးတွေဆောင်တာ ဘယ့်နှယ်ကြောင့်တုံး....ဆိုတော့ စောင့်ရှောက်ဘို့....(မှန်ပါ့) ဘယ့်နှယ်ကြောင့် စောင့်ရှောက်ချင်သတုံးဆိုတော့ လူများမြင်မှာစိုးလို့ သူများရမှာစိုးတဲ့ မစ္ဆရိယကြောင့် .. (မှန်ပါ့)သဘောကျပလား (ကျပါပြီဘုရား)။

ဒီမစ္ဆရိယက ဘယ်ကလာသတုံး....လို့ မေးတဲ့အခါကျတော့ သိမ်းဆည်းတဲ့ပစ္စည်းကြောင့် ...(မှန်လှပါ) အကျိုးအကြောင်းဆက်ကဲ့လား....(ဆက်ပါတယ်ဘုရား)။

သိမ်းဆည်းထားတဲ့ပစ္စည်းကြောင့်နော်.... (မှန်လှပါဘုရား) ဒီ-သိမ်းဆည်းထားတဲ့ပစ္စည်းသည် တကာတကာမတို့ သိမ်းဆည်းမှု တဏှာ,ဒိဋ္ဌိကြောင့် သိမ်းဆည်းမှု တဏှာဒိဋ္ဌိဟာ အလိုလိုလာဟာလားလို့ မေးဘို့မလိုဘူးလား....(လိုပါတယ်ဘုရား) ဟာဒီဘက်ကကြောင့် လာဘာ....(မှန်ပါ့) ရိပ်မိပလား .. (ရိပ်မိပါပြီဘုရား) ဒါက ပဋိလောမပြန်လာတာ....(မှန်ပါ့)။

ဒါဆိုတော့ “ တဏှံ ပဋိစ္စ ပရိယေသနာ၊ ပရိယေသနံ ပဋိစ္စ လာဘော၊ လာဘံ ပဋိစ္စ ဝိနိစ္ဆယော၊ ဝိနိစ္ဆယံ ပဋိစ္စ

ဆန္ဒရာဂေါ၊ ဆန္ဒရာဂံ ပဋိစ္စ အဇ္ဈောသာနံ" အလွန် နှစ်သက်တယ်....(မှန်ပါ့) အလွန်နှစ်သက်လို့ တကာတကာမတို့ ဖြစ်ရပါတယ်....(မှန်ပါ့)။

ဒီ-အလွန်နှစ်သက်တာ ဘယ်ကလာသတုံးဆိုတော့ သာမည နှစ်သက်မှုက ကြီးလာလို့... (မှန်ပါ့)။

ဒါဖြင့် အလွန်နှစ်သက်တဲ့စိတ်သည် ဘယ်ကလာတာတုံး.... (သာမညနှစ်သက်မှုက ကြီးလာလို့ပါဘုရား) သာမည နှစ်သက်မှုကြောင့်... (မှန်ပါ့) ပေါ်ပလား.... (ပေါ်ပါပြီဘုရား)။

ဘယ်နှယ်ကြောင့် ဒီ သာမည နှစ်သက်မှု လောဘတဏှာ လာပါလိမ့်မတုံးလို့ မေးတဲ့အခါကျလို့ ရှိယင် ဘယ့်နှယ်ဖြေကြမတုံး၊ ဒီဟာကြောင့် ဆိုရမယ်... (မှန်ပါ့)။

အဒတော့ တဏှာ ပဋိစ္စ ပရိယေသနာ၊ ပရိယေသန ပဋိစ္စ လာဘော၊ လာဘ ပဋိစ္စ ဝိနိစ္ဆယော၊ ဝိနိစ္ဆယ ဆန္ဒရာဂေါ ဘုရား (မှန်ပါ့) သူ့ဟာ-ကိုယ့်ဟာခဲ့ပြီးတော့ လာရပါတယ်ဆိုဘာ သဘောကျပလား....(ကျပါပြီ)။

ကောင်းပြီ ဒါ....ပဋိလောမလာတာနော်၊ ဒါ-မနေ့ကဟာနဲ့ မတူဘူးလို့ မှတ်ပါ....(မှန်ပါ့)။

ကဲ...ဒါဖြင့် ဒီဥစ္စာသည် ဒီဝိနိစ္ဆယက ဘယ်ကလာတာတုံး ဆိုတော့-ခရလို့.....(မှန်ပါ့) ရတဲ့တဏှာက လာတယ်... (မှန်ပါ့) ရတာ ဘယ့်နှယ်ကြောင့် ရ-ရသတုံး....လို့ မေးတဲ့အခါ- ရှာလို့ (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဘယ်နှယ်ကြောင့် ဒီရှာဘဲ့ တဏှာဒိဋ္ဌပေါ်လာပါလိမ့်မဘုံး မေးတော့မှ တကာတကာမတို့လောဘတဏှာကြောင့်-(မှန်ပါ့)။

ဒီတဏှာ ဘယ်ကလာပါလိမ့်မတုံးဆိုတော့ ဝေဒနာကြောင့်.... (မှန်ပါ့)။

ဒီတဏှာ ဘယ်ကလာပါလိမ့်.... (ဝေဒနာကြောင့်ပါဘုရား) ဒီကျတော့ ဒီကနေ ပြန်ထောက်ကြည့်လို့ ရှိယင် ဒီဝေဒနာပေါ် ပြန်ရောက်တယ်....(မှန်ပါ့) မဇရောက်ဘူးလား....(ရောက်ပါတယ် ဘုရား) ဒါဖြင့် ဝေဒနာကွန္ဒာကြောင့် ဖြစ်ရတာ.... (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီ)။

ဒါဖြင့် ဒီဘက်က အိမ်တံခွန်း ပဋိစ္စသမုပ္ပါဒ်တွေဟာ တကာ တကာမတို့- ဦးမာဒင်တို့- ဦးသန်းမောင်တို့- တကာကြွယ်တို့ ဘယ်က လာတာတုံး... တဲ့၊ ဒုတ်ခါးကိုင်သည်တိုင်အောင် လမ်းဆုံးသွားတဲ့ဥစ္စာ ဘယ်က လာတာတုံးဆိုတော့ ဒီခန္ဓာဘဲ ပြရမယ်....(မှန်ပါ့) ပေါ်ကြပလား.... (ပေါ်ပါပြီ) ဘယ်သူ့တွေ့ပါလိမ့် .. (ခန္ဓာတွေ့ပါတယ်ဘုရား)။

လက်သည် အဆင့်ဆင့် ရှာလိုက်တဲ့အခါကျတော့ ဘယ်မှာ လမ်းဆုံးသလဲ.... (ခန္ဓာမှာ လမ်းဆုံးပါတယ်ဘုရား) ကျုပ်တို့ နှယ်ပင်ကို အဖျားက မြောက်လိုက်တဲ့အခါ အရင်းသွားတွေ့တယ်....(မှန်ပါ့ဘုရား) မတွေ့သေးဘူးလား.... (တွေ့ပါတယ် ဘုရား)။

ကဲ....ဒါဖြင့် လက်သည်ရှာလိုက်ယင် ဒုတ်ခါးဆောင်တာလဲ ဒီခန္ဓာကြောင့်... (မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား) စောင့်ရှောက်ရတာလဲ....(ဒီခန္ဓာကြောင့်ပါဘုရား)။

ဩော် သူ့မှာ အိုစာ-မင်းစာမရှိယင် ခက်ချေရဲ့-(မှန်ပါ့) ဒီလိုလဲ စောင့်ရှောက်လာတယ်.... (မှန်ပါ့) စောင့်ရှောက်တာ

ဘယ့်နှယ်ကြောင့် စောင့်ရှောက်သတုံး၊ မစ္ဆရိယ ကြောင့်.... (မှန်ပါ့ဘုရား) မစ္ဆရိယ ဘယ်က လာသတုံးဆိုတော့ ခန္ဓာက.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

ကောင်းပြီ....ဒါဖြင့် အလှန်နှစ်သက်တာလဲ ဘယ်သူ့ကြောင့်လဲ ခန္ဓာ့ကြောင့်.... (မှန်ပါ့) သာမည နှစ်သက်တာကော.... (ခန္ဓာ့ကြောင့်ပါဘုရား) ဆုံးဖြတ်ချက်ချတာတွေကော.... (ခန္ဓာ့ကြောင့်ပါ) သူ့အတွက် ချည့်ကျဘယ်.... (မှန်ပါ့ဘုရား) သူ့အတွက်ချည့်မကျဘူးလား....(ကျပါတယ်ဘုရား)။

ဒါဖြင့် တကာတကာ့မတို့ ရတာလဲ ဘယ်သူ့အတွက်ပါလိမ့် (ခန္ဓာ့အတွက်ပါ) ရှာတာလဲ.... (ခန္ဓာ့အတွက်ပါ) ဒီတော့ကျလဲ ဘယ်က လာသတုံး... (ခန္ဓာက လာပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ ဝေဒနာ ပစ္စယာ တဏှာ... (မှန်ပါ့) ဒီမှာလာပြီး လက်သည်ဇွတ်တယ်...(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာဘကာမတို့ ဒီဝေဒနာကို ခန္ဓာဝေဒနာခဲ့လို့က် (မှန်ပါ့) ခန္ဓာဝေဒနာခဲ့လို့က်ပါ၊ တကာကြွယ် ခန္ဓာမှာ ဝေဒနာ ဘယ်နှစ်ပါးရှိသတုံးမေးယင်....(သုံးပါးရှိပါတယ်) သုခဝေဒနာ-ဒုက္ခဝေဒနာ-ဥပေက္ခာဝေဒနာ....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီ)။

သုခဝေဒနာ- ဒုက္ခဝေဒနာ- ဥပေက္ခာဝေဒနာ ဆိုတာတော့ သေသေချာချာမှတ်ပါ (မှန်ပါ့) ချမ်းသာတာက.... (သုခဝေဒနာ....(မှန်ပါ့) ကိုယ်၏ဆင်းရဲခြင်း-စိတ်၏ဆင်းရဲခြင်းက....

(ဒုက္ခဝေဒနာပါဘုရား) အလတ်စားက (ဥပေက္ခာဝေဒနာပါဘုရား)။

အဲဒီ့ဝေဒနာသုံးပါးကို ခင်ဗျားတို့ ဘယ်ဝေဒနာ ပေါ်လာလာ တကာတကာမတွေ့က ဖြစ်ပျက်ရှုပေး....(မှန်လှုပါ)။

ဘယ်ဝေဒနာပေါ်လာလာ ဘာလုပ်ရမလဲ.... (ဖြစ်ပျက်ရှုရပါမယ်ဘုရား) ဖြစ်ပျက် ရှုပေးလိုက်တော့ ဝေဒနာက္ခန္ဓာက ဖြစ်ပျက်· ရှုတာကမင်္....(မှန်ပါ့)။

ပေါ်တဲ့ဝေဒနာက ဖြစ်ပျက်၊ ရှုတာက.... (မင်္ပါဘုရား) ရှုတာက မင်္ဆိုတော့ မင်္သည် တဏှာကို ဖြတ်တယ်ဆိုတော့ ပေါ်ခွင့်ရမသေးရဲ့လား··(မရပါဘုရား)။

ဒါဖြင့် တဏှာမှ မရှိဘဲနဲ့ ပရိယေသနကိစ္စကော.... (မရှိပါဘုရား) ရတဲ့ကိစ္စတွေကော....(မရှိပါဘုရား) ခုနင်က မစ္ဆရိယ့်တို့ ဒုတ်-ဓါးတွေဆောင်ရတဲ့ကိစ္စတွေကော.... (မရှိပါဘုရား)။

အင်း....ဒါဖြင့် တကာတကာမတို့ လက်သည်ရှာတော့ ခန္ဓာကဘဲ တွေတယ်... (မှန်ပါ့)။

လက်သည်ရှာတော့... (ခန္ဓာကဘဲ တွေပါတယ်ဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

သြော်.... ဒါဖြင့် ဒီခန္ဓာသည် တကာတကာမတို့ ဒီဘက်ဒုက္ခတွေ ပေးလိုက်တာ အပါယ်ရောက်သည်တိုင်အောင် ဒုတ်-ဓါးဆောင်ပြီး နောက် ဒုတ်-ဓါးတွေနဲ့ ကိုင်မိတယ်မိ ရာဇဝတ်မှုတွေဖြစ်၊ အပါယ်ရောက်၊ အမျိုးမျိုးသွားတော့မှာပေါ့ဗျာ.... (မှန်ပါ့) မသွားပေဘူးလား....(သွားပါတယ်ဘုရား) ဘယ်သူ့အတွက်ပါလိမ့်....(ခန္ဓာအတွက်ပါဘုရား)။

ဒါဖြင့် ခန္ဓာကလဲ ဘယ်ခန္ဓာ့အတွက်တုံး.... မေးတော့.... (ဝေဒနာကျခန္ဓာအတွက်ပါဘုရား)။

မှတ်ထား-မှတ်ထား တကာကြွယ်တို့ ဦးမာဒင်တို့ ဦးသန်း ဒမောင်တို့ ဝေဒနာကျခန္ဓာအတွက်....(မှန်ပါ့) ချမ်းသာချင်လို့-- (မှန်ပါ့) ချမ်းသာချင်တဲ့ သုခဝေဒနာအတွက်....(မှန်ပါ့ဘုရား) ဆင်းရဲမှာစိုးလို့ ဒုက္ခဝေဒနာအတွက်ဟုတ်လား၊ မျက်စိကကောင်း ကောင်း ကြည့်ချင်တယ်ဘုရာ့....၊ နားကလဲ ကောင်းကောင်း နားထောင်ချင်တယ်ဘုရာ့၊ ဥပေက္ခာဝေဒနာအတွက်....(မှန်ပါ့ ဘုရား) ရိပ်မိပလား.. (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဘယ်သူ့အတွက်တွေ့ ခင်ဗျားတို့ ဒီက အကုသိုလ် တတန်းကြီးဖြစ်ရသလဲ.... (ခန္ဓာ့အတွက်ပါဘုရား) ဝေဒနာကျခန္ဓာ အတွက် (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် ဝေဒနာဘယ်နှစ်မျိုးရှိပါလိမ့်.... (သုံးမျိုးပါဘုရား) သုံးမျိုးပေါ်တိုင်း·ပေါ်တိုင်း ·ဘုန်းကြီးတို့ တကာတကာမတွေက ခန္ဓာကို ဖြစ်ပျက်ရှုပါ....(မှန်ပါ့)။

ခန္ဓာဖြစ်ပျက်ရှုလို့က်တော့ ဝေဒနာကျခန္ဓာက ဖြစ်ပျက်၊ ရှုတာက... (မင်္ဂပါဘုရား) သေတာက ဟောဒီသမုဒယသစ္စာသေ တယ် (မှန်ပါ့) ဒီဘက်ဒုက္ခတွေ့ တွေ့စရာရှိသေးသလား.... (မရှိပါဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒါ...ဝေဒနာကျခန္ဓာက လာတာ ဖြစ်လေသောကြောင့် ဝေဒနာနုပဿနာလဲ ဒီပဋိစ္စသမုပ္ပါဒ် အပါယ်မရောက်အောင် ပြတ်စေနိုင်တယ်ဆိုတာလဲ သဘောကျ ပလား....(ကျပါပြီ)။

ဒါဖြင့် သုခဝေဒနာလာလဲ ဘာလုပ်မယ်.... (ဖြစ်ပျက်ရှုရပါမယ်ဘုရား) ဒုက္ခဝေဒနာလာယင်ကော.... (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ခန္ဓာထဲ ချမ်းသာတာကလေးလာလဲ ဇီမ်ခံမနေနဲ့ ဖြစ်ပျက်ရှုပေး....(မှန်ပါ့) ဆင်းရဲတာကလေးပေါ်လာယင်.... (ဖြစ်ပျက်ရှုရပါမယ်ဘုရား) အလတ်စားဝေဒနာကလေး ပေါ်လာယင်--(ဖြစ်ပျက်ရှုရပါမယ်ဘုရား) ပေါ်တဲ့ဝေဒနာ ဖြစ်ပျက်ရှုပါ.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ပေါ်တဲ့ဝေဒနာကဖြစ်ပျက်၊ ရှုတာကမဂ်.. (မှန်ပါ့)သေတာက သမုဒယ....(မှန်ပါ့)ဒီဒုက္ခတွေ အကုန်သိမ်းတာက....(နိရောဓသစ္စာပါဘုရား) နိရောဓသစ္စာဆိုတာ ဦးမာဒင်တို့,ဦးသန်းမောင်တို့ ငြင်းဘို့လိုသေးသလား....(မလိုပါဘုရား)။

ဒါ- ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် အစဉ်အတိုင်းဘဲ ဟောပါတယ်.... (မှန်ပါ့) ပြောင်းပြန်- ပြန်ပြီးသကာလ ဖြတ်နည်းကိုလဲဟော့ပါတယ်....(မှန်ပါ့) တကာကြွယ် ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

အစဉ်အတိုင်းက အဖြစ်ကိုပြတာ (မှန်ပါ့) ပြောင်းပြန်-ပြန်ဟောတာက ဒီနေရာ မဂ်ဝင်လိုက်ယင် ပြီးတာဘဲက္ခ....၊ မင်းတို့ဘာမှ အပါယ်လေးပါး ကြောက်မနေနဲ့....(မှန်ပါ့)။

ဒီဟာတွေ့ တနေ့ဘယ်နှစ်ကြိမ်ဖြစ်မှန်းတော့ မသိဘူးတဲ့.... (မှန်ပါ့)သို့သော် ဘာမှမကြောက်နဲ့၊ဒီမဂ်မဝင်မှာတော့ကြောက်ပါ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီမဂ်က ဘယ်လိုမှပေါ်မတုံးဆိုတော့ သုခဝေဒနာဖြစ်ပျက်တွေ့ယင်လဲ ရှုတတ်တဲ့မဂ်ဝင်ပါစေ.... (မှန်ပါ့)။

ဒုက္ခဝေဒနာ ဖြစ်ပျက်တွေ့ယင်လဲ....(ရှုတတ်တဲ့မင်္ဂလာပါစေ) ဥပေက္ခာဝေဒနာဖြစ်ပျက်တွေ့ယင်လဲ.... (ရှုတတ်တဲ့မင်္ဂလာပါစေဘုရား)။

ဒါဖြင့် ဖြစ်ပျက်ကဘာသစ္စာ....(ဒုက္ခသစ္စာပါ) ရှုတာက.... (မဂ္ဂသစ္စာပါ) ဒီဘက်ကသေတာတွေက.... (သမုဒယသစ္စာပါ) နောက်ခန္ဓာမလာတာက.... (နိရောဓသစ္စာပါ) သစ္စာလေးပါးဟောလိုက်တာ....(မှန်ပါ့ဘုရား)ရိပ်မိကြပလား.... (ရိပ်မိပါပြီဘုရား)။

ကိုင်း .. ယနေ့ဒီတွင်တော်ကြည်းစို့။

သာဓု....သာဓု....သာဓု ...

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း မိုးကုတ်ဆရာတော်ဘုရား
အမရပူရမဟာရုံ၌ ဟောကြားတော်မူအပ်သော
(ဝေဒနာနုပဿနာတရား သိကြားအမေး-ဘုရားအဖြေ)
(တက္ကသိန်ယသုတ်)
နေ့အလုပ်ပေးတရားတော်
(၇.-၁၀-၆၁)

ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် ပုဗ္ဗဒါရုံကျောင်းမှာ သီတင်းသုံးနေတုန်း သာဝတ္ထိသာနတ်ပြည်ကသိကြားမင်းကြီးက ညဉ့်ဉာဉ်ထဲမှာ နတ်သမီး,နတ်သားတွေနဲ့ ပျော်မယ်- ပါးမယ်လို့ ထွက်လာတုန်း စိတ်ကူးတခုပေါ်လာတယ်လို့ တကာကြွယ် မှတ်ထားရမယ် .. (မှန်ပါဘုရား)။

ဘုရားသခင် ကိုယ်တော်မြတ်ကြီးကတော့ ပုဗ္ဗဒါရုံကျောင်းမှာ သီတင်းသုံးနေတယ်....(မှန်ပါ)။

တာဝတ္ထိသာမှာရှိတဲ့ သိကြားကလဲ အပျော်ဆိုပြီးသကာလ နတ်သမီး, နတ်သားတွေနဲ့ ရောဝင်ဆင်ကြိုး စီးပြီးသကာလ ညဉ့်ဉာဉ်ထဲထွက်ပြီးလာတော့ ညဉ့်ဉာဉ်ပေါက်ဝ ရောက်ယင်ဘဲ စိတ်ကူးကလေးတမျိုး ပေါ်လာတယ်....(မှန်ပါ့)။

ကာမဂုဏ်ကြားထဲကမှ....တဲ့ အလင်းရောင်ကလေး ဖြစ်တဲ့ စိတ်ကလေးတခု ပေါ်လာတယ်....(မှန်ပါ့)။

ကာမဂုဏ်တွေ အင်မတန်ထူပြောနေတုန်း ပျော်မယ်.ပါးမယ်လို့ လုပ်တုန်းဘဲ စိတ်ကူးကလေး နိဗ္ဗာန်ရောက်ချင်တဲ့ စိတ်ကူးထဲက ဖြတ်ထိုးပေါ်လာတယ်လို့ မှတ်ရမယ်နော်.... (မူန်ပါ့ဘုရား)။

အဲဒီနိဗ္ဗာန်ရောက်ချင်တဲ့ စိတ်ဖြတ်ထိုးကလေးဟာ ဘာပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့ ရောဂဏ်ဆင်စိုးပြီး ဥယျာဉ်ပေါက်ဝထွက်လာယင်းနဲ့ တဏှာအမြန်ကုန်တဲ့နည်းဟာ ဘယ်နည်းပါလိမ့်မတုံးဆိုတဲ့ စိတ်ကူးကလေး ပေါ်လာတယ် (မှန်ပါ့ဘုရား)။

တဏှာကို အမြန်ကုန်စေတဲ့နည်းဟာ ဘယ်နည်းပါလိမ့်မလဲလို့ စိတ်ကူးကလေး ပေါ်လာတယ်....(မှန်ပါ့ဘုရား)။

ဒါ သူသိတာတော့ မဟုတ်ဘူး တကာကြွယ်ရ၊ တဏှာကို အမြန်ကုန်စေတဲ့နည်းဟာ ဘယ်နည်းမျှားပါလိမ့်မတုံးဆိုတဲ့တွေးလုံးကလေး ပေါ်တယ်... (မှန်ပါ့)။

အဲဒီတော့ ဘုန်းကြီးတို့ တကာတကာမတွေ မှတ်ထားစရာကတော့ဖြင့် တဏှာကုန်ယင် နိဗ္ဗာန်ရောက်တာဘဲ.... (မှန်ပါ့)။

တဏှာကုန်ယင်... (နိဗ္ဗာန်ရောက်ပါတယ်) နိဗ္ဗာန်ရောက်တယ်လို့ ဘုန်းကြီးတို့ တကာတကာမတွေက မှတ်ထားပါ....(မှန်ပါ့ဘုရား)။

အဲဒီတော့ နိဗ္ဗာန်ကိုလဲ ဘုန်းကြီးက ဒီနေရာရှင်းချင်ပါတယ် နိဗ္ဗာန်ဆိုတဲ့ဥစ္စာသည် ဦးမာဒင်တို့,ဦးသန်းမောင်တို့ မှတ်စရာကြော်.... ခန္ဓာဝန်ထမ်းရစဲ့ ဒုက္ခလဲမရှိ.... (မှန်ပါ့) ကျွးမွေးသုတ်သင်နေရတဲ့ဒုက္ခကော.... (မရှိပါဘုရား)။

ကျွေးမွေးသုတ်သင်ရတဲ့ ဒုက္ခမရှိတဲ့အတွက် ရှာမှု-ဖွေမှုဒုက္ခကော....(မရှိပါဘုရား) မရှိဘူးလို့ မှတ်ထားပါနော်....(မှန်ပါဘုရား)။

သူများဝမ်းထဲအောင်းရတဲ့ဒုက္ခကော.... (မရှိပါ) ခါးကိုင်း, နားထိုင်း, သွားကျိုး,ဆံဖြူ ရောဂါထူတဲ့ဥစ္စာကော.... (မရှိပါဘုရား)။

မရှိဘူးတဲ့....၊ ပြီးတော့ လူမမာကြီးဖြစ်ပြီး သူ့ အားကိုးရတော့မလိုလို,ငါ့အားကိုးရတော့မလိုလို ဒီဝေဒနာမှအထမြောက်ဘို့ဆိုတဲ့ စိတ်၏ပင်ပန်းခြင်း, ကိုယ်၏ပင်ပန်းခြင်း၊ မထနိုင်,မကြွနိုင်နဲ့ ဗျာဓိဒုက္ခတွေကော....(မရှိပါဘုရား)။

သေခါနီး ဝိညာဏ်မချုပ်နိုင်လို့ ဟိုနိမိတ်တွေ,ဒီနိမိတ်တွေထင်လာပြီး မျက်ရည်ကြီးငယ်ကျရတဲ့ ဒုက္ခကော.... (မရှိပါဘုရား)။

တကာတကာမတို့ ကြပ်ကြပ်စည်းစားပါနော် .... (မှန်ပါ့) သေခါနီး ငြုန်းကနဲ ဝိညာဏ်ချုပ်သွားတယ်လို့ မအောက်မေ့ဘဲနဲ့ ကိုယ်လုပ်ထားတဲ့ကုသိုလ်,ကိုယ်ပြုထားတဲ့အကုသိုလ်တွေ၏ သွားရမည့်လမ်းခရီးကိုမြင်တဲ့ ကိုယ်တယောက်တည်း မြင်ရတဲ့အမှတ်အသားတွေ ဦးမာဒင် ရှိသေးတယ်....(မှန်ပါ့)မသေခင်ကမြင်ရတယ်....(မှန်ပါ့)။

မသေခင်ကမြင်ရတဲ့ အမှတ်အသားတွေရှိပြီး သကာလ နေတယ်ဆိုကတည်းကိုက အင်း.... ကိုယ်က သားရေး, သမီးရေး, စီးပွားရေးနဲ့ အချိန်ကုန်နေတဲ့ပုဂ္ဂိုလ်၊ဝိပဿနာအလုပ်-မလုပ်ဘဲနဲ့

သစ္စာတွေ့မမြင်ဘဲနေတဲ့ ပုဂ္ဂိုလ်တွေ့ကျတော့ ခွေးနက်ကြီးတွေ့က လာထင် ငရဲမီးတွေ့ကမြင် ဝိညာဏ်ကမချုပ်သေး.... (မှန်ပါ့) အသက်မသေသေးဘူးပေါ့ဗျာ....(မှန်ပါ့)။

အဲဒီမှာတခါတည်း ဦးမာဒင်ရေ- ဦးသန်းမောင်တို့ ခေါင်း အုံးပေါ်မှာ မျက်ရည်ကြီးငယ်ကျတယ်....(မှန်ပါ့)။

ဘာဖြစ်လို့ကျပါလိမ့်မတုံးလို့ တကာကြွယ်တို့, ဦးလှဘူးတို့ မေးလို့ရှိယင် သူသွားရမည့်လမ်း သူတယောက်တည်း ဖြစ်ပြီး သကာလ ငါ-အနေမှားခဲ့လို့ အရောက်တော့ဖြင့် မှားရတော့ မှာဘဲဆိုပြီး ကိုယ်ကျိုးနည်းပေါ့ဆိုပြီး မျက်ရည်ကျတယ်(မှန်ပါ့ ဘုရား) ဒီအချိန်မှာ ဝိညာဏ်မချုပ်သေးဘူး.... (မချုပ်သေးပါ ဘုရား)။

တကာတကာမတို့ ဒီအချိန်မှာဘာတုံး (ဝိညာဏ်မချုပ်သေး ပါဘုရား)။

တကာကြွယ် ဖုံးလေသမျှ ကုန်းမှပေါ်ဆိုတဲ့ လောကီဥပမာ တွေလဲ တသက်လုံးတော့ဖြင့် လျှာအရိုးမရှိတာနဲ့ ကျုပ်တို့လဲ စိတ်ကောင်း-စိတ်မြတ်တွေ့ရှိပါတယ်...၊ မအားမလပ်သေးလို့ သူတော်ကောင်းအလုပ်- မလုပ်ရသေးတာပါ၊ ဟုတ်နေတာပေါ့ ဗျာ....(မှန်ပါ့ဘုရား)။

ဟုတ်ရင်းမတ္တာနဲ့ သေပေါက်သေဝသို့ ရောက်လာတော့ ဒီ-အမြင်တွေ့ မသေခင်ကမြင်ရတယ်....(မှန်ပါ့)

မသေခင်ကမြင်ရတော့ မျက်ရည်ကြီးငယ်တွေ့ကျပြီးသကာလ သြော်....ငါ့မှာလဲ သားကျန်,မယားကျန်,ဆွေကျန်,မျိုးကျန် ခံရ

တာနဲ့ သူတို့အတွက်တွေ့ လုံးပမ်းနေရတာနဲ့ ကိုယ့်အရေး ဘာမှ မပါလို့ အခုမြင်ရတဲ့ ငါသွားရမည့်လမ်းကဖြင့် လမ်းဆိုး လမ်းကြမ်း အပါယ်လေးပါးပါကလား....(မှန်ပါ့ဘုရား)။

ငရဲသွားမည့်ပုဂ္ဂိုလ်က ငရဲမီးတွေမြင်လာတယ်(မြင်လာပါတယ်) တိရစ္ဆာန်ဘုံသွားမှာက သူ့ဆိုင်ရာ ဂတိနိမိတ်တွေ့ မြင်လာတယ် (မှန်ပါ့) တောင်ကြီးတွေ့ ချောက်ကြီးတွေ့ ကြားကြီးတွေမြင်လာတယ်.... (မှန်ပါ့ဘုရား)။

ဦးလှဘူးတို့, ဦးသန်းမောင်တို့, ကိုဗထွေးတို့ ဒီအချိန်ကျမှ ပြင်ချိန်,ဆင်ချိန် ရသေးရဲ့လား....(မရပါဘုရား)။

အခုတော့ ရသေးတယ်လို့ အောက်မေ့ (မှန်ပါ့)အခု ငါတို့ ဆရာသမားဆီမှာလာပြီး ဆည်းကပ်တာ သြော်....ဟိုအချိန်မှာ သေခြင်းဆိုးတွေဆိုတဲ့ ခေါင်းအုံးပေါ်မှာ မျက်ရည်တွေ့ရွဲကျပြီး သကာလ သားလဲမတတ်နိုင်ဘဲနဲ့ ကိုယ်- သွားရမည့်လမ်းကြီး ကိုယ်မြင်ပြီး ဝမ်းနည်းတဲ့ကိစ္စကြီး....(မှန်ပါ့) သိပ်ကြောက်စရာ မကောင်းဘူးလား....(ကောင်းပါတယ်ဘုရား)။

အဲဒါ ခင်ဗျားတို့ပျော်သလောက် ပျင်းရမယ်ဆိုတဲ့အဓိပ္ပါယ်ကော တကာကြွယ် ရှင်းပြီ (ရှင်းပါပြီဘုရား)။

ပျော်သလောက်.... (ပျင်းရပါမယ်) အဲဒီကိစ္စကလဲ တကာ့တကာမတို့ အခုစပ်မိလို့ ပြောပါတယ်နော်၊သိကြားအကြောင်းလဲ ဟောမှာပါဘဲ....(မှန်ပါ့ဘုရား)ဒါ· ဘာလုပ်တာတုံး ဆရာဘုန်းကြီးက ဒီတရားကြားညှပ်ပြီး ဘာပြောတာတုံးဆိုလို့ ရှိယင်ဖြင့် သြော်....ဆရာကောင်း,သမားကောင်းဆိုတာ တကာတကာ

မတို့ အနာဂတ်လှမ်းပြီး မြင်တဲ့အတွက် တပည့်သားမြေးကို ဟော....ဒီလိုမနေနဲ့၊ ဝိပဿနာဉာဏ်နဲ့ အားထုတ်၊ မင်း အဲဒီကိစ္စ ဟာ ဝိပဿနာသာ အားမထုတ်လို့ ရှိယင် မင်း ဒီကိစ္စတွေ့ရလိမ့် မယ်....(မှန်ပါ့)။

မျက်ရည်ကြီး-ငယ်ကျရတဲ့ ကိစ္စ သေခါနီး ဘယ်သူ့မှ မပြော နိုင်ဘဲနဲ့ တယောက်တည်း ဝမ်းနည်းပြီး မျက်ရည်ကျပြီးသကာ လ ဦးမာဒင်....ဝိညာဏ်ချုပ်သွားလိမ့်မယ်....(မှန်ပါ့)မနစ်နာဘူး လား....(နစ်နာပါတယ်ဘုရား)။

ဘေးက ပစ္စည်းတွေက ဘာကယ်ဖေါ်ရသတုံး....(ဘာမှ မရ ပါဘုရား)အင်မတန် ကိုယ်ကျိုးနည်းပြီဆိုတဲ့ အဓိပ္ပါယ် မရောက် ဘူးလား....(ရောက်ပါ့တယ်ဘုရား)။

ဒါက လူတိုင်း တွေ့ရမယ်.အလုပ်-လုပ်ထားတဲ့ပုဂ္ဂိုလ်(မှန်ပါ့ ဘုရား)ရဟန်းသော, လူသော,နတ်သော အကုန်တွေ့ရမည့်ကိစ္စ-(မှန်ပါ့)။

အဲဒီတော့ ခင်ဗျားတို့ဟာ အခု ဆရာဘုန်းကြီးက ဒီအလုပ် လုပ်ယင် မျက်ရည်ကြီး,ငယ်ကျတဲ့ကိစ္စ မတွေ့ရပါဘူး၊ ပြုံးပြီး သကာလ တကာတကာမတွေ့ သေရပါလိမ့်မယ်....(မှန်ပါ့) ဒီ အခု ဘုန်းကြီးပြောတာသာ လုပ်....(မှန်ပါ့)ပြုံးပြီးသကာလ သေရမယ် ...(မှန်ပါ့)။

ပြုံးပြီးသကာလ သေရတာက တခြားကြောင့် မဟုတ်ဘူးတဲ့ တကာတကာမတို့ ဒီ အလုပ်သဘောတွေ့က မင်္ဂလာတွေ့က ဝမ်း ထဲရောက်ပြီးသကာလ နေတော့ နိဗ္ဗာန်ကြီးကိုမြင်၍ဂုဏ်း(မှန်ပါ့)။

ဟို- သုဂတိသွားရမည့် လမ်းခရီးတွေက အဲဒီကမှ တဆင့် ကူးပြီးသွားရမည့် သုဂတိက နတ်ရထားတွေ လာဆိုက်ပြီး ကြိုနေတာ မြင်ရသောကြောင့်ဌင်း... (မှန်ပါ့)။

သြော်....ငါတော့ဖြင့် သုဂတိက,နေ နိဗ္ဗာန်ကူးရမှာဘဲ ဆိုပြီးသကာလ သူသွားရမည့် ခရီးက ဒီလူ.ပြည်နေရတဲ့ လမ်းကြီးကို ရှင်းလင်းပြီးသကာလ ချမ်းသာတွေ့က မြင်နေရတော့ — တကာကြွယ် ပြုံးပြီးသေတယ်... (မှန်ပါ့)ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ့ ဆရာဘုန်းကြီးက ဘယ်နှယ်ကြောင့် ဒါလောက်တောင် ကြိုးစားပြီးနေ့တိုင်းပြောပြီးနေပါလိမ့်မတုံး....၊ တနေ့ တကြိမ်, နှစ်ကြိမ်တိုင်တိုင်ပြော၊ တွေ့တိုင်းလဲ ဆုံးမ,ဆိုတော့ သြော်.... ပြုံးသေစေချင်လို့ဟော့....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘယ်လို သေစေချင်လို့လဲ....(ပြုံးပြီး သေစေချင်လို့ပါ) ဘာဖြစ်လို့တုံး မေးတဲ့အခါကျတော့မှ မသေကောင်းတဲ့ လမ်းကလဲ မဟုတ်တော့ တကာကြွယ်....သေကြရမှာဘဲ.... (မှန်လှပါဘုရား)။

အဲဒီ သေခါနီးမှ ဒီ တကာ တကာမတွေ့ ဘုန်းကြီးတို့ကအချိန်မမှီလို့ ကိုယ်ခိုင်းတုန်းက သူတို့က ဘာမှ မလုပ်ခဲ့လို့.... မဂ္ဂင်လမ်းကြီးကို မတွေ့ရှာကြလို့ သေခါနီးမှ မဲ့ရဲ့ပြီး သကာလ ကိုယ်ကျိုးနည်းပေါ့ ....၊အကြောတွေက,ဆဲ့၊ မြင်ရတဲ့ နိမိတ်တွေက လာတော့ ကိုယ်တယောက်တည်း မြင်ရတာ ဘယ်သူ့မှလဲ ပြောလို့မဖြစ် .... (မှန်ပါ့)။

ကြောက်စရာ,လန့်စရာ ဓါးတွေ,လှံတွေမြင်ရ၊ ခွေးနက်ကြီးတွေ လာဆွဲတာ မြင်ရ....(မှန်ပါ့)ငရဲမီးတွေ ဟုန်းဟုန်းတောက်နေတာ မြင်ရ....(မှန်ပါ့)။

ဒီလိုမြင်ရတော့မှ သြော်....ဒို့ နေခဲ့သ၍ဟာဖြင့် ယခုအချိန်ဖြင့် လုံးလုံးအချိုးတွေ ပေါ်ပါပေါ့လား .... ဆိုပြီးသကာလ တကာကြွယ်....မျက်ရည်ကျတယ်.... (မှန်ပါ့)။

မျက်ရည်ကျပြီးသကာလ ဦးမာဒင်တို့.... ဦးသန်းမောင်တို့.... တကာသစ်တို့ ဝိညာဏ်ချုပ်တယ်....(မှန်ပါ့ဘုရား) ချုပ်သည်နဲ့ တပြိုင်နက်တည်း မြင်ရသည့်နေရာ ရောက်သွားမယ်....(မှန်လှုပါဘုရား)။

ကဲ....ကယ်ချိန် ယူချိန်ရှိသေးရဲ့လား....(မရှိပါ) သဘောပါကြပလား....(ပါပါပြီဘုရား)။

ဒါဖြင့် ဒါ မတွေ့ရမှာလား.... တွေ့ရမှာလားမေးတော့....၊ သေကိစ္စဆိုတာ ပိုက်ဆံရှိတဲ့ လူလဲ တွေ့ရမှာဘဲ၊ မရှိတဲ့လူလဲ (တွေ့ရမှာပါဘဲဘုရား)။

သို့သော်....အဲဒီ့အချိန်ကျမှ ပြင်ပေး,ဆင်ပေးလို့တော့ မရတော့ပါဘူး....(မရပါ)အခု ဘုန်းကြီး ပြင်ပေးနေတဲ့ မဂ္ဂင်အလုပ်ဝမ်းထဲရောက်လို့ ရှိယင် အဲဒါ မဂ္ဂင်လမ်းမတော်လို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့)။

ဒီလမ်းကနေ လျှောက်သွားတော့ မအို,မသေ အမြဲနေတဲ့တခါမှ မတွေ့ဘူးတဲ့ ချမ်းသာစုံရှိတဲ့နေရာကို တခါတည်း မြင်လဲမြင်ရ, ရောက်လဲ ရောက်သွားပါတယ်.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

အဲဒါကြောင့် ဘုန်းကြီးတို့ တရားတကာမတွေ့ ဒီဥစ္စာဘုရားကိုက သုံးဆဲ့နှစ်ကြိမ်တိုင်တိုင်ဆုံးမတယ်.... (မှန်ပါ့) မင်းမပေါ့နဲ့၊ မင်းမပေါ့နဲ့.- သေခါနီးမှာ မျက်ရည်ကြီးငယ် မကျချင်နဲ့.-- (မှန်ပါဘုရား) မျက်ရည်ကြီးငယ်မကျချင်နဲ့.ဆိုတဲ့ဥစ္စာသုံးဆယ်နဲ့နှစ်ကြိမ်တိုင်တိုင် တကာကြွယ် ဆုံးမတယ်.... (မှန်ပါ့)။

တကာတကာမတို့ ဒီဥစ္စာ အရေးမကြီးဘူးလား-ကြီးသလား (ကြီးပါတယ်ဘုရား)။

ဒါဖြင့် အခုကဲ့ဘုန်းကြီးတို့ တကာတကာမတွေ့ မဂ္ဂင်အလုပ်ကိုလုပ်ပြီး ပြင်ပြီးသား,ဆင်ပြီးသားရှိကြပါစေ၊ ပြင်ပြီးသား ရှိတဲ့ပုဂ္ဂိုလ်ကျတော့ ပြုံးပြီးသကာလ အင်း....မြေအိုးတွေ့စွန့်ပြီးသကာလ ရွှေအိုးရသလို စိတ်ထဲမှာပြုံးနေတယ်(မှန်ပါ့) သဘောကျပလား.... (ကျပါပြီ)။

အဲဒီတော့ ဩသြော်....ဒို့ဖြင့် မဲ့သေ,ရဲ့သေအဖြစ်ဖြင့် လူပုံအလယ်မှာလဲ အရှက်မကဲ့ချင်ပါဘူး၊ သံသရာမှာလဲ ကိုယ်ကျိုးမနည်းချင်ပါဘူး---(မှန်ပါ့)။

ပြုံးသေနဲ့ လူပုံအလယ်မှာလဲ တင့်တယ်-တယ် ... (မှန်ပါ့) ရောက်ရာဌာနလဲ ဒုက္ခခပ်သိမ်းငြိမ်းတဲ့ဆီသွားရအောင် မဂ္ဂင်ဘဲကယ်မည့်သူရှိတယ်ဆိုပြီး မဂ္ဂင်အလုပ်ဖြင့် အရိုးကြေကြေ အရေခြောက်ခြောက်ဆိုပြီးသကာလ တကာတကာမတွေ့ ကြိုးစားပါဆုံတာ သိကြားမင်းအကြောင်း မပြောခင် တကာကြွယ် တိုက်တွန်းပါတယ်.... (မှန်ပါ့)။

ဦးမာဒင်တို့, ဦးသန်းမောင်တို့, ဦးဗထွေးတို့ကိုယ့်အရေးနော် (မှန်ပါ့) ခင်ဗျားတို့ အခုရှိတဲ့ အလုပ်အကိုင်တွေ့ အဆောင်း

အဝယ်တွေ, ရှေတွေ, ငွေတွေ, တိုက်တွေ, တာတွေဟာ တကာကြွယ် အလကားနော်...(မှန်ပါ့)။

ရောဂါတခု သက်သာအောင် သေမည်ရောဂါ တားနိုင်တဲ့သဘောမပါဘူး....(မပါပါဘုရား) ပါ-ပါရဲ့လား.... (မပါ-ပါဘုရား)။

တဏှာက မြောက်လို့သာ ကျုပ်တို့ မြောက်နေကြတာ ... (မှန်ပါ့) ပယောဂဝင်နေလို့သာ ဒို့-တော်သေးရဲ့ နေသာထိုင်သာ ရှိသေးရဲ့ဆိုပြီး ပြောနေတာ.... (မှန်ပါ့) အားကိုးစရာအစစ်က မဂ္ဂင်ဘဲ ရှိတယ်....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

အားကိုးစရာအစစ်က-(မဂ္ဂင်ဘဲ ရှိပါတယ်ဘုရား)မဂ္ဂင်ဆိုတာကလဲ တကာတကာမတို့ ဘုန်းကြီးများပေးလိုက်တော့ အလွယ်ကလေးပါ....(မှန်ပါ့) မရ-အရယူပါဆိုတာဖြင့် လိုက်လိုက်လဲလဲတောင်းပန်တယ်.... (မှန်ပါ့) မရ-အရယူကြစမ်းပါဆိုတာဖြင့် ခင်ဗျားတို့ကို လိုက်လိုက်လဲလဲ တောင်းပန်ပါတယ်.... (မှန်ပါ့ဘုရား)။

ဒါ.... မရလို့ရှိယင်ဖြင့် မဲ့ရဲ့ပြီးသကာလ အသဆိုးနဲ့ရောက်ရာမှာအနေဆိုးဖြင့် ခင်ဗျားတို့ ကြုံရတော့မယ် .. (ကြုံရမှာပါဘုရား)။

ဒီမဂ္ဂင်အလုပ်ရပြီးသား ပုဂ္ဂိုလ်များကျပြန်တော့ အဇသကောင်း .. (မှန်ပါ့) ရောက်ရာမှာ အနေကောင်း.... (မှန်ပါ့) အနေကောင်းဆိုတာ နိဗ္ဗာန်ထိအောင် ရောက်မယ်.... (မှန်ပါ့ဘုရား)။

အဲဒါကြောင့် ဒီတကာတကာမတွေ့ လုံလ ဝီရိယ မလျှော့ပါနဲ့... (မှန်လှုပါ) ဒီလိုလမ်း နှစ်လမ်းဟာ ပြန့်ပြောင်တဲ့ခေတ်ကလဲ သာသနာရှိတုန်းမှ...(မှန်ပါ့)။

သာသနာရှိပြန်တော့လဲ....တဲ့ ပြောတတ်ဆိုတတ်တဲ့ပုဂ္ဂိုလ်နဲ့ ကြုံဦးမှ.... (မှန်လှုပါ) လမ်းပေးတတ်တဲ့ပုဂ္ဂိုလ်နဲ့ ကြုံဦးမှ ... (မှန်ပါ့) လမ်းပေးတတ်တဲ့ပုဂ္ဂိုလ်ရှိနေပြန်တော့လဲ ခင်ဗျားတို့နဲ့ ဆုံဦးမှ....(မှန်ပါ့) မဆုံလဲ အလကားဘဲ... (မှန်ပါ့)။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ့ သြော်.... တော်-တော်သေးတာဘဲ၊ အသေကလဲ မစောသေး.... (မှန်ပါ့ ဘုရား)။

ရှုတတ်တဲ့မဂ်ဉာဏ်ကလေးကလဲ ရ-ထားပြီ.... (မှန်ပါ့ဘုရား) ဒါကလေးဘဲ အားကိုးရမှာဘဲဆိုတော့ ရှုရင်းမတ္တန့် မင်းစိတ်ချ တော့ဆိုတာ အလုပ်က ပြောပါလိမ့်မယ်....(မှန်ပါ့)။

ရှုရင်းမတ္တန့်....(မင်း-စိတ်ချတော့ဆိုတာ အလုပ်က ပြောပါ လိမ့်မယ်ဘုရား) မင်း-စိတ်ချတော့ဆိုတာ ဘုန်းကြီးပြောတာက နည်းပါလိမ့်မယ်၊ အလုပ်က သက်သေခံပါလိမ့်မယ်.... (မှန်ပါ့) ခင်ဗျားတို့ကိုယ်တိုင် ဒုက္ခချုပ်တာ မြင်ရမယ်....(မှန်ပါ့)။

သြော် ကိုယ့်ဒုက္ခဇာတ်သိမ်းပြီး ကိုယ်ငြိမ်းတဲ့ ကိုယ့်အတွက် ဖြင့် ကျုပ်ဖြင့် သေမှာလဲ မကြောက်ပါဘူး.... (မှန်ပါ့) ဆောက် ရာ ဌာနမှာလဲ ကျုပ်တို့သည် လမ်းဆုံးပါပြီ၊ ခရီးသည် မဟုတ် တော့ဘူး....(မှန်ပါ့)။

ကိုယ့်အလောင်းကိုယ်ထမ်းပြီး သွားနေတာ ဟိုဘုံ-ဒီဘုံက ခရီးသည်တွေ.... (မှန်ပါ့) ဒီလမ်းကိုလဲ ဒို့ရုပ်သိမ်းပါပြီဆိုပြီး

သကာလ ရှင်တုန်းကတည်းက တရား အားထုတ်ကတည်းက သိပြီဗျ... (မှန်ပါ့)။

အဲဒါ့ကြောင့် အကြွေးတရားလဲ မဟုတ်ဘူး၊ လက်ငင်းတရား ဖြစ်နေတော့ ဦးမာဒင်တို့ ဦးသန်းမောင်တို့ ဦးဗန်းထွေးတို့ သြော်-ဒီ့ပြင်ဟာတွေ ချိတ်ထားမယ်ဟေ့... (မှန်ပါ့)။

ကိုယ့်အရေး ကိုယ်ကြည့်မဟေ့.... ဆိုတဲ့ဥစ္စာ ယနေ့ စိတ်ပျောင်းပစ်ပါ (မှန်ပါ့ဘုရား)မခပြောင်းသင် မဖြစ်ပါဘူးနော်.... (မှန်ပါ့)မပြောင်းယင် မဖြစ်လို့ လေးလေးနက်နက်ဘဲ ဦးမာဒင် ပြောနေပါတယ်.... (မှန်ပါ့)။

ဒီလိုမှ မပြောလို့ ရှိယင်လဲ ခင်ဗျားတို့က အားကိုးစရာ သာမညကလေး အားကိုးမှာ စိုးရတယ်.... (မှန်ပါ့)။

အာကိုးစရာ သာမညဆိုတာ ခင်ဗျားတို့ ပင်လယ်ထဲ သဘော်ပျက်တဲ့အခါကျတော့ ငှက်ပျောတုံးကြီးတခုရတယ်ထားပါတော့ (မှန်ပါ့)။

သြော်....အလွန်ခံလှ ခုနစ်ရက်ဘဲ၊ သဘော်ပျက်လို့ ငှက်ပျောတုံးရလို့ ငှက်ပျောတုံးပေါ်ခွစီးပြီးသကာလ နေရာတယ်ဆိုငြား သော်လဲ ဦးဗထွေးတို့ ဦးသန်းမောင်တို့ စိတ်ချရပါ့မလား.... (စိတ်မချရပါဘုရား)။

ငှက်ပျောတုံးက ခုနစ်ရက်ရှိယင် ပုပ်ရီပြီး လူပါမြုပ်တယ်.... (မှန်ပါ့) အဲဒါမျိုးဟာလဲ အားကိုးအစစ်မဟုတ်ဘူး.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ)။

တခါ ဝါးဖေါင်ကြီးတခုတွေ့ပြန်တယ်၊ ဒီဝါးဖေါင်ကြီးကလဲ ပင်လယ်ထဲ ဟိုလည်-ဒီလည်နဲ့ ရောက်နေတယ်၊ ကိုယ်က သဘော်ပျက်

ပျက်လို့ တွေ့ပြန်လဲ သူကလဲ ပင်လယ်ဒီရေဝဲတွေနဲ့ တွေ့လို့ ရှိယင် ဦးမာဒင်ကစင့်ကရဲဖြစ်သွားလိမ့်မယ်...(ဖြစ်သွားပါတယ်ဘုရား) အင်း....ဒါလဲ အားကိုးလို့ မဖြစ်သေးပါဘူး... (မဖြစ်ပါဘုရား)။

တကယ် မဂ္ဂင်ဖေါင်ကြီး၊ဘယ်လို့င်း-ဘယ်ရေ-ဘယ်လေနဲ့ မှ မပျက်နိုင်တဲ့ မဂ္ဂင်ဖေါင်ကြီး ရ-ထားလို့ ရှိယင် တကာတကာမတို့ စိတ်ချတော့..(မှန့်ပါ့)။

ဒါ့ကြောင့် မဂ္ဂင်ဝမ်းထဲ ရောက်ကြပါစေ...၊ မဂ္ဂင်ဝမ်းထဲရောက်ကြပါစေ၊ မဂ္ဂင်ဝမ်းထဲရောက်လို့ ရှိယင် မုချ အားကိုးရပါဇယ်က ဆင့်ပြီး ဘုရားက သနာထသုတ်တော်မှာ ကိုးကွယ်ရာရှာကြကွ... ဆိုတဲ့ဥစ္စာ မဂ္ဂင်ကို သေသေချာချာပေးတယ်-(မှန်လှပါဘုရား)။

တကာကြွယ် သဘောကျပလား....(ကျပါပြီ)ဒါဖြင့် ဘာကို အားကိုးကြမယ်(မဂ္ဂင်ကို အားကိုးရပါမယ်ဘုရား)။

အားလုံး တကာတကာမတွေ အမိအဖ-ဆွေမျိုးညာတကာတွေထားပြီးသကာလ ဘုရားဟောတော်မူတာရော-ဘုရားဟောတဲ့ အလုပ်ရော- ခင်ဗျားတို့ မဂ္ဂင်ဖေါင်ကြီးလဲ ကိုယ်ပိုင်ရပါစေဆိုပြီး သကာလ အခုတော့ဖြင့် သဘော်ပျက်တုန်း ဘယ်ဆဲရမှန်းမသိဖြစ်နေတယ် ...(မှန်ပါ့)။

ဒါ့ကြောင့် ဒါနဖေါင်ကလေး လောက်လဲ ငှက်ပျောတုံးလောက်မို့ ဦးမာဒင် သိပ်အားမကိုးလောက်ဘူး-(မှန်ပါ့) သီလဖေါင်ကလေးလဲဝါးဖေါင်လောက်ဖြစ်နေတယ် တယ်အားမကိုးရ

ဘူး... (မှုန်ပါ့) ရက်အနည်းငယ်သာခံပြီး တော်တော်ကြာကစင့်ကရဲဖြစ်သွားပြန်တာဘဲ...(မှုန်ပါ့)။

အဲဒီတော့ ဝိပဿနာမဂ္ဂင်ဖေါင်ကြီးတခုသာလျှင် ဘယ်လိုင်းဘယ်လေ ဘယ်ဂယက် ဘယ်ဝဲနဲ့ ကြုံခြေးသော်လဲ သူက တုန်ခြင်း, လှုပ်ခြင်း,ပျက်ခြင်း,စီးခြင်းမရှိတဲ့ မဂ္ဂင်ရထား, မဂ္ဂင်ဖေါင်ကြီးကို ဖြစ်ပျက်ရှုလို့ ရှိယင် ရပါတယ်.... (မှုန်ပါ့) နောက် ဖြစ်ပျက်အဆုံး နိဗ္ဗာန်မြင်လဲ ကိုယ်ပိုင်ရတာဘဲ....(မှုန်ပါ့)။

အဲဒီဖေါင်ကြီးကလဲ ခင်ဗျားတို့ ဒါနပြုသလိုမမှုတ်နဲ့၊ခင်ဗျားတို့ သီလဆောက်တည်သလိုမမှုတ်ပါနဲ့.....(မှုန်လှုပါ)ယောကျ်ားလုပ်လို့ ရှိယင် ယောကျ်ားသာပိုင်တဲ့ မဂ္ဂင်ဖေါင်.... (မှုန်ပါ့) မိန်းမလုပ်လို့ ရှိယင်.... (မိန်းမသာပိုင်တဲ့မဂ္ဂင်ဖေါင်ပါဘုရား) ငါ့ဖေါင်ကို မင်းစီးခဲ့လို့ ခေါလို့ မရဘူး...(မှုန်ပါ့) မခေါနိုင်ဘူး- ဒါတခြားစီ....(မှုန်ပါ့)။

အဲဒါ့ကြောင့် ဘုန်းကြီးက ဆုံးမတယ်၊ ယောကျ်ားလုပ်တဲ့ ပုဂ္ဂိုလ်ကလဲ ဩော်....မင်းတို့သွားပြီး လှူဒါန်းပေးကမ်း, မင်းတို့သွား မင်းတို့အားထုတ်၊ ပြန်လာယင် ဒို့ကိုပြန်ပြီးအမျှပေး၊ အဲဒါလဲ ဒါနကုသိုလ်,သီလကုသိုလ်ရတယ်နော်....(မှုန်ပါ့)။

မင်္ဂစ်ဖေါင်ကြီးကုသိုလ်မျိုးက ဦးမာဒင် မရပါဘူး၊ကိုယ်လုပ်မှု ကိုယ်ရတယ်....(မှုန်ပါ့ဘုရား) မယုံလို့ရှိယင် ခင်ဗျားတို့ဟိုဒင်းရွတ်ကြည့်လိုက်၊ ခင်ဗျားတို့ တရားဂုဏ်တော် အဆုံးကို ရွတ်ကြည့်လိုက် "ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ".... (မှုန်ပါ့)။

ရုတ်စမ်း တကာကြွယ် ဘာတဲ့တုံး.... (ပစ္စတ္တ ဝေဒိတာ:ပဗ္ဗ ဝိညူဟိ) ဒါ...လူတိုင်းရတယ်.... (မှန်ပါ့) ရပေမဲ့ ခင်ဗျားတို့က တရားရှိခိုးတာသာလုပ်နေတယ်....(မှန်ပါ့) ဒါက တရားရှိခိုးတာ-(မှန်လှပါ)။

တရားရှိခိုးတဲ့အထဲ ထည့်သုံးနေတယ်....(မှန်ပါ့ဘုရား) စင်စင်ကတော့ ဒါပါတဲ့၊ ပစ္စတ္တ=အသီးသီး၊ ဝိညူဟိ=မဂ္ဂင် အား ထုတ်တဲ့ ပုဂ္ဂိုလ်တို့သည်သာလျှင်၊ ဝေဒိတဗ္ဗော=ရအပ်သိအပ်၏၊ အသီးသီးရတယ်....တဲ့.... (မှန်လှပါ) ကိုယ်လုပ်,ကိုယ်ရတယ်.... (မှန်လှပါ)။

သားသမီးလုပ်ယင် သားသမီးရတယ်....(မှန်ပါ့)အမေ-အဖေ မဂ္ဂင်လုပ်လို့ ရှိယင်....(အမေအဖေရပါတယ်)အသီး-အသီးရတာယ်ဟေ့တဲ့၊ ဒါအမျှပေးလို့ တယောက်ဖေါင်ကိုတယောက်က ကူးတက်ပြီးလိုက်မယ်ဆိုလဲ မရဘူးတဲ့....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ....တဲ့.... (မှန်ပါ့)အဓိပ္ပါယ်က တကာတကာမတွေ့ ပါဠိရုတ်ပါဦး....(ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိပါဘုရား) ဝိညူဟိ=မဂ္ဂင်အလုပ် အားထုတ်တဲ့ပုဂ္ဂိုလ်တို့သည်သာ.... (မှန်ပါ့) ပစ္စတ္တံ= အသီး-အသီး မဂ္ဂင်ဖေါင်ကြီးကို၊ ဝေဒိတဗ္ဗော=ရအပ်-သိအပ်၏။

ဝိညူဟိဆိုတဲ့ဥစ္စာ ဝိပဿနာအလုပ်-လုပ်တဲ့ ပညာရှိမှုတဲ့... (မှန်ပါ့)ပစ္စတ္တံ=အသီး-အသီး၊ ယောကျ်ားလုပ်ယင် ယောကျ်ား

စာယောက်တည်းရတယ်....(မှန်ပါ့) မိန်းမသုပ်ယင်.... (မိန်းမ စာယောက်တည်းရပါတယ်ဘုရား)။

အသိး-အသိးသာ ရနိုင်ကြတယ်ဟေ့....တဲ့၊ တယောက်က အကုန်ဆွဲပြီး ဒီဖေါင်ပေါ်လိုက်ခဲ့တော့လို့ မအိုရာ,မနာရာ,မသေရာ, မကဲ့ရာ, မစိုးရိမ်ရာကို လိုက်ခဲ့လို့ ယောကျ်ားက မဂ္ဂင်ဖေါင်ရလို့ မိန်းမနဲ့တက္ခ သားသမီး ဆွေမျိုးဥာတကာတွေကို ဦးမာဒင်တို့, ဦးသန်းမောင်တို့ မခေါ်နိုင်ဘူးတဲ့....(မှန်ပါ့ဘုရား)။

ပါဠိတော်ကြည့်ပါ ဘုရားဟောတာ၊ ပစ္စတ္တံ ဝေဒိဘဗ္ဗော (ဝိညူဟိပါ) ဝိညူဟိ=ပညာရှိတို့သည်၊ ပစ္စတ္တံ=အသိး-အသိး၊ ဆိုတော့ ကဲ....သူများပါခသားရဲ့လား.... (မပါ-ပါဘုရား)။

အသိး-အသိး တဇယောက်စီဘဲတဲ့ လုပ်တဲ့တဇယောက်သာရမယ် ကွတဲ့....(မှန်ပါ့) ကျန်တဲ့ပုဂ္ဂိုလ်....(မရပါဘုရား)။

ကဲ.... ခင်ဗျားတို့က ဒါနတရားလို့ သီလတရားလို့ဘဲလုပ်ဆားတယ်၊ ရော့.... အမျှယူပေတော့ဆိုလို့ တဝက်ရတယ်လို့ ဒီလိုမအောက်မေ့နဲ့....(မှန်ပါ့) မဂ္ဂင်အလုပ်က ဒီသိုမဟုတ်ဘူး (မှန်ပါ့ဘုရား) တယ်ကွာခြားပါလား.... (ကွာခြားပါတယ် ဘုရား)။

တကာကြွယ် ဒါ့ကြောင့် ကိုယ့်သားမယားများ တိုက်တွန်းလဲကြည့်ဟေ့....၊ ပါဠိက ဘုရားဟောထားတာက ဒီလိုရှိတယ်....၊ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ၊ ဝိညူဟိ=မဂ္ဂင်အလုပ်အားထုတ်တဲ့ပုဂ္ဂိုလ်တို့သည်သာ၊ ပစ္စတ္တံ=ကိုယ့်အတွက်-ကိုယ့်အတွက်ဟုတ်

လား....(မှန်ပါ့ဘုရား) ဝေဒိတဗ္ဗော=ရနိုင်-သိနိုင်၏တဲ့.... (မှန်ပါ့ဘုရား)။

ကဲ.... ကိုယ့်အတွက်သာ ကိုယ်ရတယ်.... (မှန်ပါ့) သူများမရဘူး....(မရပါဘုရား) ရိပ်မိကြပလား.... (ရိပ်မိပါပြီဘုရား)။

အဲဒီတော့ သား,လင်,ခင်ပွန်းသည်တို့ ခင်ဗျားတို့ ချစ်ကြခင်ကြ, ကြင်နာကြတယ်ဆိုလို့ရှိယင်ဖြင့်... တဲ့ လုပ်ပါ၊ ကိုယ့်အလုပ် ကိုယ်လုပ်ပါလို့ တိုက်တွန်းပါ....(မှန်ပါ့)။

ယောကျ်ားလုပ်တဲ့ ပုဂ္ဂိုလ်ကလဲ မိန်းမကို ကိုယ့်အလုပ်ကိုယ်လုပ်ပါ၊ မဂ္ဂင်အလုပ်ဆိုတာဟာ အမျှပေးလို့မရဘူးတဲ့(မှန်ပါ့ဘုရား)။

ဦးမာဒင် ဘာတဲ့တုံး....(မဂ္ဂင်အလုပ်ဟာ အမျှပေးလို့မရပါဘုရား)။

ကိုယ် သောတာပန်တည်တာကို မိန်းမ သောတာပန်တည်ပါစေလို့ ဆုတောင်းလို့မရဘူး.... (မရပါ) ကိုယ် သကဒါဂါမ်တည်တာကို.... (မိန်းမ သကဒါဂါမ်တည်ပါစေလို့ ဆုတောင်းလို့ မရပါဘုရား)။

မရပါဘူး ဦးလှဘူးရာ၊ ဒါ့ကြောင့် အသိုးအသုံးသာရသတဲ့....(မှန်ပါ့) ဒါဖြင့် တကာတကာမတို့ ကိုယ်လုပ်မှကိုယ်ရတယ်ဆိုတာ သေချာပလား .. (သေချာပါပြီ) ကိုယ့်ကိုယ်ကို သနားယင် ကိုယ်လုပ်ပါ....(မှန်ပါ့)။

ဘုန်းကြီးက ဘာမှတိုက်တွန်းစရာမလိုပါဘူး (မလိုပါဘုရား) ကိုယ့်ကိုယ်ကို တခါတည်းစဲထဲမှ, ငရဲထဲမှ လွတ်ချင်လို့ သေ

ခဏ်း,ရှင်ခဏ်း ဒါတွေနဲ့ ပြတ်ချင်ပါတယ်ဆို ကိုယ့်.ကိုယ့်-ကို သနားတဲ့အတွက်သာလုပ်တော့ ဘုန်းကြီးကြည့်လို့, မလုပ်နဲ့.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘယ်လိုစိတ်ထားရှိရမလဲ.... (ကိုယ့်.ကိုယ်ကို သနားတဲ့အလုပ် ပါဘုရား) ကိုယ့်.ကိုယ်-ကိုသနားလို့.လုပ်ပါတော့.... (မှန်ပါ့ ဘုရား)။

ပျင်းတဲ့အချိန်ကလေး သူဝင်လာတယ်၊ ဒါကလေးဟာ အားထုတ်မယ်, ထိုင်ပြီးအားထုတ်မယ် သူ့ရင်းအားထုတ်မယ်....လို့ စိတ်ကူးတော့ ဒီအလုပ်- မလုပ်ဖြစ်တဲ့ သဘောကလေးပါတယ်၊ ကိုစ္စကလေးတွေက များလွန်လို့ဘုရား—(မှန်ပါ့)။

ဩော်.... မင်းနှယ် မိုက်လိုက်တာ၊ ကိုယ့်.ကိုယ်သနားတဲ့အထဲ မင်း- မပါဘူး....(မှန်ပါ့) ကိုယ့်.ကိုယ်- ကိုယ်ဆုံးမရမယ်(မှန်ပါ့ ဘုရား)။

ကိုယ့်.ကိုယ်သနားတဲ့အထဲမှာ....(မင်း မပါ-ပါဘုရား)ဩော် မင်းက ကိုယ့်.ကိုယ်မှ မသနားတဲ့ပုဂ္ဂိုလ်က မင်းက သူများ,များ အာန္တရာယ်ကင်းပါစေ၊ ဘေးရှင်းပါစေလို့ မင်း သောကွတ်ချော်တာများ အလကားး....(မှန်ပါ့) သူများကို မေတ္တာပို့.တာလေ.... (မှန်ပါ့)။

ကိုယ့်.ကိုယ်မှမသနားတဲ့ ပုဂ္ဂိုလ်က သူများမေတ္တာပို့.ယင်— ခင်ဗျားတို့ အမှန်ယူကြမလား....၊ လောကွတ်ဆိုကြမလဲ.... (လောကွတ်ပါဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

အဲဒါလောက် ပြောလို့ရှိယင်ဖြင့် သြော်... ဒီပါဠိတော်ကြီး ကလဲရှိ၊ ဘုရားအဆူဆူ ဒီအတိုင်းဟောသွားတယ် ကိုယ်လုပ်မှု ကိုယ်ရတယ်...၊ ပစ္စတ္တ ဝေဒိတပ္ပေါ ဝိညူဟိဆိုတာ ခင်ဗျားတို့ လူတိုင်းရပါတယ်....(ရပါတယ်ဘုရား) အခုတော့ ရှင်းပြီ (ရှင်း ပါပြီဘုရား)။

ကိုယ် မဂ္ဂင်လုပ်မှု ကိုယ်ရမယ်... (မှန်ပါ့)သူတပါးကို ငါ့မဂ္ဂင် ဖေါင်ပေါ်လိုက်ခဲ့ဆိုလို့.... (မရပါဘုရား)သေချာပလား (သေ ချာပါပြီဘုရား)။

အဲဒီတော့ ခင်ဗျားတို့ လောကကြီးထဲကဘယ်လိုဖြစ်နေသတုံး လို့ မေးတဲ့အခါကျတော့ ငါတို့တော့ မသွားနိုင်ဘူး၊ မင်းတို့ သွား....(မှန်ပါ့)။

မင်းတို့သွားလို့ရတာလဲ ဒို့က ဒီက အတူတူပေါ့ကွာ...တဲ့ (မှန်ပါ့) အဲဒါက ဒါနကုသိုလ်,သီလကုသိုလ်ရတယ်....(မှန်ပါ့) မဂ္ဂင်ကျတော့.... (မရပါဘုရား)။

မဂ္ဂင်ကျတော့ မရဘူး.... (မှန်ပါ့) ဒီပါဠိတော်ရွတ်လိုက်ပါ တကာကြွယ် ဘာတဲ့တုံး.... (ပစ္စတ္တ ဝေဒိတပ္ပေါ ဝိညူဟိပါ ဘုရား) ပစ္စတ္တ = အသီးအသီး ကိုယ်လုပ်မှုကိုယ်.... (မှန်ပါ့) ဝိညူဟိ=ပညာရှိမှုတဲ့ .... (မှန်ပါ့) ပညာရှိမှုလဲ အသီးအသီး ကိုယ်လုပ်တဲ့မဂ္ဂင် ကိုယ်ရတယ်တဲ့၊ သားမယားများ မပေးနိုင်ဘူး (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ပစ္စတ္တံ ဝေဒိတပ္ပေါ ဝိညူဟိသိသဖြင့် မိန်းမကလဲ ယောကျ်ားလုပ်နေတာကို ကိုယ် တဝက်ဆိုင်တယ်လို့ မယူပါနဲ့....

(မှန်ပါ့) ဒါနအမွေ့, သီလအမွေ့လို့ မဟုတ်ပါဘူး....တဲ့၊ မဂ္ဂင်အမွေ့က မရနိုင်ဘူး....တဲ့.... (မှန်ပါ့) သဘောပါကြပလား.... (ပါပါပြီဘုရား)။

ဒါဖြင့် ဦးမာဒင်တို့ ဘယ်နှယ်လုပ်ကြမတုံး.... (ကိုယ်လုပ်မှု ကိုယ်ရမှာပါ) ကိုယ့်အလုပ် ကိုယ်တိုင်ဖြစ်အောင်လုပ်....(လုပ်ရမှာပါဘုရား) ဒါမှ အာခုနပြောတဲ့ မဲ့သေတ္ဆေရုပ်သိမ်း၍ ပြုံးသေအဖြစ်သို့ ပြောင်းပါလိမ့်မယ်....(မှန်ပါ့)။

မဲ့သေတ္ဆေရုပ်သိမ်း၍ ...(ပြုံးသေအဖြစ် ပြောင်းပါလိမ့်မယ်ဘုရား) ပြုံးသေအဖြစ် ပြောင်းပါလိမ့်မယ်ဆိုတဲ့ဥစ္စာ လောကကြီးမှာ လူတလုံး သူတလုံးလုပ်ပြီးသကာလ လူပုံအလယ်မှာ တင့်တင့်တယ်တယ်နေငြားသော်လဲ သေခါနီးမှမဲ့ပြီး မျက်ရည်တွေကျလာရတော့ အရှက်ကွဲလိုက်တဲ့ ဖြစ်ခြင်း မပြောနဲ့တော့.... (မှန်ပါ့) ကြောက်စရာ မကောင်းဘူးလား....(ကောင်းပါတယ်) အရှက်ကွဲတာမှ အကြီးအကျယ်ကွဲတာဘဲ....(ကွဲပါတယ်ဘုရား)။

ကဲ... သံသရာဘေးကျတော့လဲ အလိုလေး, အံမာလေးနဲ့ အပါယ်ထဲမှာ သံရည်ပူတွေသောက်ပြီး သံတွေ, ခဲတွေစားပြီး သကာလ သံထွေပြားကြီးပေါ်မှာ လှဲအိပ်ပြီးသကာလ ပဲကွပ်တွေနဲ့ တိရစ္ဆာန်ခုတ်သလိုခုတ်ပြီး ရွေချနေတဲ့သွေးတွေကမီးတွေထ,တောက်ပြီး ကိုယ့်ပြန်လောင်နေတဲ့ကိစ္စဟာ အပါယ်ငရဲကိစ္စ (မှန်ပါ့ဘုရား)။

ဒါတွေကျတော့ တွေးမှတွေးဝံ့ကြရဲ့လား...(မတွေးဝံ့ပါဘုရား) မတွေးဝံ့ဘူးဆိုတဲ့ဥစ္စာ ဦးမာဒင်တို့, ဦးသန်းမောင်တို့, ဦးဗထွေးတို့ သေချာတော့... (သေချာပါတယ်ဘုရား)။

ဒီနေရာသွားမှ ကြည့်ရဲပါ့မလား...(မကြည့်ရဲပါ)ကိုယ်-ကိုယ် တိုင် ဖြစ်ရမယ်ဆို ခံရဲပါ့မလား....(မခံရဲပါဘုရား)။

အဲဒါ မဂ္ဂင်ကတော့ ကယ်နိုင်မယ်နော်.... (မှန်ပါ့) မဂ္ဂင်က တော့ သေသေချာချာ ကယ်နိုင်ပါတယ်....(မှန်ပါ့)တကာကြွယ် ကျေနပ်ပလား.... (ကျေနပ်ပါပြီဘုရား)။

ကိုင်း.... ဒါလောက် ခင်ဗျားတို့ကို အကျိုးအကြောင်းသိပြီး သကာလ ဒီအလုပ်-မလုပ်မဖြစ်တဲ့ အထဲမှာ ထည့်ပါတော့ဆိုတာ ဘုန်းကြီးတိုက်တွန်းဘို့ မလိုပါဘူး....၊ ကိုယ့်ကိုယ်သနားယင်လုပ်-(မှန်ပါ့)။

ဘယ်လိုမှာသတုံး....(ကိုယ့်.ကိုယ်သနားယင်လုပ်)ကိုယ့်.ကိုယ် သနားယင်ဖြင့် လုပ်ကြပါ.... (မှန်ပါ့) ပိုက်ဆံလဲမကုန်ပါဘူး.... (မကုန်ပါဘုရား) ဥာဏ်ထုတ်ရုံပါ....(မှန်ပါ့)။

ဥာဏ်ကလေးနဲ့ ခန္ဓာလှည့်ပြီး ကြည့်လိုက်လို့ ရှိယင် ခန္ဓာက ပြောတာကို ဥာဏ်က ခေါင်းညိတ်လိုက်ပါ....(မှန်ပါ့)။

ခန္ဓာက ပြောတာကို(ဥာဏ်က ခေါင်းညိတ်လိုက်ပါ) ခန္ဓာက အနိစ္စပြောလဲသြော်.... အနိစ္စဘဲလို့....ဥာဏ်ကခေါင်းညိတ်လိုက် (မှန်ပါ့) ခန္ဓာက ဒုက္ခပြောယင်.... (ဒုက္ခခေါင်းညိတ်လိုက်ပါ) ဥာဏ်က သြော်.... ဒါ ဒုက္ခလို့ ပြောတယ်ဆိုပြီးလိုက်နေ(မှန်ပါ့) အဲဒါဝိပဿနာအလုပ်မှတ်ပါ....(မှန်ပါ့ဘုရား)။

ဦးမာဒင် ကျေနပ်ပလား(ကျေနပ်ပါပြီ) မပြောတဲ့ခန္ဓာရယ် လို့ ရှိရဲ့လား....(မရှိပါဘုရား)။

မပြောတဲ့ခန္ဓာရယ်လို့ မရှိတာ ဘုန်းကြီးရှင်းပြမယ်(မှန်ပါ့) မပြောတဲ့ခန္ဓာရယ်လို့ မရှိပါဘူး၊ ခန္ဓာက ဘာတုံးဆိုလို့ရှိယင် ဖြင့် ဝေဒနာကခန္ဓာဆိုလို့ရှိယင်ဖြင့် ကျုပ်သုခဝေဒနာရယ်လို့ဖြစ် ပြီးပျက်ပြီ ဆိုတာ ခန္ဓာကပြောတာ(မှန်ပါ့)ဒုက္ခဝေဒနာကခလေး က ဖြစ်ပြီး ပျက်ပြီဆိုတာကော(ပြောပါတယ်ဘုရား)ဥပေက္ခာ ဝေဒနာက ဖြစ်ပြီး ပျက်ပြီဆိုတာကော....(ခန္ဓာကခပြောပါတယ်) အဲ....ခန္ဓာက ပြောတာဥာဏ်က ခေါင်းညိတ်လိုက်....(မှန်လှပါ ဘုရား)။

ခန္ဓာက ပြောတာကို.... (ဥာဏ်ကခခေါင်းညိတ်လိုက်ရပါ့မယ်) ဥာဏ်က ခေါင်းညိတ်ပြီး လိုက်လိုက်မယ်ဆိုလို့ရှိယင်ဖြင့်ဘုန်းကြီး တို့ တကာတကာမတွေ့သည်ကားလို့ဆိုယင်ဖြင့် ခန္ဓာကအပြော သမားး....(မှန်ပါ့)။

ဥာဏ်က ခေါင်းညိတ်သမားဆိုတော့ ဒီဥာဏ်သည် အားလုံး မူတ်ပါ၊ ဘယ်လို့ငး့ဘယ်လေ, ဘယ်ဂယက်မူ မမိနိုင်တဲ့ မဂ္ဂင်ဆို တာ ဒီဥာဏ်ကိုဆိုတာ....(မှန်ပါ့) သေချာကြပလားး....(သေချာ ပါပြီဘုရား)။

ဘယ်လို့ငး့ဘယ်လေ, ဘယ်ဂယက်ခကြောင့်မှ မပျက်စီးနိုင်ဘူး ဆိုတဲ့ဥစ္စာ လောကဓံလေ ဘာဘဲတိုက်တိုက် မပျက်စီးဘူးဆိုတဲ့ ဥစ္စာဒီမဂ္ဂင်ကိုဆိုတာ....(မှန်ပါ့)ခေါင်းညိတ်တဲ့ ဥာဏ်သည် မဂ္ဂင် ပါဘဲ....(မှန်ပါ့)။

ခေါင်းညိတ်တဲ့ ဥာဏ်သည်....(မဂ္ဂင်ပါဘုရား)တကာကြွယ်.... ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

ကဲ... ဦးမာဒင်တို့... ဦးသန်းမောင်တို့ နားလည်ပါပြီ.... (နား လည်ပါပြီ) ဒါဖြင့် ကိုယ့်ကိုယ် သနားယင် ဘာလုပ်ရမယ်.... (မဂ္ဂင်လုပ်ရပါမယ်ဘုရား)။

မဂ္ဂင်အလုပ်ဟာ တခြားမှာရှိသလား....၊ ခန္ဓာက ပြောတာ ညာဏ်နဲ့ ခေါင်းညိတ်တာ မဂ္ဂင်ဘဲလို့ မှတ်လိုက်.... (မှန်လှပါ ဘုရား)။

ခန္ဓာက ပြောတာကို....(ညာဏ်နဲ့ ခေါင်းညိတ်တာမဂ္ဂင်ပါ) ညာဏ်က ခေါင်းညိတ်ယင် ဒါမဂ္ဂင်အစစ်သာမှတ်.... (မှန်လှပါ ဘုရား)။

ဩော်....ဒါဖြင့် မင်္ဂ-ရပါလို့၏လို့ ဆုတောင်းလို့ ဝမ်းထဲ ရောက်လာတာလား၊ ၊ခန္ဓာကပြောတာညာဏ်နဲ့ခေါင်းညိတ်လိုက်လို့ အဲဒီညာဏ်က မဂ္ဂင်ဖြစ်တာလားမေးယင် ဘယ်နှယ်ဖြေကြမလဲ....(ခန္ဓာက ပြောတာ ညာဏ်ကခေါင်းညိတ်လိုက်လို့ မဂ္ဂင်ဖြစ်တာပါဘုရား)ညာဏ်က မဂ္ဂင်ဖြစ်လာတာ....(မှန်ပါ့)ရှင်းပလား-- (ရှင်းပါပြီဘုရား)။

ဘယ်သူက မဂ္ဂင်ဖြစ်ပါလိမ့် .... (ညာဏ်က မဂ္ဂင်ဖြစ်ပါတယ်) အဲဒါကြောင့် တကာတကာမတို့ ညာဏ်ဟာ မဂ္ဂင်လို့ မှတ်လိုက် စမ်းပါ....(မှန်ပါ့)။

ညာဏ်ဟာ ဘာတုံး....(မဂ္ဂင်ပါ) အဲဒီတော့ ကိုယ့်ခန္ဓာတာ ပြောလို့ ကိုယ်ခေါင်းညိတ်လို့ ကိုယ်မဂ္ဂင်ရတာ တကာတကာမ တို့ ကိုယ့်မဂ္ဂင်ဖေါင်ကြီးဟာ ကိုယ့်ဝမ်းထဲမှာ ဖြစ်တယ်....(မှန်ပါ့ ဘုရား)။

ကိုယ့်သားသမီးဝမ်းထဲမှာ ဖြစ်သလား.... (မဖြစ်ပါဘုရား) သြော်...ခင်ဗျန်းမတွေ့ ဝမ်းထဲမှာကော....(မဖြစ်ပါဘုရား)။

ဒါဖြင့် အသိးအသိးသာရတယ်၊"ပစ္စတ္တ ဝေဒိတပ္ပေါ ဝိညူဟိ" ဝိညူဟိ=ခုနင်က ဉာဏ်နဲ့ ခေါင်းညိတ်တဲ့ ပုဂ္ဂိုလ်တို့သည် သာလျှင်၊ ပစ္စတ္တ=အသိးအသိး၊ ဝေဒိတပ္ပေါ=သိအပ်၏၊ ရအပ်၏...(မှန်ပါ့)ဉာဏ်နဲ့ ခေါင်းညိတ်တဲ့ပုဂ္ဂိုလ်ရတာကဲ့တဲ့....၊ ဘယ် သူကပေးလို့မှရတာမဟုတ်ဘူးတဲ့....(မှန်ပါ့)။

သားမျး၊ မယားမျးကို ကိုယ် ရ-ထားပေမဲ့ သူမှ ခေါင်း မညိတ်ယင် သူမရဘူး....(မှန်ပါ့ဘုရား) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒါ့ကြောင့် ခင်ဗျားတို့ ကိုယ့်ကိုယ် သနားယင် ဘာလုပ်ရမလဲ...(မဂ္ဂင်လုပ်ရပါမယ်) မဂ္ဂင်အလုပ်ကို လုပ်ရမယ်ဆိုတဲ့ဥစ္စာဖြင့် ထိပ်သံမှိုစဲ့သလို တကားကွယ် မှတ်ရမယ်....(မှန်ပါ့)ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

ဒီဥစ္စာ ဘုန်းကြီး ဘာပြောနေတာတုံးလို့ မေးလို့ရှိယင်ဖြင့် တဏှာသခ်ယသုတ်ကို ပြောနေသည်....(မှန်ပါ့)တဏှာက တဏှာ၊ သခ်ယက ကုန်တာ၊ တဏှာကုန်တာကို ပြောမလို့....(မှန်ပါ့) မဂ္ဂင်ရတဲ့ပုဂ္ဂိုလ်ဟာ တဏှာကုန်တာဘဲ...(မှန်ပါ့)။

မဂ်ရတဲ့ပုဂ္ဂိုလ်-(တဏှာကုန်ပါတယ်) အဲဒါ့ကြောင့် သိကြား မင်းကြီးသည် ဥယျာဉ်တော်ထွက်ရင်းမတ္တန့် ဧရာဝဏ်ဆင်ကြီးစီးပြီးသကာလ အပျော်အပါးရယ်လို့ သိန်းပေါင်းမျးစုံသောနတ်သား, နတ်သမီးတွေနဲ့ အပျော်အပါး ထွက်လာတုန်းဘဲ

တဏှာအမြန်ဆုံးကုန်တဲ့ နည်း(ဝါ)မဂ်ဝင်ဖေါင်ကိုယ်ပိုင်ရတဲ့ နည်း ဟာဖြင့် ဘယ်နည်းပါလိမ့်မလဲလို့ သူ့စိတ်ထဲပေါ်လာတယ်... (ပေါ်လာပါတယ်ဘုရား)။

ပေါ်လာတော့ ပေါ်လာခြင်း သြော် .... ဒီဥယျာဉ်ထဲမှာ နတ်သား,နတ်သမီးတွေနဲ့ ပျော်လိုက်-ပါးလိုက်-တီးကြ,မှုတ်ကြ, ခုန်ကြလို့ရှိယင် ဒီအကြံကလေး အခု တဏှာအမြန်ကုန်တဲ့နည်း ဘယ်နည်းပါလိမ့်မတုံးဆိုတဲ့ တွေးလုံးကလေး ပျောက်သွားချေ ရဲ့ ဆိုပြီးသကာလ ကပျာကယာ ဆင်ပေါ်ကဆင်းပြီး လူ့ပြည်မှာ ပုဗ္ဗဝိရုံကျောင်းတွင် ဘုရားသံဝါတင်းသုံးနေတုန်းဦးမာဒင် .... ရောက်လာတယ်...(မှန်ပါ့) ကွေးသည့်လက် ဆန့်သလောက်နဲ့ ရောက်လာတယ်....(မှန်ပါ့)သိကြားဆင်းလာတာ ရိပ်မိပြီ...(ရိပ်မိပါပြီဘုရား)။

အဲဒီတွင်မှ ဘုရားသခင်ကိုယ်တော်မြတ်ကြီးကို သူဝင်လျှောက်တယ်....(မှန်ပါ့)အရှင်ဘုရား....တရားလဲ သုတ်သုတ်ဟောတော်မူပါဘုရာ့(မှန်ပါ့) "ကိတ္တာဝတာ နုခေါ ဘန္တေ တဏှာသင်္ခယဝိမုတ္တောဟောတိ" ဘယ်ကဲ့သို့မျှား အားထုတ်ရလို့ရှိယင်ဖြင့် တဏှာအမြန်ကုန်တဲ့ မဂ်ဝင်ဖေါင်ကြီး ကိုယ်ပိုင်ရပါ့မလဲ....(မှန်ပါ့ ဘုရား)ဒါမေးတာဘဲ...(မှန်ပါ့)။

အရှင်ဘုရား ဒီဥစ္စာကိုလဲ တပည့်တော်ကလဲ ဥယျာဉ်ထဲမှာ ငေပျော်မလို့, ပါးမလို့ ဟိုမှာ အဆင်သင့်ပြင်ထားခဲ့ပြီးသား၊ ဥယျာဉ်ဝမှာ သတို့ရတာနဲ့ ထွက်လာတာဘုရာ့၊ မြန်မြန်ဟောပါတဲ့....(မှန်ပါ့) အမြန်ဆုံး ကုန်တဲ့နည်း တပည့်ခဘဲ သိချင်ပါ

တယ်....(မှန်ပါ့ဘုရား) မဂ္ဂင်ဖေါင်ကြီးကို ကိုယ်ပိုင်ရချင်တယ်... ပြောတာပါဘဲ....(မှန်ပါ့)။

အဲဒီတုင် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ကွာ....တဲ့ ဝေဒနာ မင်းတို့ ခန္ဓာကိုယ်ထဲမှာ၊သိကြားမင်းကျတော့ သိကြား မင်းနဲ့လျော်တဲ့တရား ဟောတယ်လို့ မှတ်ပါ. (မှန်ပါ့)။

မင့်ခန္ဓာကိုယ်ထဲမှာ ဝေဒနာသုံးပါးရှိတယ်ဟော... တဲ့(မှန်ပါ့) သိကြားကို ဟောပြီ တကာတကာမတို့... (မှန်ပါ့) သိကြားခန္ဓာ ထဲမှာ ဝေဒနာဘယ်နှစ်ပါးရှိသတုံး.... (သုံးပါးရှိပါတယ်ဘုရား) သဘောကျပလား....(ကျပါပြီ) ခင်ဗျားတို့ ခန္ဓာထဲမှာကော.... (သုံးပါးရှိပါတယ်ဘုရား)။

ခင်ဗျားတို့ ခန္ဓာထဲမှာလဲ တကာကြွယ် သုံးပါးရှိတယ်.... (မှန်ပါ့) တကာကြွယ်တို့ ဝမ်းသာတယ်ဆိုတဲ့ စိတ်ကလေးကော မပေါ်လာဘူးလား...(ပေါ်ပါတယ်ဘုရား) အဲဒါ သုခဝေဒနာ ဘဲ....(မှန်ပါ့)။

တခါတလေ ကျုပ်ဖြင့် စိတ်ပျက်တယ်ဆိုတာကော.... (ဒုက္ခ ဝေဒနာပါဘုရား) ကျုပ်ဖြင့် နေရတာသည်ကား.. လို့ဆိုယင် ဝမ်းသာ, ဝမ်းနည်း ကင်းပါရဲ့ဆိုတော့.... (ဥပေက္ခာဝေဒနာ ပါဘုရား)။

အဲဒီတော့ ဝမ်းသာတာလဲ ဝမ်းသာတဲ့စိတ်ကို ကျုပ်တို့ သြော်... နောက်ကနေပြီးသကာလ ရှိသေးသလားဘဲကြည့်.... (မှန်ပါ့) မရှိဘူးလို့ သိယင် မဂ်ရပြီ ....(မှန်ပါ့) ဝမ်းနည်းတဲ့ စိတ်ကလေးလဲ ပြန်ကြည့်...(မှန်ပါ့)။

တာရှည်မနေနဲ့.... ဒီ ဝမ်းနည်းတဲ့စိတ်ကလေးဟာ ရှိသေး သလား ပြန်ကြည့်... (မှန်ပါ့ဘုရား) မရှိမှန်းသိလို့ရှိယင် မင်္ဂလာပြီ အောက်မေ့....(မှန်ပါ့ဘုရား) သဘောကျပလား.... (ကျေးဇူး ဘုရား)။

ဝမ်းသာ,ဝမ်းနည်းတဲ့စိတ်ကလေး ပေါ်နေတယ်၊ ဝေဒနာ ကလေး ပေါ်နေတယ်၊ စိတ်နဲ့ဝေဒနာ အတူတူဘဲ.... (မှန်ပါ့) ဒါကလေး ပေါ်လာလဲ ရှိသေးသလားလို့ ပြန်ကြည့်.... (မှန်ပါ့) ကြည့်လိုက်တော့ ဘာတွေ့မယ်ထင်သတုံး... (မရှိတာတွေ့ပါတယ် ဘုရား)။

မရှိတာတွေ့တော့ မရှိတာသည် တကာတကာမတို့ အနိစ္စ၊ ဟုတ်လား....(မှန်ပါ့) သိတာသည်... (မဂ္ဂပါဘုရား)။

ဒါက ကဲ... အားလုံး တကာတကာမတွေ့ တရားတပ်လုံးဘဲ တွေ့ကြပေတော့၊ ဒီမင်္ဂလာဟာ အလိုလိုပေါ်တာလား- မရှိတာ သိလို့ ပေါ်တာလား....(မရှိတာသိလို့ ပေါ်တာပါဘုရား)။

ဒါဖြင့် ဟို တကာတကာမတွေ့က ကိုယ့်ခင်ပွန်းမတွေ့က မရှိတာ မသိတော့ သူတို့မင်္ဂလာဘူး....(မှန်ပါ့) ယောကျ်ားတွေ့က ဘုန်းကြီးပြောတဲ့အတိုင်း ဝိပဿနာရှုလိုက်လို့ မရှိတာ သိလိုက် ယင်... (မင်္ဂလာပါတယ်ဘုရား)။

အဲဒီမင်္ဂလာဘဲ မင်း-အမျှယူတော့ ဆိုလို့ရပါ့မလား....(မရပါ ဘုရား) ဘယ်ရမလဲ-ကိုယ့်ပဋိစ္စသမုပ္ပါဒ် ကိုယ်ဖြတ်တာ ဦးမာဒင် (မှန်ပါ့)။

ကိုယ့်ဝမ်းထဲမှာရှိတဲ့ ပဋိစ္စသမုပ္ပါဒ်ကို.... (ကိုယ်ဖြတ်တာ ဘုရား) ကိုယ့်မင်္ဂလာက ဖြတ်တယ်....(မှန်ပါ့) သဘောကျပလား- (ကျေးဇူး)။

ဟို့-တကာမ ခန္ဓာ, သားသမီးခန္ဓာသွားပြီး ဒီမင်္ကသွားပြီး ဖြစ်နိုင်ရဲ့လား_ (မဖြစ်နိုင်ပါဘုရား) ဒါကြောင့် အမျှပေးလို့ မရဘူး.... (မှန်ပါ့) ဆိုတော့ ခုနင်ကပါဋိဟာ တကာကြွယ် ရိပ်မိပလား....(ရိပ်မိပါပြီဘုရား) ဘာတဲ့တုံး ပြန်ရွတ်စမ်းပါဦး.... (ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ ပါဘုရား)။

ဝိညူဟိ=ဝိပဿနာ အားထုတ်တဲ့ ပုဂ္ဂိုလ်တို့သည်သာလျှင်၊ ပစ္စတ္တံ=အသီးအသီးကိုယ်ပိုင်၊ဟော--အသီးအသီးကိုယ်ပိုင်ရတယ် (မှန်ပါ့) ဝေဒိတဗ္ဗော=ရအပ်သိအပ်၏ ... (မှန်ပါ့) ဩဇာ.... ကိုယ်အားထုတ်မှ ကိုယ်ရတယ်....(မှန်ပါ့)။

တကာတကာမတို့ ဘာတဲ့.... (ကိုယ်အားထုတ်မှ ကိုယ်ရပါတယ်ဘုရား) ဘေးက သာဓုတန်းကနေလို့.... (မရပါဘုရား)။

ခင်ဗျားတို့က ဘယ်သူ ဘာလုပ်တယ်ဆိုယင် သာဓု-သာဓုတဲ့-(မှန်ပါ့)ဘယ်သူ ဘာလုပ်တယ်ဆိုယင်....(သာဓု-သာဓုပါဘုရား) အဲ....သာဓုတန်းက မရဘူး....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ခင်ဗျားတို့က နဂိုရိုက သာဓုတန်းကနေတော့ ရသိမ့်မယ် ထင်နေတယ်....(ထင်ခဲ့ပါတယ်ဘုရား) ရပါတယ်....တဲ့ ခင်ဗျားတို့ ထင်တာတော့ ဒါနဲ အမျှပေးလို့ သာဓုတန်းက ရပါတယ်.... (မှန်ပါ့) သိလဆောက်တည်တာတွေ အမျှ .. အမျှဆိုယင် ရပါတယ်....(မှန်ပါ့)။

ဒီမင်္ဂလာဏ်ကတော့ဖြင့် သူ့ဝမ်းထဲ သူဖြစ်တာ ဖြစ်နေသောကြောင့် သူ့ပဋိစ္စသမုပ္ပါဒ်သာ သူဖြတ်တာ၊ သူမျှား ပဋိစ္စသမုပ္ပါဒ် ဦးမာဒင် ဖြတ်ပေးရဲ့လား.... (ဖြတ်မပေးပါဘုရား)။

ဒါဖြင့် ဒီမင်္ဂလာသည်ကံးလို့ ဆိုယင်ဖြင့် ကိုယ့်သန္တာန်မှာဖြစ်၍ ကိုယ့်ပဋိစ္စသမုပ္ပါဒ် ကိုယ်ဖြတ်တဲ့ မင်္ဂလာနေသောကြောင့် ကိုယ် သာရတယ်....(မှန်ပါ့)။

ကိုယ်သာ ဒုက္ခစက်ကို ဖြတ်ပေးသောကြောင့် ကိုယ်သာ နိဗ္ဗာန်ရတယ်... (မှန်ပါ့) သူများတော့.... (မရပါဘုရား) ရိပ်မိ ကြပလား....(ရိပ်မိပါပြီ)။

အဲဒါ ခင်ဗျားတို့ ဆိုင်ရာ,ဆိုင်ရာကိုလဲ ရှေးမူတွေဖျောက်ပြီး သကာလ ရှေးမူဖျောက်မယ် ဆိုတာကတော့ သာဓုတန်းက နေပြီးသကာလ အချောင်ယူတာ ရှိသေးတယ်.... (မှန်ပါ့) မရှိဘူးလား....(ရှိပါတယ်ဘုရား)။

အဲဒါက ဒါနတွေ သီလတွေ ရတယ်ဟေ့၊ တကယ့် မင်္ဂလာ ဖိုလ်ဉာဏ်ပြုံးပြီး သေရမည့် နိဗ္ဗာန်မြင်တဲ့ဉာဏ်ကတော့ သာဓု တန်းက မရဘူးဟေ့...လို့ မှတ်ထားပါ....(မှန်ပါ့ဘုရား) ရိပ်မိ ပလား....(ရိပ်မိပါပြီဘုရား)။

သာဓုတန်းက—(မရပါဘုရား)အဲ... ဝိပဿနာအလုပ်ကတော့ သာဓုတန်းသမားနဲ့ တခြားစီလို့ တကာကြွယ်က သေသေ ချာချာမှတ်ပါ.... (မှန်ပါ့) သဘောပါကြပလား.... (ပါပါပြီ ဘုရား)။

အဲဒီတုင် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ကုဒ်တဲ့ အမြန် မဂ္ဂင်ဖေါင်ကြီးရချင်တယ်ဆိုလို့ ရှိယင်ဖြင့် ဝေဒနာသုံးပါးရှိတယ် ကွာ၊ အဲဒီ့သုံးပါးကို မင်းသည် မင့်သန္တာန် ငါပေးတဲ့မဂ္ဂင်နဲ့ ဒါတွေ့ အပျက်မြင်တဲ့ဉာဏ်ကလေး သွင်းလိုက်စမ်းပါ....(မှန်ပါ့ဘုရား)။

ဒါတွေ ဘာတဲ့.... (အပျက်မြင်တဲ့ဉာဏ်သွင်းရပါမယ်ဘုရား) အင်း... ဝေဒနာကို အပျက်မြင်တဲ့ဉာဏ်ကလေးကို မင်း-လိုက်စမ်း ပါကွာ....တဲ့....(မှန်ပါ့)။

ဝေဒနာ အပျက်မြင်တဲ့ဉာဏ်ကလေးသင်းလိုက်တော့ ဝေဒနာ ပစ္စယာ တဏှာ မလာတော့ဘူး... (မှန်ပါ့) သဘောကျပလား· (ကျပါပြီ)။

ဝေဒနာ ပစ္စယာ တဏှာ လာသေးရဲ့လား· (မလာပါဘုရား) အပျက်မြင်တဲ့မဂ်က ဝင်ဖြတ်လိုက်တယ်.... (မှန်ပါ့) သဘောပါပလား... (ပါ-ပါပြီဘုရား)။

အပျက်မြင်တဲ့မဂ်က.... (ဝင်ဖြတ်လိုက်ပါတယ်ဘုရား) ထုံးစံကတော့ဖြင့် ဝေဒနာပစ္စယာ.... (တဏှာပါဘုရား) အဲဒါက ခင်ဗျားတို့ ဒီဥစ္စာက ဝိပဿနာမလုပ်တဲ့ပုဂ္ဂိုလ်ဟောတဲ့ပါဠိတော်လို့ မှတ်လိုက်....(မှန်ပါ့)။

ဘယ်သူ့ဟောတာတုံး· (ဝိပဿနာမလုပ်တဲ့ပုဂ္ဂိုလ်ဟောတာပါဘုရား) မဂ်ရအောင်မလုပ်တဲ့ပုဂ္ဂိုလ်ကို ဟောတဲ့ပါဠိ·(မှန်ပါ့) မဂ်ရအောင်လုပ်တဲ့ ပုဂ္ဂိုလ်ကိုဟောတဲ့ ပါဠိတော်က ခင်ဗျားတို့က မရဘူး....(မှန်ပါ့) ကဲ... ဘုန်းကြီးက သင်ပေးပါတယ်....တဲ့။

သုခဝေဒနာကလေးဟာ ကိုယ်ထဲမှာ ချမ်းသာတာကလေး ပေါ်တယ်၊ အဲဒီ ချမ်းသာတာကလေးကို ခင်ဗျားတို့က ရှိသေသလား-မရှိသေးသလား ကြည့်လိုက်တော့ ဖြစ်ပြီး ပျက်သွားပြီလို့ မသိဘူးလား....(သိပါတယ်ဘုရား) ဒါဖြင့် ဖြစ်ပျက်က ဝေဒနာ... (မှန်ပါ့) သိတာက မဂ်....(မှန်ပါ့) သဘောကျပလား... (ကျပါပြီ)။

ဖြစ်ပျက်က အနိစ္စ၊ သိတာက....(မင်္ဂပါဘုရား) ကိုင်း.... ခင်ဗျားတို့ အမြင်ပြပြီ.... (မှန်ပါ့) တကာတကာမတို့ အမြင် ပြလိုက်တဲ့အခါကျတော့ ဝေဒနာ့နောက်က မင်္ဂလိုက်တယ်.... (မှန်ပါ့)။

ဦးမာဒင် ဘာလိုက်သတုံး.... (ဝေဒနာ့နောက်က မင်္ဂလိုက်ပါတယ်ဘုရား)။

ဦးသန်းမောင်တို့ ဦးဗထွေးတို့ ကြည့်စမ်း ဒီပါဠိတော်.... (မှန်ပါ့) ဝေဒနာ့နောက်က ဘာလိုက်သတုံး...(မင်္ဂလိုက်ပါတယ် ဘုရား)။

ဝေဒနာကတော့ ဖြစ်ပျက်ဖြစ်သွားတယ်-(မှန်ပါ့)ဖြစ်ပျက်ကို ဉာဏ်က မြင်လိုက်တော့ ဉာဏ်ဟာ မင်္ဂဖြစ်သွားတယ်.... (မှန်ပါ့ ဘုရား)။

အဲဒီတော့ ခင်ဗျားတို့ ရ,ထားတဲ့ ပါဠိတော်က ဝေဒနာ ပစ္စယာ တဏှာ...(မှန်ပါ့) သဘောကျပလား....(ကျပါပြီ) ဒီက ဝေဒနာတို့ကို ဟုတ်တော့ဘူး....တဲ့.... (မှန်ပါ့) ဖြစ်ပျက် ဆိုကတည်းက အနိစ္စဖြစ်သွားပြီ....(မှန်ပါ့) ဖြစ်ပျက်ဆိုကတည်း က....(အနိစ္စဖြစ်သွားပါပြီဘုရား)။

ဒါဖြင့် ဝေဒနာပစ္စယာ-ဒီမှာတော့ အနိစ္စ ပစ္စယာ ပညာ (မှန်ပါ့ဘုရား) အနိစ္စပစ္စယာ နောက်က ပညာလိုက်ပေး။ ဝေ ဒနာ ပစ္စယာ တဏှာ ပျောက်ကွယ် သွားတယ် (ပျောက်သွား ပါတယ်ဘုရား)

ပျောက်ထွက်သွားတော့ ဒီဥစ္စာက ဘယ်လို ပုဂ္ဂိုလ် ပျောက်တာတုံးဆိုတော့ ဒီခန္ဓာကြီး၏ ဝေဒနာ ပေါ်တိုင်း ပေါ်တိုင်း ဖြစ်ပျက် ရှုတဲ့ ပုဂ္ဂိုလ်မှာတော့ တဏှာပျောက်တယ်... (မှန်ပါ့) ဖြစ်ပျက် ရှုတဲ့ ပုဂ္ဂိုလ်မှာ.....(တဏှာပျောက်ပါတယ်ဘုရား) တဏှာပျောက်ပြီး မဂ်ရတယ်....(မှန်ပါ့)။

ကြည့်ပါ-ကြည့်ပါ တကာ တကာမတို့ တဏှာ ပျောက်ပြီ (မှန်ပါ့) သီကြားက မေးတယ်၊ အရှင်ဘုရား တဏှာကို အမြန် ကုန်စေနိုင်တဲ့ တရား တပည့်တော် ဟောစမ်းပါ ဆိုတော့ မင်း ဝေဒနာရှုတဲ့.....(မှန်ပါ့)။

တကာတကာမတို့ ဘယ်နှယ် ပြောလိုက် သလဲ.... (မင်းဝေဒနာရှုလို့ ပြောလိုက်ပါတယ်)ဝေဒနာရှုလို့ သူခိုင်းလိုက်တယ်.... (မှန်ပါ့)။

တကာတကာမတို့ မြင်ကြပြီ.... (မြင်ပါပြီဘုရား) ဝေဒနာရှုတော့ ဝေဒနာမြင်ရတာလား .. တဲ့၊ ဖြစ်ပြီး ပျက်တာမြင်ရတာလား....(ဖြစ်ပြီး ပျက်တာ မြင်ရတာပါဘုရား)။

ဒါဖြင့် ဖြစ်ပျက်က ဖြစ်ပျက်.....(မှန်ပါဘုရား) ရှုတာကမဂ် (မှန်ပါ့)ဆိုတော့ ဦးမာဒင်က စဉ်းစား၊ ဝေဒနာပစ္စယာလို့ကို အာသံထွက်စရာ မပါဘူး....(မပါ-ပါဘုရား) ပါသွေးရဲ့လား.... (မပါ-ပါဘုရား)။

သူကဝေဒနာကို ဟုတ်သေး ရဲ့လား.... (မဟုတ်ပါဘုရား) သူက ဖြစ်ပျက်အနိစ္စ (မှန်ပါ့)ဒီဘက်ကဟာကကော (ဖြစ်ပျက် အနိစ္စပါ) ဒီဘက်ကဟာကကော (ဖြစ်ပျက် အနိစ္စပါဘဲ)။

ဒါဖြင့် ခင်ဗျားတို့ ရထားတဲ့ ပါဠိတော်က မရှုတဲ့ ပုဂ္ဂိုလ်ဆိုတာ....(မှန်ပါ့)။

ခင်ဗျားတို့ ရ,ထားတဲ့ ပါဠိတော်က....(မရှုတဲ့ ပုဂ္ဂိုလ်ဆို တာပါ) ရှုတ်စမ်း·ရှုတ်စမ်း- တကာကြွယ် ခင်ဗျား ရ,ထားတဲ့ ပါဠိတော်က(ဝေဒနာပစ္စယာတဏှာပါဘုရား) အဲဒါဘယ်ပုဂ္ဂိုလ် ဆိုတာတုံး....(မရှုဘဲ့ ပုဂ္ဂိုလ်ဆိုတာပါ)။

ကျေနပ်တော့ဦးမာဒင်တို့....(မှန်ပါ့ဘုရား) ကျေနပ်ပြီဦးသန်း မောင်တို့လဲ... (မှန်ပါ့) ဝေဒနာ ပစ္စယာ ..(တဏှာပါဘုရား) အဲဒါ ဘယ်ပုဂ္ဂိုလ်ဆိုတာတုံး....(မရှုတဲ့ ပုဂ္ဂိုလ်ဆိုတာပါ)။

ရှုတဲ့ ပုဂ္ဂိုလ်ကျတော့ ဒီက နောက်ကရှုတဲ့ စိတ်လာနေတော့ ဝေဒနာသည်ကားလို့ ဆိုယင် ဝေဒနာတော့ ဝေဒနာဘဲ ရှုလိုက် တဲ့အခါကျတော့ မရှိတာဘဲတွေ့တယ်....(မှန်ပါ့ဘုရား) သဘော ကျပလား....(ကျပါပြီ-ဘုရား)။

မရှိတာဘဲ တွေ့တော့ကို ခင်ဗျားတို့ ရ,ထားတဲ့ ပါဠိတော် ကျက်ပြီးသကာလ ခင်ဗျားတို့ နိဗ္ဗာန်ရောက်သည်ဆိုတဲ့ ပါဠိတော် က လာထုတ်တယ်... (မှန်ပါ့ဘုရား) နိဗ္ဗာန်ရောက်သည်ဆိုတဲ့ပါဠို တော် ပေါ်လာတယ်.... (ပေါ်လာပါတယ်ဘုရား) ဝေဒနာ နိရောဓါ တဏှာနိရောဓေါ....(မှန်ပါ့) ဟော....တခါတည်းထုတ် လာတယ်... (မှန်ပါ့)ဒီကတော့ ဝေဒနာ ချုပ်မသွားဘူးလား.... (ချုပ်သွားပါတယ်) ချုပ်သွားလို့ ဖြစ်ပျက် ဖြစ်တာကိုး.... (မှန်ပါ့ဘုရား)။

ဝေဒနာနိရောဓါ.... (တဏှာနိရောဓေါပါဘုရား)၊ ဟော.... တဏှာ နိရောဓေါဆိုတော့ တဏှာချုပ်အောင် လုပ်နိုင်တာလဲ မဂ်ဘဲ....(မှန်ပါ့ဘုရား)။

ဘယ်နှယ်ကြောင့်တုံးဆိုတော့ ဝေဒနာချုပ်တာကိုမဂ်က မြင်လိုက်လို့ တဏှာနေရာမှာလဲ မဂ်ပေါ်တယ်.... (မှန်ပါ့) ဝေဒနာ နေရာမှာလဲ နိဗ္ဗာန်ရောဖြင့် ဝေဒနာ ချုပ်သွားတယ်.... (မှန်ပါ့ဘုရား)။

ဝေဒနာတို့၏ ဖြစ်မှုပျက်မှု ... (ချုပ်သွားပါတယ် ဘုရား)၊ အဲ....ဝေဒနာတို့၏ ချုပ်ပျောက်သွားတာ မြင်လိုက်တဲ့ အတွက် ဝေဒနာနိဗ္ဗာန်ရောဓါ....(တဏှာနိဗ္ဗာန်ရောဓေပါဘုရား)။

တကာတကာမတို့ တဏှာနိဗ္ဗာန်ရောဓေါ နိဗ္ဗာန်ဘဲ.... (မှန်ပါ့)၊ တဏှာချုပ်ယင် ဘာတုံး....(နိဗ္ဗာန်ပါဘုရား)။

ဒါ့ကြောင့် ခင်ဗျားတို့ တဘဝထက် တဘဝ တဏှာပါး၍ ကိလေသာတွေ ဒေါင်းပါးပြီး သကာလ နိဗ္ဗာန် မဂ်ဖိုလ်ကြီး ရက်တိုတိုနဲ့ ရပါရဲစဘုရား....ဆိုလို့လဲ မရပါဘူး.... (မှန်ပါ့ ဘုရား)၊ ရှုယင်တော့သူ့ဟာသူ ချုပ်တယ်....(မှန်ပါ့ဘုရား)။

ရှုယင်... (သူ့ဟာသူချုပ်ပါတယ်ဘုရား) ဦးမာဒင်ဘာတဲ့တုံး (ရှုယင်သူ့ဟာသူ ချုပ်ပါတယ် ဘုရား) ဆုတောင်းလို့ မချုပ်ဘူး (မချုပ်ပါဘုရား) ရှုလိုက်ယင်တော့ ....(ချုပ်ပါတယ် ဘုရား)။

ရှုလိုက်တော့ ဒါကလေးက ဖြစ်ပျက်ဖြစ် သွားတယ်.... (မှန်ပါ့)၊ ဖြစ်ပျက်ဖြစ်သွားတော့ ဝေဒနာက ချုပ်မသွားဘူးလား.... (ချုပ်သွားပါတယ်ဘုရား)၊ ဖြစ်ပျက်ဆိုတော့ ဒါအနိစ္စဖြစ်သွားရော ...(မှန်ပါ့)အနိစ္စဆိုတာ မရှိတာဘဲ....(မှန်ပါ့)ဒါဖြင့် ဒီဝေဒနာသည် ဝေဒနာလား နိဆောဓလား.... (နိဆောဓပါဘုရား)။

ဒါဖြင့် ဝေဒနာနိုရောဓါ.... (တဏှာနိုရောဓါ)၊ တဏှာနိုရောဓါတိ မဂ္ဂါ....(မှန်ပါ့)၊ တဏှာနိုရောဓဆိုတာ မဂ်ပေါ် တာကွတဲ့ဆိုတော့ ဒီမဂ်ဟာ မရှုတဲ့ ပုဂ္ဂိုလ်ပိုင်သလား-ရှုတဲ့ပုဂ္ဂိုလ် ပိုင်သလား.... (ရှုတဲ့ ပုဂ္ဂိုလ်ပိုင်ပါတယ်ဘုရား)၊ အမျှပေးစမ်း ဗျာ....(မရပါဘုရား)။

ကဲ...သေချာကြပလား _ (သေချာပါပြီဘုရား) အမျှပေးလို့ မရပါဘူး....(မရပါဘုရား) ခင်ဗျားတို့ဟာ ခင်ဗျားတို့ လောကွတ်ချော်ပြီးပေးယင် တောင်သူကမလိုက်ဘူး....(မှန်ပါ့)လိုက်ပါ့ မလား... (မလိုက်ပါ) မလိုက်ပါဘူးဆိုဘာဖြင့် တကာကြွယ် သေချာပြီ....(သေချာပါပြီဘုရား)။

ကဲ... ဒါဖြင့် သိကြားမင်းကြီးက နန္ဒဝန် ဥယျာဉ် ထွက်ရင်း မတ္တန့် တဏှာအမြန်ချုပ်တဲ့တရား တပည့်တော်သနားပါလို့ လှူ့ ပြည်ဆင်းပြီး ပုဗ္ဗာရုံကျောင်းမှာလျှောက်တော့ ဝေဒနာ သုံးပါး အလှည့်အလည်ရှုကွတဲ့....(မှန်ပါ့ဘုရား)၊ အင်း ဘယ်သူကဟော ပါလိမ့် .. (ဘုရားက ဟောပါတယ်ဘုရား)၊ အဲဒါ တဏှာအမြန် ချုပ်တဲ့နည်းဘဲကွဆိုတော့ဦးမာဒင်ကျေနပ်လောက်ပြီ....(ကျေနပ် ပါပြီဘုရား)။

သိကြားလျှောက်လို့ ဘုရားက ဟောရတဲ့ အဓိပ္ပါယ်မှာသဲ တက်ဘတကာမတို့ သံသယမရှိပါနဲ့တော့....(မှန်ပါ့ဘုရား) ဒီနေ့ နာရတဲ့ ပုဂ္ဂိုလ်တွေသည်ကားလို့ ဆိုလို့ရှိယင် သြော်... သိကြား ဟာလျှောက်လို့ မဂ္ဂင်အမြန်ရတဲ့နည်း ပြောစမ်းပါဘုရာ့၊ (ဝါ) တဏှာ အမြန်ချုပ်တဲ့နည်း ပြောစမ်းပါဘုရာ့ ဆိုတော့ ဆရာက

အခုပုံစံနဲ့ ပြောလိုက်တော့ ဝေဒနာဖြစ်တိုင်း-ဖြစ်တိုင်း ကြည့်လိုက်တော့ ဉာဏ်နဲ့ ကြည့်လိုက်တော့ နှစ်ခုကတော့ ပြိုင်မဖြစ်ကောင်းဘူး။ ချုပ်တာဘဲ ဖြစ်ရမှာဘဲ...(မှန်ပါ့) ချုပ်တာက ဘယ်သူ ချုပ်တာတုံး....(ဝေဒနာချုပ်တာပါဘုရား)။

ဒါဖြင့် ပါဠိဆက်လိုက်၊ ဝေဒနာနိရောဓါ.... (တဏှာနိရောဓောပါဘုရား) တဏှာနိရောဓေါ ဆိုတော့ ဒါဘဲ မဂ်ဘဲ.... (မှန်ပါ့)သေချာပလား... (သေချာပါပြီဘုရား)။

ဩဩ....ဒါဖြင့် ဝေဒနာချုပ်တာ မြင်ယင် မဂ် ရတာဘဲ... (မှန်ပါ့ဘုရား)။

ဘယ်နှယ်တုံး...ဝေဒနာချုပ်တာ မြင်ယင် (မဂ် ရပါတယ်.... ဘုရား)။

ဩဩ... ဒါဖြင့် ဘုန်းကြီးတို့ တကာတကာ့မတွေ ခန္ဓာက ဘာခန္ဓာပလိမ့်မတုံး....(ဝေဒနာကခန္ဓာပါဘုရား)။

ဘယ်တော့ ဝေဒနာများကင်းသတုံး.... (မကင်းပါဘုရား) ချမ်းသာတဲ့အခါလဲ ချမ်းသာတဲ့ဝေဒနာနဲ့....(မှန်ပါ့) ဆင်းရဲတဲ့အခါလဲ.... (ဆင်းရဲတဲ့ဝေဒနာနဲ့ပါဘုရား) ချမ်းသာ,ဆင်းရဲကင်းတဲ့အခါ ဥပေက္ခာဝေဒနာနဲ့....(မှန်ပါ့) ဝေဒနာဟာ တကာတကာမတို့ သန္တာန်ပြတ်သေးရဲ့လား....(မပြတ်ပါဘုရား)။

အဲဒီတော့ ဝေဒနာသုံးပါးကိုလှည့်ပြီး ခန္ဓာကြီး ရှုနေလိုက်တာ ပေါ်ရာ လိုက်ရှုလိုက်.... (မှန်လှပါ) ပေါ်ရာ လိုက်ရှုလိုက်တော့ ဝေဒနာမြင်သလား-ချုပ်တာမြင်သလား....(ချုပ်တာ မြင်ပါတယ်ဘုရား) ဒါဖြင့် ချုပ်တာက ချုပ်တာ မြင်တာက မဂ်.... (မှန်ပါ့)။

ချုပ်တာက.... (ချုပ်တာပါဘုရား) အေး.... မြင်တာက... (မဂ်ပါဘုရား)။

ဒါဖြင့် ချုပ်တာက ဒီသုံးမျိုးထဲမှာ ဝေဒနာ နိဆော်ခါ... (မှန်ပါ့) သဘောကျပလား....(ကျပါပြီ) ဝေဒနာ နိဆော်ခါ နောက်က ချုပ်တာမြင်တဲ့ မဂ်မလိုက်ဘူးလား.... (လိုက်ပါတယ်ဘုရား)။

အဲဒါ မဂ်က တဏှာလာဘို့ဆာ အခွင့် ပေးသေးသလား... (မပေးပါဘုရား) ဒါဖြင့် တဏှာနိဆော်ခေါ (မှန်ပါ့) တဏှာနိဆော်ခေါပြီးယင် မဂ္ဂါဘဲ.... (မှန်ပါ့) ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

ဦးမာဒင် သေပျော်တဲ့တရား... (မှန်ပါ့) သေပျော်တဲ့ တရားဆိုတာ ချီးမြောက်ပြောတယ်လို့ မယူလိုက်ပါနဲ့.... (မှန်ပါ့) ဒီ တကာ တကာမတွေ ဒီအတိုင်း လုပ်လို့ရှိယင်ဖြင့် အခုလုပ် အခုရတယ်... (မှန်ပါ့)။

အခုလုပ်ယင်... (အခုရပါတယ်ဘုရား) အခုရတော့ ဒီဥစ္စာက သြော်....သူများရသလား....လုပ်တဲ့လူ ရသလား....(လုပ်တဲ့လူရပါတယ်)ဦးလှဘူး သဘောကျပြီ....(ကျသွားပါပြီဘုရား)။

ကိုင်း... ပါဠိတော်ရွတ်ပါဦး .... (ဝေဒနာနိဆော်ခါ တဏှာနိဆော်ခေါ၊ တဏှာနိဆော်ခေါတိ မဂ္ဂါပါဘုရား) ဟော.... "ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ"နဲ့လာကိုက်တယ်....(မှန်ပါ့) ပစ္စတ္တံ = အသီးအသီး၊ ဝိညူဟိ ဝေဒိတဗ္ဗော= လုပ်တဲ့လူသာ ဒီမဂ်ရတာယ်....(မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အသိးအသိး ရသတဲ့....၊ ဟိုဘက်ကတကာမတို့လုပ်လဲဟိုဘက်ကတကာမတို့မဂ်ရတယ်....(မှန်ပါ့) ဒီဘက်က တကာတွေကော သူ့အလုပ် သူလုပ်နေယင်ကော....(ရပါတယ်)ဟိုမှာ အိမ်မှာ သားရေး,သမီးခရေး,စီးပွားခရေးနဲ့ ဘုရားရှိခိုးနေလို့တော့ မရဘူး ဒီမဂ်က....(မှန်ပါ့)မရနိုင်ဘူးတဲ့....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဦးမာဒင် "ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ" ဆိုတဲ့.... အဓိပ္ပါယ်ကလေးဟာလဲ ယနေ့ ကိုယ်လုပ်မှကိုယ်ရတာ ရှင်းသွားပြီ....(ရှင်းသွားပါပြီဘုရား)။

သူများ အမျှပေးလို့လဲ... (မရပါဘုရား) မရဘူးဆိုတာလဲ ရှင်းသွားတော့ တကာကြွယ်....နေရာကျပြီ (ကျပါပြီဘုရား)။

အိမ်မှာ ရှိကြတယ် ခင်ခင်တို့ ကဲ...မြေးကလေးတို့ဟုတ်လား (မှန်ပါ့)မလုပ်တော့ ရပါ့မလား...(မရပါဘုရား)ဘယ့်နှယ်ကြောင့် မရသတုံးလို့ မေးတဲ့အခါကျလို့ရှိယင် သူက ဖြစ်ပျက်ကိုမှ မမြင်ဘဲကိုး_(မှန်ပါ့)သဘောကျကြပလား....(ကျပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့သည် ဒီမဂ်ရတော့ကို ဟုတ်လား-သေခါနီးမှာကျတော့ ဒီမဂ်နဲ့ဘဲ ကျုပ်တို့က ခန္ဓာရှုပြီး ဒီမဂ်ကလေးနဲ့ နေလိုက်တဲ့အခါကျတော့ အင်း.... နောက်ခန္ဓာရမည့် ဘဝတွေကော မြင်ရသေးသလား....(မမြင်ရပါဘုရား)။

ဟင်....ဘာမှ မမြင်ရဘူး...(မှန်ပါ့)ဘဝချုပ်ငြိမ်းတာဘဲ မြင်နေတယ်....(မှန်ပါ့)နောက်လာမည့် ဒုက္ခတွေ အကုန်လာသေးရဲ့

လား...(မလာပါဘုရား)လူကောင်ဒုက္ခ, နတ်ကောင်ဒုက္ခတွေ မြင်သေးရဲ့လား....(မမြင်ပါဘုရား) ငရဲမီး, ငရဲမီးလျှံတွေကော.... (မမြင်ရပါဘုရား)။

အင်း... ဒုက္ခသိမ်းပေပေါ့ဆိုတဲ့ နိဗ္ဗာန်ဘဲ မြင်ရတယ်....(မှန်လှပါ)မပြုံးပေဘူးလား....(ပြုံးပါတယ်ဘုရား)။

အဲ...ဒီလို ရှ·ထားတဲ့ ပုဂ္ဂိုလ်ဟာ ပြုံးသေ ဖြစ်ပါတယ် ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒီအလုပ် မလုပ်တဲ့ ပုဂ္ဂိုလ်ကဖြင့် မဲ့သ·ရဲ့သေမျှားပါတယ် (မှန်ပါ)ဒီအလုပ် မလုပ်တဲ့ပုဂ္ဂိုလ်က....(မဲ့သနဲ့ ရဲ့သေမျှားပါတယ်ဘုရား)။

ဒါဖြင့် သေခါနီးမှ အလောင်းကျအောင် အရှက်ကွဲသေးတယ်... (မှန်ပါ)ဘယ်နှယ်ဆိုကြမလဲ....(အလောင်းကျမှ အရှက်ကွဲပါသေးတယ်ဘုရား)တကာကြယ်ကွဲချင်သေးသလား....အရှက်(မကွဲချင်ပါဘုရား)။

ဒါဖြင့် ဒီဟာ ကိုယ်ပိုင်ရအောင်ဖြင့် ဘုန်းကြီးတို့ တကာတကာမတွေကိုယ့်ကိုယ်ကိုယ်သနားသောအားဖြင့်လုပ်ပါ(မှန်ပါ့) ဘုန်းကြီးကို ကြည်ညိုချင်ကြည်ညို၊ မကြည်ညိုချင်နေ၊ ကိစ္စမရှိပါဘူး...(မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

ကိုယ့်ကိုယ်သနားယင် လုပ်ပါ....(မှန်ပါ့)ဟာ....သူက ဆုံးမပေတယ်လို့ ဘုန်းကြီးကို ကြည်ညိုနေလို့ အပိုဘဲ...(မှန်လှပါဘုရား)။

ကိုယ့်ကိုယ်ကိုယ် သြော်....ငါ့မှာ အနေဆိုးနဲ့ အသေဆိုး အရောက်ဆိုး ဒါတွေဟာ ကိုယ့်အတွက် တယ်အရေးကြီးနေပါတော

လား ဆိုယင် ကိုယ့်ကိုယ် သနားတာနဲ့ လုပ်ပါ....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘာဖြစ်လို့ ဒီအလုပ်-လုပ်ရမှာတုံး.... (ကိုယ့်ကိုယ် သနားလို့ပါဘုရား)။

ဒါဖြင့် မလုပ်တဲ့ ပုဂ္ဂိုလ်တွေကျတော့ ဦးဗထွေးတို့ .. ဦးသန်းမောင်တို့က ဘယ်လိုများ ဆုံးဖြတ်ချက်ချမလဲ .... (ကိုယ့်ကိုယ် ကိုယ် မသနားတဲ့ ပုဂ္ဂိုလ်တွေပါဘုရား)။

အင်း... အရောင်းနဲ့အချိန်ကုန်နေတယ်၊ အဝယ်နဲ့ အချိန်ကုန်နေတယ်၊ စီးပွားရေးနဲ့ အချိန်ကုန်နေတဲ့ ပုဂ္ဂိုလ်များကျတော့ .... သွားရာဂတိကလဲ ကိုယ်က အပါယ်သွားရမယ်...(မှန်ပါ့) ဟုတ်လား...၊ တကယ်လို့ နတ်ရွာသုဂတိသွားလဲ ခဏဘဲ....(မှန်ပါ့) ဟိုကျတော့ ပဋိသန္ဓေနေခြင်း ဆင်းရဲ၊ အိုခြင်း ဆင်းရဲ၊ နာခြင်း ဆင်းရဲ၊ သေခြင်းဆင်းရဲနဲ့ တွေ့ရဦးမယ်....(မှန်ပါ့)မတွေ့ရပေဘူးလား....(တွေ့ရပါတယ်ဘုရား)။

အဲဒီ ပုဂ္ဂိုလ်တွေကျတော့ သူတို့ လိုရင်းမပါဘူး၊ ဘာများ လုပ်နေကြပါလိမ့်မလဲလို့ ခင်ဗျားတို့ အခု ဘုန်းကြီးပေးထားတဲ့ ဥဿဟကလေးနဲ့ တပ်ကြည့်လိုက်....(မှန်ပါ့)။

တပ်ကြည့်လိုက်တော့ ဘယ်လိုပုဂ္ဂိုလ်တွေတုံးလို့ ဆုံးဖြတ်ချက်ချ....(ကိုယ့်ကိုယ်မသနားတဲ့ ပုဂ္ဂိုလ်တွေပါ) တကာကြွယ်.... ရိပ်မိပြီ...(ရိပ်မိပါပြီဘုရား)။

ဒီအသုံးဟာ ဦးမာဒင်....အင်မတန် အရေးကြီးလို့ ပြောပါတယ်....(မှန်ပါ့)ကိုယ့်ကိုယ် ကိုယ်သနားတဲ့ ပုဂ္ဂိုလ်နဲ့ မသနားတဲ့ ပုဂ္ဂိုလ် ဘယ်ဟာက များသတုံး....(မသနားတဲ့ ပုဂ္ဂိုလ်က များပါ

တယ်)သဘောကျပလား....(ကျပါပြီ)ကိုယ်.ကိုယ် ကိုယ်မသနားတဲ့ ပေါက်လွတ်ပဲစားထားတဲ့ ပုဂ္ဂိုလ်က များတယ်....(မှန်ပါ!) ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဒါကြောင့် ဘုရားကို ကောသလမင်းကြီး လျှောက်ထားတဲ့ အချက်ကို ခင်ဗျားတို့ ကြားထိုးပြီးတော့ ဆုံးမ,လုံး တလုံးပေး လိုက်ပါတယ်....(မှန်ပါ!)။

အရှင်ဘုရားတဲ့....လူများဟာ ကိုယ်.ကိုယ် ကိုယ်သနားတယ် ဆိုပြီးတော့ ရောင်းကာ,ဝယ်ကာနဲ့, မုဆားကလေးတွေနဲ့.အမျိုးမျိုး အဖုံဖုံ အသင့်အတင့်လဲ လှည့်ပတ်ပြီး၊ လိမ်လည်ကောက်ကျစ်ပြီးသကာလ အပြောကလေးနဲ့ ဖုံးပြီးစားနေကြတဲ့ ပုဂ္ဂိုလ် များဟာ ကိုယ်.ကိုယ် ကိုယ်သနားတဲ့ ပုဂ္ဂိုလ်ဟုတ်ပါရဲ့.လားတဲ့ (မှန်ပါ!ဘုရား)။

ဟာ... တကာကြီး အတွေးဟာ သိပ်မှန်တာဘဲတဲ့ အဲဒါကိုယ့် ကိုယ်သနားတဲ့ ပုဂ္ဂိုလ်မဟုတ်ဘူးတဲ့....(မှန်ပါ!ဘုရား)။

ကိုယ့်ကိုယ်ကို ဝအောင်ကျေးနေလို့ ကိုယ့်ကိုယ် သနားတဲ့ ပုဂ္ဂိုလ်မဟုတ်ဘူး.... (မှန်လှပါဘုရား) ရောင်းရေး ဝယ်ရေးနဲ့ မုဆားကလေးနဲ့ လိမ်လည်ကောက်ကျစ်၍ အမျိုးမျိုးအဖုံဖုံပေါ့ ဗျာ....(မှန်ပါ!ဘုရား)။

အဲဒါနဲ့ ရှာကြံကျေးနေတာ ကိုယ့်ကိုယ် ကိုယ်သနားတာ မဟုတ်ဘူးတဲ့။ ဒီဥစ္စာကိုယ့်ကိုယ် မသနားတဲ့ ပုဂ္ဂိုလ်၏အလုပ်လို့ ဘုရားက အဖြေပေးလိုက်တယ်....(မှန်ပါ!ဘုရား)။

ဦးမဒင် ရိပ်မိပြီ.... (ရိပ်မိပါပြီ) ဒါဖြင့် ကိုယ့် ကိုယ်ကို သနားတဲ့၊ ပုဂ္ဂိုလ်၏အလုပ်က မဂ္ဂင်_ (မှန်ပါ!) ကိုယ့် ကိုယ်ကို

မသနားဘဲနဲ့ လုပ်နေတဲ့အလုပ်က စီးပွားရေး.... (မှန်ပါ့) ရှင်းပဲလား....(ရှင်းပါ့ပြီ)။

ကိုယ်.ကိုယ် ကိုယ်မသနားတဲ့ အလုပ်က.... (စီးပွားရေးပါဘုရား) စီးပွားရေးဆိုတော့ ကောင်းတာလဲပါတယ်၊ မကောင်းတာလဲပါတယ်....(မှန်ပါ့ဘုရား)။

ကိုယ်.ကိုယ်ကိုယ် သနားတဲ့ အလုပ်က.... (မဂ္ဂင် အလုပ်ပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ဟာ ခင်ဗျားတို့ ချိန်ကြပေတော့.. (မှန်လှပါ)ဘုန်းကြီးတို့က နမူနာချိန်ခွင်ကလေးသာ ပေးလိုက်တယ်.... (မှန်ပါ့ဘုရား)။

ငါဟာ.. ကိုယ်.ကိုယ်ကိုယ် သနားတာ ဒီနေ့ ဘယ်နှစ်နှာရီတုံး၊ မသနားတာက ဘယ်နှစ်နာရီတုံး.... (မှန်ပါ့ဘုရား)နာရီနဲ့ ချိန်ပါ... (မှန်ပါ့) သဘောကျပလား ... (ကျပါပြီဘုရား)။

မလုပ်မိတဲ့အချိန်ကျတော့ ဘယ်.နှယ်ဆိုကြမလဲ.... (မသနားတဲ့အချိန်ပါဘုရား) လုပ်မိတဲ့ အချိန်ကျတော့ .. (သနားတဲ့အချိန်ပါဘုရား) အင်း....အချိန်နဲ့ တွက်လိုက်တဲ့ အခါကျတော့ မိုက်ချိန်၊လိမ်မာချိန်ပေါ်လာတယ်....(ပေါ်လာပါတယ်ဘုရား)။

ဘာပေါ်လာသတုံး....(မိုက်ချိန်၊လိမ်မာချိန်ပေါ်လာပါတယ်ဘုရား)။

ဒါဖြင့် မိုက်ချိန်က ခင်ဗျားတို့ကိုယ်ပိုင် တွက်ကြည့် လို့ ရှိယင်ဖြင့် အင်မတန်များလိမ့်မယ်....(များပါတယ်ဘုရား)လိမ်မာချိန်ကလေးက....(နည်းပါတယ်ဘုရား) ဒါဖြင့် တလမ်းသွားများဖြစ်နေကြမလား.... (တလမ်းသွားဖြစ်နေပါတယ်ဘုရား)။

သို့သော်လဲတဲ့ တကာတကာမတို့ ရှေ့ တက္ကပ်သားနဲ့ ဂွမ်းခွက်တဆယ်နဲ့ ထည့်ချိန်ကြည့်လို့ ရှိယင်ဖြင့် ဂွမ်းခွက်တဆယ်ကတော့ လေးမှာဘဲ(မှန်လှပါ) တန်ဘိုးကိုကြည့်လို့ ရှိယင်တော့ ရှေ့တက္ကပ်သားက များမယ်....(များပါတယ်ဘုရား)။

တန်ဘိုးကို ကြည့်ယင်.... (ရှေ့တက္ကပ်သားက များပါတယ် ဘုရား)။

အဲဒီတော့ ဒီမဂ္ဂင်အလုပ်ကို လုပ်လို့ ရှိယင် ဂွမ်း ခွက်တဆယ် တွေဟာ အကုန်ပျောက်ပါတယ်.... (မှန်ပါ့ဘုရား)တန်ဘိုး သူက ကြီးတယ်....(မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

တန်ဘိုးက... (သူက ကြီးပါတယ်ဘုရား)သူကကြီးတယ်၊ သူက ရှေ့ကိုး၊ ဟိုက ဂွမ်းခွက်တဆယ်က ဘာလုပ်ဘို့တုံး.... (မှန်ပါ့ ဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီတော့ကို ခင်ဗျားတို့ တနေ့နံနက်တကြိမ်,ညတကြိမ်၊ နေ့ လယ်တကြိမ် အား:ထုတ်လဲ ထုတ်ပေါ့ဗျာ....(မှန်ပါ့ဘုရား)။

တန်ဘိုးများတဲ့ ဥစ္စာဖြင့်သူဘဲဆိုတော့ ခင်ဗျားတို့ တသက် လုံးမိုက်လာ၊ဒီရှေ့နဲ့ဘဲ ကျေတယ်....(မှန်ပါ့)တသက်လုံး မလိမ်မာ ခဲ့တာ အခုသိတဲ့အခါနိ်လိမ်မာလိုက်၊ အကုန်ပျောက်တယ်၊ အကုန် ပျောက်တယ်....(မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါကလဲ ဝတ္ထုသက်သေ သာဓကနဲ့တကွ အထောက်အထား တွေ့ တကားကြွယ်သိပ်များပါတယ်... (မှန်လှပါ) သို့သော်ရှည်နေ မှာစိုးလို့ ဒီနေ့ဆုံးမ,လုံးများပြီးတော့ကို နှစ်လုံးတည်းဘဲ တရား ပါတယ်....(မှန်ပါ့ဘုရား)။

တရားက နှစ်လုံးတည်း ပါတယ်၊ ရှုတဲ့ပုဂ္ဂိုလ်မှာ ဝေဒနာနိ ရောဓါ.... (တဏှာနိရောဓေါပါဘုရား) ဟော.... တဏှာနိရော ဓေါဖြစ်တဲ့ မဂ်ပေါ်တယ်တဲ့.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

မရှုတဲ့ ပုဂ္ဂိုလ်တော့ ဝေနာပစ္စယာ.... (တဏှာပါဘုရား) ဟော... ဝေဒနာ တဏှာ ဥပါဒါန် ကံ ဇာတိ ဇရာ မရဏသွားပြီ ပေါ့....(မှန်ပါ့)ဒါကွာတယ် ....(မှန်ပါ့ဘုရား)။

ရှုတဲ့ ပုဂ္ဂိုလ်က သံသရာပြတ်တယ်....(မှန်ပါ့) မရှုတဲ့ပုဂ္ဂိုလ်က (သံသရာဆက်ပါတယ်ဘုရား) သံသရာ ဆက်ဘယ်ဆိုတာ ကဲ.... အားလုံး တကာတကာမတွေ ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

သံသရာ ဆက်တယ်ဆိုတဲ့ အသွားဟာလဲ တကာကြွယ် သိပ် အရုပ်ဆိုးတယ်နော်... (ဆိုးပါတယ်ဘုရား) သံသရာ ဆက်တယ် ဆိုတာ ဘာတွေဆက်တာတုံး မေးတော့မှ အိုဘေး နာဘေး သေဘေး အပါယ်ဘေး မပြတ်သေးတာဆိုတာ (မှန်ပါ့ဘုရား)။

သံသရာ ဆက်တယ်ဆိုတာ.... (အိုဘေး၊ နာဘေး၊ သေဘေး၊ အပါယ်ဘေး မပြတ်သေးတာဆိုတာပါ....(မှန်ပါ့ဘုရား)။

သံသရာပြတ်တယ်ဆိုတာက အိုဘေး၊ နာဘေး၊ သေဘေး၊ အပါယ်ဘေး လွတ်တာကိုဆိုတာ....(မှန်ပါ့) ကဲ....ဘယ်လောက် ခြားနားသတုံး....(ခြားနားပါတယ်)ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒီနေ့ ဒို့လုပ်လို့ရှိယင် ဘယ်ခရီး ပေါက်တယ်၊ ဒို့ မလုပ်လို့ရှိယင် ဘယ်လို ခရီးဆက်တယ်ဆိုတာ ဒီနေ့ နှစ်လုံး ရှင်းသွားပြီ... (မှန်ပါ့ဘုရား)။

လုပ်တဲ့ ပုဂ္ဂိုလ်ကျတော့ ဝေဒနာ နိရောဓါ... (တဏှာနိရောဓေါပါဘုရား) ဟော....တဏှာနိရောဓေါတိ မဂ္ဂါ.... (မှန်ပါဘုရား)။

မဂ်ပေါ်တယ်.... (မှန်ပါဘုရား) သဘော ကျပလား.... (ကျေပါပြီဘုရား)။

တခါတည်းမဂ်ရတယ်....(မှန်ပါ့)မဂ်ရတော့ ကိုလေသာတွေ အကုန်-ကုန်....(မှန်ပါ့)ကိုလေသာကုန်တော့ ကိုလေသာကုန်တာလဲ တဏှာနိရောဓေါ နိဗ္ဗာန်ဘဲ....(မှန်ပါ့ဘုရား)။

ဩော်.... အလုပ်-လုပ်တဲ့ပုဂ္ဂိုလ်ဟာ နိဗ္ဗာန်ရတယ်.... (မှန်ပါ့) ရှင်းပြီနော်... (ရှင်းပါပြီဘုရား)။

ကဲ... မလုပ်တဲ့ ပုဂ္ဂိုလ်ကျတော့ ဒီဝေဒနာ တွေ့ကတော့ပေါ်မှာဘဲ.... (မှန်ပါ့ဘုရား) ဝေဒနာပစ္စယာ.... (တဏှာပါဘုရား) ဟော... ဝေဒနာပစ္စယာ တဏှာဆိုတော့ ဆက်သွားမယ်၊တဏှာပစ္စယာ_ (ဥပါဒါနံပါဘုရား)ဥပါဒါနပစ္စယာ- (ကမ္မဘဝေါပါဘုရား)ကမ္မဘဝပစ္စယာ.... (ဇာတိပါဘုရား)။

ဟော... သွားပြီ....တဲ့၊ ဇာတိပေါင်း ဘယ်လောက်မှန်း မသိဘူး... တဲ့... (မှန်ပါ့) ပဋိသန္ဓေနေရမည့်ဘဝပေါင်း ဘဝပေါင်း ဘယ်လောက်မှန်း မသိဘူး....တဲ့...(မှန်ပါ့ဘုရား) ဘယ်လောက် ကြောက်စရာကောင်းသတုံး.... (ကောင်းပါဘယ်ဘုရား)။

ဒါ... ဘယ်ပုဂ္ဂိုလ်မှာ ဆက်သွားတာတုံး .. (မရှူတဲ့ပုဂ္ဂိုလ်မှာပါဘုရား) အလုပ်-မလုပ်တဲ့ပုဂ္ဂိုလ်မှာ ဆက်တယ်.... (မှန်ပါ့ဘုရား)။

ဒါဖြင့် အလုပ်-လုပ်တဲ့ပုဂ္ဂိုလ်ကျတော့ ဒါ-တန်းထားလိုက်၊ ဒီမဂ္ဂင်သွင်းလိုက်....(မှန်ပါ့ဘုရား)ဝေဒနာပေါ်တိုင်း,ပေါ်တိုင်း

ဒါကလေးတွေဟာ ရှိသေးသလား၊ မရှိတော့ဘူးလား ကြည့်လိုက်တဲ့အခါကျတော့ မရှိမှန်းမသိပေဘူးလား.....(သိပါတယ်ဘုရား) မရှိတာက အနိစ္စ၊ သိတာက မဂ္ဂ ...(မှန်ပါ့)။

ဒီဘက်က မရှိတာက.... (အနိစ္စပါ) သိတာက... (မဂ္ဂပါ) ဒီမဂ်ဝင်လိုက်တဲ့အတွက် ဒီအစဉ်ကြီးဟာ တန်းမလို့ - တန်းစရာ အဆက်အစပေါ်သေးရဲ့လား.....(မပေါ်ပါဘုရား)။

မပေါ်တဲ့အတွက် .. တဲ့ ဒီဘက်မှာ တဏှာချုပ်, ဥပဒါန်ချုပ်, ကံချုပ်၊ ဇာတိဟူသ၍.....(ချုပ်ပါတယ်ဘုရား) အကုန်ချုပ်တယ်ဆိုတဲ့ဥစ္စာ တကာတကာမတို့ မဂ်က ချုပ်စေတာ-(မှန်ပါ့) ပေါ်ပလား.....(ပေါ်ပါပြီဘုရား)။

ဘယ်သူက ချုပ်စေတာတုံး ... (မဂ်က ချုပ်စေတာပါဘုရား) ဒါဖြင့် တပည့်တော်တို့ဟာ ဝေဒနာပစ္စယာ တဏှာကိုဖြင့် ရပ်ပါပြီ.....(မှန်ပါ့)။

"ဝေဒနာနိရောဓါ တဏှာနိရောဓေါ"နဲ့ဘဲ တပည့်တော်တို့ကြိုးစားပါတော့မယ်ဆိုတဲ့ဥစ္စာ ကိုယ်.ကိုယ်သနားယင် ဆုံးဖြတ်ချက်ချ.....(မှန်ပါ့) ရှင်းပလား.....(ရှင်းပါပြီ)။

ကဲ.....ယခုနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု....သာဓု...သာဓု

ကျေးဇူးတော်ရှင် · အဂ္ဂမဟာပဏ္ဍိတ
အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း · မိုးကုတ် ဆရာတော်ဘုရား
အမရပူရမြို့-ဓမ္မာရုံ၌ ဟောကြားဆုံးမတော်မူသော
ဝေဒနာနုပဿနာ (၂)
တက္ကသိုလ်ယသုတ်
နေ့အလုပ်ပေး-တရားတော်
(ဂ - ၁၀ - ၆၁)

အားလုံး တကာတကာမတို့ အခု တရားနာကြတယ်ဆိုတဲ့ ဥစ္စာ ဘယ်အကျိုးဋ္ဌ၀ါ တရားနာကြသတဲ့....လို့ မေးလို့ရှိယင် ဖြင့် ဒုက္ခခပ်သိမ်းကင်းငြိမ်းဘို့ တရားနာတယ်လို့ စိတ်ထဲက မှတ်ရမယ်... (မှန်ပါ့)။

တရားနာကြတာ ဘယ်အကျိုးဋ္ဌ၀ါပါလိမ့် (ဒုက္ခခပ်သိမ်းကင်းငြိမ်းဘို့ပါဘုရား)။

ဒုက္ခခပ်သိမ်း ကင်းငြိမ်းဘို့ နာကြတယ်ဆိုလို့ရှိယင်ဖြင့်... တဲ့ ဝိဝဋ္ဋကုသိုလ်ဖြစ်ပါတယ်....(မှန်ပါ့)။

အဲဒီတော့ ဒီဒုက္ခခပ်သိမ်းကင်းငြိမ်းဘို့ နာကြတယ်ဆိုတာသိတော့ တခါပြန်တွေး၊ ဩော်....ဒီဒုက္ခသည်ကား... လို့ဆိုလို့ ရှိယင်ဖြင့် ဘယ်ကမျှား လာပါလိမ့်မလဲလို့ ပြန်တွေးတဲ့အခါကျတော့ ဒုက္ခသစ္စာက အကျိုးသစ္စာဖြစ်နေတော့ ဩော်.... ဒို့သည်ကား....လို့ ဆိုလို့ရှိယင် ဘုံဘ၀လိုချင်, ခန္ဓာလိုချင်တဲ့

စာဏ့ာက လာတာကိုးလို့ ဆိုတာလဲ တွေးလုံးထုတ်လိုက်ပါ.... (မှန်ပါ့)။

ဒုက္ခသစ္စာ ဘယ်ကလာပါလိမ့်... (ဘုံဘဝလိုချင်တဲ့ တဏှာက လာပါတယ်ဘုရား) ဘုံဘဝနဲ့ ခန္ဓာလိုချင်တဲ့ တဏှာက လာတယ် (မှန်ပါ့) တကာကြွယ် ရှင်းပလား....(ရှင်းပါပြီ)။

အဲဒီတော့ ဘုန်းကြီးတို့ တကာတကာမတွေ့မှာ သြော်.... တရားနာရတာသည်ကား ဒုက္ခငြိမ်းချင်လို့၊ ဒုက္ခငြိမ်းချင်လို့ ရှိယင် ဒီဒုက္ခ ဘယ်ကလာသတုံးလို့ ဆက်တွေးပြန်တော့ တဏှာ ဥပါဒါန်တွေက လာပြီးသကာလ နေကြတယ်ဆိုတာလဲ သိကြပြီ (မှန်ပါ့)။

ဒါဖြင့် ဒီတဏှာတွေကို သတ်ဘို့ရာအရေး တကာတကာမတို့ နည်းယူတာသည် တရားနာတာအစစ်လို့ မှတ်ပါ.... (မှန်ပါ့) ဒီတဏှာသတ်ဘို့ နည်းယူပြီးသကာလ မှတ်သားနေကြတာသည်တဲ့ တရားနာတာအစစ်လို့ မှတ်ပါ....(မှန်ပါ့)။

ကောင်းပြီ....ဒါဖြင့် တကာတကာမတို့ ဒုက္ခပေးလေသမျှ တဏှာလောဘကဆိုတာ သိပြီ....(မှန်ပါ့)။

တဏှာလောဘကလဲ ယခုအခါမှာ သူသည် ဘယ်မှာ နေပါလိမ့်မလဲလို့ တကာတကာမတွေက အမြစ်အရင်း ရှာလိုက်ပါ.... (မှန်ပါ့)။

တဏှာလောဘက အမြစ်အရင်း ရှာလိုက်တဲ့ အခါကျလို့ ရှိယင်ဖြင့် မိမိခန္ဓာမှာ နေတယ်လို့ မှတ်ပါ....(မှန်ပါ့)။

တဏှာလောဘသည် ဘယ်မှာနေပါလိမ့်....(မိမိခန္ဓာမှာ နေ

ပါတယ်ဘုရား)မိမိခန္ဓာမှာ တွေ့တာနေတယ်လို့ ဘုန်းကြီးတို့ တကာတကာမတွေက မှတ်ထားပါ....(မှန်ပါ့)။

မိမိခန္ဓာမှာလဲတဲ့ အတွေ့တာဆိုး ဘယ်ဟာတုံး....လို့ တခါ ဝေဘန်ဦး.. (မှန်ပါ့) မိမိခန္ဓာမှာလဲ အတွေ့တာဆိုး ဘယ်ဟာတုံးလို့ ဝေဘန်လိုက်ဘဲ့ အခါကျဘာ့ ခန္ဓာ ကောင်းစားချင်တယ်... (မှန်ပါ့)။

ခန္ဓာဆင်းရဲတာကို ခန္ဓာထဲမှာရှိတဲ့ မစားရမည့် မသောက်ရမည့် ဆင်းရဲတွေကို ဒါတွေကြောင့် ဆင်းရဲတဲ့ ဒုက္ခဝေဒနာကြောင့် ဒီတက္ကာဖြစ်တာ....(မှန်ပါ့)။

ချမ်းသာခြင်းထက် ချမ်းသာခြင်း အလိုရှိသောကြောင့်လဲ ဒီတက္ကာဖြစ်တယ်... (မှန်ပါ့) သဘောကျပလား _ (ကျပါပြီဘုရား)။

လူတန်းစေ့ နေချင်သောကြောင့်လဲတဲ့ ဒီတက္ကာဖြစ်တယ်--(မှန်ပါ့) ဒါဖြင့် တကာတကာမတို့သန္တာန်မှာ ဝေဒနာသုံးပါးကြောင့် ဖြစ်တယ်....(မှန်ပါ့)။

တကာတကာမတို့ ကက္ခာဟာ ဘယ်သူ့ကြောင့် ဖြစ်ပါလိမ့်-(ဝေဒနာသုံးပါးကြောင့် ဖြစ်ပါတယ်ဘုရား)။

ဝေဒနာသုံးပါးကြောင့် ဖြစ်တယ်လို့ မှတ်ထားလိုက်တော့မှ သြော်... ဒါဖြင့် ဝေဒနာသတ်ယင် တက္ခာပြတ်မှာဘဲ.... (မှန်ပါ့ဘုရား)။

ဝေဒနာသတ်ယင်....(တက္ခာပြတ်ပါတယ်ဘုရား) တက္ခာပြတ်မယ်ဆိုတာ တကာကြွယ်တို့ တကာသစ်တို့ ဦးမာဒင်တို့ ဦးသန်းမောင်တို့ သိထောပေါ့ဗျာ....(သိပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့က တကာတကာမတွေ့ တရားနာတာ ဒုက္ခသစ္စာ ချုပ်ချင်လို့.....၊ ဒုက္ခသစ္စာက သမုဒယသစ္စာကြောင့် ဖြစ်တယ်၊ သမုဒယသစ္စာသည် ဘယ်က လာသတုံး- ဝေဒနာက လာတယ်ဆိုတော့ လက်သည်အကြောင်း တွေ့ပါပြီ....(တွေ့ပါပြီ ဘုရား)။

ဒုက္ခသစ္စာ ဘယ်က လာသတုံး....(သမုဒယသစ္စာက လာပါ တယ်ဘုရား) တဏှာ သမုဒယက လာတယ်....(မှန်ပါ့)တဏှာ သမုဒယသည် ဘယ်က လာသတုံးဓမ်းယင်....(ဝေဒနာက လာပါ တယ်ဘုရား) ခန္ဓာငါးပါးရှိဆုတ္တင် ဘယ်ခန္ဓာက လာသတုံး မေးယင်ဖတော့ .. (ဝေဒနာက္ခန္ဓာက လာပါတယ်ဘုရား)။

ဒါကလေးဟာ အင်မတန်အရေးကြီးတဲ့အချက်လို့ ဘုန်းကြီး တို့ တကာတကာမတွေ့ မှတ်ထားစမ်းပါ....(မှန်ပါ့)။

ပြန်မေးပါဦးမယ် တကာတကာမတို့နော် .. (မှန်ပါ့) ခန္ဓာ ကိုယ်ကြီး ဘဝတိုင်း အိုဘေး,နာဘေး, သေဘေးတွေ့သင့်တယ်၊ ဘယ့်နှယ်ကြောင့် ဒီခန္ဓာကိုယ်ကြီးဟာ ဘဝတိုင်း အိုဘေး, နာဘေး,သေဘေးတွေ့ သင့်ရပါလိမ့်မလဲလို့ မေးလို့ရှိယင်ဖြင့် တပည့်တော်တို့ ဘုံဘဝခင်တွယ်တဲ့ တဏှာကြောင့်ဘဲ....(မှန်ပါ့) ဆိုနိုင်ကြရဲ့လား....(ဆိုနိုင်ပါတယ်ဘုရား)။

ဒီတဏှာသည် ယခု ဘယ်မှာ နေပါလိမ့်မလဲ .. လို့ မေးတော့ လက်ရှိခန္ဓာမှာနေတယ်.... (မှန်ပါ့ဘုရား) ဘယ်မှာနေပါလိမ့်.... (လက်ရှိခန္ဓာမှာ နေပါတယ်ဘုရား)။

လက်ရှိ ခန္ဓာငါးပါးမှာလဲ သူ အမျှားဆုံး ဘယ်နေရာမှာ သူသည်ကားလို့....ဆိုလို့ရှိယင် တွယ်တာနှစ်သက်ပြီးသကာလ နေပါလိမ့်မလဲလို့ တခါတွေးဦး... (မှန်ပါ!) ဝေဒနာကွန္ဓာမှာ နေတယ်...(မှန်ပါ!) သဘောကျကြပလား.... (ကျပါပြီဘုရား)။

ဘယ်မှာနေပါလိမ့်(ဝေဒနာကွန္ဓာမှာ နေပါတယ်)ဦးမာဒင်တို့ဦးသန်းမောင်တို့ မှတ်ပါနော်....(မှန်ပါ!) ဦးဗဒေ့တို့ မှတ် သေသေချာချာ... (မှန်ပါ!)။

ဩော် ဒါဖြင့် ခန္ဓာထဲမှာ ဝေဒနာရှိတယ်....(မှန်ပါ!)ခန္ဓာထဲမှာ စိတ်ချမ်းသာ, လက်ချမ်းသာ နေချင်တယ်ဘုရားဆိုတာ သုခဝေဒနာ သူသဘောကျတာ...(မှန်ပါ!)။

မကျန်းမာ, မချမ်းသာနဲ့ဖြင့် မနေချင်ပါဘူးဘုရားဆိုတာ ဒုက္ခဝေဒနာ သူ ကြောက်တယ်....(မှန်ပါ!) တပည့်တော်တို့သည်ကားလို့ ဆိုလို့ရှိယင်ဖြင့် မျက်စိ,နား,နှာခေါင်း အင်္ဂါကြီး,ငယ်တွေ ရှိကြပါတယ်ဘုရား၊ ဒါတွေကလဲ မြင်ချင်, ကြားချင်ကြတယ်ဘုရှ့၊ စားချင်ကြတယ်ဘုရှ့ဆိုလို့ရှိယင်လဲ ဥပေက္ခာဝေဒနာကြောင့်ဘဲ....(မှန်ပါ!)။

ဒါဖြင့် တကာသစ်ရေ ဒီတဏှာ ဘယ်က လာပါလိမ့်မလဲ.... (ဝေဒနာကပါ)ဝေဒနာက လာတယ်....(မှန်ပါ!)။

တကာတကာ့မတို့ ဒီဘဏှာ ဘယ်က လာပါလိမ့်...(ဝေဒနာက လာပါတယ်ဘုရား)ဒီတဏှာသည် ကျုပ်တို့ ခင်ဗျားတို့ကသာလက်ခံမှုကြီး ရှိနေကြမယ်ဆိုလို့ရှိယင်ဖြင့် တဏှာသမုဒယသစ္စာ

ဖြစ်သောကြောင့် ဒုက္ခသစ္စာနဲ့ဘဲ ခင်ဗျားတို့ အချိန်ကုန်ရလိမ့်မယ်....(မှန်ပါ့)။

ဒါ့ကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ့ သေသေချာချာ ပြော....တဏှာသတ်ချင်ယင် တဏှာကိုမသတ်နဲ့....(မှန်ပါ့) ဝေဒနာကို သတ်ပါ....(မှန်ပါ့) တဏှာသေချင်ယင် ဝေဒနာကို ရှုပါ....(မှန်ပါ့)။

တဏှာသေချင်ယင်....(ဝေဒနာရှုပါဘုရား)တော်တော်အရေးကြီးတယ်နော်....(မှန်ပါ့)။

ဦးမာဒင်....တဏှာသေချင်ယင် တဏှာရှုရမှာလား....၊ တဏှာ့ရေသောက်မြစ် ဖြတ်ရမှာလား....(တဏှာ့ရေသောက်မြစ် ဖြတ်ရမှာပါဘုရား)အင်း....ဘာတွေ့ကြပါလိမ့်....(ဝေဒနာတွေ့ပါတယ်ဘုရား)။

မှတ်ကြပါ....မှတ်ကြပါ တကာတကာမတို့....၊ တဏှာ၏ ရေသောက်မြစ်ဟာ ဝေဒနာပါကလားဆိုတာ ပေါ်လာတယ် ....(ပေါ်လာပါတယ်ဘုရား)။

ဒါ့ကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဝေဒနာပစ္စယာ တဏှာ....(မှန်ပါ့ဘုရား)။

ဘယ့်နှယ်မျှား ဟောသတုံး.... (ဝေဒနာပစ္စယာ တဏှာပါ) ဝေဒနာပစ္စယာ = ဝေဒနာတည်းဟူသော အာရုံကြောင်းကြောင့်၊ တဏှာ=တဏှာသည်၊ ဥပဒ္ဒတိ=ဖြစ်၏.... (မှန်ပါ့) သဘောကျပလား... (ကျပါပြီဘုရား)။

သြော်....ဒီတစ်ခုသည်ကားလို့ ဆိုလို့ရှိယင် တကာတကာမ တို့ ဝေဒနာကြောင့် ဖြစ်တာဘဲ....(မှန်ပါ့)။

ဒါ့ကြောင့် တစ်ခုသေယင် နိဗ္ဗာန်ရောက်ပါတယ် ဆိုသဖြင့် တစ်ခုရေသောက်မြစ် မဖြတ်လို့ရှိယင် တစ်ခုပြတ်ပါ့မလား... (မပြတ်ပါဘုရား)။

အဲဒါ့ကြောင့် ဦးမာဒင် သေသေချာချာ မှတ်စမ်းပါ၊ဝေဒနာ ရှုလိုက်ယင် တစ်ခုပြတ်တယ်... (မှန်ပါ့)။

ဝေဒနာ ဖြစ်ပျက်မြင်လို့ရှိယင်....(တစ်ခုပြတ်သွားပါတယ် ဘုရား)တစ်ခုပြတ်တယ်လို့ဆိုတာ မှတ်တော့မှ ဒါ့ကြောင့်.... တကာတကာမတွေ ဝေဒနာကို ဖြစ်ပျက်မြင်မှ (ဝါ)အနိစ္စမြင်မှ (ဝါ)ခယ,ဝယမြင်မှ (မှန်ပါ့)ကုန်တာ,ပျောက်တာမြင်မှ.... (မှန်ပါ့)။

သြော်... မြင်ဘို့ဉာဏ်ကလေး ဝင်လာမှ တစ်ခုသေတယ်လို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့ဘုရား)။

ဝေဒနာတို့၏ ကုန်တာ,ပျောက်တာကို မြင်တဲ့ဉာဏ် ဝင်လာမှ တစ်ခုသေတယ်... (မှန်ပါ့) သဘောပါကြပလား.... (ပါ-ပါပြီ ဘုရား)။

ဒါ ဘာကို ဟောချင်လို့လဲလို့ မေးတဲ့အခါကျတော့မှ တကာကြွယ် သတိထားနားထောင်ပါ...(မှန်ပါ့) သိကြားမင်း ကြီးက တာဝတိံသာနတ်ပြည်မှာ ဥယျာဉ် ပျော်ပါးမယ်လို့.... ရောဝတ်ဆင်ကြီး စီးပြီးသကာလ နတ်သမီးတွေနဲ့ နန္ဒဝန်ဥယျာဉ်

ထွက်လာတယ်....(မှန်ပါ)ဥယျာဉ်ဝ ရောက်ခါရှိသေးတယ် သူ့စိတ်ထဲ အတွေးတခုပေါ်လာတယ်....(မှန်ပါ့)။

ဘာအတွေးတခု ပေါ်သတုံးလို့ မေးတဲ့အခါကျတော့.... လောကကြီး အခု ဆင်းရဲပေးနေတာ တဏှာကဘဲ ....(မှန်ပါ့) လောကကြီး အခု ဆင်းရဲပေးနေတဲ့ လက်သည်ရှာလို့ရှိယင် တဏှာက ပေးတာချည့် မှတ်ပါ....(မှန်ပါ့)။

လောကကြီး ဘယ်သူ ဆင်းရဲနေသတဲ့ဆိုလို့ရှိယင် ဘယ့်နှယ် ပြောကြမလဲ.....(တဏှာက ပေးတာပါဘုရား) သြော်....တဏှာက ပေးတဲ့ ဆင်းရဲဘဲ....(မှန်ပါ့)တဏှာက ပေးတဲ့ ဆင်းရဲဘဲ(မှန်ပါ့) သဘောကျပလား ...(ကျပါပြီဘုရား)။

မယုံယင် စဉ်းစားကြည့်ပါ တကာတကာမတို့၊ သူများထက် ချမ်းသာချင်ယင် သူများထက် ပိုဆင်းရဲခံရလိမ့်မယ် ... (မှန်ပါ့) သူများထက် ချမ်းသာချင်တာက တဏှာ....(မှန်ပါ့)သူများထက် ပိုဆင်းရဲတာက ဒုက္ခ....(မှန်ပါ့)။

အဲဒီ သူများထက် ပိုဆင်းရဲရတဲ့ ဒုက္ခ ဘယ်သူပေးတာတုံး.... (တဏှာက ပေးတာပါ) သူများထက် ပိုချမ်းသာချင်တဲ့တဏှာက ပေးလိုက်တာ ..(မှန်ပါ့)။

အင်း... တကာဘကာမတွေက ချမ်းသာချင်တာကလဲ သူများထက် သာချင်တယ် ..(မှန်ပါ့)သူများထက် သာပြီး ချမ်းသာချင်လို့ရှိယင် သူများထက် တကာတကာမတို့ တဏှာပိုသော်လည်း ပိုလိုက် ..(မှန်ပါ့)တဏှာပိုလို့ရှိယင် သူများထက် ဆင်းရဲခံရမယ်ဆိုတာလဲ ဧကန်ဘဲ ...(မှန်ပါ့) တကာကြွယ်....ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

သူများထက် ပိုပြီးသကာလ ချမ်းသာချင်ခြင်းကို အလိုရှိတဲ့ ပုဂ္ဂိုလ်သည် သူများထက် ပိုမိုပြီးသကာလ အရင်းအနှီးများရမယ်၊အလုပ်အကိုင်ပိုရမယ်၊အများကြီးလုပ်ရမယ်၊မိတ်ဆွေအများကြီး ဖွဲ့ရမယ်၊ တကာတကာမတို့ ဟိုပို့ ဒီပို့ အများကြီး ပို့ရမယ်....(မှန်ပါ့)။

ဒါ သူများထက် ချမ်းသာခြင်းကို အလိုရှိလို့ တဏှာများလို့ ဆင်းရဲခြင်းများတယ်လို့ မှတ်လိုက်စမ်းပါ... (မှန်ပါ့)ဦးမာဒင်... ရိုပ်မိပလား....(ရိုပ်မိပါပြီ) ဦးသန်းမောင်ကော....(ရိုပ်မိပါပြီဘုရား)။

ဆင်းရဲခြင်းများတာသည် ကိုယ့်တဏှာများလို့ ဆင်းရဲခြင်းများတာ...(မှန်ပါ့)သို့သော်... ခင်ဗျားတို့ တကာတကာမတွေကတော့ ဘယ်သူဟာဖြင့် တော်လိုက်တာတဲ့... (မှန်ပါ့)ဆင်းရဲခြင်းများတာတော့ သွားမကြည့်ဘူး....(မှန်ပါ့)။

ဆင်းရဲခြင်းများတာတော့-(သွားမကြည့်ပါ)သူက ဘယ့်နှယ်ကြောင့် ဆင်းရဲခြင်း များရပါလိမ့်မတုံး ဆိုပြန်တော့လဲ သူများထက် ချမ်းသာချင်တဲ့ တဏှာကြောင့်.. (မှန်ပါ့) သူ့မှာ ဆင်းရဲခြင်းတွေ ဘယ်နှယ်ဖြစ်ရသလဲ....(များပါတယ်ဘုရား)။

အဲဒီ ဆင်းရဲမှုများတာကိုပင်လျှင် တကာကြွယ်တို့ လူစုတွေကလဲ အားကျနေကြတယ်--(ကျပါတယ်)ဘယ်လိုအားကျသတုံးလို့ မေးတော့ ဒီအခြေအနေမျိုး ဘယ်တော့ ရောက်ပါ့မလဲ.... (မှန်ပါ့)။

ဩော်.... တကာတကာမတွေ့ ဒီအခြေအနေမျိုး ဘယ်တော့ ရောက်ပါ့မလဲဆိုတာ ဒီဆင်းရဲကြီး ဘယ်တော့ ရပါ့မလဲ-(မှန်ပါ့ဘုရား) ဒါ-ဉာဏ်နဲ့တွေး....(မှန်ပါ့)။

ဉာဏ်နဲ့တွေးလိုက်တော့ ဘယ်နှယ်ဖြစ်လာသတုံး-(ဒီဆင်းရဲခြင်း ဘယ်တော့ ရပါ့မလဲ) ဒီဆင်းရဲခြင်း ဘယ်တော့ရပါ့မလဲ-(မှန်ပါ့)။

ဒါ....ရှိတဲ့လူကို မရှိတဲ့လူက တွေးလုံးကဖြင့် တကာသစ် ဒါမျိုးမျည့်ဘဲ....(မှန်ပါ့)။

ဩော်.... သူတို့အခြေအနေမျိုး ဘယ်တော့ ရောက်ပါ့မတုံး ဆိုတဲ့ဥစ္စာ ဆင်းရဲကြီးသမားကို သူဌေးပြီးတော့ တကာကြွယ် အားကျတာ....(မှန်ပါ့)။

ဆင်းရဲကြီးသမားကို ... (သူဌေးပြီး အားကျပါတယ်ဘုရား) သူ့လို အခြေအနေမျိုး ဘယ်တော့ ရောက်ပါ့မတုံး၊ ကျုပ်တို့ဖြင့် ဒီဘဝ ရောက်မှ ရောက်နိုင်ပါ့မလား .. ၊ အံမာ ဒီလိုမျှား တွေးလိုက်သေးတယ်....(တွေးပါတယ်ဘုရား)။

သူ့ဆင်းရဲကြီး ကျုပ်ဖြင့် ဝေမှ ခံရပါ့မလား.... (မှန်ပါ့) ဘာဖြစ်ကြတာတုံး ... (အားကျတာပါ) ဦးမာဒင်တို့ ဘာတုံးဗျ ပြောကြစမ်းပါဦး....၊ သူ့ဆင်းရဲကြီး ဝေမှ ခံရပါ့မလား....လို့ သေသေချာချာ အဓိပ္ပါယ်ကတော့ တကာကြွယ် ဒီရောက်တယ်-(မှန်ပါ့) မရောက်ဘူးလား....(ရောက်ပါတယ်ဘုရား)။

သို့သော်....မသိတဲ့ပုဂ္ဂိုလ်တွေကတော့ဖြင့် ဒါ- ချမ်းသာထင်နေလို့ ဩော်....သူတို့မှာဖြင့် သညာဝိပ္ပလ္လာသ, ဒိဋ္ဌိဝိပ္ပလ္လာသ,

စိတ္တဝိပ္ပလ္လာသ-ဆိုတဲ့ အရှုးသုံးချက်က အုပ်ချုပ်နေလို့ ဒီဆင်းရဲကြီးမျိုး ဘယ်တော့ရပါ့မလဲ ပြောတာ....(မှန်ပါ့) ရှင်းပလား-(ရှင်းပါပြီဘုရား)။

ဒီဆင်းရဲကြီးမျိုး ဘယ်တော့ရပါ့မလဲဆိုတဲ့ပုဂ္ဂိုလ်ဟာ ရှူးလို့မှတ်ပါ....(မှန်ပါ့) ဘယ်လိုမှတ်ကြမယ်.... (ရှူးလို့မှတ်ရပါမယ်ဘုရား)။

တကာကြွယ်တို့ နဂိုရိုက တော်တော်ရှူးခဲ့တယ်နော်.... (ရှူးခဲ့ပါတယ်ဘုရား) တော်တော်ရှူးလို့ ဦးမာဒင်တို့ အရှူးကြီးတော့ဆိုတာ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

သူများလို တိုက်တွေ, တာတွေနဲ့ နိုင်ငံခြား သွားချင်တာ, တစက္ကန့်ဝင်ငွေ ဘယ်လောက်ဆိုတာ ကြားရတော့ အင်း.... ဒီအခြေအနေများ ဘယ်တော့ရောက်ပါ့မတုံး၊ ရောက်နိုင်တဲ့ကံ မရှိဘူး၊ ဝမ်းများ နည်းလိုက်သေးတယ်....(မှန်ပါ့)။

ဒီဒုက္ခကြီး ကိုယ့်ဆီမရောက်မှာစိုးလို့ ဝမ်းများတောင် နည်းလိုက်သေးတယ်....(မှန်ပါ့) ဒီလောက်ထိအောင် ဖေါက်ပြန်တာဆိုတဲ့ဥစ္စာကိုလဲဦးလှဘူးရိပ်မိလောက်ပါပြီ....(ရိပ်မိပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ဒီဥစ္စာ တကာတကာမတို့ လူ့ပြည်မှာဆင်းရဲ၊ သေတော့ ငရဲကျ....(မှန်ပါ့) အင်း....ဦးမာဒင် အမြတ်ပြောစမ်း (မရှိပါဘုရား) ဦးသန်းမောင် အမြတ်ပြောစမ်းပါ.... (အမြတ်မရှိပါဘုရား) အမြတ်မရှိဘူးနော်....(မှန်ပါ့)။

လူ့ပြည်မှာ ဆင်းရဲတယ်၊ သေတော့ ငရဲသွားရတယ်ဆိုတော့ ဒါဘဲ ခင်ဗျားတို့ ဒုက္ခရောက်ဘို့ရာတွေကို ကြိုးစားနေကြတယ်ဆိုတာ ပေါ်ကြပလား_(ပေါ်ပါပြီဘုရား)။

အဲဒါတွေ အားလုံးသော တကာတကာမတွေကို ဘုန်းကြီးများက ဖွင့်ဟပြီးသကာလ အကျယ်တဝင့် မပြောဘူး၊ ပဋ္ဌာန်းသမုပ္ပါဒ် အကြောင်းအကျိုး ဆက်မပြဘူးဆိုယင် အလွန် အားကျတဲ့ အလုပ်ပါလား....(မှန်ပါဘုရား) အလွန်အားကျတဲ့အလုပ် ဆိုယင် လဲပါမလား....(မလဲပါဘုရား) တယ်လဲ ဆိုးပါကလား (ဆိုးပါတယ်ဘုရား)။

ဒါဖြင့် ဘုရားလဲ မပွင့်လို့ ဘုန်းကြီးတို့လို ဘုရားသာသနာနဲ့ ကြုံလို့ ဘုရားတပည့်တော့ ဟောတတ်, ပြောတတ်တဲ့ပုဂ္ဂိုလ်နဲ့ မကြုံလို့ ရှိယင်ဖြင့် ကဲ.... တရားတပဲလုံးဘဲ ပြောကြပါတော့ ဆင်းရဲခြင်း တောင်းတမည့်ပုဂ္ဂိုလ်ချည့်ဘဲလို့ ဆုံးဖြတ်ချက်ချ.... (မှန်ပါ)။

ဘာ တောင့်တကြမတုံး.... (ဆင်းရဲခြင်း တောင့်တကြမှာပါဘုရား) တကာကြွယ် ယုံရဲ့လားဗျာ....(ယုံပါတယ်ဘုရား)။

ဘုရားကလဲ မရှိပါဘူး၊ ဘုန်းကြီးတို့လို ဟုရားတပည့်သားတွေကလဲ မရှိကြတော့ဘူး၊ ကျန်တဲ့ပုဂ္ဂိုလ်တွေ ဘာတွေများ တောင့်တပြီးသကာလ သူတို့စိတ်ထဲမှာ နေကြရလိမ့်မလဲ... လို့ တရားတပဲလုံးတွေးယင် ဘာကို တောင့်တနေကြမယ်ထင်သတုံး-(ဆင်းရဲခြင်းကို တောင့်တနေကြမှာပါဘုရား)ပေါ့ပြီ.... (ပေါ့ပါပြီ)ဘာတွေ့ တောင့်တနေကြမတုံး....(ဆင်းရဲခြင်း တောင့်တနေကြမှာပါဘုရား) တကာကြွယ် ဟုတ်ပလား....(ဟုတ်ပါတယ်ဘုရား)။

သူတို့မှာ ဒီအမှတ်မှားဆိုတဲ့ သညာဝိပလ္လာသ-ဟုတ်လား....

(မှန်ပါ့) အသိမှားဆိုတဲ့ စိတ္တဝိပ္ပလ္လာသ... (မှန်ပါ့) အယူကိုက မှားနေလို့ ဆိုတဲ့ ဒိဋ္ဌိဝိပ္ပလ္လာသ....(မှန်ပါ့)။

ဒါ့ကြောင့် ဒီဝေဒနာကို တကာတကာမတွေ မြင်လဲ မမြင်ဘူး၊ ရှုလဲ မရှုတတ်ဘူးဆိုယင်ဖြင့် ဒီတဏှာဟာ ဦးမာဒင်တို့ ဦးသန်းမောင်တို့ သေပါ့မလား.... (မသေပါဘုရား) မသေယင် သူ့ဒုက္ခပေးတော့မယ်.... (မှန်ပါ့) သူမသေသ၍ ဒုက္ခပေးတော့မယ်....(မှန်ပါ့) မပေးပေဘူးလား....(ပေးပါတယ်ဘုရား)။

ဆင်းရဲ ဘယ်ကလာ တဏှာကလာ....(မှန်ပါ့ဘုရား) တဏှာ ဘယ်ကလာဝေဒနာကလာ... (မှန်ပါ့)သဘောကျပလား(ကျပါပြီ) ဆင်းရဲဘယ်ကလာပါလိမ့်....(တဏှာက လာပါတယ်ဘုရား) တဏှာ ဘယ်ကလာပါလိမ့်.... (ဝေဒနာက လာပါတယ်ဘုရား)။

ဒါဖြင့် ဝေဒနာနဲ့ တဏှာကြားကို ကျုပ်တို့ မဂ်ဝင်ကြပါစို့ (မှန်ပါ့) သဘောပါပလား....(ပါ-ပါပြီဘုရား)။

အလုပ်ပေးတော့မယ် တကာတကာမတို့ ဘယ်ကြား မဂ်ဝင်ရမလဲ....(ဝေဒနာနဲ့ တဏှာကြား မဂ်ဝင်ရပါမယ်ဘုရား) ဦးမာဒင်-ရိပ်မိပြီ... (ရိပ်မိပါပြီ ဘုရား)။

တကာကြွယ်ကော (ရိပ်မိပါပြီဘုရား) ဘယ်ကြားမှာ မဂ်ဝင်ရမလဲ... (ဝေဒနာနဲ့ တဏှာကြားမှာ မဂ်ဝင်ရပါမယ်ဘုရား)။

ဩော်.... ဒါဖြင့်ဘုန်းကြီးကကြီးကြီးကျယ်ကျယ် ပြောတယ်လို့ ဦးသန်းမောင်တို့, ဦးဗထွေးတို့ကမဆိုနဲ့ပေါ့ဗျာ... (မှန်ပါ့)။

ဘုရားဖြစ်တဲ့နေရာဟာ ဗောဓိပင်နဲ့ ရှေ့ပလ္လင်မှာ မဟုတ်ပါဘူး၊ ဝေဒနာနဲ့ တဏှာကြားမှာ သဗ္ဗညုတဉာဏ် ရပါတယ်... (မှန်ပါ့)။

ဘုရားဖြစ်တဲ့နေရာပေါ်ပလား....(ပေါ်ပါပြီ) ဘုရားဖြစ်တဲ့နေရာ ခင်ဗျားတို့က အင်း....ဗောဓိပင်နဲ့ ရွှေပလ္လင်မှာ အိန္ဒိယမှာ အဲဒီမှာ ဖြစ်တယ်လို့ ပြောတာက အမြင်ပြောတာ....(မှန်ပါ့)။

တကယ် အတွင်းကျကျ ပြောကြပါစို့ဆိုတော့ ဝေဒနာနဲ့ တဏှာကြားမှာ မဂ်ဝင်လို့ ဒီနေရာမှာ သဗ္ဗညုတဉာဏ်ရပါတယ် (မှန်ပါ့) ဝေဒနာနဲ့တဏှာကြားမှာ သဗ္ဗညုတဉာဏ်ရတယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘုရားဖြစ်တာ ဘယ်နေရာပါလိမ့်.... (ဝေဒနာနဲ့ တဏှာကြားမှာပါဘုရား) အဲဒီမှာမှ ဗောဓိပင်နဲ့ ရွှေပလ္လင်ရှိတယ်....(မှန်ပါ့) ဝေဒနာနဲ့တဏှာကြားမှာမှ ဘုရားဖြစ်တာကိုး .. (မှန်ပါ့)။

ဒါ.... ခင်ဗျားတို့က အိန္ဒိယသွားပြီး ဘုရားဖြစ်တဲ့နေရာလဲသွားရဦးမယ်.... (မှန်ပါ့) အင်း....ခက်တဲ့လူတွေဘဲ.... (မှန်ပါ့ ဘုရား)။

မသွားရဘူးလို့ ဘုန်းကြီးတို့က မဆိုပါဘူး၊ဘုရားဖြစ်တာက ဟိုမှာ သဏ္ဌာန်တော်ဘုရားပါ....(မှန်ပါ့) တကယ့် ပဋိစ္စသမုပ္ပါဒ် ခန္ဓဝုပဋိစ္စသမုပ္ပါဒ်ဖြတ်ဘဲ့ပရမတ်ဘုရားစစ်စစ်ကတော့ ဝေဒနာနဲ့ တဏှာကြားမှာ သဗ္ဗညုတဉာဏ်ဝင်လာဘယ် ....(မှန်ပါ့)။

ဘုရားဖြစ်တဲ့နေရာအစစ်က သိပလား.... (သိပါပြီဘုရား) ဝေဒနာနဲ့ တဏှာကြားမှာ သဗ္ဗညုတဉာဏ်ပေါ်တာကို ဆိုတာ (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် ဘုရားဘယ်နေရာမှာ ဖြစ်ပါလိမ့်.... (ဝေဒနာနဲ့ တဏှာကြားမှာဖြစ်ပါတယ်ဘုရား)။

ဒါကြောင့် ခင်ဗျားတို့ ဘယ်နေရာမှာ ဖြစ်ပါလိမ့်မတုံးလို့ အင်း....ဒီ အိန္ဒိယမှာဘဲလား၊ ဒီ့ပြင်နေရာမှာဘဲလားလို့ မေးစရာလဲ အမျိုးမျိုးရှိနေလိမ့်မယ်....(မှန်ပါ့)။

အခုဟာတော့ မေးစရာမလိုတော့ဘူး....၊ ဘယ်ဘုရားမဆို ဝေဒနာနဲ့ တဏှာကြားမှာ ဖြစ်တယ်.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ)။

ဘယ်ဘုရားမဆို.... (ဝေဒနာနဲ့တဏှာကြားမှာ ဘုရားဖြစ်ပါတယ်ဘုရား) သဘောပါကြပလား...(ပါ၊ပါပြီဘုရား)။

ခင်ဗျားတို့အားလုံး တရား တပဲလုံး တကာ တကာမတွေလဲ သောတာပန်ဖြစ်ချင်လဲ ဝေဒနာနဲ့ တဏှာကြားမှာဖြစ်ရမယ်.... (မှန်ပါ့) သကဒါဂါမ်ဖြစ်ချင်လဲ.... (ဝေဒနာနဲ့ တဏှာကြားပါ)သဘောကျပလား....(ကျပါပြီ) တကာကွယ် ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား) ဦးဘသော်တို့ ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် အားလုံးတကာတကာမတွေ ဒီနေ့ဟာမည်တရားသည် ဒို့သောတာပန် ဖြစ်ရမည်နေရာ၊ ဒို့ ဒီနေရာမှာပါး တခြားသောနေရာ၌ သောတာပန် ဖြစ်စရာ မရှိဘူး.... (မှန်ပါ့) ဒီကြားမှာ ဒို့မဂ်စစ်ဝင်လိုက်ရလို့ ရှိယင်ဖြင့် ဒီနေရာမှာ ဒို့သောဘာပန်လဲ တရားဟောနေတုန်းဘဲ ဝေဒနာနဲ့ တဏှာကြားမှာ ဝေဒနာဖြစ်ပျက် မြင်လို့ တဏှာ ချုပ်သွားလို့ ရှိယင်

လဲ ဒီနေရာသောတာပန် တည်မှာဘဲ....(မှန်ပါ့ဘုရား)ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဂင်္ဂါဝါဠုသဲစုမက ဘုရားတွေ ဘယ်နေရာမှာ ဘုရားဖြစ်သွားကြပါလိမ့်....(ဝေဒနာနဲ့ တဏှာကြားမှာဘုရား) အဲဒါသေသေချာချာမှတ်ပါ....(မှန်ပါ့ဘုရား)။

ဒီတကာတကာမတွေလဲ သောတာပန်,သကဒါဂါမ်, အနာဂါမ်, ရဟန္တာဖြစ်ချင်ကြလို့ရှိယင် ဒီ့ပြင်နေရာ မဖြစ်ပါဘူး.... (မှန်ပါ့ဘုရား)။

ခန္ဓာထဲမှာ ဝေဒနာပေါ်လာတယ်.... (မှန်ပါ့ဘုရား)ဝေဒနာပေါ်လာတဲ့အခါ တကာတကာမတွေက ဖျတ်ကနဲ ဖြစ်ပျက်ရှုချလိုက်....(မှန်ပါ့ဘုရား)။

ဖျတ်ကနဲ ဖြစ်ပျက်တွေ့ ရှုချလိုက်တော့ နောက်ကတဏှာက လုံးဝသေသွားတဲ့ အခါကျလို့ ရှိယင်ဖြင့်တဲ့ သြော်.... ဝေဒနာ့ နောက်ကနေပြီး သကာလ တဏှာမဖြစ်ခင် သောတာပန် တည်တယ်၊ သကဒါဂါမ်တည်တယ်၊ အနာဂါမ်တည်တယ်၊ ရဟန္တာဖြစ်တယ်ဆိုတာ ဒီတနေရာတည်းရှိတယ်....(မှန်ပါ့)။

ဒါ့ကြောင့် ခင်ဗျားတို့ ဘာမှမပူကြပါနဲ့ တကာတကာမတို့ ဝေဒနာ့နောက်ကနေပြီး မဂ်သာလိုက်နိုင်အောင် လုပ်စမ်းပါ....(မှန်ပါ့)။

အဲဒီတော့ ဒီ့ပြင်တရားနာထားတဲ့ ဟိုတိုက်ထဲမှာ နေ့လယ်ကပြောတားတဲ့စိတ်ရှုပါ။ ဒီထဲမှာလဲ ဝေဒနာ ပါလျက် ချည့်မှတ်လိုက်... (မှန်ပါ့)။

ဒီထဲမှာလဲ ဝေဒနာပါလျက်ချည့်ဘဲ....(မှန်ပါ့ဘုရား) ရှင်းပြီ နော်....(ရှင်းပါပြီဘုရား)။

ကဲ..ဒါဖြင့် ဘာမှမပူနဲ့. စိတ်ရှုတဲ့ပုဂ္ဂိုလ်လဲ ဝေဒနာပါလို့. စိတ်နောက်က တဏှာမလာဘဲ နေမှာဘဲ... (မှန်ပါ့) ဝေဒနာ နောက်ကလဲ....(တဏှာမလာဘဲ နေမှာပါ)တဏှာမလာဘဲနေမှာဘဲ ရှုတဲ့မင်္ဂသာနေပစေ....(မှန်ပါ့)။

ဒါ့ကြောင့် စိတ္တာနုပဿနာ ရှုလဲ နိဗ္ဗာန် ရောက်တယ်ဆိုတာ ဝေဒနာပါနေလို့.....(မှန်ပါ့)ဝေဒနာ နုပဿနာ ရှုလဲ သောတာပန်,သကဒါဂါမ်, အနာဂါမ်တည်ပြီး နိဗ္ဗာန်ရောက်နိုင်တယ်ဆိုတဲ့ ဥစ္စာဟာလဲ ဝေဒနာပါနေတယ် စိတ်ထဲမှာ၊ စိတ်နဲ့. ဝေဒနာဟာ သမ္မ ယုတ္တ ဓမ္မ(မှန်ပါ့ဘုရား)။

သမ္မ ယုတ္တ ဓမ္မဆိုတာ တကာတကာမတို့ မသိဘဲ နေမှာစိုးရတယ်၊ မီးနဲ့. အလင်းဟာ တကာတကာမတို့ မီးနည်းနည်း ကလေးထည့်လိုက်တယ် မီးနည်းနည်းကလေး ထည့်တဲ့ မီးဟာ နည်းနည်းကလေး လင်းတာဘဲ.... (မှန်ပါ့)။

များများ မီးခဲကြီးယင်.... (များများ လင်းပါတယ်ဘုရား) ဒီထက်ပိုမိုကြီးယင် (ဒီထက်ပိုမိုလင်းပါတယ်ဘုရား) ဒါဖြင့်မီးနဲ့. အလင်း တကာသစ် ဘယ်သူအရင် ဖြစ်သင့်သလဲ မေးယင် ဘယ့်နှယ်ဖြေပါ့မလဲ.... (တပြိုင်တည်းပါဘုရား) ဦးမာဒင် ဘယ့်နှယ်ဖြေပါ့မလဲ.... (တပြိုင်တည်းပါဘုရား) ဦးသန်းမောင်တို့ တပြိုင်နက်....(မှန်ပါ့)။

ဦးဗထွေး ဘာတဲ့၊ ဘယ်လိုပါလိမ့်... (တပြိုင်နက်ပါဘုရား) အဲ....ဝေဒနာနဲ့ စိတ်နဲ့ဟာ တပြိုင်နက် ဖြစ်တယ်.... (မှန်ပါ့) ပျောက်တာကိုကြည့်....(မှန်ပါ့))

ပျောက်တာကြည့်၊ တပည့်တော်က ဝေဒနာအမြင်များတယ် ဘုရာ့ဆိုယင်ဝေဒနာရှု ... (မှန်ပါ့)တပည့်တော်ကတော့ ဘုန်းကြီးပေးထားတဲ့စိတ်ဘဲ ကျေနပ်တယ်ဘုရား....၊ ကိုယ့်စိတ်ကိုယ်ရှုနေရတာ ကျေနပ်တယ်ဆိုလဲ အတူတူဘဲ (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ ဒီအရေးဟာဖြင့်ကြိုက်ရာရှု၊ ဝေဒနာ ကင်းတာလဲ မပါဘူး၊ စိတ်ကင်းတာလဲ မပါဘူး.... (မှန်ပါ့)ပေါ်ကြပလား (ပေါ်ပါပြီဘုရား)ဒါ့ကြောင့်.... နည်းမရလဲမရှိပါစေနဲ့ဆိုတာ သတိုပေးလိုက်ပါတယ်.... (မှန်ပါ့)။

နည်းမရလဲ မရှိကြပါစေနဲ့ စိတ်ရှုလဲ ဝေဒနာ ပါတာဘဲ၊ ဝေဒနာရှုလဲ စိတ်ပါတာဘဲ....(မှန်ပါ့)ကြိုက်တာရှုပါ.... (မှန်လှုပါ) ရှင်းပြီနော်....(ရှင်းပါပြီ)။

ကိုင်းဒါဖြင့် သီကြားမင်းကြီး အကြောင်းဘဲ ဆက်ကြပါစို့....(မှန်ပါ့) သီကြားမင်းကြီးက ဥယျာဉ်ဝလဲ ရောက်ပါရောတဏှာအမြန်ကုန်တဲ့နည်းဟာ ဘယ်နည်း ပါလိမ့်မလဲ....၊တဏှာမကုန်သ၍ ဒုက္ခမကုန်ဘူး... (မှန်ပါ့)။

တဏှာကုန်တဲ့နည်း ဘယ်နည်း ပါလိမ့်မတုံးလို့ ဥယျာဉ်ထဲဆင်စီးယင်း ပျော်မယ်ပါးမယ်လို့ ကြံစည်ရင်းမတွန့်နဲ့ ဒီအတွေးစာခု တကာကြွယ်ပေါ်လာတယ်....(မှန်လှုပါဘုရား)။

တဏှာအမြန်ကုန်တဲ့နည်း ဘယ်နည်းပါလိမ့်မတုံး....(မှန်ပါ့) ဒီတဏှာကြောင့် တသံသရာလုံး လူတိုင်းစေ့ ဒုက္ခဖြစ်နေတယ်.... (မှန်ပါ့ဘုရား)။

ဒီတွေးလုံးသည်ကားလို့ ဆိုယင် တော်တော်ကြာမှပျော်လိုက်ပါးလိုက် ငါးပါးအာရုံ ကာမဂုဏ်တွေထဲ ရောက်သွားလို့ ရှိယင် ကိစ္စတွေက များသွားယင် ဒီအကြံအစည်ကလေးတောင်ပျောက်သွားလိမ့်မယ်....(မှန်ပါ့)။

မြန်မြန်ကြီးကို ရှင်းမှဘဲဆိုပြီးသကာလ သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်းကိုကပျကယာပြေးတယ်....(မှန်ပါ့) ဟိုမှာ နတ်သမီးနတ်သားတွေနဲ့ ဆင်ကြိုးရပ်ထားပစ်ခဲ့တယ်.... (မှန်ပါ့ဘုရား)။

ကွေးသည့်လက် ဆန့်သလောက်နဲ့ ပုဗ္ဗာရုံ ကျောင်းရောက်လာတယ်လို့ မှတ်လိုက်တာပေါ့ ဦးမာဒင်ရယ်.... (မှန်ပါ့ဘုရား)။

ဒီတွင်မှ ဘုရားသခင် ကိုယ်တော်မြတ်ကြီးကို အတင်းအဓမ္မလျှောက်တယ်.... (မှန်ပါ့) တဏှာ အမြန်ကုန်တဲ့နည်း အရှင် ဘုရားတပည့်တော် သိပ်အရေးကြီးပြီး အလွန် အလိုရှိပါတယ် ဘုရားတဲ့၊ တကာတကာမတို့ အင်မတန် အရေးတကြီး အလိုရှိတယ်....(မှန်ပါ့ဘုရား)။

"ကိုတ္တာဝတာ နုခေါ ဘန္တေ ဘိက္ခု တဏှာသင်္ခယ ဝိမုတ္တောဟောတိ"။

အရှင်ဘုရား တဏှာအမြန်ကုန်အောင် ဘယ်နှယ် လုပ်ရပါ့မတုံး....၊ အဲဒီနည်းကလေး ပေးသနားတော်မူပါတဲ့.... (မှန်ပါ့) မြန်မြန် ပေးပါဘုရာ့ဆိုတဲ့ဥစ္စာလဲ သူလျှောက်တယ်.... (မှန်ပါ့ဘုရား)။

ဘယ်နှယ်ကြောင့် လျှောက်ရပါလိမ့် ဟိုမှာ ဥယျာဉ်မှာ ပျော်ပါးမလို့ ပြင်ဆင်ပြီးသား....(မှန်ပါ့) ဆင်ခဏ ရပ်ထားပြီး ဆင်ပေါ်ကဆင်းခဲ့ရတယ် .. (မှန်ပါ့) ဥယျာဉ် ပေါက်ဝရောက်ပြီး သား....(မှန်ပါ့)။

တဏှာနဲ့ဥဿုံနဲ့ စစ်ထိုးနေရတယ်.... (မှန်ပါ့) ဥဿုံလဲ လိုချင်တယ် တဏှာဘက်ကိုလဲပြန်ပြီး သူ့ားချင်တယ်.... (မှန်ပါ့ ဘုရား) ဒါ့ကြောင့်အရှင်ဘုရား မြန်မြန်ဘဲ တပည့်တော်ကိုဟော ပါဆိုတော့-

"ယံကိဉ္စိ ဝေဒနံ ဝေဒေတိ" တကာကြီး ဝေဒနာ ခံစား တာရှိတယ်တဲ့....(မှန်ပါ့) တကာတကာမတို့ ဝေဒနာ ခံစားတာ သုံးမျိုးဘဲနော်....(မှန်ပါ့)။

"သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခမသုခံ ဝါ" တဲ့၊ ဝေဒနာ သုံးစားရှိတယ်တဲ့၊ အဲဒီတော့ စာကို ပြောနေလို့ရှိယင် တကာ တကာမတို့ ခန္ဓာထဲ ဝေဒနာပေါ်တာ သိမှာ မဟုတ်ဘူး.... (မှန်ပါ့ဘုရား)

ဒီလိုကြည့်လိုက်ပါ တကာတကာမတို့ သန္တာန်၌ ကိုယ်၏ ချမ်းသာခြင်း စိတ်၏ ချမ်းသာခြင်းဆိုတာ သုခ ဝေဒနာ.... (မှန်ပါ့)။

ကိုယ်၏ ချမ်းသာခြင်း စိတ်၏ ချမ်းသာခြင်းဟာ.... (သုခ ဝေဒနာပါဘုရား) မှတ်ထားပါ၊ မှတ်ထားပါ၊ ကိုယ်၏ချမ်းသာ ခြင်း,စိတ်၏ချမ်းသာခြင်းဟာ....(သုခဝေဒနာပါ)။

စိတ်ထဲမှာ ချမ်းသာယင်လဲ ဩာ်....သုခဝေဒနာဘဲ.. (မှန် ပါ့) ကိုယ်ပေါ်မှာ ချမ်းသာယင်လဲ.... (သုခဝေဒနာပါဘုရား)

ဒီနှစ်ခုတော့ဖြင့် ဦးမာဒင်တို့ ဦးသန်းမောင်တို့ ခဲ့နိုင်လောက်ပါ တယ်....(ခဲ့နိုင်ပါတယ်ဘုရား)။

ကိုယ်၏ချမ်းသာခြင်းကော ရှိတဲ့အခါမလာဘူးလား....(လာ ပါတယ်ဘုရား) စိတ်၏ ချမ်းသာခြင်းကော.... (လာပါတယ်) အဲဒါဘာဝေဒနာ ခေါ်ကြမယ်....(သုခဝေဒနာပါ)။

မှတ်ထား-မှတ်ထား ဒီဥစ္စာ တကာတကာမတွေ့ ဒီဥစ္စာ သိကြားမင်းကို ဘုရားက ဟောနေတယ်.... (မှန်ပါ့) ကိုယ်၏ ချမ်းသာခြင်း, စိတ်၏ချမ်းသာခြင်းတွေဟာ ဘာဝေဒနာလဲ.... (သုခဝေဒနာပါဘုရား)။

သဘောပါပလား.... (ပါ-ပါပြီ) သြော်....ဒါဖြင့် သုခဝေ ဒနာ နှစ်မျိုးလို့ မှတ်လိုက်တာပေါ့... (မှန်ပါ့) ကိုယ်၏ချမ်းသာ ခြင်းလဲ (သုခဝေဒနာပါ ဘုရား) စိတ်၏ ချမ်းသာ ခြင်းလဲ.... (သုခဝေဒနာပါ ဘုရား)။

ကဲ... ကျေနပ်ပလား ... (ကျေနပ် ပါပြီဘုရား) ဦးဗထွေးတို့ သေသေချာချာမှတ်၊အခုမှတွေ့တဲ့ လူတွေ့မို့ ဒါ- သင်ပေးနေ တယ်လို့ မှတ်လိုက်စမ်းပါ.... (မှန်ပါ့) ကိုယ်၏ ချမ်းသာခြင်း ဟာ.... (သုခဝေဒနာပါ) စိတ်၏ချမ်းသာခြင်းဟာ(သုခဝေဒနာ ပါဘုရား)။

ဒါက ခင်ဗျားတို့ သြော်....သုခဝေဒနာလို့သာ သိသေး တယ်....၊ ပေါ်တဲ့နေရာ မသိသေးဘူး....(မသိသေးပါ) ကိုယ်၏ ချမ်းသာခြင်းဆိုတာ ကိုယ်ပေါ်မှာ ဥပမာ ဦးလှဘူးရာ ကျော ကာ အိုက်နေတယ်- ဟုတ်လား... (မှန်ပါ့)။

အင်း.... ကျောမှာဘဲ လေကလေး, ဘာကလေး တိုက်ပေးလိုက်တဲ့အခါကျတော့ ကျောပေါ်မှာဘဲ ချမ်းသာတယ်ဆိုတာ မလာဘူးလား....(လာပါတယ်)အဲဒါ ကိုယ်၏ချမ်းသာခြင်း(မှန်ပါ့)။

ဘယ်လိုပင် အိုက်တဲ့အထဲမှာ တကာတကာမတို့ အလုံပိတ်ပြီး သကာလကိုယ်-မြတ်,စွန်းတာတွေကို ငေ့တေ့မျှားရေတွက်နေရတဲ့အခါ အမြတ်ချည့်ရေတွက်နေရတဲ့အခါ လူသိမှာစိုးလို့ တံခါးတွေပိတ်ပြီးသကာလ ဘယ်လိုဘဲအိုက်အိုက် စိတ်ထဲက ချမ်းသာတယ်....(ချမ်းသာပါတယ်ဘုရား)။

အဲဒါကျတော့ သုခဝေဒနာ....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) စိတ်၏ချမ်းသာခြင်းဆိုတဲ့ သုခဝေဒနာ.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကိုယ်၏ချမ်းသာခြင်းက ကိုယ်ပေါ်မှာပေါ်သနော် (မှန်ပါ့) စိတ်၏ချမ်းသာခြင်းက....(စိတ်မှာပေါ်ပါတယ်)ဝမ်းထဲမှာပေါ်တယ်....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ခုနင်က တံခါးပိတ်ပြီး အမြတ်တွေ ရေတွက်နေတဲ့အခါကျလို့ ရှိုယင်ဖြင့် ဝမ်းထဲက မပြုံးဘူးလား.... (ပြုံးပါတယ်) အဲဒါ စိတ်၏ချမ်းသာခြင်း....(မှန်ပါ့)။

ခုနင်က အင်မတန်အိုက်နေတာ အလွန်ပူနေတာဘဲ၊ဒီအထဲမှာ မှောင်တဲ့အထဲ ချောင်ကျနေတဲ့အထဲမှာဘဲ လူသိမှာလဲစိုးလို့ ကိုယ့်အကြင်လင်မယား နှစ်ယောက်တည်း ကိုယ့်သားသမီးနဲ့ အတွင်းကျကျလူနဲ့မျှား စာရင်းအင်းတွေချုပ်ပြီးသကာလ ငေ့နဲ့

စာရင်းနဲ့ ကိုက်လို့ အမြတ်တွေများ တွက်နေတဲ့အချိန်များကျတော့ အိုက်မှန်းလဲမသိဘူး....၊ ပူမှန်းလဲမသိဘူး၊ စိတ်ချမ်းသာနေတယ်....(မှန်ပါ့) အဲဒါ စိတ်၏ချမ်းသာခြင်း(မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ကိုယ်၏ချမ်းသာခြင်း,စိတ်၏ချမ်းသာခြင်း....(သုခဝေဒနာပါ) ရှင်းပြီနော်... (ရှင်းပါပြီဘုရား)။

ကိုယ်၏ချမ်းသာခြင်း, စိတ်၏ချမ်းသာခြင်း.... (သုခဝေဒနာပါဘုရား) မှတ်ထားပါ-မှတ်ထားပါ။ ရှုလျက်နဲ့ မသိလို့ ပြောနေရပါတယ်....(မှန်ပါ့)။

ဘယ်နှယ်ကြောင့် ပြောနေရသလဲ....(ရှုလျက်နဲ့မသိလို့ ပြောနေရပါတယ်ဘုရား)။

ကဲ....တကာသစ် ရှေ့သွားကြဦးစို့... နော်....(မှန်ပါ့) အိုက်လိုက်-ပူလိုက်တာလဲ ပြင်ဘက်မှာ နေပူထဲမှာဘဲ မပြောနဲ့ တော့ အိုက်လိုက်တာ၊ ဟိုနေရာသွားလဲအိုက်၊ ဒီနေရာသွားလဲ အိုက်နဲ့ တကိုယ်လုံးကိုအိုက်နေတယ်....(မှန်ပါ့)အဲဒါ ကိုယ်၏ဆင်းရဲခြင်း (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

တခါ ကိုယ့်အိမ်ကြည့်လိုက်ပြန်လဲ အပေါ်က မျက်နှာကျက်ကလဲမပါ၊ အမိုးကလဲ ပူလိုက်တာ၊ ပြတင်းပေါက်တွေကြည့်လိုက်ပြန်တော့လဲ ထို့အတူဘဲ၊ လုံလိုက်ခြုံလိုက်တာနဲ့ လေမှမဝင်သာ၊ ကိုယ်တတ်နိုင်သလောက် ပစ္စည်းကလေးနဲ့ ကိုယ်တတ်နိုင်သလောက် ဆောက်ထားရတာကိုး....(မှန်ပါ့)အဲဒီကျတော့ စိတ်၏ဆင်းရဲခြင်းက လာတယ်....(မှန်ပါ့)။

ဒါဖြင့် နေပူ လေပူ တွေ့တဲ့အခါ ကိုယ်ဆင်းရဲတာက ကိုယ်၏ ဆင်းရဲခြင်း.... (မှန်ပါ့) ကိုယ့်အိမ်ကိုယ့်ယာ ပြန်ကြည့်တော့ အလိုမကျတာတွေ့ ကွဲရတာက စိတ်၏ဆင်းရဲခြင်း.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီ) အဲဒါက ဒုက္ခဝေဒနာ....(မှန်ပါ့ ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကိုယ်၏ ဆင်းရဲခြင်း, စိတ်၏ဆင်းရဲခြင်း....(ဒုက္ခဝေဒနာပါ) နှစ်ခုစလုံး ဒုက္ခချည့်ဘဲ.... (မှန်ပါ့) ပြိုင်တော့မပေါ်ပါဘူး.... (မှန်ပါ့)။

ပြိုင်တော့မပေါ်ဘူး....၊ သို့သော် ရှင်းအောင်လို့ ဒီနေရာမှာ လဲပေါ်တယ်၊ ဝမ်းထဲမှာလဲပေါ်တယ်ဆိုတာ သိအောင်လို့ပြောရပါတယ်....(မှန်ပါ့)ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ကိုယ်၏ဆင်းရဲချမ်းသာကင်းမှု, စိတ်၏ဆင်းရဲချမ်းသာကင်းမှု ဒါ.ဥပေက္ခာဝေဒနာဘဲ....(မှန်ပါ့)။

ကိုယ်၏ဆင်းရဲချမ်းသာကင်းမှု (ဥပေက္ခာဝေဒနာပါ) စိတ်၏ ဆင်းရဲချမ်းသာကင်းမှု.... (ဥပေက္ခာဝေဒနာပါ) အဲ....ဥပေက္ခာ ဝေဒနာလဲ နှစ်မျိုးဘဲ.... (မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီဘုရား)။

ကောင်းပြီ....ဒါဖြင့် မျက်စိကမြင်ကာမတွေ့၊ နားကကြားကာမတွေ့,နှာခေါင်းကနံကာမတွေ့၊ လျှာပေါ်မှာစားတာလေး မတွေ့ကျတော့ ဥပေက္ခာဝေဒနာ(မှန်ပါ့) သဘောကျပလား (ကျပါပြီ)။

ဝမ်းထဲမှာ တခါတည်း ကဲကွာ အလုံးစုံ ကံသာလျှင်အမိ, ကံသာလျှင် အဖဘဲကွဆိုပြီး ကမ္မဿကာသူတို့လျှစ်လျူရှုထား

တဲ့စိတ်ကလေး ပေါ်လာတဲ့အခါလဲ ရှိသေးတယ်.... (မှန်ပါ့)။

သားတွေ့ သမီးတွေ့ရော့ ပစ္စည်းတွေ့ရော ကမ္မဿကာဘဲဆိုပြီး လျစ်လျူရှုထားတယ်....(ရှုထားပါတယ်) အဲ့ဒီ လျစ်လျူရှုတဲ့စိတ်ကလေးဟာလဲတဲ့ ဝမ်းထဲမှာပေါ်တဲ့ ဥပေက္ခာပါဘဲ.... (မှန်ပါ့)။

ဒါဖြင့် မျက်စိ-နား-နှာခေါင်း-လျှာမှာလဲ ဥပေက္ခာ(မှန်ပါ့) ရှင်းပြီနော်....(ရှင်းပါပြီ) ဝမ်းထဲမှာလဲ.... (ဥပေက္ခာပါ) လျစ်လျူရှုတဲ့အခါ ဥပေက္ခာဘဲ....(မှန်ပါ့)။

ဒါဖြင့် တကာတကာမတို့ ဝေဒနာသုံးမျိုးပြီးသွားပြီ.... (ပြီးသွားပါပြီ) ကိုယ်၏ချမ်းသာခြင်း, စိတ်၏ချမ်းသာခြင်း သုခဝေဒနာ.... (မှန်ပါ့) ကိုယ်၏ဆင်းရဲခြင်း, စိတ်၏ဆင်းရဲခြင်း.... (ဒုက္ခဝေဒနာပါ) သဘောကျပလား.... (ကျပါပြီဘုရား)။

ကဲ...တခါ ဒီကိုယ်ပေါ်မှာဘဲတဲ့ မျက်စိ- နား- နှာခေါင်း လျှာ၊ မြင်ကာမတွေ့, စားကာမတွေ့ ဘာဆိုကြမယ်.... (ဥပေက္ခာဝေဒနာပါ) ဝမ်းထဲမှာ ပစ္စည်းနဲ့တကွ ခန္ဓာတွေ့ ကမ္မဿကာထားတဲ့အချိန်ကလေးပါသေးတယ်.... (မှန်ပါ့)။

အဲဒီ ကမ္မဿကာထားတဲ့ ဝေဒနာကလေး ကျတော့ကော.... (ဥပေက္ခာဝေဒနာပါ) သြော်....ဒါဖြင့် ဝေဒနာဟာ သိသွားပါပြီ....(မှန်ပါ့)။

အဲဒီတော့ သိကြားမင်းက ဘုရားလျှောက်တယ်....၊ မြန်မြန်တဏှာကုန်တဲ့တရား တပည့်တော်ဟာပါဘုရားဆိုတော့ အေး-- သိကြားမင်း ယံ ကိဉ္စိ ဝေဒနံ ဝေဒေတိ၊ အကြင်ဝေဒနာကို

ခံစား၏၊ ဘယ်ဝေဒနာတုံးဆိုတော့ သုခ,ဒုက္ခ,ဥပေက္ခာဟော့.... (မှန်ပါ့ဘုရား)။

အဲဒါတွေကို မင်းသည်ကားလို့ဆိုယင် အနိစ္စလို့ရှုပါ.... (မှန်ပါ့) ရာဂကင်းအောင်ရှုပါ (မှန်ပါ့) ချုပ်အောင်ရှုပါ.... (မှန်ပါ့)တဖန်ချုပ်အောင်ရှုပါ....(မှန်ပါ့ဘုရား)။

ထိုကဲ့သို့ ရှုလိုက်လို့ရှိယင်ကဲ့ဒတဲ့ အနိစ္စတွေ့ရှု၊ ရာဂကင်းအောင်သာ ရှုမယ်ဆိုလို့ရှိယင်ဖြင့် မင်းသည်ကားလို့ ဆိုယင်ဖြင့် တောင့်တမှု, ကြောင့်ကြမှု, တဏှာအကုန်သေပါတယ်... (မှန်ပါ့ဘုရား)။

ဘာသေသတဲ့တုံး ... (တောင့်တမှု-ကြောင့်ကြမှုတဏှာအကုန်သေပါတယ်) အဲ.... တောင်းတတာတွေ့ ကြောင့်ကြတာတွေ့ အကုန်သေပါတယ်ကွ.. (မှန်ပါ့)။

အဲ... ဒီသေတဲ့အခါကျလို့ရှိယင် တဏှာသေတယ်ဆိုတော့ ဥပါဒါန်သေတယ်ကွ.... မှန်ပါ့ဘုရား) ဥပါဒါန်သေလို့ရှိယင် ကွာ'နစ ကိုဥ်လောကေ ဥပါဒိယတိ' ဘယ်လောဘမှ မင်းမဖြစ်တော့ဘူးကွ.... (မှန်ပါ့) လူ့ပြည်လောက, နတ်ပြည်လောက ဗြဟ္မာ့ပြည်လောကဆိုတဲ့ ပျက်စီးတတ်တဲ့ လောကထဲမှာ မင်းမဖြစ်တော့ဘူးကွ ဒါ- ကြိုးစားကွ....(မှန်ပါ့)။

အဲဒါသည်....တဲ့ အင်မတန်ကောင်းတဲ့ တရားဘဲကွ....လို့သိကြားမင်းကို ဘုရားက သတိပေးလိုက်ပါတယ်.... (မှန်ပါ့) လုပ်နည်းကို ပေးလိုက်တယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

တကာတကာမတို့ သိကြားမင်းကို ဘုရားက ဘာပေးလိုက်ပါလိမ့်....(လုပ်နည်းပေးလိုက်ပါတယ်ဘုရား)။

ဘယ် အနုပဿနာကိုပေးလိုက်ပါလိမ့်မလဲ....လို့ မေးတော့မှ ဝေဒနာနုပဿနာပေးလိုက်တယ်.... (မှန်ပါ့) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ဘယ်အနုပဿနာပေးလိုက်ပါလိမ့်....(ဝေဒနာနုပဿနာ ပေးလိုက်ပါတယ်ဘုရား) ဝေဒနာနုပဿနာ ပေးလိုက်တယ်ဆိုတာ တကာသစ် ရှင်းပါပြီ....(ရှင်းပါပြီဘုရား)။

ကိုင်း... တကာတကာမတို့ အမြန်ဆုံး တဏှာကုန်အောင် ဝေဒနာနုပဿနာပေးသဖြင့် တဏှာ၏ ရေသောက်မြစ် ဝေဒနာဘဲဆိုတာမှတ်လိုက်....(မှန်ပါ့)။

တဏှာ၏ရေသောက်မြစ်....(ဝေဒနာပါဘုရား) ဒါ့ကြောင့် ဝေဒနာရှုယင် တဏှာချုပ်တယ်....(မှန်ပါ့) တဏှာချုပ်ယင် ဒုက္ခမျိုးစုံကင်းတယ်....(မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီ)။

ဝေဒနာရှုယင်.... (တဏှာချုပ်ပါတယ်) တဏှာချုပ်ယင်.... (ဒုက္ခမျိုးစုံကင်းပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ ခင်ဗျားတို့မှာ အခုတွေ့စရာ ဒုက္ခတွေက မနည်းလှဘူးနော်....(မှန်ပါ့ဘုရား) ခန္ဓာကိုယ်ကြီးကလဲ တနေ့မှ ရပ်ထားလို့မရဘူး၊ အိုတဲ့ဆီချည့်ပြေးတယ်.... (ပြေးပါတယ်ဘုရား)။

ရပ်ထားလို့မျှား ရကြရဲ့လား....(မရကြပါဘုရား) မေတ္တာပို့ပြီး ရပ်ကြလေဗျာ .. (မရပါဘုရား)။

အဟံ အဝေရော ဟောမိ=ငါတော့ဖြင့် အိုတဲ့ဆီမပြေးရပါလို့၏လို့ မေတ္တာပို့ကြည့် ...(မရပါဘူးရား)အိုတဲ့ဆီဘဲ ပြေးတယ်.... (မှန်ပါ့)။

ဟာ....မင်း-အပြေးသန်လှချည့်လားလို့ မမေးပါနဲ့.... (မှန်လှပါဘူးရား) ကျုပ် ထုံးစံ ဒါဘဲလို့ ဖြေပါလိမ့်မယ် ... (မှန်ပါ့ဘုရား) ခန္ဓာကြီးက သူ့ထုံးစံ ဒါဘဲလို့ဖြေလိမ့်မယ် ... (မှန်ပါ့ဘုရား)။

ကျုပ်-ဒီနေရာတွင် မရပ်သေးပါဘူး.... (မှန်ပါ့) အိုတဲ့ဆီတွင် ပြေးမှာမဟုတ်ပါဘူး၊ ကျုပ်ဝတ္တရားရှိသေးတယ်ဆိုပြီး နာတဲ့ဆီ ပြေးဦးမယ်....(မှန်ပါ့)အိုရာကထ,ပြီး နာရာပြေးမယ်....(ပြေးမှာပါဘုရား) ဘယ်သူ့ဝတ္တရားပါလိမ့်.... (တပည့်တော်တို့ဝတ္တရားပါဘုရား) ခန္ဓာဝတ္တရား....(မှန်ပါ့)။

အဲဒါ တကာတကာမတွေ့ အခု တရားနာရင်းလဲ ဒီခန္ဓာကြီးက ပြေးလျက်-လွှားလျက်ဘဲ.... (ပြေးလျက်-လွှားလျက်ပါဘုရား) ရှင်းပလား (ရှင်းပါပြီ)။

အင်း--ကျုပ်ဝတ္တရားမကုန်သေးဘူး....တဲ့-(မှန်ပါ့)သင်းချိုင်းကျအောင် ပြေးရဦးမှာ....တဲ့....(မှန်ပါ့)။

ခန္ဓာကြီးက သူ့ဝတ္တရားမကုန်သေးဘူး....တဲ့- (မှန်ပါ့ဘုရား) ဘယ်ကျအောင် ပြေးရမလဲ.... (သင်းချိုင်းကျအောင် ပြေးရပါမယ်ဘုရား)။

အင်း....သေရာဌာနရောက်အောင် ပြေးရဦးမယ်.... (မှန်ပါ့) ဘယ်သူ့ဝတ္တရားပါလိမ့်....(ခန္ဓာဝတ္တရားပါဘုရား)။

ဟာ...ဦးမာဒင်တို့, ဦးသန်းမောင်တို့, ဦးဗထွေးတို့ တကာ ကြွယ်တို့ ခန္ဓာကြီး ဆုတောင်းထားတာဖြင့် ခင်ဗျားတို့က ဒီအတွေးလုံးကလေး အိုရာက နာရာပြေးရပါလို့၏၊ နာရာက သေရာ ပြေးရပါလို့၏လို့ ခင်ဗျားတို့ တောင်းထားတဲ့ဆုကဖြင့် ဒီဘဝ ဘုရားလဲ မတတ်နိုင်ဘူး ...(မှန်ပါ့)။

ဘုန်းကြီးတို့လို အညှစ်စား အသာထားပါ၊ ဘုရားကိုမတတ်နိုင်ဘူး .. (မှန်ပါ့)။

အိုရာကနာရာ၊ ပျိုရာက အိုရာမပြေးရပါလို့၏ဆိုတာ ဘယ်သူတတ်နိုင်သတုံး.....(မတတ်နိုင်ပါဘုရား)။

ပျိုရာက အိုရာ ပြေးရပါလို့၏.... (မတတ်နိုင်ပါဘုရား) အိုရာက နာရာပြေးရပါလို့၏ ... (မတတ်နိုင်ပါဘုရား) နာရာက သေရာ ပြေးရပါလို့၏.....(မတတ်နိုင်ပါဘုရား)။

ဟာ... ဒီလေးခု ခင်ဗျားတို့ အလိုလိုရတာလား....တဲ့ခင်ဗျားတို့ တဏှာနဲ့ ဆုတောင်းထားလို့ ရတာလား.... (တဏှာနဲ့ ဆုတောင်းထားလို့ ရတာပါဘုရား)။

အံမာလေး....တကာတကာမတွေ တဏှာနဲ့ဆုတောင်းတယ်၊ ပျိုရာက အိုရာပြေးရတယ်၊ အိုရာက နာရာပြေးရပါလို့၏၊ နာရာက သေရာပြေးရပါလို့၏ ... (မှန်ပါ့) ဘယ်နှယ်တုံး တကာတကာမတို့ ဒီဆုတောင်းမိကြသလား.... (တောင်းမိပါတယ်ဘုရား)။

ဟာ....ဦးမာဒင် ဒါလောက်တောင်ဘဲ ဆိုးဝါးမယ် မထင်ဘူး၊ ခင်ဗျားတို့ အခြေအနေဟာ.... (ဆိုးပါတယ်ဘုရား) ပေါ်

ပလား.... (ပေါ်ပါပြီဘုရား) လူဖြစ်ရပါလို့၏-ဆိုတဲ့ အထဲမှာ ဒါတွေ့ အတွင်းဝင်သွားတယ်....(မှန်ပါ့)။

လူဖြစ်ရပါလို့၏ဆိုဘဲ့အထဲမှာ....(ဒါတွေ့ အတွင်းဝင်သွားပါတယ်ဘုရား) ပျိုရာက အိုရာပြေးရပါလို့၏....(မှန်ပါ့)။

အဲ့....အိုရာက နာရာကော....(ပြေးရပါလို့၏) နာကရာ သေရာကော... (ပြေးရပါလို့၏) အဲ့ဒါ လူဖြစ်ရပါလို့၏ဆိုတဲ့ အထဲမှာ အတွင်းဝင်တယ် .. (မှန်ပါ့)။

တကာကြွယ် ဘယ်အထဲ အတွင်းဝင်သလဲ....(လူဖြစ်ရပါလို့၏ထဲ အတွင်းဝင်ပါတယ်ဘုရား)။

ဦးမာဒင် တောင်းမိသလားဗျ.... (တောင်းမိပါတယ်ဘုရား) တကာကြွယ်ကော တောင်းမိလို့ ရသလား... (မှန်ပါ့) ခန္ဓာက သက်သေခံသွားပါပြီ....(မှန်ပါ့) ခန္ဓာက သက်သေမခံဘူးလား-(ခံပါတယ်ဘုရား)။

အင်း.... ဒါဖြင့် ပျိုရာက အိုတာလဲ ဒုက္ခသစ္စာ.... (မှန်ပါ့) အိုရာက နာရာရောက်ပြန်လဲ... (ဒုက္ခသစ္စာပါဘုရား) နာရာက သေရာရောက်ပြန်လဲ....(ဒုက္ခသစ္စာပါဘုရား)။

သြော်.... ခင်ဗျားတို့ ဒုက္ခသစ္စာမသိတာနဲ့ တပည့်တော်တို့ လူဖြစ်ပြီး ဤသုံးလမ်းကိုဖြင့် မလွဲတမ်း လှမ်းပါရစေ....(မှန်ပါ့) တော်တော်ရှုးတယ်နော်....(မှန်ပါ့)။

ဦးဗထွေး ဘယ်နှယ်တုံး (မှန်ပါ့-ရှုးပါတယ်ဘုရား) တော် တော် မရှုးဘူးလား....(ရှုးပါတယ်ဘုရား)။

ဒီရှုးချက်က သူများ နှိပ်စက်တာလားတဲ့- ကိုယ့်ကိုယ်နှိပ်စက်တာလား....(ကိုယ့်ကိုယ်နှိပ်စက်တာပါဘုရား) ဒီရှုးချက်ကလေ-

(မှန်ပါ့ဘုရား) ဟာ....တယ်ကြောက်စရာကောင်းပါလား ... (ကောင်းပါတယ်ဘုရား)။

လင်နဲ့ မယား ရန်ဖြစ်တဲ့ အခါကျလို့ယင်.... မယားက ယောကျ်ားလုပ်တဲ့ပုဂ္ဂိုလ်ကိုလဲ ကိုယ်က ဘာမှ မစွမ်းနိုင်တော့ ကိုယ့်ကိုယ်-ကိုယ်ထုသလိုဖြစ်နေတယ်....(မှန်ပါ့ဘုရား) ဘယ်သူ့နှိပ်စက်ပါလိမ့်....(ကိုယ့်ကိုယ်-ကိုယ်နှိပ်စက်ပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ လူဖြစ်ရပါလို့၏ဆိုတဲ့ဆုဟာ ဘာပါလိမ့် (ကိုယ့်ကိုယ် ကိုယ်နှိပ်စက်တာပါဘုရား) အင်း... ကိုယ့်ရင်ပတ် ကိုယ်ထုတဲ့ဆု (မှန်ပါ့)နတ်ဖြစ်ရပါလို့၏ ဆိုတာကော(ကိုယ့်ရင် ကိုယ်ထုတာပါဘုရား) ဗြဟ္မာဖြစ်ရပါလို့၏....(ကိုယ့်ရင်ကိုယ်ထုတာပါဘုရား)။

ဟာ....ခင်ဗျားတို့ဟာ အတော်ခက်နေပြီ....၊ မဂိုလူမျိုးလဲ မဟုတ်ပါဘူး၊ ရင်ထုတဲ့လူလဲ မဟုတ်ပါဘူး ဟင်.... (မှန်ပါ့) အတော်ဆိုးပါကလားဗျား....(မှန်ပါ့)။

မသိတော့... (မှန်ပါ့) ဩော်.... ဘာမသိရှာပါလိမ့်မတုံးလို့ မေးတဲ့ အခါကျတော့မှ အိုတာဒုက္ခသစ္စာ.... (မှန်ပါ့) ဇရာပိုဒုက္ခာကို သူမသိဘူး....(မှန်ပါ့)။

ဗျာဓိပိ ဒုက္ခောကော....(မသိပါဘုရား) မရဏမွိ ဒုက္ခံကော(မသိပါဘုရား)ဇာတိပိ ဒုက္ခာကော....(မသိပါဘုရား) ဩော်... သစ္စာမသိလို့ တောင်းရှာပါတယ် ... (မှန်ပါ့ဘုရား)။

သစ္စာမသိလို့....(တောင်းရှာတာပါဘုရား (ဒုက္ခသစ္စာမသိလို့ တောင်းရှာတာ....(မှန်ပါ့)။

ဒုက္ခသစ္စာမသိလို့ တောင်းကြတယ်ဆိုတော့ ဩော်... မသိတာ ဘယ်သူပါလိမ့် မတုံးလို့ မေးယင် ဘယ့်နှယ် ဖြေမတုံး.... (အဝိဇ္ဇာပါဘုရား)။

ဩော်... ဒါဖြင့် တောင်းတာဘယ်သူတုံးမေးတော့တဏှာ.... (မှန်ပါ့) သစ္စာမသိတာက.... (အဝိဇ္ဇာပါဘုရား) မသိလို့ တောင်းနေတာက....(တဏှာပါဘုရား)။

ဩော် .. ခင်ဗျားတို့ ဘုရားရှေ့ သွားပြီး သကာလ တခါတည်း မသိတဲ့ အဝိဇ္ဇာနဲ့ တောင်းတတ်တဲ့ တဏှာနဲ့ တောင်းတာကိုး....(မှန်ပါ့)။

မသိတာ....အဝိဇ္ဇာဘဲ....(မှန်ပါ့) သစ္စာမသိတဲ့ အဝိဇ္ဇာနဲ့ အရမ်းလိုချင်တဲ့ တဏှာနဲ့ တဲ့ပြီး ခင်ဗျားတို့ အရှင်ဘုရား လူ့ပြည် နတ်ပြည်အကြိမ်ကြိမ်ခံစားရပါလို့၏.... (မှန်လှပါဘုရား)။

ဘယ်သူနဲ့ တောင်းလိုက်တာပါလိမ့်.... (တဏှာနဲ့ပါဘုရား) ဟာ... ထည့်ဦးထည့်ဦး ....(အဝိဇ္ဇာနဲ့ တဏှာပါဘုရား) မသိတဲ့ အဝိဇ္ဇာနဲ့ တောင်းတတ်တဲ့ တဏှာနဲ့ရောပစ်လိုက်တယ်....(မှန်ပါ့ဘုရား)။

မသိတဲ့ အဝိဇ္ဇာနဲ့.... (တောင်းတတ်တဲ့ တဏှာနဲ့ ရောပစ်လိုက်ပါတယ်) အဲဒါ ဘယ်ရှေ့တောင်းကြသလဲ.... (ဘုရားရှေ့ တောင်းပါတယ်ဘုရား) ထည့်ပါဦး သံဃာတွေ ရှေ့ကော.... (တောင်းပါတယ်ဘုရား)။

မတောင်းဘူးလား.... (တောင်းပါတယ်ဘုရား) မပြည့်မှာကော စိုးရိမ်သေးသလား....(စိုးရိမ်ပါတယ်ဘုရား) ဟာ....သွား

ပြီဟေ့....(မှန်ပါ့) သွားပြီပေါ့ သွားပြီးပေါ့ တကာတကာမတို့....(မှန်ပါ့)။

သွားပြီခင်ဗျားတို့ဟာ တော်တော့ကို နာပြီ.... (မှန်ပါ့) ဒီအထဲ နည်းနည်းနာမှာစိုးလို့ .... အကြိမ်ကြိမ် ထည့်လိုက်သေးတယ်....(မှန်ပါ့) ဘာဖြစ်လို့ပါလိမ့်....(နည်းနည်းနာမှာ စိုးလို့ပါဘုရား)

နည်းနည်းနာမှာစိုးလို့ ဘာများ ထည့်လိုက် သေးသတုံး.... (အကြိမ်ကြိမ် ထည့်ပါတယ်ဘုရား) အံမာလေး ကြိမ်လုံးနဲ့ တခါရိုက်တာကို ဆယ်ခါလောက် ရိုက်ပါလို့ ထည့်ပြီး တောင်းသလိုကျနေပြီ....(မှန်ပါ့ဘုရား) အတော်ဆိုးပါလား.... (ဆိုးပါတယ်ဘုရား)။

တကာတကာမတို့ ဒီဟာကျတော့လဲ ဘုန်းကြီးများက ပြောရတာက နည်းတယ်နော်....(မှန်ပါ့) ကိုယ်ရှုးချက်သန်တာ မသိချက်သန်တာက များတယ်....(များပါတယ်ဘုရား)။

ဒါဘုန်းကြီးတို့ အခုပြောဆိုတဲ့သစ္စာတရားကို မနာသေးတဲ့လူအပေါင်း တကာကြွယ်၊ ဦးမာဒင်တို့ ဦးသန်းမောင်၊ ဦးဗထွေးတို့ အကုန်ဒီအတိုင်းဘဲ.... (ဒီအတိုင်းပါဘုရား) ဒီအတိုင်းသွားတာဘဲ....(သွားပါတယ်ဘုရား)။

မသိတာက ဘာပါလိမ့်... (အဝိဇ္ဇာပါဘုရား) တောင်းတာက....(တဏှာပါဘုရား) ရတော့ကိုဒုက္ခသစ္စာလေးချက်ရတယ်.... (မှန်ပါ့)။

ဇာတိပိ ဒုက္ခသစ္စာရတယ်....(မှန်ပါ့) ဇရာပိ ... (ဒုက္ခသစ္စာရပါတယ်) ဗျာဓိပိ....(ဒုက္ခသစ္စာ ရပါတယ်) မရဏမ္ပိ....(ဒုက္ခသစ္စာရပါတယ်)။

ကဲ... ခင်ဗျားတို့ ဆုတောင်းပြည့်တာဒီ လေးချက်ဘဲ(မှန်ပါ့) ဇာတိ ဇရာ ဗျာဓိ မရဏာ ရပါတယ်တဲ့ ... (မှန်ပါ့)။

ဘယ့်နှယ်ကြောင့် ရရပါလိမ့်မတုံးလို့ မေးထဲ့အခါကျတော့ မှ တကာကြွယ်မသိတာက ဘာတုံး....(အဝိဇ္ဇာပါဘုရား)အရမ်း လို့ချင်တာက....(တဏှာပါဘုရား)။

ဩော်.... မသိတဲ့လူ အရမ်း လို့ချင်လို့ ရတဲ့ပစ္စည်း ဒုက္ခ လေးချက်....(မှန်ပါ့ဘုရား) ရတဲ့ပစ္စည်းက.... (ဒုက္ခလေးချက်ပါ ဘုရား)

အဲဒါ့ကြောင့် ဘာလှူလှူ ဘာတန်းတန်း ဘုန်းကြီးတို့က အလှူမခံဘူး....(မှန်ပါ့) အလှူမခံတာက ဘာဖြစ်လို့ မခံတာ တုံး အရှင်ဘုရား တကာတကာမတွေ့ ကုသိုလ်မဖြစ်ရအောင်လို့ လားလို့ မေးလိမ့်မယ်....(မှန်ပါ့)။

မဟုတ်ဘူးတဲ့ ဒီသစ္စာသိပြီးလို့ ရှိယင် ဝိပဿနာတွေ့ ရှုလို့ သစ္စာတွေ့မြင်လာတော့မှ ဘာလုပ်ချင်လို့ ဆိုတော့ အလှူခံပါ တယ်....(မှန်ပါ့)။

ဟာ....ဒီဟာတွေ့ ပြန်ရချင်တယ်ဆိုယင်တော့အလှူမခံဘူး.... (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါ့ကြောင့် ခင်ဗျားတို့ကလဲ့ ဘယ်ဘုရားကို ဘာလုပ်လုပ် ဘယ်ကျောင်း ဘာသွားဆောက်ဆောက် သစ္စာ မသိခင် မလုပ် နဲ့....(မှန်ပါ့) သစ္စာမသိခင် လုပ်လိုက်လို့ ရှိယင် မသိတာက အဝိဇ္ဇာ တောင်းကြတာက.... (တဏှာပါ)ရတာက ဒုက္ခသစ္စာ.... (မှန်ပါ့)။

ကဲ....အမြတ်ပါသေးရဲ့လား....(မပါ-ပါဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား)။

အဲဒါကြောင့် မသိတဲ့လူ လုပ်တဲ့ပစ္စည်းဟာ တကာဘကာမ တို့ အအိုရှိလျက်နဲ့ အအိုရှာတာကွတဲ့ ဘုရားက....(မှန်ပါ့) အနာရှိလျက်နဲ့....(အနာရှာတာပါဘုရား) အသေရှိလျက်နဲ့....(အသေရှာတာပါဘုရား)မသိတဲ့ ပုဂ္ဂိုလ် လူ့တာပေးတာ ကမ်းတာဟာ ဒါပြန်ရတယ်....(မှန်ပါ့ဘုရား) ဆိုတော့ဦးမာဒင်တို့ ဦးသန်းမောင်တို့ အရေးမကြီးဘူးလား.... (အရေးကြီးပါတယ်ဘုရား)။

ဒါဆရာသမားက ပြင်မပေးလို့ရှိယင် ဒီအတိုင်းသွားတော့မယ်....(သွားမှာပါဘုရား) ။

ကိုယ့်.ကိုယ်ဆရာသမားလဲတင်ထားသေးတယ်ကဲမင်းကောင်းတဲ့ဆုအတိုင်း ပြည့်စေကွာဆိုတော့ ဒုက္ခလေးချက်နဲ့ အသက်ထွက်စေဟော့....(မှန်ပါ့ဘုရား) ဒါဘဲ ကျတယ်.... (ကျပါတယ်ဘုရား)။

ဒုက္ခလေးချက်နဲ့.... (အသက် ထွက်စေဟော့ ကျပါတယ်ဘုရား) ကောင်းသေးရဲ့လား....(မကောင်းပါဘုရား)ဒုက္ခလေးချက်နဲ့ ဂျုံမ်းထိုး မှောက်ခုန် ဖြစ်စေဟော့- ဆိုတာနဲ့ ကော....(အတူတူပါဘုရား)ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ပေါ်ပြီတဲ့ ဒါ့ကြောင့် ဆရာသမားရှေးကြပေတော့ ဆိုတာ ဦးမာဒင် ပြောစရာမလိုတော့ပါဘူး.... (မလိုပါဘုရား) လမ်းပြကောင်း အလှန်အရေးကြီးတယ်ဆိုတာဖြင့် တကာကြွယ် သေချာပလား....(သေချာပါပြီဘုရား)။

ကဲဒါဖြင့် တကာတကာမတို့ ဘုရားကို လျှောက်လို့ အမြန်ဆုံး တဏှာကုန်တာကို တပည့်တော် လိုချင်ပါတယ် ဘုရား ဒါခပ်သုတ်သုတ်ဟောတော် မူပါလို့ လျှောက်တယ်....(မှန်ပါ့)

ခုနင်ကပြောပြီးပါပြီ တကာတကာမတို့ မင်းသည် ကားလို့ ဆိုယင် ရှုပါကွာ....(မှန်ပါ့) ဘယ်လို ရှုရမှာတုံး မေးတဲ့အခါကျတော့ အနိစ္စနုပဿနာလုပ်ပါ.... (မှန်ပါ့) အနိစ္စလို့ ရှုပါတဲ့ (မှန်ပါ့)။

တကာတကာမတို့ ဘယ်လိုအရှုခိုင်းတာပါလိမ့်....(အနိစ္စလို့ အရှုခိုင်းတာပါဘုရား) အနိစ္စလို့ ရှုစမ်းပါကွာတဲ့ (မှန်ပါ့)ဘုရား ကိုက ရှုနည်းသင်တာနော်....(မှန်ပါ့)။

ဝေဒနာသုံးပါး တပါး-ပါးကို ပေါ်ရာဝေဒနာကိုအနိစ္စလို့ ရှုပါတဲ့....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီ ဘုရား)။

အနိစ္စလို့ ရှုပါဆိုတော့ ဝေဒနာမပေါ်ခင် ရှုရမှာလား....၊ ဝေဒနာပေါ်တုန်း ရှုရမှာလားလို့ မေးလို့ရှိယင်ဖြင့် တကာတကာမတို့ ဝေဒနာပေါ်တုန်းဘဲရှုပါ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

အင်း.... ဘယ်အချိန်ရှုရမှာတုံး.... (ဝေဒနာပေါ်တုန်းရှုရမှာပါဘုရား)။

ပေါ်တုန်းလို့ ဆိုပြန်ငြားသော်လဲ ပေါ်ဆဲမှာရှုတဲ့ဥာဏ်ကမပေါ်နိုင်လို့ သူပေါ်ပြီးမှရှုပါ.... (မှန်ပါ့) မှတ်မိပလား.... (မှတ်မိပါပြီဘုရား)။

သူပေါ်ပြီးမှ.... (ရှုရမှာပါ) ဘာ့ကြောင့်တုံးဆိုတော့ နှစ်ခုပြိုင်ပေါ်နေရာမှာလဲ ဝတ္ထုရားမဟုတ်ဘူး....(မှန်ပါ့) ဥာဏ်နဲ့,ဝေ

ဒနာနဲ့ ဦးမာဒင် ပြိုင်ပေါ်နိုင်ပါ့မလား... (မပေါ်နိုင်ပါဘုရား) မပေါ်နိုင်တော့ တခုပေါ်လို့ ချုပ်ပျောက်ပြီးမှ ဉာဏ်က နောက်ကပေါ်ရမယ်.... (မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါဖြင့် ဝေဒနာက ရှေ့ကပေါ်တယ်, ဉာဏ်နောက်မှပေါ်ပါစေ....(မှန်ပါ့)

ဒါဖြင့် ဝေဒနာဖြစ်ပျက်ပြီးသည့် အခြားမဲ့မှ ဉာဏ်ပေါ်တယ်... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဝေဒနာဖြစ်ပျက်ပြီးသည့်အခြားမဲ့မှာ....(ဉာဏ်ပေါ်ပါတယ်ဘုရား) ဉာဏ်ပေါ်တယ်ဆိုတာ ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

အဲဒီတော့ကိုတကာတကာမတို့ ဒီမှာ ဘုရားသခင်ကိုယ်တော် မြတ်ကြီးက ဝေဒနာသုံးပါး ဖြစ်ပျက်မြင်လို့ ရှိယင် ခရီးတဝက် ပေါက်ပြီ၊ ဒါဖြင့် ခရီးတဝက်ပေါက်တာ(တမျှိုးပါဘုရား)ခရီးအဆုံးပေါက်ရောက်သွားတာ (တမျှိုးပါ) နှစ်မျှိုး.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ကိုင်း.... ဒါဖြင့် ခင်ဗျားတို့ရှုတဲ့အခါ သတိထားပါ(မှန်ပါ့) တကာတကာမတွေ့ သြော်.... ဒါဟာ ငါ့နိဗ္ဗာန်ရောက်ဘို့ ခရီးတဝက်ရောက်ပြီ ...(မှန်ပါ့) ဒါဖြင့် နိဗ္ဗာန်ရောက်ပြီ.... (မှန်ပါ့) ကိုယ့်ဟာကိုယ်ဘဲ ဆုံးဖြတ်ချက်ချ....(မှန်ပါ့)။

သေသေချာချာတကာတကာမတွေ့ ယခုပြောတဲ့အချက်ဟာဖြင့် အရေးအကြီးဆုံးဘဲဆိုတာ သတိထားပါ.... (မှန်ပါ့)။

ခန္ဓာကိုယ်ကြီးထဲမှာ ဒုက္ခဝေဒနာပေါ်လဲ တကာကြွယ်တို့က ဖြစ်ပျက်ဘဲရှုပါ.... (မှန်ပါ့)။

ဒုက္ခဝေဒနာပေါ်လဲ.... (ဖြစ်ပျက်ရှုရပါမယ်ဘုရား) ဖြစ်ပြီး ပျက်တဲ့တရားကိုးလို့ ရှုတာဘဲ....(မှန်ပါ့)။

ဥပေက္ခာဝေဒနာပေါ်ကော- (ဖြစ်ပျက်ဘဲရှုရပါမယ်)ဖြစ်ပြီး ပျက်တဲ့တရားဘဲလို့ရှုတော့ ဒီနောက်က တဏှာဥပါဒါန်က ခါတိုင်းတော့ ဝေဒနာပစ္စယာ တဏှာဥပါဒါန်.... (မှန်ပါ့)။

အခုတော့ မင်္ဂလေးက ကြားဝင်လိုက်တယ်_ (မှန်ပါ့)မင်္ဂလေးက ကြားဝင်လိုက်တော့ တဏှာ,ဥပါဒါန်,ကံတွေက သူ့ထုံးစံအတိုင်း မရှဘဲနဲ့နေယင်တော့ ဒီသုံးခုလာရမယ်....(မှန်ပါ့ဘုရား)။

မရှဘဲနေယင်....(ဒီသုံးခုလာရမှာပါ) မရှဘဲနေတော့ ဒီလိုလာတော့ ဩော်....ဘုန်းကြီးက ဒီတကာတကာမတွေ့ မအေမိဘ ညီကိုမောင်နှမတွေ့, ဆွေမျိုးညာတကာတွေ့ ဖြစ်နေလို့ အရှုခိုင်းတာ....(မှန်ပါ့) အရှုခိုင်းတော့ ဖျတ်ဆို ဒါလဲဝေဒနာမဟုတ်တော့ဘူး....၊ အင်း.... သူလဲ အနိစ္စတရားပါကလား.... (မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

ဒီတရားက ဝေဒနာမြင်သလား, အနိစ္စမြင်သလား.... (အနိစ္စမြင်ပါတယ်ဘုရား) ဖြစ်ပြီးမရှိတာဘဲ သူ-သိလိုက်တယ်(မှန်ပါ့) ဝေဒနာရယ်လို့ သူ-မတွေ့တော့ဘူး.... (မတွေ့တော့ပါဘုရား)။

ဖြစ်ပြီး .. (ပျက်သွားပါတယ်ဘုရား) အဲ.... ဖြစ်ပြီးပျက်သွားတာ, ဖြစ်ပြီးမရှိတာ ဒါဘဲ သူ-တွေ့လိုက်တော့ ဝေဒနာကွန္ဒာကို သူ-စွန့်ပြီးသား ဖြစ်ပါတယ်....(မှန်ပါ့)။

ဟောဒီနောက်က တဏှာတွေ့ကို လာခွင့်မပေးသေးကြာင့် တကာတကာမတို့ တဏှာလဲစွန့်တယ်....(မှန်ပါ့)။

ဒါဖြင့် မဂ္ဂင်ငါးပါးနဲ့ ရှုနေလို့ရှိယင် ရှေ့က ဖြစ်ပျက်ကို မြင်တိုင်း နောက်က တဏှာဥပါဒါန်ချုပ်တယ်(မှန်ပါ့)သဘော ကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် တကာတကာမတွေ့ ဝေဒနာရှုရှု, စိတ်ရှုရှု ဖြစ်ပျက် မြင်တဲ့ မဂ်ဝင်လာလို့ ရှိယင် ဖြစ်ပျက် မြင်တဲ့ ဉာဏ်ကလေးသာ ခင်ဗျားတို့ရလို့ ရှိယင်ဖြင့် ရှေ့ကခန္ဓာလဲစုန့်ပါတယ်.... (မှန်ပါ့) ဝေဒနာကခန္ဓာ လာသေးရဲ့လား (မလာပါ) ဖြစ်ပျက်တွေ့တော့ တာကိုး....(မှန်ပါ့ဘုရား) ဝေဒနာတွေ့သေးရဲ့လား.... (မတွေ့တော့ပါဘုရား)။

ဒါကြောင့် ဦးမာဒင်တို့ မှတ်လိုက်စမ်းပါ....၊ ဩသြဉ်.... ခန္ဓာစုန့်တယ်ဆိုတာ ဖြစ်ပျက်တွေ့တာကိုး....(မှန်ပါ့)ဒီဘက်ကတဏှာ စုန့်တယ်.... (မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါဖြင့် ဝိပဿနာဉာဏ်သည် ဟုတ်လား....၊ အလယ်ကဟာ ဝိပဿနာဉာဏ်ဘဲ .. (မှန်ပါ့) ခန္ဓာစုန့်, တဏှာစုန့်တယ်လို့မှတ်လိုက်....(မှန်ပါ့)။

ဝိပဿနာလုပ်နေလို့ ရှိယင် ဘာစုန့်သလဲ....(ခန္ဓာစုန့်-တဏှာစုန့်ပါတယ်ဘုရား)။

ဒါ ဃသေချာချာ တရားတပဲလုံး အရေးတကြီး မှတ်စမ်းပါ....(မှန်ပါ့)။

ဒို့ ဝိပဿနာလုပ်နေတာ ဘာကျေးဇူး ရှိပါလိမ့်မတုံးဆိုတော့.... (ခန္ဓာစုန့်, တဏှာစုန့်ပါတယ်) ရှေ့ကခန္ဓာစုန့်တယ်, နောက်က တဏှာစုန့်တယ်....(မှန်ပါ့)။

ရှေ့က....(ခန္ဓာစုန့်ပါတယ်) နောက်က .... (တဏှာစုန့်ပါတယ်ဘုရား) အဲဒါ ဝိပဿနာဉာဏ်လို့ မှတ်လိုက် .... (မှန်ပါ့) သဘောကျပလား....(ကျပါ့ပြီဘုရား)။

ဝိပဿနာလုပ်နေတဲ့ ပုဂ္ဂိုလ်များမှာ ဝိပဿနာဉာဏ်သည် တကာတကာမတို့အတွက် ဘာကို ရှက်ဆောင်ပါလိမ့် မတုံး ဆို တော့ ရှေ့က ခန္ဓာစုန့်တယ်....(မှန်ပါ့) နောက်က... (တဏှာစုန့်ပါတယ်ဘုရား) နောက်က တဏှာစုန့်တယ်....(မှန်ပါ့) ရှင်းပြီနော်....(မှန်ပါ့ဘုရား)။

နောက်က တဏှာစုန့်တယ်ဆိုကတည်းကိုက တကာတကာမတွေက သြော်.... နောက်က တဏှာပေါ်ခွင့်မပေးဘဲကိုး.(မှန်ပါ့ဘုရား)။

ဝေဒနာပစ္စယာ တဏှာလာသေးရဲ့လား....(မလာပါ) ရှေ့ကလဲ ဝေဒနာရယ်လို့ကော နာမည်ရှိသေးရဲ့လား.... (မရှိပါ) အနိစ္စဘဲရှိတယ်... (မှန်ပါ့) အနိစ္စသာ ဖြစ်သွားသောကြောင့် ဝေဒနာကခွန္ဓာက မရှိတော့ဘူး....(မရှိတော့ပါဘုရား)။

ဒါဖြင့် ဖြစ်ပျက်မြင်တဲ့ ပုဂ္ဂိုလ်များ ဝေဒနာကခွန္ဓာလဲစုန့်၊ နောက်ပိုင်းကတဏှာလဲစုန့်တယ်.... (စုန့်ပါတယ်ဘုရား)။

ဒါဖြင့် ဝိပဿနာဉာဏ်သည် တကာတကာမတို့ ခန္ဓာစုန့်, တဏှာစုန့်....(မှန်ပါ့)။

ဝိပဿနာဉာဏ်သည် .. (ခန္ဓာစုန့်,တဏှာစုန့်ပါ)တကာကြွယ် ဒါကို သေသေချာချာမှတ်ပါ.... (မှန်ပါ့) ဝိပဿနာဉာဏ်ရတဲ့ ပုဂ္ဂိုလ်များ ဘယ်ဟာကို စုန့်လေ့ရှိပါလိမ့်.... (ခန္ဓာစုန့်,တဏှာကိုစုန့်ပါတယ်ဘုရား) ခန္ဓာရော, တဏှာရောစုန့်ဘယ်၊ တပြိုင်နက်ဘည်းစုန့်တယ် (မှန်ပါ့)။

ခန္ဓာစဉ်နှိုက်တဲ့အတွက်လဲတဲ့ တကာတကာမတို့ ဒုက္ခသိမ်းတာဘဲ....(မှန်ပါ့)တဏှာစဉ်နှိုက်တဲ့အတွက်လဲ ဒုက္ခဖြစ်ကြောင်းသိမ်းတာဘဲ....(မှန်ပါ့ဘုရား) ဒါဖြင့် ဒုက္ခနဲ့ ဒုက္ခဖြစ်ကြောင်းကို ဝိပဿနာဉာဏ်ကသိမ်းတယ်....(မှန်ပါ့)။

ဝိပဿနာဉာဏ်သည် ဘာကိုမျှားကျုပ်တို့ကို ကယ်ယူပို့ဆောင်ပါလိမ့် ....(ဒုက္ခနဲ့ ဒုက္ခဖြစ်ကြောင်း သိမ်းပါတယ်)။

ဒုက္ခဖြစ်ကြောင်းနဲ့ ဒုက္ခကိုဖြင့် မင်းတို့ကို ငါ- မပေးတော့ဘူးဆိုပြီး ဝိပဿနာဉာဏ်က တာဝန်ခံတယ်....(မှန်ပါ့)။

ဒုက္ခဖြစ်ကြောင်းနဲ့ ဒုက္ခကိုဖြင့် (မပေးတော့ဘူးလို့ တာဝန်ခံပါတယ်ဘုရား) မပေးတော့ဘူးလို့ တာဝန် ခံပါတယ်.... (မှန်ပါဘုရား)။

ဒါဖြင့် ဦးမာဒင်တို့ တကာကြွယ်တို့က စဉ်းစား.... (မှန်ပါ့) သြော်....ဝိပဿနာဟာ တယ်ကျေးဇူးများပါကလား....(များပါတယ်ဘုရား)။

တကာတကာမတို့ ဝိပဿနာဟာ ဘယ်နှယ်တဲ့.... (ကျေးဇူးများပါတယ် ဘုရား)။

ကျေးဇူးများတယ်၊ ဒါ့ကြောင့် ဘယ်နေရာ ရောက် ရောက် ခင်ဗျားတို့ သြော်....ကိုယ့်ကယ်တင်တာက ခန္ဓာဒုက္ခလဲ မင်းတို့ မပေးတော့ဘူး... (မှန်ပါ့)။

သဘောကျပလား....(ကျပါပြီ)ဘယ်သူကတာဝန်ခံသတုံး.... (ဝိပဿနာက တာဝန်ခံပါတယ်)ဒီဝိပဿနာက တာဝန်ခံတယ်.... (မှန်ပါ့။)

ခန္ဓာဒုက္ခကိုလဲ မင်းတို့ရှုတဲ့ ပုဂ္ဂိုလ်မှာ ခန္ဓာဒုက္ခလဲ နောက် မပေးဘူးလို့ တာဝန်ခံတယ်....(မှန်ပါ့)။

တဏှာပေးမည့်ဒုက္ခကိုလဲ မပေးစေတော့ဘူး....လို့-(တဝန်ခံပါတယ်ဘုရား) ဘယ်သူက တဝန်ခပါလိမ့်.... (ဝိပဿနာက တဝန်ခံပါတယ်ဘုရား) ဝိပဿနာဉာဏ်က တဝန်ခံတယ်.... (မှန်ပါ့)။

တကာကြွယ် လွှန်နေပြီ၊ သိပ်ကောင်းပါကလား- (ကောင်းပါတယ်ဘုရား) ဦးသန်းမောင်တို့, ဦးဗထွေးတို့ လုပ်ထိုက်တယ်နော်... (မှန်ပါ့)။

နောက်ခန္ဓာဒုက္ခကို မင်းတို့ မပေးတော့ဘူး....တဲ့....(မှန်ပါ့) နောက်ဘဏှာဆက်မည့် ပဋိစ္စသမုပ္ပါဒ် ဒုက္ခတွေကော.... (မပေးတော့ပါဘုရား)။

ဦးမာဒင် ဘယ်သူက တဝန်ခံပါလိမ့်.... (ဝိပဿနာက တဝန်ခံပါတယ်ဘုရား)ဩော်...သူက တဝန်ခံတယ်.... (မှန်ပါ့) သူပေါ်အောင် အားထုတ်တဲ့အတွက် သူက ကျုပ်တို့ကို ရွက်ဆောင်သွားတယ်....(မှန်ပါ့)။

ဓာရေတီတီ ဓမ္မော၊ ဓာရေတီ=ဆောင်တဲ့ပုဂ္ဂိုလ်ကို ငါက ရွဲက်ဆောင်မယ်.... (မှန်ပါ့ဘုရား) ငါ့ကို-မင်းတို့ ခင်လို့ရှိယင် ငါက မင်းတို့ကို ရွက်ဆောင်မယ်....(မှန်ပါ့)။

တကာတကာမတွေက ဝိပဿနာဉာဏ်ဝမ်းထဲ ရောက်အောင် အားထုတ်လို့ရှိယင် ဝိပဿနာဉာဏ်က ဒုက္ခနှစ်ခုကို ကယ်တင်တယ်...(မှန်ပါ့)။

ဒုက္ခဖြစ်ကြောင်းနဲ့ ဒုက္ခကို....(ကယ်တင်မှာပါဘုရား) မလုပ်ထိုက်ဘူးလား....(လုပ်ထိုက်ပါတယ်ဘုရား)။

တကာတကာ့မတို့ လုပ်ထိုက်တယ်လို့ သေသေချာချာ မှတ်ပါ့... (မှန်ပါ့) ဝိပဿနာတန်ခိုး ဘယ်လောက်ကြီးတယ်ဆိုတာ ပေါ်ကြပလား... (ပေါ်ပါပြီဘုရား)။

ကျုပ်ဖြင့် နိဗ္ဗာန်မျက်မှောက် မပြုနိုင်ဘူး၊ ဝိပဿနာဉာဏ်ဘဲ ရှိသေးတယ်လို့ ညည်းလုံးမထုတ်လိုက်ပါနဲ့.....(မှန်ပါ့) ဖြစ်ပျက်မြင်ယင်ကို ခင်ဗျားတို့ ကိစ္စနှစ်ခုပြီးပါပြီ....(မှန်ပါ့)။

ဖြစ်ပျက်မြင်ယင်... (ကိုစ္စနှစ်ခုပြီးပါပြီဘုရား) ခန္ဓာလဲစွန့် တဏှာလဲစွန့်ပါတယ်ဟု... တဲ့ ဝိပဿနာဉာဏ်က.... (မှန်ပါ့) ရိပ်မိပလား .. (ရိပ်မိပါပြီ)။

ဝိပဿနာဉာဏ်က ဘာတဲ့....(ခန္ဓာလဲစွန့်, တဏှာလဲစွန့်ပါတယ် ဘုရား) တကာကြွယ် သိပ်အာဘိုးတန်ပါလား.... (တန်ပါတယ် ဘုရား)။

ခန္ဓာက ဒုက္ခသစ္စာ.... (မှန်ပါ့) တဏှာက သမုဒယသစ္စာ.... (မှန်ပါ့) ဒီသစ္စာနှစ်ပါးကို မင်းတို့ မရစေပါဘူး...တဲ့ ရှေ့.ကို... (မှန်ပါ့)။

ဒါဖြင့် ဒုက္ခဖြစ်ကြောင်းနဲ့ ဒုက္ခကိုဖြင့် ဝိပဿနာဉာဏ်က မင်းတို့ကို မပေးဆတဲ့ပါဘူးတဲ့ ဝိပဿနာသာလုပ်ပါ... (မှန်ပါ့ ဘုရား)။

တကယ် တာဝန်ခံရဲတယ်....(ရဲပါတယ်ဘုရား) မရဲဘူးလား... (ရဲပါတယ်ဘုရား) ဘယ်ဉာဏ်ပါလိမ့်.... (ဝိပဿနာဉာဏ်ပါ ဘုရား) ဝိပဿနာဉာဏ် တယ်အာဘိုးတန်ပါကလား(တန်ပါတယ် ဘုရား)။

အဲဒါလောက်ကျအောင် မသိတော့ တကာတကာမတွေက ဝိပဿနာမလုပ်ဖြစ်ကြတော့ဘူး... (မှန်ပါ့)။

အခုတော့ဖြင့် တကျာသခ်ယသုတ်ဆိုပြီးသကာလ မူလပဏ္ဏာသပါဠိတော်မှာ သိကြားမင်းကြီးကို ဘုရားက ဟောတဲ့နေရာမှာ ဒီဟာပါလာတယ်....(မှန်ပါ့) ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

ဩော်....ဒါဖြင့် ဒို့သည်ကား....လို့ဆိုယင် တသံသရာလုံး ဒါ-မလုပ်မိပါကလား _ (မှန်ပါ့ဘုရား) ဒါ့ကြောင့် ခန္ဓာကြီးအိုခြင်း,နာခြင်း,သေခြင်းခန္ဓာကြီးနဲ့နေရတယ်... (မှန်ပါ့)။

ဒီတကျာခိုင်းလိုက်တာ ကျွန်သပေါက်အဖြစ်နဲ့ ဒို့-လူလား မမြောက်နိုင်ဘဲ အမျိုးမျိုးအဖုံဖုံ ဒုက္ခရောက်ကုန်ပြီ.... (မှန်ပါ့ဘုရား)။

ဝိပဿနာမလုပ်မိလို့ ခန္ဓာဒုက္ခလဲ ခံနေရတယ်.... (မှန်ပါ့) တကျာခိုင်းစေတဲ့ဒုက္ခကော.... (ခံနေရပါတယ်ဘုရား)။

အင်း....ဒို့သည် နောက်တုန်းက ဒီတရားမျိုးနဲ့ ဒီအလုပ်မျိုးလုပ်ဘူးပုံမရဘူး....(မရပါဘုရား) ပေါ်လာတယ်....(ပေါ်လာပါတယ်ဘုရား) မပေါ်လာဘူးလား.... (ပေါ်လာပါတယ်ဘုရား)။

တကာတကာမတို့ ဒါ.... ဝိပဿနာဉာဏ် သတ္တိရှိသေးတယ်-(မှန်ပါ့) ဝိပဿနာဉာဏ်သည် ခင်ဗျားတို့ကို ဘယ်ဟာ ကယ်တင်သတုံး....(ခန္ဓာဒုက္ခနဲ့တကျာခိုင်းစေမှုပါဘုရား)။

ခန္ဓာဒုက္ခနဲ့ တကျာဒုက္ခတွေကို တခါတည်း သူက ကယ်ယူပို့ဆောင်တယ်....(မှန်ပါ့)။

ဟောဒီတကျာကြောင့် ရောက်မည့် အာပါယ်ကိုလဲ မရောက်စေဘူးကွ.... (မှန်ပါ့) ဟောဒီ ဒုက္ခကိုလဲ နောက် မင်းတို့ကို မပေးဘူးကွ ...(မှန်ပါ့)။

ဘယ်သူက တာဝန်ခံသတုံး.... (ဝိပဿနာက တာဝန်ခံပါတယ်ဘုရား) ရှင်းကြပလား...(ရှင်းပါပြီ)။

ကဲ... ယနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု...သာဓု...သာဓု

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
အမရပူရမြို့ မဂ်လာတိုက်ဟောင်း မိုးကုတ်ဆရာတော်ဘုရား
အမရပူရမဟာဂန္ဓာရုံ၌ ဟောကြားတော်မူအပ်သော
(ယမမင်းထံ အစစ်ခံရပုံနှင့် ငရဲဒုက္ခမျှားအကြောင်း)
နေ့အလုပ်ပေးတရားတော်
(၉ - ၁၀ - ၆၁)

ဒီနေ့ ဟောမည့်တရားသည် တကာတကာမတို့ ဘုရားတဆူမှ တခါဟောတဲ့တရားလို့ မှတ်ထားရမယ်နော်....(မှန်ပါ့)။

ဘုရားတဆူစာဆူပွင့်ပါမှ တခါတခါဟောတဲ့ တရား....လို့ ဆိုတော့ သြော်.... ငါတို့ ကြားလဲ ကြားနာရခဲ့တယ်၊ မှတ်လဲ့ မှတ် ရလိမ့်မယ်.... (မှန်ပါ့) အရေးကြီးတာလဲ သိရလိမ့်မယ်.... (မှန်ပါ့)။

ဘုရား တဆူတဆူမှ တကာကြွယ် တခါဟောတဲ့ တရား.... (မှန်ပါ့) ဘုရားတဆူပွင့်လို့ ရှိယင် ဒီတခါဘဲ ဟောတာဘဲ၊ နောက် မဟောတော့ဘူး....(မှန်ပါ့)။

ဒီတခါဟောလို့ ဒီတခါ ကျတ်တမ်းဝင်ယင်ဝင်ရော့၊ မဝင် လို့ ရှိယင်ဖြင့် ဒီတရားကိုဖြင့် ထပ်ပြီး အသက်တမ်းတိုတဲ့ ဘုရား ဖြစ်လေသောကြောင့် မဟောနိုင်တော့ဘူး....(မှန်ပါ့)။

အဲ့....ဒီတရားသည် တကာတကာမတို့ အရိယာတို့၏ အလုပ် ကို မမေ့ဘို့ဟောတာဘဲ.... (မှန်ပါ့) အကျဉ်းချုပ်လိုက်တော့

အရိယာတို့၏အလုပ်ကို မမေ့ပါနဲ့လို့ ဟောတာပါဘဲ....(မှန်ပါ ဘုရား)။

ကောင်းပြီ....ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ ရှေး ဦးစွာ ဒီဓနွာကိုယ်ကြီးကို ဉာဏ်လှည့်ရလိမ့်မယ်နော်.... (မှန်ပါ ဘုရား)။

ဒီဓနွာကိုယ်ကြီးကို ဉာဏ်လှည့်ရလိမ့်မယ်.... (မှန်ပါဘုရား) ခါတိုင်းတော့ ဘယ်နှယ်ကြောင့်တုံးလို့ မေးတဲ့အခါကျတော့ တကာတကာမတွေ အိမ်မှာ နေကြတယ်ဆိုတော့ ပြင်ဘက်သာ လှည့်နေတာဘဲ.. (မှန်ပါ) ခန္ဓာဘက် လှည့်တယ်လို့ မပါဘူး (မပါ-ပါဘုရား)။

လှည့်ပြန်တော့လဲ ခန္ဓာကြီးကို အနိစ္စဘက်,ဒုက္ခဘက်,အနတ္တ ဘက် မလှည့်ဘဲနဲ့ ရုပ်ဟာလဲ ငါဘဲ, ဝေဒနာလဲ ငါဘဲ, စေတနာ လဲ ငါဘဲဆိုပြီးသကာလ ဒိဋ္ဌိနဲ့ချည့် လှည့်နေတယ်.... (မှန်ပါ ဘုရား)ဉာဏ်နဲ့လှည့်တယ်လို့ ရှိရဲ့လား.... (မရှိပါဘုရား)။

သြော်... ယနေ့တော့ဖြင့် တကာတကာမတွေ ပြောင်းကြ ပါဦးဆိုတဲ့ဥစ္စာကို ဘုရားတဆူတဆူမှ တခါဟောတဲ့တရား ဖြစ် လေသောကြောင့် ဒိဋ္ဌိနဲ့မလှည့်ဘဲနဲ့ ဉာဏ်နဲ့ခန္ဓာလှည့်ပေးပါ ဆိုတာကို ဘုန်းကြီးက တရားမဟောခင် ဘုရားသခင်ကိုယ်တော် မြတ်ကြီးက ငါ... ဘုရားဖြစ်တဲ့နေ့ကစပြီး ဒီတကြိမ်ဘဲ ဟောတဲ့ တရား၊ ဉာဏ်ခန္ဓာလှည့်ဘို့ဟောတဲ့တရားဟေ့....လို့ သေသေ ချာချာ ဟောရှာပါတယ်.... (မှန်ပါဘုရား)။

တကာတကာမတွေ ခါတိုင်းတော့ ဒိဋ္ဌိနဲ့ ခန္ဓာလှည့်နေကြ

တယ်...(မှန်ပါ) အိမ်မှာနေတဲ့အခါကျတော့ ဒါ-ဘယ်သူဘို့တုံး ငါဘို့ဆိုတော့ ခန္ဓာကို ဒိဋ္ဌိကလှည့်လိုက်တယ်.... (မှန်ပါ့)။

ဘယ့်နှယ်ကြောင့် ဒါလောက်ရှာနေတာတုံး...၊ အို....ငါစား ဘို့ပေါ့, ငါဝတ်ဘို့ပေါ့.... ဆိုတော့ ဒိဋ္ဌိနဲ့ ခန္ဓာလှည့်တယ်... (မှန်ပါ့ဘုရား)။

တခါတလေကျတော့ တဏှာနဲ့လှည့်လိုက်တယ်, ဒါက ငါ့-သား, ငါ့သမီးရှိသကိုး၊ ငါ့သား, ငါ့သမီးဘို့လို့ ရှာရတယ်ဆိုတော့ တဏှာနဲ့လှည့်လိုက်တယ်....(မှန်ပါ့ဘုရား)။

သြော်...တကာတကာမတွေ့ နေ့တိုင်း ခန္ဓာ ဘာနဲ့လှည့်နေကြပါလိမ့်မတုံး မေးတဲ့အခါကျတော့ ဒိဋ္ဌိနဲ့တခါလှည့်လိုက်.... (မှန်ပါ့) တဏှာနဲ့တခါလှည့်လိုက်.... (မှန်ပါ့)။

အင်း.... တကာတကာမတွေ့ ဘာနဲ့လှည့်နေသတုံး.... (ဒိဋ္ဌိနဲ့ တခါလှည့်ပါတယ်, တဏှာနဲ့တခါလှည့်ပါတယ်ဘုရား)။

ခန္ဓာဘက်လှည့်တော့လှည့်တယ်....(မှန်ပါ့)လှည့်ပေမဲ့ ဒိဋ္ဌိနဲ့ တခါလှည့်လိုက်၊ တကာတကာမတို့ တဏှာနဲ့ တခါလှည့်လိုက်.... (မှန်လှပါဘုရား)။

သြော်.... တကာတကာမတို့ ခက်ပါပြီ၊ ဒိဋ္ဌိနဲ့လှည့်ပြန်တော့လဲ ပဋိစ္စသမုပ္ပါဒ်က ဆက်သွားတယ်....(မှန်ပါ့) တဏှာနဲ့လှည့်ပြန်တော့လဲ.... (ဆက်သွားပါတယ်) ပဋိစ္စသမုပ္ပါဒ် ဆက်သွားတယ်....(မှန်ပါ့)။

သေသေချာချာမှတ်ကြပါ တကာတကာမတို့ ခန္ဓာကိုယ်ကို တနေ့ဘယ်နှစ်ခါလှည့်တယ်လို့ ဘုန်းကြီးကတော့ဖြင့် ကျောင်းကနေ ရေတွက်လို့မဖြစ်ဘူး....(မှန်ပါ့)။

ကိုယ့်ဟာကိုယ် လှည့်လိုက်တာဖြင့် စျေးထွက်နေ စျေးထိုင်နေတယ်၊ ကိုယ့်အိမ် ပဲ့ထိုင်လုပ်နေကြတယ်၊ စက်တွေတည်ပြီး ရောင်းဝယ်ဖေါက်ကားနေကြတယ်၊ ဒီအထဲမှာ တကာတကာမတွေ့ ကိုယ့်အကျိုးနဲ့ကိုယ်ပေါ့ဗျာ....(မှန်ပါ့)။

အစုံဘဲ ဘုန်းကြီးတို့ တကာတကမေတွေ့ နေကြ, ထိုင်ကြတော့ ဘယ်သူက ဘယ်လိုနေကြတယ်ဆိုငြားသော်လဲ ကြီးကြီးကျယ်ကျယ် ရှာတဲ့ပုဂ္ဂိုလ်ကလဲ ငါ့ဘို့,ငါ့သမီးဘို့ငါ့သားပါဘို့ဘဲ (မှန်ပါ့ဘုရား)။

သေးသေးကွေးကွေးရှာတဲ့ တကာတကာမတွေ့ကလဲ ငါ့ဘို့, ငါ့သားဘို့, ငါ့သမီးဘို့ဘက်ဘဲ လှည့်တာဘဲ... (မှန်ပါ့)။

ဒါဖြင့် တကာသစ်တို့, တကာကြွယ်တို့က စဉ်းစားရမယ်....ဩ ဩ.... နေ့တိုင်း ခန္ဓာဘက်သာ လှည့်ကြတယ်၊ တဏှာနဲ့လှည့်လိုက်, ဒိဋ္ဌိနဲ့လှည့်လိုက် လှည့်နေတယ်.... (မှန်ပါ့)။

အင်း.... ဘာနဲ့လှည့်ပါလိမ့်....(တဏှာနဲ့လှည့်, ဒိဋ္ဌိနဲ့လှည့်ပါတယ်ဘုရား) ဉာဏ်နားနဲ့ထောင်ကြပါ....၊ ဉာဏ်နားနဲ့တောင်ကြပါ....(မှန်ပါ့)။

တကာတကာမတွေ့ နေ့တိုင်း ငါစားဘို့ဆိုတော့ ဒိဋ္ဌိနဲ့လှည့်လိုက်တယ် (မှန်ပါ့) မလှည့်ကြဘူးလား....(လှည့်ပါတယ်)ငါ့သား- ငါ့သမီးဘို့ဆိုတော့ ဘာတုံး....(တဏှာဘက်လှည့်ပါတယ်ဘုရား) တဏှာနဲ့လှည့်တယ်....။

ငါ့ဘို့ဆိုတော့ ဘာနဲ့လှည့်သလဲ.... (ဒိဋ္ဌိနဲ့လှည့်ပါတယ်) ငါ့သား- ငါ့သမီးဘို့ဆိုတော့... (တဏှာနဲ့လှည့်ပါတယ်)တကာ

ကြွယ် တနေ့လုံးဟာ ဒါနဲ့ကုန်သွားတာဘဲ.... (ဒါနဲ့ကုန်ပါတယ်ဘုရား) သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

ဘာနဲ့လှည့်ကြသလဲ....(ဒိဋ္ဌိနဲ့လှည့်လိုက်,တဏှာနဲ့လှည့်လိုက်ပါဘုရား) တဏှာနဲ့လှည့်တာတချို့...(မှန်ပါ့) ဒိဋ္ဌိနဲ့လှည့်တာ....(တချို့ပါဘုရား)။

ကြောက်စရာကြီးပါလား.... (မှန်ပါ့) ခင်ဗျားတို့ရှာနေတဲ့အဖြစ်ဟာဒုက္ခလေ.... (မှန်ပါ့) ဦးမာဒင် ဘယ်နှယ်နေသတုံး....(ကြောက်စရာကြီးပါဘုရား) သို့သော်လဲ မကြောက်နဲ့ဦး ဖြစ်ပုံကလေးတော့ ပြရဦးမယ်....(မှန်ပါ့)။

ဖြစ်ပုံကလေးတော့ ပြရဦးမယ် တကာတကာမတို့...၊ ဒါကတကာတကာမတို့ရဲ့ ခန္ဓာငါးပါး.... (မှန်လှပါ) ခန္ဓာငါးပါးရှိပြီးသလောလနေတော့ ခန္ဓာငါးပါးဟာ ယောကျ်ားခန္ဓာဘဲ၊ မိန်းမခန္ဓာဘဲ.ခင်ဗျားတို့ ထားပါတော့....(မှန်ပါ့)။

ဒီခန္ဓာငါးပါးနဲ့ စျေးဆိုင်ဆောင်းပြီးသကာလ နေကြတယ်၊ ပွဲစားလုပ်ပြီးသကာလနေကြတယ်.... (မှန်ပါ့)။

ဒီနားလုပ်နေကြတဲ့ အခါကြလို့ရှိယင် တကာတကာမတွေ့သည်ကားလို့ဆိုလို့ရှိယင် စီးပွားရှာကြတယ်.... (မှန်ပါ့)စီးပွားရှာတော့ သူများကမေးလဲ ဟာ.... ဒီအသက် ဒီအရွယ်ကြီးနဲ့ တကာကြွယ် ဘာဖြစ်လို့ စီးပွားတွေ့ရှာနေကြသတုံး....၊ ဦးသန်းမောင်တို့ ဘာဖြစ်လို့ရှာသတုံး....၊ ကိုယ့်အတွက်ပေါ့ဘုရားဆိုတော့ ဒီဟာကြီး ကိုယ်ယူပစ်လိုက်တယ်....(မှန်ပါ့)။

ဘာနဲ့ယူလိုက်သတုံးဆိုတော့ ဒီက ဒီဥဒ္ဓိနဲ့ ယူလိုက်တယ်.... (မှန်ပါ့) ဒီဥဒ္ဓိနဲ့ခန္ဓာငါးပါးကို ကိုယ်လုပ်ပစ်လိုက်တယ်(မှန်ပါ့) ကိုယ့်အတွက်ပေါ့ဘုရား .. (မှန်ပါ့)။

ဟာ.... ကိုယ့် အတွက်ဖြင့် လောက်-လောက်ပါပြီကော၊ ဒါလောက်ဆိုယင် နေနိုင်,ထိုင်နိုင်ရှိပါပြီကောလို့ ဦးမာဒင်တို့ကို ဘုန်းကြီးက သတိပေးလိုက်တယ်....(မှန်ပါ့)။

သြော်.... ဘုန်းကြီးကပြောတော့ ကျောင်းကနေပြောတာ အလွယ်ကလေးဘဲ.... (မှန်ပါ့) ဘုန်းကြီးများလို အလွယ်တကူ ရတာမဟုတ်ဘူး....(မှန်ပါ့)။

တပည့်တော်တို့က အခြံအရံနဲ့နေတာ.... (မှန်ပါ) အခြံအရံ ဘက်လှည့်လိုက်တယ်.... (လှည့်ပါတယ်) အခြံအရံဘက်လှည့်တာ ကတော့ တဏှာနဲ့ လှည့်တယ်.... (မှန်ပါ့)။

ကိုယ့်ဘက် လှည့်လိုက်တာကတော့ ဒီဥဒ္ဓိနဲ့... (မှန်ပါ့) အခြံအရံ သားသမီးတွေဘက်လှည့်လိုက်တာကတော့.... (တဏှာနဲ့ လှည့်ပါတယ်ဘုရား)။

သြော်... တကာသစ် ဒီ·တကာတကာမတွေ့ စီးပွားရှာတာ မရှာစေချင်လို့ မဟုတ်ပါဘူး.... (မှန်ပါ့) လှည့်ပုံနေရာမကျလို့ ပြနေပါတယ်ဆိုတာ သေသေချာချာမှတ်ကြပါ... (မှန်ပါဘုရား)။

လှည့်ပုံက.... (နေရာမကျလို့ ပြနေပါတယ်) တကာကြွယ်-ဒီဟာကြားရခဲတယ်...၊ဘုရားတဆူတဆူမှ တခါဟောတာနော်.... (မှန်ပါ့ဘုရား)။

ဘုရားတဆူတဆူမှ.... (တခါဟောတာပါ) တခါဘဲဟော တယ်လို့ဆိုတာ တကာတကာမတွေ့ သေးသေချာချာမှတ်ပါ.... (မှန်ပါ့ဘုရား)။

တကာကြွယ် ဘယ်နှယ်ကြောင့် ဒီအရွယ်ကြီး အလုပ်တွေ့ မသိမ်းသေးသတုံးဗျ၊ ဘုန်းကြီးကဘဲ မေးတယ်ထားပါ၊မိတ်ဆွေ သင်္ဂဟတွေ့က မေးတယ်ထားပါတော့.... (မှန်ပါ့)။

သြော်....ကိုယ်စားဘို့ဆိုဘော့ ကိုယ့်အတွက်ကလေး ကိုယ် လုပ်ရသေးတာပေါ့....(မှန်ပါ့)။

အင်း.... ဒီဌိုက ဘယ်ဘက်လှည့်သွားသတုံး ... (ခန္ဓာဘက် လှည့်သွားပါဘယ်) ကိုယ်ဘက်လှည့်တယ်....(မှန်ပါ့) ခန္ဓာကိုယ် ထင်လိုက်တယ်... (မှန်ပါ့)။

ဦးသန်းမောင် ဘယ်ဘက်လှည့်လိုက်သတုံး.... (ကိုယ့်ဘက် လှည့်လိုက်ပါတယ်) သြော်....ကိုယ်စားဘို့လဲ လိုသေးဘယ်ဘုရား (မှန်ပါ့) ဒီဌိုဘက်လှည့်လိုက်ပြီနော် ...(မှန်ပါ့)။

တကာကြွယ် ဒီလိုလှည့်ဘူးရဲ့လား.... (လှည့်ဘူးပါတယ်) လှည့်ဘူးတယ်...၊ နေ့တိုင်းလှည့်နေတာဘဲ ...၊ တပည့်တော် ရိုး တောင်နေပြီလို့ ပြောလိုက်ပါတော့.... (မှန်ပါ့) အဲဒါလောက် ဆိုးဝါးတယ်ဆိုတာလဲ ပေါ်ကြပါပြီ....(ပေါ်ပါပြီဘုရား)။

နောက်တနေ့တွေ့ပြန်ရတော့ ခင်ဗျားကြီးလဲ ကြီးပြီဗျာ....၊ ခေါင်းဖြူစွယ်ကျိုးနဲ့ ဘာလုပ်နေစရာရှိသေးသတုံး၊ ထိုင်ပါ တော့လားလို့ မေးတဲ့အခါကျလို့ ရှိယင်တော့ ဟောဗျာ.... ပုဂံ စည်းထားတာကလေးတွေက မကင်းရာ· မကင်းကြောင်းရှိနေ

သေးတယ်- ဆိုတော့ တဏှာနဲ့လှည့်လိုက်တယ်.... (လှည့်ပါတယ်ဘုရား)။

မကင်းရာ-မကင်းကြောင်းဆိုတော့ ဘာနဲ့လှည့်သတုံး(တဏှာနဲ့.လှည့်ပါတယ်) မကင်းတာက တဏှာကမကင်းတာ.... (မှန်ပါ့ဘုရား)။

တကာကြွယ်တို့မျှား လှည့်လိုက်တဲ့ဖြစ်ခြင်း ဒိဋ္ဌိနဲ့လှည့်လိုက်တာခါ....(မှန်ပါ့) တဏှာနဲ့..... (တခါလှည့်ပါတယ်ဘုရား)။

မသိပါဘူး ခင်ဗျားတို့....(မှန်ပါ့)မသိပါဘူး ဒါနဲ့.ညည့်ခံနေတာပါဘဲ.... (မှန်ပါ့ဘုရား)။

ဦးမာဒင် ဒါနဲ့ ဘာလုပ်နေကြသတုံး.... (ညည့်ခံနေပါတယ်ဘုရား) ဖြစ်မှု ဖြစ်ရပလေ အပါယ်သွားမလို့.ညည့်ခံနေတာ.... (မှန်ပါ့)။

ဘယ်သွားမလို့.တုံး.... (အပါယ်သွားမလို့.ညည့်ခံနေတာပါ) ဦးဗထွေးတို့ သေသေချာချာ နားထောင်ပါ။ ခင်ဗျားတို့ကြပ်ကြပ်ဂရုစိုက်ပြီး နားထောင်ပါ။ခင်ဗျားတို့ လုပ်နေတဲ့ အလုပ်က အလွန်ကြောက်စရာ ကောင်းလွန်းလို့ ပြောပြီးသကာလ နေပါတယ်တဲ့(မှန်ပါ့)။

ဘုရားကလဲ ဒီအတိုင်းပြောပါကွာ တဆူတဆူ ပွင့်တဲ့အခါမှ ဒီဥစ္စာကိုမှ မင်းတို့ဥာဏ်ရောက်အောင် မပြောနိုင်လို့ ရှိုးသင်ဖြင့် ဒီတကာတကာမတွေဟာ အပါယ်လေးပါး ကိုယ့်.အိမ်ဘဲဟော့ တက်စရာမရှိဘူးတဲ့....(မှန်ပါ့)။

တကာတကာမတွေ ဥာဏ်နားနဲ့.သေခဿချာချာ ထောင်ကြပါနော်....(မှန်ပါ့) အင်မတန်မှ ဆာရေးကြီးတဲ့ အချက်ကို

ပြောနေပေါ့ဆိုတဲ့ဥစ္စာ တကာကြွယ် ထိုင်မျှားနေတဲ့ အခါ ထိုင်မျှားထိုင်ပြီး သကာလ နေတဲ့ အချိန်ကျလို့ ရှိယင်ဖြင့် ဆရာဘုန်းကြီးလာတဲ့အခါ တကာကြွယ် အလုပ် မရပ်သေး ဘူးလား ဗျဆိုတော့ ကိုယ့်အရေးက လိုသေးသကိုးဘုရား .... (မှန်ပါ့ဘုရား)။

အင်း....သာမည ဆရာသမားဆိုယင် ဒီအတိုင်း သူပြောမှာဘဲ....(ပြောမှာပါဘုရား)။

ဦးမာဒင်ကြီး ဘယ်လိုပြောမယ် ထင်သတုံး.... (ဒီအတိုင်းဘဲပြောမှာပါဘုရား) ဩော်.... တော်တော် ခက်နေ ပကော.... (မှန်ပါ့ဘုရား)။

ကိုယ့်အရေးဆိုလို့ ရှိယင် ခင်ဗျားတို့ ရှိတာနဲ့ ထိုင်စားလို့ ရှိယင်ဖြင့် သေမှာနဲ့ တိုင်းလိုက်ယင် ပိုတောင်နေပါသေးကလား၊ အလောင်းဘိုးတောင် ကျန်ပါသေးတယ်....(မှန်ပါ့ဘုရား)မကျန်ဘူးလား....(ကျန်ပါတယ်ဘုရား)။

ကျန်ပင်ကျန်ငြားသော်လဲ ဦးသန်းမောင်တို့ ဦးဗထွေးတို့က ဆင်ခြေလဲလိုက်ပါ....(မှန်ပါ့) ဩော်...ကိုယ့် အတွက် ကတော့ တင်းတိမ်လောက်ပါပြီ ကိုယ်ကပွားထားတာကလေးတွေ မျက်စိသူငယ် နေရစ်မှာစိုးလို့ ပိုလုပ်နေရတယ်.... (မှန်ပါ့ဘုရား)။

အင်း....တခုနဲ့ ညည့်ခံပြန်ပြီ.... (မှန်ပါ့) တဏှာနဲ့ ညည့်ခံပြန်ပြီ....(မှန်ပါ့)။

ကိုယ့်အတွက်ဆိုတော့ ဘာနဲ့ညည့်ခံသလဲ.... (ဒိဋ္ဌိနဲ့ ညည့်ခံပါတယ်) ဇု-စု-ခရုတွေကဘုရား မှီစား နေတာတွေက မနည်းဘူး

ဘုရား၊သူတို့ကခြေလက် မသန်စွမ်း သေးဘူးဘုရား၊ အကြံဉာဏ် မရှိသေးဘူးဘုရား ဒါကြောင့် ကိုယ်၏ စောင်မခြင်း၊ နှုတ်၏ စောင်မခြင်းနဲ့ မကင်း တရားကလေးက ရှိနေတော့ ပေါ်လာတယ်....(မှန်ပါ)။

မကင်း တရားကလေးက တဏှာကိုးဗျ.... (မှန်ပါ့) မကင်း တရားကလေးက ရှိနေတော့ တပည့်တော်များမှာ အရှင်ဘုရား များလိုလဲ ကျတ်ကျတ်လွတ်လွတ် မထွက် နိုင်တော့တဲ့၊ သြော် မထွက်တော့ဘူးပြောတာ....(မှန်ပါ့)။

ဝဋ်ထဲက မထွက်တော့ဘူးပြောတာ....(မှန်ပါ့) တကာကြွယ် ဘာတဲ့တုံး သူ့ဟာသူ ဗျာဒိတ်ပေးသွားတယ်....(မှန်ပါ့)။

ဘယ်လိုများပေးသတုံး.... (ဝဋ်ထဲက မထွက်တော့ဘူး ပေး ပါဘယ်ဘုရား)။

ဝဋ်ထဲက မထွက်နိုင်သေးတော့တဲ့ ထွက်မှာလဲ မဟုတ်ပါဘူး သူဟာ....(မှန်ပါ့) မထွက်နိုင်သေးတော့ဆိုကတည်း ကိုက တကာ တကာမတွေ့ အတော်ကြောက်စရာ ကောင်းနေပြီ.... (မှန်ပါ့ ဘုရား)။

သြော်... သူများက မထွက်ဘူးပြောတာလား၊ကိုယ်ကမထွက် ဘူးပြောတာလား.... (ကိုယ်က မထွက်ဘူးပြောတာပါဘုရား)။ ဖြစ်မှ ဖြစ်ရလေဗျာ တကာကြွယ်... (မှန်ပါ့)။

ခင်ဗျားတို့ပြောတဲ့ စကားထဲမှာ ဝဋ်မယွက်ဘူး ဆိုတော့ ဝဋ်ကလေးက မကျတ်သေးတော့ ဒီလိုဘဲဘုရား တဝဲ လယ်လယ် နေရသေးတယ်....(မှန်ပါ့)။

အစရှိသည်နဲ့ဘဲ သားတွေ သမီးတွေ ဘက် လှည့်ပြီး ညည့်ခံလိုက်တဲ့အခါကော မပါဘူးလား....(ပါပါတယ်ဘုရား)။

ဒါဖြင့် နေ့တိုင်း အလုပ်-လုပ်နေကာ ဒီညည့်ခံနှစ်ခုနဲ့ လုပ်နေတာဘဲ... (မှန်ပါ)နေ့တိုင်းအလုပ်-လုပ်နေကြတာ....(ဒီညည့်ခံနှစ်ခုနဲ့ လုပ်နေပါတယ်ဘုရား)။

ဒီဋ္ဌိနဲ့ ညည့်ခံလိုက်....(မှန်ပါ)ပြီးတော့ကော....(တဏှာနဲ့ ညည့်ခံလိုက်ပါ) ဦးဗထွေး ဘာနဲ့ ညည့်ခံသတုံး.... (ဒိဋ္ဌိနဲ့ ညည့်ခံပါတယ်ဘုရား)။

တဏှာနဲ့လဲညည့်ခံပါတယ် ဇဩဘ်....ဘုန်းကြီးတို့ တကာဘကာမတွေ စီးပွားရှာနေတာလား အောက်မေ့ နေတယ်တဲ့ အမြင်တော့ စီးပွားရှာနေတာဘဲ....(မှန်လှပါ)။

အရောက် ကတော့ဖြင့် အပါယ်လေးပါး ရောက်ရမယ်....(မှန်ပါဘုရား)။

အမြင်ကတော့ဖြင့် စီးပွားရှာနေတာဘဲရှာရင်းမတွန့်အပါယ်လေးပါးရောက်ရမယ်....(မှန်ပါဘုရား) တကာတကာတွေ သေသေချာချာကြည့်ပါ တကာဘကာမတွေ ဒီတရားမျိုးအင်မဘန်မလဲ ခဲယဉ်းပါတယ်....(မှန်ပါ့)။

ခင်ဗျားတို့ သာမည သီလတရားနဲ့ ဆိုလို့ရှိယင် ဒါအပြစ်မရှိပါဘူး... (မှန်လှပါဘုရား) ဝိပဿနာတရားနဲ့ ကျလာတော့ ခင်ဗျားတို့ ထုတ်ရပ်လမ်းအစစ် တရားနဲ့ကျလာတော့ အပြစ်ကရှိတယ်....(မှန်ပါဘုရား)။

ခန္ဓာကိုယ်ကြီးကို ငါစားဘို့ဆိုပြီးရှာတာ့ ဒီဋ္ဌိနဲ့မစဲဘူးလား

(စဲ့ပါတယ်ဘုရား) ဟောဒီဋ္ဌကလေးပေါ်လာတော့ ဝမ်းထဲမှာ ဘဲပေါ်တယ်....(မှန်ပါ့ဘုရား)

မဟုတ်ပါဘူး ဒါကိုယ်စားဘို့ကိုယ်ရှာတော့ ခန္ဓာကိုယ် ကိုယ် ထင်တဲ့ ဒိဋ္ဌပေါ်လာတယ်ဆိုတာလဲ တကာတကာမတွေ့ အမြင် သားပါ....(အမြင်ပါဘုရား)။

ဒိဋ္ဌပေါ်လာတော့ ပဋိစ္စသမုပ္ပါဒ်က မနေပါဘူး တကာသစ် ရ ဒိဋ္ဌုပါဒါန်ဆိုတာ နောက်ကလိုက်လာတယ်.... (လိုက်ပါတယ် ဘုရား)။

ဒိဋ္ဌိနောက်က ဒိဋ္ဌုပါဒါန်လိုက်တယ်(မှန်ပါ့)နောက်ကနေပြီး သကာလ ဥပါဒါနပစ္စယာ ကမ္မဘဝေါလိုက်တယ်... (မှန်ပါ့) မလိုက်ဘူးလား.... (လိုက်ပါတယ်) ကာယကံ, ဝစီကံ, တွေနဲ့ ပြောလိုက်ဆိုလိုက်တွေ့ မလာရဘူးလား....(လာပါတယ်ဘုရား)။

ဒါဖြင့် ဒိဋ္ဌိရှိလို့ တကာတကာတွေ့ ကိုယ့်ခန္ဓာကို စဲ့စဲ့လမ်း လမ်းဖြစ်တဲ့ ဥပါဒါန်လာတယ်....(မှန်ပါ့) ဥပါဒါန်လာလို့ ဒီ ခန္ဓာကိုယ်ကြီးကို လူချင်းတူတူ သူချင်းမျှမျှ ဝတ်ရ စားရအောင် ပြုမဟဲ့ဆိုတဲ့ ကာယကံ, ဝစီကံတွေ့ကော ထမလုပ် ဘူးလား.... (လုပ်ပါတယ်ဘုရား)။

ဒါဖြင့် ဒိဋ္ဌိ, ဒိဋ္ဌုပါဒါန်, ဒိဋ္ဌိအုပ်ချုပ်တဲ့ကံ....(မှန်ပါ့)၊ကဲ တကာကြွယ်က ကမ္မဘဝ ပစ္စယာ (ဇာတိပါဘုရား)ဟာ ရိုးရိုး မလုပ်နဲ့လေ....(အပါယ်ဇာတိပါ ဘုရား)။

ရိုးရိုးမလုပ်ပါနဲ့ ရိုးရိုးဆိုလို့ရှိယင် ဒီဟာတွေ့ မူးကုန်မှာ စိုးလို့....(မှန်ပါ့) ဒိဋ္ဌိက အပါယ်ကျစေ တတ်တယ်.... (မှန်ပါ့)

ဒီဌီအုပ်ချုပ်တဲ့ ကံကကော (အပါယ်ကျစေ တတ်ပါတယ်.... ဘုရား)။

ဒါ့ကြောင့် တကာတကာမတွေအတွက်မှာ အပါယ်ဇာတိ, ဇရာမရဏဆိုပြီး သုံးမျိုးထပ်လာတယ်....(မှန်ပါ့)ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

ဘာလုပ်ဘို့ ရှာကြတာတုံးဆိုတော့ ကိုယ်လဲ စားဘို့ပေါ့ ဘုရား ဟုတ်လား....(မှန်ပါ့) ကိုယ်လဲစားဘို့ပေါ့ဘုရား ဆိုတာ သူကပြောတာ....(မှန်ပါ့)

ဘယ်သူက ပြောတာပါလိမ့်.... (ဒီဌီက ပြောတာပါ ဘုရား) ကိုယ်လဲ စားဘို့ဆိုတော့ အဟုတ်ကိုစားဘို့လား...လို့ ဆိုလို့ ရှိယင် အဟုတ်ကို စားဘို့ဆိုတော့ ဥပါဒါန်းက ပြောတယ်.... (မှန်ပါ့ဘုရား)။

ဒါဖြင့် ခင်ဗျားထိုင်နေသလား....၊ အားထုတ်နေသလား၊ စားဘို့,သောက်ဘို့အလုပ်ကို ကိုယ်ရော,နှုတ်ရော ပြောရ, ဆိုရ လုပ်ရသေးသလား လို့ မေးလို့ရှိယင် ဘယ်နှယ်ပြောပါ့မယ်.... (လုပ်ခဲ့ပါတယ်ဘုရား) ဒါဖြင့် ကာယကံ,ဝစီကံ.... (မှန်ပါ့ ဘုရား)။

ဒီနှစ်ခုဟာ ဘာပါလိမ့်....(ကာယကံ-ဝစီကံပါဘုရား) ဒါဖြင့် မသေခင်တော့ဖြင့် ဒီဌီ,ဒိဋ္ဌုပါဒါန်, ဒီဌီအုပ်ချုပ်တဲ့ကံ (မှန်ပါ့ ဘုရား)။

နောက်တခါ လှည့်ပြန်တော့လဲ ဒီအတိုင်း လှည့်မှာဘဲ.... (မှန်ပါ့ဘုရား) သေတော့ ကမ္မဘဝပစ္စယာ....(အပါယ်ဇာတိပါ ဘုရား)။

တကာတကာမတွေ ရွတ်စမ်းပါ-ကမ္မဘာဝပစ္စယာ... (အပါယ်ဇာတိပါဘုရား)။

ဦးမာဒင် ဒါ-လျှော့ယင် ဘုန်းကြီး အပါယ်ရောက်မယ်.... (မှန်ပါ့) လျှော့ယင် အပါယ်ရောက်မယ်.... (မှန်ပါ့) ဘာဖြစ်လို့တုံး... ဆိုတော့ ဒီဌိရှိတဲ့ပုဂ္ဂိုလ်ဟာ အပါယ်သွားရမှာကိုး.... (မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီ)။

ဒါဖြင့် တကာတကာမတွေ ကိုယ်ဟူသော အထိမ်းအမှတ်ကို မဖြုတ်နိုင်သ၍ကာလပတ်လုံးဖြင့် ဒီဌိပြုတ်ပါ့မလား.... (မပြုတ်ပါဘုရား)။

ကိုယ်စားဘို့ဘုရားဆိုတာ ဒီခန္ဓာငါးပါးကို ခန္ဓာငါးပါးထင်သေးရဲ့လား၊ ကိုယ်ဘဲ ထင်သလား.... (ကိုယ်ဘဲ ထင်ပါတယ် ဘုရား)။

ကိုယ်ဘဲထင်နေတယ်ဆိုတာ ဦးမာဒင် ငြင်းဘို့လိုသေးသလား (မလိုပါဘုရား) ဦးသန်းမောင် ငြင်းဘို့လိုသေးသလား.... (မလိုပါဘုရား)။

ဘာဖြစ်လို့ ဦးသန်းမောင်တို့ ဒီအလုပ်ကြီး လုပ်နေပါလိမ့်မ၊ ကိုယ်စားဘို့ပေါ့ဘုရား... ၊ ဒီကိုယ်စားဘို့... (မှန်လှပါဘုရား) ဒီကိုယ်စားဘို့ ဘယ်သူက ပြောတာတုံး.... (ဒီဌိက ပြောတာပါဘုရား)။

ဒီဌိကပြောတော့ ပဋိစ္စသမုပ္ပါဒ်က ဦးမာဒင် ... ရပ်ပါ့မလား (မရေပ်ပါဘုရား) မရပ်ဘူးဆိုတာ တကာကြွယ် သေချာပလား-- (သေချာပါပြီဘုရား)။

ဒါဖြင့် ဒိဋ္ဌိ,ဒိဋ္ဌုပါဒါန်....(မှန်ပါ့) ဥပါဒါနပစ္စယာ ...(ကမ္မဘဝေါပါဘုရား) ကမ္မဘဝပစ္စယာ=သေသည်၏ အခြားမဲ့၌....(အပါယ်ဇာတိပါဘုရား)။

သြော်....ဒါဖြင့် ဘုရားတဆူတဆူမှ တခါဟောတယ်ဆိုးတာ့ ဒါဖြင့် အရှင်ဘုရားအလိုတော့ စီးပွါးရှာစားဘို့တောင် အတော် ခဲယဉ်းနေပြီ... (မှန်ပါ့)။

ဦးမာဒင်တို့က ဆင်ခြေလဲမယ် သူတို့က၊ ရှာချင်တဲ့ဘက်က လူကိုး... (မှန်ပါ့) တကာကြွယ်တို့လဲ လဲမှာဘဲ.... (လဲမှာပါ ဘုရား)။

ဘုန်းကြီးကတော့ တပါးတည်းပါဘဲ၊ မထူးပါဘူး၊ ခင်ဗျား တို့က အကုန်ပါဘဲ၊ အတော်ဆိုးနေပြီဆိုတာ ပေါ်လာကြပလား (ပေါ်လာပါပြီဘုရား)။

ကဲ....ဒါဖြင့် တကာတကာမတို့ ကိုယ်ဟူသော အထိမ်းအမှတ် ကို မဖြုတ်နိုင်သ၍ကာလပတ်လုံး ဒိဋ္ဌိလာတယ်....(မှန်ပါ့ဘုရား) ဒိဋ္ဌုပါဒါန်...(လာပါတယ်) ဒိဋ္ဌိအုပ်ချုပ်တဲ့ကံ....(လာပါတာယ် ဘုရား) မလာပေဘူးလား....(လာပါတယ်ဘုရား)။

ဒါ...ဘာပါလိမ့်မလဲလို့ မေးလုံးထုတ်တော့မှ....တဲ့ အရိယာ မမှကို ခင်ဗျားတို့ မကြိုးစားလို့ ဖြစ်ရတာ... (မှန်ပါ့)။

ဘယ်နှယ်ကြောင့် ဖြစ်ရပါလိမ့်....(အရိယာမမှကို မကြိုးစား လို့ ဖြစ်ရပ်ပါတယ်ဘုရား)။

အရိယာမမှကို မကြိုးစားလို့ ဖြစ်ရတယ်ဆိုတော့ သြော်.... ကိုယ့်အတွက်ရှာတယ်ဆိုတဲ့အဓိပ္ပါယ်သည်ကား...လို့ ဆိုယင်ဖြင့်

ပဋ္ဌိစ္စသမုပ္ပါဒ် ဒေသနာတော်နဲ့ ဦးဗထွေးတို့ ဦးသန်းမောင်တို့ ဘုန်းကြီး လျှဉ့်မဟောနိုင်တော့ဘူး....(မှန်ပါ့)။

မဟောနိုင်ဘူး....(မှန်ပါ့) ဒါက ဒီအစဉ်အတိုင်း မသွားပါနဲ့ဆိုလို့ မရပါ့မလား.... (မရပါဘုရား) ဘုရားတားကော.... (မရပါဘုရား)။

အဲ... ခင်ဗျားတို့ကို အခု ဘုန်းကြီးပေးတဲ့ဉာဏ်နဲ့တားယင်၊ ကိုယ့်ဉာဏ်နဲ့ ကိုယ်တားယင် ရတယ်....(မှန်ပါ့)ဘုရားကိုယ်တော်တိုင် ကိုယ်တော်မြတ်ကြီး ဒီအနားက ထိုင်တား၊ ဒီပဋ္ဌိစ္စသမုပ္ပါဒ် မရပ်ဘူး.... (မရပ်ပါဘုရား)။

ဘုန်းကြီးက ဒီအထဲ တကာတကာမတွေ့ ညီအစ်ကိုမောင်နှမ မအေမိဘတွေ့ တော်ဘူးတာချည့်ဘဲဆိုပြီး ထိုင်တား.... (မရပါဘုရား)။

ခင်ဗျားတို့ငမ်းထဲမှာ တန်းနေလို့ တကာသစ် ရကို့မရဘူး.(မှန်ပါ့) ရိပ်မိကြပြီဘုရား....(ရိပ်မိပါပြီဘုရား)။

ဒ ဖြင့် ဒီဥစ္စာဟာ တကာတကာမတို့ အခု အရိယာဓမ္မ ဖြစ်တဲ့ဥစ္စာကို ခင်ဗျားတို့ ကြိုးစားလိုက်ပြန်တော့လဲ လွှတ်သွားတယ်... (မှန်ပါ့) ရှင်းပြီနော်...(ရှင်းပါပြီ)။

တကာကြွယ်-ရေ.... ကိုယ့်အတွက်တော့ စားဘို့သောက်ဘို့ လုံလောက်ပြီမဟုတ်လား .. (မှန်ပါ့.လုံလောက်ပါပြီဘုရား) ဘယ်နှယ်ကြောင့် တကာကြွယ်တို့, ဦးမာဒင်ကြီးတို့, ဦးသန်းမောင်တို့က ခဲ့ချနေရသတုံးလို့ မေးတော့ သြော်.... တကိုယ်ရေတကာယ မဟုတ်ဘူးဘုရာ့... (မှန်ပါ့) လာပြီ.... ခင်ဗျားတို့ဆင်ခြေက... (မှန်လှပါဘုရား)။

ဘာတဲ့တုံး....(တကိုယ်ရေ တကာယမဟုတ်ပါဘုရား)အင်း ... နဂိုရိုကလဲ တကိုယ်ရေ တကာယ နေချင်တဲ့စိတ်လဲ မရှိပါဘူး၊ ဆင်ခြေသာလဲတာပါ .. (မှန်ပါ့)။

ဆင်ခြေသာ လဲတာပါ၊တကိုယ်ရေ တကာယလဲ မဟုတ်တော့ အရှင်ဘုရားမျှားလို မလွယ်ဘူးဘုရား . ၊ မကင်းတရားတွေက သိပ်မျှားတယ်....(မှန်ပါ့)။

ဒါ....ဆင်ခြေလဲကြမလား၊ မလဲကြဘူးလား.... (လဲကြမှာပါဘုရား) ဆင်ခြေလဲတာလား၊ အဟုတ်ကို ပြောတာလား.... (အဟုတ်ကိုပြောတာပါဘုရား)။

အံမာ ... တော်တော်ရဲပါလား တကာကြွယ်၊ အဟုတ်ကို ပြောတာတဲ့၊ မကင်းတရားရှိတာလဲ ကျုပ်တော့ မှန်မှန် ပြောလိုက်တာဘဲ....(မှန်ပါ့) ဟုတ်သဲ ဟုတ်တယ်... (မှန်ပါ့)။

ဒါဖြင့် မကင်းတရားရှိခဲတော့ ဒီဘက်က သားသမီးခွေ ငါးပါးကို အခြောင်းရင်းခံပြီးသကာလ သူပြပြန်တယ်၊ မပြဘူးလား....(ပြပါတယ်ဘုရား)။

ဒါဖြင့် မကင်းတန်းဘဲထားတော့ မကင်းတာတက္ခာ(မှန်ပါ့) တက္ခာပစ္စယာ....(ဥပါဒါန်ပါ) ဥပါဒါနပစ္စယာ . (ကမ္မဘဝပါဘုရား) ကမ္မဘဝပစ္စယာ....(အာယတိဇာတိပါဘုရား)။

ဒါ....ခင်ဗျားတို့ ရှာနေကြဘဲ့အပြစ်ကဖြင့် ကိုယ့်ဘို့ရှာလို့ ရှိယင်လဲ ဒီဋ္ဌ, ဒိဋ္ဌုပါဒါန်, ဒိဋ္ဌိအုပ်ချုပ်တဲ့ကံ၊ သေသည်၏ အခြားမဲ့ဋ္ဌ အပါယ်ဇာတိ....(မှန်ပါ့) ရှင်းပြီနော် ...(ရှင်းပါပြီဘုရား)။

ဟာ....မကင်းတရားနဲ့၊ ကိုယ့်အတွက်ကတော့ လုံလောက်ပါပြီ၊ ဘာလုံလောက်တာလဲ မပြောတတ်ပါဘူး... (မှန်ပါ!) ရတာကတော့ အပါယ်လေးပါးဘဲဗျ.... (မှန်ပါ!) သတောကျပလား....(ကျပါပြီဘုရား)။

ကိုယ့်အတွက်ကတော့ တကာကြွယ် ဘယ်နှယ်တဲ့-(အပါယ်ဇာတိပါဘုရား) ဘာတွေ့ လုံလောက်နေတာတုံးဗျ.... (အပါယ်ဇာတိတွေ့ လုံလောက်နေတာပါဘုရား) ရှင်းပလား... (ရှင်းပါပြီဘုရား)။

ဘာတွေ့မျှား လုံလောက်နေတာတုံး.... (အပါယ်တွေ့ လုံလောက်နေတာပါဘုရား)။

ခင်ဗျားတို့ ပြောတာကတော့ ကိုယ့်အတွက်ကတော့ လုံလောက်ပါပြီ၊ ဒီမကင်းတရားကလေးတွေ့၊ ကိုယ်ကျေးမွေးထားတာကလေးတွေ့က ရှိပြီး သကာလနေတော့ ဒါကလေးတွေ့ မျက်စိသူငယ်နဲ့ နေရစ်မှာစိုးတော့ လူ့အောက်ကျမှာ စိုးရိမ်တယ်ဘုရားဆိုပြီး တကာတကာမတွေ့က ဒီသားသမီးတွေ့ ကူညီချင်တဲ့စိတ် မမျှားဘူးလား.... (မျှားပါတယ်ဘုရား) သူတို့ လူ့အောက်ကျမှာလဲ မစိုးရိမ်ဘူးလား.... (စိုးရိမ်ပါတယ်ဘုရား) ကိုယ်အပါယ်ကျမှာတော့... (မစိုးရိမ်မိပါဘုရား) ဟာ.... ဂွကျလိုက်တာ ...(မှန်ပါ!) အံ့မာလေး.... ကြောက်စရာကြီးပါလား.... (မှန်ပါဘုရား)။

တကာတကာမတို့ ဒီ· ခလေးတွေ့ လူ့အောက်ကျမှာဒုက္ခတော့ ဘခဘဲ့....(စိုးရိမ်ပါတယ်) ကိုယ်အပါယ်ကျမှာတော့.... (မစိုးရိမ်

ပါဘုရား) မပြောချင်ပါဘူးဗျာ အတော်ဆိုးနေပြီဆိုတာ..... (မှန်ပါ့) မပေါ်ကြသေးဘူးလား....(ပေါ်ပါပြီဘုရား)။

ဒါ· မသိလို့ ပေါ်ပြောနေတာနော်... (မှန်ပါ့) ဒီနေရာမှာ ဉာဏ်ဝင်လိုက်ယင်လဲ တချက်တည်းနဲ့ တကာသစ် ပြီးပါတယ်.... (မှန်ပါ့)။

သို့သော်လဲ....တဲ့ခင်ဗျားတို့က အခုပြောတဲ့နှစ်ချက်နေရာမှာ ဉာဏ်ဝင်ပြီးပလားလို့ မေးတော့ ဦးမာဒင်တို့ မဝင်ရသေးပါဘူး ဘုရားလို့ ဖြေရမယ်....(မှန်ပါ့) ဦးသန်းမောင် ဘယ့်နှယ်တုံး... (ဉာဏ်မဝင်ရသေးပါဘုရား)ဒီအတိုင်း ကြာတုန်းပါဘဲ....(မှန်ပါ့ ဘုရား)။

တကာကြွယ်· ဉာဏ်ဝင်ပြီးပလား....(မဝင်ရသေးပါ) ဖြစ်မှ-ဖြစ်ရပလေ.... (မှန်ပါ့) အတော်ဆိုးနေပြီ တကာတကာမတို့.... (မှန်ပါ့)။

သေသေချာချာ ဉာဏ်နားနဲ့ထောင်ကြည့်တော့ ဒါဟာ အိမ်တွင်းကနေသွားတဲ့ အပါယ်လေးပါးဘဲ....(မှန်ပါ့) ထိုင်နေရင်း (သွားတဲ့အပါယ်လေးပါးပါဘုရား)။

ထိုင်နေရင်းသွားတဲ့အပါယ်လေးပါး.... (မှန်ပါ့) အိမ်ထဲမှာ စီးပွားရေးအကြံထုတ်နေရင်းမတွန့်သွားတဲ့.... (အပါယ်လေးပါး ပါဘုရား)။

ဩော်.... ခင်ဗျားတို့ သူမျှားပို့တာ မစောင့်နိုင်ဘူး၊ ကိုယ့် အိမ်က ကိုယ်သွားမည်ပြောတဲ့ အဓိပ္ပါယ်ရောက်တယ်.... (ရောက် ပါတယ်) သဘောကျပလား.... (ကျပါပြီဘုရား)။

ကိုယ့်အိမ်က ကိုယ်ဘယ်သွားကြမှာပါလိမ့်....(အပါယ်လေးပါးသွားကြမှာပါဘုရား)။

ဉာဏ်နဲ့စဉ်းစားပါနော်.... (မှန်ပါ့) ဉာဏ်နဲ့စဉ်းစားပါ....၊ ဖီဉစ္စာ ဒီဘက်ဇာတိကျအောင်ပြထားတဲ့ ဒီဋ္ဌိ, ဒိဋ္ဌပါဒါန်, ဒိဋ္ဌိအုပ်ချုပ်တဲ့ကံ....(မှန်ပါ့) သေသည်၏အခြားမဲ့၌ အပါယ်ဇာတိ (မှန်ပါဘုရား)။

ဘယ်ကနေသွားတာတုံးလို့ မေးတဲ့အခါကျတော့ကို ကိုယ့်ဘို့ အဝိဇ္ဇာကသွားတာ.... (မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ကိုယ့်ဘို့တော့ လုံလောက်ပါပြီဘုရာ့....၊ အခု ရှာနေတာတော့ ကိုယ်ကတော့ နေချိန်နဲ့သေချိန် သေချိန်က မျှားနေပါပြီ (မှန်ပါ)။

သို့သော်လဲ သူတို့ ခြေရာ,လက်ရာကလေးတွေ လက်ထပ်ရပြီး သကာလ လူ့အောက်မကျအောင်လို့ တပည့်တော်တို့ လူကြီးစတ္တရားကလဲ ရှိသေးတယ်...(မှန်ပါ့ဘုရား)။

တကာကြွယ် လူကြီးဝတ္တရားက ဘာတဲ့တုံး....(ရှိသေးပါတယ်ဘုရား) အဓိမာလေး.... ကြောက်စရာကြီးပါကလား... (မှန်ပါ့ဘုရား)။

လူကြီးဝတ္တရားကဖြင့် ရှိသေးဆိုပါကလား... (မှန်ပါ့)အင်း--လူကြီးဝတ္တရား မကျတ်သေးဘူးပေါ့လေ.... (မှန်ပါ့)။

ကဲ.... ရှိပါစေတော့ ခင်ဗျားတို့ဗျာဒိတ်နဲ့ ခင်ဗျားတို့ဘဲ....၊ ဒါဖြင့် အဲဒီကျတော့ သူတပါးလှည့်တဲ့အတွက် အားလုံး တကာ

တကာမတွေ သူတပါး ခင်မျှ,မင်မျှ မကင်းတရား ရှိတဲ့အတွက် မကင်းတာက တဏှာ....(မှန်ပါ့)။

မကင်းမျှစဲလမ်းတာက.... (ဥပါဒါန်ပါ) မကင်းမျှကြောင့် ကာယကံ,ဝစီကံနဲ့လုပ်တာက.... (ကမ္မဘဝပါ) ကမ္မဘဝပစ္စယာ ဒီလူကြီးတွေသေတော့ ဘယ်သွားမတုံး.... (အပါယ်ဇာတိပါ) ရိပ်မိပြီနော်... (ရိပ်မိပါပြီ ဘုရား)။

ဒါက မကင်းဘရားကြောင့်ကျသွားတာ.... (မှန်ပါ့) ခုနင်က ကိုယ့်ဘို့မို့ကျတာ ... (မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီ ဘုရား)။

မကင်းတရားနဲ့ကျတာ ကြိုက်သလား... ၊ ကိုယ့်ဘို့နဲ့ကျတာကြိုက်သလား.... (ဘယ်ဟာမှမကြိုက်ပါ) အံမာလေး.... တကာတကာမတို့ သေသေချာချာ နားထောင်ကြည့်မှ ဒီ အရုပ်ဆိုးကြီးဟာ အတော်ကြီးတယ်နော်....(ကြီးပါတယ်ဘုရား)။

ခင်ဗျားတို့ကိုယ်တိုင် ဒီအတိုင်းရှာနေငြားသော်လဲ ဒီအပါယ်လေးပါး သွားပါလားလို့ တကာသစ် မတွေးမိဘူး....(မတွေးမိပါဘုရား)။

မတွေးမိတဲ့အပြင် ခင်ဗျားတို့က ဖုံးများဖုံးလိုက်သေးတယ်.... (မှန်ပါ့) ဒီလို ကိုယ့်အတွက်ရှာတာကလေးကလဲ နည်းနည်းပို၊ ဟို သားသမီးတွေအတွက်ကလဲ လုံးလောက်ပြီး နည်းနည်းပိုလို့ အရှင်ဘုရားကို ဆွမ်းတို့,ကွမ်းတို့ လောင်းနိုင်ဘာပေါ့တဲ့ (မှန်ပါ့ဘုရား)။

အံမာ.... ဖုံးများဖုံးလိုက်သေးတယ်....(မှန်ပါ့)ဆွမ်းကလေး, ကွမ်းကလေးနဲ့ လာဖုံးလိုက်သေးတယ်... (မှန်ပါ့)။

မဖုံးနဲ့· မဖုံးနဲ့ ခင်ဗျားတို့ဆွမ်း မတတ်နိုင်ဘူး.... (မှန်ပါ့) ကွမ်းကော... (မတတ်နိုင်ပါ) မတတ်နိုင်ဘူး တကာတကာမတို့ ကိုယ့်လမ်းသာကိုယ်သွား ရှုပ်မနေနဲ့.... (မှန်ပါ့) သဘောပါပလား... (ပါပါပြီဘုရား)။

ကိုင်း.... ဒါတွေက ဘယ့်နှယ်ကြောင့်မဖုံးနဲ့လို့ ဆရာ ဘုန်းကြီးက ဆိုရသတုံးလို့ တကာတကာမတွေ မေးလို့ရှိယင်ဖြင့် ပိုတာလှူတာကိုး တကာသစ်ရ....(မှန်ပါ့)။

ငါ့ဘို့ပြည့်ပြီးမှ ဘာတုံး.... (လှူတာပါ) သားသမီးဘို့ပြည့်ပြီးမှ (ပိုတာလှူတာပါ) ဒါဖြင့် အပိုတွက်ဘဲရမယ်.... (မှန်ပါ့ ဘုရား)တကာတကာမတို့ အပြည့်အစုံကတော့ အပါယ်ဘဲရတယ် (မှန်ပါ့ဘုရား)။

အပြည့်အစုံက....(အပါယ်ဘဲရပါတယ်) အပိုတွက်ကလေးဘဲ သုဂတိရောက်မယ်... (မှန်ပါ့) ရိပ်မိပလား... (ရိပ်မိပါပြီ)တယ်လဲ ကြောက်စရာကောင်းပါကလား.... (ကောင်းပါတယ်ဘုရား)။

သေသေချာချာ ဥာဏ်နားနဲ့ စဉ်းစားကြည့်တော့မှ သြဝ်-တနေ့ ငါ· ဒီအကြိမ်ပေါင်း ဘယ်နှစ်ကြိမ်ပါလိမ့်မလဲလို့ တကာသစ်တို့, ဦးမာဒင်တို့ စဉ်းစားကြည့်.... (မရေတွက်နိုင်ပါ) မရေတွက်နိုင်ဘူးတဲ့ (မှန်ပါ့)။

ရေတွက်နိုင်ပါ့မလား.... (မရေတွက်နိုင်ပါ) ဒီနေ့တော့ဖြင့် ကိုယ့်တွက်စီပြီ....(မှန်ပါ့)အင်း.... ဒီနေ့တော့ ကိုယ့်တွက်စီပြီတဲ့ (မှန်ပါ့) တကာတကာမတို့ ကိုယ့်တွက်စီပြီ ဆိုကတည်းက ဒီဌိလာပြီ....(မှန်ပါ့)။

အင်း.... ကိုယ့်အတွက်တင်မကဘူး၊ ဒီနေ့တော့ဖြင့် သားသမီးတွေ-သမီးတွေအတွက်ပါဘဲ လုံလောက်တယ်.... (မှန်ပါ့)။

အင်း.... တကျွာနဲ့သွားလိုက်သေးတယ် ..(မှန်ပါ့) ဦးမာဒင် ဒီနှစ်ခု ပုတီးစိပ်ဘူးရဲ့လား.... (စိပ်ဘူးပါတယ်) တကာကြွယ်ကော....(စိပ်ဘူးပါတယ်ဘုရား)။

ဘာစိပ်တာတုံး ခင်ဗျားဥစ္စာ၊ ရောက်မှရောက်ပါ့မလားလို့ စိပ်တာလား၊ ရောက်ပြီးသား သေချာတာစိပ်တာလား (ရောက်ပြီးသား သေချာတာစိပ်တာပါ) ရောက်ပြီးသား သေချာတယ် စိပ်တဲ့ အဓိပ္ပါယ်ဘဲ ...(မှန်ပါ့)။

တကာတကာမတို့ ဒါအရိယာဓမ္မ ဘုန်းကြီးက သွင်းမပေးလို့ရှိယင် တကာသစ် ဒါဘုန်းကြီးသည် စကားတတ်လို့ ပြောတာလား၊ ဖြစ်စဉ်ကိုက်ပြောတာလား အကဲခတ်. (ဖြစ်စဉ်ကိုက်ပြောတာပါဘုရား)။

တကာကြွယ် ဒီသာကြည့်၊ ပဋိစ္စသမုပ္ပါဒ်သာကြည့်၊ဦးမာဒင် ဒါသာကြည့် (မှန်ပါ့)ဘုန်းကြီးသည် စကားဟတ်လို့ အမျိုးမျိုး အဖုံဖုံ အဓိဟာ-အဓိပ္ပါယ်လည်လို့ ဒီလိုမယူပါနဲ့.... (မှန်ပါ့)။

သူ့ - ပဋိစ္စသမုပ္ပါဒ်ကို လွှတ်ပြီးသကာလ ဘုန်းကြီးက ဟောတာမများတ်ပါဘူး.... (မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒီပဋိစ္စသမုပ္ပါဒ်က တကာတကာမတို့ ကိုယ့်ဘို့.... (မှန်ပါ့) ကိုယ် ဘို့ဆိုကတည်းက ဒီကိုယ်ထင်တာကလေးက ဒီဋ္ဌိလား.... (ဒီဋ္ဌိပါဘုရား) သေချာပလား....(သေချာပါပြီဘုရား)။

ကိုယ့်ဘို့ဆိုကတည်းက ခန္ဓာငါးပါး အနိစ္စတရားလို့ ယူသေးရဲ့လား(မယူပါဘုရား)တကယ်ကိုယ်လို့ မယူလိုက်ဘူးလား (ယူလိုက်ပါတယ်ဘုရား) ယူလိုက်ကတည်းက သူ့ကိုဘာခေါ်ကြမလဲ....(ဒိဋ္ဌိပါဘုရား)။

အဲ... ဒိဋ္ဌိလာတဲ့အခါကျတော့ ဦးမာဒုင် ဒိဋ္ဌုပါဒါန်ရပ်ပါ့မလား...(မရပ်ပါဘုရား) ဒိဋ္ဌိအုပ်ချုပ်တဲ့ကံကော.... (မရပ်ပါဘုရား)ခင်ဗျားတို့ကလဲရပ်အောင် ဘာတခုမှ ဒီကြားထဲ မဂ်သင်းတာမဟုတ်ဘူး... (မှန်ပါ့) သင်းသေးသလား (မသင်းပါဘုရား) မသင်းတော့ သူတို့ရပ်ပါ့မလား.... (မရပ်ပါ)မရပ်တော့ ဒိဋ္ဌိ-ဒိဋ္ဌုပါဒါန်, ဒိဋ္ဌိအုပ်ချုပ်တဲ့ကံ(မှန်ပါ့)ကမှဘဝပစ္စယာ... (အပါယ်ဇာတိပါဘုရား)အပါယ်ဇာတိဆိုတာက ငြင်းလို့ကိုမရဘူး(မရပါဘုရား) ရှင်းကြပလား .. (ရှင်းပါပြီဘုရား)။

သြော်....ကြောက်စရာကြီးပါကလား တကာတကာမတွေ.... (မှန်ပါ့ဘုရား)။

ဒါ့ကြောင့် အားလုံး တကာတကာမတွေ ဆွမ်းကခလေး ကွမ်းကလေးလောက်နဲ့ မဖုံးလိုက်ပါနဲ့.... (မှန်ပါ့ဘုရား) ကျောင်းကလေး, ကန်ကခလေးဆောက်ပြီးတာနဲ့ကော (မဖုံးလိုက်ပါနဲ့.)မဖုံးနဲ့တဲ့ ဒီအကြိမ်နဲ့ ကျောင်းဆောက်တဲ့ အကြိမ်နဲ့ ကဲ ချိန်ကြဗျာ.... (မှန်ပါ့ဘုရား) ဘယ်သူက အရေ အတွက် များသတုံး .. (ဒိဋ္ဌိက အရေအတွက် များပါဘယ်ဘုရား)။

ဒါက နေ့တိုင်းမဟုတ်လား.... (မှန်ပါ့) ကျောင်းဆောက်နေရင်းလဲ ဒါက လုပ်လျက်ဘဲ.... (လုပ်လျက်ပါဘုရား) ဘုရား

တည်နေရင်းကော... (လုပ်လျက်ပါဘုရား) ရော.... လွန်လှချည့်လား တကာတကာမတို့... (မှန်ပါဘုရား)။

ကျောင်းဆောက်တာ ကျောင်းဆောက်တာ တခြား၊ စီးပွားရေး စီးပွားရေးတခြားဘုရာ့(မှန်ပါ)တပည့်တော် အလုပ်မပျက်ပါဘူး၊ ကျောင်းလာကြည့်ငြားသော်လဲ အိမ်ကဝင်ငွေ ရှိလျက်ပါဘဲ... (မှန်ပါ)။

ဒီလိုများည့်ခံကြသေးသလား.... (ည့်ခံပါတယ်ဘုရား) အင်း.... ဒါဖြင့် အိမ်မှာလဲ ဒီဌိမပြတ်ပါဘူး.... (မှန်ပါ) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

အိမ်မှာလဲ ဒီဌိမပြတ်ပါဘူး တဏှာလဲမပြတ်ပါဘူးတဲ့၊ အဲဒီတော့ ဒီလာလုပ်တဲ့ ဥစ္စာဟာလဲ သက်သက် ကုသိုလ် အညွှန့်ပေါက်တာပါဘဲ... (မှန်ပါ) အိမ်မှာ အမဲကွက်ကြီးတွေကဒုတက်နေတာ ဘယ်သူမှမပြောဘူး.... (မပြောပါဘုရား)။

ဒါကလေး အညွှန့် တက်တယ်သာ ပြောနေတော့ တကာတကာမတို့ သိပ်ဆိုးဝါးနေတယ်.... (ဆိုးဝါးပါတယ်ဘုရား) တကာသစ် ရိပ်မိပလား....(ရိပ်မိပါပြီ) ရှင်းပြီနော်.... (ရှင်းပါပြီဘုရား)။

အဲဒီကြားကိုကွာတဲ့ မင်းတို့တတ်နိုင်လို့ ရှိယင်ဖြင့် အရိယာမမှသင်းပေးလိုက်ပါတဲ့... (မှန်ပါ) ကိုင်း-တကာတကာမတို့ ဒီကြား ဘာသင်းပေးရမလဲ.... (အရိယာမမှသင်းပေးရပါမယ်) သင်းမပေးလို့ ရှိယင် မင်းတို့ တကာတကာမတွေ အကုန် အပါယ်သွားကြမယ်....(မှန်ပါ) ရှင်းပလား....(ရှင်းပါပြီ) အရိယာမမှ

ကမ္မလဲတကဲ့ာတကာမတို့ဒီပဋိစ္စသမုပ္ပါဒ်ကိုဖြတ်နိုင်မှာ....(မှန်ပါ့) အရိယာမဖြစ်ဖူးလို့ရှိယင်....(မဖြတ်နိုင်ပါဘုရား)။

ကဲ...ဒါဖြင့် ဦးသန်းမောင်တို့ အရေးကြီးပြီ... (အရေးကြီးပါပြီဘုရား) ဦးဗထွေး ဘယ်နှယ်တုံး.... (အရေးကြီးပါပြီဘုရား) ကယ်မည့်သူဘယ်သူတဲ့ဗျာ.... (အရိယာဓမ္မပါဘုရား)တကာကြွယ် ရိပ်မိပလား.... (ရိပ်မိပါပြီ) အားလုံး တကာတကာမတွေ့ နားကြီးကြီးနဲ့ထောင်စမ်းပါ ဘာမှဖြတ်နိုင်သတဲ့တုံး... (အရိယာဓမ္မမှဖြတ်နိုင်ပါတယ်ဘုရား)။

အရိယာဓမ္မဘဲ မင်းတို့ အားကိုးရာရှိပါတယ်တဲ့.... (မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီဘုရား)။

အရိယာဓမ္မဘဲ တကာတကာမတို့ အားကိုးရာ ရှိတော့တယ် ဆိုတော့ အရိယာဓမ္မဆိုဘာ ဒိဋ္ဌိလဲစင်တယ်.... (မှန်ပါ့) တဏှာ လဲစင်တယ်_ (စင်ပါတယ်) ကံကော.... (စင်ပါတယ်) ကိုင်း ဦးမောင် ရိပ်မိပလား....(ရိပ်မိပါပြီ) တော်သေးတယ်ဘုရား.... (မှန်ပါ့)။

တော်သေးတယ်ဘုရာ့... (မှန်ပါ့) တပည့်တော်တို့ ဒီအကြိမ် ပေါင်းဖြင့် မရေတွက်နိုင်ဘူး.... (မှန်ပါ့) လူလားမြောက်တဲ့ အချိန်ကစပြီး ပဋိစ္စသမုပ္ပါဒ်ချည့် လုပ်တာဘဲ.... (မှန်ပါ့)။

တကာသစ် လူလားမြောက်တဲ့ အချိန်က စပြီး(ပဋိစ္စသမုပ္ပါဒ်-ချည့်လုပ်ပါတယ်ဘုရား) တဏှာပဋိစ္စသမုပ္ပါဒ်.... (လုပ်ပါတယ်ဘုရား) ဒိဋ္ဌိပဋိစ္စသမုပ္ပါဒ်.... (လုပ်ပါတယ်ဘုရား) ဒါလူလားမြောက်တဲ့အချိန်ကစပြီးသကာလ တကာတကာမတို့ အပါယ်ချည့် ဒိုင်းဒိုင်းပြေးတာဘဲ... (ပြေးပါတယ်ဘုရား)။

ဘယ်ဒိုင်းဒိုင်းပြေးကြသလဲ....(အပါယ်ဒိုင်းဒိုင်း ပြေးပါတယ်ဘုရား) ဒါကြောင့်ဘုန်းကြီးတို့တကာဘကာမတွေအရင်းအနှီးတွေမို့ သြော်....ဒီလာပြီး တရားနာနည်း ယူကြတယ်ဆိုတာ ဘုန်းကြီးက ဝမ်းသာတယ်....(မှန်ပါ့)။

ဘယ်နှယ်ကြောင့် ဝမ်းသာသတုံးဆိုလို့ရှိယင်....သူတို့ အချိန်မှီသေးတယ်....(မှန်ပါ့) အပါယ်လေးပါး တံခါးပိုဟ်ဘို့ အချိန်မှီသေးတယ် ... (မှန်ပါ့) မဂ်ဉာဏ်ခဘို့ အချိန် ရှိသေးတယ်.... (မှန်ပါ့ဘုရား) မိဘရိုးရာနဲ့သွားယင်သွားဆောဟေ့.... (မှန်ပါ့) ဆိုတော့ တကာကြွယ်-ဒါဝမ်းမြောက်စရာဘဲ.... (မှန်ပါ့)ကဲ.... ဦးမာဒင်တို့ ဘာတုံးဗျာ .... (အရိယာဓမ္မကြိုးစားရပါမယ်) အရိယာဓမ္မကြိုးစား....(မှန်ပါ့ဘုရား)။

ကြိုးစားချိန် မှိသေးတယ် မဟုတ်သား.... (မှိပါတယ်ဘုရား) ကဲ....ဦးဗထွေးတို့ကော....(မှိပါတယ်ဘုရား)ဘော်သေးတယ်နော် (မှန်ပါ့)။

ခင်ဗျားတို့မှာ ခြွင်းချက် ရှိသေးတယ်.... (ရှိပါတယ်ဘုရား) ကိုင်း... ခင်ဗျားတို့ ရှေးကပုဂ္ဂိုလ်တွေ, ရှေးက ဒီလို အရိယာဓမ္မ ဝါသနာမပါတဲ့ ပုဂ္ဂိုလ်တွေ,ဟောမည့် ပြောမည့်ပုဂ္ဂိုလ်တွေနဲ့ မကြုံတဲ့ပုဂ္ဂိုလ်တွေကျတော့ တကာကြွယ်တို့ ဦးမာဒင်တို့က အသက်ကြီးတဲ့ လူခတွကဆုံးဖြတ်ချက်ချ၊အရိယာဓမ္မနဲ့ဖြတ်လိုက်ရရဲ့လား မေးယင် ဘယ်နှယ် ပြောကြမလဲ.... (မဖြတ်လိုက်ရပါဘုရား)။

ဒါနဲ့ဘဲသွားမှာဘဲ.... (သွားမှာပါဘုရား) မသွားရပေဘူး

လား.... (သွားရပါတယ်ဘုရား) ကြောက်စရာ ကြီးပါလား.... (ကြောက်စရာကြီးပါဘုရား)ဦးလှဘူးပေါ့ပြီ... (ပေါ့ပါ့ဖြီဘုရား)။

ကိုင်း.. တကာတကာမတို့ ဘုရားတဆူတဆူမှ အရိယာဓမ္မတခါ ပေါ်လာတယ် ဆိုတာကော သေချာပလား.... (သေချာပါပြီဘုရား)။

ကိုင်းဒါဖြင့် တကာတကာမတို့ အရိယာဓမ္မနဲ့ ဖြတ်ပြမယ်နော်.... (မှန်ပါ့) ဖြတ်မပြခင်သူ့ဟာတဲ့ အရိယာဓမ္မမရှိလို့ မင်းတို့ အရိယာဓမ္မအားမကိုးလို့ ဖြစ်တဲ့ အရုပ်ဆိုးမှကလေးကို ဘုရားက ရှေးဦးစွာဟောပါဦးမယ်တဲ့(မှန်ပါ့)သဘောကျပလား (ကျပါပြီ)။

ကဲ... ဒါဖြင့်တကာတကာမတို့ မြတ်စွာဘုရားသခင်ကိုယ်တော် မြတ်ကြီး သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတယ်... (မှန်ပါ့ဘုရား)။

မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီး သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ သီတင်းသုံးနေတဲ့ အခါကျလို့ ရှိယင် ရဟန်းတွေ အာကုန်စုလာတယ်၊ လူတွေလဲ လာကြတယ်.... (မှန်ပါ့) ဘယ်သူတောင်းပန်လို့မှ မဟောဘူး၊ ငါသည်ဘုရားဖြစ်တဲ့ အခါမှာ တကြိမ်ပြောရမည့် ဝတ္တရား မင်းတို့ ပြောပြမယ်.... (မှန်ပါ့ဘုရား)။

ဆိုပြီးတရားဟောလိုက်တယ်....(မှန်ပါ့) ငါကကွာတဲ့ ဘုရားဖြစ်တဲ့နေ့ကစပြီး သကာလတဲ့ အိမ်နှစ်အိမ်ကြားမှာ အိမ်နှစ်အိမ်

ကလဲ မျက်နှာချင်းဆိုင်ပြီး တံခါးပေါက်တွေနဲ့ ဟိုအိမ်ကလဲ တံခါးနဲ့ ဒီအိမ်ကလဲ တံခါးနဲ့ ငါက အလယ်ကနေ ထိုင်ကြည့်နေတယ်တဲ့.... (မှန်ပါ့)။

ဟိုအိမ်က လူဆင်းသွားတာလဲ မြင်တာဘဲကွတဲ့.... (မှန်ပါ့) ဒီအိမ်ကလူဘယ်သွားတယ်ဆိုတာလဲ....(မြင်ပါတယ်)ဘာကြောင့် တုံးဆိုတော့ ငါကဆင်းတာတက်တာ မြင်တဲ့နေရာက နေတာကိုးကွတဲ့....(မှန်ပါ့)။

ထို့အတူဘဲတဲ့ ငါဘုရားသခင်ကိုယ်တော်မြတ်ကြီး ဘုရားဖြစ်တဲ့နေ့ကစပြီး ဒီဗွစက္ခုအဘိညာဏ်နဲ့ ငါ ကြည့်လိုက်တယ်.... (မှန်ပါ့)။

နတ်ပြည်တက်သွားတဲ့ ပုဂ္ဂိုလ်လဲ ငါမြင်တာဘဲ အပါယ်ဆင်းသွားတဲ့ ပုဂ္ဂိုလ်ကော.... (မြင်ပါတယ်ဘုရား) မြင်တာဘဲတဲ့ ဒါသူမျှားပြောနဲ့ ငါမဟောဘူး ငါ့အမြင်နဲ့ ငါဟောမဟာ့ တဲ့ (မှန်ပါ့)။

တကာတကာမတို့ ဘာတဲ့တုံး.... (ငါ့အမြင်နဲ့ ငါဟောမယ်တဲ့)။

အခုဟောမည့်တရားး တကာတကာမတို့၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ငါဘုရားဖြစ်တဲ့နေ့ကစပြီး အိမ်နှစ်အိမ်ကြားမှာ ထိုင်နေတဲ့ပုဂ္ဂိုလ်နဲ့ ငါတူပါတယ်....(မှန်ပါ့)။

တအိမ်ကလူက သူ့အိမ်သူတက်သွားတာလဲ ငါမြင်လိုက်တာဘဲ.... (မှန်ပါ့ဘုရား) တအိမ်ကလူက အောက်ဆင်းသွားတာလဲ ငါမြင်လိုက်တာဘဲ....(မှန်ပါ့)။

ထို့အတူဘဲ ငါသည် ဒိဗ္ဗစက္ခုအဘိညာဏ်နဲ့ကြည့်နေတယ်တဲ့၊ လူ့ပြည်ကနေ အပါယ်ဆင်းသွားတာလဲ ငါမြင်လိုက်တာဘဲ.... (မှန်ပါ့)။

လူ့ပြည်ကနေလှမ်းပြီး နတ်ပြည်တက်သွားတာကော....(မြင်လိုက်ပါတယ်ဘုရား) ငါသည် အဲဒီလိုမြင်လို့ သူမျှား ပြောသံကြားနဲ့ ယခုဟောသည့်တရားကို ဟောသည်မှတ်ဘူး....တဲ့.... (မှန်ပါ့)။

ကိုယ်တိုင် အိမ်နှစ်ခုကြားမှာ ထိုင်ကြည့်ပြီး အမြင်နဲ့ပြောတဲ့ တရားလို့ မှတ်ပြီး မင်းတို့ နာစမ်းပါ....တဲ့.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

တရား နှလုံးသွင်းကြပါ တကာတကာမတို့၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဆင်းတာလဲမြင့်,တက်တာလဲမြင့်နဲ့ ငါ့ကိုယ်တိုင် မြင်တဲ့တရား ငါကိုယ်တိုင် မင်းတို့ကို ဟောမယ်... တဲ့.... (မှန်ပါ့) ဆိုပြီးသကာလ ဟောလိုက်ပါတယ်....တဲ့။

ဘယ်လိုဟောသတုံးဆိုတော့ ငါသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် အပါယ်သွားတဲ့ ပုဂ္ဂိုလ်သဲ့ မြင်တယ်က္....(မှန်ပါ့) နတ်ရွာသုဂတိ နိဗ္ဗာန်သွားတဲ့ပုဂ္ဂိုလ်လဲ ငါ့ကိုယ်တိုင်မြင်တယ်၊ ဒိဗ္ဗစက္ခုအဘိညာဏ်နဲ့ သေသေချာချာမြင်ပါတယ်... (မှန်ပါ့)။

လူ့ပြည်မှာက္ခာ.. တဲ့၊ သားရေး, သမီးရေး, စီးပွားရေးနဲ့စားသောက်ပြီးသကာလ ရောင်းရေး,ဝယ်ရေးနဲ့ အချိန်ကုန်ပြီးသကာလ နေကြတဲ့ပုဂ္ဂိုလ်တွေ့ရှိတယ်၊ ဒုစရိုက်ဒေါ့နဲ့ အသက်မွေးပြီး မုသားတွေ့ပြောလိုက်၊ ဇာမျိုးမျိုးအဖုံဖုံ ခန္ဓာဉာဏ်

မလှည့်ဘဲနဲ့ လုပ်ကိုင်စားသောက်နေကြတဲ့ ပုဂ္ဂိုလ်တွေရှိတယ်... (မှန်ပါ့)။

အဲဒီ့ပုဂ္ဂိုလ်စတဲ့ အပါယ်သွားတာလဲ ငါမြင်တယ်ကွ.... (မှန်ပါ့ဘုရား) သုစရိုက်တွေလုပ်ပြီးသကာလ သူတော်ကောင်း အလုပ်-လုပ်ပြီးသကာလ သွားကြတဲ့ပုဂ္ဂိုလ်တွေ, ဝိပဿနာအလုပ် လုပ်ပြီးသွားကြတဲ့ ပုဂ္ဂိုလ်တွေလဲ ငါမြင်တယ်... ကွ.... (မှန်ပါ့ဘုရား)။

သို့သော်-ဒီအပါယ်သွားတဲ့ပုဂ္ဂိုလ်က များးတဲ့အတွက် များးတဲ့ ပုဂ္ဂိုလ်အကြောင်း ငါ-ရှေးဦးစွာ ပြောမယ်ဆိုပြီး ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သာဝတ္ထိပြည် ဇေတဝန် ကျောင်းမှာဘဲ ဟောတယ်....(မှန်ပါ့)။

ဒီ-ဒုစရိုက်တွေနဲ့ သားရေး, သမိးရေး, စီးပွါးရေးနဲ့ အချိန် ကုန်ပြီး သွားတဲ့ပုဂ္ဂိုလ်မှာ အပါယ်လေးပါး ယမမင်းဆီ ရောက် တယ်ကွာ....တဲ့....(မှန်ပါ့) ယမမင်းဆီ ရောက်တဲ့အခါကျတော့ ဒီပုဂ္ဂိုလ်တွေကို ငရဲထိန်းတွေကဖမ်းပြီး ယမမင်းဆီပြကြတယ် (မှန်ပါ့)။

တခါတည်း ဒီလူ့ပြည်ကစုတေပြီး အပါယ်မှာ ဘွားကနဲ အပါယ်ကောင်ကြီး သွားဖြစ်တယ်(မှန်ပါ့)ဖြစ်သည်နဲ့တပြိုင်နက် တည်း ငရဲထိန်းတွေကဖြစ်ရာဌာနကနေပြီးလက်မောင်းကို ဟိုဘက် ဒီဘက် ဆွဲဘဲ့ပြီး ယမမင်းဆီ ပြကြတယ်ကွာ....တဲ့.... (မှန်ပါ့ဘုရား)။

ယမမင်းကို ပြောကြတယ်....တဲ့၊ ယမမင်းကြီး ဟောဒီလူကို ဖမ်းလာပါပြီ၊ လူ့ပြည်မှာ ဒုစရိုက် ဒုစ္စရိုဝ်တွေနဲ့ အသက်မွေး

လာတဲ့ပုဂ္ဂိုလ်ပါ....၊ သားရေး, သမီးရေးနဲ့. အချိန်ကုန်လာတဲ့ ပုဂ္ဂိုလ်ပါ၊ ဒါ့ကြောင့် ဒီကိုရောက်လာတဲ့အတွက် ယမမင်းကြီး ပြစ်ချက်ကို စစ်တော်မူပါဆိုပြီး ယမမင်းကြီးကို အပ်လိုက်ပါတယ်....(မှန်ပါ့)။

အဲဒီတော့ ယမမင်းကြီးက ထုံးစံအတိုင်း အမောင်လူသား-လူ့ပြည်မှာ ခလေးသူငယ် လူမမယ်ကလေးတွေ၊ကိုယ့်ကျင်ကြီး ကိုယ့်ကျင်ငယ်မှ မသိမ်းနိုင်ဘဲနဲ့ ခြေထောက်ကလေး ကလန်ကလန်နဲ့ လက်ကလေးတွေကလဲ ဟိုလှုပ်ဒီလှုပ်နဲ့ ကျင်ကြီး ကျင်ငယ်တွေစုန်တာမှ သူ့ဟာသူမသိတဲ့ ခလေးကလေးတွေ မင်းမြင်ဘူးရဲ့လား....တဲ့.... (မှန်ပါ့)။

ယမမင်းက ခုနင်က ဖမ်းလာတဲ့လူ၊ သားရေး, သမီးရေး, စီးပွါးရေးနဲ့ အချိန်ကုန်လာတဲ့လူကို စစ်လိုက်တယ်.... (မှန်ပါ့) မတရားသဖြင့် အသက်မွေးလာတဲ့လူပေါ့ဗျာ.... (မှန်ပါ့)။

ကျွန်တော် မြင်ဘူးပါတယ်လို့ ခုနင်က ငရဲရောက်တဲ့ လူက ထွက်ဆိုတယ်... (မှန်ပါ့)။

ဩော်....ဒီဒုက္ခကြီး လွတ်ရေး,ကျွတ်ရေးဆိုတဲ့ ဒုက္ခသစ္စာတွေ မြင်ပြီးသကာလ ဒီဒုက္ခမှ လွတ်ရာရှာမယ်လို့ မျှား မောင့်စိတ်ထဲ မပေါ်ဘူးလားတဲ့... (မှန်လှုပါဘုရား) မေးလိုက်တယ်....(မှန်ပါ့) ကျွန်တော် မပေါ်ပါဘူးခင်ဗျားး... တဲ့... (မှန်ပါ့)။

ဩော်... ရှေးဦးစွာ မင့်မှာ သေမင်းတမန်ဆိုတဲ့ဥစ္စာ သေသေချာချာ ဒီခလေးသူငယ် လူငယ်က ကျွန်တော်မှာ ဒုက္ခ်ိတပါ၊ ဘာမှ အသုံးမကျပါဘူး၊ သူပေး,လူပေးနဲ့စားရပါတယ်၊ သူထူ,

ငါထူမှ ကြွနိုင်ပါတယ်၊ ကျွန်တော်ဟာ ဒုက္ခသစ္စာကလေးပါလို့ ခလေးက ပြောလျက်သားနဲ့ မင့်ဥာဏ်ထဲမှာ ဒီခလေးကိုချမ်းသာနေတယ် ဒုက္ခသစ္စာလို့မမြင်၊ ဒုက္ခသစ္စာ၏ ကျတ်ရာသုပ်ငန်းငါရှာမှာဘဲဆိုတဲ့စိတ်ကလဲ မပေါ်တော့ အမောင် တယ်မေ့ပါကလား....တဲ့....(မှန်ပါ့) ကောက်နုတ်ချက် ရေးလိုက်တယ်.... (မှန်ပါ့)။

အမောင် တယ်မေ့ပါကလား....တဲ့၊ ခလေးက ဒုက္ခသစ္စာဟောနေတဲ့ဥစ္စာ မင်းက ဒုက္ခသစ္စာလို့ မထင်လာ.... (မှန်ပါ့) မထင်လာတဲ့အဘွက် မင်း·မေ့ချက် တယ်ပြင်းထန်ပါကလားတဲ့-(မှန်ပါ့)။

တကာတကာမတွေ ယခုမင်းက ကောက်နုတ်ချက်ထုတ်ပြီး စာအုပ်ပေါ် ရေးလိုက်တယ်... (မှန်ပါ့) တယ်မေ့လျော့တဲ့ပုဂ္ဂိုလ်ပါကလား ဆိုပြီးသကာလ ဦးလှဘူး, ရေ....ကောက်နုတ်ချက်ရေးလိုက်တယ်(မှန်လှပါ)ခလေးပြပြီးတော့ စစ်တယ်နော်(မှန်ပါ့)

တကာတကာမတို့ ပြန်စစ်ရဦးမယ်၊ ခခလေးကလေးတွေ မြင်ဘူးကြရဲ့လား _ (မြင်ဘူးပါတယ်ဘုရား) ခြေကလန်, လက်ကလန်နဲ့လေ ...(မှန်ပါ့) ကျင်ကြီး,ကျင်ငယ် အလိမ်းလိမ်းနဲ့ကော (မြင်ဘူးပါတယ်ဘုရား)။

ဒီခခလေးကလေးတွေဟာ တကာတကာမတို့ သူခပး,လူခပးနဲ့ကြီးလာခဲ့ကြတယ်.... (ကြီးလာခဲ့ပါတယ်ဘုရား) ထမင်းဟင်းလဲယူပေးမှ၊ ကိုယ်ဟာကိုယ် ယူစားနိုင်တဲ့သတ္တိလဲ မရှိပါဘူး.... (မရှိပါဘုရား) နို့ကလေး,ဘာကလေးဆာလဲ ငိုတတ်တာမှ

တပါး ဒီ့ပြင် ဘာရှိသေးသလဲ.... (ဘာမှ မရှိပါဘုရား) သူမျှား ပေးတာမြင်ယင် သောက်ဘို့ဘဲ... (မှန်ပါ့) ကျင်ကြီး,ကျင်ငယ် တွေ့လဲ ကိုယ့်ဟာနဲ့ကိုယ် လူးလှိမ့်နေတာဘဲ....(မှန်ပါ့)ကိုယ့် ဟာကိုယ် ရေတွေ့,ဘာတွေ့ရှိရာ သွားပြီး ဆေးနိုင်သလား-ကြာ နိုင်သလား.... (မဆေးနိုင်ပါဘုရား) သူမျှားပြုမှုစုမှုဘဲ သူ့မှာ ပြီးရတယ်....(မှန်ပါ့) ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား)။

အဲဒါကလေးမြင်တော့ ဒီတကာတကာမတွေက သြော်... ဒုက္ခသစ္စာကလေးပါလားလို့ ဘုန်းကြီးတို့ တကာတကာမတွေလဲ ခလေးမြင်သဖြင့် ဒီဒုက္ခသစ္စာမှု လွတ်ရာ ရှာပါတော့မယ် ဆိုတဲ့ စိတ်ကော ပေါ်ရဲ့လား....(ပေါ်ပါတယ်ဘုရား) ဒါဖြင့်ကောက် ချက်ရေးရုံဘဲရှိတယ်....(မှန်ပါ့) ရိပ်မိပလား(ရိပ်မိပါပြီဘုရား)။

ကဲ အမောင်တို့ တယ်မေ့ပါကလား .... တရားတပဲ့လုံး ရေးပြီး... (မှန်ပါ့ဘုရား) တကာတကာမတို့ အမောင်တို့... အမတို့သည် ဘယ့်နှယ်တုံး... (မေ့ပါတယ်ဘုရား) တယ်မေ့ပါ ကလား ဆိုတာ ဘာမေ့တာတုံး ဇာကာသစ်.... သစ္စာမေ့တာ (မှန်ပါ့-သစ္စာမေ့တာပါဘုရား) ကြောက်စရာကောင်းလိုက်တာ (မှန်ပါ့)။

တကာတကာမတို့ သစ္စာဟောနေတာ ဘာမေ့ ပါလိမ့်.... (သစ္စာမေ့ပါတယ်ဘုရား)တကာကြွယ်ကော မေ့ဘူးရဲ့လား... (မေ့ဘူးပါတယ်ဘုရား)ဒီ ခလေးကလေး မြင်ယင် ခင်ဗျားတို့က ပွဲ့ကာ-ချီကာနဲ့ ဒုက္ခသစ္စာမထင်တဲ့ အပြင်မှာ အညှန့်ကလေး ပေါက်လာတယ်တောင် ထင်သေးတယ် .... (မှန်ပါ့ဘုရား) ဖြစ်မှုဖြစ်ရလေ....(မှန်ပါ့ဘုရား)ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)

ဘယ့်နှယ်မျှား ထင်ကြသတုံး....(အညွှန့်ပေါက်တယ်ထင်ပါတယ် ဘုရား)။

ဟင်....ဒါကလေးသွားပြီးသကာလ ဒို့အမျိုးထဲ ဒါကလေး အညွှန့်ပေါက်လာတာဘဲ ကောင်းကောင်းမွေးကြပါဟ ရှာမှု-ရှား လေးဖြစ်လာတယ်....(မှန်ပါ့)။

ဖြစ်မှ-ဖြစ်ရပမလေ၊ ခင်ဗျားတို့ကလဲ ဒုက္ခသစ္စာ ဟောတာဘဲ အညွှန့်ပေါက်လာတယ်လို့ ယူနေတော့.... (မှန်ပါ့) သဘောပါ ကြပသား... (ပါ-ပါပြီဘုရား)။

ဒါဖြင့် အမောင်မေ့လျော့တယ်တဲ့ အဲဒီတော့ အမောင်မေ့ တဲ့ အပြစ်ဆိုတော့ မေ့တာက အဝိဇ္ဇာ.... (မှန်ပါ့) အဝိဇ္ဇာ ပစ္စယာ....(သင်္ခါရာပါ) သင်္ခါရပစ္စယာ....(ဝိညာဏံပါ) ဝိညာ ဏံဆိုတော့ အပါယ်ဝိညာဏ်ကို အမောင်ရမယ်တဲ့.... (မှန်ပါ့)။ သဘောကျပလား... (ကျပါပြီ) မေ့တာက ဘာတဲ့... (အဝိဇ္ဇာ ပါဘုရား)အဝိဇ္ဇာကြောင့် ဘာဖြစ်သတုံး....(သင်္ခါရဖြစ်ပါတယ်) သင်္ခါရပစ္စယာ... (ဝိညာဏံပါ) ဘယ်ဝိညာဏ်တုံး.... (အပါယ် ဝိညာဏ်ပါဘုရား)။

ကဲ အမောင်မေ့မှုကြောင့် အဝိဇ္ဇာကြောင့် အမောင်ပြုချင် သလိုပြုပြီး နေခဲ့တယ်၊ ရောင်းချင်သလိုရောင်း၊ ဝယ်ချင်သလို ဝယ်ပြီးနေခဲ့တယ်....(မှန်ပါ့)။

နေခဲ့တဲ့အတွက် အမောင်၏ အပါယ်ခံရမည့်ကိစ္စကို အမောင့် အမေ ပြုသည်မဟုတ်ဘူး....တဲ့ (မှန်သုပါ) အမောင့်အဖေ ပြုသည် မဟုတ်ဘူးတဲ့....(မဟုတ်ပါဘုရား)။

ရဟန်း-ပုဏ္ဏားတွေက လာပြုသည် မဟုတ်ဘူးတဲ့.... (မှန်ပါ့) အမောင့်ကိစ္စကို အမောင်သာလျှင်ဆိုင်တယ်.... (မှန်ပါ့ဘုရား) တခါတည်းကောက်နုတ်ချက် ရေးလိုက်တယ်.... (မှန်ပါ့)။

တကာတကာမတွေ ကြောက်စရာ ကောင်းလိုက်တာ .... (ကောင်းပါတယ်ဘုရား) မေ့တာက ဘာပါလိမ့်.... (အဝိဇ္ဇာပါဘုရား)။

မေ့တော့ ရောင်းချင်သလိုရောင်း-ဝယ်ချင်သလို ဝယ်တာက ဘာတဲ့....(သခ်ါရပါဘုရား) အဲဒီသခ်ါရနဲ့ စုတေမနေ သေလွန်သွားတဲ့ အခါကျတော့ အပါယ်ဝိညာဏ် မရပေဘူးလား .... (ရပါတယ်)။

ကဲ...ဦးမာဒင် ပဋိစ္စသမုပ္ပါဒ်နဲ့ ကျတော့ ငြင်းလို့ ရသေးသလား... (မရပါဘူး) မေ့ပြစ်ဘယ်လောက် သင့်တယ်ဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)မေ့ပြစ်အပါယ်လေးပါးသို့ ရောက်ပါတယ်.... (မှန်ပါ့)။

ခင်ဗျားတို့က မေ့သွားတယ်နော်... သည်းခံပါတဲ့.... (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ကျုပ်က မေ့သွားလို့ဗျာ၊ ပေးမယ်ဆိုတာ ကတိတော့ရှိမှတယ်၊ ကျုပ်က ကိစ္စတွေကများလွန်းလို့ မေ့သွားလို့.... (မှန်ပါ့)။

ဒီတခါသည်းခံလိုက်ပါဦး အိုကိစ္စမရှိပါဘူး ကိုယ့်လူချင်းကိုး ဒါက... (မှန်ပါ့) အပါယ်ကတော့ မေ့သွားတဲ့ ဥစ္စာက အဝိဇ္ဇာသခ်ါရဝိညာဏ် မတတ်နိုင်ဘူးဟာ-နိယာမ....(မှန်ပါ့)။

တကာသစ်ဘာတဲ့ .... (နိယာမပါဘုရား) အဝိဇ္ဇာတည်းဟူသောအကြောင်းက သခ်ါရကို သေသေချာချာ လုပ်ရမယ်... (မှန်ပါ့)။

သခ်ါရက ဘာလုပ်ရမယ်....(ဝိညာဏ်လုပ်ရပါ့မယ်) အပါယ် ဝိညာဏ်ကို သေသေချာချာလုပ်ရမယ်၊ ဒီဥစ္စာကို တကာတကာ မတို့ မေ့သွားလို့မရဘူး ... (မှန်ပါ့)။

ဒါဖြင့် မေ့မှကြောင့် ပြုချင်သလို ပြုတယ်....(မှန်ပါ့) ပြုချင်သလိုပြုလို့ ရောက်ချင်သလိုရောက်၊ရချင်သလို ရတယ်.... (မှန်လှပါ) ရှင်းပလား.... (ရှင်းပါပြီ)။

ဒါ့ကြောင့် အရိယာမမှ သိပ်အရေးကြီးတယ်ဆိုတာ မမေ့တာက အရိယာမမှ....(မှန်ပါ့) မေ့တာက မိစ္ဆာမမှ....(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ကိုင်းဒါနဲ့ ပဌမစစ်ချက်မှာဖြင့် အမောင့်-မေ့ပြစ်ဟာအမောင် သာလျှင်ဆိုင်တယ်ဆိုပြီး ကောက်နုတ်ချက် ရေးလိုက်ပါတယ်.... (မှန်ပါ့)။

တကာတကာမတွေကောမေ့ဘူးကြရဲ့လား(မေ့ဘူးပါတယ် ဘုရား) ဘယ်သူဆိုင်ပါလိမ့်.... (မေ့တဲ့လူ ဆိုင်ပါတယ်ဘုရား) ရိပ်မိပြီ... (မှန်ပါ့-ရိပ်မိပါပြီဘုရား)။

ဒီအပါယ်လေးပါး ဘယ်သူဆိုင်ပါလိမ့် တကာတကာမတို့.... (မေ့တဲ့လူဆိုင်ပါတယ်ဘုရား) မေ့တဲ့လူ ဆိုင်တယ်.... (မှန်ပါ့) ဒီအထဲ မမေ့တဲ့လူကလဲ အတော်ရှားတယ်... (မှန်ပါ့)။

မရှားဘူးလား....(ရှားပါတယ်ဘုရား) ရှားတယ်တဲ့ ဒါဖြင့် တကာတကာမတို့ အရိယာမမှ မေ့နေကြပြီ.... (မှန်ပါ့) ဒါနဲ့

ပြုန်းကနဲ အပါယ်ထဲကို ကဲ့ကွာကျစေဆိုတဲ့ အာမိန့်ကို မချသေးဘူး....(မှန်ပါ့)။

ဒုတိယ မေးလိုက်တယ် အမောင်တဲ့ .... နံရိုးကျဲကျဲနဲ့ .... တောင်ဝှေးအဖေါ်လုပ်နေတဲ့ ခါးကိုင်း နားထိုင်း နေတဲ့ပုဂ္ဂိုလ်များ၊ အမောင်လူ့ပြည်မှာ မမြင်ဘူးလားတဲ့....(မှန်ပါ့ဘုရား)။

မြင်ပါတယ်ခင်ဗျားတဲ့.... (မှန်ပါ့) ဩော်....ဒါ ဇရာဒုက္ခဆိုတာ မင်းမသိဘူးလားတဲ့.... (မှန်ပါ့) အို-ဒါတော့ သိတယ် ဒုက္ခသစ္စာဖြစ်တာ့ မသိဘူးတဲ့....(မှန်ပါ့)။

ဩော်....ဒီလိုဘဲ အို-သွားလို့ ရှိယင်ဖြင့် မအိုရာ ရှာမယ်ဆိုတဲ့ စိတ်ကလေးများကော မဂ္ဂင်စိတ်ကလေးများကော မပေါ်ဘူးလားတဲ့....(မှန်ပါ့) မပေါ်ပါဘူးတဲ့....(မှန်ပါ့) ဩော်....တယ် မေ့ပါကလားတဲ့ လာပြန်ပြီတကာတကာမတို့.... (မှန်ပါ့)။

အအိုတွေ့တွေ့တယ် ဒီတကာတကာမတွေ့လဲ အိုတဲ့ပုဂ္ဂိုလ် တွေ့တွေ့တဲ့အခါ မအိုခင်လုပ်မှဘဲဆိုတဲ့ စိတ်ကော လာကြရဲ့လား....(မလာပါ) တယ်မေ့ပါကလား... (မှန်ပါ့ဘုရား) ဒါဘဲ ရှိတော့တာဘဲ....(မှန်ပါ့ဘုရား)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

မေ့တာက ဘာပါလိမ့်... (အဝိဇ္ဇာပါ) အဝိဇ္ဇာပစ္စယာ.... (သင်္ခါရာပါ) သင်္ခါရပစ္စယာ....(ဝိညာဏ်ပါ) အပါယ်ဝိညာဏ် (မှန်ပါ့)။

ကဲ....ခင်ဗျားတို့မေ့တာ နည်းနည်းသက်သာသလား တကာတကာမတို့.... (မသက်သာပါဘုရား) ကြောက်စရာသိပ်ကောင်းပါတယ်....(ကောင်းပါတယ်ဘုရား)။

ဦးမာဒင် ဒါ လျှော့ဟောလို့ ရှိယင် ဘုန်းကြီး အပါယ် ရောက်မယ်နော်.... (မှန်ပါ့) ဦးဗထွေးတို့, ဦးသန်းမောင်တို့

လျှော့ဟောယင် ဘုန်းကြီး အပါယ်ရောက်မယ်....(မှန်ပါ့) ဓမ္မကို အဓမ္မလုပ်ဟောရာရောက်တယ်.... (မှန်ပါ့ဘုရား)။

ဒါ့ကြောင့် ဒီအထဲမှာ ဘုန်းကြီးမရင်းတဲ့ တကာတကာမတွေ့ တယောက်မှမပါဘူး... (မပါ-ပါဘုရား) လျှော့မဟောနိုင်ဘူး.. (မှန်ပါ့ဘုရား)။

အကုန်အပါယ်ကျမယ်....(မှန်ပါ့) ဒီ ပဋိစ္စသမုပ္ပါဒ်က ဘုရားတားလို့မရပါဘူး(မှန်ပါ့)ကိုယ်လုပ်တဲ့ပဋိစ္စသမုပ္ပါဒ် ကိုယ့်ဟာကိုယ်ခံရမယ်....(မှန်ပါ့)။

အဝိဇ္ဇာပစ္စယာ... (သင်္ခါရာပါ)သင်္ခါရပစ္စယာ(ဝိညာဏ်ပါ) ဘယ်ဝိညာဏ်ပါလိမ့်....(အပါယ်ဝိညာဏ်ပါ)အဲဒါ မေ့ပြစ်.... (မှန်ပါ့) အဝိဇ္ဇာဆိုတာ မေ့တာ .. (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါ- ဘယ်သူတတ်နိုင်သတုံး.... (ဘယ်သူမှမတတ်နိုင်ပါ) အဲဒါ့ကြောင့် အမောင့် မေ့ပြစ်ဟာ... အမောင်သားလျှင် ဆိုင်တယ်တဲ့.... (မှန်ပါ့) ဒုတိယကောက်နုတ်ချက် ရေးလိုက်တယ်.... (မှန်ပါ့) သဘောကျကြပလား .. (ကျပါပြီ)ကြောက်စရာ ဘယ်လောက်ကောင်းသတုံး....(ကောင်းပါတယ်ဘုရား)။

ခင်ဗျားတို့ အဲဒီကျယင် အစစ်ခံရဦးမယ်နော်.... (မှန်ပါ့) တကာတကာမတို့ အစစ်ခံရပါ့မလား....(မခံရပါဘုရား)။

ဟိုက မျက်လုံးဖွင့်ကြည့်နေယင် ဒီက သေတယ် (မှန်ပါ့) ဒါလောက်ကြောက်စရာကောင်းတဲ့လူ့စစ်နေတဲ့ ယမ့်မင်းကြီးက (မှန်ပါ့ဘုရား)လိမ်ရမှာ ဝှက်ရမှာဒဘဲ့ ဝေးပါ့သားရဲ့.(မှန်ပါ့ဘုရား) အမှန်ချည့်ပြောရတယ်....(မှန်ပါ့) သဘောကျကြပလား (ကျပါပြီဘုရား)။

ကဲ.... ဒါဖြင့် မောင်ရယ်....တဲ့ အမောင်ပြုတဲ့ အမောင့်မေ့ပြစ်ဟာ၊ အာရိယာဓမ္မတွေ့ အမောင်မေ့နေတဲ့ မေ့ပြစ်ဟုဖြင့် မင့်အမေလဲမဆိုင်ဘူး,မင့်သားမယားလဲ မဆိုင်ဘူး၊မင်း လုပ်ကျွေးနေတဲ့ သားသမီးများလဲ မဆိုင်ဘူး, ရဟန်း-သံဃာတွေ့လဲ မဆိုင်ဘူး, ဆွေမျိုးညာတကာတွေ့လဲမဆိုင်ဘူး၊ အမောင့် မေ့ပြစ်ဟာ အမောင်သာလျှင်ပိုင်တယ်ဆိုပြီး ဒါဘဲထုတ်ပြတယ်.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဝိညာဏ်ထုတ်ပြတယ်....(မှန်ပါ့) ဝိညာဏ်ဆိုတာ အပါယ် စီညာဏ် မင်း- အပါယ်ကျမယ်ပြောချလိုက်တာ... (မှန်ပါ့)ဘယ် နှစ်ချက်ရှိသွားပလဲ.... (နှစ်ချက်ရှိသွားပါပြီဘုရား)။

ဒါနဲ့ မကျေနပ်သေးပါဘူး၊ ဗြုန်းကနဲ အပါယ်ကျစေဆိုတဲ့ ဒီဂရီမချသေးပါဘူး....(မှန်ပါ့ဘုရား)။

အမောင်တဲ့ ပြန်စစ်ပြန်တယ်.... (မှန်ပါ့) လူ့ပြည်မှာနေတဲ့ အခါကျတော့ကွာတဲ့ ဘေးကဆေးခွက်တွေက ဝိုင်းလို့၊ သူ့-အဝတ်မှ သူမဖုံးနိုင်တဲ့လူနာများ မြင်ဘူးရဲ့လားကွဲ့-(မှန်ပါ့) သူ့ရေမှသူမသောက်နိုင်၊သူ့ကျင်ကြီးမှ သူမသုတ်နိုင်တဲ့(မှန်ပါ့) အဝတ်တွေ့မှ မဖုံးနိုင်၊ နဂိုရှိ ဖုံးထားတာတွေ့ဟာ အရှက် အကြောက်တွေ့တောင်မှ မလုံခြုံအောင် ဖြစ်လာတဲ့လူမမာများ အမောင်မြင်ဘူးရဲ့လား ..၊ မြင်ဘူးပါတယ်ဘုရားတဲ့....(မှန်ပါ့ ဘုရား)။

ဒါတော့မြင်ဘူးတယ်(မှန်ပါ့)သော်....ဒါဖြင့် "ဗျာဓိဓမ္မောမ့ို ဗျာဓိ အနတီတောတိ" ဆိုတဲ့အတိုင်း ဝါ မလွန်နိုင်တဲ့တရားဘဲ....၊

အဲဒီတော့ လွန်ရာဆိုတဲ့ နိဗ္ဗာန်ရောက်ကြောင်း အရိယာမဂ္ဂင်အလုပ်ကို အမောင်လုပ်မယ်လို့ မျှား သူ့မြင်တော့ မပေါ်ဘူးလားတဲ့.... (မှန်ပါ့) ကျွန်တော် မပေါ်ပါဘူးခင်ဗျားတဲ့.... (မှန်ပါ့)။

တကာတကာမတို့ကော ပေါ်ကြရဲ့လား-(မပေါ်ပါဘုရား) ရှိပါစေတော့ ခင်ဗျားတို့လဲအပါယ်ပါဘဲ....၊ အတော်ကြောက်စရာကောင်းတယ်.... (မှန်ပါ့) အတော်ကြောက်စရာကောင်းတယ်နော်... (မှန်ပါ့ဘုရား)။

အခုပြောတဲ့တရားသည် တကာတကာမတို့ လူတိုင်း တရားဟောဆရာဖြစ်မှု မဂ္ဂင်အလုပ်- လုပ်ဖြစ်မယ်....(မှန်ပါ့)မဂ္ဂင်အလုပ် လုပ်ဖြစ်လို့ရှိယင်ဖြင့် ခင်ဗျားတို့ ကယ်မည့်, ယူမည့်လူရှိတယ်.... (မှန်ပါ့ဘုရား)။

တွေ့လျက်သားနဲ့ မေ့ပြီးသကာလ မဂ္ဂင်ရှောင်လို့ရှိယင်ဖြင့် အပါယ်ဆောင်ရတော့မှာဘဲ.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ မေ့ပြစ်သည် တကာတကာမတို့ ပဋိစ္စသမုပ္ပါဒ်နဲ့ ချပြပါတယ်.... (မှန်ပါ့) မေ့တာဘာတုံး.... (အဝိဇ္ဇာပါ) အဝိဇ္ဇာပစ္စယာ....(သင်္ခါရာပါ) သင်္ခါရပစ္စယာ.... (ဝိညာဏ်ပါ) အဲ.... အပါယ်ဝိညာဏ်ဆိုတော့ တကာသစ်ဘယ်သူရှောင်လို့ရပါ့မလဲ....(မရပါဘုရား)။

ဦးဗထွေး ဒါ- မေ့ပြစ်နော်....(မှန်ပါ့) ဦးသန်းမောင် ဒါ- (မေ့ပြစ်ပါဘုရား) မေ့တာဘာတုံး.... (အဝိဇ္ဇာပါ) အဝိဇ္ဇာ

ပစ္စယာ...(သခ်ၤါရာပါ) ဒါကို ဘယ်သူက ကန့်ကွက်လို့ကော ရရဲ့လား...(မရပါဘုရား)။

အဝိဇ္ဇာရှိယင် သင်္ခါရဖြစ်ရတယ်...(ဖြစ်ရပါတယ်) သင်္ခါရ ဖြစ်ယင်.... (ဝိညာဏ်ပါ) မဖြစ်ပါနဲ့ဆိုလို့... (မရပါ) ဘုရားတားလို့လဲ.... (မရပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘုရားတားလို့သာ ရမယ်ဆိုလို့ရှိယင်ဖြင့် သီဒွတ္ထမင်းသား ဖြစ်စဉ်အခါတုန်းက ယသော်ဓရာ့အဖေ သုပ္ပဗုဒ္ဓ အရှိသားဘဲ.... (မှန်ပါ့) ယောကျ်ားမဆိုတာ အမေမိဘဘဲ....(မှန်ပါ့)။

အဲဒါ အပါယ်သွားတာ တားနိုင်ရဲ့လား...(မတားနိုင်ပါ) အဝိဇ္ဇာပစ္စယာ သင်္ခါရာ လုပ်ချလိုက်တာ....(မှန်ပါ့) ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား) သဘောပါကြပလား.... (ပါပါပြီဘုရား)။

ဒါဖြင့် ပဋိစ္စသမုပ္ပါဒ်ကို ဘုရားမတားနိုင်ဘူး... ၊ တရားသာ တားနိုင်တယ်....(မှန်ပါ့)။

ပဋိစ္စသမုပ္ပါဒ်ကို....(တရားသာတားနိုင်ပါတယ်) ဘုရားက.... (မတားနိုင်ပါ) သံဃာက.... (မတားနိုင်ပါ) တရားကတော့.... (တားနိုင်ပါတယ်) ဒါ့ဖြင့် အရိယာမဂ္ဂင်တရားကို ခင်ဗျားတို့ မလုပ်မဖြစ်ဘူး....(မှန်ပါ့ဘုရား)ပေါ်ကြပလား...(ပေါ်ပါပြီ)။

တကာတကာမတို့ ဘယ်နှစ်ချက်ရှိသွားပလဲ...(၃ - ချက်ရှိသွားပါပြီဘုရား)။

ကဲ .. တကာကြွယ်ရေ....လာပြန်ပြီတဲ့၊ ကဲကွာ... ဒီကောင်တွေ အပါယ်သာ ဆဲခချလိုက်ပါတော့လို့ နောက်က စောင့်နေတဲ့.... ငရဲထိန်းတွေကို မပြောသေးဘူး... (မှန်ပါ့)။

အမောင်....တဲ့၊ လူ့ပြည်မှာ နေတဲ့အခါကျတော့ ရာဇဝတ်မင်းဒဏ်သင့်တဲ့ပုဂ္ဂိုလ်တွေမျှား မင်းမြင်ဘူးရဲ့လား-(မှန်ပါ့)။

လက်ထိတ်တွေခတ်ပြီးသကာလ ကြိမ်တွေနဲ့ ရိုက်၊ မြင်းလုံးတွေနဲ့ ခြေထောက်လှံမ့်ပြီး သကာလ စစ်တာတွေ၊ ခြေထောက်ကို အမိုးပေါ်မှာဆွဲပြီး ခေါင်းတန်းလန်းအောက်မှနေပြီး စစ်တာတွေ မောင်မြင်ဘူးရဲ့လား ဆိုတော့ မြင်ဘူးပါတယ်.... တဲ့.... (မှန်ပါ့)။

သြော်....မကောင်းမှုလုပ်တဲ့ပုဂ္ဂိုလ်မျှား ဒိဋ္ဌဓမ္မအကျိုးပေးပါကလား.... (မှန်ပါ့) အရိယာဓမ္မ မရဒသးသ၍ ဒီသံသရာမှာ ဒီလိုနေမှာပါကသားလို့ မင်းသည် အရိယာဓမ္မမျှားလုပ်မယ်လို့ မတွေးမိဘူးလား....တဲ့....(မှန်ပါ့)။

ကြားတော့ ကြားဘူးပါတယ်၊ မတွေးမိဘူး....တဲ့....(မှန်ပါ့) အမောင် တယ်မေ့ပါကလား....(မှန်ပါ့)။

တကာတကာမတို့ ဘယ်လိုမျှား စဲချက်တင်လိုက်ပါလိမ့်... (တယ်မေ့ပါကသားတဲ့)တယ်မေ့ ပါကလား ဟိုမှာ လက်တွေ့တရားဟောဆရာရှိပါလျက်သားနဲ့ မကောင်းကျိုးဟာ ဒိဋ္ဌဓမ္မအကျိုးပေးဘယ်၊သံသရာမှာ ဒီ့ထက်ကြီးကျယ်တဲ့ အကျိုးပေးရလိမ့်မယ်ဆိုတဲ့ဥစ္စာ မင်းသတိထားပြီးသကာလ အရိယာအလုပ်မျှား လုပ်ဖြစ်ပါရဲ့လား ..တဲ့. ..(မှန်လှုပါ)။

ဒီအာတိုင်းမေးတာဘဲ....(မှန်ပါ့) ကျွန်တော် မလုပ်ဖြစ်ပါဘူးတဲ့ အမှန်ဘဲဖြေရတယ်နော်... (မှန်ပါ့) ဒေဝဒူတသုတ်တဲ့ တကာတကာမတို့ ဒေဝက-နတ်၊ဒူတက-တမန်ပေါ့....(မှန်ပါ့)။

တခါတည်း ကိုယ်ရှေ့မှာ တမန်တွေ့ရောက်ပြီး သကာလ တကာတကာမတို့ စစ်ဆေးတဲ့တရား.... (မှန်ပါ့) သဘော ပါသလား....(ပါ့-ပါပြီ)။

အမောင်တယ်မေ့ပါကလားဆိုတော့ အဲဒီအမောင့် မေ့ပြစ်ဟုဖြင့် အမောင်တယောက်ဘဲ ဆိုင်တယ်၊ အမေလဲမဆိုင်ဘူး၊ အဖေလဲမဆိုင်ဘူး၊ အမောင်လုပ်ကျွေးနေတဲ့ သားသမီးတွေလဲ မဆိုင်ဘူး၊ (မှန်ပါ့)။

မောင် ရှေပေါ် မြတင်ထားတဲ့ အမောင့်သားသမီး ခင်ပွန်းမတွေလဲ မဆိုင်ဘူး... (မှန်ပါ့) ဘေးက ရဟန်း ပုဏ္ဏားတွေလဲ မဆိုင်ဘူး....(မှန်ပါ့)။

အမောင်သာလျှင် မေ့ပြစ်သင့်တယ်ဆိုပြီး ဒါဘဲ ပြတယ်.... (မှန်ပါ့) အဝိဇ္ဇာပစ္စယာ....(သင်္ခါရာပါ) သင်္ခါရပစ္စယာ (ဝိညာဏံပါ) ဝိညာဏဆိုတဲ့ အပါယ်ဝိညာဏ်ဘဲ အမောင်ဘဲ ရမယ်.... (မှန်ပါ့)။

ကဲ....တကာတကာမတို့ ဘယ်နှစ်ချက်ရှိသွားပလဲ....(၄-ချက် ရှိသွားပါပြီဘုရား)။

ကဲ....တကာကြွယ်ရေ့ လာပြန်ပြီတဲ့....၊ ကဲ.... ကဲ့ ဒီကောင်တွေ့ အပါယ်သာ ဆွဲချလိုက်ပါတော့လို့ နောက်ကစောင့်နေတဲ့ ငရဲထိန်းတွေကို မပြောသေးဘူး_ (မှန်ပါ့ဘုရား)။

မင်းဟာကွာ... တဲ့၊ လူ့ပြည်မှာ မသာမျှားပို့ဘူးပါရဲ့လား တဲ့....(မှန်ပါ့)ပို့ဘူးပါတယ်ခင်ဗျားတဲ့....(မှန်ပါ့)ဖူးဖူးရောင်ပြီး သကာလ ဒီအကောင်တွေ့ အဆင်းတွေ့ ပျက်ပြီးသကာလနေတဲ့ အသုဘကြီးမျှား မင်း မြင်ဘူးရဲ့လားကွတဲ့....၊ မြင်ဘူးပါတယ် ခင်ဗျား....တဲ့။

မင်း· မြင်ဘူးတဲ့ အခါကျတော့ ဒီအသေလွတ်ရာ မင်းရှာမယ်လို့ အရိယာစိတ်ကလေးမျှး မပေါ်ဘူးလားတဲ့၊မပေါ်ဘူးပါဘူးတဲ့ သေမျိုးမို့သေတယ်လို့ အောက်မေ့တယ်တဲ့ (မှန်ပါ့ဘုရား)။

သွားပါရော....၊ ခင်ဗျားတို့လဲ ဒီအတိုင်းပါဘဲ.... (မှန်ပါ့) ခင်ဗျားတို့လဲ မသာပို့တော့ သြော်....သေမျိုးမို့ သေမှာပေါ့.... (မှန်ပါ့) အရိယာမမှာက် လှည့်သေးသလား.... (မလှည့်ပါဘုရား)။

သူတော့ဖြင့် သေပြီ....၊ ငါ မသေရာရှာမယ်လို့ ဥပုသ်ကြီးနဲ့ မလိမ်ကြနဲ့၊ ဒီစိတ်လာကြရဲ့လား... (မလာကြပါ) မလာဘူး.... (မှန်ပါ့) တယ်လဲ ကြောင်တောင်ပြောပါကလား၊သိပ်ကြောက်စရာကောင်းနေပြီနော်.... (မှန်ပါ့ဘုရား) အင်မတန်ဆိုးဝါးတဲ့ တကာတကာမတွေ့ မေ့ချက်ပြင်းထန်လိုက်တာ.. (မှန်ပါ့)။

ဦးမာဒင် ဘယ့်နှယ်တုံးဗျာ.... (မေ့ချက် ပြင်းထန်ပါတယ်ဘုရား)။

သြော်... တကာတကာမတို့ အသုဘပို့တာကလဲ အလောင်းပေါင်း မရေတွက်နိုင်ပါဘူး....(မှန်ပါ့ဘုရား)။

သြော်.... သေမျိုးမို့ သေသွားရှာတာဘဲ၊ မလွန်ဆန်နိုင်တော့ သေရမှာဘဲ... (မှန်ပါ့) ဒီလဲသေရမှာဘဲ၊ ဒါဘဲခင်ဗျားတို့ မရဏာနုဿတိတော့လာတယ်.... (မှန်ပါ့) ဟုတ်လား.... (မှန်ပါ့)။

မရဏာနုဿတိတော့ လာပြီးသကာလ ခုနင်က မဂ္ဂင်အလုပ်ရှောင်မယ်ဆိုတဲ့အလုပ်ကတော့.... (မလာပါဘုရား) သြော်....

ခင်ဗျားတို့က အောက်တန်းတရားတော့ လာပြီး အထက်တန်းတရားမလာဘဲဖြစ်နေတယ်.... (မှန်ပါ့) ကြောက်စရာကောင်းလိုက်တာ....(မှန်ပါ့ဘုရား)။

ဘာတရားလာသတုံး .... (အောက်တန်းတရားလာပါတယ်) သြော်.... ကျုပ်တို့တော့ ရှေ့သွားနောက်လိုက်ပါဘဲ၊ သေရဦးမှာဘဲ....(မှန်ပါ့)။

ဒါကဘာပါလိမ့်.... (အောက်တန်းတရားပါဘုရား) အောက်တန်းတရား....(မှန်ပါ့) မရဏာနုဿတိလို့ခေါ်တယ်....(မှန်ပါ့) ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

ဟာ - သူကတော့သေပြီ၊ ဒို့မသေရာရှာမယ်လို့ လာရဲ့လား....(မလာပါ) အဲဒီ့အထက်တန်းတရားကျတော့ ခင်ဗျားတို့က ဉာဏ်မလှည့်ဘူး....(မှန်ပါ့ဘုရား)။

ကဲ.... ဦးသန်းမောင်တို့ သိပ်ပြီးကျုပ်တို့ ထူလွန်းတယ်.... (ထူလွန်းပါတယ်ဘုရား) ဦးဗတွေးမထူဘူးလား....(ထူပါတယ်) ဦးမာဒင်....(ထူပါတယ်ဘုရား)။

ပါးကြစမ်းပါဦးဗျာ၊ ဒါလောက် ဆရာကောင်း, သမားကောင်းနဲ့တွေ့နေတဲ့ဥစ္စာတကာကြွယ်ပါးကြစမ်းပါဦး... (မှန်ပါ့ဘုရား)။

ဟာ.... ဒီလူတွေတော့ သေကုန်ပြီကွာ ဒို့တော့ မသေရာရှာမယ်ဟေ့....(မှန်ပါ့)ဒီလိုအလောင်း မြေကြီးဖြစ်ရ,မြေကြီး,ကြီးပွားရေးချည့် လုပ်နေရတယ်....(မှန်ပါ့)။

အလောင်းချတဲ့ဥစ္စာ ဘာပါလိမ့်....(မြေကြီး,ကြီးပွားရေးပါဘုရား) နောက်တခါ အလောင်းချရပြန်ကော....(မြေကြီး,ကြီးပွားရေးပါဘုရား) နောက်တခါ အလောင်းချရပြန်ကော.... (မြေကြီး,ကြီးပွားရေးပါ) မြေကြီး,ကြီးပွားလို့ ခင်ဗျားတို့ ဘာအသုံးကျသတုံး....(ဘာမှအသုံးမကျပါဘုရား)။

ဒါ့ကြောင့် ခင်ဗျားတို့ လူ့ပြည်,နတ်ပြည် အကြိမ်ကြိမ်ဖြစ်ရပါလို့၏ဆိုတာ မြေကြီး,ကြီပွားရေးလုပ်တာ.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒုက္ခသိမ်းရာ, ငြိမ်းရာသာ သွားပါတော့မယ် ဆိုလို့ရှိယင် ကောင်းတယ်နော် (မှန်ပါ့) မြေကြီး,ကြီးပွားရေး အားမပေးပါနဲ့....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဘာအားမပေးရမလဲ.... (မြေကြီး,ကြီးပွားရေး အားမပေးပါနဲ့.ဘုရား)။

တကာကြွယ် အခု တကာတကာမတွေ့မှာ မြေကြီး,ကြီးပွားရေးအားပေးနေတဲ့ တကာတကာမတွေ့မနည်းလှဘူးနော်(မှန်ပါ့ဘုရား)။

ကိုင်း.... ဒါနဲ့ မင်းမြင်ဘူးရဲ့လား နှစ်ရက်- သုံးရက် ဖူးဖူးရောင်နေတာဆိုတော့ မြင်ဘူးပါတယ်တဲ့....(မှန်ပါ့)မြင်ဘူးတော့ ဖြင့် ဩော်.... ဒီအသေမျိုးဟာ အသုဘပါဘဲလား၊ ဒုက္ခသစ္စာပါကလား၊ ဒုက္ခလွတ်ရာရှာမှဘဲဆိုတဲ့ အရိယာစိတ်ကလေးမျိုးမပေါ်ဘူးလားကွာတဲ့....(မှန်ပါ့) မပေါ်ပါဘူး ခင်ဗျားတဲ့....၊ အမှန်ဘဲအစစ်ခံရတယ်....(မှန်ပါ့ဘုရား)။

သြော်.... မေ့ချက် တယ်ပြင်းပါကလား....(မှန်ပါ့)ဦးမာဒင် ဘာပြောလိုက်သလဲ.... (မေ့ချက်တယ်ပြင်းပါတယ်ဘုရား)။

ဦးသန်းမောင်တို့ ယမ့မင်းက ဘယ့်နှယ်ပြောလိုက်သလဲ.... (မေ့ချက်တယ်ပြင်းပါတယ်) မေ့ချက်တယ်ပြင်းပါကလား-တဲ့ (မှန်ပါ့)ဆိုတော့ မေ့တာဘာပါလိမ့်.... (အဝိဇ္ဇာပါ) အဝိဇ္ဇာပစ္စယာ....(သင်္ခါရာပါ) သင်္ခါရပစ္စယာ.... (အပါယ်ဝိညာဏ်ပါ) အပါယ်ဝိညာဏ်.. (မှန်ပါ့)။

ကဲ.... ခင်ဗျားတို့မေ့တာ သြော်.... တပည့်တော်တို့က သားရေး, သမီးရေး, စီးပွားရေးကြောင့် မဂ္ဂင်အလုပ်- မလုပ်ဖြစ်ဘူးဘုရာ့... (မှန်ပါ့ဘုရား)။

မလုပ်ဖြစ်ဘူးဆိုတော့ ခင်ဗျားတို့ သာမည ဆရာသမားကတော့ သြော်... ငယ်သေးသကိုး.... (မှန်ပါ့) ငယ်လို့ သွားပြီး အပါယ်ကိုမရှုပ်နဲ့... (မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

လုပ်မနေကြပါနဲ့၊ သာမည်စကားကို ဦးမာဒင် နားယောင်မနေပါနဲ့.... (မှန်ပါ့) အချိန်မှီပါသေးတယ်....၊ မဂ္ဂင်အလုပ်-မြန်မြန်လုပ်ပါ... (မှန်ပါ့ဘုရား)။

တကာတကာမတို့ကို ဆရာသမားက ဘယ်လိုဆုံးမသတုံး... (အချိန်မှီပါသေးတယ်) အချိန်မှီသေးတယ်....၊ အချိန်မှီသေးတယ်- အခု အဟုတ်လုပ်ယင် အဟုတ်ရသေးတယ်.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ကောင်းပြီတဲ့၊ ဒီလိုပြောလိုက်တော့ အမောင်မေ့ချက်တယ် ပြင်းတယ်အမောင်မေ့တဲ့အပြစ်ဟာ အမောင်၏ ခင်ပွန်းမ,နဲ့လဲ မဆိုင်ဘူး(မှန်ပါ့)သဘောကျပလား.... (ကျပါပြီ) အမောင်၏ သားသမီးတွေနဲ့ကော ... (မဆိုင်ပါဘုရား) အမောင့် ဆွေမျိုး ဥာတကာနဲ့ကော....(မဆိုင်ပါဘုရား)ရဟန်းသံဃာတွေနဲ့ကော-(မဆိုင်ပါဘုရား)။

ဒါဖြင့် အမောင် ဘယ်သူနဲ့မှမဆိုင်ဘူး....၊ အမောင့်မေ့ချက်သည် အမောင်သာလျှင်ဆိုင်တယ်... (မှန်ပါ့) ကောက်နုတ်ချက်ချလိုက်ပြီ....(မှန်ပါ့ဘုရား)။

ဒါ- ဘုရားက သူကိုယ်တိုင် အိမ်ပေါက်နှစ်ခုမှာ တက်တဲ့ ပုဂ္ဂိုလ်လဲ ငါမြင်ပါတယ်ကွတဲ့၊ ဆင်းတဲ့ပုဂ္ဂိုလ်လဲ မြင်ပါတယ်၊ ဒီလိုစစ်နေတာလဲ ငါကိုယ်တိုင် မြင်ပါတယ်ကွတဲ့.... (မှန်လှပါဘုရား)။

ကိုင်း.... တကာတကာမတို့ မှုသားပြောတာလား ..၊ တော် အောင်,လျော်အောင်နဲ့ မှန်းပြီးပြောနေတာလား၊ ဘုရားဖြစ်တဲ့ နေ့ကစပြီး မြင်တာပြောနေတာလား.... (ဘုရားဖြစ်တဲ့နေ့ကစပြီး မြင်တာပြောနေတာပါဘုရား) ယုံကြပလား....(ယုံပါပြီဘုရား)။

အဲဒီလို စစ်ချက်ကို စစ်ချက်ငါးချက် စစ်လိုက်တာ အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ ချည့် အဖြေထွက်လာတယ်....(မှန်ပါ့)။

တကာတကာမတို့ ဘယ်လိုထွက်ပါလိမ့်.... (အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ ချည့် အဖြေထွက်ပါတယ်)

တကာသစ် သတိထားနော်.... (မှန်ပါ့)အားလုံး တကာတကာမ တွေ့ သတိထားပါ... (မှန်ပါ့)။

ဘာတွေ့ အဖြေထွက်လာသတုံး.... (အဝိဇ္ဇာပစ္စယာသင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ ချည့် အဖြေထွက်ပါတယ်ဘုရား) ကိုင်း ကောင်းကြသေးရဲ့လား....(မကောင်းပါဘုရား) ဒါချည့်လာနေ တာဘဲ....(မှန်ပါ့ဘုရား)။

အဝိဇ္ဇာဆိုတာ မသိတာ...(မှန်ပါ့)သင်္ခါရဆိုတာ ပြုချင်တာ ပြုတာ....(မှန်ပါ့) ပြုချင်သလိုပြုလို့ ရောက်ချင်သလိုရောက်ရတဲ့ အပါယ်လေးပါးခန္ဓာ ပေါ်လာတယ်....(မှန်ပါ့ဘုရား)။

တကာတကာမတို့ မေ့လိုက်တာ ဆိုတဲ့အပြစ်ဟာ သေးသေး လား· ကြီးကြီးလား.... (ကြီးကြီးပါဘုရား) တယ်ကြောက်စရာ ကောင်းပါလားတကာကြယ်.... (မှန်လှပါဘုရား)။

ဒါ့ကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက လူတသိန်း နတ်တသိန်းသေလို့ကဲ့ နတ်ပြည် တယောက် ပြန်မရောက်ဘူး၊ လူ့ပြည်တယောက် ပြန်မရောက်ဘူး၊ အကုန် အပါယ်သွားတယ် ဆိုတာ ဒီမေ့ပြစ်ချည့် မှတ်စမ်းပါ...(မှန်ပါ့)။

တကာတကာမတို့ ဘယ်အပြစ်ကြောင့် ကျပါလိမ့်.... (မေ့ ပြစ်ကြောင့် ကျပါတယ်ဘုရား) ကဲ... ဒါဖြင့် မမေ့တာသည့် အရိယာတရား....(မှန်လှပါ)မေ့တာသည့် အပါယ်လေးပါးသွား တဲ့တရား....(မှန်လှပါ) မေ့တာသည့်.... (အပါယ်လေးပါးသွား တဲ့တရားပါဘုရား)မမေ့တာသည့်— (အရိယာတရားပါဘုရား)။

မမေ့တဲ့တရားဆိုတော့ ဘုန်းကြီးက မမေ့တဲ့ သတိပဋ္ဌာန် အလုပ်ကိုပေးလိုက်လို့ရှိယင် ခင်ဗျားတို့ ဘာမှမစိုးရိမ်နဲ့ (မှန်ပါ့ဘုရား)သဘောကျပလား....(ကျပါပြီ)။

ဘာမှမစိုးရိမ်နဲ့၊ ခန္ဓာကိုယ် ဖြစ်ပျက်တချက် မြင်လိုက်ယင် မစိုးရိမ်နဲ့....(မှန်လှပါဘုရား) ဒါအနည်းဆုံး အင်မတန်အဘိုး တန်တဲ့အလုပ်ဆိုတာ မှတ်လိုက်စမ်းပါ.. (မှန်ပါ့ဘုရား) ဖြစ်ပျက် တချက် ကျကျနန မြင်လိုက်လို့ရှိယင် ကျွတ်တမ်းဝင်မှာဘဲ .... (မှန်ပါ့ဘုရား) ဒါဖြင့် မမြင်-မြင်အောင် ကြိုးစားရမယ်.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား) ဒါဖြင့်-ဒါဟာ အရိယာဓမ္မာဘဲ....(မှန်ပါ့)။

ဖြစ်ပျက်မြင်တဲ့ ဓမ္မသည်.... (အရိယာဓမ္မပါဘုရား) အဲဒီ အရိယာဓမ္မတချက်ကအကုန်ကယ်နိုင်တယ်....(မှန်ပါ့) ဒါ့ကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ့ အားထုတ်ကြစမ်းပါ အားထုတ် ကြစမ်းပါဆိုတာ အဘိုးတန်လွန်းလို့ ပြောတာပါ....(မှန်ပါ့)။

မေ့တော့ကို " အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခရပစ္စယာ ဝိညာဏ " တကာသစ်ဖြစ်ပါတယ်....(မှန်ပါ့) မမေ့ဘူးဆိုတော့ အဝိဇ္ဇာက ချုပ်သွားတယ်....(မှန်ပါ့) မချုပ်ဘူးလား.... (ချုပ်ပါတယ်ဘုရား)သင်္ခါရကကော(ချုပ်သွားပါသယ်)ဝိညာဏ်ဆိုတဲ့ အပါယ်လေးပါးဝိညာဏ်ကကော (ချုပ်သွားပါတယ်)သြော်.... ဒါဖြင့် သက်သေခံလုံလောက်နေပြီ.. (မှန်ပါ့) အပါယ်ကို မသွားတော့ဘူး.... (မှန်ပါ့) သွားသေးရဲ့လား.... (မသွားပါဘုရား)။

ဩော်....မမေ့တဲ့ အတွက်ဟာ သိပ်အဘိုးတန်ပါ့ကလား.... (တန်ပါတယ်ဘုရား) ဦးမာဒင်ကျေနပ်လောက်ပါပြီ....(ကျေနပ်ပါပြီဘုရား)။

ကျေနပ်လောက်ပါတယ် တကာတကာမတို့ ဒါ-ပဋိစ္စသမုပ္ပါဒ် ဖြစ်စဉ်ကို ဘုရားတားမရငြားသော်လဲ ခင်ဗျားတို့ ဉာဏ်တရား က တားလိုက်လို့ ဆရာဘုန်းကြီးပြောတဲ့ မြတ်စွာဘုရား ဟော တော်မူတဲ့အတိုင်းဉာဏ်တရားနဲ့ တားလိုက်လို့ ရှိယင် အဝိဇ္ဇာက ဝိဇ္ဇာဖြစ်သွားတယ်....(မှန်ပါ့ဘုရား)။

သခ်ါရက သူကအပါယ်ရောက်ဘို့ ပြုပြင်တတ်တဲ့ တရားက မပြုပြင်တတ်တော့ဘူးဟော....တဲ့... (မှန်ပါ့) သူမှမပြုပြင်တော့ အပါယ်ခန္ဓာကြီး ပေါ်ပါဦးမလား....(မပေါ်ပါဘုရား)။

ဩော်....ဒါဖြင့် တကာတကာမတို့ အရိယာမမှ တချက်ဟာ ဘယ်လောက် အဘိုးတန်သတုံး....(တန်ပါတယ်ဘုရား)ဒါ့ကြောင့် ဖြစ်ပျက်ကလေးတချက်မြင်ယင် ဘုန်းကြီး ကျေနပ်ပါတယ် .... (မှန်ပါ့ဘုရား) ရှင်းပလား... (ရှင်းပါပြီဘုရား)။

ဒါနဲ့ ခုနင်က ဇာတ်ထုပ်ဘဲ ဘုရားဟောတော်မူတာ ဘုရား တဆူ တဆူမှ တခါဟောတယ်ဆိုတော့ နားထောင်ပါဦး....တဲ့.... (မှန်ပါ့ဘုရား)။

ဒီမှာ ငါးချက်နဲ့ စစ်လိုက်တော့ အဝိဇ္ဇာပစ္စယာသင်္ခါရာ၊ သခ်ါရပစ္စယာ ဝိညာဏံ ချည့် ဦးမာဒင် လာတော့တာဘဲ... (မှန်ပါ့)။

အဲဒီမေ့ပြစ်သည်ကားလို့ ဆိုယင် မင့်သား,မင့်သမီး,မင့်ဆွေ,

မျိုး-ရဟန်း-ပုဏ္ဏားနဲ့ တကွ ဘယ်သူမှမဆိုင်ဘူး မင်းသာဆိုင်တယ် ဆိုပြီး စစ်စရာမရှိတော့ ဟိုက ယမမင်းက ငြိမ်နေလိုက်ဘယ် .... (မှန်ပါ့)။

ငြိမ်နေလိုက်သည်နဲ့ တပြိုင်နက်တည်း ခုနင်က ပုဂ္ဂိုလ်ကို လက်မောင်းတဖက် နှစ်ယောက်စီ ငရဲထိန်းတွေကဆွဲပြီး ရဲရဲပူတဲ့ သံပြားကြီးပေါ်မှာ အိပ်ခိုင်းတယ်....(မှန်ပါ့)။

ရဲရဲပူတဲ့ သံပြားကြီးပေါ်မှာ အိပ်ခိုင်းပြီးသကာလ ဖက်လှဲကြပြီးသကာလ လက်တွေပေါ်မှာလဲ ရဲရဲပူတဲ့ သံစို့ကြီးတွေနဲ့ သံမယ်နကြီးတွေပေါ့ဗျာ....(မှန်ပါ့)။

ကျုပ်တို့လိုခပြောတော့ သံချောင်းဘွေ့ လက်ဝါးကပ်တိုင်ရိုက်သလိုရိုက်တယ်....(မှန်ပါ့)တကာဘကာမတို့ ခံနိုင်ရည်ရှိပါ့မလား (မရှိပါဘုရား)။

ဒါငရဲမကျသေးဘူး ရှေးဦးစွာ အပြစ်သင့်တာ မေ့ပြစ်ကာလေးတွေခပြောတာ... (မှန်လှပါဘုရား) ကဲ ...ဦးသန်းမောင်တို့ ဒီလိုကျတော့ ခံနိုင်ရည်ရှိပါ့မလား.... (မရှိပါဘုရား) အောက်ကလဲ သံပြားကရဲရဲပူ....(မှန်ပါ့)။

အရောင်နှင့်တကွ အခိုးမပါဘူးတဲ့-(မှန်ပါ့)အခိုးပါယင် ပြေ့နေမှာစိုးလို့....(မှန်ပါ့) အရောင်ချည့်သက်သက်နဲ့ရဲနေတဲ့အပေါ်မှာ ပက်လက်လှန်ခိုင်းတယ်.... (မှန်ပါ့ဘုရား)။

ပက်လက်လှန် အိပ်ခိုင်းပြီးတော့ ခြေဖဝါးရော-လက်ဖဝါးရောခုနင်ကနဲနေတဲ့ သံချောင်းကြီးနဲ့ ကပ်ပြီး ရိုက်ပစ်လိုက်တယ်.... (မှန်ပါ့)။

လက်ဖဝါးတွေလဲရိုက်, အလယ်ဗိုက်ကထောက်ပြီးရိုက်လိုက်.... (မှန်ပါ့) ငါးချက်ရိုက်ချလိုက်တယ်.... (မှန်ပါ့) ဦးမာဒင်ရေ.... ဘယ့်နှယ်သည်းခံမတုံး... (သည်းမခံနိုင်ပါဘုရား)။

တကာကြွယ် ဘယ်နှယ် လုပ်ကြမတုံး.... (သည်းမခံနိုင်ပါဘုရား) ဘာဖြစ်ကြလို့ ဒီအပြစ် ရောက်ပါလိမ့်.... (မေ့ပြစ်ပါဘုရား)ဩော်.....မမေ့လိုက်ယင် ဒို့ပြီးတော့မှာကိုး.... (မှန်ပါ့) မမေ့လိုက်ယင်.... (ပြီးတော့မှာပါဘုရား) ရှင်းပလား ... (ရှင်းပါပြီဘုရား)မမေ့လိုက်ယင်သိပ်ကောင်းမနော်....(မှန်ပါ့)။

မမေ့တာကြည့်ကြ ဒီမှာပြနေတယ် တကာတကာမတို့ မမေ့တာဟာ ဝိဇ္ဇာလား အဝိဇ္ဇာလား.... (ဝိဇ္ဇာပါဘုရား) ဝိဇ္ဇာဆို ကတည်းက အဝိဇ္ဇာရှိသေးရဲ့လား.... (မရှိပါ) မရှိကတည်းက ဒီသစ်္ခါရကကော... (မရှိပါ) ဒါမရှိကတည်းက ဒီအပါယ်ခန္ဓာပေါ်ပါဦးမလား....(မပေါ်ပါ)။

ဩော်....ဒါဖြင့် ဒို့သည်အရိယာဓမ္မမမေ့မှု အရေးကြီးပါကလား... (မှန်ပါ့ဘုရား) ဖြစ်ပျက်မြင်မှု အရေးကြီးတယ်.... (မှန်ပါ့) ဖြစ်ပျက်အဆုံးမြင်တဲ့နိဗ္ဗာန်မြင်မှု....(အရေးကြီးပါတယ်ဘုရား)။

ကိုင်း....ဒါဟာ မမေ့တဲ့ပုဂ္ဂိုလ်မြင်တာဘဲ _ (မှန်ပါ့)သူ့ကျွေတွေ့လဲ သွားပါဆိုလို့ ဘယ်သူက တွန်းတွန်း မသွားရဘူး အဝိဇ္ဇာသစ်္ခါရက ပို့မှရောက်မှာကိုး... (မှန်ပါ့ဘုရား)။

အဝိဇ္ဇာချုပ်ပေါ့ဘဲ့ သစ်္ခါရကပို့နိုင်သေးရဲ့လား....(မပို့နိုင်ပါ) သစ်္ခါရကမှ မပို့နိုင်လို့ရှိယင် အပါယ်ဝိညာဏ် ခန္ဓာကြီး

ခုနင်က သံပြားပူပေါ်မှာ မယ်နဂါးချက်နှက်တဲ့ အခြေအနေ ရောက်စရာ ရှိသေးရဲ့လား.... (မရှိပါဘုရား) ကဲ....ဦးမာဒင်တို့ ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

မေ့ပြစ်လေ .. (မှန်ပါ့) ဘယ်လောက်ကြီးသလဲ.... (ကြီးပါတယ်) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒီတွင်မှ တခါ သူ့ကို အင်မတန်ရဲရဲပူတဲ့ သံပြားကြီးတွေနဲ့ ကော်ပြီးတော့ သံမယ်နတွေနုတ်ပြီးသကာလ မီးတောင်ကြီး ပေါ်မှာ တကာတကာမတို့ နွားလုပ်ပြီးသကားလ မောင်းပြီး ဆင်းချည့်,တက်ချည်ခိုင်းတယ်....(မှန်ပါ့)ဘယ်လောက်ကြောက် စရာကောင်းသတုံး... (ကြောက်စရာကောင်းပါတယ်ဘုရား)။

မီးတောင်ကြီးပေါ်မှာ နွားလုပ်ပြီးသကာလ နွားသဖွယ် ဒီတောင်ကြီးကို ဆင်းချည်တက်ချည်ခိုင်းတယ်,တကာတကာမတို့ အောက်က မီးတောင်နော်....(မှန်ပါ့) အပေါ်က သူ့မောင်း နေတာက ငရဲသား....(မှန်ပါ့)။

အဲဒီအပေါ်မှာ ဆင်းချည်,တက်ချည် အလုပ်ခိုင်းပါတယ်.... (မှန်ပါ့)လုပ်နိုင်ပါ့မလား....(မလုပ်နိုင်ပါ) ကဲ .. ဘယ်နည်းနဲ့မှ မလုပ်နိုင်ဘူးဆိုတာ သေသေချာချာမှတ်ပါ....(မှန်ပါ့)။

ခင်ဗျားတို့ အခု သူတပါးကိုမျက်စောင်းထိုးတာတော့ရဲ့တယ် (မှန်ပါ့) အဲဒီအပြစ်ကျတော့ ခံနိုင်ကြပါ့မလား.... (မခံနိုင်ပါဘုရား)။

မုသားကလေး ဖုံးကာ-ဖိကာတော့ ခင်ဗျားတို့က နှုတ်ချို့တာနဲ့ ဟုတ်သလိုလိုထင်ရငြားသော်လဲ ဒီမုသားပြစ်ကြောင့် အဲဒီ

ရောက်မယ်ဆိုတော့ သြော်....ပြောရတာနဲ့ ကာမိကြရဲ့လား.... (မကာမိပါဘုရား) ရှောင်ကြပါဆိုတာကို ဒီက သက်သေခံနေပါတယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ဒီတွင်မကသေးပါဘူးတဲ့၊ ဒီတောင်ပေါ်မှာ ဆင်းချည်တက် ချည်ခိုင်းပြီးသည့်၏ အခြားမဲ့ဌ် တကာတကာမတို့ လက်ပန်ပင်ကြီးကလဲ ဆူးကြီးက သန်လဲသန်တယ်....(မှန်ပါ့) သန်လဲ သန်တာမှ ဆူးက ၁၆-လက်မရှိတယ်... (မှန်ပါ့)။

အဲဒါကြီးကို အောက်ကနေ လှုံ့တွန်. ထိုးပြီးသကာလ တက်ဖြစ်အောင်တက်ခိုင်းတယ်.... (မှန်ပါ့) ရင်ပတ်ငြီ- ပခုံးငြီ-ငြီပြီးသကာလ တခါတည်း တကာတကာမတို့ အောက်ကလဲထိုးနေတော့ အတင်းတက်ရတာ.... (မှန်ပါ့) သွေးရဲရဲ သန်ရဲရဲနဲ့.ဘဲ ရောက်သွားတာဘဲ. (မှန်ပါ့)။

ရောက်သည်နဲ့ တပြိုင်နက်တည်း အပေါ်ကနေ မြန်မြန်ဆင်းခဲ့ဆိုတဲ့ အဓိပ္ပါယ်နဲ့ ဂျမ်းထိုးမှောက်ခုံဆင်းခဲ့ရတယ်... (မှန်ပါ့ ဘုရား)။

လုပ်နိုင်ကြပါ့မလား မေးလိုက်တယ်-(မလုပ်နိုင်ကြပါဘုရား) သံပင်ကြီးပေါ့နော်.... (မှန်ပါ့) ရဲရဲပြောင်နေတဲ့ သံပင်ကြီးပါ-တကာတကာမတို့၊ ငရဲဆိုတာ ခါးစည်းခံလို့မရပါဘူး၊ ခင်ဗျားတို့ကိုလဲ ခါးစည်းကြိုး ဘယ်သူမှ မပေးပါဘူး....(မှန်ပါ့)။

ခင်ဗျားတို့ဟာ ခင်ဗျားတို့ပါးစပ်က ငရဲမှာ ခါးစည်းခံမယ်ပြောတာအလကားပါ... (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဒါ့ကြောင့် ဘုန်းကြီးတို့တကာတကာမတွေ့ အရင်းအနှီးတွေ့မို့ ဆော်.... အပါယ်လေးပါးတံခါးပိတ်ယင် တော်ပြီနော်.... (မှန်ပါ့)မမေ့ယင် ပိုတ်တာပါဘဲဆိုတာကော ရိပ်မိကြပလား.... (ရိပ်မိပါပြီဘုရား)။

ခန္ဓာကိုယ်တချက်တည်း ဖြစ်ပျက်ကလေး မြင်လိုက်လို့ ရှိယင် ခင်ဗျားတို့ ငရဲမီးသိမ်း၍ ငရဲအိုးကုန်ပါတယ်....(မှန်ပါ့) ငရဲမီးငြိမ်း၍ ငရဲအိုးသိမ်းပါတယ် .. (မှန်ပါ့) လုပ်ဖြစ်အောင် လုပ်စမ်းပါ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ဒါနဲ့ ဒီကနေမပြီးသေးဘူး ...၊ ဒီက ဆင်းလာပြီးသကာလ ဘင်ပုပ်ငရဲထဲကို တခါပစ်ချတယ်....(မှန်ပါ့)။

မီးလောင်လဲ မသေဘူး၊ လှံနဲ့ ထိုးလဲ မသေဘူး၊ သံမယ်နနဲ့ ရိုက်လဲ မသေဘူး....(မှန်ပါ့) ကဲ....ဘယ်လောက် ကြောက်စရာကောင်းသလဲ....(ကောင်းမါတယ်ဘုရား)။

သော်-ငါးကြော်လို သေပြီးမှအကြော်ခံရယင်တော့ အရေးမကြီးပါဘူး....(မှန်ပါ့) ဒီလိုဆိုယင် ဘယ်သူဖြစ်ဖြစ် ခံရဲတာပေါ့ဗျ.... (မှန်ပါ့) သေပြီးမှ အကြော်ခံရတာဘဲ ... (မှန်ပါ့ဘုရား)။

အခုတော့ မဟုတ်ဘူး....တဲ့၊ ဒီအထဲမှာ ဖျတ်ဖျတ်လူးပြီး အကြော်ခံရတယ်....(မှန်ပါ့) သေပါတော့လားဆိုတော့.... (မသေပါဘုရား) မသေနိုင်ဘူး....တဲ့ ဒီက အဝိဇ္ဇာက ကျေးဇူးပြုတယ်....(မှန်ပါ့)။

တိုတိုပြောတော့ အဝိဇ္ဇာက ဟိုမှာ ခန္ဓာဆက်ဆက်ပြီး လုပ်ပေးနေတယ်....(မှန်ပါ့) အဝိဇ္ဇာမချုပ်လို့ဖြစ်ရတာ.... (မှန်ပါ့ဘုရား)။

ဒါဖြင့် အဝိဇ္ဇာချုပ်ဘို့အရေး ဘုန်းကြီးက သတိပေးပါတယ်.... (မှန်ပါ့) တကာတကာမတို့ ဟိုမှာ အရှင်ခံစရာ ရှိသေးရဲ့လား....(မရှိပါဘုရား)။

အဝိဇ္ဇာမချုပ်လို့ အဝိဇ္ဇာကြောင့် သင်္ခါရ၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်ပြီး ဟိုမှာ အရှင်ဖြစ်နေရတယ် _ (မှန်ပါ့)။

ဒီက အဝိဇ္ဇာသာချုပ်လိုက်လို့ရှိယင်ဖြင့် တကာတကာမတို့ သင်္ခါရလဲမရှိဘူး၊ ဒီ·ဝိညာဏ်ကော ပေါ်ပါဦးမလား- (မပေါ်ပါဘုရား) အဲဒါ့ကြောင့် အခုချုပ်ယင် အခု ဒီအပါယ်တံခါးပိတ်ပါတယ်... (မှန်ပါ့)။

လုပ်ဖြစ်အောင် လုပ်ပါဆိုတာ ဘုန်းကြီးက တိုက်တွန်းမှုစောင့်ရမှာလား-ကိုယ့်အရေးကိုယ်သိပြီး လုပ်ရမှာလား... (ကိုယ့်အရေး, ကိုယ်သိပြီး လုပ်ရမှာပါဘုရား) ကြိုးစားကြစမ်းပါဆိုတာ လေးလေးနက်နက်တိုက်တွန်းနေတယ်... (မှန်ပါ့)။

ဒါနဲ့ ဒီငရဲထဲမှာ နေပြန်တော့လဲ မပြီးသေးတာနဲ့ ဦးမာဒင်ရေ....ငါးမျှားချိတ်ကြီးနဲ့ဆွဲပြီး တင်ပြန်တယ်... (မှန်ပါ့ဘုရား) တင်ပြီးသကာလ ယူဇနာတရာရှိတဲ့ သံတံတိုင်းကြီးတွေ ခတ်ထားတဲ့မီးဟုန်းဟုန်းတောက်နေတဲ့အထဲ ပစ်ထည့်တာဘဲ.... (မှန်ပါ့)။

တခါတလေ ဒီနားကပြင်းလို့ အရှေ့ဘက်ပြေးပါတော့မယ် ဆိုယင် ခြေထောက်တွေ,လက်တွေ အကုန်မီးလောင်ပြီး အကုန်

မီးလောင်ခံပြီး ဟိုဘက် လွှတ်အောင်ပြေးရသေးတယ်၊ ပူကပူနဲ့ တံခါးပြန်ပိတ်တယ်....(မှန်ပါ့)။

တံခါးပြန်ပိတ်လို့ အနောက်တံခါးက ပွင့်ပြန်လဲ အနောက်ဘက် ပြေးပြန်လဲ လမ်းမှာ မီးလောင်ခံပြေးရတယ်.... (မှန်ပါ့) ဟိုသွားတော့ သူကလဲ ပိတ်ပြန်တယ်....(မှန်ပါ့) ဒီလိုကော နေရဲပါ့မလား....(မနေရဲပါဘုရား)။

ဒါ....ဘယ်သူ့ကြောင့်ဆိုတာကော လက်သည်းတွေ့ပလား.... (တွေ့ပါပြီဘုရား)မေ့ပြစ် ...(မှန်ပါ့)။

တကာဘကာမတို့ ဘာတဲ့.... (မေ့ပြစ်ပါဘုရား) ဘယ်သူ့အပေါ်မှာ မေ့တာတုံး....(ခန္ဓာအပေါ်မှာ မေ့တာပါဘုရား) ခန္ဓာအပေါ်မှာ အနိစ္စရှိလျက်နဲ့ အနိစ္စမသိတဲ့မေ့ပြစ်....(မှန်ပါ့ဘုရား)။

ဒုက္ခရှိလျက်နဲ့ ဒုက္ခမရှုဖြစ်တဲ့မေ့ပြစ်.... (မှန်ပါ့) အနတ္တရှိလျက်နဲ့ (အနတ္တမရှုဖြစ်တဲ့မေ့ပြစ်ပါဘုရား)တယ်လဲ ကြောက်စရာကောင်းပါလား....(ကောင်းပါတယ်ဘုရား) သဘောပါကြပလား .. (ပါ-ပါပြီဘုရား)။

ဒီကနေပြီး တက်လာပြန်တော့ ဒီထဲမှာလဲ မဒေသလဲ မီးလောင်ခံပြီး ပြေးရတုန်းက တခါ ငရဲသားတွေက ဆွဲတင်ပြီးသကာလ အမောင် ဘာမျှား စားချင်သလဲလို့ မေးပြန်တယ်.... (မှန်ပါ့ဘုရား)။

ကျွန်တော် ထမင်းမစားရတာ ကြာပါပြီဆိုတော့ ကဲ.... လွဲအိပ်ဆိုပြီး သံပြားပူမှာ လှဲအိပ်ပြီး တကာတကာမတို့ အင်မတန်

ရဲရဲပူနေတဲ့လှံတံကြီးတွေနဲ့ ပါးစပ်ဖြဲတယ်....(မှန်ပါ့)ပြီးတော့မှ သံတွေခဲရဲရဲကြီးတွေလောင်းချတယ်....(မှန်ပါ့)။

သံတွေခဲ ရဲရဲကြီးတွေလောင်းပြီးချလိုက်တော့ပါးစပ်လောင် အူလောင်ပြီး ဒုက္ခရပေါက်က ထွက်သွားတယ်.... (မှန်ပါ့) ဘယ်လောက် ကြောက်စရာကောင်းသတုံး.... (ကောင်းပါတယ် ဘုရား)။

ဘယ်သူလုပ်တဲ့လက်ချက်ပါလိမ့် တကာတကာမတို့-(မေ့ပြစ် ပါဘုရား) မေ့ပြစ်ဘဲ့....(မှန်ပါ့) တကာသစ် ဘာတဲ့တုံး.... (မေ့တဲ့အပြစ်ပါဘုရား) ။

ဒါ့ကြောင့် ဘုန်းကြီးတို့ သတိပဋ္ဌာန်ဆိုတာ မမေ့တာ (မှန်ပါ့) မမေ့တာဟာ မေ့ပြစ်ကို ကယ်တင်မယ်.... (မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီ)။

ဒါ့ကြောင့် ဘုန်းကြီးတို့ကို တကားတကာမတွေ အသာထား စမ်းပါဦး....တဲ့ ကိုယ့်အရေး ကိုယ်ကယ်တင်စမ်းပါဦးဆိုတဲ့မမေ့ ဘို့အလုပ်ကလေးကို နေ့တိုင်းပေးနေတယ်... (မှန်ပါ့)။

ကြိုးစားပါ-ကြိုးစားပါ သူပြော လူပြောမျှားကိုမယုံနဲ့.ဘုရား က ငါကိုယ်တိုင်မြင်ပြီး ပြောတာဆိုတာ ကောန်ယုံပါ.... (မှန်ပါ့ ဘုရား) သူပြော-လူပြောမယုံနဲ့.....(မှန်ပါ့)။

ကိုယ်တော်မြတ်ကြီးက ငါဘုရားဖြစ်တဲ့ နေ့ကစပြီး ငါအိမ် နှစ်ခုကြားမှာနေတာပါတဲ့....(မှန်ပါ့)။

တက်တဲ့လူလဲငါမြင်ပါတယ်ကွ၊ ဆင်းတဲ့လူလဲ မြင်တယ်တဲ့.... (မှန်ပါ့)။

ဆင်းတဲ့လူလဲ ငါမြင်ပါတယ်၊ တက်တဲ့လူလဲ ငါမြင်ပါတယ်၊ သူမျှားပြောသံကြားနဲ့ပြောတာ မဟုတ်ပါဘူး.... (မှန်ပါ့)။

ငါ့မျက်လုံးဆိုတဲ့ ဒိဗ္ဗစက္ခုနဲ့.မြင်ပြီး ပြောတာပါ ဆိုတော့ ဦးသန်းမောင် မယုံစရာမရှိဘူး....(မရှိပါ) ဦးဗထွေး ဘယ်.နှယ် ဆိုမလဲ.....(မယုံစရာမရှိပါဘုရား)။

အဲဒါ့ကြောင့် ခင်ဗျားတို့သားတွေ့ မယားတွေ့နဲ့ အိမ်နီးချင်း တွေ့နဲ့. ပတ်ဝန်းကျင်တွေ့နဲ့. တိုင်းပြည် လှည့်စားတာနဲ့. တော် လောက်ပြီဆိုပြီး မယုံပါနဲ့.... (မှန်ပါ့)ကိုယ်.အရေးကိုယ်ကြည့် လိုက်စမ်းပါ.. (မှန်ပါ့)။

သူမျှားပြောတာကို မယုံနဲ့၊ ဘုရားက ကိုယ်တိုင်ပြောတာကို ယုံလိုက်ပါ....(မှန်ပါ့) မမေ့တာ ဘယ်လောက်အဘိုးတန်တယ် ဆိုတာ ယုံပလား.....(ယုံပါပြီဘုရား)။

ဟော့ဒီ မမေ့တော့ သူကလဲ ဝိဇ္ဇာဖြစ်တာဘဲ.....(မှန်ပါ့) ဖြစ်ပျက်မြင်တော့ ဝိဇ္ဇာဖြစ်တယ်....(မှန်ပါ့ဘုရား) ဝိဇ္ဇာဖြစ်ယင် သခ်ါရက ချုပ်သွားတယ်.... (မှန်ပါ့ဘုရား) အပါယ်သွားစရာ ဝိညာဏ်ပေါ်ဦးမလား....(မပေါ်ပါဘုရား)။

သြော်.... မမေ့တဲ့သတ္တိ တယ်အဘိုးတန်ပါကလား ဆိုတာ ပေါ်လာတယ်.... (ပေါ်လာပါတယ်ဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

သြော်-ဒါဖြင့် သတိပဋ္ဌာန်ပါဠိတော်ဆိုတဲ့ဥစ္စာသည် တကာ တကာမတို့ ဘုရားအဆူဆူ မစ္စန့်ဘူးဆိုတာ အပါယ်လေးပါး တံခါးပိတ်တဲ့ တရားမို့....(မှန်ပါ့)။

ဘုရားပွင့်လာပြန်ယင် သူ့ကို ဟောရပြန်တယ် .... (မှန်ပါ့) မမေ့တဲ့တရားဘဲ ဟောရတယ်....(မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီ)။

ကိုင်း.... ဒါနဲ့ဘဲ တကာတကာမတွေ ဒီလိုနဲ့ဘဲ အမောင် ဘာဆ၁ပြန်သတုံး မေးပြန်တယ်.... (မှန်ပါ့) ဘာဆာပြန်သတုံး မေးတော့ ကျွန်တော် ရေမသောက်ရတာ ကြာပြန်ပြီဆိုတော့ လဲ တကာတကာမတွေ ကြေးရေပူကြီးတွေယူလာပြီး လောင်း ပြန်တယ်၊ ပါးစပ်ထဲ ဖြဲလောင်းတာဘဲ....(မှန်ပါ့)။

ပါးစပ်လောင်၊ အထဲက အူသိမ်,အူမတွေလောင်ပြီး ဒုဒါရ ပေါက်က ထွက်သွားတာဘဲ တကာတကာမတို့- (မှန်ပါ့ဘုရား) ဝ,စရာပါ-ပါရဲ့လား ... (မပါပါဘုရား) ခံနိုင်ရည်ရှိပါ့မလား- (မရှိပါဘုရား) ခါးစည်းကြိုးပေးရဦးမလား၊ ပေးလဲ မရဘူး ခါးစည်းကြိုးပေးလို့.... (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ ဘုရား)!!

မရပါဘူးတကာတကာမတို့....(မှန်ပါ့) ခင်ဗျားတို့ ဒေါသ အလုပ်က အပါယ်များ ကျုပ်မကြောက်ဘူး၊ မင်းတို့နဲ့ဖြစ်ရလို့ ရှိယင် အပါယ်မှာ ငါ-ခါးစည်းခံမယ် ကိုစ္စမရှိဘူး ... (မှန်ပါ့) ဒီလို ဒေါသအလိုက် ပြောငြားသော်လဲ ခါးစည်းကြိုးပေးမည့် လူလဲ မရှိပါဘူး....(မှန်ပါ့)ရှင်းပလား... (ရှင်းပါပြီ)။

ခါးစည်းကြိုးပေးမည့်လူမရှိလို့ ရှိယင် ကယ်မည့်,ယူမည့်တရား ဖြင့် အရိယာဓမ္မဘဲရှိတယ်....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ ဘုရား)။

ဒါဖြင့် ဘာလုပ်ရမယ်.... (အရိယာဓမ္မလုပ်ရပါမယ်ဘုရား) ဒါနဲ့ တကာတကာမတို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဟောတယ်၊ ဘယ်လို ဟောလိုက်သတုံးဆိုလို့ ရှိယင်ဖြင့် တကာ တကာမတို့ အရိယာဓမ္မတော့ မင်းတို့မေ့နေလို့ ရှိယင်ဖြင့်ကွာ·တဲ့ ဒီအပါယ်ငရဲဟာဖြင့် မင်းတို့အိမ်လို့ သာမှတ်တော့....တဲ့(မှန်ပါ့ ဘုရား)။

အရိယာဓမ္မမေ့ယင် အပါယ်ငရဲဟာ... (တပည့်တော်တို့ အိမ်ပါဘုရား) မင်းတို့အိမ်လို့ သာမှတ်တော့....တဲ့(မှန်ပါ့ဘုရား) ဆိုတော့ တကာတကာမတို့ အရိယာဓမ္မ မေ့သင့်ပါ့မလား.... (မမေ့သင့်ပါဘုရား)။

အဲဒါ ဘုန်းကြီးက အဘိုးတန်အောင် ပြောတယ်လို့ မယူကြပါနဲ့နော်.. (မှန်ပါ့)။

တကာကြီးတို့, တကာမကြီးတို့ ဆေးရှိငြားသော်လဲ အိမ်နားမှာ အပင်ပေါက်နေငြားသော်လဲ ကိုယ့်မှာ ဝေဒနာဖြစ်နေငြားသော်လဲ အိမ်နားမှာလဲ ဆေးပင်ရှိငြားသော်လဲ ဆေးပင် မသိယင် ဒီလူ ဒီဝေဒနာနဲ့သေမယ်....(မှန်ပါ့)။

အိမ်နားမှာတော့ ဆေးပင်ရှိတယ်.... (မှန်ပါ့) သို့သော်.... ဆေးအဖြစ်သောက်လိုက်ယင် ပျောက်တယ်ဆိုတာ သူမသိဘော့ တကာတကာမတို့ ဘယ်နည်းနဲ့မှ ဒီဝေဒနာရှင် သက်သာခွင့် မရဘူး....(မရပါဘုရား)။

ဘာဖြစ်လို့တုံး၊ သူ့အိမ်မှာ ဆေးပင်ရှိလျက်သားနဲ့ ဘာဖြစ်လို့ ဒီဝေဒနာမသက်သာဘဲနဲ့ သေပွဲဝင်ရသတုံးမေးလို့ ရှိယင်ဖြင့်

ဆေးပင်ရှိလျက်နဲ့ ဆေးပင်မှန်းမသိဘူး....(မှန်ပါ့) ရှင်းပလား-(ရှင်းပါပြီ)။

ဆေးပင်တော့.... (ရှိပါတယ်ဘုရား) လူနာရှင်က ဘာမသိပါလိမ့်....(ဆေးပင်မှန်းမသိပါဘုရား)။

အဲဒီတော့ သာသနာပဆိုယင် ဝိဇ္ဇာဖြစ်တဲ့ဆေးပင်ကို ဘယ်သူမှ မဟောနိုင်ဘူး....(မှန်ပါ့)။

ဝိဇ္ဇာဖြစ်တဲ့ဆေးပင်ကို.... (ဘယ်သူမှ မဟောနိုင်ပါဘုရား) အဲ....အခုဟောမည့်ဘုန်းကြီးများရှိသေးတယ်.... (မှန်ပါ့) ဆရာတော်,သမားတော်တွေရှိသေးတယ်....(မှန်ပါ့)။

အဲဒီတော့ အိမ်နားတွင် ပေါက်တဲ့ဆေးပင်ဟာ ဆေးမှန်းသိလို့ သောက်ယင် ရောဂါပျောက်ပါလိမ့်မယ်....(မှန်ပါ့)။

နောက် ဘုန်းကြီးတို့ တသက် နှစ်သက်ဆိုသလိုပေါ့ဗျာ.... သာသနာကျယ်သွားတော့ ဦးမာဒင် ဒီဆေးပင်ဟာ အနားမှာရှိငြားသော်လဲ ဘယ် နှယ်လုပ်မလဲ၊ ဝေဒနာရှင်က ဆေးပင်လို့ သိပါ့မလား....(မသိပါဘုရား)။

အဲဒီတော့ စာအုပ်တွေ ဘယ်လိုတင်တင်၊ ကျောက်စာတွေ ဘယ်လိုထုထားခဲ့ ထားခဲ့ ဆေးပင်မှန်းမသိတော့ဘူး... (မသိပါ) သိပါ့မလား....(မသိပါဘုရား)။

အခုလို လက်ထပ်ပြပြီးသကာလ လက်ထပ်ပြောနေတုန်းကို ခင်ဗျားတို့ မြန်မြန်ပြီးအောင်လုပ်လိုက်....(မှန်ပါ့) ရှင်းပလား-(ရှင်းပါပြီ)။

ကိုင်း... ဒါဖြင့် အလုပ်,လုပ်မှုရမယ်ဆိုတာလဲ ပေါ်ကြပြီ.... (ပေါ်ပါပြီဘုရား) ဘာလုပ်မှု ရမလဲ....(အရိယာဓမ္မလုပ်မှု ရပါ

မယ်ဘုရား) အလုပ်,လုပ်မှု ဝိဇ္ဇာဖြစ်မယ်.... (မှန်ပါ့) အလုပ်, မလုပ်လို့ ရှိယင်.... (ဝိဇ္ဇာမဖြစ်ပါဘုရား) ဝိဇ္ဇာမဖြစ်ဘူးဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

ကဲ .. ဒါဖြင့် တကာတကာမတို့ အလုပ်,လုပ်မှု ဖြစ်မှာဖြင့် တိုတိုဘဲ ပြောကြပါစို့....တဲ့၊ နာရီကပိုသွားလို့... (မှန်ပါ့) တကာတကာမတို့မှာ သူတပါးစိတ် အကဲခတ်ရတာနဲ့ ကိုယ့်စိတ် အကဲခတ်ရတာနဲ့ တကာကြွယ်, တကာသစ် ဘယ်ဟာက လွယ်သတုံး.... (ကိုယ့်စိတ် အကဲခတ်ရတာက လွယ်ပါတယ်ဘုရား)။

ဟုတ်ကြရဲ့လား တကာတကာမတို့ .. (ဟုတ်ပါတယ်ဘုရား) သူများစိတ်အကဲခတ်ရတာက မှားတယ်ရှိ, မှန်တယ်ရှိ....(မှန်ပါ့) ကိုယ့်စိတ်အကဲခတ်ရတာကတော့....(မှန်ပါတယ်ဘုရား) အမှန် ချည့်ဘဲဆိုတာ သေချာပလား....(သေချာပါပြီဘုရား) သဘော ကျပြီနော် (ကျပါပြီဘုရား)။

ဒါဖြင့် ကိုယ့်စိတ်ကို ပဌမစိတ်ကိုတဲ့ ရှိ,မရှိ နောက်စိတ်နဲ့ အကဲခတ်ပါ....(မှန်ပါ့) ၁-နံပါတ်ကို ၂-နံပါတ်နဲ့ အကဲခတ်.... (မှန်ပါ့ဘုရား)။

၁-နံပါတ်ကို....(၂-နံပါတ်နဲ့ အကဲခတ်ရပါမယ်ဘုရား)ကဲ.... လောဘစိတ်က အရင်ဖြစ်တယ်၊ ရှိ,မရှိ မင်္ဂနဲ့ အကဲခတ်လိုက်စမ်း....(မရှိပါဘုရား)။

မရှိတော့ မရှိတာက အနိစ္စ၊ အကဲခတ်တာက မဂ္ဂဘဲ-(မှန်ပါ့ဘုရား) ဒေါသစိတ်ကခေလး ဖြစ်လာတယ်၊ ရှိ,မရှိ အကဲခတ်စမ်း

(မရှိပါဘုရား) မရှိတာက....(အနိစ္စပါ) သိတာက.... (မဂ္ဂပါဘုရား)မဂ္ဂဆိုယင် ဝိဇ္ဇာဖြစ်ပြီ....(မှန်ပါ့) အဝိဇ္ဇာချုပ်ပြီ.... (မှန်ပါ့) မချုပ်သေးဘူးလား....(ချုပ်ပါပြီ) အပါယ်သွားစရာရှိသေးရဲ့လား....(မရှိပါဘုရား)။

ဒါဖြင့် ... တကာတကာမတို့ အာချိန်ကလဲ ကုန်သွားလို့ ကိုယ့်စိတ်ကိုယ် အကဲခတ်တာမဂ္ဂင်....(မှန်ပါ့) ကိုယ့်စိတ်ကိုယ် အကဲခတ်တာ....(မဂ္ဂင်ပါဘုရား)။

ကိုယ့်စိတ်အကဲခတ်တဲ့အခါကျလို့ရှိယင် လောဘစိတ်ဖြစ်လဲ နောက်က အကဲခတ်(မှန်ပါ့)ဒေါသစိတ်ဖြစ်ယင်လဲ-(နောက်က အကဲခတ်ရပါမယ်ဘုရား) မောဟစိတ်ကလေး ဖြစ်ယင်လဲ.... (နောက်က အကဲခတ်ရပါမယ်ဘုရား)အိပ်ချင်တဲ့စိတ်ကလေး ဖြစ်ယင်လဲ....(အကဲခတ်ရပါမယ်ဘုရား)။

အဲဒါကြောင့် အဲဒါ ဘယ်သူဟောသတုံးဆိုတော့ ရှင်သာရိပုတ္တရာနဲ့ဘုရားဟောတယ်....(မှန်ပါ့ဘုရား) ရှင်သာရိပုတ္တရာရော ဘုရားရော... ကွာတဲ့ ဝိပဿနာဆိုတာ အလွယ်ကလေးပါတဲ့.... (မှန်ပါ့)။

ကိုယ့်စိတ်ကိုယ် အကဲခတ်တတ်လို့ရှိယင် ဝိပဿနာဖြစ်ပါတယ်.... (မှန်ပါ့ဘုရား) ကိုယ့်စိတ်ကိုယ်အကဲခတ်တတ်ယင်.... (ဝိပဿနာဖြစ်ပါတယ်ဘုရား) သဘောကျပလား.... (ကျပါပြီဘုရား)။

ဘာဖြစ်လို့ တုံးဆိုတော့ တကာတကာမတွေ့ အိပ်ချင်တဲ့စိတ်ကလေးလာတယ် ဒါ ဘာပါလိမ့်မတုံးလို့ အကဲ ခတ်လိုက်စမ်း....(မှန်ပါ့)။

အကဲခတ်လိုက်တဲ့အခါကျတော့ အကဲခတ်တတ်တဲ့ စိတ်သာ ရှိတော့တယ် အိပ်ချင်တဲ့စိတ်ရှိသေးရဲ့လား(မရှိပါ)ဟာ ခုနင်က အိပ်ချင်တာမရှိတော့ဘူးဆိုတော့ မရှိတာက အနိစ္စ၊ အကဲခတ် တာက မဂ္ဂ၊ ဝိဇ္ဇာ....(မှန်ပါ့) မင်္ဂစိတ်ဝိဇ္ဇာ မဖြစ်ဘူးလား.... (ဖြစ်ပါတယ်ဘုရား)။

စိတ်ကလေးက ပျံ့လွင့်တယ်၊ပျံ့လွင့်တဲ့ စိတ်ကလေးရှိသေး သလား အကဲခတ်စမ်း....(မရှိပါဘုရား) မရှိတာဘာခေါ်မယ်.... (အနိစ္စပါ) သိတာက....(မဂ္ဂပါ) မရှိမှန်းသိတာက မဂ္ဂဆိုတော့ ဦးမာဒင် မလွယ်လား.... (လွယ်ပါတယ်) ကဲ....ဦးဗထွေးတို့ ဘယ်နှယ်တုံး... (လွယ်ပါတယ်ဘုရား)။

ဘာအကဲခတ်ရမှာတုံး.... (မရှိတာ အကဲခတ်ရမှာပါ) ကိုယ့် စိတ်ကိုယ် အကဲခတ်....(မှန်ပါ့) ကိုယ့်စိတ်က ရှေ့နားက အကဲ ခတ်တာက နောက်က မဂ္ဂ....(မှန်ပါ့)။

ကိုယ်စိတ်က အနိစ္စ၊ အကဲခတ်တာက....(မဂ္ဂပါဘုရား)ဒါဖြင့် ကိုယ့်စိတ် ပေါ်တိုင်း·ပေါ်တိုင်းအကဲခတ်... (မှန်ပါ့) ရှုတဲ့စိတ် လာလဲရှိ-မရှိ အကဲခတ်... (မှန်ပါ့) ရှုက်တဲ့စိတ် လာကော....(ရှိ-မရှိ အကဲခတ်ရမှာပါဘုရား) စားချင်တဲ့ စိတ်လာယင်ကော.... (ရှိ-မရှိ အကဲခတ်ရမှာပါဘုရား)။

အကဲခတ်တော့ ဘာတွေ့သလဲ....(မရှိတာ တွေ့ပါတယ်) မရှိ တာတွေ့တော့ မရှိတာကဘာခေါ်မလဲ.... (အနိစ္စပါ) အကဲခတ် တာက....(မဂ္ဂပါဘုရား)။

ဒီလိုချည့်ဆိုတော့ တကာတကာမတို့ ကိုယ့်ဝိညာဏကွန္ဒာ ပျက်တာ ကိုယ်သိတယ်....(မှန်ပါ့) ဒါဖြင့် ကိုယ့်ခန္ဓာကြီးဟာ

အနိစ္စခန္ဓာဆိုတာ သူများပြောလား ကိုယ့်ဟာကိုယ် အကဲခတ်တာနဲ့သိတာလား.... (ကိုယ့်ဟာကိုယ် အကဲခတ်တာနဲ့ သိတာပါဘုရား)။

ဒါဖြင့် အကဲခတ်တာနဲ့သိတော့ မဲသိတာက အဝိဇ္ဇာသိတာက....(ဝိဇ္ဇာပါ) ဝိဇ္ဇာမဖြစ်ဘူးလား....(ဖြစ်ပါတယ်ဘုရား) ဝိဇ္ဇာဖြစ်တော့ အဝိဇ္ဇာက မချုပ်ဘူးလား....(ချုပ်ပါတယ်) အဝိဇ္ဇာချုပ်တော့ သင်္ခါရကကော.... (ချုပ်ပါတယ်) သင်္ခါရချုပ်တော့ တကာတကာမတို့ ဒီခန္ဓာတွေကကော.... (ချုပ်ပါစေတယ်ဘုရား)။

အဲဒီ ဝိဇ္ဇာတလုံး ဖြစ်လိုက်လို့ရှိယင် ဝိဇ္ဇာ ဖြစ်ကတည်းက ဒီဋ္ဌရော-ရောချုပ်တယ်....(မှန်ပါ့)တဏှာကော.... (ချုပ်ပါတယ်) ချုပ်တယ်ဆိုကတည်းက ဒီဋ္ဌကြောင့် ခုနင်က အပါယ်ခန္ဓာ ဖြစ်ရ၊ တဏှာကြောင့် အပါယ်ခန္ဓာ ဖြစ်ရတာတွေဟာ တကာတကာမတို့ တသံသရာလုံးဖြစ် မဂ်တကြိမ်ပေါ်ယင် အကုန်ပျောက်တယ်(မှန်ပါ့ဘုရား)။

ဝိဇ္ဇာ တကြိမ်ပေါ်ယင်.... (အကုန်ပျောက်ပါတယ်ဘုရား) ဒါဖြင့် တကာတကာမတို့ အပါယ်လေးပါးလဲ့ မသွားနိုင်တော့ဘူး....(မှန်ပါ့) ဝိဇ္ဇာနဲ့အပါယ်ကြွေးတွေ ဆပ်လိုက်ယင် မပြီးဘူးလား....(ပြီးပါတယ်ဘုရား)။

ဝိဇ္ဇာနဲ့-ဖြစ်ပျက်သိတဲ့ ဉာဏ်နဲ့အပါယ်ကြွေး ဆပ်လိုက်ယင် မပြီးဘူးလား.... (ပြီးပါတယ်ဘုရား) ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဘာနဲ့ကြွေးဆပ်ကြမယ်.... (ဝိဇ္ဇာဉာဏ်နဲ့ဆပ်ပါ့မယ်ဘုရား)ဝိဇ္ဇာဉာဏ်နဲ့ ကြွေးဆပ်ပါ (မှန်ပါ့)

ဝိဇ္ဇာဉာဏ်ဆိုတာ အလိုလိုပေါ်တာလား ဖြစ်ပျက်မြင်မှပေါ်တာလား....(ဖြစ်ပျက်မြင်မှပေါ်တာပါ)။

ဒါဖြင့် တကာတကာမတို့ ၁ နံပါတ်က ဖြစ်ပျက်... (မှန်ပါ့) ၂-နံပါတ်အကဲခတ်တာက (မဂ္ဂပါဘုရား) သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါဖြင့် ၁-နောက်ကို ၂-လိုက်နေယင် အပါယ် တံခါး ပိတ်တယ်....(မှန်ပါဘုရား) ၁-က ဘာပါလိမ့် (ဖြစ်ပျက်ပါ) ၂-က ဘာပါလိမ့်....(မဂ္ဂပါဘုရား) အကဲခတ်ဟာ .. (မှန်ပါ့)။

၁-က ဘာပါလိမ့် ... (ဖြစ်ပျက်ပါ) ၂-က ဘာပါလိမ့်.... (အကဲခတ်တာပါဘုရား) အကဲခတ်တာ ၂-မဖြစ်ဘူးလား(ဖြစ်ပါတယ်ဘုရား) အဲဒါမဂ္ဂဝိဇ္ဇာဆိုတာ ပေါ်ပလား.... (ပေါ်ပါပြီဘုရား) ဒါဖြင့် အဝိဇ္ဇာချုပ်-မချုပ်.... (ချုပ်ပါတယ် ဘုရား) အဝိဇ္ဇာချုပ်ယင်သင်္ခါရကကော....(ချုပ်ပါတယ်)ဒါဖြင့်အပါယ် ခန္ဓာ ဝိညာဏ်ဟာကော....(ချုပ်ပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ ဝိဇ္ဇာမဂ္ဂင်နဲ့ အကဲခတ်လိုက်လို့ ရှိယင် အပါယ်ကြောက်စရာ ရှိသေးရဲ့လား.... (မရှိပါဘုရား) အဲဒီတော့ ဘုန်းကြီးတို့ တကာတကာမတွေမှာ နောက်ဘဝတုန်းက လုပ်လာတဲ့ အပါယ်ကြေးတွေကလဲရှိသေးတယ်(မှန်ပါ့)ဒီဘဝ မသိမလိမ်မာတုန်းက လုပ်ထားတဲ့ အပါယ်ကြေးတွေကကော.... (ရှိပါတယ်ဘုရား)အဲဒါ ဝိဇ္ဇာတလုံးတည်းနဲ့ ဆပ်လိုက်လို့ ရှိယင် တကာတကာမတို့ ကြေးတသိန်း တင်နေတာ ဆားတလျက်နဲ့ ကျပါတယ်....(မှန်ပါ့ဘုရား)။

ကြွေးတသိန်း တင်နေတာ.... ဆားတလျက်နဲ့ ကျေပါတယ်ဘုရား) ဒီဆားကလေးတလျက်မှ ခင်ဗျားတို့က မလျက်ချင်ဘူးလား(လျက်ချင်ပါတယ်ဘုရား) လျက်လိုက်ယင် အကုန်ပျောက်မယ်ဆိုတာသေချာတယ်မဟုတ်လား.... (သေချာပါတယ်ဘုရား) ဒါဖြင့် မဂ္ဂင် ဆားတလျက်ကိုဖြင့် လျက်ဖြစ်အောင်လျက်ပါဆိုပြီး ဒီတရားပဲသိမ်းလိုက်ပြီ။

သာဓု-သာဓု-သာဓု

ကျေးဇူးတော်ရှင် အာဂုမဟာဝပဏ္ဏော်တ
အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း မိုးကုတ်ဆရာတော်ဘုရား
အမရပူရမဟာရုံဥစ္စာ ဟောကြားတော်မူအပ်သော
(စိတ်အပြင်မထွက်အောင် သတိထားရန်
ဇနပဒကလျာဏီသုတ်)
နေ့အလုပ်ပေးတရားတော်
(၁၀ - ၁၀ - ၆၁)

ဝ ဝ\ ၄

ဝိပဿနာတရားဆုတ္ဥဉ္စာတကာတကာမတွေ့ သာသနာတွင်းမှ ပေါ်တယ်လို့မှတ်ရမယ်....(မှန်ပါ့)။

ဝိပဿနာတရားသည်ဘယ်အချိန်မှပေါ်ပါလိမ့်.... (သာသနာတွင်းမှ ပေါ်ပါတယ်ဘုရား)။

သာသနာတွင်းမှ ပေါ်တာကို ဘုန်းကြီးတို့ တကာတကာမတွေကသိနေတော့ တကာတကာမတွေကလဲဘဝမျှားစွဲသံသရာက သာသနာတွင်းကို မဇွတ်ခဲ့လို့ ကျတ်တမ်းမဝင်ခဲ့ကြဘူးပေါ့ဗျာ....(မှန်ပါ့)အခုအခါမှာကော သာသနာတွင်းမှာ ဘုန်းကြီးတို့ တကာတကာမတွေ လူလားမြောက်ပြီးသကာလ လာတဲ့အတွက် သာသနာတွင်းနဲ့ကိုက်တာလဲ ကောန်ဖြစ်နေပါပြီ.... (မှန်ပါ့ဘုရား) သာသနာတွင်းနဲ့ ကိုက်တာကောန်ဖြစ်ပြီး သကာလနေတော့ သြော်....ငါတို့သည် ရှေးကသာသနာတွင်း မကြုံလို့ ဝိပဿနာတရားအားမထုတ်ခဲ့ရဘူး....(မှန်ပါ့)။

အခုတော့ ငါတို့ဆုတောင်းသည် အကုန်ပြည့်တဲ့ဘဝ၊ သာသနာတွင်း ဒို့ကြုံလာတယ်၊ ဝိပဿနာတရားတွေ ဆရာဘုန်းကြီးက နည်းပေးနေတယ်ဆိုတော့ ငါတို့ပါရမီ ဘာလိုသေးသတုံးဆိုတဲ့ ဝိစိကိစ္ဆာသံသယကို အကုန်ဖျောက်ပါ.... (မှန်ပါ့ဘုရား)။

အကုန်ဖျောက်ပစ်ပါ တကာတကာမတို့ ငါတို့ ဒီဘဝ ဒုက္ခခပ်သိမ်းငြိမ်းတဲ့နိဗ္ဗာန်ကို ရောက်ရမည့်ဘဝ၊ ပါရမီတွေ အကုန်စုံပြီးသကာလ နေတဲ့ဘဝလို့ အားလုံးက ဆုံးဖြတ်ချက်ချပါ(မှန်ပါ့ဘုရား)။

မေတ္တာယျ ကိုယ်တော်မြတ်ကြီး လက်ဦးစွာဖူးတွေ့ရပါလို့၏ ဆိုတာတွေ့ အကုန်ဖြုတ်ပါ....(မှန်ပါ့)။

ဘာ့ကြောင့် အဖြုတ်ခိုင်းသတုံးလို့ မေးတော့ မေတ္တာယျနဲ့ မတွေ့စေချင်လို့ လားလို့ မေးစရာအကြောင်းရှိတယ်၊ မဟုတ်ပါဘူး ကိုယ်လုပ်တဲ့အလုပ်က ရည်ရွယ်ချက်က ဒီဘက်ဆုတောင်းထားလို့ ဒီဘက်မှာ အလုပ် လုပ်ခဲ့လို့ ဒီဘက်ကတွေ့ပြီးသား ဟိုဘက်ကျော်ဘို့ မလိုတော့ဘူး (မှန်ပါ့)ကျော်ယင် ဒုက္ခဆက်ပြီးတွေ့မယ်လို့ မှတ်ကြပါ.... (မှန်ပါ့ဘုရား)။

ဒုက္ခ ဘယ်လောက်ကွေ့မတုံးလို့ တကာကြွယ်တို့,ဦးမာဒင်တို့ ဦးသန်းမောင်တို့ မေးလို့ရှိယင်ဖြင့် အရိုး တောင်နှယ်ပုံရမယ်.... (မှန်ပါ့)။

အရိုး တောင်နှယ်ပုံဆိုတာ ဘယ်လောက်ထိအောင် သွားမှာတုံးဆိုတော့ လူတယောက်အရိုးဟာ လေးရက်တက်,လေးရက်ဆင်း တောင်လောက်ရှိရမယ်.... (မှန်ပါ့)။

ဒါလောက်တောင် အသေမျှားပါတယ်ဆိုတာကြီးကို စောင့်ဘို့မျှော်ဘို့ကော လိုသေးသလား....(မလိုပါ)ဒါကတချက်နော့် (မှန်ပါ့ဘုရား)။

ဒါဖြင့် အားလုံးတကာတကာမတွေ့ စိတ်ထားမှာဖြင့် သြော် သာသနာတွင်းမှ ဝိပဿနာတရားပေါ်တယ်၊ ဒို့-ကလဲ ကြုံနေတယ်၊ ကြုံရာကိုကျော်ပြီး မကြုံရာလှမ်းနေဘို့ ဦးသန်းမောင်တို့ လိုသေးသလား....(မလိုပါဘုရား)။

ကြုံရာကျော်ပြီး မကြုံရာလှမ်းနေလို့ ရှိယင် တကာကြွယ် ဆိုး ဝါးရာရောက်သွားမယ် .. (မှန်ပါ့ဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ့ အတွေ့ကြီး တွေ့ပြီးတော့ ဆရာကောင်း,သမားကောင်းနဲ့ ဘာမှမလိုတော့ ဘူး၊ ပါရမီအကုန်ပြည့်ပြီဆိုပြီးသကာလ ဆက်သွားကြိုးစား.... (မှန်ပါ့)။

ကြိုးစားလိုက်လို့ ရှိယင်ဖြင့် မပေါက်မရှိပါဘူး.... (မှန်ပါ့) မပေါက်မရှိပါဘူး တကာတကာမတို့နော်....(မှန်ပါ့)။

အဲဒီတော့ အားလုံး တကာတကာမတွေကို မင်းတို့ ပါရမီ တစတစဖြည့်ရတာဆိုတာတွေကို ယုံမနေနဲ့....(မှန်ပါ့) ဝိပဿနာ ကြုံရတယ်ဆိုတာလဲပေါ်ပြီ.... (ပေါ်ပါပြီဘုရား)။

ခင်ဗျားတို့က လူလားမြောက်လာတာလဲ ဘယ်အချိန်မှာ လူလားမြောက်သတုံး အကဲခတ်စမ်း.... (သာသနာတွင်းမှာပါ) ဒါဖြင့် ဒါပြည့်နေပြီ....(မှန်ပါ့ဘုရား)။

သာသနာတွင်းမှာလဲ သစ္စာတရား ပဋိစ္စသမုပ္ပါဒ်နဲ့ ဆက် သွယ်တဲ့တရား၊ကျင့်တရားတွေမှလဲ ကျတ်တမ်းဝင်နိုင်တာ တကယ်

သို့ကောန်သိနေကြတယ်၊ဒါလဲ ဆရာဘုန်းကြီးက နေ့တိုင်းပေးနေတယ်....(မှန်ပါ့)။

နေ့တိုင်းပေးနေတော့ကို သာသနာတွင်းကလဲကြုံပြန်, သာသနာတွင်းမှာလဲ ကိုယ်က လူလားမြောက်ပြန်, သာသနာတွင်းတရားနဲ့ဘဲ ကိုယ်တိုင်တွေ့နေရပြန်ဆိုတော့ မေတ္တာယျ မြတ်စွာဘုရားကို မလှမ်းနဲ့တော့လို့ အားလုံးကို သတိလဲ ပေးလိုက်တယ် (မှန်ပါ့)ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

အဲဒါ သူများပြောသံကြားကို မယောင်ကြပါနဲ့... ၊ ဆရာဘုန်းကြီး အခု ဆုံးဖြတ်ချက်ချတာကို တကာကြွယ်တို့ဦးမာဒင်တို့ ယုံရလိမ့်မယ်....(ယုံပါမယ်ဘုရား) ရှင်းပြီနော်.... (ရှင်းပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် တကာတကာမတို့ ဘုရားကလဲငါ့- သာသနာကြုံလို့ရှိယင်ကွာတဲ့ မင်းတို့အခုပေးထားတဲ့ စိတ်တွေ့ရှုကြ, ဝေဒနာတွေ့ရှုကြဆိုတာ ရှုလိုက်လို့ရှိယင် မင်းတို့ ပါရမီပြည့်ပြီးသား ပုဂ္ဂိုလ်တွေဖြစ်တဲ့အတွက် အလွန်ဖျင်းယင် ခုနစ်နှစ်....(မှန်ပါ့) အလတ်စားကျင့်လို့ရှိယင် ခုနစ်လ.... (မှန်ပါ့) တော်တော်ဉာဏ်ထက်လို့ရှိယင် ခုနစ်ရက်....(မှန်ပါ့ဘုရား)။

ဒီလိုလဲ ငါ ဘုရားသာသနာတော်မှာ ငါတာဝန်ခံပါတယ်လို့ ဂဂါတမဘုရားကလဲ တာဝန်ခံသွားလျက်နဲ့ ဘုန်းကြီးတို့ တကာတကာမတွေ့ကလဲ ဒီအလုပ်-လုပ်လျက်နဲ့ ဖြစ်နေတော့ ဦးမာဒင်တို့, ဦးဗထွေးတို့ ဘယ်သူ့ မျှော်စရာလိုသေးသတုံး....(မလိုပါဘုရား) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

အဲဒီတော့ ဘုန်းကြီးကတကာတကာမတွေ့ကို အထူးတလည် ကလေး သတိပေးချင်တာက ဒီကာလကလေး မလွှန်စေနဲ့.... (မှန်ပါ့ဘုရား)။

သားရေး,သမီးရေး,စီးပွားရေးနဲ့ ဒီကာလကလေးကို အလွဲသုံးစားလုပ်မပစ်လိုက်ပါနဲ့....(မှန်ပါ့ဘုရား)။

ဒီအချိန်ကာလကလေးသည် တကာတကာမတို့ အိုဘေး, နာဘေး, သေဘေးကို တားနိုင်တဲ့ကာလ....(မှန်ပါ့) အပါယ်ဘေးကို မရောက်ရမည့်ကာလ (မှန်ပါ့) ဆိုတော့ ဒီကာလကလေးကို တော့ဖြင့် ဘုန်းကြီးက တကာတကာမတွေ့ မလုပ်ဘဲနေလို့ရှိယင် လွန်သွားမှာစိုးတယ်...(မှန်ပါ့) ဒါကလေးက သိပ်နှမြောစရာကောင်းတယ်....(ကောင်းပါတယ်ဘုရား)။

နှမြောစရာ မကောင်းဘူးလား... (ကောင်းပါတယ်) ဘဝမျှားစွာ သံသရာက အိုဘေး,နာဘေး,သေဘေးတွေနဲ့ အဖေါ်လုပ်ပြီးလာခဲ့ကြလို့ တကာတကာမတွေ့ ယခုမျက်ရည်စုထားယင် သမုဒ္ဒရာလေးစင်းရေထက်မျှားတယ်....(မှန်ပါ့)။

အသားတွေ့စုပုံထားယင် မြင်းမိုရ်တောင်လောက် မျှားတယ် (မှန်ပါ့)ဆိုတော့အိုခဲ့ရ,သေခဲ့ရတာတွေ့ သူမျှားစားဖတ်-ဝါးဖတ် ဖြစ်ခဲ့ရတာတွေ့ အပါယ်မှာ အိမ်အဖြစ်နဲ့နေခဲ့ရတာတွေ့ဟာ ကြာလဲ့ကြာတော့ ဒီလမ်းနဲ့ ဒီစခန်းကိုဖြင့် မတွေ့ချင်လို့ ဖြစ်ခဲ့ရတာ ယခု သာသနာတွင်းကြုံ,ကိုယ်-လူသားမြောက်တာနဲ့ကြုံ,လိုချင်တဲ့ စိတ္တာပ္ပါဒ်ကလေးတွေ့ကလဲ့ ပုံပြီးသကာလနေတော့ ဘုန်းကြီးတို့ တကာတကာမတွေ့ အလုပ်ပေးမှန်ပြီးသကာလ အလုပ်-လုပ်ဘို့သာ ဉာဏ်တည့်ဘို့ဘဲ့ အရေးကြီးတယ်.... (မှန်ပါ့)။

အလုပ်ပေးတဲ့ဆရာကလဲ မှန်မှန်ပေးရမယ်... (မှန်ပါ့) အလုပ် လုပ်မည့် တကာတကာမကလဲ ကိုယ့်အလုပ်နဲ့ ကိုယ့်ဥာဏ်နဲ့ တည့်ရမယ်.... (မှန်ပါ့) ရှင်းပြီနော်.... (ရှင်းပါပြီဘုရား)။

ကဲ....ဒါဖြင့် အဲဒီအလုပ်နဲ့ ဥာဏ်နဲ့တည့်ဘို့ကို ဘုရားက သတိပေးလိုက်တယ်.... (မှန်ပါ့) အလုပ်နဲ့ဥာဏ်နဲ့ တည့်ဘို့အရေး ဘုရားက သတိပေးလိုက်ပါတယ်၊ တကာတကာမတို့ ဒါကလေးကို မဟာဝဂ္ဂသံယုတ်မှာလာတဲ့အတွက် နည်းနည်းမှတ်လိုက်ပါ.... (မှန်ပါ့) အလုပ်နဲ့ဉာဏ်တည့်ဘို့နော်.... (မှန်ပါ့)။

ကဲ....တကာတကာမတွေ့ အခုနေ့လယ်ကဘဲ ပြောထားတယ် ဆြော်....တကာတကာမတို့ စိတ်ဆဲ့သုံးခုကို ပေါ်ရာလိုက်ပါ ဆိုတာ အားလုံးသင်ထားတယ်....(မှန်ပါ့)။

ဝေဒနာဖြင့်လဲ ဝေဒနာကြိုက်တဲ့ တကာတကာမတွေက သုခဝေဒနာပေါ်လဲ ဖြစ်ပျက်ရှု၊ ဒုက္ခဝေဒနာပေါ်လဲ ဖြစ်ပျက်ရှု၊ ဥပေက္ခာဝေဒနာပေါ်လဲ ဖြစ်ပျက်ရှုပါ၊ ဒီဝေဒနာဆိုမှတပါး ဥာဏ်ဘယ်မှမသွားပါနဲ့ဆိုတာ ဝေဒနာသမားကိုလဲ ဒီအတိုင်းမှာတယ်... (မှန်ပါ့)။

စိတ်သမားတွေလဲ ပင့်ကူကြိုး ဥပမာပြပြီး လှုပ်ရှလိုက်ပြီး သကာလ လှုပ်ရှာက ဖြစ်ပျက်ရှုပြီးလို့ရှိယင် ပြန်ပြီး ထုတ်သက် ဝင်သက် အားထုတ်တဲ့စိတ်ကလေး ပြန်ထိုင်ဆိုတာ နေ့လယ်ကဘဲ ဆုံးမခဲ့တယ်.... (မှန်ပါ့) ဒါနည်းကောင်း ပေးခဲ့တာပါဘဲ.... (မှန်ပါဘုရား)။

အဲဒီ့နည်းတွေကို တကာတကာမတွေက ရနေတော့ ဟိုက တရားမမှကလေးတခု ပေါ်လာတယ်၊ အဲဒီ့မမှဆီကို ဥာဏ်က လိုက်ဖြစ်အောင်လိုက်ပါ....(မှန်ပါ့)။

တရားဓမ္မကလေးတခုပေါ်လာယင် ဘာလုပ်မယ်....(ဥာဏ်က လိုက်ဖြစ်အောင်လိုက်ပါ) ဥာဏ်ကလိုက်ဖြစ်အောင် လိုက်နော်.... (မှန်ပါ့) ဥာဏ်ကလိုက်ဖြစ်အောင် လိုက်ပါလို့ ဆိုတာကို သတိ ပေးတယ်....(မှန်ပါ့)။

ဘုရားကဥာဏ်နဲ့တော့မခွဲနဲ့ကွာ--မင်း ခုနစ်ရက်နဲ့ပြီးမယ်တဲ့- (မှန်ပါ့) ဖြစ်ပျက်နဲ့ဥာဏ်နဲ့မခွဲလို့ရှိယင် ခုနှစ်ရက်နဲ့ပြီးမယ်.... (မှန်ပါ့) မင်းတို့က ဆုတောင်းတော့က ပြည့်ပြီးသား ဖြစ်လို့ ရှိယင် ညမနေအားထုတ် မနက်နိဗ္ဗာန် မြင်ရပါလိမ့်မယ်တဲ့.... (မှန်ပါ့ဘုရား) ဆိုတာက အင်မတန် တာဝန်ခံရဲတဲ့ ကိုယ်တော်ကြီး ဖြစ်ပြီးသကာလ နေတော့ ဒို့-ဘယ်နှယ်ခြောင့် မရပါလိမ့် မတုံးလို့ မေးတဲ့အခါ ဖြစ်ပျက်နဲ့ဥာဏ်နဲ့ မတည့်လို့ ဖြစ်ပါ တယ်....(မှန်ပါ့) ရှင်းပလား...(ရှင်းပါပြီ)။

ဘာနဲ့ဘာနဲ့မတည့်သတုံး... (ဖြစ်ပျက်နဲ့ဥာဏ်နဲ့မတည့်လို့ ပါဘုရား) ဖြစ်ပျက်ဆိုတာ တကာတကာမတို့ မှတ်ပါ-အနိစ္စ.... (မှန်ပါ့) အနိစ္စနဲ့မဂ္ဂနဲ့မတည့်လို့ဖြစ်ရပါသည်...(မှန်ပါ့ဘုရား) ရှင်းပြီနော်....(ရှင်းပါပြီ)။

အဲဒီတော့ ငါတည့်တဲ့နည်း ဥပမာတခုပြမယ်ကွာ၊ မင်းတို့ မတည့်မှာလဲ တယ်စိုးရိမ်တယ်...တဲ့.... (မှန်ပါ့) တည့်တဲ့နည်း ကလေးလဲဥပမာပြမယ်ဆိုပြီး'တေလ ပတ္တ' ဆိုပြီး တေလက=ဆီ၊ ပတ္တ-က=ခွက်ပေါ့ဗျာ... (မှန်ပါ့) တေလ-က=ဆီ၊ ပတ္တ-က= ခွက်ဆိုပြီးသကာလ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဦးမာဒင် ဥပမာပြတယ်....(မှန်ပါ့)။

ဥပမာပြတယ်ဆိုတော့ တကာကြွယ်တို့ သေသေချာချာ မှတ်ပါ.... (မှန်ပါ့) ဘုရားပေးတဲ့ ဥပမာ ဖြစ်လေသောကြောင့်လဲ သြော်.... အင်မဘန့် ဂရုဏာတော်ရင်ကြီးက ပေးတာ....၊ ဒို့ကို ရှုဟုလာသားကဲ့သို့ သနားပြီးသကာလ ဒီဘဝက စုတေမနေ သေလွန်ရလို့ ရှိယင်ဖြင့် နတ်ရွာသုဂတိရောက်ပြန်လဲ အသုဘ ဖြစ်ရဦးမယ်.... (မှန်ပါ့ဘုရား) အပါယ်လေးပါး ရောက်ပြန်လဲ မနေ့က တရားလိုဘဲ မချိမဆန့်ခံကြရဦးမယ်.... (မှန်ပါ့)။

အဲဒီတော့ကွာ....တဲ့ ဖြစ်ပျက်နဲ့မဂ်နဲ့ ဖြစ်ပျက်နဲ့ ရှုတဲ့ဉာဏ်နဲ့ တည့်ဘို့အရေးကို ငါ....သေသေချာချာ နည်းပေးပါ့မယ်ဆိုပြီး သကာလ ဘုရားနည်းပေးတာဘဲ....(မှန်ပါ့)။

ဒါဖြင့် ယခုပြောတဲ့ ဥပမာကိုဖြင့် ဘုန်းကြီးတို့ တကာ တကာမတွေ့ သေသေချာချာ သြော်....ဒီဥပမာအတိုင်း ဒို့-လုပ် လိုက်ရလို့ ရှိယင်ဖြင့် ခုနက်ရက်ဘဲ ....၊ ဟာ .. ဒါ- မနက် အား ထုတ်, ညနေရမှာဘဲ၊ ညနေအားထုတ်, မနက်ရမှာဘဲဆိုတာကိုဖြင့် သေသေချာချာ မှတ်ပြီးသကာလ တကာတကာမတို့ လုပ်ကြစမ်းပါဆိုတာ သတိပေးလိုက်တယ်....(မှန်ပါ့)။

ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် သုမင်္ဂတိုင်းမှာ သီတင်းသုံးပြီးသကာလနေတယ်....(မှန်ပါ့)။

သုမင်္ဂတိုင်းမှာ သီတင်းသုံးနေတဲ့အခါ ရဟန်းတို့... တရားအားထုတ်နည်း ငါသင်မယ်ကွာ၊ မင်းတို့သည်ကား....လို့ ဆိုယင်ဖြင့် တရားဘဲ ကယ်စရာရှိတယ်... (မှန်ပါ့)။

တဖုံးဘဲ မင်းတို့ အိုဘေး,နာဘေး ကယ်နိုင်တယ်၊ တရား ဂ.ဘဲ အပါယ်ဘေးကယ်နိုင်တယ်၊ တရားကဘဲ ငသာက ပရိ

ဒေဝ ဒုက္ခ ဒေါမနဿဘေးတွေ ကယ်တင်နိုင်တယ်.... (မှန်ပါ့ဘုရား)။

အဲဒါ့ကြောင့် တရားနည်းကို မင်းတို့ ငါပေးမယ်၊ သေသေချာချာ မင်းတို့ ဒီနည်းမှတ်ပြီး ဒီအတိုင်း အားထုတ်ကြဆိုတော့ ဦးမာဒင်တို့ ဘုရားကိုက အားထုတ်စဉ် ပေးခဲ့တယ်.... (မှန်ပါ့ဘုရား)။

တကာတကာမတို့ အားရှိရှိနဲ့. သြော်... ဒို့အတွက်ဖြင့် သေချာပြီဆိုပြီးသကာလ ဘာမှ နောက်ပြန်ကြည့်မနေနဲ့၊ ကိုယ့်အရေး ကိုယ်ပြီးအောင်သာ လုပ်ပစ်လိုက်....(မှန်ပါ့)။

လူတယောက်ကွာ-တဲ့ ရာဇဝတ်ပြစ်မှုသင့်ဘယ်.. တဲ့-(မှန်ပါ့) ပြစ်မှုသင့်တဲ့အခါကျတော့ ရှင်ဘုရင်က ဟာ....ဒီအတိုင်းသတ်ယင် အရုပ်ဆိုးတယ်ဆိုပြီးသကာလ သူ့အပြစ်နဲ့.သူ့ကို သတ်ရလို့ရှိယင်ဖြင့် ကောင်းတယ်ဆိုပြီးသကာလ ရာဇဝတ်ပြစ်မှုသင့်တာ ပဌမအပြစ်နဲ့ ရှေ့.တွင်ဘဲ သတ်မယ်လို့. ရည်ရွယ်ချက် ၌ငြားသော် မကောင်းပါဘူး... (မှန်ပါ့)။

နောက်ထပ် အပြစ်သင့်လာမှဘဲ သတ်မယ်လို့.ဆိုပြီးသကာလ တကာတကာမတို့ ဆီတပိဿာလောက်ထည့်နိုင်တဲ့ ဆီခွက်တခုထဲမှာ ဆီအပြည့်ထည့်လိုက်တယ်....(မှန်လုပါ) နှုတ်ခမ်းရေးနဲ့ကို ညီနေအောင် အပြည့်ထည့်လိုက်ပါတယ်....(မှန်ပါ့)။

တပိဿာလောက်ရှိတဲ့ခွက်ထဲမှာ နှုတ်ခမ်းရေးနဲ့.ညီနေအောင် အပြည့်ထည့်လိုက်တယ်ဆိုတော့ ဦးမာဒင်တို့, ဦးသန်းမာင်တို့, တကာကြွယ်တို့ အလှုပ်အရှားမခံဘူးပေါ့... (မခံပါဘုရား)

နည်းနည်းလှုပ်ယင် ဆီပြင်ဘက်ကျမယ်....(ကျပါမယ်) မကျပေဘူးလား....(ကျပါမယ်ဘုရား)။

နည်းနည်းလှုပ်လို့ ရှိယင်ဖြင့် ခင်ဗျားတို့စိတ်ထဲက ပေ့ါပိုက်ပြီးသကာလ ဆီခွက်ကို အမြဲကရုစိုက်နေရမယ်... (မှန်ပါ့) အမြဲကရုမစိုက်လို့ နည်းနည်းခလုတ်ရှိလဲ ခလုတ် ရှောင်ရလိမ့်မယ်.... (မှန်ပါ့)။

နိမ့်တာ,မြင့်တာရှိလို့ ရှိယင်လဲ ဆီကို ထိန်းရလိမ့်မယ်-(မှန်ပါ့ဘုရား)နှုတ်ခမ်းနေးနဲ့ညီနေတာ တစက်ကျယင်လဲ မကောင်းဘူး (မှန်ပါ့)။

အဲဒီလို ရှင်ဘုရင်က တခါတည်း ဆီကို နှုတ်ခမ်းရေးနဲ့ အညီထည့်ပြီးသကာလ ပေးလိုက်တယ်...၊ နောက်ကလဲ သူသတ်ယောကျ်ားထည့်လိုက်တယ်... (မှန်ပါ့)။

မင်းသွားရမည့် ခရီးကိုလဲ ငါ့-ခရီးစဉ်ထုတ်လိုက်မယ်ဆိုပြီး အင်မတန် အက, အဆို, အတီး, အမှုတ်နဲ့ "ဇနပဒကလျာဏီ" ဆိုတဲ့ ကောင်းခြင်းငါးဖြာနဲ့ ပြည့်စုံတဲ့ တကာမက ရှေ့မှာ ဒီ လူအုပ်ကြီးထဲမှာ မကြည့် မနေနိုင်လောက်အောင် က,တဲ့ ပဲ့လမ်းကိုလဲ တွေ့လိမ့်မယ်....(မှန်ပါ့) အဲဒီပဲ့ထဲကိုလဲ ဆက်သွားရမယ်....တဲ့.....(မှန်ပါ့)။

အင်မတန်ကောင်းတဲ့ပဲ့ထဲကိုဖြတ်ပြီးဒီဆီခွက်ကိုင်ပြီးသွားရမယ် (မှန်ပါ့ဘုရား)။

အကယ်၍ တပေါက်ကျလို့ ရှိယင်လဲ နောက်က လူသတ်ယောကျ်ားငါးယောက်က ကျတဲ့နေရာမှာ သတ်စေဆိုတဲ့ အမိန့်ထုတ်လိုက်တယ်....(မှန်ပါ့)။

တကာတကာမတို့ ဒီဆီခွက်သမားသည် ဆီဖိတ်မှုကို သူအရေးတကြီး အလေးပြုလိမ့်မယ်ဆိုတာ တကာကြွယ် ငြင်းဘို့ လိုသေးသလား....(မလိုပါဘုရား)။

တကာတကာမတွေ ငြင်းဘို့လိုသေးသလား- (မလိုပါဘုရား) သူ ဆီမဖိတ်လို့ ဒီပွဲနဲ့ ဒီလူအုပ် ကျော်သွားလို့ ရှိယင် ဦးမာဒင် သူလွတ်သွားရော... (မှန်ပါ့)။

ဒီအထဲမှာ သွားရမည့်နေရာကတော့ဖြင့် လူအုပ်ကြီးတွေနဲ့ လှုပ်လှုပ်ရှားရှားနဲ့ဆိုတော့ ရှောင်ရမှာနဲ့ တိမ်းရမှာနဲ့ဆိုတော့ အတော်ထိန်းရမယ်ပေါ့....(မှန်ပါ့)။

ဟိုရှေ့ကျော်ပြီး သကာလ ပွဲထဲ သွားရဦးမယ် ဆိုတော့လဲ ပွဲက မကြည့်မဖြစ်တဲ့ပွဲမျိုး အသားဏ်ကောင်းခြင်း, အရေဏ်ကောင်းခြင်း, အရိုးဏ်ကောင်းခြင်း, အနှကြာဏ်ကောင်းခြင်း, အရွယ်ဏ်ကောင်းခြင်းဆိုတဲ့ ကောင်းခြင်းငါးဖြာလက္ခဏာနဲ့ပြည့်စုံတဲ့ ဇနပဒကလျာဏီကလဲ က·နေတယ်... (မှန်ပါ့)။

အဲဒီက-တဲ့ပွဲကလဲ လူဦးရေက မရေတွက်နိုင်လောက်အောင် များပြားလှတယ်၊ ဇနပဒကလျာဏီကလဲ မကြည့်ဘဲ မနေနိုင်

လောက်အောင်ကိုဘဲ ချောမောလှပ ပြေပြစ်ပါတယ်.... (မှန်ပါ့ဘုရား)။

အဲဒီကို မင်းသွားရမယ်ဆိုပြီးနောက်က လူသတ်ယောကျ်ားနဲ့ ဆီခွက်ထဲမှာ ဆီကိုနှုတ်ခမ်းရေးနဲ့ ညိုနေအောင်ထည့်ပြီးသကာလ လှတ်လိုက်တယ်....(မှန်ပါ့)။

အားလုံး တကာတကာမတွေ့ သွားရမည့်နေရာကလဲ ကြမ်းတယ်နော် .... (ကြမ်းပါတယ်ဘုရား) လူအုပ်ထဲ သွားရမယ်ဆိုတော့ ကြမ်းတယ်....(မှန်ပါ့)။

ဟို....ဇနပဒကလျာဏီတို့ က-ပဲ့ထဲသွားရတော့မယ်ဆိုတော့လဲ ကြည့်စရာအာရုံတွေက မကြည့်မဖြစ်လောက်အောင် ကြီးကျယ်ခမ်းနားတာတွေကလဲရှိနေတော့ဒီဆီခွက်ဖိတ်လို့ရှိယင်လဲ အသက်ကသေရမှာဆိုတော့ ဦးမာဒင်တို့ ဦးဗထွေးတို့ ဦးဘသန်းတို့.... ဦးသန်းမောင်တို့.... တကာကြွယ်တို့က စိစဉ် ကြည့်စမ်းပါလား.... (မှန်ပါ့)။

အသက်သေမှာ သူအလွန်အရေးကြီးမလား .... ခုနင်က လူအုပ်ထဲလဲ သူသည်ကားလို့ဆိုလို့ရှိယင်ဖြင့် သွားချင်တဲ့စိတ် ပေါ်မလား၊ ပဲ့ကြည့်ချင်တဲ့စိတ် ပေါ်မလား၊ အသက်သေမှာကြောက်မလားဆိုတာ အကဲခတ်ကြစမ်း.... (အသက်သေမှာကြောက်မှာပါဘုရား)။

တကာတကာမတို့ ဘာကြောက်သလဲ.... (အသက်သေမှာကြောက်မှာပါ) ဒါ့မကြည့်ရလဲ သေသွားမှာ မဟုတ်ဘူး .... (မှန်ပါ့) ဆီကတပေါက်ဖိတ်လိုက်ယင် နောက်က သံလျက်ကိုင်

တဲ့ယောကျ်ားနဲ့ဟာက ဦးမာဒင်သေပွဲဝင်ရမယ်.... (မှန်ပါ့)ရှင်း ကြပလား.... (ရှင်းပါပြီ)။

ကောင်းပြီ... တဲ့၊ ဒီလိုနဲ့ရှင်ဘုရင်က ရာဇဝတ်သားကိုတကာ တကာမတို့ လူအုပ်ခရွှေ့လဲ မင်းဖြတ်သွားရမယ်၊ အဲဒီကကျော်တော့ ဇနပဒဂလျားကို ကပ္ပကိုလဲ မင်းသည်ကားလို့ဆိုလို့ ရှိယင်ဖြင့် အဲဒီဆက်သွားရမယ်....(မှန်ပါ့) ဆိတပေါက် ဖိတ်လို့ ရှိယင်လဲ မင့်ကိုနောက်ကဲက လူသတ်ဓယောကျ်ားကဖြင့် အသက် ချမ်းသာမခပေးဘူး....၊ ကျတဲ့နေရာမှာ သတ်စေဆိုတဲ့အမိန့်တော့ ငါပေးလိုက်တယ်.... (မှန်ပါ့)။

အဲဒီတော့ မင်းဘဲစောင့်ရှောက်ပြီးသကာလ သွားနိုင်လဲသွား ပေါ့၊ မသွားနိုင်လဲသေဘို့ဘဲ....(မှန်ပါ့) ဘယ်နှစ်မျိုး ပါလိမ့်.... (နှစ်မျိုးပါဘုရား) စောင့်ရှောက်နိုင်ယင် အသက်ချမ်းသာမယ်.... (မှန်ပါ့) မစောင့်ရှောက်နိုင်ယင်.... (အသက်သေရ ပါ့မယ်) အသက်သေရမယ်ဆိုတာ တကာတကာမတို့ သဘောကျပလား.... (ကျပါပြီ)။

ဒါ-ဥပမာပြတာ _ (မှန်ပါ) တကာတကာမတို့ ဒီပုဂ္ဂိုလ်ဟာ သူ့ဆီခွက်ကိုဘဲ အရေးစိုက်မသားတဲ့၊ အရက် သောက်ချင်တဲ့ စိတ်ပေါ်မလား၊ ပွဲကြည့်ချင်တဲ့ စိတ်ပေါ်မလားဆိုတာ အကဲ ခတ်စမ်း....(သူ့ဆီခွက်ကိုဘဲ အာရေးစိုက်ပါ့မယ် ဘုရား)။

ဆီခွက်ဘဲ အလေးပြုမယ်_ (မှန်ပါ့)မဖိတ်အောင် သူဂရုစိုက် မယ်_ (မှန်ပါ့)။

ဒီပွဲကကျော်သွားလို့ရှိယင်လဲသူ့ကို လူသတ်ငါးယောက်က

တကာတကာမတို့ မသတ်နိုင်တော့ပါဘူး.. (မှန်ပါ့) လူအုပ်ကျောင်ကပဲ့ကျော်သွားလို့ ရှိယင်လဲ ဦးသန်းမောင်·အသေလွတ်ပါတယ်....(လွတ်ပါတယ်ဘုရား)။

ဒါဖြင့် ဒီကြားကလေးမှာ သူဟာ သာမညဂရုစိုက်မလား·အထူးတလည် ဂရုစိုက်မလားဆိုတာ တကာတကာမတို့ တရားတပဲ့လုံးက အကဲခတ်ကြည့်တာပေါ့... (အထူးဂရုစိုက်မှာပါဘုရား)။

ဆီတပေါက်ဖိတ်ယင် သေပဲ့ဝင်ရမှယ်.... (မှန်ပါ့) တပေါက်ဖိတ်လို့ ရှိယင်....(သေပဲ့ဝင်မှာပါဘုရား) ဒါဖြင့်ဒါကလေးကျော်လွန်ဘို့ရာ သူသည် တကာကြွယ်အားကုန် ဂရုစိုက်တော့မှာဘဲ... (မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

အားကုန် ဂရုစိုက်တော့မယ် ဆိုတော့ တကာတကာမတွေ ရိပ်မိလောက်ပါပြီ.... (ရိပ်မိပါပြီဘုရား) အဲ့....ဒီမှာလဲ တကာတကာမတွေ နေ့လယ်က ပြောထားတယ်၊ တကာတကာမတွေ သင်ထားတယ်၊ စိတ်က တကာ တကာမတွေ ဆဲ့သုံးမျိုးရှိတယ်....(မှန်ပါ့)။

အဲဒါ ဆီခွက်ကိုဖြင့် တကာတကာမတွေက တခါတည်း မျက်လုံးက မြင်စိတ်ပေါ်လဲ ဖြစ်ပျက်ရှုမဟဲ့.... (မှန်ပါ့)နားက ကြားစိတ်ပေါ်ကော....(ဖြစ်ပျက်ရှုမှာပါ) နှာခေါင်းက နံစိတ်ပေါ်ကော.... (ဖြစ်ပျက်ရှုရမှာပါ) ဖြစ်ပျက်ရှုမှတပါး ဘယ်မှ မသွားရဘူးနော်... (မှန်ပါ့)။

ဘေးမထွက်စေနဲ့... (မှန်ပါ့)ဘေးထွက်လို့ရှိယင်ဖြင့် ဖြစ်ပျက်မရှိတဲ့ဘက် ထွက်သွားလို့ရှိယင်ဖြင့် တကာတကာမတို့ ငါးပါး အာရုံကာမဂုဏ်ထဲ ထွက်သွားလို့ရှိယင်ဖြင့် တဏှာ,ဥပါဒါန်, ကံတွေက ခင်ဗျားတို့ကိုသတ်တော့မယ်... (မှန်ပါ့)။

ဖြစ်ပျက်မရှုဘဲနဲ့ စိတ်တခြား ထွက်သည်နဲ့ တပြိုင်နက်တည်း တဏှာစိတ် လာတော့မယ်....(လာမှုပါဘုရား) ဥပါဒါန်က ကော... (လာမှုပါ)ကံကကော....(လာမှုပါဘုရား)။

ဒီကံက ဘာလုပ်မှာတုံးဆိုတော့ လက်ရှိခန္ဓာကြီးကို ဒီကံက ကုန်အောင်လုပ်ပြီး လက်မဲ့ အပါယ်ခန္ဓာကြီးကို ပေါ်ပေါက်အောင် လုပ်ပေးလိမ့်မယ်....(မှန်လုပါဘုရား) သဘောကျပလား....(ကျပါပြီဘုရား) ဩော် .... ပြင်ဘက်ထွက်လိုက်ယင် တယ်ဆိုးပါကလား.... (ဆိုးပါတယ်ဘုရား) ဒါဖြင့်-တကာတကာမတို့ ဝေဒနာရှုတဲ့ပုဂ္ဂိုလ်ဟာ ဝေဒနာသုံးပါးကိုဆီခွက်လို့ မွှတ်ထား.... (မှန်ပါ့) စိတ်ရှုတဲ့ ပုဂ္ဂိုလ်ကလဲ တကာတကာမတို့ ဆရာဘုန်းကြီးပြထားတဲ့ ဆဲ့သုံးခုဟာ ဆီခွက်လို့မွှတ်.... (မှန်ပါ့ဘုရား)။

ဒီဆီခွက်ကို ဥာဏ်နဲ့ ဦးမာဒင်မခွဲနဲ့နော် (မှန်ပါ့) ဘေးဖဲ့ယင် ဆီဖိတ်ပြီ...(မှန်လုပါ)ဒီဖြစ်ပျက်တွေနဲ့ မဂ်နဲ့တည့်နေယင်.... (ဆီမဖိတ်ပါဘုရား) ဆီမဖိတ်ပါဘူး တကာတကာမတို့.... (မှန်ပါ့) ဆီမဖိတ်ပါဘူးတဲ့ ဖြစ်ပျက်နဲ့ မဂ်နဲ့တည့်နေလို့ ရှိယင်ဖြင့် ဒါဟာ ဘေးကိလေသာယိုစပါက် ဦးမာဒင် လာသေးရဲ့လား.... (မလာပါဘုရား)။

ကိလေသာယိုပေါက် ကိလေသးကျပေါက်ဆိုတာ ဖြစ်သေး ရဲ့လား...(မဖြစ်ပါဘုရား)။

ဒါ...ဘုရားက ဇနပဒကလျာဏီ ဝတ္ထုကို တကာတကာ မတွေ့ ဒီဝတ္ထုအတိုင်း အလုပ်-လုပ်ပါဆိုတဲ့ ဥစ္စာကို ဦးမာဒင်တို့ ဦးဗထွေးတို့ သေသေချာချာ သင်တာဘဲ.... (မှန်ပါဘုရား) ဒီ သဘောရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

ခင်ဗျားတို့ကို ဘုန်းကြီးက ဝေဒနာသုံးပါး လှည့်ပြောတယ်.... (မှန်ပါ) သုံးပါးလာတိုင်း - လာတိုင်းဖြစ်ပျက်သာ ရှုနေ... (မှန်ပါ) ဘေးမထွက်ပါနဲ့... (မှန်ပါ)ဉာဏ်ကဘေးမထွက်ပါနဲ့.... (မှန်ပါ)။

ဘေးထွက်လိုက်သည်နှင့်တပြိုင်နက်တည်း သားတော့ဘို့ ထွက်လိုက်လို့ရှိယင် သားဘက်ကနေပြီး တဏှာဥပါဒါန်ကံ ဆီသေပဲ့ ဝင်ရတယ်....(မှန်ပါ)။

အရောင်း အဝယ်ဘက် စိတ်က ထွက်သွားမယ် ဆိုလို့ရှိယင် သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ အဝိဇ္ဇာသခ်ါရဆိုတဲ့ သေပဲ့ဘဲ ဝင်ရတယ်....(မှန်ပါ)။

ဘာဖြစ်လို့တုံး ဆီခွက်ဖိတ်လို့.... (မှန်လှပါ) ခင်ဗျားတို့ ဝိပဿနာဉာဏ်အပြင်ထွက်သွားလို့....(မှန်ပါ) ဝိပဿနာ အလုပ် မှုတပါး တဏှာအလုပ်ကို အပြင်ထွက်သွားလို့ လို့ မှတ်လိုက် စမ်းပါ....(မှန်ပါဘုရား) သြော်... တယ်ကြောက်စရာကောင်းပါ ကလား....(ကောင်းပါတယ်ဘုရား)။

ဘုရားပေးတဲ့ ဥပမာသည် ဦးမာဒင်အင်မတန် အဘိုးတန်ပါ
တယ်... (တန်ပါတယ်ဘုရား)။

ဒါ-ဘယ့်နှယ် ကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဒီဆီ
ခွက် ဥပမာနဲ့ လူသတ်ယောကျ်ားနဲ့ ဒီပဲ့တွဲလှတ်ပါလိမ့် မတုံး
လို့ မေးတဲ့အခါကျတော့ ကျုပ်တို့က နဂိုရိုက်ကို ရာဇဝတ်သား
တွေဖြစ်နေတော့ သံသရာ့ထောင်ထဲမှာ ကျနေတယ်... (ကျနေ
ပါတယ်ဘုရား)။

ကျုပ်တို့က နဂိုရိုကစိတ်မငြိမ်ခဲ့မတည်ခဲ့ဘဲ့ပုဂ္ဂိုလ်မို့ ရာဇဝတ်
ထောင်ထဲကျခဲ့တယ်၊ ဒီလူ့ပြည်ကြီးဟာရာဇဝတ်ထောင်ကြီးဘဲ...
(မှန်ပါ)ဒီထောင်ထဲက သတ်မိန့်ကိုငေးဘို့ရာသည်ကားလို့ဆိုလို့
ရှိယင် အဆင်သင့် ဖြစ်ငြားသော်လဲ ဆီဖိတ်မှ သတ်မယ်ဆိုတဲ့
ပရိယာယ်မျိုးနဲ့ ရှင်ဘုရင်က လွှတ်ထားတာပါ... (မှန်ပါ)ရှင်း
ပလားး....(ရှင်းပါပြီဘုရား)။

ဒီမှာလဲ သတိပဋ္ဌာန်ပြင်ဘက်ထွက်မှ ခင်ဗျားတို့ အိုပဲ့,နာပဲ့,
သေပဲ့,ဖြစ်ရတော့မယ်....(မှန်ပါ့) သတိပဋ္ဌာန်ပြင်ဘက် မထွက်
လို့ရှိယင်ဖြင့် အောင်ပဲ့ချည့်မှတ်ပါ.... (မှန်ပါ့ဘုရား)။

ဦးမာဒင် ဘယ်လောက် အရေးကြီးသလဲ... (ကြီးပါတယ်
ဘုရား) သတိပဋ္ဌာန်ပြင်ဘက် ထွက်ယင်ဖြင့်... (သေပဲ့ပါဘုရား)
သေပဲ့ခတ္တရာဘယ်....(တွေ့ရပါတယ်ဘုရား)။

ဖြစ်ပျက်နဲ့ မင်္ဂလာနဲ့ မကိုက်လို့ရှိယင်ဖြင့် တကာ တကာမတို့
ဖြစ်ပျက်ရှိတယ်၊ မင်္ဂလာလိုက်-ဥာဏ်ကလဲ လိုက်-လိုက်တယ်၊
သြော် .. ဒါ-ဖြစ်ပျက်ပါကလား....၊ ဟိုဘက်က ဖြစ်ပျက်ဆိုယင်

ဟိုဘက်ကလဲ အင်း....ဒါလဲ ဖြစ်ပျက်ပါကလား၊ ဒီလိုလိုက်သွား ယင်တော့ဖြင့် တကာတကာမတို့ ခဏနဲ့ဘဲဆီမဖိတ်သောကြောင့် ဒီနှစ်မျိုး လွန်သွားမှာဘဲ .. (မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါဖြင့် ဒီနှစ်မျိုးလွန်သွားလို့ ရှိယင်ဖြင့် သူ့အမိန့်တာဝန်ကုန်ပြီ....(ကုန်ပါပြီဘုရား) ဒီနှစ်မျိုးလွန်သွားလို့ ရှိယင်ဖြင့် ရာဇဝတ်သား၏ သတ်မှု,ဖြတ်မှုအာလုပ်မှု မင့် ခွင့်လွှတ်လိုက်ပြီဆိုတော့ အမြဲတမ်း အသက်ရှင်ပြီ ပြောလိုက်တာဘဲ (မှန်ပါ့)။

ဒီနှစ်မျိုးကို မကျော်လွန်သေးလို့ မင်းကမျက်စိက တောင် ကြည့်,မြောက်ကြည့် လူအုပ်ထဲလဲ လူအများတွေနဲ့ ပျော်ချင် ပါးချင်တဲ့ စိတ်ပါလာလို့ ... မင်း - ဆီခွက်ကိုလွှတ် လိုက်လို့ ရှိယင် ဆီခွက်ဆီမှတပါး တခြားဘက်စိတ်ထွက်လိုက်လို့ ရှိယင် ဖြင့် ဆီဖိတ်လို့ မင်းအသတ်ခံရမယ်....(မှန်ပါ့)ဆိုတော့ ဒီနှစ်မျိုး ကလဲ ဦးမာဒင် တော်တော်အရေးကြီးတယ် ... (ကြီးပါတယ်) မကြီးဘူးလား.... (ကြီးပါတယ်ဘုရား)။

အဲဒီကြီးတဲ့ ပဲထဲကိုဘဲ လွှတ်လိုက်ပါတဲ့....(မှန်ပါ့ဘုရား) လွှတ်တော့....ဆီတပေါက်မှ မဖိတ်ပါဘူး ပဌမလူအုပ်ထဲ မှာလဲ မဖိတ်ပါဘူး.... (မှန်ပါ့ဘုရား) ဇနပဒကလျာဏီပဲမှာလဲ ပဲကို လှည့်ပြီး မကြည့်မိဘဲအတွက် တိမ်းခြင်း, စောင်းခြင်း မရှိလို့ ဆီမဖိတ်ပါဘူး....(မှန်ပါ့ဘုရား)။

ဟိုဘက်လွန်သွားသည်နဲ့ တပြိုင်နက်တည်း တကာတကာမ တို့ သူ့ကိစ္စပြီးသွားပြီ.... (မှန်ပါ့) သတ်ရန်ကိစ္စလွှတ်သွားပြီ.... (လွှတ်သွားပါပြီဘုရား) ရှင်းပြီနော်.... (ရှင်းပါပြီဘုရား)။

ထို့အတူဘဲတဲ့ ဘုန်းကြီးတို့ တကာတကာမတွေလဲ အခု ဘုန်းကြီးကလဲ သင်ထားတယ်၊ နောက်နေ့တိုင်း သင်နေတဲ့ ဝေဒနာတွေ သင်ထားတယ်.... (မှန်ပါဘုရား)။

အဲဒီ ဝေဒနာဖြစ်ပျက်နဲ့ မဂ်နဲ့သာကိုက်အောင်လုပ်နေလို့ ရှိယင်ဖြင့် တကာတကာမတို့ တဏှာ ဥပါဒါန် ကံ လာနိုင်သေးရဲ့လား....(မလာနိုင်ပါဘုရား)။

အင်း.... စိတ်ဖြစ်ပျက်နဲ့ မဂ်နဲ့ကိုက်လို့ စိတ်က ဖြစ်ပျက်ရှုတာက မဂ်နဲ့တခါတည်း ကိုက်နေလို့ရှိယင်ဖြင့် တကာတကာမတို့ ဒိဋ္ဌ,ဒိဋ္ဌုပါဒါန်, ဒိဋ္ဌိအုပ်ချုပ်တဲ့ကံ လာသေးသလား.... (မလာပါဘုရား)။

တကာသစ်ရေ ဒါဆိမဖိတ်တာဘဲ... (မှန်ပါ့) ပဋိစ္စသမုပ္ပါဒ်မတန်းတာသည် ဆိမဖိတ်တာဘဲ....(မှန်ပါ့) ရှင်းကြပလား-(ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့မှာ ဘာအရေးကြီးနေသတုံးဆိုလို့ ရှိယင်ဖြင့် ဖြစ်ပျက်နဲ့မဂ်နဲ့သာ ကိုက်နေလို့ရှိယင်ဖြင့် တဏှာဥပါဒါန်တို့ တဏှာတည်းဟူသော သေဖတ်, ဥပါဒါန်တည်းဟူသော သေဖတ်, ကံတည်းဟူသော သေဖတ်တွေဟာ ခင်ဗျားတို့သန္တာန်မှာ မပေါ်လာတဲ့အတွက် ခင်ဗျားတို့ ဗီဘဝတွင် မသေစေပါဘူး....(မှန်ပါ့ဘုရား)။

နောက် ဘဝများစွာကိုလည်း သေခွင့် ပေးပါဦးမလား.... (မပေးပါဘုရား) ဘယ့်နှယ်ကြောင့်တုံးဆိုတော့ ဆိမဖိတ်လို့.... (မှန်ပါ့ဘုရား)။

တကာတကာမတို့ ဘယ်လိုဆိုကြမလဲ... (ဆီမဖိတ်လို့ပါဘုရား)။

ဖြစ်ပျက်နဲ့မဂ်နဲ့ ကိုက်နေယင်ဖြင့် တဏှာ,ဥပါဒါန်တည်းဟူသော ဟိုဘက်စောင်းသေးရဲ့လား.... (မစောင်းပါ) မစောင်းတော့ကို ဘုန်းကြီးတို့ တကာတကာမတွေ့သြော်....ဒို့သည်ကားလို့ဆိုယင် အလုပ်-လုပ်နေတဲ့အချိန်မှာ ဖြစ်ပျက်နဲ့မဂ်နဲ့ ကိုက်နေလို့ရှိယင် ဆီမဖိတ်သလိုဘဲ ဒို့မှာ တဏှာ,ဥပါဒါန်,ကံ မလာဘူး... (မှန်ပါ့)။

ဒေါသ-သောက-ပရိဒေဝ-အဝိဇ္ဇာ-သင်္ခါရကော.... (မလာပါဘုရား) မလာပါဘူးဆိုတာကော သဘောကျပလား... (ကျပါပြီဘုရား)။

အင်း.... ဖြစ်ပျက်နဲ့ မဂ်နဲ့ကိုက်နေတော့ တကာတကာမတို့ အဝိဇ္ဇာ သင်္ခါရကကော...(မလာပါ) မလာတော့ ဒါတွေလာယင် ဆီဖိတ်တာဘဲ... (မှန်ပါ့ဘုရား)။

ဦးမောင်ဘားတဲ့တုံး .... (ဒါတွေလာယင် ဆီဖိတ်ပါတယ်) တဏှာ, ဥပါဒါန်, ကံ လာယင်ဘဲ....(ဆီဖိတ်ပါတယ်)သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿလာယင်....(ဆီဖိတ်ပါတယ်) အဝိဇ္ဇာ, သင်္ခါရလာယင်... (ဆီဖိတ်ပါတယ်ဘုရား)။

သြော်-ဆီဖိတ်ယင်တော့ဖြင့် ခင်ဗျားတို့ တဏှာ,ဥပါဒါန်,ကံတို့ စိမံရာခံရတော့မယ်—(မှန်ပါ့) များများသေလိုက်....(မှန်ပါ့ဘုရား)။

ဟော့.... များများသေလိုက်ဆိုတော့ တဏှာ ဥပါဒါန် ကံ

တို့က များများ သေလိုက်, များများ ငိုလိုက်၊ များများ အလောင်းကောင်ဖြစ်လိုက် ဒါလုပ်မှာကိုး.... (မှန်ပါ့)။

သောက,ပရိဒေဝကလဲ တကာ့ကြွယ် များများသေဘို့ဘဲ သူ့လုပ်မှာဘဲ....(မှန်ဖါ့) အဝိဇ္ဇာ သင်္ခါရကံကော.... (များများသေဘို့လုပ်မှာပါဘုရား)။

ဒါ့ကြောင့် ဒီပဋိစ္စသမုပ္ပါဒ်တွေဟာ တကာတကာမတို့ကို သတ်မည့် ပဋိစ္စသမုပ္ပါဒ်တွေ.... (မှန်ပါ့) ဖြစ်ပျက်နဲ့မဂ်နဲ့ မကိုက်လို့ပေါ်လာကြတာ....(မှန်ပါ့)။

ဆီခွက်မှုတ်ပါး တခြားကို ထောက်သွားလို့ ဦးမာဒင်တို့, ဦးသန်းမောင်တို့ ပေါ်လာတာ....(မှန်ပါ့)တကာသစ်ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ကျုပ်တို့ ပြင်ဘက်သွားတဲ့အခါဆိုဘာ မဟုတ်ပါဘူး (မှန်ပါ့) ဝိပဿနာလုပ်နေတဲ့အချိန် အပြင်မထွက်ဘို့ပြောတာ.... (မှန်ပါ့)။

ဝိပဿနာလုပ်နေတဲ့အချိန်မှာ.... (အပြင်မထွက်ဘို့ပြောတာပါဘုရား)။

ကဲ ... ဝိပဿနာ ဒီဥစ္စာနဲ့ဘာခါတည်း တပည့်တော်တို့ဘုရားရှေ့ကဖြစ်ပျက် နောက်ကမဂ်ဖြင့် ကိုက်ပါပြီဘုရား ဆိုတော့ ဦးမာဒင်တို့စဉ်းစား, တကာကြွယ်တို့စဉ်းစားနော် ... (မှန်ပါ့ဘုရား)။

အစကသာဘဲ့ ပဋိစ္စသမုပ္ပါဒ် လာသေးသလဲ့... (မလာပါ) အာယတနကစ,တဲ့ပဋိစ္စသမုပ္ပါဒ်....(မလာပါ) အဆုံးကပြန်ပတ်တဲ့

ပဋ္ဌိစ္စသမုပ္ပါဒ်.... (မလာပါ) တခါတည်း ဆီမဖိတ်တော့ဘူး.... (မှန်ပါ့ဘုရား)။

ဆီမဖိတ်တော့ကို တကာတကာမတို့ သံသရာ့ခရီး ဆက်သေး ရဲ့လား(မဆက်ပါဘုရား) သံသရာ့ခရီးမဆက်တော့ သေပဲ့တွေ့ အကုန်ရပ် (မှန်ပါ့ဘုရား)။

သံသရာ့ခရီးမဆက်တော့.... (သေပဲ့တွေ့အကုန်ရပ်ပါတယ်) သေပဲ့တွေ့ အကုန်ချုပ်ငြိမ်း ရပ်သိမ်းပြီးသကာလသွားတာ ဘယ့်နှယ်ကြောင့်ပါလိမ့်မတုံး ဆိုတော့ ဆီခွက်ဆီမှာသာ အာရုံစိုက်ထားလို့.... (မှန်ပါ့) ဒီမှာလဲ ဖြစ်ပျက်ဆီမှာသာ ကျုပ်တို့ မင်္ကသတ်ထားလို့... (မှန်ပါ့ဘုရား)။

ဒီ ဥပမာကို သေသေချာချာမှတ်ပါ၊ ဘုရားကပေးတဲ့ဥပမာ ဖြစ်နေသောကြောင့် တကာကြွယ် ဒီအတိုင်းလုပ်ယင် မအောင်မြင်မရှိပါဘူး....(မှန်ပါ့ဘုရား)။

ကဲ....တနာရီထိုင်မယ်ကွာ....၊ နာရီဝက်ထိုင်မဟေ့....(မှန်ပါ့) ဥပမာ အဖျင်းဆုံး ငါသည် ၁၅-မိနစ်ထိုင်မဟေ့.... (မှန်ပါ့) ဆိုလို့ရှိယင်ဖြင့် တကာတကာမတွေ ဖြစ်ပျက်နဲ့ မင်္ကနဲ့ ကိုက်အောင်သာလုပ်နေ....(မှန်ပါ့)။

ဟာ.... ဒီလိုမှလုပ်လို့ မရသေးဘူး ဆိုလို့ရှိယင်လဲ ရှူတာကလေးသိနေ၊ ရှိုက်တာကလေးသိနေ၊ ပေါ်မှုတခါတည်း ဖြစ်ပျက်တွေ့လိုက်....(မှန်ပါ့)။

ရှူတာသိနေ, ရှိုက်တာသိနေယင်လဲ ဦးမာဒင် ဘေသွဲသေးသလဲ့....(မသွားပါဘုရား) ပဋ္ဌိစ္စသမုပ္ပါဒ် တည်းဟူသော ဆီတွေ့ထွက်သေးသလား....(မထွက်ပါဘုရား)။

သြော်.... ဒါဖြင့် နေရာကျပြီ၊ ဒါဖြင့် ထိုင်ကြမှု ရှု့လိုက်-ရှိုက်လိုက် ရိုးရိုးပေါ့ဗျာ....(မှန်ပါ့)ရှု့တာ ရှု့စိတ်ကလေးထွက်လာလဲသိ၊ ရှိုက်တဲ့စိတ်ကလေး ဝင်လာတာလဲသိ.... (မှန်ပါ့)။

ဒီလိုသိရင်း နေရင်းမတွန့်မှု ဟိုစိတ်,ဒီစိတ်တွေ ဘုန်းကြီးပြောသံုးတဲ့စိတ် ဆဲ့သုံးစိတ်က တခုခုပေါ်လာယင် သူ့-ဖြစ်ပျက်ပြန်ရှု.... (မှန်ပါ့ဘုရား)။

ဖြစ်လိုက်-ပျက်လိုက်နဲ့ သူမရှိပြန်ဘူးဆိုယင် ရှု့တဲ့ရှု့ရှိုက်တဲ့စိတ်ကလေး ပြန်လှည့်လိုက်... (မှန်ပါ့) ရှု့တဲ့စိတ်ကလေးကိုလဲ ဖြစ်ပျက်ရှုယင်ရှုလိုက်....(မှန်ပါ့) ရှိုက်တဲ့စိတ်ကလေးကိုလဲ.... (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဒီချည့်ပြန်ထိုင်ပြီးသကာလ ဝေဒနာတွေပေါ်လဲ သုခလာလဲ ဖြစ်ပျက်ရှုလိုက်....(မှန်ပါ့) ဒုက္ခလာယင်....(ဖြစ်ပျက်ရှုရပါမယ်) ဥပေက္ခာလာလဲ....(ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဟာ....ဘာမှမရှိဘူးဆိုယင် ရှု့စိတ်-ရှိုက်စိတ် ပြန်ပြီးဖြစ်ပျက်ရှုနေ....(မှန်ပါ့)ဆိုတော့ တကာကြွယ်ရေ· စိတ်ပြင်ဘက်ထွက်သေးရဲ့လား ...(မထွက်ပါဘုရား)။

ဆီခွက်မှာချည့် တကာတကာမတွေ မျက်လုံးက ဂရုစိုက်နေသလို ဆီဖိတ်ယင် အသတ်ခံရမှာစိုးသလို ဆီခွက်မှာ အကြိုးအကျယ် ကြောင့်ကြသမှု ပူပြီးသကာလ ဦးမာဒင်ဂရုစိုက်နေ... (မှန်ပါ့) ဆီဖိတ်ယင် အသတ်ခံရမှာ....(မှန်ပါ့) ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

သွားရမည့် ခရီးကတော့ဖြင့် အင်း.... ဆီဖိတ်စရာတွေတော့ များသပေါ့ဗျာ....(မှန်ပါ့) သို့သော် ကိုယ့်အတွက်သနားသဖြင့်

ဒီပုဂ္ဂိုလ် ရာဇဝတ်သားသည် ဆီဖိတ်မှုတော့ သူ အထူးဂရုစိုက်မယ် (မှန်ပါ့)။

မဖိတ်ရဘူးကွနော်ဆိုတဲ့စိတ်ကို တခါတည်း မမွေးပေဘူးလား....(မွေးထားပါတယ်) တကာကြွယ် သဘောကျပလား.... (ကျပါပြီဘုရား)။

အဲဒီလိုဘဲ တကာတကာမတွေက ဝေဒနာရှုတဲ့ပုဂ္ဂိုလ်က ဝေဒနာ ဆီခွက်ဆီမှုတပါး ဘယ်မှမသွားနဲ့.... (မှန်ပါ့) စိတ်ရှုတဲ့ပုဂ္ဂိုလ်ကလဲ စိတ်ဆီခွက်ဆီမှုတပါး ဘယ်မှမထွက်စေနဲ့ (မှန်ပါ့) ထွက်ယင် ဆီဖိတ်တာနဲ့ အတူတူဘဲ....(မှန်ပါ့)။

ဆီဖိတ်ယင် နောက်က သူသတ်ယောကျ်ားနဲ့တူတဲ့ ခုနင်က ပဋိစ္စသမုပ္ပါဒ်သုံးခုက ဦးမာဒင် လာမလား၊မလာဘူးလား (လာမှာပါဘုရား) တခုခုလာရလိမ့်မယ်နော်.... (လာမှာပါဘုရား)။

တခုခုလာလို့ရှိယင်လဲ ကျုပ်တို့ အိုလို့,, နာလို့,, သေလို့ ဆုံးပါဦးမလား(မဆုံးပါ) အဲဒီတော့ သူသတ်သမားတွေဆိုတာ လာမည့် ပဋိစ္စသမုပ္ပါဒ်ကို ဆိုလိုက်ပါတယ်....(မှန်ပါ့)။

ဒီနေ့တရားကအင်မတန်အဘိုးထိုက်တန်ပြီးသကာလနေတော့ အတော်ကို ဉာဏ်နားနဲ့တောင်မှသာလျှင် သြော်_ ဟုတ်ပါကလားဆိုတာ တကာကြွယ် ပေါ်လာတယ်...(မှန်ပါ့) ဦးလှဘူး ရိပ်မိရဲ့လား....(ရိပ်မိပါပြီဘုရား)။

နောက်ကတကာတကာမတွေကော ရိပ်မိကြရဲ့လား..(ရိပ်မိပါတယ်ဘုရား) ဆီခွက်နဲ့ ခင်ဗျားတို့ရှုစရာနဲ့ တူပါတယ်__ (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဆီခွက်နဲ့ ရှုစရာတွေနဲ့တူပါတယ်.... (မှန်ပါ့) ရှုတဲ့ဉာဏ်နဲ့ ရှုဇဝတ်သားနဲ့တူပါတယ်.... (မှန်ပါ့) နောက်ကလိုက်နေတဲ့ ခါးတွေနဲ့,သံလျက်တွေနဲ့ ဆီခွက်ဖိတ်ယင် သတ်မယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေနဲ့ ပဋိစ္စသမုပ္ပါဒ်တရားတွေနဲ့ တူပါတယ်.... (မှန်ပါ့)။

ဦးမာဒင် ရိပ်မိပလား.... (ရိပ်မိပါပြီ) ဘယ်လောက်နက်နဲတယ်ဆိုတာ ပေါ်လာပလား....(ပေါ်လာပါပြီဘုရား)။

သြော်....ဒါဖြင့် တကာတကာမတို့ ဒီဆီခွက်ကို အာသတ်ခံရမည့်လူသည် အလွန်အရေးတကြီး စောင့်ရှောက်ပြီးသလား ဒီပဲ့မှ လွန်မြောက်အောင် သွားရသလိုဘဲ.... (မှန်ပါ့ဘုရား)။

ကျုပ်တို့လဲ ဝေဒနာဆီခွက်.... (မှန်ပါ့) စိတ်ရှုတဲ့ပုဂ္ဂိုလ်က စိတ်ဆီခွက်ဆိမှုတာပါး ဉာဏ်က ကျုပ်တို့ဘယ်မှမသွားဘဲနဲ့၊အင်းဖြစ်ပျက်နဲ့မဂ်နဲ့ ကိုက်ရမယ်.... (မှန်ပါ့) လုပ်ပြီးသကာလနေမယ်ဆိုတော့ နောက်က ဆိစက်ကျရင် သတ်မယ်ဆိုတဲ့ဥစ္စာ ပဋိစ္စသမုပ္ပါဒ်တွေက ပေါ်နိုင်သေးရဲ့လား....(မပေါ်နိုင်ပါဘုရား)။

မပေါ်နိုင်တော့ တဏှာ ဥပါဒါန် ကံကလဲချုပ်.... (မှန်ပါ့) အဝိဇ္ဇာ သင်္ခါရကလဲချုပ်....(ချုပ်ပါတယ်) ဒုက္ခ ဒေါမနဿတွေ ကကော... (ချုပ်ပါတယ်ဘုရား)။

ဒါတွေက သတ်မည့်ဘရား(မှန်ပါ့) ဘဝများစွာသတ်မယ်.... (မှန်ပါ့) သဘောကျရဲ့လား.... (ကျပါတယ်) သဘ်ခွင့်ရသေးရဲ့လား....(မရပါဘုရား)။

အင်း.... ဘယ်နှယ်ကြောင့် မရပါလိမ့်....၊ ကျုပ်တို့က ဖြစ်ပျက်နဲ့မဂ်နဲ့ ကိုက်နေလို့....(မှန်ပါ့)။

တကာတကာမတွေ ဘယ်လိုပါလိမ့်....(ဖြစ်ပျက်နဲ့မင်္ဂနဲ့ကိုက်နေလို့ပါ) ရှေ့ကအနီစ္စ၊နောက်ကမဂ္ဂ....(မှန်ပါ့) မြန်မာလိုပြန်လိုက်တော့ ဖြစ်ပျက်နဲ့မင်္ဂနဲ့ကိုက်တယ်....(မှန်ပါ့)။

စင်စစ်တော့ဖြင့် အနိစ္စနဲ့မဂ္ဂနဲ့သွားပြီးတော့ကို ကိုက်ညီနေလို့ဆိုတာကိုဖြင့် ဦးဗဒဇ္ဇုတ္တိ, ဦးသန်းမောင်တို့ ငြင်းစရာမလိုတော့ဘူး....(မလိုပါဘုရား)။

အဲဒါ တာရှည်သုပ်ရမှာလားဘုရားလို့ဆိုတော့ ခင်ဗျားတို့ဗျာ တာရှည်မဟုတ်ပါဘူး၊ ဒီပဲ့ကဓလေးကို လွှန်ရုံတွင်ပါ....(မှန်ပါ့ဘုရား)။

ဇနပဒကလျာဏီ က,နေတဲ့ပဲ့ မကြည့်မိရုံပါ(မှန်ပါ့)ဆိုတော့ ဦးမာဒင် သိပ်တာရှည်ကြီးလားတဲ့လွှန်ရုံဘဲလား....(ဒီပဲ့လွှန်ရုံပါဘုရား)သဘောပါကြပလား(ပါ-ပါပြီဘုရား)။

ဒီပဲ့ဲ လွှန်တယ်ဆိုတဲ့ ဥစ္စာက တကာတကာမတို့ ဖြစ်ပျက်မြင်ဘို့ရယ်, ဖြစ်ပျက်မုန်းဘို့ရယ်.... (မှန်ပါ့ဘုရား) ဒီပဲ့လွှန်သွားလို့ရှိယင် ဟိုဘက် မဂ်ဆိုက်လာပြီဗျ၊ ပဋိစ္စသမုပ္ပါဒ်ဖြတ်တဲ့မဂ်လာပြီ..(မှန်ပါ့ဘုရား)။

ဖြစ်ပျက်မြင်ဘို့နဲ့ဖြစ်ပျက်မုန်းဘို့ နှစ်ခုကလေးသာ ခင်ဗျားတို့အရေးကြီးပါတယ်....(မှန်ပါ့ဘုရား)။

အဲဒါကလေးနှစ်ခု တက်ပြီးလို့ရှိယင် ဟိုဘက်မဂ်ပေါ်တော့ ခင်ဗျားတို့က သာလို့ သူသတ်ယောကျ်ားတွေ လက်လျှော့ပြီးပြန်ရပါတယ်.... (မှန်ပါ့) ကျုပ်တို့က မဂ်ဉာဏ်နဲ့ အလုံးစုံကို အောင်မြင်သွားပါပြီ....(မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာကြွယ် ဒီ-ပဲ့ကလေးလွန်အောင် ကြိုးစားဘို့ရာ ကျုပ်တို့က ဝန်လေးစရာမလိုပါဘူး....(မလိုပါ)လို့သေးသလား-(မလိုပါဘုရား)။

ဒါဖြင့် ယနေ့ကစပြီး ဒီဥပမာအတိုင်း၊ ဘုရားပေးတဲ့ ဥပမာအတိုင်း စိတ်ရှုတဲ့ပုဂ္ဂိုလ်က စိတ်ဆိုခွက်ဆိုမှတပါး ကိုယ့်ဥာဏ်ဘယ်မှမသွားစေဘူးကွ ငါ့-တနာရီအတွင်း(မှန်ပါ့)နာရီဝက်အတွင်း၊ဆယ့်ငါးမိနစ်အတွင်း.... (မှန်ပါ့ဘုရား)။

အကယ်၍ ပြင်ဘက်ထွက်သွားတယ် ဆိုလိုက်ပါတော့ ပြင်ဘက်ထွက်သွားတယ်လို့ ဆိုလို့ရှိယင်ဖြင့် ဘုန်းကြီးက သတိပေးလိုက်တယ်....(မှန်ပါ့ဘုရား)။

သားဘက်ရောက်သွားတယ်ဘုရာ့, သမီးဘက် ရောက်သွားတယ်ဘုရာ့, အလုပ်အကိုင်ဘက်ရောက်သွားတယ်ဟော ...ဒါ-ကိစ္စမရှိပါဘူး တကာဘကာမတွေ့ ကိစ္စမရှိဘူး သူ့ကိုပင်လျှင် ဖြစ်ပျက်ပြန်ရှုလိုက်....(မှန်ပါ့) သူ ဆိုခွက်ပြန်ဖြစ်တာဘဲ ... (မှန်ပါ့) ရှင်းပလား .. (ရှင်းပါပြီ)။

သူ့ကိုဝင်လာကတည်းက ဖိတ်မည့်တရားကိုပင်လျှင် မဖိတ်စေခင် တခါတည်း ပြန်ထိန်းလိုက်တယ် ...(မှန်ပါ့) ဒီဘက်ကနည်းနည်းခတော့ တခါတည်း စောင်းသွားတယ်- (မှန်ပါ့ဘုရား) ဖိတ်တော့မည့်ဆဲဆဲမှာ ပြန်တည့်ပြန်တော့လဲ တကာကြွယ် မရဘူးလား....(ရပါတယ်ဘုရား)။

ထို့အတူဘဲ....တဲ့၊ ကြားထဲမှာ သားစိတ်, သမီးစိတ်, ဆွေစိတ်, မျိုးစိတ်ကလေးတွေတော့ သူလာချင်လာပစ်လိုက်မယ်....

(မှန်ပါ့) အရောင်းအဝယ်စိတ်ကလေးတွေကော.... (လာချင်လာ မှာပါဘုရား) လာချင်လာမယ် ပြန်တည့်လိုက်ပါ.... (မှန်ပါ့ ဘုရား)။

ဆီခွက်ပြန်တည့်သလို ဘုန်းကြီးတို့ တကာတကာမတွေ့က လာတဲ့စိတ်ကို ဖြစ်ပျက်ပြန်ရှုလိုက်.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ)။

လာတဲ့စိတ်ကို.... (ဖြစ်ပျက်ပြန်ရှုရပါမယ်ဘုရား) လာတဲ့စိတ် ဖြစ်ပျက်ပြန်ရှုပြီးတော့မှ ဆီခွက်ပြန်တည့်တယ်.... (မှန်ပါ့)ဖိတ်တဲ့ ဆီးတွေ ပြန်စုသလို ဝေဒနာကြိုက်တဲ့ပုဂ္ဂိုလ်က ဝေဒနာသုံးပါး လှည့်ရှု....(မှန်ပါ့)စိတ်ကြိုက်တဲ့သူက စိတ်ဆဲ့သုံးပါးကို.... (ပြန်ရှု ရပါမယ်ဘုရား) အဲ... ပေါ်ရာကို ရှုနေလိုက်....(မှန်ပါ့)။

ဒီလိုဆိုတော့ ဆီခွက်စောင်းပြန်တာတောင်မှ ဆရာဘုန်းကြီး ကလဲ မဖိတ်အောင် ပြန်ပြီးသကာလ ကပ်ယူတဲ့ဉာဏ်ကို ပေးပြန် တော့ ဦးမာဒင် အသတ်ခံရဘို့အရေးဟာ ရှိသေးရဲ့လား.... (မရှိပါဘုရား)။

ဒီ့ထက်နည်းကောင်းတော့ဖြင့် ဦးဗထွေးတို့,ဦးသန်းမောင်တို့ တကာကြွယ်တို့ ရှိကို-မရှိဘူး... (မှန်ပါ့)ရှိသေးရဲ့လား... (မရှိပါ ဘုရား)။

ဖိတ်သွားမည့်ဆီဟာ နည်းနည်းစောင်းရိပ်ကလေး ရှိတယ် ဆိုလို့ရှိယင် ကိုယ်က စိတ်ကလေးက ဖြစ်ပျက်ဆီမှတပါး တခြား ကို အငဲ့....သားကလေးများ ဘယ်လိုနေပါလိမ့်, သမီးကလေး များ ဘယ်လိုနေပါလိမ့်, အရောင်းအဝယ် ဘယ်လိုများ ဖြစ်နေ

သလဲ၊ ရန်ကုန် ဘယ်လိုနေပါလိမ့်, မန္တလေးက ဘာဖြစ်နေပါလိမ့်၊ ဒီစိတ်ကလေးဖြစ်လာတာတောင်မှ ဩော်....ဒါ-ကြားစိတ်ပါလား၊ ကြားစိတ်ဖြစ်ပျက်ရှု....(မှန်ပါ့) ဆီခွက် ပြန်တည့်လိုက် (မှန်ပါ့) သဘောကျပလား....(ကျေပါပြီ)။

ဘာလုပ်လိုက်ပါလိမ့်. (ဆီခွက်ပြန်တည့်လိုက်ပါတယ်ဘုရား) ဩော်....ဆီခွက်ဟာ ပြန်တည့်လိုက်တော့လဲ မဖိတ်ဘဲနေတယ်.... (မှန်ပါ့) ဖိတ်မှာလဲစိုးရတယ်... (မှန်ပါ့ဘုရား) ရှင်းကြပလား.... (ရှင်းပါပြီ) ဘာစိုးရိမ်ရသလဲ.... (ဖိတ်မှာဘဲစိုးရိမ်ရပါတယ် ဘုရား)။

အဲဒီတော့ တကာတကာမတွေ့ ဘုန်းကြီး သင်ထားတာဖြင့် ဦးမာဒင်တို့ ဦးဗထွေးတို့ ဘာလိုသေးသတုံး.... (မလိုပါဘုရား) မလိုဘူး၊ ဘာ့ကြောင့် မလိုသတုံးဆိုတော့ တပည့်ဖော်တို့စိတ်ကဘုရာ့.... ဝိပဿနာရှုဘယ်ဆိုရငြားဆသော်လဲ အခုမှ ကျင့်ရ-ကြံရတော့ မလွယ်ဘူးဘုရာ့၊ ခင်ဗျားတို့ပြောယင် ဒါဘဲပြောမယ်-- (မှန်ပါ့)။

ဒါဘဲ ပြောမှာဘဲ....(မှန်ပါ့) အို....လွယ်တယ်၊ ထုတ်ပြေးတဲ့ စိတ် ဥပမာ-ဒီနေရာ ဖြစ်ပျက်ကို ရှုနေရာမှု သားဘက် စိတ်ရောက်သွားတယ် ... (မှန်ပါ့) ဒါဖြင့် အဲဒီ သားဘက် အာရုံပြုတဲ့ စိတ်ကလေး ဖြစ်ပျက်ရှုလိုက် ... (မှန်ပါ့)။

သမီးဘက် စိတ်ရောက်သွားတယ်ဆိုတော့-(အဲဒီစိတ် ဖြစ်ပျက်ရှုရပါမယ်ဘုရား) သမီးကို အာရုံပြုတဲ့စိတ်ကလေးကို ဘာလုပ်ရမတုံး .. (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဒီစိတ်ကလေးက ပျင်းလာတယ်၊ တပည့်တော် ရှုရတာ ပျင်းလာပြီဘုရာ့-ဆိုယင် ပျင်းတဲ့စိတ်ကလေး ဖြစ်ပျက်ရှု.... (မှန်ပါ့ဘုရား)။

တပည့်တော်တို့က ရှုနေရာကကြာတော့ ငိုက်ချင်တယ်ဘုရာ့၊ အို....ငိုက်တဲ့စိတ်ဖြစ်ပျက်ရှုလိုက်....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီ)။

ငိုက်ယင် ဘာလုပ်ကြမယ်.... (ဖြစ်ပျက်ရှုရပါမယ်) ငိုက်တဲ့စိတ်ကလေး ဖြစ်ပျက်ရှုပြီး ငိုက်တဲ့အထည်ကြီးကို မရှုနဲ့-(မှန်ပါ့) အတွင်းမှာ ငိုက်မျည်းတဲ့စိတ်ကလေးကိုရှု.... (မှန်ပါ့) အဲဒီစိတ်ကလေး ဘာလုပ်ရမလဲ....(ဖြစ်ပျက်ရှုရပါမယ်ဘုရား) ဖြစ်ပျက်ရှုပေး....(မှန်ပါ့)။

ဒီအထဲမှာကြားပေါက်ကဟိုပေးချင်,ဒီကမ်းချင်တဲ့စိတ်ကလေးကလဲ ဦးမာဒင်တို့က လာသေးတယ်-(လာပါတယ်ဘုရား) အဲဒါကလေးလဲ သူဆီဖိတ်တာဘဲ... (မှန်ပါ့) ဖြစ်ပျက်နဲ့ လဲသွားယင် ဆီဖိတ်တာဘဲ....(မှန်ပါ့)။

အဲ... ပေးချင်-ကမ်းချင်တဲ့စိတ်ကလေးလဲ ဘာလုပ်ကြမယ်... (ဖြစ်ပျက်ရှုရပါမယ်)ဒီလိုဆိုတော့ ဆီခွက် ပြန်-ပြန်တည့်တယ်... (မှန်ပါ့) ဆီခွက်ကို ပြန်ပြန် တည့်တယ်....(မှန်ပါ့) ရိပ်မိကြပလား... (ရိပ်မိပါပြီဘုရား)။

သြော်.... ဒါဖြင့် ဒို့သည်ကားလို့ဆိုလို့ရှိယင်ဖြင့် ဖိတ်မှာကိုလဲ ပြန်တည့်တဲ့နည်းပေးပြီ.... (မှန်ပါ့) ဒို့ဖြင့် မသေရာမှန် ပြည်နိဗ္ဗာန်ရောက်တော့မယ်.....(မှန်ပါ့)။

နောက်က ပဋ္ဌိစ္စသမုပ္ပါဒ်တွေက အသေဆက်မည့် ပဋ္ဌိစ္စသမုပ္ပါဒ်တွေက တန်းပြီးလာမှာလဲ ကျုပ်တို့က လာခွင့်မပေးတော့ဘူး.... (မပေးတော့ပါဘုရား) တကာသစ် ပေးသေးသလား....(မပေးပါဘုရား)။

မပေးတော့ ဘုန်းကြီးတို့ တကာတကာမတွေ့ဘဲ ဩော်.... အသေဖြင့် လွတ်ခပေပေါ့.. (မှန်ပါ့)။

ဒါ့ကြောင့် ဖြစ်ပျက်နဲ့ မဂ်ဉာဏ်- ဖြစ်ပျက်မုန်းတဲ့ဉာဏ် နှစ်ဉာဏ်လွန်လို့ ရှိယင် တကာကြွယ်တို့ ဦးသန်းမောင်တို့ မပူပါနဲ့(မှန်ပါ့) ချက်ခြင်းမဂ်ဆိုက်တယ်....(မှန်ပါ့)။

ချက်ခြင်းမဂ်ဆိုက်တယ်ဆိုလို့ ရှိယင် တကာဘကာမတို့ ပဋ္ဌိစ္စသမုပ္ပါဒ် သူသတ်ယောကျ်ားကို မင်းတို့ ပြန်တော့ ဆိုတာနဲ့ အတူတူဘဲ....(မှန်လှပါ) ငါ....ဒီပဲတွေ ကျော်ခဲ့ပြီ....(မှန်ပါ့ ဘုရား)။

မင်းတို့ ရှင်ဘုရင်က အမိန့်ပေးလိုက်တာက ဒီပဲအတွင်းမှာ ဖိတ်မှသာလျှင် ဖိတ်တဲ့နေရာ သတ်စေကိုး....(မှန်ပါ့) အခုတော့ ဒီပဲကျော်သွားတယ် ဆိုကတည်းက ဖိတ်သေးရဲ့လား (မဖိတ်ပါဘုရား)။

မဖိတ်တော့ကို ခုနင်က တကာတကာမတို့ ဖြစ်ပျက်ရှုနေတုန်းဖြင့် အပြင်ထွက်မှာ စိုးရတယ်(မှန်ပါ့)ဖြစ်ပျက်မုန်းနေတုန်းကို-(အပြင်ထွက်မှာ စိုးပါတယ်ဘုရား)(ဝါ) ဆီဖိတ်မှာစိုးရတယ် (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

အဲဒီနှစ်မျိုးကျော်သွားလို့ ရှိယင်ဦးမာဒင်ဟိုဘက်ကပဲကျတော့ ဟူစရာလိုသေးသလား....(မလိုပါဘုရား) ဟိုဘက်ပဲက ကိုယ်က သတ်နိုင်တဲ့ပဲတောင် ရောက်ပါတယ်....(မှန်ပါ့)။

သူသတ်ယောကျ်ားတွေ့ မင်းတို့ပြန်ကြတော့ဆိုတဲ့ပဲ့ခတာငဲ့ ကိုယ်က ခင်းနိုင်ပါပြီ... (မှန်ပါ့) တကာကြွယ် သိပ်အဘိုးတန်ပါလား....(တန်ပါတယ်ဘုရား) ရှင်းပလား_ (ရှင်းပါပြီ)။

ဒါဖြင့် တကာတကာမတို့ ဒီနေ့ ဘာသင်ပါလိမ့်မလဲလို့ တကာကြွယ်တို့ ဦးမာဒင်တို့ မေးယင် ဘယ်နှယ်ဖြေကြပါ့မလဲ.... (ဆီခွက်ယူတဲ့လူဥပမာသင်ပါတယ်ဘုရား) ဆီခွက်သင်တာမဟုတ်ဘူး....(မှန်ပါ့) ရိပ်မိပလား ...(ရိပ်မိပါပြီ)။

ဝိပဿနာရှုနည်း စိတ်ပြင်ဘက် မထွက်အောင် - (မှန်ပါ့ ဘုရား) ဝိပဿနာဖြစ်ပျက်ဆီခွက်ကို ခင်ဗျားတို့မင်္ဂနဲ့ကိုက်အောင် လုပ်....(မှန်ပါ့ဘုရား)စိတ်အပြင်ဘက်မထွက်စေနဲ့၊ အပြင်ထွက်ယင်ဆီခွက်စောင်းတာဘဲ.... (မှန်ပါ့)။

စောင်းယင်လဲ မပူနဲ့၊ စိတ်အပြင်ထွက်သွားတော့ အပြင်ထွက်တဲ့စိတ် စောင်းတဲ့စိတ်ကို ဦးမာဒင် ဘာလုပ်ရမလဲ.... (ဖြစ်ပျက်ရှုရပါမယ်ဘုရား) ဒီလိုဆိုတော့ ပြန်တည့်ပြီးသား ဖြစ်တယ်.... (ဖြစ်ပါဘယ်ဘုရား) ရှင်းပလား.... (ရှင်းပါပြီ ဘုရား)။

ကိုင်း....တကာကြွယ် သဘောပါပလား.... (ပါ-ပါပြီဘုရား) ဘယ်လိုပါသတုံး .. (ဖြစ်ပျက်နဲ့မင်္ဂနဲ့တည့်ရပါ့မယ်) စိတ်ကအပြင်ဘက်မထွက်ဘို့... (မှန်ပါ့)။

အကယ်၍ ထွက်ယောင်ကလေး စောင်းသွားယင် ဘယ်နှယ်လုပ်မလဲ... (ဖြစ်ပျက်ရှုရပါမယ်) တခါတည်း ထွက်သွားတဲ့စိတ် ဖြစ်ပျက်ရှု .. (မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

ဒီလိုဆိုတော့ကို တကာကြွယ် တကာသစ်တို့စောင်းပေမဲ့သတိရလို့ ကိုယ်သတိရလို့ပြန်တည့်လိုက်တာနဲ့ဘဲ... (မှန်ပါ့)ဆီခွက်စောင်းမည့်ဆဲဆဲပြန်တည့်လိုက်ပြန်တော့လဲ ဖိတ်ရသေးရဲ့လား.... (မဖိတ်ရပါ) တကာကြွယ် သိပ်အာဘိုးတန်ပါကလား... (တန်ပါတယ်ဘုရား)။

ဘယ်နှစ်မျိုးကျော်ပြီးတော့ သွားရမှာတုံးလို့ မေးတော့ လူအုပ်ကြီးရယ်, ဇနပဒကလျာဏီပဲရယ် .... (မှန်ပါ့) ဒီနှစ်မျိုးကျော်လို့ရှိယင် ဟိုဘက်မှာကျုပ်တို့ သေပဲလွတ်ပြီ.... (မှန်ပါ့) ဟိုဘက်ကျတော့ ကျုပ်တို့အောင်ပြီ... (မှန်ပါ့)။

ဒီမှာလဲ ယထာဘူတဉာဏ်ဆိုတဲ့ ဖြစ်ပျက်မြင်တဲ့ဉာဏ်နဲ့ပဲမှာ မဖိတ်စေနဲ့....(မှန်ပါ့) သဘောကျပလား .... (ကျပါပြီ) နိုဗ္ဗိန္ဒဉာဏ်ပဲမှာ အပြင်မထွက်စေနဲ့ ... (မှန်ပါ့) ဟိုဘက် ကျတော့ မဂ်ပဲကျတော့ ဒုက္ခချုပ်တဲ့ နိဗ္ဗာန်ကြီးကို မြင်ရတဲ့ပဲကျတော့ ဦးမာဒင်တို့ ဦးဗထွေးတို့ ဘာပူစရာ ရှိသေးသတုံး.... (မရှိပါဘုရား)။

အောင်ပြီ သောတာပန်တည်ပြီ....(မှန်ပါ့) ဘာပူစရာရှိသေးသတုံး တကာတကာမတို့ (မရှိပါဘုရား)။

အဲ....ဒါဖြင့် တကာကြွယ်အရလုပ်လိုက်ပါ....(မှန်ပါ့)နောက်က တကားတကားမဇတ္တ....(အရလုပ်ရမယ်ဘုရား)။

ဘာဖြစ်လို့အရလုပ်ရသတုံးခဗမးတော့ သြော်....တသံသရာလုံးဟာ ဆီဖိတ်လို့ အသတ်ခံခဲ့ရတယ် (မှန်ပါ့)။

တသံသရာလုံးကဖြင့်.... (ဆီဖိတ်လို့ အသတ်ခံခဲ့ရပါတယ်ဘုရား) ဆီဖိတ်လို့ အသတ်ခံခဲ့ရတယ်ဆိုဘာ ပဋိစ္စသမုပ္ပါဒ်တွေက ဒီကြားထဲမှာ အမျှားကြီးသွားနေလို့ ဇာတိ,ဇရာ,မရဏ-

ဇာတိ,ဇရာ,မရဏဆိုတာ သတ်ပုံတွေ နည်းသလား ... (မနည်းပါဘုရား) အဝိဇ္ဇာ,တဏှာ,ဥပါဒါန်,ကံ,ဇာတိ,ဇရာ,မရဏ ဟုတ်လား... (မှန်ပါ့)။

သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဇာတိ ဇရာ မရဏ....၊လာပြန်ပြီ သတ်ပုံတွေကနည်းသလား.... (မနည်းပါဘုရား) အဝိဇ္ဇာ သင်္ခါရ ဇာတိ ဇရာ မရဏကော(မနည်းပါဘုရား)ဒါ·ဘာပုံတွေတုံး....(သတ်ပုံတွေပါဘုရား)။

ပဋိစ္စသမုပ္ပါဒ်ဖြစ်လို့ရှိယင်ဖြင့် ဦးမာဒင်ကြီး မှတ်လိုက်စမ်းပါ သတ်ပုံချည့်ဘဲ.... (မှန်ပါ့ဘုရား) သေပုံချည့်ဘဲ....(မှန်ပါ့)ရှင်းကြပလား _ (ရှင်းပါပြီဘုရား)။

ဩဃ-ဒါဖြင့် ဒီနှစ်မျိုးကလေးကျော်အောင်တော့ဖြင့် တကာတကာမတို့ဆီ မဖိတ်ပါစေနဲ့... (မှန်ပါ့) ဒီနှစ်မျိုးကလေး ကျော်အောင်ဖြင့် လုပ်ဖြစ်အောင်လုပ်ပါ....(မှန်ပါ့)။

ဘာဖြစ်လို့တုံးဆိုတော့ ဒီနှစ်မျိုးကျော်ယင်ကိုယ်ကအောင်ပြီ (မှန်ပါ့) ဒီနှစ်မျိုးအတွင်း ဖိတ်ယင်ဖြင့် ကိုယ်အသေ ခံရလိမ့်မယ် (မှန်ပါ့)။

တကာကြွယ်သဘောပါပလား.... (ပါ·ပါပြီဘုရား) ကိုယ်က အသေခံရမှာ အင်မတန်ကြောက်စရာ ကောင်းတယ်.... (ကောင်းပါတယ်ဘုရား) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့်-တကာသစ်ရေ....နှစ်မျိုးကလဲယထာဘူတ ဉာဏ်တမျိုး (မှန်ပါ့)နိဗ္ဗိဒဉာဏ်(တမျိုးပါဘုရား) အဲဒီ-နှစ်မျိုး ကျော်ပြီးလို့ရှိယင် မဂ်ပုံကျလာတော့ ကျုပ်တို့က ကိုယ်ပိုင်ရတယ်....

(မှန်ပါ့) သတ်တဲ့လူတွေပြန်သွားရတယ်....(မှန်ပါ့) မပြန်ရသေးဘူးလား....(ပြန်ရပါတယ်ဘုရား)။

ဘာဖြစ်လို့တုံးရှင်ဘုရင်ကအမိန့်ပေးထားတာကိုး·ဒီနှစ်မျိုးထဲသူး ၊ဒီအထဲ ဖိတ်လို့ရှိယင် သတ်ပါကိုး....(မှန်ပါ့) ဒီနှစ်မျိုးပြင်ဘက်ရောက်သွားတဲ့ အခါကျတော့ သတ်နိုင်သေးရဲ့လား....(မသတ်နိုင်ပါဘုရား) အာဏာစက်ကုန်သွားပြီ....(မှန်ပါ့)။

ဒါ့ကြောင့် မင်္ဂလာဏ်ရတော့ တကာတကာမတို့အာဏာစက်ကုန်ပါပြီ....(မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့်ဗျာ-ဒီအတွင်းကလေးမှာ ဆီခွက်ငြိမ်ငြိမ်ကိုင်ပြီး သကာလ မဖိတ်စေဘူး၊မဖိတ်စေဘူးဆိုပြီး သကာလ တကာတကာမတို့အင်း-ဒါလဲအနိစ္စဘဲ၊ အနိစ္စဖြစ်လိုက် သိလိုက်၊ အနိစ္စ ဖြစ်လိုက်-သိလိုက်၊ အနိစ္စ ဖြစ်လိုက်-သိလိုက် ဆိုတော့ တကာတကာမတို့ပဋိစ္စသမုပ္ပါဒ်တည်းဟူသော ဆီဖိတ်သေးရဲ့လား.... (မဖိတ်ပါဘုရား) တယ်လဲအဘိုးတန်ပါကလား.... (အဘိုးတန်ပါတယ်ဘုရား)။

ဘုရားသခင်ကိုယ်တော်မြတ်ကြီး လေးသစ္စေ့နဲ့ကမ္ဘာတသိန်းပါရမီဆည်းပူးလို့ရတဲ့ ဉာဏ်တော်ကြီးနဲ့ပြလို့ရတဲ့ တေလပတ္တဝတ္ထုဆိုတာ ဦးမာဒင်ဒါ-မှတ်လိုက်စမ်းပါ... (မှန်ပါ့ဘုရား)။

မင်းတို့ မရှုတတ်မှာ-တကယ်လို့ ဆီဖိတ်လို့ရှိယင် မင်းတို့အသတ်ခံရမည့်ပုံတွေ ပဋိစ္စသမုပ္ပါဒ်တွေ လာမှာစိုးရိမ်လို့ အင်မတန်·အင်မတန် ဉာဏ်တော်ကြီးနဲ့ သားတော် သမီးတော်တွေဖြစ်တဲ့ တကာတကာမတွေကိုသေပဲခချည့်ဝင်မှာ သိပ်စိုးရိမ်တယ်....(စိုးရိမ်ပါတယ်ဘုရား)မစိုးရိမ်ဘူးလား....(စိုးရိမ်ပါတယ်ဘုရား)။

စိုးရိမ်လို့ ဒီအတိုင်းမင်းတို့ ဒီဆိခွက်ကိုသာ ဒီနှစ်မျိုး ကျော်အောင်သာ စောင့်ရှောက်သွားတော့ဟေ့၊ မင်းတို့ သေပဲ့တွေဟူသ၍အကုန်လွတ်ပြီ.... (မှန်ပါ့) ဆိုတော့ ဒါလောက်ကလေးကျုပ်တို့က စည်းစောင့်ရမှာကို ဦးမာဒင်တို့က အတော်ခက်တယ်လို့များ လုပ်ချင်သေးသလား.... (မလုပ်ချင်ပါဘုရား) လူကြီးစကားသုံးကြစမ်းပါ... (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဘာစကားသုံးရမှာတုံး.... (လူကြီးစကား သုံးရမှာပါ) ဟာ-ဒါလောက်ဆိုယင် ဘာဝန်လေးစရာရှိသတုံးဘုရာ့၊ဒီဥစ္စာဒီနှစ်မျိုးကျော်ဘို့ရာဘဲ... ၊ဒီနှစ်မျိုးကလဲ ဖြစ်ပျက်မြင်တာက ယထာဘူတဉာဏ်ဘဲ(မှန်ပါ့)ဒီနှစ်မျိုးအတွင်းမှာ ပဋိစ္စသမုပ္ပါဒ် မလာစေနဲ့.(မှန်ပါ့)။

နောက်ဘခါ ဖြစ်ပျက်တွေ့မှုန်းလာတဲ့ ဉာဏ် ရင့်လာတော့နေ့လယ်ကပြောသလို ဒုတိယအောင်မြင်တာဘဲ ... (မှန်ပါ့)

ဟိုက တတိယက ဖြစ်ပျက်လဲ မုန်းတော့ မုန်းပြီးသည်၏အခြေးမဲ့၌ တကာသစ်... ဒုက္ခတွေ့ဆုံးသွားတယ်....(မှန်ပါ့) ဒုက္ခတွေ့ဆုံးသွားတော့ ဒုက္ခအဆုံးမြင်တဲ့ ဉာဏ်က မဂ်ဉာဏ်(မှန်ပါ့)တကာဦးလှဘူးဟုတ်ပလား... (မှန်လှပါဘုရား)။

အဲဒီမဂ်ဉာဏ်ရတဲ့အခါကျတော့ ကျုပ်တို့အပါယ်သွားတဲ့ပဋိစ္စသမုပ္ပါဒ်လဲ ကျုပ်တို့မဂ်ဉာဏ်က ဖြတ်လိုက်ပြီ.... (မှန်ပါ့) အန္တူအဆုံးအဝဲ ဖြစ်ရမည့်ဘဝခန္ဓာတွေကော.... (မဂ်ဉာဏ်က ဖြတ်လိုက်ပါ

တယ်ဘုရား) မင်ဉာဏ်က ဖြတ်လိုက်ပါပြီ.... (မှန်ပါဘုရား) သဘောကျပလား.... (ကျေပါပြီဘုရား)။

မင်ဉာဏ်နဲ့ ဖြတ်လိုက်တဲ့အတွက် ကျုပ်တို့မှာ အနှုအဖြစ်အရဲ့ အဖြစ်-အဝဲအဖြစ် အပါယ်လေးပါးအဖြစ်နဲ့ သေပဲ့တော့ ဆီမဖိတ်တဲ့ပုဂ္ဂိုလ်မို့ အကုန်လွတ်ပါပြီ.... (လွတ်ပါပြီဘုရား) မလွတ်သေးဘူးလား.... (လွတ်ပါပြီဘုရား) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ဘယ်နှစ်မျိုးကျော်ရမှာတုံး(နှစ်မျိုးကျော်ရမှာပါဘုရား)ဒါကလေးဖြင့် ငြိမ်ငြိမ် ကိုင်ထားပေါ့ဗျာ.... (မှန်ပါ) ဘယ်နှယ်ဆိုကြသလဲ.... (ငြိမ်ငြိမ်ကိုင်ရပါ့မယ်ဘုရား) ငြိမ်ငြိမ်နေစမ်းပါ တကာကြွယ်ရ(မှန်ပါ့)။

လက်မဆော့စမ်းပါနဲ့.... (မှန်ပါ့) မပြောထိုက် ဘူးလား.... (ပြောထိုက်ပါတယ်ဘုရား)။

နောက်က တကာတကာမတွေကော ဒီဆီခွက် ဘယ်နှယ် လုပ်ကြမလဲ... (ငြိမ်ငြိမ်ကိုင်ရပါမယ်ဘုရား) ငြိမ်ငြိမ်ကိုင် မျက်လုံးကလဲ ဆီခွက်ဆီတည့်ထားနော်....(မှန်ပါ့) မတည့်လို့ မျက်လုံးစောင်းယင် ဘာဖြစ်မတုံး ... (ဖိတ်မှာပါဘုရား) အဲ... ဖိတ်သွားလိမ့်မယ်၊ဖိတ်သွားယင် နောက်ကသတ်မှာဘဲဆိုတာက မသေချာဘူးလား....(သေချာပါတယ်ဘုရား)။

အဲဒီတော့ စောင်းသွားတုန်းလဲ သူမသတ်နိုင်ဘူး...(မှန်ပါ့) ဖိတ်သွားမှသူသတ်မှာ....(မှန်ပါ)။

ဒါဖြင့် ကျုပ်တို့စိတ်က သားဘက် စောင်းသွား၊ သမီးဘက် စောင်းသွား ဝိပဿနာဘက် မနေဘဲနဲ့ တကာသစ်ရေစီးပွား ရေးဘက်စောင်းသွား.... (မှန်ပါ့ဘုရား) စောင်းယင် ဘာလုပ်ရ မတုံး.... (ဖြစ်ပျက်ရှုရပါမယ်)ဖြစ်ပျက် ရှုလိုက်တော့ ပြန်တည့် တာ....(မှန်ပါ့ဘုရား)။

ဖြစ်ပျက်ရှုလိုက်တော့.... (ပြန်တည့်ပါတယ်) ပြန်တည့်တော့ ဆိမ့မဖိတ်လို့ရှိယင် ပဋ္ဌိစ္စသမုပ္ပါဒ် ဦးမှာဒင် တန်းသေးရဲ့လား (မတန်းပါဘုရား) မတန်းလို့ရှိယင် အိုပဲ့- နာပဲ့- သေပဲ့တွေ သူဆင်နိုင်သေးရဲ့လား .... (မဆင်နိုင်ပါဘုရား) တဏှာရှိယင် ဥပါဒါန် ကံ ဇာတိ ဇရာ မရဏ သူ-သေပဲ့သွားရဦးမယ် (မှန်ပါ့ ဘုရား)။

မသိလိုက်လို့ရှိယင်သာ ဖိတ်သွားတဲ့သဘောနဲ့ အဝိဇ္ဇာကနေ ပြီး သင်္ခါရ၊ သင်္ခါရကနေပြီး ဝိညာဏ်၊ ဝိညာဏ်ကနေပြီး ဇာတိ ဇရာ မရဏ သေပဲ့....(မှန်ပါ့ဘုရား)။

တခါ ဒုတိယ တတိယ ဖိတ်သွားပြန်လို့ရှိယင်လဲ ဒါသဖြစ် လို့ သောက ပရိဒေဝ အဝိဇ္ဇာ သင်္ခါရဆိုတဲ့ သေပဲ့တွေ မလာပေ ဘူးလား... (လာပါတယ်ဘုရား) အင်း.... ဒါဖိတ်မှလာတာ.... (မှန်ပါ့ဘုရား)။

တကာကြွယ် ဘာတဲ့တုံး ... (ဖိတ်မှလာတာပါ) စောင်းရုံ ကလေးစောင်းပြီးနေတာ တည့်လိုက်တော့....(မလာပါဘုရား)။

သြော်....ဒါဖြင့် ကျုပ်တို့ ဆိခွက်မဖိတ်တဲ့အထဲ အပါအဝင် ဖြစ်ပါတယ်....(မှန်ပါ့) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ့ ဒီနှစ်မျိုးကလေးကို နဲ့ဘို့ရာဟာ ကိုယ့်အသက်သနားလို့ အဖန်ဖန်သေရမှာ သနားယင် ဒီနှစ်မျိုးကို အောင်ပဲ့လုပ်လိုက်....(မှန်ပါ့)။

ဒီနှစ်မျိုးကို....(အောင်ပဲ့လုပ်ရပါမယ်ဘုရား)ကိုယ်က အောင်မြင်သည်တိုင်အောင် တကာကြွယ် လုပ်လိုက်စမ်းပါ.... (မှန်ပါ့ဘုရား)။

ဦးလှဘူး နေရာကျပလား.... (ကျပါပြီ) တကာသစ် နေရာကျပလား....(ကျပါပြီ)ဘယ်နှစ်မျိုးတုံး....ဗျ (နှစ်မျိုးပါဘုရား) ဒီနှစ်မျိုးအတွင်း မဖိတ်ယင် ပြီးတာဘဲ....(မှန်ပါ့)။

နှစ်မျိုးအတွင်း.... (မဖိတ်ယင် ပြီးပါတယ်ဘုရား)အဲဒါက မဟာဝဂ္ဂသံယုတ်ပါဠိတော်မှာ လာတယ်လို့ မှတ်လိုက်.... (မှန်ပါ့ဘုရား)။

အဂုံတို့ရိပါဠိတော်ကလာတာနည်းနည်းပြောလိုက်ပါဦးမယ် (မှန်ပါ့)တထပ်တည်း,တထပ်တည်း... (မှန်ပါ့) ပါဠိတော်ဆိုလို့ ရှိယင် တကာတကာမတွေ့ ဘုရားကိုယ်တော်တိုင် ဟောတာလို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့)။

ပါဠိတော်ဆိုယင်.... (ဘုရားကိုယ်တော်တိုင်ဟောတာပါ) အခု တေလပတ္တဝတ္ထု-ဆီခွက်မဖိတ်အောင် နေနိုင်တဲ့ နည်းဟာ မဟာဝဂ္ဂသံယုတ်ပါဠိတော် ဆိုသောကြောင့် ကိုယ်တော်တိုင် ဟောတာ(မှန်ပါ့) နောက်တခါ အဂုံတို့ရိပါဠိတော်မှာ ဒါနဲ့ အလားတူ ကိုယ်တော်တိုင်ဟောလိုက်သေးတယဲ....(မှန်ပါ့)။

မင်းတို့ကွာ... တဲ့ ဖြစ်ပျက်ရှုနေတုန်းကို ကိလေသာကြားမခို စေပါနဲ့....တဲ့....(မှန်ပါ့) ဒါက အဂုံတို့ရိမှာလာတာ... (မှန်ပါ့ဘုရား)။

ဖြစ်ပျက်ရှုနေတုန်းကို-(ကိလေသာ ကြားမခိုပါစေနဲ့ဘုရား) သဘောကျပလား... (ကျပါပြီ)။

ဖြစ်ပျက်မှုန်းနေတုန်းလဲ ကိလေသာကြားမခိုစေနဲ့၊ကိလေသာ ကြားမခိုလို့ရှိယင်ကွာ... တဲ့ ဒီတနာရီ,နာရီဝက်အတွင်းဘဲ ရပါ တယ်....တဲ့.... (မှန်ပါ့) ဒါက အင်္ဂုတ္တိရ်ကလာတာ.... (မှန်လှပါ ဘုရား)။

လိုရင်းတော့ ဦးမာဒင် တွေးလိုက်စမ်းပါ အတူတူပါဘဲ... (မှန်ပါ့)ကိလေသာကြားမခိုယင် ရတယ်ပြောတာဘဲ....(မှန်ပါ့) တကားကွယ် ရိပ်မိပြီ.....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် အင်္ဂုတ္တိရ်ပါဠိတော်မှာလဲ ကိုယ်တော်တိုင် ဟောတာ ဘဲဆိုတာ သေချာပါတယ်... (သေချာပါတယ်ဘုရား) အခု မဟာဝဂ္ဂသံယုတ်ပါဠိတော်မှာလဲ ကိုယ်တော်တိုင် ဟောတာဘဲ. (မှန်ပါ့)။

ဟိုကတော့ ကိလေသာကြားမခိုစေနဲ့၊ ဒီကတော့ ဆီခွက် မဖိတ်စေနဲ့....(မှန်ပါ့) အတူတူဘဲဗျ....(မှန်ပါ့) ရိပ်မိကြပလား- (ရိပ်မိပါပြီ)။

ဟို.... အင်္ဂုတ္တိရ်ပါဠိတော်ကတော့ ဘာတဲ့.... (ကိလေသာ ကြားမခိုပါစေနဲ့) ဝိပဿနာရှုနေတုန်း၊ ဖြစ်ပျက်နဲ့မဂ်နဲ့ ကိုက် နေတုန်း ကိလေသာကြားမခိုစေနဲ့ကွ..တဲ့.. (မှန်ပါ့) ကြားမခို ယင် မင်း·ချက်ခြင်းအားထုတ်,ချက်ခြင်းရမယ်....တဲ့... (မှန်ပါ့) မဟောဘူးလား....(ဟောပါတယ်ဘုရား)ဒီကတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက အတုမရှိအောင် ဉာဏ်ကျယ်တဲ့ပုဂ္ဂိုလ်မို့ ဥပမာ-ပြလိုက်တယ်၊ ရှင်ဇဝတ်သားကိုဆီအပြည့်ထည့်ပြီး လှတ် လိုက်တယ်၊ ဖိတ်တဲ့နေရာသတ်စေ... တဲ့... (မှန်ပါ့)။

ဒီလိုဟောလိုက်ဘာလဲ ဆီဖိတ်ဘာဟာ ကြားခိုဘာဘဲ .... (မူန်ပါ့)ဆီဖိတ်တာသည်ကားလို့ ဆိုယင် စိတ်ဘခြားရောက်သို့ ဖိတ်တာ....(မှန်ပါ့)။

ဒါဖြင့် ကိလေသာကြားခိုတာဘဲဆိုတာလဲ ပေါ်သွားပြီ.... (ပေါ်ပါပြီ) မပေါ်သေးဘူးသား....(ပေါ်ပါပြီ ဘုရား)။

ကဲ....ယနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု....သာဓု....သာဓု....

ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ
အာမရပူရမြို့ မင်္ဂလာတိုက်ဟောင်း - မိုးကုတ် ဆရာတော်ဘုရား
အမရပူရမြို့-ဓမ္မာရုံ၌ ဟောကြား ဆုံးမတော်မူသော

(ဝိပဿနာဉာဏ်နဲ့မဂ်ဉာဏ် ခွဲခြားသိရန်)

နေ့အလုပ်ပေး-တရားတော်

(၁၁ - ၁၀ - ၆၁)

တကာတကာမတွေ့မှာရှိတဲ့ ဉာဏ်ကလေးကို ဘုန်းကြီးများက ရှေ့သွားခေါင်းဆောင် လုပ်နေတဲ့အတွက် ဒီဉာဏ်ကလေးဖြင့် ပြောင်းဖြစ်အောင် ပြောင်းပေးပါဆိုတာကိုဘဲ တိုက်တွန်းချင် တယ်နော်....(မှန်ပါ့)။

ဒီဉာဏ်ကလေးက ဘာဉာဏ်တုံးလို့ မေးတော့စာလိုသုံးတော့ တကာတကာမေတို့ သာသနာပ သမ္မာဒိဋ္ဌိ, သာသနာတွင်း သမ္မာဒိဋ္ဌိ....တဲ့....(မှန်ပါ့ဘုရား) သမ္မာဒိဋ္ဌိ နှစ်မျိုးပေါ့နော်....(မှန်ပါ့ဘုရား)။

သာသနာပ သမ္မာဒိဋ္ဌိက တမျိုး....(မှန်ပါ့) သာသနာတွင်း သမ္မာဒိဋ္ဌိ က....(တမျိုးပါဘုရား)။

ကောင်းပြီ....တဲ့၊ ဒီဥစ္စာ သြော်... ဆရာဘုန်းကြီး ဒီနေ့ ဘယ့်နယ်ကြောင့် ဒီနှစ်ခု မူတည်လာပါလိမ့်မတုံး မေးတဲ့အခါကျလို့ ရှိယင် ကိုယ်သိထားတဲ့ဉာဏ်အမြင်ကို ရှေးတလှမ်းတိုးပြီး ပြောင်းပေးလိုက်တယ်လို့ မှတ်ကြပါနော်....(မှန်ပါ့)။

ဥာဏ်အမြင်ပြောင်းမပေးလို့ရှိယင် တကာကြွယ် သာမည ဥာဏ်နဲ့ဆိုယင် သာမညခရီးဘဲ ပေါက်မယ်နော်....(မှန်ပါ့ဘုရား) ထူးခြားတဲ့ဥာဏ်ဆိုယင် ထူးခြားတဲ့ခရီးပေါက်မယ်.... (မှန်ပါ့ဘုရား)။

ဒါ့ကြောင့် သာသနာတွင်းဥာဏ်, သာသနာပဥာဏ်....လို့ ဆိုတဲ့ ဥာဏ်သည် နှစ်မျိုးရှိတယ်__(မှန်ပါ့) စာလိုသုံးတော့ ခုနင်က ပြောခဲ့တဲ့ သာသနာပသမ္မာဒိဋ္ဌိ, သာသနာတွင်း သမ္မာဒိဋ္ဌိ စာလိုတော့ ဒီလိုသုံးပေါ့ဗျာ....(မှန်ပါ့)။

တကာတကာမတွေ နားလည်မှုကို ဘုန်းကြီးတို့ တန်ဆာဆင်ပြောတော့ သာသနာပမှာပေါ်တဲ့ဥာဏ်တမျိုး, သာသနာတွင်းမှာ ပေါ်တဲ့ဥာဏ်တမျိုး....(မှန်ပါ့)။

ဒါဖြင့် တကာတကာမတွေ သန္တာန်မှာ သာသနာပဥာဏ် ကလေး ရှိနေလို့ရှိယင် သာသနာတွင်း လူဖြစ်ငြားသော်လဲ လိုရာခရီးကို ရှေ့တလှမ်းတိုးပြီး မပေါက်ရောက်နိုင်ဘူး .... (မှန်ပါ့)။

ဒါ့ကြောင့် သာသနာတွင်းဥာဏ်ကလေးကို သွင်းပေးမှသာလျှင် လိုရာခရီး အပြီးတိုင်ရောက်မယ်ဆိုတာ တကာကြွယ် တကာသစ်တို့ မှတ်ရမယ်....(မှန်ပါ့)။

ကဲ....ဒါဖြင့် ပြောကြပါစို့တဲ့ တကာတကာမတို့၊ သြော်.... ဒို့ဆရာဘုန်းကြီးက ယနေ့ ဒို့ကို ဘာပြင်ပေးတာပါလိမ့်မတုံးဆိုတော့ ဦးမာဒင်တို့ သေးသေချာချာမှတ်ပါနော်၊ ဥာဏ်ပြင်ပေးနေတယ်....(မှန်ပါ့)။

တကာတကာမတို့ ဘာပြင်ပေးသလဲ.... (ဉာဏ်ပြင်ပေးပါ တယ်ဘုရား) ဉာဏ်ပြင်ပေးနေတယ်လို့ မှတ်ပါနော်(မှန်ပါ့)။

ကောင်းပြီ-ဒါဖြင့် ဉာဏ်သည် တကာတကာမတွေ့ ကျောင်း, ကန်, ဘုရားတည်ကြ, လှူကြ, ပေးကြ, ကမ်းကြတယ်၊ အဲဒီ လှူကြ, ပေးကြ, ကမ်းကြတာ ကုသိုလ်ရတယ်နော်....(မှန်ပါ့)။

ဒီကုသိုလ် ဘယ်သူရမလဲလို့ တကာတကာမတွေ့ကိုမေးတော့ အို... ကိုယ်လုပ်-ကိုယ်ရမှာပေါ့ဘုရား.... (မှန်ပါ့) မဖြေကြဘူး လား....(ဖြေပါမယ်ဘုရား)။

ကိုယ်လုပ်ယင်....(ကိုယ်ရပါတယ်) ငါလုပ်ယင်.... (ငါရပါ တယ်ဘုရား) သူလုပ်ယင်....(သူရပါတယ်ဘုရား) သြော်....ငါ-ကိုယ်-သူ ဆိုတဲ့ အတ္တဒိဋ္ဌအစဲရှိတယ်... (မှန်ပါ့)။

သြော် .. ဒါဖြင့် ကုသိုလ်ထဲမှာ အတ္တဒိဋ္ဌဆိုတဲ့တရား တခု ဝင်နေတယ်၊ ဒိဋ္ဌကပ်နေတယ်လို့ သေသေချာချာ ဦးဗထွေးတို့-ဦးသန်းမောင်တို့ မှတ်ရလိမ့်မယ်....(မှန်ပါ့)။

ငါလုပ်ယင် ငါရတယ်....(မှန်ပါ့) ငါကလေး ဝင်ရှုပ်နေတယ် (မှန်ပါ့ဘုရား) ကုသိုလ်ထဲမှာ ဘာကလေး ဝင်ရှုပ်နေသတုံး.... (ငါကလေး ဝင်ရှုပ်နေပါတယ်ဘုရား)။

သြော်_ဒါဖြင့် ဒီကုသိုလ်သည်ကားလို့ ဆိုယင်ဖြင့် သက္ကာ ယဒိဋ္ဌနဲ့ တွဲနေတယ်.... (မှန်ပါ့) ဦးမာဒင် ဆိုထိုက်-မဆိုထိုက်.... (ဆိုထိုက်ပါတယ်ဘုရား)။

ငါလုပ်ယင် ငါရတယ်....(မှန်ပါ့)သူလုပ်ယင်....(သူရပါတယ် ဘုရား) ဘာနဲ့တွဲနေသတုံး.... (သက္ကာယဒိဋ္ဌနဲ့ တွဲနေပါတယ် ဘုရား)။

ဒါဖြင့် ဒီဥစ္စာ မမှန်ဘူးလား....လို့ မေးတဲ့အခါကျတော့ မှန်တယ်....(မှန်ပါ့) သူလုပ်ယင် သူရမှာ ကောန်ဘဲ.... (မှန်ပါ့) ကိုယ်လုပ်ယင် ကိုယ်ရမှာကော.... (ကောန်ပါဘုရား) ဦးလှဘူး မှန်တယ်....(မှန်ပါ့)။

မှန်ပင် မှန်ပြားသော်လဲ....တဲ့ အားလုံး တကာတကာမတွေက မှတ်လိုက်တာပေါ့။ ဒီဌိနဲ့တဲ့နေတယ် ... (မှန်ပါ့ဘုရား) ဘာနဲ့တဲ့နေသလဲ....(ဒီဌိနဲ့ တဲ့နေပါတယ်ဘုရား)။

အတ္တာဒီဌိနဲ့တဲ့နေတယ်....(မှန်ပါ့) အတ္တာဒီဌိနဲ့တဲ့နေတော့ ဒီကုသိုလ်သည်ကား ဒီဌိနဲ့တဲ့ပြီးသကာလ နေသောကြောင့် ဒီဌိက ဒီဌာသဝ....(မှန်ပါ့)။

ဒီဌိက ဘာတုံး... (ဒီဌာသဝပါဘုရား) သြော်.... ဒါဖြင့် တကာတကာမတွေ အာသဝနယ်ထဲမှာဘဲ သူ-အကျိုးပေးလိမ့်မယ်....(မှန်ပါ့ဘုရား) ဒီကုသိုလ်တွေဟာ အာသဝနယ်ထဲမှာဘဲ အကျိုးပေးလိမ့်မယ်....(မှန်ပါ့)။

အာဘယ့်ကြောင့် အာသဝနယ်ထဲ အကျိုးပေးရမတုံးဆိုတော့ သူလုပ်ယင် သူရ၊ ကိုယ်လုပ်ယင် ကိုယ်ရ-ဆိုတဲ့ ယုံကြည်လုံးက ဒီအထဲမှာ ဒီဌိနဲ့တဲ့ပြီးယုံကြည်နေတယ်.... (မှန်ပါ့) ဘယ်လို ဆိုကြမလဲ....(ဒီဌိနဲ့တဲ့ပြီးယုံကြည်နေပါတယ်ဘုရား)။

အားလုံး တကာတကာမတွေ ဒီဥစ္စာ လွယ်လွယ်ကူကူလို့ ခင်ဗျားတို့က ဒို့-ကုသိုလ်လုပ်လို့ ရှိယင် ဒို့လုပ်-ဒို့ရတာပေါ့ကွ၊ သူတို့ မလုပ်ချင်နေ ဘာကိစ္စရှိသတုံး....(မှန်ပါ့)။

ကိုယ်လုပ် ကိုယ်ရတာပေါ့လို့ တကာကြွယ်တို့ကလဲ လူကြီးလုပ်ပြီးသကာလ သား,လင်,မယား,တွေ့,ဆွေတွေ့,မျိုးတွေ့ကိုလဲ ဒီလိုဘဲ ပြောလေ့ ဆိုလေ့ရှိတယ်—(မှန်ပါ့)။

ပြောလေ့ဆိုလေ့ရှိတယ်....၊ ဦးမာဒင်တို့လူစု ထို့အတူဘဲ၊ ဦးဗထွေးတို့ ဦးသန်းမောင်တို့လဲ ဒီအတိုင်း ပြောလေ့ဆိုလေ့ရှိတယ်....(မှန်ပါ့)။

ဘယ်သူကပြော ဘာကိစ္စရှိသတုံးက့၊ ကိုယ်လုပ်မှ ကိုယ်ရတာဆိုတော့ ကုသိုလ်လဲ လုပ်ပါတယ်တဲ့... ကိုယ်လုပ် ကိုယ်ရတယ်ဆိုတဲ့ အစဉ်ကလေးတွေက ရှိပါတယ်.... (ရှိပါတယ်ဘုရား) မရှိဘူးလား....(ရှိပါတယ်ဘုရား)။

ဒါဖြင့် ဒီကုသိုလ်သည် တကာတကာမတို့ ဒိဋ္ဌနဲ့ရော-မရော (ရောပါတယ်ဘုရား) ဒိဋ္ဌနဲ့ရောနေတယ်... (မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီ)။

ဘာနဲ့ရောနေသလဲ.... (ဒိဋ္ဌနဲ့ရောနေပါတယ်ဘုရား) ဒါဖြင့် တကာတကာမတွေက မှတ်လိုက်တာပေါ့ သြော်.... ကံ့ကဲ့၏ အကျိုး ယုံကြည်တဲ့ဥာဏ်သည် ကမ္မဿကတဥာဏ်.... (မှန်ပါ့) အဲဒီ့ကမ္မဿကတဥာဏ်သည် ဒိဋ္ဌကို မခွါနိုင်ဘူး.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ကမ္မဿတာဥာဏ်သည်....(ဒိဋ္ဌကို မခွါနိုင်ပါဘုရား) ဒိဋ္ဌကို မခွါနိုင်ဘူးဆိုတာကို ရှေးဦးစွာ မှတ်ထားတော့ သြော်.... ဒိဋ္ဌကလဲ ဒိဋ္ဌသဝလို့ ဟောထားတော့ ဒိဋ္ဌသဝနယ်ထဲမှာဘဲ၊ အာသဝလွတ်တဲ့နေရာက နိဗ္ဗာန်ကိုးဗျ .. (မှန်ပါ့) အာသဝနယ်ထဲမှာဘဲ သူအကျိုးပေးမှာဘဲဆိုလို့ရှိယင်ဖြင့် ဦးမာဒင်တို့-ဦးသန်းမောင်တို့က မှတ်ထားပေါ့နော်... (မှန်ပါ့)။

အင်း....ဒီဒိဋ္ဌမကွာဘဲနဲ့လုပ်တဲ့ကုသိုလ်ကတော့ဖြင့် ဒိဋ္ဌနယ်

ထဲဘဲ အကျိုးပေးမှာဘဲ... (မှန်ပါ့) လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်ဆိုတဲ့ ဒီဌိနယ်ထဲတော့....(အကျိုးပေးမှာပါဘုရား)

ဘယ်နှယ်ကြောင့်တုံးလို့ မေးတဲ့အခါကျတော့ ဒီဌိပါနေလို့.... (မှန်ပါ့ဘုရား) နိဗ္ဗာန်ဘက် မင်းသွားပါလား ဆိုတော့ ဒီဌိပါယင် နိဗ္ဗာန်ကလက်မခံဘူး.... (မှန်ပါ့ဘုရား)။

ဒီဌိပါယင်- (နိဗ္ဗာန်က လက်မခံပါဘုရား) ဒါ၊စဉ်းစားရဦးမယ်....(မှန်ပါ့) တကာကြွယ် စဉ်းစားရဦးမယ်.... (စဉ်းစားရပါဦးမယ်ဘုရား) စဉ်းစားရဦးမယ် တကာတကာမတွေ ဥာဏ်လဲ ထုတ်ကြပါနော်....(မှန်ပါ့ဘုရား)။

ဩော်... ကိုယ်လုပ်ယင် ကိုယ်ရ၊သူလုပ်ယင်သူရဆိုတဲ့ဃဘောဟာ ကိုယ်,သူပါပြီးနေတဲ့အတွက် ထင်လဲ ထင်နေတဲ့ အတွက် ဒီကမ္မဿကတဥာဏ်နဲ့ ...(တနည်း) ကိုယ်လုပ်၊ကိုယ်ရဆိုတဲ့ အလှူ အတန်း အပေးအကမ်းတွေ သည်ကားလို့ ဆိုယင် ဒီဌိကိုမဖြုတ်နိုင်တဲ့အတွက် တဲ့နေတယ်လို့ ဦးမာဒင်တို့ မှတ်လိုက် စမ်းပါ.... (မှန်ပါ့ဘုရား)။

ဒါ၊ဘယ်ဥာဏ်ပါလိမ့်.... (ကမ္မဿကတဥာဏ်ပါဘုရား) ကမ္မဿကတဥာဏ် တကာသစ် ဒါဓာတ်ဓာတ သတိုးပေးရတယ်.... (မှန်ပါ့) ကမ္မဿကတဥာဏ်သည် ဒီဌိမခွါနိုင်ဘူး .. (မှန်ပါ့)။

ကမ္မဿကတဥာဏ်ဟာ ... (ဒီဌိမခွါနိုင်ပါဘုရား) ဒါဖြင့်ဒီဌိမခွါနိုင်တော့ သာသနာပမှာလဲ ဒီထမင်းရည်ချင်းစီး ဆိုတဲ့ အလှူအတန်း အပေးအကမ်းတွေလုပ်ကြတာဘဲ ... (လုပ်ပါတယ်ဘုရား) သာသနာပလဲလုပ်တော့ ဘာဥာဏ်နဲ့ လုပ်သတုံးမေး

တော့ ဒီဌိမခ္ဒါတဲ့ ကမ္မဿကတညာဏ်နဲ့ လုပ်တယ်.... (မှန်ပါ့ဘုရား)။

ဘယ်လိုမှတ်မလဲ.... (ဒီဌိမခ္ဒါတဲ့ ကမ္မဿကတညာဏ်နဲ့ လုပ်ပါတယ်ဘုရား)။

ဒီဌိမကဲ့ဘာတဲ့ ကမ္မဿကတညာဏ်နဲ့ လုပ်တယ်လို့ မှတ်ထားလိုက်တော့ အင်း--သူက ဒီဌိရောတယ်ဆိုတာ တကာတကာတွေ့ ရှင်းသွားပြီ....(ရှင်းပါပြီဘုရား,။

ကဲ....ဒါဖြင့် ဒီတကာတကာမတွေ့ ညာဏ်တဆင့်တိုးပြီးသကာလ ဟာ·ဒီဉာဏ်ဟာ နိဗ္ဗာန်အနှောင့်အရှက်ဖြစ်တယ်.... (မှန်ပါ့) လှူတော့-လှူတာပေါ့ ပေးတော့-ပေးတာပေါ့ ကမ်းတော့-ကမ်းတာပေါ့ သို့သော်... သစ္စာနုလောမိကညာဏ်ကလေး ထည့်လိုက်....(မှန်ပါ့ဘုရား)။

ဘာထည့်မယ်.... (သစ္စာနုလောမိကညာဏ် ထည့်ရပါမယ်) သစ္စာနုလောမိကညာဏ်ကလေး ထည့်လိုက်ပါလို့ သတိပေးရတယ်... (မှန်ပါ့),။

သစ္စာနုလောမိကညာဏ်ဆိုတာကတော့ - တကာတကာမတို့ ခန္ဓာကိုယ်ကို ဝိပဿနာရှုတဲ့ ညာဏ်....(မှန်ပါ့ဘုရား)။

သစ္စာနုလောမိကညာဏ် ဆိုတာဘာပါလိမ့်.... (ခန္ဓာကိုယ်ကို ဝိပဿနာရှုတဲ့-ညာဏ်ပါဘုရား)။

အဲ·ဒါကတော့ သစ္စာနုလောမိကညာဏ်သစ္စ·က သစ္စာ၊ အနုလောမိက-က လျော်သော ဉာဏ်က သိတာ... (မှန်ပါ့)။

ဒါဖြင့် သစ္စာနဲ့လျော်အောင်သိတဲ့-ညာဏ်ဖြင့် ခန္ဓာကိုယ်ကြီးကို ဖြစ်ပျက်မြင်တဲ့-ညာဏ်သည် ဒီသမ္မာဒိဋ္ဌိဘဲ သမ္မာဒိဋ္ဌိကတော့....

(မှန်ပါ့) သို့သော်သူက သစ္စာနဲ့လျော်တယ်.... (ဝါ) သစ္စာမြင်တယ်—(မှန်ပါ့) ရှင်းပြီနော်— (ရှင်းပါပြီဘုရား)။

ဒါဖြင့်-သစ္စာမြင်တဲ့သမ္မာဒိဋ္ဌိနဲ့လှူကြ-တန်းကြ-ပေးကြ-ကမ်းကြတဲ့အခါကျလို့ ရှိယင်ဖြင့်....တဲ့တကာတကာမတို့လှူလဲ-လှူပါတန်းလဲ-တန်းပါ၊ ပေးလဲ-ပေးပါ၊ ကမ်းလဲ-ကမ်းပါ.... (မှန်ပါ့) သြော်....ဖြစ်ပျက် ဒုက္ခသစ္စာကြီးကိုဖြင့် ကျွတ်ခြင်း လွတ်ခြင်းကို အလိုရှိလို့ လှူဒါန်းပါ၏ ပေးကမ်းပါ၏လို့ ပြောင်းလိုက်.... (မှန်ပါ့ဘုရား)။

ဖြစ်ပျက်ဒုက္ခသစ္စာကြီးကို ကျွတ်ခြင်းလွတ်ခြင်းကို အလိုရှိ၍ ပေးကမ်းပါ၏....(မှန်လှပါဘုရား) လှူဒါန်းပါ၏ ဆိုတော့ ဒါတွေ့ ကျွတ်ချင်လွတ်ချင်လို့ဆိုတော့ တကာတကာမတို့ သစ္စာသိတဲ့ ပုဂ္ဂိုလ်မို့ ဒီဖြစ်ပျက် ဒုက္ခသစ္စာ ခန္ဓာကိုယ်ကြီးဟာ ဖြစ်ပျက်ကြီးဘဲ—(မှန်ပါ့) ၎င်းဖြစ်ပျက် ဒုက္ခသစ္စာကြီးကို ကျွတ်ခြင်း လွတ်ခြင်းကိုအလိုရှိ၍လှူဒါန်းပါ၏၊ ပေးကမ်းပါ၏ဆိုပြီးသကာလ လှူကြ-ပေးကြ-ကမ်းကြလို့ ရှိယင် ကမ္မဿကတညာဏ်လဲပါတယ်....(မှန်ပါ့) သစ္စာနုလောမိကညာဏ်ကော ... (ပါ-ပါတယ်ဘုရား)။

အဲဒီ ... ညာဏ်နဲ့လှူလိုက်တဲ့အခါ ပေးလိုက်တဲ့အခါ ကမ်းလိုက်တဲ့အခါကျတော့ ဝိဝဋ္ဋကုသိုလ်-နိဗ္ဗာန် အကျိုးပေးတယ်....(မှန်လှပါဘုရား)။

ဒါဖြင့် ဖြစ်ပျက် ဒုက္ခသစ္စာကြီးမှ ကျွတ်ခြင်း လွတ်ခြင်းကို အလိုရှိ၍လှူဒါန်းပါ၏၊ပေးကမ်းပါ၏ဆိုတဲ့ဥစ္စာ သာသနာတွင်း

အလှူလို့ မှတ်လိုက်....(မှန်ပါ့)ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ငါလုပ်-ငါရတယ်ဆိုပြီး လှူတဲ့အလှူသည် ဒီဌိမကွာဘူး.... (မကွာပါ)ဒီဌိမကွာတော့ ဒီလိုမှတ်လိုက်ပါ၊ ခလေးတွေစွန့်လွှတ်သလိုလို့ ဦးမာဒင်တို့ ဦးသန်းမောင်တို့က မှတ်သိုက်ပါ (မှန်ပါ့ဘုရား)။

ခလေးတွေ စွန့်လွှတ်တော့ သူ့ယောက်လုံးထဲမှာ ချည်မျှင်တွေရှိတယ်....(မှန်ပါ့) ဒီကစက္ကူစွန်ကို ဆဲဆောင်သွားတဲ့ အခါမှာ ကြိုးအဆုံးတော့တက်တယ်.... (မှန်ပါ့ဘုရား) နောက်....ဒီစွန့်လွှတ်တဲ့သူငယ်ကတော်ပြီ သိမ်းတော့မယ်ဆိုလို့ရှိရင် ကြိုးပြန်ရစ်လိုက်တဲ့အခါ သူသွားချင်သလို သွားရသလား....တဲ့ ယောက်လုံးနှားဘဲပြန်ရောက်ရသလား....(ယောက်လုံးနှားဘဲ ပြန်ရောက်ရပါတယ်ဘုရား)။

ဘာဖြစ်လို့တုံးလို့....မေးတဲ့အခါ စွန့်သည် နဂိုရှိကိုက လွှတ်လွှတ်လပ်လပ် ပျံရဘာမဟုတ်ဘူး၊ ကြိုးအဆုံးသာပျံရတယ် (မှန်ပါ့)။

နောက်ကြိုးနဲ့ ပြန်ဆွဲလိုက်တဲ့အခါကျတော့ ယောက်လုံးခြေရင်းဘဲ ပြန်ရောက်တယ်... (ရောက်ရပါတယ်ဘုရား) မရောက်ရဘူးလား... (ရောက်ရပါတယ်ဘုရား) ဘာဖြစ်လို့ ပြန်ရောက်လာပါလိမ့်မတုံးလို့ တကာတကာမတွေက မေးလို့ရှိယင် ကြိုးပါသွားလို့....(မှန်ပါ့ဘုရား)။

ဘယ်လိုဆိုကြမလဲ... (ကြိုးပါသွားလို့ပါဘုရား) ဒါ့ကြောင့် ပြန်ရစ်လိုက်တဲ့အခါကျတော့ကို ဦးဗထွေးတို့ ကြိုးခြေရင်း ပြန်

ရောက်ရတယ်... (ရောက်ရ ပါတယ်ဘုရား) ဘယ့်နှယ်ကြောင့် ရောက်ပါလိမ့်...(ကြိုးပါလို့ပါဘုရား)။

အဲ...ကမ္မဿကတ ဥာဏ်ကတော့ ဒီဌိကြိုးပါသွားတဲ့အတွက် တက်တော့ တက်သွားတာဘဲ.... (မှန်ပါ) နောက် ပြန်ဆင်းလာတယ်...(မှန်ပါဘုရား) သဘောကျပလား.... (ကျပါပြီဘုရား)။

အစ္စမ်းကုန်အဆုံးတက်နိုင်ရဲ့လားလို့မေးတော့... (မတက်နိုင်ပါဘုရား) ဘယ့်နှယ်ကြောင့်တုံးဆိုတော့ ကြိုးပါသွားလို့.... (မှန်ပါဘုရား) ဒီမှာလဲ ထို့အတူ ဒိဌိ ကြိုးပါတယ်.... (မှန်ပါဘုရား)။

ဒါ့ကြောင့် ဘုန်းကြီးတို့ တကာတကာမတွေသဒ္ဓါတရားရှိလို့ ဒီတရားနာကြတာ သဒ္ဓါတရားရှိလို့ လှူကြပေးကြတာကျောင်းဆောက်၊ဘုရားတည်ကြတယ်၊ ရိပ်သာတွေ အမျိုးမျိုး ပွဲပြင်ကြတယ်၊ သစ္စာမြင်ပြီး လုပ်လိုက်ပါဆိုတော့ သစ္စာနှုလောမိကဥာဏ်နဲ့လှူလိုက်-တန်းလိုက်-ပေးလိုက်-ကမ်းလိုက်၊ ဒုက္ခသစ္စာကြီးကျတ်ခြင်း-လွတ်ခြင်းကို အလိုရှိ၍ လှူဒါန်းပါ၏လို့ ဆိုတော့ တကာတကာမတို့ သစ္စာမြင်တဲ့ပုဂ္ဂိုလ်ကတော့ ဒိဌိ ကပ်သေးရဲ့လား...(မကပ်ပါဘုရား)။

ဖြစ်ပျက် ဘာသစ္စာ....(ဒုက္ခသစ္စာပါ)အဲဒီဒုက္ခဝဋ်ကြီးမှ ဘယ်နေရာမှ တပည့်တော် ဖြစ်ခြင်း,ပျက်ခြင်းကို အလိုမရှိပါဘူး...၊ ဖြစ်မှုပျက်မှုဆိုတဲ့ သခ်ါရသိမ်းတဲ့ အသခ်ါတနိဗ္ဗာန်ကိုသာ တပည့်တော် အလိုရှိ၍ လှူပါ၏,တန်းပါ၏,ပေးပါ၏,ကမ်းပါ၏ ဆိုလို့ ရှိယင်ဖြင့် စွန့်လွှတ်လိုက်တဲ့အခါ အစ္စမ်းကုန် တက်သလိုပေါ့ဗျာ

(မှန်ပါ့) ကြိုးတဆုံးလောက်သာ တက်ရတဲ့အဓိပ္ပါယ်မျိုး ရသေးရဲ့လား....(မရပါဘုရား)။

အဲဒီလို နိဗ္ဗာန်ကျအောင်လဲ တကာတကာမတွေ့ သစ္စာနှုလောမိကဉာဏ်နဲ့ လူကြ, တန်းကြ, ပေးကြ, ကမ်းကြလို့ရှိယင် ဖြင့် နိဗ္ဗာန်တိုင်ရောက်ပါတယ်....(မှန်ပါ့)။

ကမ္မဿကတဉာဏ်လောက်နဲ့ဆိုယင်ဖြင့် ကြိုးဘဆုံးလောက်တက်ပါလိမ့်မယ်(မှန်ပါ့)ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘယ်ဉာဏ်အရေးကြီးပါလိမ့်.... (သစ္စာနှုလောမိကဉာဏ် အရေးကြီးပါတယ်ဘုရား)။

ဒါဖြင့် သစ္စာနှုလောမိကဉာဏ် အရေးကြီးတယ် ဆိုတော့ကို ဝိပဿနာရှုပြီးမှ လူရ,တန်းရ,ပေးရ,ကမ်းရတယ်....(မှန်ပါ့)။

ဝိပဿနာရှုပြီးမှ .... (လူရ,တန်းရ,ပေးရ,ကမ်းရ,ရပါတယ်) ဝိပဿနာမပါဘဲနဲ့ ရော့ဟယ်,အင့်ဟယ်ဆိုတဲ့ အသံးမျိုးသည် တကာတကာမတို့ ကမ္မဿကဘဉာဏ်မှာ တင်နေတယ် (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘာဘဲလူလူ, ဘာဘဲတန်းတန်း ခန္ဓာကိုယ်ဉာဏ်ရောက်ပြီး ခန္ဓာကိုယ်ဒုက္ခသစ္စာ....(မှန်ပါ့)။

ဒီဒုက္ခသစ္စာကြီးမှ ကျွတ်ခြင်းကို တပည့်တော်ကိုယ်တိုင် မြင်သည်ဖြစ်၍ ဒါမှလွတ်လိုသောကြောင့် လူပါ၏,တန်းပါ၏,ပေးပါ၏,ကမ်းပါ၏ဆိုယင် ဦးမာဒင် ဘယ်လောက်ဘဲလုပ်လုပ်....(မှန်ပါ့) သာသနာတွင်းအလူဖြစ်သွားတယ်.... (မှန်ပါ့) ဉာဏ်တက်မလာဘူးလား.... (လာပါတယ်ဘုရား)။

ဒါဖြင့် ကမ္မဿကတ သမ္မာဒိဋ္ဌိ၊ သစ္စာနုလောမိက သမ္မာဒိဋ္ဌိ ဘုစ်ခုရှိရာတို့တွင် သစ္စာနုလောမိက သမ္မာဒိဋ္ဌိဆိုတာ တကာတကာ မတို့က ဝိပဿနာခြုံရုံတာကို သစ္စာနုလောမိကသမ္မာဒိဋ္ဌိလို့ ခေါ်ပါတယ်....(မှန်ပါ့ဘုရား)။

ဒီအလုပ်နဲ့လုပ်ပြီးသကာလ လုပ်လဲလုပ်ပါ၊ မြင်ပြီးသကာလလဲ လှုပ်ကြ-တန်းကြ-ပေးကြ-ကမ်းကြပါဆိုဘာကို လေးနက်စွာနဲ့ တိုက်တွန်းပါဘယ်....(မှန်ပါ့) ဒီအတိုင်း ရေး-အင်္ဂဖြင့် မလုပ်လိုက်ပါနဲ့ (မှန်ပါ့ဘုရား)။

ဒါဖြင့် ခန္ဓာကိုယ် ဖြစ်ပျက်မြင်ပြီးမှ လုပ်ကြပါ.... (မှန်ပါ့) ရှင်းကြပလား ... (ရှင်းပါပြီဘုရား)။

ဘယ်လိုလုပ်ကြမလဲ.... (ခန္ဓာကိုယ် ဖြစ်ပျက်မြင်ပြီးမှ လုပ်ရပါမယ်ဘုရား)။

ဖြစ်ပျက်မြင်တော့ကို သစ္စာမြင်တဲ့ဥာဏ်က မရဘူးလား ... (ရပါတယ်)ပြီးတော့မှ ဟောဒီဒုက္ခဝဋ်ဆိုတာ တပည့်တော်တို့ ကျွတ်ခြင်း,လွှတ်ခြင်းကို အလိုရှိလို့ လှုပါတယ်- တန်းပါတယ်- ပေးပါတယ်-ကမ်းပါတယ်ဆိုလို့ ရှိယင်ဖြင့် နိဗ္ဗာန်ဘဲ အကျိုးပေးချမယ် (မှန်ပါ့) သံသရာထဲလာသေးရဲ့လား....(မလာပါ) ဘယ်နှယ်ကြောင့်ဆိုသော် ဒီဋ္ဌိကွာပြီးသားဖြစ်လို့....(မှန်ပါ့)ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဘယ်နှယ်ကြောင့်ပါလိမ့်.... (ဒီဋ္ဌိကွာပြီးသားဖြစ်လို့ပါ) ဒီဋ္ဌိကလဲ ဖြစ်ပျက်မြင်ကဘည်းက ငါ- ငါ့ဥစ္စာမဟုတ်တော့ဘူး .... (မဟုတ်ပါ)ရှင်းပလား ...(ရှင်းပါပြီဘုရား)။

ဒါဖြင့် အခုနေ့တိုင်း ဆရာဘုန်းကြီးက အဖြစ်အပျက်ကို မြင်အောင်ကြည့်ပါ၊ အဖြစ်အပျက်တော့ မြင်အောင်ကြည့်ပါဆို

တာသည် သစ္စာနှလောမိကဉာဏ် ပေးနေတယ်... (မှန်ပါ့) ရှင်းပ
လား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် သစ္စာနှလောမိကဉာဏ် ပေးပြီးလို့ ရှိယင်ဖြင့် တကာ
တကာမတို့ သစ္စာဉာဏ်တက်ဘို့ရာ ဦးမာဒင် အနီးကလေးကျန်
တော့တယ်....(မှန်ပါ့ဘုရား)။

ဖြစ်ပျက်မြင်ကတည်းက ဘယ်ဉာဏ်ရသတုံး.... (သစ္စာနှလော
မိကဉာဏ်ရပါတယ်) ၎င်းဖြစ်ပျက်သည်ကားလို့ဆိုယင်ဖြင့် ဒုက္ခ
သစ္စာမှတပါး ဘာမှမဟုတ်တော့ဘူး၊ ဒုက္ခသစ္စာနှစ်ဘဲဆိုယင်
သစ္စာဉာဏ်ရပစ်လိုက်တယ်....(မှန်ပါ့ဘုရား)။

နောက်ကျတော့ သူ့နိပ်စက်နေတာဘဲ... ၊ ဒီခန္ဓာကြီးနိပ်စက်
နေတာဘဲဆိုပြီး ကြည့်လိုက် ကိစ္စဉာဏ်ရတယ်.... (မှန်ပါ့)။

နိပ်စက်မှုဖြင့် လိုဘဲမလိုချင်တော့ပါဘူးဆိုယင်ဖြင့်ကတဉာဏ်
ရတာဘဲ....(မှန်ပါ့ဘုရား)။

ဒါ ဓမ္မစကြာမှာလဲ ဒီအတိုင်းလာပါတယ်.... (မှန်ပါ့)ဒါ-
နားကြီးကြီးနဲ့ ထောင်လိုက်မှ ဦးမာဒင် အရေကြီးမှန်းသိတယ်
(မှန်ပါ့) သဘောပါကြပါလား.... (ပါ-ပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတော့ လူတတ် တန်းတတ်
ပေးတတ်-ကမ်းတတ်ပလားလို့ ယနေ့ မေးလိုက်တယ်....(လူတတ်
တန်းတတ်-ပေးတတ်-ကမ်းတတ်ပါပြီဘုရား) ဘယ်လို လုပ်ပြီး
သဘာလ လူကြမှာတုံး....(ဖြစ်ပျက်ရှုပြီး လူရပါမယ်ဘုရား)။

အဲ... ခန္ဓာကိုယ် ဖြစ်ပျက်ရှုပါ.... (မှန်ပါ့) ရှုပြီးသကာလ
အဲဒီ ဖြစ်ပျက်တော့မြင်ပြီးမှ ဒီဖြစ်ပျက်တော့ ဒုက္ခဝင်္ဂမှ ကျတ်လို
လို့ လျှုပါ၏၊ ဒီလိုပြောင်းပစ်ကြ.... (မှန်ပါ့) မပြောင်းယင်

မတော်ဘူးနော်....(မှန်ပါ့)မပြောင်းယင် ဒီဌီကပ်နေတယ်(မှန်ပါ့ဘုရား) သဘောပါပလား.... (ပါ.ပါပြီဘုရား)။

အဲဒါ့ကြောင့် ဒုဋ္ဌကနိပါတ် အဂုံတို့ရိမှု:လဲ အလှူ့ရှစ်မျိုးရှိတယ်ကွာတဲ့.. (မှန်ပါ့) အလှူ့ရှစ်မျိုးရှိတဲ့ဥစ္စာ ငါ ခဲ့ခြမ်းဝေဘန်ပြီးသကာလ ပြပါမယ်ဆိုပြီး ရှစ်မျိုးကို ခဲ့ပြလိုက်တော့ နောက်ဆုံးပိတ် သူ.ပြောလိုက်တယ်... ၊ ဝိပဿနာ ခြုံရုံတဲ့ဒါနမှ အမြတ်ဆုံးဟေ့....(မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီဘုရား)။

ဘယ်ဟာခြုံရုံတဲ့ ဒါနတဲ့လဲ.... (ဝိပဿနာခြုံရုံတဲ့ ဒါနဟာ အမြတ်ဆုံးပါဘုရား)။

ဒါဖြင့် ဖြစ်ပျက်မြင်ပြီးသကာလ ဒီဖြစ်ပျက်တွေ ကျွတ်ခြင်းဥ လွတ်ခြင်းကို အလိုရှိ၍ လှူ့ပါ၏ တန်းပါ၏. ပေးပါ၏-ကမ်းပါ၏ ဆိုတော့မှ တကာတကာမတို့ ဒါနရှစ်မျိုးထဲက အမြတ်ဆုံးဒါနဟာ ဝိပဿနာခြုံရုံတဲ့ဒါန အမြတ်ဆုံးဆိုတော့ သာသနာတွင်း အလှူ့လဲ ဖြစ်အောင်လို့ ယနေ့သတိပေးပါတယ်....(မှန်ပါ့ဘုရား)။

ဒါဖြင့် ဘုန်းကြီး နေ့တိုင်းဟောနေတော့ တကာတကာမတွေ ခန္ဓာဉာဏ်စိုက်ကြ. ခန္ဓာဉာဏ်စိုက်ကြဆိုးတော့ ဘာမြင်အောင်အကြည့်ခိုင်းနေတာတုံး.... (ဖြစ်ပျက်မြင်အောင်အကြည့်ခိုင်းနေတာပါ)အဲဒါ သစ္စာနှလောမိကဉာဏ်ပေးနေတာ(မှန်ပါ့ဘုရား)။

ဘာပေးနေတာတုံး....(သစ္စာနှလောမိကဉာဏ်ပေးနေတာပါဘုရား) သစ္စာနှလောမိကဉာဏ် ပေးနေတယ်၊ သစ္စာက သစ္စာ၊ နှလောမိက,က လျော်တာ၊ သစ္စာနဲ့လျော်တဲ့ ဉာဏ်ပေးနေ

တာလို့ ဦးမာဒင်တို့ ဦးသန်းမောင်တို့ ဦးဗထွေးတို့ မှတ်ရမယ်-(မှန်ပါ့)။

တကာကြွယ် ဒီဥစ္စာက ကျုပ်တို့ ခင်ဗျားတို့ သိထားရမည့် အလုပ်နော်....(မှန်ပါ့) ဗုဒ္ဓဘာသာမှန်က ဦးမာဒင် သိထားရမည့်အလုပ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ဗုဒ္ဓဘာသာမှန်က မလှုဘဲ မပေးဘဲ မကမ်းဘဲလဲ မနေနိုင်ဘူး (မနေနိုင်ပါဘုရား)။

သို့သော် လှူတိုင်း ပေးတိုင်း ကမ်းတိုင်းလဲ ဒိဋ္ဌိကပါနေမယ် ဆိုလို့ ရှိယင်လဲ လှူကျိုး,ပေးကျိုးဟာ ပေးသင့်သလောက် မပေးတာပေါ့ဗျာ... (မှန်ပါ့ဘုရား) သဘောကျပလား.... (ကျေပါပြီဘုရား)။

အဲဒီတော့ သစ္စာနုလောဒီကဉာဏ်ကလေး အဋ္ဌကနိပါတ် အင်္ဂုတ္တိရ်မှာလာတဲ့ ဝိပဿနာခြုံရုံတဲ့ ဒါနကလေး ဦးလိုလုပ် လိုက်မှသာလျှင် .... တဲ့ နိဗ္ဗာန်အပြီးတိုင်ရောက်ပါတယ် .... (မှန်ပါ့)။

ဒါကြောင့် ခန္ဓာကိုယ် ဖြစ်ပျက်မြင်ပြီးသကာလမှ ဒီဖြစ်ပျက် ဒုက္ခသစ္စာကြီးမှ လွတ်ရေး, ကျွတ်ရေးကို အလိုရှိ၍ လှူပါ၏၊ တန်းပါ၏-ဆိုလို့ ရှိယင် တကာကြွယ် ခရီးပေါက်ပြီ....(မှန်ပါ့) သဘောကျပလား....(ကျေပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒီအလုပ်ဖြင့် ဘာကလေးလုပ်လုပ် သစ္စာနုလောမိကဉာဏ်နဲ့ တကာတကာမတွေ ခန္ဓာကြည့်ပြီး သကာလမှ ပေးကမ်းခြင်း,လှူဒါန်းခြင်း အလုပ်လုပ်ရလိမ့်မယ်-

(မှန်ပါ့ဘုရား) ဦးမာဒင် အရမ်းလုပ်လို့မဖြစ်ဘူး.... (မဖြစ်ပါဘုရား)။

အရမ်းလုပ်တော့ အရမ်းအကျိုးပေးလိမ့်မယ်.... (မှန်ပါ့) အမှန်လုပ်တော့ အမှန်ခရီးပေါက်လိမ့်မယ် (မှန်ပါ့) မကွာဘူးလား....(ကွာပါတယ်ဘုရား) အေး....ဒါ့ကြောင့် ပြင်ဘို့ ဆင်ဘို့ ကလေး ရှေ့ပိုင်းက ပြောလိုက်ပါတယ်....(မှန်ပါ့)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ မနေ့က အလုပ်ခွင် ဆီခွက် ဥပမာနဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီး မဟာဝဂ္ဂသံယုတ်မှာ ပြလို့ **ဆီမဖိတ်အောင်** ကြည့်ပါဆိုဘာလဲ ခင်ဗျားတို့ ကျေနပ်လောက်ပါပြီ....(မှန်ပါ့)။

ဆီဖိတ်ယင် ပဋိစ္စသမုပ္ပါဒ်လာပါတယ်....(မှန်ပါ့)ဖိတ်သည်နဲ့ တပြိုင်နက်တည်း ပဋိစ္စသမုပ္ပါဒ် လာပါတယ်.... (မှန်ပါ့ဘုရား) လာသည်နဲ့ တပြိုင်နက်ဘည်း သံသရာ့ခရီးမှာ အိုဓားနာဘေးသေဘေးတွေနဲ့ တွေ့ရပါတယ်... (မှန်ပါ့)။

ဒါ့ကြောင့် **ဆီမဖိတ်**တဲ့ နည်းသည်ကား....လို့ ဆိုယင်ဖြင့် စိတ်ရှုတဲ့ပုဂ္ဂိုလ် စိတ်ဖြစ်ပျက်နဲ့ မဂ်နဲ့ ကိုက်အောင် လုပ်ပါ.... (မှန်ပါ့) ဝေဒနာရှုတဲ့ပုဂ္ဂိုလ် ဝေဒနာဖြစ်ပျက်နဲ့ မဂ်နဲ့ ကိုက်အောင်လုပ်ပါ....(မှန်ပါ့) ဒါ-ဆိုလို့ရှိယင်ဖြင့် **ဆီဖိတ်**တယ်လို့ ဆိုလို့ရရဲ့လား....(မရပါဘုရား)။

အဲ... မရလို့ရှိယင်ဖြင့် နောင်တခါ အိုပဲ့နာပဲ့သေပဲ့ဆိုတဲ့ နောက်က ပဋိစ္စသမုပ္ပါဒ်က သတ်မလို့ဖြတ်မလို့ လိုက်လာတာတွေ့ဟာ ရသေးရဲ့လား....(မရပါဘုရား) ကဲ.... ဦးမာဒင်တို့ ဦးသန်းမောင်တို့ ကျေးဇူးမျှားပြီ....(မျှားပါပြီဘုရား)။

ကိုင်း.... ဒါဖြင့် စူဠတဏှာသခ်ယသုတ်ဆိုတဲ့ တနေ့က ဖြတ်ထားခဲ့တဲ့ဥစ္စာ တကာသစ် ပြန်ဆက်ရအောင်နော်.... (မှန်ပါ့)။

သိကြားမင်းကြီး တာဝတိံသာနတ်ပြည်မှာ ဥယျာဉ်တော်သို့ထွက်ပြီးသကာလ လာတဲ့အခါမှာ ဖျတ်ကနဲဆို စိတ်ကူးကလေးတခု ပေါ်လာတယ်....(မှန်ပါ့)။

တဏှာအမြန်ကုန်တာသည် ဘယ်နည်းပါလိမ့်မလဲ၊ တဏှာအမြန်ကုန်တဲ့နည်း ရလို့ဒိုယင်ဖြင့် ငါသည် 'တဏှာနိရောဓေါနိဗ္ဗာန'် ဆိုတဲ့အတိုင်း နိဗ္ဗာန်ရောက်မှာဘဲ (မှန်ပါ့)။

အဲဒီတော့ တဏှာအမြန်ကုန်တဲ့နည်း ဘယ်နည်းပါလိမ့်မတုံးဆိုတာတော့ စိတ်ထဲမှာ မေးစရာတော့ ပေါ်လာတယ်.... (မှန်ပါ့ဘုရား)။

ဒီဟာ ဥယျာဉ်ထဲမှာသွားပြီး ပျော်ပါးလိုက်လို့ရှိယင် ဒီမေးခွန်းတဲ့ဟာကလေးဘောင် ပျောက်သွားမယ်.... (မှန်ပါ့) အဖြေထားပါဦး၊ အခုတွေးလုံးကလေးတောင် ပျောက်သွားမှာ စိုးရတယ်....(မှန်ပါ့)။

တဏှာကို ဘယ်လို အမြန်ကုန်စေနိုင်ပါလိမ့်မလဲ ဘယ်တရားသည် ကုန်စေနိုင်လိမ့်မလဲ.. ဆိုတဲ့ မေးခွန်းလုံးကလေး တောင် ပျောက်သွားမှာစိုးတဲ့အတွက် ခုနင်က ကပဲ့ပြပဲ့တွေနဲ့ ဥယျာဉ်ထွက်လာတာတွေကို ရပ်ဆိုင်းပြီးသကာလတကာသစ် လူ့ပြည်ပုဗ္ဗဝိရုံကျောင်းသို့ ဆင်းလာတယ်....(မှန်ပါ့ဘုရား)။

ဆင်းလာပြီး ဘုရားသခင်ကိုယ်တော်မြတ်ကြီးကိုမေးတဲ့အခါ တဏှာ အမြန်ကုန်တဲ့နည်းဘယ်နည်းပါလဲဘုရား၊ တဏှာ အမြန်ကုန်တဲ့နည်း တပည့်တော်အား အမိန့်ရှိပါလို့ ဆိုတော့ အို....

ဒီလိုကွ၊ တဏှာကုန်တဲ့နည်းသည်ကားလို့ ဆိုယင်....တဲ့၊ သူမေးပုံကလေးလဲ သိပ်ကောင်းပါတယ်....(မှန်ပါ့)။

မေးပုံကလေးက တဏှာကုန်တယ်ဆိုတာ တခြားမဟုတ်ပါဘူး....တဲ့၊ ဖြစ်ခြင်း-ပျက်ခြင်းကို လွန်တဲ့တရား.... (မှန်ပါ့ဘုရား) ဖြစ်ခြင်း-ပျက်ခြင်းအဆုံး လွန်တဲ့တရားဆိုတာ ဖြစ်ပျက်ဆုံးယင် နိဗ္ဗာန်ဘဲ....(မှန်ပါ့)။

အဲဒီ ဖြစ်ခြင်း-ပျက်ခြင်းအဆုံးကို လွန်တဲ့တရား- အဲဒီ မြတ်သော တရားအကျင့်ကို....တဲ့ လူ-နတ်-ဗြဟ္မာ-သတ္တဝါတို့ထက် အင်မတန်မြတ်တဲ့နိဗ္ဗာန်ကို တပည့်တော် ဘယ်လိုရအောင် အားထုတ်ရပါ့မလဲ....တဲ့....(မှန်လှုပါဘုရား)။

မေးတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးကကွာ-တဲ့၊ ခန္ဓာပေါ်၌လည်း ဖြစ်ပျက်မြင်ပြီးတော့ မစဲလမ်းနဲ့တဲ့.... (မှန်ပါ့) အာယတနပေါ်၌လည်း... (ဖြစ်ပျက်မြင်ပြီး မစဲလမ်းပါနဲ့) အဲ.... ဖြစ်ပျက်မြင်အောင် ကြိုးစား၊ စဲလမ်းတဲ့တရားမလာတော့ဘူး.... (မှန်ပါ့)။

ကဲ ကွာ....တဲ့၊ မင်းသည်ကားလို့ ဆိုယင် တိုတိုအားထုတ်ချင်ယင်တော့ဖြင့် ဝေဒနာသုံးပါးလှည့်ပြီးသကာလ အားထုတ် (မှန်ပါ့)။

တနေ့က ပြောပြီးပြီနော်....(မှန်ပါ့-ပြောပြီးပါပြီဘုရား) ဝေဒနာသုံးပါးလှည့်ပြီးသကာလ မင်းသည်ကား....လို့ ဆိုယင် ဖြစ်ပျက်မြင်အောင် အားထုတ်ပါဆိုတော့ ဘုန်းကြီးတို့ တကာတကာမတွေ့ မနာဘူးသေးတဲ့ ပဋိလ်တွေအတွက် ဝေဒနာကို ရှင်းပြပါဦးမယ်....(မှန်ပါ့)။

တကာသစ် ဒီဥစ္စာ နားမလည်တဲ့ပုဂ္ဂိုလ်တွေအတွက်မှာ ရှင်းရပြန်တယ်နော်....(မှန်ပါ့) မျက်လုံးမြင်ကာမတွေ ဥပေက္ခာဝေဒနာ (မှန်ပါ့)။

မျက်လုံးက ဖွင့်လိုက်လို့မြင်ယင်-မြင်ခြင်းကလေးဟာ ဘာဝေဒနာနဲ့မြင်တာတုံး.... (ဥပေက္ခာဝေဒနာနဲ့မြင်ပါတယ်ဘုရား) နားက 'ဖျတ်'ကနဲ ကြားကာမျှမတွေကလေး....(ဥပေက္ခာဝေဒနာပါဘုရား) အဲဒီဝေဒနာကလေး သိထားမှ သူ့ကိုဖြစ်ပျက်ရှုတတ်မှာ....(မှန်ပါ့) ရှင်းပြီနော်.... (ရှင်းပါပြီဘုရား)။

နှာခေါင်းက နံကာမျှ မတွေကလေးဟာ(ဥပေက္ခာဝေဒနာပါဘုရား) ဥပေက္ခာလို့ဘဲမှတ်၊ ဥပေက္ခာသုံးမျိုးရှိသွားပြီ· (မှန်ပါ့ဘုရား)လျှာပေါ်မှာ အစာအာဟာရရောက်ကာမျှ မတွေကလေးဟာ ဘာတုံး....(ဥပေက္ခာဝေဒနာပါဘုရား)။

အဲ....ဥပေက္ခာဝေဒနာလို့မှတ်ထားနော် .. (မှန်ပါ့)ဩော်.... ဥပေက္ခာက လေးနေရာပေါ်နိုင်သကိုး.... (မှန်ပါ့) သဘောကျပလား... (ကျပါပြီဘုရား)။

တခါ သုခနဲ့ သောမနဿကလေးလဲ မှတ်လိုက်စမ်းပါဦး၊ ကိုယ်ပေါ်မှာကျတော့ တကာတကာမတို့ အခုလို ပန်ကာလေကလေး ဘာကလေးထိတဲ့အခါ ထိတဲ့နေရာ သုခဝေဒနာပေါ်ဝယ်... (မှန်ပါ့) 'ဖျတ်'ဆို ပန်ကာလေကလေးရပ်သွားယင် ဒုက္ခဝေဒနာပြန်ပေါ်တယ်....(မှန်ပါ့)။

ဩော်....ကိုယ်ပေါ်မှာတော့ သုခ-ဒုက္ခဝေဒနာလို့မှတ်လိုက်ပါ....(မှန်ပါ့) သဘောကျပလား... (ကျပါပြီ)။

ဝမ်းထဲမှာတော့ သောမနဿ ဒေါမနဿ-ဥပေက္ခာ-(မှန်ပါ့) တခါတလေ ဝမ်းသာစရာ ရွှေကလေး-ငွေကလေးရယင် သောမနဿ....(မှန်ပါ့) သဘောကျပလား.... (ကျေပါပြီ)။

ရွှေကလေး-ငွေကလေးရယင် ... (သောမနဿပါ) မရတဲ့အခါ....(ဒေါမနဿပါဘုရား) သြော် .. ကျုပ်တို့တော့ဖြင့် ရရ-မရရ မထူးခြားပါဘူးဆိုတဲ့ စိတ်ကလေးပေါ်တဲ့အခါ ဝမ်းထဲမှာ ဥပေက္ခာ ပေါ်တယဲ....(မှန်ပါ့ဘုရား)။

ဝမ်းထဲမှာ ဘာပေါ်ပါလိမ့် ... (ဥပေက္ခာ ပေါ်ပါတယ် ဘုရား)။

ဒါဖြင့်-တကာတကာမတို့ပြင်ဘက်မှာဖြင့်မျက်လုံးထဲဥပေက္ခာ မျက်လုံးထဲ ပေါ်လေသ၍ ဥပေက္ခာ (မှန်ပါ့) နားကကြား ကာမျှမတ္တာ.... (ဥပေက္ခာဘုရား) နှာခေါင်း - နံကာမျှမတ္တာ .... (ဥပေက္ခာပါဘုရား)လျှာ,က-စားကာမျှ မတ္တာ (ဥပေက္ခာဝေဒနာ ပါဘုရား)။

ကိုယ်ပေါ်မှာကျတော့ ဆင်းရဲယင် ...(ဒုက္ခဝေဒနာပါ) ချမ်းသာယင်.... (သုခဝေဒနာပါ) ဝမ်းထဲကျတော့ သောမနဿ, ဒေါမနဿ, ဥပေက္ခာ....(မှန်ပါ့) ဒါဘဲ တကာတကာမတို့....(မှန်ပါ့)။

အဲဒီတော့သူသည် ၉-ခုဘဲရှိတယ်.... (မှန်ပါ့) သဘောကျပလား .. (ကျေပါပြီ) ဒီ ၉-ခုကို တကာတကာမတွေ့ ပေါ်တိုင်း ပေါ်တိုင်း လိုက်ပေးပါ.... (မှန်ပါ့)။

ပေါ်တိုင်း-ပေါ်တိုင်း မဂ္ဂင်ငါးပါးနဲ့ ဖြစ်ပျက်ရှုပေးပါ.... (မှန်ပါ့) အလုပ်သင်နေတယ်လို့သာ မှတ်လိုက်ပါ.... (မှန်ပါ့)။

ပေါ်တိုင်း-ပေါ်တိုင်း ဘာလုပ်ရမလဲ.... (ဖြစ်ပျက်ရှုပေးရပါမယ်) ဖြစ်ပျက်ရှုပေး၊ မလစ်စေနဲ့ နော်....(မှန်ပါ့)။

အဲ....ဒီကဲ့သို့ဖြစ်ပျက် ရှုဆိုတာ အနိစ္စ ရှုတာဘဲ ... (မှန်ပါ့) အနိစ္စရှုလို့ ရှိယင် ရာဂကင်းသွားတယ် .. (မှန်ပါ့) ချုပ်တာလဲ မြင်သွားတာဘဲ....(မှန်ပါ့)။

ဒါ့ကြောင့် အနိစ္စာနုပဿီလဲဖြစ်တာဘဲ ဝိရာဂါနုပဿီလဲဖြစ်တာဘဲ .. (မှန်ပါ့) ချုပ်တာကိုမြင်သဖြင့် နိရောဓါ နုပဿီ-ချုပ်တာကိုရှုတဲ့ပုဂ္ဂိုလ်လဲ ဖြစ်တာဘဲ.... (မှန်ပါ့) ပဋိနိဿဂ္ဂါနုပဿီတဲ့ တဖန်ချုပ်တာကိုလဲ မြင်တာဘဲ....(မှန်ပါ့)။

အဲ....ဒီကဲ့သို့မြင်ပြီး ဒီလိုရှုလို့ ရှိယင် သိကြားမင်း....အသင် သည်ကားလို့ ဆိုယင် တဏှာ အမြန်ကုန်ပါလိမ့်မယ်.... (မှန်ပါ့ ဘုရား)။

ဝေဒနာ အခုပြောခဲ့တဲ့ ၉-မျိုးကို တကာတကာမတွေ့ပေါ်ရာလျှောက်ရှုနေမယ်ဆိုယင် တဏှာအမြန် ကုန်ပါတယ် ကွဲတဲ့.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒီတော့.... ဒီနေရာမှာဘုန်းကြီးက ရှင်းပေးချင်တာကတဲ့ အဋ္ဌကထာဆရာက ရှင်းမပေးယင် မကောင်းဘူး ဆိုပြီးတော့ တကာတကာမတွေ့ ရှင်းပေးတယ်နော် .. (မှန်ပါ့)။

ရှုစရာ ၉-မျိုးရှိတယ်လို့ မှတ်လိုက်တာပေါ့....(မှန်ပါ့ဘုရား) ရှုစရာ ဘယ်နှစ်မျိုးပါလိမ့်... (၉-မျိုးပါဘုရား)။

အဲ... ရှုစရာ ၉-မျိုးဟာလဲ ၄-မျိုးစလုံး ပေါ်သလား-တခု-တခုစီပေါ်သလား....(တခု-တခုစီပေါ်ပါတယ်ဘုရား)။

တခု-တခုစီဘဲ ပေါ်တာကို တကာတကာမတို့ ဒါက....ဥပမာ သုခဝေဒနာ ကိုယ်ပေါ်မှာပေါ်တယ် ထားလိုက် ပါတော့.... (မှန်ပါဘုရား) ကိုယ်ပေါ်မှာလေကလေး တိုက်တော့ ချမ်းသာ လုံးကလေးမပေါ်ဘူးလား.. (ပေါ်ပါတယ်ဘုရား)။

အဲ... ဒီပေါ်တဲ့ သုခဝေဒနာ ကလေးကိုလဲ တကာတကာမ တွေက ဖြစ်ပြီးပျက်တဲ့ ဓမ္မကလေးလို့ ရှုလိုက်....(မှန်ပါ) မရှုရ ဘူးလား....(ရှုရပါတယ်ဘုရား)။

ရှုလိုက်တော့ကို တကာတကာမတွေ သိတဲ့အတိုင်း သုခ ဝေဒနာပစ္စယော တဏှာလာသေးရဲ့လား.... (မလာပါဘုရား)။

ဒါဖြင့်-တကာတကာမတို့ ဝိပဿနာကအလယ်ကနေတယ်.... (မှန်ပါ) ဝိပဿနာဉာဏ်က အလယ်ကနေတယ်. (မှန်ပါဘုရား) ရှုစရာကရှေ့က . (မှန်ပါ) ကုန်စရာကနောက်က (မှန်ပါ)ဒီက တဏှာ,ဥပါဒါန်, ကံတွေ ထားပါတော့ဗျာ....(မှန်ပါ)သဘော ကျပြီ (ကျပါပြီ)။

ကဲ....ရှေ့ပိုင်းမှာ သုခဝေဒနာကလေး ကိုယ်ပေါ်မှာ ပေါ် နေတယ်၊ တကာတကာမတွေက ဩော်.. ဒီဝေဒနာ ကလေး ဟာလဲ ရေပွက်ပမာဘဲ ဖြစ်ပြီး ပျက်သွားတာဘဲလို့ ရှုလိုက်ပြီ ဗျာ....(မှန်ပါ)။

ရှုလိုက်တော့ ဝေဒနာကွန္ဓာရှိသေးရဲ့လား.... (မရှိပါဘုရား) ရှေ့ကဝေဒနာကွန္ဓာ မရှိဘူး.... (မှန်ပါ) သဘောကျပလား.... (ကျပါပြီဘုရား)။

ရှေ့က ဝေဒနာကွန္ဒုမရှိတဲ့အပြင် နောက်ကတဏှာ, ဥပါဒါန်,ကံတွေကော.... (မရှိပါဘုရား)။

ဩော်....ဝိပဿနာ အလုပ်သည် တကာတကာမတို့ ရှေ့က ခန္ဓာကိုလဲ ချုပ်စေတယ်....(မှန်ပါ့) နောက်ကတဏှာ ဥပါဒါန် ကံတွေလဲ (ချုပ်စေပါတယ်ဘုရား)။

ဩော်.... ဝိပဿနာ ကျေးဇူးဟာ ဦးမာဒင် တယ်များပါလား....(များပါတယ်ဘုရား)။

တကာ့ကြယ် ဒီသဘောကလေး မှတ်စမ်းပါ.... (မှန်ပါ့) ဝိပဿနာရှုတဲ့ ပုဂ္ဂိုလ်များမှာ ဝေဒနာပေါ်တာ ရှုနေလို့ရှိယင် သုခဝေဒနာပေါ်တာ ရှုနေလို့ရှိယင် ရှေ့ကခန္ဓာ ရှိသေးရဲ့လား....(မရှိပါဘုရား) ခန္ဓာပျောက်သွားပြီ.... (မှန်ပါ့ဘုရား) ဝေဒနာကွန္ဒုာပျောက်သွားပြီ....(မှန်ပါ့ဘုရား)။

ရှေ့က ခန္ဓာကိုလဲစွန့်ပြီးသား ဖြစ်တယ်... (မှန်ပါ့) ရှုနေတဲ့ မဂ်သည် တကာတကာမတို့နောက်ကတဏှာ,ဥပါဒါန်တို့ကော.... (ချုပ်ပါတယ်) ချုပ်ပျောက်သွားတော့ သူတို့ကိုလဲ စွန့်ပြီးသား ဖြစ်တယ်....(မှန်ပါ့ဘုရား)။

အင်း... ဝိပဿနာဉာဏ်သည် အလုပ်ဘယ်နှစ်ခု လုပ်သတုံးလို့ မေးလို့ရှိယင်ဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ့ မှတ်စရာက ခန္ဓာစွန့်တဏှာစွန့်ပါဘုရား... (မှန်ပါ့ဘုရား)။

ဝိပဿနာအလုပ်·လုပ်နေတဲ့ အခိုက်အတန့်မှာ.... (ခန္ဓာစွန့် တဏှာစွန့်ပါဘုရား) ရှေ့က.... (ခန္ဓာစွန့်ပါတယ်) နောက်က (တဏှာစွန့်ပါတယ်)။

ဩဩ-တခါဖြစ်ပျက်မြင်လိုက်တာ တကာတကာမတို့ ခန္ဓာကုန် တဏှာကုန်သွားတယ်.... (မှန်လှုပါဘုရား)။

ဘာကုန်သွားပါလိမ့်....(ခန္ဓာကုန် တဏှာကုန် သွားပါတယ် ဘုရား)။

လုပ်ကြစမ်းပါ ဒါကြောင့် ရှေ့က ခန္ဓာ,ဒုက္ခ,သစ္စာလဲ ကုန်တယ်.... (မှန်ပါဘုရား) နောက်က တဏှာ ဥပါဒါန်တွေလဲ... (ကုန်ပါတယ်ဘုရား)။

ဩော်.. ဝိပဿနာကျေးဇူး ဦးမာဒင် တယ်မျှားပါကလား--(မျှားပါတယ်ဘုရား)။

ဝိပဿနာသည် တကာတကာမတို့ အသယ်ကနေပြီးသကာလ ထမ်းပိုးနဲ့ ထမ်းတာ တောင်းနှစ်လုံးထဲ ပစ္စည်းထည့် အလယ်က နေထမ်းလိုက်တဲ့အခါ နှစ်လုံးစလုံး ဝန်တွေကိုထမ်းတဲ့လူက ရွက်ဆောင်သလို...(မှန်ပါ)။

ဝိပဿနာဉာဏ်သည် တကာတကာမတို့အား အကျိုးနှစ်ခု သယ်ပိုး ရွက်ဆောင်ပါတယ်လို့ မှတ်လိုက်စမ်းပါ.... (မှန်ပါဘုရား)။

အကျိုးနှစ်ခု သယ်ပိုးရွက်ဆောင်တယ်ဆိုတာ တခြားမဟုတ် ပါဘူး ခင်ဗျားတို့ခန္ဓာကိုလဲ စွန့်ပါတယ်....(မှန်ပါ) သဘောကျပလား.... (ကျပါပြီ) နောက်ကလာမည့် တဏှာတွေလဲ စွန့်ပါတယ်....(စွန့်ပါတယ်ဘုရား)။

ဒါဖြင့်-ဝိပဿနာဉာဏ်သည် ဘာစွန့် ပါလိမ့်.... (ခန္ဓာနဲ့ တဏှာစွန့်ပါတယ် ဘုရား)ခန္ဓာစွန့်-တဏှာစွန့်.... (မှန်ပါဘုရား)။

ဆြော်.... ဒါဖြင့် ဝိပဿနာ လုပ်နေတဲ့ အခိုက်အတန့်မှာ တကာကြွယ်ခန္ဓာလဲပျောက်.... (ပျောက်ပါတယ်ဘုရား) နောက်က တဏှာတွေကော.... (ပျောက်ပါတယ်ဘုရား)။

အင်း....တဏှာတွေလဲ ပျောက်နေတော့ တကာတကာမတွေရှေ့ကဒုက္ခသစ္စာလဲပျောက်-နောက်ကသမုဒယသစ္စာလဲပျောက်.... (မှန်ပါဘုရား။

ထိုကဲ့သို့ပျောက်ပြီးသကာလနေတော့ကိုယ့်မှာဉာဏ်ကလေးနဲ့ အသက်ရှင်နေတယ်.... (မှန်ပါ) ဟာဒီ ဉာဏ်ကလေးနဲ့ အသက်ရှင်နေတယ်....(မှန်ပါဘုရား) အလယ်မှာ ဉာဏ်ကလေးကိုးဗျ....(မှန်ပါဘုရား)။

ဒီဘက်ခန္ဓာလဲ ပျောက်သွားပြီ.... (ပျောက်သွားပါပြီဘုရား) ဒီဘက်တဏှာကကော....(ပျောက်သွားပါပြီဘုရား)အင်း....ဉာဏ်နဲ့အသက်ရှင်နေတယ် .... (မှန်ပါဘုရား) သဘောပါပလား.... (ပါ-ပါပြီဘုရား)။

ဘာနဲ့ အသက်ရှင်နေသလဲ .... (ဉာဏ်နဲ့ အသက်ရှင်နေပါတယ်ဘုရား)။

ဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ သတိပေးရတယ်၊ မင်္ဂ-ဖိုလ်ရအောင်လဲ ဘုန်းကြီးများဟာမှာဘဲ (မှန်ပါ) ခင်ဗျားတို့လဲ မရ-ရအောင် အားထုတ်ပါ....(မှန်ပါ) အကယ်၍ အကြောင်းမညီညွတ်လို့ရှိယင်လဲ ခန္ဓာကိုယ်ရှုပြီးတော့ကိုသေပါ (မှန်ပါဘုရား)။

ခန္ဓာဖြစ်ပျက်ရှုပြီးတော့.... (သေရမှာပါ) သေတဲ့အခါကျတော့ကိုတဲ့ ဒီခန္ဓာကစွန့်ပြီးသား....(မှန်ပါ)ဒီတဏှာကော... (စွန့်ပြီးသားပါဘုရား)။

စွန့်ပြီးသားဖြစ်တဲ့အတွက် တဏှာရှိမှ ဥပါဒါန်၊ ဥပါဒါန်ရှိမှ ကမ္မဘဝ၊ ကမ္မဘဝရှိမှ နောက်-ဇာတိလာမှာကိုးဗျ.... (မှန်ပါ ဘုရား)။

အဲဒီတော့ ဒီလိုရှုပြီး သေသွားတဲ့ပုဂ္ဂိုလ်ကျတော့ တကာ တကာမတို့ ရှုရင်းမတ္တနဲ့ဘဲ အရိယာဖြစ်ပြီး နောက်ခန္ဓာလာနိုင် သေးရဲ့လား....(မလာနိုင်ပါဘုရား)။

ဒါ့ကြောင့် ဝိပဿနာရှုသားဝတဲ့ပုဂ္ဂိုလ်ဟာ သခါနိုးမှု တောင် သောတာပန်,သကဒါဂါမ်,အနာဂါမ်,ရဟန္တာ ဖြစ်နိုင် သေးတယ်.... (မှန်ပါ) ဘုရားက သေသေချာချာဟောတယ်.... (ဟောပါတယ်ဘုရား)။

အဲဒီတော့ တကာတကာမတို့, တပည့်တော်တို့ ဝေဒနာများ ပြင်းထန်လာတဲ့အခါ ဘာများလုပ်ရမှာတုံး, ဘာအားကိုးရမှာ တုံးလို့ ဦးမာဒင်တို့ကမေးမယ်။ ဦးသန်းမောင်တို့,ဦးဗထွေးတို့က မေး-မေးပေါ့ဗျာ....၊ ကိုယ့်ကိုယ်ရှုပေးပါ....(မှန်ပါ) သေတတ် ပလား....(သေတတ်ပါပြီဘုရား)။

တကာကြွယ် ဘယ့်နှယ်လုပ်ပါ့မလဲ....(ကိုယ့်ကိုယ်ရှုရပါမယ်) အဲ....သာမည်ဆိုတော့ ခင်ဗျားတို့ ရှေးကကြားဘူးတာက သာ မည်ထားတာကတော့ ဘယ်လိုဆုံးမထားသလဲဆိုလို့ရှိယင် မင်း လှုံ့ထားတဲ့ကျောင်း အာရုံပြုဟေ့ ....(မှန်ပါ့) သဘောကျပ လား....(ကျပါပြီ) အင်း....မင်းတည်ထားတဲ့ရောကန် အာရုံပြု ကွာ....(မှန်ပါ့ဘုရား) ဒီလိုဘဲပြောလေ.ရှိတယ်.... (ရှိပါ တယ်ဘုရား)။

ပြောပင်ပြောငြားသော်လဲ အဲဒါတွေ အင်မတန်ဝေးပါတယ် (မှန်ပါ့) မဝေးဘူးလား....(ဝေးပါတယ်ဘုရား)

အင်မတန်ဝေးနေတော့ ဦးမာဒင်တို့က စဉ်းစားတာပေါ့ ခန္ဓာနဲ့တော့ (နီးပါတယ်) ခန္ဓာနဲ့တော့ ဒို့အတူတူနေရတယ်.... (မှန်ပါ့ဘုရား)။

အဲဒီတော့ ခန္ဓာကို တကာတကာမတို့ ရှု-ရှုပေးပါ (မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

ခန္ဓာကို ရှု-ရှုသာနေ .. (မှန်ပါ့)ခန္ဓာရှုနေတော့ ခန္ဓာက ဖြစ်ပျက်၊ ဥာဏ်က မဂ်ဖြစ်နေတယ်....(မှန်ပါ့)နောက်က ကိလေသာကလဲ (ချုပ်သွားပါတယ်ဘုရား)။

ချုပ်နေတော့ အင်း.... သူသည်ကားလို့ဆိုလို့ရှိယင်ဖြင့် ဒီအတွင်းမှာဘဲ သေရမည့်ကိစ္စကလဲ ကောန်ဖြစ်နေတော့ ဒီနေရာဝိရိယလျှော့လေဦးမလား မလျှော့တော့ဘူးလားဆိုတာလဲ မေးဘို့မလိုဘူး....(မလိုပါဘုရား) အလွန်ကြိုးစားပစ်လိုက်မယ်ဆိုတာ မသေချာဘူးလား....(သေချာပါတယ်ဘုရား)။

အဲဒီမှာ တကာတကာမတို့ ဟောဒီခန္ဓာ စွန့်တဲ့နေရာမှာ နိဗ္ဗာန်တောင်မြင်လာတယ်....(မှန်ပါ့) ခန္ဓာစွန့်ရုံတင်မကဘူး....၊ နိဗ္ဗာန်မြင်ပြီး စုတိစိတ်ကျတယ်... (မှန်ပါ့ဘုရား)အဲဒီပုဂ္ဂိုလ်မျှားကျတော့ သမသီသီ ရဟန္တာ * လို့ ဆိုရပြန်တယ်....(မှန်ပါ့) ရှင်းပလား .. (ရှင်းပါပြီဘုရား)။

---

* သမသီသီ၊ ရဟန္တာလည်းဖြစ်ရော စုတိစိတ်လဲ ကျတဲ့ပုဂ္ဂိုလ်ကို သမသီသီ ရဟန္တာဟုခေါ်သည်။

ဒါဖြင့် ဝိပဿနာဉာဏ်သည် တကာသစ် ဘယ်နှစ်ခုစုန့်ပါလိမ့် ...(နှစ်ခုစုန့်ပါတယ်) ဘယ်သူပါလိမ့်ဗျာ.... (ခန္ဓာနဲ့ တဏှာပါဘုရား)။

ခန္ဓာဆိုတာ ရှေ့ပိုင်းက ဝေဒနာမရှိတော့ဘူး .. (မှန်ပါ) ဖြစ်တာပျက်တာကလေးတွေသာရှိတော့ ဖြစ်ပြီးပျက်သွားဘာကိုလဲ သိလိုက်တဲ့အခါကျတော့ ခန္ဓာရှိသေးရဲ့လား(မရှိပါဘုရား) အဲ့....ဘယ်သူကလဲ မရှိဘူး၊ နောက်ကလဲ တဏှာကလဲ လာခွင့်မရလို့ လာသေးရဲ့လား....(မလာပါဘုရား)။

အဲ့....ထိုကဲ့သို့ လာခွင့်မရလို့ မလာတော့ တကာတကာမတို့ တဏှာဥပါဒါန်တွေ တဒင်္ဂချုပ်မသွားဘူးလား.... (ချုပ်သွားပါတယ်ဘုရား)။

အဲ့ဒါရှုနေရင်းမတ္တာနဲ့ရတဲ့ ကိလေသာချုပ်နေတာ ခဏနိဗ္ဗာန်လဲရပြီလို့ ယနေ့ဆုံးဖြတ်ချက်ချ....(မှန်ပါဘုရား)။

ရှုနေတုန်းကိုဘဲ ဒီဉာဏ်က တဏှာတကာမတို့ နောက်ကိလေသာကို ပေါ်ခွင့်ပေးသေးရဲ့လား.... (မပေးပါဘုရား)။

မပေးလို့ရှိယင် ဒါ တကာတကာမသို့ ခဏနိဗ္ဗာန်ရပြီ.... (မှန်ပါ) ခဏနိဗ္ဗာန်ဆိုတာ ဟောဒီနောက်က တဏှာနိရောဓါနိဗ္ဗာနံ....(မှန်ပါဘုရား)။

တဏှာချုပ်သွားတဲ့အတွက် ဘာနိဗ္ဗာန်ရသတုံး.... (တဏှာနိရောဓါနိဗ္ဗာနံပါ) တဏှာက အမြဲချုပ်တာလားလို့မေးတော့ (တဒင်္ဂချုပ်တာပါ) တဒင်္ဂဘဲချုပ်တော့ တဒင်္ဂကို မြန်မာလိုပြန်တော့ ခဏပေါ့ဗျာ....(မှန်ပါ) အဲ့ ခဏနိဗ္ဗာန်တော့ဖြင့်ရတယ် (မှန်ပါ) ရှင်းပလား .. (ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ မလုပ်တဲ့ပုဂ္ဂိုလ်မှာ ခဏနိဗ္ဗာန်

ရတောင်မှ ရနိုင်ပါ့မလား.... (မရပါဘူးရှား) မရဘူး တဏှာ, ဥပါဒါန်,ကံ- တဏှာ,ဥပါဒါန်,ကံ ဆက်လာမှာဘဲ.... (မှန်ပါ့) ဓဏနိဗ္ဗာန်ကို....(မရပါဘူးရှား)။

ဩော်.... ဒါ့ကြောင့် ဒို့ဆရာဘုန်းကြီးသည် သေတောင်မှ ဓဏနိဗ္ဗာန်ရပြီးသကာလ သေစေချင်တယ် (မှန်ပါ့)သေတောင်မှ နိဗ္ဗာန်ရပြီးသေစေချင်တယ်....၊ ဓဏနိဗ္ဗာန် သေသေချာချာရတယ်... (မှန်ပါ့)။

နောက်က ဖြစ်ပျက်သာရှုနေ ဦးမာဒင်-ကိလေသာလာသလား မလာဘူးလား.... (မလာပါဘူးရှား) မလာတော့ ကိလေသာမလာတာ ဘာနိဗ္ဗာန်တဲ့လဲ... (ဓဏနိဗ္ဗာန်ပါဘူးရှား)။

ဒါဖြင့် ဓဏနိဗ္ဗာန်နဲ့ ကျုပ်တို့သေလိုက်မယ်.... (မှန်ပါ့) သူ ပြီးမှ မရဏာသန္နဇောတွေကျမယ်_၊ ကျချင် ကျပေစေတော့ ကိစ္စမရှိတော့ဘူးဆိုတော့ ကျုပ်တို့ ဓဏနိဗ္ဗာန်နဲ့သေသွားမယ်.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီပုဂ္ဂိုလ်သေသွားတာသည် နိဗ္ဗာန်ရပြီးသေသွားတယ်လို့ ဆိုယင် လဲပါ့မလား.... (မလဲပါဘူးရှား) ဘာနိဗ္ဗာန်တုံးမေးတော့ ဓဏနိဗ္ဗာန်... (မှန်ပါ့ဘူးရှား)။

သို့သော် မပူနဲ့ ဓဏနိဗ္ဗာန်ဘဲရပြီး သေပေစေ မပူနဲ့(မှန်ပါ့) ဓဏနိဗ္ဗာန်တောဖြင့် သူသေချာသွားပြီ....(မှန်ပါ့ဘူးရှား)သူသည် လောကုတ္တရာမဂ်စစ် မဖြစ်သေးတော့ မဂ္ဂင်ကငါးပါးတည်းဖြစ်နေတယ်....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

မဂ္ဂင်ကငါးပါးဖြစ်သွားတဲ့အခါကျတော့ တကာတကာမတို့ ဒီပုဂ္ဂိုလ်ဟာ ကိလေသာချုပ်ပြီး သေတဲ့ပုဂ္ဂိုလ် ဖြစ်လေသော

ကြောင့် ဦးမာဒင်တို့,ဦးသန်းမောင်တို့ သုဂတိရောက်တယ်.... (မှန်ပါ့) နတ်ပြည်ရောက်တယ်.... (မှန်ပါ့ဘုရား)။

ကိုယ်ရောက်ချင်လို့ ရောက်တာလားဆိုတော့ ဒီအကြောင်းကနေ ပို့တယ်.... (မှန်ပါ့) စုတိစိတ်ကျပြီး နတ်ပြည်သွားဖြစ်တယ်....(မှန်ပါ့ဘုရား)။

နတ်ပြည်သွားဖြစ်တော့ တကာတကာမတွေ့ကစဉ်းစားတော့ ဟိုမှာဖြစ်တာနဲ့ ကြားထဲ ဘာများ ခြားသေးသတုံးလို့ မေးတော့ ဦးမာဒင်ကမှတ်လိုက် အနန္တရပစ္စယော....(မှန်ပါ့)အခြားမရှိဘူး...(မှန်ပါ့) ကြားထဲမှာ ဘယ်စိတ်မှမခြားဘူး....(မှန်ပါ့) ဒီကစုတိ ဟိုမှာ အထည်ပဋိသန္ဓေ....(မှန်ပါ့)ခြားသေးရဲ့လား.... (မခြားပါဘုရား)။

မခြားတော့ ဒီက ဝိပဿနာဖြစ်ပျက် ရှုထားတဲ့ ဉာဏ်က အခြားမရှိအောင်ဘဲ နေတော့ သူက မေ့သေးရဲ့လား- (မမေ့ပါဘုရား)။

တခါတည်း နတ်ပြည်မှာ ထိုင်လျက်ကလေး- ဥပမာမယ် ဦးမာဒင်ဘဲသေသေ, တကာကြွယ်ဘဲ သေသေပေါ့ဗျာ၊ ဒီမှာ မရလို့သေတယ်ဆိုပါတော့ ... (မှန်ပါ့) ဒီမှာ ခဏ နိဗ္ဗာန်နဲ့ သေသွားတယ်... (မှန်ပါ့)။

အဲဒီ ခဏ နိဗ္ဗာန်နဲ့သေသွားပြီး စုတိနဲ့ပဋိသန္ဓေ အခြားမရှိဘဲနဲ့ ဟိုမှာ ရောက်သွားတယ်....(မှန်ပါ့)။

ရောက်သည်နဲ့ တပြိုင်နက်တည်း....တဲ့၊ တကာ တကာမတို့ ခုနင်က ဖြစ်ပျက်ရှုတဲ့ဉာဏ်က 'ဖျတ်' ကနဲပေါ်လာတယ် .... (မှန်ပါ့)။

'ဖျတ်'ကနဲပေါ်လာတော့ အဲဒီကျတော့ ဖြစ်ပျက်တွေမြင်၊ ဖြစ်ပျက်တွေမှုန်းပြီး ဖြစ်ပျက်ဆုံးသွားပြီး အဲဒီမှာ သောတာပန်သွားတည်တယ်....(မှန်ပါ့)။

ခဏနိဗ္ဗာန်နဲ့သေတဲ့ပုဂ္ဂိုလ်.... (မှန်ပါ့) ခင်ဗျားတို့ ဘာမှအားမလျှော့နဲ့....(မှန်ပါ့) ဖြစ်ပျက်တော့ဖြင့် မြင်အောင် လုပ်ရလိမ့်မယ်....(မှန်ပါ့ဘုရား) သဘော်ကျပလား....(ကျပါပြီဘုရား)။

ကဲ....တကာကြွယ် အားလျှော့စရာ ကျုပ်တို့ အသုပ် မပါဘူး....(မပါ·ပါဘုရား)။

ဒါက အားလုံး တကာတကာမတွေ့ မှတ်ပါ၊ ဘုရားကိုယ်တော်တိုင် ဒီလို ရှုသေတဲ့ပုဂ္ဂိုလ်ဟာ ကွာ....တဲ့ နတ်ပြည်ရောက်တာက နေ့းပါသေးတယ်၊ သောတာပန်တည်တာက စောနေတယ်... တဲ့....(မှန်ပါ့)။

နိဗ္ဗာန်ရောက်မှန်းမသိသေးဘူး(မှန်ပါ့ဘုရား) သောတာပန်တည်တာက စောနေတယ် (မှန်ပါ့) ဒီက ခဏနိဗ္ဗာန်နဲ့ သေသွားတဲ့ပုဂ္ဂိုလ်.... (မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ကိုင်း တကာတကာမတို့ လုပ်ထိုက်-မလုပ်ထိုက်-(လုပ်ထိုက်ပါတယ်ဘုရား) လုပ်ဖြစ်အောင် လုပ်ပါဆိုတာကိုလဲ တိုက်တွန်းရပြန်တယ်....(မှန်ပါ့)။

အကျိုးကို လည်လည်ပတ်ပတ် မပြောပြန်တော့လဲ ဦးဗထွေးတို့, ဦးသန်းမောင်တို့ မလုပ်ချင်တော့ဘူး.... (မှန်လှပါ)။

အခုတော့ဖြင့် သြော်.... ဒီအလုပ်သည်ကား....လို့ ဆိုယင် ဖြစ်ပျက်မြင်ပြီး သေသွားတဲ့ပုဂ္ဂိုလ်ဟာ ဒီဘဝ မင်္ဂစ်မရဘူး၊ ဝိပဿနာမင်္ဂနဲ့ဘဲ သေသွားတယ်ဆိုစေကာမူ ဦးမာဒင် နတ်ပြည်မှာ ထိုင်လျက်သွားဖြစ်တယ်... (မှန်ပါ့)။

အဲဒီ ထိုင်လျက် သွားဖြစ်တော့ ငါနတ်ပြည်ရောက်နေပါပေါ့လားလို့ မသိသေးဘူး ...(မှန်ပါ့)။

ဒီဥာဏ်က အနန္တရ- အခြားမရှိဘဲနဲ့ သူက နတ်ပြည်မှာ နတ်ခန္ဓာ- သူ့ခန္ဓာကလေးရှုချလိုက်တာဘဲ....(မှန်ပါ့)။

ကျုပ်တို့လို ကိုးလလွယ်, ဆယ်လဖွား မဟုတ်ဘဲကိုးဗျ.... (မှန်ပါ့) ၁၆-နှစ် အသက်နှစ်ဆယ် ပုံသဏ္ဌာန်သွားဖြစ်တာ.... (မှန်ပါ့)။

အဲဒါ ဥာဏ်ကလဲ ပါပြီးသားဖြစ်တော့ သူ့ခန္ဓာသူ ရှုပြီး ချလိုက်တာ အဲဒီမှာ သောတာပန်တည်တာဘဲ....(မှန်ပါ့ဘုရား) ရောက်-ရောက်ခြင်း တည်ဘယ်....(မှန်ပါ့)။

အဲဒီတော့ ဒီမှာ ခဏနိဗ္ဗာန်နဲ့သွားတော့ ဟိုမှာ အမြဲနိဗ္ဗာန်ရောက်မယ်....(မှန်ပါ့ဘုရား) ဆိုတော့ အားလုံး တကာတကာမတွေ့ အားငယ်စရာရှိရဲ့လား....(မရှိပါဘုရား)။

ဒါဖြင့် ဘုန်းကြီး စိုးရိမ်တာ ပြောပါရစေဆိုတော့ မလုပ်ဖြစ်မှာစိုးရိမ်တယ်....(မှန်ပါ့) အကျိုးပေးကတော့ဖြင့် ဒါ.... ဘုရားဟောလဲ အမှန်ပါဘဲဆိုတာ သေချာပြီ ....(သေချာပါပြီဘုရား)။

အင်္ဂုတ္တိုရ်ပါဠိတော်မှာ ဒီအတိုင်းလာဘယ်....(မှန်ပါ့ဘုရား) ဖြစ်ပျက်သာ မြင်ပေစေ....(မှန်ပါ့ဘုရား) ပူစရာမရှိပါဘူးတဲ့ ... (မှန်ပါ့) သဘောပါပလား... (ပါ-ပါပြီဘုရား)။

ကောင်းပြီ.... ဒါဖြင့် သေနည်းဖြင့် တကာသစ် ရပြီဗျ.... (မှန်ပါဘုရား)ကိုင်း....ဦးမာဒင်တို့ သေတတ်ပလား-(သေတတ်ပါပြီဘုရား) ကိုယ့်ခန္ဓာရှုပြီး သေတာပေါ့. (မှန်ပါ့)။

ဝေဒနာရှုသား၀,နေတဲ့ပုဂ္ဂိုလ်က ဝေဒနာရှုပေး.... (မှန်ပါ့) စိတ်ရှုသား၀,နေတဲ့ပုဂ္ဂိုလ်က (စိတ်ရှုပေး) ရှုနေယင်လဲ ကိလေသာက ခဏချုပ်မယ်....(မှန်ပါ့) ခဏချုပ်ယင် ဒီပုဂ္ဂိုလ် ဘယ်ရောက်မယ်.... (နတ်ပြည်ရောက်ပါမယ်ဘုရား) သုဂတိ နတ်ပြည် ရောက်မယ်....(မှန်ပါ့)။

ဖြစ်သည်နဲ့ တပြိုင်နက်တည်း နတ်ပြည်ရောက်တာ အရင်သိသလား...၊ ဖြစ်ပျက်ရှုလိုက်လို့ သောတာပန် တည်တာက စောသလား.... (ဖြစ်ပျက်ရှုလိုက်လို့ သောတာပန်တည်တာက စောပါတယ်ဘုရား) နတ်ပြည်ရောက်တာ နောက်မှ သိတယ်.... (မှန်ပါ့)။

ဒါလောက်ထိအောင် ဖြစ်ပျက်မြင်တဲ့ကျေးဇူး တကာတကာမတို့ ဘယ်လောက် သေပျော်တယ်ဆိုတာ ပေါ်ပြီ (ပေါ်ပါပြီဘုရား)။

တကာကြွယ် လုပ်ရလိမ့်မယ်....(လုပ်ရမှာပါဘုရား)အားလုံးတကာတကာမတွေ့ လုပ်ထိုက်မလုပ်ထိုက်.... (လုပ်ထိုက်ပါတယ်ဘုရား)။

လုပ်စမ်းပါ.... လုပ်စမ်းပါ၊ ဖြစ်ပျက်ဟာ ရှိနေတာဘဲ.... (မှန်ပါ့ဘုရား) ဒီနေရာပေါ် ဒီနေရာပျက်သွားတာဘဲ....(မှန်ပါ့ဘုရား)။

မယုံယင် ကိုယ့်လက်ကလေး ကိုယ့်လက်သည်းနဲ့ ခြစ်ကြည့် ဦးဗဒေ့ဒီနေရာမှာဘဲ နာတာကလေး ပေါ်တယ်.... (မှန်ပါ့) လက်သည်းလဲ ဖြုတ်လိုက်ရော နာတာကလေး ဒီနေရာ ရှိသေးရဲ့လား .. (မရှိပါဘုရား)။

ဟာ ဒါဖြင့် ဒီနေရာ ဝေဒနာလဲ ပေါ်တယ်၊ ဝေဒနာလဲ ပျောက်တယ်....(မှန်ပါ့) ဒါ ဖြစ်ပျက်ပါဘဲ.... (မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဖြစ်ပျက်ဟာ တခြားရှာရမှာလား- ခန္ဓာထဲ ဒီနေရာပေါ်ပြီး ဒီနေရာပျောက်တာကိုမြင်ယင် ပြီးတာလား .. (ခန္ဓာထဲမှာပါ) ရှင်းပလား .. (ရှင်းပါပြီ)။

ဒီနေရာပေါ်တယ်.... (ဒီနေရာပျောက်ပါဘယ်ဘုရား) လေကလေးက ပခုံးတိုက်တယ်ဆိုတော့ လေကလေးက ပခုံးတိုက်တကာတကာမှို့ အေးတဲ့ဝေဒနာကလေး မပေါ်ဘူးလား .... (ပေါ်ပါတယ်ဘုရား)။

ပျောက်သွားတော့ ဘယ်နေရာရှေ့ပျောက်သတုံး.... (ဒီနေရာမှာဘဲ ပျောက်ပါတယ်ဘုရား) အဲဒီတချက်ကို မြင်ဘို့အရေးကြီးတယ် ...(မှန်ပါ့)။

ဩော်... ဒီနေရာမှာ အေးတဲ့သုခဝေဒနာကလေး ပေါ်တယ်၊ ဒီနေရာမှာဘဲ ပျောက်သွားတော့ ဩော်....ဒါဟာ အနိစ္စကိုး.... (မှန်ပါ့) ဝေဒနာအနိစ္စဆိုတာ ဒါကိုးလို့.... (မှန်ပါ့ဘုရား) နောက်တခါပေါ်လာတော့ ဒီအတိုင်း လိုက်ရုံဘဲ.... (မှန်ပါ့ ဘုရား)။

အဲဒီလို သိနေတဲ့ပုဂ္ဂိုလ်ကျတော့ ဒီမင်္ဂလာရတယ်.... (မှန်ပါ့) ဝေဒနာကလဲ ဒီအပေါ်မှာ ချုပ်သွားလို့ ခန္ဓာက ချုပ်သွားတယ်....(မှန်ပါ့)။

ဝေဒနာ့နောက်ကလဲ ဒီက ဖြစ်ပျက်ကို သိတဲ့ဉာဏ်ကလေးက လိုက်နေလို့ သူ့နောက်က ဝေဒနာပစ္စယာ တဏှာကလဲ မလာတော့ဘူး....(မလာပါဘုရား)။

ဒါဖြင့် ဝေဒနာကခန္ဓာလဲချုပ်.. (မှန်ပါ့) နောက်က လိုက်ရမည့် တဏှာလဲ....(ချုပ်ပါတယ်ဘုရား)။

ဒါဖြင့် **ဝိပဿနာဉာဏ်သည် ခန္ဓာနဲ့တဏှာစွန့်တယ်-(မှန်ပါ့ဘုရား) ဝိပဿနာဉာဏ်ရှုနေတဲ့အခါမှာ....(ခန္ဓာနဲ့တဏှာစွန့်ပါတယ်ဘုရား)** ခန္ဓာနဲ့တဏှာဖြင့် သေသေချာချာ စွန့်တယ်လို့ တကာကြွယ် မှတ်လိုက်စမ်းပါ... (မှန်ပါ့ဘုရား)။

ဝိပဿနာရှုတာမျှား ဘာကျေးဇူးရှိသတုံးလို့ တကာတကာ့ မတွေ့ ကိုယ့်ဟာကိုယ်မျှား သံသယရှိလာလို့ ရှိယင် ဟိုရှေ့ကလဲ ခန္ဓာစွန့်ပါတယ် .. (မှန်ပါ့) နောက်ကလဲ သံသရာကို ဒုက္ခပေးမည့်တဏှာစွန့်ပါတယ်.... (မှန်ပါ့ဘုရား)။

သံသရာဒုက္ခ ပေးနိုင်သေးရဲ့လား.... (မပေးနိုင်ပါဘုရား) မပေးနိုင်တော့ ဘုန်းကြီးတို့ တကာတကာတွေ့၌ သြော်....ဒုက္ခဖြစ်ကြောင်း ချုပ်အောင်လုပ်တာလဲ မဂ်ဘဲ....(မှန်ပါ့) ဆိုတော့ ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

ကောင်းပြီ ဒါက ဘာမဂ်တုံးလို့ မေးလို့ရှိယင် ဝိပဿနာမဂ် (မှန်ပါ့ဘုရား) ဖြစ်ပျက်ရှုတဲ့မဂ်....(မှန်ပါ့) ဖြစ်ပျက်-မဂ် ဖြစ်

ပျက်မဂ်ဆိုတာ ဘုန်းကြီးနေ့တိုင်းသင်နေတယ်.... (မှန်ပါ့ဘုရား) ဒါကဘာမဂ်တဲ့....(ဝိပဿနာမဂ်ပါဘုရား)။

ကဲ....လောကုတ္တရာမဂ် ပြဦးမယ် (မှန်ပါ့ဘုရား) ဒါ.... သိကြားမင်းကြီးကို ဘုရားက ဟောနေတယ်လို့ တကာကြွယ်တို့က မှတ်ထားပါ....(မှန်ပါ့ဘုရား)။

ကဲ .... တကာတကာမတို့ လောကုတ္တရာမဂ်ကတော့ တခါတည်း ဒီရှေ့က ဝေဒနာကလေးတွေ့ သူရှုတယ်.... (မှန်ပါ့) ရှုလိုက်တော့ နောက်ကလဲတဏှာဘော့ ထုံးစံအတိုင်း ဖြစ်ပျက်ရှုနေဘော့ လာသေးရဲ့လား....(မလာပါဘုရား)။

မလာတော့ ဝိပဿနာရှုပြီး လောကုတ္တရာမဂ် ဖြစ်သွားတဲ့အချိန်ကျတော့ ဖြစ်ပျက်တွေ့မြင် ဖြစ်ပျက်တွေ့မှုန်းလို့ ဖြစ်ပျက်တွေ့ဆုံးသွားတဲ့အခါကျတော့ ဒီကမဂ္ဂင်ရှစ်ပါး ဖြစ်လာပြီးတော့ တကာတကာမတို့ ဒီခန္ဓာလဲစွန့်ပြီးသား ...(မှန်ပါ့ဘုရား)။

နောက်က တဏှာလဲလာသေးရဲ့လား.... (မလာပါဘုရား) အဲဒီဉာဏ်ကတခါ ခုနင်က ဖြစ်ပျက်ဆုံးတဲ့ နိဗ္ဗာန်ကို သူကအာရုံပြုပြန်တယ်...(မှန်ပါ့) ဒါကလေးတချက်ဘဲ ပိုတယ်.... (မှန်ပါ့ဘုရား)။

လောကုတ္တရာမဂ်က ခန္ဓာစွန့်, တဏှာစွန့်ပြီး နိဗ္ဗာန်မြင်တယ် (မှန်ပါ့ဘုရား)။

လောကုတ္တရာမဂ်ကတော့ - (ခန္ဓာစွန့်,တဏှာစွန့်ပြီး, နိဗ္ဗာန်မြင်ပါတယ်ဘုရား) သူကဒါပိုတယ်....(မှန်ပါ့ဘုရား)။

ဒါကဒီတင် သောတာပန် တည်တာ.... (မှန်ပါ့) ဟို....နတ်ပြည်သွားတည်တာမဟုတ်ပါဘူး....(မှန်ပါ့)သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါကိုယ့်ဟာကိုယ် တကာတကာမတွေက ဆုံးဖြတ်ချက်ချပြီး သြော်....ငါလောကုတ္တရာ မဂ်ပါလားလို့ ကူးသွားတာမြင်လို့က် လို့ရှိယင် ခန္ဓာလဲမမြင်ရဘူး ခန္ဓာချုပ်တဲ့နိဗ္ဗာန်ဘဲ မြင်ရတယ်.... (မှန်ပါဘုရား)။

ဒါဖြင့် - လောကုတ္တရာမဂ်ကတော့ဖြင့် အဋ္ဌကထာဆရာက သေသေချာချာ ဖွင့်ခြင်းကြောင့် တကာတကာမတို့ ခန္ဓာလဲစွန့်, တဏှာလဲစွန့်, နိဗ္ဗာန်လဲမြင်....(မှန်လှပါဘုရား)။

ဝိပဿနာ မဂ်ကတော့မမြင်ဘူး.... (မှန်ပါဘုရား) လောကုတ္တရာမဂ်ကတော့.... (မြင်ပါတယ်ဘုရား) စွန့်ပုံခြင်း အတူတူဘဲ.. (မှန်ပါ) အမြင်ကလေးသူကပိုလာတယ်....(မှန်ပါဘုရား)။

အဲဒီတော့ ဘုန်းကြီးတို့ တကာတကာမတွေ ဒီနေရာမေးလိမ့်မယ် ဝိပဿနာမဂ်ကတော့ဘုရား ခန္ဓာစွန့်, တဏှာစွန့်ပြီး ခဏနိဗ္ဗာန်မြင်ပြီးသွားတယ်....(မှန်ပါဘုရား)။

ဒီဖြစ်ပျက်အဆုံး·ဝေဒနာဆုံးအောင် လိုက်တဲ့ ပုဂ္ဂိုလ်မျိုးကတော့ ဝေဒနာကခန္ဓာလဲ ဆုံးတယ်.... (မှန်ပါ) နောက်ကတဏှာကော....(ဆုံးပါတယ်ဘုရား) အဲ ...ဆုံးပြီးသကာလ ဒီဉာဏ်သည် တကာတကာမတို့ဖြစ်ပျက်ဆုံးတဲ့ နိဗ္ဗာဝကိုမြင်ပြန်တယ်....(မှန်ပါဘုရား) သူက နိဗ္ဗာန်မြင်တာကလေး တချက် ပိုလာတယ် .... (မှန်ပါဘုရား)။

အဲဒီတော့ဘုန်းကြီးတို့ တကာတကာမတွေ အလုပ်- လုပ်ရမှာက ဒီကျအောင်လုပ်ရမယ်.... (မှန်ပါ) သဘောကျပလား.... (ကျပါပြီဘုရား)။

ဒီကျအောင်လုပ်လိုက်ပါတဲ့ .... တခါတည်းလုပ်ရင်းမတွန့်ဘဲ ဖြစ်ပျက်ဆုံးသွားပြီဘုရာ့ဆိုတာကို ဘုန်းကြီးများက ကြားချင်တယ်.... (မှန်ပါ့ဘုရား)။

ဖြစ်ပျက်ဆုံးသွားပြီဘုရာ့ဆိုတော့ ခန္ဓာစွန့်, တဏှာစွန့်, နိဗ္ဗာန်မြင်ပြီဆိုတာ ဦးလှဘူးသေချာတယ် . (သေချာပါတယ်ဘုရား)။

ဒါ့ကြောင့် ဦးဗထွေးတို့ ဦးသန်းမောင်တို့ ဆွေ.... ဒီဖြစ်ပျက်ဟာ တွေ့လို့ရှိယင်တော့ ဆုံးရမှာဘဲ (မှန်ပါ့)။

တွေ့ယင်... (ဆုံးသွားမှာပါဘုရား) မတွေ့တဲ့ပုဂ္ဂိုလ်ကျတော့ အစမတွေ့လို့ အဆုံးတွေ့မှာ မဟုတ်ဘူး.... (မှန်ပါ့ဘုရား)။

တွေ့တဲ့ပုဂ္ဂိုလ်ဖြင့် ဒီဖြစ်တွေဟာ တခါတည်း ခန္ဓာကိုယ်ထဲမှာ ဟိုနေရာပေါ်လိုက် ဒီနေရာပေါ်လိုက်နဲ့ လိုက်သာနေ.... (မှန်ပါ့)ကြောတော့ သူဖြစ်ပျက် ရှိလို့ရှိယင် ဖြစ်ပျက်အဆုံးရှိတာဘဲ....(မှန်ပါ့ဘုရား)။

ဖြစ်ပျက်ရှိယင်....(ဖြစ်ပျက်အဆုံးရှိပါတယ် ဘုရား) အဲဒီလိုသာ တကာတကာမတွေ့ကနေ့တိုင်း ဉာဏ်ကလေးနဲ့ လိုက်လိုက်လိုက်လိုက်သွားပြီဆိုယင် အဆုံးမြင်လိုက်တဲ့ အခါကျပြီဆိုယင် ဖြင့် ဒါလောကုတ္တရာမဂ်ဖြစ်ပြီလို့ မှတ်လိုက်....(မှန်ပါ့ဘုရား)။

ဖြစ်ကြောင်း-မဖြစ်ကြောင်းကိုလဲ ခန္ဓာလဲ ရှာမတွေ့ဘူး... (မှန်ပါ့) တဏှာလဲသေနေပြီ ... (သေပါတယ်) ဖြစ်ပျက်အဆုံးလဲ ဒီဉာဏ်ကမြင်နေပြီ .. (မှန်ပါ့ဘုရား)။

ဒါဖြင့် ဒီဉာဏ်သည် တကာတကာမတို့ ခန္ဓာစွန့်, တဏှာစွန့်ပြီး နိဗ္ဗာန်မြင်တယ်....(မှန်ပါ့ဘုရား)။

ဘယ်.နှယ်တုံး....(ခန္ဓာစုန့်,တဏှာစုန့်ပြီး နိဗ္ဗာန် မြင်ပါတယ် ဘုရား)။

အဲဒါက ဘုန်းကြီးကပြောလို့ သိတာနော်....(မှန်ပါ့)ဟိုမှာ ဖြစ်စဉ်ကျတော့ ခင်ဗျားတို့ခန္ဓာစုန့်တာကိုတော့ ခင်ဗျားတို့ မသိပါဘူးတဲ့ ခင်ဗျားတို့သိတာက ဩော်....ဖြစ်ပျက်တွေ့ မရှိပါဘူးလားလို့.သိတာ....(မှန်ပါ့ဘုရား)။

ဖြင်ပျက်ခတွေ့မရှိပါဘူးလားလို့.သိတော့ ဖြစ်ပျက် မရှိတာက ခန္ဓာစုန့်တာ ... (မှန်ပါ့)ဟုတ်လား.... (မှန်ပါ့) ခန္ဓာရှိသေးရဲ့.လား....(မရှိပါဘုရား)။

မရှိတော့ကို ခန္ဓာတို့၏ဆုံးရှုံးကလဲ တွေ့ပြီ၊ခန္ဓာမှမရှိတော့ကို ခန္ဓာဆုံးရှုံးကိုလဲတွေ့ပြီ....(မှန်ပါ့) အဲဒီခန္ဓာဆုံးတာက နိဗ္ဗာန်....(မှန်ပါ့)ဖြစ်ပျက်ခတွေ့က သူ့.ဟာသူ ချုပ်သွားတာက ခန္ဓာစုန့်သွားတာ....(မှန်ပါ့)။

ဒါဖြင့် ခန္ဓာလဲစုန့်,နိဗ္ဗာန်လဲမြင်....(မှန်ပါ့) တဏှာ ဒိဋ္ဌိတို့က ဦးဗထွေးတို့ သူ့.ဟာသူသေတာ....(မှန်ပါ့) သို့သော် ခင်ဗျားတို့ မှာကော့ ဗဟုသုတရှိအောင်လို့ ဝိပဿနာမင်္ဂလာနဲ့ လောကုတ္တရာမင်္ဂလာ ဘာထူးသတုံးလို့ မေးတဲ့ အခါကျတော့ ဝိပဿနာမင်္ဂလာက ခန္ဓာစုန့်,တဏှာစုန့်တယ်....(မှန်ပါ့)။

တကယ်လောကုတ္တရာမင်္ဂလာဖြစ်လာလို့.ဖြစ်ပျက်ကို အားကြိုးမာန်တက်နဲ့ လိုက်-လိုက်လို့.ရှိယင် ခန္ဓာလဲစုန့်,တဏှာလဲစုန့် နိဗ္ဗာန်လဲမြင်တယ်....(မှန်ပါ့) ဘယ်သူကတုံးဗျ....(လောကုတ္တရာမင်္ဂလာပါဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒီနေ့တရားသည် တကာတကာမတို့ အလုပ်သမားအတွက်မှာ ဖြင့် သတိထားရမည့်တရား....(မှန်ပါ့)။

ဘယ်လိုဆိုကြမယ်....(အလုပ်သမားအတွက်မှာ သတိထားရမည့်တရားပါဘုရား)။

နို့မဟုတ်လို့ ရှိယင် လုပ်ဟဲ့-လုပ်ဟဲ့ဆိုလို့ ဆရာကသာအလုပ်ခိုင်းနေလို့ မှတ်တိုင်မပါဘဲနဲ့ အသွားခိုင်းနေသလို ဖြစ်နေတယ် (မှန်ပါ့ဘုရား) အခုဟာက မှတ်တိုင်ပါတယ်.... (ပါ-ပါတယ်ဘုရား)။

ဟောဒီမှတ်တိုင်ကျယင် တကာတကာမတို့ ရပ်တော့ တော်တော့ (မှန်ပါ့)ဆိုတော့ အရမ်းသွားနေရတာလား ဦးမာဒင်တို့ဦးသန်းမောင်တို့ရ မှတ်တိုင်နဲ့ သွားရတာလား.... (မှတ်တိုင်နဲ့သွားရတာပါဘုရား)။

မှတ်တိုင်နဲ့သွားတဲ့ပုဂ္ဂိုလ်က ရောက်တယ်၊မရောက်ဘူးသိတယ် (သိပါတယ်ဘုရား) အရမ်းသွားနေတဲ့ ပုဂ္ဂိုလ်ဆိုလို့ရှိယင် မသိဘူး .. (မှန်ပါ့)။

အခုတော့ ဘုရားက တဏှာသခ်ယသုတ်မှာ ဒီအတိုင်းဘဲဟော....တဲ့၊ ခယ ဝယ အဆုံးကိုလွှန်ယင် နိဗ္ဗာန်ဘဲမှတ်(မှန်ပါ့) ဖြစ်ပျက်မတွေ့ယင် နိဗ္ဗာန်မှတ်... (မှန်ပါ့)ဘာတဲ့တုံး .. (ဖြစ်ပျက်မတွေ့ယင် နိဗ္ဗာန်မှတ်ပါဘုရား)။

ဖြစ်ပျက်မတွေ့တော့ဘူးလို့လဲ ကိုယ့်ဟာကိုယ်သဲသိရမယ်.... (မှန်ပါ့) တွေ့တုန်းကလဲ ကိုယ်သိနေရမယ်....(မှန်ပါ့)။

အင်း.... တွေ့တုန်းက အပျက်ကလေးတွေ့တွေ့....၊ အပျက်ကလေးတွေ့တွေ့ယင် ကိုယ့်ဟာကိုယ် သိနေရမယ် .... (မှန်ပါ့ဘုရား)။

နောက် ရှုရင်းမတွန်ဲ့ အပျက်ကလေးတွေရော မတွေ့တော့ ပါဘူးလို့ မသိရဘူးလား... (သိရပါတယ်) အဲ... အပျက်တွေ့တဲ့ ပုဂ္ဂိုလ်ဟာ အပျက်မတွေ့တာလဲ သိရမယ်.... (မှန်ပါ့)။

အဲဒီကဲ့သို့ အပျက်တွေ့နေယင် ဝိပဿနာဉာဏ်မှတ်-(မှန်ပါ့) ဖြစ်ပျက်တွေ့ မတွေ့တော့ဘူးဘုရာ့ ၊ တပည့်တော်ဖြင့် ဘယ်လို ရှာရှာ မတွေ့တော့ပါဘူးဆိုယင် နောက်ဆပ်လဲမရှာနဲ့ (မှန်ပါ့ ဘုရား)။

ဒါ နိဗ္ဗာန် မျက်မှောက်ပြုလို့ ဖြစ်ပျက်ဆုံးတာ နိဗ္ဗာန်ဘဲ ဆိုတာသိသွားလို့ နိဗ္ဗာန်မျက်မှောက်ပြုတဲ့ကိစ္စဘဲလို့ မှတ်လိုက် စမ်းပါ....(မှန်ပါ့) သဘောကျပလား ... (ကျပါပြီဘုရား)။

ဒါကြောင့် သိကြားကမေးတာပေါ့ အရှင်ဘုရား ခယ ဝယ အဆုံးကိုလွန်တဲ့ နိဗ္ဗာန်ကို အမြန်ဆုံးနည်းနဲ့ ရောက်ချင်ပါတယ် ဘုရား....(မှန်ပါ့)။

တဏှာကုန်တဲ့နိဗ္ဗာန်ကို အမြန်ဆုံးနည်းနဲ့ ရောက်ချင်တယ် ဆိုတော့ မင်းဟာကွာ တခါတည်းဖြစ်ပျက်ရှုပြီး ဖြစ်ပျက်အဆုံး လိုက်-လိုက်လို့ ရှိယင်ဖြင့် ခန္ဓာလဲစ့ွန့်, နိဗ္ဗာန်လဲမြင်, တဏှာလဲ နောက်ကသေတာပေါ့ကွ၊ ဒါကိုလုပ်ကွ .... (မှန်ပါ့) ဘုရားက သေသေချာချာဟောတယ် (ဟောပါတယ်ဘုရား)။

ဒါဖြင့် တကာကြွယ် လုပ်တတ်ပလား.... (လုပ်တတ်ပါပြီ ဘုရား)။

ကဲ.... ဒါဖြင့် ဝိပဿနာဉာဏ်က ဘယ်နှစ်ခုစွန့်သလဲ....(နှစ်ခု စွန့်ပါတယ်) ဘယ်သူ့ဘယ်သူပါလိမ့်ဗျာ.... (ခန္ဓာနဲ့တဏှာပါ)

အဲ....သူနဲ့ သေယင် ခဏနိဗ္ဗာန်ရသေတဲ့ပုဂ္ဂိုလ်.... (မှန်ပါ့)ရှင်းပလား (ရှင်းပါပြီဘုရား)။

ကဲ.... တပည့်တော်တို့ကဘုရား....၊ ဒီဘဝတွင်ဘဲ အရလုပ်တော့မယ်ဆိုလို့ ရှိယင်ဖြင့် ဖြစ်ပျက်လဲဆုံးသွားပြီ .... (မှန်ပါ့ဘုရား)။

ဖြစ်ပျက်ဆုံးယင် ခန္ဓာစွန့်ပြီ (မှန်ပါ့) နောက်ကတဏှာကော (စွန့်ပါပြီဘုရား) အင်း.... နိဗ္ဗာန်ကော ဥာဏ်က ပြေးဝင်မသွားဘူးလား....(ပြေးဝင်သွားပါတယ်ဘုရား)။

ဩော်....လောကုတ္တရာမဂ်ကတော့ ခန္ဓာစွန့်,တဏှာစွန့်,နိဗ္ဗာန်ဘက် ပြေးဝင်တယ် .... (မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီဘုရား)။

ခန္ဓာလဲ....(စွန့်ပါတယ်ဘုရား) တဏှာလဲ .... (စွန့်ပါတယ်) ဥာဏ်က ဘယ်ဘက်သွားသတုံး .... (နိဗ္ဗာန်ဘက်သွားပါတယ်ဘုရား)။

နိဗ္ဗာန်ဘက်ဆိုတော့ ဝင်းဝင်းကြီးလား....၊ ဝါဝါကြီးလား-မြို့ကြီးလား....၊ ပြကြီးလားလို့ ဒီလိုမယူပါနဲ့....(မှန်ပါ့) ဒုက္ခတွေ့ ကိုယ်ရှေ့တွင်မရှိတာ ဩော်....ဒုက္ခသိမ်းတဲ့နေရာ ဒါဘဲလို့ အာရုံပြုနိုင်ယင်ပြီးတာဘဲ....(မှန်ပါ့) ရှင်းပလား ... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒုက္ခသိမ်းတယ်ဆိုတာ ဩော်.... အခုဖြစ်ပျက်တွေ့ဟာ ဒုက္ခသစ္စာ....၊ ဒီဒုက္ခသစ္စာ မိမိဥာဏ်ထဲ မတွေ့ရလို့ ရှိယင် ဩော်.... ဒုက္ခချုပ်ငြိမ်း ရုပ်သိမ်းတာဆိုတာ ဒါ နိဗ္ဗာန်ဘဲ.... (မှန်ပါ့ဘုရား)။

နိဗ္ဗာန သဒ္ဒါက မြို့တို့,ပြတို့ကို ဟောတာမဟုတ်ဘူး ဦးမာဒင်တို့နော်....(မှန်ပါ့) နိဗ္ဗာန သဒ္ဒါက ငြိမ်းအေးသွားတာ(မှန်ပါ့ဘုရား) ဒုက္ခချုပ်ငြိမ်းသွားတာပေါ့တာ.... (မှန်ပါ့)။

အာရုံပြုရင်းမတ္တာနဲ့ ဒုက္ခတွေဘာဖြစ်သွားသတုံး....(ချုပ်ငြိမ်းသွားပါတယ်ဘုရား)။

အာရုံပြုရင်းမတ္တာနဲ့ ဒုက္ခတွေ ချုပ်ငြိမ်းသွားတော့ ဉာဏ်ကလေးကဖြင့် တခါတည်း အင်း.... ဒုက္ခချုပ်ပေပေါ့....၊ ဒုက္ခချုပ်ပေပေါ့လို့ ဉာဏ်ကလေးကသိတယ်.... (မှန်ပါ့) သူကမေ့သွားတာမဟုတ်ဘူး....(မှန်ပါ့) ဉာဏ်ကသိလျက်ဘဲ.... (မှန်ပါ့ဘုရား)။

အဲဒီကဲ့သို့ ဉာဏ်ကသိတော့ မဂ်ဉာဏ်က တကြိမ်ပေါ်တယ်၊ နောက်ကဖိုလ်ဉာဏ်တွေက နှစ်ကြိမ်,သုံးကြိမ်ပေါ်တယ် (မှန်ပါ့ဘုရား)။

နောက် သိနေတာကလေးက ချုပ်ပေပေါ့....၊ ချုပ်ပေပေါ့လို့ ဆင်ခြင်နေတာက ပစ္စဝေက္ခဏာဉာဏ်လို့ ခေါ်တယ်.... (မှန်ပါ့ဘုရား)။

အဲဒီတော့ကို ဘုန်းကြီးတို့ တကာတကာမတွေ ဝိပဿနာဉာဏ်နဲ့ မဂ်ဉာဏ်နဲ့ ထူးခြားပုံ ယနေ့ရှင်းပေးပြီ .... (မှန်ပါ့) ရှင်းပေးလို့က်တယ်ဆိုတာ ပေါ်ပလား....(ပေါ်ပါပြီ) သဘောကျပြီနော်....(ကျပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ အလုပ်စဉ်ကလေးလဲ မှတ်ပါ.... (မှန်ပါ့) တကာကြွယ်ရော- ဖြစ်ပျက်မြင်ယင် ယထာဘူတဉာဏ်

(မှန်ပါ့) ဖြစ်ပျက်မှုန်းယင်....(နိဗ္ဗိန္ဒဉာဏ်ပါ) ဟာ... ဖြစ်ပျက်တွေ့ ရှုရင်းမတွန့်ဆုံးသွားယင်.... (မဂ်ဉာဏ်ပါဘုရား) မဂ်ဉာဏ်အစစ်ပေါ့... (မှန်ပါ့ဘုရား)။

ဖြစ်ပျက် မြင်ယင် (ယထာဘူတဉာဏ်) ဖြစ်ပျက်မြင်ကတည်းက ယထာဘူတဉာဏ်.... (မှန်ပါ့) ယထာဘူတဉာဏ် ဆိုတာ တခြားမှတ်မနေနဲ့ ခန္ဓာကိုယ်ထဲမှာ အရှိကို အရှိအတိုင်း မြင်လို့ ရှိယင် ဦးမာဒင် ယထာဘူတဉာဏ်.... (မှန်ပါ့ဘုရား)။

ယောကျ်ား မိန်းမ မတွေ့ဘဲနဲ့ ဖြစ်ပျက်တွေ့နေယင် သူ့ကို ဘာ ဉာဏ်ခေါ်ကြမလဲ.... (ယထာဘူတဉာဏ်ပါ) ယထာဘူတ-ယထာသဘာဝ သူ့သဘောကိုမြင်တယ်....(မှန်ပါ့)ခန္ဓာသဘော သွားဖြစ်တယ်....(မှန်ပါ့ဘုရား)။

ခန္ဓာသဘောက အနိစ္စခန္ဓာကြီး ဖြစ်လေသောကြောင့် ဖြစ်ပြီး ပျက်တဲ့ အနိစ္စတွေ့ဘဲမြင်နေယင် ဦးမာဒင်,ဦးသန်းမောင်တို့ ဘာဉာဏ်ခေါ်ကြမလဲ....(ယထာဘူတဉာဏ်ပါဘုရား)။

မလျှော့နဲ့၊ ဒီဉာဏ်ရယင်ဘဲ ခင်ဗျားတို့သေပျော်ပြီ(မှန်ပါ့) ဒီဉာဏ်ရယင် ဒုတိယဘဝ နိဗ္ဗာန်ရမယ်....(မှန်ပါ့ဘုရား)။

သေသည်၏အခြားမဲ့ဥ်လည်း အပါယ်မသွားဘူး (မှန်ပါ့) ရောက်-ရောက်ခြင်းလဲ သောတာပန်တည်ပြီ (မှန်ပါ့)ရှင်းပလား (ရှင်းပါပြီဘုရား)။

အဲဒီတော့ ဖြစ်ပျက်ကလေးမြင်ဘို့ရာ ဉာဏ်ဟာလဲ ယထာဘူတဉာဏ်လို့ ဆိုသောကြောင့် တကာတကာမတို့ အရှိနဲ့အသိဖြင့် ကိုက်ပါပေါ့....(မှန်ပါ့ဘုရား)။

နဂိုရှိအရှိက ယောကျ်ားမိန်းမ ရှိတာမှမဟုတ်ဘဲ.... (မှန်ပါ့) ဖြစ်ပျက်ရှိတာကို ဖြစ်ပျက်သိတော့ ဦးမာဒင်က ဒီဥာဏ်ကို ဘာဥာဏ်လို့ ဆိုမတုံး.... (ယထာဘူတဉာဏ်ပါဘုရား)။

ဒါဖြင့်အရှိနဲ့ အသိကိုက်တဲ့ဥာဏ်သည် ယထာဘူတဉာဏ်.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ဦးဗထွေးတို့ ဦးသန်းမောင်တို့အရှိနဲ့ အသိလိုက်တဲ့ ဉာဏ်.... (ယထာဘူတ ဉာဏ်ပါဘုရား)။

အရှိက ခန္ဓာကိုယ်ထဲ ဘာရှိသတုံး(ဖြစ်ပျက်တွေဘဲရှိပါတယ်) ဖြစ်ပျက်အနိစ္စဘဲ ရှိတယ်....(မှန်ပါ့) သြော်....ရှု လိုက် တော့လဲ ဒါဘဲတွေ့တယ်... (မှန်ပါ့) ဒီတွေ့တဲ့ဉာဏ်ကို ဘာဉာဏ်ခေါ်ကြ မလဲ....(ယထာဘူတဉာဏ်ပါဘုရား) တကာသစ် သိပ်အဘိုးတန်ပြီ....(အဘိုးတန်ပါပြီဘုရား)။

ဒီဉာဏ် ရပြီးတော့ တကာတကာမတွေက နောက်မဆုတ်လိုက်နဲ့ ငါးမိနစ် ဆယ်မိနစ်ရှေ့တိုးလိုက်.... (မှန်ပါ့) ရှေ့တိုးလိုက် ကြည့်နေပါဆက်ပြီးတော့....(မှန်ပါ့) ဆက်ပြီး ဒီဖြစ်ပျက်တွေဘဲ ဆက်ကြည့်နေတဲ့အခါကျတော့ ဉာဏ်ရင့်ပြီး သကာလ သြော်....ဒါတွေဟာ မုန်းစရာ ရှဲစရာ မလိုချင်စရာဆိုတာ ဒါဘဲ ဆိုပြီး တက်လာယင် ဒါနိဗ္ဗိဒဉာဏ် တက်လာတာဘဲ.... (မှန်ပါ့ ဘုရား)။

နောက်ကျတော့ ကိုယ့်ဟာ ကိုယ်ဘဲ ဆင်ခြင် လိုက်တယ် သြော်....ဒါဖြစ်ဒုက္ခ,ပျက်ဒုက္ခ,ဒုက္ခသစ္စာဆိုတာလဲ တခြားလား မှတ်နေတယ်၊ ဒါဘဲ ဆိုတာကိုး .... (မှန်ပါ့) ဖြစ်တာလဲ

ဒုက္ခသစ္စာ၊ ပျက်တာလဲ ဒုက္ခသစ္စာလို့ တကာကြွယ်တို့က သိသွားပြီ(မှန်ပါ့)အဲဒီအသိကလေး ခဏခဏကလေးလဲသိပြီး ရင့်ကျက်ပြီးပါရော 'ဖျတ်'ဆို ဒုက္ခသစ္စာ ဖြစ်ပျက်ဟာ အကုန်ချုပ်သွားတယ်(မှန်ပါ့)။

ချုပ်လို့ရှိယင် ခန္ဓာရှိသေးရဲ့လား.... (မရှိပါဘုရား) နောက်က တဏှာကော.... (မရှိပါဘုရား) ဉာဏ်က ဘယ်ဘက် သွားပါလိမ့်....(နိဗ္ဗာန်ဘက်သွားပါတယ်ဘုရား)။

ချုပ်ဆုံးတာဖြင့် သေချာပြီ၊ ဒုက္ခဖြင့် ကိုယ့်မှာကုန်ပြီ.... (မှန်ပါ့) ဒီဉာဏ်က ဆင်ခြင်လို့က်တယ်....(မှန်ပါ့) ဒုက္ခကုန်တဲ့ဆီကို ဉာဏ်က ရောက်တယ်....(မှန်ပါ့)။

ခုနင်က ဒုက္ခတွေချည့်ရှုနေရတာကိုး....(မှန်ပါ့) အခုတော့ ဒုက္ခ မတွေ့ဘူးဆိုတာလဲ ကိုယ့်ဉာဏ်ဘဲ မပေါ်ပေဘူးလား.... (ပေါ်ပါတယ်ဘုရား)။

အဲဒီ မတွေ့ဘူးဆိုတဲ့ဉာဏ်သည် တကာတကာမတို့ မဂ်ဉာဏ် ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ်ဘဲ....(မှန်ပါ့) ဘာမှ အားမငယ်နဲ့ ဒီဥစ္စာ ဆုံးမှာဘဲ.... (မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဝိပဿနာဉာဏ်က ခန္ဓာစဉ်နဲ့,တဏှာစဉ်နဲ့.... (မှန်ပါ့) မဂ်ဉာဏ်အစစ်ဖြစ်လာတဲ့အခါကျတော့ ရှေ့က ခန္ဓာလဲ ရှာမတွေ့တော့ဘူး....(မှန်ပါ့) နောက်က တဏှာလဲ သူ့ဟာသူ သေနေတယ်....(မှန်ပါ့) ကိုယ့်ဉာဏ်ကလဲ ဖြစ်ပျက်ဆုံးတဲ့ နိဗ္ဗာန်မြင်နေတယ်....(မှန်ပါ့)။

သြော်... မင်္ဂဿကာ သုံးကိုစ္စ....(မှန်ပါ့) ခန္ဓာစုန့်, တဏှာစုန့် နိဗ္ဗာန်မြင်ယ်ယ်...(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား) အဲဒီကို မရောက်-ရောက်အောင်လုပ်ပါဆိုတာ တိုက်တွန်းတယ်.... (မှန်ပါ့)။

ကဲ... ယနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု....သာဓု....သာဓု....

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း မိုးကုတ်ဆရာတော်ဘုရား
အမရပူရမဟာဝိဇ္ဇာရုံဌာန ဟောကြားတော်မူအပ်သော
(ဒီဋ္ဌိသုံးပါးကွာရေးဒေသနာ)
နေ့အလုပ်ပေးတရားတော်
(၁၂ - ၁၀ - ၆၁)

သိကြားမင်းကြီးကို မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဝေဒနာရှုပြီးသကာလ နိဗ္ဗာန်ဝင်ပုံကို စူဠတဏှာသခ်ယသုတ် ဆိုပြီးသကာလ ဟောခဲ့တယ်_ (မှန်ပါ့)။

သူ့ဝတ္ထုကတော့ အရှည်ကြီးပေါ့ဗျာ.... (မှန်ပါ့) ရှည်ပင် ရှည်ငြားသော်လဲ အလုပ်စခန်းက ဝေဒနာရှုပြီးသကာလ ဝေဒနာဖြစ်ပျက်မြင်လို့ ဝေဒနာမုန်းလို့ ဝေဒနာဆုံးတဲ့ နိဗ္ဗာန်ရောက်တယ်ဆိုတာဟာ လိုရင်းက ဒါဘဲ ပါတယ်... (မှန်ပါ့)။

အဲဒီတော့ ဝေဒနာရှုတဲ့ပုဂ္ဂိုလ်များမှာဖြင့် ဝေဒနာသုံးပါးလှည့်ရှုပြီးသကာလ တကာ တကာမတွေ့ ခန္ဓာဥာဏ်လှည့်ပြီး ဝေဒနာပေါ်တိုင်းလိုက်နေလို့ရှိယင် ဝေဒနာ၏ဖြစ်ပျက်ကို မြင်ပါလိမ့်မယ်နော်(မှန်ပါ့)ဝေဒနာတွေ့၏ဖြစ်ပျက်ကိုလဲ ရှုဖန်များယင် ကိုယ့်ခန္ဓာအသေ ကိုယ်မြင်လို့ မုန်းပါလိမ့်မယ်....(မှန်ပါ့ဘုရား)။

ဝေဒနာသည်ကား....လို့ ဆိုလို့ရှိယင်ဖြင့် နောက်ဆုံးပိတ်သုံးဥာဏ်တက်ချင်တော့ ဒုက္ခသစ္စာအစစ်ပါကလားလို့ တကာတကာမတွေ့က ဝေဘန်လိုက်လို့ရှိယင်လဲ ဝေဒနာဆုံးပါလိမ့်မယ် (မှန်ပါ့)။

ဒီကဲ့သို့ ဝေဒနာဆုံးလို့ရှိယင်လဲ " ဝေဒနာနံ ခယာ ဘိက္ခု နိစ္စာတော ပရိနိဗ္ဗုတော" ဆိုတဲ့အတိုင်း ခန္ဓာရှိလျက်နဲ့ ကိလေသပရိနိဗ္ဗာန်စံတဲ့အတွက် နိဗ္ဗာန်မြင်ရပါတယ်....(မှန်ပါ့)။

အဲဒါ....သိကြားမင်းကို ဟောတဲ့သုတ်လို့ မှတ်ထားပါ.... (မှန်ပါ့) ယနေ့တော့ မဟာတဏှာသင်္ခယသုတ်· တဏှာ အကြီးအကျယ် ကုန်အောင်လုပ်တဲ့သုတ်ဆိုပြီးသကာလ မူလပဏ္ဏာသပါဠိတော်မှာဘဲ တကာတကာမတွေ့ ယနေ့ မှတ်ရလိမ့်မယ်.... (မှန်ပါ့)။

သူ့အဓိပ္ပါယ်ကို မပြောမီ တကာတကာမတွေ့ ရှေ့ပိုင်းက ရှင်းထားဘို့ရာက တကာတကာမတွေ့မှာ တသံသရာလုံး မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို မရခဲ့တဲ့လက်သည်ကို ရှာကြစို့.... (မှန်ပါ့ ဘုရား)။

တကာတကာမတွေ့မှာ မဂ်ဉာဏ်,ဖိုလ်ဉာဏ် နိဗ္ဗာန်ကို မရခဲ့တဲ့ လက်သည်ရှားလိုက်တော့ကိုကွာ... တဲ့ ဒီဋ္ဌိသုံးမျိုးတမျိုးမျိုးကပ်နေလို့... လို့ မှတ်လိုက်တာပေါ့....(မှန်ပါ့)။

ဒီဋ္ဌိသုံးမျိုး.... (တမျိုးမျိုးကပ်နေလို့ပါဘုရား) ဒီဋ္ဌိသုံးမျိုး, တမျိုးမျိုးကပ်နေလို့....လို့ မှတ်ပါ....(မှန်ပါ့)။

မဟာတဏှာသင်္ခယသုတ် ဟောတော့မယ်ဆိုတော့ ဒီဋ္ဌိခွါရမယ်၊ ဒီဋ္ဌိခွါပြီးတော့မှ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန်ရ,ရမယ်

ဆိုတာကို ကိုယ်တော်မြတ်ကြီးက သေသေချာချာ ဟောသည် ဖြစ်လေသောကြောင့် တကာတကာမတွေ့ ဒီသုတ်မစ့်မီ ကိုယ့် ကိုယ်တိုင် ဒိဋ္ဌိသုံးမျိုးကိုဖြင့် မရှိအောင်ရှင်းလင်းထားဘို့ အရေး ဟာ အတော်ကြီးတဲ့ အရေးလို့လဲ မှတ်ထားကြပါ.... (မှန်ပါ့ ဘုရား)။

ဒိဋ္ဌိသုံးမျိုးက ဘာတုံးလို့မေးတော့ သက္ကာယဒိဋ္ဌ-သဿတ ဒိဋ္ဌ- ဥစ္ဆေဒဒိဋ္ဌိ (မှန်လှပါဘုရား)။

ဒီသုံးမျိုး တခုခုခံနေလို့ရှိယင်ဖြင့် ဝမ်းထဲမှာ ဆရာကလဲ ရှင်းမပေး၊ တကာတကာမတွေ့ ညာဏ်ဆဲမှာလဲ မရှင်းလင်းလို့ ရှိယင် ဝိပဿနာ အလုပ်ကို ဘယ်လိုပင် အားထုတ်သော်လဲ မင်္ဂုံလ်မရလို့ မှတ်လိုက် .. (မှန်ပါ့)။

ဒိဋ္ဌိဘယ်နှစ်မျိုးပါလိမ့်....(သုံးမျိုးပါဘုရား) ဘာပါ-ဘာပါ လိမ့်....(သက္ကာယဒိဋ္ဌ-သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိပါဘုရား)။

သေသေချာချာမှတ်ကြပါ ၊ သေသေချာချာ မှတ်ကြပါ၊ ဒီဥစ္စာက တသံသရာလုံး ဒို့မှာ မင်္ဂုံလ်ဖိုလ်ဥာဏ်နဲ့ ဝေးပြီး သကာလ နေခဲ့ပြီး အိုဘေး, နာဘေး, သေဘေး အပါယ်ဘေး တွေနဲ့သာ အချိန်ကုန်ပြီးသကာလ နေခဲ့ရဘာသည် ဘယ်သူ တားမြစ်လို့ ဒို့သည် ဘုန်းအဆူဆူနဲ့ လွဲပြီးသကာလ ဒီဘေး တွေနဲ့ တွဲနေရပါလိမ့်မလဲလို့ ဒိဋ္ဌိသုံးမျိုးထဲက တမျိုးမျိုး ငြိနေ လို့သာ တကာကြွယ်-ဘကာသစ် မှတ်လိုက်စမ်းပါ- (မှန်လှပါ ဘုရား)။

ဒိဋ္ဌိသုံးမျိုးထဲက....(တမျိုးမျိုးငြိနေလို့ပါဘုရား)တမျိုးမျိုး ငြိနေလို့....(မှန်ပါ့)။

သြော်.... ဒါဖြင့် တကာတကာမတွေ နိဗ္ဗာန်အကန့်ကွက်ဆိုး ဟာ ဘယ်သူပါလိမ့်ဗျာ... (ဒိဋ္ဌိပါဘုရား) သေသေချာချာ မှတ်ပါ....(မှန်ပါ့) နိဗ္ဗာန်အကန့်ကွက်ဆိုးဟာလေ... (ဒိဋ္ဌိပါဘုရား)။

နတ်ပြည်မကန့်ကွက်ပါဘူး တကာတကာမတို့.... (မှန်ပါ့) ဗြဟ္မာ့ပြည် မကန့်ကွက်ပါဘူး.. (မှန်ပါ့) လူ့ပြည် ပြန်ရောက်ဘို့ ကိုတော့လဲ မကန့်ကွက်ပါဘူး(မှန်ပါ့)။

တကယ့်ဒုက္ခခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်ရောက်မှာကျတော့ ဒီသုံးခု တခုခုရှိယင် တကာ တကာမတို့ ဘယ်တော့မှ မရောက်လို့ မှတ်ပါ....(မှန်ပါ့) မှတ်မိကြပလား....(မှတ်မိပါပြီဘုရား)။

ဒိဋ္ဌိဘယ်နှစ်မျိုးပါလိမ့် . (သုံးမျိုးပါဘုရား) ရေစမ်းပါဦး.... (သက္ကာယဒိဋ္ဌိ သဿတဒိဋ္ဌိ-ဥစ္ဆေဒဒိဋ္ဌိပါဘုရား)။

တကာကြယ် ဒီဒိဋ္ဌိသုံးမျိုးဟာ မဂ္ဂင်္ဂရယ်လို့ ခေါ်တယ်နော် (မှန်ပါ့)မဂ္ဂင်္ဂရယ်ဆိုတာ မင်္ဂလာရယ် ...(မှန်ပါ့) မင်္ဂကို မရအောင်တားတဲ့အထဲမှာ သူတို့သုံးခုဘဲ.... (မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီ)။

နတ်ရွာသုဂတိမတားဘူး.... (မှန်ပါ့ဘုရား) ဗြဟ္မာပြည်လဲ.... (မတားပါဘုရား) တကယ့် မင်္ဂလာ ဖိုလ်လာ နိဗ္ဗာန်သွား တော့မယ်ဆိုတော့....(တားပါတယ်ဘုရား)။

ဒါဖြင့် ဒီဝမ်းထဲမှာ တကာတကာမတွေ့၏ ဧန္ဒာကိုယ်ထဲမှာ ဒီသုံးမျိုးစလုံး ဆဆာလုပ်တဲ့ပုဂ္ဂိုလ်က ရှင်းမပေး... (မှန်ပါ့)။

တကာတကာမတွေကလဲ ဥာဏ်ထဲမှာရှင်းမထား.... (မှန်ပါ့) ဆရာကလဲရှင်းမပေး၊ တကာတကာမတွေကလဲ မရှင်းဘဲထားကြ

မယ်ဆိုလို့ ရှိယင်ဖြင့် နောက် မြတ်စွာဘုရားခေတ္တ ဂင်္ဂါဝါဋ္ဌသဲစုနဲ့ အမျှ ပဉ္စင်္ဂြားသော်လဲ ခင်ဗျားတို့ ဒီဌိက တားတာနဲ့ မရပါဘူး (မှန်ပ!)အင်မတန်နစ်နာမယ်ဆိုတာ ပေါ်ကြပလား(ပေါ်ပါပြီ ဘုရား)။

ကောင်းပြီ ဒါဖြင့် ဦးမာဒင်ရေ· ဒီဌိ အရေးကြီးတယ်.... (အရေးကြီးပါတယ်ဘုရား)။

အဲဒါ မဟာတဏှာသင်္ခါယသုတ်ဟောမယ်လို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီး ကန်ဆာဆင်လို့ ဘုန်းကြီးများက ရှေ့ပိုင်းကနေပြီးသကာလ ဒီဌိအရေးကြီးတဲ့သုတ်ကို ဘုရားက ဟော မှာကြောင့် ဒီဌိကိုရှေ့ပိုင်းက ဆရာဘုန်းကြီးက ရှင်းပေးနေတယ် မှတ်ကြရမယ်....(မှန်ပါ့ဘုရား)။

ကိုင်း.... ဒါဖြင့် ဆရာဘုန်းကြီးရှင်းတာဘဲ တကာတကာမ တွေ့ ညာဏ်ထဲမှာလင်းသွားအောင် ကိုယ်-ကိုယ်တိုင် နားထောင် တာပေါ့... (မှန်ပါ့ဘုရား)။

ဥပမာမယ် စားချင်တဲ့စိတ်ကလေးပေါ်လာတယ်....(မှန်ပါ့) စားချင်တဲ့စိတ်ကလေးပေါ်လာတယ် ဝမ်းထဲမှာ ထမင်းဆာလိုက် တာဆိုတော့ တမင်းစားချင်တဲ့စိတ်ကလေး မပေါ်ဘူးလား.... (ပေါ်ပါတယ်ဘုရား)။

အင်း.... ထမင်းစားချင်တဲ့စိတ်ကလေးဟာ အခုမှပေါ်လာ တာ(မှန်ပါ့)ဝ,နေတုန်းက ပေါ်လာတာလား....၊အခုဆာမှပေါ် လာတာလား....(အခုဆာမှ ပေါ်လာတာပါ) သြော်.... ဒါဖြင့် နဂိုရိကာမရှိဘူး...၊ ဆာမှပေါ်လာတဲ့စိတ်ဘဲ....(မှန်ပါ့)။

ဘယ်လို ဆာလောသတုံးလို့ မေးတဲ့ အခါကျတော့ သူလဲ့ အကြောင်းမရှိဘဲနဲ့ မဆာပါဘူး... (မှန်ပါ့ဘုရား)။

စိတ်ထဲကလဲ မနောထဲကလဲ အင်း....ထမင်းစားချိန်ရောက်ပြီ ဆိုပြီး ထမင်းဘက်လဲ စိတ်ကလေးလှည့်လိုက်ပါရော ဆာတဲ့ စိတ် ကလေးဟာ တခါတည်း ဖျတ်ကနဲပေါ်လာတယ်.... (မှန်ပါ့) သတိမရယင်လဲ မပေါ်ဘူး....(မပေါ်ပါဘုရား)။

ဒါဖြင့် ဒီထမင်းစားချင်တဲ့စိတ်ကလေးဟာ တကာတကာမ တို့ ထမင်းကြောင့်လဲပေါ်တယ်.... (မှန်ပါ့) မနောအကြည်ဆိုတဲ့ ကိုယ့်ဝမ်းထဲမှာရှိတဲ့ မှန်ကလဲ ထမင်းဘက်ကို လှည့်လိုက်တယ်.... (မှန်ပါ့ဘုရား)။

ဝမ်းထဲမှာရှိတဲ့ မနောအကြည်မှန်က ဘယ်လှည့်လိုက်သလဲ.... (ထမင်းဘက်လှည့်ပါတယ်ဘုရား)။

ဒါဖြင့် ဝမ်းထဲမှာရှိတဲ့ဘဝင်အကြည်ဆိုတာက တခါတည်း တကာတကာမတို့ ထမင်းချက်တဲ့ဘက် အဲဒီ ဟင်းနုံ့ နုံတဲ့ဘက်ကို သူလဲလှည့်လိုက်ပါရောတဲ့ ဆာလိုက်တာကွာ... (မှန်ပါ့) ဒီအနုံ့ ကလေးရတော့ စားချင်လိုက်တာကွာ... (မှန်ပါ့)။

ဒီအနုံ့ကလေး ခုတော့ စားချင်လိုက်တာဆိုပြီး စားချင်တဲ့ စိတ်ကလေးဟာ တကာတကာမတို့ အလိုလိုပေါ်သလား... အကြောင်းနှစ်ခုကြောင့် ပေါ်သလား (အကြောင်းနှစ်ခုကြောင့် ပေါ်ပါတယ်ဘုရား)။

လူသေကြွတော့ ဒီဘဝင်အကြည်က ဝမ်းထဲမှာရှိတဲ့ ဘဝင် အကြည်မှန်က ထမင်းဘက်မလှည့်တော့ဘူး....(မလှည့်ပါဘုရား)

မလှည့်တော့ စားချင်တဲ့စိတ် လာသေးသလား .... (မလာပါဘုရား)။

လူရှင်ကျတော့ အချိန်ကျလာယင် မနောအကြည်က ထမင်းဘက်လှည့်လိုက်တယ်....(မှန်ပါ့) ထမင်းဘက်လှည့်လိုက်တော့ ထမင်းနဲ့ မနောအကြည်နဲ့သွားပြီးတိုးမိကြတယ်....(မှန်ပါ့ဘုရား) တိုးမိကြဆိုတာ တည့်တာပါဘဲ....(မှန်ပါ့)။

အဲဒီကဲ့သို့ တည့်လိုက်သည်နဲ့တပြိုင်နက်တည်း စားချင်တဲ့စိတ်ကလေးဟာ ဖျတ်ကနဲဆို ဘဝင်အကြည်ပေါ်မှာ လာပေါ်တယ်....(မှန်ပါ့) ပမ်းထဲမှာ လာပေါ်တယ်....(မှန်ပါ့)။

ဒါဖြင့် တကာသစ်တို့က တကာကြွယ်တို့က စဉ်းစားတာပေါ့နော်.... (မှန်ပါ့) ဒီစိတ်ကလေးဟာ အလိုလိုပေါ်သလား....၊ စုပေါင်းပြီးလုပ်လိုက်တာလား.... (စုဒပေါင်းပြီး လုပ်လိုက်တာပါဘုရား)။

ဒါဖြင့် တကာတကာမတို့ ထမင်းစားချင်တဲ့ စိတ်ကလေး မနောထဲမှာပေါ်လာတာ ကျုပ်ပဲဝမ်းထဲမှာဖြင့် ထမင်းစားချင်တဲ့စိတ်ဟာ အရေးအကြီးဆုံးပေါ်နေတယ်လို့ ဆိုဟာ တကာတကာမတွေ့ သူ့မပေါ်ခင်က မနောအကြည်မှန်ကလဲ ထမင်းဘက်လှည့်လိုက်ပါတယ် .. (မှန်ပါ့ဘုရား)။

ဟိုကလဲ ထမင်းကလဲ ရှိနေပါတယ်.... (မှန်ပါ့) ထမင်းနဲ့ မနောအကြည်နဲ့ နှစ်ခုပေါင်းပြီးသကာလ စားချင်တဲ့စိတ်ကလေး ဖြစ်ပါတယ်....(မှန်ပါ့ဘုရား)။

ဒါဖြင့် မနောအကြည်နဲ့ ထမင်းနဲ့ နှစ်ခုပေါင်းပြီးသကာလ ပြုလုပ်လိုက်လို့ ပေါ်လာတဲ့ ထမင်းဆာတဲ့စိတ်....(မှန်ပါ့) ရှင်းပလား(ရှင်းပါပြီဘုရား)။

ဒါ သေသေချာချာ နားထောင်ပါတဲ့၊ ဒီစိတ်ကလေးဟာ အလိုလိုပေါ်လာတာလား... ၊ အကြောင်းနှစ်ခုကြောင့်ပေါ်လာတာလား.... (အကြောင်းနှစ်ခုကြောင့်ပေါ်လာပါတယ်ဘုရား)။

လောကီဥပမာနဲ့ ဘုန်းကြီးတို့ တကာတကာမတွေ ရှင်းအောင် လင်းအောင် ပြောကြပါစို့ ဆိုတော့ လက်နှစ်ခုကို တကာတကာမတွေက အဝေးကနေပြီး လှဲတဲ့ပြီးရိုက်လိုက်တဲ့အခါ ကျတော့ လက်ခုတ်သံဆိုတာ ထွက်လာတယ်... (မှန်ပါ့) မထွက်လာဘူးလား... (ထွက်လာပါတယ်ဘုရား)။

ဒါကြောင့် တကာတကာမတို့ ပဌမလက်ထဲမှာဘဲ ဒီအသံပါသလား၊ ညာဘက်မှာလဲ ဒီအသံပါသလား....၊ ဘယ်ဘက်မှာလဲ ဒီအသံပါသလားလို့ မေးတော့ မပါ-ပါဘူး .... (မှန်ပါဘုရား) သူတို့နှစ်ခုထိခိုက်မှုကြောင့် အသံဖြစ်ပါတယ်.... (မှန်ပါ့)။

နှစ်ခုထိခိုက်မှုကြောင့်... (အသံဖြစ်ပါတယ်)ဒီမှာလဲ ခင်ဗျားတို့ စားချင်တဲ့စိတ်ကလေးဆိုတာ အသံနဲ့ တူပါတယ်... (မှန်ပါ့) မနောအကြည်နဲ့ ထမင်းအာရုံနဲ့ထိမိတဲ့အတွက် သူ့ဘက်လှည့်မိတဲ့အတွက် စားချင်တဲ့စိတ်ကလေးပေါ်လာတယ်.... (ပေါ်လာပါတယ်ဘုရား)။

ဒါဖြင့် ဒီစိတ်ကလေးဟာ တကာတကာမတို့ အခုမှပေါ်လာတဲ့စိတ်ဆိုယင်ဖြင့်ဦးမာဒင်တို့ လွဲပါ့မလား....(မလွဲပါဘုရား) သြော်... အခုမှပေါ်လာတဲ့စိတ်ဘဲ... (မှန်ပါ့ဘုရား)။

တကာတကာမတို့ ဒီစိတ်ကလေးဟာ ရှေးကပေါ်လာသလား တဲ့ ယခုမှ ထမင်းဘက်လှည့်လိုက်တာနဲ့ ပေါ်လာတာလား... (ယခုမှ ထမင်းဘက်လှည့်လိုက်တာနဲ့ ပေါ်လာတာပါဘုရား)။

ထမင်းဘက်လှည့်လိုက်လို့နော်.... (မှန်ပါ့) ထမင်းဘက်လှည့်လိုက်တာနဲ့ စားချင်တဲ့စိတ်ကလေး ပေါ်တယ် .... (မှန်ပါ့ဘုရား)။

ကဲ.... အိပ်ရာထဲက နေပြီးသကာလ ဥပမာ ဦးမာဒင်တို့ လူစုတွေက လှည့်လိုက်တာပေါ့ဗျာ ရန်ကုန် လှည့်လှည့်, ဟဲသ်ာတ လှည့်လှည့်နော်....(မှန်ပါ့ဘုရား)။

အိပ်ရာထဲကနေ မနောအကြည်ကလေး လှည့်လိုက်တော့ဟို က သားတွေ့,သမီးတွေကို ကြောင့်ကြတဲ့စိတ်ကလေးကလဲ ဒီလာပေါ်တယ် (မှန်ပါ့ဘုရား)။

ခင်ဗျဲ့စိတ်ကလေးက... (ဒီလာပေါ်ပါတယ်) စိုးရိမ်တဲ့စိတ်ကလေးက....(ဒီလာပေါ်ပါတယ် ဟေ့ဟ်.... မနောအကြည်လှည့်လိုက်တော့ ဟိုက ဓမ္မာရုံနဲ့.သွားပြီး တိုက်ဆိုင်ကြဘယဲ (မှန်ပါ့ဘုရား)။

ဒါ့ကြောင့် "မနုဿ ပဋိစ္စ ဓမ္မမစ ဥပ္ပဇ္ဇတိ မနောဝိညာဏ" ဆိုပြီး ဒီစိတ်ကလေးဟာ စိုးရိမ်ကြောင့်ကြတဲ့ စိတ်ကလေးလဲ ပေါ်တယ်....(ပေါ်ပါတယ်) ဒါဖြင့် သူလဲအကြောင်းဘယ်နှစ်ခု ပါလိမ့် (အကြောင်းနှစ်ခုပါဘုရား)။

ဒါဖြင့်တကာတကာမတွေ့ ထမင်းစားချင်တာလဲအကြောင်းနှစ်ခု....(မှန်ပါ့) မျက်လုံးနဲ့ ကြည့်လို့ မြင်တဲ့အခါမှာကော... (အကြောင်းနှစ်ခုပါဘုရား) နားနဲ့ထောင်တဲ့ အခါမှာကော.... (အကြောင်းနှစ်ခုပါဘုရား)။

အကြောင်းနှစ်ခုကြောင့် စိတ်ပေါ်တယ်လို့ စိတ်ဟူသ၍ အကြောင်းနှစ်ခုကြောင့်ပေါ်တယ်လို့ ခင်ဗျားတို့သန္တာန် ဘယ် စိတ်ပေါ်ပေါ်မူတ်လိုက်စမ်းပါ.... (မှန်ပါ့ဘုရား)။

ဘယ်စိတ်ပေါ်ပေါ်.... (အကြောင်းနှစ်ခုကြောင့် ပေါ်ပါတယ်ဘုရား) အကြောင်းနှစ်ခု တိုက်ဆိုင်လို့ ပေါ်တယ်လို့ တကာတကာမတွေ့ နည်းပေးလိုက်ပါတယ်....(မှန်ပါ့)။

အကြောင်းနှစ်ခု တိုက်ဆိုင်လို့ ပေါ်ပြီးသကာလ ဒီစိတ် မလှည့်တော့ဘူး တကာသစ်ခရဆိုးတော့ အကြောင်းနှစ်ခု တခုခု ချို့.ယင်လဲ ဒီစိတ်ပျက်သွားတယ်.... (မှန်ပါ့ဘုရား)။

ဒီစိတ်ကလေးသည် တကာတကာမတို့ .... အကြောင်းနှစ်ခု တိုက်ဆိုင်လဲပေါ်တယ်.... (မှန်ပါ့) အကြောင်းနှစ်ခု တခုခုချို့. သွားယင်လဲ ...(မပေါ်ပါဘုရား)ပျက်စီး သွားတယ်... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ဒီစိတ်ကလေးဟာလဲ တကာတကာမတို့ ပေါ်လိုက် ပျောက်လိုက်ပေါ့.. (မှန်ပါ့ဘုရား)။

ထမင်းဆာတဲ့စိတ်ကလေးဟာလဲ... (ပေါ်လိုက်·ပျောက်လိုက် ပါဘုရား)မြင်တဲ့စိတ်ကလေးဟာလဲ... (ပေါ်လိုက်-ပျောက်လိုက် ပါဘုရား) ကြားတဲ့စိတ်ကလေး... (ပေါ်လိုက်-ပျောက်လိုက် ပါဘုရား)။

အကြောင်းနှစ်ခု တိုက်ဆိုင်ယင်ပေါ်တယ်....(မှန်ပါ့) မတိုက် ဆိုင်ယင်ပျက်တယ်...(မှန်ပါ့) သဘောကျပလား.... (ကျပါပြီ ဘုရား)။

ဒါဖြင့် တကာတကာမတို့သန္တာန်မှာ စိတ်ခြောက်မျိုးရှိတယ်.... (မှန်ပါ့)မြင်စိတ်,ကြားစိတ်,နံစိတ်,စားစိတ်,ယားယစိတ်,ကြံစည် တွေးတောစိတ်ရယ်လို့ ခြောက်မျိုးရှိတယ်-(မှန်ပါ့) အကြောင်း

နှစ်ခုတိုက်ဆိုင်လို့ ပေါ်တဲ့စိတ်ချည့်မှတ်လိုက်စမ်း- (မှန်ပါ့ဘုရား) ဒီစိတ်ကလေးသည် တကာတကာမတို့ အကြောင်းနှစ်ခု-တခုခု ချို့.ပြန်တော့လဲ ပေါ်တဲ့ စိတ်ကလေးဟာ ပျက်သွားတယ် ..... (ပျက်သွားပါတယ်ဘုရား)။

ဒါဖြင့် ဒီစိတ်ကလေးသည် အာဂန္တုသဘောနဲ့ ပေါ်တယ်..... (မှန်ပါ့)အာဂန္တုသဘောနဲ့.ပျက်တယ်....(မှန်ပါ့) ရှင်းပြီးနော်.... (ရှင်းပါပြီဘုရား)။

အာဂန္တုသဘောနဲ့... (ပေါ်ပါတယ်ဘုရား) အာဂန္တုသဘောနဲ့.....(ပျက်ပါတယ်)ဒါဖြင့် ဒီစိတ်ကလေးဟာ ဖြစ်ပျက်ဘဲ.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒီလိုသိထားတော့ စိတ်ကလေးပေါ်လာတာလဲတကာတကဲ့မတွေ့က သိတယ်... (မှန်ပါ့)ပြီးတော့ပျက်သွားတာ၊ အကြောင်းမတိုက်ဆိုင်တော့လဲ တခုခုချို့. သွားယင်လဲ.... (ပျက်ပါတယ်ဘုရား)။

ဒါဖြင့် ဒီစိတ်ကလေးသည်ကား ဖြစ်မှုပျက်မှု မမှကလေးဘဲ.... (မှန်ပါ့ဘုရား)။

ဖြစ်တတ်ပျက်တတ်တဲ့ မမှကလေးဘဲ.... (မှန်ပါ့) ရှင်းပြီနော် (ရှင်းပါပြီ)။

ဒါဖြင့် ဘယ်စိတ်ဖြစ်ဖြစ် တကာသစ်တို့က ဘယ်လိုဆုံးဖြတ်ချက်ချမလဲ.... (ဖြစ်တတ်-ပျက်တတ်တဲ့ ဓမ္မကလေးပါဘုရား) ဖြစ်တတ်ပျက်တတ်တဲ့ ဓမ္မပါဘဲ....(မှန်ပါ့)။

သြော်.. ဒါဖြင့် ဖြစ်တတ်ပျက်တတ်တဲ့ ဓမ္မလို့ ဦးဗထွေးတို့ ဦးသန်းမောင်တို့က တခါတည်းယူထားလိုက်.... (မှန်ပါဘုရား)။

ဖြစ်လဲဖြစ်တာဘဲ ပျက်လဲပျက်တာဘဲ....(မှန်ပါ့) အကြောင်း တိုက်ဆိုင်ယင် ဖြစ်၊ အကြောင်းမတိုက်ဆိုင်ယင် ပျက်....(မှန်ပါ့) ဒါဖြင့် ဒီစိတ်ကလေးသည် ဖြစ်မှုပျက်မှု တရားကလေးတခုဘဲ.... (မှန်ပါ့ဘုရား)။

ဘယ်လိုဆိုကြမလဲ.... (ဖြစ်မှု·ပျက်မှုတရားကလေးတခုပါ)ဝါ အနိစ္စတရားကလေးတခုဘဲလို့ ဆိုလိုက်ပါ... (မှန်ပါ့) ဘယ်စိတ် ပေါ်ပေါ်· ဒီ အကြောင်း နှစ်ခုကြောင့် ပေါ်တဲ့ စိတ်သည် အကြောင်းနှစ်ခု ရုပ်သိမ်းယင် ပျက်မြဲမှုတာ... (မှန်ပါ့ဘုရား) ရှင်းပလား.. (ရှင်းပါပြီဘုရား)။

ဒါဖြင့် .... ဒီ စိတ်ကလေးသည် တကာ တကာမတို့ .... အကြောင်း တိုက်ဆိုင်လို့ .... ပေါ်ပြီး အကြောင်း မတိုက် ဆိုင်ယင် ပျက်တာဘဲ....(မှန်ပါ့) ကိုယ်ပိုင်ကိုယ်ဆိုင်ဆိုလို့ ရရဲ့ လား....(မရပါဘုရား) သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါဖြင့် စိတ်ကလေး သည်ကားလို့ဆိုယင် ဖြစ်ပြီးပျက်တတ် တဲ့ဓမ္မကလေးဘဲ.... (မှန်ပါ့) အကြောင်းနှစ်ခု တိုက်ဆိုင်တော့ စိတ်ကလေးပေါ်တယ်.... (မှန်ပါ့ဘုရား)မပေါ်လာဘူးလား.... (ပေါ်လာပါတယ်ဘုရား)။

ထမင်းဆာတဲ့စိတ်,လှမ်းဆွတ်တဲ့စိတ်,မြင်တဲ့စိတ်,ကြားတဲ့စိတ် ဒါ အကြောင်းတိုက်ဆိုင်လို့ ပေါ်တာချည့်ဘဲ...(မှန်ပါ့) နှစ်ခု တိုက်ဆိုင်လို့ ပေါ်တဲ့စိတ်ချည့်ပါဘဲ.... (မှန်ပါ့ဘုရား)။

ဒါဖြင့် ပေါ်လာတဲ့ စိတ်ကလေးဟာ စိတ်ဘဲလို့ တကာ တကာမတွေ သိပေးပါ... (မှန်ပါ့) သိကြရဲ့လား....(သိပါတယ် ဘုရား)။

အကြောင်းနှစ်ခုတိုက်ဆိုင်ယင် ပေါ်လာတာဇလေးဟာ ဘာခေါ်ကြမယ်....(စိတ်ပါဘုရား) သြော်....ဒါဖြင့် ပုဂ္ဂိုလ်သတ္တဝါ မဟုတ်ပါဘူး....(မဟုတ်ပါဘုရား)။

ပေါ်လာတာဇလေးဟာ စိတ်ကလေး ပေါ်လာတာဘဲလို့ ဘုန်းကြီးတို့ တကာတကာမတွေက သိနေလို့ရှိယင်ဖြင့် ဦးမာဒင်တို့ ဦးဗထွေးတို့ ဦးသန်းမောင်တို့က သြော်....စိတ်ကလေး ပေါ်တာဘဲ... (မှန်ပါ့)။

ပုဂ္ဂိုလ်သတ္တဝါပေါ်တာ ဟုတ်ကဲ့လား... (မဟုတ်ပါဘုရား) ဘာပေါ်တာတုံး .. (စိတ်ကလေးပေါ်တာပါဘုရား)။

တကာကြွယ် စိတ်ကလေးပေါ် လာတာ.... (မှန်ပါ့) ဒီစိတ် ပေါ်တိုင်းပေါ်တိုင်း စိတ်ပေါ်တာဘဲလို့ သိတယ် နော် .... (မှန်ပါ့)။

ဒီလိုသိနေကဘာညီးက ပုဂ္ဂိုလ်သတ္တဝါပေါ်တာ ဟုတ်ရဲ့လား....(မဟုတ်ပါဘုရား) ယောကျ်ား-မိန်းမ ပေါ်လာတာ.... (မဟုတ်ပါဘုရား) ဘာခပေါ်တာတုံး....(စိတ်ကလေးပေါ်တာပါဘုရား)။

အကြောင်းနှစ်ခုတိုက်ဆိုင်တာနဲ့ စိတ်ကလေးဖျတ်ကနဲ ဖျတ်ကနဲပေါ်တယ်....(မှန်ပါ့ဘုရား)။

ဥပမာမယ်-စဉ်းစားကြည့်ပါလား တကာတကာမတို့ မီးခြစ် အိမ်မှာလဲ ယမ်းကလေးသုတ်ထားဘယ် မီးခြစ်ဆံ ခေါင်းမှာလဲ ယမ်းကလေး သုတ်ထားတယ်.... (မှန်ပါ့) မီးခြစ် အိမ်ထဲမှာလဲ နဂိုရိုက မီးတောက်မပါ-ပါဘူး....(မပါ-ပါဘုရား)။

မိုးခြစ်ဆံခေါင်းကလေးမွာကော.... (မပါပါဘုရား) နှစ်ခု တိုက်ဆိုင်ယင် မိုးတောက်ကလေး ပေါ်တယ်.... (မှန်ပါဘုရား) ဩော်... ဒါဖြင့် ဒီမိုးတောက်ကလေးဟာ တိုက်ဆိုင်မှ ပေါ်တဲ့ မိုးတောက်... (မှန်ပါ) မတိုက်ဆိုင်ယင်.... (မပေါ်ပါဘုရား)။

အဲ... စိတ်ကလေးဟာလဲ... ဒီလိုဘဲ နှစ်ခုတိုက်ဆိုင်မှ အလယ်ကပေါ်တဲ့ မိုးတောက်ကလေး....(မှန်ပါ) ဒီစိတ်ကလေးဟာလဲ တိုက်ဆိုင်မှပေါ်လာတဲ့စိတ်ကလေး....(မှန်ပါ)သဘောကျပလား (ကျပါပြီဘုရား)။

ဒါဖြင့်-ဒီစိတ် ပေါ်တိုင်း-ပေါ်တိုင်း တကာတကာမတွေ့ဩော်....အာဂန္တုကလေး-အာဂန္တုကလေးလို့ အောက်မေ့လိုက်စမ်းပါ....(မှန်ပါ့)။

ဘယ်လို အောက်မေ့ရမလဲ.... (အာဂန္တုကလေး အာဂန္တုကလေးလို့ အောက်မေ့ရပါမယ်ဘုရား)။

အာဂန္တုကလေး အာဂန္တုကလေးလို့ အောက်မေ့ နေလို့ရှိယင်ဖြင့် ဩော်... စိတ်ကလေး အာဂန္တုကလေး ညည်းသည်ကလေး (မှန်ပါဘုရား)။

ဒီလိုတကာကြွယ်တို့က အောက်မေ့ကြမယ်၊ ဦးမာဒင်တို့ကအောက်မေ့ကြမယ်ဆိုယင်ဖြင့် ပုဂ္ဂိုလ်သတ္တဝါ မဟုတ်တော့ပါဘူး....(မဟုတ်တော့ပါဘုရား)။

ယောကျ်ားမိန်းမ (မဟုတ်တော့ပါဘုရား) အဲဒါသက္ကာယဒိဋ္ဌိပြုတ်တာဘဲ...(မှန်ပါ့) ငါထင်သူထင်သေးရဲ့လား... (မထင်ပါဘုရား) ဘာပြုတ်သွားတာလဲ.... (သက္ကာယ ဒိဋ္ဌိပြုတ်ပါတယ်ဘုရား)။

သြော်...ဒါကြောင့် ဆရာဘုန်းကြီးက ဖြစ်ပျက် အားထုတ်ပြီး မဂ်ဉာဏ်,ဖိုလ်ဉာဏ်ရအောင် အားထုတ်နေတဲ့ တကာတကာမတွေ့ ဒိဋ္ဌိခံနေမှာစိုးလို့ ဒိဋ္ဌိသုံးမျိုးကို ရှေ့ပိုင်းက ဖြုတ်ပေးခဲ့နေတယ်ဆိုတာ မှတ်ထားပါ....(မှန်ပါဘုရား)။

ဖြုတ်တတ်ကြပလား....(ဖြုတ်တတ်ပါပြီဘုရား)တိုက်ဆိုင်လို့ ပေါ်လာတာ ဘာကလေးပါလိမ့်.... (စိတ်ကလေးပါ) အဲဒါ ယောကျ်ားကလေး- မိန်းမကလေးသား- ငါလား- သူလားလို့ မေးလိုက်ဘယ်..(မဟုတ်ပါဘုရား) ဘာကလေးတုံး.... (စိတ်ကလေးပါဘုရား)။

သြော်....စိတ်ကလေး·စိတ်ကလေးလို့ သိသိ,သိသိ နေလို့ ရှိယင်ဖြင့် ငါမဟုတ်,သူမဟုတ်၊စိတ်ကလေးသာ ဟုတ်၏ဆိုတော့ ဦးမာဒင်ရေ- ပုဂ္ဂိုလ်သတ္တဝါ ထင်သေးရဲ့လား(မထင်ပါဘုရား) ဘာပြုတ်သွားကြသလဲ.... (သက္ကာယပြုတ်သွားပါတယ်ဘုရား)။

သြော်..ဒါဖြင့် တကာတကာမတို့ မဂ်ဖိုလ်တားမည့် တရားတခုတော့ ခင်ဗျားတို့ဝမ်းထဲမရှိခဲတော့ဘူး·(မရှိတော့ပါဘုရား)။

ဘယ်စိတ် ပေါ်ပေါ် တကာ တကာမတို့ ည့ဲသည်စိတ် အာဂန္တုစိတ်ကလေးလို့သာ မှတ်လိုက်ကြပါတော့.... (မှန်ပါ) ကျေနပ်ကြပလား...(ကျေနပ်ပါပြီဘုရား)။

ဒီလိုသိသိ-နေလို့ရှိယင် ဘာပြုတ်ပါသလဲ... (သက္ကာယဒိဋ္ဌိ ပြုတ်ပါတယ်ဘုရား)။

သေသေချာချာမှတ်ကြပါ.... ဒီဥစ္စာ ဖြေးဖြေးဆေးဆေးနဲ့ တကာတကာမတွေ့၊ တသံသရာလုံးက မဂ်,ဖိုလ် တားတာလဲ

သက္ကာယဒိဋ္ဌိ....(မှန်ပါ့ဘုရား) ဦးသန်းမောင် ကျေနပ်ပြီနော်.... (ကျေနပ်ပါပြီဘုရား)။

ဘယ်စိတ်ပေါ်ပေါ်-ပုဂ္ဂိုလ်သတ္တဝါပေါ်တာလား-စိတ်ပေါ်တာလား.... (စိတ်ပေါ်တာပါဘုရား) ဒီလိုသိနေတဲ့ပုဂ္ဂိုလ် ဘာဒိဋ္ဌိပြုတ်ပါလိမ့်.... (သက္ကာယဒိဋ္ဌိပြုတ်ပါတယ်ဘုရား)။

သြော်....ဒါဖြင့် ခင်ဗျားတို့ နေရာကျပါပြီ ဦးလှဘူး,ရဲ့.... (မှန်ပါ့)သို့သော်လဲတဲ့.... ကျန်တဲ့ဒိဋ္ဌိနှစ်မျိုး ဖြုတ်ပြကြဦးစို့.နော် (မှန်ပါ့)။

ကျန်တဲ့ ဒိဋ္ဌိနှစ်မျိုးဟာ ဒီစိတ်ကလေးဟာ ပေါ်ပြီးတော့ တကာသစ်,ရေ... ကြာရှည်နေသလား-ပျက်သွားသလား....(ပျက်သွားပါတယ်ဘုရား) သဘောကျပလား... (ကျပါပြီ)။

ပေါ်ပြီးတော့ ဘာဖြစ်သွားသတုံး.... (ပျက်သွားပါတယ်ဘုရား) ပျက်သွားတာ မြင်လို့က်သဖြင့် ဒီစိတ်ကလေးဟာ ပေါ်လဲ ပေါ်တယ်၊ ပေါ်ပြီးသကာလ မခိုင်မြဲဘဲနဲ့ ပျက်စီးသွားရရှာတယ်ဆိုတာလဲ ခင်ဗျားတို့ အသိသားဘဲ.... (သိပါတယ်ဘုရား)။

ဒါဖြင့် ခိုင်မြဲတယ်ဆိုတဲ့ သဿတဒိဋ္ဌိတော့ ပျက်တာမြင်တဲ့ ပုဂ္ဂိုလ်များ၊ ပျက်တယ်လို့ သိနေတဲ့ပုဂ္ဂိုလ်များ သဿတဒိဋ္ဌိရှိသေးရဲ့လား....(မရှိပါဘုရား)။

သြော်....နေရာကျပြီနော်....(မှန်ပါ့) ပျက်တယ်၊ ခဏကလေး ပေါ်ပြီး ပျက်တာဘဲ·ပျက်သွားတာဘဲ ပျက်သွားတာဘဲလို့ဆိုပြီး ဉာဏ်နဲ့.မမြင်နဲ့ဦး၊ စိတ်ဟူသ၍ ဒီလို ပျက်တာချည့်ဘဲဟု ဝိပဿနာ မရှုပါနဲ့.ဦး....(မှန်ပါ့)။

ဩော်.... ပျက်တတ်တဲ့တရားဘဲ- ပျက်တတ်တဲ့တရားဘဲ ...လို့ ပေါ်လာတယ် ဆိုတာလဲ တမျိုးဘဲ....၊ ငါမဟုတ်တာကလေး ပေါ်လာတယ်....(မှန်ပါ့)။

ပျက်သွားပြန်တော့ကော ဩော်.... ပျက်တတ်တဲ့အမျိုးဟာ ပျက်သွားတာဘဲလို့ ဆရာဘုန်းကြီးဟောတဲ့အတိုင်း ခင်ဗျားတို့ ခန္ဓာထဲမှာ ဒီလိုပျက်တဲ့တရားကလေးဘဲလို့ သိနေပြန်လို့ ရှိယင် လဲ ခိုင်တယ်,မြဲတယ်လို့ ယူတဲ့ သဿတဒိဋ္ဌိရှိသေးရဲ့လား.... (မှန်ပါဘုရား) မှတ်ထားပါနော်....(မှန်ပါ့)။

ပျက်မှန်းသိယင်.... (သဿတဒိဋ္ဌိပြုတ်သွားပါတယ်ဘုရား) သဿတဒိဋ္ဌိမရှိတော့ပါဘူး....(မရှိပါဘုရား) ဒါဖြင့် ဒိဋ္ဌိ ဘယ် နှစ်ခုရှိသွားပလဲ.... (နှစ်ခုရှိသွားပါပြီဘုရား)။

ဥစ္ဆေဒဒိဋ္ဌိဆိုတဲ့ဥစ္စာ တကာတကာမတို့ ဒီဘဆုးကလေး ပျက်သွားတယ်ဆိုပြီးသကာလ ဒီအခုအခါမှာ စားချင်တဲ့ စိတ် ကလေးဟာ ပျက်သွားတယ်... (မှန်ပါ့) ပျက်သွားပြီးသကာလ မနက်ကျလာပြန်တော့ စားချင်တဲ့စိတ်ကလေးဟာ ပေါ်ပြန်တာ ဘဲ .. (ပေါ်ပါတယ်ဘုရား)။

ဒါဖြင့် စားချင်တဲ့ စိတ်လလေးဟာ ပျက်လဲ ပျက်တာဘဲ၊ အရင်စိတ်ဟာ ပျက်လဲပျက်တာဘဲ....(မှန်ပါ့) နောက်စိတ်ကလဲ တဖန် အာရုံတိုက်ဆိုင်ယင် ပေါ်ပြန်တာဘဲ.... (မှန်ပါ့) မဆိုနိုင် ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

အဲဒီတော့ စိတ်ချင်း·စိတ်ချင်း အကြောင်းအကျိုးဟာ ပြတ် သွားတယ်ဆိုမလား·အကြောင်းအကျိုးဆက်နေတယ်ဆိုမလား.... (အကြောင်းအကျိုးဆက်နေပါတယ်ဘုရား)။

မသေသေးသ၍ စားချင်တဲ့စိတ်ဟာ စားချင်တဲ့စိတ်ဘဲ လာ ဦးမှာဘဲ.... (မှန်ပါဘုရား) စားချင်တဲ့စိတ်တခုချုပ်ပြီး နောက် စားချင်တဲ့စိတ်လာတယ်.... (မှန်ပါ) တခါလွှမ်းဆွတ်တဲ့စိတ် ဖြစ်ပြီး နောက်တခါ လွှမ်းဆွတ်တဲ့စိတ်ကော.... (လာပါတယ် ဘုရား)။

ဒီလိုသိသွားပြန်ကော့လဲ စိတ်စဉ်ဟာဖြင့် နိဗ္ဗာန်မရောက်သ၍ မပြတ်ပါလား ... (မှန်ပါ)။

နိဗ္ဗာန်မရောက်သ၍ .... (မပြတ်ပါဘုရား) စိတ်စဉ် မပြတ်ဘူး နော်.... (မှန်ပါ)။

အဲဒီလို သိသွားပြန်တော့ ဥစ္ဆေဒဒိဋ္ဌိရှိသေးရဲ့လား....(မရှိပါ ဘုရား)။

ဥစ္ဆေဒဒိဋ္ဌိဆိုတာ စိတ်စဉ်ပြတ်ပြီးတော့ ဘယ်တော့မှ မလာ ဘူးလို့ယူယင် ဥစ္ဆေဒဒိဋ္ဌိ....(မှန်ပါဘုရား) အခုတော့ ဒီလိုကော ယူသေးရဲ့လား... (မယူပါဘုရား)။

ကဲ... ဒါဖြင့် ဒိဋ္ဌိဘယ်နှစ်မျိုးစင်ပလဲ.... (သုံးမျိုးစင်ပါပြီ) စိတ်ကလေး ပေါ်လာတာသိယင် ဘာဒိဋ္ဌိစင်သလဲ....(ဥစ္ဆေဒဒိဋ္ဌိ စင်ပါတယ်ဘုရား) ဒီစိတ်ကလေးပေါ်ပြီးယင် ပျက်မှာဘဲလို့ သိနေတဲ့ပုဂ္ဂိုလ်ကျတော့....(သဿတဒိဋ္ဌိစင်ပါတယ်ဘုရား) ပျက် ပေမဲ့လဲ သူ့နောက်စိတ်တခုတော့ အစားထိုးဦးမှာဘဲ....လို့ သိနေတဲ့ပုဂ္ဂိုလ်ကျတော့....(ဥစ္ဆေဒဒိဋ္ဌိစင်ပါတယ်ဘုရား)။

ဒီသုံးခုဟာ သေသေချာချာမှတ်ပါ... (မှန်ပါ)တသံသရာလုံး ဒီသုံးခုအကြောင်းကို ကောင်းကောင်းနားမလည်ခဲ့တဲ့ အတွက်တဲ့

တကာတကာမကို မဂ်ဖိုလ် ရ,ရပါလို့၏.... လို့ ဆုတောင်းလဲမရခဲ့ဘူး.... (မရခဲ့ပါဘုရား) မတောင်းဘဲနဲ့ နေလဲ....(မရခဲ့ပါဘုရား)။

ဘာရမတုံး-တောင်းလဲ မရဘူး၊ မတောင်းလဲမရဘူး....(မှန်ပါ့ဘုရား) ဘာကြောင့် မရသတုံးဆိုတော့ ဒီဒိဋ္ဌိသုံးခုက လှည့်ပြီးကန့်ကွက်နေတယ်.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

ဒီဒိဋ္ဌိသုံးခုက ဘာတဲ့တုံး.... (လှည့်ပြီး ကန့်ကွက်နေပါတယ်ဘုရား) ဦးမာဒင်တို့ ကျေနပ်ပြီ-(ကျေနပ်ပါပြီဘုရား) ဦးဗဒန္တထူးတို့, ဦးသန်းမောင်တို့ကော....(ကျေနပ်ပါပြီဘုရား)။

ဒီဒိဋ္ဌိသုံးခုဟာ တကာတကာမတို့ သူတို့ရှိလျက်နဲ့ ဆုတောင်း၊ တောင်းလဲ မရပါဘူး.... (မှန်ပါ့) မတောင်းဘဲနေလဲ... (မရပါဘုရား)။

နိဗ္ဗာန်မရပါဘူး၊ တောင်းခုံးညည်တလှည့်, မတောင်းတလှည့်နေလဲ....(မရပါဘုရား) ဘယ်နည်းနဲ့မှမရဘူး....(မှန်ပါ့) ဘာခံနေတာတုံး ... (ဒိဋ္ဌိခံနေပါတယ်ဘုရား) ဒိဋ္ဌိခံနေတယ်ဆိုတာ တကာတကာမတွေ သေသေချာချာမှတ်ပါ... (မှန်ပါ့)။

ပြန်မေးဦးမယ် တကာတကာမတို့ ပြန်မေးဦးမယ် ခင်ဗျားတို့ ဥာဏ်ထဲမှာ ကျန်ရစ်နေဘို့ ဟော့တာကိုး....(မှန်ပါ)။

ဘာယ်စိတ်ဖြစ်ဖြစ် အကြောင်းနှစ်ခုတိုက်ဆိုင်ယင် ပေါ်လာတယ်....(မှန်ပါ့ဘုရား)မပေါ်လာဘူးလား....(ပေါ်လာပါတယ်ဘုရား)။

အဲဒါ ပေါ်လာတာ စိတ်ကလေးဘဲလို့ သိနေတယ်၊ ပုဂ္ဂိုလ် သတ္တဝါမဟုတ်ဘူးလို့ သိနေယင် ဘာပါလိမ့်... (သဂ္ဂာယဒိဋ္ဌိ ပြုတ်ပါတယ်ဘုရား)။

ဒီပေါ်တဲ့ တရားကလေးဟာလဲ တကာတကာမတို့ ခဏ ပေါ်ပြီး ဧဏပျောက်သွားတာဘဲလို့ သိယင်.... (သဿတဒိဋ္ဌိ ပြုတ်ပါတယ်ဘုရား)။

သူပျောက်သွားငြားသော်လဲ သူ့နေရာမှာ တစိတ်စိတ် ထပ် ပေါ်ဘို့တော့ အစားထိုးပစ်ခဲ့တာဘဲ....(မှန်ပါ့)။

ဒီလိုသိပြန်တော့ကော.... (ဥစ္ဆေဒဒိဋ္ဌိစင်ပါတယ်ဘုရား) သူ့ အစားထိုးမပစ်ခဲ့လို့ ရှိယင် ကျုပ်တို့သေရုံဘဲရှိတယ်.... (မှန်ပါ့ ဘုရား)။

ပဌမချုပ်သွားတဲ့စိတ်က နောက်စိတ်တခု အစားထိုးပစ်ခဲ့ တယ်... (မှန်ပါ့) အဲဒီနောက် စိတ်မရှိယင်လဲ ကျုပ်တို့ ပဌမစိတ် ပေါ်ပြီး သေဘို့ဘဲ... (မှန်ပါ့ဘုရား)။

ဒါဖြင့် ကျုပ်တို့မသေဘဲနဲ့ ဆက်ဆက်- ဆက်ဆက်ပြီးနေတာ လဲ သိပြီ... (မှန်ပါ့)စိတ်အစားထိုးသွားတယ်.... (မှန်ပါ့)။

ချုပ်တဲ့စိတ်က ဘယ့်နှယ်တုံး .... (အစားထိုးသွားပါတယ်) အစားထိုးသွားသောကြောင့် ကျုပ်တို့မှာ နောက်စိတ်နဲ့အသက် ရှင်နေရတယ်....(မှန်ပါ့ဘုရား) သဘောကျပလား ... (ကျပါပြီ ဘုရား)။

ဒါကြောင့် ကျုပ်တို့ အသက်တမ်းသည် စိတ်တခုဘဲရှိတယ် (မှန်ပါ့) အခုမှန်ပါဘုရားဆိုတဲ့စိတ်ကလေး လျှောက်တဲ့စိတ်

ကလေးနောက်က နောက်စိတ်မလာဘူးဆိုယင် ဒီတရားတပဲလုံး အကုန်အသုဘဖြစ်မယ်.... (ဖြစ်ပါတယ်ဘုရား)။

ဒါဖြင့်မှန်ပါ့ဘုရားဆိုတဲ့စိတ် ကနောက်တခါလျှောက်ထားဘို့ စိတ်ကလေးအစားထိုးတယ်....(မှန်ပါ့) အစားထိုးတော့ နောက်စိတ်နဲ့ အသက်ရှင်တယ်....(မှန်ပါ့ဘုရား)။

ဘာနဲ့အသက်ရှင်သလဲ (နောက်စိတ်နဲ့အသက်ရှင်ပါတယ်) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဩော်.... တကာတကာမတို့ တရားနာစက စာကာတကာမတွေ ရှိသေးရဲ့လားမေးယင် ဘယ့်နှယ်ပြောမလဲ (မရှိပါ) အခု တကာတကာမတွေ ဘယ်ကဟာတွေတုံးမေးယင်ကော (နောက်စိတ်အစားထိုးထားဘာတွေပါဘုရား)။

နောက်ထပ် အစားထိုးတဲ့ဝိညာဏ် နောက်ထပ်အစားထိုးတဲ့စိတ်နဲ့ အသက်ရှင်နေကြတယ်...(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒီဥသုံးမျိုး ကွာပလား.... (ကွာပါပြီဘုရား) တကာကြွယ် ကွာပလား.... (ကွာပါပြီ) အသိနဲ့ကွာတယ်... (မှန်ပါ့) အသိနဲ့ကွာပြီးသကာလမှ နောက်မှအလုပ်နဲ့ခွါရမယ်.... (မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီဘုရား)။

အသိနဲ့ခွါပြီးသည့်နောက်.... (အလုပ်နဲ့ခွါရမှာပါ) အလုပ်နဲ့ခွါရမယ်၊ခွါတာသည် ဦးမာဒင်-မှတ်လိုက် ဥာတပရိညာ(မှန်ပါ့ဘုရား)။

အလုပ်နဲ့ခွါတာသည် တီရဏပရိညာ ...(မှန်ပါ့) မင်္ဂနဲ့ပါယ် ချုတာသည် ပဟာနပရိညာ.... (မှန်ပါ့) သဒ္ဓေါဘာကျပလား.... (ကျေးပါပြီ) ဒါနဲ့တင်္ဂရမှာဘဲဆိုတာကိုလဲ မှတ်ထားကြပါ.... (မှန်ပါ့ဘုရား)။

ကိုင်း.... ဒါဖြင့် တကာသစ်ရေ ဒိဋ္ဌိသုံးမျိုးကွာပြီနော်.... (ကွာပါပြီ) ကိုယ့်ဟာကိုယ်လဲ ဟိုကျတော့တွေးကြ၊ ဟာ....ဒီ-စိတ်ကလေး ပေါ်လာတာ စိတ်ကလေးပေါ်လာပြီလို့သိနေယင် သြော်.... ငါ သက္ကာယဒိဋ္ဌိပြုတ်ပြီ... (မှန်ပါ) သဘောကျပလား (ကျေးပါပြီဘုရား)။

ဒီစိတ်ကလေးပျက်သွားပြီလို့သိယင်.... (သဿတဒိဋ္ဌိပြုတ်ပါတယ်) အခု နောက်စိတ်နဲ့ အသက်ရှင်နေတယ်လို့သိယင်.... (ဥစ္ဆေဒဒိဋ္ဌိပြုတ်သွားပါတယ်ဘုရား)။

ဥစ္ဆေဒဒိဋ္ဌိပြုတ်တယ်....၊ အရင်စိတ်က အစားထိုးခဲ့တာကိုး (မှန်ပါ့) ပြတ်မှ-မပြတ်ဘဲကိုး.... (မှန်ပါ့) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

သြော်.... ဒိဋ္ဌိသုံးမျိုး နားလည်လိုက်ရတာ ခင်ဗျားတို့အပါယ် ကျစေတတ်တဲ့ သုံးမျိုး, တကာတကာမတို့ မင်္ဂဖိုလ် တားမြစ်တဲ့ သုံးမျိုး.... (မှန်ပါ့) နိဗ္ဗာန်ကနဲ့ကွက်တဲ့သုံးမျိုး....(မှန်ပါ့)အပါယ် ကျစေတတ်တဲ့သုံးမျိုး.... (မှန်ပါ့) အခု နားရီဝက်ရှိသွားပြီတဲ့....၊ အပါယ်တော့ ဒို့မကျဘူးဟေ့.... (မှန်ပါ့ဘုရား)။

မင်္ဂဖိုလ်လဲ ဒို့လုပ်ယင် ရတော့မှာဘဲ ကန့်ကွက်တဲ့တရားတွေကို ဒို့ဆာကုန်သိပြီဟေ့....၊ အရင်တော့ မသိမှုနဲ့ကန့်ကွက်ထားတာ (မှန်ပါ့ဘုရား)။

အခုတော့ ကန့်ကွက်မည့်တရား မရှိတော့ဘူးဟေ့၊ ဒို့ပွား မျေားယူလိုက်ယင် ရတော့မှာဘဲဟေ့ ဆိုပြီး နိဗ္ဗာန်တံခါးလဲ ပွင့်သွားတယ်.... (မှန်ပါ့) အပါယ်တံခါးလဲပိတ်ဘယ်.... (မှန်ပါ့ ဘုရား)။

နာရီဝက်ဘဲရှိသေးတယ်... (မှန်ပါ့) အပါယ်တံခါးကော... (ပိတ်ပါတယ်) နိဗ္ဗာန်တံခါးကော....(ပွင့်ပါတယ်) ပွင့်သွားပြီတဲ့ အလုပ်နဲ့လုပ်ပြီး ဦးမာဒင်တို့,ဦးဗန်းထူးတို့,ဦးသန်းမောင်တို့ဖွင့်ယူသွားပါ... (မှန်ပါ့) လုပ်သာလုပ်သွားပါ ရပါတယ်....(မှန်ပါ့ ဘုရား)။

ဩော်...ဒါဖြင့် အခု နာရီဝက်ထဲမှာ ဆရာသမား ဒိဋ္ဌိသုံးမျိုး ချွင်းလင်းပြီးပေးနေခြင်းသည် အပါယ်တံခါးပိတ်၍ နိဗ္ဗာန်တံခါး ပွင့်တဲ့အလုပ်ကို လုပ်နေတာပါကလားလို့ ဆိုတာ တရားတပဲ့လုံး မှတ်ဘို့ (မှန်ပါ့ဘုရား)။

တကာတကာမတွေ့ ဒါ လှူလို့-တန်းလို့-ပေးလို့-ကမ်းလို့ နိဗ္ဗာန်ပွင့်တာ မဟုတ်ပါဘူး... (မှန်ပါ့) ဉာဏ်ပွင့်သွားတယ်.... (မှန်ပါ့) အပါယ်တံခါးပိတ်လိုက်တာလဲ ဉာဏ်က ပိတ်လိုက်တာ

(မှန်ပါ့) နိဗ္ဗာန်ဖွင့်ပေးလိုက်ဘာလဲ... (ဉာဏ်ဖွင့်ပေးပါတယ် ဘုရား)။

ဒါကြောင့်တကာတကာမတို့ပညာဟိ သေဋ္ဌာ လောကသ္မိံ ဆိုတဲ့အတိုင်း လောကသ္မိံ = ငါဘုရားသခင်ကိုယ်တော်မြတ်ကြီး ဟောရမည့် လောကကြီးထဲ၌၊ ပညာဟိ ပညာဝေ= ပညာသည် သာလျှင်၊ သေဋ္ဌာ=အပါယ်တံခါးပိတ်၍ နိဗ္ဗာန်တံခါးဖွင့်တတ် သော တရားဖြစ်သောကြောင့် မြတ်၏... (မှန်ပါ့) သူအဖေးကြီး ဆုံးကွဲတဲ့....(မှန်ပါ့)ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ အပါယ်တံခါးပိတ်တာလဲ ဘယ်သူပါလိမ့်... (ပညာပါ) ဉာဏ်ဘဲ....၊ ဉာဏ်ပညာ(မှန်ပါ့) အင်း.... ဒီဥစ္စာနှိုင်တဲ့ ဉာဏ်ပညာ....(မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

နိဗ္ဗာန်တံခါးဖွင့်တာလဲ .. (ဉာဏ်ပညာပါဘုရား) ဒီဥစ္စာသတ်နိုင်တဲ့ ဉာဏ်ဘဲ၊ ဉာဏ်နဲ့ကို သတ်ပစ်လိုက်တယ်.... (မှန်ပါ့) အရင် အမူအရာတွေ ရှိသေးရဲ့လား....(မရှိပါဘုရား)။

အရင်ကတော့ ငါစိတ်မစမ်းနဲ့.... (မှန်ပါ့) ငါစိတ်မစမ်းနဲ့ ဆိုတာ ပြောလဲပြောတယ်၊ ထင်လဲထင်တယ်....(မှန်ပါ့)တကယ် ငါစိတ်ဘဲ... (မှန်ပါ့ဘုရား)။

အခုတော့ ငါစိတ်လားတဲ့ နှစ်ခုတိုက်ဆိုင်လို့ ပေါ်လာတဲ့ စိတ်လား.... (နှစ်ခုတိုက်ဆိုင်လို့ ပေါ်လာတဲ့စိတ်ပါ)ဒီတော့ ငါ စိတ်မပျောက်သေးဘူးလား(ပျောက်ပါပြီ) နှစ်ခုကလုပ်ထားတာ ဆိုတာ သေချာပလား....(သေချာပါပြီ) ရှင်းပလား.... (ရှင်း ပါပြီဘုရား)။

အဲဒါ ခင်ဗျားတို့ချင်း ယောကျ်ားက မိန်းမ....၊ မိန်းမက ယောကျ်ားကို ဟော...ငါက အင်မတန်စိတ်ကြီးတယ်...၊ ငါ့စိတ် မစမ်းနဲ့.....(မှန်ပါ့)။

အံမာလေး... သူ့စိတ်ကလဲ အကြီး-ကြီးတဲ့.... (မှန်ပါ့) ပြီး တော့လဲ ငါ့စိတ်တဲ့၊ ဒီစိတ်ကို သူပိုင်တယ်တဲ့၊ ငါ့လာမစမ်းနဲ့တဲ့ (မှန်ပါ့) အံမာလေး.... စိတ်ကလဲ အကြီး-ကြီးလို့ ပြောလိုက် သေးတယ်.... (ပြောပါတယ်ဘုရား) ဘယ်နှယ်များပြောကြ ပါလိမ့်... ။

စိတ်ကလဲ အကြီးကြီးလို့ ပြောလိုက်သေးတယ်။ ငါပိုင်တယ် လို့လဲ.... (ပြောလိုက်ပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဝါးလက်မုတ် မတီးဘဲနဲ့ တကာတကာ မတို့ တဖက်ဝါးထဲမှာခကော အသံပါရဲ့လား....(မပါပါဘုရား) တဖက်ဝါးထဲမှာ ကော.... (မပါ-ပါဘုရား) နှစ်ခု ရိုက်လိုက်တဲ့ အခါကျတော့....(အသံထွက်ပါတယ်ဘုရား)။

ဒီအသံသည် တကာတကာမတို့ ဝါးထဲမှာပါတဲ့ အသံဖြင့် ဝါးပိုင်တယ်ထင်မလား... မပါဘူး ပဋမဝါးဆဲလဲမပါဘူး၊ ဒုတိယ ဝါးထဲလဲ....(မပါ-ပါဘုရား) ဘယ်ညာထဲမှာကော.... (မပါပါ ဘုရား) နှစ်ခုတိုက်ဆိုင်လို့ ဖြစ်ပေါ်တဲ့အသံ... (မှန်ပါ့ဘုရား)။

ဒီမှာလဲ ခင်ဗျားတို့မြင်တဲ့စိတ်ဟာလဲ အာရုံနဲ့ ဒွါရနဲ့ တိုက် ဆိုင်တယ်.... (မှန်ပါ့) ကြားတဲ့ စိတ်ဟာလဲ (အာရုံနဲ့ဒွါရနဲ့ တိုက်ဆိုင်ပါတယ်) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါ-သူတို့ နှစ်ခုလုပ်ထားတဲ့ စိတ် ဖြစ်သောကြောင့် တကာ တကာမတို့ ငါစိတ်ကြီးတယ်လို့ မဆိုပါနဲ့တော့.... (မှန်ပါ့)

ပြောနေကျတော့ ပြောတာပေါ့ဗျာ... (မှန်ပါ့)ပြောနေကျတော့ ပြောတာပေါ့၊ သို့သော်တကယ်တော့မထင်လိုက်ပါနဲ့.... (မှန်ပါ့ဘုရား) အရှယ်ခတာင် ပြလို့ မရပါဘူးတဲ့....(မှန်လှပါ့ဘုရား)။

ဒီပေါ်လာတဲ့ စိတ်ကလေး၏ အရှယ် ဘယ်လောက် တုံးလို့ မေးလို့ရှိယင် ငါဘုရား ပမာဏ မပြနိုင်ဘူးတဲ့....(မှန်ပါ့ဘုရား) ခင်ဗျားတို့ကသာ ကြီးချင်လဲကြီးနေ မတတ်နိုင်ဘူး.... (မှန်ပါ့) ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

တယ်စိတ်ကြီးတဲ့ လူကိုးလို့ ဘေးကနေပြီးသကာလ တကာကြွယ်တို့က ပြောချင်လဲပြောဦးမှာ.... (မှန်ပါ့ဘုရား) ကျုပ်တို့စိတ်က ဒါလောက်မကြီးဘူး... တဲ့...(မှန်ပါ့) အင်းသူလဲ ဒီဌဲဘဲ ကိုယ်လဲ ဒီဌဲဘဲ ရှုပ်မနေနဲ့...(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် စိတ်ဟာ ပမာဏပြလို့ ရရဲ့လား.... (မရပါဘုရား) အဲဒီလိုသိထားတဲ့ အခါကျတော့မှ ဦးလှဘူးရေ သြော်.... စိတ်ကြီးတယ်ဆိုတာလဲ အပိုဘဲ.... (မှန်ပါ့) မသိလို့ ပြောတာ... (မှန်ပါ့ဘုရား)။

ကျုပ်စိတ်ဟာ တခါတည်းမှတ်ထားပါ ခင်ဗျား ပြောမိယင် မပျက်တော့ဘူး... တဲ့(မှန်ပါ့ဘုရား) အံမာလေး...ကြောက်စရာကြီးပါလား သူ့ဟာက ....(မှန်ပါ့ဘုရား)။

ပြောမိယင် မပျက်တော့ဘူးတဲ့ .. (မှန်ပါ့) ဒီစိတ်ဟာ တခါတည်းခိုင်နေတာဘဲ...(မှန်ပါ့)ဘာဒီဌဲဖြစ် နေသတုံး....(သဿတဒီဌဲဖြစ်နေပါတယ်ဘုရား) သဿတဒီဌဲဖြစ်နေတယ် သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီတော့ ခင်ဗျားတို့ပြောတဲ့အတိုင်းလဲ နဂိုရှိကထင်တယ်.... (မှန်ပါ့) အခုတော့ မထင်ပါနဲ့တော့ စိတ်ဟာဖြစ်ပြီး ချက်ခြင်း ပျက်တာဘဲ....(မှန်ပါ့ဘုရား)။

အရှယ်ကလဲမပါဘူး.... (မပါ-ပါဘုရား) ပျက်စရာရှိယင် ပျောက်သွားတာဘဲ လျှာကလေး အရိုးကလေး နေရာကလေး ဆေးစက်အစရှိသည် ကျန်ရစ်သေးရဲ့လား.... (မကျန်ခဲ့ပါဘုရား)။

ဒါဖြင့် အင်မတန် အရှယ်မပြန့်ငိုင်တဲ့ သဒ္ဒာဘဲ (မှန်ပါ့)ရှိတော့ရှိတယ်....(မှန်ပါ့) အရှယ်တော့.... (မပြန့်ငိုင်ပါဘုရား)။

ကြည့်လေ ဝါးလုံးနှစ်ခုရိုက်လိုက်တဲ့အခါ အသံတော့ခင်ဗျား တို့ ရှိမှန်း-သိသားဘဲ.... (သိပါတယ်ဘုရား) အဲဒါအရှယ် ဘယ် လောက်ရှိသတုံးဆိုယင်... (မပြန့်ငိုင်ပါဘုရား)။

မပြန့်ငိုင်ပါဘူးဗျ ဟုတ်လား (မှန်ပါ့) ဒီအတိုင်းပါဘဲ ဒီစိတ် ကလေးဟာလဲ အာရုံ ဒဋ္ဌရတိုက်တဲ့အခါ ပေါ်လာ တာဘဲ.... (မှန်ပါ့) ပေါ်လာတယ်....(ပေါ်လာပါတယ်ဘုရား)။

ကြောက်စရာ အာရုံနဲ့တွေ့ယင် ကြောက်စိတ် ပေါ်တယ်.... (မှန်ပါ့) ပြုံးစရာ အာရုံနဲ့တွေ့ယင် (ပြုံးပါတယ်) မက်စရာ အာရုံနဲ့တွေ့ယင် (မက်ပါတယ်ဘုရား) ဟာ.... အရှယ်ဘယ် လောက်ရှိသတုံးမေးယင်....(မပြန့်ငိုင်ပါဘုရား)။

ဒါကလေးဟာလဲ ဖြစ်ပြီးတော့ ဘာဖြစ်ရသတုံး (ပျက်သွား ပါတယ်)အဲ....ပေါ်လာတာသိယင် သက္ကာယဒိဋ္ဌိ စင်ပါတယ်....

(မှန်ပါ့) ပျက်သွားတာသိယင်.... (သဿတဒိဋ္ဌစင်ပါတယ် ဘုရား)။

သို့သော် ဒီစိတ်ကလေး ပျက်သွားခြားသော်လဲ နောက်စိတ် နဲ့ အသက်ရှင်နေတယ်လို့ ကျုပ်တို့ သိရမယ်.... (မှန်ပါ့ဘုရား) သဘောကျပလား...(ကျပါပြီ)စိတ်မရှိ သေတာကိုးဗျ...(မှန်ပါ့ ဘုရား)။

အခု တကာတကာမတွေ့ ဘာနဲ့ အသက်ရှင် နေသတုံး.... (နောက်စိတ်နဲ့ အသက်ရှင်နေပါတယ်ဘုရား) အင်း.... ဒါသိ လိုက်ပြန်တော့လဲ တကာသစ်က ဘယ်နှယ်ဆိုပါ့မလဲ...(ဥစ္ဆေဒ ဒိဋ္ဌစင်ပါတယ်ဘုရား)။

ဩ.. အရင်စိတ်နဲ့ နောက်စိတ်သည် ပြတ်သွားတာမဟုတ် ဘူး အမွေထားခဲ့တယ်.... (မှန်ပါ့) ဒါကို အနန္တရပစ္စယော လို့ ဆိုလိုက်ပါတယ်....(မှန်ပါ့ဘုရား)။

အနန္တရပစ္စယောအခြားမရှိမှုကြီးပြုပါတယ် ... (မှန်ပါ့) အရင်စိတ်လဲ ချုပ်ပါရော နောက်စိတ်တနေရာ ပေါ်လာတာဘဲ.... (ပေါ်လာပါတယ်ဘုရား) မျက်လုံးစိတ်က ချုပ်သွား ပေမဲ့ ဝမ်း ထဲက ရှုစိတ် ရှိုက်စိတ်ကပေါ်လာတယ်.... (ပေါ်လာ ပါတယ် ဘုရား)။

မျက်လုံးစိတ်က ချုပ်သွားပေမဲ့ ဝမ်းထဲကရှုစိတ်, ရှိုက်စိတ် က ပေါ်လာတယ်(ပေါ်လာပါတယ်ဘုရား)ရှုစိတ်,ရှိုက်စိတ်က ချုပ်သွားမယ်။နားထဲကကြားစိတ်က ပေါ်လာယင် ကြားစိတ်နဲ့ ရှင်နေတာဘဲ(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့် အစားထိုးတာသိယင် ဘယ်ဒီဋ္ဌစင်သတုံး.... (ဥစ္စာဒီဋ္ဌိ စင်ပါတယ်) ပျက်သွားတာ သိယင်.... (သဿတဒီဋ္ဌိစင်ပါတယ်)စိတ်ကလေး အကြောင်း တိုက်ဆိုင်လို့ ပေါ်လာတာ သိယင်.... (သက္ကာယဒီဋ္ဌိစင်ပါတယ်ဘုရား)။

ခင်ဗျားတို့ သေပျော်ပြီ.... (မှန်ပါ့) သေပျော်ပြီ တကာ တကာမတို့ (မှန်ပါ့) သေပျော်ပြီလို့ ဆိုတာ ဘုန်းကြီးက ချီးမြှောက်ပြောတာမဟုတ်ဘူး၊ ပြောတာကနည်းသေးတယ်(မှန်ပါ့ ဘုရား)။

ခင်ဗျားတို့ ဒါလောက် ဒိဋ္ဌိသုံးမျိုး ဉာဏ်ထဲမှာ ရှင်းနေတဲ့ သဘောမျိုးနဲ့ နေမယ်ဆိုယင်ဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဟောတော်မူသည့်အတိုင်း ရှင်အာသဇိက....

ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊
တေသံ ဟေတုံ တထာဂတော အာဟ။
တေသဉ္စ ယော နိရောဓေါ၊
ဧဝံ ဝါဒီ မဟာသမဏော။

လို့အကြောင်းဖြစ်ယင် အကျိုးဖြစ်တယ်... (မှန်ပါ့)အခကြောင်း ချုပ်ယင် အကျိုးချုပ်တယ်....(မှန်ပါ့)နှစ်လုံးတည်း ဟောလိုက်တာ ရှင်သာရိပုတ္တရာ သောတာပန်တည်ဘယ်....(မှန်ပါ့ဘုရား)။

ကဲ—တကာကြွယ် ဘယ်လောက်မြန်သတုံး.... (မြန်ပါတယ် ဘုရား) ကြည့်လေ ဟောလိုက်တာက ရှင်အသဇိကဟောတယ်.... (မှန်ပါ့ဘုရား)။

အကြောင်းဖြစ်ယင်....(အကျိုးဖြစ်ပါတယ်ဘုရား) သက္ကာယ ဒိဋ္ဌိကွာတယ်....(မှန်ပါ့)။

အကြောင်းချုပ်ယင်.... (အကျိုးချုပ်ပါတယ်ဘုရား) ဥစ္ဆေဒ ဒိဋ္ဌိ ခွါပစ်လိုက်တယ်....(မှန်ပါ့ဘုရား)။

အဲဒီ ဒိဋ္ဌိနှစ်ခုလဲ ခွါလိုက်တော့ သြော်.. အကြောင်းဖြစ်ယင် အကျိုးဖြစ်တယ်၊ အကြောင်းချုပ်ယင်ဲ အကျိုးချုပ်တာဘဲ ဖြစ်ပျက်ရှုတာဘဲဆိုပြီးသကာလ ဖြစ်ပျက်ခွါပြီး ဒိဋ္ဌိဖြုတ်ရှုလိုက်တာ ဒါကြားကာနဲ့ ဓန္ဓာဉာဏ်လှည့်လိုက်တာတခါတည်း သောတာပန်တည်တယ် (မှန်ပါ့ဘုရား) မမြန်ဘူးလားဗျာ.... (မြန်ပါတယ်ဘုရား)။

ခင်ဗျားတို့က ရေမျော်တွေက ထူလွန်းလို့သာ ဒါလောက် ဟောနေတာ သောတာပန်မတည်တာ...(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ရေမျော်တွေက ဘယ်နှယ်တုံး(ထူလွန်းလို့ပါဘုရား) ထူတာကိုလဲ ခင်ဗျားတို့က ရေကြည်သောက်ချင်တဲ့ ပုဂ္ဂိုလ်က လက်ကာလေးနဲ့ ရေအိုးကလေးနဲ့လှည့်ပြီးသကာလ မျော်ဝေးအောင်လုပ်တာမဟုတ်ဘူး... (မှန်ပါ့) မျော်ကြားထဲချိုးရတာ ဝမ်းသာနေသလိုလို....(မှန်ပါ့ဘုရား) အံမာလေး ဒုက္ခကြီး ... (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

တကာကြွယ် ဒီဥစ္စာကို ဝေးအောင်လုပ်ရတယ်.... (မှန်ပါ့) အဝိဇ္ဇာမျော်တွေ- ကိလေသာမျော်တွေ ဝေးအောင်လုပ်ရတယ်....

(မှန်ပါ့ဘုရား) မပြတ်ရှုနေတော့ ဝေးသွားတယ်....(မှန်ပါ့ဘုရား)။

ရေအိုးကလေးဖင်နဲ့ ရေကန်ထဲမှာ ဦးသန်းမောင် လှည့်စမ်းပါ၊ တာရှည်လှည့်ယင် မှော်တွေ့အဝေးကြီးသွားတယ်....(မှန်ပါ့ဘုရား) မသွားဘူးလား... (သွားပါတယ်ဘုရား)။

အခုတော့ လှည့်လိုက်· ရပ်ထားလိုက်· နွားပြန်ကြည့်လိုက်၊ ပြန်ပြီး လှည့်လိုက်....(မှန်ပါ့ဘုရား) မအားပါဘူး ခင်ဗျားတို့.... (မအားပါဘုရား) မအားရုံဘဲ အမြတ်ထွက်တယ်၊ ရေကြည်ကောင်းကောင်း မရလိုက်ဘူး....(မရပါဘုရား)။

အဲဒီလို ဖြစ်နေတာ တကာတကာမတို့၊ အလုပ်မပျင်းကြပါနဲ့ဆိုတာ ပြောတယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘုန်းကြီးက ပြောတော့ အလွယ်ကလေး၊ လူဆိုတာ ကိစ္စက သိပ်များတာ__တဲ့၊ ဟာ... ခင်ဗျား ကိစ္စက အပါယ်သွားမည့် ကိစ္စကိုး....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ခင်ဗျားတို့ ကိစ္စဟူသ၍က များသောအားဖြင့် အပါယ်သွားတာ.... (မှန်ပါ့) တကယ် ဆွမ်းကလေး ကျွေးစရာရှိတဲ့ကိစ္စ, ကွမ်းကလေး ကျွေးစရာရှိတဲ့ကိစ္စ ဆိုပါဦးတော့....၊ ဒီကိစ္စကလဲ ခင်ဗျားတို့ စဉ်းစားကြည့်ပါ- သုဂတိသွားမည့်ကိစ္စ.... (မှန်ပါ့) ဒါကလဲ ဒုက္ခသစ္စာ ရဦးမှာဘဲ....(ရမှာပါဘုရား)။

အဲဒီတော့....ခင်ဗျားတို့ ကိစ္စတွေနဲ့ ဆင်ခြေမလဲပါနဲ့၊ဆင်ခြေလဲတဲ့ကိစ္စဟူသ၍ဟာလဲ ဦးမာဒင် အဘိုးမတန်ပါဘူး(မတန်ပါ)

ဒါဖြင့် ကိုစွဟူသရွေ့သည် တကာတကာမတို့ မင်္ဂဘား-ဖိုလ်တား လို့မှတ် - (မှန်ပါ့)။

ကိုစွဟူသရွေ့.... (မင်္ဂဘား-ဖိုလ်တားပါဘုရား) တကာကြွယ် ယုံပလား... (ယုံပါပြီဘုရား)။

သို့သော်လဲ ခင်ဗျားတို့ ကိစ္စတွေနဲ့ ဆင်ခြေမလဲပါနဲ့၊ဆင်ခြေလဲတဲ့ကိစ္စတွေကို အယဉ်နဲ့ သုံးတယ်....(သုံးပါတယ်ဘုရား)။

ဦးမာဒင်တို့ ဘယ့်နှယ်သုံးသလဲ- (အယဉ်သုံးပါတယ်ဘုရား) အယဉ်သုံးတယ်၊ မလဲသာတဲ့ကိစ္စတွေ....တဲ့....(မှန်ပါ့)အံမာလေးသိပ်ယဉ်တာ....(မှန်ပါ့)။

မလဲသာတဲ့ ဘာတဲ့တုံး.... (ကိစ္စပါဘုရား) ကိစ္စပြီးတော့ ကလေးထည့်လိုက်သေးတယ်.... (မှန်ပါ့) ကြီးကြီးကျယ်ကျယ် မဟုတ်ဘူးပြောတာ....(မှန်ပါ့ဘုရား) မလဲသာတဲ့ကိစ္စကလေး.... (မှန်ပါ့) တကာကြွယ် မြို့သုံးက ဘယ့်နှယ်တုံး....(မလဲသာတဲ့ ကိစ္စကလေးပါဘုရား)။

မလဲသာတဲ့ ကိစ္စကလေး ဆိုတော့ ဘေးကပုဂ္ဂိုလ် ကြားလဲ ကောင်းအောင်လို့ မလဲသာ.... (မှန်ပါ့) ကိုယ့်မှာတော့ ဘာမှ မသိတော့ ကိစ္စကလေး....(မှန်ပါ့)။

ဟိုဖြင့် မင်္ဂဂ်ာဏ်,ဖိုလ်ဉာဏ်ကို မရအောင်တားပြီ ခင်ဗျားတို့ မှာ ကလေးလုပ်တုန်းရှိသေး.... (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ခင်ဗျားတို့က ကိစ္စကလေးလို့ လုပ်တုန်းရှိသေးတယ်-(မှန်ပါ့ဘုရား) အင်း.... ဒီကိစ္စက တကာကြွယ် ဘာလုပ်ပါလိမ့်....

(မဂ်ဉာဏ်-ဖိုလ်ဉာဏ်တာ၊ပါတယ်ဘုရား) သဘောပါပလား....
(ပါ-ပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ မြင်သ၍သည် ကိုယ့်နစ်နာဘို့ဘဲ (မှန်ပါ့ဘုရား) မလွဲသာဘူးဆိုတာကလဲ ကျုပ်မှာ တဏှာ ... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

မလွဲသာဘူးဆိုတာက.... (တဏှာပါဘုရား) မလွဲသာဘူးဆိုတာ ခင်တယ်ပြောတာ၊ မကင်းဘူးပြောတာ....(မှန်ပ့ါဘုရား) မကင်းတာ ဘာခေါ်မယ်....(တဏှာပါဘုရား)။

အင်း.... ခင်ဗျားတို့ဟာကလဲ ဇာတ်ထုပ်ဖေါ်လေ ကြက်သရေ မရှိလေ....(မှန်ပါ့) ရိပ်မိပလား .. (ရိပ်မိပါပြီ)။

ဇာတ်ထုပ်ဖေါ်ယင်.... (ကြက်သရေမရှိပါဘုရား) သို့သော်တကာကြွယ်တို့က ဒီဟာ နှုတ်တက်နေတယ်.... (မှန်ပါ့) မတက်ဘူးလား....(တက်ပါတယ်ဘုရား) မလွဲသာလို့ဆိုတာ ဘာတုံးဗျ (တဏှာပါဘုရား) တဏှာဘဲ....တဲ့၊ မလွဲသာဘူး ဆိုကတည်းက ဒီတဏှာသည် သေးသေးလား-ခပ်ကြီးကြီးလား.... (ခပ်ကြီးကြီးပါဘုရား)ဟာ....အရှပ်ဆိုးလိုက်တာ၊ မဆိုးဘူးလား.... (ဆိုးပါတယ်ဘုရား)။

ကိစ္စကလေးလားဆိုတော့ နိဗ္ဗာန်-မဂ်-ဖိုလ်တောင် တားနိုင်တဲ့အလုပ်ဖြစ်တယ်.... (မှန်ပါ့) ကိစ္စကလေးလား-ကိစ္စကြီးလား.... (အကြီးပါဘုရား)။

ကိုင်း... တကာကြွယ် ခင်ဗျားတို့ ဖြစ်ထွေကဖြင့် ဆိုးပါပြီ.... (ဆိုးပါတယ်ဘုရား) မဆိုးဘူးလား တဲ့....(ဆိုးပါတယ်ဘုရား)။

ကဲ....မလွဲသာတယ်ဆိုတာ ဘယ်သူက ပြောတာတုံး- (တဏှာက ပြောတာပါဘုရား)ကိစ္စကလေးဆိုတာလဲ တဏှာက ခင်ဗျားတို့ မသွားဖြစ်အောင် တွန်းတာ... (မှန်ပါ့) စင်စစ်တော့ဖြင့် မင်္ဂ-ဖိုလ်တော့ တားလိုက်ပြီ . (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် မလွဲသာတဲ့ ကိစ္စကလေးဟာ ဘယ်လို ကျုပ်တို့ ခင်ဗျားတို့ကို နစ်နာစေသလဲ မေးလို့ရှိယင် ဖြေတတ်ပလား.... (ဖြေတတ်ပါပြီဘုရား) မင်္ဂဖိုလ်ကို တားပါတယ်.... (မှန်ပါ့) နိဗ္ဗာန်ကို....(တားပါတယ်ဘုရား)။

တကာကြွယ် နောက်ကို တယ်မသုံးနဲ့ သူ့ကို- (မှန်ပါ့ဘုရား) ဟုတ်လား....(မသုံးတော့ပါဘုရား)။

အေး....ဒီဥစ္စာက အလကားနှုတ်တက်ပြီး အပြစ် သိပ်ကြီးပါလား.... (မှန်ပါ့) နှုတ်တက်နေတာကတော့ဖြင့် မြို့သုံးတော့ကျပါတယ်.... (မှန်ပါ့) ပြည်ကြီးသူ-မြို့ကြီးသူအသုံး ဆိုတာပေါ့ဗျာ.....(မှန်ပါ့) ပြည်ကြီးသူအသုံး- ယဉ်တော့ ယဉ်ကျေးပါတယ် (မှန်ပါ့) ယဉ်ကျေးသလောက် အကျည်းတန်တယ်.... (မှန်ပါ့ဘုရား)။

ယဉ်ကျေးသလောက်(အကျည်းတန်ပါတယ်ဘုရား) မလွဲသာဆိုတာ ဘယ်သူ့အသံတုံး....(တဏှာ့အသံပါဘုရား)။

ဒီ့ပြင် နေရာတော့ လွဲသာတယ်ဆိုတာတော့ ငွေကလေးထည့်လိုက် ပြီးပါတယ်.... (မှန်ပါ့) ဒီဟာကတော့ လူကိုယ်တိုင်ကို သွားရမှာဘုရာ့....(မှန်ပါ့) မကောင်းကိုမကောင်းဘူး....တဲ့

(မှန်ပါဘုရား) သူတို့ကျေးဇူးကလဲရှိ၊ ကိုယ်ကလဲ သူတို့အပေါ် သမုဒယက ကြီးတယ်ဘုရဲ့၊ နောက်ဆုံးပိတ် အဖြေထွက်လာတော့ ဒီရောက်လာတယ်.. (မှန်ပါဘုရား) မရောက်ဘူးလား ရောက်သလား....(ရောက်ပါတယ်ဘုရား)။

ဒါဖြင့် ကိုစ္စကလေးလား၊ကိစ္စကြီးလား-(ကိစ္စကြီးပါဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

တဏှာကလေးလား-တဏှာကြီးလား- (တဏှာကြီးပါဘုရား) တားမှ တားပါမလား....(တားပါတယ်ဘုရား) ပေါ်ပလား.... (ပေါ်ပါတယ်ဘုရား)။

ကိုင်း.... ဒါဖြင့် ခင်ဗျားတို့ နှုတ်ဆက်ဘို့တောင် ခက်နေပြီ တကာကြွယ်....(မှန်ပါဘုရား) မခက်ဘူးလား.... (ခက်ပါတယ် ဘုရား)။

ခက်ကာမှ ခက်ကရော့၊ အကျိုးပေးကဖြင့် မဆိုးဝါးဘူးလား... (ဆိုးဝါးပါတယ်ဘုရား) တကာသစ် နေရာကျပလား.... (ကျပါပြီဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ တဏှာကိစ္စသည်ကားလို့ ဆိုလို့ ရှိယင်ဖြင့် ခင်ဗျားတို့ကို တခါတည်းတဲ့အပါယ်လေးပါးက မထွက်ဘဲနဲ့ ဒုက္ခပင်လယ်ဝေနေယင် တဏှာက ကြိုက်တယ်.... (မှန်ပါ)။

တဏှာက· တဏှာက... (မှန်ပါ) ခင်ဗျားတို့ကို အပါယ် လေးပါးကလဲ မထွက်စေချင်ဘူး....(မှန်ပါ) ဒုက္ခပင်လယ်ဝေနေယင်လဲ....(ကြိုက်ပါတယ်ဘုရား)။

အဲဒီ စကားကို ခင်ဗျားတို့က ထိပ်သံမို့နဲ့နှက်သလိုနားထောင်နေတာလဲ ဦးသန်းမောင်တို့ ဆိုးပြီနော်(ဆိုးပါတယ်) ဦးသန်းမောင်တို့ ဆိုးတယ်... ၊ မဆိုးဘူးလား.... (ဆိုးပါတယ်ဘုရား)။

ထမင်းပိုလဲ စားလိုက်သေးတယ်ဗျာ .. (မှန်ပါ့) အပါယ်လဲပို့လိုက်သေးတယ်ဗျာ.... (မှန်ပါ့) ဒီလူပြောတဲ့စကား ကျုပ်တို့နားထောင်ရမှာလား၊ တော်လှန်ရမှာလား.... (တော်လှန်ရမှာပါဘုရား)။

တော်လှန်ရမှာကိုပင် တကာကြွယ်တို့ လူစုံတွေက, တကာသစ်တို့လူစုတွေက ကျွန်မျိုးပိတော့ လိုက်နာနေတယ်....(မှန်ပါ့) သူ့နောက်လိုက်နာလေလေ ကျုပ်တို့မှာ နစ်နာချက်သန်လေဘဲ (မှန်ပါ့ဘုရား)။

သူကတော့ပြောတာ မင်း-မပါ မပြီးဘူးတဲ့....(မှန်ပါ့)ဘယ်လိုပြောလေ.ရှိသတုံး....(မင်းမပါ မပြီးဘူးလို့. ပြောလေ.ရှိပါတယ်ဘုရား)။

ဩော်.... မင်းမပါယင် မပြီးဘူးတဲ့....(မှန်ပါ့) တကာကြွယ် ဘယ်သူကပြောတာတုံး.... (တဏှာကပြောတာပါ) ကျွန်တော် သေသွားတော့ ဘယ်နှယ်လုပ်မှာတုံးလို့.မျှား ပြန်ပြောဘူးရဲ့.လား.... (မပြောဘူးပါ) ဖြစ်မှ-ဖြစ်ရပလေ ခင်ဗျားတို့ဥစ္စာက ပြန်ပြောရတယ်... (မှန်ပါ့ဘုရား)။

တဏှာကတော့ ရှေးဦးစွာ သူက နိုင်နေကျဖြစ်နေတော့ မင်းသွားလိုက်၊ မင်းမပါ မပြီးဘူး၊ သူကတော့ အိမ်က တွန်းထုတ်တာဘဲ....(မှန်ပါ့)။

တကာကြွယ် တခါပြန်ပြောပါဦး ဟုတ်လား....၊တကာကြွယ် တခါပြန်ပြောပါဦး ကျုပ်သေတော့ ခင်ဗျားတွန်းစရာများ ရှိသေးသလားလို့ မေးဘူးရဲ့လား....(မမေးဘူးပါဘုရား)။

ဩော်.... ခက်ပါဘိတော့တယ် ခင်ဗျားဥစ္စာကလဲ တွန်းပေးတာကို ဟုတ်ပါ့,မှန်ပါ့ချည့် လိုက်ပြီး ပြေးချည့်နေတာကိုး.... (မှန်ပါ့) မဆိုးဝါးဘူးလား.... (ဆိုးဝါးပါတယ်)မဂ်တား, ဖိုလ်တားသမားကို တော်လှန်မှသာလျှင် နေရာကျမယ်.... (မှန်ပါ့ဘုရား)။

ဘုရားသခင်ကိုယ်တော်မြတ်ကြီးက တဏှာယောကျ်ားလက်သမား မင့်ကိုငါနှိုင်ပြီ....၊ ကြိမ်းဝါးတယ်....(မှန်ပါ့)မကြိမ်းဝါးပေဘူးလား....(ကြိမ်းဝါးပါတယ်ဘုရား)။

အဲ.... ဘုရားဖြစ်လာတော့ တဏှာယောကျ်ားလက်သမား နောက် ခန္ဓာအိမ်တွေ မင်းဆောက်ရလိမ့်မယ်လို့ မအောက်မေ့နဲ့....(မှန်ပါ့)။

ငါ့ကို ခိုင်းရလိမ့်မယ်, စေရလိမ့်မယ် မအောက်မေ့နဲ့.... မင့်ကို ငါနှိုင်ပြီဆိုပြီး ကြိမ်းဝါးတော်မူတယ်.... (မှန်ပါ့)မကြိမ်းဝါးဘူးလား... (ကြိမ်းဝါးပါတယ်ဘုရား)။

ခင်ဗျားတို့ကဖြင့် ပြုံးပြီးထွက်တယ်(မှန်ပါ့)ဖီးလိမ်းပြီးပြုံးတဲ့ပြီးတော့.... (ထွက်ပါတယ်) အံမာလေး.... ဖြစ်မှ· ဖြစ်ရပလေ ကျွန်ပီသလိုက်တာ....(မှန်ပါ့)။

တဏှာခိုင်းတာကို တခါတည်း သူက အပြေးသွားဆိုယင်.... (အပြေးသွားပါတယ်) တကာကြွယ် သူက ဒီကိစ္စမသေးဘူး....၊

ခပ်သုတ်သုတ်ကလေးဆိုယင် ဘယ့်နှယ်တုံး.... (ခပ်သုတ်သုတ် သွားပါတယ်ဘုရား)။

ဘယ့်နှယ်တုံး တကာကြွယ်ရ ဘာဖြစ်နေတာတုံး၊ မသွားဘူး ကွလို့များ လုပ်ဘူးရဲ့လား .. (မလုပ်ဘူးပါ) ဘယ့်နှယ်ဖြစ်နေ တာတုံး၊ အတော်ဆိုးနေတယ်နော်.... (မှန်ပါ့)။

အတော်ဆိုးနေတယ်....။သူက မဂ်လဲတားတယ်၊ အပါယ်လဲ ပေါ့ချင်တာ.... (မှန်ပါ့) သူက ဆရာလုပ်နေတာ ကျုပ်တို့က နားထောင်ပြီးသကာလနေမယ်ဆိုတော့ တကာကြွယ် အပေါင်း တော့လဲပေါ့....(မှန်ပါ့ဘုရား)။

ဘယ်.နှယ်ဆိုကြမလဲ....(အပေါင်းလဲပါတယ်) အပေါင်းလဲ တာကို ခင်ဗျားတို့က ဒီလိုမထင်ဘူး....၊ သြော်.... ရတုန်းရကာ ကပျာကယာ သွားလိုက်တာနဲ့တော်-တော်သေးရဲ့.... (မှန်ပါ့) အံ့မာလေး.... သွားပြီပေါ့....(မှန်ပါ့)။

တော်တော် ဆိုးမသွားသေးဘူးလား .. (ဆိုးပါတယ်) အဲ3ါ ဉာဏ်နားနဲ့ထောင်မှနော်....၊ဒို့.မဟုတ်ယင် ခင်ဗျားတို့က ဉာဏ် နားနဲ့.မထောင်လို့ရှိယင်လဲ အခုဟာက ဉာဏ်က တဖက်ကတွန်း ထုတ်ပေးတယ်၊ တဏှာကို ဖိဆန်နေတာ... (မှန်ပါ့)အဲဒါကိုပြော ပြောနေတာ....(မှန်ပါ့ဘုရား)။

တကာကြွယ် ဘာနဲ့.ဘာစစ်ထိုးခိုင်းနေတာတုံး.... (ဉာဏ်နဲ့. ဝိတဏှာပါ) ဉာဏ်နဲ့.တဏှာ စစ်ထိုးခိုင်းနေတာ....၊ ဘယ်တော့မှ ဉာဏ်က စစ်မထိုးဘူးပါဘူးလို့.ဆိုသဖြင့် သြော်... ဒါ့ကြောင့် နိဗ္ဗာန်မရတာဘဲ.... (မှန်ပါ့) ပေါ်ကြပလား.... (ပေါ်ပါပြီ ဘုရား)။

ဘာ့ကြောင့် နိဗ္ဗာန်မရတာတုံး.... (ဥာဏ်နဲ့တဏှာနဲ့စစ်မထိုးဘူးလို့ပါ) စစ်မဆိုး ဘူး-ဘူးနော်....(မှန်ပါ့)။

ကဲ.... ဒီကရှေ့ တကာကြွယ် ဒီ့ပြင်ဟာနဲ့ စစ်မထိုးနဲ့ သူနဲ့ချည့်စစ်ထိုး....(မှန်ပါ့) သူက ဒီအဝတ်ကလေး ဆောင်းထည်ကလေးဝယ်ပေးစမ်းပါဦးလို့ တဏှာက တောင်းလိမ့်မယ် ခန္ဓာပြပြီးတော့....(မှန်ပါ့) မဝယ်ဘူးက လုပ်ရဲပါ့မလား.... (လုပ်ရဲတယ်ဘုရား)။

ဘာမလုပ်ရဲစရာရှိသတုံး ဦးလှဘူးရ....(မှန်ပါ့) အရင်နှစ်တွေက ဝယ်ထားတဲ့ပစ္စည်းရှိ တော်ရောပေါ့ကွ....(မှန်ပါ့) ဒီလိုလုပ်ရမှာဗျ....(မှန်ပါ့)။

ခင်ဗျားတို့က ဟုတ်ပါကလားနဲ့ ကပြာကရာပြေးဘာဘဲ.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)အတော်ဆိုးနေတယ်တဲ့ (မှန်ပါ့)။

ကိုင်း ... ဒါဖြင့် တကာတကာမတို့ သူ့စကားနားထောင်ယင် ဒုက္ခပင်လယ်ဝဲ၍ နိဗ္ဗာန်မရောက်ဘူး....(မှန်ပါ့)။

ဘယ်နှယ်ဆိုကြမလဲ....(ဒုက္ခပင်လယ်ဝဲ၍ နိဗ္ဗာန်မရောက်ပါဘုရား) ဘယ်သူ့စကား နားထောင်ယင်လဲ... (တဏှာ့စကားနားထောင်ယင်ပါဘုရား)။

ဟာ .. ဒါဖြင့် ခလေးတွေဆိုတော့ တဏှာကနိုင်လို့ မသိရှာလို့ တကာကြွယ် သြော်...ဒီမှာခိုင်းတယ် လုပ်ရှာကြတယ်....၊ ပြေးကြတယ်,လွှားကြတယ် ဟုတ်လား .၊ ငိုကြ,ရယ်ကြနဲ့တဏှာက စီမံသလို လိုက်နာနေတယ်.... (မှန်ပါ့) ဒို့အရှယ်ကြီးတွေတော့ ရှက်စရာကြီး (မှန်ပါ့)။

ဒို့အရှယ်ကြီးတွေတော့ ဘယ်နှယ်ဆိုမလဲ.... (ရှက်စရာကြီးတွေပါ) သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီကျမှ နည်းနည်းကလေး ရှက်တတ်တယ်.... (မှန်ပါ့)နို့ မဟုတ်ယင်... (မရှက်တတ်ပါဘုရား)။

အဲ.... တဏှာနဲ့စစ်ထိုးတတ်မှ ဟိရိဩတ္တပ္ပ ကပ်လာတယ်.... (မှန်ပါ့) တဏှာနဲ့ စစ်မထိုးတတ်ယင်....(ဟိရိဩတ္တပ္ပ မကပ်ပါဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ တဏှာနဲ့စစ်မထိုးသ၍ ခင်ဗျားတို့မှာ အရှက်အကြောက်မရှိသေးဘူး.... (မှန်ပါ့) အရှက်ကဘာတုံး တဏှာခိုင်းတာလုပ်နေတာ အရှက်မရှိဘူး.... (မှန်ပါ့)။

အကြောက်က ဘာတုံးမေးယင် တဏှာခိုင်းတာလုပ်ယင် အပါယ်ကျရမယ်ဆိုတာ အဲဒီကိုလဲ မကြောက်ဘူး.... (မှန်ပါ့ ဘုရား)။

ဒါဖြင့် အရှက်အကြောက်မရှိလို့ ခင်ဗျားတို့ တဏှာခိုင်းတာ လျောက်လုပ်နေတယ်... (မှန်ပါ့ဘုရား) ရိပ်မိပလား....ရိပ်မိပါပြီဘုရား)။

ဦးမာဒင် ဘယ်လိုများ ဆင်ခြေလဲချင်သေးသတုံး .... (မလဲချင်ပါဘုရား) ဦးသန်းမောင်ကော လဲချင်သေးသလား....(မလဲချင်ပါဘုရား)။

မလဲနဲ့တဲ့၊ သူ့ခိုင်းတာကို ခင်ဗျားတို့သည် တဏှာက ခိုင်းလို့ သွားရတဲ့ လမ်းဟူသ၍သည် သူယုတ်မာက ခိုင်းတာ.... (မှန်ပါ့) ရှက်စရာကြီးမဟုတ်ဘူးလား....(မှန်ပါ့-ရှက်စရာကြီးပါဘုရား)။

ကိုယ့်အုပ်ချုပ်တဲ့ အရှင်သခင်က သူတော်ကောင်းလား... ၊ သူယုတ်မာလား....(သူယုတ်မာပါ) သူယုတ်မာခိုင်းတာကို သွားနေရတော့ ရှက်စရာကြီး....(မှန်ပါ့)။

သူယုတ်မာသည်ကားလို့ဆိုယင် ခိုင်းလဲခိုင်းတယ်၊ ဒီစိတ်နဲ့ သေယင်လဲ အပါယ်ရောက်ရမယ်ဆိုတော့ ကြောက်စရာကြီးဘဲ.... (ကြောက်စရာကြီးပါဘုရား) သဘောကျပလား.... (ကျပါပြီဘုရား)။

အဲဒါကြောင့်တဲ့ .... အဝိဇ္ဇာနဲ့ တဏှာကိန်းလာယင်ကွာ.... ဟိရိဩတ္တပ္ပမရှိဘူးလို့ ငါဘုရားဟောတယ်တဲ့....(မှန်ပါ့ဘုရား) သေသေချာချာ ဟောတာဘဲ....(မှန်ပါ့)။

ကဲ... တကာကြွယ်....ယနေ့ကစပြီး ဘာလုပ်မလဲ .... (တဏှာခိုင်းဟာ မလုပ်ရပါဘုရား) အဲ .. ဟိရိဩတ္တပ္ပရှိရမယ်(မှန်ပါ့) ဟိရိဩတ္တပ္ပရှိလာယင် တဏှာကို ရန်သူမှန်းသိပြီ....(မှန်ပါ့) သဘောကျပလား .. (ကျပါပြီဘုရား)။

နို့မဟုတ်ယင် ခေါင်းဖြူစွယ်ကျိုးကြီးတွေ့မျှား ခိုင်းပြီး သကာလထားလိုက်တာတောင်လှေးထောက်ခိုင်းလို့ ခိုင်း(မှန်ပါ့) မျက်မှန်ကြီးတပ်ပြီးတော့ (ခိုင်းပါတယ်)ခိုင်းလို့ခိုင်းတဲ့၊ ကားကလေးနဲ့ မသွားနိုင်-သွားနိုင်နဲ့ ပွဲတင်ရအောင်တောင် ကျုပ်ပါမှ ပြီးတာ သွားဦးမှ တော်မယ်... (မှန်ပါ့)ဒီလိုကော မရှိဘူးလား... (ရှိပါတယ်)အဲဒါ ဘယ်သူက ခိုင်းတာတုံး.... (တဏှာကခိုင်းတာပါဘုရား)။

အဲဒါ အရှက်မရှိတော့ လူပုံထဲ ဝင်ပြီးသကာလ ခင်ဗျားလာပြန်ပလား .. မမာလျက်နဲ့....၊ အို .... ခင်ဗျားပြောတာတော့

ဟုတ်တယ်၊ ကျုပ်မပါ-မပြီးလို့.....(မှန်ပါ့)ဆိုပြီး တဏှာခိုင်းတာကို ကျွန်ပိပိလိုက်လာတယ်... (မှန်ပါ့)။

ဒါတွေဟာ တကာတကာမတို့ ဟိရိ,ဩတ္တပ္ပမရှိလို့.....လို့ဘုရားဟောလိုက်တယ်. (မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကောင်းပြီ... ဒါဖြင့် တဏှာပါလာလို့ရှိယင်ဖြင့် ဒိဋ္ဌိက.... 'လောဘသဟဂတံ ဒိဋ္ဌိဂတသမ္ပယုတ္တံ' ကိုး(မှန်ပါ့) လောဘနဲ့ ဒိဋ္ဌိဟာ တွဲတွဲလာတယဲ... (မှန်ပါ့) ကျုပ်မပါ-မပြီးလို့ဆိုတော့ ဒိဋ္ဌိက ဝင်လာတယ်... (မှန်ပါ့)။

တကာကြွယ်... ကျုပ်မပါ-မပြီးယင်... (ဒိဋ္ဌိဝင်လာပါတယ်) ကျုပ်-ဆိုတာက ကိုယ့်ထက်ကြီးတဲ့ လူကို ပြောတာကိုးဗျ .... (မှန်ပါ့)။

ကိုယ့်ထက်ငယ်တဲ့လူကို ပြောတော့ ငါမပါယင် မင်းတို့ဘာပြီးမလဲတဲ့....(မှန်ပါ့) အဲဒီတော့ ဒိဋ္ဌိက ဝင်မနေဘူးလား.... (ဝင်ပါတယ်ဘုရား)။

အဲဒီတော့ တဏှာနဲ့ ဒိဋ္ဌိက တွဲလျက်ဘဲ....(မှန်ပါ့)ဦးလှဘူး ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါ့ကြောင့် တကာတကာမတို့ ယနေ့က-စပြီးတော့ စိတ်ထဲက-နေပြီး သူက ဒီအကြံပေးလိုက်တယ် မသွားဘူးကွာ....(မှန်ပါ့ဘုရား)။

သူက ဒီက ညွှန်ပြတယ် ဦးမာဒင်....ဘယ့်နှယ်တုံး(မသွားပါဘုရား) ဒီဟာကလေး ရှာပေးပါဦးဆိုယင်ကော.... (မရှာပါဘုရား)။

အဲဒါကို ခင်ဗျားတို့ နောက်ကနေ သူက လာလိုက်၊ကိုယ်က တတောင်နဲ့ တွက်နေရမှာ....(မှန်ပါ့) အားမှာမဟုတ်ဘူး.... (မှန်ပါ့) အားပါဦးမလား....(မအားပါဘုရား)။

အင်း.... သူများမသိတဲ့ ပုဂ္ဂိုလ်ကတော့ အရှုးများ ထ-နေသလား အောက်မေ့နေမှာ...(မှန်ပါ့)စင်စစ်တော့ မဟုတ်ဘူး၊ တဏှာနဲ့ စစ်ထိုးနေရတာ၊ လာရင်း တတောင်နဲ့ တွက်ရရင်း ဖြစ်နေတာ....(မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အဲဒါ ဟိရိဩတ္တပ္ပရှိလို့ တတောင်နဲ့ တွက်ရတာ....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ကဲ-ဒါဖြင့်ဒီနေ့သည်တကာတကာမတို့စိတ်ကလေးဖြစ်လာတာ သိလာလို့ ဩော်....ဒီစိတ်ကလေး ဖြစ်လာပြီဆိုယင် ဘာဒိဋ္ဌကွာသတုံး....(သက္ကာယဒိဋ္ဌကွာပါတယ်ဘုရား)။

ဒီ စိတ်ကလေးသည်ကားလို့ဆိုယင် တကာတကာမတို့ .... အကြောင်းချုပ်တော့ အကျိုးချုပ်သွားတယ်....(မှန်ပါ့) ပျက်သွားတာဘဲ....(မှန်ပါ့)အဲဒီ့အပျက်ကလေးကို ကျုပ်တို့ ဉာဏ်ထဲမှာ ပျက်တတ်တဲ့ တရားလို့ သိယင် ဘာတုံး....(သဿတဒိဋ္ဌိကွာပါတယ်ဘုရား)။

ပျက်ပင်ပျက်ငြားသော်လဲ ခန္ဓာကိုယ်က ဗိုင်းဗိုင်းမလဲတော့ နောက်စိတ်နဲ့ အသက်ရှင်တယ်(မှန်ပါ့)နောက်စိတ်ကို ဘယ်သူက အခွင့်ပေးထားသတုံး.... (ရှေ့စိတ်က ပေးပါတယ်ဘုရား) ချုပ်သွားတဲ့စိတ်က ပေးပစ်ခဲ့တာ ...(မှန်ပါ့)။

ချုပ်သွားတဲ့စိတ်က အခွင့်ပေးခဲ့လို့ နောက်စိတ်တခု မပေါ်

ဘူးလား.... (ပေါ်ပါတယ်ဘုရား) နောက်စိတ်ကလဲ အာရုံနဲ့ ဒုံရိရတိုက်ယင် ပေါ်တာပါဘဲ... (မှန်ပါ့)။

အဲဒီ စိတ်ပေါ်လာတာ နောက်စိတ်ပေါ်လာတာ မြင်သဖြင့် ဘာစင်သတုံး.... (ဥစ္စာဒဒိဋ္ဌစင်ပါတယ်ဘုရား) သြော်....ဥစ္စာဒဒိဋ္ဌစင်တယ်၊ စိတ်စဉ်မပြတ်ဘူး.... (မှန်ပါ့) အရင်စိတ်သာ ချုပ်သွားတယ်၊ နောက်စိတ် ပေါ်တာဘဲ.... (မှန်ပါ့)။

အဲဒီလို သွားလိုက်တာ ဦးမာဒင်တို့ ဦးဗထွေးတို့ မှတ်လိုက် စမ်းပါ တသံသရာလုံးဘဲ.... (မှန်ပါ့) ရှေ့စိတ်ချုပ် နောက်စိတ် ဖြစ်၊ ရှေ့စိတ်ချုပ် နောက်စိတ်ဖြစ်နဲ့ တသံသရာလုံး မပြတ်ဘူး.... (မှန်ပါ့) ရှေ့စိတ်ချုပ် နောက်စိတ်ဖြစ်· ရှေ့စိတ်ချုပ် နောက်စိတ်ဖြစ်နဲ့ တသံသရာလုံး မပြတ်ဘူး... (မှန်ပါ့)။

စဉ်းစားကြည့်ပါ... တကာတကာမတို့၊ အခု စုတိစိတ်ပြီး ပဋိသန္ဓေစိတ်လာတယ်.... (မှန်ပါ့) စိတ်စဉ်ပြတ်သေးရဲ့လား.... (မပြတ်ပါဘုရား) ပဋိသန္ဓေစိတ်ပြီး နောက် ဘဝင်စိတ်တွေ မလာဘူးလား....(လာပါတယ်ဘုရား) စိတ်စဉ်ပြတ်သေးရဲ့လား (မပြတ်ပါဘုရား)။

အဲ....စိတ်စဉ်တွေ အကုန်ပြတ်မှသာလျှင် တကာတကာမတို့ နိဗ္ဗာန်ရတယ်.... (မှန်ပါဘုရား) စိတ်စဉ်တွေ အကုန်မပြတ်ယင်.... (မရပါဘုရား) သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် ယနေ့သည် တကာတကာမတို့ ဒီစိတ်ကို ဘုန်းကြီး အကြီးအကျယ် ပြောနေတာ အခြားကြောင့် မဟုတ်ပါဘူး၊ ခင်ဗျားတို့မှာ မှားနေတာရှိတယ်.... (မှန်ပါ့) ခင်ဗျားတို့မှာ ဗဟုဘာသာဆိုပြီး သဿတဒိဋ္ဌရှိနေတယ်...(မှန်ပါ့)။

ဗုဒ္ဓဘာသာဆိုပြီး သဿတဒိဋ္ဌိက ရှိတာက ဘာတုံး....ဆိုလို့ ရှိယင် ကျုပ်စိတ်ဟာ အိမ်မှာကတည်းက ပေါ်လိုက်တာဗျာ ခင်ဗျားတို့ဆီရောက်လဲကျုပ်ဟာဒီစိတ်ပါဘဲ(မှန်ပါ့)အံမာ....ဒီလိုမျိုး ပြောလိုက်သေးတယ်....(မှန်ပါ့ဘုရား) မပြောဘူးလား.... (ပြောပါတယ်ဘုရား)။

အဲဒီတော့ ဒီက သွားလိုက်တဲ့စိတ်ဟာ ရန်ကုန်ရောက်တယ်၊ ရန်ကုန်မှာလဲ ဒီစိတ်ဘဲလို့ ထင်လိုက်တယ်.... (မှန်ပါ့) ဘာဒိဋ္ဌိလဲ-(သဿတဒိဋ္ဌိပါဘုရား)။

ဘယ်လို အားထုတ် အားထုတ် နိဗ္ဗာန် မရဘူး.... (မှန်ပါ့) သဿတဒိဋ္ဌိခံနေတယ်.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ကျုပ်တို့က ဖြစ်လွယ်,ပျက်လွယ်ဘဲ အစရှိသည်နဲ့ ပြောကြတယ်....(မှန်ပါ့)။

ဒါဖြင့် စိတ်ကို တာရှည်ကြီး ခိုင်တယ်,မြဲတယ်ထင်ယင် ဘာဒိဋ္ဌိလဲ....(သဿတဒိဋ္ဌိပါ) သဿတဒိဋ္ဌိပေါ့ ခိုင်တယ်,မြဲတယ်လို့ ထင်ယင်... (မှန်ပါ့)။

စိတ်ဟာ ဖြစ်ပြီးပျက်တာဘဲ ...(မှန်ပါ့) အခုဖြစ် အခုပျက်ဘဲ တာရှည်မဆဲ့ပါနဲ့.....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) ဖြစ်ပြီးပျက်တာသိယင် (သဿတဒိဋ္ဌိစင်ပါတယ်) ပေါ်လာတာသိယင်.....(ဥစ္ဆေဒဒိဋ္ဌိစင်ပါတယ်ဘုရား)။

ကောင်းပြီ ဒါဖြင့် ဒီစိတ်သည်ကားလို့ ဆိုလို့ရှိယင်ဖြင့်တဲ့ တကာတကာမတို့ သက္ကာယလဲစင်ပြီ, သဿတလဲ စင်ပြီနော်... (မှန်ပါ့)သို့ဆိုသော် ဗုဒ္ဓဘာသာမှာ သဿတရှိတာကလေး တကာသစ် နားထောင်ပါဦး....(မှန်ပါ့)။

အသက်ထွက်သွားပြီ... တဲ့.... (မှန်ပါ့) တယ်ကြောက်စရာ ကောင်းတဲ့ စကားပါကလား....(မှန်ပါ့)။

ဦးမာဒင် ဘာတဲ့....(အသက်ထွက်သွားပါပြီတဲ့)မသုံးကြဘူး လား....(သုံးကြပါတယ်) အသက်ဆိုတာ ဒီစိတ်ကလေးကိုဆိုတာ (မှန်ပါ့)။

ဒီစိတ်ကလေးဟာတဲ့ တကာတကာမတို့ နတ်ရွာ ရောက် ကရော့မယ် အခုလောက်ရှိယင်... (မှန်ပါ့) အင်း.... လူ့ပြည်က သွားတာ....(မှန်ပါ့) ဒီ-စိတ်ဆိုတဲ့ အသက်ကလေးဟာ (မှန်ပါ့) ဒီလိုကော မယူကြဘူးလား.. (ယူပါတယ်ဘုရား)။

အဲဒါ ဒီစိတ်ကလေးဟာ ဒီနေရာဖြစ်ပြီး ဒီနေရာပျက်ရမှာ မပျက်ဘဲနဲ့သူကဒီခန္ဓာအိမ်မကောင်းတာနဲ့ ဟိုခန္ဓာအိမ်ပြောင်းတဲ့ အဓိပ္ပါယ်ယူတယ်....(မှန်ပါ့) ဘာဒီဋ္ဌတုံး .... (သဿတဒိဋ္ဌပါ) အဲဒါ ဗုဒ္ဓဘာသာမှာ ရှိတယ်....(မှန်ပါ့ဘုရား)။

တကာတကာမတို့ ဘယ်သူ့မှာရှိသတုံး.... (ဗုဒ္ဓဘာသာမှာ ရှိပါတယ်ဘုရား)။

အသက်ထွက်တယ်လို့ အယူရှိတဲ့ပုဂ္ဂိုလ်အပေါင်းဟာ ဘယ် တော့မှ နိဗ္ဗာန်အားထုတ်လို့မရဘူး....(မှန်ပါ့) ဘာ့ကြောင့်တုံး (သဿတဒိဋ္ဌခံနေလို့ပါ) သဿတဒိဋ္ဌ အပင်းခံနေလို့·လို့မှတ် စမ်းပါ....(မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီဘုရား)။

အင်း....ဘယ်မှာမျှား ဒီအသက်ကလေးဝင်စားပါလိမ့်မတုံးတဲ့ (မှန်ပါ့) ဘာဒိဋ္ဌပါလိမ့်....(သဿတဒိဋ္ဌပါဘုရား) ဒါလဲ့ နိဗ္ဗာန် မရနိုင်ဘူး... (မှန်ပါ့)။

ဒီအယူမဖြတ်ယင်....(နိဗ္ဗာန်မရပါဘုရား) နိဗ္ဗာန် မရနိုင်ဘူး လို့ သေသေချာချာမှတ်ပါ(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ဘယ်နိဗ္ဗာန် ရတော့မတုံး တကာတကာမတို့... ဝိပဿနာက ဖြစ်ပျက်ကို မြင်မှဆိုတော့ သူ့မှာ ဒီစိတ်အဖေါ်မှာ ဖြစ်ပျက် မရှိဘော့ဘူး....(မှန်ပါ့) ရှိသေးရဲ့လား ...(မရှိပါဘုရား)။

ဒါဖြင့် အသက်ထွက်ပြီလို့ ယူတဲ့အယူသည် ဘာဒိဋ္ဌိတုံး.... (သဿတဒိဋ္ဌိပါဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒီဝမ်းခေါင်း မကောင်းလို့ ဟိုဝမ်းခေါင်း ပြောင်းတယ်လို့ ယူယင်ကော ... (သဿတဒိဋ္ဌိပါဘုရား) သဿတဒိဋ္ဌိဘဲဆိုဘာ တကာသစ် သေချာပလား ...(သေချာပါပြီဘုရား)။

အဲဒီ သဿတဒိဋ္ဌိဟာ တကာတကာမတို့ သိပ်ကြောက်စရာ ကောင်းတယ်နော်... (မှန်ပါ့)။

ဩော်... ငှက်မျိုး ဒီအကိုင်းမနားချင်လို့ ဒီဆပင် လွှဲလိုက် တာနဲ့ ဟိုအပင် ရွှေ့နားတဲ့အဓိပ္ပါယ် မရောက်ဘူးလား-(ရောက် ပါတယ်ဘုရား) ဒါဖြင့် ဒီငှက်ဟာ အသေရွှေ့သလား- အရှင် ရွှေ့သလား ...(အရှင်ရွှေ့ပါတယ်ဘုရား)။

အဲ.... စိတ်ဘယ်တော့မှ မသေဘူးလို့ ယူတဲ့အယူ- ယူထား တယ်....(မှန်ပါ့ဘုရား) ဒါကြောင့် ဒီအယူရှိယင် ဘာဒိဋ္ဌိတုံး... (သဿတဒိဋ္ဌိပါဘုရား)။

အဲဒီ သဿတဒိဋ္ဌိဟာ ဆရာဘုန်းကြီးပြောသလို အပျက်ကို မြင်လိုက်မှသာလျှင်စိတ်ဟူသ၍ အပျက်ချည့်ဘဲလို့ သိမှသာလျှင် သဿတဒိဋ္ဌိက ကွာတယ်....(မှန်ပါ့)။

အဲဒါကို အခုပြောတာကို ဉာဏ်ထဲက နားလည်ပြီးထားလို့ ရှိယင် သဿတဒိဋ္ဌိကွာတယ် အောက်မေ့(မှန်ပါ့)။

ဒီလိုမသိဘဲနဲ့ တကာတကာမတွေသည်ကား....လို့ ဆိုယင်ဖြင့် ဒီစိတ်ကလေးဟာဖြင့် အခုအခါ ဘယ်ဝမ်းခေါင်းထဲ ရောက်နေသတုံး-အစရှိသည်နဲ့ ဒီက ထွက်တော့သွားပြီ.... (မှန်ပါ့) ဒီလို ယူယင် ဘာဒီဋ္ဌတုံး....(သဿတဒိဋ္ဌပါဘုရား)။

အဲဒီအယူမပျောက်သရွေ့ကာလပတ်လုံး ဘယ်လိုပင်ချတ်ချတ် မရဘူး...(မှန်ပါ့) ရှင်းပလား...(ရှင်းပါပြီ) နိဗ္ဗာန်ဘယ်တော့မှ မရလို့ ဆုံးဖြတ်ချက်ချ....(မှန်ပါ့)။

ဘာလှူလို့ ဘာတန်းနေ ဦးမာဒင်.... (နိဗ္ဗာန်မရပါဘုရား) ဘာခံနေသတုံး....(သဿတဒိဋ္ဌခံနေပါတယ်ဘုရား)။

ဒါဖြင့် ဒိဋ္ဌိသုံးမျိုး-တမျိုးမျိုးခံခဲ့သော် တကာကြွယ် ဘယ်တော့မှ နိဗ္ဗာန်မရ....(မရပါဘုရား) ပေါ်ပလား.... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဗုဒ္ဓဘာသာမှာ ဦးသန်းမောင်တို့ ဘာဒိဋ္ဌိ ရှိတတ်သတုံး....(သဿတဒိဋ္ဌိရှိတတ်ပါတယ်ဘုရား)အသက်ထွက်တယ်.... (မှန်ပါ့) သဒ္ဓာကျပလား....(ကျပါပြီ)။

အသက်ထွက်တယ်လို့ ယူတော့ စိတ်ကလေးဟာ အသက်ဘဲ-(မှန်ပါ့) အဲဒီ စိတ်ကလေးထွက်သွားတယ်ယူတယ်.... (မှန်ပါ့ ဘုရား)။

ဒီမှာ မနေချင်လို့ အင်း....တနေရာရာခြောင်းခပါ့ဆိုတော့ တကာတကာမတို့ ဘာဒိဋ္ဌိပါလိမ့် ...(သဿတဒိဋ္ဌိပါဘုရား)။

အဲ.... ဒီဒိဋ္ဌိရှိနေယင် တကာသစ်က ဘယ့်နှယ်ဆုံးဖြတ်ချက်ချမလဲ.... (ဘယ်တော့မှ နိဗ္ဗာန်မရပါဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဘယ်တော့မှ နိဗ္ဗာန်မရဘူး၊ ဒီအယူကို ဝမ်းထဲက မဖျောက် နိုင်သေးသ၍ကာလပတ်လုံး ဘယ်နည်းနဲ့မှ နိဗ္ဗာန်မရဘူးဆိုတာ တထစ်ချ ဆုံးဖြတ်ချက်ချ၊ နက်ဖြန် ဝတ္ထုထုတ်လိမ့်မယ်-(မှန်ပါ့ ဘုရား) သဘောပါပလား....(ပါ့ပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေသည် ဒီဒိဋ္ဌိ အခု ပြုတ်ပါပလား....(ပြုတ်ပါပြီဘုရား)။

ဒီစိတ်ဟာ ဝမ်းထဲမှာရှူတဲ့စိတ်ဟာ ဒီနေရာတွင်ရှူပြီး ဒီနေရာ တွင် ချုပ်တယ်.... (မှန်ပါ့) ရှိုက်တဲ့စိတ်ကလေးဟာကော.... (ဒီနေရာတွင်ဖြစ်,ဒီနေရာတွင် ချုပ်ပါတယ်ဘုရား) လျှာပေါ်မှာ ပေါ်တဲ့စိတ်ကလေးဟာကော.... (လျှာပေါ်မှာ ချုပ်ပါတယ် ဘုရား) လျှာပေါ်မှာပေါ်ပြီး လျှာပေါ်မှာပျက်တယ်-(မှန်ပါ့) နားထဲပေါ်တဲ့စိတ်ဟာ.... (နားထဲပေါ်ပြီး နားထဲပျက်ပါတယ် ဘုရား)။

ဒါဖြင့် ဒါဟာ ဝိညာဏ်ခေါ်တယ်....(မှန်ပါ့)အဲဒီ ဝိညာဏ် ဟာ ဘယ်တော့မှ တနေရာမှ တနေရာသို့မပြောင်းဘူး-(မှန်ပါ့) နားထဲပေါ်တဲ့ဝိညာဏ်သည် နှာခေါင်းထဲ မပေါ်နိုင်....(မှန်ပါ့) နှာခေါင်းထဲပေါ်တဲ့ဝိညာဏ်သည် လျှာပေါ်မှာ....(မပေါ်နိုင်ပါ ဘုရား)။

ဒါ့ကြောင့် " သောတဝိညာဏံ ဃာနဝိညာဏံ ဇိဝှါ ဝိညာဏံ"နဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက နေရာမျှားစွာမှာ သူ့နေရာနဲ့သူဟောတယ်....(မှန်ပါ့) ပြောင်းလို့မရလို့ဟောတာ (မှန်ပါ့) ပြောင်းလို့ရယင် ဝိညာဏ်တခုတည်း ဟောမှာပေါ့.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ့ ဘယ်နေရာပေါ်တဲ့ စိတ်ဝိညာဏ်ဖြစ်ဖြစ် ပေါ်တဲ့နေရာပျက်...(မှန်ပါ့) ဥပမာမယ် ဒူးပေါ်မှာယားတဲ့ ကာယဝိညာဏ်ပေါ်တယ်.... (မှန်ပါ့ဘုရား) ပေါင်မှာ ရွှဲ့.ယားသလား- ဒူးပေါ်တွင် ပျောက်သလား.... (ဒူးပေါ်တွင် ပျောက်ပါတယ်ဘုရား)။

ဒီနေရာယား-ဒီနေရာပျောက်၊ ဒီနေရာနာယင်ကော-(ဒီနေရာ ပျောက်ပါတယ်ဘုရား)။

အဲဒီကဲ့သို့ ခြေသြဒ်-ဒီနေရာဖြစ် ဒီနေရာပျက်၊ ဘယ်မှမပြောင်းဘူး၊ ဒီနေရာမှာဘဲ ဖြစ်ပေါ်ပြီး ဒီနေရာမှာဘဲ ပျက်တာဘဲလို့ ယူလို်က်ယင် ပေါ်တာသိယင် သင်္ကာယဒိဋ္ဌိစင်ပါတယ်-(မှန်ပါ့) ဒီနေရာမှာဘဲ ပျောက်သွားတယ်....လို့ သိသွားလို့ ရှိယင်ဖြင့် သဿတဒိဋ္ဌိစင်ပါတယ်....(မှန်ပါ့) သဘောပါပါလား....(ပါ-ပါပြီဘုရား)။

အဲဒီတော့ ရှေးမူတွေက တကာတကာမတို့ သိတဲ့အတိုင်း အသက်ထွက်တယ်,ဘဝခြောင်းတယ်....(မှန်ပါ့)ဒီလိုမယူဘူးလား (ယူပါတယ်ဘုရား)။

ဒီဘဝမကောင်းလို့ဘာတုံး- (ဟိုဘဝပြောင်းပါတယ်ဘုရား) ပြောင်းတယ်ဆိုတဲ့ဥစ္စာသည် အထုပ်ထမ်းပြောင်းသလို ပြောင်းတာ.... (မှန်ပါ့) ဘာဒိဋ္ဌိထဲရောက်နေသတုံး.... (သဿတဒိဋ္ဌိထဲရောက်ပါတယ်ဘုရား)။

အဲဒါကြောင့် ဘဝပြောင်းတာလဲမရှိဘူး၊ စုတိ ပဋိသန္ဓေဖြစ်တာဘဲရှိတယ်-(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

အဲဒါတွေ့ ဘဝပြောင်းလို့မရဘူး.... (မှန်ပါ့) ဒီမှာ အခုလူဘဝဆိုပြားသော်လဲ...တဲ့ လူ့ဘဝဆိုတဲ့ဥစ္စာ တကာတကာမ

တို့ စိတ်ကလေးတွေ ဖြစ်နေတယ်....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ) ဒီစိတ်ကလေးဟာ ဘယ်ရှေ့ပြောင်းသေးသတုံး... (မပြောင်းပါဘုရား)။

ဒါဖြင့် ဟိုမှာ အခု ဝိညာဏ်မခပါဘူးလား၊ ပေါ်ပါတယ် (မှန်ပါ့) "အနန္တရပစ္စယော" တဲ့ အရင်ချုပ်တဲ့စိတ်က ဟိုစိတ်ကို အစားထိုးပစ်လိုက်တယ်.... (မှန်ပါ့) ပေါ်တော့သဲ ပေါ်တယ်၊ ဒီက ပြောင်းတာတော့ မဟုတ်ဘူး .. (မှန်ပါ့) ဒီကနေပြီး ဟိုမှာ အစားထိုးလိုက်ဘယ်.....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ ဘုရား) သဘောပါပလား....(ပါ၊ပါပြီဘုရား)။

ကဲ..ယနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု....သာဓု... သာဓု....

ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ
အာမရပူရမြို့ မင်္ဂလာတိုက်ဟောင်း - မိုးကုတ် ဆရာတော်ဘုရား
အာမရပူရမြို့-ဓမ္မာရုံ၌ ဟောကြားဆုံးမတော်မူသော
(ဗုဒ္ဓဘာသာဝင်တွေ့မှာပင် ရှိနေတတ်သည့် ဒိဋ္ဌိကိုဖြုတ်နည်း)
နွေအလုပ်ပေး-တရားတော်
(၁၃ - ၁၀ - ၆၁)

နီဗွာန်ကန့်ကွက်တဲ့တရားဆိုပြီး မနေ့က ဒိဋ္ဌိကိုဟောခဲ့တယ်.... (မှန်ပါ့)ဒုက္ခချုပ်ရာသွားမည့်ပုဂ္ဂိုလ်မှာ သင်္ကာယဒိဋ္ဌိရှိတဲ့ပုဂ္ဂိုလ် ဟာလဲ မရောက်နိုင်ဘူး.... (မှန်ပါ့) သဿတဒိဋ္ဌိရှိတဲ့ပုဂ္ဂိုလ်လဲ မရောက်နိုင်ဘူး... (မှန်ပါ့) ဥစ္ဆေဒဒိဋ္ဌိရှိတဲ့ပုဂ္ဂိုလ်လဲ (မရောက်နိုင်ပါဘုရား)။

ဒါဖြင့် နီဗွာန်ကိုကန့်ကွက်တဲ့ ဒိဋ္ဌိသုံးမျိုးကို မနေ့ကရှင်းပြခဲ့ပြီ....(မှန်ပါ့)ရှင်းပြတော့ တကာတကာမတွေ့ ဒီဒိဋ္ဌိသုံးမျိုး ရှင်းပါပြီ....(မှန်ပါ့ဘုရား)။

ကောင်းပြီတဲ့ ဒါဖြင့် ဒိဋ္ဌိသုံးမျိုး ရှင်းပြီးသကာလနေတော့ မိမိတို့ အလုပ်-လုပ်တော့မယ်လို့ ဆိုတော့ ခန္ဓာဥာဏ် လှည့်ပါနော်... (မှန်ပါ့) ခန္ဓာဥာဏ်လှည့်လိုက်တော့ ခန္ဓာက ကျုပ်ဟာ အနိစ္စပါဘဲလို့ ပြောလိမ့်မယ်... (မှန်ပါ့)။

ကျုပ်ဟာ အနိစ္စပါဘဲလို့ ခန္ဓာက ပြောပါတယ်....(မှန်ပါ့) ကျုပ်ဟာ ဒုက္ခပါဘဲလို့ ဘယ်သူက ပြောသတုံး....(ခန္ဓာကပြော

ပါတယ်) ကျုပ်ဟာ အာနတ္တပါဘဲလို့....(ခန္ဓာကပြောပါတယ်) ကျုပ်ဟာ ဒုက္ခသစ္စာပါဘဲလို့....(ခန္ဓာကပြောပါတယ်ဘုရား)။

အဲဒီခန္ဓာကပြောတာကိုဉာဏ်ကခေါင်းညိတ်လိုက်ပါ(မှန်ပါ့) ဉာဏ်က ခေါင်းညိတ်လိုက်လို့ ရှိယင်ဖြင့် ဒီဌိဿုံးမျိုး ကန့်ကွက်မှုဟာ မကန့်ကွက်နိုင်တော့ဘူး....(မှန်ပါ့)။

ဒီဌိဿုံးမျိုးက သူများပြောသံကြားနဲ့ ငါထင်နေတာ(မှန်ပါ့) ဉာဏ်မျက်စိမပါလို့ မကြည့်မိလို့ ခိုင်တယ်၊မြဲတယ်ထင်တာ(မှန်ပါ့ဘုရား) ဉာဏ်မျက်စိ တပိုင်းတစကလေး ပါတာနဲ့ဘဲ အင်း...ဒီ-တခုပျက်စီးယင် ပြတ်ထွက်သွားတာဘဲ၊ဒီဟာဝသေပြီးယင် နောက်ဘာမှ ဖြစ်စရာမရှိတော့ဘူး.... (မှန်ပါ့) ဒီလိုဖြစ်သွားတာလဲ ဥစ္စာဒဒီဌိဘဲ....(မှန်ပါ့ဘုရား)။

အဲဒါတွေသိတော့မှ တကာကြွယ်တို့က သြော်....ဒီဒီဌိဿုံးပါးဟာ ဘဝသံသရာက မရှင်းခဲ့လို့ သံသရာရှည်ပြီးသကာလ နေခဲ့တယ်ဆိုတာလဲ ပေါ်ပါပြီ....(ပေါ်ပါပြီဘုရား)။

အဲဒီတော့ ဘုရားလက်ထက်က သာတိဆိုတဲ့ ရဟန်းက ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ငါသည် ဝိဓူရအမတ်လဲ ဖြစ်ခဲ့တယ်ကွ- မဟော်သဓလဲ ဖြစ်ခဲ့တယ်ကွ၊ နောက် ဝေဿန္တရာမင်းလဲ ဖြစ်ခဲ့တယ်ကွ....(မှန်ပါ့)။

နောက်ကျတော့ တုသိတာဘုံရောက်ခဲ့တယ်ကွာ၊ အဲဒီကနေ ဆင်းမှ သီဒ္ဓတ္ထမင်းသား ဖြစ်တယ်ကွာလို့ ဆိုတော့ သူ့စိတ်ထဲမှာ တရားနာရင်းမတ္တန့်ကြော်-ခန္ဓာငါးပါးရှိတဲ့အနက်ကရူပကွခန္ဓာ, ဝေဒနာကွခန္ဓာ,သညာကွခန္ဓာ,သင်္ခါရကွခန္ဓာဆိုတဲ့ လေးပါးကတော့

ဖြင့် ရောက်ရာဘဝမှာ ချုပ်ပျောက်နေရစ်တာဘဲ (မှန်ပါ့) ဝိညာဏ်ဆိုတဲ့ဝိညာဏကွန်ရက်တော့ကို ဒီဘဝကဟိုဘဝရွှေ့တယ် ပြောင်းတယ်လို့ ယူတယ် ...(မှန်ပါဘုရား)။

ဟုတ်လို့ယူ ပါလိမ့်....(ဝိညာဏ်က ပြောင်းတယ်လို့ ယူပါတယ် ဘုရား)။

ဝိညာဏ်က ပြောင်းတယ်လို့ ယူပို့ကော့ ကဿာသစ်တို့က ဆုံးဖြတ်ချက်ချ ဦးမာဒင်တို့က ဆုံးဖြတ်ချုက်ချ ဘာဒိဋ္ဌပါလိမ့် (သဿတဒိဋ္ဌပ)ပေါ့ကြပလား....(ဖေါ်ပါပြီဘုရား)။

ဩ... ဒါဖြင့် ခုနင်က ဆရာဘုန်းကြီးပြောခဲ့တာဟာ ဒိဋ္ဌသုံးပါး တပါးပါးရှိခဲ့သော် မင်္ဂဝါဏ်,ဖိုလ်ဉာဏ် ရနိုင်ပါ့မလား (မရနိုင်ပါဘုရား)။

တံငါသည်၏သား သာတိဆိုတဲ့ ရဟန်းက ဘုရားက ဇာတ်တော်တွေ လျှောက်ပေးခဲ့တော့ "သူ့စိတ်ထဲ အယူဒဗေါက်ပြီး သကာလ ဝိညာဏ်ကတော့ဖြင့် ဘဝတွေထဲလှည့်ပြောင်းပြီးသွားတာဘဲ၊ ကျန်တဲ့ ရူပက္ခန္ဓာတို့ ဝေဒနာက္ခန္ဓာတို့ သညာက္ခန္ဓာတို့ သင်္ခါရက္ခန္ဓာတို့ကတော့ဖြင့် ချုပ်ပျောက်နေရစ်တယ်တဲ့ (မှန်ပါ့) **ဝိညာဏ်ကတော့ဖြင့် တဘဝမကောင်းတဘဝပြောင်းသွားတယ်**" (မှန်ပါ့) ဘာဒိဋ္ဌပါလိမ့်....(သဿတဒိဋ္ဌပါဘုရား)။

စဉ်းစားပါ တကာတကာမတို့ ဒါ သဿတဒိဋ္ဌယူထားတယ် (မှန်ပါ့) ဘုရားဖရှေ့မှာဘဲ သူဒီအယူကို တခါတည်းယူတော့တာ ဘဲ... (မှန်ပါ့)။

ဒီအယူ-ယူပြီးသကာလ သူ့စိတ်ထဲမှာတော့ သူ့ဟာနဲ့ သူ ကျေနပ်ပြီး သဿတဒိဋ္ဌနဲ့ ကျေနပ်ပြီးသကာလနေတော့ တရား

ဗဲ့ကလဲပြန်ပါဆော ရဟန်းတွေကို သူက ပြောတယ်... (မှန်ပါ! ဘုရား)။

ရဟန်းတွေကို သူကလိုက်ပြောတယ်၊ ဟုရားဟောဘော်မှတာ သူသိပါတယ်၊ ဘယ်လိုသိသတုံးဆိုလို့ ရှိယင်ဖြင့်တဲ့ "ဝိညာဏ်သည် ဒီဘဝကောင်း ဟိုဘဝပြောင်းပြီးသကဲလ ဒီခန္ဓာမကောင်း ထွက်သွား ဟိုခန္ဓာထဲပြောင်း၊ ဟိုခန္ဓာမကောင်းလို့ ထွက်သွား၊ ဟိုဘက်ခန္ဓာပြောင်း၊ ဆူဘဲပြောင်းနေတာဘဲ၊ ဒီပြင်ဟာတွေ အကုန်သေဘယ်၊ သူဓသေတူး" လို့ ယူထားတယ်.... (မှန်ပါ!) ဘာဒိဋ္ဌပါလိမ့်... (သဿတဒိဋ္ဌပါဘုရား)။

တကာတကာမတို့ ဒီသဿတဒိဋ္ဌဟာ ဗုဒ္ဓဘာသာမှာလဲ ရှိနေလို့ ငါတို့သန္တာန် သဿတဒိဋ္ဌရှိနေလို့ ရှိယင် ငါတို့မင်္ဂလာဏ်, ဖိုလ်ဉာဏ် ဘယ်တော့မှမရနိုင်တော့ဘူး၊ ဒုက္ခသာပင်လယ်ဝဝစရာရှိတယ်လို့ ဆုံးဖြတ်ချက်ချ.. (မှန်ပါ!)။

ဦးမာဒင် စဉ်းစားကြည့်၊ ဦးသန်းမောင်တို့ စဉ်းစားကြည့်၊ ဦးဗထွေးတို့ စဉ်းစားကြည့် သဿတဒိဋ္ဌ သိပ်ခက်ကြောက်စရာကောင်းတယ်.. (ကောင်းပါတယ်) သဿတဒိဋ္ဌဟာ သိပ်ကြောက်စရာကောင်းတယ်လို့ တကာတကာမတွေ သေးသေချာချာမှတ်ပါ... (မှန်ပါ!)။

ကျုပ်တို့ ဗုဒ္ဓဘာသာတမှာ မနေ့ကလဲ ပြောခဲ့တယ်နော်.... (မှန်ပါ!) **အသက်ကလေးထွက်သွားပြီ....၊ ဝိညာဏ်ကလေးထွက်သွားပြီတဲ့၊** အသက်ဆိုတာ သူတို့က ဝိညာဏ်ဘဲ ... (မှန်ပါ!) ဝိညာဏ်ကလေး ထွက်သွားပြီတဲ့....ဘယ်မျှား သွားရှာပါလိမ့်တဲ့ (မှန်ပါ!) တကာကြွယ် ဘာဒိဋ္ဌတုံး... (သဿတဒိဋ္ဌပါဘုရား)။

အဲဒီလို အယူဟာ ကိုယ့်အယူကိုလဲ ကိုယ်ဟုတ်တယ်ထင်တယ်၊ တကယ်လဲ ကိုယ့်သန္တာန်မှာဖြင့် ဒီအတိုင်းဘဲဝိညာဏ်ကလေးက တော့ မချုပ်ဘူး၊ကျန်တာတွေသာ စုတေစိတ်ကျတယ်၊ ဝိညာဏ် မချုပ်ဘူးလို့ ယူယင်ဖြင့် ဦးမာဒင် ဘာဒီဋ္ဌိတုံး-(သဿတဒိဋ္ဌိပါ) ရှင်းကြပြီနော်....(ရှင်းပါပြီဘုရား)။

ဒီဒိဋ္ဌိရှိနေလို့ရှိယင် ဘုရားသခင် ကိုယ်တော်မြတ်ကြီးကလဲ သေသေချာချာပြောပါတယ်တဲ့ဒီဒိဋ္ဌိရှိနေလို့ရှိယင်ကွာတဲ့ သစ္စာ နုလောမိကညာဏ်တောင် မရပါဘူးတဲ့....(မှန်ပါ့)။

သစ္စာသိတဲ့ ညာဏ်တောင်မှ.... (မရပါဘုရား) မရလို့ရှိယင် သောတာပတ္တိမဂ်ကော....(မရပါဘုရား) အထက်မဂ်-အဆက်ဖိုလ် တွေ... (မရပါဘုရား)နိဗ္ဗာန်ကော_ (မရပါဘုရား) အင်း....ဘယ် သူက ကန့်ကွက်ပါလိမ့်....(သဿတဒိဋ္ဌိက ပါဘုရား)။

ဒါအားလုံးတကာတကာမတွေ့,ငယ်သော, ကြီးသော, မရွေး ပါဘူး၊ ဒီဒိဋ္ဌိရှိယင်,ဘုန်းကြီးပြောတဲ့,အတိုင်းသာမှတ်ပြီးသကာ လ သူဟာ ရွှေ့မဖြစ်ဘူး,ပြောင်းမဖြစ်ဘူး၊ အကြောင်းဖြစ်ယင် ဖြစ်တယ်၊ အကြောင်းချုပ်ယင် ချုပ်တယ်ဆိုတာကလေး တလုံး ကိုဖြင့် မြဲမြဲစွဲစွဲမှတ်ကြပါ....(မှန်လှပါဘုရား)။

တတ်နိုင်လို့ဘာဘဲ အားထုတ်နေနေ ခင်ဗျားတို့ ဒီအယူ ကလေးတခုကို ဥာဏ်ထဲကမစွန့်နိုင်လို့ရှိယင် ဦးမာဒင်တို့မဂ်ဖိုလ် ကို ဒီဘဝမဟုတ်ဘူး၊နောက်ဘဝလဲမရဘူး....(မှန်ပါ့)။

ဒီဋ္ဌိက ဒါလောက်ပြင်းထန်တယ်... (မှန်ပါ့ဘုရား) ဘာဒီဋ္ဌိပါ လိမ့် ဒီနေ့ဟောမှာ....(သဿတဒိဋ္ဌိပါဘုရား)။

ဒါနဲ့ရဟန်းတွေကို ဘုရားဟောတော်မူတာ သူသိပါတယ်တဲ့ ဝိညာဏ်ဟာ ဟိုဘဝဒီဘဝ ပြောင်းတယ်....(မှန်ပါ့) ပြောင်းပြီး ဟိုဘဝကျလဲ သူရောက်ရာမှာစကားပြောတယ် ကောင်းတာဆိုးတာဒေတွလဲ သူခံစားတာဘဲ....(မှန်လှပါ)။

ဝိညာဏ်ဟာ ပြောင်းလဲ ပြောင်းတယ် နော်.... (မှန်ပါ့) ရောက်ရာဘဝမှာ သူပြောလဲပြောဆိုတယ် စကားလဲ ပြောဆိုတယ်....(မှန်ပါ့ဘုရား)။

ကောင်းတာဆိုးတာလဲခံစားတယ်.... (မှန်ပါ)ဒီလိုယူပစ်လိုက်တယ်တဲ့....(မှန်ပါ့ဘုရား)။

တကာတကာမတို့ ဝိညာဏ် သေသေးရဲ့လား.... (မသေပါဘုရား) ကောင်းတာဆိုးတာလဲ သူဘာတဲ့တုံး .... (ခံစားပါတယ်) ပြောဆိုနေတာလဲသူဘဲတဲ့ (မှန်ပါ့) ဘာဒီဌိပါလိမ့်.... (သဿတဒီဌိပါဘုရား)။

သဿတဒီဌိ ဖြစ်ပြီးသကာလ ဘုရားဟောတော်မူတာ သူသိပါတယ်တဲ့ ဝိညာဏ်ဟာ ဟိုပြောင်း-ဒီပြောင်းပြီး ကောင်းတာဆိုးတာ သူခံစားတယ်တဲ့ဆိုပြီးသကာလ ဇာတ်ကြီးဆယ်ဘဲ့ဟောလိုက်တာနဲ့ တကာကြီး ဦးမာဒင်ရေ ပေ့ါဖေါက်ဘယ်....(မှန်ပါ့ဘုရား)။

တကာကြွယ် ဘာဖြစ်လာသတုံး.... (ပေ့ါဖေါက်လာပါတယ် ဘုရား)။

အင်း....သူသည်ကားလို့ ဆိုယင် တဘဝ တဘဝ ပြောင်းပြောင်းသွားတာဘဲတဲ့....(မှန်ပါ့ဘုရား)။

အဲဒါ ဘုန်းကြီးတို့ တကာဘကာမတွေလဲ ခပ်ရှင်းရှင်းပြော ပါရစေ အယူကိုဖြုတ်ကြပါနော်.. (မှန်ပါဘုရား)။

ဒီအယူဖြုတ်ကြပါတဲ့ ဝိညာဏ်အသက်ထွက်သွားပြီလို့ ပြော တာ တကာသစ်-ဘဝထွက်သွားပြီလို့ ပြောတာတုံး... (ဝိညာဏ် ထွက်သွားပြီလို့ ပြောတာပါ)ဝိညာဏ် မသေဘူး ပြောဘာ.... (မှန်ပါဘုရား) ဝိညာဏ်မသေဘူးတဲ့၊ သဘောကျပလား... (ကျပါပြီဘုရား)။

ဝိညာဏ်ထွက်သွားပြီ အသက် ထွက်သွားပြီဆိုတာ ဝိညာဏ် ထွက်သွားပြီ ပြောတာတဲ့... (မှန်ပါဘုရား)။

အခုအခါ ဘယ်များတွယ်နေပါလိမ့်မလဲ....ဘဝမ်း ခေါင်းထဲ များရောက်လို့ ဘယ်ရောက် ရှာလိမ့်မလဲ သွားတော့-သွားရှာ ပြီ...(မှန်ပါဘုရား)ဆိုတော့ ဒီတွင်ချုပ်တဲ့ သဘောလား၊ သွား နေတဲ့သဘောလား.... (သွားနေတဲ့ သဘောပါဘုရား)။

တချို့က ဒီလိုတောင် ယူလိုက်သေးတယ်၊ ခုနှစ်ရက် တိတိ ဘဝ်းခေါင်း ရှာမတွေ့သေးလို့ ဟိုတလည်လည်-ဒီတလည်လည်နဲ့ တောင်နေသေးတယ်လို့ ယူလိုက် သေးတယ်.... (မှန်ပါဘုရား) ဒါ-ဘာဒိဋ္ဌိတုံး....(သဿတဒိဋ္ဌိပါဘုရား)။

တကာတကာမတွေ သက်ကြီးစကား-သက်ငယ်ကြားနဲ့အမှား ကြီးမှားပြီးသကာလ တကာကွယ် ကြောက်စရာ သိပ်ကောင်းပါ လား....(ကောင်းပါတယ်ဘုရား)။

အခုဘုန်းကြီးတို့ လက်ဆက်မှာ တကာတကာမတွေ ပြင်ဖြစ် အောင်ပြင်ပါ__(မှန်ပါ) ပြင်ဖြစ်အောင်ပြင်ပါတဲ့ စာတွေ ရေး တိုင်းလဲ လောကမှာဘုရားဟောမဟုတ်တဲ့ စာတွေကလဲရှိပါသေး

တယ်....(မှန်ပါ့ဘုရား) 'ခလောက်လန်းသဖွယ် ဝိညာဏ်'တဲ့ယ်ဆို တာတွေ့လဲရှိတယ်....(မှန်ပါ့ဘုရား)။

ဒီခန္ဓာထဲကနေပြီး ဟိုခန္ဓာတွေ့ယ်စရာမရှိသေးလို့ ရှိယင်ဖီက မဖြုတ်သေးဘူးတဲ့....(မှန်ပါ့) ဟိုမှာ တွေ့ယ်စရာရှိတော့မှ တခါ တည်းဖြုတ်လိုက်တော့လဲ ဒီဘက်ကဖြုတ်ပြီး ဟိုဘက်သွားတယ် ဆိုတော့ ကြားထဲမှာ အတန်းကြီး ဖြစ်နေတယ်... (ဖြစ်ပါတယ် ဘုရား)။

အတန်းကြီးဖြစ်နေတော့ တကာသစ်က စဉ်းစား တာနဲ့-သဿတဒိဋ္ဌ-ခိုင်တယ်မြဲတယ်လို့ ယူကာ ဘယ်တော့မှ ဒီဝိညာဏ် မသေဘူးဆိုတဲ့ အဓိပ္ပါယ်ယူဆ မရောက်ဘူးလား.... (ရောက်ပါ တယ်ဘုရား) ဒါ-ဘာဒိဋ္ဌခေါ်သလဲ.... (သဿတဒိဋ္ဌပါဘုရား)။

ဒါတွေ့ ပုဒ္ဓဘာသာတွေ့မှာ တကာကြွယ်-ရှိ-မရှိ ဗျာ....(ရှိနေ ပါတယ်ဘုရား)။

သြော်... ပုဒ္ဓဘာသာတွေ့မှာ ဒါတွေ့ရှိနေတယ်ဆိုတော့ ပုဒ္ဓက ဘုရား- ဘာသာက-ဆိုဆုံးမတာ....(မှန်ပါ့) ဘုရားဆို ဆုံးမတာ က ဒီလိုမဟုတ်ဘဲနဲ့ ကိုယ့်အယူက ဒီလိုဖြစ်နေတော့ ဦးဗထွေးတို့ ဦးသန်းမောင်တို့ စဉ်းစားပါ သူပုဒ္ဓဘာသာ ဟုတ်ကဲ့လား.... (မဟုတ်ပါဘုရား)။

ဘုရားက,ဒီလိုလဲ,မဟောဘူး...(မှန်ပါ့) ဒီလိုလဲ မဟောဘူး၊ ဒီလိုဖြစ်တယ်လို့လဲ အယူမရှိရဘူး....(မှန်ပါ့) ဒီအယူကို, ဘုရား က ပယ်မြစ်တော်မူတယ်....(မှန်ပါ့ဘုရား)။

ဒီအယူကို(ဘုရားကပယ်ပါတယ်ဘုရား)ဘုရားက ပယ်ပါလျက် သားနဲ့ ကိုယ်က ပုဒ္ဓဘာသာလို့ ဆိုင်းဘုတ်သာဆွဲထားပါတယ် အယူကတော့ မိစ္ဆာဒိဋ္ဌ...(မှန်ပါ့ဘုရား)။

အယူက ဘာပါလိမ့်.... (မိစ္ဆာဒိဋ္ဌိပါဘုရား) သိပ်ကြောက် စရာကောင်းပါလား... (ကောင်းပါတယ်ဘုရား)။

ဒါ ယခု စဉ်းစားကြည့်ပါတဲ့ ပညာရှိတယောက် ကောင်း ကောင်း မထွန်းပေါက်လို့ရှိယင် ဦးမာဒင် သွားပြီ.... (မုန်ပါ့ ဘုရား) မသွားသေးဘူးလား.... (သွားပါပြီဘုရား) တပြုံကြီး သွားမယ်....(မှန်ပါ့ဘုရား)။

ဒီဒိဋ္ဌိရှိနေယင် နတ်ရွာသုဂတိ မရောက်ဘူးလား ဆိုတော့ ရောက်ပါတယ်၊ သဿတဒိဋ္ဌိက နတ်ရွာသုဂတိတော့,မကန့်ကွက် ဘူးဗျ... (မှန်ပါ့ဘုရား)။

နတ်ရွာသုဂတိတော့, မကန့်ကွက် ပါဘူးတဲ့၊ နိဗ္ဗာန်ကျတော့ သွားခွင့်ကို မပေးဘူး.... (မှန်ပါ့)။

ဘယ်နှယ်ကြောင့် နိဗ္ဗာန်ရောက်ခွင့် မပေးပါလိမ့်မတုံးဆို တော့ တကာတကာမတို့ ဒီခန္ဓာကြီးကို သူက ခိုင်တယ်,မြဲတယ် လို့ ယူထားတော့ ဒုက္ခသစ္စာကိုလဲ သူ့ဒုက္ခသစ္စာလို့ သိသေးရဲ့ လား... (မသိပါဘုရား)။

ဩော်.... ဒါ့ကြောင့် သစ္စာကန့်ကွက်လိုက်တော့ မင်္ဂဏ်ဖိုလ်ဉာဏ် ဖိုလ်ဉာဏ် ကန့်ကွက်ပြီးသား ဖြစ်သွားတယ်လို့ မှတ်လိုက်ကြပါ (မှန်ပါ့) သိပ်းကြောက်စရာ ကောင်းပါလား.... (ကောင်းပါ တယ်ဘုရား)။

တကာတကာမတို့ အခုပြောနေတာ တကာသစ်· အင်မတန် ကရုဏာကြီးနဲ့ ပြောနေတယ်... (မှန်ပါ့) ခင်ဗျားတို့ ဒီအယူကို

မစ္စန္နိုင်လို့ ရှိယင်ဖြင့် တခါတည်း နောက်ဘုရားပွင့်လဲ ခင်ဗျားတို့ အပါယ်လေးပါးနဲ့ သုံးဆဲ့တဘုံ အိုဘေး,နာဘေး,သေဘေးထဲ လှည့်နေရုံဘဲ... (မှန်ပါ့) သူကတော့ဖြင့် အမြဲတားမှာဘဲ(တားမှာပါဘုရား)။

ဒါ့ကြောင့် တရားအားထုတ်မယ် ကြံလို့ ရှိယင် ဒီဒိဋ္ဌတွေ အရင်စင်အောင်လုပ်ရတယ်....(မှန်ပါ့)ဒိဋ္ဌစင်ပြီးမှ အားထုတ်ယင် နိဗ္ဗာန်ရောက်ပါတယ်(မှန်ပါ့) ဒီဒိဋ္ဌတွေရှိလျက်နဲ့ အားထုတ်နေယင် တကာသစ်တို့ ဘယ်တော့မှမရဘူး... (မှန်ပါ့)ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒိဋ္ဌရှိလျက်နဲ့ အားထုတ်နေယင်....(ဘယ်တော့မှမရပါ)ဘယ်လိုဘဲ ဖြစ်ပျက်မြင်မြင် မရဘူး....(မှန်ပါ့)ဒိဋ္ဌကကန့်ကွက်နေတယ်ဆိုတာ သေသေချာချာမှတ်ပါ့....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ကောင်းပြီဒါဖြင့် ဒီသာတိဆိုတဲ့ ရဟန်းဟာ တကာသစ်ရေဘာဒိဋ္ဌတုံး... (သဿတဒိဋ္ဌပါဘုရား) သိပ်ကြောက်စရာ ကောင်းတယ်နော်.. (ကောင်းပါတယ်ဘုရား)။

ကောင်းပြီ-ဒါဖြင့် တကာဘကာမတွေ သာတိရဟန်းမှာ ဒိဋ္ဌရှိနေတော့,သူက ရဟန်းခံတုန်းကို လှည့်ပြောတယ်၊ ဘုရားဟောတော်မူတာ သူသိပါတယ်တဲ့၊ တပါးသော တရားတွေ ခန္ဓာငါးပါးတွင် လေးပါးသော တရားကတော့ အနိစ္စ၊တပါးက နိစ္စပါတဲ့.... (မှန်ပါ့ဘုရား)။

ဝိညာဏကွန္ဒကတော့... (နိစ္စပါဘုရား) ကျန်တဲ့ ခန္ဓာလေး ပါးကတော့... (ကနိစ္စပါဘုရား)။

ကျန်တဲ့ခန္ဓာကတော့ အနိစ္စတဲ့၊ ဝိညာဏကွန္ဒာ ဆိုတဲ့ စိတ် ဝိညာဏ်ကပေးကတော့ ဟိုပြောင်း-ဒီပြောင်းနေတာဘယ်တော့ မှ သူ့ပျက်စီးဘူးနိစ္စတဲ့... (မှန်ပါဘုရား)။

ဒီတော့ခန္ဓာငါးပါးရှိတဲ့အနက်က လေးပါးအနိစ္စယူပြီးတပါး တော့ နိစ္စခိုင်မြဲတယ်လို့ ယူလိုက်တာ ဦးမာဒင် သိပ်လွဲသွား တယ်... (လွဲပါတယ်ဘုရား) မလွဲဘူးလား.... (လွဲပါတယ်ဘုရား)။

အဲဒီလွဲတဲ့အတိုင်း ကျုပ်တို့ ပုဒ္ဓဘာသာတို့ကလဲ စာတွေမှာ တချို့စာတွေက တော်အောင် ရေးပြီးသကာလ ထားတော့ တကာကြွယ်-ရေ..... "လောက်လန်းသဖွယ်၊ဝိညာဏ်တွယ်" လို့ လာ တာတွေကလဲ သဿတဒိဋ္ဌိ အားကိုးတယ်.... (မှန်ပါ)။

ဘာအားကိုးသတုံး.... (သဿတဒိဋ္ဌိအားကိုးပါတယ်ဘုရား) ဒီဝမ်းမကောင်းလို့ ဟိုဝမ်းပြောင်းတာတောင်မှ အသက်မထွက် နိုင်သေးဘူးတဲ့၊ပါးစပ်ထဲ ကူးတို့ခ ကလေး ထည့်လိုက်မှ အသက် ထွက်သွားသတဲ့.... (မှန်လှပါ)။

ပုဒ္ဓဘာသာတွေမှာ ဒီအယူရှိ,မရှိ... (ရှိနေပါတယ်ဘုရား) ဘာဒိဋ္ဌိတုံး....(သဿတဒိဋ္ဌိပါဘုရား)။

ဒီအသက်ကလေးက အံမာ... သားကလေး စောင့်နေသတဲ့၊ သမီးကလေးစောင့်နေသတဲ့၊ မထွက်နိုင်သေးဘူး...တဲ့- (မှန်လှပါ ဘုရား)။

ဒီလိုကော ရှိကြ·မရှိကြ.... (ရှိကြပါတယ်ဘုရား) အတော် ဆိုးနေပြီ....(မှန်ပါ့) ဘာဒီဋ္ဌတုံး .. (သဿတဒိဋ္ဌပါဘုရား) သဿတဒိဋ္ဌဆိုတာ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကိုင်း ဦးမာဒင်တို့ တကာကြွယ်တို့ အသက်ကြီးတဲ့ပုဂ္ဂိုလ်တွေ သြော်.... ဒီအမှားဟာ ဖတောင်တောင် ကြီးကျယ်နေပါပေါ့လား....လို့ဆိုတာ ခင်ဗျားတို့ ရိပ်မိဘို့ကောင်းပြီ....(ရိပ်မိပါပြီ) ဒီအမှားဝါဒကြီးဟာက တော်တော့ကို ပျံ့နှံ့နေတယ်- (မှန်ပါ့ဘုရား)။

ဘုရားဟောတာလဲ ခင်ဗျားတို့ ရှုတ်ကြည့်ကြပါ " သဗ္ဗေ သင်္ခါရာ အနိစ္စာ " ဆိုတော့ ခန္ဓာငါးပါးစလုံး ဘာတဲ့တုံး.... (အနိစ္စပါဘုရား) "သဗ္ဗေ သင်္ခါရာ ဒုက္ခာ" ဆိုတော့.... (ခန္ဓာငါးပါးစလုံးပါဘုရား) "သဗ္ဗေ ဓမ္မာ အနတ္တာ " ဆိုတော့.... (ခန္ဓာငါးပါးစလုံးပါဘုရား)။

ဘယ်မှာတုံး .... တကာတကာမတို့ ခဏခဏဖြစ်၊ ခဏခဏ ပျက်တယ်ချည့် ဟောနေတာ.... (မှန်ပါ့)။

ခင်ဗျားတို့ကတော့ မပျက်တဲ့ဘက်က ယူထားတယ်....တဲ့၊ ဒီဝိညာဏ်ကလေးဟာတော့ဖြင့် အိမ်များတောင်မှ လှည့်နေသေးတယ်....တဲ့ .. (မှန်ပါ့)။

ဟိုမှာ ဝမ်းခေါင်း ရှာမတွေ့သေးလို့ အိမ်နားက ၇-ရက် အတွင်းထွက်ပြီး သွားကိုမသွားသေးဘူး....တဲ့.... (မှန်ပါ့) ဒီက ဆွမ်းသွတ်- ကွမ်းသွတ်တဲ့ အခါကျတော့မှဘဲ သူ့မှာ ပြေးရသလိုလို,သွားရသလိုလိုဆိုတော့ တကာကြွယ် ဘာဒီဋ္ဌယူသတုံး- (သဿတဒိဋ္ဌယူပါတယ်ဘုရား)။

အဲဒါ ဘယ်သူ့မှာရှိတာတုံး- တပါးသော ဘာသာဝင်တွေမှာသာရှိတာလား၊ ဗုဒ္ဓဘာသာဝင်တွေမှာလဲ ရှိနေတာလား.... (ဗုဒ္ဓဘာသာဝင်တွေမှာလဲ ရှိနေတာပါဘုရား)အဲဒါ ဗုဒ္ဓဘာသာအယူ့ကိုမဟုတ်ဘူး....(မှန်ပါ့)။

ဗုဒ္ဓဘာသာဆိုရာမှာ'ဗုဒ္ဓ' ဆိုတာ သစ္စာလေးပါးသိတာ ဗုဒ္ဓ၊ 'ဘာသာ'ဆိုတာက သူပြောဆိုတာကို စကားကို 'ဘာသာ'ခေါ်တယ်....(မှန်ပါ့) သစ္စာလေးပါးသိတဲ့ပုဂ္ဂိုလ်က ပြောဆိုတဲ့ အယူဝါဒကိုယူတဲ့ပုဂ္ဂိုလ်ဟာ ဗုဒ္ဓဘာသာဘဲ....(မှန်ပါ့)။

အခုတော့ ခင်ဗျားတို့က ဒုက္ခသစ္စာဆိုတဲ့ ဝိညာဏကွန္ဒာကို ဝိညာဏ်ဟာ ဒုက္ခသစ္စာလို့ ယူသေးရဲ့လား.... (မယူပါဘုရား) တခါတည်း ဝိညာဏ်ကတော့ဖြင့် ပိဋ္ဌနဋ္ဌ· ခဏချင်းဖြစ်ဒုက္ခ, ပျက်ဒုက္ခ ဖြစ်ပျက်လို့ ဒီလိုယူသေးရဲ့လား....(မယူပါဘုရား) မယူတော့ ဝိညာဏ်က လှည့်ပြေးနေပြီးသကာလ နေတော့တယ်လို့ ယူလိုက်သဖြင့် ဦးမာဒင် သဿတဒိဋ္ဌိဖြစ်ပြီ....(မှန်ပါ့)။

ဦးသန်းမောင်တို့ ဖျောက်ရလိမ့်မယ်... (ဖျောက်ရပါမယ်ဘုရား) ဦးဗထွေးတို့ကော.... (ဖျောက်ရမှာပါဘုရား) ဟုတ်မှမဟုတ်ဘဲ... (မှန်လှပါ) မဟုတ်တာတော့ ပယ်ရမယ်.... (မှန်ပါ့ဘုရား)။

မဟုတ်တာတော့ဖြင့် တကာတကာမတွေ့ ခင်ဗျားတို့ ပယ်မှဘဲ ချမ်းသာခွင့်ရမယ် (မှန်ပါ့) မပယ်လို့ရှိယင်....(ချမ်းသာခွင့် မရပါဘုရား) ဘယ်နည်းနဲ့မှ နိဗ္ဗာန်မရနိုင်ဘူး....(မှန်ပါ့) ပေါ်ကြပလား... (ပေါ်ပါပြီဘုရား)။

ကောင်းပြီ .. ဒါဖြင့် ဤအယူကို ယူလိုက်လို့ ရှိယင် သာတိရဟန်း အယူလို့ မှတ်လိုက်....(မှန်ပါ့)။

သာတိရဟန်း အယူကလဲ ခပ်ရှင်းရှင်း ပြောပါ့မယ်၊ ခန္ဓာငါးပါးရှိတဲ့အနက်က လေးပါးသာ အနိစ္စ.... (မှန်ပါ့ဘုရား) ဝိညာဏကခန္ဓာ တပါးကတော့.... (နိစ္စပါဘုရား) နိစ္စဆိုတဲ့ သဿတဒိဋ္ဌိသဉ်းဖြစ်တယ်....(မှန်ပါ့) ရှင်းပြီနော်.... (ရှင်းပါပြီဘုရား)။

ဩော်... တကာတကာမတို့ ဆရာကောင်း,သမားကောင်းနဲ့ မတွေ့၊ ပြောသံကြားနဲ့ မှတ်ထား၊ တကာကြွယ် ဂီလိုဆိုယင် သဉ်းပြီ....(မှန်ပါ့)။

ဆရာကောင်း,သမားကောင်းနဲ့လဲ မတွေ့၊ "သက်ကြီးစကား-သက်ငယ်ကြား"နဲ့ သာ အမှန်တွေ့ကြားရတာ မဟုတ်ဘဲနဲ့ အလဲကြားထားတော့ ဦးမာဒင်-ရေ.... သိပ်နစ်နာတယ်... (နစ်နာပါတယ်ဘုရား)။

ဒါ့ကြောင့် နိဗ္ဗာန်မရတာ ဘာကြောင့်ပါလိမ့်မတုံး... လို့ မေးတော့မှ ဒီအယူမှားကြောင့်လို့ မှတ်ထားလိုက်ပါ....(မှန်ပါ့ဘုရား)။

ခိုင်တယ်....တဲ့၊ ခန္ဓာငါးပါးမှာ တပါးမှ ခိုင်တဲ့ဥစ္စာမရှိဘူး-(မရှိပါဘုရား) ဖြစ်ပြီးပျက်ဘို့ချည့်ဘဲ....(မှန်ပါ့) ရှင်းပြီနော်.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီ-သာတိရဟန်းက ဘုရားဟောတော်မူတာ သူသိပါတယ်....တဲ့....(မှန်ပါ့) ကျွန်တဲ့ခန္ဓာလေးပါးကတော့ ပျက်

စီး၍ ဝိညာဏ်ကတော့ ဟိုဘဝ ဒီဘဝလှည့်သွားနေတယ်....တဲ့ (မှန်လှပါဘုရား)။

ဒါနဲ့ ရဟန်းတွေ သူပြောတော့ ရဟန်းတွေက ဘုရား ဒီလို မဟောပါဘူး ငါ့ရှင်၊ မင်း-ဒီအယူကို မယူပါနဲ့လို့ အမျိုးမျိုး ဘုရားဆီမရောက်အောင်လို့ တောင်းပန်ကြငြားသော်လဲ ဘုရား ဒီလို ဟောတယ်လို့ သူက တခါတည်း စွပ်စွဲတော့တာဘဲ.... (မှန်ပါ့)။

မင်း....ဘုရားလဲ စွပ်စွဲတာ မကောင်းပါဘူး၊ ဒီလိုလဲ မဟောပါဘူး၊ မင်းနဲ့ငါတို့နဲ့ အတူတူနာနေကြတာဘဲလို့ အမျိုးမျိုး အဖုံဖုံ ဖျောင်းဖျ ပြောငြားသော်လဲ တကာကြွယ် ဒီအယူကို စွန့်ရဲ့လား....(မစွန့်ပါဘုရား)အသက်ထွက်တယ်ဆိုတဲ့ အယူဟာ (မစွန့်ပါဘုရား) တယ်လဲ ကြောက်စရာကောင်းပါလား.... (ကောင်းပါတယ်ဘုရား)။

တကာတကာမတွေ လူမမာ သွားမေးတဲ့အခါ ဦးမာဒင် ဒီအတိုင်းယူတယ်.... (မှန်ပါ့) အသက်မထွက်သေးဘူး၊ ငင်နေတုန်း ရှိသေးတယ်... တဲ့.... (မှန်ပါ့) ကြောက်စရာကောင်းလိုက်တာ မထွက်နိုင်သေးဘူး... တဲ့....(မှန်လှပါ)။

ထွက်မည့်ထွက်ပြန်တော့လဲ အင်း.... ပါးစပ်ထဲ တခုခု ထည့်လိုက်မှဘဲ ထွက်သွားသတဲ့.... (မှန်ပါ့) ဖြစ်မှ ဖြစ်ရပလေဗျာ၊ ဖြစ်မှ ဖြစ်ရလေလို့ ဘုန်းကြီးများ အကြီးအကျယ် ညည်းတာသည် တကာ တကာမတို့ ဘယ်နှယ်ကြောင့် ညည်းရသတုံး ဆိုတော့ ဒီဒိဋ္ဌရှိနေလို့ရှိယင် နိဗ္ဗာန်မရနိုင်လို့... (မှန်ပါ့)။

ကြီးကျယ်တဲ့အပြစ်ထဲမှာဖြင့် တကာတကာမတို့ ဒိဋ္ဌိအယူဟာ အမိသတ်တာထက်ကြီးတယ်....(မှန်ပါ့) ဦးမာဒင် ဘာတဲ့တုံး.... (အမိသတ်ဘာထက် ကြီးပါဘယ်ဘုရား)။

နက်ဖြန် ကမ္ဘာပျက်မယ်- ယနေ့ အမိသတ်တယ်ဆိုလို့ ရှိယင် အမိသတ်တဲ့လူတွေ့ ယနေ့လဲ သေပါဦးမှ ဟိုမှာ ငရဲမှာ တရက် ခံရတယ် (မှန်ပါ့) ပြီးတော့ လွတ် သွားတယ်.. (မှန်ပါဘုရား) ကမ္ဘာပျက်နဲ့ သွားကြုံတယ်.. (မှန်ပါ့)။

မိစ္ဆာဒိဋ္ဌိက ဒီအယူမစွန့်ဘဲနဲ့ သေသွားလို့ ရှိယင် အဝီစိလဲ ကျတယ်.. (မှန်ပါ့) ကမ္ဘာပျက်တော့လဲ ဒီကမ္ဘာမှာ ငရဲအိုး မရှိတော့ ဟိုဘက်ကမ္ဘာတွေ့ ပြောင်းပြီး ခံရတယ် (မှန်ပါ့) ကဲ.... ဘယ်သူက အပြစ်ကြီးတယ်ဆိုတာလဲ သိရဲ့ပေါ့ဗျာ.... (သိပါပြီဘုရား)။

* မိစ္ဆာဒိဋ္ဌိက တကာတကာမတို့ ပဋိသန္ဓေရိယက် ထက် အပြစ်ကြီးတယ်... (မှန်ပါ့)။

ဒါ့ကြောင့် ဘုန်းကြီးတို့ ရှင်းရှင်းလင်းလင်း ပြောနေပါ တယ်၊ ဒီအယူဖြင့် တရားတပဲ့လုံး ရှင်းအောင်လဲ ဟော့ပါမယ်၊ ဖျောက်လဲဖျောက်ကြပါ .... (မှန်ပါ့) ရှင်းအောင် ဟောလို့ ရှိယင်ဖြင့် ရှင်းအောင်ဟောတဲ့တရားကို ကြပ်ကြပ်ဂရုစိုက်၍ နာပြီး ယုံယုံကြည်ကြည်နဲ့ သူ့အကြောင်းနဲ့ သူ့အကျိုးနဲ့ ဟောတာကိုလဲ မှတ်သားပြီး ဒီအယူကို ယနေ့ဖျောက်ပစ်ပါ.... (မှန်ပါ့ဘုရား) ဒီအယူနှိုလျက်နဲ့ဆိုယင် နတ်ပြည်၊ ဗြဟ္မာ့ပြည်

---

* နိယတ မိစ္ဆာဒိဋ္ဌိကံကို ဆိုလိုတော်မူသည်။

တော့ မရောက်ဘူးလို့ မဆိုနိုင်ဘူး....၊ နိဗ္ဗာန်တော့မရောက်ဘူး (မှန်ပါ့) ဒီအယူကို စွဲစွဲမြဲမြဲ ယူလိုက်ပြန်လို့ ရှိယင် သေသည်၏ အခြားမဲ့ဒဋ္ဌ အဝိစီဘဲ့....(မှန်ပါ့) ဘယ်လောက် ကြောက်စရာကောင်းသလဲ....(ကောင်းပါတယ်ဘုရား)။

ကိုင်း.... ဒါဖြင့် တကာတကာမတို့ ဒီအယူကိုစွန့်ရအောင်ဖြင့် ဘုန်းကြီးတို့အကျိုးအကြောင်းတွေ့ရော, ဘုရားဟောတာတွေ့ရော ခန္ဓာဖြစ်စဉ်ရော ရှင်းအောင်, လင်းအောင်တော့ ပြောရတော့မယ် (မှန်ပါ့) မပြောယင် မဖြစ်ကိုမဖြစ်ဘူး....(မဖြစ်ပါဘုရား)။

တရားဟောတယ်ဆိုတာ အားလုံး တကာတကာမတို့ သိတဲ့ အတိုင်း အားလုံးကို သနားလို့ဟောတာ(မှန်ပါ့) သနားတော့ကို သူတို့သန္တာန်မှာ စူးနေတဲ့ငြောင့်, ဒီဥဿင်ငြောင့်ကို နုတ်မပေးလို့ရှိယင်လဲ ငြောင့်စူးလျက်နဲ့ သေရလိမ့်မယ်.... (မှန်ပါ့ဘုရား) ဦးသန်းမောင် ကြောက်စရာမကောင်းဘူးလား... (ကောင်းပါတယ်ဘုရား)။

ဒါ့ကြောင့် အားလုံး တကာတကာမတွေ့ မလှူတာ,မပေးတာ, မကမ်းတာဟာ ခင်ဗျားတို့ကိုစွမရှိပါဘူး (မှန်ပါ့)သံသရာထဲမှာ ဆင်းရဲရုံ, ပင်ပန်းရုံမျှသွားမှာဘဲ၊ ငရဲတော့မကျဘူး.... (မှန်ပါ့)။

သူကတော့ ဒီအယူဟာ ဟုတ်တယ်လို့ ယူလိုက်သည်နဲ့ တပြိုင်နက်တည်း အဝီစီရောက်မယ်... (မှန်ပါ့) ဘယ်လောက် ကြောက်စရာကောင်းသလဲ .. (ကောင်းပါတယ်ဘုရား)။

တကာကြွယ် ဒါဖြင့် ပဥ္စာနန္တရိယကံနဲ့ မိစ္ဆာဒိဋ္ဌိနဲ့ ဘယ်သူက အပြစ်ကြီးသလဲ.... (မိစ္ဆာဒိဋ္ဌိကအပြစ်ကြီးပါတယ်ဘုရား)။

တကာတကာမတို့ ပဉ္စာနန္တရိယကံ ကြီးလှပြီအောက်မေ့နေတာ မိစ္ဆာဒိဋ္ဌိနဲ့ စာလိုက်တော့ ဦးမာဒင်....ဘယ်သူက သာသတိုး (မိစ္ဆာဒိဋ္ဌိကသာပါတယ်ဘုရား)။

ငါ ဘုရားသခင်ကိုယ်တော်မြတ်ကြီး အမြင်ကျယ်ကျယ်နဲ့ မင်းတို့ကို ဟောရလို့ရှိယင် သံသရာ့သစ်ငုတ်ဟော့....တဲ့၊ ဘယ် ဘုရားပဉ္စင်္ဂပဉ္စင် မကျွတ်ဘူးတဲ့....(မှန်ပါ့)။

ဘယ်လောက် ကြောက်စရာကောင်းသလဲ.... (ကောင်းပါတယ်ဘုရား)။

ဒါကို တကာကြွယ်တို့က သြော်....ဘာဖြစ်လောက်သတုံးလို့ ဒီအထဲမသွင်းလိုက်ပါနဲ့.... (မှန်ပါ့) အလွန်ကြီးကျယ်တယ်ဆို တာ မှတ်ရလိမ့်မယ်.... (မှန်ပါ့ဘုရား) သဘောပါကြပလား.... (ပါ့-ပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ဒီသာတိက ပြောတော့ ဘုရားဒီလိုမဟာပါဘူးကွာ· ဝိညာဏ်ကလေးလည်နေတယ်လို့ မင်းက ဝိညာဏ်ဘဲ့ ဟိုဘဝ,ဒီဘဝပြောင်းနေတယ်လို့ မင်းယူထားတဲ့ အယူဟာ သဿတဒိဋ္ဌိအယူ ဖြစ်ပါတယ်၊ဘုရားမဟာပါဘူးကွ၊ဘုရားလဲ ဒီလို မဟာပါဘူး၊ဘုရားကိုလဲမစုပ်စဲ့ပါနဲ့ ၊မင်းတယောက်အတွက်နဲ့ ဘေးက သံဃာတွေလဲ အကုန် မင့်အယူတွေ ကူးစက်ကုန်ယင် အပျက်ကြီး ပျက်ကုန်တော့မယ်ဆိုပြီး ရဟန်းတွေက တောင်းပန်ကြတယ် တကာသစ်ရ....(မှန်ပါ့)။

မရဘူး ဒီအယူကိုမစွန့်ဘူး.... (မှန်ပါ့) ဝိညာဏ်ကလေးကသွားနေတာဘဲတဲ့....(မှန်ပါ့) ဒီဝမ်းခေါင်းမပျော်ဘူး....- ဒီဝမ်း

ခေါင်းက သေတယ်ဆို ဟိုဝမ်းခေါင်းပြောင်းမယ်... (မှန်ပါ့ဘုရား)။

တခါတည်း သူ့ သဿတဒိဋ္ဌအယူကို ဦးလှဘူး စွန့်သေးရဲ့လား... (မစွန့်ပါ) သာတိရဟန်းဗျာ....(မှန်ပါ့) ဘယ်သူပါလိမ့် (သာတိရဟန်းပါဘုရား) မစွန့်နိုင်ဘူးတဲ့ .... (မှန်ပါ့ဘုရား)။

ဒါနဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးဆီကို ရဟန်းတွေက ဒီအမှုတွဲ သွားတင်တာပေါ့ဗျာ....(မှန်ပါ့) တင်တဲ့အခါကျတော့ သူတို့ ပြောလို့,ဆိုလို့,ဆုံးမလို့,မရလို့ ဘုရားသခင်ကိုယ်တော် မြတ်ကြီးက ခေါ်ချက်ဘာ ငါ့အမိန့်နဲ့....၊ ငါ့-သာသနာတွင်း သူပုန်ထ,နေပါပေါ့လား ခေါ်ချေဟ,တဲ့.. (မှန်ပါ့)။

ဒီလိုခေါ်တော့ လာရှာတယ် သာတိရဟန်းက .... (မှန်ပါ့) သာတိ.... မင်းယူတာ ပြောစမ်းပါဦးတဲ့.... (မှန်ပါ့)။

ခန္ဓာငါးပါးရှိပါဘယ်ဘုရား၊ ငါးပါးရှိတော့ လေးပါးသာ ပျက်စီးပါတယ်၊ တပါးကတော့ဖြင့် ဟိုဝမ်းခေါင်းပြောင်း,ဒီဝမ်းခေါင်းပြောင်းပြီး ဒီမှာသေတယ်ဆို သူကထွက်သွား (မှန်ပါ့) ထွက်သွားပြီး ဟိုဘက်ဝမ်းခေါင်း သွားပြီး တွယ်တာ,တာဘဲ.... (မှန်ပါ့)။

ဟိုဘက်ဝမ်းခေါင်းက သက်တမ်းစေ့လို့ သေပြန်လို့ရှိယင် သူကတော့ မသေဘူး ပြောင်းပြန်တာဘဲ....(မှန်ပါ့)။

ဒါ တပည့်တော်ရဲ့ အယူပါဘဲဘုရားဆိုတော့ ဟော-သာတိ မင်း ငါလဲမဟောဘဲနဲ့ မင်း- ငါ့ကိုစွပ်စွဲတယ်....(မှန်ပါ့)။

မင်းဟာ အင်မတန်ဆိုးပါပေါ့လား....၊ မင်းမှာ မိစ္ဆာဒိဋ္ဌိမီးပုံးကလေးရှိနေတဲ့အတွက် မဂ်တည်းဟူသောအရောင်အလင်းကြီးကို မင်းမရတော့ဘူးလို့ ဆိုးဖြတ်ချက်ချလိုက်.... (မှန်ပါ့) မဂ်ဉာဏ်, ဖိုလ်ဉာဏ်မရတော့ဘူး.... (မှန်ပါ့)။

တကာကြွယ် ကဲ....ဘယ်လောက်ကြောက်စရာကောင်းသတုံး (ကောင်းပါတယ်ဘုရား)။

နိဗ္ဗာန်ကို ဘာတဲ့လဲ....(ဘယ်တော့မှမရပါ) မဂ်ဉာဏ်, ဖိုလ်ဉာဏ်,နိဗ္ဗာန်မရဘူးတဲ့.... (မှန်ပါ့)ဆိုတော့ ဘုန်းကြီးတို့ တကာတကာမတွေ့ ဒါကို ဘုန်းကြီးက အရေးတကြီး ပြောထိုက်မပြောထိုက်....(ပြောထိုက်ပါတယ်ဘုရား)။

သေသေချာချာ နားထောင်ကြည့်မှ တကာသစ်ရေ- သာမညအရေးမဟုတ်ပါဘူး၊အလွန်ကြီးကျယ်တဲ့အရေး.... (မှန်ပါ့ဘုရား)။

သစ္စာတွေ့မသိရအောင် ဖုံးလွှမ်းတဲ့အရေး.... (မှန်ပါ့) ဒုက္ခခပ်သိမ်း ငြိမ်းတဲ့နိဗ္ဗာန်ကို မရောက်ရအောင်လို့ ကန့်ကွက်တဲ့အရေး... (မှန်ပါ့) မကြီးဘူးလား....(ကြီးပါတယ်) အမေသတ်တာထက် ကြီးပါတယ် . (မှန်ပါ့) အဖေသတ်တာထက်....(ကြီးပါတယ်ဘုရား)။

ကဲ .. တကာတကာမတို့ ဘယ်လောက်ကြောက်စရာကောင်းတယ်, လန့်စရာကောင်းတယ်ဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား) အယူမှားကိုး....(မှန်ပါ့)။

တကာကြွယ် ဘာတဲ့....(အယူမှားပါ) ကဲ.... ဦးသန်းမောင်တို့ ရိပ်မိပြီ....(ရိပ်မိပါပြီဘုရား)။

ဘုရားကိုက ဆုံးဖြတ်ချက်ချလိုက်ပြီတဲ့....၊ သဿတဒိဋ္ဌိမိုးပွဲးကလေး မင့်မှာရှိနေတဲ့အတွက် မဂ်တည်းဟူသော အရောင်အလင်းတော့ဖြင့် မင်း-ဒီဘဝ မရတော့ဘူး... (မှန်ပါ့) ဘယ်လောက် ကြောက်စရာကောင်းတယ်ဆိုတာ တကာတကာမတွေ့ပေါ်ပါပြီ....(ပေါ်ပါပြီဘုရား)။

အဲဒီတော့ ဘဝတပါးပြောင်းသွားတယ်ဆိုတာလဲ ပြောကြတယ်....(မှန်ပါ့) ဘဝတပါးပြောင်းတယ်ဆိုတော့ပြောင်းတယ်ဆိုတဲ့သဘောသည် အထုပ်ထမ်းပြောင်းတာဘဲ... (မှန်ပါ့)။

ပြောင်းတယ်ဆိုတဲ့သဘောဟာ.... (အထုပ်ထမ်းပြောင်းတာပါဘုရား)ဒါဖြင့်သေတဲ့သဘောလား....၊မသေတဲ့သဘောလား.... (မသေတဲ့သဘောပါဘုရား)။

အဲဒါကစပြီးတော့ တကာတကာမတွေ့ တော်တော်အရေးကြီးတယ်....(မှန်ပါ့) မကြီးဘူးလား....(ကြီးပါတယ်)ဘာဒိဋ္ဌိထဲသက်ဝင်သလဲ....(သဿတဒိဋ္ဌိထဲ သက်ဝင်ပါတယ်ဘုရား)။

ဩော်.... သဿတဒိဋ္ဌိထဲသက်ဝင်တော့ သာတိ- အယူဟာ တကာသစ် ဘာအယူပါလိမ့် .... (သဿတဒိဋ္ဌိအယူပါဘုရား)။

ဘုရားက မင်းသည် ဥသ္မကတော်တဲ့ မင်းသည် မစ္ဆာဒိဋ္ဌိ မိုးပွဲးကလေး မင်းသန္တာန်မှာ ရှိနေတဲ့အတွက် မဂ်တည်းဟူသော အအေးဓါတ်,အလင်းဓါတ်, ကိလေသာခပ်သိမ်း ငြိမ်းစေတတ်တဲ့ နိဗ္ဗာန်ကိုတော့ ဟောဒီ သဿတဒိဋ္ဌိ မိုးပွဲးကလေးကြောင့် မင်းမရဘူးတဲ့ .... (မှန်ပါ့) ဒီတော့ တကာကြွယ် ဒီ.ပြင်ဟာထက် ကြောက်စရာကောင်းတယ်.... (ကောင်းပါတယ်ဘုရား)။

သီလမလုံခြုံလို့ မဂ်ဖိုလ်မရဘူးဆိုယင် နောက်တခါပြန်ပြီး လုံခြုံအောင် လုပ်ယင်ရတယ်....(မှန်ပါ့) မဟုတ်ဘူးလား(မှန်ပါ့ဘုရား) သမာဓိအခံမကောင်းလို့ မဂ်ဉာဏ်,ဖိုလ်ဉာဏ်မတက်နိုင်ဘူး။ ဟော... နက်ဖြန် ဒီ့ထက်ဂရုစိုက်ပြီး သမာဓိတည်အောင် လုပ်လိုက်၊ ပြီးတော့မှ ပညာတက်အောင် လုပ်လိုက်မယ်ဆိုယင် လဲ ဦးမာဒင် ရပါတယ်.... (မှန်ပါ့ဘုရား)။

ဒီ့ပြင်ဟာက ပြင်လို့ရတယ်....(မှန်ပါ့) သူကတော့ ပြင်လို့ ကိုမရဘူး....(မှန်ပါ့ဘုရား) သူယူတာဒီအယူကို မစွန့်လိုက်လို့ ရှိယင် မဂ်ဉာဏ်,ဖိုလ်ဉာဏ်ကိုမရတော့ပါဘူး .. (မရပါဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကဲ....တကာကြွယ်တို့ အလွန် အခရေးကြီးတဲ့ တရားဘဲဆိုတာ ဖြင့် ပေါ်လာပြီ....(ပေါ်လာပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ အသက်ထွက်ဘယ်လို့ ယူမလား၊ ဝိညာဏ်ချုပ်တယ်လို့ ယူမလား (ဝိညာဏ်ချုပ်တယ်လို့ ယူရပါမယ်ဘုရား) နောက်ကို ဒီလိုချည့်ပြောပါ.... (မှန်ပါ့ဘုရား)။

ပြောလဲပြော စိတ်ထဲကလဲ ဒီအတိုင်းမှတ်ပါ.... (မှန်ပါ့) ဒီ အသက်ထွက်ဆိုတာကို ဖြုတ်ပစ်ပါ.... (မှန်ပါ့) ဝိညာဏ် ချုပ်သွားပြီ....(မှန်ပါ့)ပေါ်ပြီ တကာသစ် ဒါလောက်ဆိုယင်နော်.... (မှန်ပါ့ဘုရား)။

အခုအခါ ဘယ်မျှား ရောက်နေပါလိမ့်မလဲဆိုတာ-ဒီလိုမသုံးနဲ့.... (မှန်ပါ့) ဘယ်မျှား သူ့အကျိုးပေး ဆိုက်နေပါလိမ့်မလဲ (မှန်ပါ့ဘုရား) ဒီက-ကံက ဟိုသွားပြီး အကျိုး ပေးရတယ်.... (မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

ကံက-အကျိုးပေးတာကို ဒီကံသည်ဘယ်မျှားသွားပြီးအကျိုးပေးပါလိမ့်မလဲ ဆိုလို့ရှိယင်မှန်တယ်....(မှန်ပါ့) ဘယ်မျှားသွားပြီးဖြစ်နေပါလိမ့်မလဲလို့ လုပ်မနေနဲ့.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

သူ့ကံအတိုင်း ဘယ်မျှားအကျိုးပေးပါလိမ့်မလဲ ... (မှန်ပါ့) ဒါဟာအမှန်ဘဲ.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် အသက်ထွက်တယ်ဆိုမလား၊ ဝိညာဏ် ချုပ်တယ် ဆိုမလား....(ဝိညာဏ်ချုပ်ဘယ် ဆိုရပါ့မယ်ဘုရား)။

"သက်ကြီးစကား သက်ငယ်ကြား"နဲ့ နှုတ်တက်နေတာကြီး လူပုံအလယ်ထုတ်ပြောယင် ဘုန်းကြီးပါ ဒုက္ခရောက်မယ်(မှန်ပါ့) ခင်ဗျားတို့ပြောဘာနဲ့ ဘုန်းကြီးပါ ဒုက္ခရောက်မယ်.... (မှန်ပါ့ ဘုရား)။

ဒါ နားလည်တဲ့ ဆရာသမားတွေနဲ့ တွေ့ယင် သေသေ ချာချာ ဒုက္ခရောက်တယ်....(မှန်ပါ့)ဩော်....သူ့ တကာ တကာမတွေ့ အခုထက်ထိ သဿတဒိဋ္ဌိ ရှိပါသေးသလား....ဆရာကဘာ့မင်္ဂလာဏ်,ဖိုလ်ဉာဏ်, နိဗ္ဗာန်ရောက်ကြောင်းတွေ ဟောနေတယ်၊ မင်္ဂလာဏ်,ဖိုလ်ဉာဏ်တားတဲ့ ဒိဋ္ဌိက သူ့ တကာတကာမတွေထဲမှာ ရှိနေသားဘဲ....၊ ဩော်....သူတို့ဆရာ ပြင်မပေးလို့ ဆိုတော့ ဆရာထိခိုက်တယ်.... (မှန်ပါ့ဘုရား) မထိခိုက်ပေဘူးလား.... (ထိခိုက်ပါတယ်ဘုရား)။

တကာကြွယ်-နောက်ကို ဘယ့်နှယ်သုံးမလဲ.... (ဝိညာဏ်ချုပ်စာယ်လို့ သုံးပါမယ်ဘုရား)။

ဝိညာဏ်ချုပ်သွားပြီ... ဟုတ်လား....(မှန်ပါ့) နိဗ္ဗာန်မရသေးလို့ ရှိယင် ကံပစ်ချရာ အကျိုးပေးမှာဘဲ.... (မှန်ပါ့) ဘယ်သွားတွယ်နေပါလိမ့်မတုံးလို့ သွားပြီး မလုပ်နဲ့ဦး.... (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘယ်သွားတွယ်နေပါလိမ့်မတုံးလို့ မလုပ်လိုက်ပါနဲ့၊ တွယ်နေတယ်လို့ဆိုလို့ ရှိယင် ဒီက-ထွက်သွားတာကသွားတွယ်တာ.... (မှန်ပါ့)ဘယ်ကိုမှသွားတွယ်တာမဟုတ်ဘူး ကံပစ်ချရာ,ဒီကကံက အကျိုးပေးရာ တကာတာကာမတို့ ပဋိသန္ဓေ ပေါ်ရပါတယ်.... (မှန်ပါ့ဘုရား)။

"ကမ္မံ ဝိပါကာသ"ကိုး.... (မှန်ပါ့) ကမ္မ-ကံသည်၊ ဝိပါကာသ-အကျိုးပေးအားဆိုတော့ ဒီက ပြုလုပ်ထားတဲ့-ကံအတိုင်း ဟိုမှာ အကျိုးပေးရမယ်....(မှန်ပါ့ဘုရား)။

သွားတာတော့ ဟုတ်ကဲ့လား.... (မဟုတ်ပါဘုရား) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ဒီက မလိုက်ဘူးဆိုတာကလေး ဘုန်းကြီးရှင်းပြတော့မယ် တကာကြွယ် နော်.... (မှန်ပါ့ဘုရား)။

ဒီက မလိုက်ဘူး ဆိုတာကလေး ရှင်းပြမယ်၊ ဒီက - သတ္တိလဲမကင်းဘူး.... (မှန်ပါ့) ဥပမာ-တကာကြွယ်-က ဖယောင်းတိုင်တတိုင် သီတင်းကျွတ်က ထွန်းထားတာပေါ့ဗျာနော်.... (မှန်ပါ့ဘုရား)။

ဟိုဘက် အိမ်က မီးခြစ်မရှိဘူး၊ မီးခတ်မရှိဘူး၊ ဒီ-မီးတိုင်ကလေး လာညှိကြတယ်၊ ညှိပြီး သူတို့အိမ်မှာ ထွန်းကြတယ်....

(မှန်ပါ့) ဦးသန်းမောင်တို့က ထွန်းကြတယ် ဆိုပါတော့.... (မှန်ပါ့) ဒီက·မီးလိုက် သွားသလား မေးယင် ဘယ့်နှယ် ပြောမလဲ....(မလိုက်ပါဘုရား)။

ဒီကမီးရဲ့သတ္တိကင်းပြီး ဟိုမှာ လင်းနေသလား မေးယင် ကော....(သတ္တိမကင်းပါဘုရား)။

အဲဒီလိုမှတ်ရမယ်....(မှန်ပါ့)ဒီက အကြောင်းလဲမကင်းဘူး.... (မှန်ပါ့)။

ဒီကလဲမလိုက်ဘူး.... (မှန်ပါ့) ဒီက-မီးလိုက်ယင်လဲ ငြိမ်းရမယ်... (မှန်ပါ့) ဒီက မီးငြိမ်းသွားရမယ်....(မှန်ပါ့ဘုရား)။

အခုတော့ ဒီက-မီးကကောလိုက်ကဲ့လား....(မလိုက်ပါဘုရား) ဒီက-မီး သတ္တိကင်း၍ကော ဟိုမှာ မီးတိုင်ကလေး လင်းနေရဲ့လား.. (မလင်းပါဘုရား) ဒီက-မီးကို ယူသွားတာ.... (မှန်ပါ့ဘုရား)။

ဒါဖြင့် ဒီကမီးမလိုက်တာလဲ ခင်ဗျားတို့ အထင် အရှား.... (မှန်ပါ့ဘုရား)။

ဟို-မီးလင်းတာလဲ.... (အထင် အရှားပါဘုရား) ဒါဖြင့်ဒီက သတ္တိဟာ ဟိုတော့ပါသွားတယ် ဒီကမလိုက်ဘူး....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဖယောင်းတိုင် ထွန်းပြရဦးမလိုကျနေပြီ.... (မှန်ပါ့) တကာသစ်-ရှင်းပလား....(ရှင်းပါပြီဘုရား) ဒီက-မီးသတ္တိကောမပါဘူးလား... (ပါ-ပါတယ်) ဒီက-မီးကကောလိုက်ရဲ့လား.... (မလိုက်ပါဘုရား)။

လိုက်ယင် ဒီက မီးငြိမ်းရမယ်.... (မှန်ပါ့ဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် နိဗ္ဗာန်မရသေးတဲ့ ပုဂ္ဂိုလ်တွေအတွက်မှာဖြင့် ဒီကနေပြီးသကာလ သေတော့-သေသွားတာဘဲ ...(မှန်ပါ့) သေပင်သေငြားသော်လဲ ဟိုမှာခန္ဓာတခုခုပေါ်လိမ့်မယ်.... (မှန်ပါ့) မပေါ်ပေဘူးလား....(ပေါ်ပါတယ်ဘုရား)။

အဲဒီတော့ကိုဘဲ့ ဒီက ပြုလုပ်ဘဲ့ကံက လိုက်သွား တာတော့မဟုတ်ဘူး....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ) ဒီကံက ပြုတုန်းဘဲ ... (မှန်ပါ့) ဟိုမှာဒီကံရဲ့ သတ္တိ သွားပေါ်တယ်.... (မှန်ပါ့ဘုရား) သူ့အခြကြောင်းကြောင့် အကျိုးသွားပေါ်တယ် ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် မီးတိုင်ညှိသလို တကာတကာမတွေက ရှင်းထားလို့ ရှိယင်ဖြင့် ဒီက သတ္တိလဲ မကင်းဘူး.... (မှန်ပါ့) ဒီက သတ္တိလဲ မလိုက်ဘူးလား....(လိုက်ပါတယ်ဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒီက အထည်မလိုက်၊ ဟိုမှာသတ္တိနဲ့ ကျေးဇူးတော့ဖြင့် ပြုပါရဲ့....(မှန်ပါ့ဘုရား) ပေါ်ကြပလား ... (ပေါ်ပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် တကာတကာမတို့ ပဲ့တင်သံ ဆိုတာလဲ ခင်ဗျားကိုကြားဘူးမှာဘဲ....(ကြားဘူးပါတယ်ဘုရား)ပဲ့တင်သံဆိုတာ ပြန်လာတဲ့အသံပေါ့ဗျာ၊ ကိုယ်က ဒီက အော်လိုက်လို့ ဟိုကပြန်လာတဲ့ အသံပေါ့....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

အဲဒီတော့ ပဲ့တင်သံဆိုတာ ဒီကအသံလားတဲ့၊ သူက အသံတမျိုးလားလို့ မေးလို့ ရှိယင် ဘယ်နှယ်ဖြေကြမလဲ (အသံတမျိုးပါဘုရား) အသံတမျိုးဘဲ သို့သော် ဒီကအသံနဲ့ ကင်းသလား.... (မကင်းပါဘုရား)။

အဲဒီကအသံလဲ သတ္တိမကင်းဘူး၊ ဒီကအသံလဲ မဟုတ်ဘူး၊ သူဟာ ပဲ့တင်သံတမျိုး.... (မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

ကောင်းပြီတခါ တံဆိပ်ရေးဥပမာနဲ့ ပြလိုက်လဲရှင်းပါတယ်နော်....(မှန်လှပါဘုရား) စာတိုက်တံဆိပ်ကိုမင်မပါဘဲနဲ့ ၁၃၀၀ ဘယ်နှစ်ခု ဘယ်နေ့က ဘယ်နာရီ ဆိုပြီးတော့ တံဆိပ်ရိုက်.... (မှန်ပါ့ဘုရား) မင်မပါဘဲနဲ့ ရိုက်လိုက် စာအိတ် ပေါ်မှာ.... (မှန်ပါ့ဘုရား)။

ဒီစာအိတ် ဟိုရောက်-ဒီရောက်နဲ့ ရောက်မှာဘဲ.... (ရောက်ပါတယ်ဘုရား) တံဆိပ်တုံးပါသွားတယ်လို့ မဆိုရပါဘူး.... (မဆိုရပါဘုရား)။

သို့သော်.... တံဆိပ်ကတော့ ဒီစာရွက်မှာ ကျန်ရစ်တယ်.... (မှန်ပါ့) ဘာတွေ့ ပါသွားသတုံးဆိုတော့ သတ္တိပါသွားတယ် (မှန်ပါ့) တံဆိပ်တုံးတော့....(မပါ-ပါဘုရား)။

ဒီ တံဆိပ်တုံးက ဒီရုံးမှာ သုံးနိုင်တာ၊ ဟိုရုံးမှာ မသုံးနိုင်တာကြီး....(မှန်ပါ့) ဒီစာတိုက်မှာသာ သုံးနိုင်တယ်၊ ဟိုစာတိုက်မှာ....(မသုံးနိုင်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

သို့သော်....ဒီစာတိုက်သတ္တိတော့....(ပါ-ပါတယ်) တံဆိပ်တုံးပါသွားသလား... (မပါ-ပါဘုရား)။

ထို့အတူဘဲ....တဲ့၊ ဒီက ကံသတ္တိတော့ဖြင့် တကာတကာမတို့ ရောက်ရာဘဝမှာ ကံအကျိုးပေးအတိုင်း ပေါ်တော့ ပေါ်ကာဘဲ.... (မှန်ပါ့) ဒီက ကံ့ဝိညာဏ်လိုက်သွားသလားမေးယင်.... (မလိုက်ပါဘုရား) ဘာမှ မလိုက်ဘူးလို့ ဆိုသဖြင့်လဲဟဲ့ သဿတဒိဋ္ဌိလုတ်ပါပြီ.... (မှန်ပါ့) ခိုင်မြဲယင် ဟိုလိုက်သွားတော့မယ်.... (မှန်ပါ့)။

ဒီက သတ္တိ တကာ့ကာမတို့ လုံးဝ မလိုက်ဘူးဆိုပေဲလဲ ဥစ္ဆေဒဒိဋ္ဌိဖြစ်သွားပြီ (မှန်ပါ့)။

အဲဒီတော့ ဟိုမှာ မီးလင်းနေတာ မြင်သဖြင့် ဒီက ယတ္တိကော ကင်းရဲ့လား.... (မကင်းပါဘုရား) ဒီက ညှိထွန်းလွှားတားကိုး.... (မှန်ပါ့) သဿတဒိဋ္ဌိလား... (ကျူပါပြီ)။

ဒါဖြင့် ဒီက မီးတိုင်လိုက်သလားမေးယင်.... (မလိုက်ပါ) သတ္တိကင်းသလားလို့ မေးယင်....(မကင်းပါဘုရား) အဲဒါနှစ်ခုကို ရှင်းခအောင်ပြောရမယ်....(မှန်ပါ့)။

ဒီဟာနှစ်ခု ရှင်းအောင်မယူတက်လို့ရှိယင် သဿတ,ဥစ္ဆေဒ တခုခုပြေနမယ်... (မှန်ပါ့ဘုရား) ငြိခဲ့လို့ရှိယင်ဖြင့် ခင်ဗျာတို့ အာပေါက်ခအောင် ဝိပဿနာ အားထုတ် ဉီးသန်းမောင်တို့ ပင့်ဖိုလ်မရဘူး(မှန်ပါ့) ဉီးဗဒဓဲ့ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား) တကာကြွယ်ကော.... (ရိပ်မိပါပြီဘုရား) အရေးမကြီးဘူးလား- (ကြီးပါတယ်ဘုရား)။

မင်္ဂ,ဖိုလ်တားတဲ့ တရား ဆိုကဘည်းက ကျုပ်တို့က ဆုံးနိ ကလေးလှလဲ မင်္ဂ,ဖိုလ်ရ,ရပါလို့၏....တဲ့.... (မှန်လှပါဘုရား)

ဆွမ်းကလေးလှူလဲ မင်္ဂိုလ်ရ,ရပါလို့၏၊ ဖယောင်းတိုင်ကလေးထွန်းလဲ... (မင်္ဂိုလ်ရ,ရပါလို့၏) သူသာခံနေယင် ဘယ်နည်းနဲ့မှ မရဘူး.... (မှန်ပါ့) မရပါဘူးဆိုတာ သဘောကျပလား.... (ကျပါပြီ)။

ဒါဖြင့် အခုဖယောင်းတိုင်ဥပမာကိုဘရားတပ်လုံး သဘောကျပလား....(ကျပါပြီ)။

မီးကလေးတတိုင်ညှိထားပါ၊ ပဌမကတည်းက ညှိထား၊လင်းနေပြီနော်(မှန်ပါ့)ဟိုဘက်အိမ်က မီးခြစ်ခြစ်စဆာမရှိလို့ ဒီမီးတိုင်လာညှိတယ်... (မှန်ပါဘုရား) သူ့အိမ်မှာလဲ မီးထွန်းထားတော့ ဒီအိုမ်က ညှိပြီးထွန်းတော့ ဟိုအိမ်မှာလဲ လင်းတာဘဲ.... (မှန်ပါ့ဘုရား)။

တကာတကာမတို့ ဒီက မီးလိုက်သလား.. (မလိုက်ပါဘုရား) မလိုက်ဘူးလို့ သိသဖြင့် ဒီက မီးက ဒီတွင်ဘဲ ကုန်ရမယ်-(မှန်ပါ့) ဒီမှာတွင်ဘဲ တောက်ရမယ်၊ ဒီမှာတွင်ဘဲ ငြိမ်းရမယ်.. (မှန်ပါ့) ဟိုဘက်မလိုက်နိုင်ဘူး... (မလိုက်နိုင်ပါဘုရား) သဘောကျပလား (ကျပါပြီဘုရား) ဒီလိုသိယင် သဿတဒိဋ္ဌိလွတ်ပါပြီ ... (မှန်ပါ့ဘုရား)။

သို့သော်... ဟိုမှာလင်းနေတာမြင်သဖြင့်လဲ ဒီက သတ္တိကင်းရဲ့လား.... (မကင်းပါဘုရား) အကြောင်းအကျိုးတော့ ဆက်နေတယ်.. (မှန်ပါ့) မဆက်ဘူးလား....(ဆက်ပါတယ်ဘုရား)။

အဲဒီ ဆက်တာသိလိုက်သဖြင့်လဲ ဥစ္ဆေဒဒိဋ္ဌိ လွတ်ပါတယ်... (မှန်ပါ့) ရှင်းပလဲား....(ရှင်းပါပြီ) သဘောပါကြပလား.... (ပါ-ပါပြီဘုရား)။

ကောင်းပြီ.... ဒါဖြင့် သာတိရဟန်းမှာတော့ တခါတည်း ဒီဝိညာဏ်ကလေးက ဟိုလိုက်သွားလိုက်၊ ဒီဝမ်းခေါင်းမကောင်း ဟိုဝမ်းခေါင်းပြောင်းလိုက်၊ အင်း...တကာတကာမတို့ သဿတ ဒိဋ္ဌိ....(မှန်ပါ့)။

သူက ဒီကကိုပြောင်းသွားသတဲ့....(မှန်ပါ့) သူက ဒေသကို-မသေဘဲနဲ့ပြောင်းတာ....(မှန်ပါ့) ဘာဒိဋ္ဌိတုံး....(သဿတဒိဋ္ဌိပါဘုရား) မှတ်မိပြီ....(မှတ်မိပါပြီဘုရား)။

အဲဒါနဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးဆီ ဒီအမှုတဲ့ ရောက်ပြီး သကာလသွားတော့ သာတိ... မင်းယူတဲ့အယူ ပြောစမ်းပါဦးကွာ၊ ဘယ်ဟာတုံးက္ခ.... ဘုံဘဝသွားပြီး လည်နေတယ်ဆိုတာဆုံတော့ ကတမ တ သဿတ ဝညာဏ ဘယဝညာဏလည်တာတုံးက္ခ သာတိရ ပြောစမ်းပါဦးဆိုတော့....(မှန်ပါ့)။

"ယွာယံ ဘန္တေ ဝေဒါ ဝေဒေယျော၊ တတြတတြ ကလျာဏ ပါပကာနံ ကမ္မာနံ ဝိပါကံ ပဋိသံဝေဒေတိ" သူက ဒီလို ဖြေလိုက်တယ်....(မှန်လှပါဘုရား)။

အရှင်ဘုရား တဲ့...၊ ဒီတခုသော စိတ်ဝိညာဏ်ကလေးဟာ ဟိုဘဝ,ဒီဘဝပြောင်းပါတယ်၊ရောက်ရာဘဝမှာလဲစကားလဲပြောပါတယ်၊ ကောင်းတာဆိုးတာလဲ သူဘဲခံစားပါတယ်၊ အဲဒီ.ဝိညာဏ်ဆိုတာပါ. တဲ့....(မှန်ပါ့)။

ဒါနဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သူ့ကို မဒေပြောဘဲနဲ့ဟေ့.... ရဟန်းတို့ မင်းတို့ကော ဝိညာဏ်မြဲတယ်- ခိုင်တယ်၊ ဟိုဘဝ-ဒီဘဝ ကူးတယ်လို့ ယူကြသလား....တဲ့....၊ မယူပါဘူးဘုရား တဲ့....(မှန်ပါ့)။

သားတိကဆေတာ့ ဒီလိုယူနေတယ်ကွာ... တဲ့၊ သာတိအခြောင်း ငါပြောမယ်၊ သာတိသည်ကားလို့ ဆိုယင် သဿတဒိဋ္ဌိဖြစ်နေပြီ....(မှန်ပါ့) "သဇ္ဇ သင်္ခါရာ အနိစ္စာ"ကို ငါဘုရား ဖြိုင်ဖြိုင်ကြီး ဟောပါတယ်.. (မှန်ပါ့)။

ငါဖြင့်တဲ့အတိုင်း အမှန်ကိုလဲ ပြောပါတယ်....(မှန်ပါ့ဘုရား) "သဇ္ဇ သင်္ခါရာ ဒုက္ခာ၊ သဇ္ဇမမ္မာ အနတ္တာ"လို့ ငါအမျိုးမျိုး အဖုံဖုံ ဒီနေရာဖြစ် ဂီနေရာပျက်ပါတယ်လို့ ဟောပါလျက်သားနဲ့ ဒီဝိညာဏ်ကလေးဟာ မသေဘဲနဲ့ ဟိုဘဝ- ဒီဘဝ- သုံးတယ်ဆိုတဲ့ဥစ္စာ ဖြင့် သာတိ၏ ဒိဋ္ဌိမိုးပွါးကလေးဟာဖြင့် ဖော....တဲ့ မင်္ဂလာ ဖိုလ်ဥာဏ် ဒီဘဝ မရတော့ဘူး... တဲ့.... (မှန်ပါ့) ဒိဋ္ဌိမိုးပွါးကလေး... (မှန်ပါ့)။

တကာတကာမတို့ ဘယ်လောက်ခြောက်စရာကောင်းသတုံး (ကောင်းပါတယ်ဘုရား)။

အဲဒါခြောင့် ခင်ဗျားတို့ကိုပြောတာ အသက်ထွက်သွားပြီဆိုမဟုတ်ဘူးနော်... (မှန်ပါ့) မဆုံးမထိုက်ဘူးလား .... (ဆုံးမထိုက်ပါတယ်ဘုရား)။

ဒါဟာ ဦးဗာဒင် မဆုံးမယင် မတော်ဘူးနော်....(မတော်ပါဘုရား) အင်မတန်ကြိုးကျယ်တဲ့ အပြစ်ကြီးမို့ အမိသတ်သလိုကြီးပါတယ်လို့ ပြောတာပေါ့ ဦးလှဘူး တန်းကုန်ရောပေါ့... (မှန်ပါ့ဘုရား) အမိသတ်သလိုကြီးတယ်.... (မှန်ပါ့ဘုရား) ဘုရား သွေးစိမ်းတည်အောင် လုပ်သလို အပြစ်ကြီးတယ် .... (မှန်ပါ့ဘုရား)။

တကာကြွယ် ကဲ... ဒီဌိဿေးသေးလား- ကြီးကြီးလား... (ကြီးကြီးပါဘုရား)။

သဿတဒိဋ္ဌဆိုတာက တကာသစ်-ဓရေ....ခိုင်တယ်-မြဲတယ်လို့ ယူလိုက်တယ်....(မှန်ပါ့)။

အနိစ္စာဝတ သင်္ခါရာ-တွေလို့ကော ယူသေးရဲ့လား....(မယူပါဘုရား) ဒါဖြင့်ခိုင်တယ်-မြဲတဲ့အထဲ ရောက်နေတာယ်... (မှန်ပါ့ဘုရား)။

ထိုကဲ့သို့ ရောက်ပြီးသကာလနေတော့ သဿတဒိဋ္ဌ ဖြစ်နေတော့ ဒုက္ခသစ္စာဆိုဘဲ့ဥစ္စာလဲ ဖြစ်ပျက်ကို ဒုက္ခသစ္စာ ဆိုတော့ သစ္စာကို မြင်သေးရဲ့လား....(မမြင်ပါဘုရား)။

ဒါဖြင့် ဒုက္ခသစ္စာမမြင်လို့ရှိယင် ဒုက္ခသစ္စာချုပ်မှ နိဗ္ဗာန သစ္စာဆိုတဲ့ဥစ္စာ ရောက်မည့်ဥစ္စာ ဒုက္ခသစ္စာတောင် မတွေ့တော့ဘူး ဦးမာဒင်-ဓရ... (မှန်ပါ့) နိဗ္ဗာနသစ္စာတွေ့ဘို့ဟာ ဝေးပေါ့ (ဝေးပါတယ်ဘုရား)။

ဒုက္ခသစ္စာချုပ်မှ နိဗ္ဗာနသစ္စာကို အားထုတ်တဲ့လူက တွေ့မှာကိုးဗျ... (မှန်ပါ့) အခုတော့ ဒုက္ခသစ္စာကို သူ့မှာ တွေ့သေးရဲ့လား....(မတွေ့ပါဘုရား)။

ဒုက္ခသစ္စာကို မတွေ့တဲ့အတွက် နိဗ္ဗာနသစ္စာ မျက်မှောက်ပြုဘို့ ဘယ်လိုပင်ဆုတောင်း-ဘယ်လိုပင်လှူလှူ-ဘယ်လိုပင်တန်းတန်း မရပါဘူး... (မရပါဘုရား)။

ဒီ-ဒိဋ္ဌိရှိတာ ဒါလောက် ကြောက်စရာ ကောင်းပါတယ်.... (ကောင်းပါတယ်ဘုရား) ပေါ်ကြပလား .. (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒီဒိဋ္ဌိကို အရေးတကြီး ပြောနေတာ တကာသစ်ရေ ပြောသင့်လို့ ပြောနေတယ်လို့သာ မှတ်ပေတော့.... (မှန်ပါ ဘုရား)။

အခု သားတိဟာ ဘာဒိဋ္ဌိပါလိမ့်... (သဿတဒိဋ္ဌိပါ)ဘုရား ဒိဋ္ဌိတည်းဟူသောမီးဖွားကလေးဖြင့် သာတိမှာ ရှိနေတဲ့ အတွက် ဒီ-မီးဖွားကလေးနဲ့ ပတ်သက်ပြီးသကာလ မင်္ဂဳာဏ်, ဖိုလ်ဉာဏ် တည်းဟူသောအလင်းရောင် .... ဒုက္ခခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်ဖြင့် ကွာတဲ့ဒီအယူ-ယူလို့ ရှိယင် မရတော့ပါဘူးတဲ့... (မှန်ပါဘုရား)။

မင်း-မင်္ဂဳာဏ်မှ အချည်းနှီးဖြစ်ပြီတဲ့.... (မှန်ပါ) ဘုရားက ဆုံးဖြတ်ချက်ချလိုက်တယ်....(မှန်ပါဘုရား)။

ဘယ်လိုဆုံးဖြတ်ချက် ချသလဲ.... (မင်္ဂဳာဏ်မှ အချည်းနှီး ဖြစ်ပါပြီဘုရား) နိဗ္ဗာန်မရတော့ဘူးတဲ့.. (မှန်ပါ)။

ကဲ.. တကာတကာမတို့ မင်္ဂဳာဏ်မှ အချည်းနှီး ဖြစ်ပြီလို့ ဘုရားက ဆုံးဖြတ်ချက်ချလိုက်တယ်....(မှန်ပါဘုရား)။

တကာသစ်-ဘာတဲ့ (မင်္ဂဳာဏ်မှ အချည်းနှီး ဖြစ်ပြီလို့ ဆုံးဖြတ်ချက်ချပါတယ်ဘုရား)။

မင်္ဂဳာဏ်, ဖိုလ်ဉာဏ်ကို မရတော့ဘူးတဲ့.... (မှန်ပါ) မင်္ဂဳာဏ် ဖိုလ်ဉာဏ် မရကတည်းက နိဗ္ဗာန် မြင်သေးရဲ့လား....(မမြင်ပါ ပါဘုရား) ဒါဖြင့်နိဗ္ဗာန်မရဘူးလို့ ဟောလိုက်တာ.... (မှန်ပါ ဘုရား)။

တကာတကာမတို့ အပြစ် သေးသလား အပြစ် ကြီးသလား အကဲခတ်စမ်း.... (အပြစ်ကြီးပါတယ် ဘုရား) အင်မတန် ကြီးတဲ့ အပြစ်ကိုလဲ ဘုရားကိုယ်တိုင်က ဖွင့်ချလိုက်ပြီ... (မှန်ပါဘုရား)။

ဒါနဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ကဲ့ဘတဲ့ ဒီလိုယူမှတည့်တယ်ဆိုတဲ့ ဥစ္စာကလေးသူတည့်ပေးတယ်.... (မှန်ပါ!ဘုရား)။

အဲဒီတော့ အခုတည့်ပေးမည့် ဥစ္စာကလေးကို တကာတကာမတွေက အင်း...ဘုရားသခင်ကိုယ်တော်မြတ်ကြီး ပါးစပ်က တိုက်ရိုက်ဟောတာလဲတကြောင်း၊ ကိုယ့်ခန္ဓာ ဖြစ်စဉ်က ဒီအတိုင်းပါလားလို့ ကိုယ်ဆုံးဖြတ်ချက်ချမှာကလဲ တကြောင်း... (မှန်ပါ! ဘုရား)။

ဘုရားဟောနဲ့ ကိုယ့်ဆုံးဖြတ်ချက်နဲ့ နှစ်ချက်ကိုက်လို့ရှိယင် ဒီ-ဒီဋ္ဌမရှိတော့ဘူး....(မှန်ပါ!ဘုရား)။

ဒါဖြင့် ဒီဥစ္စာ သေသေချာချာ ကျည့်ပြီး သေသေချာချာ နားထောင်ရမည့် အလုပ်ဖြစ်လာပြီဆိုပြီး အထူးဂရုစိုက်၍ နားထောင်ရလိမ့်မယ်.... (နားထောင်ပါတယ်ဘုရား)။

တကာကြွယ်-သာမည်ဆိုလို့ရှိယင် ဘုန်းကြီးများလဲ-ခပ်တွင်တွင်ပြောသွားဘို့ဘဲ....(မှန်ပါ!) အခုဟာက ဦးလှဘူးရဲ့ ခပ်တွင်တွင်ပြောလို့မှမရဘဲ.... (မရပါဘုရား)။

ကဲ... တကာတကာမတို့ သန္ဓာန်မှာ ဝိညာဏ် ခြောက်မျိုးရှိတယ် မှတ်လိုက်ပါ... (မှန်ပါ!) မျက်လုံးဝိညာဏ်ဆိုတာ မြင်တတ်တဲ့ဝိညာဏ် ... (မှန်ပါ!) နားဝိညာဏ်ဆိုတော့ ကြားတတ်တဲ့ဝိညာဏ် ...(မှန်ပါ!)နှာခေါင်းဝိညာဏ်ဆိုတာက မွှေးတာ၊ ကြိုင်တာ-ရှုံ့တတ်၊ ရှုံ့က်တတ်တဲ့ဝိညာဏ်.... (မှန်ပါ!ဘုရား)။

လျှာဝိညာဏ်ဆိုတာက လျှာပေါ်မှာစားတတ်တဲ့ဝိညာဏ်.... (မှန်ပါ) ကိုယ်ဝိညာဏ်ဆိုတာက ကိုယ်ပေါ်မှာ ယားတာ၊နာတာ၊ဟုတ်လား....ဒုက္ခ၊သုခ တွေ့ဟာလေ....(မှန်ပါ!ဘုရား)။

ဒုက္ခဖြစ်တာလဲ ကိုယ်ပေါ်မှာ ဒုက္ခဖြစ်လို့ ဒီနေရာကနာတယ်ဆို ဒီနေရာကိုယ်ဝိညာဏ်ပေါ့ဗျာ.... (မှန်ပါ့ဘုရား)။

ဒီနေရာကလေး ဥပမာပေးလိုက်လို့ ကောင်းမြတ်တယ်ဆို ကိုယ်ဝိညာဏ်ပေါ့ဗျာ (မှန်ပါ့) သုခသဟဂုတ် ကာယဝိညာဏ် ဒုက္ခသဟဂုတ် ကာယဝိညာဏ်လို့ ဘုရားက ဟောတယ်... (မှန်ပါ့ဘုရား)။

ဒါဖြင့် ပဥ္စဝိညာဏ်ပေါ့ဗျာ၊ပဥ္စ·က·ငါး, ဝိညာဏက-ဝိညာဏ်၊ ဝိညာဏ်ဆိုတာ-သိတာ... (မှန်ပါ့ဘုရား)။

ဒါဖြင့် မျက်လုံးထဲကအဆင်းသိတာလဲ ဝိညာဏ်....(မှန်ပါ့) နားထဲက အသံသိတာလဲ... (ဝိညာဏ်ပါဘုရား) နှာခေါင်းက အနံ့သိတာကော.... (ဝိညာဏ်ပါဘုရား) လျှာက ချိုတယ်-ချဉ်တယ်-ငန်တယ်·ဖန်တယ် အရသာ သိတာကော.... (ဝိညာဏ်ပါဘုရား)ကိုယ်ပေါ်ကထူတယ်-ပါးတယ်-ပူတယ်-အေးတယ် သိတာကော..(ဝိညာဏ်ပါဘုရား)ကိုယ်ဝိညာဏ်--(မှန်ပါ့)ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီ·ငါးခုကို ပဥ္စဝိညာဏ်လို့ ခေါ်တယ်.... (မှန်ပါ့) ပဥ္စဝိညာဏ..! သဘောကျပလား... (ကျေပါပြီဘုရား)။

မနောဝိညာဏ်ဆိုတာက တကာတကာမတို့ ဒီကနေ ရန်ကုန်ကြံလိုက်-ဟင်္သာတကြံလိုက်ကြံပြီးပျောက်လိုက်--(မှန်ပါ့ဘုရား)။

သူကတော့လဲ ဟိုကမမှာရုံနဲ့တွေ့လို့ ပေါ်လာတဲ့ဝိညာဏ်ကိုးဗျ...(မှန်ပါ့) သူကဝမ်းထဲမှာပေါ်တဲ့ ဝိညာဏ်ဖြစ်လေသောကြောင့် မနောဝိညာဏ်...(မှန်ပါ့ဘုရား)။

ဒါဖြင့်စက္ခုဝိညာဏ်,သောတဝိညာဏ်, ဃာနဝိညာဏ်, ဇိဝှါ ဝိညာဏ်,ကာယဝိညာဏ်,မနောဝိညာဏ်....(မှန်ပါ့)ဝိညာဏခါတ် ခြောက်ပါး ... (မှန်ပါ့)ရှင်းပလား ... (ရှင်းပါပြီဘုရား)။

ဝိညာဏ် ဘယ်နှစ်ပါး ရှိသတုံး .. (ခြောက်ပါးပါ ဘုရား) မျက်လုံးထဲမြင်တာ မျက်စိဝိညာဏ်....(မှန်ပါ့) မြန်မာလို ပြောယင်တော်ပြီ ...(မှန်ပါ့ဘုရား)။

နားထဲကကြားတော့ကြားတတ်တဲ့နားဝိညာဏ်.... (ကြားတဲ့-ဝိညာဏ်) သတောကျပလား....(ကျပါပြီ)နှာခေါင်းထဲက ရှူတဲ့ ရှိုက်တဲ့ အခါကျတော့ ရှူရှိုက်တတ်တဲ့ နှာခေါင်းဝိညာဏ်.... (မှန်ပါ့ဘုရား)။

လျှာပေါ် ပေါ်တဲ့စိတ်တော့ လျှာဝိညာဏ်....(မှန်ပါ့)ကိုယ် ပေါ်မှာပေါ်တဲ့ စိတ်ကျတော့ .. (ကိုယ်ဝိညာဏ်ပါ ဘုရား) စမ်းထဲမှာပေါ်တဲ့စိတ်ဘော့.... (မနောဝိညာဏ်ပါဘုရား)။

ဒါဖြင့် ဝိညာဏ်ဟာ ဘယ်နှစ်ပါးရှိသလဲ....(ခြောက်ပါး-ပါဘုရား။)

တကာတကာမတို့ ဝိညာဏခါတ် ခြောက်ပါးဆိုတာ - ဒါဘဲ... (မှန်ပါ့) ရှင်းပြီးနော်....(ရှင်းပါပြီဘုရား)။

ဒီဝိညာဏ်ဟာက တကာတကာမတို့ စဉ်းစား ကြည့်စမ်းပါတဲ့ မျက်လုံးထဲကမြင်နေတဲ့ ဝိညာဏ်ဖြစ်နေလို့ ရှိယင် မနောထဲက ကြံစည်တဲ့ဝိညာဏ်မလာဘူး.... (မှန်ပါ့ဘုရား)။

နားထဲကကြားနေတဲ့အခါနားဝိညာဏ်ကလေးတခုဘဲရှိတယ်၊ ကျန်တဲ့ ဝိညာဏ်ငါးပါးက.... (မရှိပါဘုရား) မရှိဘူးဆိုတာ ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဝိညာဏ်သည် ခန္ဓာကိုယ်ထဲမှာ ခြောက်ခု ရယ်လို့ ရှိကောင်းတာသာ ပြောတာ ဖြစ်တော့ တဝိညာဏ်ဘဲ ဖြစ်တယ်.... (မှန်ပါ့) သဘောပါပလား.... (ပါ-ပါပြီဘုရား)။

ဒါဖြင့် ဝိညာဏ်ဘယ်နှစ်ပါးရှိသလဲ (ခြောက်ပါးရှိပါတယ်) ဝိညာဏ် ခြောက်ပါးရှိတယ်ဆိုတာ ဝိညာဏ ဓါတ် ခြောက်ပါး ဆိုတာ ပါဘဲ....(မှန်ပါ့ဘုရား)။

ဒါဖြင့် ဒီဝိညာဏ် အမြဲရှိ-မရှိစဉ်းစားစမ်း၊ ဒါမှ သဿတ ပြုတ်မယ်.... (မှန်ပါ့) ရှိကောင်းတာကတော့ ဝိညာဏ်ခြောက်မျိုး (မှန်ပါ့) အမြဲရှိ-မရှိ အကဲခတ်ကြပါ... (မရှိပါဘုရား)။

အမြဲရှိ-မရှိ အကဲခတ်တဲ့အခါကျတော့ တကာတကာမတွေ့ သူ့-အကြောင်းပြမှ လုံလောက်မယ်....(မှန်ပါ့) အကြောင်းမပြိုယင်.... (မလုံလောက်ပါဘုရား)။

မလုံလောက်ပါဘူး တဲ့၊ သူ့ဟာသူ ဒီအတိုင်းမရှိဘူးဆိုလို့လဲ မဖြစ်ဘူး....(မှန်ပါ့)။

တကာတကာမတို့ ဒီအထဲကလူရှင်မှာတော့ မြင်တတ်တဲ့မျက်လုံးမှာ သူငယ်အိမ် အကြည်ရွပ်ကလေးရှိတယ်... (မှန်ပါ့) အဲဒီအကြည်ရွပ်ကလေးက ဒါက မျက်လုံးအကြည်ရွပ်ကလေးထား (မှန်ပါ့)။

ဒီဘက်က ဖြူ-နီ-ကြောင်ကြားဆိုတဲ့ အဆင်းထား(မှန်ပါ့) ဒီကအကြည်နဲ့ ဟိုက ဖြူနီကြောင်ကြားနဲ့ တကာတကာမတို့ တည့်တဲ့အခါမှာ မျက်လုံးဝိညာဏ်ပေါ်တယ်... (မှန်ပါ့)။

ဒါ့ကြောင့် ဘုရားက "စက္ခုံ စ ပဋိစ္စ ရူပေစ ဥပပဇ္ဇတိ စက္ခု ဝိညာဏ" ဆိုပြီး ဒါကလေးပေါ်တယ်လို့ ဟောတယ်(မှန်ပါ့) သဘောကျပလား...(ကျေပါပြီဘုရား)။

ဒါဖြင့် မျက်လုံးအကြည်နဲ့ ဟိုကအဆင်းတခုခုနဲ့တည့်မှ မြင် ဝိညာဏ်ပေါ်တယ်....(မှန်ပါ့ဘုရား)။

ကောင်းပြီ ဒီလိုမတည့်လို့ရှိယင် ဘယ်နှယ်ဆိုကြမလဲ.... (မပေါ်ပါ) မတည့်လို့ရှိယင် ပေါ်ကို မပေါ်ဘူး.... (မှန်ပါ့) တည့်ယင် ပေါ်ပြန်တယ်....(မှန်ပါ့)။

ပေါ်ပြီးတော့လဲ ဒီနေရာမှာ ပေါ်ပြီးသကာလ ဒီနေရာမှာဘဲ သူ့ဘမှာ ပေါ်တယ်၊ ၂-မှာပျက်သွားတယ်... (မှန်ပါ့)ဒါဖြင့် ဒီ-ဝိညာဏ်မြဲရဲ့လား....(မမြဲပါဘုရား)။

ဒီအကြောင်းနှစ်ခုကြောင့် ပေါ်တာကိုး (မှန်ပါ့)အကြောင်း နှစ်ခု တခုခုချုပ်ယင် သူချုပ်ရမယ်...(မှန်ပါ့)ဒါဖြင့် ဒီဝိညာဏ် မြဲ-မမြဲ...(မမြဲပါဘုရား)။

တကာကြွယ် ဒါဖြင့် ဒီဝိညာဏ်မမြဲလို့ရှိယင် ဒီ့ပြင်ဝိညာဏ် တွေကော (မမြဲပါ) ဒီလိုအကြောင်းနှစ်ခုကြောင့် ပေါ်ကြမယ် (မှန်ပါ့)။

ဒါဖြင့် အကြောင်းနှစ်ခု ညီညွတ်ယင် ဝိညာဏ်ဖြစ်တယ်.... (မှန်ပါ့ဘုရား) အကြောင်းနှစ်ခု တခုခုချို့တဲ့ယင်.... (မဖြစ်ပါဘုရား)။

ဝိညာဏ် မဖြစ်ဘူးဆိုတော့ တကာတကာမတို့ ဒီကတည်းက အကဲခတ်လိုက် မြဲတဲ့တရားလား....၊ မမြဲတဲ့တရားလား....(မမြဲတဲ့

တရားပါ) မမြဲတဲ့တရားဆိုတာ မသေချာဘူးလား.... (သေချာပါတယ်ဘုရား)။

ဒါဖြင့် ဒီဝိညာဏ်က ဘယ်နှယ်လုပ်ပြီး ခင်ဗျားတို့ ဟိုဝမ်းခေါင်း, ဒီဝမ်းခေါင်း ပြောင်းသလဲ.... (မပြောင်းပါဘုရား)။

စက္ခုဝိညာဏ်ကလဲ မပြောင်းဘူး... (မှန်ပါ့)သောတဝိညာဏ်ကကော.... (မပြောင်းပါ) နှာခေါင်းထဲမှာဖြစ်တဲ့ ဝိညာဏ်ကကော.... (မပြောင်းပါ) လျှာပေါ်မှာပေါ်တဲ့ ဝိညာဏ်ကကော (မပြောင်းပါ) ကိုယ်ပေါ်မှာပေါ်တဲ့ဝိညာဏ်... (မပြောင်းပါ) မနောထဲမှာရှိတဲ့ဝိညာဏ်....(မပြောင်းပါ) ဒီနေရာပေါ်ပြီး ဒီနေရာ ပျောက်တာဘဲ.... (မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

အကြောင်းတိုက်ဆိုင်ယင် ပေါ်တယ်.. (မှန်ပါ့) အကြောင်းချို့တဲ့ယင်....(မပေါ်ပါ) မပေါ်ဘူး....၊ ပျက်စီးသွားတယ်.... (မှန်ပါ့)။

ဒါဖြင့် ပေါ်လိုက်ပျောက်လိုက်ဖြစ်တဲ့ ဓမ္မဆိုတော့ ဖြစ်တတ် ပျက်တတ်တဲ့ ဓမ္မ...(မှန်ပါ့)။

ဝိညာဏ်ခြောက်ပါးလုံး ဘယ်လိုယူကြမလဲ... (ဖြစ်တတ် ပျက်တတ်တဲ့ဓမ္မပါ) ဖြစ်တတ် ပျက်တတ်တဲ့ ဓမ္မဘဲဆိုတာ သေချာကြပလား....(သေချာပါပြီဘုရား)။

တခါစဉ်းစားဦး....၊ မျက်လုံးမှာပေါ်တဲ့ ဝိညာဏ်ဟာ နားထဲများ ပေါ်နိုင်သေးရဲ့လား....(မပေါ်နိုင်ပါ) ပြောင်းတောင် မပြောင်းနိုင်ပါဘူး.... (မှန်ပါ့) ဒီနေရာတွင်ပေါ် ဒီနေရာတွင် ပျက်တယ်....(မှန်ပါ့)။

နားထဲပေါ်တဲ့ ဝိညာဏ်ကလေးဟာ မျက်လုံးများ ပြောင်းနိုင်သေးရဲ့လား(မပြောင်းနိုင်ပါ) နို့မဟုတ်ယင် ကြားလဲကြား မြင်လဲမြင် ဖြစ်နေမှာပေါ့....(မှန်ပါ့) သဘောကျပလား.... (ကျေပါပြီဘုရား)။

အဲဒီတော့ တကာတကာမတွေ့စဉ်းစားကြည့်ပါတဲ့ ဝိညာဏ်ဟာ ဒီနေရာပေါ် ဒီနေရာမပျောက်ဘာဘဲ .. (မှန်ပါ့)မျက်လုံးရုပ်ပေါ်- ပေါ်တဲ့ဝိညာဏ်ဟာ.... (မျက်လုံးရုပ်ပေါ်မှာဘဲးပျောက်ပါတယ်ဘုရား)။

မျက်လုံးရုပ်ပေါ်မှာပေါ်တဲ့ ဝိညာဏ်ဟာ မျက်လုံးရုပ်ပေါ်မှာဘဲ ပျောက်တယ်...(မှန်ပါ့) နားရုပ်ပေါ်- ပေါ်တဲ့ကြားတဲ့ဝိညာဏ်ဟာ....(နားရုပ်ပေါ်မှာဘဲ ပျောက်ပါတယ်ဘုရား)။

ကဲ.... တကာတကာမတို့ ဘယ်များ ဝိညာဏ်ကလေးဟာ သွားတွယ်နေပါလိမ့်မတုံးလို့ မေးစရာ လိုသေးသလား.... (မလိုပါဘုရား)။

သြော်.... ဒါဖြင့် ဒီတရားကလေးဟာ အကြောင်းတိုက်ဆိုင်ယင် ဖြစ်တာဘဲ...(မှန်ပါ့)အကြောင်းချုပ်ယင်....(ချုပ်ပါတယ်ဘုရား)။

ဒါဖြင့် သူ့ဟာက သူ့သဘောရှိရဲ့လား....(မရှိပါ)သူများသဘောနဲ့ ဖြစ်ရတဲ့ဝိညာဏ်....(မှန်ပါ့) ဒီအကြောင်းနှစ်ခု တိုက်ဆိုင်လို့ဖြစ်တယ်....(မှန်ပါ့) မတိုက်ဆိုင်ယင် ချုပ်ပြန်တယ်.... (မှန်ပါ)။

သောတဝိညာဏ်ကလဲ အကြောင်းနှစ်ခုတိုက်ဆိုင်ယင်....(ဖြစ်ပါတယ်) ဒီက နားအကြည်ရုပ်ရယ် ဒီက အသံကလေးရယ် လေလှိုင်းက ယူဆောင်လာယင် ဟာ....ကြားတယ်ဆိုတာဖြစ်လာတာ.(မှန်ပါ့)။

ကြားတဲ့ဝိညာဏ်ဖြစ်ပါတယ်၊ ဒါကလေးဟာလဲ ဖြစ်ပေါ်တဲ့နေရာမှာ ဖြစ်ပြီးဒီနေရာမှာဘဲပျောက်ရတယ်(မှန်ပါ့)ရှေ့နိုင်သေးရဲ့လား....(မရှေ့နိုင်ပါဘုရား)။

နှာခေါင်း ဝိညာဏ်ကလဲ နှာခေါင်းအကြည်ရုပ်နဲ့ ဟိုက အနံ့နဲ့ပေါင်းမိမှ မွှေးတယ်, ကြိုင်တယ်ဆိုတဲ့ ဝိညာဏ်ကလေးဖြစ်တယ်..(မှန်ပါ့) သူ့လျာပေါ်မှာ သွားပေါ်နိုင်သေးရဲ့လား....(မပေါ်နိုင်ပါဘုရား)။

ဩ....ဒါဖြင့် ဒီနေရာဖြစ် ဒီနေရာပျက်ဘဲဆိုဘာ ပေါ်လာကြပြီ.... (ပေါ်လာပါပြီ) ဘဝပြောင်းသေးသလား .... (မပြောင်းပါဘုရား)။

ဝိညာဏ်ကလေးကို ဒါ အသက်ခေါ်နေကြတာဘဲ (မှန်ပါ့) ဒါကလေးဟာ ဟေ့....ဘဝပြောင်းသွားပြီလို့ ပြောင်းနိုင်သေးရဲ့လား....(မပြောင်းနိုင်ပါ) ဒီနေရာဖြစ် ဒီနေရာပျက်ဘဲ (မှန်ပါ့ဘုရား)။

ဦးမဒင်တို့ ရိပ်မိပြီ....(ရိပ်မိပါပြီ) ဦးသန်းမောင်တို့ ရိပ်မိပြီ (ရိပ်မိပါပြီ) ဦးဗန်းထွေးကော.... (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဒီနေရာဖြစ် ဒီနေရာပျက်ဘဲ၊ ဒါ့ကြောင့် နားထဲမှာဖြစ်တယ်....၊ နားထဲမှာဖြစ်ပျက် ရှုပေဟ့....(မှန်ပါ့) နှာခေါင်းထဲ

မှာ စိတ်ကလေးဖြစ်ယင်....(နှာခေါင်းထဲမှာ ဖြစ်ပျက်ရှုရပါမယ် ဘုရား) ဒီနေရာဖြစ်လို့ ဒီနေရာပျက်တာဘဲ.... (မှန်ပါ့)။

ဝမ်းထဲမှာ ကြံစိတ်ကလေး ဒီကနေပြီး မနောအကြည်နဲ့ ဟိုက ရန်ကုန်မှာရှိတဲ့ အာရုံတွေ့ သွားပြီးတွေးလိုက်တယ်(မှန်ပါ့) တွေးလိုက်တဲ့အခါသိတဲ့စိတ်ကလေး ပေါ်လာတယ် ဟိမှာဘယ် နေရာ ဘာထားခဲ့တယ်ဆိုတာ သိတဲ့စိတ်ကလေး မပေါ်ဘူးလား (ပေါ်ပါတယ်) ပေါ်ပြီး ဒီနေရာ ဝမ်းထဲမှာမပေါ်ပြီး ဝမ်းထဲမှာ ပျက်တာဘဲ .. (မှန်ပါ့) သူသာ မပျက်ဘူး ဒီအတိုင်းခံနေမယ် ဆိုလို့ရှိယင် ဒီ.ပြင်ဟာကို ကြံလို့မရတော့ဘူး.... (မှန်ပါ့)ရနိုင် စရာ ရှိသေးရဲ့လား....(မရှိပါဘုရား)။

ဒါဖြင့် ဒီဝိညာဏ်ခြောက်ပါးသည် တကာတကာမတို့ သူ့နေ ရာနဲ့ သူပေါ်၍ သူ့နေရာမှာ သူပျက်တယ်....(မှန်ပါ့)သူ့နေရာ သူပေါ်.... (သူ့နေရာ သူပျက်ပါတယ်) ဘယ်ကိုရွှေ့သလဲ.... (ဘယ်မှမမရွှေ့ပါ) ဘယ်မှမရွှေ့ဘူးဆိုတာ သေချာပလား.... (သေချာပါပြီဘုရား)။

ဒါဟာ ခင်ဗျားတို့ကို ဆောင်နေတဲ့အသက်ပါဘဲ၊ ဘယ်မှ မရွှေ့နိုင်ဘူး (မှန်ပါ့) ဒီနေရာ အနိစ္စရောက်တယ်ဆိုယင် ဒီနေ ရာဘဲ ပြီးသွားတာဘဲ... (မှန်ပါ့ဘုရား) သဘောပါပလား.... (ပါပါပြီဘုရား)။

ဒါဖြင့် အသက်ထွက်တယ်ဆိုတာလဲပြီ....(လဲပါတယ်ဘုရား) ဦးမှာဒင် အသက်ထွက်သေးသလား.(မထွက်ပါဘုရား) အသက် ကော ဟုတ်ပါရဲ့လား....(မဟုတ်ပါဘုရား) ဝိညာဏ်စိတ်ပါ....

(မှန်ပါဘုရား) စိတ်မရှိယင် သေတယ်ခေါ်တာကိုး.... (မှန်ပါဘုရား)။

ဒီစိတ်ကလေးဟာလဲ တကာတကာမတို့ ဒီနေရာဖြစ်ပြီး ဒီနေရာမှာ ချုပ်သွားတယ်၊ ဥပမာမယ် ဘုန်းကြီး ရှင်းပြစရာဘဲ တကာတကာမတို့.... (မှန်ပါ)။

လေကလေးထုတ်တဲ့စိတ်ကလေးဟာ ဝမ်းထဲမှာ ပေါ်ဟေ့ လေကလေးက ပြင်ဘက်ထွက်လာတယ်....(မှန်ပါ) အတွင်းဘက် ပြန်ပြီး ရှိုက်စိတ်ကဖလး မလာတော့ဘူး ဆိုလို့ရှိယင် သေပြီ.... (မှန်ပါ)။

အင်း... ဘာမလာလို့ သေတာပါလိမ့်.... (ရှိုက်စိတ်မလာလို့ သေတာပါဘုရား) ရှိုက်စိတ်မပေါ်လို့....(မှန်ပါ) သဘောကျပလား....(ကျေပါပြီ)။

အရှင်စိတ်ကလေးဟာ ထုတ်တဲ့စိတ်ကလေးဟာ ထုတ်ပြီး သူချုပ်သွားတာဘဲ... (မှန်ပါ) နောက်ရှိုက်တဲ့ဝိညာဏ် မလာတော့ တကယ်တကာမတို့ ဟေပြီ.. (မှန်ပါ) က .. ဝိညာဏ်ထွက်သေးသလား....(မထွက်ပါဘုရား)။

ဒါဖြင့် ဝိညာဏ်ကလေးဟာ ဟိုသွား-ဒီသွား လည်နေသေးသလား....(မလည်ပါဘုရား) ဒီနေရာမှာဖြစ်ပြီး ဒီနေရာမှာပျက် (မှန်ပါ) သဘောကျပလား....(ကျေပါပြီဘုရား)။

ဘယ်လိုမှတ်ကြမယ်.... (ဒီနေရာမှာဖြစ်ပြီး ဒီနေရာမှာပျက်ပါတယ်ဘုရား)။

အဲဒီတော့ ဒီနေရာမှာဖြစ် ဒီနေရာမှာ ပျက်တယ် ဆိုတော့ ဩော်....အနိစ္စတရားဘဲ....(မှန်ပါဘုရား) ဩော်....ဒုက္ခတရားဘဲ

(မှန်ပါ့ဘုရား) သြော်အနတ္တတရား,သြော်...ဒုက္ခသစ္စာတရား.... (မှန်လှပါဘုရား) ဒီလိုဆိုတော့ ဝိပဿနာဉာဏ်ကဝင်လို့ ရတယ်... (မှန်ပါ့ဘုရား)။

မဂ်ဉာဏ်ဝင်လို့ ရတယ်....(မှန်ပါ့ဘုရား) ဟိုပြေး-ဒီပြေးနိုင်တယ်လို့ ယူထားတော့ မဂ်ဉာဏ်ဝင်လို့ ရရဲ့လား.... (မရပါဘုရား)။

ဒါ့ကြောင့် သာတီ... မင်းသည်ကားလို့ဆိုယင်ဖြင့် ဝိညာဏ်ကလေး ဟိုရွှေ့-ဒီရွှေ့-ရွှေ့တယ်ဆိုတဲ့ဒီအယူကြောင့်မောဃပုရိသမဂ်ဉာဏ်,ဖိုလ်ဉာဏ်မှ အချည်းနှီးဖြစ်သွားပြီ....(မှန်ပါ့)။

မင်း-မဂ်ဉာဏ်,ဖိုလ်ဉာဏ်မရတော့ဘူးလို့ ဆုံးဖြတ်ချက်ချ.... (မှန်ပါ့) ဝိညာဏ်ကို သဿတယူလိုက်တဲ့အတွက်ဆိုတာ ရှုပ်မိကြပြီ....(မှန်ပါ့)။

ဒါဖြင့် တကာတကာမှတို့ အသက်ထွက်တယ်ဆိုတာ ဟုတ်သေးရဲ့လား....(မဟုတ်ပါဘုရား) ဘဝဖြောင်းတယ်ဆိုကာကော (မဟုတ်ပါဘုရား)ဖြောင်းကော ဖြောင်းလို့ရရဲ့လား....(မရပါဘုရား) မရပါဘူး၊ ဒီတွင် ချုပ်နေတဲ့ဥစ္စာကြီး ဦးမာဒင် ဘယ်သွားဖြောင်းမှာတုံး....(မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

အဲဒီတော့ နှုတ်တက်နေလို့ပြောနေတဲ့ စကားတွေဟာလဲ တချို့က ဒီအတိုင်းထင်ပါရဲ့လို့ဆိုတော့ သဿတဒိဋ္ဌဘက် တခါတည်း နောက်လူတွေ့ ဝင်သွားတယ်....(မှန်ပါ့)။

တကာကြွယ် သိပ်ကြောက်စရာကောင်းပါလား.... (ကောင်းပါတယ်ဘုရား) ဒါဖြင့် မဂ်ဖိုလ်တား-မတား....(တားပါတယ်)

ဘာဒိဋ္ဌမို့တားသတုံး.... (သဿတဒိဋ္ဌမို့ တားပါတယ်ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတွေ့ ဒီဒိဋ္ဌပြုတ်ပလား.... (ပြုတ်ပါပြီဘုရား) မျက်လုံးဝိညာဏ်ဟာလဲ ဘယ်မှာပေါ်သတုံး- ဘယ်မှာပျက်သတုံး(မျက်လုံးရုပ်ပေါ်မှာပေါ်ပြီး မျက်လုံးရုပ်ပေါ်မှာဘဲ ပျက်ပါတယ်ဘုရား)။

မနောဝိညာဏ်ဟာလဲ ဘယ်မှာပေါ်သတုံး- ဘယ်မှာ ပျက်သတုံး....(ဝမ်းထဲမှာပေါ်ပြီး ဝမ်းထဲမှာ ပျက်ပါတယ်ဘုရား) အဲ... ဝမ်းထဲမှာဘဲပေါ်ပြီး ဝမ်းထဲမှာဘဲပျက်တယ်.... (မှန်ပါ့) ဘယ်များ ရှေ့သေးသတုံး... (ဘယ်မှ မရှေ့ပါဘုရား) သဘော ကျပလား....(ကျပါပြီ)။

ဒါဖြင့် သူတို့သည် ဖြစ်ပျက်တရား.... (မှန်ပါ့) အနိစ္စဝတသခ်ါရတရား... (မှန်ပါ့ဘုရား) သေချာပလား... (သေချာပါပြီဘုရား)။

အဲဒါ့ကြောင့် ဒီဝိညာဏ်ပေါ်ရာကို ခင်ဗျားတို့ ဖြစ်ပျက်ရှုလိုက်ပါ....(မှန်ပါ့) ရှုလိုက်လို့ရှိယင် ဖြစ်ပျက်ရှုတာကမင်္ဂ.... (မှန်ပါ့ဘုရား) ဖြစ်ပျက် ရှုတာကမင်္ဂဆိုတော့ ကိုယ့်အသက်ကိုယ် မြင်တယ်ကွ....လို့ ဆရာဘုန်းကြီး ခဏခဏပြောတာ ဒါဘဲ... (မှန်ပါ့)။

တကာတကာမတို့ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)ဝိပဿနာရှုတာဆိုတာ ဘာကို အရှုခိုင်းတာပါလိမ့်(ကိုယ့်အသက်ကိုယ်ရှုခိုင်းတာပါဘုရား)။

အဲ...ကိုယ့်အသေကိုယ်ရှုလို့မြင်ပြီဆိုယင် သြော်.... ခဏခဏသေနေရပါကလားလို့ မုန်းတယ် ...(မှန်ပါ့)အသေဒုက္ခကြီးနဲ့ဖြင့် နေဘဲ မနေချင်တော့ပါဘူးလို့ ဆိုလို့ရှိယင်ဖြင့် ဝိညာဏ်တွေ ဆုတ်ခွာပြီး နိဗ္ဗာန်ပေါ်လာမှာဘဲ.... (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ကဲ....ယနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု...သာဓု....သာဓု

ကျေးဇူးတော်ရှင် အာဂုမဟာဝပဏ္ဍိတ
အမရပူရမြို့ မဂ်လာတိုက်ဟောင်း မိုးကုတ်ဆရာတော်ဘုရား
အမရပူရမဟာရုံဌာ ဟောကြားတော်မူအပ်သော
(ပဋ္ဌာန်းနည်း, ပဋ္ဌိစ္စသမုပ္ပါဒ်နည်း, သစ္စာနည်းတို့ဖြင့်
ဒုက္ခသစ္စာထင်အောင်ဟောပုံ)

နေ့အလုပ်ပေးတရားတော်

(၁၄ - ၁၀ - ၆၁)

ဒီဌိဆိုတဲ့ဥစ္စာက တကာကြွယ်တို့ မွတ်စရာက သူစဲ့ချင်တဲ့နေရာ စဲ့ပြီး ယူချင်တဲ့နေရာ ယူနေတာဘဲ .... (မှန်လှပါဘုရား) ခိုင်တယ်-မြဲတယ် အမျိုးမျိုးအဖုံဖုံယူချင်ယူပြီးသကာလနေတော့ ဒိဌိဆိုတဲ့တရားက သေသေချာချာမှတ်တော့ မဂ်ဉာဏ်-ဖိုလ်ဉာဏ်မှ ကန့်ကွက်တယ်(မှန်ပါ့)နတ်ရွာသုဂတိမကန့်ကွက်ပါဘူး(မှန်ပါ့)။

မဂ်ဉာဏ်-ဖိုလ်ဉာဏ်တော့ ဘာတုံး.... (ကန့်ကွက်ပါတယ် ဘုရား) နတ်ရွာသုဂတိကျတော့....(မကန့်ကွက်ပါဘုရား)။

ဩော် ဒါဖြင့် သူ့ဟာက အရေးမကြီးတဲ့နေရာကျတော့ သူတော်အောင်ဘဲ အကျိုးပေးခိုင်းတယ်.... (မှန်ပါ့) အရေးကြီးတဲ့နေရာကျတော့ ကန့်ကွက်တယ်(မှန်ပါ့ဘုရား) ဆိုတော့ ဘုန်းကြီးတို့ တကာတကာမတွေ့မှာ ဒီ့ပြင်ဟာထက် သူအရေးကြီးတော့တယ်ဆိုတဲ့ဥစ္စာ တကာကြွယ် ပေါ်လာတယ်....(ပေါ်လာပါတယ်ဘုရား)။

တဏှာခွါမှုနဲ့ ဒိဋ္ဌိခွါမှုသည် တကားတကာမတို့ ဒိဋ္ဌိရှေ့ထား, တဏှာ နေးကော်မှု ခွါပါ.. (မှန်ပါ့)။

တဏှာနဲ့ ဒိဋ္ဌိ ဘယ်ဟာ အရင်ခွါကြမယ်... (ဒိဋ္ဌိအရင်ခွါကြပါမယ်ဘုရား) ဒိဋ္ဌိအရင်ခွါရမယ်....(မှန်ပါ့)။

ဒိဋ္ဌိအရင် ခွါလိုက်တဲ့အခါကျလို့ ဌိယင်ဖြင့် ဒိဋ္ဌိက တကာ တကာမတို့ ဘယ်မှာကပ်နေသတုံးလို့ မေးလို့ ရှိယင်ဖြင့် ခန္ဓာပေါ်မှာ အထင်လဲ့, အမြင်လဲ့, အယူမှားအဖြစ်နဲ့ ကပ်နေပါတယ်. (မှန်ပါ့)။

အဲဒီတော့ အခုဟောရမှာက ဗဟာတဏှာသခ်ယသုတ် ဆိုတော့ သာတိရဟန်းကို အကြောင်းပြုပြီး ဘုရားက ဟောရတယ် (မှန်ပါ့)။

သာတိရဟန်းက ဘယ်လိုယူထားသတုံး... လို့ မေးတဲ့အခါကျလို့ ရှိယ်ငဖြင့် မြတ်စွာဘုရားဟာခင် ကိုယ်တော်မြတ် ကြီးဇာတ်ကြီးဆယ်ဘဲ့ဟောလိုက်တယ်....(မှန်ပါ့)။

သူဖြစ်ခဲ့ပုံတွေ့ ဇာတ်ကြီးဆယ်ဘဲ့ဟောလိုက်တဲ့အခါကျတော့ သူယူလိုက်တာက တရားနာရင်းမတွန့်ပဲ့ဖေါက်ပြီး သကာလ ခန္ဓာငါးပါးရှိသည့် အနက်က ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သခ်ါရက္ခန္ဓာ ဟာတော့ဖြင့် တဘဝ- တဘဝမှာ ချုပ်ပျောက်ပျက်စီးပြီး နေရစ်တယ်....(မှန်ပါ့)။

ဝိညာဏက္ခန္ဓာဆိုတဲ့ ဓမ္မကတော့ဖြင့် လူတယောက် ဒီဝမ်းထဲမှာ မကောင်းလို့ သူကနတ်ဝမ်းထဲ ပြောင်းလိုက်တယ်....(မှန်ပါ့ ဘုရား) ငြဟ္မာ့ဝမ်းထဲပြောင်းလိုက်... (မှန်ပါ့) ဆိုတော့ အားလုံး တကာတကာမဆိုတ့ သူက မသေဘူးပေါ့ဗျာ....(မှန်ပါ့ဘုရား)။

မသေတာကို ဒေသေချာချာ သူသည် ကားလို့ဆိုယင် ယူထားတော့ ဒါကြောင့် ဇာတ်ကြီးဆယ်ဘဲ့မှာ ဝိညာဏ် ပြောင်းတယ် ...(မှန်ပါ့ဘုရား)။

ဇာတ်ကြီး ဆယ်ဘဲ့မှာ... (ဝိညာဏ် ပြောင်းပါတယ်ဘုရား) ဝိညာဏ်ပြောင်းတယ်လို့ ဣကဲ့သို့ ယူလိုက်တဲ့အတွက် ဝိညာဏ် မသေဘူး....တဲ့....(မှန်ပါ့ဘုရား)။

တကာတကာမတို့ ဘယ်လို မှတ်မလဲတဲ့(ဝိညာဏ်မသေပါတဲ့ဘုရား)ဝိညာဏ်မသေဘူးလို့....သာတိယူတယ်လို့ မှတ်လိုက်တာပေါ့....(မှန်ပါ့ဘုရား)။

သြော်....ဒါဖြင့် တကာတကာမတို့ ဘုရားကလဲ ဟောထားတာက ဝိညာဏ် အနိစ္စ... (မှန်ပါ့) ဝိညာဏ် ဘယ်ဝိညာဏ်မဆို အနိစ္စ... အနိစ္စဘဲကွ....(မှန်ပါ့ဘုရား)။

ဒီနေရာဖြစ်ယင် ဒီနေရာဘဲ ပျောက်ပြီး တခြားနေရာမပြောင်းနိုင်ဘူးလို့ ဟောထားတယ်(မှန်ပါ့)သူကတော့ဖြင့် ဘယ်တော့မှ မသေဘူး ဝိညာဏ်ဟာ ဒီအထည် မကောင်းလို့ ဟိုအထည် ပြောင်းဝတ်သလို....(မှန်လှပါ) တကာတကာမတို့ သိတဲ့အတိုင်းတဲ့ ဒီဝိညာဏ်ကလေးဟာက ဒီခန္ဓာကိုယ်ကြီးက နေလို့ထိုင်လို့ မကောင်းတော့ဘူးဆိုယင် ဒီဝိညာဏ်ဆိုတဲ့ အသက်ကလေးဟာက တပါးသော နတ်ပြည်ပြောင်းလိုက် ငြဟ္မာ့ပြည်ပြောင်းလိုက် တိရစ္ဆာန်ဘုံပြောင်းလိုက် တကာကြွယ်-အမျိုးမျိုးပြောင်းတယ်လို့ သူယူထားတယ်... (မှန်ပါ့ဘုရား)။

အဲဒီတော့ အားလုံး တကာတကာမတွေက ဆုံးဖြတ်ချက်ချတာပေါ့ ဝိညာဏ်အပေါ်မှာသူဘာဒီဋ္ဌိယူထားသလဲ....(သဿတဒီဋ္ဌိယူထားပါတယ်ဘုရား)။

ဘုရားက ဝိညာဏ် အနိစ္စလို့ ဟောတယ်....(မှန်ပါ့) စက္ခု၊ ဝိညာဏ်-အနိစ္စ-သောတ-ဝိညာဏ်-အနိစ္စ (လ) မနောဝိညာဏ်-အနိစ္စလို့ ဘုရားက အနိစ္စ တရားတွေလို့ ဟောတယ်.... (မှန်ပါ့ဘုရား)။

သူက အနိစ္စမဟုတ်ဘူး နိစ္စလို့ ယူပစ်လိုက်တဲ့အတွက်သဿတဒိဋ္ဌိဖြစ်သွားတယ်....(မှန်ပါ့ဘုရား) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့်အားလုံး တကာတကာမတွေ ကျုပ်တို့ဖြင့် ဒီအယူဖျောက်ကြမှာဘဲ.... (မှန်ပါ့ဘုရား)။

ဒီအယူဘာလုပ်ကြရမယ် ... (ဖျောက်ရပါ့မယ်ဘုရား) ဖျောက်ရမယ်ဆိုတာ သဇ္ဈာဝပါပသားး (ပါပါပြီဘုရား)။

ဒီအယူ မဖျောက်လို့ ရှိယင်ဖြင့် တကာတကာ့ တို့သည် သဿတဒိဋ္ဌိခံနေတဲ့အတွက် မဂ်ဉာဏ်-ဖိုလ်ဉာဏ်-နိဗ္ဗာန်ကို မရနိုင်ဘူး (မှန်ပါ့ဘုရား)။

မဂ်ဉာဏ်-ဖိုလ်ဉာဏ်-နိဗ္ဗာန်ကို.... (မရနိုင်ပါဘုရား) မရနိုင်ဘူးဆိုတာ သေသေချာချာ ဆုံးဖြတ်ချက် ချတော့မှ သြော်.... ဒီအရေးဟာ ဆရာဘုန်းကြီးပြောမည့် အဖရေးသည် ဒို့ဝိညာဏ်နားလည်အောင် လုပ်ထားဘို့အရေးဟာလဲ ဒို့-ဒိဋ္ဌိခွာတဲ့အရေးပါလား(မှန်ပါ့ဘုရား) ဆိုတော့ ဝိညာဏ်ကို ယနေ့ရှင်းပြမယ်.... (မှန်ပါ့ဘုရား)။

ဝိညာဏ်ရှင်းပြတော့မယ်ဆိုတော့ ဝိညာဏ်သည် ဦးမာဒင်တို့ ဦးသန်းမောင်တို့ ခြောက်မျိုးရှိတယ်.... (မှန်ပါ့) မျက်လုံးထဲမှာ

အဆင်းတွေ့မြင်တာလဲ ဝိညာဏ်ဘဲ... (မှန်ပါ့) နားထဲမှာ ကြား တာလဲ....(ဝိညာဏ်ပါဘုရား) နှာခေါင်းထဲမှာ ရှူတာ,ရှိုက်တာ လဲ....(ဝိညာဏ်ပါဘုရား)။

လျှာပေါ်မှာစားတာကော....(ဝိညာဏ်ပါဘုရား)ကိုယ်ပေါ် မှာယားတာ ကောင်းတာကော.... (ဝိညာဏ်ပါဘုရား) ကာယ ဝိညာဏ်ပေါ့ဗျာ...(မှန်ပါ့ဘုရား)။

ဝမ်းထဲမှာခင်ဗျား ကြံ့-တွေးဆနေတဲ့ စိတ်ကလေးတွေ ဟာ ကော....(ဝိညာဏ်ပါဘုရား) မနော ဝိညာဏ်.... (မှန်ပါ့ဘုရား)။

တကာတကာမတို့ ဝိညာဏ် ဘယ်နှစ်မျိုး ရှိပါလိမ့် .... (ခြောက်မျိုးရှိပါတယ်ဘုရား)။

အဲဒီ - ဝိညာဏ်တွေကို ဘုန်းကြီးတို့ တကာတကာမ တွေက သြော်....ဝိညာဏ်တော့ ခြောက်မျိုးရှိပြီ ဘယ်လိုဖြစ်၍ ဘယ်လို ပျက်ပါလိမ့်မလဲဆိုတာလဲ သိဘို့ အရေးလိုသေးတယ်.... (မှန်ပါ့ ဘုရား)။

သိဘို့အရေးလိုသေးတော့ ဒီဝိညာဏ်ကိုဘုန်းကြီးတို့ တကာ တကာမတွေက သြော်....ဝိညာဏ်ဟာ မဋ္ဌေ.ဘူးဆိုတာကို သိဘို့ အရေးကြီးတယ်...(မှန်ပါ့ဘုရား)။

ဝိညာဏ်မဋ္ဌေ.ဘူးဆိုတာ သိလိုက်ဘော့ သြော်....ဝိညာဏ် ဟာသူဖြစ်တဲ့နေရာမှာ သူပျက်တယ်၊ တခြားမဋ္ဌေ.နိုင်ဘူး ဆို သဖြင့် သဿတဒိဋ္ဌိ လွတ်သွားတယ်.... (မှန်ပါ့ဘုရား)။

ခိုင်မြဲတယ်ဆိုတဲ့ သဿတဒိဋ္ဌိက.... (လွတ်သွားပါမယ်ဘုရား) လွတ်သွားမယ်ဆိုတော့အင်မတန်အဘိုးတန်တဲ့မဂ်ဉာဏ်-ဖိုလ်ဉာဏ်

ပို့တ်ဆီးနေတဲ့ ဒီဌိအမိုက်အမဲကြီးကို ငါတို့ယနေ့ဆုံရှင်းလိုက်ရလို့ ရှိယင်ဖြင့် သူ့ရှင်းပြီးမှ ဝိပဿနာရှုယင်ဖြင့် ဒီဌိ အကာအကွယ် တွေပျင့်သွားပြီး နိဗ္ဗာန်တည်းဟူသော ချမ်းသာရာ အေးချမ်းဆာ မသေရာကို ငါတို့မြင်ရတော့မယ်လို့ ဆိုပြီး စိတ်ထဲ ဝမ်းမြောက်ကြ .. (မှန်ပါ့ဘုရား)။

မအို-မသေ အမြဲနေတဲ့နိဗ္ဗာန်ကြီးကို ဒီဌိတည်းဟူသောအမိုက်အမဲမှောင်ကြီးက တကာသစ် ဖုံးအုပ် နေတယ်.... (မှန်လှပါဘုရား)။

အဲဒါဉာဏ်မျက်စိက မထိုးဖေါက်နိုင်ဘူးဆိုတဲ့ ဥစ္စာ မှတ်ရမယ် (မှန်ပါ့ဘုရား)။

ဒါ့ကြောင့် ခင်ဗျားတို့ ဘယ်မှာဘဲ အားထုတ်-အားထုတ် တရားအားထုတ်ကြလို့ ကိုယ့်အရေး ကိုယ့်ကိုယ် ကယ်တင်တဲ့ အလုပ်ကို ကိုယ့်ဝိပဿနာအလုပ် ကိုယ်လုပ်ကြတော့မယ် ဆိုလို့ ရှိယင်ဖြင့် ခင်ဗျားတို့ဆရာသမားမှိဝဲလဲမှာ အင်မတန်စိုးရိမ်ရတယ် (စိုးရိမ်ရပါတယ်ဘုရား)။

ဆရာသမားမှိဝဲလဲမှာကို အင်မတန်စိုးရိမ်ရတယ်လို့ ဘယ့်နှယ်ကြောင့် ထုတ်ဖေါ်ပြောရပါလိမ့်မလဲလို့ ဦးပဓဆွေးတို့ မေးလိမ့်မယ်နော်....(မှန်ပါ့ဘုရား)။

ဦးသန်းမောင်တို့က မေးတဲ့အခါကျတော့ ဒီဌိမခွါဘဲနဲ့ မင့်ခန္ဓာထဲကဲ့သာ ဝေဒနာကလေးတွေရှိသားဘဲ၊ ဝေဒနာရှုကွ၊ စိတ်ကလေးတွေအရှိသားနဲ့ စိတ်တွေရှုကွ၊ ရုပ်တွေရှုကွ၊ ဦးမာဒင်ဒီလို ခိုင်းရုံနဲ့ ဒီလိုဉာတပရိညာ-သိမှုနဲ့ ဆရာက ရှင်းမပေးဘဲနဲ့ ရှုခဲ့

သော်...တဲ့ ဘယ်လောက်ပင်ရှုရှု ကုသိုလ်သာရ၍ နိဗ္ဗာန်မရဘူး (မှန်ပါ့ဘုရား)။

ကုသိုလ်တော့....(ရပါတယ်ဘုရား) နိဗ္ဗာန်ကျတော့.... (မရပါဘုရား) သြော်....ဒါဖြင့် ဒီအရေးသည် တကာတကာမတို့ ဝိပဿနာမလုပ်မီ ရှင်းလင်းရမည့်(၁) နံပါတ် အရေးပါကလား ဆိုတာ တကာကြွယ်-ပေါ်လာတယ် .... (ပေါ်လာ ပါတယ် ဘုရား)။

ဒါအလုပ်စဉ်မှာဖြင့် အားလုံးသော တကာတကာမတွေ့မှတ် စမ်းပါ သူ့ရှင်းပြီးမှ အားထုတ်ရမယ်....(မှန်ပါ့ဘုရား) သူ့မရှင်း ဘဲနဲ့ အားထုတ်လို့ ရှိယင် သူကတခါတည်း နိဗ္ဗာန် မင်္ဂိုလ်လာ တားတာဘဲ.... (တားပါတယ်ဘုရား) သဘော ပါကြပလား.... (ပါ-ပါပြီ)။

ဒါ ဒီ-ဒီဌဲလောက် ကျုပ်တို့ ခင်ဗျားတို့မှာ မင်္ဂလာ-ဖိုလ် ညာဏ် ကန့်ကွက်တာဖြင့် မရှိမတော့ဘူးလို့ ဆိုးဖြတ်ချက်ချပါ.... (မှန်ပါ့ဘုရား)။

ကဲ...ဒါဖြင့် တရားအားထုတ်တော့မယ်ဆို တကာတကာမ တို့ အရင်ဘဲ ရှုမှု ရှိက်မှုလုပ်မလား၊ဒီဌဲခွါမှုကို အရင်လုပ်မလား လို့ မေးယင် ဘယ်နှယ်ဖြေကြမလဲ....(ဒီဌဲခွါမှု အရင်လုပ်ရမှာပါ ဘုရား)။

ဒီ့ပြင်ဟာ နောက်မှလုပ်ပါ....(မှန်ပါ့) အလုပ်စဉ်မတည့်လို့ ပြောရပါတယ်....(မှန်ပါ့) အလုပ်စဉ်မတည့်လို့ ပြောရပါတယ် လို့ ဦးလှဘူး သေသေချာချာမှတ်ပါ....(မှန်ပါ့)။

ဒါဖြင့် ဒိဋ္ဌိကိုအရင်ခွါမှသည် တကာတကာမတို့ ၁-နံပါတ် အရေးကြီးတဲ့အတွက် ဒိဋ္ဌိက ဘယ်အပေါ်မှာ စုံနေသတုံးလို့ မေးတဲ့အခါကျတော့ ခန္ဓာပေါ်မှာစုံတယ်....(မှန်ပါ့)။

ဒီနေ့ဟောရမည့်တရားက ခန္ဓာငါးပါးအပေါ်မှာ သာတိဆိုတဲ့ တံငါသည်ရဲ့သား သာတိကမစုံပါဘူး....(မှန်ပါ့)ဝိညာဏ်အပေါ်မှာ သွားစုံနေတယ်....(မှန်ပါ့)။

ဝိညာဏ်အပေါ်မှာစုံနေတော့ တကာတကာမတို့ ဝိညာဏ်မပြောင်းတာကို ကျုပ်တို့က သိဘို့အရေးကြီးတယ်.... (မှန်ပါ့) သူက ယူထားတာက ဦးမာဒင် ဝိညာဏ်ပြောင်းတယ်တဲ့(မှန်ပါ့) ဒီဝမ်းခါင်း မကောင်းလို့ ဟိုဝမ်းခါင်းပြောင်းတယ်(မှန်ပါ့) ဘာဒိဋ္ဌိတုံး...(သဿတဒိဋ္ဌိပါဘုရား)။

သဿတဒိဋ္ဌိဆိုတော့ ကဲ....ဒါဖြင့် ဝိညာဏ်ဆိုတာလဲ ထူးထူးလည်သည် တကာတကာမတွေက တခြားမွတ်မနေပါနဲ့ ခင်ဗျားတို့ဝိုင်းလို့မှတ်လိုက် .. (မှန်ပါ့)။

ဝိညာဏ်မသိမှာစိုးတော့ ဘယ့်နှယ်မှတ်ကြမယ်.... (စိတ်ပါဘုရား) စိတ်ဝိညာဏ်လို့ မှတ်လိုက်ပါ....(မှန်ပါ့) ဘယ်လိုမှတ်ကြမယ်....(စိတ်ဝိညာဏ်ပါဘုရား)။

နေရာကျပြီ၊ နေရာကျပြီ၊ သြော်... ဒီစိတ်ကလေးကို ဝိညာဏ်ယူထားတာကိုး၊စာလိုသုံးတော့ ဝိညာဏ်-(မှန်ပါ့) မြန်မာလိုသုံးတော့ စိတ်ကလေးပါလားဆိုဘာ မှတ်ထားတော့ ဦးသန်းမောင်တို့ ရှင်းသွားပြီ....(ရှင်းပါပြီဘုရား)။

ဒါဖြင့် စိတ်ဘယ်နှစ်မျိုးရှိသတုံးလို့ မေးလို့ရှိယင်ဖြင့် မြင်စိတ်ဘုရာ့....(မှန်ပါ့) ဒါလဲ မြင်စိတ်ဟာ ဝိညာဏ်ဘဲ....(မှန်ပါ့)

ကြားစိတ်... (ဝိညာဏ်ပါ) နံစိတ်.... (ဝိညာဏ်ပါ) စားစိတ်.... (ဝိညာဏ်ပါ) ယားစိတ်,ကောင်းစိတ်... (ဝိညာဏ်ပါ) ကောင်းတဲ့စိတ်တွေလဲ ဝိညာဏ်တွေဘဲ....(မှန်ပါ!) ကြံစိတ်,စည်စိတ်,တွေးစိတ်....(ဝိညာဏ်ပါ) သြော်... ဒါကြောင့် ဝိညာဏခေါတ်ခြောက်ပါ... (မှန်ပါ!) ပေါကြပလား.... (ပေါပါပြီဘုရား)။

ဝိညာဏခေါတ်....(ခြောက်ပါးပါ) အေး.... ဝိညာဏခေါတ်ခြောက်ပါးကို ဟောရတော့မယ်ဆိုတာ မှတ်ကြပေတော့(မှန်ပါဘုရား)။

ကိုင်း.... ဒါဖြင့် မျက်လုံးဝိညာဏ် ပြောကြပါစို့....(မှန်ပါ!) မျက်လုံးဝိညာဏ်ဆိုတော့ ဘယ်လောက်ကာလမတို့ မျက်လုံးစိတ်ကလေး ဟာ မျက်ခွံကလေးအုပ်ပြီးသကာလ ထားလိုက်တဲ့ အခါကျတော့ တကာသစ် ဘာမြင်တယ်လို့ ရှိသေးသလဲ .... (မရှိပါဘုရား)။

မျက်ခွံကလေးဖွင့်လိုက်တော့.... (မြင်ပါတယ်) မျက်ခွံဖွင့်တော့ သူ့ရှေ့မှာ တခုခုရှိလိမ့်မယ်....(မှန်ပါ!) မရှိပေဘူးလား.... (ရှိပါတယ်) သူရှေ့က အိုး,ခွက်,တိုက်တာ,ကား တခုခုရှိပါတယ်... (မှန်ပါ!)။

အဲဒါနဲ့ ဖွင့်လိုက်တဲ့ အခါကျတော့ ဟိုမှာ ကားရှိယင်လဲ ကားနဲ့သွားတည့်မယ်.... (မှန်ပါ!) မျက်လုံးရုပ်နဲ့ ကားနဲ့သွားတည့်တယ်... (မှန်ပါ!) သွားတည့်တဲ့အခါကျလို့ရှိယင်ဖြင့်တဲ့ မြင်စိတ်ကလေးပေါ်တယ်...(မှန်ပါ!)။

ဒါက မြင်စိတ်ကလေး....(မှန်ပါ!) ဒါက တကာတကာမတွေ့ မျက်ခွံကို ဖွင့်လိုက်တဲ့မျက်လုံး.... (မှန်ပါ!) မျက်လုံးကနေပြီး

ဟိုဘက်ကားရှိတာနဲ့ ကားဘက်ကို တည့်လိုက်တယ်.... (မှန်ပါ့) ဒီမျက်လုံးကလေးဖွင့်ပြီး ကဲားဘက်တည့်လိုက်တယ်.... (မှန်ပါ့) တည့်လိုက်တော့ မြင်တယ်ဆိုတဲ့စိတ်ကလေးဟာ ပေါ်လာတယ် (ပေါ်လာပါတယ်) သဘောကျပလား.... (ကျပါပြီ) မြင်တယ်ဆိုတဲ့စိတ်ကလေးဟာ... (ပေါ်လာပါတယ်ဘုရား)။

ကောင်းပြီ ဒါဖြင့် ဒါမြင်စိတ်ကလေးပေါ်ပုံကို ပြောပါတယ် တကာတကာမတို့ .. (မှန်ပါ့)ဦးမာဒင်တို့ ရိပ်မိပြီ .. (ရိပ်မိပါပြီဘုရား)။

အားလုံး တကာတကာမတွေ မြင်စိတ်ကလေးဟာ မျက်လုံးလဲဖွင့်လိုက်ပါရော ဟိုဘက်က ကားကလဲရှိနေတော့ မျက်လုံးနဲ့ ကားနဲ့ တည့်တဲ့အခါကျလို့ရှိယင် မြင်စိတ်ကလေးဆိုတဲ့ ဝိညာဏ်ဟာ မပေါ်လာဘူးလား.... (ပေါ်လာပါတယ်) အဲဒါ စက္ခုဝိညာဏ်လို့ စာလိုသုံးပါတာယ်....(မှန်ပါ့)။

တကာတကာမတွေ သုံးတဲ့အခါကျလို့ရှိယင်ဖြင့် မြင်စိတ်လို့ဘဲ သုံးပါတော့.... (မှန်ပါ့ဘုရား) ရှင်းပြီနော်... (ရှင်းပါပြီဘုရား)။

ကောင်းပြီ ဒီမြင်စိတ်ကလေးကို တကာတကာမတို့ ဘယ်သူလုပ်လို့လို့ ပေါ်လာပါလိမ့်မတုံးလို့ မေးဘို့မလိုဘူးလား(လိုပါတယ်) နဂိုရင်က မျက်လုံးကို မျက်ခွံကလေးအုပ်ထားတုန်းက ဘာမှမမပေါ်ဘူး.... (မှန်ပါ့) မြင်စိတ်မရှိပါဘူး.... (မရှိပါ)ရှိရဲ့လား....(မရှိပါ) မျက်ခွံကလေးအုပ်ထားတုန်းကလေ .... (မရှိပါဘုရား)။

မရှိပါဘူးတဲ့၊ မရှိတော့ မျက်ခွံကလေးလဲ ဖွင့်လိုက်ပါဆော ဟိုဘက်မှာရှိတဲ့ ကားနဲ့,,သားနဲ့,သမီးနဲ့,, လာပြီးတည့်တယ်.... (တည့်ပါတယ်) တည့်တဲ့အခါကျတော့မှ နောက်မှပေါ်တယ်လို့ မြင်စိတ်ကလေး မှတ်လိုက်ပါ....(မှန်ပါ့)။

ဒါဖြင့် တကာတကာမတို့ မျက်လုံးရှိတာက ရှေးကျတယ်.... (မှန်ပါ့) ဟိုက ကားရှိတာကလဲ ရှေးကျတယ်.... (မှန်ပါ့) မြင်စိတ်ပေါ်လာတာက နောက်ကျတယ်....(မှန်ပါ့)ဆိုတော့ ဒါက တကာတကာမတို့ မျက်လုံးရှိတာက ရှေးကျတယ်.... (မှန်ပါ့) ကားရှိတာက....(ရှေးကျပါတယ်) မြင်စိတ်ပေါ်တာက(နောက်ကျပါ့တယ်ဘုရား)။

နောက်ကျတယ်....၊မျက်လုံးရုပ်ထဲမှာလာပေါ်တယ် (မှန်ပါ့) မျက်လုံးရုပ်ထဲမှာ လာပေါ်တယ်ဆိုတော့ ဒါ ခန္ဓာပေါ်မှာ ဒီ-အာတိုင်းလို့ မှတ်လိုက်ပါ... (မှန်ပါ့)မျက်လုံးခန္ဓာထဲမှာ ဒီအတိုင်းဘဲလို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့)။

အဲဒီတော့ တကာတကာမတို့ ည-ညကျတော့ ရွှတ်ကြတယ် ပုရေဇာတ ပစ္စယော....တဲ့....(မှန်ပါ့) ဦးမာဒင်တို့ တခါ- တခါ ရွှတ်ပါလိမ့်မယ်.... (ရွှတ်ပါတယ်) တကာကြွယ်ကော မရွှတ်ဘူးလား...(ရွှတ်ပါတယ်ဘုရား)။

ရွှတ်ပြစမ်းပါဦး ဘာတဲ့တုံး .... (ပုရေဇာတပစ္စယောပါ) ပုရေဇာတ ပစ္စယောဆိုပြီးသကာလ ရှေးကျကျလူတွေ အကုန်ဘဲ ရွှတ်ကြတယ်.... (မှန်ပါ့) ညများရွှတ်ကြဟေ့.... အန္တိရာယ်ကင်းတယ်ဟ့....၊ သူခိုး,ဓါးပြမှကာကွယ်တယ်ကွ....(မှန်ပါ့)'ပုရေဇာတ ပစ္စယော'ရွှတ်ကြတယ်....(မှန်ပါ့ဘုရား)။

ဟောတုပစ္စယော ကစပြီး ရှုတ်လိုက်တာ နှစ်ဆဲ့ လေးပစ္စည်း စည်းချအိပ်၊ သူခိုးဓါးပြမဝင်နိုင်ဘူးကွ....(မှန်ပါ့)။

တကာကြွယ်တို့ ဘုရားစည်းချတာ ယုံရဲ့လား...(ယုံပါတယ် ဘုရား) နိုင်ငံခြားသားတွေက အိန္ဒိယမှာကျတော့ ဘုရားတွေ စည်းရိုးတိုင်တွေ စိုက်တဲ့အခါကျတော့ ခင်ဗျားတို့က အို....မိုက်လိုက်တာ...(မှန်ပါ့) ပြောကြလိမ့်မယ် ဦးသန်းဓမာင်တို့ အိန္ဒိယ ရောက်တော့...(မှန်ပါ့)။

ဘုရားရှပ်တွေ ဟိုဒေါင့်စိုက်-ဒီဒေါင့်စိုက် စည်းတိုင်တွေ စိုက်တဲ့ အခါကျတော့ ဦးမာဒင်တို့က တယ်မိုက်တဲ့ လူတွေကိုး....(မှန်ပါ့) ဘာမှ မသိချာဘူး မိစ္ဆာဒိဋ္ဌိတွေ....(မှန်ပါ့)ကိုယ်စည်းချတာတော့ မရိပ်မိဘူး....(မရိပ်မိပါဘုရား)။

အရှင်ဘုရား-ဟေတုပစ္စယောဆိုတဲ့ ဓမ္မက ဟိုဒေါင့်ကစောင့်၊ တနင်္္ဂနွေဒေါင့်က စောင့်ပါ.... (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

အာရမ္မဏပစ္စယောဆိုတဲ့ဓမ္မက တနင်းလာဒေါင့်ကစောင့်ပါ (မှန်ပါ့) ခင်ဗျားတို့ ဘာလုပ်ကြတာတုံး.... (စည်းချတာပါဘုရား) တရားကိုစည်းချတယ်....(မှန်လှပါဘုရား)။

ဟိုက မသိတဲ့လူတွေက ဘာစည်းချသလဲ.... (ဘုရားစည်းချပါတယ်) ခင်ဗျားတို့ကတော့ ....(တရားစည်းချပါတယ်) ကဲ... တကာကြွယ် ဒါလောက်ဆိုးနေတာ.... (ဆိုးပါတယ်) ဘယ်ကမျှား လုပ်ထားတယ်လို့ မပြောတတ်ပါဘူး၊ သုံးပတ်လောက် ပြည့်ယင် ဘဝလူးမဝင်ဘူး ပြောတာပါဘဲ....၊ အတော်ဆိုးနေတယ်....(မှန်ပါ့)။

အဲဒီတော့ ခင်ဗျားတို့ကိုယ်တိုင် စဉ် စားကြည့် တရားဟာကိုး ကွယ်ရာလား.... အစောင့်ခိုင်းရမှာလား.... (ကိုးကွယ်ရာရမှာပါ ဘုရား)။

သြော်.... ကိုးကွယ်ရမှာ ခင်ဗျားတို့ကများ သြဇာအာဏာ ရှင်လုပ်ပြီး ကယ်တော်မူပါ, မ တော်ပါ, စောင့်ပေးပါဆိုတဲ့ အဓိပ္ပါယ်ဟာလဲ ဒီပရမတ်မျက်လုံး သေသေချာချာ တပ်ပြီး သား ပုဂ္ဂိုလ်များကျတော့လဲ ဒါ အတော်ဆိုးတဲ့အလုပ်ဘဲဆိုတာ ပေါ်လာတယ်....(မှန်ပါ့) လောကီသမားတွေက ထွင်ထားတယ် လို့ မှတ်လိုက်စမ်းပါ... (မှန်ပါ့)။

ဘယ်လိုမှတ်ကြမယ်.... (လောကီသမားတွေက ထွင်ထားတာ ပါဘုရား)အဲဒီတော့ ခင်ဗျားတို့က ဒီဥစ္စာကို လောကီသမားထွင် ထားတာ သူတို့ကတော့ဖြင့်တဲ့ လောကီသမားလို့ ပြောနေ တယ်....(မှန်ပါ့)။

ခင်ဗျားတို့က ဒီဥစ္စာ လုံတယ်လို့ ယူလိုက်ပြန်တော့ ခင်ဗျား တို့လဲ ဘာသမားဖြစ်သွားသလဲ.... (လောကီသမားဖြစ်သွားပါ တယ်) ရောသွားပါတယ်.... (မှန်ပါ့ဘုရား)။

ရောသွားကတည်းကိုက ကိုယ်သည်ကားလို့ ဆိုယင် သူ့မှာရှိ တဲ့ အညစ်အကြေးလဲ ကိုယ့်မှာလူးတယ်....(မှန်ပါ့)မလူးသေးဘူး လား....(လူးပါတယ်ဘုရား)။

အဲဒီလိုဖြစ်သွားကြတယ်၊ စင်စစ်ကတော့ ယခုသေသေချာ ချာပြောပါတော့မယ် တကာတကာမတို့ နားထောင်ပါနော်.... (မှန်ပါ့ဘုရား)။

ပုရေ-ဆိုတာ ရှေး...(မှန်ပါ့) ပစ္ဆာ-ဆိုတာနောက်....(မှန်ပါ့ ဘုရား)။

ပုရေ-ဆိုတာက... (ရှေးပါ) ပစ္ဆာ-ဆိုတာက... (နောက်ပါ ဘုရား)။

အဲဒီတော့ဘုရားက ပုရေဇာတပစ္စဲယော ကွာတဲ့.... (မှန်ပါ့) ဒီကားရှိနှင့် တာကလဲတဲ့ မြင်တဲ့မျက်လုံးထက် ရှေးကျတယ်.... (ကျပါတယ်ဘုရား)။

ဒီမျက်လုံးရုပ်မျက်စိထဲမှာ ရှိနေတာကလဲ ဒီမြင်တဲ့ စိတ်ဖြစ် ပေါ်မည့်တရားထက် ရှေးကျတယ်... (မှန်ပါ့ဘုရား)။

ဒါကော...(ရှေးကျပါတယ်) ရှေးဆိုသာ အရင်ကျတယ်.... (မှန်ပါ့) ဒီဘက်ကကော...(အရှင်ကျပါတယ်) မျက်လုံးရုပ်က လဲ အရင်ကျတယ်.... (မှန်ပါ့) ဒီကား ရှိနှင့်တာကကော... (အရင်ကျပါတယ်ဘုရား)။

အဲဒါက ပုရေဇာတ(မှန်ပါ့) သဘောကျပလား..(ကျွဲငှားပါပြီဘုရား) ပုရေ-က ရှေး ဇာတ-က ဖြစ်ပါတယ် (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

အင်း.... ပုရေဇာတ ဒီရှေးနှစ်ခုပေါင်းပြီးသကာလ နောက် တခုကို ဖြစ်စေတယ်....(မှန်ပါ့) ရှေးနှစ်ခုပေါင်းပြီး.... (နောက် တခုကို ဖြစ်စေပါတယ်ဘုရား) ဒါဖြင့် ပုရေဇာတပစ္စယော သဘောကျပလား...(ကျပါပြီ)။

ဦးမာဒင်တို့ ပဋ္ဌာန်းပါထည့်ဟောရမယ်၊ မဟောယင် ဖြစ်ကို့ မဖြစ်ဘူး....(မှန်ပါ့) မဟောယုင် တကာကြွယ် ဖြစ်ကို မဖြစ် တော့ဘူး....(မဖြစ်ပါဘုရား)!!

ကဲ....ဒါဖြင့် ပုရေဇာတ·က ဒီနှစ်ခု ... (မှန်ပါ့) ပုရေဇာတ နှစ်ခုကနေပြီး ကျေးဇူးပြုလိုက်လို့....တဲ့ ဟောဒီမှာ မြင်စိတ် ကလေးပေါ်ပါတယ် .. (ပေါ်ပါတယ်ဘုရား)။

ရှေးကျတဲ့နှစ်ခုက ကျေးဇူးပြုလိုက်တာနဲ့....(မြင်စိတ်ပေါ်ပါ တယ်ဘုရား) ဒါဖြင့် မြင်စိတ်ကလေးက နောက်ကျတယ်.... (နောက်ကျပါတယ်ဘုရား)။

မြင်စိတ်ကလေးက.... (နောက်ကျပါတယ်ဘုရား) ဒါဖြင့် ပုရေဇာတပစ္စယော....(မှန်ပါ့) သဘောပါပလား... (ပါ·ပါပြီ ဘုရား)။

ဩော်... ခန္ဓာကိုယ်ထဲမှာ နောက်မှပေါ်တာကလေး သိပါ စေတော့လို့ ဘုရားက ပုရေဇာတပစ္စယောလို့ ဟောလိုက်တယ် (မှန်ပါ့) ရှင်းပလား . (ရှင်းပါပြီဘုရား)။

နောက်မှ ပေါ်တာသိအောင်လို့....(ပုရေဇာဘပစ္စယောလို့ ဟောပါတယ်ဘုရား) ဩော်....ဒို့ရှတ်သာနေတယ် ဘာမှ မသိ ဘူးဟော့... (မှန်ပါ့)။

ရှတ်သာနေတယ် ဘာမှ မသိဘူး....(မှန်ပါ့) ဘာမှ မသိဘူး ဆိုတော့ အခုတော့ဖြင့် ရှိတဲ့မျက်လုံးရပ်၊ ဟိုက ကြည့်စရာ အာရုံ· တည့်မည့်အာရုံတခုခုပေါ့ဗျာ.... (မှန်ပါ့) ကားဖြင့်ကား၊ လူဖြင့်လူပေါ့ဗျာ၊ တယောက်ဖြင့် တယောက်...(မှန်ပါ့)။

သူတို့က အရင်ကျန့်တယ်....တဲ့၊ မြင်စိတ်က နောက်မှ ဖြစ် တယ်....(မှန်ပါ့) ဒါဖြင့် ပုရေဇာတဘဲ....(မှန်ပါ့ဘုရား) အဲ.... ပုရေဇာတဆိုတာ ဒီနှစ်ခုဆိုပါတယ်....(မှန်ပါ့)။

ပစ္စယောဆိုတာက သူတို့က ကျေးဇူးပြုလိုက်လို့ ပေါ်လာပါတယ်တဲ့ မြင်စိတ်ကလေး.... (မှန်ပါ့) နဂိုရိုက မရှိပါဘူး.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

နဂိုရိုက....(မရှိပါဘုရား) ဩော်....နဂိုရိုက မရိုကတည်းက သူညွှဲသည်ဘဲ.... (မှန်ပါ့ဘုရား) ညွှဲသည်နေ-နေပြီးသကာလ ညွှဲသည် သွား-သွားလိမ့်မယ်လို့ တကာတကာမတွေက မှတ်လိုက်တာပေါ့....(မှန်ပါ့)။

ညွှဲသည်နေ-နေပြီးတော့- (ညွှဲသည်သွား-သွားပါလိမ့်မယ်ဘုရား)ဒါဖြင့် ဒီနှစ်ခုကြောင့် ပေါ်တဲ့တရားဆိုတော့ ဒီနှစ်ခုက အကြောင်းပေါ့ဗျာ....(မှန်ပါ့) ပေါ်တဲ့တရားက.... (အကျိုးပါဘုရား) ဒီအကျိုးတရားဘဲနော်....(မှန်ပါ့)။

နဂိုရိုက ရှိနှင့်တာလား၊တကာတကာမတို့ သူတို့နှစ်ခုက ပြုပြင်လိုက်လို့ ပေါ်လာတာလား.... (သူတို့နှစ်ခုက ပြုပြင်လိုက်လို့ ပေါ်လာတာပါဘုရား)။

ပုရေဇာတနှစ်ခုက ပြုပြင်လိုက်တာနဲ့ ပေါ်လာတဲ့ တရားမျိုးဆိုတော့ ဩော်....ဒါကလေးဟာ တကာတကာမတွေ စောစောစီးစီးဘဲ မှတ်လိုက်ပါတော့၊ သူများပြုထားတယ်.... (မှန်ပါ့) သူများကြည့်လို့ ပေါ်တဲ့တရား....(မှန်ပါ့)။

သူတပါးကြည့်လို့.... (ပေါ်တဲ့တရားပါဘုရား) ကြည့်လေ ဒီက မျက်လုံးရုပ်....တဲ့... (မှန်ပါ့ဘုရား) တကာတကာမတို့ ဒီက ရှေ့ပိုင်းက မြင်စရာ,ကြည့်စရာတွေ ...(မှန်ပါ့) သူတို့နှစ်ခုပေါင်းပြီးသကာလ ပြုလုပ်လိုက်လို့ မြင်စိတ်ကလေး ပေါ်တယ်.... (မှန်ပါ့)။

ဒါဖြင့် သူတို့နှစ်ခုက ရုပ်....(မှန်ပါ့၊ရုပ်ပါဘုရား)သူတခုက နာမ်....(မှန်ပါ့) ရှင်းသွားပြီ....(ရှင်းသွားပါပြီဘုရား)။

နှစ်ခုကရုပ်(မှန်ပါ့) မြင်စိတ်ကလေးက .. (နာမ်ပါဘုရား) ကဲ....ဒီနာမ်ကလေးဟာ တကာတကာမတို့ နဂိုရှိက မရှိပါဘူးတဲ့၊ သူတို့နှစ်ခုကပေါင်းလို့ ပေါင်းပြီး ပြုလိုက်လို့ပေါ်ပြီးသကာလ လာတဲ့အကျိုးတရားကလေးပါတဲ့....(မှန်ပါ့)။

ကဲ....တကာကကာမတို့ ဒါကလေးဟာ နဂိုရှိက ရှိသလား ... (မရှိပါဘုရား) ယခုပေါင်းပြီး လုပ်လိုက်တဲ့အတွက်....(ပေါ်လာပါတယ်ဘုရား) ပေါ်လာတယ်ဆိုတာ သဘောကျပလား.... (ကျပါပြီ)။

ဒါဖြင့် ဒါဟာ မြင်တတ်တဲ့ ဝိညာဏ်ကလေး၊ စက္ခုဝိညာဏ်ကလေး .. (မှန်ပါ့) ရှင်းပြီနော် (ရှင်းပါပြီဘုရား)။

ဒါကလေးဟာ ဒီကဖယ်လိုက်၊ကားကလေးဟာ မောင်းသွားရော၊ မြင်သေးရဲ့လား....(မမြင်ပါဘုရား) ဒါဖြင့် သူချုပ်ပြီ.... (မှန်ပါ့) သူချုပ်သွားပြီ....(မှန်ပါ့-ချုပ်သွားပါပြီ) ဒီဝိညာဏ်ကလေး ဘာဖြစ်သွားသတုံး....(ချုပ်သွားပါတယ်ဘုရား)။

တည့်နေတုန်းကတော့ ဒီဝိညာဏ်ကလေး ဘာတဲ့ .. (ပေါ်နေပါတယ်ဘုရား) ကားက မောင်းသွားတယ်....(မှန်လှပါ) မမြင်တော့ဘူး....(မှန်ပါ့)။

ဒါဖြင့် ဒီတရားကလေးဟာ တကာတကာမတို့ သိတဲ့အတိုင်းဖြစ်လဲဖြစ်တယ်....(မှန်ပါ့) ချုပ်လဲ....(ချုပ်ပါတယ်ဘုရား) ပေါ်ပြီ....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် သာတိရဟန်းက ဒီဝိညာဏ်ဟာ ဘယ်တော့မှ မသေဘူးယူတာ.... (မှန်ပါ့) ခင်ဗျားတို့ကကော ဒီလိုယူဦးမလား.... (မယူပါဘုရား)။

အကြောင်းနှစ်ခုတိုက်ဆိုင်ယင်ပေါ်တယ်(မှန်ပါ့)အကြောင်းတခုချို့ယင်. (ချုပ်သွားပါတယ်ဘုရား)ဒါဖြင့် သူ ဖြစ်ပျက်... (မှန်ပါ့) သဘောကျပလား .. (ကျပါပြီဘုရား)။

ဘယ်လိုမှတ်ကြမယ်.... (ဖြစ်ပျက်ပါဘုရား) ဖြစ်ပြီးပျက်တဲ့ဓမ္မဘဲလို့ လူကြီးတော်ရော လူငယ်တော်ရော အားလုံး တကာတကာမတော် မှတ်လိုက်တော့ ဝိညာဏ်ဟာ ရှေ့သေးသလား.... (မရှေ့ပါဘုရား) ဟောဒီမျက်လုံးကလေး အပေါ်မှာဘဲ ပေါ်တယ်....(မှန်ပါ့)။

တကာကြွယ် မျက်လုံးကလေးအပေါ်မှာဘဲ ပျက်စီးသွားတယ်....(မှန်ပါ့ဘုရား) မပျက်စီးဘူးလား.... (ပျက်စီးပါတယ်ဘုရား)။

ဒါဖြင့် "စက္ခုဝိညာဏံ အနိစ္စံ" လို့ ဘုရားက ဟောလိုက်တယ်....(မှန်ပါ့) စက္ခုဝိညာဏံ = မြင်တတ်ဘဲ့တရားကလေးသည်၊ အနိစ္စံ =အနိစ္စဘဲလို့ ဘုရားက ဟောသိုက်တာ တကာသစ်က ယုံပလား....(ယုံပါပြီဘုရား)။

အကြောင်းတိုက်ဆိုင်တော့ ပေါ်တယ် ...(မှန်ပါ့ဘုရား) အကြောင်းတခုချို့သွားတော့ .. (ချုပ်ပါတယ်ဘုရား)ချုပ်တယ်ဆိုတော့ သြော်.... ပေါ်လဲပေါ်တယ်၊ ပျက်လဲ ပျက်တယ်.... (မှန်ပါ့) ရှေ့နိုင်သေးရဲ့လား....(မရှေ့နိုင်ပါဘုရား) သဘောကျကြပလား....(ကျပါပြီဘုရား)။

ဒါကြောင့် တရားကို တကယ်တမ်းဟောတော့မယ်၊ တကယ်တမ်း ဒီဌိဉ္ဓါနည်း နိဿယည်းနဲ့ တကယ်တမ်း တကာတကာမတွေ ဥာဏ်ထဲမှာ ရှင်းအောင်ဟောတော့မယ်ဆိုတော့ ပဋိစ္စသမုပ္ပါဒ်မပါလဲ မရဘူး.... (မှန်ပါ့) ပဋ္ဌာန်းမပါလဲ မရဘူး.... (မရပါ) သစ္စာလေးပါးမပါယင်လဲ.... (မရပါဘုရား)။

နို့မဟုတ်လို့ရှိယင်ဖြင့် ပဋ္ဌာန်းမပါလို့ရှိယင်ဖြင့် အကြောင်းအပေါ်၌ မရှင်းပြန်ဘူး (မှန်ပါ့) မရှင်းပြန်တော့လဲ မရှင်းတာ ဝိစိကိစ္ဆာရှိတယ်....(မှန်ပါ့) ဝိစိကိစ္ဆာဆိုတာလဲ မဂ်တားလိုက်တာဘဲ....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

မရှင်းတော့ ဘာတဲ့. (ဝိစိကိစ္ဆာရှိပါတယ်) ဝိစိကိစ္ဆာရှိတယ် (မှန်ပါ့) ဘယ့်နှယ်ဖြစ်တာပါလိမ့်မတုံး ဒီမြင်စိတ်ကလေးဟာဆိုတော့ ဘယ့်နှယ်ဖြစ်တာပါလိမ့်မတုံးဆိုတဲ့ ဝိစိကိစ္ဆာရှိလို့ရှိယင်လဲ ဒီဌိရှိတော့ဘာဘဲ....(မှန်ပါ့)။

ကဲ... မဂ်ဥာဏ်-ဖိုလ်ဥာဏ်တားတဲ့ တရားဟာ မပေါ်လာသေးဘူးလား....(ပေါ်လာပါတယ်ဘုရား)။

ဒါဖြင့် အခု ပုရေဇာတပစ္စယော ဆိုတော့ ဒီနှစ်ခုက ရှေးကျသောကြောင့် ပုရေ (မှန်ပါ့)သူက နောက်မှဖြစ်လို့ ပစ္ဆာ (မှန်ပါ့) သဘောကျပလား.. (ကျပါပြီ)ဒါက ပဋ္ဌာန်းနည်းနဲ့ပြောလိုက်တာ....(မှန်ပါ့)။

ဒါဖြင့် မြင်စိတ်ကလေးဟာ ဒီလိုပေါ်တယ်ဆိုတာ ရိပ်မိပလား....(ရိပ်မိပါပြီ)ကြားစိတ်ကလေးကော (ဒီလိုပေါ်ပါတယ်) ဒီလိုဘဲပေါ်မှာပါဘဲ....(မှန်ပါ့) ဝမ်းထဲက ကြံစိတ်ကလေးဟာကော....(ဒီလိုပေါ်ရမှာပါဘဲဘုရား)။

မြင်စိတ်က ကြားတဲ့ဘက် ပြောင်းနိုင်သေးရဲ့လား(မပြောင်းနိုင်ပါ) ဒါဖြင့် ကားကလေးရှေ့သွားယင် သူ-ချုပ်ပြီ(မှန်ပါ့) မချုပ်သေးဘူးလား... (ချုပ်ပါတယ်ဘုရား)။

ကဲ... ကြားတဲ့ဘက် သွားနိုင်သေးရဲ့လား (မသွားနိုင်ပါဘုရား) မသွားနိုင်ဘူးဆိုတော့ သြော်....ဒီနေရာဖြစ် ဒီနေရာပျက်ပါကလား.. (မှန်ပါ့)။

ဒါ့ကြောင့် တကာတကာမတွေ့ သာတိရဟန်းကို ဒါလောက် ဟောချင်လို့မဟုတ်ပါဘူး....(မှန်ပါ့) မြင်စိတ်ကလေး ဖြစ်ပျက်ရှုတတ်ပါစေလို့ ဟောနေတာ....(မှန်ပါ့)။

ကဲ.... အကြောင်းအကျိုးနဲ့တကွ တကာတကာမတွေ့ လည် လည်ပယ်ပယ်လဲ ဟောထားတော့ အခုပဋ္ဌာန်းနည်းနဲ့ ပြီးသွားပါပြီ....(မှန်ပါ့) တကာသစ် ကျေနပ်ကဲ့လား.... (ကျေနပ်ပါတယ်ဘုရား)။

ပုရေဇာတပစ္စယောဇျ ...(မှန်ပါ့)သူ့ကို ရှေးကျတဲ့ နှစ်ခုက ကျေးဇူးပြုလိုက်လို့ ပေါ်လာတယ်တဲ့... (မှန်ပါ့)မြင်စိတ်ကလေး ဟာ....(ပေါ်လာပါတယ်ဘုရား)။

ကဲ....တခါ ပဋ္ဌိစ္စသမုပ္ပါဒ်နည်း ပြောလိုက်ပါဦးမယ်တဲ့....၊ ပဋ္ဌာန်းနည်း ပြီးသွားတော့....(မှန်ပါ့) ပဋ္ဌာန်းနည်းပြီးသွားတော့ ပဋ္ဌိစ္စသမုပ္ပါဒ်နည်းက အားလုံးတကာတကာမတွေ့ သိတဲ့အတိုင်း "စက္ခုံ စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏ" .... (မှန်ပါ့)။

သြော်....သူတို့နှစ်ခုပေါင်းမှ သူ ပေါ်တယ်ဆိုတော့ ကဲ.... ပဋ္ဌိစ္စသမုပ္ပါဒ်နည်းနဲ့ ပဋ္ဌာန်းနည်း ဟပ်မသွားဘူးလား....(ဟပ်သွားပါတယ်ဘုရား)။

ဒါ- အင်မတန်သဘောပါအောင်လို့ ပြောနေတယ်(မှန်ပါ့) တကာတကာမတွေ ဘုရားအမျိုးမျိုးဟောတာကို အမျိုးမျိုးဘဲ နားလည်အောင် တကာတကာမတွေကို ချီးမြှောက်နေတယ်.... (မှန်ပါ့)။

ကြည့်လေ။ "စက္ခုံ စ ပဋိစ္စ ရူပေ စ ဥပဇ္ဇတိ စက္ခု ဝိညာဏံ" မျက်လုံးနဲ့ အဆင်းနဲ့ပေါင်းမှ မြင်စိတ်ပေါ်တယ်ကွတဲ့-(မှန်ပါ့ ဘုရား)။

ဒါက ဘာနည်းတုံးဆိုတော့ ပဋိစ္စသမုပ္ပါဒ်နည်း.... (မှန်ပါ့) ခုနင်က ပုရေဇာတပစ္စယောဆိုတာက .... (ပဋ္ဌာန်းနည်းပါ ဘုရား)။

ကောင်းပြီတဲ့ ဒါဖြင့် သဘောကျပြီဘုရား၊ မြင်စိတ်ကလေး ပေါ်တော့ တပည့်တော်တို့ ကောင်းကောင်း ကျေနပ်ပြီ၊ သူ့ အကြောင်းတိုက်ဆိုင်လို့ ပေါ်လာတာ၊ ပဋ္ဌာန်းနည်းနဲ့ ကျေး ဇူးပြုလိုက်လို့ ပေါ်လာတာ....၊ ပဋိစ္စသမုပ္ပါဒ်နည်းကြောင့်လဲ ပေါ်လာတာဘဲ....(မှန်ပါ့)။

သစ္စာဖွဲ့စမ်းပါဦး....(မှန်ပါ့)ဒါ ဘာသစ္စာတုံးလို့ မသိပြန်လဲ တကာတကာမတွေမှာတဲ့ မဋ္ဌတတ်ဘဲ ဖြစ်နေမှာစိုးရတယ်.... (မှန်ပါ့)ဆိုတော့ ခင်ဗျားတို့က ဓမ္မစကြာထဲမှာ ရဘူးတဲ့လူလဲ များပါလိမ့်မယ်.... (မှန်ပါ့) "သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ".....(မှန်ပါ့) ခန္ဓာငါးပါး ဘာဘဲလာလာ ဘာသစ္စာ တဲ့တုံး....(ဒုက္ခသစ္စာပါဘုရား)။

ကိုင်း.... ဒါဖြင့် ဒါကလေးက ဝိညာဏကွန္ဓာ... (မှန်ပါ့) ဒါ-ကလေးက ဒီအပေါ်မှာ လာပေါ်ပြီး ဒီအပေါ်မှာဘဲ သူ-ဒီ အပေါ်မှာမွေးပြီး ဒီအပေါ်မှာ သေတာဘဲ....(မှန်ပါ့)။

ဒီအပေါ်မှေး၊ ဒီအပေါ်သေတယ်ဆိုတော့ ဝိညာဏခန္ဓာဖြစ်နေတော့ သူ့ကို ဘာသစ္စာလို့ ဆိုကြမလဲ....(ဒုက္ခသစ္စာပါဘုရား) ပေါ်သွားပြီ....(မှန်ပါ့)။

ဩော်.... တကာကြွယ် ဒီနေ့ ဘယ်နှစ်နည်းနားလည်ရသလဲ (သုံးနည်း နားလည်ရပါတယ်) ဘုန်းကြီးက ပေးတာကဖြင့် အာဘိုးဖြင့် မဖြတ်နိုင်အောင် တန်ပြီနော်....(မှန်ပါ့) ယူတတ်တဲ့ ပုဂ္ဂိုလ်က ခလေးမဖြစ်စေပါနဲ့....(မှန်ပါ့)။

ယူတတ်တဲ့ပုဂ္ဂိုလ်က....(ခလေးမဖြစ်စေပါနဲ့) ခလေးမဖြစ်ပါစေနဲ့လို့ပြောတော့ တပည့်တော်တို့များ အရှင်ဘုရားမို့ ပြောရက်ပါပေတယ်လို့ ဆိုချင်ဆိုမယ် ခေါင်းဖြူစွယ်ကျိုးတွေက....(မှန်ပါ့)။

တကာကြွယ် ခလေးပါဘဲတဲ့၊ မသိတဲ့လူဟာ မသိတဲ့အပေါ်မှာတော့ ခလေးကျတာဘဲ... (မှန်ပါ့) ကဲ....အခု သုံးနည်းစလုံးနဲ့ ကိုက်ပါပလား....(ကိုက်ပါပြီဘုရား)။

ဒါကလေးဟာ ခန္ဓာဖွဲ့လိုက်တော့ ခန္ဓာကတော့ ဝိညာဏကခန္ဓာဘဲ....(မှန်ပါ့) ဝိညာဏကခန္ဓာဆိုတော့ ဘုရားက ခန္ဓာငါးပါးစလုံး ဒုက္ခသစ္စာကဆိုပြီးဟောတော့ သူ-ကျန်နေရစ်သေးသလား....(မကျန်ပါဘုရား)။

ဒါဖြင့် သူ-ဒီအပေါ်မှာဖြစ်ပြီး ဒီအပေါ်မှာပျက်တဲ့အတွက် သူ-ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)။

အဲဒါကြောင့် တကာတကာမတွေ မြင်တယ်ဆိုယင် ဒီအပေါ်ဖြစ်ပြီး ဒီအပေါ်ပျက်၊ ဩော်....ဒါ သူ-ဖြစ်ပျက်ပါကလား....၊

ဉာဏ်နဲ့ ရှုပေးပါ....(မှန်ပါ့) ဒါ....စက္ခုဝိညာဏ်ကို ရှုလိုက်တာ ဘဲ့....(မှန်ပါ့)။

ရှုလိုက်သည်နဲ့ တပြိုင်နက်တည်း ဟိုတိုက်ထဲမှာ နေ့လယ်က ပြခဲ့သလို ဒီမျက်စိက ဖြစ်ပျက်၊ ရှုတာက မဂ်ဖြစ်တော့ ဦးဗထွေးတို့ ဦးသန်းမောင်တို့ နောက်ပဋိစ္စသမုပ္ပါဒ် လာနိုင်သေးရဲ့လား(မလာနိုင်ပါ) ဟ....ဘယ်သူက ဖြတ်လိုက်ပါလိမ့်....(မဂ်က ဖြတ်လိုက်ပါတယ်ဘုရား)။

ခင်ဗျားတို့ဟာ ခင်ဗျားဘို့ သေချာနေပြီ.... (မှန်ပါ့ဘုရား) ဩော် ဒို့အလုပ်မှန်တယ်....(မှန်ပါ့) ဒို့ အလုပ်သည်ကားလို့ ဆိုယင် ပဋိစ္စသမုပ္ပါဒ်ဆိုတဲ့ နောက် ခန္ဓာ ဖြတ်တယ်.... (မှန်ပါ့ဘုရား)။

နောက်ခန္ဓာ ဖြတ်တယ်ဆိုကတည်းက တခါ ပဋိစ္စသမုပ္ပါဒ် မှာလဲ အကွက်ကွက်လေးဘုန်းကြီးပြောလိုက်ပါ့မယ်....(မှန်ပါ့) ဒီကနေ သွားလိုက်တာ ပဋိစ္စသမုပ္ပါဒ် ဆုံးအောင် ဆောင်ရွက်ကြည့်လိုက်တော့ ဒုက္ခက္ခန္ဓာ သမုဒယော ဟောတိ ....(မှန်ပါ့ဘုရား)။

တကာသစ်-အဆုံးကျတော့ ဘာလာသတုံး ....(ဒုက္ခက္ခန္ဓာ သမုဒယော ဟောတိလာပါတယ်ဘုရား)။

အဲဒီကျအောင်ကို ကျုပ်တို့ကဒီမြင်တဲ့ စိတ်ကလေး ဖြစ်ပျက် ရှုလိုက်တဲ့အခါကျတော့ ဒီဘက်က ဒုက္ခပေးမည့်တရားတွေကော လာသေးရဲ့လား.... (မလာပါ) မလာလို့ ဒီဘက်အဆုံးမှာ ဒုက္ခက္ခန္ဓာ သမုဒယော ဟောတိ ဒုက္ခအစုကြီး ဖြစ်တယ်လို့

ဘုရားကဟော့တာကိုး.... (မှန်ပါ့) လာကို လာသေးရဲ့လား.... (မလာပါဘုရား)။

ဘယ်နှယ့်ကြောင့် မလာပါလိမ့်.... (မင်္ဂ ဖြတ်လိုက်လို့ပါ ဘုရား) ရှူတဲ့မင်္ဂ ဖြတ်လိုက်တယ်....(မှန်ပါ့ဘုရား)။

သြော်....ဒါဖြင့် ဒီတရားမှန်တယ်လို့ ဆုံးဖြတ်ချက်ချရုံဘဲ.... (မှန်ပါ့) ဒို့ဒုက္ခသိမ်းတဲ့တရား .. (မှန်ပါ့)ကဲ....ရှုမှဘဲ....(မှန်ပါ့) ပေါ်ကြပလား....ပေါ်ပါပြီဘုရား)။

တယ်... အဘိုးတန်ပါကလား တကာကြွယ်-ဟင်.... (တန်ပါတယ်ဘုရား) အဘိုးတန်တယ်တဲ့....ဘုရား တဆူ-တဆူမှ တခါတခါကြားရတာ....(မှန်ပါ့ဘုရား)။

လွယ်တာ မဟုတ်ဘူး-လွယ်တာ မဟုတ်ဘူး ဦးသန်းမောင်တို့ပေါ့ ပေါ့ မနာပါနဲ့ .. (မှန်ပါ့ဘုရား)။

ဦးဗဓထွဋ် ပေါ့-ပေါ့နဲ့....(မနာကြပါနဲ့.)ပေါ့-ပေါ့နဲ့. ဘယ်သူမှမနာကြနဲ့. တကာတကာမတို့ ဒါအင်မတန်အရေးကြီးတယ် မှတ်ကြပါ.... (မှန်ပါ့) ဒါဒုက္ခသစ္စာဆိုတာကော ယုံပလား.... (ယုံပါပြီဘုရား)။

ဖြစ်ပြီးပျက်တော့ ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား) သြော်... ဒါဖြင့် ဒုက္ခသစ္စာကို ဒုက္ခသစ္စာလို့ ဒီကဖြစ်ပျက်သွားတာကို ရှုလိုက်တဲ့အတွက် ရှုတဲ့ဉာဏ်သည် ဘာကို သိသတုံးမေးယင် ဘယ်နှယ်ပြောကြမလဲ....(ဒုက္ခသစ္စာသိပါတယ်) ဒုက္ခသစ္စာဘဲသိတယ်....(မှန်ပါ့ဘုရား)။

ရှုတဲ့ဉာဏ်က ဘာသိသလဲ.... (ဒုက္ခသစ္စာဘဲ သိပါတယ် ဘုရား)။

ဒါဖြင့် ဖြစ်ပျက်ဟာ ဒုက္ခသစ္စာဘုရဲ့ ဖြစ်ပျက်ဟာ ဒုက္ခသစ္စာဘုရဲ့လို့ ခင်ဗျားတို့ရှုတဲ့ဉာဏ်က မသိဘူးလား.... (သိပါတယ်) ဒါဖြင့် ခင်ဗျားတို့ သစ္စာသိတဲ့ဉာဏ်....(မှန်ပါဘုရား)။

ဒါကသစ္စာ....(မှန်ပါ့) ဒီဘက်က.... (ဉာဏ်ပါဘုရား) သိတဲ့ဉာဏ်....(မှန်ပါဘုရား)။

ဒီဘက်က ဘာပါလိမ့်....(သစ္စာပါ) ဒီဘက်က....(သိတဲ့ဉာဏ်ပါဘုရား) သစ္စာသိတဲ့ ဉာဏ်ဆိုတော့ သစ္စာသိလို့-မှတ်ထားတခါတည်း သောတာပန်တည်တာလဲ သစ္စာသိမှတည်တာဘဲ.... (မှန်ပါ့) ဘုရားဖြစ်တာလဲ.... (သစ္စာသိမှ ဖြစ်တာပါဘုရား)။

ဒါဖြင့် ဒို့-ဒီအလုပ်ဟာ ဘုန်းကြီးက အာရုံခိုင်းနေတာဘယ့်နှယ်ကြောင့် ဒါလောက် ပြင်းပြင်းထန်ထန် အာရုံခိုင်းနေပါလိမ့်မတုံး၊ ဒို့ကို တိုက်တိုက်တွန်းတွန်းကလဲ များလိုက်တာ .... (မှန်ပါဘုရား)။

တခါတလေကျတော့ ငရဲခေါ်းတွေနဲ့ တောင်မှ ပြောလိုက်သေးတယ်... (မှန်ပါဘုရား)။

ရှုစေချင်လွန်းလို့....(မှန်ပါ့) သြော်... ခင်ဗျားတို့ သစ္စာမသိဘဲ သေသွားမှာစိုးလို့... (မှန်ပါ့) ပေါ်ကြပလား.... (ပေါ်ကြပါပြီဘုရား)။

ဘယ်လိုသေသွားမှာစိုးလို့ပါလိမ့်....(သစ္စာမသိဘဲ သေသွားမှာစိုးလို့ပါဘုရား)။

သစ္စာမသိဘဲ သေသွားတော့ကို ဒေဝီလရသေ့ကြီး ငိုတာ ဘာဖြစ်လို့ ငိုသတုံး.... (သစ္စာမသိဘဲ သေသွားမှာမို့ပါ)သစ္စာ

မသိဘဲနဲ့ သေသွားမှာမို့ပါ သူက ခလေးကလေးက အခုမှ လာသားရှိသေးတယ် သိဒ္ဓတ္ထမင်းသားက....(မှန်ပါ့ဘုရား)။

သုဒ္ဓေါဒနဘုရင်က ခလေးကလေး ပြတဲ့အခါကျတော့ ငိုတယ်... (မှန်ပါ့) ဆြော်....သစ္စာတရား ဟောမည့် ခလေး....မမှီပါဘူးလို့ငိုရှာတယ်.... (မှန်ပါ့ဘုရား)။

အဲဒီမှာ သူမငိုဘဲနဲ့ ခလေးကလေးကလဲ လူလားမြောက်သူကလဲ အသက်ရှည်နေလို့ ရဦးမယ်ဆိုယင် တခါတည်း နိဗ္ဗာန်ရမှာကိုး ... (မှန်ပါ့ဘုရား)။

ငါတော့ အရုံးကြီးရှုံးပြီဆိုပြီး ငိုတာ.... (မှန်ပါ့) သစ္စာဟောမည့်ကလေးက လူလား မမြောက်သေးဘူး .... (မှန်ပါ့ဘုရား)။

အဲဒီတော့ ခင်ဗျားတို့မှာတော့ ဆြော်....လူလားကလဲမြောက်သစ္စာကလဲနာရဆိုတော့ ဒေဝီလလို ငိုပဲမဆင်ရပါဘူး.... (မှန်ပါ့ဘုရား)။

ပြုံးပဲသာဆင်ပါ....(မှန်ပါ့) ဆြော်.... ဒို့ပါရမီ တယ်ထူးပါကလား၊ ဟောမည့်ပုဂ္ဂိုလ်ကလဲ အရှယ်ရောက်(မှန်ပါ့) နာမည့်ပုဂ္ဂိုလ်ကလဲ ထောင်တတ်တဲ့ နားရှိတော့အရှယ်ရောက် (မှန်ပါ့) ဆြော်....ကျတ်တမ်း ဝင်မည့်အချိန်ဟာ ဒီအချိန် ပါကလား.... (မှန်ပါ့) ဘာမှမလျှော့နဲ့ ဒါသေချာနေပြီ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါနဲ့ ဒေဝီလငိုတာတော့ တကာကြွယ်-ဒေဝီလက အဲဒီအချိန်မှာ အသက် ရှစ်ဆယ်လေ့ာက်ရှိပြီ.... (မှန်ပါ့) သိဒ္ဓတ္ထမင်းသား

ကလေးက ပွေ့-ချီရတုန်း ရှိသေးတယ်.... (မှန်ပါ့) ကဲ....ငိုသင့်မငိုသင့်....(ငိုသင့်ပါတယ်ဘုရား)။

သူ့အသက်တမ်းကလဲ မရဏဓမ္မောမို့ မရဏံအနတီတော. ဘယ်သူတားလို့ရသလဲ.... (မရပါဘုရား) မရတော့ ဦးမာဒင် ငိုရုံရှိတာဘဲ....(မှန်ပါ့ဘုရား)။

နောက်ငုပြီးသကာလ ဒေဝိလရသေ့ကြီးက ရယ်ပြန်တယ်.... (မှန်ပါ့) မရယ်ဘူးလား.... (ရယ်ပါတယ်ဘုရား) သြော်..ငါတော့ကျတ်တမ်းမဝင်ရဘူး၊ သူများ ကျတ်တမ်း ဝင်ဘို့အတွက် ဝမ်းသာလိုက်တာ.... (မှန်ပါ့) သူဟာသစ္စာဟောမည့် ခလေး.... (မှန်ပါ့ဘုရား)။

သူများအတွက်တော့ ပြုံးရရှာတယ်... (မှန်ပါ့) သူ့အတွက်တော့....(ငိုရပါတယ်ဘုရား)။

အဲ....ခင်ဗျားတို့လဲ ဆရာကောင်း,သမားကောင်းနဲ့မတွေ့လို့ ရှိယင် ငိုရဦးမှာဘဲ.. (မှန်ပါ့) ငိုရဦးမှာ,ငိုရဦးမှာ... (ငိုရဦးမှာပါဘုရား)။

အခုကြည့်လေ တကာကြွယ်တို့ ဘိုးတော့,ဘွားတော့ တချို့သစ္စာမနာလိုက်ရတော့ မဂ်ဉာဏ်,ဖိုလ်ဉာဏ်က မရဘူး....(မရပါဘုရား)။

မသိလို့သာ မငိုရှာကြတယ်... (မှန်ပါ့)သိယင်ဖြင့် အရှုံးကြီးရှုံးသွားလေရဲ့....(မှန်ပါ့) ဦးမာဒင် ပြောထိုက်,မပြောထိုက်.... (ပြောထိုက်ပါတယ်ဘုရား)။

ကဲ.... ဒါက ဝေဒီလရသေ့ဆိုတာက နန်းတော်ထဲ ဆွမ်းခံစားတဲ့ ကိုယ်တော်ကြီး....(မှန်ပါ့) နန်းတော်က ကိုးကွယ်နေတဲ့

သူဌေးဒနဘုရင်တို့က ဘုရားမပွင့်ခင်က သူ့ကို ဘုရားလုပ် ကိုးကွယ်တယ်....(မှန်ပါ့) ရိပ်မိပလား .. (ရိပ်မိပါပြီ)။

နောက်ကျတော့ အနှစ်သုံးဆယ်လောက် အချိန်ရောက်တော့ တောထွက်ပြီး ဘုရားဖြစ်တယ်....(မှန်ပါ့)။

ဘုရားဖြစ်တော့ သူ့လောကီဆရာ အာဠာရ,ရသေ့တပါး ရှိတယ်... (မှန်ပါ့ဘုရား) ဥဒက ရသေ့လို့လဲ တပါးရှိတယ်.... (မှန်ပါ့) စျာန်တော့ပင် ရတယ်....(မှန်ပါ့)။

ဘုရားဖြစ်တော့ သူ တွေးလိုက်တယ်၊ ကဆုန်လပြည့် နေ့က ငါမှာလဲ ဘုရားဖြစ်ပြီ....၊ သစ္စာလေးပါ ဘယ်သူ့ဟောရပါ့ မတုံး...၊ ဥာဏ်ထက်တဲ့ ပုဂ္ဂိုလ်ဟောမှ ရမှာဘဲဆိုပြီး လက်ဦးဆရာ အာဠာရ ရသေ့ကို တွေးလိုက်တယ်....(မှန်ပါ့)။

ခုနစ်ရက်က သေနှင့်ပြီ....(မှန်ပါ့) ရှုံးပြီဟော့....လို့ ဘုရားကိုက ပြောလိုက်တာ....(မှန်ပါ့) ရှုံးခြင်းကြီးမက ရှုံးသွားပြီ သစ္စာတရားနဲ့လဲသွားပြီ .... (မှန်ပါ့) သစ္စာတရားဟောယင် ချက်ခြင်းကိစ္စပြီးတယ်....(မှန်ပါ့)။

ကဲ....ခင်ဗျားး မသေနှင့်တာလဲ ရှုံးတဲ့ဘက်ကလား....၊မြတ်တဲ့ ဘက်ကလား .. (မြတ်တဲ့ဘက်ကပါဘုရား)။

ခင်ဗျားတို့ ပေါ့ပေါ့တန်တန် မလုပ်ပါနဲ့ဆိုတာ ဘုန်းကြီးက တိုက်တွန်းတာလား....၊ အလုပ်သွားကိုက အဆင်ပြေနေလို့ ပြောရတာလား.... (အလုပ်သွားကိုက အဆင်ပြေနေလို့ ပြော်ရတာပါဘုရား) တကာကွယ် ရိပ်မိပြီ.... (ရိပ်မိပါပြီ) ခင်ဗျားတို့ အသေစောယင် သွားပြီဗျ (သွားပါပြီ) သွားပြီ-သွားပြီ အသေစောလို့ရှိယင်....(မှန်ပါ့)။

ကဲ....ဒါနဲ့ဘဲ အင်း.... အာဠဝရတော့ဖြင့် အရှုံးကြီး ရှုံးပြီ ရှုံးတာက ဘယ်လောက်တုံးလို့ ဦးမာဒင်တို့၊ ဦးသန်းမောင်တို့ က မေးဘို့လိုတယ်....(မှန်ပါ့ဘုရား)။

ကမ္ဘာများစွာ ခန္ဓဝဝန်ထမ်းပြီး အိုပဲ့-နာပဲ့-သေပဲ့နဲ့ နေရမယ် (မှန်ပါ့) ကမ္ဘာပေါင်းများစွာ....(မှန်ပါ့) ဘယ်လောက်ဆိုးဝါးသလဲ....(ဆိုးဝါးပါတယ်ဘုရား)။

အင်မတန်ကြောက်စရာ မကောင်းဘူးလား.... (ကောင်းပါတယ်ဘုရား) အိုပဲ့နာပဲ့-သေပဲ့နဲ့ ချည့် နေရဦးမှာ ကိုးဗျ.... (မှန်ပါ့ဘုရား)။

ဒါသစ္စာတရား မနာလိုက်ရလို့ အရှုံးကြီး ရှုံးနေပြီ ဆိုတဲ့ အဓိပ္ပါယ်ဖြင့် ဦးမာဒင်ပေါ်ပြီ....(ပေါ်ပါပြီဘုရား)။

ဒါကြောင့် ဘုန်းကြီးတို့က ပြောဘို့ရာ မသင့်ငြားသော်လဲ တကာတကာမတို့ အားတက်လာအောင် ဘယ်လို ပြောရသလဲ သေမှာတောင် အောင့်ထားဦးဟော့၊ ဒါကလေးသိအောင် လုပ်သွားပါဦး....(မှန်ပါ့ဘုရား)။

သေမှာတောင် အောင့်ထားပါဦး၊ ဒီသစ္စာကလေးသိအောင် လုပ်သွားပါဦးလို့ တကာကြွယ်- တိုက်တွန်းထိုက်- မတိုက်တွန်းထိုက်.... (တိုက်တွန်းထိုက်ပါတယ်ဘုရား)။

ဘာ့ကြောင့် တုံးဆိုတော့ ဘုရားဆရာတွေကို ဘုရားအပေါ် မှာ လောကီဆရာလုပ်လာတဲ့ လောကုတ္တရာမှာတော့ ဆရာမရှိဘူး ပေါ့ဗျာ....(မှန်ပါ့) လောကီမှာ ဆရာလုပ်လာတဲ့ ပုဂ္ဂိုလ်တွေတောင်မှ သစ္စာတရားမနာရလို့ ကမ္ဘာပေါင်းများစွာ အရှုံးပေးကြရတယ်.... (မှန်ပါ့) မနစ်နာဘူးလား....(နစ်နာပါတယ်ဘုရား) ပေါ်ကြပြီနော်....(ပေါ်ပါပြီဘုရား)။

ဒါနဲ့ အာဠာရတော့ ရှုံးပဟေ့၊ ဘယ်သူ့ကို ဟောရပါ့မတုံး၊ ငါ့သစ္စာသိပြီ သစ္စာဟောမဟ.... ဆိုပြီး ကြိမ်းဝါးရင်းမတ္တန့်အဘိညာဏ်နဲ့ကြည့်လိုက်တယ်....(မှန်ပါ့)ဥဒကကိုဟောမှတော်မယ်ဆိုပြီး ဒုတိယဆရာပေါ့ဗျာ.... (မှန်ပ်ါ့) သူကလဲ မခန့်ညက သေနှင့်တယ်....(မှန်ပါ့)။

ကဲ....တကာကြွယ် သိုသိုကလေးလဲတယ်.... (မှန်ပါ့) ဟာ.... သူလဲ ရှုံးခြင်းကြီးရှုံးပဟ....လို့ ဘုရားက ကြိမ်းဝါးပြန်တယ်.... (မှန်ပါ့) သစ္စာတရား မနှာလိုက်ရလို့....(မှန်ပါ့ဘုရား) နှာယင် ချက်ခြင်း သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဖြစ်မယ်.... (မှန်ပါ့ဘုရား)။

ကဲ.... တကာကြွယ် ဘယ်နှစ်ယောက်တုံး ရှုံးသွားတာ (နှစ်ယောက်ပါဘုရား) ဒေဝိလပါဆည့်လိုက်ပါဦး-(သုံးယောက်ပါဘုရား) သုံးယောက် ရှုံးသွားကြတယ်....(မှန်ပါ့)။

ဦးလှဘူး ကဲ... ကိုယ့်ကံအကြောင်း ကိုယ်ဖြည့်လာတဲ့ ပါရမီတွေ့ ပြည့်ကြောင်းကို ဘုန်းကြီးက ထုတ်ပေါ်ပြောရမှာလားတဲ့ ဖြစ်စဉ်ကိုက ကိုက်နေတာလားဆိုတာ ဦးမာဒင် ဘာမှ မညည်းနဲ့ (ဖြစ်စဉ်က ကိုက်နေတာပါဘုရား)။

ဖြစ်စဉ်က ကိုက်နေတာ....(မှန်ပါ့) အဲဒီတော့ ဖြစ်စဉ်က ကိုက်ပြီးသကာလ နေတော့ တကာကြွယ်တို့က ပြုံးပြီးသကာလ အားထုတ်ဘို့ဘဲ... (မှန်ပါ့)။

ကိုင်း.... တောင်းသ၍ဆု,ပြုသ၍ကုသိုလ်တွေ့ ဒီနေ့ရာစုပုံပြီး နောက်ဆုံးပိတ် ဇာတ်သိမ်းအောင်ပဲ့ယူမည့်အခါဟာ ဒီအခါဘဲ-(မှန်ပါ့) ဒီလို့ကို ဆုံးဖြတ်ချက်ချရမယ်...(မှန်ပါ့)။

အဘိုးတန်ဆောင် ပြောလို့ တန်တာလေး၊ သက်သေခံ လုံလောက်လို့ တန်ဘာလား....(သက်သေခံလုံလောက်လို့ တန်တာပါဘုရား)။

တချို့က ဟာ....ဘုန်းကြီးက စကားသိပ်တတ်တာ၊ တရားကသိပ်ပြီး လည်လည်ပြောတတ်တာလို့ ဦးမှာဒင်တို့က ဘုန်းကြီးဆီပေါ် စဲ့ချကဲမတင်နဲ့... (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား) အဘိုးကို တန်လွန်းလို့ ပြောနေတာ...(မှန်ပါ့)။

ဟိုဝမ်းထဲမှာ ပဋိသန္ဓေနေတုန်းရှိသေးတဲ့ပုဂ္ဂိုလ်တွေ လူလားမြောက်မှာနဲ့ ဘုန်းကြီးတို့ ပျံတော်မူမှာနဲ့ တော့ တန်းနေတယ်....(တန်းနေပါတယ်ဘုရား)။

အဲဒါတွေကကြတော့ ဘယ်နှယ်စဉ်းစားမလဲ.... (ရှုံးပါတယ်) ရှုံးဦးမှာဘဲ... (မှန်ပါ့) ရှုံးဦးမှာဘဲ၊ သဘောကျပလား.... (ကျပါပြီ)။

ရှေ့သေနှင့်တဲ့ အာဠာဝရ,ဥဒကတို့လို ဒီလူ့ပြည်မှာ နေတဲ့ပုဂ္ဂိုလ်တွေကော....(ရှုံးပါတယ်ဘုရား) ရှုံးသွားကုန်ပြီ-(မှန်ပါ့) ရှုံးသွားကုန်ပြီဆိုတာလဲ အထင်ရှားပါ(မှန်ပါ့)ရှုံးသွားတယ်တဲ့ ဘယ်ဥဏ်လောက်နဲ့ သေသွားသတုံး... မေးတော့မှ ဦးမာဒင် ကမ္မဿကတာဉာဏ်-(မှန်ပါ့)တကာသစ် ဘာတုံး....(ကမ္မဿကတာဉာဏ်ပါဘုရား)။

ကျေးမယ်ကွာ... မွေးမယ်ကွာ၊ ပိုယင်လူမယ်ကွာ - တန်းမယ်ကွာ.... (မှန်ပါ့) ဒါ... နောက်ဘဝ ကောင်းစားရေးပေါ့ကွာ ဆိုပြီးသကာလ နောက်ဘဝဘုက်သာ လှည့်သွားတာဘဲ....(လှည့်

သွားပါတယ်ဘုရား) တကာ တကာမတို့ ဘဝဇာတ်သိမ်းတဲ့ သစ္စာဉာဏ်ရရဲ့လား....(မရပါဘုရား)။

သူတို့လဲ ခဏချက်တင်ရတော့မယ်....(မှန်ပါ့) ရှုံးပြန်ပဟော့.... (မှန်ပါ့) အယ်နှယ်ဆိုကြမလဲ....(ရှုံးပြန်ပါပြီဘုရား)။

အဲဒီတော့ ခင်ဗျားတို့မှာတော့ဖြင့် အင်း....အထိသုံးပါးညီပြီပေါ့၊ လောကီအလိုနဲ့ပြောယင်....(မှန်ပါ့) အထိသုံးပါး ဘယ်နှယ်တုံး.....(ညီပါတယ်ဘုရား)။

ညီတဲ့အထဲက ခင်ဗျားတို့က လျှော့စေ့းမလုပ်နဲ့.... (မှန်ပါ့) အံမာ.... လျှော့စေ့းက ခင်ဗျားတို့က ပါနေလို့ပြောရတာ.... (မှန်ပါ့)။

လျှော့စေ့းက ဘာပါသတုံးလို့ မေးတဲ့အခါကျတော့ ဒီကာသစ္စာတွေဟောလို့ သစ္စာအလုပ် အထမမြောက်ခင် ခင်ဗျားတို့ကာ ကိစ္စတွေ,ဗျာပါဒတွေ,မလဲ့သာတာတွေ, မရွှော်သာတာတွေ ဒါတွေက လာချင်လာတတ်တယ်....(မှန်ပါ့) မလာပေဘူးလား....(လာပါတယ်ဘုရား)။

လာတော့ ဒါက ညီညွတ်ပြီးသားကို တကာကြွယ် ပြန်ဖျက်တယ်....(မှန်ပါ့)။

ညီညွတ်ပြီးသားကို... (ပြန်ဖျက်ပါတယ်ဘုရား)ရှင်းပြီနော်.... (ရှင်းပါပြီဘုရား)။

ညီညွတ်ပြီးသားကို....(ပြန်ဖျက်ပါတယ်ဘုရား) ဘယ်သူ့အပြစ်တုံး.... (တပည့်တော်တို့အပြစ်ပါဘုရား) ကိုယ့်အပြစ်ဘဲ.... (မှန်ပါ့)။

ဘယ်နှယ်ကြောင့် ဒီညီညွတ်ဘို့ရာကြီး ဘယ်လောက် ခင်ဗျားတို့ ပါရမီဖြည့်ခဲ့ရသတုံးဆိုလို့ ရှိယင် မရေတွက်နိုင်ဘူး ဖြစ်ရမယ် (မှန်ပါ့) မဟုတ်ဘူးလား... (ဟုတ်ပါတယ်ဘုရား)။

ဒါဖြင့် နောက်ဆုံးပိတ်ဘဝဘဲ ကိုယ့်ကိစ္စဒုက္ခသိမ်းတဲ့ ဘဝ ဘဲလို့ ဆိုယင်ကော လဲပါ့မလား... (မလဲပါဘုရား)။

အဲဒါကို ခင်ဗျားတို့ သားရေး,သမီးရေး,စီးပွားရေး,ဥစ္စာရေး, စောင်းရေးဆိုတဲ့ သာမညကိစ္စကလေးက ထောပတ်ထမင်းနဲ့ မှာ ကျင်ကြီးတပဲသားကျဟာလောက်နဲ့တယ်... (မှန်ပါ့ဘုရား) သဘောပါပလား... (ပါပါပြီဘုရား)။

ထောပတ်ထမင်း-ဒန်ပေါက်ထမင်းနဲ့မှာ ကျင်ကြီးတပဲသား ဆိုတော့ ဟိုက တပိဿာခွဲလောက်ရှိတယ်၊ တပဲသား ကျငြား သော်လဲ ပျက်မှာဘဲ... (ပျက်ပါတယ်ဘုရား)။

ဒကာကြွယ် ဘယ်နှယ်ဆိုမလဲ.... (ပျက်ပါတယ်ဘုရား) ခင်ဗျား စားချွင်သေးရဲ့လား၊ မစားချင်ပါဘူး၊ ဘာဖြစ်သွား လို့တုံး... (ကျင်ကြီးတပဲသားကျလို့ပါဘုရား)ပျက်စီးသွားတယ် (မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီဘုရား)။

ခင်ဗျားတို့ ကိစ္စကလေးက ဒီ-တပဲသားလောက်ကလေး.... (မှန်ပါ့) ရိုင်မိပလား....(ရိုပ်မိပါပြီဘုရား)။

ခင်ဗျားတို့ကိစ္စက (တပဲသားလောက်ပါဘုရား) တပဲသား ကလဲ အသုံးချလို့ရရဲ့လား၊ တပဲလုံး ပျက်သွားသလား(တပဲလုံး ပျက်ပါတယ်ဘုရား)။

တပဲသားက... (တပဲလုံးပျက်ပါတယ်ဘုရား) အံမာလေး.... ခင်ဗျားတို့ တသံသရာလုံး လုပ်လာတာ အကုန်ပျက်လိုက်တော့ ပြေးတာ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

တပဲသားက ထမင်းတပွဲလုံး ပျက်ရတာဟာ ဒါလောက် အဘိုးမတန်ပါဘူး... (မတန်ပါဘုရား) ဟုတ်လား၊ တကျပ်ခွဲ နှစ်ကျပ်ဆိုယင် တကာသစ် ရပါတယ်... (ရပါတယ်ဘုရား)။

အဲဒါ ပစ်လိုက်ရတာ ဘာမှ အရေးမကြီးပါဘူး....(မှန်ပါ့) ဘဝမျှားစွာ အဆင်းရဲခံပြီးသကာလ ဒီဆရာ-ဒီသမားနဲ့ ဒီသစ္စာသိရပါလို့၏၊ သစ္စာသိမှ နိဗ္ဗာန်က ပါတာကိုး... (မှန်ပါ့) နိဏ္ဍာဇ သစ္စာဆိုတော့ နိဗ္ဗာန်မဟုတ်လား...(မှန်ပါ့)။

အဲ... သစ္စာထဲမှာမှ နိဗ္ဗာန်ပါလို့ သစ္စာတရားကို ကိုစွဆုံးထားတဲ့တရား....(မှန်ပါ့) ရှင်းပလား .. (ရှင်းပါပြီ)။

အဲဒါကို ဒီနိဗ္ဗာန်မရောက်ခင် ဒုက္ခသစ္စာလောက် တွေ့ပြီး သကာလ ဒုက္ခချုပ်မှ နိဏ္ဍာဇသစ္စာက ပေါ်မှာကိုးဗျ... (မှန်ပါ့ ဘုရား)။

အဲဒါကလေး မဆိုင်းနိုင်တာနဲ့ တခါတည်း တကာတကာ မတွေ့က မလွဲသာဘူးဘုရာ့.... မရှောင်သာဘူးဘုရာ့နဲ့ ကိုယ့် ဆင်ခြေနဲ့ကိုယ်ပေါ့ဗျာ....(မှန်ပါ့)။

ဒါကလဲ ဘယ်သူကပြောတာတုံးဆိုတော့ တနေ့က တခါ ပြောပြီ ကိလေသာက ဆင်ခြေထိုးလိုက်တာ....(မှန်ပါ့)။

ဘယ်သူက ထိုးတာပါလိမ့်....(ကိုးလသာက ဆင်ခြေထိုးတာ ပါဘုရား)။

အဲဒီကိလေသာ ဆင်ခြေထိုးတာနဲ့ ဦးသန်းမောင်-ရေ....ခုနင် က ပြောသလို တပဲသားနဲ့ဘဲ တပွဲလုံး ပျက်ပြီ... (ပျက်ပါတယ် ဘုရား) မပျက်သေးဘူးလား....(ပျက်ပါ့တယ်ဘုရား)။

တပ္ပဲလုံးပျက်တော့ ပေယျ·ပြောသလိုဘဲ ရှိမှာဘဲ....(မှန်ပါ့) ပေယျမှာ ဟောနေတဲ့တရားက ဒါနကထာဟောတုန်းက သူရှိတယ်....(မှန်ပါ့ဘုရား) သီလကထာဟောတော့... (ရှိပါတယ်ဘုရား) သဂ္ဂကထာ-နတ်ပြည်ဆောက်ကြောင်း ဟောတော့.... (ရှိပါတယ်) မဂ္ဂကထာ= သစ္စာဟောမည်ကြံမှ ထ,ပြေးတယ်.... (မှန်ပါ့) ကဲ.... မနာဘူးလား....(နာပါတယ်ဘုရား)။

နာပုံကလေး နည်းနည်းနားထောင်ကြည့်ပါဆိုတော့ တနေ့ကလဲ ပြောခဲ့ပါပြီ....(မှန်ပါ့) ပေယျ အရိုးချည့် စုထားမယ်ဆိုယင် သုံးရက်တက် သုံးရက်ဆင်း.... (မှန်ပါ့)။

ကဲ.... သစ္စာတခုတည်း လွဲသွားတယ်....(မှန်ပါ့) ဒါလောက်ထိအောင် သေရဲပါ့မလား၊မေးဘော့လဲ.... (မသေရဲပါဘုရား)။

မသေရဲလို့ရှိယင်ဖြင့် ပါရမီစုံတဲ့ဥစ္စာကို အကုန်ယူ (မှန်ပါ့) အဆုံးရောက်အောင် ယူရမယ်....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

ခင်ဗျားတို့ကို သာသာထိုးထိုးပေးနေတာ...(မှန်ပါ့) ယူမည့်လူက အင်တင်တင်လုပ်မနေပါနဲ့....(မှန်ပါ့)ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

သာသာထိုးထိုးပေးတော့ တကာကြွယ်က အင်တင်တင်များလုပ်ချင်သေးသလား....(မလုပ်ချင်ပါ) မလုပ်နဲ့ဗျ ဒီဥစ္စာ တကာသမ် ဒီဥစ္စာ သေသေချာချာ မှတ်မိပလား .... (မှတ်မိပါပြီဘုရား) ကောင်းပြီ ဒါဖြင့် သေသေချာချာ ကြိုးစားကြပါဆိုတာ တိုက်တွန်းပါတယ်...(မှန်ပါ့)။

အံမာလေး... ခင်ဗျားတို့ကို ဟောရတာက နည်းနည်း၊ တိုက်တွန်းရတာက များများ ဖြစ်နေတယ်....(မှန်ပါ့)။

ဘာ့ကြောင့် တိုက်တွန်းရပါလိမ့်မတုံးဆိုတော့ လူကြီးတွေမို့ ဟေ့....(မှန်ပါ့)။

တကာကြွယ် ရိပ်မိပလား-(ရိပ်မိပါပြီ)လူကြီးဆိုတာ အရှက်မရှိဘူး....(မှန်ပါ့)။

ဘာဖြစ်လို့ အရှက်မရှိသတုံးဆိုတော့ ဟိုင့်,ဒီင့်တွေဆိုတော့ ဟိုင့်,ဒီင့်တာက တကာသစ် တဏှာမဟုတ်လားဗျ .... (မှန်ပါ့) လူကြီးတွေမှာ တဏှာများနေလို့ အရှက်မရှိဘူး....(မှန်ပါ့) ရိပ်မိပလား _ (ရိပ်မိပါပြီဘုရား)။

လူကြီးဆိုတော့ လူငယ်လိုမဟုတ်ဘူးဘုရာ့၊ လူငယ်ကတော့ တခါတည်း သြော်....သူမိုက်သေးတာဘဲကွဆိုပြီးသကာလ ပြောပေ့ဆိုပေမဲ့လဲ ငယ်တာနဲ့ဖုံးလိုက်ယင် ဒီ့ပြင်အပြစ်တွေ အကုန်ပျောက်တယ်....(မှန်ပါ့)။

လူကြီးကတော့ မျက်နှာပြုရမည့်နေရာ မျက်နှာပြုရမယ်....(မှန်ပါ့) ကိုယ်ဝင်ပြောရမည့်နေရာ.... (ကိုယ်ဝင်ပြောရပါမယ်ဘုရား)။

အဲဒါ လူကြီးဆိုတော့ ရှောင်လို့တိမ်းလို့က မကောင်းဘူး (မှန်ပါ့) တရားတော့ ရှောင်လိုက် လူထဲတော့ မရှောင်နဲ့....(မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီ) အဲဒါ ဆိုးဝါးနေတယ်....(မှန်ပါ့) မပေါ်လာဘူးလား....(ပေါ်လာပါတယ်ဘုရား)။

တကာကြွယ် တရားတော့ဘာတဲ့...(ရှောင်ပ၊တယ်)ချမ်းသာကိုတော့ ရှောင်လိုက်ပေါ့၊ ဆင်းရဲတော့ ဖက်ထား.... (မှန်ပါ့) ဒီအခုပ်ပါယ်ရောက်နေတယ်.... (ရောက်ပါတယ်ဘုရား)။

ချမ်းသာကိုတော့ ဘာတဲ့.... (ရှောင်ပါတယ်)ဆင်းရဲတော့.... (ဖက်ထားပါတယ်) ခင်ဗျားတို့ထက်ဆိုးတာ ဘယ်ရှိတော့မလဲ.... (မရှိပါဘုရား) ရှိသေးရဲ့လား.... (မရှိပါဘုရား)။

ကဲ.... ဦးလှဘူး ခင်ဗျားတို့ထက်ဆိုးတဲ့လူ ရှာဦး....(မတွေ့ပါ) မတွေ့တော့ဘူး....(မှန်ပါ့)။

ကဲ...ဒါဖြင့် တကာတကာမတို့ တရားပြန် စ,ကြစို့တဲ့၊ဒီဥစ္စာသစ္စာတရားကို ခဲယဉ်းတယ်ပြောတာပါ.... (မှန်ပါ့)။

ကဲ.... တကာတကာမတို့ ပဋ္ဌာန်းနည်းနဲ့လဲ ဝိညာဏ်ပေါ်ပုံပြောပြီးပါပြီ(မှန်ပါ့)ပဋ္ဌိစ္စသမုပ္ပါဒ်နည်းနဲ့ကော(ပြောပြီးပါပြီ) သဖွာဆိုက်ပုံကော.... (ပြောပြီးပါပြီဘုရား) ဒါ ကာသစ္စာပါလိမ့်....(ဒုက္ခသစ္စာပါဘုရား)။

ဒီအပေါ်မှာပေါ်ပြီး ဒီအပေါ်မှာ ပျက်ရတယ်....(မှန်ပါ့) ဒါ ဘယ်သူ့သေတာကုံး မွေးလို့ရှိယင်ဖြင့် ကြည့်တဲ့ မိမိသေတာ (မှန်ပါ့)။

ဒီအပေါ်မှာမွေး၊ ဒီအပေါ်မှာ သေရရှာတယ်.... (မှန်ပါ့) ဘယ်သူ့သေတာပါလိမ့်(ကြည့်တဲ့ မိမိသေတာပါ)ဒါ-ဟယောက်သေနေတာ... (မှန်ပါ့)။

ဩော်.... ကိုယ့်အသေကို တကာတကာမတို့ သိတဲ့အတိုင်း ကိုယ့်ဉာဏ်နဲ့ကြည့်တော့မှ ကိုယ်မြင်တာ... (မှန်ပါ့) အသေမြင်

တော့မှ "မရဏမွဴ ဒုက္ခ"... (မှန်ပါ့) ပေါ်ပလား.... (ပေါ်ပါပြီဘုရား)။

မရဏမွဴ =ကိုယ့်အသေကို ကိုယ်မြင်ခြင်းသည်လည်း၊ **ဒုက္ခ** = ဒုက္ခသစ္စာကို မြင်ခြင်းပါဘဲ(မှန်ပါ့)ကိုယ့်အသေကို ကိုယ်မြင်တာ (ဒုက္ခသစ္စာမြင်ခြင်းပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ သစ္စာလေးမြင်ပြီဆိုတော့ကို ဒါဒုက္ခသစ္စာ မြင်တာ....(မှန်ပါ့) ဒုက္ခသစ္စာမြင်ယင် တကာသစ်က ဒုက္ခသစ္စာ ဆုံးအောင်လိုက်,လိုက်.... (မှန်ပါ့)။

ဆုံးအောင်လိုက်တော့ ဘာတွေ့မယ်ထင်သတုံး....(နိဗ္ဗာန်မြင်ပါတယ်) ဒုက္ခအဆုံးမှာ နိဗ္ဗာန်ရှိတယ်... (မှန်ပါ့) ဒုက္ခအဆုံးမှာ (နိဗ္ဗာန်ရှိပါတယ်ဘုရား)။

အဲဒီတော့ ဒုက္ခသစ္စာကလဲ ဘာတုံးလို့ ဘုရားက ဟောလိုက်တော့ ခန္ဓာငါးပါး ဟောလိုက်တယ်....(မှန်ပါ့) ဒီခန္ဓာကလေး ဆုံးအောင်လိုက်ကြည့်စမ်း....(မှန်ပါ့)။

ဒါ ဘုန်းကြီးကလဲ ဒီတကာတကာမတွေ့ ခန္ဓာငါးပါးမဆုံးချင်နေပါစေ၊ ဝေဒနာဆုံးအောင်လိုက်ပါ.... (မှန်ပါ့) စိတ်ဆုံးအောင်လိုက်ပါ... (မှန်ပါ့) ဒါဘဲ မဟောဘူးလား... (ဟောပါတယ်ဘုရား) အဲဒီတော့ တကာသစ် ဒါ လိုက်ရုံဘဲ... (မှန်ပါ့ဘုရား)။

ကဲ ... တရားနှလုံးသွင်းကြ တကာတကာမတို့ ခန္ဓာကိုယ်ထဲမှာရှိသမျှ ရှုတဲ့ဥာဏ်မှတပါး ကျန်တာတွေဟာ ဘယ်အချိန် ဘာဖြစ်ဖြစ်, ဘာပေါ်ပေါ် အားလုံး တကာတကာမတွေ့မှတ်စရာ

က ဒုက္ခသစ္စာပေါ်၍ ဒုက္ခသစ္စာ ပျောက်တာသာ မူတ်ပါ... (မှန်ပါ!) ရှုတဲ့ဉာဏ်ကို ချန်ထား... (မှန်ပါ!)။

ရှုတဲ့ဉာဏ် ချန်ထားပြီး ကျန်တာတွေ့ ဉာဏ်အောက်မှာ ပေါ်လာတာတွေ့ ဘယ်ဟာ ကြည့်လိုက်,ကြည့်လိုက် ခန္ဓာထဲ လျောက်ကြည့်ပါ(မှန်ပါ!) ဘာသစ္စာတွေ့တွေ့ရသလဲ(ဒုက္ခသစ္စာတွေ့ တွေ့ရပါတယ်ဘုရား)။

အဲဒီတော့ ဒီ့ပြင်ဒုက္ခသစ္စာတွေ့ဆိုတော့ များနေမှာစိုးလို့ တကာတကာမတွေ့ ဒီဝိညာဏဓါတ်ခြောက်ပါး ကြည့်ပါ... (မှန်ပါ!) မျက်လုံးစိတ် ဖြစ်ပျက်ကိုကြည့်ပါ....(မှန်ပါ!) နားစိတ်ကော.....(ဖြစ်ပျက်ကြည့်ရပါမယ်) နှာခေါင်းစိတ်ဖြစ်ပျက်ကော (ကြည့်ရပါမယ်) လျှာပေါ်· ပေါ်တဲ့စိတ်ကလေး၏ ဖြစ်ပျက်.... (ကြည့်ရပါမယ်) ကိုယ်ပေါ်မှာ တကိုယ်လုံးမှာ ပေါ်ချင်တဲ့နေရာ ပေါ်တဲ့စိတ်ကို .. (ကြည့်ရပါမယ်)ဝမ်းထဲမှာ ကြံတွေးဆတဲ့စိတ်တွေ့— (ကြည့်ရပါမယ်) ရှု့ရှု့က်နေတဲ့စိတ်တွေ့ကို(ကြည့်ရပါမယ်ဘုရား) ဖြစ်ပျက်ရှုပါ... (မှန်ပါ!)။

ရှုလိုက်တော့ ဒီဟာတွေ့ဟာ ဘုရားက ဟောထားတော့.... "သံဒိဋ္ဌေန ပဋ္ဌပါဒါနက္ခန္ဓာ ဒုက္ခာ" ဆိုတော့ လောကီခန္ဓာတွေ့လဲ ဖြစ်နေသောကြောင့် တကာကြွယ် ဘာသစ္စာတုံး (ဒုက္ခသစ္စာပါဘုရား)။

ဩော်.... ဒုက္ခသစ္စာဆိုတာ တကာတကာမတို့ ဉာဏ်နဲ့တည့်တိုင်းတွေ့တယ်လို့ အောက်မေ့ပါ....(မှန်ပါ!)။

ဉာဏ်နဲ့တည့်တိုင်း-တည့်တိုင်း....(တွေ့ပါတယ်ဘုရား) ဉာဏ်နဲ့တည့်တိုင်း-တည့်ဘိုင်းဒုက္ခသစ္စာ တွေ့တယ်....(မှန်ပါ့ဘုရား)။

ဩော်....ဒါဖြင့် ဒို့သည်ကားလို့ဆိုယင်ဖြင့် ရေထဲမှာ ရေရှာဘို့မလိုပါဘူး....(မလိုပါဘုရား)။

ရေထဲမှာ....(ရေရှာဘို့ မလိုပါဘုရား) ရေတော့ ရှိတယ်ဗျာ၊ ရေက အရှာခက်လိုက်တာ ရေထဲနေတဲ့လူက ရေရှာဘို့ မလိုဘူး--(မလိုပါဘုရား)။

ဒီမှာလဲ ခင်ဗျားတို့ခန္ဓာက ဒုက္ခသစ္စာ၊ခန္ဓာကို ဉာဏ်နဲ့သာစိုက်ထား၊ရေထဲရေရှာသလို မဒနပါစေနဲ့၊ ခန္ဓာကို့ဉာဏ်နဲ့ စိုက်ထားလို့ရှိယင်ဖြင့် မြင်စိတ်ကလေး ပေါ်လာလဲ ဩော်.... ဒါခုနင်က ရေထဲမှာရေတွေ့သလိုဘဲ-ဒုက္ခသစ္စာဘဲ....(မှန်ပါ့ဘုရား)။

နဂိုရှိကိုက ဒုက္ခသစ္စာထဲမှာ ဉာဏ်က တည့်ထား တာကိုး....(မှန်ပါ့) ပေါ်လာတာ ဒုက္ခသစ္စာ....(မှန်ပါ့ဘုရား)။

ပေါ်လာတာ....(ဒုက္ခသစ္စာပါဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဉာဏ်က ဘယ်လှည့်ထားကြမလဲ.... (ခန္ဓာလှည့်ထားရပါမယ်) ခန္ဓာတခုလုံးဟာ ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား)။

အဲဒုက္ခသစ္စာတွေ့ အမျှားကြီးထဲကမှ စိတ်ဒုက္ခသစ္စာကိုရှုပါ....(မှန်ပါ့ဘုရား)။

ဘယ်ဒုက္ခသစ္စာကိုလဲ.... (စိတ်ဒုက္ခသစ္စာကို ရှုရပါမယ်ဘုရား)

စိတ်ရှုတဲ့လဲ များများမရှုပါနဲ့.....(မှန်ပါ့) မြင်စိတ်ပေါ်ယင်လဲ ရှုပါ...(မှန်ဖ့ါ) ကြားစိတ်ပေါ်ယင်....(ရှုရမှာပါဘုရား)။

နံစိတ်ပေါ်ယင်.... (ရှုရမှာပါဘုရား) စားစိတ်ပေါ်ယင်.... (ရှုရမှာပါဘုရား) ကိုယ်ပေါ်မှာ ယားတဲ့-ကောင်းတဲ့စိတ် ပေါ်ယင်.....(ရှုရမှာပါဘုရား)။

ကိုယ်ပေါ်မှာရှုရမယ်.... (မှန်လှပါဘုရား) ယားတဲ့စိတ်-ကောင်းတဲ့စိတ်ပေါ်ယင် ကိုယ်ပေါ်မှာရှု....(မှန်ပါ့ဘုရား)။

ဝမ်းထဲမှာ ဝမ်းသာတဲ့စိတ်ပေါ်ယင်လဲ.... (ရှုရမှာပါဘုရား) ဝမ်းနည်းတဲ့စိတ်ပေါ်ယင်....(ရှုရမှာပါ) လူချင်-တန်းချင်တဲ့စိတ် ကလေးပေါ်လာယင်... (ရှုရမှာပါဘုရား)။

ပေးချင်ကမ်းချင်တဲ့ စိတ်ပေါ်လာယင်.... (ရှုရမှာပါဘုရား) သနားတဲ့ စိတ်ပေါ်လာယင်.... (ရှုရမှာပါဘုရား) မေတ္တာရှိတဲ့ စိတ်ကလေးပေါ်လာလဲ.... (ရှုရပါမယ်ဘုရား) အကုန်ရှု-အကုန်ရှု၊ ရေထဲမှာပေါ်လာတာ ရေချည့် မှတ်ပေတော့ .... (မှန်ပါ့ဘုရား)။

ဒီမှာလဲ ဉာဏ်အောက် ရောက်နေတာတွေ ဒုက္ခသစ္စာချည့် မှတ်ပေတော့....(မှန်ပါ့ဘုရား)။

အဲဒီတော့ ဒုက္ခသစ္စာလို့ မမြည်ဘဲနဲ့ ဩော်....ဒါတွေသည် ကားလို့ဆိုယင် ဖြစ်ပျက်နေတဲ့ ဓမ္မတ္တပါကလားလို့ ဉာဏ်ထဲကမှတ်လိုက်လို့ရှိယင် ဒါဒုက္ခသစ္စာ သိတာလို့ မှတ်လိုက်ပါ.... (မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဖြစ်ပျက်သည် ဘာသစ္စာ.... (ဒုက္ခသစ္စာပါ) သိတာတ.... (မဂ္ဂသစ္စာပါ)ဒီဘက်က ပဋိစ္စသမုပ္ပါဒ် မထုတ်လာတာကသမုဒယချုပ်တာ... (မှန်ပါဘုရား)။

မထုတ်လာသောကြောင့် နောက်ခန္ဓာမရတာက.... (နိဗ္ဗာန သစ္စာပါဘုရား) ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

ကဲ....ယနေ့ ဒီတွင်တော်ကြဦးစို့....။

သာဓု....သာဓု....သာဓု....

ကျေးဇူးတော်ရှင် - အဂ္ဂမဟာဒါနတို

အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း - မိုးကုတ် ဆရာတော်ဘုရား

အမရပူရမြို့-ဓမ္မာရုံ၌ ဟောကြားဆုံးမတော်မူသော

(ဝိညာဏ်ပေါ်၌ သဿတဒိဋ္ဌိဖြုတ်ရန် သာတိဝတ္ထု)

နွေအလုပ်ပေး-တရားတော်

(၁၅ - ၁၀ - ၆၁)

အားလုံး တကာတကာမတွေ့ ဝိပဿနာဉာဏ်ပြီးယင် မဂ်ဉာဏ် လာတယ်လို့မှတ်ပါ.... (မှန်ပါဘုရား)။

ဝိပဿနာဉာဏ်လာပြီးယင်.... (မဂ်ဉာဏ် လာပါတယ်ဘုရား) သြော်... ဒါဖြင့် ဒို့ဝိပဿနာဉာဏ် ရှေးဦးစွာ တွေ့ဘို့ရာသာလျှင် အရေးကြီးတာဘဲ၊ ဝိပဿနာဉာဏ်ဆိုတာအစဉ်အတိုင်းပေါ်လာတာဘဲဆိုတာ အားလုံး မှတ်ထားကြပါ.... (မှန်ပါဘုရား)။

ကိုယ်တိုင်လုပ်ကြည့်ပါ တကာတကာမတို့.... (မှန်ပါ) ကိုယ်တိုင်လုပ်ကြည့်ပါတဲ့ ကိုယ်တိုင် လုပ်ကြည့်ကြပါ။ ကိုယ်တိုင် လုပ်ကြည့်တဲ့အခါကျတော့ ကိုယ့်ကိုယ်ထဲမှာက အနိစ္စကလေးတွေက စိတ်ကလေးတွေကလဲပေါ်လိုက်-ပျောက်လိုက်....(မှန်ပါဘုရား)။

စိတ်ကလေးတွေက ပေါ်လိုက်,ပျောက်လိုက် - ပေါ်လိုက် ပျောက်လိုက်နဲ့ ဒုက္ခကလေးတွေမြင်နေတာ ဝိပဿနာဉာဏ်လို့ သာ မှတ်လိုက်ပါ... (မှန်ပါဘုရား)။

စိတ်ကလေးတော့ဟာကြည့်လိုက်တဲ့အခါကျတော့ (၁)နံပါတ် စိတ်ကို (၂) နံပါတ်ဉာဏ်နဲ့ ကြည့်လိုက်ပြီဆိုမှဖြင့် ပေါ်လိုက် ပျောက်လိုက်-ပေါ်လိုက်·ပျောက်လိုက် ဒါကလေးတွေ တွေ့ပါလိမ့်မယ်....(မှန်ပါ့ဘုရား) ဒီဉာဏ်ကို-ဘာဉာဏ် ခေါ်ကြမယ်.... (ဝိပဿနာဉာဏ်ပါဘုရား)။

ဩော်.... ဝိပဿနာဉာဏ်ဆိုတာက ပေါ်လိုက်-ပျောက်လိုက် ပေါ်လိုက်·ပျောက်လိုက်မြင်တဲ့ ဉာဏ်ဟာ ဝိပဿနာ ဉာဏ်လို့ မှတ်ထားပါ....(မှန်ပါ့ဘုရား)။

ဝိပဿနာဉာဏ်ပြီးယင် ခုနင်ကပြောခဲ့တဲ့....မဂ်ဉာဏ်လာမယ် (မှန်ပါ့ဘုရား)။

မဂ်ဉာဏ် လာမယ်ဆိုတော့ ဩော် .... တကာတကာမတွေ့ ဝိပဿနာဉာဏ်ပြီးယင် မဂ်ဉာဏ်လာမယ်ဆိုတော့ ကိုယ့်အလုပ်က ဝိပဿနာဉာဏ်လာဘို့အလုပ်ဟာ ကိုယ်ဂရုစိုက်ရမည့် အလုပ်ပေါ့... (မှန်လှပါဘုရား)။

မဂ်ဉာဏ်ကတော့ ဝိပဿနာဉာဏ်ပြီးတယ်ဆိုလို့ရှိယင် ပေါ်လာတာဘဲ....(မှန်ပါ့ဘုရား)။

ပေါ်လာတော့ကို ဘုန်းကြီးတို့ တကာတကာမတွေ့က ဟာ မဂ်ဆိုတာသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ဆုတောင်းယူရတာ မဟုတ်ဘူးဟေ့၊ ဝိပဿနာဉာဏ်ဆိုတဲ့ ပေါ်လိုက်-ပျောက်လိုက် စိတ်ကလေးကို မြင်တဲ့ဉာဏ်ဟာ ဝိပဿနာဉာဏ်၊ ဒီဉာဏ်ပြီးယင် ဖျတ်ဆိုနိဗ္ဗာမြင်တဲ့မဂ်ဉာဏ်ပေါ်တာဘဲ....(မှန်ပါ့ဘုရား)။

ဒီဉာဏ်ပြီးယင်... (နိဗ္ဗာန်မြင်တဲ့ မဂ်ဉာဏ် ပေါ်ပါတယ် ဘုရား) နိဗ္ဗာန်မြင်တဲ့ မဂ်ဉာဏ် ပေါ်တာဘဲလို့ မှတ်လိုက်စမ်းပါ_(မှန်ပါ့ဘုရား)။

အားလုံး တကာတကာမတွေ့ စကားနှစ်လုံးတည်း ပြောနေပါတယ်....(မှန်ပါ့)ရှေးဦးစွာ ဘာဉာဏ်ပေါ်ရမလဲ....(ဝိပဿနာဉာဏ်ပေါ်ရပါမယ်) ဝိပဿနာဉာဏ်ပေါ်ပြီးသည်၏ အခြားမဲ့၌ တကာတကာမတွေ့က တောင့်တ ရသလား၊ ဝိပဿနာဉာဏ်ကဘဲ အနန္တရပစ္စယော=အခြားမရှိမှု၍ ကျေးဇူးပြုတယ်....(မှန်ပါ့ဘုရား)။

အနန္တရပစ္စယော=အခြားမဲ့မှု၍ ကျေးဇူးပြုတယ် ဆိုတော့ ဝိပဿနာဉာဏ်လဲ ချုပ်သွားရော မဂ်ဉာဏ် ပေါ်လာတယ်....(မှန်ပါ့ဘုရား)။

ဒါဖြင့် တကာတကာမတို့ အလုပ်က ဘယ်အလုပ် ပါလိမ့်မတုံး၊ဒို့ အပါယ်တံခါးပိတ်ဘို့အလုပ် အိုဘေး,နာဘေး,သေဘေးရုပ်သိမ်းဘို့အလုပ်ဟာ ဘယ်အလုပ်ကို ဒို့လက်ကိုင်ထားရမှာပါလိမ့်မလဲလို့ ဦးလှဘူးတို့ကမေးမယ် ဦးမာဒင်တို့က မေးမယ်....(မှန်ပါ့ဘုရား) ဘာမှအထူးအတွေ့ မကြုံစည်ပါနဲ့ ဝိပဿနာဉာဏ်ရယင်ပြီးတာဘဲ....(မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘာရဘို့ အရေးကြီးသလဲ....(ဝိပဿနာဉာဏ်ရဘို့အရေးကြီးပါတယ်ဘုရား)။

ဆဲဒီတော့ ဝိပဿနာဉာဏ်ရမှ မဂ်ဉာဏ်က အလိုလို ပေါ်မယ်...(မှန်ပါ့ဘုရား)။

ဝိပဿနာဉာဏ်ရယင်....(မဂ်ဉာဏ်က အလိုလို ပေါ်ပါတယ်) မဂ်ဉာဏ်က အလိုလို ပေါ်လာတော့မယ် ဆိုတော့ ဩော်....မဂ်ဉာဏ်ရတယ်ဆိုတာလဲ ခင်ဗျားတို့က တခြား မူတ်မနေနဲ့၊ မဂ်ဉာဏ်ရတယ်ဆိုတာ နိဗ္ဗာန်ရောက်တာ.... (မှန်ပါ့ဘုရား)။

မဂ်ဉာဏ်ရတယ်ဆိုတာ....(နိဗ္ဗာန်ရောက်တာပါ)နိဗ္ဗာန်ရောက်တာဘဲဆိုတာ သေချာကြပလား.... (သေချာပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ အရေးတကြီးထားရမည့်ဉာဏ်ကဘယ်ဉာဏ်ပါလိမ့်.... (ဝိပဿနာဉာဏ်ပါ) ဝိပဿနာ ဉာဏ်ဘဲလို့ သေသေချာချာ မှတ်ကြပါနော် .... (မှန်ပါဘုရား)။

ဝိပဿနာဉာဏ်ရပြီးလို့ရှိယင် မဂ်ဉာဏ် လာပါစေတော့၊ နိဗ္ဗာန်လာပါစေတော့ ကိုယ်က ပယောဂမစိုက်ရပါဘူး-(မှန်ပါ) ဝိပဿနာဉာဏ်က ကျေးဇူးပြုတယ်ဆိုတာ ကျုပ် ချုပ်တော့မယ် ခင်ဗျား မဂ်ဉာဏ်ပေါ်တော့....(မှန်ပါ) သူက နေရာပေးသွားတယ်....(မှန်ပါ)။

ပဲ့ကြည့်တဲ့အခါကျလို့ရှိယင် ရှေ့လူက မကြည့်ချင်လို့ရှိယင် ဖြင့် ရှေ့လူက အိမ်ပြန်သွားတယ်ဆိုယင် နောက်လူက တကာသစ်-ရေ....ကျုပ်နေပါရစေ ပြောရသေးသလား- ကိုယ့်သဘောအတိုင်း ဖြစ်မသွားဘူးလား .. (ကိုယ့်သဘောအတိုင်း ဖြစ်သွားပါတယ်ဘုရား) ဟိုက နေရာပေးသွားတဲ့သဘော မရောက်ဘူးလား....(ရောက်ပါတယ်ဘုရား)။

ဒီမှာလဲ ဦးမာဒင်တို့ ဦးသန်းမောင်တို့ ဦးဗထွေးတို့ မှတ်စရာက ငါတို့အလုပ်က ဝိပဿနာဉာဏ်အလုပ်....(မှန်ပါ) မဂ်ဉာဏ်ပေါ်ဘို့အလုပ်က ဒီ-ဝိပဿနာဉာဏ် ရင့်ကျက်ယင် သူ့ဟာသူပေါ်တာဘဲ....(မှန်ပါ) ဆိုတော့ ဒို့အလုပ်ကို ဒို့မှတ်ထားဘို့ဘဲ မဂ်လာပါစေ၊ နိဗ္ဗာန်မြင်ရပါစေ....လို့ ဘယ်တော့မှ ဆုလဲမတောင်းနဲ့ လုပ်နေရင်းလဲ မမြော်လင့်နဲ့.... (မှန်ပါ) မြော်လင့်ယင် နိကန္တိဖြစ်တယ်....(မှန်ပါ)။

မြော်လင့်ယင်.... (နိကန္တိဖြစ်-ပါတယ်ဘုရား) မြော်လင့်ယင် နိကန္တိဖြစ်တော့ ဘယ်နည်းနဲ့မှ ဒီရှေ့က ဝိပဿနာဉာဏ်က မဆုံးဘူး... (မှန်ပါ့) တဏှာကြားခိုသွားတယ်....(မှန်ပါ့ဘုရား) ဝိပဿနာဉာဏ်နဲ့မဂ်ဉာဏ်ကြားမှာ တဏှာကြားခိုသွားလို့ရှိယင် ဖြင့် မဂ်ဉာဏ်မပေါ်လို့ နိဗ္ဗာန်မမြင်ရ.... (မှန်ပါ့) သဘောပါပလား....(ပါ၊ပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့အလုပ်က ဘယ်အလုပ်ပါလိမ့်....(ဝိပဿနာဉာဏ်အလုပ်ပါဘုရား)။

ဝိပဿနာဉာဏ်အလုပ်၊ သူ့ကိုသာ ကျုပ်တို့က ပေါ်လာလဲအင်း... ဒါကလေးဟာဖြင့် အပျက်ကလေးဘဲ၊ ဒါကလေးဟာဖြင့် အပျက်ကလေးဘဲ၊ အဖြစ်ထည့်ချင်လဲ ထည့်တာပေါ့ ၊ သြော်....ဖြစ်ပြီးမှ ပျက်ရတာကိုး....(မှန်ပါ့) ဒီလိုသာ အားလုံးဘုန်းကြီးတို့ တကာတကာမတွေ့က လိုက်နေဘို့ဘဲ.... (မှန်လှပါဘုရား)။

လိုက်နေတဲ့အခါကျလို့ ရှိယင်ဖြင့် ဘာဖြစ်လို့ ဒါလောက်ဘုန်းကြီး အလိုက်ခိုင်းပါလိမ့်မတုံးမေးတော့ အို....ဒီလို လိုက်နေတာက ဖြစ်ပျက်-မဂ်၊ ဖြစ်ပျက် မဂ် ဖြစ်ပျက် မဂ်ဆိုပြီး ဦးမာဒင်တို့ လိုက်ပါ.... (မှန်ပါ့) ဦးဗထွေးတို့လဲ ဒီအတိုင်းဘဲနော်.... (မှန်ပါ့)။

ဖြစ်ပျက်မဂ် ဖြစ်ပျက်မဂ်ဆိုပြီးတော့တကာကြွယ်တို့,ဦးဗထွေးတို့ လိုက်နေ.... (မှန်ပါ့) လိုက်နေတာက ဘာကျေးဇူးရှိသတုံးဘုရာ့....လို့မေးဘို့မလိုဘူးလား....(လိုပါတယ်ဘုရား) လိုက်နေ

တာက အဝိဇ္ဇာပါးတယ်, ဒိဋ္ဌိပျောက်တယ်, တဏှာသေတယ်လို့ နေ့လယ်က ပြောခဲ့တယ်....(မှန်ပါ့) အဝိဇ္ဇာချုပ်တယ်, တဏှာချုပ်တယ်,ဒိဋ္ဌိချုပ်တယ်....(မှန်ပါ့)။

ဒါ....ဘာဖြစ်လို့ချုပ်တာပါလိမ့်... (ဝိပဿနာလိုက်နေလို့ ပါဘုရား) ဝိပဿနာမဂ်ဉာဏ်က ဒိဒိဋ္ဌိတွေကို နှင်ထုတ်တယ်.... (မှန်လှပါဘုရား) အဝိဇ္ဇာတွေပါးအောင်လုပ်တယ်... (မှန်လှပါဘုရား) တဏှာတွေကိုလဲ ပါးအောင်လုပ်တယ်....(မှန်ပါ့)။

ဒါ့ကြောင့် ဝိပဿနာအလုပ်ကတော့ ဘယ်နှစ်ကြိမ်လုပ်ရမှာတုံးလို့ ဘုန်းကြီးများကိုတကာတကာမတွေက မမေးပါနဲ့နော် (မှန်လှပါ) ခင်ဗျားတို့ကိုလေသာထူသလောက် ပါးအောင်လုပ်တာက ဝိပဿနာဉာဏ်အလုပ်.. (မှန်ပါ့)။

ကိုလေသာဝမ်းထဲမှာ ထူထဲသလောက် ပါးအောင်လုပ်ရတာ ဘယ်သူပါလိမ့်... (ဝိပဿနာဉာဏ်ပါဘုရား) ဝိပဿနာဉာဏ်အလုပ်..(မှန်ပါ့)။

ဩော်....ဒါဖြင့် ဝိပဿနာဉာဏ် တကာသစ်ကလဲ ယခုတနားကြိုးစားနေတယ်....(မှန်ပါ့) ဟိုဘုန်းကြီးတို့ တကာတကာမတွေ ဦးမာဒင်တို့ တကာကြွယ်တို့ကလဲ ကြိုးစားနေတယ်.... (မှန်ပါ့ ဘုရား)။

တပည့်တော် ဝိပဿနာဉာဏ် အရှင်ဘုရား ဘယ်လောက် ကြာကြာလုပ်ရမှာတုံးဘုရာ့၊ တပည့်တော်တို့မှာလဲ သားရေး, သမီးရေး,စီးပွားရေး အစရှိသည်နဲ့ ဆင်ခြေဘခု ပေါလာချင်လဲ ပေါလာမယ်....(ပေါလာပါမယ်ဘုရား)။

ခင်ဗျားတို့ သားရေး, သမီးရေး, စီးပွားရေး အသာထား စမ်းပါ၊ ဝိပဿနာဥာဏ်က ခင်ဗျားတို့သန္တာန်မှာ တသံသရာလုံးက မိုက်တာကို သူကနေပြီး ဖြေရှင်းချက် ထုတ်နေရတာ.... (မှန်ပါ့)။

အဲဒီ အမိုက်ကုန်မှ မိုက်ဥာဏ်ပေါ်မှာ.... (မှန်ပါ့) ဆိုတော့ ဘယ်တော့ ပြီးမှာတုံးလို့ ဘုန်းကြီးကို မေးဘို့မလိုဘူး.... (မလို့ပါဘုရား) လိုသေးသလား.... (မလိုပါဘုရား) ရှင်းပြီနော်.... (ရှင်းပါပြီဘုရား)။

ဝိပဿနာဥာဏ် ဘယ်လောက်ကြာကြာ ရှုရမှာတုံး ဘုရဲ့ ဆိုတော့ အို.... တကာတကာမတွေ့သန္တာန်ရှိတဲ့ ကိလေသာကို ပါးသည်ထက်ပါးအောင် ဒီဥာဏ်က အားထုတ်လေလေ ဒိဋ္ဌိကိလေသာ, အဝိဇ္ဇာကိလေသာ, တဏှာကိလေသာ တကာသစ် ထူထဲတဲ့ပုဂ္ဂိုလ် နည်းနည်းကြာတယ်....(မှန်ပါ့)။

ထူထဲတဲ့ပုဂ္ဂိုလ်မှာ... (နည်းနည်းကြာတယ်ဘုရား) နည်းနည်းကြာတယ်လို့ မှတ်ထားလိုက်စမ်းပါ...(မှန်ပါ့)။

ကဲ.... နည်းနည်းကြာတော့ တပည့်တော်တို့ ဘယ်တော့ ပြီးမှာတုံးလို့ မေးရတာက ဆရဲ့အပေါ် မေးဘို့လား....တဲ့၊ ကိုယ့်ကိလေသာထူမှုကို ကိုယ့်ဥာဏ်နဲ့ ဆေးကြောနေရတာလား-(ကိုယ့်ကိလေသာထူမှုကို ကိုယ့်ဥာဏ်နဲ့ ဆေးကြောနေရတာပါဘုရား) ပေါ်ပါပြီ ဒါလောက်ဆိုယင်.... (မှန်ပါ့) မပေါ်ကြသေးဘူးလား ...(ပေါ်ပါပြီဘုရား)။

ပေါ်ပြီ....တဲ့ ဒါ....ဝိပဿနာဥာဏ် ဘယ်လောက်အားထုတ်

ရမှာတုံးလို့ မေးတဲ့အခါကျလို့ရှိယင် အဖြေထွက်သွားပြီ.... (ထွက်ပါပြီဘုရား)။

တကာတကာမတို့ အဖြေထွက်ပလား.... (ထွက်ပါပြီဘုရား ဘယ်လိုထွက်ပါလိမ့်.... (ကိုယ့်ကိုလေသာထူသလောက် ကိုယ့်ဉာဏ်နဲ့ဆေးကြောနေရတာပါဘုရား)။

အဲ....ထုကြီးယင် နည်းနည်းကြာလိမ့်ဦးမယ် တကာတကာမတို့... (မှန်ပါ့) ထုသေးယင်....(မြန်ပါတယ်ဘုရား)။

ထုသေးယင် မြန်လိမ့်မယ်ဆိုတော့ ပါရမီတွေ,ဘာတွေ ဘာမှ ချမနေပါနဲ့လို့ ဘုန်းကြီးတို့က သတိပေးလိုက်တယ်.... (မှန်ပါ့ဘုရား)။

ပါရမီတွေ,ဘာတွေ ဘုန်းကြီးတို့ တကာ တကာမတွေက ဘာမှ ချမနေနဲ့၊ ငါ့မှာ ပါရမီမရှိလို့ ကြာထင်ပါရဲ့၊ ပါရမီမရှိလို့ မဂ်ဉာဏ်ပေါ်ခဲထင်ပါရဲ့၊ ဒါတွေ ဆင်ခြေမလဲပါနဲ့၊ ဒီဘက်ကို အထင်ကိုလဲ မစူးစိုက်လိုက်ပါနဲ့....(မှန်ပါ့) ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

ကြာပြီ ငါ အားထုတ်နေတာ ဘယ်နှယ်ကြောင့်ပါလိမ့်။ ဘယ်နှယ်ကြောင့်မှ မဟုတ်ဘူး ကိုယ့်ထုကြီးလို့ ကိုယ်ရှင်းနေရတာ ...(မှန်ပါ့) ဘယ်လိုဆိုကြမလဲ....(ကိုယ့်ထုကြီးလို့ ကိုယ်ရှင်းနေရတာပါဘုရား)။

အဲဒီတော့ ငါ့ပါရမီမရှိလို့လား၊ ဘာမို့လားဆိုတာကို ဘုန်းကြီးတို့ တကာတကာမတွေက အဖြေတွေ,ဘာတွေရှာပြီးမနေဘဲနဲ့ ဩော်.. ဝိပဿနာဉာဏ်အဆုံးမှာ မဂ်ဉာဏ်လာမှာ

ဘဲလို့ ဘုရားကလဲ ဟောထားတယ်၊ ဆရာဘုန်းကြီးကလဲ ထပ်ပြန်ပြီး သတိပေးထားတယ်... (မှန်ပါ့)။

သူ ဘယ်နှယ်ကြောင့် မလာပါလိမ့်မတုံး.... (ကိုလေသာထူကြီးလို့ပါဘုရား) ထူ,မကုန်သေးလို့....(မှန်ပါ့ဘုရား)ပါးသင့်သလောက် မပါးသေးလို့ မလာသေးတာလို့ ဦးမာဒင်တို့, ဦးသန်းမောင်တို့ မှတ်ရမယ်... (မှန်ပါ့)။

မဂ်ဉာဏ်လာဘို့ အတော်ကောင်းနေပြီ၊ ကြိုးစားနေတာလဲ အတော်ကြိုးစားသားဘဲ၊ ဘာမျှားဖြစ်နေသတုံး၊ ပါရမီကြောင့် ဘဲလား၊ ရောဂါဥပဒ်အန္တရာယ်ထူလို့ ဘဲလား၊ လုပ်နေတာလဲ အမှန်သားဘဲ၊ ဘာမျှား ဖြစ်နေပါလိမ့်မတုံးလို့ သံသယမလာနဲ့ တကာကြွယ်,ရ.. (မှန်လှပါ) ရှင်းပလား....(ရှင်းပါပြီ)။

ကိုယ့်ဟာကိုယ်သာ ဆုံးဖြတ်ချက်ချ.... (မှန်ပါ့) ဘယ်လို ဆုံးဖြတ်ချက်ချမလဲ- (ကိုလေတာ မပါးသေးလို့ပါ) မဂ်ဉာဏ်လာလောက်အောင် ကိုလေသာမပါးသေးလို့ မလာသေးတာ.... (မှန်လှပါ) ရှင်းပလား -- (ရှင်းပါပြီ) မဂ်ဉာဏ်လာလောက်အောင်....(ကိုလေသာမပါးသေးလို့ပါဘုရား)။

ဒီတလုံးဟာ သေသေချာချာမှတ်စမ်းပါ.. (မှန်ပါ့)ဒီတလုံးဟာကတဲ့ ဒီအထဲမှာ ဘုန်းကြီးတို့က ဒါကို ဆုံးမသွန်သင်ပြီးသကာလ ဦးဗထွေးတို့ ဦးသန်းမောင်တို့ မထားလို့ ရှိယင် ဘယ်နှယ်တုံး ကိုယ်ဒီဘဝရထိုက်တဲ့ပုဂ္ဂိုလ်မဟုတ်လို့ ထင်ပါရဲ့၊ အံမာလေး-ဒီဆင်ခြေက လာချင်လာပစ်လိုက်တာ-(လာမှာပါဘုရား)။

ကိုယ့်ကိုယ်ကဘဲ ပါရမီကသေးသိမ်လို့ထင်ပါရဲ့.... (မှန်ပါ့) ဒီလိုမယူကြပါနဲ့တဲ့၊ ဖြစ်ပျက်မြင်ယင် ပါရမီပြည့်စုံပြီးသား.... (မှန်ပါ့)။

ထုကြီးယင် နည်းနည်းကြာမယ်....(မှန်ပါ့) ထုသေးယင် မြန်မြန်ပေါ်မယ်....(မှန်ပါ့) ဒါသာဆုံးဖြတ်ချက်ချပါ.... (မှန်ပါ့) ကျေနပ်ကြပလား....(ကျေနပ်ပါပြီဘုရား)။

ကျေနပ်ကြစမ်းပါတဲ့....၊ ဒါဟာ သံယုတ်အဌကထာမှာလဲ ဦးမာဒင် ဒီအတိုင်းလာတယ်....(မှန်ပါ့)။

ဝိပဿနာသမ္မာဒိဋ္ဌိဆိုတာ ဘာတုံးလို့ မေးတဲ့အခါကျလို့ ရှိယင် "ဝိပဿနာဉာဏ် အနိစ္စဒိဝသေန ခန္ဓာဒီသု ဝိသောဓိတေသု" ဝိပဿနာဉာဏ်ကကွာတဲ့ အနိစ္စဆိုတာ သူမြင်အောင် ကြည့်နေရတယ်တဲ့.... (မှန်ပါ့) ဖြစ်ပျက်မြင်အောင် ကြည့်နေရတယ်....(မှန်ပါ့) အနိစ္စဆိုတာ ဖြစ်ပျက်....(မှန်ပါ့)။

အဲဒီတော့ သူက ဒါတွေသုတ်သင်နေရတာဘဲတဲ့။ ဒါတွေ ဖြစ်ပျက်မြင်အောင်လုပ်နေရတာဘဲတဲ့၊ ဖြစ်ပျက်မြင်အောင်လုပ်ပြီးသကာလ နေတော့မှ "ဝိပဿနာဉာဏ် အနိစ္စာဒိဝသေန ခန္ဓာဒီသု ဝိသောဓိတေသု" ခန္ဓာဒီသု= ခန္ဓာအစရှိသည်တို့ကို၊ ဝိသောဓိတေသု=သုတ်သင်ပြီးသည်ရှိသော်.... (မှန်ပါ့)။

သူက တခါတည်း ခန္ဓာအနိစ္စတွေကို ရှင်းရှင်းနေအောင် သုတ်သင်ရတယ်....(မှန်ပါ့)။

ဝိပဿနာဉာဏ်က ... (ခန္ဓာအနိစ္စတွေကို ရှင်းရှင်းနေအောင် သုတ်သင်ရပါတယ်) ခန္ဓာကို အနိစ္စရှင်းအောင် သုတ်သင်နေတယ်.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

ဝိပဿနာဉာဏ်က ဘာလုပ်နေပါလိမ့်....(ခန္ဓာကို အနိစ္စရှုင်းအောင်သုတ်သင်နေပါတယ်ဘုရား)။

ခန္ဓာကို အနိစ္စအစရှိသည် ရှုင်းသည်ထက်ရှုင်းအောင်၊ ရှုင်းသည်ထက်ရှင်းအောင် အစစ်ပါလားဆိုတာကို ဆုံးဖြတ်ချက်ချနိုင်လောက်အောင် သူက ရှင်းနေပါတယ်.... (မှန်ပါ့)။

ပြီးတော့မှ ပစ္ဆာ=နောက်ကာလမှ၊ ဘူမိလဒ္ဓ = ဉာဏ်၏တည်ရာကိုရ၍ သြော်.... ဒီကျမှ အနိစ္စအစစ် ဖြစ်ပြီဟ.ဆိုတဲ့ဉာဏ်ကသေချာသွားပြီ....(မှန်ပါ့)။

အနိစ္စအစစ်ဖြစ်ပြီ....လို. သူရှုဖန်များတော့အနိစ္စအစစ်ဘဲ၊ဒါဘာမှမရောတော့ဘူး ဆိုပြီးသကာလ တကာကြွယ်ရေ- ကိုလေသာပါးလို့ သေသေချာချာ ထင်လာတယ်....(မှန်ပါ့)။

ကိုလေသာပါးတာနဲ့.... (သေသေချာချာထင်လာပါတယ်) သေသေချာချာ ထင်လာပါပြီတဲ့....(မှန်ပါ့)။

အဲဒီကဲ့သို့ သေသေချာချာထင်လာတော့မှ ဘူမိလဒ္ဓ=ဘုံအားဖြင့်ရထိုက် ဉာဏ်၏တည်ရာကိုရသော၊ ဝဋ္ဋ=ဖြစ်ပျက်ဆိုတဲ့ခန္ဓာဇာတ်ကြီးသည်၊ ခန္ဓာက ဖြစ်ပျက် ဖြစ်ပျက်နဲ့ပြနေတဲ့သဘောကြီးဟာလေ....(မှန်ပါ့) ပရိစ္ဆေဒမာနာ=စွန့်ပစ်လိုက်တယ် (မှန်ပါ့) အံမာ .. ဝိပဿနာဉာဏ်က ဒီဖြစ်ပျက်ကြီးကို မမြင်တော့ဘူး....(မှန်ပါ့)။

တကာတကာမတို့ ဝိပဿနာဉာဏ်က.... (ဖြစ်ပျက်ကြီးကို မမြင်တော့ပါဘုရား)။

သြော်.... ကြည့်စမ်း အနိစ္စလဲ သူ-ရှင်းရှင်းလင်းလင်းမြင်ပြီး တခါတည်း ဝိပဿနာဉာဏ်က ဦးမာဒင်- ဖြစ်ပျက်ကိုစွန့်ပစ်လိုက်တယ်....(မှန်ပါ့) မြင်ကိုမြင်တော့ဘူး....(မှန်ပါ့)။

တကာတကာမတို့ ဝိပဿနာဉာဏ်အဆုံးဆိုတာလဲပေါ်လာပြီ (ပေါ်လာပါပြီ)ဖြစ်ပျက်တွေမြင်နေတာဝိပဿနာဉာဏ်(မှန်ပါ့) ဖြစ်ပျက်တွေ့ မမြင်တော့ဘူးတဲ့၊ ဝိပဿနာဉာဏ်က စွန့်ပစ်လိုက်ပြီတဲ့....(မှန်ပါ့) ဝိပဿနာဉာဏ်ကစွန့်ပစ်လိုက်တော့ ခန္ဓာထဲမှာ အနိစ္စဖြစ်ပျက်တွေ့ မမြင်တော့ဘူး....(မှန်ပါ့)။

ပရိစ္ဆေဒမာနာ=သူကဖြစ်ပျက်တွေ့စွန့် မမြင်တဲ့ အခြေအနေရောက်သည်ရှိသော်၊ မဂ္ဂသမ္မာဒိဋ္ဌိ=နိဗ္ဗာန်မြင်တဲ့မဂ်ဉာဏ်သည်၊ ဥပဇ္ဇတိ=ဖြစ်ပေါ်လာ၏....တဲ့....(မှန်ပါ့)။

သြော်.... ဝိပဿနာဉာဏ်က ဖြစ်ပျက်တွေ့မြင်ပြီး သူမမြင်တဲ့အဆုံးမှ မဂ်ဉာဏ်ကဖျတ်ကနဲပေါ်လာတာ ... (မှန်ပါ့)။

ဒီပြောတဲ့ အရေးကလေးဟာ တကာတကာမတို့ သာမည အရေးလို့ မမှတ်လိုက်ပါနဲ့ တကာကြွယ် ... (မှန်ပါ့)ခင်ဗျားတို့ အလုပ်-လုပ်နေတာကို ဆုံးဖြတ်ချက်ချပေးနေတာ.... (မှန်လှပါဘုရား)။

ဦးမာဒင် ဒီအရေး သေးသလား....(မသေးပါဘုရား) မသေးပါဘူးတဲ့ တကာတကာမတို့ အင်မတန်ကိုဘဲ ခင်ဗျားတို့ လှိုက်လှိုက်လဲလဲနဲ့ ဟောဒီအမြင်ပြီးယင် ဒီအမြင်လာလိမ့်မယ်လို့ သေသေချာချာဟောနေတာ....(မှန်ပါ့)။

ဖြစ်ပျက်တွေမြင်နေတဲ့ ဝိပဿနာဉာဏ် လာလိမ့်မယ်နော်.... (မှန်ပါ့) အဲဒီဝိပဿနာဉာဏ်ဘယ်လောက်ကြာမတုံးလို့မေးတော့ တကာသစ်က ခုနင်က ဖြေလိုက်တယ်၊ ကိုလေသာထုကြီးယင်တော့ ကြာလိမ့်မယ်ဘုရား....၊ နဂိုရိကပါလာတဲ့ ကိလေသာထုသေးယင်တော့ဖြင့် . (မကြာပါဘုရား)အင်း... ဖြစ်ပျက်တွေ သူ့စွန့်တာ မြန်ပါစေ့မယ်....(မှန်ပါ့)။

ကိလေသာထုကြီးနေယင် ဖြစ်ပျက်ဘဲမြင်နေမယ်....(မှန်ပါ့) အနိစ္စတွေဘဲ မြင်နေမယ်....(မှန်ပါ့)။

ခန္ဓာကိုယ်စိုက်ကြည့်လိုက်ယင် ဘာတွေဘဲမြင်မလဲ.... (အနိစ္စတွေဘဲ မြင်ပါမယ်ဘုရား)။

ဒီလိုမြင်နေသေးလို့ရှိယင်ဖြင့် နောက်ကမဂ်ဉာဏ်က မပေါ်နိုင်ဘူး....(မှန်ပါ့ဘုရား)။

နောက်က နိဗ္ဗာန်မြင်တဲ့မဂ်ဉာဏ်က.... (မပေါ်နိုင်သေးပါဘုရား)။

ဟာ .... တကာသစ်တို့, ဦးမာဒင်တို့ ဘယ့်နှယ်ကြောင့် မပေါ်ပါလိမ့်မတုံး...၊ တပည့်တော် ဖြစ်ပျက်တွေ မြင်လျက်သားနဲ့ ဘယ့်နှယ်ကြောင့် မပေါ်ပါလိမ့်မတုံး.... (ကိလေသာထုကြီးနေလို့ပါဘုရား) ပေါ်ပြီ.၊ ခင်ဗျားတို့ အဖြေနဲ့ ခင်ဗျားတို့ဖြေ.... (မှန်ပါ့ဘုရား) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ခင်ဗျားတို့က ဘယ့်နှယ်ဖြေလိုက်သလဲ .... (ကိလေသာထုကြီးလို့ပါဘုရား) ကိလေသာထုက တကာတကာမတို့ မဂ်ဉာဏ်ပေါ်ခွင့် မပေးဘူး... (မှန်ပါ့)။

ကိလေသာထုက.... (မဂ်ဉာဏ်ပေါ်ခွင့် မပေးပါဘုရား) မဂ်ဉာဏ်ပေါ်ခွင့် မပေးဘူး....(မှန်ပါ့) ရှင်းကြပလား ..(ရှင်းပါပြီဘုရား)။

ကိလေသာထုက....(မဂ်ဉာဏ်ပေါ်ခွင့်မပေးပါ) မပေးသေးသ၍ ကာလပတ်လုံး တကာကြွယ်တို့, ဦးမာဒင်တို့, ဦးဗထွေးတို့က မှတ်လိုက်တာပေါ့ သြော် .. ဖြစ်ပျက်နဲ့ဘဲ နေရဦးမှာဘဲ (နေရမှာပါဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဖြစ်ပျက်နဲ့ နေပြီးသကာလ နေရဦးမှာဘဲ....(မှန်ပါ့ဘုရား) နောက် သူ့ ကိလေသာထု ပါသွားတဲ့အခါကျတော့ ဝိပဿနာဉာဏ်က ဖြစ်ပျက်စွန့်မယ်....(မှန်ပါ့)။

ဖြစ်ပျက်စွန့်ပစ်လိုက်တယ်၊ မမြင်တော့ဘူး... (မှန်ပါ့) မမြင်တော့သူက အနန္တရပစ္စည်းဆိုတဲ့အတိုင်း သူက ဝိပဿနာဉာဏ်က ချုပ်သွားတယ်... (မှန်ပါ့) ချုပ်သွားပြီးတော့ ဒီနေရာ မဂ်ဉာဏ်ပေါ်လာတယ်... (မှန်ပါ့)။

ဝမ်းထဲမှာ ဝိပဿနာဉာဏ်ချုပ်ပြီး ဦးမာဒင် ဘာပေါ်လာသတုံး....(မဂ်ဉာဏ်ပေါ်လာပါတယ်ဘုရား)။

အဲဒီမှာ နိဗ္ဗာန်မြင်တဲ့ မဂ်ဉာဏ်ပေါ်လာတယ် .... (မှန်ပါ့) ချုပ်ဆုံးရာမြင်တဲ့ မဂ်ဉာဏ်ပေါ်လာတယ်....(မှန်ပါ့)ရှင်းပလား (ရှင်းပါပြီဘုရား) ဘယ်သူပေါ်လာသတုံး .. (နိဗ္ဗာန်မြင်တဲ့ မဂ်ဉာဏ်ပေါ်လာပါတယ်ဘုရား)။

ချုပ်ဆုံးရာမြင်တဲ့ မဂ်ဉာဏ် ပေါ်လာတာက ဘယ်နှယ်ကြောင့် သူပေါ်ပါလိမ့် မတုံးဆိုတော့ ဝိပဿနာဉာဏ်ကကိလေသာတွေ အကုန်ရှင်းပေးလို့....(မှန်ပါ့ဘုရား)။

မင်္ဂဗာဏ်က သူပေါ်ခွင့်ရပြီဆိုပြီး ပေါ်လိုက်တော့ သော တာပန်တည်ပါတယ်....(မှန်ပါဘုရား)။

ဒါဖြင့် သောတာပန်တည်ဘို့မှာ ဒီသံယုတ် အဋ္ဌကထာအလို မှာ ဘုရားဟောတော် မူတဲ့အတိုင်း ပြောရလို့ရှိယင် တကာ တကာမတို့ နှစ်ဉာဏ်နဲ့ ကိစ္စပြီးတယ်....(မှန်ပါ့) ဝိပဿနာဉာဏ် ပြီးယင် မင်္ဂဗာဏ်လာတယ်....(မှန်ပါ့ဘုရား)။

ဘာတဲ့တုံး....(ဝိပဿနာဉာဏ်ပြီးယင် မင်္ဂဗာဏ် လာပါတယ် ဘုရား)ဝိပဿနာဉာဏ်ပြီးယင် မင်္ဂဗာဏ်လာတော့တာဘဲ၊ ဦးမာဒင်-သေချာပြီ....(မှန်ပါ့ဘုရား)။

အဲဒီတော့ ဘုန်းကြီးတို့ တကာတကာမတွေက ခန္ဓာကိုယ် ထဲမှာ ကြည့်လိုက်တော့ မရှိတာကလေးတွေချည့် တွေ့နေလို့ရှိ ယင်ဖြင့် ဒါ ဝိပဿနာဉာဏ် ငါရပြီသာ ဆုံးဖြတ်ချက် ချ.... (မှန်ပါ့ဘုရား)။

ခန္ဓာထဲပေါ်တဲ့ စိတ်ကလေးတွေ ကြည့်လိုက်.... (ဝိပဿနာ ဉာဏ်ရပါပြီဘုရား) ကြည့်လိုက်တဲ့ အခါကျတော့ ရှိသေးရဲ့ လား....(မရှိပါဘုရား)။

မရှိတာသိတဲ့ဉာဏ် ဘာဉာဏ်ပါလိမ့်.... (ဝိပဿနာဉာဏ်ပါ ဘုရား) အို....ဒါမပူနဲ့တော့ဝိပဿနာဉာဏ်ရပြီ....(မှန်ပါ့ဘုရား)

တကာတကာမတို့ ဘာရသတုံး.... (ဝိပဿနာဉာဏ်ရပါတယ် ဘုရား) နို့ဘုရားက ဝိပဿနာဉာဏ်ပြီး ဘာဉာဏ် လာရမတဲ့.... (မင်္ဂဗာဏ်လာရပါမယ်) ဩ်....ဦးမာဒင် သေချာပြီ .. (သေ ချာပါပြီဘုရား)။

ဝိပဿနာဉာဏ်ပြီးယင်.... (မဂ်ဉာဏ် လာရပါမယ် ဘုရား) တကာကြွယ်-နေရာကျွံပြီ....(ကျပါပြီဘုရား)။

ဒါဖြင့် ကျုပ်တို့ဖြစ်ပျက်မြင်နေတဲ့ဉာဏ်ဟာ ဘာဉာဏ်ခေါ်ကြမယ်....(ဝိပဿနာဉာဏ်ပါဘုရား) သူဟာ တာရှည် မြင်နေရတာ ဘယ်နှယ်ကြောင့်ပါလိမ့် မတုံးဆိုတော့ ရှေ့ကကိလေသာထု ရှင်းနေရလို့....(မှန်ပါ့ဘုရား)။

ဘယ်လို မှတ်ကြမယ်.... (ကိလေသာထု ရှင်းနေရလို့ ပါ) ကိလေသာထုကို ရှင်းနေရတာနဲ့ဖြစ်ပျက်တခါမြင်ယင် ဉာဏ်က ကိလေသာ တခါရှင်းတာဘဲ.... (မှန်ပါ့ဘုရား) တခါမြင်ယင်.... (တခါရှင်းပါတယ်ဘုရား) ကိလေသာ တခါရှင်းပြန်တာဘဲ.... (မှန်ပါ့) နောက်တခါမြင်ပြန်ယင်.... (ကိလေသာ တခါရှင်းပါတယ်ဘုရား)။

ဩော်....ဝိပဿနာဉာဏ်က သူကမြင်လဲ မြင်တယ်၊ ဖြစ်ပျက်တွေလဲမြင်တယ်၊ ဒီဉာဏ်က ကိလေသာကိုလဲ ပါးသည်ထက်ပါးအောင် ရှင်းရှင်းပေးနေတယ်ဆိုတော့ ဩော်.... ကိုယ့်အရေးလုပ်နေတာ ဝိပဿနာဉာဏ်ပါကလား....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ကိုယ့်အရေး ရွက်ဆောင်နေတာ.... (ဝိပဿနာဉာဏ်ပါဘုရား) ဒါဖြင့် ဝိပဿနာဉာဏ်သည် တကာတကာမတို့ဒီဉာဏ်ကလေးကို ဒီနေရာမှာယားနေတယ်၊ကြည့်လိုက် မရှိပါဘူး၊ ဖြစ်ပြီး ပျက်သွားတာဘဲ....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

ဒီနေရာမှာဝမ်းသာတဲ့စိတ်ကလေး ပေါ်လာလဲ ပြန်ကြည့်... (မတွေ့ပါဘူးရှား)မရှိပါဘူး-မရှိစာခချည့်မြင်နေတဲ့ဉာဏ်ကို ဘာခေါ်မလဲ....(ဝိပဿနာဉာဏ်ပါဘုရား)။

ဝိပဿနာဉာဏ်ပြီးယင် ဘယ်ဉာဏ်လာမှာတုံး (မဂ်ဉာဏ်ပါဘုရား) ဒါဖြင့် ကျုပ်တို့ အားလျှော့စရာ မရှိပါဘူး.... (မှန်ပါ့ဘုရား)။

ဦးသန်းမောင် အားလျှော့စရာရှိရဲ့လား .. (မရှိပါဘုရား) ကိုယ်ရှေးဦးစွာ အရေးအကြီးဆုံးက ဝိပဿနာဉာဏ်ရဘို့ဘဲ အရေးကြီးတယ်....(မှန်ပါ့ဘုရား)။

ဝိပဿနာဉာဏ်ရပြီးသား ပဋိပုဂ္ဂိုလ်ကဖြင့် ဦးမာဒင်နောက်က ဘာလိုက်လာမလဲ ... (မဂ်ဉာဏ်လိုက်လာပါမယ်) အခြားရှိသေးရဲ့လား....(မရှိပါဘုရား)။

တကာတကာမတို့ အခြားမရှိဘူး....(မှန်ပါ့) အခြားမရှိပေမယ်လို့ ဘုန်းကြီး အနန္တရပစ္စည်းကို သဘော ကျသွားအောင် ပြောလိုက်ပါ့မယ်... (မှန်ပါ့ဘုရား)။

တကာတကာမတို့ လူ့ပြည်မှာ သေတဲ့စိတ်ကလေးလဲ ပေါ်ရောမဂ်ဉာဏ်, ဖိုလ်ဉာဏ် မရသေးတဲ့ပုဂ္ဂိုလ်မှာ နတ်ပြည်၌တခါ ပဋိသန္ဓေစိတ်သွားပေါ်တယ်....(မှန်ပါ့)ဘယ်သူ ခြားသေးသတုံး (မခြားပါဘုရား) လူ့ပြည်မှာ စုတိစိတ်ကလေးလဲချုပ်ကရော.... (မှန်ပါ့ဘုရား)။

နတ်ပြည်မှာ ပဋိသန္ဓေစိတ် သွားပေါ်တယ်.... (မှန်ပါ့) ငရဲမှာ ပဋိသန္ဓေစိတ်သွားပေါ်တယ်.... (မှန်ပါ့) ကဲ....ဦးဗထွေးတို့

ဦးသန်းမောင်တို့က ဘာခြားသေးသတုံး.... (မခြားပါဘုရား) ဒီက ဒေါက်ဆိုယင် ဟိုမှာဖြစ်တာဘဲ.... (မှန်ပါဘုရား)။

ဒေါက်ဆိုယင် နားထဲမှာကြားတယ်.... (မှန်ပါ) သဘော ကျပလား.... (ကျပါပြီ) ဒီကစုတိ စိတ်- ချုပ်ပြီးတယ်ဆိုယင်၊ဟိုမှာပဋိသန္ဓေစိတ်က ပေါ်တော့တာဘဲ....(မှန်ပါဘုရား)။

အခြားရှိသေးရဲ့လား.... (မရှိပါဘုရား) အဲဒါ အနန္တရပစ္စယော .. (မှန်ပါဘုရား)။

ဒါလဲ ဝိပဿနာဉာဏ်လဲ တကာတကာမတွေက ကြည့်လို့ကိုလေသာပါးတဲ့ အဆုံးကျတော့ ဖျတ်ဆို ဝိပဿနာဉာဏ်ချုပ်သွားတယ် .. (မှန်ပါဘုရား)ဒီနေရာမှာ ဘယ်သူ အစားထိုးလာသလဲ.... (မဂ်ဉာဏ်အစားထိုးလာပါတယ်ဘုရား)။

မဂ်ဉာဏ်အစားထိုးလာတော့ ဖြစ်ပျက် မမြင် တော့ဘူး .... (မှန်ပါ) ဖြစ်ပျက်တွေ့ မရှိတဲ့နိဗ္ဗာန်ဘဲ မြင်နေတယ်.... (မှန်ပါဘုရား။

ကဲ....ဒါဖြင့် တကာတကာမတို့ ဝိပဿနာဉာဏ်မရဘဲနဲ့ မဂ်ဉာဏ်ရပါ့မလား .. (မရပါဘုရား) တကာကြွယ်- ရှင်းရော ပေါ့.... (ရှင်းပါပြီဘုရား) ကဲ....ဦးမာဒင်တို့ ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ အရေး ဘာအရေးပါလိမ့် မတုံးလို့.... တကာတကာမတွေ့ မေးလို့ရှိယင် ဝိပဿနာဉာဏ်ရဘို့အရေး ဟာ ကိုယ့်အရေး... (မှန်ပါဘုရား)မဂ်ဉာဏ်သည် ခင်ဗျားတို့ ဝိပဿနာဉာဏ် ရင့်ယင်လာရမယ်....(လာရမှာပါဘုရား)။

မင်္ဂဉာဏ်သည်.... (ဝိပဿနာဉာဏ်ရင့်ယင် လာရမှုပါ) ဒါ ခင်ဗျားတို့ ဆုတောင်းလို့ ပေါ်လာတာလား၊ ရင့်လို့ပေါ်လာတာလား....(ရင့်လို့ပေါ်လာတာပါ)။

ဒါ့ကြောင့် မင်္ဂဉာဏ်ဆိုတဲ့ သဘောသည် တကာတကာမတို့ ရှင်းရှင်းလင်းလင်း မှတ်လိုက်ပါ။ဆုတောင်းကြောင့်ရတာမဟုတ်ဘူး၊ဝိပဿနာဉာဏ်က ကိုလေသာတွေ့ရှင်းပေးလို့ပေါ်ခွင့်ရတာ (မှန်ပါ့)။

ဝိပဿနာဉာဏ်က....(ကိလေသာတွေ့ ရှင်းပေးလို့ ပေါ်ခွင့်ရတာပါဘုရား)။

ဒါဖြင့် ဝိပဿနာဉာဏ်ပြီးယင် ဘယ်ဉာဏ်လာသတုံး....(မင်္ဂဉာဏ်လာပါတယ်ဘုရား)။

ဒါဖြင့် ကျုပ်တို့တကာတကာမတွေ့ ဒီနေ့ဟောတဲ့ တရားမှာ သာတိကိုမဟောခင် တကာတကာတွေ့ကို ဒီနေ့အလုပ်စဉ်ကလေးပြတာ....(မှန်ပါဘုရား)။

တကာကြွယ်-ဘာပြတာတုံး.... (အလုပ်စဉ်ကလေး ပြတာပါဘုရား)။

အလုပ်စဉ်ပြတယ်....(မှန်ပါ့) အလုပ်စဉ်ပြရပါသော်ကောတဲ့ ဒီဉာဏ်ကလေးနဲ့ဝိပဿနာဉာဏ်နဲ့ သေသွားမှာလဲ ဘုန်းကြီးကစိုးရိမ်တယ်....(မှန်ပါ့) ဝိပဿနာဉာဏ်နဲ့ သေသွားတော့တာဝပဋိသန္ဓေနေရမယ်.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဝိပဿနာဉာဏ်နဲ့ သေသွားယင်.... (တာဝပဋိသန္ဓေနေရပါမယ်ဘုရား) အဲဒီနေတဲ့ဘဝကျမှ မင်္ဂဉာဏ်ရမယ်.... (မှန်ပါ့ဘုရား)ဆိုတော့တာဝပဋိသန္ဓေနေရတဲ့အဖြစ်ကိုဘုရားကသဘောမကျပါဘူး....(မှန်ပါ့)။

တဘဝ ပဋိသန္ဓေနေတဲ့အဖြစ်ကို....(ဘုရားက သဘောမကျပါ ဘုရား) ဘုရားက သဘောမကျဘူး... တဲ့၊ တဘဝ ပဋိသန္ဓေ နေရတယ်ဆိုတာ ပဋိသန္ဓေဆိုတာ ဇာတိက....(မှန်ပါ့)ဇာတိဆိုတာ ဒုက္ခသစ္စာက.... (မှန်ပါ့) ဒီဟာ့ ဘုရားကြိုက်နိုင်ပါ့မလား.... (မကြိုက်နိုင်ပါဘုရား)။

ဘုရားမကြိုက်နိုင်တဲ့ဥစ္စာ ခင်ဗျားတို့က စုန်ချည်, ဆန်ချည်များ ထည့်မနေစမ်းပါနဲ့... (မှန်လှပါ) ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

ခင်ဗျားတို့က ဒီလောက်တော်က တယ်များတယ် (များပါတယ်ဘုရား) တကျာလောက်တော်.. (မှန်ပါ့) တကျာက ဘခါတည်း မီးခိုးမဆုံး မိုးမဆုံးများ ခင်ဗျားကို နိုင်ငံခြားမှာစိုးလို့....တဲ့ စုန်ချည်,ဆန်ချည်တောင်းလိုက်တယ် (မှန်ပါ့)စုန်ချည်,ဆန်ချည် တောင်းလိုက်ဖတ်လူ့ပြည်,နတ်ပြည်ကြိမ်ဖန်များစွာခံစားခဲ့ရပြီ့ တောင်းခဲ့တယ်.... (တောင်းခဲ့ပါတယ်ဘုရား) ဘယ်သူက အတောင်းခိုင်းတာတုံး.... (တကျာက အတောင်းခိုင်းလေပါ ဘုရား)။

ခင်ဗျားတို့ကလဲ နိုင်ငံပိတ်တဲ့လူကို ရှေ့နေငှါးမိုလျက် ကြုံနေတယ်.... (မှန်ပါ့) ကိုယ့်ထောင်ချမည့်လူကို ရှေ့နေငှါး တယ်....(မှန်ပါ့)။

ဦးမာဒင် ဘယ်သူ့ငှါးမိလျက်ကြုံနေသလဲ....(ကိုယ့် ထောင်ချမည့်လူကို ရှေ့နေငှါးမိလျက်ကြုံနေပါတယ်ဘုရား)အံမာဒလေး ခင်ဗျားတို့ရှေ့နေက ကိုယ့်ထိုးချတာ....(မှန်ပါ့)။

ကိုယ့်ကို ကယ်တင်မလားလို့ သောင်းကိုးထောင် ပေးဌါး ပြီးတော့မှ တကာတရာမတို့ ကိုယ့်ထောင်ချတာ.... (မှန်ပါ့) သံသရာထောင်ထဲချတယ်.... (မှန်ပါ့)။

အဲဒါ တရာတကာမတွေ မရိပ်မိလိုက်ဘူး... (မရိပ်မိပါဘုရား) ဘုရားရှေ့မှာသွားပြီး ထောင်ချပေးတော်မူပါ သွားတောင်းတယ်....(တောင်းပါတယ်ဘုရား)။

ဘယ်လိုတောင်းပါလိမ့်.... (ဘုရားရှေ့မှာ ထောင်ချပေးပါ သွားတောင်းပါတယ်ဘုရား)။

အခုမှဘဲ ကြားဘူးတယ်လို့ ခင်ဗျားလဲ ထင်မှာပါဘဲ.... (မှန်ပါ့) သဘောပါပလား....(ပါပါပြီဘုရား)။

ဦးဗန်းထွဋ်တို့ ဘုရားပွဲတွေ, ဘာတွေ လုပ်ယင်.... ကိုယ့်ကို ထောင်တော့ ရှေ့နေချတာမခံနဲ့.... (မှန်ပါ့) ကိုယ့်ရှေ့နေက ကိုယ့်ကို ကယ်တင်မလားအောက်မေ့တယ် စုန်ချည့်,ဆန်ချည့် ဘက် ပို့လိုက်တာဘဲ.... (ပို့ပါတယ်ဘုရား) စုန်ချည့်,ဆန်ချည့် ဆိုကတည်းက ဘဝပေါင်း-ပဋိသန္ဓေပေါင်း ဘယ်လောက်တုံး.... (မရေတွက်နိုင်ပါဘုရား)။

မရေတွက်နိုင်အောင် ဇာတိဒုက္ခ ဇရာဒုက္ခ· ဗျာဓိဒုက္ခ· မရဏဒုက္ခတွေနဲ့ တွေ့ရပါလို့၏....လို့ ဆိုတာ ဒါက သစ္စာသံဖြစ်နေလို့ သာ ခင်ဗျားတို့ မတောင်းရဲတာ... (မတောင်းရဲပါဘုရား) စုန်ချည့်-ဆန်ချည့် လူ-နတ်ချမ်းသာဖြစ်ရပါလို့၏ဆိုတော့ နှုတ်ကပြောင်းပြီး တောင်းလိုက်တာနဲ့ တခါတည်း သစ္စာကွယ်ပြီး သကာလ ပုဂ္ဂိုလ်အထည်ပေါ်လာပြီး တောင်းချလိုက်တယ်.... (မှန်ပါ့)။

သစ္စာကခေတဉ့.... (ကွယ်ပါတယ်ဘုရား) ပုဂ္ဂိုလ်အထည်က ခေတဉ့....(ပေါ်ပါတယ်ဘုရား)။

အဲ.... ဒါ့ကြောင့် တဏှာက ပုဂ္ဂိုလ်သာမြင်တာ၊ သစ္စာကို မမြင်ဘူး.... (မှန်လှပါဘုရား) ပေါ်ပလား.... (ပေါ်ပါပြီဘုရား)။

တဏှာက ဘာတဲ့.... (ပုဂ္ဂိုလ်သာမြင်ပါတယ်ဘုရား) ဒါဖြင့် ခင်ဗျားတို့ ဆုခတောင်းခိုင်းတာသည် တကာတကာမတို့ ဘယ်သူက အတောင်းခိုင်းတာတုံး....(တဏှာက အခတောင်းခိုင်းတာပါဘုရား)။

တဏှာက နဂိုရိုကသာတာလား- အခု ဘုရားရှေ့ကျမှ ငါကခေါင်းဆောင်လုပ်မယ်လို့ လာတာလား (ဘုရားရှေ့ကျမှ ခေါင်းဆောင်လုပ်မယ်လို့ လာတာပါဘုရား) အဲ....တရားခွင်ကျမှ သူက ဝင်လာတာ....(မှန်ပါဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

တရားခွင်ကျမှ ဝင်လာပြီး သကာလ စုန်ချည်, ဆန်ချည် တောင်းချလိုက်တာ တဏှာကနေပြီး ခင်ဗျားတို့ တောင်းချလိုက်တဲ့ဥစ္စာ ခုနင်က သစ္စာတွေ အကုန်ဖုံး.... (ဖုံးပါတယ်ဘုရား) သုခယောင်လုပ်ပြီး အကုန်ဖေါ်ချလိုက်တယ်....(မှန်ပါဘုရား)။

အဲဒီတုင် တကာတကာမတွေက ပြုံးပြီး တခါတည်းခတောင်းတော့ဘယ်.... (မှန်ပါဘုရား) ကုန်ချင်သလောက် ကုန်ပေ ကွ၊ ဒီဆုခတောင်းပြည့်ယင် ကြိုက်တယ်-(မှန်လှပါ)ကုန်ချင်သလောက်

ကုန်ပေစေကွ၊ ထောင်မျိုးစုံကျကြိုက်တယ်.... (မှန်ပါ့) ဒီရောက် သွားတယ် အဓိပ္ပါယ်က်ဲ....(ရောက်ပါတယ်ဘုရား) မရောက်ဘူး လား....(ရောက်ပါတယ်ဘုရား)။

ကုန်ချင်သလောက် ကုန်ပေစေ၊ ထောင်မျိုးစုံ ကျယင်.... (ကြိုက်ပါတယ်ဘုရား) ဘာတုံး တကာကြွယ်....(တဏှာခိုင်းတာ တောင်းရတာပါဘုရား) ဖြစ်မှ ဖြစ်ရပါလ ငွေကုန်ခံ ထောင်ချခံတာ ခင်ဗျားတို့ဘဲ....(မှန်ပါ့) မဆိုးဝါးဘူးလား... (ဆိုးဝါးပါတယ်ဘုရား)။

ငွေလဲ ကုန်ရပါတယ်,လူတာ,တန်းတာ,ပေးတာ,ကမ်းတာ.... (မှန်ပါ့) ငွေကုန်ယင် ထောင်လွတ်ရမယ်....(မှန်ပါ့)။

အခုတော့ ဘယ်နှယ် ဖြစ်နေသလဲ.... (ငွေကုန်းပြီး ထောင် မလွတ်ပါဘုရား) ငွေကုန်ပြီးသကားလ ထောင်မျိုးစုံကျတယ်.... (မှန်ပါ့)။

ငွေကုန်ပြီးသကာလ....(ထောင်မျိုးစုံကျပါတယ်ဘုရား)ကဲ.... ဒါကို ဘယ်သူ ရှေ့နေလိုက်တာတုံး... (တဏှာ ရှေ့နေလိုက်တာ ပါဘုရား)။

အင်း.... ဒီပွဲမှာဖြင့် ဘယ်ရှေ့နေငှါးမိပါလိမ့်မတုံး ဆိုတာ အကဲခတ် အလှူပွဲကြီးတွေမှာ.... (တဏှာရှေ့နေပါဘုရား) သွားပြီကော.. (မှန်ပါ့) သွားပြီကောဗျ ခင်ဗျားတို့ ... (မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီဘုရား)။

ဒါဖြင့် နောက်ကို ဒီအလှူပ်-မလှူပ်ပါနဲ့.... (မလှူပ်ပါဘုရား) ငွေကုန်ယင် ထောင်လွတ်ပါတယ်....(မှန်ပါ့)။

ငွေကုန်ယင်(ထောင်လွတ်ပါတယ်ဘုရား)အဲ့-အခုတပည့်တော် သိန်း-ကိုး-သောင်း ကုန်ပါတယ်ဘုရား၊ သိန်း-ကိုး-သောင်း ကုန်

သောကြောင့် နောင်ကိုဖြင့် ဇာတိဒုက္ခ-ဇရာဒုက္ခ-ဗျာဓိဒုက္ခ-မရဏ ဒုက္ခတွေ ရှဲ့လွန်း မှုန်းလွန်း-ကြောက်လွန်းလို့ ဒါတွေမှ လွတ်ရာကို တပည့်တော်တို့အား ပို့ဆောင်ပါဆိုတော့ ဒုဂ္ဂမြင်တဲ့ ဉာဏ်နဲ့ ဆုတောင်းလိုက်တော့ သစ္စာမြင်တဲ့ဉာဏ်နဲ့ ဆုတောင်း လိုက်တဲ့အခါကျတော့ တကာတကာမတို့ ငဥကုန်ခြင်းကြောင့် ထောင်လွတ်သွားတယ်....(မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီဘုရား)။

ကဲ... ဒါကတော့ ဆုံးမတဲ့စကားလို့ ဘုန်းကြီးတို့ တကာ တကာမတွေက မှတ်ပါ....(မှန်ပါ့)။

ဘယ်လိုမှတ်ကြမယ်....(ဆုံးမတဲ့စကားပါဘုရား) အမျှားကြီး လွဲနေလို့ ပြဲတယ်လို့လဲ မှတ်လိုက်ပါ... (မှန်ပါ့)။

ကိုင်းဒါဖြင့်တကာတကာမတို့ ဉာဏ်ဉာဏ် ဟည် ခုနင်ကဘောင်း ထားတဲ့ ဆုတွေဟူသမျှကိုလဲ တဏှာရှဲ့နေလို့ထားတာလဲ ဖြစ်ပျက်မြင်တိုင်းပါးတယ်.... (မှန်ပါ့) သဘောကျပလား... (ကျပါပြီဘုရား)။

ခင်ဗျားတို့ သန္တာန်ထဲ စိတ်ရှုတဲ့ပုဂ္ဂိုလ် စိတ်ကလေးတွေ မရှိဘူး-မရှိဘူး သိနေတဲ့အတိုင်း ခင်ဗျားတို့ ဇာတ်ကောနဲ့ ဖောင်း ထားတဲ့ ဆုတွေလဲ အကုန်ပယ်ချတယ်... (မှန်ပါ့) သဘောကျ ပလား....(ကျပါပြီဘုရား)။

ဩော်....နဂိုရိုက မှားပေမဲ့ ပြင်ပေးမည့်သူ ပါသေးတယ်.... (မှန်ပါ့) မကောင်းတဲ့ ရှဲ့နေဌေးမိလို့ အခု ထောင်ထဲကျမည့် အချက်တွေ သေချာပြီးသား....(မှန်ပါ့)။

အဲဒါကို ဆရာကောင်း, သမားကောင်းနဲ့တွေ့ပြီး ဒီလို ပြင်လိုက်ယင်ကော ဒါ.... ပျက်ပါသေးတယ် ဆိုသဖြင့် ဝိပဿနာအားထုတ်လိုက်ယင် သူက ပါးပါး-ပါးပါးသွားပြီး အထုတွေပါ အကုန်ပျောက်တယ်... (မှန်ပါ့)။

ပါးပါး-ပါးပါးသွားပြီး ဘာတုံး.... (အထုတွေပါအကုန် ပျောက်ပါတယ်) ရှင်းပလား....(ရှင်းပါပြီ)။

ထုတွေပါ အကုန် ပျက်သွားတယ်ဆိုတော့ ပျက်ရမှာဘဲတဲ့၊ ဝိပဿနာလုပ်တော့ တဏှာပါးတယ်.... (မှန်ပါ့) တောင်းထားတာက ဘာနဲ့တောင်းသလဲ(တဏှာနဲ့ တောင်းပါတယ်)ဆြော်.... ကယ်မည့်သူရှိသေးတယ်... (မှန်ပါ့) ပေါ်လာပြီ....(မှန်ပါ့)။

ဘယ်နှယ်ပေါ်လာကြသလဲ.... (ကယ်မည့်သူ ရှိပါသေးတယ် ဘုရား) ကယ်မည့်သူရှိသေးတယ်ဆိုတာ တကာတကာမတွေ့ ငြင်းတိုလိုသေးသလား....(မလိုပါဘုရား)။

ဆြော်....ခင်ဗျားတို့ မျက်စိကန်း တစ္ဆေမကြောက်သွားထားတဲ့ဥစ္စာကို ကယ်မည့်လူကလေး တယောက်ပေါ်လာတဲ့ ဥစ္စာကို ခင်ဗျားတို့က လေးယေးစားစားနဲ့ ကိုယ့်ကိုယ် ကယ်တင်တဲ့ အလုပ်ကိုဘဲ ရေနစ်နေတဲ့လူက ကိုယ့်ကိုယ် ကယ်တင်တဲ့ ဥစ္စာ အားလျှော့ကူးယင် မြုပ်မှာပေါ့ဗျ.... (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီ)။

ရေနစ်နေတဲ့ပုဂ္ဂိုလ်ဟာ ကိုယ်က သံသရာ့ရေထဲ နစ်နေတယ် (မှန်ပါ့) အေး....မတတ်နိုင်ဘူး အားလျှော့ကူးရမှာဘဲ ဆိုတော့ ဘယ်နှယ်တုံး.... (နစ်မှာပါဘုရား) သေချင်လို့သာ မှတ်ပါ.... (မှန်ပါ) ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဒီအလုပ်ဟာကိုယ်ကခရန်စ်ပြီးသားဆိုတော့ သံသရာရေထဲမှာ ကိုယ်ကိုယ်တိုင်ကူး၊ နိဗ္ဗာန်ကုန်းပေါ် မတက်နိုင်သေးပါဘူး....(မတက်နိုင်ပါဘုရား)။

ဒါအားလျှော့ကူးမယ်ဆိုယင်တော့.... (မှန်ပါ့)ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

အံ့မာလေး ကြောက်စရာ ကောင်းလိုက်တာ.... (မှန်ပါ့) ခင်ဗျားတို့ ဒီ့ပြင်နေရာသာ ပါးတာနော်၊ ဒီနေရာမှာမပါးဘူး....(မှန်ပါ့ဘုရား)။

ဒီနေရာကျလို့ရှိယင်....ဖြေးဖြေး တစဘစတဲ့ အားလျှော့ကူးမည့်ပုံက တယ်လာတယ်... (လားပါတယ်ဘုရား) ဖြေးဖြေး တစတစလုပ်ရမှာဘဲ၊ ဘုန်းကြီးကလဲ မသေသေးပါဘူး၊ ဒို့လဲမသေသေးပါဘူးတဲ့....(မှန်ပါ့)ဒီလိုဖြစ်နေကြတာဗျ...(မှန်ပါ့ဘုရား)။

ဒီလိုဖြစ်နေတာ ခင်ဗျားတို့သည်ကားလို့ ဆိုယင် အားလျှော့ကူးတဲ့အဓိပ္ပါယ်ရောက်-မရောက်....(ရောက်ပါတယ်ဘုရား) ဘယ်အထဲအားလျှော့တာတုံး....(ရေနစ်တဲ့အထဲ အားလျှော့တာပါ) သွားပါလိမ့်မယ်....ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

မြုပ်ပါလိမ့်မယ် ခင်ဗျားတို့ သေခြင်းဆိုး သေပါလိမ့်ဆိုယင် တကာကြွယ်လွဲမလား....(မလွဲပါဘုရား)။

အဲဒါကြောင့် ဘုန်းကြီးများက တိုက်တွန်းတာလား၊ ကိုယ့်အဖြစ်ဆိုးကို ဖေါ်ပြတာလား... (ကိုယ့်အဖြစ်ဆိုးကို ဖေါ်ပြတာပါ) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ကိုယ့်အဖြစ်ဆိုးကဖြင့်တကယ့်ရေနစ်နေတဲ့ပုဂ္ဂိုလ်က ခပ်လျှော့လျှော့ကူးချင်တယ်ဆိုတော့ တကာသစ်-ကိုယ့်ကိုယ်လဲ သနားတဲ့

လူမဟုတ်ဘူး.... (မဟုတ်ပါဘုရား) မလျှော့ကောင်းတဲ့ နေရာ လျှော့နေဘဲ့ လူမိုက်လို့... ဆိုယင်လဲ... (မလဲ့ပါဘုရား)။

အဲဒီတော့ ဒင်ဗျားတို့သည် ဒီနေရာမှာ အားကုန်ထုတ်ပြီး သကာလ ကမ်းနဲ့လဲနိုးနေပြီ... နိဗ္ဗာန်ကမ်းနဲ့... (မှန်ပါ!)သံသရာ ရေထဲကူးနေတာ အားကုန်ကူးလိုက်ပါလား.... (မှန်ပါဘုရား)။

ဝိပဿနာဉာဏ်ပြီး မဂ်ဉာဏ်ရောက်မယ်ဆိုတော့ သောင် ပေါ်ရောက်နေပြီ....(မှန်ပါ!) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဝိပဿနာဉာဏ်ပြီးတော့ .... (သောင်ပေါ်ရောက်ပါပြီ) မဂ်ဉာဏ်ဆိုတာ သောင်ပေါ်တင်တာ....(မှန်ပါဘုရား)။

အဲဒီတော့ဒီနေရာမှာ အားသွန်ပြီးသကာလ ကူးလိုက်မယ် ဆိုယင်ဖြင့် မြုပ်မျောရှိသေးရဲ့လား... (မရှိပါဘုရား) ပေါ်ကြ ပလား... (ပေါ်ပါပြီဘုရား)။

ဘကာကြွယ် - မြုပ်မျော ခင်ဗျား မကြောက်ဘူးလား (ကြောက်ပါတယ်ဘုရား) တသံသရာလုံးဗျာ တဏှာကနေများ မျောချလိုက်တာ.... (မှန်ပါ!)ဘယ်နှယ် လူ့ပြည်နဲ့-ငရဲ အဝေး ကြီး....(မှန်ပါဘုရား)။

သူမျောချလိုက်တာ တစက္ကန့်တောင် မကြာဘူးရောက်လာ တယ်.... (မှန်ပါ!) ကဲ....သူမျောချလိုက်တာ သဘောကျပလား.... (ကျပါပြီဘုရား)။

လောဟ ကုမ္ဘ ငရဆုတာ တကာတကာမတူ အနှစ်များစွာ ကြာမှ တခါတခါပေါ်နိုင်တဲ့ဥစ္စာ အောက်များမြုပ်သွားလိုက် တဲ့ဥစ္စာ သူမြုပ်တာ...(မှန်ပါ!) ငရဲက မြုပ်တာလား၊ တဏှာ အကုသိုလ်က မြုပ်ပေးလိုက်တာလား.... (တဏှာ အကုသိုလ်က မြုပ်ပေးလိုက်တာပါဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ကိုပြောတာ ဒီနေရာ အားကုန် သွန်ပြီးသကာလ ဝိပဿနာဉာဏ်ကနေပြီး မဂ်ဉာဏ်ကူးအောင် အားကုန်သွန်ပြီး ကူးရမည့်ဥစ္စာကို တခါတည်းဇွဲနဲ့ မဲနဲ့ လုပ်လိုက်လို့ ရှိယင် တကာကြွယ်-ကြာစဆုရှိရဲ့လား.... (မရှိပါဘုရား) မရှိဘူး ဆိုတာသေချာပလား....(သေချာပါပြီဘုရား)။

ခင်ဗျားတို့လဲ ဘယ်ကောင်မှ မကြားဘူးဘူး ....၊ ဩသြော်... ဝိပဿနာဉာဏ်ပြီး မဂ်ဉာဏ်ဘဲဆိုတာကို ဒါကြားဘူးဘို့ လွယ်ပါ့မလား.... (မလွယ်ပါဘုရား)။

ခင်ဗျားတို့ ကြားဘူးဘာက နိဗ္ဗာန်ဆိုတာ အဝေးကြီး... (မှန်ပါ့) တစတစမှရတယ်... (မှန်ပါ့) အခု အဋ္ဌကထာဆရာက ပါဠိတော်က ဟ....မဟုတ်ဘူး၊ သူများပြောတာမယုံနဲ့၊ မင်းဖြစ်ပျက်မြင်တဲ့ ဝိပဿနာဉာဏ်ပြီးယင် မဂ်ဉာဏ်ဘဲ.... (မှန်ပါ့) ဆိုတော့ ဘုရားဟောတာ ယုံကြပေါ့ ..(မှန်ပါ့ဘုရား)။

ရှေးလူကြီးတွေပြောတိုင်း ယုံရမှာလား....(မယုံရပါဘုရား) မယုံပါနဲ့၊ မင်းတို့က သားနဲ့သမီးနဲ့-ဆွေနဲ့ မျိုးနဲ့ ဆိုတာကွာ တစတစလုပ်ရတာ....(မှန်ပါ့ဘုရား)။

ဒီတစတစလုပ်တာနဲ့ဘဲ တကာတကာမတွေ့ အညွှန့်တုံးသွားတယ်....(မှန်ပါ့) မတုံးဘူးလား....(တုံးပါဘယ်ဘုရား)။

အဲဒီဘော့ ဘယ်အချိန် ဘယ်အရွယ်လို့မဆိုနဲ့ ဝိပဿနာဉာဏ်ရယင် မဂ်ဉာဏ်ရမယ်လို့သာ မှတ်လိုက်.... (မှန်ပါ့)။

ဝိပဿနာဉာဏ်ရယင်— (မဂ်ဉာဏ်ရမှာပါဘုရား) ဖြစ်ပျက်မြင်တာ ဘာဉာဏ်တုံး.... (ဝိပဿနာဉာဏ်ပါဘုရား) ဖြစ်ပျက်

မမြင်တော့ပါဘူးရှုရင်းမတွန့်.... (မဂ်ဥာဏ်ပါဘုရား) ဒါဘဲ ရှိတာဘဲ....(မှန်ပါ့)။

ဒါရှိတာဘဲဆိုတော့ ဦးသန်းမောင်တို့ ဦးဗထွေးတို့ ဝေး သလားဗျာ....(မဝေးပါဘုရား) သဘောကျပလား....(ကျပါပြီ) မဝေးလို့ တပည့်တော်က သွားချင်တဲ့နေ့ သွားမယ်လို့ ဆင်ခြေ များး လဲဦးမှာလား... (မလဲပါဘုရား) ကြောက်စရာလူတွေများး ဖြစ်နေသလားလို့ သတိပေးရင်းတယ်... (မှန်ပါ့)။

လူတွေဟာ အတော်ဆင်ခြေ များးတာ တကာကြယ်-ရ.... (မှန်ပါ့) မများဘူးလား.. (များပါတယ်ဘုရား)။

အခု ဘုရားသခင်ကိုယ်တော်မြတ်ကြီးကတော့ကွာတဲ့ တဘဝ ပဋိသန္ဓေ နေရတယ်ဆိုလို့ရှိယင် ကြီးစွာ အပြစ် သင့်ပါတယ်... (မှန်ပါ့)။

ဒီဘဝကစုတေပြီး တဘဝ ပဋိသန္ဓေ နေရယင် ဘာတဲ့တုံး.... (ကြီးစွာသော အပြစ်သင့်ပါတယ်)အဲဒါကိုဖြင့် မင်းတို့စိတ်မကူးပါနဲ့၊ ကြီးစွဲဘအပြစ်သင့်မှာ ငါစိုးရိမ်လွန်းလို့....(မှန်ပါ့) ပေါ်ကြပလား... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဝိပဿနာဥာဏ် ဆုံးအောင်သာ လိုက်ပါ.... (မှန်ပါ့ဘုရား) ဘာရမလဲ.... (မဂ်ဥာဏ်ရပါမယ် ဘုရား)။

မဆုံးသေးယင် ဘယ်လိုဆုံးဖြတ်ချက်ချမလဲ.... (ကိလေသာ ထုကြီးနေသေးလို့ပါဘုရား) ကိလေသာထုကြီးတယ်....(မှန်ပါ့ ဘုရား)။

ဟင်.... ဒါကတော့ ငါ့အပြစ်... (မှန်ပါ့) ကိုယ့်ဟာကိုယ် မလျှော့လိုက်နဲ့....(မှန်ပါ့) ဆုံးခဲလိုက်တာကွာ ဖြစ်ပျက်တွေလဲ ဆုံးခဲလိုက်တာ.... (မှန်ပါ့) ဒါက ဘယ်သူ့အပြစ်ဆိုကြမလဲ... (ကိုယ့်အပြစ်ပါဘုရား)။

ကိုယ့်အပြစ်မို့ ကိုယ့်ရှိတဲ့ အညစ်အကြေး ကိုယ်ဆေးမှရမယ်၊ မဆုံး- ဆုံးအောင်လုပ်နေ... (မှန်ပါ့) သဘောကျပလား....(ကျေပါပြီဘုရား)။

မဆုံး- ဆုံးအောင်လုပ်မယ်ဆိုတာ ကိုယ့်အပြစ်မှန်းသိလို့ ကိုယ်ရေဆေးနေတာ... (မှန်ပါ့) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒီအဘိုင်းသာ ခင်ဗျားတို့ ဝိပဿနာဉာဏ်အားထုတ်လို့ ရှိယင်ဖြင့်သူဆုံးယင် မဂ်ဉာဏ်လာမယ်လို့ သံယုတ်အဋ္ဌကထာကလဲ သေသေချာချာဖွင့်တယ်... (မှန်ပါ့) သဘောကျပလား... (ကျေပါပြီဘုရား)။

"ဝိပဿနာသမ္မာဒိဋ္ဌိ အနိစ္စာဒိဝသေန တေဘူမကသင်္ခါရေ ပဋိဝိသောဓယမာနာ".... ။

ဝိပဿနာသမ္မာဒိဋ္ဌိဟာကွာတဲ့ တေဘူမကသင်္ခါရတွေကို ဖြစ်ပျက်မြင်နေတာဘဲတဲ့....(မှန်ပါ့)။

ဝိပဿနာသမ္မာဒိဋ္ဌိဟာ ဖြစ်ပျက်တွေအကုန်မြင်နေပါတယ်.... (မှန်ပါ့) သဘောကျပြီ (ကျေပါပြီဘုရား)။

ဖြစ်ပျက်တွေ အကုန်မြင်နေယင် ဘာဉာဏ်လို့ ဆိုကြမယ်.... (ဝိပဿနာဉာဏ်ပါဘုရား)။

အဲ.... သူက ဝိပဿနာဉာဏ်က ဖြစ်ပျက်တွေ့ ဘယ့်နှယ်ကြောင့် တာရှည်မြင်နေရသတုံး၊ အို....ကိုလေသာတွေ့ သုတ်သင်နေရတာကြာနေလို့....(မှန်ပါ့) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ဘယ့်နှယ်ကြောင့် ဝိပဿနာဉာဏ် ကြာနေပါလိမ့်...(ကိုလေသာတွေ့ သုတ်သင်ရတာ ကြာနေလို့ပါဘုရား)။

သြော်.... ဝိပဿနာဉာဏ်က တကာတကာမတို့ ရှေးကရှင်းစရာရှိတာ အကုန်ရှင်းရတယ်....(မှန်ပါ့) သဘောကျပလား-(ကျပါပြီဘုရား)။

ရှင်ဘုရင် ထွက်မယ်ကြံတော့ ဦးမာဒင် လက်ျာတောင်တွေက ရှင်းစရာရှိတာ အကုန်မရှင်းဘူးလား.... (ရှင်းပါတယ်)ပြီးတော့ ရှင်ဘုရင်ထွက်မလာဘူးလား .... (ထွက်လာပါတယ်) မရှင်းဘဲနဲ့ ထွက်ယင် ရန်သူနဲ့တွေ့မယ်... (မှန်ပါ့) သဘောကျပလား... (ကျပါပြီဘုရား)။

ဒီမှာလဲ ဝိပဿနာသမ္မာဒိဋ္ဌိက လက်ျာတောင်လုပ်ပြီး ကိုလေသာတွေ့ အကုန်ရှင်းနေရတယ်....(မှန်ပါ့) များယင်ကြာတာဘဲ (မှန်ပါ့) များယင်....(ကြာပါတယ်) သဘောကျပလား....(ကျပါပြီဘုရား)။

ကိုလေသာဆိုတာလဲ တခြားအောက်မေ့မနေပါနဲ့ တကာတကာမတွေ့က ဘယ်ဝိတက်ကလေးလာလာ ကိုလေသာမှတ်.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ) ဘယ်ကိုစွကလေး ဝင်လာလာ....(ကိုလေသာပါဘုရား)။

ကိုလေသာမှတ်လို့ဆိုတော့ သြော်... ကြာတာတခြားမဟုတ်ဘူးဟေ့၊ တကာကြွယ် ဆုံးဖြတ်ချက်ချ... (မှန်ပါ့) ဒို့က ကြားထိုးတွေက တယ်များပါကလား(မှန်ပါ့)ဆိုတော့ တယ်ဆောက်ခဲတယ်လို့ အပြစ်တင်မလားတဲ့၊ ဒို့ ကိုလေသာကြားထိုးကို ဒို့... မနှိုင်လို့ ကြာတာကိုးလို့ ဆိုကြမလား... (ကိုလေသာကြားထိုးကို မနှိုင်လို့ပါဘုရား)။

ကိုယ့်အပေါ်ချည့်ချ ... (မှန်ပါ့) ကိုယ့်အပေါ်ချည့်ချယင် တော်ပြီ... (မှန်ပါ့)။

တကာတကာမတို့ ဘယ်လိုချမယ်... (ကိုယ့်အပေါ်ချည့်ချရပါမယ်)ကိုယ့်အပေါ်ချည့်ချယင် တည့်ပြီ...(မှန်ပါ့)ရှင်းပြီနော် (ရှင်းပါပြီဘုရား)။

ဝိပဿနာဉာဏ်က ကိုယ့်ကိုလေသာကိုယ်ရှင်းရတာကိုးဗျ.... (မှန်ပါ့) သူများကိုလေသာကို ဒီဝိပဿနာဉာဏ်က သွားရှင်းလို့ မရပါဘူး... (မှန်ပါ့ဘုရား) ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

ကဲ.... တကာသစ် နေရာကျပလား....(ကျပါပြီ) နေရာကျတော့ကို သာတိရဟန်းကို ပြန်ဆက်ကြစို့.... (မှန်ပါ့) သာတိရဟန်းသည် တကာတကာမတို့ ဘာဒိဋ္ဌတဲ့တုံး...(သဿတဒိဋ္ဌပါဘုရား)။

တကာတကာမတွေ ဘုန်းကြီးက ဆုံးမထားတာက သာတိရဟန်းက ဝိညာဏ်ဟာ မသေဘူးတဲ့....(မှန်ပါ့)။

စိတ်ဝိညာဏ်... (မသေပါဘုရား) ဒါ ဘယ်သူ့အယူပါလိမ့် (သာတိရဟန်း၏အယူပါဘုရား)။

ဒီအထဲမှာ တကာတကာမတွေ့ သာတိတော့မဖြစ်စေနဲ့နော် (မှန်ပါ့) သာတိဖြစ်တဲ့လူတွေ့ ဒီအထဲမှာရှိနေတယ်.... (မှန်ပါ့) ဖျောက်ပစ်ပါ... (မှန်ပါ့) သာတိတွေ့အမျှားကြီးပါဘယ်....(ပါ-ပါတယ်ဘုရား)။

သာတိတွေ့အမျှားကြီးဆိုတော့ အသက်ကလေးထွက်သွားပြီ ဘယ်မျှားထွက်ရှာပါလိမ့်....(မှန်ပါ့) ဒါဘာတုံး သာတိအယူ (မှန်ပါ့) ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

တကာကြွယ်ကော သာတိအမျိုးထဲကလား ...(အရှင်တုန်းက ဟုတ်ပါတယ်) အခုတော့ ဖြုတ်တော့.... (မှန်ပါ့) အခုတော့ အကုန်ဖြုတ်ပါ၊ သာတိအမျိုးတွေ့က နည်းတာတွေ့မဟုတ်ဘူး.... (မနည်းပါဘုရား)။

တကာတကာမတို့ အသက်ကလေးထွက်သွားပြီ၊ ဘယ်မျှားသွားပြီး တွယ်ရှာပါလိမ့်မတုံး....တဲ့၊ ဘယ်သူ့အမျိုးတွေ့ပါလိမ့် (သာတိအမျိုးတွေ့ပါဘုရား)။

အဲ.... သာတိအမျိုး ဆိုကတည်းက သဿတဒိဋ္ဌမျိုးပြောတာ....(မှန်ပါ့) ရှင်းပြီနော်... (ရှင်းပါပြီဘုရား)။

အဲဒီတော့ ဘုန်းကြီးပြလိုက်ပါမယ်....၊ ဝိညာဏ် ဘယ်တော့မှမပြောင်းဘူး....(မှန်ပါ့ဘုရား) ဝိညာဏ် ခြောက်မျိုးရှိတယ်.... (မှန်ပါ့)။

စိတ်ဝိညာဏ် ဘယ်နှစ်မျိုးရှိသလဲ.... (ခြောက်မျိုးပါဘုရား) မျက်လုံးမှာရှိတဲ့ ဝိညာဏ် နားမှာမပြောင်း...(မှန်ပါ့) နားမှာ

ရှိတဲ့ဝိညာဏ်က နှာခေါင်းမပြောင်းဘူး....(မှန်ပါ့ဘုရား)ဒီနေရာ ပေါ်ပြီး ဒီနေရာပျောက်....(မှန်ပါ့)။

နှာခေါင်းမှာပေါ်တဲ့ နှာခေါင်းဝိညာဏ်ကလဲ ဦးမာဒင်-နှာခေါင်းမှာပေါ်ပြီးတော့.... (နှာခေါင်းမှာ ပျောက်ပါတယ် ဘုရား)။

ဒီပြင် ဒွါရပြောင်းသေးသလား....(မပြောင်းပါဘုရား) ဒါ-သေသေချာချာမှတ်ပါ....(မှန်ပါ့)။

လျှာပေါ်မှာစားတဲ့ ဝိညာဏ်ကလေး ပေါ်တယ်၊ ချိုတာ, ဖန်တာ, ငန်တာကလေးသိတဲ့ စားတဲ့ ဝိညာဏ်စိတ်ကလေး ပေါ်တယ်....(မှန်ပါ့)။

သူက အချို, အချဉ်, အဖန်, အငန်သာသိ၍ တကာသစ်ခရမြင်တာ, ကြားတာ လုပ်တတ်ကဲ့လား....(မလုပ်တတ်ပါ) ဒါဖြင့် မပြောင်းဘူးပေါ့....(မှန်ပါ့ဘုရား)။

ဒီနေရာမှာ လျှာပေါ်မှာပေါ်တယ်....(မှန်ပါ့)လျှာပေါ်မှာဘဲ သေတယ် (မှန်ပါ့)ဆိုတော့ လျှာပေါ်မှာပျောက်တယ်ဆိုတော့ ဝိညာဏ်ပြောင်းသေးရဲ့လား....(မပြောင်းပါ) အဲ....ဇီဝါဝိညာဏ်လဲ မပြောင်းပါဘူး.... (မှန်ပါ့)။

ကာယဝိညာဏ်တဲ့ တကာတကာမတို့ ကိုယ်ပေါ်မှာ ယားတယ်.. (မှန်ပါ့) ဒုက္ခသဟဂုတ်ကာယဝိညာဏ်.... (မှန်ပါ့)ကိုယ်ပေါ်မှာ ကောင်းတယ် သုခသဟဂုတ်ကာယဝိညာဏ်..(မှန်ပါ့) ကောင်းတဲ့ နေရာကလေးဟာလဲ မကောင်းတဲ့နေရာမျှးပြောင်းသေးသလား.... (မပြောင်းပါဘုရား) ဒါဖြင့် ဝိညာဏ်မပြောင်းဘူး (မှန်ပါ့) ရှင်းပလား..(ရှင်းပါပြီဘုရား)။

တကာတကာမတို့ ဝိညာဏ် ခြောက်မျိုးရှိတဲ့ အနက်က မျက်လုံးမှာပေါ်တဲ့ဝိညာဏ်သည်ကိုယ်ထဲမှာပြောင်းနိုင်ရဲ့လား... (မပြောင်းနိုင်ပါ) ကိုယ်ထဲမှာ သိတဲ့စိတ်ကလေးကလဲ မျက်လုံးမှာပြောင်းနိုင်ရဲ့လား.... (မပြောင်းနိုင်ပါ) ဘယ်ပြောင်း နိုင်ပါ့မတုံး....သိတဲ့စိတ်က မြင်တဲ့စိတ် မဖြစ်နိုင်ဘူး... (မှန်ပါ့) မြင်တဲ့စိတ်ကလဲ သိတဲ့စိတ်... (မဖြစ်နိုင်ဘုရား)။

သိတဲ့စိတ်က သူသာညာကားလို့ ဆိုယင်ဖြင့် တကာတကာမတို့ ချိုတယ်, ချဉ်တယ်, ဖန်တယ်, ငန်တယ် ဝမ်းထဲက သိတယ်... (မှန်ပါ့)။

လျှာစိတ်ကတော့ တကာတကာမတို့ စားကာမတွေဘဲ ... (မှန်ပါ့) လျှာစိတ်က ချိုတယ်,ချဉ်တယ်,ဖန်တယ်, ငန်တယ်လို့ လျှာပေါ်မှာပေါ်တဲ့စိတ်က မပြောနိုင်ဘူး....(မှန်ပါ့) ဝမ်းထဲက စိတ်ကသာ သြော်....ဒါချဉ်မှန်းသိတယ်.... (မှန်ပါ့)။

ချိုမှန်းသိတယ်....(မှန်ပါ့) ခင်ဗျားတို့ကတော့ စိတ်က မြန်လွန်းတော့ လျှာကသိတယ်ပြောတယ်....(မှန်ပါ့။

လျှာကမသိဘူး.... (မှန်ပါ့) ဘယ်နှယ်ကြောင့် မသိသတုံးမေးတဲ့အခါကျတော့ တကာကြွယ်မှတ်လိုက်စမ်း "ဥပေက္ခာသဟာဂတံဇိဝ္ဇာဝိညာဏာ" ဆိုတော့ ဥပေက္ခာဝေဒနာ ဖြစ်နေတယ်.... (မှန်ပါ့ဘုရား့)ဥပေက္ခာဆိုတာ လျှာပေါ်မှာကျွတ်ဖြစ်ကာမျှမတွေ့ကလေးဘဲ၊ ဒါဘဲ(မှန်ပါ့) ဖြစ်ကာမျှမတွေ့ စိတ်ကလေးပေါ်လိုက်တာဘဲ... (မှန်ပါ့)ချိုတာ,ဖန်တာ, ငန်တာ မင်းသိသလား ဆိုတော့ ကျွန်တော်မသိဘူးတဲ့(မှန်ပါ့) ဘယ်သူက သိသတုံးဆိုတော့ ဝမ်းထဲက သိတယ်... (မှန်ပါ့) မနောဝိညာဏ်ဓာတု သိတယ်.... (မှန်ပါ့)။

ဒါ့ကြောင့် မနောဝိညာဏ်ကမှသိတော့ ခင်ဗျားတို့စဉ်းစား ကြည့်ပါ၊ မတည့်တာစားမိလို့ အောင်ဂလီဆန်ပြီဆိုတော့ ပါးစပ်က ဆန်တာလား၊ ဝမ်းထဲက ဆန်တာလား....(ဝမ်းထဲက ဆန်တာပါဘုရား)။

ဒါဖြင့် ဝမ်းထဲကသိလို့ ဝမ်းထဲက ဆန်တာ....(မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီ) ဝမ်းထဲကသိတာ တကာကြွယ်ရ (မှန်ပါ့) သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် လျှာကတည်းက သိယင် လျှာကတည်းကထွေးပစ်တယ်...(မှန်ပါ့) အခုတော့ ဝမ်းထဲကမှသိတော့မှ လျှာက စားတဲ့ အစာက ထွက်ပေါက်မရှိလို့ လျှာပေါ် ကျော်ထွက်ရတယ်....(မှန်ပါ့) စင်စစ် လျှာက သိတာမဟုတ်ဘူး.... (မှန်ပါ့) ဝမ်းထဲကသိတာ... (မှန်ပါ့)။

ဒါဖြင့် တကာတကာမတို့ စားတဲ့စိတ်က စားကာမျှမတတ်.... (မှန်ပါ့) ချိုတယ်, ချဉ်တယ်, ဖန်တယ်, ငန်တယ်, တည့်တယ်-မတည့်ဘူးသိတာက ဘယ်က သိသတုံး.... (ဝမ်းထဲက သိပါတယ်ဘုရား)။

ဒါဖြင့် သူ့နေရာနဲ့သူပေါ့....(မှန်ပါ့)သိတဲ့စိတ်က လျှာပေါ် ဖြစ်သလား မေးပြန်တယ်...(မဟုတ်ပါဘုရား)သဘောကျပလား (ကျပါပြီဘုရား)။

မဖြစ်ပါဘူး၊ ချိုတယ်-ချဉ်တယ်·ဖန်တယ်-ငန်တယ် သိတဲ့စိတ်က ဝမ်းထဲကဖြစ်တာ....(မှန်ပါ့) စားတဲ့စိတ်ကတော့ လျှာပေါ် ကဖြစ်တယ်...(မှန်ပါ့) သိတဲ့စိတ်က.... (ဝမ်းထဲကဖြစ်ပါတယ်ဘုရား)။

ဟာ.... သူ့နေရာနဲ့သူပါလား.... (မှန်ပါ့)ဒါဖြင့် ဝိညာဏ်ပြောင်းသေးသလား .... (မပြောင်းပါဘုရား)။

လျှာပေါ်မှာဖြစ်တဲ့ လျှာဝိညာဏ်ကလဲ လျှာပေါ်မှာ ချုပ်တယ်... (မှန်ပါ့) ဝမ်းထဲမှာဖြစ်တဲ့ ဝိညာဏ်ကကော.... (ဝမ်းထဲမှာချုပ်ပါတယ်ဘုရား)။

ဒါဖြင့် ဝိညာဏ်ကလေး ထွက်သွားပါတယ် ဆိုတာမျှားတကာတကာမတို့ တကိုယ်တည်းမှာတောင်မှ ဟိုနေရာ ဒီနေရာ မပြောင်းနိုင်ရတဲ့အထဲမှာ တဘဝနဲ့တဘဝ ကူးပြောင်းတယ်လို့ ယူတာဟာ အတော်လဲ့တယ်.... (လဲ့ပါတယ်) သဘောပါကြပလား....(ပါ-ပါပြီ) ပြောင်းနိုင်ကြရဲ့လား.... (မပြောင်းနိုင်ပါဘုရား)။

မယုံလို့ရှိယင် ခင်ဗျားတို့နားထဲမှာ ထန်းလျက်ရည်ထည့်၊ နားက ချိုတယ်ပြောရဲ့လား... (မပြောပါဘုရား)။

နားက ကျုပ်အလုပ်က ကြားဘို့အလုပ်ဗျ....(မှန်ပါ့)ခင်ဗျားချိုတာ- ချဉ်တာ သိဘို့အလုပ်မဟုတ်ဘူး.... (မှန်ပါ့)။

ဒါဖြင့် သူ့အလုပ် သူလုပ်တယ်ဆိုကတည်းက သူ့နေရာမှာ သူ့ဝိညာဏ်ပေါ်ပြီးသကာလ တကာတကာမတို့ ဒီ.ပြင် ဝိညာဏ်က ဒီအထဲ နည်းနည်းမှ မနှောက်ရှက်ဘူးဆိုတာကော ရောသေးသလား....(မရောပါဘုရား) ဒါဖြင့် ဒီနေရာပေါ် ဒီနေရာချုပ်တယ်....(မှန်ပါ့) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ဝိညာဏ်သည် ဒွါရပြောင်းသေးသလား .... (မပြောင်းပါ) ဒါဖြင့် သူ့ဒွါရမှာပေါ်ပြီး သူ့ဒွါရမှာချုပ်...(မှန်ပါ့)ရှင်းပြီနော်... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဝိညာဏ်ဟာ သူ့ဒုါရမှာပေါ် သူ့ဒုါရမှာချုပ်....၊ ဒီလိုသိပြီးသကာလနေတော့ ဒါဖြင့်ပျက်သိတာဘဲ .... (မှန်ပါ့ဘုရား)။

ဒီကဲ့သို့သိတဲ့ ပုဂ္ဂိုလ်သည်ကားလို့ဆိုယင် ဝိညာဏ်တည်းဟူသော အာသက်သည် တဘဝမှ တဘဝ ကူးပြောင်းသေးတယ်ဆိုတဲ့ အယူရှိသေးရဲ့လား....(မရှိပါ) မရှိယင် ဒီဌိစင်ပြီ ခင်ဗျားတို့....(မှန်ပါ့) မရှိယင် သဿတဒိဋ္ဌိ စင်သွားပြီ... (မှန်ပါ့)။

တကာကြွယ် ဘာစင်သတုံး....(သဿတဒိဋ္ဌိစင်သွားပါတယ်) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

သဿတဒိဋ္ဌိစင်သွားလို့ရှိယင် အပါယ်မကျဘူး.... (မှန်ပါ့) စိတ်သာချ၊ ဘယ်နည်းနှင့်မှ မကျဘူး....(မှန်ပါ့) ဒါကို သံသယရှိနေယင် ဝိစိကိစ္ဆာရှိလိမ့်မယ်....(မှန်ပါ့)ဝိစိကိစ္ဆာရှိယင် အပါယ်ကျလိမ့်မယ်....(မှန်ပါ့)။

အခုတော့ မျက်လုံးမှာပေါ်တဲ့စိတ်သည် နားထဲမှာပေါ်နိုင်ရဲ့လား .. (မပေါ်နိုင်ပါဘုရား) လျှာပေါ်·ပေါ်တဲ့စိတ်သည် နှာခေါင်းထဲပေါ်နိုင်ရဲ့လား... (မပေါ်နိုင်ပါဘုရား)။

ကိုယ်ပေါ်- ပေါ်တဲ့ နာတဲ့-ကျင်တဲ့ စိတ်ဂဟလဲ တကာတကာမတို့ မွေးတဲ့-ကြိုင်တဲ့စိတ် ဖြစ်နိုင်ရဲ့လား....(မဖြစ်နိုင်ပါဘုရား)။

ဒါဖြင့် ဝိညာဏ်ပြောင်းသေးသလား....(မပြောင်းပါဘုရား) ဝိညာဏ်မပြောင်းတာသိလို့ရှိယင်ဖြင့် တဘဝမှဘဘဝ ဝိညာဏ်ကူသေးသလား....(မကူးပါဘုရား)။

အဲ.... သာတိရဟာန်းကတော့ ကူးတယ်လို့ယူတယ် (မှန်ပါ့) ဒီဝိညာဏ်ကလေးဟာ လည်နေတယ်လို့ယူလိုက်တယ်.... (မှန်ပါ့ဘုရား)။

အဲဒီတုဉ် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဝိညာဏ်ဟာ ကွာတဲ့ ငါ-သေသေချာချာ ဟောပါတယ် "စက္ခုံ စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏ" ဆိုတော့ သူ့ဒွါရနဲ့ သူဟောပါတယ်တဲ့... (မှန်ပါ!) မပြောင်းကြောင်း သေချာပါတယ်.... (မှန်ပါ! ဘုရား)။

" သောတဉ္စ ပဋိစ္စ သဒ္ဒေစ ဥပ္ပဇ္ဇတိ သောတဝိညာဏ" ဆိုတော့ နားထဲသွားတဲ့ဝိညာဏ်ဟာ တခြားပြောင်းသေးသလား၊ (မပြောင်းပါဘုရား)။

"မနဉ္စ ပဋိစ္စ ဓမ္မေစ ဥပ္ပဇ္ဇတိ မနောဝိညာဏ" တကာကြွယ်ဝမ်းထဲမှာပေါ်တဲ့ သိတတ်တဲ့ဝိညာဏ်ကလေးဟာ ပြောင်းသေးရဲ့လား.... (မပြောင်းပါ) ဒီနေရာပေါ် .... (ဒီနေရာပျောက်ပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ "ဝိညာဏ အနိစ္စ" ရှု....(မှန်ပါ!) မျက်လုံးပေါ်-ပေါ်တဲ့မြင်စိတ်ကလေးလဲ မြင်ပြီးပျက်တယ်လို့ ရှု (မှန်ပါ!) ကြားစိတ်ကလေးကော.... (ကြားပြီးပျက်ပါတယ် ဘုရား)နံစိတ်ကလေးကော....(နံပြီးပျက်ပါတယ်ဘုရား)စားစိတ်ကလေးကော (စားပြီးပျက်ပါတယ်ဘုရား) ဉာဏ်က လျှောပေါ်တည့်လိုက်တာပေါ့.... (မှန်ပါ! ဘုရား) ယားစိတ်ကလေးလဲ ယားတဲ့နေရာတည့်လိုက်... (မှန်ပါ!)။

ကောင်းတဲ့စိတ်ကလေးပေါ်ယင်ကော.... (ကောင်းတဲ့နေရာတည့်ရပါမယ်ဘုရား) ကိုယ်ပေါ်မှာ ချမ်းသာတဲ့စိတ်ကလေးပေါ့ဗျာ ... (မှန်ပါ!) အဲဒီ့နေရာတည့်ပေး၊ ဒီနေရာပေါ်ပြီး ဒီနေရာပျက်တာဘဲလို့ ခင်ဗျားတို့ကရှု... (မှန်ပါ!)။

ဝမ်းထဲမှာလဲ ဘာစိတ်ပေါ်ပေါ်၊ ဝဲမ်းထဲမှာပေါ်ပြီး ဝမ်းထဲမှာ ပျက်တယ်....(မှန်ပါ့)။

ဒီလိုချည့် ရှုနေမယ်ဆိုတော့ တကာတကာမတို့ " ဝိညာဏ အနိစ္စ " ဖြစ်သွားတယ်....(မှန်ပါ့ဘုရား)ဒါ....ဝိပဿနာဉာဏ် ဖြစ်နေပြီ....(မှန်ပါ့)။

ဒါ... ဘာဉာဏ်ပါလိမ့်....(ဝိပဿနာဉာဏ်ပါဘုရား) ဒါဖြင့် မြင်စိတ်ကိုရှု၊ ကြားစိတ်ကိုရှု၊ နံစိတ်ကိုရှုနော် ... (မှန်ပါ့ဘုရား) ယားစိတ်,ယံစိတ်ကော .. (ရှုရမှာပါဘုရား) ဝမ်းထဲ လောဘစိတ်ပေါ်ယင်.... (ရှုရမှာပါဘုရား) ဒေါသကလေးပေါ်လာယင်.... (ရှုရမှာပါ) မောဟကလေးပေါ်လာယင်.... (ရှုရမှာပါဘုရား) လှုချင်·တန်းချင်တဲ့ကုသိုလ်စိတ်ကလေးပေါ်လာယင်(ရှုရမှာပါ) မေတ္တာပို့ချင်တဲ့ကုသိုလ်စိတ်ကလေးပေါ်လဲ- (ရှုရမှာပါဘုရား) ရှုသာရှုပေး (မှန်ပါ့)။

ရှုစိတ်ကလေးပေါ်လာယင်....(ရှုရမှာပါဘုရား) ရှုစိတ်ကလေးပေါ်လာယင်.. (ရှုရမှာပါဘုရား) ဒါဖြင့် ဒါ-ဘာဉာဏ်တုံး....(ဝိပဿနာဉာဏ်ပါဘုရား)။

ဟာ.... ဒါသာလိုက်ပေး တကာတကာမတို့ ဒီဉာဏ်ပေါ်ပြီး ဘယ်ဉာဏ်လာမတုံး....(မဂ်ဉာဏ်ပါဘုရား)။

မဂ်ဉာဏ် လာမယ်ဆိုတော့ ဦးမာဒင်တို့ ဦးသန်းမောင်တို့ ဦးဗခထွေးတို့ ဝေးသလားဗျာ...(မခဝေးပါဘုရား)။

သြော်....ဒီဉာဏ်ရယင် ခင်ဗျားတို့ကို ဘုန်းကြီးက ဘုရားပေးတဲ့ဥပမာ ပြောပါမယ်နော်... (မှန်ပါ့)နံနက် ၄·နာရီ ၅-နာရီလောက် ခင်ဗျားတို့ထ,ပါ....(မှန်ပါ့) ထ,ပြီး အရှေ့.တည့်တည့်ကြည့်ပါ.... (မှန်ပါ့) အရှေ့.တည့်တည့် ကြည့်လိုက်တဲ့အခါ

ကျတော့ အာရုဏ်တွေ့နိုလာတာ မြင်လိမ့်မယ်... (မှုန်ပါဘုရား) နံနက်စောစော ထ,ကြည့် မမြင်ပေဘူးလား.... (မြင်ပါတယ်ဘုရား)။

ဟာ-တကာကြွယ် ဘာဖြစ်လို့ အာရုဏ်တက်ပါလိမ့်မတုံးလို့ မေးဘို့မလိုဘူးလား ...(လိုပါတယ်) တကာကြွယ်က သိပြီးသားပဂိုလ်ဖြစ်နေလို့ အို... နေထွက်မလို့ဘုရာ့... (မှန်ပါ့)။

ဘယ့်နှယ်ကြောင့် အာရုဏ်တက်ပါလိမ့်... (နေထွက်မလို့ပါဘုရား) ရှင်းပလား... (ရှင်းပါပြီဘုရား)။

ဒီမှာလဲ ဘယ့်နှယ်ကြောင့် ဖြစ်ပျက်မြင်ပါလိမ့်မတုံး-မဂ်ပေါ်မလို့.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဘယ့်နှယ်ကြောင့် ဖြစ်ပျက်မြင်ပါလိမ့်.... (မဂ်ပေါ်မလို့ပါဘုရား) အဲ ဖြစ်ပျက်မြင်တာဟာ အာရုဏ်တက်တာ.... (မှန်ပါ့) ဒီ အာရုဏ်ဘက်ပြီးယဲ့ ကြာတော့ မသားတဲ့ နေထွက်ဘို့ရာ.... (မကြာတော့ပါဘုရား)။

ဒီမှာလဲ ဖြစ်ပျက်မြင်ပြီးတော့ မဂ်တည်းဟူသော ကျုပ်တို့ "စကွဲ့ ဥဒပါဒိ၊ အာဓလောကော ဥဒပါဒိ" ဆိုတဲ့ အလင်းကြီး ထွက်လာလိမ့်မယ်.... (ထွက်လာပါလိမ့်မယ်ဘုရား) အလင်းဉာဏ် ပေါ်လာပါလိမ့်မယ်....(မှန်ပါ့) ဒီလိုဆိုတော့ တကာသစ်အားငယ်စရာရှိရဲ့လား....(မရှိပါဘုရား)။

မနက် မိုးလင်းယင် ကြည့်သာကြည့်၊ သြော်....အာရုဏ်တက်တာ ဘာဖြစ်ချင်ပါလိမ့်....(နေထွက်ချင်လို့ပါဘုရား) မထွက်ဘဲ နေဦးမှာလား....(မနေပါဘုရား)။

တကာသစ် နောက်က လိုက်လာမယ်၊ မလိုက်ပေဘူးသား.... (လိုက်လာပါမယ်ဘုရား)အာရုဏ်နောက်က နေလုံးကြီး မလိုက်လာပေဘူးလား....(လိုက်လာပါဘယ်ဘုရား)။

ဒီမှာလဲ ဖြစ်ပျက်တွေ့မြင်တဲ့ဉာဏ်နောက်က ဘယ်ဉာဏ်လိုက်လာမလဲ....(မဂ်ဉာဏ်လိုက်လာပါမယ်ဘုရား)ကိုင်း....ဒါ-သေချာတယ်...ကွတဲ့ ဘုရားက.... (မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီဘုရား)။

အဲဒါလဲ ခန္ဓဝဂ္ဂသံယုတ်မှာ ဦးမာဒင် သေသေချာချာ ဟောတယ်(ဟောပါတယ်ဘုရား)အာရုဏ်တက်ယင် နေထွက်မလို့ကွ၊ ထို့အတူဘဲ ဝိပဿနာမဂ်မြင်ပြီးလို့ ရှိယင် လောကုတ္တရာမဂ်, နိဗ္ဗာန်မြင်တဲ့မဂ် သေသေချာချာ လားတော့မယ်ကွ ... (မှန်ပါ့) ဆိုတာ တကာတကာမတွေ့ သံသယရှိဘို့လိုသေးသလား....(မလို့ပါဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ မိုက်မှုင်သလောက် မိုက်ထား၊ မူးချင်သလောက်မူး၊ ရူးချင်သလောက်ရူး! ဒီမဂ်ရယင် သေချာပြီ (မှန်ပါ့) အကုန်'အဒဟာသိကံ'ဖြစ်ရတယ်.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီတော့ အခု မလိမ်မာလို့၊ မသိသို့ မိုက်ကြ မူးကြရူးကြ အပါယ်သွားလိမ့်မယ်တဲ့၊ သွားရမှာလဲ ကေန်ဘဲ .... (မှန်ပါ့) ကယ်မည့်တရား မလာယင်တော့.... (သွားရမှာကေန်ပါဘုရား)။

အဲဒီတော့ ကိုယ်ကယ်တယ်၊ယေ်စဉ်အခါတုန်းက အပေါင်းလဲလို့- အသင်းလဲလို့ မူးကြ-ရူးကြတယ်... (မှန်ပါ့) ပြောမိပြောရာ ဆိုမိရာဆိုကြတယ်၊ ဘယ်သူဖြစ်ဖြစ် မှားတာချည့်ဘဲ.... (မှန်ပါ့)မဟုတ်ဘူးလား....(မှန်ပါ့ဘုရား)။

ဘာဖြစ်လို့တုံး· ရဟန္တာဂကလေးမွေးလာတယ်လို့ ဘယ်မှာ ကြားဘူးကြသလဲ....(မကြားဘူးပါ) ရဟန္တာဂကလေးမွေးလာလို့ ရှိယင်တော့ မိုက်စဆုမပါဘူးပေါ့ဗျာ....(မှန်ပါ့ဘုရား)။

ဒီလိုကလဲ မွေးကောင်းတဲ့ သဘောမရှိတော့ မူးကြ· ရူးကြ· မိုက်ကြရှိကြတာဘဲ....(မှန်ပါ့)သို့သော်·အမိုက်ကို ကိုယ်ကိုယ်တိုင် အပါယ်သွားရမည့် အလုပ်ကို ကိုယ် ကိုယ် ဒီဝိပဿနာဉာဏ်နဲ့ ပြင်လိုက်ယင် ပြီးသွားတာဘဲ....(မှန်ပါ့) ကြောက်စရာမရှိပါဘူး (မရှိပါဘုရား) သဘောပါပလား....(ပါပါပြီဘုရား)။

သို့သော်လဲတဲ့ အနာတွေ ပေါက်နေငြားသော်လဲ ဆေးမသိတော့ ဒီအနာနဲ့ သေသွားတာဘဲ(မှန်ပါ့)နာရှာတာပေါ့ဗျာ (မှန်ပါ့ဘုရား)။

အနာပေါက်နေတဲ့ဥစ္စာ ဆေးမသိတာနဲ့ ဦးသန်းမောင် ဘာဖြစ်ရသလဲ....(သေရပါတယ်) ဩော်.. ဒီအနာနဲ့ဘဲဆုံးရှုံးရ ရှာတယ်....(မှန်ပါ့ဘုရား)။

ဒီမှာတော့ အနာတွေကတော့ ကိုယ့်မှာ ဝမ်းထဲမှာ အပါယ် သွားဘို့ အနားတွေပြည့်နေတယ်....(မှန်ပါ့) ဒီဝိပဿနာဉာဏ်နဲ့ ခန္ဓာကို ဖြစ်ပျက်ရှုပြီးသကာလ မဂ်ပေါ်လာလို့ရှိယင် ဟိုဟာတွေ အဟောသိကံဖြစ်တယ်....(မှန်ပါ့ဘုရား)။

ဘယ်လောက် ကယ်တင်တယ်ဆိုတာ တကာကြွယ် ပြောဘို့ လိုသေးသလား....(မလိုပါ) ရှင်းပလား .... (ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဝိညာဏ်ပေါ်တိုင်း ရှုနေယင် သဿတဒိဋ္ဌိလာဦးမလား....(မလာပါဘုရား) ဝိညာဏ်ပေါ်တိုင်း ရှုယင်....(သဿတဒိဋ္ဌိမလာပါဘုရား)။

ဒါ့ကြောင့် ခင်ဗျားတို့ နေ့လယ်က သင်ပေးတဲ့အထဲမှာ မြင်စိတ်ကိုလဲ ဖြစ်ပျက်ရှု၊ ကြားစိတ်ကိုလဲ ဖြစ်ပျက်ရှု၊ ကြုံစိတ်စည်စိတ်တွေ့ ဖြစ်ပျက်ရှု၊ လောဘ, ဒေါသ, မောဟစိတ်တွေ့ ... (ဖြစ်ပျက်ရှုရပါ့မယ်ဘုရား)။

ယုတ်စွအဆုံးဗျာ လှူချင်, ပေးချင်, ကမ်းချင်တဲ့စိတ်ဓာတ်- (ဖြစ်ပျက်ရှုရပါ့မယ်) သူများမေတ္တာပို့နေတဲ့ စိတ်ဓာတ်နာ တာလေး ပေါ်လာတာတောင်.... (ဖြစ်ပျက်ရှုရပါ့မယ်ဘုရား)။

ဖြစ်ပျက်ရှုပါဆိုတဲ့ဥစ္စာ ပြောရတာက ဝိညာဏ် အရှုခိုင်းတာ (မှန်ပါ့) ဝိညာဏ်အပေါ်၌ ဒိဋ္ဌိခွါနေတာ....(မှန်ပါ့ဘုရား)။

ဒါ့ကြောင့် ဟိုမှာပြောခဲ့တယ်၊ ဖြစ်ပျက်မြင်ယင် ဖြစ်ပျက်ဘက်က ဒိဋ္ဌိကွဲတယ်... (မှန်ပါ့)မြင်တဲ့ဘက်ကအဝိဇ္ဇာချုပ်တယ် (မှန်ပါ့ဘုရား)နောက်က ဒီ· ကိုယ့်အသေ ကိုယ်မလိုချင်လို့ စာကျွာသေတယ်....(မှန်ပါ့) သုံးချက်မပြခဲ့ဘူးလား (ပြခဲ့ပါတယ် ဘုရား)။

ကဲ....ဒါဖြင့် တကာတကာမတို့ တရားက သိမ်းရဲတော့မယ် အချိန်ကကပ်နေပြီ .... (မှန်ပါ့) ဝိပဿနာဉာဏ်နဲ့ မဂ်ဉာဏ် ဘယ်လောက်ဝေးသတုံး....(မဝေးပါဘုရား)။

မဝေးဘဲနဲ့ ဘယ်နှယ်ကြောင့် ဒီတကာတကာမတွေမဂ်ဉာဏ် ပေါ်ခဲနေပါလိမ့်မလဲ....(ကိလေသာထူကြီးလို့ပါ)ကိလေသာထူ ထူလို့... (မှန်ပါ့ဘုရား)။

ကိလေသာထူကို ဘယ်သူက ဖြေရှင်းပေးနေရပါလိမ့် .... (ဝိပဿနာဉာဏ်က ဖြေရှင်းပေးနေရပါတယ်)ဝိပဿနာဉာဏ်က ကိလေသာ ဖြေရှင်းနေတယ် .... (မှန်ပါ့) ဝိပဿနာဉာဏ်က အာတူတူဘဲ....(မှန်ပါ့ဘုရား)။

ဝိပဿနာဉာဏ် ဝိပဿနာမဂ်က ကိလေသာတွေ ဖြေရှင်းနေရလို့ကြာတယ်....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) ကဲ...ကြာလို့သူ့ကိုစွပ်ပြီးတော့ ဘာလာမယ်ထင်သလဲ- (မဂ်လာပါမယ်ဘုရား)။

သူ့ကိစ္စပြီးကြောင်း-မပြီးကြောင်း ခင်ဗျားတို့ဘာနဲ့ဆုံးဖြတ်ချက်ချမတုံးဆိုတဲ့ တလုံးကို သေသေချာချာမှတ်ပါ(မှန်ပါ့) ဝိပဿနာဉာဏ်သည် ဖြစ်ပျက်မမြင်တော့မှ ဝိပဿနာဉာဏ်ကိစ္စပြီးတယ်....(မှန်ပါ့ဘုရား)။

ဖြစ်ပျက်မမြင်တော့ဘူးဆိုယင်.... (ဝိပဿနာဉာဏ်ကိစ္စပြီးပါတယ်ဘုရား) ဝိပဿနာဉာဏ် ကိစ္စပြီးသွားတဲ့အတွက် မဂ်ဉာဏ်တခါတည်း ထိုးပြီးသကောလ သူကမဂ်ဉာဏ်ပေါ်သည်နဲ့ တပြိုင်နက်တည်း နိဗ္ဗာန်မြင်တာဘဲ (မှန်ပါ့) ဒုက္ခချုပ်တာမြင်တာဘဲ (မှန်ပါ့) ဇနဲ့ကြိုးလို့ လန့်ကြိုးလို့ ဝင်းဝင်းကြိုး၊ ဝါဝါကြိုးဖီလိုက်တော့မြင်ဟူး ... (မှန်ပါ့) ဒုက္ခချုပ်ပေါ့လို့သိတဲ့ဉာဏ်ဝင်လာတယ်....(မှန်ပါ့ဘုရား)။

ဒုက္ခချုပ်တာ နိဗ္ဗာန်ကိုး.... (မှန်ပါ့) မြင်တာက(မဂ်ဉာဏ်ပါဘုရား)။

ဒါဖြင့် တကာတကာမတို့ ဝိပဿနာဉာဏ်အဆုံးဟာ ဘယ်တော့ ဆုံးမှာတုံးဆိုတော့ ဖြစ်ပျက်ရှိလျက်နဲ့ မမြင်တော့ဘူးဆိုယင်ဖြင့် ဝိပဿနာဉာဏ်ဆုံးပြီ ... (မှန်ပါ့) ဆုံးသည်နဲ့တပြိုင်နက်တည်း သယ်ဉာဏ်အစားထိုးမလဲ.... (မဂ်ဉာဏ်အစားထိုးပါမယ်ဘုရား) မဂ်ဉာဏ်အစားထိုးသည်နဲ့တပြိုင်နက်တည်း နိဗ္ဗာန်မြင်တာဘဲ....(မှန်ပါ့ဘုရား)။

ဟာ...ဒါဖြင့် ဝိပဿနာဉာဏ်က အနန္တရပစ္စည်း...(မှန်ပါ့) မဂ်ဉာဏ်က အနန္တရပစ္စည်း၏ ပစ္စယုပ္ပန်.... (မှန်ပါ့) ဝိပဿနာဉာဏ် အကြောင်းမရှိဘဲနဲ့ မဂ်ဉာဏ်ဆိုတဲ့ သောတာပန်မဏ္ဍိုင်ဘူး....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ယနေ့ ဘယ်ဟာရှုစေချင်လို့ ဒါလောက်သန်သန် ပြောနေပါလိမ့်....(ဝိပဿနာဉာဏ် ရှုစေချင်လို့ပါဘုရား)။

ရှုရမည့် ဝိပဿနာဉာဏ်ကလဲ ဝေဒနာလား၊ စိတ်လား... (စိတ်ပါဘုရား)အဲ....စိတ်ဝိညာဏ်လို့မှတ်လိုက် ...(မှန်ပါ့ဘုရား) ရှင်းကြပလား....(ရှင်းပါပြီ) လုပ်ကောလုပ်တတ်ပလား ... (လုပ်တတ်ပါပြီ)ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ကဲ... ယနေ့ဒီတွင် တော်ကြဦးစို့....။

သာဓု...သာဓု....သာဓု

ဤတွင်အမှတ်စဉ် (၂၁)ပြီးဆုံးပါပြီ။

အဖွဲ့၏ တည်ရာဌာနခွဲ အမှတ် ၃၃ - ဆင်းဒွစ်လမ်းဌာ
လက်လီရောင်းချခြင်း၊ ရပ်ဝေးသို့ စာတိုက်မှ တင်ပို့ခြင်း
မပြုပါ။